# ဝိပဿနာတက္ကသိုလ်ကျမ်းကြီး

နိုင်ငံတော်ကမ္မဋ္ဌာနာစရိယဖြစ်၍

ရန်ကုန်—မော်လမြိုင်စသော

ဝိပဿနာအဖွဲ့ကြီး (၁၅၁) ဖွဲ့တို့၏

ဩဝါဒါစရိယ မဟာနာယက ဆရာတော်သည်

ဝိပဿနာနည်းပြဆရာများ၊ ဝိပဿနာအဟောဆရာများနှင့်

ကဝိ, ကဝိန်, သုခမိန်, စာပေရှင်

ပရိယတ္တိ–ပဋိပတ္တိ–နှစ်ဘက်မြင်တို့၏–လွယ်ကူစေခြင်း အကျိုးငှါ

ပါဠိတော်, အဋ္ဌကထာ, ဋီကာ, အနု, မဓု, ယောဇနာ, ဂဏ္ဌိ

ကျမ်းစုံညှိ၍၊ မိမိချရ၊ ပြည့်ပြည့်ဝဝ၊ စိစိဋ္ဌဋ္ဌ၊ သိရှိဘို့ရန်

စီမံရေးသားအပ်သော

# ဝိပဿနာတက္ကသိုလ်

# ကျမ်းကြီး

ဉာဏစာဂီမဟာထေရ်တပည့်များ

ကြီးကြပ် ပုံနှိပ်သည်

ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်
အမှတ်.၅၂–၂၅.လမ်း.
စာဆိုထန်း–ရန်ကုန်မြို့

၁၃၁၇–ခု၊ သီတင်းကျွတ်လ

စာအုပ်ရေ ၁၀၀၀

( All rights reserved, )



ကျေးဇူးရှင် ဉာဏစာဂီဆရာတော်ဘုရား

# မာတိကာ


| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | စကားအချီး | ၁ |
| ၂ | ထိပ်တန်း အဘိုးအနန္တ သာသနာတော်ကြီး | ၁ |
| ၃ | အနန္တသာသနာတော်ကြီး၌ သူဌေးများမှိုရှိနေပုံ | ၁ |
| ၄ | အနန္တသာသနာတော်ကြီး၌မှိုရှိသောမင်းပိုးရာဇာများမှာ | ၂ |
| ၅ | အနန္တသာသနာတော်ကြီး၌နတ်များမှိုရှိကြပုံမှာ | ၂ |
| ၆ | အနန္တသာသနာတော်ကြီး၌ဗြဟ္မာများမှိုရှိနေကြပုံမှာ | ၂ |
| ၇ | သရက်နှင့်အိုး၊ကြွက်နှင့်မိုးသို့–လင်္ကာအရဥပမာများ | ၃ |
| ၈ | ပုဗ္ဗနိဒါန်းငယ်အခန်း | ၅ |
| ၉ | စာအုပ်ရေးရခြင်း,တရားဟောပြရခြင်း | ၅ |
| ၁၀ | သာဝကတွေဟာ ဘာနှင့်ကျွတ်မှာတဲ့လဲ | ၆ |
| ၁၁ | ကပိကပိန်၊သုခမိန်ပညာရှင်တို့စဉ်းစားကြရန်ဂါထာ | ၇ |
| ၁၂ | သမုဒ်ပင်လယ်တွင် လှေငယ်များနစ်မြုပ်တတ်ပုံ | ၇ |
| ၁၃ | သုံးဆယ့်တဘုံ ကျွတ်မြို့မှ အလွတ်ရုန်းရန်ရှာခက်း | ၈ |
| ၁၄ | က–ဘေး၊ခ–ဘေး၊ဂ–ဘေး၊ဃ–ဘေး၊ခန္ဓာအရေး<br>တွေးတိုင်းငြိုးငွေ့ရပုံ | ၉ |
| ၁၅ | ဝိပဿနာမြင့်မြင့်လာလျှင်၊စန္ဒကူးပမာကျင့်နိုင်ပါသည် | ၁၀ |
| ၁၆ | ဝိပဿနာကြောင့် သောတာပန်ကျင့်နိုင်ပုံ | ၁၀ |
| ၁၇ | ဝိပဿနာပါမှ နည်းမှန်လမ်းမှန် | ၁၁ |
| ၁၈ | တိုက်ဆွေးပမာ၊ကိုယ်ခန္ဓာ၊မြန်စွာရောင်းချပါ | ၁၂ |
| ၁၉ | ဝိပဿနာတက်လမ်းမှာ | ၁၄ |
| ၂၀ | မဟာဒိုကာ၌ ဝိပဿနာအစစ် ဖွင့်ပြခဲ့ပုံ | ၁၅ |
| ၂၁ | ဘုရားက ရာဟုလာအားပေးတဲ့ ဝိပဿနာပုံစံကား | ၁၅ |
| ၂၂ | ဘုရားက ပုဏ္ဏသာတိအား ချွတ်ခက်း၌ | ၁၆ |
| ၂၃ | ဘုရားသခင်ကြီးက ရဲရဲရင့်ရင့်ကြီးဝန်ခံ၍ထားခဲ့ပုံ<br>ရဟန္တာဖြစ်စေမယ်၊နိဗ္ဗာန်ရစေမယ်တဲ့ | ၁၆ |


A

# မာတိကာ


| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄ | သာသနာတော်ငါးထောင်ထားခဲ့တာ ပိတ်ဘို့၊ နိဗ္ဗာန်ရဘို့ပါပဲ | ၂၀ |
| ၂၅ | ဣရိယာပုထ်တိုင်း မဂ်ဖိုလ်ရနိုင်ပုံ | ၂၀ |
| ၂၆ | ဋီကာအလို မဂ်ဖိုလ်ရနိုင်ပုံ မှတ်တမ်းကြီး | ၂၁ |
| ၂၇ | ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့၏ လျှောက်ထားချက် | ၂၂ |
| ၂၈ | ရတနတ္တယ,ထုတိမဟာမင်္ဂလာတော် | ၂၇ |
| ၂၉ | **မဟာနိဒါန်းကြီးအကြောင်း** | ၂၈ |
| ၃၀ | မြန်မာပြည်သူများလွတ်မြောက်ချင်ကြ၍ ကိုးကွယ်ပုံ | ၂၈ |
| ၃၁ | မြန်မာပြည်ရှိ ဘာသာငါးရပ် ဦးရေစာရင်း | ၃၀ |
| ၃၂ | တရားကိုအားထုတ်ပါလျက်နှင့်မရနိုင်တာ ဘာများဖြစ်၍နေကြလို့လဲ ဖော်ကြစမ်းပါ | ၃၀ |
| ၃၃ | ကမ္ဘာကြီးကို ခါးစောင်းတင်နိုင်သောပညာကြီး ၇-ပါး | ၃၁ |
| ၃၄ | ယထာဘူတဉာဏ် အကျိုးကိုပြီးစီးစေနိုင်သော မိတ်ဆွေအင်္ဂါ ၇-ပါး | ၃၁ |
| ၃၅ | ပြခဲ့ပြီးအင်္ဂါ ၇-ပါးသာလိုက်ရ၊မျိုးရိုးမလိုက်ရပုံ | ၃၂ |
| ၃၆ | တရားကိုမကျင့်နိုင်လျှင်ရပ်ပြစ် ၈-ပါးအဝင် | ၃၂ |
| ၃၇ | မျိုးရိုးမလိုက်ဘဲ ဆရာတင်ကြရပုံ | ၃၃ |
| ၃၈ | သက္ကာယဒိဋ္ဌိသတ် အတိုနည်း | ၃၄ |
| ၃၉ | ဓာတ်လေးပါးတွေ့၍ အပါယ်တံခါးပိတ်ပုံ | ၃၄ |
| ၄၀ | လက္ခဏာရေး ၃-ပါးကြောင့် နိဗ္ဗာန်ရသွားပုံမှာ | ၃၅ |
| ၄၁ | ဝိသုဒ္ဓိ ၇-ပါး၌ ဒိဋ္ဌိချုပ်ပုံငါးမျိုး | ၃၅ |
| ၄၂ | ဉာဏ်စဉ် ၁၆ ပါး၌ ဒိဋ္ဌိချုပ်ပြီး ချုပ်ဆဲပုံစံ | ၃၆ |
| ၄၃ | မဂ္ဂဝီထိ၌ဒိဋ္ဌိချုပ်ပုံ ၁၁-မျိုးပုံစံ | ၃၆ |
| ၄၄ | ဝိပဿနာစသောငါးဆင့်ဖြင့်ဒိဋ္ဌိချုပ်ပြီးချုပ်ဆဲ ၅-မျိုးပုံစံ | ၃၆ |
| ၄၅ | ဒိဋ္ဌိကွာပုံ ပါဠိအစုံ ကျမ်းဂန်၌ပြခဲ့ပုံမှာ | ၃၆ |
| ၄၆ | ကျမ်းပြုပုဂ္ဂိုလ်၏အမှာစကား | ၄၀ |
| ၄၇ | အဝိဇ္ဇာဖြတ် သံသရာစက်ကြီးရပ် ဗုဒ္ဓမြတ်စွာ၏ မဟာ့ဒေသနာတော် | ၄၀ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၈ | ဝိပဿနာဖြင့် အဝိဇ္ဇာသတ်ဖြတ်ပုံကား | ၄၀ |
| ၄၉ | အဝိဇ္ဇာငါးရသေလို့ ပဋိစ္စသမုပ္ပါဒ် ၅-မျိုးချုပ်ရပုံ | ၄၁ |
| ၅၀ | ဘုရားဟောသာဓကပါဠိတော် သမ္မာပဋိပဒါသုတ် | ၄၁ |
| ၅၁ | အဝိဇ္ဇာချုပ်ငြိမ်းကိလေသာခိုးသူသေရပုံမှာ ဓာတ်တရားတွေသွားလို့ပါတဲ့ | ၄၂ |
| ၅၂ | အမှန်ဆုံးတရား တန်ဘိုးအကြီးဆုံး | ၄၄ |
| ၅၃ | အမှန်ဆုံးတရားရှိသူနှင့် မရှိသူများ | ၄၅ |
| ၅၄ | ဓမ္မဆိုတာ သဘာဝပါဘဲ | ၄၇ |
| ၅၅ | ဘုရားကအရှာခိုင်းတဲ့တရားကို အတွေ့ရှာကြပါ | ၅၀ |
| ၅၆ | နာမရူပပရိစ္ဆေဒဉာဏ်ပေါ်အောင် ရှုပွါးပုံကား | ၅၁ |
| ၅၇ | သဘာဝတရားတော်ကြီး | ၅၂ |
| ၅၈ | (၁) ခန္ဓာထဲကစိတ်နှင့်(၂) စာအုပ်ထဲကစိတ်ကို ဤပုံ ခွဲသိကြပါကုန် | ၅၃ |
| ၅၉ | အာရုံ ၃-ပါးနှင့် ခွဲသိကြပါရန် | ၅၄ |
| ၆၀ | ဘုရားပြတဲ့ရုပ် ဘယ်ရုပ်လဲ | ၅၅ |
| ၆၁ | ရှေးရှေး ကဝိကဝိန်၊ သုခမိန်ပညာရှင်တို့ မှာတမ်း | ၅၅ |
| ၆၂ | အပြင်ရုပ်နှင့် အတွင်းကရုပ် | ၅၆ |
| ၆၃ | တခုထဲရှုလို့ အဆုံးအထိရောက်ပုံမှာ | ၅၇ |
| ၆၄ | ကုသိုလ်ကံကုန်ပုံ အကုသိုလ်ကံတိုးပွါးပုံ | ၅၇ |
| ၆၅ | ကံကိုသာလျှင် အရင်းထား၍ ဟောပုံကား | ၅၈ |
| ၆၆ | ပစ္စုပ္ပန်အကုသိုလ်ကံများ ဝင်၍နေပုံကား | ၅၉ |
| ၆၇ | တေမိမင်းဘဝ၌ ကြောက်လန့်တုန်လှုပ်နေပုံ | ၆၀ |
| ၆၈ | ဝိပဿနာဖြင့် ပြာမချခဲ့လျှင် | ၆၀ |
| ၆၉ | ဘုရားသခင်ကြီးက မေး၍နေပါပြီ ဖြေကြစမ်းပါ | ၆၁ |
| ၇၀ | သဘောဟုတ်မှ လောကုတ္တရာတဲ့ | ၆၃ |
| ၇၁ | ဟုတ်တာပြောမှ ဥစ္စာပေါ်သတဲ့ | ၆၅ |
| ၇၂ | ဓာတ်၏သတ္တိ မှန်းဆသိကြတော့ | ၆၆ |
| ၇၃ | လောကဥ္စမျက်မြင်ဥပမာများ | ၆၇ |
| ၇၄ | အကောင်းတွေရောက်တော့ မကောင်းတွေပျောက် | ၆၇ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၅ | အရှုံးမှန်နှင့် အကောင်းမှန် | ၆၀ |
| ၇၆ | သမုတိသစ္စာ အရှုံးမှန်၏တန်းခိုး | ၆၀ |
| ၇၇ | ပရမတ္ထသစ္စာအကောင်းမှန် | ၆၉ |
| ၇၈ | သောတာပန်အမှန်ကို သစ္စကပရိဗိုဇ်ကမေးမြန်းပုံ | ၆၉ |
| ၇၉ | သောတာပန်အမှန်ကို ဘုရားကဖြေကြားပုံ | ၇၀ |
| ၈၀ | ယသသူဌေးသား သောတာပန်တည်ပုံ | ၇၁ |
| ၈၁ | ယသသူဌေးသား မဂ်၏အရှိန်အဝါတွေ့ရပုံ | ၇၁ |
| ၈၂ | ခါတ်တလုံးပေါ်အစုံပါရှိပုံကျင့်စဉ်ကြီး | ၇၂ |
| ၈၃ | နေ့ယျှများအတွက် မြတ်စွာဘုရားက ရုပ်နာမ်အပြင် ရှုစရာမရှိတဲ့ | ၇၄ |
| ၈၄ | ခါတ်တပါး၊တစိတ်တဒေသတွေ့ရရုံနှင့် ရဟန္တာဖြစ်ပုံ | ၇၅ |
| ၈၅ | သားရဟုလာအား ဘုရားကခါတ် ၄–ပါးနှင့် ချွတ်ပုံမှာ | ၇၅ |
| ၈၆ | ဓာတ်ကမ္မဋ္ဌာန်းသာ အခြေခံမူလဘူတဖြစ်ပုံ | ၇၅ |
| ၈၇ | ရုပ် ပဓာနဓာတ်နှင့် ရှင်းပြဦးအံ့ | ၇၉ |
| ၈၈ | ဘုရားကအတွေ့ရှာခိုင်းတဲ့ ပရမတ္ထရုပ်ဟာ | ၈၀ |
| ၈၉ | ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်လာ-သိတေနာပိရုပ္ပတိ၊ ဥဏှေနာပိ ရုပ္ပတိစသည်ဖြင့်ရှင်းပြဦးအံ့ | ၈၀ |
| ၉၀ | ကျမ်းပြုသူ၏ဩွန်ကြားချက် ခါတ်တရားများပုံ | ၈၁ |
| ၉၁ | ဗမာနိုင်ငံတော်၌ ကမ္မဋ္ဌာန်းကျမ်းပြုပုဂ္ဂိုလ်များ | ၈၁ |
| ၉၂ | သတိပဋ္ဌာန်ပါဠိတော်၌ ခေတုအုပ်ချုပ်ပုံ | ၈၃ |
| ၉၃ | ဗုဒ္ဓမြတ်စွာ သြဝါဒ ဒေသနာ | ၈၄ |
| ၉၄ | ဗုဒ္ဓမြတ်စွာ ယင်းဂါထာ၏မြန်မာကဗျာလင်္ကာ | ၈၅ |
| ၉၅ | ပဋိပတ္တိက္ကမ ဋီကာမှ တရားရှင်းတမ်းကြီး | ၈၆ |
| ၉၆ | ပုဂ္ဂိုလ်နှင့်သတိပဋ္ဌာန် ရှင်းတမ်းကြီး၊ရှင်းဋီကာ | ၈၆ |
| ၉၇ | ပုဂ္ဂိုလ်နှင့်လမ်းစဉ်ညာဏ်များ | ၈၆ |
| ၉၈ | ပုဂ္ဂလသဘ္ဘါယစသည်ဇယား | ၈၆ |
| ၉၉ | တရားတော်တိုင်း ကိုယ်နှင့်မဆိုင်ပုံ | ၈၇ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၀ | အတ္တပေါ်တရားအနတ္တပေါ်တရား | ၈၇ |
| ၁၀၁ | စာသဘောသိနှင့် ခန္ဓာမှာကိုယ်တွေ့သိ ခြားနားပုံ | ၈၈ |
| ၁၀၂ | အတ္တသိနှင့် အနတ္တသိ ခြားနားပုံ | ၈၉ |
| ၁၀၃ | ဝိဇ္ဇာကတ်စာပေထဲက ရုပ်နာမ်နှင့် ခန္ဓာ ကိုယ်ထဲက ရုပ်နာမ်ခြားနားပုံ | ၈၉ |
| ၁၀၄ | အတွင်းတရားနှင့် အပြင်ကတရား ခြားနားပုံ | ၉၀ |
| ၁၀၅ | ပညတ်တရားနှင့် ပရမတ်တရားခြားနားပုံ | ၉၁ |
| ၁၀၆ | ဘုရားဟောကနှစ်ပါးထဲပါ လူနတ်ဗြဟ္မာတွေက မျှားလိုက်ထာ ခြားနားပုံ | ၉၂ |
| ၁၀၇ | ခန္ဓာကိုယ်မှာ၊လေးသစ္စာ၊ရှာပါကိုယ်တွေ့သာ | ၉၃ |
| ၁၀၈ | ဝိသုဒ္ဓိမဂ္ဂဆိုတာဟာ | ၉၃ |
| ၁၀၉ | ပထမဝိသုဒ္ဓိမဂ္ဂ နိဗ္ဗာန်လမ်းစဉ်ကား | ၉၄ |
| ၁၁၀ | ဒုတိယဝိသုဒ္ဓိမဂ္ဂ နိဗ္ဗာန်လမ်းစဉ်ကား | ၉၄ |
| ၁၁၁ | တတိယဝိသုဒ္ဓိမဂ္ဂ နိဗ္ဗာန်လမ်းစဉ်ကား | ၉၄ |
| ၁၁၂ | စတုတ္ထဝိသုဒ္ဓိမဂ္ဂ နိဗ္ဗာန်လမ်းစဉ်ကား | ၉၅ |
| ၁၁၃ | ပဉ္စမဝိသုဒ္ဓိမဂ္ဂ နိဗ္ဗာန်လမ်းစဉ်ကား | ၉၅ |
| ၁၁၄ | ဆဋ္ဌမဝိသုဒ္ဓိမဂ္ဂ နိဗ္ဗာန်လမ်းစဉ်ကား | ၉၅ |
| ၁၁၅ | သတ္တမဝိသုဒ္ဓိမဂ္ဂ နိဗ္ဗာန်လမ်းစဉ်ကား | ၉၆ |
| ၁၁၆ | ဝိပဿနာသဘောလျှင် ပဋိပတ္တိသာသနာအစစ်ပါ | ၉၆ |
| ၁၁၇ | ဓမ္မာနုဓမ္မပဋိပတ္တိနှင့် လောကုတ္တရာဓမ္မပုံစံကား | ၉၈ |
| ၁၁၈ | ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ ဝိပဿနာပါ | ၉၈ |
| ၁၁၉ | အဋ္ဌကထာဋီကာ ၃–ကျမ်းအဆိုပုံစံကား | ၉၈ |
| ၁၂၀ | လောကီဉာဏ် လောကုတ္တရာဉာဏ် | ၉၉ |
| ၁၂၁ | သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိ | ၁၀၀ |
| ၁၂၂ | ခေတ်ပေါ်သူမှာသမ္မာဒိဋ္ဌိတဲ့၊ခေတ်မပေါ်သူများကား မိစ္ဆာဒိဋ္ဌိတဲ့ | ၁၀၁ |
| ၁၂၃ | စတုဂိရိတောင် ၄–လုံး ဆရာကော်ဘုရားကြီး၏ နှီးဆော်ချက် | ၁၀၂ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၄ | ရတနာ့ထွန်းခေါင် ဆရာတော်ဘုရားကြီး၏ နိုးဆော်ချက် | ၁၁၃ |
| ၁၂၅ | ကျေးဇူးတော်ရှင် အသျှင်ဒုတ်ဗိုဆရာတော်ကြီး ဘုရား၏ ဩဝါဒမိန့်ခွန်းတော်မြွက် | ၁၀၆ |
| ၁၂၆ | ၁-ပန်းတောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၏ ဩဝါဒနိုးဆော်ချက် | ၁၁၁ |
| ၁၂၇ | ၂-အဂ္ဂမဟာပဏ္ဍိတ ပန်းတောင်းဆရာတော်ဘုရားကြီး ၏ ဒုတိယဩဝါဒကထာ | ၁၁၂ |
| ၁၂၈ | ၃-အဂ္ဂမဟာပဏ္ဍိတ ပန်းတောင်းဆရာတော် ဘုရားကြီး၏ ဩဝါဒကထာ | ၁၁၃ |
| ၁၂၉ | ၄-ပန်းတောင်းဆရာတော်ဘုရားကြီး၏ဩဝါဒ | ၁၁၄ |
| ၁၃၀ | ၅-ပန်းတောင်းဆရာတော်ဘုရားကြီး၏ဩဝါဒ | ၁၁၅ |
| ၁၃၁ | ၆-ပန်းတောင်းဆရာတော်ဘုရားကြီး၏ဩဝါဒ | ၁၁၇ |
| ၁၃၂ | ၇-ပန်းတောင်းဆရာတော်ဘုရားကြီး၏ဩဝါဒ | ၁၂၀ |
| ၁၃၃ | မာန်လည်ဆရာတော်ဘုရား၏ဩဝါဒ | ၁၂၁ |
| ၁၃၄ | လယ်တီဆရာတော်ဘုရား၏ဩဝါဒ | ၁၂၂ |
| ၁၃၅ | မြဝတီဆရာတော်ဘုရား၏ဩဝါဒ | ၁၂၃ |
| ၁၃၆ | ဝန်ကြီးချုပ်ဦးနု နှစ်သစ်ကူးမင်္ဂလာစကား | ၁၂၄ |
| ၁၃၇ | ဒေါက်တာ မာလာလာဆေကရ ကမ္ဘာ့ဥက္ကဋ္ဌကြီး၏ မိန့်ခွန်းကြီး | ၁၂၈ |
| ၁၃၈ | မလွန်နှင့် မင်းလှ ရွှေလဝင်းဆရာတော်၏ အထူးသတိပေး နိုးဆော်ချက် | ၁၃၂ |
| ၁၃၉ | ၁၃၁၇-ခုနှစ် ဇူလိုင်လ ဓမ္မစရိယာသင်းမှ ထုတ်ဝေသော အဘိဓမ္မာသဘာဝ | ၁၃၃ |
| ၁၄၀ | **ပညာသားရှေ့သွားပုံအခန်း** | ၁၃၈ |
| ၁၄၁ | ပညာသာ ရှေ့သွားပုံ | ၁၃၉ |
| ၁၄၂ | ကံ ၃-ပါး၌ ဉာဏသမ္ပယုတ်မဉာဏ်နှပရိဝတ္တဖြစ်ပုံ | ၁၄၀ |
| ၁၄၃ | ဉာဏ်ရှေ့သွားမှ နိဗ္ဗာန်ရပုံ | ၁၄၁ |
| ၁၄၄ | သမ္မာဒိဋ္ဌိပညာက အဝိဇ္ဇာဖျက်ဆီးပုံ | ၁၄၁ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၅ | သမ္မာဒိဋ္ဌိရှေ့သွား၍ အကျိုး ၆-ပါးရရှိပုံ | ၁၄၂ |
| ၁၄၆ | သင်္ခါရကိုသုံးသပ်သည်ကစ၍အရဟတ္တအထိရောက်ပုံ | ၁၄၃ |
| ၁၄၇ | ဒသနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်ကြီး | ၁၄၅ |
| ၁၄၈ | တိပိဋကဟုတ်မဟုတ် မှန်းဆကြပုံ | ၁၅၁ |
| ၁၄၉ | သာသနာပ၌ပင်တိပိဋကပေါ်များပုံ သာဓကစုံ | ၁၅၂ |
| ၁၅၀ | အညွှံဆုံးအညံ့ဆုံးခေတ်၌တိပိဋကပေါ်များပုံ | ၁၅၄ |
| ၁၅၁ | တိပိဋကဖြစ်အောင်ထူထောင်နည်း | ၁၅၄ |
| ၁၅၂ | ဝမ်းမြောက်ရမည့်၊သောမနဿဖြစ်ရမည့်၌<br>အင်္ဂါ ၄-ပါး | ၁၅၅ |
| ၁၅၃ | အကျိုးသိခြင်း ဉာဏသမ္ပယုတ်ဖြစ်ကြောင်း ၄-ပါး | ၁၅၅ |
| ၁၅၄ | သူတပါးမတိုက်တွန်းဘဲ အသင်္ခါရိက<br>ကုသိုလ်ပြုရမည့်၌ ၂-ပါး | ၁၅၅ |
| ၁၅၅ | တိပိဋကဖြစ်စေရန်ပြုနည်းမှာ | ၁၅၇ |
| ၁၅၆ | ကိုးကွယ်ထိုက်သောဆရာမွန် | ၁၅၈ |
| ၁၅၇ | ဓမ္မကထိကအစစ် သိရစ်ကြ | ၁၅၉ |
| ၁၅၈ | ဘုရားသခင်က ဓမ္မကထိက ဘွဲ့ပေးခဲ့ပုံမှာ | ၁၆၀ |
| ၁၅၉ | ၎င်းဓမ္မကထိက ဒုတိယ | ၁၆၀ |
| ၁၆၀ | အဠ္ဌသာလိနီ အဋ္ဌကထာက ဘွဲ့ပေးပုံတတိယ | ၁၆၁ |
| ၁၆၁ | သီဟိုဠ်နှင့်မြန်မာ ဓမ္မကထိကခေတ် ထူထောင်ပုံ | ၁၆၁ |
| ၁၆၂ | ဓမ္မကထိကအစစ် ဝိပဿနာခေတ် ထူထောင်ကြပုံ | ၁၆၆ |
| ၁၆၃ | **ကမ္မဋ္ဌာန်းဆရာများလက်စွဲအခက်း** | ၁၆၈ |
| ၁၆၄ | မြတ်စွာဘုရားက ဘယ်လိုဟောခဲ့သလဲ | ၁၆၈ |
| ၁၆၅ | အဘိဓမ္မာဆိုတာ ဘာလဲ | ၁၆၈ |
| ၁၆၆ | ဝိပဿနာဆိုတာ ဘာလဲ | ၁၆၉ |
| ၁၆၇ | ပရမတ္ထဆိုတာဘာလဲ | ၁၆၉ |
| ၁၆၈ | သမထဓမ္မ ရဟန်းတရားဟာ ဘယ်သင်းပါလဲ | ၁၇၀ |
| ၁၆၉ | ရှာပုံရှာနည်း နိသျှည်းကား | ၁၇၀ |
| ၁၇၀ | ခန္ဓာမှာရှာ၍ကြည့်တော့ တွေ့ရပုံ | ၁၇၁ |
| ၁၇၁ | ရုပ်ပျက်နာမ်ပျက် ကုန်ရှေ့တသိန်းတွေ့ရ | ၁၇၂ |

# မာတိကာ


| စဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၂ | ဖြဲ့ပြီးသဘာဝတွေဟာ ဓာတ် ၄-ပါးထဲကပါတဲ့ | ၁၇၃ |
| ၁၇၃ | ဓာတ် ၄-ပါးတွေ့ပြီးမှ တွေ့ရသော ဥပါဒါရုပ် ၂၄ | ၁၇၃ |
| ၁၇၄ | ဘုရားက အရှာခိုင်းတဲ့ ရုပ်တရား | ၁၇၃ |
| ၁၇၅ | ယထာပုဗ္ဗံပုဗ္ဗကံပဿေဖြင့် တွေ့မှအမှန် | ၁၇၄ |
| ၁၇၆ | နဒီသောတသမူပမံဖြင့် တွေ့မှအမှန် | ၁၇၅ |
| ၁၇၇ | ယထာပဿေ မရီစိကံဖြင့် တွေ့မှအမှန် | ၁၇၅ |
| ၁၇၈ | ရုပ်တရားတွေ့ရပုံ ဥပမာလေးမျိုး | ၁၇၅ |
| ၁၇၉ | နဒီသောတောဝိယနှင့် ပေါ်မှအမှန် | ၁၇၆ |
| ၁၈၀ | ဒီပဇာလာဝိယနှင့် ပေါ်မှအမှန် | ၁၇၆ |
| ၁၈၁ | ရုပ်နာမ်အစစ်တွေ ငြီးငွေ့ရမည် | ၁၇၇ |
| ၁၈၂ | ဓမ္မဆိုတဲ့တရားဟာ သဘောမျှတဲ့ | ၁၇၇ |
| ၁၈၃ | တရားဂုဏ်တော်-၆-ပါးနှင့် တွေ့မှအစစ်ပါ | ၁၇၈ |
| ၁၈၄ | သာသနကိစ္စကြီးကိုလုပ်မှ သာသနာဖြစ်ကြောင်း | ၁၇၈ |
| ၁၈၅ | သာသနကိစ္စကြီး-၂-ပါးကိုလုပ်မှသာသနာ | ၁၇၈ |
| ၁၈၆ | သာသနာကြီးအဖြစ်တွယ်သည်ဆိုတာဟာ | ၁၇၉ |
| ၁၈၇ | တဖြည်းဖြည်းဝိမုတ္တိငါးပါး ဆိုက်လာရပုံ | ၁၇၉ |
| ၁၈၈ | ပဘေဒခုနစ်မျိုးဖြင့် တွေ့မှအမှန် | ၁၇၉ |
| ၁၈၉ | ပဓာနက္ကမဖြင့်တွေ့မှ အမှန်ပါ | ၁၈၀ |
| ၁၉၀ | ဣရိယာပထတိုင်း တွေ့မှအမှန်ပါ | ၁၈၁ |
| ၁၉၁ | ပါဒကြီး-၄-ပါးကြောင့် ဣဒ္ဓိကြီး-၄-ပါးရှိပုံ | ၁၈၁ |
| ၁၉၂ | ယောဂီတို့သာသနာ-၃-ရပ်ရှိပုံ | ၁၈၁ |
| ၁၉၃ | ဉာဏ်-၃-ပါးနှင့် ပုဂ္ဂိုလ်-၃-ပါးသတိထား | ၁၈၂ |
| ၁၉၄ | အာကာရတ္တပေါ်ပုံ-၃၂-မျိုးတွေ့မှအမှန်ပါ | ၁၈၂ |
| ၁၉၅ | အနတ္တလေးချက်ဖြင့် တွေ့မှအစစ်အမှန် | ၁၈၃ |
| ၁၉၆ | ခန္ဓာကပြ သတ္တက | ၁၈၄ |
| ၁၉၇ | သမ္ပဇဉ်လေးပါး တွေ့မှအမှန် | ၁၈၆ |
| ၁၉၈ | ကိုယ်တိုင်ခံစားရသောအကျိုး-၇-ပါး | ၁၈၇ |
| ၁၉၉ | အပျက်တွေ့၍အကျိုးခံစားရပုံ-၈-ပါး | ၁၈၈ |
| ၂၀၀ | ဓာတ်သာသနာအနံ့ဘွယ်ရှစ်ဖြာ | ၁၈၉ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၁ | ပရိညာ ၃-ပါး၊ ကိုယ်တွေ့ရရှိပုံ | ၁၈၉ |
| ၂၀၂ | ဝိပလ္လာသ ၃-ပါး ၁၂-ပါး၊ ရုပ်နာမ်တွေ့ ကွာရပုံ | ၁၉၀ |
| ၂၀၃ | ခန္ဓာကိုယ်နှင့် ခေတ်တရား | ၁၉၀ |
| ၂၀၄ | ထွက်မြောက်ပုံလမ်းစဉ် ၇-ပါး | ၁၉၀ |
| ၂၀၅ | ဝိသုဒ္ဓိကြီး ၇-ပါးဖြင့် ထွက်မြောက်သွားပုံ | ၁၉၁ |
| ၂၀၆ | ဝိသုဒ္ဓိ ၇-ပါးနှင့် ဒိဋ္ဌိကွာပုံငါးမျိုး | ၁၉၂ |
| ၂၀၇ | ဉာဏ်စဉ် ၁၆-ပါး၌ ဒိဋ္ဌိကွာပုံ ၁၆-မျိုး | ၁၉၂ |
| ၂၀၈ | မဂ္ဂဝီထိကျရာ၌ ဒိဋ္ဌိကွာပုံ ၁၁-မျိုး | ၁၉၂ |
| ၂၀၉ | သက္ကာယဒိဋ္ဌိကွာသဲကွာပြီး ငါးဌာနကြည့်ကြပါဦး | ၁၉၂ |
| ၂၁၀ | ခေတ်တရပေါ်တော့ သတိပဋ္ဌာန် လေးမျိုးပါရှိပုံ | ၁၉၃ |
| ၂၁၁ | ဒါနတခုနှင့်ပြလျှင်၊ သီလ၊ သမထ၊ ဝိပဿနာ အကျိုး၌ သိနိုင်ပါပြီ | ၁၉၃ |
| ၂၁၂ | ဒါန, သီလ, သမထ, ဝိပဿနာအားပြိုင်သော် | ၁၉၄ |
| ၂၁၃ | ပဋိစ္စသမုပ္ပါဒ် ချုပ်ငြိမ်းပုံ ငါးဆင့် | ၁၉၄ |
| ၂၁၄ | ဒုဂ္ဂတိ သုဂတိ ဗွိဟိတ် တိဟိတ် | ၁၉၄ |
| ၂၁၅ | အသိဉာဏ်အစားစား နှိုင်းချိန်ကြပါရန် | ၁၉၅ |
| ၂၁၆ | ခန္ဓာကိုယ်၌ တရားတွေ့ပုံကား | ၁၉၅ |
| ၂၁၇ | သောတာပန်များ လောကသုံးပါးမှ ထွက်မြောက်ကြပုံ | ၁၉၆ |
| ၂၁၈ | သကဒါဂါမ် လောကသုံးပါးမှ ထွက်မြောက်ပုံ | ၁၉၆ |
| ၂၁၉ | အနာဂါမ် လောကသုံးပါးမှ ထွက်မြောက်ပုံ | ၁၉၆ |
| ၂၂၀ | ရဟန္တာများ လောကသုံးပါးမှ ထွက်မြောက်ပုံ | ၁၉၇ |
| ၂၂၁ | ဘုရားတိုင်းကခန္ဓာမှာရုပ်နာမ် ၂-ပါးသာရှိတယ် | ၁၉၇ |
| ၂၂၂ | **လက္ခဏာရေးသုံးပါးဋီကာပြဆော်း** | ၁၉၉ |
| ၂၂၃ | ဂန္တိရ နိပုဏ ဒုဒ္ဒသ ပဋ္ဌိတဝေဒနိယနိဒါန်း | ၁၉၉ |
| ၂၂၄ | လက္ခဏာရေးသုံးပါးကြောင့် ဒိဋ္ဌိများကွာပုံ | ၂၀၀ |
| ၂၂၅ | လက္ခဏာရေး ၃-ပါးထင်တော့ တရား ၃-ပါးနဲ့ပါးရပုံ | ၂၀၁ |
| ၂၂၆ | လက္ခဏာရေး ၃-ပါးကြောင့် မီးနဲ့ပါး ကုသိုလ်များပုံ | ၂၀၁ |
| ၂၂၇ | လက္ခဏာရေး ၃-ပါးကြောင့် မီး ၃-ပါးငြိမ်းပုံ | ၂၀၁ |


B

# မာတိကာ


| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂၈ | လက္ခဏာရေး ၃-ပါးကင်းလျှိ မီး ၃-ပါးတောက် ကမ္ဘာပျက်ပုံ | ၂၀၁ |
| ၂၂၉ | လက္ခဏာရေး ၃-ပါးကင်းလျှိ မီး ၃-ပါးတောက် ကပ်ကြီး ၃-ပါးဆိုက်ပုံ | ၂၀၁ |
| ၂၃၀ | လက္ခဏာရေး ၃-ပါးကြောင့် အနုပဿနာ ၃-မျိုးရပုံ | ၂၀၂ |
| ၂၃၁ | လက္ခဏာရေး ၃-ပါးကြောင့် မဂ် ၃-ပါးရရှိပုံ | ၂၀၂ |
| ၂၃၂ | လက္ခဏာရေး ၃-ပါးကြောင့် ဖိုလ် ၃-ပါးရရှိပုံ | ၂၀၂ |
| ၂၃၃ | လက္ခဏာရေး ၃-ပါးကြောင့် နိဗ္ဗာန် ၃-မျိုးရရှိပုံ | ၂၀၂ |
| ၂၃၄ | လက္ခဏာရေး ၃-ပါးမတွေ့လျှိ အပါယ်ဘုံရောက်ကြပုံ | ၂၀၂ |
| ၂၃၅ | လက္ခဏာရေး ၃-ပါးကို ဖုံးထားတဲ့ရန်သူကြီး ၃-ပါး | ၂၀၂ |
| ၂၃၆ | လက္ခဏာရေး ၃-ပါး မပေါ်တာ အကြောင်းပြချက် | ၂၀၃ |
| ၂၃၇ | လက္ခဏာရေး ၃-ပါး ပေါ်တာ အကြောင်းရှာပုံ | ၂၀၃ |
| ၂၃၈ | လက္ခဏာရေး ၃-ပါး ပိုင်လျှိ ပိဋကတ် ၃-ပုံလျှိုင်ပုံ | ၂၀၃ |
| ၂၃၉ | လက္ခဏာရေး ၃-ပါးကြောင့် ကမ္ဘာကြာကြာ အပါယ်မလားရပုံ | ၂၀၃ |
| ၂၄၀ | လက္ခဏာရေး ၃-ပါး ပိဋကတ် ၃-ပုံနှင့်ဒေသနာ | ၂၀၄ |
| ၂၄၁ | လက္ခဏာရေး ၃-ပါး ပိဋကတ် ၁-ပုံနှင့်သာသနာ | ၂၀၄ |
| ၂၄၂ | လက္ခဏာရေး ၃-ပါး ပိဋကတ် ၃-ပုံနှင့်ကထာ | ၂၀၄ |
| ၂၄၃ | လက္ခဏာရေး ၃-ပါး ပိဋကတ် ၃-ပုံနှင့်သိက္ခာ | ၂၀၄ |
| ၂၄၄ | လက္ခဏာရေး ၃-ပါး ပိဋကတ် ၃-ပုံနှင့် ပဟာန် | ၂၀၄ |
| ၂၄၅ | လက္ခဏာရေး ၃၊ ပိဋကတ် ၃၊ ကိလေသာ ၃၊ လက်နက် ၃-ပါးစီ | ၂၀၄ |
| ၂၄၆ | လက္ခဏာ၊ပိဋက၊လက်နက်၊ပဟာန် | ၂၀၅ |
| ၂၄၇ | လက္ခဏာ၊ ပိဋက၊ လက်နက်၊သံကိလေသပဟာန် | ၂၀၅ |
| ၂၄၈ | လက္ခဏာ၊ပိဋက၊လက်နက်၊အကျိုးရပုံများ | ၂၀၅ |
| ၂၄၉ | လက္ခဏာ၊ပိဋက၊လက်နက်၊အကျင့်လွဲ၍ ဒုက္ခရောက်ပုံများ | ၂၀၅ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅၀ | **အရိယာစက္ခုအကော်းကြီး** | ၂၀၆ |
| ၂၅၁ | အရိယစက္ခု (၁) | ၂၀၆ |
| ၂၅၂ | အရိယစက္ခု (၂) | ၂၀၇ |
| ၂၅၃ | အရိယစက္ခု (၃) | ၂၀၈ |
| ၂၅၄ | အရိယစက္ခု (၄) | ၂၀၈ |
| ၂၅၅ | အရိယစက္ခု (၅) | ၂၀၉ |
| ၂၅၆ | အရိယစက္ခု (၆) | ၂၁၀ |
| ၂၅၇ | အရိယစက္ခု (၇) | ၂၁၀ |
| ၂၅၈ | အရိယစက္ခု (၈) | ၂၁၀ |
| ၂၅၉ | အရိယစက္ခု (၉) | ၂၁၀ |
| ၂၆၀ | အရိယစက္ခု (၁၀) | ၂၁၂ |
| ၂၆၁ | အရိယစက္ခု (၁၁) | ၂၁၃ |
| ၂၆၂ | ကိုယ်တွေ့ရှာပုံ ခန္ဓာကဖွါး နာမ်တရား ၁၂ | ၂၁၄ |
| ၂၆၃ | ကမ္မဋ္ဌာန်းထိုင်ရာ၌ ၃၇-ပါး ဗိုဓ္ဓာပေါ်ပုံ ၁၃ | ၂၁၇ |
| ၂၆၄ | အဆင့်ဆင့်တက်နေပုံ ၁၄ | ၂၂၀ |
| ၂၆၅ | ဓာတ်တမျိုးစီပေါ်တိုင်း ခွဲသိရန် ၁၅ | ၂၂၂ |
| ၂၆၆ | ၃၂-ပါးဆိုလိုရင်းအသိမျိုးမှာ ၁၆ | ၂၂၂ |
| ၂၆၇ | ဒွိဒွိမွမွစသည်၌ အသိ ၃၂-ပါးကား ၁၇ | ၂၂၂ |
| ၂၆၈ | အရိယစက္ခု ၁၈ | ၂၂၃ |
| ၂၆၉ | ယောဂီ၏အရိယစက္ခု ၁၉ | ၂၂၄ |
| ၂၇၀ | ဝိဉာဉ်ခြောက်ပါး ဥပမာခြောက်ပါး ၂၀ | ၂၂၅ |
| ၂၇၁ | အရိယစက္ခု ၂၁ | ၂၂၅ |
| ၂၇၂ | ရင်း၌ပစ္စယပရိဂ္ဂဟဉာဏ်ပေါ်အောင်ရှုပုံ ၂၂ | ၂၂၆ |
| ၂၇၃ | ဓာတ်ကြီးလေးပါး၌ ပထဝီရှိကြောင်းရှာဖွေနည်း | ၂၂၇ |
| ၂၇၄ | ဓာတ်ကြီးလေးပါး၌ အပေါဓာတ်ရှာဖွေပုံ | ၂၂၈ |
| ၂၇၅ | ဓာတ်ကြီးလေးပါး၌ တေဇောဓာတ်ရှာဖွေပုံ | ၂၂၈ |
| ၂၇၆ | ဓာတ်ကြီးလေးပါး၌ ဝါယောဓာတ်ရှာဖွေပုံ | ၂၂၈ |
| ၂၇၇ | ဓာတ်ကြီးလေးပါး၌ လူပြိန်းလူအသိရန်လက္ခဏာများ | ၂၂၉ |
| ၂၇၈ | ဓာတ်ကြီးလေးပါးတို့ အချင်းချင်းကျေးဇူးပြုကြပုံ | ၂၂၉ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇၉ | ခန္ဓာကိုယ်ကြီးထဲ၌လည်း ဤပုံစံပင် | ၂၃၀ |
| ၂၈၀ | အနိစ္စ စတုက္ကခွဲပြနည်း | ၂၃၁ |
| ၂၈၁ | ဒုက္ခ စတုက္ကခွဲပြနည်း | ၂၃၁ |
| ၂၈၂ | အနတ္တ စတုက္ကခွဲပြနည်း | ၂၃၁ |
| ၂၈၃ | ဝိနည်း၊သုတ္တန်၊အဘိဓမ္မာ ရုပ်နာမ် ၃၃–ဆင့် | ၂၃၂ |
| ၂၈၄ | အတ္တ ၂၆-မျိုး အတ္တဒိဋ္ဌိ ၂၆-မျိုး | ၂၃၃ |
| ၂၈၅ | အနတ္တ ၂၆-မျိုး အတ္တဒိဋ္ဌိကွာခြင်း ၂၆ | ၂၃၃ |
| ၂၈၆ | ခတ်ပေါ် ကလာပ်ပေါ် ဉာဏ်ပေါ် ၃-မျိုး | ၂၃၃ |
| ၂၈၇ | ဝိနည်းဖြင့် တဒင်္ဂပဟာန် ဒိဋ္ဌိခွါပုံမှာ | ၂၃၄ |
| ၂၈၈ | သုတ္တန်နည်းဖြင့် ဝိက္ခမ္ဘနပဟာန်ဒိဋ္ဌိခွါပုံမှာ | ၂၃၄ |
| ၂၈၉ | အဘိဓမ္မာနည်းဖြင့် သမုစ္ဆေဒပဟာန် ဒိဋ္ဌိခွါပုံမှာ | ၂၃၄ |
| ၂၉၀ | သက္ကာယဒိဋ္ဌိ ၄–မျိုးခွါပုံမှာ | ၂၃၄ |
| ၂၉၁ | ပဿနာအမြင်နှင့် ဝိပဿနာအမြင် ၂–မျိုး | ၂၃၅ |
| ၂၉၂ | သုတ၊စိန္တာ၊ဘာဝနာမယ ဉာဏ် ၃-ပါးဖြင့် မြင်ပုံကား | ၂၃၅ |
| ၂၉၃ | ဒိဋ္ဌိခွါပုံ ပထမ၊ ဒု-တ-စ-ပဉ္စမ | ၂၃၅ |
| ၂၉၄ | ကိုယ်တွေ့ (ရှု) တချို့ | ၂၃၇ |
| ၂၉၅ | ကိုယ်တွေ့ (ရှု) တချို့ ဈာန်လေးပါး | ၂၃၇ |
| ၂၉၆ | တရားမည်သည် မည်မျှ အဘိုးထိုက်သနည်း မေးပြီ | ၂၃၈ |
| ၂၉၇ | ခန္ဓာမှအဆီညှစ်၍ အနှစ်ကိုရှာကြပုံကား | ၂၃၈ |
| ၂၉၈ | ပုက္ကုသာတိမင်း ပစ္စန္တရာဇ်၌ဖြစ်ပုံ | ၂၄၀ |
| ၂၉၉ | မင်း ၂–ပါးမဟာ မိတ်ဖွဲ့ပုံ | ၂၄၁ |
| ၃၀၀ | မင်း ၂–ပါးအချင်းချင်း မှာကြပုံကား | ၂၄၂ |
| ၃၀၁ | အပြန်အလှန် ပို့ဆက်ကြပုံကား | ၂၄၃ |
| ၃၀၂ | ဗိမ္ဗိသာရဘုရင် ရတနာရွေးခဏ်း | ၂၄၄ |
| ၃၀၃ | သာသနသဝဏ်လွှာတော်ကြီး | ၂၄၈ |
| ၃၀၄ | ပုက္ကုသာတိမင်းကြီး တောထွက်ခန်း | ၂၅၃ |
| ၃၀၅ | ယခုကာလလူများနှင့် ယှဉ်ပြိုင်ကြည့်ပုံ | ၂၅၆ |
| ၃၀၆ | ဆဓာတုယောအယံပုရိသော | ၂၆၁ |
| ၃၀၇ | ပုက္ကုသာတိ အဝိဟာဘုံ၌ ရဟန္တာဖြစ်ပုံ | ၂၆၂ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၀၈ | ပုဏ္ဏသာတိ၏ ရှေးဘဝက ရန်ငြိုးကား | ၂၆၅ |
| ၃၀၉ | ပုဏ္ဏသာတိချွတ်ခလော်း ခေတ်ကမ္ဘွဉ်ဘာန်း | ၂၆၆ |
| ၃၁၀ | ပုဂ္ဂိုလ်ရှိမှမှတို့ကို(သုည)ဟုဆိုတာကတော့ | ၂၆၇ |
| ၃၁၁ | ပုဂ္ဂိုလ်ရှိမှမှတို့ကို(အနန္တ)ဟုဆိုတာကတော့ | ၂၆၇ |
| ၃၁၂ | ပုဂ္ဂိုလ်ရှိမှမှတို့ကို(ပရမတ်)ဟုဆိုတာကတော့ | ၂၆၇ |
| ၃၁၃ | ပုဂ္ဂိုလ်ရှိမှမှတို့ကို(ခေတ်တရား)ဟုဆိုတာကတော့ | ၂၆၇ |
| ၃၁၄ | သညာ့ယနှင့် ဒိဋ္ဌိကိုခွဲရတော့မည် | ၂၆၈ |
| ၃၁၅ | သညာ့ယချည်းသက်သက်ကိုပြဦးမည် | ၂၇၀ |
| ၃၁၆ | ဒိဋ္ဌိကြီးသက်သက်ကိုပြဦးမည် | ၂၇၀ |
| ၃၁၇ | ဘာဝနာမယအားထုတ်ပုံကား | ၂၇၂ |
| ၃၁၈ | ဘုရားလက်ထက်တော်က ယောဂီတို့ပြုတ်ကွာပုံ | ၂၇၃ |
| ၃၁၉ | အချို့ဆရာများယူပုံ၊ဟောပုံ၊ပြသပုံကား၊ | ၂၇၆ |
| ၃၂၀ | တရုပ်ကိုတရုပ်ဟုထင်တာဟာ မှားတယ်လို့ ဆိုရာမရောက်ပေဘူလား | ၂၇၇ |
| ၃၂၁ | သညာ့ယဒိဋ္ဌိစွဲလမ်းပုံကို ထင်ရှားအောင် ဥပမာပုံနှင့်ပြဆိုဦးအံ့ | ၂၇၇ |
| ၃၂၂ | ကျမ်းဂန်လာအတိုင်းဒိဋ္ဌိပြုတ်ပုံပြမည် | ၂၇၈ |
| ၃၂၃ | ဘုရားဟောအတိုင်းဒိဋ္ဌိပြုတ်ပုံပြမည် | ၂၇၉ |
| ၃၂၄ | ပုဏ္ဏသာတိရဟန်းသည်၊မိမိရတဲ့ဈာန်ဦကပ်ငြိနေပြန် သဖြင့် ဇွန်း့ခွါပစ်ပါရန် | ၂၈၂ |
| ၃၂၅ | ဒိဋ္ဌိဖြုတ်ပုံလက်ာ၊ဒိဋ္ဌိဖြုတ်ပုံလင်္ကာ | ၂၈၃ |
| ၃၂၆ | သညာ့ယမှ ဒိဋ္ဌိလွတ်ပုံလင်္ကာ | ၂၈၄ |
| ၃၂၇ | ကာယာနုပဿနာအခန်း | ၂၈၅ |
| ၃၂၈ | ဝေဒနာနုပဿနာအခန်း | ၂၈၅ |
| ၃၂၉ | စိတ္တာနုပဿနာအခန်း | ၂၈၆ |
| ၃၃၀ | ဓမ္မာနုပဿနာအခန်း | ၂၈၇ |
| ၃၃၁ | ခေတ်ခွဲ၍ပြပါမည် | ၂၈၇ |
| ၃၃၂ | ဒိဋ္ဌိကို မိုးရာဠာနန္ဒနှင့်တွဲလျက် မှည့်ခေါ်ကြပုံ | ၂၈၉ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃၃ | သက္ကာယဒိဋ္ဌိတခုထဲကို အမျိုးမျိုးခေါ်ပုံ | ၂၈၉ |
| ၃၃၄ | ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပေါ်ပုံ | ၂၈၉ |
| ၃၃၅ | ပဋိစ္စသမုပ္ပါဒ်ဉာဏ်တခုကို အမျိုးမျိုးခေါ်ပုံ | ၂၉၀ |
| ၃၃၆ | ရုပ်နာမ် ၂-ပါး၏ဥပမာကား | ၂၉၀ |
| ၃၃၇ | နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ရှင်းသန့်စေရန်လက်ခံများ | ၂၉၁ |
| ၃၃၈ | လူ၊ နွား၊ လှည်း၊ ဥပမာ | ၂၉၁ |
| ၃၃၉ | ကြည့်ရာ၌ ရုပ်နာမ်ကုဋေငါးထောင်ကျော် | ၂၉၁ |
| ၃၄၀ | သဲပြည့်နေတဲ့လူရုပ်ကြီး | ၂၉၂ |
| ၃၄၁ | မိုဃ်းရွာချတော့ ကုဋေငါးထောင်မျှကြာ | ၂၉၂ |
| ၃၄၂ | ရန်သူကိုရှာ ထိုက်တန်တဲ့လက်နက်ဖြင့်သတ် | ၂၉၄ |
| ၃၄၃ | အကြောင်း ၄—ပါးကြောင့်ရုပ်ဖြစ်ပုံ | ၂၉၈ |
| ၃၄၄ | တရားတခုထဲ၌ အမည်အမျိုးမျိုးမှည့်ပုံ | ၂၉၉ |
| ၃၄၅ | ကံသာဆရာတော်ဘုရား၏သတိပေးချက် | ၃၀၁ |
| ၃၄၆ | အမှားကိုအမှန်ထင်အောင်၊အမှန်ကိုအမှားထင်အောင် ပြောင်ပြောင်ကြီးလှည့်စားနေကြသူတို့ကား | ၃၀၁ |
| ၃၄၇ | ရင်းရန်သူကြီးတို့ကို သတ်ရန်လက်နက်ကား | ၃၀၂ |
| ၃၄၈ | အချို့သောကျမ်းများ၌ တွေ့ရချက်ကား | ၃၀၂ |
| ၃၄၉ | ဘုရားအလိုပါဠိအရကတော့ | ၃၀၃ |
| ၃၅၀ | (၂) နံပါတ်စွဲချက် ဝိညာဉ်သိခရီးမရောက်ပုံ | ၃၀၃ |
| ၃၅၁ | (၃) နံပါတ်စွဲချက် ဝိညာဉ်သိ ဝိပလ္လာသမလွတ်ပုံ | ၃၀၄ |
| ၃၅၂ | (၄) နံပါတ်စွဲချက် ဝိညာဉ်မတတ်နိုင် | ၃၀၄ |
| ၃၅၃ | (၅) နံပါတ်စွဲချက် ဝိညာဉ်အရေးမရောက်ပုံ | ၃၀၄ |
| ၃၅၄ | (၆) နံပါတ်စွဲချက် ဝိညာဉ်ဘာမျှမတတ်နိုင် | ၃၀၄ |
| ၃၅၅ | (၇) နံပါတ်စွဲချက် နာမ်လဲစိတ်မချရသေး | ၃၀၄ |
| ၃၅၆ | (၈) နံပါတ်စွဲချက် ရုပ်နာမ်စိတ်မချရပုံ | ၃၀၅ |
| ၃၅၇ | အသညသတ်လောင်းများ ရုပ်နာမ်ရှုပုံကား | ၃၀၅ |
| ၃၅၈ | (၉) နံပါတ်စွဲချက် နာမ်မှားလွတ်ပါစေ | ၃၀၅ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅၉ | (၁၀) နံပါတ်စွဲချက် နာမ်မှားမဖြစ်ပါစေနှင့် | ၃၀၅ |
| ၃၆၀ | (၁၁) နံပါတ်စွဲချက် ဝိညာဉ်လှည့်စားပုံ | ၃၀၆ |
| ၃၆၁ | (၁၂) နံပါတ်စွဲချက် ရုပ်နာမ်ကအပါယ်ချပုံ | ၃၀၆ |
| ၃၆၂ | (၁၃) နံပါတ်စွဲချက် အာရုံ ၃-ပါး | ၃၀၇ |
| ၃၆၃ | (၁၄) နံပါတ်စွဲချက် ရုပ်နာမ်ပိတ်မချရပုံကား | ၃၀၇ |
| ၃၆၄ | (၁၅) နံပါတ်စွဲချက် ရုပ်နာမ်စစ်ဆေးရှုပါ | ၃၀၈ |
| ၃၆၅ | (၁၆) နံပါတ်စွဲချက် ပဋိစ္စသမုပ္ပါဒ်နယ်တွင် ဒိဋ္ဌိသတ် တဏှာသတ် ခွဲပြခဏ်း | ၃၀၉ |
| ၃၆၆ | ခေတ်ပေါ်၍ အပါယ်တံခါးပိတ်ပုံ | ၃၀၉ |
| ၃၆၇ | (၁၇) နံပါတ်စွဲချက် အလင်းပြပရမတ္ထအစစ်ရုပ်နာမ်ကား | ၃၁၀ |
| ၃၆၈ | ပရမတ္ထရုပ်စစ်စစ်ကို စစ်ဆေးပြပုံကား | ၃၁၀ |
| ၃၆၉ | အစစ်အဆေးခံနိုင်သော ရုပ်တရားများကား | ၃၁၂ |
| ၃၇၀ | ပညတ်ရုပ်ပညတ်နာမ်ကား | ၃၁၂ |
| ၃၇၁ | ပညတ်ရုပ်ကိုပညတ်နာမ်မြင်လျှိအကုသိုလ်ဖြစ်ပုံကား | ၃၁၃ |
| ၃၇၂ | လိုရင်းအချုပ်စစ်ဆေးချက်ကား | ၃၁၃ |
| ၃၇၃ | ပရမတ္ထရုပ် ပရမတ္ထနာမ်၌ | ၃၁၄ |
| ၃၇၄ | ပညတ်ရုပ် ပညတ်နာမ် စစ်တမ်းကား | ၃၁၄ |
| ၃၇၅ | အချို့က ခေတ်ပေါ်သောအကျိုး ဟောပြကြပုံကား | ၃၁၅ |
| ၃၇၆ | ခေတ်ပေါ်သောအကျိုး | ၃၁၅ |
| ၃၇၇ | ကမ္ဘာခေတ်သုံးပါးပျက်ပုံနှင့် အားအစွမ်းသိထားရန် | ၃၁၆ |
| ၃၇၈ | ခေတ် ၄-ပါးပေါ်၍ အပါယ်တံခါးပိတ်ပုံကား | ၃၁၆ |
| ၃၇၉ | ခေတ် ၄-ပါးပေါ်၍ ဆင်းရဲသံသရာ ပြတ်စဲပုံကား | ၃၁၇ |
| ၃၈၀ | ဉာဏ်စက္ခု ငါးပါး | ၃၁၈ |
| ၃၈၁ | ဖြူပွားများ သက္ကာယဒိဋ္ဌိမကင်းပုံ | ၃၁၉ |
| ၃၈၂ | စက္ခု ၃-ပါးမြင် ပညတ်မြင် | ၃၁၉ |
| ၃၈၃ | ခွေးမြင် ဝက်မြင် ပညတ်မြင် ဝိညာဉ်မြင်တည်း | ၃၂၀ |
| ၃၈၄ | အရိယာတို့၏ အမြင်ကား | ၃၂၀ |
| ၃၈၅ | ဘုရားသခင်နှင့် ဗောဓိပလ္လင် | ၃၂၁ |
| ၃၈၆ | ပရိနိဗ္ဗာန်ဝင် ဝိညာဉ်မြင် | ၃၂၁ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၈၇ | လက်ကိုတနေ့လုံးဝိုက်၍ကြည့် | ၃၂၀ |
| ၃၈၈ | သုရဗန္ဓနှင့် မာရ်နတ် | ၃၂၂ |
| ၃၈၉ | မင်းနန်လာ ဘုရားထင် ပြုပြင်ပုံ | ၃၂၂ |
| ၃၉၀ | တံလျှပ်ရေထင် တောသမင် | ၃၂၂ |
| ၃၉၁ | ရထားထွက် သစ်ပင်လယ်ပုံ | ၃၂၂ |
| ၃၉၂ | တိမ်တွေကြည့် အမြင်မှားရပုံ | ၃၂၂ |
| ၃၉၃ | မီးစက်ဝန်းကြည့်၊ မှားမြင်၏ | ၃၂၃ |
| ၃၉၄ | ပန်ကာစက်ကြည့်၊ မှားမြင်၏ | ၃၂၃ |
| ၃၉၅ | အဝေးကမြင်၊ အမှားထင် | ၃၂၃ |
| ၃၉၆ | ကုလားမမြင် ဘုန်းကြီးထင် ဆွမ်းပြင် | ၃၂၃ |
| ၃၉၇ | **အပါယ်တံခါးပိတ်ပုံအခန်း** | ၃၂၄ |
| ၃၉၈ | ယောဂီများ အားထားဘွယ် သံသရာနယ် | ၃၂၄ |
| ၃၉၉ | အဝိဇ္ဇာပြတ် သံသရာရပ်ပုံ | ၃၂၅ |
| ၄၀၀ | ဝိပဿနာဉာဏ် ၁၀-ပါး၌ အဝိဇ္ဇာခွါပုံ ကွာပုံ | ၃၂၅ |
| ၄၀၁ | အဝိဇ္ဇာမြေ၊ တဏှာရေ၊ ကံတွေမျိုးကျဲ၊ သန္ဓေရ။ လင်္ကာ | ၃၂၆ |
| ၄၀၂ | မဂ္ဂင်ရှစ်ပါး သောတနယ်ကြီး | ၃၂၈ |
| ၄၀၃ | ရုဋ္ဌမဏ္ဍိမ မဟာ့ သောတာပန် ၃-မျိုး | ၃၂၉ |
| ၄၀၄ | ဝိပဿနာ အပါယ်တံခါးပိတ်ပုံ | ၃၃၀ |
| ၄၀၅ | ဝိပဿနာဖြင့် အပါယ်တံခါးပိတ်သွားရပုံ အမှန်အကန် | ၃၃၃ |
| ၄၀၆ | ထေရာ၊ ထေရီ၊ အပဒါန်ကျမ်းဂန်လာ ဒါသီထနှင့် ယှဉ်ကြည့်ကြ | ၃၃၄ |
| ၄၀၇ | ဝိပဿနာကြောင့် အပါယ်တံခါးပိတ်ရပုံ | ၃၃၄ |
| ၄၀၈ | (က) ၇-နာရီ၊ ၇-နာရီထက်အပို ၁၂-နာရီအတွင်းရပုံ | ၃၃၄ |
| ၄၀၉ | (ခ) ၇-ရက်နှင့် မဂ်ဖိုရမည်ဖြစ်၍ နိယတ | ၃၃၅ |
| ၄၁၀ | (ဂ) ၇-လနှင့် ရဟန္တာဖြစ် ဘဝပြတ် နိယတ | ၃၃၆ |
| ၄၁၁ | (ဃ) ၇-နှစ်နှင့် ရဟန္တာဖြစ်နိုင်ပုံ နိယတ | ၃၃၆ |
| ၄၁၂ | (င) ခုနစ်ဘဝအတွင်း နိဗ္ဗာန်ရ နိယတ | ၃၃၇ |
| ၄၁၃ | မဟာသတိပဋ္ဌာနသုတ် နိဂုံးကြည့်ကြပါ | ၃၃၇ |
| ၄၁၄ | ဝိပဿနာဖလတန်းခိုးပြ နိယတများ | ၃၃၈ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၁၅ | ပါဠိအဋ္ဌကထာ ရှစ်ကျမ်းနှင့် ချိန်ထိုးပြ | ၃၃၉ |
| ၄၁၆ | ဝိပဿနာရ ခုနစ်ဘဝထက် မလွန်နိုင်ပုံ | ၃၄၀ |
| ၄၁၇ | ဉာဏ်စဉ် ၁၆-ပါး၌ ကြည့်ပါဦးတော့ | ၃၄၈ |
| ၄၁၈ | မဟာသောတာပန်အတွက် ဟောထားပုံ | ၃၄၉ |
| ၄၁၉ | ရှုဋ္ဌသောတာပန်အတွက် ဖွင့်ထားပုံကား | ၃၅၀ |
| ၄၂၀ | ဒါတွေဖြစ်နိုင်ရင် သောတာပန်ဘဲတဲ့ | ၃၅၁ |
| ၄၂၁ | ဝိပဿနာသည် ခုနစ်ဘဝနှင့် ရဟန္တာဖြစ်စေနိုင်၏ | ၃၅၃ |
| ၄၂၂ | ခတ်ကြောင့် အပါယ်တံခါးပိတ်သွားပုံ | ၃၅၆ |
| ၄၂၃ | ဝိပဿနာ သမ္မာဒိဋ္ဌိကြောင့် အပါယ်ကံများချုပ်ရပုံ | ၃၅၆ |
| ၄၂၄ | ဝိပဿနာ သမ္မာဒိဋ္ဌိကြောင့် အပါယ်သမုစ္ဆေဒဖြစ်ရပုံ | ၃၅၆ |
| ၄၂၅ | ဝိပဿနာ သမ္မာဒိဋ္ဌိကား မဂ်၏ ရှေ့တော်ပြေးတည်း | ၃၅၇ |
| ၄၂၆ | ရှုဋ္ဌ, မဇ္ဈိမ, မဟာသောတာပန်တို့အကျိုး | ၃၅၈ |
| ၄၂၇ | သောတာပန် သုံးမျိုးအခွဲကား | ၃၅၉ |
| ၄၂၈ | ဝိပဿနာသည် မဟာသုခ မဟာအဋ္ဌဖြစ်ပုံ | ၃၅၉ |
| ၄၂၉ | သောတဆိုတာ မဂ္ဂင်ရှစ်ပါးပါဘဲ အဆန်းမဟုတ်ပါ | ၃၅၉ |
| ၄၃၀ | သောတာပန်ဆိုတာ မဂ္ဂင်ရှစ်ပါးရ၍ နေသူပါဘဲ | ၃၆၀ |
| ၄၃၁ | သောတာပန်၌ (သောတ) နှင့် (အာပန္န) ခွဲသိကြ | ၃၆၁ |
| ၄၃၂ | ရှုဋ္ဌ, မဇ္ဈိမ, မဟာသောတာပန် ဥပမာ | ၃၆၂ |
| ၄၃၃ | တနည်း ထမင်းစား ဥပမာ | ၃၆၃ |
| ၄၃၄ | ကျမ်းဂန်တို့၌ ပြထားသောပါဠိချင်းယှဉ်၍ ကြည့်ကြပါဦးတော့ | ၃၆၃ |
| ၄၃၅ | ရှင်းလင်း၍ ကွင်းကွင်းကွက်ကွက်ပြချက် | ၃၆၄ |
| ၄၃၆ | ပုံစံနှင့်ပင် အသိဉာဏ် ရှင်းကြပါစေ | ၃၆၄ |
| ၄၃၇ | အရိယာအဖွင့် ပါဠိအဋ္ဌကထာနှင့် ရှင်းပြပုံ | ၃၆၅ |
| ၄၃၈ | ဂေါတမဘုရားနှင့် ပုံစံပြအံ့ | ၃၆၆ |
| ၄၃၉ | သောတာပန် ခတ်များ ရောက်ရှိပုံ | ၃၆၇ |
| ၄၄၀ | သောတာပန်ဖြစ်အောင် ဘာကိုလုပ်ရမှာလဲ | ၃၆၈ |
| ၄၄၁ | အဘယ်တရားအားထုတ်လျှင် ၄-မဂ် ၄-ဖိုလ်ရနိုင်သလဲ | ၃၆၈ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၄၂ | သောတာပန် အစစ် ဖြစ်ရအောင် အဘယ် ဌာနက ရုပ်နာမ်ကို ဝိပဿနာ ရှုရမည်နည်း | ၃၇၀ |
| ၄၄၃ | ဘုရားဟော သာဓက တက်စဉ်များ | ၃၇၅ |
| ၄၄၄ | ခေတ်တွေ့တော့ ကလာပ်ပေါ်ပုံမှာ | ၃၇၆ |
| ၄၄၅ | ကလာပ်တွေ့တော့ အနိစ္စပေါ်ပုံမှာ | ၃၇၇ |
| ၄၄၆ | လက္ခဏာရေးသုံးပါးပေါ်တော့ ဉာဏ်စဉ်ပေါ် ပုံမှာ | ၃၇၇ |
| ၄၄၇ | ဉာဏ်စဉ်ဆုံးလျှင် မဂ်ဖိုလ်နိဗ္ဗာန်တွေ့ရတော့၏ | ၃၇၇ |
| ၄၄၈ | ဝိသုဒ္ဓိ ၇-ပါး၌ သက္ကာယဒိဋ္ဌိကွာပုံငါးမျိုး | ၃၇၇ |
| ၄၄၉ | ဉာဏ်စဉ် ၁၆-ပါး၌ သက္ကာယဒိဋ္ဌိကွာပုံ | ၃၇၇ |
| ၄၅၀ | မဂ္ဂဝီထိ၌ သက္ကာယဒိဋ္ဌိကွာပုံ | ၃၇၇ |
| ၄၅၁ | ဒိဋ္ဌိကွာပုံပါဠိအစုံ | ၃၇၈ |
| ၄၅၂ | မျက်မှောက်ပြုခြင်း ဘယ်နှစ်မျိုးနှင့်ကွာသနည်း | ၃၇၉ |
| ၄၅၃ | ဘုရားအလောင်းတော်ကြီးများ ကြိုးဝါးတော်မူကြပုံမှာ | ၃၈၁ |
| ၄၅၄ | ဝိပဿနာကသာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကျေးဇူးပြုပုံမှာ | ၃၈၂ |
| ၄၅၅ | ဘာဖြင့်ဒိဋ္ဌိခွါလို့ အာပါယ်တံခါးပိတ်ရတာလဲ | ၃၈၂ |
| ၄၅၆ | ခေတ်ဝိပဿနာဖြင့် အဝိဇ္ဇာ ငါးဆင့်ကို အဆင့်ဆင့် ခွါခွါ သွားပုံ | ၃၈၆ |
| ၄၅၇ | ခေတ်ဝိပဿနာကြောင့် ကုသိုလ်ကံ အကုသိုလ်ကံများ ကုန်ခန်းရ၏ | ၃၈၇ |
| ၄၅၈ | ခေတ်ဝိပဿနာသည် သုခကိုရွက်ဆောင်နိုင်၏ | ၃၈၇ |
| ၄၅၉ | ဝိပဿနာခေတ်တရားကြောင့် သေလျှင်နတ်ပြည် မဂ်ဖိုလ်ရနိုင်၏ | ၃၈၈ |
| ၄၆၀ | ခေတ်ဝိပဿနာဆိုတာ အမြင့်ဆုံးအကျင့် ထိပ်ဆုံး အကျင့်ကြီးပါဘဲ | ၃၈၈ |
| ၄၆၁ | ခေတ်ဝိပဿနာဉာဏ်ဟာ ဝဇိရဉာဏ်အစစ်ပင်ဖြစ်၏ | ၃၈၉ |
| ၄၆၂ | ခေတ်ဝိပဿနာကို ဝိရုဠှ ၂-ပါးကဲ့သို့ဟူ၍ဥပမာပြ၏ | ၃၈၉ |
| ၄၆၃ | ခေတ်ဝိပဿနာကြောင့် ကိလေသာမှဝေးကွာ၍ အရိယာအဖြစ်ဖြင့် နေပေ၏ | ၃၈၉ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၆၄ | ငါးထောင်၌ ရဟန္တာမဆိတ်နိုင်ဘူးဟုဆိုတာ ဝိပဿနာကို အားကိုး၍ ပြောတာပါဘဲ | ၃၉၀ |
| ၄၆၅ | ၄-မဂ် ၄-ဖိုလ်နိဗ္ဗာန်ကိုရနိုင်တယ်ဆိုတာ ဝိပဿနာအားကိုး၍ပြောတာပါ | ၃၉၀ |
| ၄၆၆ | နိပြောခအား ၇-ရက်နှင့်နိဗ္ဗာန်ကိုရစေမယ်ဆိုတာ ဝိပဿနာတရားတော်ကြီးကိုအားကိုး၍ မိန့်တော်မူတာပါဘဲ | ၃၉၁ |
| ၄၆၇ | ၇-နာရီနှင့် အရဟတ္တဖိုလ်နိဗ္ဗာန်ကို ရစေပါ့မယ်ဆိုတာလဲ ဝိပဿနာကိုအားကိုး၍ ပြောတာပါဘဲ | ၃၉၂ |
| ၄၆၈ | ဝိပဿနာကိုအားကိုးပြီး ၇-ရက်နှင့်ရဟန္တာဖြစ်စေရမယ်တဲ့ | ၃၉၃ |
| ၄၆၉ | ဝိပဿနာကို အားကိုးပြီး ၇-လနှင့် ရဟန္တာဖြစ်စေရမယ်တဲ့ | ၃၉၃ |
| ၄၇၀ | ဝိပဿနာကိုအားကိုးပြီး ၇-နှစ်နှစ်နှင့်ရဟန္တာဖြစ်စေရမယ်တဲ့ | ၃၉၄ |
| ၄၇၁ | ဝိပဿနာကို အားကိုးပြီး ၇-ဘဝနှင့် ရဟန္တာဖြစ်စေရမယ်တဲ့ | ၃၉၄ |
| ၄၇၂ | ဇာရိယာပုထိတိုင်း၌ ရဟန္တာဖြစ်စေရမယ်ဆိုတာဝိပဿနာ အားကိုးပြောတာပါ | ၃၉၅ |
| ၄၇၃ | ဤသာသနာတော်အတွင်း၌ သံသရာကြီးကိုကူးနိုင်ပါတယ်ဆိုတာ ဝိပဿနာကိုအားကိုးပြီး မိန့်တော်မူတာပါဘဲ | ၃၉၅ |
| ၄၇၄ | သမ္မာဒုက္ခက္ခယဂါမိနီယာဆိုတာ ဝိပဿနာ၏သတ္တိပါဘဲ | ၃၉၆ |
| ၄၇၅ | ကာယဂတာသတိကို မပွါးလျှင် နိဗ္ဗာန်မခံစားရတဲ့ | ၃၉၆ |
| ၄၇၆ | ကာယဂတာသတိကိုပွါးလျှင် နိဗ္ဗာန်ကိုခံစားရပြီတဲ့ | ၃၉၇ |
| ၄၇၇ | ဩဝါဒကထာစာတမ်း ဝိနိစ္ဆယခုံရုံးက လိုရင်းကောက်နုတ်ချက် | ၃၉၇ |
| ၄၇၈ | ဝိပဿနာအားထုတ်လျှင် ရဟန္တာမဆိတ်နိုင် | ၃၉၈ |
| ၄၇၉ | လေးမဂ် လေးဖိုလ်ရသော ဝိပဿနာတရားတော် | ၃၉၈ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၈၀ | ယခုကာလ၌ အရိယာပုဂ္ဂိုလ်များဖြစ်နိုင်ရန်ကာလ ရှိနေတယ် | ၃၉၉ |
| ၄၈၁ | အရိယာခေတ်ကြီး | ၄၀၀ |
| ၄၈၂ | သုတ်ပါထေယျအဋ္ဌကထာအဆိုကား | ၄၀၂ |
| ၄၈၃ | ဧကနိပါတ်အင်္ဂုတ္တိုရ်အဋ္ဌကထာအဆိုမှာ | ၄၀၂ |
| ၄၈၄ | သံယုတ်အဋ္ဌကထာအဆိုမှာ | ၄၀၃ |
| ၄၈၅ | ရဟန္တာခေတ် ဘယ်အခါမျှ မဆိတ်ဘူးတဲ့ ဘုရားက | ၄၀၃ |
| ၄၈၆ | တနည်းတဖုံ အားရစရာ မှာကြားခဲ့ပုံကား | ၄၀၄ |
| ၄၈၇ | ၁၃၁၄-ခုနှစ်က ဘုန်းတော်ကြီးတပါး၏စကား | ၄၀၄ |
| ၄၈၈ | သာသနာကွယ်လျှင် ဤလက္ခဏာကိုမတွေ့ရပြီ | ၄၀၅ |
| ၄၈၉ | ဘိုးတော်ဦးဝိုင်းနှင့် သာသနာ (၁၀၀၀) | ၄၀၅ |
| ၄၉၀ | ဇမ္ဗူဒီပါကျွန်း၌ တိပိဋကပေါ်များလှပုံ | ၄၀၇ |
| ၄၉၁ | ပါရမီနဲ့တယ် နတယ်ဟု မထင်ကြရာ | ၄၀၈ |
| ၄၉၂ | ဝိပဿနာအစွမ်း အထက်မျက်ဆုံး | ၄၀၈ |
| ၄၉၃ | အောင်းတရာ့ရှစ်ကွက်၊ဗုဒ္ဓစက်အဖြေကား | ၄၀၉ |
| ၄၉၄ | အလယ်ရစ် (၃၆) တွင် ပါရှိသောစက်လက္ခဏာများ | ၄၀၉ |
| ၄၉၅ | အပြင်အထပ်စက်တော်ရာ (၄၀) တွင် | ၄၁၀ |
| ၄၉၆ | တဆယ့်လေးချက် ဓမ္မစက်အဖြေကား | ၄၁၀ |
| ၄၉၇ | တဆယ့်ရှစ်ချက် သံဃာ့စက်အဖြေကား | ၄၁၁ |
| ၄၉၈ | အနိစ္စအချက်ပြ တရက်အတွက် ထွက်သက်နှင့် ဝင်သက် မမြဲပုံ | ၄၁၁ |
| ၄၉၉ | စက်နာရီနှင့်ထွက်သက်ဝင်သက် တွက်ပုံကား | ၄၁၂ |
| ၅၀၀ | အနိစ္စအပြန်အလှန်သိကြရန်အချက် | ၄၁၂ |
| ၅၀၁ | အနိစ္စဒုက္ခအနတ္တကို မမြင်မထင်နိုင်သူများ | ၄၁၃ |
| ၅၀၂ | အနိစ္စဒုက္ခအနတ္တကို မြင်နိုင်ထင်နိုင်သူများ | ၄၁၃ |
| ၅၀၃ | ဒုက္ခသစ္စာနှင့် ဒုက္ခလက္ခဏာကိုတွေ့ကြပြီလား | ၄၁၄ |
| ၅၀၄ | အဆုံးအဖြတ် ဝိနိစ္ဆယကား | ၄၁၄ |
| ၅၀၅ | ဘုရားများတော့ ၄-သချေ ကမ္ဘာတသိန်းကျင့်မှ သစ္စာလေးပါးရကြ၏ | ၄၁၆ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၀၆ | တိရစ္ဆာန်နှင့် အနှိုင်းခံရပုံများ | ၄၀၇ |
| ၅၀၇ | ဇိမ်ခွေးတောခွေးနှင့် အခိုင်းအနှိုင်းခံရပုံမှာ | ၄၀၈ |
| ၅၀၈ | ရတနာမဟာထွန့်ခေါင်ဆရာတော်ကြီးက ငှက်နှင့် နှိုင်းပုံမှာ | ၄၁၉ |
| ၅၀၉ | နိုင်ငံကျော်မာန်လည်ဆရာတော်ကြီးက ငှက်နှင့်နှိုင်းပုံမှာ | ၄၁၉ |
| ၅၁၀ | ဘုရားသခင်ကြီးကပင် နွားနှင့်နှိုင်းထားပုံမှာ | ၄၁၉ |
| ၅၁၁ | ကျွဲနွားသိုးဆိတ်နှင့် အဟိတ်တွေနှင့်နှိုင်းထားပုံမှာ | ၄၁၉ |
| ၅၁၂ | နွားလားကြီးများ၊ နွားမများနှင့် အနှိုင်းခံရပုံမှာ | ၄၂၀ |
| ၅၁၃ | မင်းကိုနွားလားနှင့်။ပြည်သားတွေကိုနွားများနှင့်နှိုင်းပုံ | ၄၂၀ |
| ၅၁၄ | လယ်တီဆရာတော်ဘုရားက ဝက်နှင့် နှိုင်းခဲ့ပုံမှာ | ၄၂၁ |
| ၅၁၅ | သူဌေးသားမဟာဓနကို ကြိုးကြာငှက်အိုနှင့်နှိုင်းပုံမှာ | ၄၂၁ |
| ၅၁၆ | ကာလာမသုတ်တော်ဘာသာပြန် | ၄၂၂ |
| ၅၁၇ | ဘုရားတရားသံဃာကို ရွေးချယ်တတ်ကြရန် | ၄၂၄ |
| ၅၁၈ | (က) သင်တိုက်ကံ အုံ့ဩစရာ | ၄၂၆ |
| ၅၁၉ | (ခ) သင်တိုက်ကံဟာ အုံ့ဩစရာ | ၄၂၈ |
| ၅၂၀ | သရုပ္ပဒိုဗာဟာနအတတ်ကို ပြသပုံ | ၄၂၉ |
| ၅၂၁ | (ဂ) သင်တိုက်ကံ အုံ့ဩစရာ | ၄၃၃ |
| ၅၂၂ | (ဃ) သင်တိုက်ကံ အုံ့ဩစရာ | ၄၃၅ |
| ၅၂၃ | ၇-သချို့နှင့် ဘုရားများ ပွင့်သွားကြပုံကား | ၄၃၇ |
| ၅၂၄ | ၉-သချို့နှင့် ဘုရားများ ပွင့်သွားကြပုံကား | ၄၃၇ |
| ၅၂၅ | လေးသချေ်အတွင်း၌ ဘုရားများပွင့်သွားပုံကား | ၄၃၇ |
| ၅၂၆ | ကမ္ဘာ့တသိန်းအတွင်း၌ ဘုရားများ ပွင့်သွားပုံကား | ၄၃၇ |
| ၅၂၇ | (င) သင်တို့၏ကံ အုံ့ဩစရာ | ၄၃၈ |
| ၅၂၈ | ဝဋ္ဋ ဝိဝဋ္ဋရှင်းတမ်းကြီး | ၄၃၉ |
| ၅၂၉ | အလောင်းတော်ကြီးများ၏ ဝိဝဋ္ဋကုသိုလ်ပုံစံ | ၄၃၉ |
| ၅၃၀ | စာရှုသူများ အထူးသတိပြုရန်မှာ | ၄၄၁ |
| ၅၃၁ | ယောဂီများ အထူးသတိပြုရန်မှာ | ၄၄၁ |
| ၅၃၂ | ဝဋ္ဋနှင့် ဝိဝဋ္ဋအခွဲ | ၄၄၂ |
| ၅၃၃ | ဒုတိယဝဋ္ဋနှင့် ဝိဝဋ္ဋကုသိုလ်အခွဲ | ၄၄၂ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၃၄ | တတိယ ဝဋ်နှင့် ဝိဝဋ်ခွဲပြပုံ | ၄၄၃ |
| ၅၃၅ | အဝိဇ္ဇာဝဋ်မူလကြီး ဦးစီးနေတဲ့ ဒါသိထပြမည် | ၄၄၄ |
| ၅၃၆ | အဝိဇ္ဇာမကွာလျှင် မိစ္ဆာပဋိပဒါတဲ့ ဝဋ်တဲ့ | ၄၄၆ |
| ၅၃၇ | အကြောင်းနှင့်အကျိုး ဆက်သွယ်နေပုံကား | ၄၄၆ |
| ၅၃၈ | အဝိဇ္ဇာကွာသွားပုံ အဆင့်ဆင့်မှာ | ၄၄၇ |
| ၅၃၉ | ဝိပဿနာအခိုက်၌ အဝိဇ္ဇာကွာပုံ ဝိဝဋ်ဖြစ်ပုံမှာ | ၄၄၇ |
| ၅၄၀ | အဝိဇ္ဇာကွာပြီးသူများ သဉ်ါရ ၃-ပါးမပြုကြပုံမှာ | ၄၄၈ |
| ၅၄၁ | အဝိဇ္ဇာမကွာလျှင် မိစ္ဆာပဋိပဒါ ဝဋ် | ၄၄၈ |
| ၅၄၂ | အဝိဇ္ဇာမကွာလျှင် မိစ္ဆာပဋိပဒါ ဝဋ်သိသတဲ့ | ၄၄၉ |
| ၅၄၃ | အဝိဇ္ဇာတဏှာမကွာလျှင် ဒွေမူလတည်း | ၄၅၀ |
| ၅၄၄ | အဝိဇ္ဇာတဏှာမကွာလျှင် အဖန်ဖန်လည်မည် | ၄၅၀ |
| ၅၄၅ | လူ,နတ်,ဖြဟ္မာအပြုံများတဲ့ ဝဋ်ကုသိုလ် | ၄၅၁ |
| ၅၄၆ | လူနတ်ဖြဟ္မာအပြုံများတဲ့ ဝိဝဋ်ကုသိုလ် | ၄၅၂ |
| ၅၄၇ | ဝဋ်သမ္ဘတ္တို့ ဝဋ်နိဿိတ မိစ္ဆာဥပိတကုသိုလ် | ၄၅၂ |
| ၅၄၈ | ဝိဝဋ်သမ္ဘတ္တို့ ဝိဝဋ်နိဿိတ သမ္မာဥပိတကုသိုလ် | ၄၅၃ |
| ၅၄၉ | ဝဋ်နှင့် ဝိဝဋ်ရှင်းပြချက် | ၄၅၃ |
| ၅၅၀ | ဝဋ်အောက်သံသရာ၌ အပါယ်ရွာလည်ခဲ့ရပုံမှာ | ၄၅၅ |
| ၅၅၁ | တောမိအလောင်း နှစ် ၂၀-နန်းစံလို့ အနှစ်ရှစ်သောင်း ငရဲခံရပုံ | ၄၅၆ |
| ၅၅၂ | မူလမင်းကွန်း ပဌမဆရာတော်ဘုရားကြီးက ထောက်ခံနေပါပြီ | ၄၅၈ |
| ၅၅၃ | တရားအစစ်အမှန်ဆုံးရှာနည်း | ၄၅၉ |
| ၅၅၄ | ခေတ်တရားအရောက် တက်လှမ်းကြပါ | ၄၆၁ |
| ၅၅၅ | ခေတ်တရားအထိ ပွါးများကြ | ၄၆၁ |
| ၅၅၆ | မဟာစည်အသံလွှင့်တရား စတုတ္ထပိုင်းမှ | ၄၆၂ |
| ၅၅၇ | ဝဋ် ဝိဝဋ်ဋီကာ | ၄၆၃ |
| ၅၅၈ | ဝဋ် ဝိဝဋ်နှင့် မုချဥပစာခွဲပြခဏ်း | ၄၆၄ |
| ၅၅၉ | ဝိဝဋ်ပြုရာ၌ စိတ်နေ စိတ်ထား | ၄၆၆ |
| ၅၆၀ | ဝိဝဋ်ကုသိုလ် ဝိပဿနာနယ်အတွက် | ၄၆၇ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၆၁ | ဝိဝဋ္ဋကုသိုလ် ဝိပဿနာမဂ်ဖိုလ်အတွက် | ၄၆၈ |
| ၅၆၂ | အမှတ်တမဲ့ပြုလျှင် ဝဋ္ဋကုသိုလ်ပင် | ၄၇၀ |
| ၅၆၃ | ဝိဝဋ္ဋကုသိုလ်မျိုး သာဝကများအတွက် | ၄၇၁ |
| ၅၆၄ | ဝိဝဋ္ဋကုသိုလ် အလောင်းတော်ကြီးများအတွက် | ၄၇၁ |
| ၅၆၅ | အလောင်းတော်ကြီးများ၏ ဝိဝဋ္ဋကုသိုလ်ပုံစံ | ၄၇၂ |
| ၅၆၆ | ဘာ့ကြောင့် ၃၁-ဘုံ၌ ဝဋ် ၃-ပါးလည်နေရတာလဲ | ၄၇၈ |
| ၅၆၇ | ၎င်း အဝိဇ္ဇာတဏှာရှိ၍နေလျှင် ဝဋ်လည်ဦးမှာဘဲတဲ့ | ၄၇၈ |
| ၅၆၈ | ဝဋ္ဋ၌ ဘုရားသခင် ဟောခဲ့ပုံဂါထာတော် | ၄၈၁ |
| ၅၆၉ | လူမြတ်လူမွန် ၂၄-သချေ် ကုဋေ ၆၀၊ ဗိုလ်ခြေ တသိန်းတို့ပြုပုံ | ၄၈၁ |
| ၅၇၀ | အချို့ကပြောကြတယ် ဒါနဟာ ကြမ်းတန်းလှတယ်တဲ့ | ၄၈၂ |
| ၅၇၁ | ၃၁-ဘုံကျော်၊ ကမ္ဘာကျော်နေတဲ့ ထိပ်သီးကြီးသုံးပါး | ၄၈၃ |
| ၅၇၂ | ဒါန, သီလ, သမထ, ဝဋ္ဋအတွင်းသို့ က-ခ-ဂ-ဃ ဘေးများဝင်နေကြပုံ | ၄၈၃ |
| ၅၇၃ | ဒါန, သီလ, သမထ, စသော ဝိဝဋ္ဋကုသိုလ်များ | ၄၈၄ |
| ၅၇၄ | ဝိဝဋ္ဋကုသိုလ်တဆင့် ဝဋ္ဋကုသိုလ် ၃-ဆင့် နေကြပုံ | ၄၈၄ |
| ၅၇၅ | ပုထုဇဉ်နယ်မှ အရိယာနယ်သို့ဆွဲလာပုံမှာ | ၄၈၅ |
| ၅၇၆ | ပဋိစ္စသမုပ္ပါဒ် ၁၂-ရပ်၊ ၁၈-ရပ်၌ ဝဋ္ဋဖြစ်နေပုံကား | ၄၉၅ |
| ၅၇၇ | ဝဋ္ဋဒါန, သီလ, သမထ ပုံစံပြ | ၄၉၈ |
| ၅၇၈ | မြွေလေးမျိုးကို ဘမ်းယူခြင်း ဥပမာ | ၄၉၈ |
| ၅၇၉ | ယောဂီများ မြွေလေးစင်းဘမ်းယူပုံ ၅မျိုး | ၅၀၀ |
| ၅၈၀ | ဝဋ်ဆုတောင်း မြွေဘမ်း၊ မေထုန်ငယ်တဲ့ သောင်တင် တတ်ပုံ | ၅၀၀ |
| ၅၈၁ | ရှိခိုးသောအခါ ဘယ, လာဘ, ကုလာစာရတဲ့ သောင်တင်တတ်ပုံ | ၅၀၁ |
| ၅၈၂ | ဋီကာကျော်က ဘွင်းဘွင်းချ၍ပြပြီ | ၅၀၁ |
| ၅၈၃ | မြွေလေးစင်းဥပမာ၊ ဘမ်းသောယောကျ်ား | ၅၀၂ |
| | **အနမတဂ္ဂဗာလပုထုဇ္ဇနကယ်ဆယ်ခန်းကြီး** | ၅၀၉ |
| ၅၈၄ | ပထမဗာလနှင့် ပဏ္ဍိတ်ကွဲပြချက် | ၅၀၉ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၈၅ | ဒုတိယဗာလနှင့် ပဏ္ဍိတခွဲပြချက် | ၅၁၁ |
| ၅၈၆ | တတိယဗာလနှင့် ပဏ္ဍိတခွဲပြချက် | ၅၁၁ |
| ၅၈၇ | စတုတ္ထဗာလနှင့် ပဏ္ဍိတခွဲပြချက် | ၅၁၂ |
| ၅၈၈ | ပဉ္စမဗာလနှင့် ပဏ္ဍိတခွဲပြချက် | ၅၁၃ |
| ၅၈၉ | ဆဋ္ဌမဗာလနှင့် ပဏ္ဍိတခွဲပြချက် | ၅၁၃ |
| ၅၉၀ | သတ္တမဗာလနှင့် ပဏ္ဍိတခွဲပြချက် | ၅၁၄ |
| ၅၉၁ | အဋ္ဌမဗာလနှင့် ပဏ္ဍိတခွဲပြချက် | ၅၁၅ |
| ၅၉၂ | ဘာ့ကြောင့် ၃၁-ဘုံ၌ ဝဋ် ၃-ပါး လည်ရတာလဲ | ၅၁၇ |
| ၅၉၃ | လူမိုက်ဗာလ ပုထုဇဉ်ဖြစ်ရ က (၃၅) ခ (၅)တွဲလို | ၅၁၈ |
| ၅၉၄ | ဗာလပုထုဇ္ဇနနှင့် ပဏ္ဍိတအရိယခွဲပြခန်း | ၅၁၉ |
| ၅၉၅ | ဗာလပုထုဇ္ဇနနှင့် ပဏ္ဍိတအရိယ က (၃၅) ခ (၅) တွဲ | ၅၂၀ |
| ၅၉၆ | ဝဋ္ဋနိဿိတ ဗာလပုထုဇ္ဇန က (၃၅) ခ (၅) တွဲ | ၅၂၀ |
| ၅၉၇ | ဝဋ္ဋမူလ အဝိဇ္ဇာ က (၃၅) ခ (၅) တွဲ | ၅၂၀ |
| ၅၉၈ | ရှစ်ဌာန ဒုက္ခတွေ့ရ က (၃၅) ခ (၅) တွဲ | ၅၂၂ |
| ၅၉၉ | ဝဋ္ဋနှင့် ဝိဝဋ္ဋပါဠိ (၃၅) (၅) | ၅၂၄ |
| ၆၀၀ | ဝဋ္ဋကုသိုလ် ဒါ,သီ,ထ,စသော ၃၅-ပါး (၁၅) | ၅၂၅ |
| ၆၀၁ | ဝိဝဋ္ဋ ၃-ပါး ဝေဘန်၍ပြချက် | ၅၂၆ |
| ၆၀၂ | ၇-သင်္ချေ၊ ၉-သင်္ချေ၊ ၄-သင်္ချေ တသိန်း ဆုတောင်း ပြုခဲ့တဲ့ အလောင်းတော်ကြီး | ၅၂၆ |
| ၆၀၃ | သက္ကာယဒိဋ္ဌိမဂ္ဂ ဝသလတဲ့ (၃၅) (၅) တွဲ | ၅၂၈ |
| ၆၀၄ | ပစ္စတ္တိက ရန်သူနှင့် နေထိုင်သူတဲ့ က (၃၅) ခ (၅) | ၅၂၉ |
| ၆၀၅ | ဒုက္ခကြီးထဲ၌ ပျော်ရွှင်၍နေသူတဲ့ (၃၅) (၅) | ၅၃၀ |
| ၆၀၆ | ဘာရဟာရက-က (၃၅) ခ (၅) | ၅၃၀ |
| ၆၀၇ | ရပ်ပြစ်ရှစ်ပါး၌ နေကြသူများတဲ့ (၃၅) (၅) | ၅၃၀ |
| ၆၀၈ | ၃၅+ငါးဆွဲစဉ် အကဏ်းမြင် | ၅၃၀ |
| ၆၀၉ | ၃၅+ငါးဆွဲစဉ် အချူးမြင် | ၅၃၀ |
| ၆၁၀ | ၃၅+ငါးဆွဲစဉ် အရှုံးမြင် | ၅၃၂ |
| ၆၁၁ | ၃၅+ငါးဆွဲစဉ် နိဗ္ဗိမြင် | ၅၃၂ |
| ၆၁၂ | ၃၅+ငါးဆွဲစဉ် မျက်သွဲ့မြင် | ၅၃၂ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၁၃ | ၃၅+ငါးဆွဲစဉ် ပညတ်မြင် | ၅၃၃ |
| ၆၁၄ | ၃၅+ငါးဆွဲစဉ် နိမိတ္တဂ္ဂါဟ်မြင် | ၅၃၃ |
| ၆၁၅ | ၃၅+ငါးဆွဲစဉ် အနုဗျဉ္စနဂ္ဂါဟ်မြင် | ၅၃၃ |
| ၆၁၆ | ၃၅+ငါးဆွဲစဉ် ကိလေသာမြင် | ၅၃၄ |
| ၆၁၇ | ၃၅+ငါးဆွဲစဉ် သမ္မုတိမြင် | ၅၃၄ |
| ၆၁၈ | ၃၅+ငါးဆွဲစဉ် အကုသိုလ်မြင် | ၅၃၄ |
| ၆၁၉ | ၃၅+ငါးဆွဲစဉ် အဝိဇ္ဇာ ဂတိကမြင် | ၅၃၅ |
| ၆၂၀ | ၃၅+ငါးဆွဲစဉ် သံသရာမှဥကျွောင်းမပေါ် | ၅၃၆ |
| ၆၂၁ | ၃၅+ငါးဆွဲစဉ် ကြိုးတန်းလန်းကျိုးကန်း | ၅၃၇ |
| ၆၂၂ | ၃၅+ငါးဆွဲခံရ မိစ္ဆာပဋိပဒါတည်း | ၅၃၇ |
| ၆၂၃ | ၃၅+ငါးဆွဲခံရ ဝဋ္ဋပက္ခိယ | ၅၃၈ |
| ၆၂၄ | ဗုဒ္ဓမြတ်စွာကပေးထားတဲ့ ဘွဲ့တော်ကြီးများ | ၅၃၈ |
| ၆၂၅ | ပဌမအန္တရာယ်ကြီး ၆–ပါး | ၅၃၉ |
| ၆၂၆ | ဒုတိယအန္တရာယ်ကြီး ၆–ပါး | ၅၄၀ |
| ၆၂၇ | ပဋိစ္စသမုပ္ပါဒ်၊ ၃၅×၅ အမှားဇာတ်ကပြ | ၅၄၁ |
| ၆၂၈ | ၃၅+၅ အစထဲက လွဲမှားဆင့်ဆင့် | ၅၄၁ |
| ၆၂၉ | တုံးကြီးရှစ်တုံးလို နေသူတဲ့ (၃၅×၅) | ၅၄၂ |
| ၆၃၀ | ၃၅×၅ ထွက်ပေါက်မမြင် ပုထုဇဉ်တဲ့ | ၅၄၂ |
| ၆၃၁ | ၃၅×၅ စိတ်သာချ ဒိဋ္ဌအပါယ်သွားရန် ၆–ပါး | ၅၄၃ |
| ၆၃၂ | ၃၅+၅ ပညတ်နိုင်ငံ မလွန်ဆန်၊နိဗ္ဗာန်မရမှတ် | ၅၄၄ |
| ၆၃၃ | ၃၅+၅ ပရမတ်နိုင်ငံ၊အယူသန်၊လားရန်ဝိဝိရပ် | ၅၄၄ |
| ၆၃၄ | ၃၅+၅ ငါးနိမိတ်၊တိရိစ်ဆုံစဉ်စံ | ၅၄၄ |
| ၆၃၅ | ၃၅+၅ အမှားနှစ်ဆယ် သံသရာလယ် | ၅၄၆ |
| ၆၃၆ | ဒါသီထ ၃၅+၅ မာရ်ဆယ်ပါးမှ မလွတ်နိုင် | ၅၄၆ |
| ၆၃၇ | ၃၅+၅ ရန်သူ၏နယ်၌ ရန်စွယ်နှင့်နေရပုံ | ၅၄၇ |
| ၆၃၈ | ၃၅+၅ ပဓာနီယင် ငါးပါးမှကင်းသူ | ၅၄၇ |
| ၆၃၉ | ၃၅+၅ သောတာပတ္တိယင် ၄-ပါးမှကင်းသူ | ၅၄၈ |
| ၆၄၀ | ၃၅+၅ အန္ဓဗာလပုထုဇ္ဇနနှင့် မကင်းသူ | ၅၄၉ |
| ၆၄၁ | ၃၅+၅ အမှန်မမြင် အမှားမြင်ပြုသူ | ၅၅၀ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၄၂ | ၃၅+၅ မိစ္ဆာမဂ္ဂင် ၅စ်ပါးအဝင် | ၅၅၀ |
| ၆၄၃ | ၃၅+၅ သမ္မာဒိဋ္ဌိနှင့်ငါးဆင့်မတက်နိုင် | ၅၅၁ |
| ၆၄၄ | ၃၅+၅-တွဲလို့ကျန် (၁၉) ဆင့်မတက်နိုင်ကြပုံ | ၅၅၂ |
| ၆၄၅ | ကျမ်း၏နိဒါန်းကို ပြန်၍ကြည့်ပါဦး | ၅၅၅ |
| ၆၄၆ | နိယတဂတိက လယ်တီဒီနီ့ဆွယ | ၅၅၆ |
| ၆၄၇ | သောတာပန် ၃-မျိုးနှင့် ဉာဏ်စဉ် ၁၆-ပါး | ၅၅၇ |
| ၆၄၈ | လဟုကကံ ဂရုကကံ ၄-တန်ဖြင့် ချိန်ကြည့်ရန် | ၅၅၈ |
| ၆၄၉ | ကျမ်းညွှန်ပြခဏ်း | ၅၅၉ |
| ၆၅၀ | နာမရူပ ပရိစ္ဆေဒဉာဏ် လက်တွေ့ရှာပုံကား | ၅၆၀ |
| ၆၅၁ | ပစ္စယပရိဂ္ဂဟဉာဏ် လက်တွေ့ရှာပုံကား | ၅၆၀ |
| ၆၅၂ | ဝိသုဒ္ဓိ ၇-ပါးဋီကာ | ၅၆၃ |
| ၆၅၃ | ကမ္ဘာကျော်၊နိုင်ငံကျော်-တကယ့်မဟာပဏ္ဍိတကြီးတို့ ရေးသွားပုံ | ၅၆၅ |
| ၆၅၄ | အရိယာသကြန်ပြောင်းပုံ | ၅၆၆ |
| ၆၅၅ | နိဗ္ဗာန်ရောက်နိုင်သော လမ်းစဉ်အမှန်ဆုံးကား | ၅၆၇ |
| ၆၅၆ | သတ္တဝိညာဏဋ္ဌိဘိ ၇-ပါး | ၅၆၈ |
| ၆၅၇ | နဝသတ္တာဝါသကိုးပါး | ၅၆၉ |
| ၆၅၈ | ဗုဒ္ဓဘာသာမှ သဘာဝကျ | ၅၇၀ |
| ၆၅၉ | ပရိညာ ၃-ပါး တရားတော်ကြီး | ၅၇၁ |
| ၆၆၀ | ပုထုဇဉ်ဘဝမှ သောတာပန်ဘဝသို့ကူးသန်းပုံ | ၅၇၂ |
| ၆၆၁ | နတ်ဘဝတခါသေ၍ လူ့ဘဝအသေစိတ်ပုံ | ၅၇၄ |
| ၆၆၂ | သတိပဋ္ဌာန် ရှုမှတ်နည်းများ | ၅၇၅ |
| ၆၆၃ | ကာယဂတာသတိကမ္မဋ္ဌာန်း မိတ်ဆွေကောင်းနှင့် ပေါင်းသွားကြရန် | ၅၇၆ |
| ၆၆၄ | အမှောင်ခေတ်နှင့် အလင်းခေတ် | ၅၇၇ |
| ၆၆၅ | ငြိမ်းချမ်းမြေတရားတော် | ၅၇၉ |

| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


## ၈-မိုင် ဉာဏစာရီဆရာတော်ဘုရား၏ မေတ္တာလက်ဆောင် ၅၈၀

၆၆၆ (၁) မြတ်စွာဘုရားကြီးတောင်မှ ကိုယ်တွေ့ကျင့်ရသေးပုံ ၅၈၁

၆၆၇ (၂) အရှင်သာရိပုတ္တရာတောင်မှ ကိုယ်တွေ့ကျင့်ရသေးပုံ ၅၈၀

၆၆၈ (၃) အရှင်မောဂ္ဂလာန်နှင့် ဝိပဿနာကိုယ်တွေ့ကျင့်ရပုံ ၅၈၀

၆၆၉ သာသနက်စ္စကြီးကိုလုပ်မှ သာသနာဖြစ်ကြောင်း အသူးသတိပေးနှိုးဆော်ချက် ၅၈၀

၆၇၀ သာသနက်စ္စကြီး ၂-ပါးလုပ်မှ သာသနာ ၅၈၁

၆၇၁ သာသနာတည်မှ တရားရဏ်တော်ရ ၅၈၁

၆၇၂ သာသနာအမြစ်တွယ်သူ တည်သူဆိုတာ ၅၈၁

၆၇၃ ဒါန,သီလ,သမထ,ဝိပဿနာကံကြီး ၄-မျိုးပြချက် ၅၈၂

၆၇၄ ဒုက္ခအပေါင်း လွတ်ဇကြောင်း တရားတော်ကြီး ၅၈၃

၆၇၅ သစ္စာလေးပါး လင်္ကာဘာရီး ၅၈၄

၆၇၆ ကမ္ဘာ့ဆရာဝန်ချုပ်ကြီးကား သမ္မာသမ္ဗုဒ္ဓပါဘဲ ၅၈၆

၆၇၇ သာသနာနှင့်ကြုံတုန်းမှာ အနုသယလုံးလုံးသတ်ကြပါ ၅၈၇

၆၇၈ ကလျာဏအင်္ဂါချိုတဲ့ရောဂါဆေး ၃-ပါးဖြင့် ကုသပုံ ၅၈၇

၆၇၉ သာသနာ ၃-ရပ်ကြောင့် ဘုံ ၃-ထပ်မှ လွတ်မြောက်အောင် ကုသပုံ ၅၈၈

၆၈၀ အလောဘဖြင့် ဒါန၊ အဒေါသဖြင့်သီလ၊ အမောဟဖြင့် ဘာဝနာ ၅၈၈

၆၈၁ နိဗ္ဗာနသဘာဝခဏ်း ၅၈၉

၆၈၂ ယောဘုယျကုသိုလ် ၄-နှင့် ဌာန ၄-ပါး ယှဉ်ပြချက်

၆၈၃ လူပေ၊ လူတေ၊ လူဆိုး လူရမ်းကြီးများတောင်မှ ကျွတ်လွတ်ရပုံ ၅၉၀

## မာတိကာ


| စာစဉ် | ပါဝင်သည့်အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၇၄ | ရုပ်နာမ်၏ တန်းခိုးရှိန်စော် အာနုဘော်ပြချက် | ၅၉၁ |
| ၆၇၅ | တိတ္ထိတို့နှင့် ပကတိသာဝကတို့ ခြားနားပုံမှာ | ၅၉၂ |
| ၆၇၆ | တိတ္ထိများပညာနဲ့ပါးရတာ ဘာကြောင့်လဲ | ၅၉၂ |
| ၆၇၇ | ငှင်းခြောက်ဦးတို့ ထင်ပုံ မြင်ပုံ ခြားနားပုံ ဥပမာမှာ | ၅၉၅ |

# ဝိပဿနာ တက္ကသိုလ် ကျမ်းကြီး၏

## စကားအချီး

### ထိပ်တန်း အဘိုးအနန္တ သာသနာတော်ကြီး

အဘိုး အတန်ဆုံး အနန္တ ထိုက်တန်သော သာသနာတော်ကြီး အစစ်ဖြစ်၍မို့ အဘိုးတန်ကြီးတွေသာသျှင်လာရောက်မှီခိုနေထိုင်ကြတာပါဘဲ။ ယခု ငါတို့ရရှိနေသော သာသနာတော်ကြီးသည်၊ အလွန်တရာမှ အဘိုးမဖြတ်နိုင်အောင်ပင် အဘိုး အနန္တ ထိုက်တန်လှပေ၏။ ဤမျှလောက် အဘိုး ထိုက်တန်လွန်းလို့ အဘိုးတန်ပုဂ္ဂိုလ်ကြီးများ လာရောက် မှီခို နေထိုင်ကြသည်ကား (၁) သူဌေးအရ (၂) မင်းအရ (၃) နတ်အရ (၄) ဗြဟ္မာအရ တို့ကို တွေ့မြင်လို့သိရှိရပေ၏။

### (၁) အနန္တသာသနာတော်ကြီး၌ သူဌေးများမှီခိုနေပုံမှာ

(၁) ယသသူဌေးသား (၂) ၎င်းအဆွေသူဌေးသား ၅၄–ဦး (၃) သောဏသူဌေးသား (၄) ကောဋိကဏ္ဏသောဏ သူဌေးသား (၅) ရဋ္ဌပါလ (၆) သုဒိန္န (၇) စိတ္တသူကြွယ် (၈) ဇောတိက (၉) ဇဋိလ (၁၀) ကာကဝလ္လိယ (၁၁) မဟာပုဏ္ဏ (၁၂) မေဏ္ဍက (၁၃) ဓနဉ္စယ (၁၄) ဝိသာခါကျောင်းအမ (၁၅) မိဂါရ (၁၆) ဝိသာခသူဌေး (၁၇) ရှင်ဥအနာထပိဏ် (၁၈) ဥဂ္ဂသူဌေး (၁၉) မဟာအနာထပိဏ် (၂၀) နန္ဒိယ (၂၁) သာရိပုဏ္ဏေးမ (၂၂) ပိပ္ပလိ (၂၃) မယ်ဘဒ္ဒါ (၂၄) ဥပါလိနာလန္ဒ (၂၅) ကောကာလိကသူဌေး (၂၆) ရာဇဂြိုဟ်သူဌေး (၂၇) သုမနသူဌေး (၂၈) သောရေယျသူဌေး (၂၉) ကသိကဘာရဒွါဇ (၃၀) ကေနိယသူဌေး စသော ရေးလျှင် မဆုံးနိုင်အောင် ပေါ်များလှပေသည်။ ၎င်းသူဌေးများသည် ဒါန, သီလ, သမထ, ဝိပဿနာ ၄–ဘက် ၄–တန်ကျင့်၍ မှီခိုကြပါသည်။

## (၂) အနန္တသာသနာတော်ကြီး၌ ရှိခဲ့သော မင်းဆိုးရာဇာများမှာ

မင်းဆိုးရာဇာတို့ဘက်ကလည်း မဟာနံမင်း၊ သုဒ္ဓေါဒန၊ ဘဒ္ဒိယ၊ ပုက္ကုသာတိ၊ အနော်ဇာ၊ ကပ္ပိန၊ အမတ်ဘထောင်၊ မှူးမတ်ကတော်တထောင်၊ ကပိလအမတ်တသောင်း၊ပသေနဒီကောသလ၊ ဗိမ္ဗိသာရ၊ အဇာတသတ်၊ ရာဇညှ၊ လိစ္ဆဝီမင်း (၇၇၇၇) ကုသိနာရုံမင်း၊ ပါဝါမင်း၊ ဘဒ္ဒဝဂ္ဂီမင်းသား-၃၀၊ သာကီဝင်မင်းသား (၇၀၀) မင်းသမီး (၅၀၀) စန္ဒပဇ္ဇောတ ဥဇ္ဇေနီ၊ ဥဒေန၊ သောဏဒဏ္ဍ၊ ကုဋဒဏ္ဍ၊ ပေါက္ခရသာတိ၊ဖြဟ္မာယု-ဗာဝရီနှင့် လူတရ စသောအားဖြင့် မရေနိုင်ပါ။ (ဒါ-သိ-ထ-ဝိ) ၄-ဘက် ၄-တန် စုံကျင့်၍ ရှိခဲ့ကြပါသည်။

## (၃) အနန္တ သာသနာတော်ကြီး၌ နတ်များ ရှိခဲ့ကြပုံမှာ

သိကြားမင်းဓတရဋ္ဌ၊ မဟာရထ၊ အနေကဝဏ္ဏ၊ နာဂဒတ္တ၊ လောကပါလ စသောနတ်ပြည် ၆-ထပ်၌ နတ်များ မရေနိုင်အောင် လာရောက်ရှိခဲ့၍ (ဒါ-သိ-ထ-ဝိ) ၄-ဘက်၄-တန် စုံအောင် ကျင့်ကြံကြပါသည်။

## (၄) အနန္တသာသနာတော်ကြီး၌ ဗြဟ္မာများ ရှိခဲ့နေကြပုံမှာ

ဗြဟ္မာများဘက်ကလည်း ဗာဝရီကာရဗြဟ္မာကြီး၊သနင်္ကုမာရဗြဟ္မာကြီး၊ ဗကဗြဟ္မာကြီး၊ ဓမ္မစကြာ (၁၈) ကုဋေဗြဟ္မာကြီးတွေ၊ အာဘိဓမ္မာဟော-ဗြဟ္မာ ၂၀-ကုဋေ၊ မဟာသမယဟော-အသင်္ချေဗြဟ္မာ စသော မရေနိုင်အောင် ရှိခဲ့ကြပါသည်။ ၎င်းတို့လည်း (ဒါ-သိ-ထ-ဝိ) ၄-ဘက်၄-တန် စုံအောင် ကျင့်ကြံကြပါသည်။

သာသနာတော် အနှစ်(၈)ပါး၌လည်း (ကြီးသူခနရာ၊ အနှစ်ဖြာတည်း) ဟူသောလင်္ကာအရ၊ ဘုန်းကံကြီးမား သဏ္ဍာကြီးမားသော ဘုရားတွေ၊ ပစ္စေကဗုဒ္ဓါတွေ၊ အဂ္ဂသာဝကတွေ၊ မဟာသာဝကတွေ၊ ပကတိသာဝကတွေ၊ မင်္ဂပုဂ္ဂိုလ်တွေ၊ ဖိုလ်ပုဂ္ဂိုလ်တွေ၊ ၂၄-သင်္ချေ ကုဋေ-၆၀၊ ဖိုလ်ခြေ တသိန်းတွေဟာ ဤသာသနာ့နန်းတော်ကြီး၌သာ စံမြန်းပျော်ပိုက်ကြပါသည်။ ယခု ၁၃၁၆-ခုက လူတွေ,ရှင်တွေ,ရဟန်းတွေလဲ (ဒါ-သိ-ထ-ဝိ) ၄-ဘက် ၄-တန် စုံအောင် ဖြည့်ကျင့်၍ သာသနာ့နန်းတော်ကြီး၌ ပျော်မွေ့ကြပါစေသတည်း။

## သရက် နှင့် ဒိုး၊ ကြွက် နှင့် မိုးသို့-လက္ခဏာအရ

### (ခ) သရက် ဥပမာ

၁ စိမ်းရောင်နှင့် မှည့်၏၊ ပိလိန္ဒ ဝစ္ဆမထေရ်လို
၂ စိမ်းရောင်နှင့် စိမ်း၏၊ တောဒေယျ၊ သုနက္ခတ္တတိတ္ထိများ
၃ မှည့်ရောင်နှင့် မှည့်၏၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်
၄ မှည့်ရောင်နှင့် စိမ်း၏၊ သာတာဂိရိ၊ ကပိလ၊ ဟေမဝတာရ

### (ဂ) ဒိုး ဥပမာ

၁ အချည်းအနှီးဖြစ်၍ ပိတ်သောဒိုး။ တိတ္ထိများ
၂ အချည်းအနှီးဖြစ်၍ ဖွင့်သောဒိုး။ ၁၆-ပြည်သားများ
၃ ပြည့်လျက် ပိတ်သောဒိုး။ မဟာသာဝကများ
၄ ပြည့်လျက် ဖွင့်သောဒိုး။ ပုထုဇဉ်ရဟန်းများ

### ဒိုး ဥပမေယျ

၁ အရိယာအသွင်မရှိ၊ အမြင်လဲမရှိ။ တိတ္ထိများ
၂ အရိယာအသွင်မရှိ၊ အမြင်ရှိ၏။ ၁၆-ပြည်သားများ
၃ အရိယာအသွင်ရှိ၏၊ အမြင်လဲရှိ၏။ မဟာသာဝကများ
၄ အရိယာအသွင်ရှိ၏၊ အမြင်ရှိ၏။ ပုထုဇဉ်ရဟန်းများ

### (ဃ) ကြွက် ဥပမာ

၁ တွင်းကားတူး၏၊ တွင်းမအောင်းသူ။
၂ တွင်းကားတူး၏၊ တွင်းအောင်းသူ။
၃ တွင်းကားမတူး၊ တွင်းအောင်းသူ၊
၄ တွင်းကားမတူး၊ တွင်းမအောင်းသူ။

### ကြွက် ဥပမေယျ

၁ စာပေသင်၏၊ မကျင့်သူ။ ကပိလ၊ ဟေမာ၊ သာတာဂိရိစသည်
၂ စာပေသင်၏၊ ကျင့်သူ။ အရှင်အာနန္ဒာတို့စသည်
၃ စာပေမသင်၊ ကျင့်သူ။ ၁၆-ပြည်သားများ
၄ စာပေမသင်၊ မကျင့်သူ။ တောဒေယျ၊ တိတ္ထိများ

## ဝိပဿနာ တက္ကသိုလ်ကျမ်းကြီး

### (င) မိုး ဥပမာ

၁ ချုန်းလျက်၊ မရွာသောမိုး။
၂ ချုန်းလျက်၊ ရွာသောမိုး။
၃ မချုန်းလျက်၊ ရွာသောမိုး။
၄ မချုန်းလျက်၊ မရွာသောမိုး။

### မိုး ဥပမေယျ

၁ ဂန္ထဓူရ၊ ဝိပဿနာဓူရကိုပြည့်အံ့ဆို၍၊ မကျင့်ဘဲနေကြသူများ။
၂ ဂန္ထဓူရ၊ ဝိပဿနာဓူရကိုပြည့်အံ့ဆို၍၊ ကျင့်ကြသူများ။
၃ ဂန္ထဓူရ၊ ဝိပဿနာဓူရကိုပြည့်အံ့မဆိုဘဲ၊ ကျင့်ကြသူများ။
၄ ဂန္ထဓူရ၊ ဝိပဿနာဓူရကိုပြည့်အံ့မဆို၊ ကျင့်လဲမကျင့်ကြသူများ။

### (စ) ဥပမာလေးမျိုးလင်္ကာ

မြတ်စွာဘုရားဟောနည်း၊ လိပ်ကဗွည်းကို၊ သိလည်းသိလျက်၊ သိခေါက်နက်သျှင်၊ သရက်နှင့် အိုး-ကြွက်နှင့် မိုးသို့၊ အရိုးစင်စစ်၊ အကာဖြစ်လျက်၊ အနှစ်ကိုသာ၊ ယူအပ်ရာ၏။ ။အရှင်မဟာသီလ ဝံသ ဆုံးမစာမှ။

### ဤဘုရားဒြဝါဒနှင့် အရှင်မဟာသီလဝံသ လင်္ကာအရ

အနန္တသာသနာခေတ်မှာ (၁) ရွှေ, ငွေ, မြ, စိန်၊ တထိန်ထိန်၊ မမှိန်တဲ့ ရတနာကိုသာ အရယူကြ၍၊ (၂) မီးခတ်ကျောက်ပမာ၊အကာကိုပစ်ထား ကြပါကုန်။

---

# (က) ရူဋ္ဌနိဒါန်းငယ်အခက်း

## (၁) စာအုပ်ရေးရခြင်း, တရားဟောပြရခြင်း

အနမတဂ္ဂသံသရာမှစ၍ ယခုအထိ ဒုက္ခဝဲထဲ၌ လူးလူးလဲလဲ နစ်မြုံနစ်၊ မြုပ်မြုံမြုပ်၊ ငုပ်တုံ, ပေါ်တုံ နေကြရသော သတ္တဝါမှန်သမျှ အနန္တတို့မှာ ဘာ့ကြောင့် လွတ်မြောက်စေနိုင်တဲ့ တရားကို မရကြပါသနည်း ဟု ဆိုသော်။ —

( ဓမ္မဿ အသဝဏတာယ ပရိဟာယန္တိ ) ဝိနည်းမဟာဝါ ပါဠိတော်တည်း။ ၊ဓမ္မဿ၊ပရမတ္ထတရားတော်ကို။အသဝဏတာယ၊မကြားရ,မနာရခြင်းကြောင့်။ဓမ္မဿ၊ မဂ်ဖိုလ်နိဗ္ဗာန်တရားမှ။ပရိဟာယန္တိ၊ဆုတ်ယုတ် အရှုံးခံခဲ့ရလေကုန်၏။ ။ပါဠိတပုဒ်ကိုစဉ်းစဉ်းစားစားနှင့် ရှုကြည့်ပါရန်။ ၊ အမတံ ဒဒေါစ သော ဟောတိ ယော ဓမ္မံ အနုသာသတိ၊ဟူသော သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်တည်း။ ။ယော၊ အကြင်သူသည်။ ဓမ္မံ၊ ပရမတ္ထတရားတော်ကို။အနုသာသတိ၊ သတ္တဝါတို့အား ဟောညွှန်ပြသပေ၏။သော၊ ထိုသူသည်။ အမတံဒဒေါစ၊ အမြိုက်နိဗ္ဗာန်ကိုပေးသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ ။ပဌမ ပါဠိအလိုမှာ—သတ္တဝါတွေဟာ ပရမတ္ထတရားကို မနာရလို့ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားကိုမရဘဲ၊ ယုတ်လျော့ကာ နေရပါတယ်တဲ့။ ၊ဒုတိယ ပါဠိအရမှာ- သတ္တဝါတို့အား လူပုဂ္ဂိုလ်တက ပရမတ္ထဖြင့် ညွှန်ပြပေ၏။ ထိုညွှန်ပြသော လူပုဂ္ဂိုလ်တသည် ထိုသတ္တဝါတို့အား အမြိုက်နိဗ္ဗာန်ကို ရေ့ဲ-ယူတော့၊ ရေ့ဲ-သုံးစွဲတော့ဟု ပေးတာလို ဖြစ်ပါသတဲ့။ သို့အတွက် ငါတို့သာသနာပြုနေတာဟာ လူအများတို့ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားမှ မယုတ်ကြဘို့၊ ထိုထိုသတ္တဝါတွေဟာ မဂ်ဖိုလ်နိဗ္ဗာန်ရကြဘို့၊တသံသရာကာလပတ်လုံးကြေဘို့၊မြေးကြဘို့ ဘေးမခကြဘို့၊ အေးမြမြ၊ ရွှင်ရွှင်ပျပျ နေသွားကြဘို့ရန်ဟု ရည်ရွယ်၍၊ နိုင်ငံအနှံ့အပြား သွားရောက်၍ တရားပြ, ဟောပြနေခြင်း၊ အမြဲတရားနှင့် နေကြပါရန် စာအုပ်-စာစောင်-ကြီး,ငယ်တရာကျော်ရေး၍ ဖြန့်ဖြူးကာ သာသနာပြုပါသတည်း။

ဥာဏစာဂီမဟာထေရ်ရန်ကုန်မြို့ (ဂ) မိုင်နှင့်
မော်လမြိုင် ဘီလူးကျွန်းကွမ်သရွာရင်းတိုက်။

## သာဝကတွေဟာ ဘာနှင့်ကျွတ်မှာတဲ့လဲ

(၁) သာဝကာဟိ စတုန္နံ ခါတူနံ ကောဒေသမေဝ သမ္မသိတွာ
နိဗ္ဗာနံ ပါပုဏန္တိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။

ဟိ၊ အမှန်စင်စစ်ကား။ သာဝကာ၊ သာဝကတို့သည်။ စတုန္နံခါတူနံ၊ ဓာတ်ကြီးလေးပါးတို့တွင်။ ကောဒေသမေဝ၊ တစိတ်တဒေသကို သာလျှင်။ သမ္မသိတွာ၊ သုံးသပ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏန္တိ၊ ရောက်ကြကုန်၏။

သာဝကမှန်ပါလျှင် ဓာတ်ကြီးလေးပါးထဲက၊တပါးပါးနဲ့သတ်သတ်၍ နိဗ္ဗာန်သို့ ကောန်ထုတ်ချောက် ပေါက်ရောက်နိုင်ပါသတဲ့။ (ဘယ်သူမှထ, မငြင်းနဲ့။)

(၂) မြတ်စွာဘုရားကိုယ်တော်တိုင်ကလည်း (ပထဝီခာတုံခေါ
ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟာတိ၊
ဝိစိကိစ္ဆံ ပဇဟာတိ၊အဝိဇ္ဇာ ပဟိယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

ဟုရာဟုလောဝါဒသုတ်တော်၌၊ ပထဝီ စသော ဓာတ် ၄–ပါးကြောင့် သက္ကာယဒိဋ္ဌိကွာ၊ ဝိစိကိစ္ဆာကွာ၊ အဝိဇ္ဇာကွာ၊ ဝိဇ္ဇာရပုံကိုဟောခဲ့ပါသည်။

(၃) မြတ်စွာဘုရားကပင် (ဆခါတုယော၊ အယံပုရိသော) ဟူ၍၊ ဥပရိပဏ္ဏာသပါဠိတော် ဓာတုဝိဘင်္ဂသုတ်တော်၌၊ ဓာတ် ၆–ပါးက အမှန်သစ္စာ၊ ယောက်ျားထင်တာက အမှားဒိဋ္ဌိဟု-ပြ၍၊ပုက္ကုသာတိအား အနာဂါမ်အထိ ပေးခဲ့ပါသည်။

(၄) စတုန္နံ ခါတူနံ အညတ္တရတ္ထံ၊ ပထဝီခါတုယာ အာပေါ
ခါတုယာ တေဇောခါတုယာ၊ ဝါယောခါတုယာ၊ နတွေဝခမ္မေ
အဝဋ္ဌပသာဒေန သစ္စန္တိဂတော အရိယသာဝကော၊ နိရယံဝါ
တိရစ္ဆာနယောနိယံဝါ ပေတ္တိဝိသယံဝါ ဥပပဇ္ဇိဿတိ။

တိကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်(၁၁၇)နံ၌၊သာဝကများဟာ ဓာတ်ကြီးလေးပါကိုတွေ့၍မတုန်မလှုပ်သက်ဝင်ယုံကြည်ခြင်းအံ့၊ငရဲ,တိရစ္ဆာန်,ပြိတ္တာ, အသုရကာယ်ဘုံ၌ မဖြစ်ပြီတဲ့။ ဗုဒ္ဓ၏ ဗျာဒိတ်တော်ကြီးရို့ မည်သူမှ ထ, မငြင်းပါ။ ၎င်း·ဒါကြောင့် ယခုသာသနာတော်ကြီး ( ၅၀၀၀ ) ဟာ ခါတုသာသနာတော်ကြီးပါဘဲ၊ ဓာတ်တရားကို ရှုပွါးမှ အကျွတ်အလွတ်မြန်ဆန်မည်ကို အထူးယုံကြည်ကြပါကုန်။

## ကာမိကမိန်၊ သုခမိန် ပညာရှင်တို့ စဉ်းစားကြရန် ဂါထာ

### သတ္တဝါအနန္တ၊နစ်မြုပ်ကြရှာနေပေါ် ပြပါ။

(၃) ရူပါ,သဒ္ဒါ,ဂန္ဓာ,ရသာ၊ ဖေါဋ္ဌဗ္ဗာစ, မနောရမာ။
ဧတံ လောကံ ဝိသံယောရံ ဩဃ လောကော ဝိမုစ္စတော။

လောကေ၊ အတောမသတ်နိုင်တဲ့ လောကခေါက်ကြီးအတွင်း၌။ မနောရမာ၊ ပုထုဇဉ်တွေ၏ စိတ်နှလုံးကို တပြုံးပြုံး ရွှင်စေတတ်ကုန်သော။ ရူပါစ၊ အဆင်းမျိုးစုံ၊ ရူပါရုံတို့သည်ရင်း။ သဒ္ဒါစ၊ အသံမျိုးစုံ၊ သဒ္ဒါရုံတို့သည်ရင်း။ ဂန္ဓာစ၊ အနံ့မျိုးစုံ၊ ဂန္ဓာရုံတို့သည်ရင်း။ ရသာစ၊ ချို,ချဉ်,ငန်,ခါး ခြောက်ပါးလုံးစုံ၊ ရသာရုံတို့သည်ရင်း။ ဖေါဋ္ဌဗ္ဗာစ၊ တွေ့,ထိ,လုံးစုံ၊ ဖေါဋ္ဌဗ္ဗာရုံတို့သည်ရင်း။ အတ္ထိ–သန္တိ၊ အစဉ်မမှား၊ အမြင်သားဟာရို့၊ အထင်အရှား ရှိကြပေကုန်၏။ ဧတံ၊ လောကအာရုံ၊ ကာမဂုဏ်ဆိုတဲ့ ဤတရားကြီးသည်၊ ယောရံ၊ ဟော့ရမ်းကြမ်းကြုတ် တမုဟုတ်ပင်၊ သေစေတတ်သော။ လောက ဝိသံ၊ တလောကလုံး ဘယ်အခါမှမမုန်းနိုင်တဲ့၊ အဆိပ်တုံး, အဆိပ်ခဲကြီး ပါပေဘည်း။ ဩဃေ၊ ဤအဆိပ်မျိုးစုံ၊ ကာမဂုဏ်ဆိုတဲ့ ဒိုင်ကြီးအတွင်း၌။ လောကော၊ လူအရပ်ရပ်၊ နတ်အဖြာဖြာ၊ ဗြဟ္မာလုံးစုံ၊ သုံးဘုံနေရှာ၊ သတ္တဝါ မှန်သမျှ၊ အနန္တတွေသည်။ အဝိမုစ္စတော၊ မပျော်သားပါးသား၊ တဟားဟားနှင့် အများကြီးနစ်မြုပ်ကြရှာလေသတည်း။

ကာမဂုဏ် ငါးပါးသည် အလွန့်အလွန် ကြောက်စရာကောင်းလှတဲ့ အဆိပ်တုံးကြီးလဲ ဖြစ်ပါပေတယ်။ အဆိပ်ဒိုင်ကြီးလဲ ဖြစ်ပါပေတယ်။ ဤအဆိပ်ဒိုင်ထဲ၌ ပုထုဇဉ်တွေ အမြဲနစ်မြုပ်ကြကုန်၏။ ထိုအဆိပ်တုံး, အဆိပ် ဒိုင်ကြီးကိုပင် ပုထုဇဉ် အရူးအ, အသို့က မြူးရတော့မယ်ထင်ပြီး ရွှင်ရွှင်ပြုံးပြုံး အခင်မင်ဆုံးဟု အသုံးပြု၍ အရူးထကာနေကြပုံကို စဉ်းစားကြည့်ကြပါ။ ဝိပဿနာဖြင့် ဘော့ကြီးလုပ်မှ မနစ်မမြုပ်,မပျော်ဘဲ ဆန်လိမ့်မည်။

### သမုဒ်ပင်လယ်တွင် လှေငယ်များနစ်မြုပ်တတ်ပုံ

(၄) နာဝါယ ဥမ္မိဝေဂေန၊ ကာမဘယာနုမဇ္ဇရေ။
သဗ္ဗသော တရင်္ဂါဝ၊ နိမုဇ္ဇန္တိ ဇနာ တထာ။

သမုဒ္ဒသာ၊ ကြောက်ဖွယ်ဘနန်း၊ ငါးမန်း ငါးဆင်၊ များပြင်သိန်းသောင်း၊ ဘေးအပေါင်းတို့ဖြင့် ပြွမ်းထသော သမုဒ္ဒရာ၏၊ အန္တရေ၊ ဝဲကလယ်လယ် အပြင်ကျယ်တဲ့ ရေနယ်အတွင်း၌။ နာဝါယာ၊ အပြေးပြေဘောင်၊ အသရေ ဆောင်တဲ့၊ သင်္ဘောလှေဖောင်ဖြင့်။ တရန္တာ၊ ဟိုဘက်ကမ်းသို့ရောက်လျှင်၊ မြူးမပဟဲ့လို့၊ ကူးကြကုန်သော။ ဇနာ၊ မြို့ပြရွာသူ များမိုလ်လူတို့သည်။ ဥမ္မိ ဝေဂေန၊ လေပြင်းမုန်တိုင်း၊ ခတ်လှုပ်ခြင်းသော၊ လှိုင်းကြမ်း၏အဟုန်ကြောင့်။ နိမုဇ္ဇန္တိ ဗဟုဝ၊ မပေါ်စုပ်စုပ်၊ ငယ်နစ်ကြီးမြုပ်ကြရကုန်သကဲ့သို့၊ ဧဝံ-တထာ၊ ထိုနည်းထားယှူ၊ ဆလားတူသာလျှင်။ ကာမဘဝယာနံ၊ ရူပ-သဒ္ဒ,စသည် အာရုံ၊ ငါးပါးသော ကာမဂုဏ်သေးရန်တို့၏။ အန္တရေ၊ ဝဲကလယ်လယ်၊ အပြင်ကျယ်တဲ့၊ နယ်ကြီးအတွင်း၌၊ နာဝါယာ၊ ကိလေသာညွန်၊ တဏှာဝန် ကို၊ မသွန်ရသေးသော၊ ခန္ဓာလှေဖြင့်။ တရန္တာ၊ ဟိုဘက်ကမ်းရောက်လျှင် မြူးမပဟဲ့ဟု ကူးကြကုန်သော။ ဇနာ၊ လူနတ်ပြဟ္မာ၊ သတ္တဝါတို့သည်။ ဥမ္မိ ဝေဂေန၊ လောဘ-ဒေါသ-မောဟ တည်းဟူသော လှိုင်းကြမ်း၏ အဟုန် ကြောင့်။ နိမုဇ္ဇန္တိ၊ အနမတဂ္ဂစ၊ ယနေ့ကျအောင်၊ မပေါ်စုပ်ရုပ်၊ ဒယ်အိုးကြီး မြုပ်သကဲ့သို့၊ ကုပ်မရ ဆွဲမရ၊ မြုပ်ကြရလေကုန်သတည်း။

သံသရာ၊ လဆန်းတရက်နေ့က၍၊ ဒါန,သီလ,သမထ စသော ကုသိုလ် ကံကြီးများ ၃၅-ပါးကို လုပ်ရင်းပင် သံသရာဝဲဩဃ၌ ယနေ့အထိမြုပ်မြဲ မြုပ်၍ မျောမြဲမျော၍လာခဲ့သော သတ္တဝါများမှ အာနန္တပင်ရှိ၏။ ဝိပဿနာ မတွေ့ရသေးသမျှ ကာလပတ်လုံး မြုပ်မြဲမြုပ်၊ မျောမြဲမျောကြရဦးမည်ကို သိထားကြပါကုန်။

သုံးဆဲ့တဘုံ ကန္တာရ်မြို့မှ အလွတ်ချန်ရန် ရှာတော်း

(၅) ကဒါဟံ ဂိဟိကမ္မာနိ၊ ဇဟိတွာန ဝနန္တရေ။
အနာလယာ ဝသိဿာမိ၊ တံ ကုဒါဿု ဘဝိဿတိ။

အဟံ၊ သုံးဆဲ့တဘုံ၊ ကန္တာရမြို့မှ၊ အလွတ်ချန်ရန်၊ ရှာကြံခဲ့သော ငါသည်။ ကဒါ၊ ဘယ်လခါမှို၊ ဘယ်ရာသီ၌၊ ဘယ်ကြည်း ဘယ်ပန်း ရောင်ရုံပွမ်း၍၊ အဆန်းတကြွယ်၊ တင့်တယ်သော ဘယ်ခါကာလ၌။ ဂိဟိကမ္မာနိ၊ ဝတ်တို့ စားရေး၊ ကြံတွေးနေ့စဉ်၊ ပူပင်သောက၊ စိတ်ဒုက္ခတွေ၊ ရှုပ်ပွေပေါင်းရ၊ ရောင်းဝယ် ဖေါက်ကားခြင်းစသော လူ့မှုကိစ္စ၊ အဝဝတို့ကို။ ဇဟိတွာန၊ တွယ်တာမငဲ့၊ စွန့်ပစ်ခဲ့နိုင်သည်ဖြစ်၍။ ဝနန္တရေ၊ ရူပ-သဒ္ဒ, စသည် အာရုံ၊

လုံးရုံကင်းကွယ်၊ တောကြီးအလယ်၌။ အနာလယော၊ ခုံမင်စုံမက်၊ နှစ်သက်တကျော၊ မရှိပါဘဲ၊ တနယောက်ထဲဖြင့်။ ဝသိသာသမိ၊ စိတ်ချေမ်းမြ၊ ကျင့်ဓမ္မကို၊ အာကျကြီးကုတ်၊ လှိုလထုတ်ကာ၊ နေရပါအံ့နည်း။ တံ၊ ထိုလူမှုပယ်ရှင်း၊တောမြိုင်တွင်းဝယ်၊လွတ်ကင်းတကျော၊ကျင့်သိက္ခာကို၊ကောင်းစွာဖြည့်တင်း၊ နေထိုင်ရင်းဟူသောအကျင့်ထူး,အကျင့်မြတ်ကို။ ကုဒါ၊အဘယ်နံရောအခါ၌။ အသုဘဝိသတိ၊ ကံကုသိုလ် ပစ်ချသဖြင့်၊ မုချကြီးဖြစ်ရပါအံ့နည်း။

က-ဘေး၊ ခ-ဘေး၊ ဂ-ဘေး၊ ဃ-ဘေး၊ ခန္ဓာအရေး တွေးတိုင်းငြိုးငွေ့ရပုံ။

(၆) ပေါ်သိတောပိ အတုဗ္ဗောဝ၊ ကာယော ဘယမုခံ ဂတော၊
တဿာ ပေါသံ ဇိဂုစ္ဆိတွာန၊ ဓမ္မံ စရေ အနုဿုကော။ ။

ဟောကာယ၊ တရားမရှု၊ အမှားပြုသျက်၊ကြွားမှုမောက်ပို၊ ဒိ…ဟဲ့ကိုယ်။ တံ၊ ရှိုးတိုးယားတား ကြိုးမျှားမျှားနှင့်၊ စည်းမထားသော သင်ကိုယ်ကြီးကို။ ပေါ်သိတောပိ၊ မဝ၊ ဝရေး၊ မလှ၊ လှရေးဖြင့်၊ ကျွေးမွေးပြုပြင်အပ်ပါသော်လည်း။ အတုဗ္ဗောဝ၊ ဘယ်ခါကာလ၊ ဘယ်ချိန်ကျမှ၊ တော်ပြီဘန့်ပြီ၊ အားလျော့ပြီဟူ မရှိခဲ့သည်သာလျှင်တည်း။ ဝါ မရောင့်ရဲနိုင်တော့သည်သာလျှင်တည်း။ တဿာ၊ ထို့ကြောင့်၊ အယံကာယော၊ မကောင်းသမျှဘို့၏ကုဋ္ဌဏ်၊ ထွီစရာဘို့၏ထိမိဘက်၊ အနာချက်ကြီးဖြစ်တဲ့ ဤခန္ဓာကိုယ်ကြီးကို။ ပေါသော၊ မဝ၊ ဝရေး၊ မလှ၊ လှရေး။ အရေးတယူ၊ မွေးမြူ၍နေစဉ်ပင်လျှင်။ ဘယာခုံ၊ ဒိဋ္ဌဘေး, နာဘေး၊ သေဘေး၊ ကွဲဘေး၊ မွဲဘေးကြီးတို့၏ အပေါက်ဝကြီးသို့။ ဂတော၊ တစက္ကန့်-ကုဋေတသိန်းလှမ်းကြွကာ တယိမ်းယိမ်းဖြင့်။ တမှိန်းမှိန်း ရောက်ခဲ့ရလေပြီ။ တဿာ၊ ထို့ကြောင့်။ တံကာယံ၊ အမိုက်ပုံတချ၊ စရိုက်စုံလှသော၊ မိုက်ဂုဏ်ပြတဲ့ ထိုခန္ဓာကိုယ်ကြီးကို။ ဇိဂုစ္ဆိတွာန၊ တော်ပြီ တန်ပြီ၊ ထွီအန့်ပြီဟု၊ ကြံစည်ကာ စက်ဆုပ်ကြကုန်သည်ဖြစ်၍။ ဓမ္မံ၊ နိဗ္ဗာန်သောင်ကမ်း၊ ဆောင်ပို့ထမ်းသည့်၊ ဖေါင်နန်းနှင့်တူသော ဝိပဿနာတရားတော်ကြီးကို။ အနုဿုကော၊ အရိုးဘဲကြွေကြွေ၊ အရေဘဲခန်းခန်း၊ မဆုတ်တမ်းဟု၊ တနံ့လှုပ်ခြင်း ကင်းသည်ဖြစ်၍။ စရေ၊ လူတွေကိုလွမ်း၊ နတ်နန်းကိုချေ၊ ဗြဟ္မာတွေကဒူးသောက်၊ ကမ္ဘာမြေအဦးပျောက်တဲ့အောင်ကူးမြောက်အောင် ကျင့်လိုက်ပါတော့အံ့သတည်း။

## ဝိပဿနာမြင့်မြင့်လာသျှင်၊ စန္ဒကူးပမာကျင့်နိုင်ပါသည်

(၇) အတ္တသိန္နဗ္ဗိ ဝါသေတိ၊ သုဂန္ဓေနိဝစန္ဒနံ၊
သဗ္ဗော မေတ္တာသုဂန္ဓေန၊ အတ္တဟိံသဗ္ဗိ ဝါသယေ။ ။

စန္ဒနံ၊ မွေးကြိုင်သင်းပျံ့ ရနံ့လှိုင်ထူး၊ စန္ဒကူးဆိုတဲ့ နံ့သာသည်။ အတ္တသိန္နဗ္ဗိ၊ မိမိကိုယ်ပင်၊ ဆွဲငင်ဖြတ်တောက်၊ ကြိုးပေါက် ကွဲအက်စေသည့် လက်လက်တောက်ထိန်၊ ပေါက်ဆိန်ဒါးမ၊ စသည်ခေါ်ရိုး၊ လက်နက်မျိုးကိုသော်လည်း။ သုဂန္ဓေန၊ တလှူလှူတယှိုင်လှိုင်၊ မွှေးကြိုင်သင်းပျံ့၊ ကောင်းမြတ်သောအနံ့ဖြင့်။ ဝါသေတိဣဝ၊ သင်းပျံ့ကြူလှိုင်၊ မွှေးကြိုင်စေတိသကဲ့သို့။ သဗ္ဗော၊ လော,ဒေါ,မော,မာ ကိလေသာကို၊ ပယ်ခွါအားထုတ်၊ ကိုယ်နှုတ်ပျော့ပျောင်း၊ သူတော်ကောင်းသည်။ အတ္တဟိံသဗ္ဗိ၊ မိမိကိုယ်ပင်၊ ဆဲနှင့်, အော်ငေါက်၊ ဖြိမ်းခြောက်ပုပြင်၊အသွင်ဟန်ပြ၊ ဒေါသထအောင်၊ စိတ်မာတ်ဆောင်လျက်၊ နှိပ်စက်ကြမ်းတန်း၊ ညှဉ်းပန်းကြသော သူကိုသော်လည်း။ မေတ္တာသုဂန္ဓေန၊ ကိုယ်စိတ်နှုတ်မြွက်၊နှစ်သက်ကြည်ဖြူ၊မွှေးကြူဖြောင်း၊ မေတ္တာတည်းဟူသော အနံ့ကောင်းဖြင့်။ ဝါသယေ၊ ဘုရိဒတ္တ၊ စမ္ပေယျနှင့်။ မဟာပုဏ္ဏ၊ မာဃလုလင်၊ဝဋ္ဋုစည်ကို၊ ဆင်ခြင်ထောက်စ၊ ရှုမြော်ကာဖြင့်။ သူငါတပြန်၊ မခုခံဘဲ၊ အားခဲကျင့်ကြံ၊ သည်းခံထုံမွှမ်း၊ မေတ္တာ့ရွှန်းဖြင့်၊ ရွှာသွန်းမွှေးကြိုင်ကြစေရာသတည်း။

## ဝိပဿနာကြောင့် သောတာပန် ကျင့်နိုင်ပုံ

(၈) ဆိန္ဒိတေ အတ္တသိသေပိ၊ နဘာသတိ ယထာ ဠိတော၊
ဝဋ္ဋုတ္တယံ အဘူတန္တိ၊ သောတာပန္နော သုဒဿိတော။ ။
ဒုက္ခိတေ ကာယစိတ္တေပိ၊ သဒ္ဓါဒိဓမ္မမာမကော၊
တိသာသနံ အဘူတန္တိ၊ သဗ္ဗော တထာ နဘာသယေ။ ။

သုဒဿိတော၊ ရုပ်နှင့် စိတ်နာမ်၊ နိဗ္ဗာန်ခရီး၊ ကောင်းမွန်စွာ သိမြင်ပြီးထသော။ ဠိတော၊ ယုံကြည်သဒ္ဓါ၊ များစွာပြည့်တင်း၊ ခိုင်မာခြင်းရှိထသော။ သောတာပန္နော၊ အရိယာဇာတ်၊ သောတာပန် ပုဂ္ဂိုလ်မြတ်သည်။ အတ္တသိသေ၊ မိမိကိုယ်တွင်၊ဦးညာဉ်နှင့်စပ်၊ ဥကျောင်းမြတ်ကို။ ဆိန္ဒိတေပိ၊ ဗိုင်းအံ့ဖိညှပ်၊ လှည့်ပတ်စော်ကား၊ ခုတ်ဖြတ်ငြားသော်လည်း။ ဝဋ္ဋုတ္တယံ၊ သုံးပါးရတနာ၊ ထွဋ်မြတ်စွာကို၊ အဘူတန္တိ၊ သုံးပါးရတနာ၊ မဟုတ်ပါဟူ၍။ နဘာ

သထိုယထာ၊ဆာသက်ငှဲညွှာ၊သဒ္ဒါပျက်ရွှင်း၊ပြောဆိုခြင်းမရှိသကဲ့သို့။တထာ၊ ထိုနှင့်အလား၊ ပုံမခြားဘဲသာလျှင်။ သဒ္ဒါဒိမွေမာမကော၊ ယုံကြည်သဒ္ဒါ၊ စစ္စာ သောင်းသောင်း၊ တရားကောင်းကို၊ စုပေါင်း ရှာမှီးလေ့ရှိသော။ သဒ္ဓေ့ာ၊ ကိုယ်နှုတ်ပျော့ပျောင်း၊ သူတော်ကောင်းသည်။ ကာယစိတ္တေ၊ခန္ဓာ ငါးချ၊ပေါင်းစုလုံးစုံ၊အာရုံသိမှတ်၊ ရုပ်နာမ်ခေတ်တို့သည်။ဒုက္ခဝေဝိ ပိုင်းအုံ ဖိညှပ်၊ ဖျည့်ပတ်စော်ကား၊ ဆင်းရဲခြားအောင် ပြုလုပ်ပါပြီးသော်လည်း၊ တိဿာသန်၊ သိလသမာ, ဝိပဿနာ၊ ကောင်းစွာသတ်မှတ်၊ သုံးရပ်သာ သနာ၊ ထွင်ရိုမြတ်စွာကို။ အဘူတန္တိ၊ သုံးပါးသာသနာ၊ အားထားပါလည်း၊ ဘယ်မှာမဟုတ်၊ ကျိုးယုတ်ပျက်ပြား၊ အချည်းအနှီးပါတကားဟူ၍။ နဘာ သယော၊ အသက်ငှဲညွှာ၊ သဒ္ဒါယွင်းကွက်၊ မိုက်ဘက်စိတ်သွင်း၊ မိုက်ရိုင်း ခြင်းဖြင့်၊အလျဉ်းပင် မပြောမဆိုဘဲနေလိုက်ရတော့သတည်း။ ။(ဝိပဿ နာမှ၊ မနှစ်မြုပ်စေနိုင်ပုံ။ ဝိပဿနာကြောင့် တန်းခိုးပြနိုင်ပုံတည်း။)

## (၉) ဝိပဿနာပါမှ နည်းမှန်လမ်းမှန်

၁၃၁၆–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇–ရက်၊ ဟံသာဝတီသတင်းစာထဲမှ–

(သေခြင်း၊ ဆင်းရဲခြင်းမှ ကင်းသော၊ နိဗ္ဗာန်သို့၊ ဈေးရှုကျင့်ကြံရာတွင် ပထမဦးစွာ ဂုင်းသေခြင်း၊ ဆင်းရဲခြင်း၏ ဇာတ်မြစ်ကို အကြွင်းအကျန်မရှိ၊ ရှုးစမ်းရှာဖွေ၍ ကမ္မဋ္ဌာန်းရှုပြီး ဝိပဿနာတရားကို ပွါးများမှ သာလျှင် နည်းမှန်လမ်းမှန် ရောက်သကဲ့သို့) အရာရာ၌၊ ဝိပဿနာဖြင့် တက်မှသာ လျှင်၊ မဂ်ရ၊ ဖိုလ်ရ၊ နိဗ္ဗာန်ရမည်၊ ဝိပဿနာမပါလျှင် ဘယ်မဂ်၊ဘယ်ဖိုလ် ဘယ်နိဗ္ဗာန်မှ မရနိုင်။ ။(မင်းခင်းဆရာတော်၊)

## (၁၀) မဟောဃေ ဂုယှမာနောပိ၊ ဖေဏပိဏ္ဍံဝ နိဿိတော။
## နာရုဟံ မဟာနာဝံပိ၊ ဘယဘေရဝ ပီဠိတော။ ။

မဟောဃေ၊ ကြောက်မက်လန့်ဘွယ်၊ ဝဲဖွေလှိုင်းတော၊ မဟာသမုဒ္ဒရာ ပင်လယ်ကြော၌။ဂုယှမာနောပိ၊ ပေါလောပက်လက်၊မှောက်လျက်မြုပ်ချည် မျော၍နေသည်ဖြစ်ပါလျက်လည်း။မဟာနာဝံပိ၊နီးပါးချဉ်းကပ်၊ဆိုက်လာရပ် ၍၊ပစ်ခတ်ဘော့ကြီး၊ စက်ကိုနှိုးလျက်၊ အမျိုးမျိုးခေါ် သင်္ဘောတော်ကြီးကို လည်း၊နာရုဟံနာရုဟန္တော၊ချမ်းသာရေးကို၊ မြော်တွေးမမြင်၊မစီးလိုက်ချင် ကြဘဲ၊ဖေဏပိဏ္ဍံဝ၊ဖိုးမိလုံးခန့်တောင်လုံးခန့် ကျယ်ပြန့်မောက်မို၊ ရေမြှုပ်

ဗိုင်ကြီးကိုသာလျှင်၊နိဿိတော၊တခုယွင်းယို၊တခုဖြိုက၊ တခုကိုဆွဲ၊အမြဲမှီ၍နေသော၊ နုရော၊ ချိန့်ခွေလျှ၊လက်ပမ်းကျ့မှ၊ ကြိုးချပေးခိုက်၊ဆွဲမိလိုက်က၊ တော်လေစွဟု၊တမ်းတနွမ်းဟိုက်၊ လူငမိုက်သည်။ ဘယဘေရဝပိဋိတော၊ ကြောက်ထိတ်ခမန်း၊ ငါးမကာရ်းနှင့်၊ ဘေးဘျမ်းထောင်သောင်း၊ စုပေါင်းနှိပ်စက်အပ်သည်။ ဟောတိယထာ၊ ဖြစ်ရလေသကဲ့သို့။ ဖော့်တထာ၊ ထိုနည်းထားယူ၊ အလားတူသာလျှင်၊ မဟောဃော၊ လောကဓံလေ၊ ထကြွစေသည့်၊ သံသရာတည်းဟူသော၊ တဏှာရေပြင်ကြော၌၊ ဝုယှမာနောပိ၊ မြှုပ်ချည်ပေါ်ချည်၊မျော၍နေသည်ဖြစ်ပါလျက်လည်း။မဟာနာဝံပိ၊ (၄၅) ဝါ၊အချိန်ကြာအောင်၊ ဆူလာရိုက်ဟည်း။ ကပ်လာနီးသည့်၊ တရားတည်းဟူသောသင်္ဘောလှေပေါင်ကြီးကိုလည်း၊ နာရုဟံနာရုဟာနေ့ာ၊တမက်၊တမိုလ်၊ကစ်နိုရောက်ဆိုက်၊မစီးလိုက်ချင်ကြဘဲ။ ပေဿာပိဏ္ဍံဝ၊ရေမြှုပ်ပမာ၊ငါးဖြာအဂ္ဂရုံ၊ကာမဂုဏ်ကိုသာလျှင်၊ နိဿိတော၊ တခုယွင်းယို၊ တခုဒိုက၊ တခုကိုသာ၊ဘဏ္ဍာစားထောင်အသက်ဆုံးအောင်မှီတွယ်၍နေပေသော။ နုရော၊ နုံးချိခွေလျှ၊ ကာမဂုဏ်လက်ပမ်းကျမှ၊ တရားပေါင်ကြီးတက်စီးမိက၊ တော်လေစွဟု၊ တမ်းတနွမ်းဟိုက်၊ လူငမိုက်သည်။ ဘယဘေရဝပိဋိတော၊ ဇာတိ-ဇရာ၊ သောက ထောင်သောင်း၊ ဘေးအပေါင်းတို့သည်။ စုပေါင်းကာနှိပ်စက်အပ်တော့သည်၊ ဟောတိ၊ မပြတ်ဆက်ကာ၊ ဖြစ်ရရှာလေတော့သတည်း။

အဲဒီဂါထာတော်ကြီးကို အရကျက်ပြီး စဉ်းစား ဝေဖန်၊ အသိဉာဏ်ရှင်းအောင်၊ နေ့စဉ်မယုတ် အားထုတ်သရဏ္ဍာယ်ခဲ့သော်၊ ငါ့အမှား ငါဖြုတ်၊ ငါ့အလုပ် ငါကိုင်၊ ငါမယိုင်မှ ငါပိုင်မည် စသော သတိသံဝေဂ၊ အရကြီး ရ၍၊ မဂ် စခမ်းဝ, ဖိုလ် စခမ်းဝ, နိဗ္ဗာန် စခမ်းဝကို လမ်းပြလိမ့်မည်။

တိုက်ဖျွေးပမာ၊ ကိုယ်ခန္ဓာ၊ မြန်စွာရောင်းချပါ

(၁၁) ရက္ခိတောပိ အရက္ခောဝ၊ ကာယော ဘယမုခေ ဌိတော။
တသ္မာ ကာယံ ဥပေက္ခိတွာန၊ ဓမ္မံစရေ သုခါဝဟံ။ ။

ကာယော၊ ခန္ဓာကိုယ်ယုတ်၊ မသာအလောင်းအစစ်ဖြစ်သော၊ အကောင်ပုပ်ကြီးသည်။ ဝါ၊ ခန္ဓာကိုယ်ကြီးကို။ ရက္ခိတောပိ၊ ကိုးဆဲ့ခြောက်ဖြာ၊ မဝင်လာရအောင်၊ ဆရာအမျိုးမျိုး၊ ဆေးတန်းခိုးတို့ဖြင့်၊ အသင့်သေချာ၊

ဘယ်ခါမပြတ်၊ ကြားမထတ်စေဘဲ၊ အထပ်ထပ် စောင့်ရှောက် တားဆီး၍ နေပါသော်လည်း။ အရဟတ္တာဝ၊ မလုံခြုံနိုင်သည်ဖြစ်၍သာလျှင်။ ဘယမုခေ၊ ကိုးဆဲ့ခြောက်ဖြာ၊ ဘေးရောဂါတို့၏ခံတွင်းဝ၌။ ဌိတော၊ နေ့ညမစဲ၊ အမြဲ တည်၍နေလေတော့၏။ တသ္မာ၊ ထိုသို့၊ ခန္ဓာကိုယ်ယုတ်၊ မသာ့လောင်း အစစ်ဖြစ်သော အကောင်ပုပ်ကြီးကို၊ ကိုးဆဲ့ခြောက်ဖြာ၊ ဝေဒနာတို့၊ မလာ မကပ်ရအောင် အထပ်ထပ် စောင့်ရှောက် ကာကွယ်ပါသော်လည်း ဘယ် နည်းနှင့်မှ မလုံခြုံခဲ့လေသောကြောင့်။ ကာယံ၊ ခန္ဓာကိုယ်ယုတ်၊ မသာ လောင်း အစစ် ဖြစ်သော ခန္ဓာကိုယ်ကြီးကို။ ဥပေက္ခိတ္ဗာန၊ အရေးမပြု၊ လျစ်လျူ ရှုကြကုန်သည်ဖြစ်၍။ ဝါ၊ ကုန်ပုပ် ကုန်ဆွေး၊ ဗျော့ရျော့ပမာ၊ စိတ်မှာထားကြကုန်သည်ဖြစ်၍။ သုခံ ဝဟံ၊ လူ့နတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာမြတ်ကို ဆတ်ဆတ်ကြေ အမှန် ရှက်ဆောင်ပေတတ်သော။ ဓမ္မံ၊ ဘုရားမြတ်စွာ၊ မိန့်မှာဟောကြား၊ ဝိပဿနာတရားတော်ကိုသာလျှင်။ စရေ-စရေယျ၊ သူနှင့်ရင်းက၊ ရသမျှဟာ၊ အမြတ်သာဟု၊ စိတ်မှာစွဲလျက်၊ အမြဲ အားထုတ်၍နေသင့်လှပေသတည်း။ ။အလောင်းတော်များနှင့် ငါတို့ခန္ဓာ အသုံးချခဲ့ပုံမတူကြ။

သံသရာလဆန်း တရက်နေ့က စ၍၊ ယခုနေ့အထိ ဆိုလျှင် ဘုရား အလောင်းတော်ကြီးများဟာလည်း ခန္ဓာကိုယ်ကို ရခဲ့ကြ၏။ ငါတို့လည်း ခန္ဓာကိုယ်ကို ရခဲ့၏၊ ခန္ဓာကိုယ်ကြီးကို ရရှိခဲ့ကြပုံမှာတော့ မထူးခြားလှ ပါဘူး။သို့ပေမဲ့ ရရှိတဲ့ခန္ဓာကိုယ်ကို သုံးစွဲကြပုံ၊ အသုံးချကြပုံမှာတော့အလွန် ကွာခြားလှပေ၏။ ဘုရားအလောင်းတော်ကြီးများမှာတော့၊ ရရှိတဲ့ ခန္ဓာ ကိုယ်နှင့် ရင်းရင်းပြီး အမြတ်ရှာကြလို့ ပါရမီဆယ်ပါး အပြားသုံးဆယ် ဆိုတဲ့ အမြတ်ကြီးတွေ ရခဲ့ကြတယ်။ စွန့်ခြင်းကြီးငါးပါးဆိုတဲ့ အမြတ်ကြီး တွေကို ရခဲ့ကြတယ်။စရိယာသုံးပါးဆိုတဲ့ အမြတ်ကြီးတွေကို ရခဲ့ကြတယ်။ ရလို့ပင်၊ ပစ္ဆိမဘဝိက၊ သိဒ္ဓတ္ထကုမ္မာဘဝ၌ ၃၂-ပါးသော လက္ခဏာ တော်ကြီး (၁၀) သော လက္ခဏာတော်ငယ်၊ အသံတော်ရှစ်ပါး၊ တရာ့ ရှစ်ခွက် စက်လက္ခဏာတော်များဟာ မွေးစကပင် ပါလာခဲ့ပါတယ်။ နောက် ၃၅-နှစ်တွင် ဘုရားအဖြစ်ကိုလဲရ၍ (၄၅)ဝါ ကာလပတ်လုံး ၂၄-သင်္ချေ၊ ကုဋေ-၈ဝ၊ မိုလ်ခြေတသိန်း ကျွတ်ကိန်းသို့ ဝင်စေခဲ့ပေတယ်၊ အဲဒါ ခန္ဓာကိုယ်ကို အသုံးချဘတ်သောကြောင့် အမြတ်ရခဲ့ပုံပါဘဲ။ ။ငါတို့လို လူ နတ်,ဗြဟ္မာ,သတ္တဝါတွေကတော့ ခန္ဓာကိုယ်ကြီးကိုရလျှင်။ တဂွင်ဂွင် နှင့်သာ ယုယ၍နေတတ်ကြ၏။ ခန္ဓာကိုယ်မှ အမြတ်ရအောင်မထုတ်တတ်၍

ရင်းခန္ဓာကိုယ်မှပင် (က) ဘေးကြီးတွေ့ရခဲ့ကြ (ခ) ဘေးကြီးတွေ့ရခဲ့ကြ (ဂ) ဘေးကြီးတွေ့ရခဲ့ကြ (ဃ) ဘေးကြီးတွေ့ရခဲ့ကြနှင့် အပါယ်ဘဝမှာ သာဒယ်တွေ့လှနှင့်၊ ကယ်မကြပါဟု အော်ဟစ်၍ ခံခဲ့ကြရလေန်၏။ ခန္ဓာကိုယ် တိုက်ဆွေးကြီးကို တိုက်ဆွေးမှန်း မသိကြ၊ မရောင်းကြ၊ မရင်းကြဘဲ၊ ကာမဂုဏ်အာရုံလောက်သာ ခံစား၍နေခဲ့ကြလို့သာ ယခုအထိ ဝဋ်ဘုံ ကျွတ်မြှ၍ နစ်တုံပေါ်တုံ နေခဲ့ရပါသည်။ ။ကဲကဲလွန်တာကိုတော့ ရှိပါစေတော့။ယနေ့ကစ၍ သိတာဖြင့် မိမိရရ၊ စိစိဌဌ၊ တိတိကျကျ၊ ပြည့်ပြည့် ဝဝကြီး ရရှိအောင်ဟာ ခန္ဓာကိုယ်နှင့် ရင်းပြီးတော့ ဝိပဿနာအမြတ်ကို၊ အထပ်ထပ်အရယူကြပါစေလိုသတည်း။

## (၁၂) ဝိပဿနာတက်လမ်းမှာ

(၁) အစပထမ၌ ပညတ်၌၊သမာဓိယူ၍ (၂) ဒုတိယပရမတ်၌ ရှုပွါးခြင်းဖြစ်ပါသည်။ဥပမာ ကျောင်းသားမှ ကိုရင်ဘဝ၊ ကိုရင်မှ ရဟန်းဘဝကို ယူကြသကဲ့သို့ရင်း တနည်း ဥပမာမှာ မဇ္ဈိမထိ၌ လောကီမှ လောကုတ္တရာ နယ်သို့ ကူးသကဲ့သို့ရင်း၊ တနည်းမှာ ကျောင်းသားမှ မြို့ပိုင်၊ မြို့ပိုင်မှ ဝန်ထောက်၊ ဝန်ထောက်မှ အရေးပိုင်, ၎င်းမှ တိုင်းမင်းကြီး,၎င်းမှ အတွင်းဝန် စသည်ဖြင့် တဆင့်တဆင့် မြင့်မြင့်တက်သွားသကဲ့သို့ရင်း။ ပညတ်မှ ပရမတ်သို့ကူး၍ ပရိညာစဉ်၊ဝိသုဒ္ဓိစဉ်၊ဉာဏ်စဉ်ဖြင့် ဗောဓိပက္ခိယနယ်ထဲသို့ ရောက်သွား၍ မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန်အထိ ကူးပြောင်း၍သွားပါသည်။ ( သီလအစ၊ ဓိပဌမ၊ ဉာဏရှေးဦးစွာ ) နှင့်လည်း အလွန့်အလွန် ညီညွတ်၍ နေပါသည်၊

> သစ္စံ ဂဟေတိ ပုဗ္ဗဘာဂေ။ ဘာဝနာယ ဝဍ္ဍမာနာယ ပညတ္တိံ သမတိက္ကမိတ္ဂွာ သဘာဝေယေဝ ဌာတိ။ ။ဟူသော ပါထေယျ အဋ္ဌကထာနှင့်လည်း ညီပေ၏၊

ပုဗ္ဗဘာဂေ၊ ပရမတ်ကိုမတွေ့ရသေးမှီ ရှေးအတ္ထိ၌။ ဂဟေတိ၊ ပညတ် အာရုံကိုယူ၍ ရှုပွါးနေရသည်ကား။သစ္စံ၊ မှန်လှပေ၏။(သမထအခိုက်အတန့်ကို ပြသည်) ဘာဝနာယ၊ ဘာဝနာကို၊ ဝဍ္ဍမာနာယ၊ တိုးပွါး၍လာသည် ရှိသော်။ ပညတ္တိံ၊ ပညတ်အမျိုးမျိုးကို၊ သမတိက္ကမိတ္ဂွာ၊ လွန်မြောက်၍။ သဘာဝေယေဝ၊ သဘောမှန်၌သာလျှင်။ ဝါ၊ ပူ,ဇ,လှုပ်ရှား၊ ဖြိုးဖြိုးဖြန်းဖြန်း သဘော၌သာလျှင်။ ဌာတိ၊ ဝိပဿနာအားနေနှင့် တည်၍နေတော့၏။ ပဌမ ပညတ်ပါဘဲ နောက်မှပရမတ်ကိုတွေ့၍ ဝိပဿနာအဆင့်ရောက်ပုံတည်း။

## (၁၃) မဟာဋီကာ၌ ဝိပဿနာအစစ်ဖွင့်ပြခဲ့ပုံ

ပညတ္တိံ ထပေတွာ နိစ္စတ္တိတပရမတ္ထဝသေန ဝိသေသေန ဝိဝိဓာဝါ ပဿတိတိ ဝိပဿနာ တဲ့။ ။ဝိသုဒ္ဓိမဂ်မဟာဋီကာဖွင့်ပြခဲ့ပုံတည်း။

၎င်းပါဠိကို အင်္ဂါ ၄-မျိုးခွဲ၍ စိစစ်ပြတော့။—

(၁) ပညတ္တိံ ထပေတွာတဲ့၊ ပညတ်ဆိုလျှင် လုံးဝရှောင်ကြဉ် ရမယ်တဲ့။

(၂) နိစ္စတ္တိတပရမတ္ထဝသေနတဲ့၊ စိတ်, စေတသိက်, ရုပ်သက်သက် ရှုပါတဲ့။

(၃) ဝိသေသေနတဲ့၊ ၎င်း ၃-ပါး၌ အနိစ္စ-ဒုက္ခ-အနတ္တ တွေ့အောင်ရှုပါတဲ့။

(၄) ဝိဝိဓာ ပဿတိတဲ့၊ ဉာဏ်စဉ် ၁၀-ပါး ရောက်အောင် ရှုပါတဲ့။

အဲဒါလို အင်္ဂါ ၄-ပါးစုံမှ ဝိပဿနာအစစ်အမှန် ဖြစ်ပါသည်။

### ဘုရားက ရာဟုလာအား ပေးတဲ့ ဝိပဿနာပုံစံကား

ပထဝီဓာတုံခါ ရာဟုလ အနိစ္စတော ဓာနတော ပဿတော သတ္တာယ မိဋ္ဌိံ ပဇဟတိ၊ ဝိစိကိစ္ဆံ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဉပ္ပဇ္ဇတိ။ ။ သံယုတ်မှာ ဤပါဠိတော်၌၊အင်္ဂါစုံပါဝင်လျက်ရှိ၏။မယူတတ်လျှင်၊ မစုံဘူး လို့ထင်ရ၏၊ ။သုရေးဟော မဟာသတိပဋ္ဌာန် ပါဠိတော်၌ ကြည့်ပါ ဦးတော့။——

ဓာတုမနသိကာရ၊ အထက်တန်းဝိပဿနာတဲ့၊

သမ္ပဇည၊ အလယ်တန်းဝိပဿနာတဲ့၊

ဣရိယာပထ အောက်တန်းဝိပဿနာတဲ့၊

ဓာတုမနသိကာရမှာ—ပုလ္လေပ်ရှားဖြိုးဖြိုးဖျဉ်းဖျဉ်းသဘောရှုရ၏။

သမ္ပဇဉ်မှာ— စားတာ,သွားတာ,ကြားတာ,မြင်တာ,ရှုရ၏၊

ဣရိယာပထမှာ— သွား, ရပ်, ထိုင်လျောင်းကို ရှုရ၏။ ကြိုက်ရာ ရှုကြပါ၊

ဘုရားက ပုဏ္ဏသာတီအား ချွတ်ခန်း၌

ဆဓါတုယော အယံပုရိသောတဲ့ (ဓာတုဝိဘင်္ဂသုတ်တော်ဥပရိပဏ္ဏာသ)

ဆဓါတုယော၊ ဓာတ်ခြောက်ပါး အမှန်သာ ပရမတ်အနေနှင့် ရှိနေပေ၏၊ အယံပုရိသော၊ ဤယောက်ျားကဘဲဟု အမှားဒိဋ္ဌိကပ်၍နေကြ၏၊

ဓာတ် ၆-ပါးဆိုတာ ပရမတ်၊ ယောက်ျားဆိုတာ ပညတ်။

ဓာတ် ၆-ပါးဆိုတာအမှန်သစ္စာ၊ ယောက်ျားဆိုတာ အမှားဒိဋ္ဌိ။

အဋ္ဌကထာဘိုင်း ဖွင့်ပြတဲ့ဝိပဿနာအစစ်ကတော့-

သာဝကာပဟိ စတုန္နံ ဓာတူနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။ ။ဟိ၊ အမှန်အစစ်မှုကား။ သာဝကာ၊ သာဝကတို့သည်။ စတုန္နံဓာတူနံ၊ ဓာတ်ကြီး ၄-ပါးတို့တွင်။ ဧကဒေသ မေဝ၊ တစိတ်တဒေသမျှကိုသာလျှင်။ သမ္မသိတွာ၊ သုံးသပ်၍-နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏန္တိ၊ ရောက်ကြကုန်၏။ ဘယ်လူ, ဘယ်နတ်, ဘယ်သတ္တဝါ, ဘယ်နတ်ပြဟ္မာကမှ မငြင်းနဲ့တော့၊ သာဝကတွေဟာ ဓာတ်ကြီး ၄-ပါးထဲက တပါးပါးရှုရုံနှင့် အစုံပါ၍ နိဗ္ဗာန်ရောက်နိုင်ပါသတဲ့။ မကွန့်ကြနဲ့တော့။

(၁၄) ဘုရားသခင်ကြီးက ရဲရဲရင့်ရင့်ကြီး

ဝန်ခံ၍ထားခဲ့ပုံ၊ ရဟန္တာဖြစ်စေမယ်၊ နိဗ္ဗာန်ရစေမယ်တဲ့

ဤစကားဖြင့် အပါယ်တံခါးပိတ်ပုံ ဝန်ခံပြီးသားပါဘဲ။

(က) အဟံ ခေါ ပန နိဂြောဓ ဧဝံဝဒါမိ၊ ဧတုဝိညူပုရိသော အသဌော အမာယာဝီ ဥဇုဇာတိကော၊ အဟမနုသာသာမိ အဟံ ဓမ္မံ ဒေသေမိ၊ ယထာနုသိဋ္ဌံ၊ တထာ ပဋိပဇ္ဇမာနော ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အာဂါရသ္မာ အနာဂါရိယံ ပဗ္ဗဇန္တိ၊ တဒနုတ္တရံ ဗြဟ္မစရိယပရိယောသာနံ။ ဒိဋ္ဌေဝဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရိဿတိ သတ္တာဟံ။ ။မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ဥဒုမ္ဗရိကာသုတ်၊ ဝန်ခံထားပုံ။

နိဂြောဓရေ-ငါဘုရားက ဟောဒါလို ရဲရဲရင့်ရင့်ကြီး ဝန်ခံပါတယ်၊ အသိဉာဏ်ရှိပါလျှင် ရိုးသားဖြောင့်မတ်ပါလျှင် လှည့်ပတ်ခြင်းမရှိပါလျှင်

ပြောင့်စင်းပါလျှင်၊ ထိုလူမျိုးတော့ လာခဲ့စမ်းပါ။ ငါ့ဘုရားကဆုံးမ၍ပြပါမယ်၊ငါ့ဘုရားဆုံးမတဲ့အတိုင်း လိုက်နာကျင့်ခဲ့ပါလျှင်၊လူ့ဘောင်မှခွါရှောင်၍၊သာသနာဘောင်၌နေကြသော ရဟန်းပုဂ္ဂိုလ်တွေမြော်မှန်းတဲ့၊အရဟတ္တဖိုလ်၊နိဗ္ဗာန်ကို ဗိဋ္ဌလက်ငင်း (၇) ရက်အတွင်း၌၊ မျက်မှောက်ပြုရပါစေမယ်၊ရပါစေမယ်။ဟောဒါလို ငါ့ဘုရား ရဲရဲရင့်ရင့်ကြီးဝန်ခံပါတယ်၊

(ခ) ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ၊သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။ ။မဟာသတိပဋ္ဌာနသုတ်ပါဠိတော်။

ချစ်သားတို့ တကြောင်းတည်းသော သွားရာဖြစ်သော ဤမဂ္ဂင်၈-ပါးတည်းဟူသော မဂ်လမ်းခရီးသည်၊ သတ္တဝါတို့အား ကိလေသာတို့မှ စင်ကြယ်စေခြင်းငှါ၊ စိုးရိမ်ခြင်းသောက၊ ငိုကြွေးခြင်း ပရိဒေဝတို့ကို လွန်မြောက်စေခြင်းငှါ၊ ဒုက္ခ-ဒေါမနဿတို့ချုပ်ခြင်းငှါ မဂ်ဉာဏ်ကိုရခြင်းငှါ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှါ အကြင်သတိပဋ္ဌာန် ၄-ပါးသည်ရှိ၏။ ထိုသတိပဋ္ဌာန်ကို ပွါးများရန်ထားခဲ့ပါသည်။

ဤ (က) (ခ) ဝန်ခံချက်ကို မြင်ရုံနှင့် ရဟန္တာတောင်မှ ဖြစ်စေနိုင်သေးတာဘဲ၊အပါယ်တံခါးပိတ်ဘို့တော့ သေချာ၍နေပါပြီဟု သိကြပါကုန်။

(ဂ) ယောဟိကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ၊တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ။ဒိဋ္ဌေဝဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ။ ။မဟာ သတိပဋ္ဌာနသုတ်တော်။

ချစ်သားတို့-အကြင်သူသည်၊ ဤလေးပါးကုန်သော သတိပဋ္ဌာန်တို့ကို၊ ဤသို့ပွါးများပြောအံ့၊ခုနစ်ရက်အတွင်း၌၊အနာဂါမ်ဖိုလ်နှင့် အရဟတ္တဖိုလ်တို့တွင်၊တပါးပါးကို ယခု ခုနစ်ရက်အတွင်း ရနိုင်စေမည်၊ ဝန်ခံထားပုံ၊ခုနစ်ရက်အတွင်း ရဟန္တာဖြစ်နိုင်လို့ အပါယ်တံခါးပိတ်ပြီးသားဟု သိရာ၏။

(ဃ) ယဿ သဒ္ဓါစ ဗလဝတီ၊ ဝိပဿနာစ အာရဒ္ဓါ၊ တဿ ဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသိဒန္တဿ နိပဇ္ဇန္တဿ

> ခါဒန္တဿ ဘုဉ္ဇန္တဿ မဂ္ဂဖလပဋိဝေဓော နာမ နဟောတီတိ နတ္ထိ။ ။ပုဂ္ဂလပညတ်အဋ္ဌကထာက ဝန်ခံခဲ့ပုံ။

> ယဿ သဒ္ဓါစ ဗလဝတီ၊ ဝိပဿနာစ အာရဒ္ဓါ၊ တဿ ဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသီဒန္တဿ နိပဇ္ဇန္တဿ ခါဒန္တဿ ဘုဉ္ဇန္တဿ မဂ္ဂဖလပဋိဝေဓော နာမ နတ္ထီတိ န ဝတ္တဗ္ဗော။ ။ မူလပဏ္ဏာသဋီကာက ဝန်ခံထားခဲ့ပုံ၊

အကြင်ပုဂ္ဂိုလ်အား အားကြီးသောသဒ္ဓါရှိခြင်း၊ ဝိပဿနာကိုအားထုတ်ခြင်းရှိ၏၊ ထိုပုဂ္ဂိုလ်အား သွားစဉ်အခါ၊ ရပ်စဉ်အခါ၊ ထိုင်စဉ်အခါ၊ လျောင်းစဉ်အခါ၊ ခဲစဉ်အခါ၊ စားစဉ်အခါ၌၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်တာ ချည်းဘဲတဲ့။ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ဟု မဆိုရဘူးတဲ့။ ရဲရဲစွာ ဝန်ခံခဲ့ပုံ ပါဘဲ။

> (င) တဿေဝ သုခိနော ဓမ္မပဒါနိ ပလဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ အဿ။ ။စတုကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်။

လူပြည်က သဘော သဘာဝ ပိုင်နိုင်စွာသိသောပရိယတ်၊ ကိုယ်တွေ့တွေ့သောပဋိပတ်ဖြင့် ရတော့သောယောဂီသည် (၁) နတ်ပြည်သို့ကြောန်ရောက်ခြင်း (၂) အားထုတ်ခဲ့သောတရားများသည် ချမ်းသာစွာပေါ်ရခြင်း (၃) ငါဟာ နတ်ပြည်သို့ရောက်လာပြီဟု သတိရခြင်း (၄) လျင်စွာမဂ်ဖိုလ်နိဗ္ဗာန် အဘ္တိရခြင်း၊ အဲဒီဘာဝန်ကို ဝိပဿနာက ဆောင်ရွက်နိုင်ပါတယ်တဲ့၊ ဝန်ခံခဲ့ပုံတည်း၊ နတ်ပြည်ကြောန်ရောက်ခြင်း၊ နတ်ပြည်ရောက်တော့ (ခိပ္ပမေဝဝိသေသဘာဂီ အဿ)တဲ့၊ မဂ်ဖိုလ်ရမည်ဆိုတာ မြင်ကတဲ့က၊ အပါယ်တံခါးပိတ်ပြီဟုသိနိုင်ပါတယ်။ အနိယတလေး၊ဘာလေးလုပ်၍ မနေကြပါနဲ့တော့။

> (စ) ဣမေစသုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ။ ။မဟာပရိနိဗ္ဗာနသုတ်တော်။

ချစ်သားသုဘဒ္ဒ– ဤရဟန်းတို့သည်၊ ဝိပဿနာနှင့် နေကုန်ငြားအံ့၊ လောကကြီးတခုလုံး၌ ရဟန္တာမဆိတ်တော့ဘူး၊ ရဟန္တာအဆက်မပြတ်တော့ဘူးတဲ့၊ အပါယ်တံခါးပိတ်နိုင်ပုံပါဘဲ။

(ဆ) ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟေဿတိ၊
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။ ။
မဟာပရိနိဗ္ဗာနသုတ်တော်။

အကြင်သူသည်၊ ဤသာသနာတော်၌၊ မမေ့မလျော့ဘဲ၊ ဝိပဿနာနှင့် နေငြားအံ့၊ ထိုသူသည်၊ ဇာတိဆိုတဲ့ သံသရာကိုစွန့်ပယ်၍၊ ဒုက္ခကုန်ဆုံးခြင်းကို ပြုလတ္တံ့, နိဗ္ဗာန်ရလတ္တံ့တဲ့၊ ဤသာသနာတော်၌ပင်၊ နိဗ္ဗာန် ရမည်မို့၊ အပါယ်တံခါးပိတ်နိုင်ပါပြီ။

(ဇ) စတ္တာရော မေ ဘိက္ခဝေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ သောတာပတ္တိဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ၊ သကဒါဂါမိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ၊ အနာဂါမိဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ အရဟတ္တဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ။ ကတမေ စတ္တာရော (၁) သပ္ပုရိသသံသေဝေါ (၂) သဒ္ဓမ္မဿဝနံ (၃) ယောနိသောမနသိကာရော (၄) ဓမ္မာနုဓမ္မပဋိပတ္တိ။ ။မဟာဝဂ္ဂ သံယုတ်ပါဠိတော်။

ချစ်သားတို့–(၁) သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်း (၂) ရုပ်နာမ်တရားကို ကြားနာခြင်း။ (၃) အသင့်အတင့်နှလုံးသွင်းခြင်း။ (၄) ဓမ္မာနုဓမ္မပဋိပဿနာကို ကျင့်ကြံခြင်းဆိုတဲ့ ဤလေးပါးကုန်သော တရားတို့ကို ပွါးများပါလျှင် ကြိမ်ဖန်များစွာပြုပါလျှင် သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်း၌ ဖြစ်ကြကုန်လတ္တံ့တဲ့။ ၄-မဂ်, ၄-ဖိုလ်ကိုပင် ရနိုင်တယ်ဆိုသဖြင့်၊ အပါယ်တံခါး ပိတ်ပြီးသားဘဲ။

(ဈ) ဝဿသဟဿံ ဟိ စေတံ ပဋိသမ္ဘိဒါပဘေဒပတ္တ၊ ခီဏာသဝ ဝသေနေဝ ဝုတ္တံ။ တတော ပန ဥတ္တရိ သုက္ခဝိပဿကခီဏာသဝ ဝသေန ဝဿသဟဿံ၊ အနာဂါမိဝသေန ဝဿသဟဿံ၊ သကဒါဂါမိဝသေန ဝဿသဟဿံ၊ သောတာပန္နဝသေန ဝဿ သဟဿန္တိ ဧဝံ ပဉ္စဝဿသဟဿာနိ ပဋိဝေဓသဒ္ဓမ္မော ဌဿတိ၊ ပဋိဝေဓော အတ္ထိ၊ နာပိ ပရိယတ္တိယာ သတိ ပဋိဝေဓော န ဟောတိ။ ။ စူဠဝါ ဘိက္ခုနီခန္ဓကအဋ္ဌကထာ။ (၁၁၀)နှင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ။ (၂၀၃) ၌လာရှိပုံတည်း။

သာသနာ (၅၀၀၀) ဆိုတာ ပရိယတ္တိ၊ သုက္ခဝိပဿက၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန် တထောင်စီဖြစ်၍ (၅၀၀၀) ဆိုရတာပါဘဲ။

သာသနာတော် (၅၀၀၀) လုံး အရိယာခေတ်မို့ အပါယ်တံခါးပိတ်နိုင်ပြီ၊ ဝိပဿနာအားထုတ်ရုံသာ လိုတော့သည်။ ပိတ်ဘို့သေချာပါပြီ။

(ည) သာသနာတော် ငါးထောင်ထားခဲ့တာ ပိတ်ဘို့၊ နိဗ္ဗာန်ရဘို့ပါဘဲ။

ဓမ္မက္ခန္ဓာ (၈၄၀၀၀)ထားခဲ့တာ ပိတ်ဘို့၊ နိဗ္ဗာန်ရဘို့ ပါဘဲ။

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ၊ ။မဟာပရိနိဗ္ဗာနသုတ်တော်။

သခိါရဖြစ်တဲ့ အပျက်ကိုသာရှု၍နေကြပါ။ မမေ့မလျော့ပါနှင့်၊ ရဟန္တာနှင့်နိဗ္ဗာန်ရဘို့ကား သေချာ၍နေပါပြီ။

ယောဝေါအာနန္ဒ မယာ ဓမ္မောစ ဒေသိတော၊ ဝိနယောစ ပညတ္တော၊ သော မမစ္စယေန တုမှာကံ သတ္ထာ ဘဝိဿတိ။ ။ မဟာပရိနိဗ္ဗာနသုတ်တော်၊

ရဟန္တာဖြစ်ဘို့ရန် သာသနာ (၅၀၀၀)လဲ ထားခဲ့လေပြီ၊ ၎င်းအတွင်း၌ ကိလေသာကို သတ်ဘို့ရန် ဓမ္မက္ခန္ဓာ ဆေးတော်ကြီး (၈၄၀၀၀) ကိုလဲ ထားခဲ့လေပြီ။ ရဟန္တာဖြစ်ဘို့၊ အရိယာဖြစ်ဘို့၊ အပါယ်တံခါးပိတ်ဘို့ကား သေချာလျက်ရှိနေပါပြီ။ (က) ကစ၍ (ည) အထိ ပါဠိဖြင့်ရှင်း၍နေပါသည်။

ဗဟုသုတ၊ နည်းပါးက၊ သံသယဖြစ်ကြသည်။
မဟာပုညာ၊ နည်းပါးက၊ သံသယဖြစ်ကြသည်။
ယုံမှားပျောက်အောင်၊ ကယ်ဆယ်ဆောင်၊ မဂ်ဘောင် နိဗ္ဗူပြည်။
အပြစ်မပြု၊ အကျိုးရှု၊ ရေးပြုစီစဉ်သည်။
အကျိုးလိုလား၊ စိတ်သားများ၊ ရေးသားနှလုံးရည်။
စိတ်သားသန့်ရှင်း၊ ရေးသည့်ခင်း၊ ဘေးကင်းနိဗ္ဗာန်ပြည်။

## (၁၅) ရှုမိုယာပုတ်တိုင်း မဂ်ဖိုလ်ရနိုင်ပုံ

### အဋ္ဌကထာကြီး၏မိန့်ခွန်းတော်မှတ်တမ်းကြီး

ယဿ သဋ္ဌိစ ဗလဝတီ ဝိပဿနာစ အာရဒ္ဓါ။ တဿ ဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသိန္နဿ နိပန္နဿ ခါဒန္တဿ ဘုဉ္ဇန္တဿ မဂ္ဂဖလ

ပဒ္ဒိ ဝေဓေါနာမ နပဟောတိတိ နတ္ထိ။ ။( ပုဂ္ဂလပညတ္တိ အဋ္ဌကထာ)

ယသာ၊ အကြင်ယောဂီပုဂ္ဂိုလ်အား။ ဗလဝတီ၊ အားရှိသော။ သန္တါစ၊ သန္တါတရားသည်ပင်း။အာရဒ္ဓါ၊ အားထုတ်အပ်သော။ဝိပဿနာစ၊ ဝိပဿနာတရားသည်ပင်း။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုယောဂီအား၊ ဂစ္ဆန္တဿ၊ သွား၍နေစဉ်ပင်း။ တိဋ္ဌန္တဿ၊ ရပ်၍နေစဉ်ပင်း။ နိသိဒန္တဿ၊ ထိုင်၍နေစဉ်ပင်း။ နိပ္ပဇ္ဇန္တဿ၊ အိပ်၍,လျောင်း၍ နေစဉ်ပင်း။ ခါဒန္တဿ၊ ခဲ၍နေစဉ်ပင်း။ ဘုဉ္ဇန္တဿ၊ စား၍နေစဉ်ပင်း။ မဂ္ဂဖလပဋိဝေဓေါနာမ၊ မဂ်တရား, ဖိုလ်တရားကို ထိုးထွင်း၍ သိရခြင်းမည်သည်။ နပဟောတိ၊ မဖြစ်သည်ဟူ၍။ နတ္ထိ၊ မရှိတော့ပြီ။ ပဋိဝေဓေယေဝ၊ ထိုးထွင်း၍သိနိုင်တော့သည်သာလျှင်တည်း ။ဣရိယာပုထ်တိုင်း မဂ်ဖိုလ်ရနိုင်ပုံတည်း။

## ဋီကာအလို မဂ်ဖိုလ်ရနိုင်ပုံ မှတ်တမ်းကြီး

ယဿ သန္တါစ (လ) ဘုဉ္ဇန္တဿ မဂ္ဂဖလပဋိဝေဓေါနာမ နတ္ထိတိ နဝတ္တဗ္ဗော။ ။(မူလပဏ္ဏာသ ဋီကာပါဠိ)

ယဿ၊ အကြင်သူအား။ သန္တါစ၊ သန္တါတရားသည်လည်း။ ဗလဝတီ၊ အားရှိပေ၏။ ဝိပဿနာစ၊ ဝိပဿနာကိုလည်း။ အာရဒ္ဓါ၊ အားထုတ်၍နေပေ၏။ တဿ၊ ထိုယောဂီအား။ ဂစ္ဆန္တဿ၊ သွားစဉ်။ တိဋ္ဌန္တဿ၊ ရပ်စဉ်၊ နိသိဒန္တဿ၊ ထိုင်စဉ်။ နိပ္ပဇ္ဇန္တဿ၊ လျောင်းစဉ်။ ခါဒန္တဿ ခဲစဉ်။ ဘုဉ္ဇန္တဿ၊ စားစဉ်။ မဂ္ဂဖလပဋိဝေဓေါနာမ၊ မဂ်ဖိုလ်တရားကို ထိုးထွင်း၍ သိရခြင်းမည်သည်။ နတ္ထိ၊ မရှိဟူ၍။ နဝတ္တဗ္ဗော၊ မပြောအပ်, မဆိုအပ်။ ပဋိဝေဓေယေဝ၊ မဂ်ဖိုလ်ကိုထိုးထွင်း၍ သိအပ်သည်သာလျှင်တည်း။

ဤပုဂ္ဂလပညတ္တိ အဋ္ဌကထာမိန့်ခွန်းကြီးနှင့် မူလပဏ္ဏာသဋီကာ မိန့်ခွန်းကြီးများကို မြင်၍, သိ၍, နားလည်၍, ယခုအခါဝယ်။ ဣရိယာပုထ်တိုင်း၌ပင် မဂ်ဖိုလ်ရနိုင်ကြောင်းကို သိအပ်လှ၏။ ။ဝိပဿနာဘာဏ်တိုက်ကြီးကျမ်း နံပါတ်-၄၊ ကြောင်း ၁–၌ကြည့်ပါဦး။

## ပြည်ထောင်စု မြန်မာနိုင်ငံတော်—
## ဗုဒ္ဓသာသနာ့အဖွဲ့၏ လျှောက်ထားချက်အရ၊
## နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏
## ဩဝါဒစာတမ်းကြီး

(၁) ယခုခေတ်သည်၊ ရဟန္တာမဆိတ်သော ခေတ်အခါ ကြီးတည်း။

(၂) ဤတရားအတိုင်း ကျင့်လျှင် မဂ်ဖိုလ်ရနိုင်သော ခေတ် အခါတည်း။

(၃) သာသနာ (၅၀၀၀) အရိယာ ဖြစ်နိုင်သော ခေတ် သာတည်း။

ဤကား မာတိကာသုံးရပ်တည်း။

(၁) ယခုခေတ်သည်၊ ရဟန္တာမဆိတ်သော ခေတ်အခါကြီးတည်း ဟု ဆိုရာ၌—

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့-အသင်းသားအပေါင်း၊ သူတော်ကောင်း တို့က နေမျိုးရာဇာ ဦးမောင်ကြီး၏စာအုပ်အတွက်သတင်းစာ၌ ချွင်းချက် မရှိ။ သမထယာနိက ဝိပဿနာယာနိက ဆရာတော်ကြီးတို့အား ထိပါး ပုတ်ခတ်၍ ထည့်သွင်းထားသော စကားအရကိုဖြေရှင်းရန် ဩဝါဒါစရိယ ဆရာတော်ကြီးတို့အား လျှောက်ထားသောကြောင့် အကျဉ်း အားဖြင့် ဖြေရှင်းလိုက်ပေအံ့—

> ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿာတိ။ ။မဟာပရိနိဗ္ဗာန သုတ်ပါဠိ။

သုဘဒ္ဒ၊ချစ်သားသုဘဒ္ဒ။ ဣမေစဘိက္ခူ၊ဤသုဘဒ္ဒရဟန်း၊ထာမည့် ရဟန်းကို၊ မြော်တွေးရှုဘတ်၊ဤသူတော်မြတ်တို့သည်လည်း။ သမ္မာ၊ကောင်းမွန်မှန်ကန် စွာ။ဝိဟရေယျုံ၊အားထုတ်၍နေကုန်ငြားအံ့။လောကော၊လောကကြီးသည်။ အရဟန္တေဟိ၊ ရဟန္တာပုဂ္ဂိုလ်ကြီးတို့မှ။ အသုညော၊ မကင်းဆိတ်သည်။ အဿ၊ဖြစ်ရာ၏။ဣတိ၊ဤသို့။အဝေါစ၊ဟောတော်မူ၏။ ။(အနက်)

ဤပါဠိတော်နှင့်အညီ၊ ဉာဏ်စဉ်၊ ဝိသုဒ္ဓိစဉ်၊ ပရိညာအစဉ်အတိုင်း အားထုတ်ကြပါမူ။ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်သဖြင့် လောကကြီးသည်၊ ရဟန္တာ။ပုဂ္ဂိုလ်မှ မကင်း ဆိတ်နိုင်ဟု ဆိုလိုသည်။

(၂) ဤတရားအတိုင်းကျင့်လျှင်၊ မဂ်ဖိုလ်ရနိုင်သောခေတ်အခါတည်း၊ ဟူရာ၌—

စတ္တာရောမေ ဘိက္ခဝေ ဓမ္မာ၊ ဘာဝိတာ ဗဟုလီကတာ သောတာပတ္တိ ဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ။ သကဒါဂါမိ ဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ၊ အနာဂါမိဖလ သစ္ဆိကိရိယာ ယ သံဝတ္တန္တိ၊ အရဟတ္တဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ။ ကတမေစတ္တာရော၊ (၁) သပ္ပုရိသ သံသေဝေါ (၂) သဒ္ဓမ္မ သဝနံ (၃) ယောနိသောမနသိကာရော၊ (၄) ဓမ္မာနုဓမ္မပဋိပတ္တိ။ မဟာဝဂ္ဂသံယုတ်ပါဠိတော်။

စတ္တာရိ သောတာပတ္တိယင်္ဂါနိ၊ (၁) သပ္ပုရိသသံသေဝေါ၊ (၂) သဒ္ဓမ္မသဝနံ၊ (၃) ယောနိသောမနသိကာရော (၄) ဓမ္မာနုဓမ္မပဋိပတ္တိ။ ။သုတ်ပါထေယျပါဠိတော် သင်္ဂီတိသုတ်။ (အနက်ထင်ရှားသိသာ၏။)

(၁) သပ္ပုရိသသံသေဝစသော အင်္ဂါ ၄-ပါးနှင့်ပြည့်စုံခြင်း။
(၂) ဝိပဿနာတရားကို နည်းမှန်လမ်းမှန်အတိုင်း အားထုတ်ကြပါမူ။
(၃) ပါရမီအားလျော်စွာ တိဟိတ်ပုဂ္ဂိုလ်စင်စစ် ဖြစ်၍၊ အဇ္ဈာရာယ် ကင်းရှင်းပါမူ။
(၄) ယခုဘဝ၌ပင်၊ ပါရမီရင့်သန်ပါက၊ ခုနစ်ရက်အတွင်းဖြစ်စေ၊
ခုနစ်လအတွင်းဖြစ်စေ၊
ခုနစ်နှစ်အတွင်းဖြစ်စေ။
မဂ်ဖိုလ်နိဗ္ဗာန်-ရနိုင်ပါကုန်၏။ (တိဟိတ်တို့ပြီး၏။)

(၅) ပါရမီညက်နုံ့ပါမူ။ ဒုတိယ၊ တတိယစသောဘဝ၌ပင် တိဟိတ်စင်စစ်ဖြစ်၍၊ အဇ္ဈာရာယ်ကင်းရှင်းပါလျှင် မဂ်ဖိုလ် နိဗ္ဗာန်ရနိုင်ပါကုန်၏။ (ဤဝိနိစ္ဆယကိုထောက်၍—)

ဒါနတခုထဲဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရတယ်ဆိုတာ၊ (ရှုံးနိမ့်ပြီ)
သီလတခုထဲဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရတယ်ဆိုတာ၊ (သေသွားပါပြီ)
သမထတခုထဲဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရတယ်ဆိုတာ၊ (တောခိုသွားပြီ)

နိုင်ငံတော်၊ ဩဝါဒါစရိယဆရာတော်များ၏၊ ဝိနိစ္ဆယ အစမှ၊ ဤနေရာအထိ၊ ဆုံးဖြတ်ပုံကို ကြည့်က၊ ဤအင်္ဂါ လေးပါးစိန္နင့်ညီမှသာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းသိရလေပြီဘကား။(ဒါ-သီ-ထ-ဝိ)လေးဘက်၊လေးတန်စုံမှ၊ နိဗ္ဗာန်ရတယ်ဟုဆိုသော ဉာဏစာဂိ မဟာထေရ်၏ ဝါဒကား၊ ကိုက်ညီလှလေသတည်း။

(၃) သာသနာတော် (၅၀၀၀) အရိယာဖြစ်နိုင်သောခေတ်တည်း။ ။ ဟူသောစကားချပ်၌–(ယခုကာလ၌၊ အရိယာပုဂ္ဂိုလ်များဖြစ်နိုင်ရန် ကာလ ရှိပုံ)

ဝဿသဟဿန္တိစေတံ ပဋိသမ္ဘိဒါပဘေဒပတ္တခီဏာသဝဝသေနေဝ ဝုတ္တံ။ တတောပန ဥတ္တရိ သုက္ခဝိပဿက ခီဏာသဝ ဝသေန ဝဿသဟဿံ၊အနာဂါမိဝသေန ဝဿသဟဿံ၊ သကဒါဂါမိဝသေန ဝဿသဟဿံ၊ သောတာပန္နဝသေန ဝဿသဟဿန္တိ ဧဝံပဉ္စဝဿသဟဿာနိ ပဋိဝေဓသဒ္ဓမ္မော ဌဿတိ၊ပဋိဝေဓဓာအဏ္ဏိ၊နာဝိပရိယတ္တိယာ သတိ ပဋိဝေဓော နဟောတိ။ ။ရူဋ္ဌဝါ ဘိက္ခုနိခန္ဓကအဋ္ဌကထာ (၁၁၀) နှင့်။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊(၂၀၃)၌လည်းနည်းတူမိန့်၏။

ဒီဃနိကာယအဋ္ဌကထာယံပန ပဋိသမ္ဘိဒါပတ္တေဟိ ဝဿသဟဿံ အဋ္ဌာသိ။ ဆဠဘိညေဟိ ဝဿသဟဿံ၊ ပါတိမောက္ခေန ဝဿသဟဿံ အဋ္ဌာသိတိ ဝုတ္တံ၊ ။ဘိက္ခုနိခန္ဓက၊ ဝိမတိဝိနောဒနီဋီကာ (၂၀၀)

ထိုအဋ္ဌကထာ,ဋီကာဆရာကြီးတို့သည်၊ ဘုရားရှင်၏အလိုတော်အတိုင်း ရေးသားကြပေကုန်၏။သို့ပါ၍ အဋ္ဌကထာ,ဋီကာဘုရားရှင်တို့၏ အလိုအားဖြင့် ပဋိသမ္ဘိဒါပတ္တ၊ ရဟန္တာခေတ်တထောင် သုက္ခဝိပဿကရဟန္တာခေတ်တထောင်။ အနာဂါမိခေတ်တထောင်။ သကဒါဂါမိခေတ်တထောင်၊ သောတာပန်ခေတ် တထောင်အားဖြင့် အနှစ်ငါးထောင်ကာလပတ်လုံး၊ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ သာသနာသုံးရပ် တည်နိုင်သည်။ပရိယတ္တိ

သာသနာတည်ရှိက၊ ပဋိပတ္တိသာသနာတည်နိုင်သည်။ ပဋိပတ္တိသာသနာ တည်ရှိက၊ ပဋိဝေဓသာသနာတည်နိုင်သည်။ သို့အတွက် ယခုခေတ်အခါ အရိယာပုဂ္ဂိုလ်များ၏ဖြစ်ရာ ခေတ်ကာလ ရှိသေးသောကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီး၌၊ မဂ်ဖိုလ်နိဗ္ဗာန်ရရန် လမ်းမှန်အစဉ်ကို ပါဠိတော်နည်း ဋီကာအဋ္ဌကထာနည်းများကိုယူ၍ရေးသား၍ထားခဲ့သည့်အတိုင်း၊ ဉာဏ်စဉ်၊ ဝိသုဒ္ဓိစဉ်၊ ပရိညာအစဉ်တို့ဖြင့် ဝိပဿနာ ဘာဝနာတရားကို ပွါးများ အားထုတ်ကြကုန်သော ပုဂ္ဂိုလ်တို့သည်၊ တိတိတ်ပုဂ္ဂိုလ် စစ်စစ်ဖြစ်၍၊ အနန္တရာယ်ကင်းရှင်းပါလျက်၊ ပါရမီဉာဏ်ရင့်သန်ပါမူ၊ တခဏ်ခြင်းဖြင့်ရင်း (၇) ရက်အတွင်း၌ရင်း၊ (၇) လအတွင်း၌ရင်း၊ (၇) နှစ်အတွင်း၌ရင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်ပါကုန်၏။ ပါရမီဉာဏ်နုသော ပုဂ္ဂိုလ်တို့သည်၊ ဒုတိယ တတိယစသော ဘဝတို့၌၊ တိတိတ်စစ်စစ်ဖြစ်၍၊ အန္တရာယ်ကင်းရှင်းပါလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်ပါကုန်၏။

ယခုအခါ၌၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌လာသော နည်းလမ်းစဉ်အတိုင်း၊ ပြောဆိုဆုံးမ ပြသလျက်နေကြကုန်သော ပညာရှိပုဂ္ဂိုလ်တို့၏ နည်းကိုပင် မှတ်ယူအားထုတ်ကြကုန်သော သူတော်ကောင်းအပေါင်းတို့သည်လည်း တိတိတ်ပုဂ္ဂိုလ်စစ်စစ်ဖြစ်၍၊ အန္တရာယ်ဘေးရန် ကင်းရှင်းကြပါမူ မဂ်ဖိုလ် နိဗ္ဗာန်ရနိုင်ကြပါကုန်၏။ ထိုသို့မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ကြကုန်သောကြောင့် (နေမျိုးရာဇာဦးမောင်ကြီးသည် ချွင်းချက်မရှိဘဲ၊ တပြည်လုံးနှင့်တကမ္ဘာလုံး ယခုလက်ရှိ သမထယာနိက၊ ဝိပဿနာယာနိက ပုဂ္ဂိုလ်တို့၏ နည်းမျိုးဖြင့် အားထုတ်ကြကုန်သော ပုဂ္ဂိုလ်တို့သည်၊ တမဂ် တဖိုလ်သို့ မရောက်နိုင်) ဟူသောစကားမျိုးကို မသုံးစွဲရန် မပြောဆိုရန် သတိပေး၍၊ ဆုံးမစကား မိန့်ကြားလိုက်သည်။

(၁) ပုံ–ဦးခန္တိက၊ လေသာဆရာတော်၊ ဆန္ဒပေးတော်မူသည်။
(၂) ပုံ–ဦးဉာဏဝံသ၊ ဗားကရာဆရာတော်။
(၃) ပုံ–ဦးကလျာဏာဘိဝံသ၊ ယသဇေယျုံဆရာတော်။
(၄) ပုံ–ဦးကလျာဏ၊ ကြည့်မြင်တိုင်၊ ဝေဠုဝန်ဆရာတော်။
(၅) ပုံ–ဦးစန္ဒ၊ ကျွန်းကျွဲဆရာတော်။
(၆) ပုံ–ဦးခေမာစာရ၊ ဗဟန်းဝေဠုဝန်ဆရာတော်။

(၇) ပုံ–ဦးရေဝတမ္မ၊ ဒေဝသာဂရ၊ သိမ်ထုန်းဆရာတော်။

(၈) ပုံ–ဦးနန္ဒ၊ ကျိုက်ထီးရိုးကျောင်းဆရာတော်။

(၉) ပုံ–ဦးဥက္ကဋ္ဌ၊ ညောင်ကုန်းဆရာတော်။

၁၃၁၅–ခုနှစ်၊ တပို့တွဲလပြည့်နေ့ (၁၈-၂-၅၄) ထုတ်သော သာသနာ့ရောင်ခြည်၊ အတွဲ-၃၊ အမှတ်-၁၊ နံပါတ် (၇၂) မှထုတ်၍ ကူးယူပုံနှိပ်ပါသည်။




# ဝိပဿနာတက္ကသိုလ်ကျမ်းကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

## (၁၇) ရတနတ္တယ၊ထုတိမဟာမင်္ဂလာတော်

ဗုဒ္ဓေါ စ မင်္ဂလော လောကေ၊ သမ္ဗုဒ္ဓေါ စာပိ လောကဂ္ဂေါ။
ဗုဒ္ဓံ သရဏံမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

လောကေ၊ လောကသုံးပါး၌။ ဗုဒ္ဓေါစ၊ မြတ်စွာဘုရားသခင်သည်လည်း။ မင်္ဂလော၊ အတုမရှိသော မင်္ဂလာကြီးတဆူ ဖြစ်တော်မူပါပေ၏။ သမ္ဗုဒ္ဓေါ စ ပိ၊ မကြွင်းမကျန်၊ အမြင်သန်သော သယမ္ဘုဉာဏ်၊ သဗ္ဗညုတဉာဏ်တော်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ လောကဂ္ဂေါ၊ လောက ၃-ပါးထက်ကြီးမြတ်တော်မူပါပေ၏။ ဗုဒ္ဓံသရဏံ၊ ဘုရားတည်းဟူသောကိုးကွယ်ရာကို။ အာဂမ္မ၊ အစွဲပြု၍။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းသောဆင်းရဲအပေါင်းမှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြကုန်၏။

ဓမ္မောစ မင်္ဂလော လောကေ၊ ဂမ္ဘီရော ပဟောတိ ဒုဒ္ဒသော။
ဓမ္မံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

လောကေ၊ လောကသုံးပါး၌။ ဓမ္မောစ၊ တရားတော်မြတ်သည်လည်း။ မင်္ဂလော၊ အတုမရှိသော မင်္ဂလာကြီးတဆူ ဖြစ်တော်မူပါပေ၏။ ဂမ္ဘီရော၊

အလွန်ပင်နက်နဲလှပေ၏။ ဒုဒ္ဒသော၊ အလွန်လည်းမြင်နိုင်ခဲပေ၏။ ဓမ္မံသရဏံ၊ တရားတည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ အစွဲပြု၍။ သတ္တာ၊ သတ္တဝါဆပေါင်းတို့သည်။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းသောဒုက္ခအပေါင်းမှ၊ ပမုစ္စရေ-ပမုစ္စန္တိ၊ လွတ်မြောက်ကြရလေကုန်၏။

သံဃာဝစ မင်္ဂလော လောကေ၊ ဒက္ခိဏေယျော သဒါ ဟောတိ။
သံဃံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ။

လောကေ၊ လောကသုံးပါး၌။ သံဃောစ၊ သံဃာတော်မြတ်သည်လည်း။ မင်္ဂလော၊ အတုမရှိသော မင်္ဂလာကြီးတဆူ ဖြစ်တော်မူပါပေ၏။ သဒါ၊ အခါခပ်သိမ်း။ ဒက္ခိဏေယျော၊ မြတ်သောအလှူကိုခံတော်မူထိုက်သည်။ ဟောတိ၊ ဖြစ်၏။ သံဃံသရဏံ၊ သံဃာတည်းဟူသောကိုးကွယ်ရာကို။ အာဂမ္မ၊ အစွဲပြု၍။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းသော ဆင်းရဲ အပေါင်းမှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရပေကုန်၏။

---

# (ခ) မဟာနိဒါန်းကြီး အခန်း

## (၁၈) မြန်မာပြည်သူများ လွတ်မြောက်ချင်ကြ၍ ကိုးကွယ်ပုံ

မြန်မာပြည်သည်။ ။ဧရိယာအကျယ်အဝန်းအားဖြင့် (၂၃၃-၄၉၂) စတုရန်းမိုင်ပေါင်း။ ၂-သိန်းကျော်ရှိ၏။ လူဦးရေမှာ—

(၁) ၁၉၃၁ ခုနှစ်။ သန်းခေါင်စာရင်းအရ။ စုစုပေါင်း (၁၄၊၆၄၇-၁၄၆)တဆဲ့ငါးသန်းနီးပါးရှိ၏။ အသေးစိတ်အားဖြင့်။ ငါးနှစ်မှ၊ ဆယ်နှစ်အကြား (၁၈၀၀၄၆၂) ဖြစ်၍။ (၁၂) (၃၉)ရာခိုင်နှုန်း။ ။ဆယ်နှစ်မှ၊ ၁၅-နှစ်ကြား၊ (၁၆၆၁၀၀၇) (၁၁-၃၀) ရာခိုင်နှုန်း။ ။၁၅-နှစ်မှ၊ ၂၀-အကြား၊ (၁၄-၁၂၉၁၅) ၈၆-ရာခိုင်နှုန်း။

(၂) ၁၉၄၁-ခုနှစ်။ သန်းခေါင်စာရင်းအရ။—

| | |
|---|---|
| ယောက်ျားဦးရေ | ၈၅၇၆၀၀၀။ |
| မိန်းမဦးရေ | ၈၂၄၆၀၀၀။ |
| စုစုပေါင်းဦးရေ | ၁၇။၀၂၂၊၀၀၀။ (၁၇-သန်းကျော်) |

ဤင်းတို့သည် ဆင်းရဲကင်း၍ နိဗ္ဗာန်ချမ်းသာနှင့်နေလိုကြပေ၏။

## ပြည်နယ်အလိုက် ခွဲဝေပြခဏ်း

| | | | | |
|---|---|---|---|---|
| မြန်မာပြည်မ | ကျား | ၇၃၄၂၀၀၀ | မိန်းမ | ၇၀၆၄၀၀၀ |
| ရှမ်းပြည် | ၎င်း | ၈၇၄၀၀၀ | ၎င်း | ၈၂၀၀၀၀ |
| ကချင်ပြည် | ၎င်း | ၂၁၆၀၀၀ | ၎င်း | ၂၁၂၀၀၀ |
| ကယားပြည် | ၎င်း | ၃၇၀၀၀ | ၎င်း | ၃၄၀၀၀ |
| ချင်းဝိသေသတိုင်း | ၎င်း | ၁၀၇၀၀၀ | ၎င်း | ၁၁၃၀၀၀ |

ကော်သူလေး စာရင်းမရနိုင်။

(၃) ၁၉၅၁–ခုနှစ်၊ ခန့်မှန်းခြေ၊(၁၈) သန်းကျော်ရှိသည်။ ပါလီမန် မေးခွန်းအရဖြင့် သိရှိရပါသည်။ ၎င်းတို့ဟာ နိဗ္ဗာန်လိုချင်လို့ ကိုးကွယ် ကြတာပါဘဲ။

## (၁၉) တရုပ်ပြည်၎င်းနည်းမင်

ဧရိယာအကျယ်အဝန်း (၃၂၇၈၃၅၂) စတုရန်းမိုင် ၄–သန်းကျော်။ လူဦးရေမှာ ၁၉၃၁–ခုနှစ်၊ သန်းခေါင်စာရင်းအရ (၄၃၀၀၀၀၀၀၀) သန်းပေါင်း(၄၃၀)ကျော်။ ။၁၉၅၃–ခုနှစ်၊ ဇွန်လ၊ (၃၁) ရက်နေ့အထိ သန်းခေါင်စာရင်းအရ(၆၀၁–၉၁၂–၃၇၁)သန်းပေါင်း(၆၀၀)ကျော်။

## (၂၀) အိန္ဒိယပြည် ၎င်းနည်းပင်

ဧရိယာအကျယ်အဝန်း(၁·၈၀၈–၆၇၉) စတုရန်းမိုင် ၂–သန်းနီးပါး ရှိသည်။လူဦးရေမှာ၊ ၁၉၃၁–ခုနှစ်၊ သန်းခေါင်စာရင်းအရ၊ စုစုပေါင်းမှာ၊ (၃၅၂–၈၃၇–၇၇၈)သန်းပေါင်း(၃၅၀)ကျော်ရှိပါသည်။

## လူမျိုးရေးအလိုက် ခွဲပြရသော်

| | |
|---|---|
| ဟိန္ဒူဘာသာဝင် | ၂၃၉–၁၉၅–၁၄၀ |
| မဟာမေဒင်ဝင် | ၇၇–၆၇၇–၅၄၅ |
| ဗုဒ္ဓဘာသာဝင် | ၁၂–၇၈၆–၈၀၆ |

၁၉၅၁–ခုနှစ်၊ ခန့်မှန်းခြေ၊ရရသန်းပေါင်း (၄၀၀) ကျော်ရှိပါသည်။ နိဗ္ဗာန်ကိုလိုချင်ကြ၍ ကိုးကွယ် ကျင့်ကြံကြပါသည်။

မြန်မာပြည်ရှိ ဘာသာဝါးရပ် ဦးရေစာရင်း

| | |
|---|---|
| ဗုဒ္ဓဘာသာကိုးကွယ် | ၁၂၃၄၈၀၃၇ |
| ခရစ်ကိုးကွယ် | ၇၆၃၂၄၃ |
| မဟာမေဒင် | ၅၈၄၈၃၉ |
| ဟိန္ဒူ | ၅၇၁၉၅၃ |
| ခရစ်ယန် | ၃၃၀၁၀၆ |

၎င်းတို့လည်း ဒုက္ခခပ်သိမ်း ငြိမ်းပြီးနိဗ္ဗာန်၌ နေကြဘို့သာကျင့်သည်။

## (၂၁) တရားကိုအားထုတ်ပါလျက်နှင့် မရနိုင်တာ ဘာများဖြစ်၍နေကြလို့လဲ ဖော်ကြစမ်းပါ

ယထာဘူတံ အဇာနန္တာ၊ သုဒ္ဓိကာမာပိ ယေ ဇနာ။
ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော။

ဇနာ၊ မင်္ဂဖိုလ်နိဗ္ဗာန်ကို ပေးနိုင်, ယူနိုင်, ရနိုင်သော ဤသာသနာတော် မြတ်ကြီး၌။သုဒ္ဓိကာမာ၊ (မီးတဆဲ့တပါး၊ ဝဋ် ၃-ပါး၊ အစပ် ၃-ပါး။အလွှာ ၄-ပါး၊ အခြင်းအရာ-၂၀။ အင်္ဂါ ၁၂-ပါး။ မူလ ၂-ပါး။ ဒုက္ခက္ခန္ဓသမှ) စင်ကြယ်ရာဖြစ်သောနိဗ္ဗာန်ကိုအလိုရှိကြကုန်သော။ ဝါ၊ (က-ဘေး၊ ခ-ဘေး၊ ဂ-ဘေး၊ ဃ-ဘေး) စသည့်တို့မှ စင်ကြယ်ရာဖြစ်သော နိဗ္ဗာန်ကို အလိုရှိကြကုန်သော။ ယေယောဂိနောပိ၊ အကြင်တရားရှာဖွေ အားထုတ်ကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည်လည်း။ အတ္ထိသန္တိ၊ ကန္တာနှင့်ဗမာမှာ များစွာပင်ရှိ၍နေကြပါကုန်၏။တေယောဂိနော၊ ထိုတရားရှာဖွေ အားထုတ်ကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည်။ ယထာဘူတံ၊ ယထာဘူတဉာဏ်ကို။ ဝါ၊ (စိတ်ကို စိတ်ဘဲ၊ စေတသိက်ကို စေတသိက်ဘဲ၊ ရုပ်ကို ရုပ်ဘဲ၊ နိဗ္ဗာန်ကို နိဗ္ဗာန်ဘဲဟု ဟုတ်တိုင်းမှန်စွာ တွေ့ရသိရ၊ ထိရ၊ မိရသောဉာဏ်ကို။ အဇာနန္တာ၊ မသိကြကုန်သည်ဖြစ်၍၊ ဝါ၊ (သင်သိ၊ မေးသိ၊ နာသိ၊ ဆောင်သိ၊ ဆင်ခြင်သိကို)အသိကြီးထင်ပြီးတော့။ ကိုယ်တွေ့ထိအောင် မသိကြပါကုန်သောကြောင့်။ ဝါယမန္တာပိ၊ ဘယ်လိုပင်ကြိုးစား အားထုတ်ငြားသော်လည်း။ ဝိသုဒ္ဓိံ၊ မီးတဆဲ့တပါး စသည်တို့မှ စင်ကြယ်ရာဖြစ်သော နိဗ္ဗာန်ကို။ နာဓိဂစ္ဆန္တိ၊ မရနိုင်ကြလေကုန်။ နာဓိ

ဂန္ထန္တိ၊ ဟိုသံသရာတုန်းကလဲ မရခဲ့၊ ယခုသံသရာမှာလဲ မရရှိ။ နောက်နောင်သံသရာမှာလဲ ရမည်မဟုတ်ဘဲဖြစ်၍သာ နေကြရလေကုန်၏။

လိုရင်းမှာမကျင့်လို့မရတာမဟုတ်ပါ။ မရှာလို့မရတာမဟုတ်ပါ၊ငင်စစ် အမှန်မှာတော့ ယထာဘူတဉာဏ်ကိုမရလို့ မဂ်ဖိုလ်နိဗ္ဗာန်မရတာပါဘဲ။

## ကမ္ဘာကြီးကို ခါးစောင်းတင်နိုင်သောပညာကြီး ၇-ပါး

## အဲဒါမှ ယထာဘူတဉာဏ်ကို အမှန်ရနိုင်ပါသည်

တိက္ခပညာ၊ ဂမ္ဘီရပညာ၊ ပုထုပညာ၊ ဟာသပညာ၊ ဇဝနပညာ၊ နိဗ္ဗေဓိကပညာ၊ မဟာပညာ၊ ၇-ပါးတည်း။ ၎င်းသည် ယထာဘူတဉာဏ်ကို ရနိုင်ပေသည်။

## (၂၂) ယထာဘူတဉာဏ်အကျိုးကို ပြီးစီးစေနိုင်သော မိတ်ဆွေအင်္ဂါ ၇-ပါး

ပိယော ဂရုဘာဝနီယော၊ ဝတ္တာစ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နောစာဋ္ဌာနေ နိယောဇကော။
ယမှိ ဧတာနိ ဌာနာနိ၊ သံဝိဇ္ဇန္တီဓ ပုဂ္ဂလေ။
သော မိတ္တော မိတ္တကာမေန၊ ဘဇိတဗ္ဗော တထာဝိဓော။

ဘိက္ခဝေ၊ ချစ်သားတို့။ ယော၊ အကြင်သူသည်။ ပိယောစ၊ သီလ,သမာ, ပညာရောင်ကြိတ်၊ သိက္ခာသုံးပါး။ ဒါန၊ ဝေယျာဝစ္စ၊ အပ္ပစ္စရိယာ၊ သမာနတ္တတာ၊ ဤလေးဖြာသော သင်္ဂဟတရား။ ပေါင်း ခုနစ်ပါး၊ တရားပြည့်လတ်၊ ချစ်ခင်အပ်သည်။ ဟောတိ၊ ဖြစ်၏။ (၁) ဂရုစ၊ ရိုသေထိုက်သည်လည်း။ ဟောတိ၊ ဖြစ်၏။ (၂) ဘာဝနီယောစ၊ ချီးမွမ်းအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ (၃) ဝတ္တာစ၊ ကဲ့ရဲ့ပြောဆိုဆုံးမတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ (၄) ဝစနက္ခမောစ၊ အမေး-အဖြေ လွယ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ (၅) ဂမ္ဘီရကထံကတ္တာစ၊ (ခံ၊ ဓာ၊ အာ၊ သစ်) တရားအနှစ်ကို၊ ပြလှစ်ဆိုနှော၊ ဟောပြောတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ (၆) အဋ္ဌာနေ၊ နောစနိယောဇကောစ၊အကျိုးမဲ့ရာ၌ မတိုက်တွန်းတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ (၇) ယမှိပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ ဧတာနိဌာနာနိ၊ ဤပြဆိုအပ်ကုန်သော ၇-ပါးကုန်သော အင်္ဂါတို့သည်။

သံဝိဇ္ဇန္တိ၊ ထင်ရှားရှိကုန်၏။ မိတ္တကာ့မေန၊ မိတ်ဆွေ ခင်ပွန်း ဖွဲ့လိုသော သူသည်။ တထာဝိဓော၊ ထိုသို့သဘောရှိသော။ မိတ္တော၊ အဆွေခင်ပွန်း ကောင်းကို။ ဘဇိဘဇေ္ဇာ၊ မှီဝဲပေါင်းသင်းအပ်လေသတည်း။

ဤကားသတ္တနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်လာ ၇–ဖြာသော မိတ်ဆွေ ကောင်းတို့ အင်္ဂါကို စစ်ဆေးပြီးလျှင်။ ပြည့်စုံသောမိတ်ဆွေနှင့် ပေါင်း သင်းပါလျှင်။ ၇–နာရီ၊ ၇-ရက်၊ ၇-လ၊ ၇–နှစ်၊ ၇-ဘဝနှင့် မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ပါသည်။

## (၂၃) ပြန်ခဲ့ပြီးအင်္ဂါ ၇-ပါးသာလိုက်ရ၊ မျိုးရိုးမလိုက်ရပုံ

ခတ္တိယာ ဗြာဟ္မဏာ ဝဿာ၊ သုဒ္ဒ စဏ္ဍာလ ပုက္ကုသာ။
ဣဓ ဓမ္မံ စရိတွာန၊ ဘဝန္တိ တိဒိဝေ သမာ။

ပဉ္စကနိပါတ်၊ သီလဝိမံသဇာတ် ဂါထာ ၅၂–နံ၊ ကြောင်းရေ ၂-ဇံမှု၌၊

ခတ္တိယာစ၊ မင်းတို့သည်၎င်း။ ဗြာဟ္မဏာစ၊ ပုဏ္ဏားတို့သည်၎င်း။ ဝဿာစ၊ ကုန်သည်တို့သည်၎င်း။ သုဒ္ဒါစ၊ သူဆင်းရဲတို့သည်၎င်း။ စဏ္ဍာလာစ၊ သူတောင်းစား စဏ္ဍာလတို့သည်၎င်း။ ပုက္ကုသာစ၊ ပန်းရိုက်သွန် သုရားကျွန်တို့သည်၎င်း။ ဧဝံ၊ ဤသို့။ ဣဓ၊ ဤယခုပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ၊ တရားကို။ စရိတွာန၊ ကျင့်ကြံကြ၍။ တိဒိဝေ၊ နတ်ပြည်၌။ သမာ၊ တူမျှ ကုန်သည်၊ ဘဝန္တိ၊ ဖြစ်ရကုန်၏။

မင်းမျိုးပင် ဖြစ်ဖြစ်၊ ပုဏ္ဏားမျိုးပင် ဖြစ်ဖြစ်၊ ကုန်သည်မျိုးပင် ဖြစ်ဖြစ်၊ သူဆင်းရဲမျိုးပင်ဖြစ်ဖြစ်၊ သူတောင်းစားမျိုးပင်ဖြစ်ဖြစ်၊ ပန်းရိုက်သွန်၊ သုရားကျွန်မျိုးပင်ဖြစ်ဖြစ် လူမျိုးမရွေး အဆင့်အတန်းမရွေးဂုဏ်သိက္ခာမရွေး တရားကိုကျင့်ကြံတို့သာ လူဖြစ်၍လာကြပါသည်။ ကျင့်ကြံခဲ့ပါလျှင် နတ် ပြည်၌ အတူတူဖြစ်ရမှာပါဘဲ။ ယုံမှားမရှိသင့်ပါ။

### တရားကိုမကျင့်နိုင်လျှင်၊ ရပ်ပြစ် ၈–ပါးအဝင်

ရပ်ပြစ်ရှစ်ပါး၌၊ ဖြစ်ရကြကုန်သော သူတို့သည်၊ တရားကိုမကျင့်နိုင်၍၊ ရပ်ပြစ်ရှစ်ပါး ဖြစ်ရကြကုန်၏။ ။ဗုဒ္ဓုပ္ပါဒ နဝမခေတ်၌ ကြုံကြိုက်သော သူတို့ကလည်း ရပ်ပြစ်ရှစ်ပါး၌ နေသော သူများကဲ့သို့။ တရားကိုမကျင့် ပါလျှင် ခေတ်က အားနာ ပါးနာ၍နေမည်မဟုတ်ဘဲ၊ ရပ်ပြစ် ၈-ပါးပုဂ္ဂိုလ်

များ၏ စာရင်း၌ ကင်းလွင်းပြီး ရေးမှတ်ပြီး၊ နောက်နောင် ရပ်ပြစ် ၈-ပါး ထဲသို့ အပို့ခံရမည်၊ ရောက်ရလိမ့်ဦးမည်၊ ယုံမှားမရှိသင့်ပါ။

ရင်ပြစ်ရှစ်ပါး၊ နေသူများ၊ တရားမကျင့်ကုန်။
ရင်ပြစ်ရှစ်ပါး၊ လွတ်သူများ၊ တရားကျင့်ကြကုန်။

## (၂၄) မျိုးရိုးမရွေးကိုင်ဘဲ ဆရာတင်ကြရပုံ

ခတ္တိယာ ဗြာဟ္မဏာ ဝေဿာ၊ သုဒ္ဒါ စဏ္ဍာလ ပုက္ကုသာ။
ယမှာ ဓမ္မံ ဝိဇာနေယျ၊ သော ဟိ တဿ နရုတ္တမော။

တေရသနိပါတ်၊ အမ္ဗဋ္ဌဇာတ်တော်ဂါထာ၊ နံပါတ် (၈) ကြောင်းရေ (၂၄) ဟံမူ၌။

ခတ္တိယာ၊ကံကုသိုလ်ပြည့်တင်းတဲ့ မင်းထံမှရင်း။ဗြာဟ္မဏာ၊မန္တာန်နှင့် ဗေဒင်ကို နေ့စဉ်လိုအစုံပွါးကြတဲ့ ပုဏ္ဏားထံမှရင်း။ ဝေဿာ၊ ရောင်းဝယ် စုံညီ ဂုဏ်တွေစည်ကြတဲ့ ကုန်သည်ထံမှရင်း။ သုဒ္ဒါ၊ လှေသိုးလှဲတိုက်၊ လယ်၌လုပ်ခြား၊ ဆင်းရဲသားထံမှရင်း။စဏ္ဍာလာ၊ ကုသိုလ်ကံ ဗလာကြတဲ့ စဏ္ဍာလထံမှရင်း။ ပုက္ကုသာ၊ ပန်းမှိုက်တွေသွန်ရတဲ့ ဘုရားကျွန်ထံမှရင်း။ ယမှာ၊ မျိုးနှင့်ရိုးကို အဆိုးမထား တရားကိုသာ ဟောပြရှာသော အကြင်သူ့ထံမှ။ ဓမ္မံ၊ သုဂတိလမ်းကြောင်း ကောင်းသော တရား၊ နိဗ္ဗာန်ရောက်ကြောင်း၊ လမ်းကောင်းတရားကို။ ဝိဇာနေယျ၊ ဆင့်ကာ ဆင့်ကာ မြင့်မြင့် လာအောင် ကျင့်ကာမသွေ ရရှိခဲ့ပါပေ၏။ ဟိ၊ အမှန်အကန်မို့ ကေန် ပြောပြရပါမူကား။ သော၊ ထိုတရားဟောပြ ပဏ္ဍိတသည်၊ တဿ၊ ထို တရားနည်းခံ တပည့်မွန်၏။ နရုတ္တမော၊ ဓာနည်ဥက္ကဋ္ဌ၊ သမုတ်အပ်သဖြင့်၊ အဟုတ်မြတ်သော လူ့အထွဋ်ပါပေတည်း။

ဤဂါထာပါဠိကိုထောက်ထား၍ မျိုးကိုရိုးကိုမလိုက်ကြတဲ့ တရားရလျှင် ပဓာနပ၊ အမြတ်ရသူဖြစ်ချင်ပါမူ။ မင်း ပုဏ္ဏား ကုန်သည် ဆင်းရဲသား ဒွန်းစဏ္ဍား ဘုရားကျွန် ပန်းမှိုက်သွန် ဘယ်အမျိုးမဆို တရားပေးက ယူမယ်ဟု သဘောထားကြရာ၏။

ဘုရားသားမှန်လျှင် ဘုရားစကားတော်ကို လိုက်နာ၍ ကျင့်ကြံ ကြပါကုန်။

ဂုဏ်ခံ၊ ဂက်ခံ၊ ရာထူးခံလျှင်ဖြင့် ထွန်းပြန်မည်သာ မှတ်ကြ ပါကုန်။

## (၂၅) သဏ္ဍာယဓိဋ္ဌိသတ် အတိုနည်း

### ပုထုဇဉ် ကဿဉ်ဟောင်းပျက်၍ အရိယာကဿသဇ်တည်ရန်

၁ ၂ ၃ ၄
၁ ၂ ၃

(၁) ဤပုံစံကား ကမ္ဘာဟောင်းကြီး၌၊ နေ (၇) စင်း ထွက်လျှင်၊ ကမ္ဘာဟောင်းကြီးပျက်၍၊ ကမ္ဘာသစ်ကြီးတည်တာလို၍ဥပမာအတိုင်း ပုထုဇဉ်တို့၏ခန္ဓာကိုယ်၌၊ ၁-၂-၃-၄-ဆိုတဲ့ ပထဝီ၊အာပေါ၊တေဇော၊ဝါယော၊ ဓာတ်ကြီး ၄-ပါးကိုတွေ့၍ ၁-၂-၃-ဆိုတဲ့၊ ဘုရား၊ တရား၊ သံဃာ၊ ရတနာ ၃-ပါးကို၊ ပရမတ္ထအနေနှင့်ကိုးကွယ်ရလျှင်၊ တနည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တအနေပါထဲ၍၊ ဓာတ် ၄-ပါး၊လက္ခဏာရေး ၃-ပါးဆိုတဲ့ နေ ၇ စင်းထွက်ပါလျှင်၊ ပုထုဇဉ်ကမ္ဘာဟောင်းကြီးပျောက်ခဲ့လေပြီ၊ ပျက်ခဲ့လေပြီ။ အရိယာ၊ ပရမတ္ထ၊ ကမ္ဘာသစ်ကြီး၌၊ သုခရှိရှိနှင့် ရောက်ခဲ့ရလေပြီဟု—လက်ခမောင်းခတ်၍၊ ဝမ်းမြောက်ကြပါလေ-ဓာတ် ၄-ပါး၊ လက္ခဏာရေး ၃-ပါးတွေ့မှ၊ ဧမြမြ ရွှင်ရွှင်ပျပျနှင့် နိဗ္ဗာန်အထိ နေသွားရမည်။

## (၂၆) (၂) ဓာတ်လေးပါးတွေ့၍ အပါယ်တံခါးပိတ်ပုံ

ပထဝီဓာတုယာ အာပေါဓာတုယာ တေဇောဓာတုယာ ဝါယော ဓာတုယာ၊ နတွေဝခမ္မေ အဝစ္စပသာဒေန သမ္ပန္နာဂတော အရိယ သာဝကော နိရယံဝါ တိရစ္ဆာနယောနိယံဝါ ပေတ္တိဝိသယံဝါ ဥပ ပဇ္ဇိဿတိ။ ။တိကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်(၁၁၈) နံပါတ်(၁) ကြောင်းရေ ဟံမှု၌။

အာနန္ဒ၊ ချစ်သားအာနန္ဒာ၊ ပထဝီဓာတုယာ၊ပထဝီဓာတ်ကိုရင်း။ အာပေါဓာတုယာ၊အာပေါဓာတ်ကိုရင်း။ တေဇောဓာတုယာ၊တေဇောဓာတ်ကိုရင်း။ ဝါယောဓာတုယာ၊ ဝါယောဓာတ်ကိုရင်း။ စေဇာနေယျ၊ အကယ်၍ တွေ့သဖြင့် သိငြားအံ့။ ခမ္မေ၊ ဓာတ်ကြီးလေးပါးတရား၌။ အဝစ္စပသာဒေန၊ သက်ဝင်ယုံကြည်သောသဒ္ဓါတရားနှင့်။သမ္ပန္နာဂတော၊ပြည့်စုံသော။အရိယ သာဝကော၊ဘုရား၏တပည့်သား သာဝကသည်။ နိရယံဝါ၊ ငရဲဘုံသို့ရင်း။ တိရစ္ဆာနယောနိယံဝါ၊ တိရစ္ဆာန်ဘုံသို့ရင်း။ ပေတ္တိဝိသယံဝါ၊ ပြိတ္တာဘုံသို့ရင်း။ ဝါ၊အသုရကာယ် ဘုံသို့ရင်း။ နတွေဝ ဥပပဇ္ဇိဿတိ၊ ယနေ့ကစ၍ နိဗ္ဗာန်ထိအောင် ဘယ်သောအခါမှ မရောက်နိုင်လေတော့သတည်း။ ။

ပုံစံ၌ ၁-၂-၃-၄-ဆိုတဲ့ ကမ္ဘာပျက်နေလေးစင်းကြောင့်ကမ္ဘာပျက်ထာလို။ ဝတ်ကြီး၄-ပါးကြောင့်၊ အပါယ်ကမ္ဘာကြီး ပျက်စီးပါပြီ။ ဘုရားဟော ပါဠိတော်ရို့ နာနာကြွတ်ကြွတ် သိတ်ပြီးယုံကြည်ကြပါကုန်။

## (၂၇) (၃) လက္ခဏာရေး ၃-ပါးကြောင့် နိဗ္ဗာန်သွားရပုံမှာ

နိဗ္ဗာနပုရံ ပါပေသိ၊ ယာနတ္တယေန သောဝိနေ၊ ။( ဝိဇယ မင်္ဂလာပါဠိ )

သောဝိနေ၊ လူအကုန် နတ်အကုန် ဗြဟ္မာအကုန်ကို အာမတာသုံးသွယ်ရှိ၍ နေသော ထိုမြတ်စွာဘုရားသည်။ သတ္တေ၊ သတ္တဝါတို့ကို။ ယာနတ္တယေန၊ အနိစ္စဆိုတဲ့စကြာယာဉ်။ ဒုက္ခဆိုတဲ့စကြာယာဉ်၊ အနတ္တဆိုတဲ့စကြာယာဉ် ၃-ပါးဖြင့်။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ဆိုတဲ့ ရွှေပြည်ကြီးသို့။ ပါပေသိ၊ ဘေးရန်မနှောက် တွေးကြိမကြောက်စေဘဲ ဖြေမြိန်မြိန်နှင့် ရောက်စေခဲ့လေပြီ တကား။–

(၁) မှာ ဝတ် ၄-ပါး၊ လက္ခဏာရေး ၃-ပါးကြောင့် ပုထုဇဉ်ဘဝ ပျက်ရပုံပြသည်။
(၂) မှာ ဝတ် ၄-ပါးကြောင့်၊ အပါယ်တံခါးပိတ်ရပုံပြထားပါသည်။
(၃) မှာ လက္ခဏာရေး ၃-ပါးကြောင့်၊ နိဗ္ဗာန်သွားပုံပြထားပါသည်။

### ဆောင်ပုဒ်လင်္ကာ ကဗျာအရကျက်ကြရန်

ဝတ်တရားကား–မလားအပါယ်၊ ဆင်းရဲတွင်းမှ–လွတ်ကင်းတကယ်။
ခြောက်ဆဲ့ခုနစ်–ရလစ်စံတယ်၊ လက္ခဏာ–တက်ကြွ,နိဗ္ဗာန်နယ်။
သာသနာဒုလ္လဘ–ကြုံရသည့်ခါ ခန္ဓာကိုယ်၌–အားစိုက်ရှုပါ။
ဉာဏ်စဉ်လျှောက်၍–မဂ်ရောက်ဖိုလ်လာ၊ နိဗ္ဗာန်နန်း–စံမြန်းရတော့မှာ။

### ပြုပြီးအကော်း၌ စာပေရှင်တို့အဘို့ သင်ခန်းစာများ

## (၂၈) ဝိသုဒ္ဓိ ၇-ပါး၌ ဒိဋ္ဌိစွဲပုံ ငါးမျိုး

| | | | | | | | |
|---|---|---|---|---|---|---|---|
| သီ | စိ | ၊ | ဒိ | ကံ | မ | ဋိ | ဉာဏ |
| × | × | ၊ | ဋ္ဌိ | ဋ္ဌိ | ဋ္ဌိ | ဋ္ဌိ | ဋ္ဌိ |

### (၂၉) ဉာဏ်စဉ် ၁၆-ပါး၌ ဒိဋ္ဌိဋ္ဌါပြီးဋ္ဌါဆဲပုံစံ

နာ ပ သံ ဥ ဘ် ဘ အာ နိ မု ဋိ သ် နု ဂ မ ဗ ပ ၁၆-ပါး

ဋ္ဌါ = = = = − − − − − − − − − − −

### (၃၀) မဂ္ဂဝီထိ၌ဒိဋ္ဌိဋ္ဌါပုံ ၁၁-မျိုးပုံစံ

တိ နှ ဒ မ ၊ ပ ဥ နိ ဂေါ မ ဖ ပ

ဋ္ဌါ ဋ္ဌါ ဋ္ဌါ ဋ္ဌါ ဋ္ဌါ ဋ္ဌါ ဋ္ဌါ ဋ္ဌါ ဋ္ဌါ ဋ္ဌါ ဋ္ဌါ

### (၃၁) ဝိပဿနာ စသော ငါးဆင့်ဖြင့် ဒိဋ္ဌိဋ္ဌါပြီး၊ဋ္ဌါဆဲ ၅-မျိုးပုံစံ

ဝိ သော သက အနာ အရဟံ

ဋ္ဌါ ဋ္ဌါ ဋ္ဌါ ဋ္ဌါ ဋ္ဌါ

### (၃၂) ဒိဋ္ဌိကွာပုံ ပါဠိအစုံ ကျမ်းဂန်၌ပြခဲ့ပုံမှာ

နာမရူပ ပရိစ္ဆေဒေန သင်္ကာယဒိဋ္ဌိယာ ပဟာနံ ဟောတိ၊ ။နိကာယ် ငါးရပ်အဋ္ဌကထာ၊ငါးကျမ်းအဆို။ ။နာမ ရူပ ပရိစ္ဆေဒေန၊ နာမ်တရား၊ ရုပ်တရား ကိုခွဲခြား၍တွေ့ရသဖြင့်။သက္ကာယဒိဋ္ဌိယာ၊သက္ကာယဒိဋ္ဌိရန်သူကြီး ကို။ ပဟာနံ၊ ပယ်သတ်နိုင်သည်၊ဟောတိ၊ဖြစ်၏။ ။နာမ်တခြား၊ရုပ်တမျိုး ကွဲကွဲပြားပြားတွေ့လို့သိရသဖြင့်၊သက္ကာယဒိဋ္ဌိ၊ကွာသွားပ ပြီတဲ့ဗျား၊အားရ စရာပင်။

> (၆) ဧဝံ နာနာနယေဟိ နာမရူပံ ဝဝတ္ထာပယတော သတ္တ သညံ အဘိဘဝိတွာ အသမ္မောဟဘူမိယံ ဌိတံ၊ နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ဒုအုပ် နံ(၂၀၇)ကြောင်း(၉)သုမှု၌။

ဧဝံ၊ ဤသို့။ နာနာနယေဟိ၊ နည်းအမျိုးမျိုးတို့ဖြင့်၊နာမရူပံ၊ နာမ်နှင့်ရုပ်ကို။ ဝဝတ္ထာပယတော၊ပိုင်းခြားမှတ်သားသောယောဂီအား။သတ္တသညံ၊ဝိုင်ကိုလ် ဘဲ သတ္တဝါဘဲ ငါဘဲ သူဘဲစသော၊ဒိဋ္ဌိအမှား၊စိတ်အမှား၊ သညာအမှားကို။ အဘိဘဝိတွာ၊ ပရမတ် ဓာတ်ကလာပ်ဖြင့် လွှမ်းမိုးနှိပ်စက်၍။ အသမ္မောဟ

ဘူမိယံ၊ အဘိဓမ္မာနယ်မှထွက်မြောက်၍ မတွေ့မဝေသော သမ္မာဒိဋ္ဌိနယ်မြဲ၌။ ဋ္ဌိတံ၊တည်သော။ နာမရူပါနံ၊ နာမ်နှင့်ရုပ်တရားတို့ကို။ ယာထာဝဒဿနံ၊ မှုလသဘောအတိုင်း တွေ့သိသောဉာဏ်သည်။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ဝါ၊အမှားစင်ကြယ်သည်မည်၏။

နည်းအမျိုးမျိုးဖြင့်၊နာမ်ဘခြား၊ ရုပ်တမျိုးပိုင်းခြားတွေ့ရပါလျှင်၊သတ္တဝါဘဲ၊ ပုဂ္ဂိုလ်ဘဲ၊ ငါဘဲ၊ သူဘဲစသော၊ သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိဝိပလ္လာသကင်း၍ အမှားစင်ကြယ်တော့၏၊ ဒိဋ္ဌိသုဒ္ဓိစခန်းသို့ရောက်တော့၏။ အဘိဓမ္မာနယ်မှလွန်မြောက်၍ သမ္မာဒိဋ္ဌိနယ်သို့ရောက်တော့၏။ ၍လိုပေါ် တိုင်းပေါ်တိုင်း နာမ်တခြား ရုပ်တခြားကွဲပြား၍ တွေ့လျှင်၊ယာထာဝဒဿန ပါဘဲ၊အမှန်အတိုင်းမြင်တာပါဘဲ။ဒိဋ္ဌိဝိသုဒ္ဓိပါဘဲ၊အမှားစင်ကြယ်တာပါဘဲ။ အရိယာတို့အတွေ့အမြင်ပါဘဲဟူလို။(၇)ပါဠိကား။ (၆) ပါဠိအတိုင်းပင်၊ ရူပါရူပဝိဘာဂအဋ္ဌကထာ၊ ၈၀-နံ ၁၁-ကြောင်း၌။

(၈) အထဝါ ဒိဋ္ဌိယောနာမ ဝိပဿနာယဝေ ပဟီနာ ဟောတိ။ ။ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ။

အထဝါ၊ တနည်းသော်ကား၊ဒိဋ္ဌိယောနာမ၊ သက္ကာယဒိဋ္ဌိ ၂၀၊ မိစ္ဆာဒိဋ္ဌိ ၆၂–စသောဒိဋ္ဌိအားလုံးတို့ကို။ ဝိပဿနာယဝေ၊ ဝိပဿနာဖြင့်သာလျှင်။ ပဟီနာ၊ ပယ်နိုင်သည်။ ဟောတိ၊ ဖြစ်၏။ ။(ဒိဋ္ဌိရှိသမျှကို၊ ဝိပဿနာဖြင့် သာလျှင်ပယ်နိုင်၏ ဟူလို)

(၉) တဏှာသံကိလေသော သမထေန ဝိသုဇ္ဈတိ (ဒိဋ္ဌိ သံကိလေသော ဝိပဿနာယ ဝိသုဇ္ဈတိ) ဒုစ္စရိတသံကိလေသော သုစရိတေန ဝိသုဇ္ဈတိ။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။

တဏှာသံကိလေသော၊ တဏှာ ညစ်နွမ်းခြင်းကို။ သမထေန၊ သမထ ဖြင့်။ ဝိသုဇ္ဈတိ၊ စင်ကြယ်နိုင်၏။ ဒိဋ္ဌိသံကိလေသော၊ ဒိဋ္ဌိညစ်နွမ်းခြင်း ကို။ ဝိပဿနာယ၊ ဝိပဿနာဖြင့်။ ဝိသုဇ္ဈတိ၊ စင်ကြယ်နိုင်၏။ ဒုစ္စရိတ သံကိလေသော၊ ဒုစရိုက်ညစ်နွမ်းခြင်းကို။သုစရိတေန၊သုစရိုက်တရားဖြင့်။ ဝိသုဇ္ဈတိ၊စင်ကြယ်နိုင်၏။

ညစ်နွမ်းစေတတ်သောတဏှာကိုတော့၊သမထဖြင့် စင်ကြယ်စေရမည်။ ညစ်နွမ်းစေတတ်သော ဒိဋ္ဌိအမှားကိုတော့၊ ဝိပဿနာဖြင့်စင်ကြယ်စေရ မည်၊ညစ်နွမ်းစေတတ်သော ဒုစရိုက်ဆယ်ပါးကိုတော့ သုစရိုက်ဆယ်ပါး

ဖြင့် စင်ကြယ်စေရမည်။ (အနာနှင့်ဆေး၊ ကိုက်အောင်ပေး၊ ပျောက်ရေး မခက်ပါ။ (လင်္ကာ)

(၁၀) ဝိပဿနာယ ဒိဋ္ဌုဂ္ဃါဋန မာနသမုဂ္ဃါဋန နိကန္တိပရိယာဒါနဟေတု တာယ ဝိသေသတော ပဋိပက္ခန အသံဟီရ အသံကုပ္ပန ဟေတုဘူတာ ပရိဗြူဟနာ ဟောတိ။ ။နေတ္တိဋီကာ ဟောင်း။ နှံ (၁၁၈) ကြောင်းရေ (၂၈) ပြည်ကြီးမှု။

ဝိပဿနာယ၊ ဝိပဿနာသည်။ ဒိဋ္ဌုဂ္ဃါဋန မာနသမုဂ္ဃါဋန နိကန္တိ ပရိယာဒါနဟေတုတာယ၊ ဒိဋ္ဌိခွါဘို့၊ မာနခွါဘို့၊ တဏှာကိုကုန်ခန်းစေဘို့ အကြောင်းရင်းဖြစ်ပါသောကြောင့်။ ဝိသေသတော၊ အထူးအားဖြင့်။ ပဋိပက္ခန အသံဟီရ အသံကုပ္ပနဟေတုဘူတာ၊ ထိုတဏှာ၊ မာန၊ ဒိဋ္ဌိတို့၏ ဆန့်ကျင်ဘက်ဖြစ်ရခြင်း၊မပြောင်းရွှေ့မရှိရခြင်း၊ မပျောက်ပျက်မရှိရခြင်း၏ အကြောင်းရင်း အဖြစ်ဖြင့်။ ပရိဗြူဟနာ၊ ပွါးများ ရှုစီး ဖြန်းသည်။ ဟောတိ၊ ဖြစ်၏။

လူပြိန်းသိဘို့ရန်မှာ ဒိဋ္ဌိခွါဘို့၊တဏှာခွါဘို့၊ မာနခွါဘို့ကား။ ဝိပဿနာသာလျှင် အကြောင်းရင်းဖြစ်တော့၏။ ဝိပဿနာသည် ဒိဋ္ဌိ၊ တဏှာ၊ မာနတို့၏ ဆန့်ကျင်ဘက်တည်း။ ဝိပဿနာဖြင့်သာ ဒိဋ္ဌိ၊ မာန၊ တဏှာကိုခွါနိုင်သည်ဟူလို။

(၁၁) ဒိဋ္ဌိသံကိလေသော ဝိပဿနာယ ဝိသုဇ္ဈတိ။ သာဝိပဿနာ ပညာက္ခန္ဓော။ ။နေတ္တိပါဠိတော်။

ဒိဋ္ဌိသံကိလေသော၊ ညစ်နွမ်းစေတတ်သော ဒိဋ္ဌိကို။ ဝိပဿနာယ၊ ဝိပဿနာဖြင့်။ ဝိသုဇ္ဈတိ၊ စင်ကြယ်နိုင်၏။ သာဝိပဿနာ၊ ထိုဝိပဿနာသည်။ ပညာက္ခန္ဓော၊ ပညာအစုသာသနာတည်း။

(၁၂) လက္ခဏရသပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန နာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ။ ။သင်္ဂဟအဋ္ဌကထာ။

လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန၊ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ အစွမ်းအားဖြင့်၊ နာမရူပ ပရိဂ္ဂဟော၊ နာမ်ရုပ်တို့ကို သိမ်းဆည်းခြင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ အမှားစင်ကြယ်သည်မည်၏။ ဝါ၊ ဒိဋ္ဌိ ကွာသည်မည်ပေ၏။

(၁၃) ပထဝီဓာတုံခေါ် ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ၊ ဝိစိကိစ္ဆံ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ ။သံယုတ်ပါဠိတော်၊

ရာဟုလ၊ ချစ်သားရာဟုလာ။ ပထဝီဓာတုံ၊ ပထဝီဓာတ်ကို။ အနိစ္စတော၊ မမြဲသောသဘောအားဖြင့်။ ဇာနတော၊ ကိုယ်တွေ့သိသောသူအား။ ပဿတော၊ ကိုယ်တွေ့မြင်သောသူအား။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်သတ်နိုင်တော့၏။ ဝိစိကိစ္ဆံ၊ ယုံမှားခြင်း ၈-ပါး၊ ၁၆-ပါးကို။ ပဇဟတိ၊ ပယ်သတ်နိုင်တော့၏။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ ပယ်သတ်နိုင်တော့၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာတော့၏။

(၁၄) ပရမတ္ထ သစ္စံ ဒိဋ္ဌိပဋိပက္ခံ၊ ။ဝိသုဒ္ဓိမဂ်မဟာဋီကာ။ ။ပရမတ္ထ သစ္စံ၊ စိတ်တရား, စေတသိက်တရား, ရုပ်တရား, နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထ သစ္စာတရားသည်။ ဒိဋ္ဌိပဋိပက္ခံ၊ ဒိဋ္ဌိအားလုံး၏ ဆန့်ကျင်ဘက်ပင်တည်း။

ပရမတ္ထ ၄-ပါးသည်။ ဒိဋ္ဌိ ဂိုဠါနိုင်၏။ ရေနှင့်မီးကဲ့သို့ ဆန့်ကျင်ဘက် ဖြစ်လို့တည်း။

(၁၅) စတုန္နံ ဓာတူနံ အညတ္တတ္တံ ပထဝီဓာတုယာ အာပေါဓာတုယာ တေဇောဓာတုယာ ဝါယောဓာတုယာ၊ နတွေဝ ဓမ္မေ အဝစ္စပသာဒေန သမန္နာဂတော အရိယသာဝကော နိရယံဝါ တိရစ္ဆာနယောနိယံဝါ ပေတ္တိဝိသယံဝါ ဥပပဇ္ဇိဿတိ။ ။တိက နိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၊ နံ (၁၁၈) ကြောင်း (၁) ဘုံမှု၌။ —

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ စတုန္နံ၊ ၄-ပါးကုန်သော၊ ဓာတူနံ၊ ဓာတ်ကြီးတို့၏။ အညတ္တတ္တံ၊ တမျိုးစီနေပုံကို။ ဝေဇာနေယျ၊ အကယ်၍သိငြားအံ့။ ပထဝီဓာတုယာ၊ ပထဝီဓာတ်ကိုရင်း။ အာပေါဓာတုယာ၊ အာပေါဓာတ်ကိုရင်း။ တေဇောဓာတုယာ၊ တေဇောဓာတ်ကိုရင်း။ ဝါယောဓာတုယာ၊ ဝါယောဓာတ်ကိုရင်း။ ဝေဇာနေယျ၊ အကယ်၍သိငြားအံ့။ ဓမ္မေ၊ ဓာတ်ကြီးလေးပါး တရား၌။ အဝစ္စပသာဒေန၊ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ ဘုရားတပည့်သားသည်။ နိရယံဝါ၊ ငရဲဘုံသို့ရင်း။ တိရစ္ဆာနယောနိယံဝါ၊ တိရစ္ဆာန်ဘုံသို့ရင်း။ ပေတ္တိဝိသယံဝါ၊ ပြိတ္တာ,အသုရကာယ်ဘုံသို့ရင်း။ နတွေဝ-ဥပပဇ္ဇိဿတိ၊ ဘယ်အခါကာလမှ မရောက်နိုင် မဖြစ်နိုင်တော့သတည်း။

ဤကား ဓာတ် ၄-ပါးတွေ့၍ ဒိဋ္ဌိကွာပုံ၊ အပါယ်တံခါးပိတ်သွားပုံတည်း။

## ကျမ်းပြုပုဂ္ဂိုလ်၏ အမှာစကား

နိဗ္ဗာန်ကွာပုံကို ဝိပဿနာဖြင့် ခွါပုံ၊ မဂ်ဖြင့်ခွါပုံဟူ၍ အငြင်းထွက်ကြရာ ဝိပဿနာကစ၍ ခွါပုံ,ကွာပုံကို သိရအောင် သာဓကထုတ်၍ ပြခဲ့ပါသည်။ အကျယ်ကိုသိလိုလျှင် ဉာဏစာဂီဘဏ်ကိုက်ကြီးကျမ်း၌၊ နံပါတ် (၁၃၃) ကစ၍၊ (၁၈၁)အထိ သာဓကပေါင်း (၅၀၀)ကျော်ပြခဲ့လေပြီ။

## (၃၃) အဝိဇ္ဇာဖြတ် သံသရာစက်ကြီးရပ်

### မုံရွာမြတ်စွာ၏ မဟာဒေသနာတော်

ပဋိစ္စသမုပ္ပါဒ် ၁၈-ရပ်၌၊ ဇ္ဇာ-ဏှာ-မာဦး၍၊ သတ်ဖြတ်ရပုံမှာ—

ဇ္ဇာ-ခါ-ဝိ-နာ-သ-ဗ-ဝ    ဏှာ-ဥ-ဘ    ဓာ-ဇ-မ-သ-ပ-ဒု-ဒေါ-ဥ

အ ဝိဇ္ဇာ နိဗ္ဗ    တ ဏှာ    မာ န

အဝိဇ္ဇာကို ငါးဌာနဖြင့် ငါးခါသတ်ဖြတ်ပယ်ရှင်းရပုံမှာ—

| | | | | |
|---|---|---|---|---|
| ဝိ | သော | သက | အနာ | ရဟန္တာ |
| ဇ္ဇာသေ | ဇ္ဇာသေ | ဇ္ဇာသေ | ဇ္ဇာသေ | ဇ္ဇာသေ |

ဝိပဿနာအခိုက်၌ရှင်း၊ သောတာပတ္တိမဂ်အခိုက်၌ရှင်း၊ သကဒါဂါမိမဂ်အခိုက်၌ရှင်း၊ အနာဂါမိမဂ်အခိုက်၌ရှင်း၊ အရဟတ္တမဂ်အခိုက်၌ရှင်း အဝိဇ္ဇာသေရ၏။

### (၁) ဝိပဿနာဖြင့် အဝိဇ္ဇာသတ်ဖြတ်ပုံကား

> စက္ခုံခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော ဘိက္ခုနော အဝိဇ္ဇာ ပဟီယတိ၊ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ ။သဠာယတနဝဂ္ဂသံယုတ် ပါဠိတော် နံပါတ် (၃၅)၊ ကြောင်းရေ (၂) ဟံမှု။

ဘိက္ခု၊ ရဟန်း။ စက္ခုံ၊ စက္ခုဓာတ်ကို။ အနိစ္စတော၊ မမြဲသောသဘော အားဖြင့်။ ဇာနတော၊ ကိုယ်တွေ့သိသော။ ပဿတော၊ ဉာဏ်တွေ့မြင်သော။ ဘိက္ခုနော၊ ရဟန်းအား။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်နိုင်တော့၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာတော့၏။ ။ဓာတ်တရားကို အနိစ္စ

နှင့် ဓာနုတော၊ ကိုယ်တွေ့တွေ့မှ၊ ပဿတော၊ ဉာဏ်တွေ့မြင်မှုသလျှင်၊ အဝိဇ္ဇာကွာ၍၊ ဝိဇ္ဇာလာမည်။ တိုက်ရိုက်ပြထားပါသည်။

(၂) အထက်ကပြထားသောပုံစံ၌ ခေတ်ကိုတွေ့၍ ဖွာနေရာ၌ အဝိဇ္ဇာနှင့်ဒွိကွာပုံကိုပြသည်။ ဏ္ဍာနေရာ၌ တဏှာကွာပုံ၊ ဖွာနေရာ၌ မာနကွာပုံနှင့်တကွ၊ ပထမ အဝိဇ္ဇာကွာ၍ သင်္ခါရကစပြီး ၁၈-ဌာန၊ ချုပ်ငြိမ်းသွားပုံကို ပြထားပါသည်။ ဆိုလိုရင်းမှာ ဝိပဿနာအခိုက်၌။ ခေတ်တရားကို တွေ့သဖြင့် အပါယ်လေးဘုံနှင့်ဆိုင်သောအဝိဇ္ဇာချုပ်သည်။ ချုပ်တော့၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ (၁၈) ပါးချုပ်ငြိမ်းရ၏။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး ရပ်သွားတော့၏။ မီးဆဲ့တပါး၊ ဝဋ် ၃-ပါး၊မူလ ၂-ပါး၊ အစပ် ၃-ပါး၊ အလွှာ ၄-ပါး၊အခြင်းအရာ ၂၀-၊အင်္ဂါ ၁၂-ပါး၊ ဒုက္ခက္ခန္ဓသပါ၊ ချုပ်ငြိမ်းတော့၏။

(၃) အဝိဇ္ဇာငါးခုသေလို့ ပဋိစ္စသမုပ္ပါဒ် ၅-မျိုးချုပ်ရပုံမှာ

| | |
|---|---|
| ဝိပဿနာ | အပါယ်နှင့်ဆိုင်ရာပဋိစ္စသမုပ္ပါဒ် ချုပ်ရ၏။ |
| သောတာပန် | ခုနစ်ဘဝထက်ပိုသော၊လူနတ်ပဋိစ္စသမုပ္ပါဒ်ချုပ်ရ၏။ |
| သကဒါဂါမိ | တဘဝထက်ပိုသော လူနတ် ပဋိစ္စသမုပ္ပါဒ်ချုပ်ရ၏။ |
| အနာဂါမိ | ကာမသုဂတိဘဝ၊ ပဋိစ္စသမုပ္ပါဒ်ချုပ်ရ၏။ |
| ရဟန္တာ | ၃၁-ဘုံ ပဋိစ္စသမုပ္ပါဒ်ချုပ်ရ၏။ |

(၄) ဘုရားဟော သာခက ပါဠိတော် သမ္မာပဋိပဒါသုတ်

အဝိဇ္ဇာပျက်၍ သံသရာစက်ကြီး၊ ငါးရပ်ပျက်စီးရပုံ

ကတမာစ ဘိက္ခဝေ (သမ္မာပဋိပဒါ) အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော ဝေဒနာနိရောဓာ တဏှာနိရောဓော၊တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏ၊ သောကပရိဒေဝဒုက္ခ ဒေါမနဿုပါ

ယာသာနိရုဇ္ဈန္တိ၊ ဝေဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ ။နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ နံ၊ (၄) ကြောင်း ၅-ဟံမှူ။

ခေတ်တရားပေါ်၍၊ အပါယ်နှင့်ဆိုင်ရာ၊ အဝိဇ္ဇာချုပ်ငြိမ်းသဖြင့်သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ ဒုက္ခက္ခန္ဓသပါ ချုပ်ငြိမ်း၏။ မီးဆဲ့တပါး၊ မူလ ၂-ပါး၊ ဝဋ် ၃-ပါး၊ အဝင် ၃-ပါး၊ အလွှာ ၄-ပါး။ အခြင်းအရာ ၂၀၊ အင်္ဂါ ၁၂-ပါး၊ ဒုက္ခက္ခန္ဓသချုပ်ငြိမ်းရတော့၏။

၅ အဝိဇ္ဇာစက်   တဏှာစက်

စက်တချပျက်လျှင်၊ အားလုံးပျက်၍ ရပ်တန့်ရတော့၏။

၆ အဝိဇ္ဇာမြေ၊ တဏှာရေ၊ ကံတွေမျိုးကျ၊ သန္ဓေရ၏။
အဝိဇ္ဇာခြောက်၊ တဏှာပျောက်၊ ကံခြောက်သန္ဓေပရ၏။

၇ မြွေသတ်ဥပမာ၊ ခေါင်း=====ခါး=====အမြီး
၈ အသီးတရာ အညှာတခု၊ စကားပုံအတိုင်းသတ်ဖြတ်ကြပါ။
၉ တချက်ခုတ်အားလုံးပြတ်၊ စကားပုံအတိုင်းသတ်ကြပါ။
၁၀ တန္ဒယ်ငင်၊ တစဉ်ပါ၊ စကားပုံအတိုင်းသတ်ကြပါ၊
၁၁ အမြစ်လဲ၊ အဖျားထင်းဖြစ် ပုံအတိုင်းသတ်ကြပါ။

| | |
|---|---|
| ၁၂ ဝိသဒေါတို့နမူနာ | လူနတ်ဗြဟ္မာခံနမူနာ |
| လောဘဒေါသမောဟရှိ | လောဘဒေါသမောဟရှိ |
| အဝိဇ္ဇာကွာဒိဋ္ဌိကွာလို့ | အဝိဇ္ဇာ၊ဒိဋ္ဌိမကွာလို့ |
| အပါယ်တံခါးပိတ်၏ | အပါယ်ခလာ ခလာကျရ၏။ |
| အာဠာဝက၊အင်္ဂုလိမာလငြိ။ | အာဠာရ၊ဥဒက၊ဒေဝိလ၊ပူတုန်းဆုတုန်း |

(၁၃) အဝိဇ္ဇာချုပ်ငြိမ်း ကိလေသာနိဗ္ဗာန်သူ သေရပုံမှာ
ခေတ်တရားတွေ့သွားလို့ပါတဲ့

တသ္မာ တောယ ပုစ္ဆာဘာဂေ ဝိပဿနာဉာဏသင်္ခါတာယ သမ္မာ ဒိဋ္ဌိယာ အဝိဇ္ဇန္ဓကာရံ ဝိဓိမ္မိသေတွာ ကိလေသစောရေ ဃာတေန္တော

ခေမေန ယောဂါဝစရော နိဗ္ဗာနံ ပါပုဏာတိ။ ။ဧက အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ နံ (၄၁၄) ကြောင်း (၁၂) ကပိမှု။

တည္ဟာ၊ ထိုကြောင့်။ ပုဗ္ဗဘာဂ၊မဂ်၏ရှေးအဘို့၌။ ဝိပဿနာဉာဏသင်္ခါတာယ၊ ဝိပဿနာဉာဏ်ဟုဆိုအပ်သော။ သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိဖြင့်။ အဝိဇ္ဇန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို။ ဝိဒ္ဓံသေတွာ၊ ဖျက်ဆီး၍။ ကိလေသစောရေ၊ ကိလေသာတည်းဟူသော ခိုးသူတို့ကို။ ဃာတေန္တော၊ သတ်ဖြတ်လျက်။ ခေမေန၊ ဘေးရန်မရှိသဖြင့်။ ယောဂါဝစရော တရားကိုအားထုတ်သောသူသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်ကြီးသို့။ ပါပုဏာတိ၊ ရောက်ရတော့၏။

လိုရင်းမှာ၊ ဓာတ်တရားတွေ့သွားလျှို (၁) အဝိဇ္ဇာကိုခွါနိုင်ခြင်း (၂) ကိလေသာခိုးသူတို့ကိုသတ်နိုင်ခြင်း (၃) ဘေးရန်မရှိတော့ဘဲ ဖြေမြေ့ ရွှင်ရွှင်ပျပျချည်းနေ၍သွားရခြင်း(၄) နိဗ္ဗာန်သို့ရောက်ရခြင်းဖြစ်၏။

(၁၄) ပထဝီခါတုံ ခေါ် ရာဟုလ အနိစ္စတော ဓာနတော ပဿတော သဏ္ဍာယ ဒိဋ္ဌိ ပဇဟာတိ၊ ဝိစိကိစ္ဆံ ပဇဟာတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ သံယုတ်ပါဠိတော်။ ။(အနက်ကား— ရှေးကရေးခဲ့ပြီ။)

ဓာတ် ၆-ပါးတွေ့၍၊ အနိစ္စတွေ့၍၊ ဓာနတောဖြင့် ကိုယ်တိုင်တွေ့၍ ပဿတောဖြင့် ဉာဏ်တွေ့တွေ့၍၊ (သဏ္ဍာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာပါ သေကြေရ၏။ဝိဇ္ဇာတွေ့လဲရရှိတော့၏။ မဂ်ဉာဏ်မဟုတ်ရသေးပါ။)

(၁၅) ဣဓ ဘိက္ခဝေ ဘိက္ခု သမ္မာဒိဋ္ဌိံ ဘာဝေတိ၊ (လ) ဖုံ ခေါ် ဘိက္ခဝေ ဘိက္ခု သမ္မာပဏိဟိတာယ ဒိဋ္ဌိယာ သမ္မာပဏိဟိ တာယ မဂ္ဂဘာဝနာယ အဝိဇ္ဇံ ဘိန္ဒတိ၊ ဝိဇ္ဇံ ဥပ္ပါဒေတိ နိဗ္ဗာနံ သစ္ဆိ ကရောတိ။ ။မဟာဝဂ္ဂသံယုတ်ပါဠိတော် နံ (ဂ)၊ကြောင်း (၂၇) ဟံမှု။

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိကို။ ဘာဝေတိ၊ ပွါးများ၏။ (လ) ဘိက္ခဝေ၊ ချစ်သားတို့။ ဖုံခေါ်၊ ဤသို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ သမ္မာပဏိဟိတာယ၊ ကောင်းစွာ ဆောက်တည်အပ်သော။ ဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိဖြင့်။ သမ္မာပဏိဟိတာယ၊ ကောင်းစွာဆောက်တည်အပ်သော။မဂ္ဂဘာဝနာယ၊ မဂ်ကိုပွါးများခြင်းဖြင့်၊

အဝိဇ္ဇာ၊ အဝိဇ္ဇာတရားကို။ ဘိန္နတိ၊ ဖြိုခွဲတော့၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာကို။ ဥပ္ပါဒေတိ၊ ဖြစ်စေတော့၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုတော့၏။

(၁၆) ယတော ခေါ ဘိက္ခဝေ ဘိက္ခုနော အဝိဇ္ဇာ ပဟီနာ ဟောတိ ဝိဇ္ဇာ ဥပ္ပန္နာ၊သော အဝိဇ္ဇာ ဝိရာဂါ ဝိဇ္ဇုပ္ပါဒါ နေဝပုညာဘိသင်္ခါရံ အဘိသင်္ခရောတိ နအပုညာဘိသင်္ခါရံ၊ နအာနေဉ္ဇာဘိသင်္ခါရံ အဘိသင်္ခရောတိ။ ။နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်၊ နှာ (၆၁) ကြောင်း(၂၂) ဟံမှု၍။

ခေတ်တွေ့ အဝိဇ္ဇာကွာ၊ ဝိဇ္ဇာလာ၊ သင်္ခါရ ၄-ပါး မပြုတော့ဘူးတဲ့ဗျာ

(၁၇) အဝိဇ္ဇာဂတောယံ ဘိက္ခဝေ ပုရိသပုဂ္ဂလော ပုညာဘိသင်္ခါရံ အဘိသင်္ခရောတိ။ ပုညုပဂံ ဟောတိ ဝိညာဏံ၊ အပုညဉ္စေ သင်္ခါရံ အဘိသင်္ခရောတိ၊ အပုညုပဂံ ဟောတိ ဝိညာဏံ၊ အာနေဉ္ဇဉ္စေ သင်္ခါရံ အဘိသင်္ခရောတိ၊ အာနေဉ္ဇုပဂံ ဟောတိ ဝိညာဏံ။ ။နိဒါန ဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ (၆၁)၊ ကြောင်း (၁၆) ဟံမှု၍။

(၁၆–၁၇) ပါဠိကား ဉာဏစာဂီ ဖြေသွား၍ အဓိပ္ပါယ်ပါရေး၍ ပြီးစီးခဲ့သဖြင့်၊ ၅၅ သာကေသာဖြစ်ပါသည်။

အဝိဇ္ဇာကို ပယ်ခွါခဏ်းကြီး ပြီးစီးတော့၏။

(၃၄) အမှန်ဆုံးတရား တန်ဘိုးအကြီးဆုံး

သစ္စာတရား တန်ဘိုးအကြီးဆုံး

ဝင်းတရားနှင့်နေသူများတန်ဘိုးအကြီးဆုံး

လေးကဘ်၍ ပစ္စည်း၏တန်ဘိုး၊ အလုပ်၏တန်ဘိုး၊ နေရာ၏တန်ဘိုးစသည့်တို့ကို ဆုံးဖြတ်ရာတွင် မှန်ကန်မှုကိုအရင်းထား၍ ဆုံးဖြတ်ရသကဲ့သို့၊ လူ၏တန်ဘိုးကိုလည်း မှန်ကန်မှုကိုအရင်းထား၍ ဆုံးဖြတ်သောနည်းလမ်း စည်းစနစ်သည့်သာလျှင် အကောင်းဆုံးသော ဆုံးဖြတ်နည်းမျိုး၊ စည်းစနစ်မျိုး ဖြစ်ပေလိမ့်မည်။ ထိုမှမက တရား၏ တန်ဘိုးကိုလည်း မှန်ကန်မှုကို အရင်းထား၍ ဆုံးဖြတ်ရမြဲဓမ္မတာဖြစ်သေသည်။

ဗုဒ္ဓရှင်ပင်ဘုရားသည်ပင်လျှင် ဓမ္မိယရ ဓမ္မရာဇာ ဓမ္မသာမိ၊ တရားမင်းကြီး၏အဖြစ်သို့ ရောက်တော်မူရခြင်းမှာ အမှန်ကန်ဆုံးဖြစ်သော တရား

တော်တို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူခြင်း၊ ဟောကြားတော်မူခြင်း ကြောင့်သာလျှင်ဖြစ်ပေသည်။ ဗုဒ္ဓရှင်ပင်တရား၏ အရေးအကြီးဆုံးသော ဟောကြားတော်မူချက်ဖြစ်သည့်တရားဦးကို(သစ္စာ)ဗမာလို(အမှန်ကန်ဆုံး) ဟူသောအမည်ဖြင့် သတ်မှတ်၍ ဟောကြားခဲ့လေသည် မဟုတ်ပါလော။ ထိုသစ္စာ၊ အမှန်ကန်ဆုံးတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသည့် အတွက်ကြောင့်ပင် ဘုရားသခင်ကို(သမ္မာသမ္ဗုဒ္ဓ)ဟူ၍ ဘွဲ့တပ်ခဲ့ရပါသည်။ ဗမာလို (မဖေါက်မပြန် သစ္စာအမှန်ကို အသိဆုံးပုဂ္ဂိုလ်ကြီးပါပေတကားဟု ဆိုလိုပါသည်။ )

သစ္စာအမှန်ကိုသိ၍ အကျိုးသန်သူ, အတိုးတန်သူ, အမျိုးမှန်သူ, တန်းခိုး လျှံသူများကား မဟာသမုဒ္ဒရာ၌ရှိသော သဲလုံးအမျှ ပွင့်တော်မူကြသော ဘုရားကြီးတွေ၊ ပစ္စေကဗုဒ္ဓါတွေ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိ သာဝကတွေနှင့် ၂၄-သချေ၊ ကုဋေ-၆၀၊ မိုလ်ခြေတသိန်းတို့တည်း။

## အမှန်ဆုံးတရားရှိသူနှင့် မရှိသူများ

အမှန်ဆုံးသော သစ္စာတရားရှိသူနှင့် မရှိသူတို့၏ ခြားနားချက်ကိုဖေါ်ပြ ရာတွင် မဟာပရိနိဗ္ဗာနသုတ်တော်စသော ထိုထိုသို့သော ပါဠိတော်ကြီး များ၌ ဘုရားရှင်ဟောထားခဲ့သည်ကား။—

> စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ ယထာဘူတံ အဇ္ဈသာနာ အနနု ဗောဓာ အပ္ပဋိဝေဓာ၊ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဥ္စေဝ တုမှာကဉ္စ။ ။ဟူသတည်း။

ချစ်သားတို့....အရိယာတို့၏ သစ္စာလေးပါး တရားမြတ်ကို ပရိယတ္တိ ဉာဏ်၊ ပဋိပတ္တိဉာဏ်၊ ပဋိဝေဓဉာဏ်ဖြင့် မသိခြင်း မတွေ့ခြင်းကြောင့် ဤမျှလောက် ရှည်လျားလှစွာသော သံသရာ ကာလပတ်လုံး သင်တို့ သည်၎င်း၊ ငါဘုရားအလောင်းသည်၎င်း ကျင်လည်ခဲ့ရလေပြီ။ ပြေးသွား ခဲ့ရလေပြီ။ ။ဤသစ္စာလေးပါး အမှန်ကိုသိမှ၊ တွေ့မှ၊ သံသရာကြီးပြတ် မည်တဲ့။ ။ထိုမှတပါးလည်း အနမတဂ္ဂသုတ်ကိုဟောရာ၌၊ သုဂတိဘုံသို့ အရောက်နည်းပါး၍၊ဒုဂ္ဂတိဘုံသို့အရောက်များပြားနေရခြင်းအကြောင်းကား (အမှန်ကန်ဆုံးဖြစ်သော သစ္စာလေးပါးတရားတော်ကို မမြင်၊ မတွေ့ကြလို့ ပါဘဲတဲ့။) ထို့ကြောင့် ၎င်းသုတ်တော်ကြီး၌။—

အထခေါ ဧတေဓေ ဗဟုတရာ၊ သတ္တာ ယေပေတ္တိဝိသယာ စုတာ ပေတ္တိဝိသယေ ပစ္စာဇာယန္တိ၊ တံကိဿဟေတု၊ အဒိဋ္ဌတ္တာ ဘိက္ခဝေ စတုန္နံ အရိယသစ္စာနံ–ဟူ၍ဟောခဲ့ပါသည်။

အဓိပ္ပါယ်ကား၊ ပြိတ္တာဘုံမှ ရတေ့၍ ပြိတ္တာဘုံသို့ ရောက်သူကား များပြားလှပါ၏၊ ပြိတ္တာဘုံမှစုတေ့၍ လူ့ဘုံ နတ်ဘုံသို့ ရောက်သူကား နဲပါးလှပါ၏။ အဘယ့်ကြောင့် နည်းဟူမူကား၊ သစ္စာ ၄-ပါး၊ အမှန်ဆုံး တရားကိုမတွေ့မမြင်သောကြောင့်ပါတဲတဲ့။

(အမှန်သိ၊သန္တိဘုံသို့တိုင်) သိလောက်ပါပြီ။

ကမ္ဘာပေါ်ရှိ သုတေသန လုပ်ငန်းဟူသမျှတို့မှာ မှန်ကန်မှုကိုသိနိုင်ရန် အဓိကထားရသော လုပ်ငန်းများသာဖြစ်လေသည်။ ကမ္ဘာပေါ်ရှိ တရား ရုံးတော် ဟူသမျှတို့မှာသည်း မှန်ကန်မှု အတွက် မှတ်ကျောက်ထင်ရာ ဌာနကြီးများသာတည်း ဖြစ်လေသည်။ လူတို့၏ တန်ဖိုးကို မှန်ကန်မှုဖြင့် ဆုံးဖြတ်ရမည်ဟုဆိုရာ၌လည်း အပြုအမူအားဖြင့် မှန်ကန်မှု၊ အပြောအဆို အားဖြင့်မှန်ကန်မှု၊ စိတ်နေစိတ်ထားအားဖြင့်မှန်ကန်မှု–ဟူ၍ သုံးမျိုးခွဲခြားပြီး ကြည့်ရှုနိုင်လေသည်။

ကိုယ်ကျိုးငဲ့၍ဖြစ်စေ၊ ကိုယ်နှင့်ပတ်သက်သည့်ပုဂ္ဂိုလ်များကိုငဲ့၍ဖြစ်စေ၊ ချစ်၍ဖြစ်စေ၊ မုန်း၍ဖြစ်စေ၊ မလို၍ဖြစ်စေ၊ ကြောက်၍ဖြစ်စေ၊ မသိ၍ဖြစ်စေ၊ မှန်ကန်မှု၏တန်ဖိုးကို စေတနာနှင့်တကွ ယုတ်လျော့အောင် မည်သည့် နည်းနှင့်မျှ မပြုမူ၊ မပြောဆိုသင့်ပါပေ။ ။ယခုခေတ်၌၊ ကိုယ်ကျိုး ကိုယ့် စီးပွါးအတွက်လည်း မှန်ကန်မှုကိုဖျောက်ဖျက်ကာ၊ လိမ်လည်မှု၊ လှည့်ပတ်မှု ညာဝါးမှု၊ ခိုးမှု၊ ဖြန်းမှု၊ တိုက်မှု၊ ခိုက်မှု၊ ရှိမှု၊ တို့မှ စသည်တို့ကိုအားရပါးရ ပြုလုပ်သူတို့သာလျှင် ပေါ်များလျက် ရှိသည်တို့ကို တွေ့ရလေသည်။ ။ (ဦးကား တဦးစီ၏ တရားပျက်ကြပုံတည်း။)

အမှန်ကန်ဆုံးတရားကြီး ပေါ်ပွင့်နေပါပြီ။

အလောင်းမှန်လို့ ရထားဆိုက်၍နေပါပြီ။

သုန်းကဲ်အထျောက် စကြာရောက်၍နေပါပြီ။

အများကိုတော်လှန်ပြီး၊ အမှန်သို့လိုက်ကြပါစို့ရဲ့ ဗုဒ္ဓဘာသာသာတို့····

တခဏ်းပြီး၏။

## မူလအရင်းအမြစ်ရှိ အမှန်ကန်ဆုံးတရားတော်
## (၃၅) (ဓမ္မ) ဆိုတာဟာ (သဘာဝ) ပါဘဲ
## (တရား) ဆိုတာဟာ (သဘာဝ) ပါဘဲ

(သဘောတရား) (တရား၊ သဘော) ဘယ်ပြန်ညာပြန် ကောက်ကြည့်ကြပါ၊ ဟိုရှေးရှေးက လူကြီးသူမများက နောင်လာနောက်သားတို့အား တရားရ၍၊ ဖြေမြဲမြဲ၊ ရွှင်ရွှင်ပျပျ၊ ချမ်းသာသုခကြီးနှင့်နေရစ်ကြပါရန် သူတို့၏ ပါးစပ်ဖျားဌ်၊ (သဘော၊ တရား၊ သဘော၊ တရား) အမြဲပင်၊ မြည်တမ်း၍ နေကြတာကို သင့်နားဌ် ဆတ်ဆတ်ကြီး ကြားဘူးတယ်မဟုတ်ပါလား။ တွေး၍ပင်မနေနိုင်တော့။ (သဘော) ဟာ (တရား) ပါဘဲ၊ (တရား) ဟာလဲ (သဘော) ပါဘဲတဲ့။ ။စာပေကျမ်းဂန်ဌ်၊ အဘိဓမ္မာ အမှန်ဆုံးဆိုတဲ့ ဒေသနာထဲမှာ။—

ကုသလာဓမ္မာ။ ။အကုသလာဓမ္မာ။ ။အဗျာကတာဓမ္မာ။ ရယ်လို့ ဓမ္မသင်္ဂဏီပါဠိတော်ဌ်အစဦးစွာ ဟော၍ထားပါတယ်။ ။ဓမ္မာ။ဆိုတဲ့ပုဒ်ကို အဋ္ဌကထာဆရာကြီးကဖွင့်၍ပြတော့၊ (ဓမ္မာနိသတ္တ၊နိဇီဝ သဘာဝါ) ဟူ၍ ဓမ္မာပုဒ်ကို သဘာဝါပုဒ်နှင့် ဖွင့်ခဲ့တယ်မဟုတ်ပါလား။ အဋ္ဌသာလိနီ အဋ္ဌကထာဌ်ဖွင့်၍ပြပုံတည်း။ (ဓမ္မာဆိုတဲ့တရားဟာ။ သဘာဝါဆိုတဲ့၊ သဘောပါဘဲတဲ့) မငြင်းနဲ့တော့၊ ဓမ္မာအရဟာ။ သဘာဝဖြစ်ခဲ့ပါလျှင် ဟုတ်ခဲ့ပါလျှင်၊မှန်ခဲ့ပါလျှင်၊ ဘာတော့မဟုတ်ဘူးလဲ ဆရာရဲ့ဟူ၍ မေးစရာ ရှိလေတော့။ အဋ္ဌကထာကြီးက ဖြေပြပြန်သည်မှာ၊ ဓမ္မာဆိုတာဟာ သဘာဝါပါဘဲ။ အဲဒီသဘာဝါဟာလဲ (နိသတ္တ) သတ္တဝါဟူ၍ ခေါ်ဝေါ် စရာပင်မရှိပါတဲ့။(နိဇီဝ)အသက်မှုပါဘဲ။လိပ်ပြာပါဘဲဟူ၍ပင် ခေါ်ဝေါ်စရာ မရှိပါတဲ့။ သူအမှန်ရှိတာကတော့။(သဘာဝါတဲ့) သဘောသာ၊ဓာတ်သာ၊ သတ္တိသာ၊ပူတာ၊ ဓောသာ အမှန်ကေန်ရှိပါတယ်။ ။ပညတ်ဆိုလုံးဝမရှိပါဘူးတဲ့။ ။လူနတ်ပြဟ္မာတွေက မှားထင်၊မှားသိ၊ မှားမြင်၊ မှားယူနေကြတဲ့ သတ္တဝါဘဲ၊ ပုဂ္ဂိုလ်ဘဲ၊ သူဘဲ၊ ငါဘဲ၊ လူဘဲ၊နတ်ဘဲ၊ ပြဟ္မာဘဲ၊ မိန်းမဘဲ၊ ယောကျ်ားဘဲ၊ အတုံး၊ အခဲ၊ အပိုင်၊ အဖြုန်းအရှုန်၊ အမှားစသော သမူဟ၊ ဃန၊ သဏ္ဌာန၊ သန္တတိ၊ နာမစသော ပညတ်ဆိုတာ တခုမှမရှိ။ (သဘောတရား) မျှသာ ရှိပါတယ်တဲ့။ အဲဒါမှ သမ္မာဒိဋ္ဌိ အယူမှန်ကြီး ပါဘဲ။

## (၃၆) ဓမ္မဆိုတာဟာ သဘာဝ ပါဘဲတဲ့

၁။ တဏ္ဍ ဓမ္မောတိ သဘာဝေါ။ နံ(၁၁၃) ကြောင်း (၁) ဗိဋ္ဌဇာတ်၊ စတုကနိပါတ်။ တဏ္ဍ၊ ထိုဂါထာ၌။ ဓမ္မောတိ၊ တရားဆိုသည်ကား။ သဘာဝေါ၊ သဘောမျှသာတည်း။ (တရားဆိုတာ သဘောပါဘဲ)

၂၊ တဏ္ဍ ဓမ္မေနာတိ သဘာဝေန။ နံ (၁၁၆) ကြောင်း (၁၉) ထုသဇာတ်၊ စတုကနိပါတ်။ ၊တဏ္ဍ၊ ထိုဂါထာ၌၊ ဓမ္မေနာတိ၊ တရားသဖြင့် ဟူသည်ကား၊ သဘာဝေန၊ သဘောအားဖြင့်။(တရားဟာ၊သဘောပါ)

၃၊ ဓမ္မောတိ သဘာဝေါ။ နံ (၁၅၅)ကြောင်း (၂၂) သရဘင်္ဂဇာတ်။ စတ္တာလီသနိပါတ်၊ ။ဓမ္မောတိ၊ တရားဟူသည်ကား၊ သဘာဝေါ၊ သဘောပင်တည်း။ တရားဟာ သဘောပါဘဲတဲ့။

၄။ သတံဓမ္မောတိ ပဏ္ဍိတာနံ သဘာဝေါ။ နံ (၃၈၄) ကြောင်း (၅) ရုရုဟံသဇာတ်။ အသီတိနိပါတ်။ ။သတံဓမ္မောတိ၊ သူတော်ကောင်းတို့၏ တရားဆိုသည်ကား၊ ပဏ္ဍိတာနံ၊ ပညာရှိတို့၏၊ သဘာဝေါ၊ သဘောတည်း။ ။တရားဟာ သဘောပါဘဲ။ ပူတာ၊ အေးတာ၊ ဖြစ်တာ၊ ပျက်တာ ပါဘဲ။

၅၊ ဓမ္မေနာတိ သဘာဝေန။ နံ(၃၉၈) ကြောင်း (၉) ရုရုဟံသဇာတ်၊ အသီတိနိပါတ်။ ၊ဓမ္မေနာတိ, တရားသဖြင့်ဟူသည်ကား၊ သဘာဝေန၊ သဘောအားဖြင့်။ ။တရားဟာ သဘောပါဘဲ၊ ဓာတ်ကြီး ၄-ပါးပါဘဲ။

၆။ ဓမ္မောတိသေ ပေါရာဏကပဏ္ဍိတာနံ သဘာဝေါ။ နံ (၄၀၇) ကြောင်း (၁၄) မဟာဟံသဇာတ်။ အသီတိနိပါတ်၊ ။ဓမ္မောတိ သေ၊ တရားဟူသော ဤအမည်သည်။ ပေါရာဏက ပဏ္ဍိတာနံ၊ ရှေးရှေးသော ပညာရှိကြီးတို့၏။ သဘာဝေါ၊ ပကတိပင်ကိုယ်သဘောတရားပင်တည်း။

၇၊ ဓမ္မေနာတိ သဘာဝေန၊ နံ (၄၅၇) ကြောင်း (၉) သုဓာဘောဇန ဇာတ်။ အသီတိနိပါတ်။ ၊ဓမ္မေနာတိ၊ တရားနှင့်ဟူသည်ကား။ သဘာဝေန၊ သဘောနှင့်။ ၊တရားဟာ သဘောပါဘဲ။

၈၊ မဟာရာဇ သဗ္ဗသင်္ခါရေ (ယထာသဘာဝံ သဘာဝ ဝသေန) သမ္မသိတွာ အင်္ဂပလံ ဆရဟတ္တံ ပတ္တော၊ ။ဝိဓူရပဏ္ဍိတဇာတ်အဋ္ဌကထာ။ ဆက္ကနိပါတ်၊ နံ (၂၉၁) ကြောင်း (၃၁) ၌။ ။မဟာရာဇ၊ မြတ်သော မင်းကြီး၊ သဗ္ဗသင်္ခါရေ၊ အလုံးစုံသောသင်္ခါရတို့ကို။ ယထာသဘာဝံ၊ သူ၏

ပင်ကိုယ်သဘောအတိုင်း။ သဘာဝ ဝသေန၊ ပူဇ စသော အသာဓာရဏ သဘော၊ အနိစ္စစသော သာဓာရဏသဘော၏အစွမ်းအားဖြင့်။ သမ္မသိတွာ၊ သုံးသပ်၍၊ အဂ္ဂဖလံ၊ အမြတ်ဆုံးဖိုလ်၊ ထိပ်ဆုံး ဖိုလ်ဟုဆိုအပ်သော။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တတ္တာ၊ ရောက်သည်၏အဖြစ်ကြောင့်။ ဓမ္မောနာမ၊ သဘောတရားမည်ပေ၏။

ပူဇာ ဩဇာစသော ဓာတ်ကြီး ၄-ပါးသည်၊ သဗ္ဗသဘိရလဲဟုတ်၏။ ယထာ သဘာဝံလဲဟုတ်၏။ သဘာဝဝသေနလဲဟုတ်၏။ ၎င်းကိုရှုပွါး သုံးသပ်၍နေလျှင်၊ အဂ္ဂဖလဖိုလ်, အရဟတ္တဖိုလ်သို့ ကေန်ရောက်နိုင်ပုံကို ဤပါဠိက သေသေချာချာ ဝေဝေဆာဆာ နေရာတကျ ပြထားပါသည်။

မြတ်သောမင်းကြီး၊ သင်္ခါရတရားတို့ကို ပူခြင်း ခြေင်းစသော မဆက်ဆံသော သဘောဖြင့်၎င်း၊ မမြဲခြင်းအနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ အစိုးမရခြင်း အနတ္တ၊ စသော ဆက်ဆံသောသဘောဖြင့်၎င်း၊ ဆိုဟုတ်မှန်သောသဘော၏ အစွမ်းအားဖြင့် ထပ်တလဲလဲ အမြဲမပြတ် သုံးသပ်ရှုပွါး၍နေမည်ဆိုပါလျှင် အမြတ်ဆုံးဖိုလ်၊ အမြင့်ဆုံးဖိုလ်၊ ထိပ်တန်းဖိုလ်လို့ခေါ်ရတဲ့ အရဟတ္တဖိုလ်သို့ ရောက်သောကြောင့် ဓမ္မခေါ်ပါတယ်။ သဘောဟုခေါ်ပါတယ်။ အဲဒါဟာ သဘောရှုလို့ ရဟန္တာဖြစ်သွားရပုံဘည်း။ ။ဤ (၈) နံပါတ် ပါဠိတပုဒ်တဲ့နှင့် နိဗ္ဗာန်အသိခရီးရောက်တော့၏။

(၉) ယထာသဘာဝံ ဝိဒတိ ဇာနာတိတိ ဝိဇ္ဇာ၊ ဉာဏံ ပညာ၊ ဝိကာ ကျော်နှင့် မဟာဋီကာစသော ကျမ်းဂန်ကြီးများ၌ ဖွင့်ပြပုံတည်း။ ယထာသဘာဝံ၊ ပူဇစသော (သဘော) အနိစ္စစသော (သဘော) ကို။ ဝိဒတိ-ဇာနာတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိဇ္ဇာ၊ ဝိဇ္ဇာတရားမည်၏။ ဉာဏံ၊ ဉာဏ်လည်းမည်၏။ ပညာစ၊ ပညာလည်းမည်၏။ ။တကဲ့ ကိုယ်ခန္ဓာထဲမှ ပူဇစသောသဘောနှင့် အနိစ္စစသော သဘောကို တွေ့မှသာလျှင် ဝိဇ္ဇာရပြီ၊ ဉာဏ်ကိုရပြီ၊ ပညာကိုရပြီဟု စိတ်ချယုံကြည်နိုင်ပါသည်။

(၁၀) အဋ္ဌဂိကေန မဂ္ဂေန နိဗ္ဗာနံ ဂတတ္တာ ဥဇုဂတာနံ မဟာဒိဏာသဝါနံ ဥပပတ္တိဒေဝေဟိ ဥတ္တရိတရာနံ ဝိသုဒ္ဓိဒေဝါနံ။ ။ဝိဇ္ဇာဝရဇာတ်။ ဆက္ကနိပါတ်အဋ္ဌကထာ။ နံ (၂၉၂) ကြောင်း (၁) ၌။ အဋ္ဌဂိကေန၊ အင်္ဂါ ရှစ်ပါးရှိသော။ မဂ္ဂေန၊ မဂ္ဂင်တရား မဂ်ဘရားဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဂတတ္တာ၊ ရောက်သည်၏ အဖြစ်ကြောင့်။ ဥဇုဂတာနံ၊ ဖြောင့်မတ်စွာ ရောက်ကြကုန်သော။ ဥပပတ္တိဒေဝေဟိ၊ ဥပပတ်နတ်တို့ထက်။ ဥတ္တရိ

တရားနှံ၊ လွန်ကဲမြင့်မြတ်ကြကုန်သော၊ ဝိသုဒ္ဓိဒေဝါနှံ၊ ကိလေသာမှစင်ကြယ်ကုန်သော နတ်ဟုဆိုအပ်ကုန်သော။မဟာခီဏာသဝါနှံ၊ ရဟန္တာကြီးတို့၏။ ဓမ္မော၊ သဘောတရားတည်း။ ။မဂ္ဂင် ၈-ပါးဟာ ရဟန္တာကြီးတို့၏တရား ပါဘဲ။ (၈)နံပါတ်ပါငြီ၌။ ဝိသေသသဘော။ ပူခြင်း ဖြေခြင်းသဘောစသည် တည်း။ သာမညသဘော။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ပင်တည်း။ ၎င်းသဘာဝ နှစ်မျိုးကိုတွေ့မှ၊ သိမှ၊ ရဟန္တာဖြစ်နိုင်ပါသည်။

(၁၀) နံပါတ်၌၊ မဂ္ဂင်ရှစ်ပါးဖြင့် အမှန်ကိုမြင်၍၊ ဥဇုဂတဖြစ်သည်။ ဖြောင့်ဖြောင့်ကြီးနှင့်တက်သည်။မဟာခီဏာသဝဖြစ်သည်၊ အကြီးဆုံးသော အာသဝတရားကုန်ခန်းသော ရဟန္တာကြီးများဖြစ်ရသည်၊ ဥတ္တရိတရ ဖြစ်သည်၊ အမြတ်ဆုံးဖြစ်သည်။ ဝိသုဒ္ဓိဒေဝဖြစ်သည်၊ ကိလေသာအားလုံးမှ စင်ကြယ်သော သာဝကနတ်ကြီးတပါးဖြစ်သည်၊ မဂ္ဂင် ၈-ပါးရရှိလို့ပါ ဘဲတဲ့။

(၁၁) (သဘော)ဟာ (တရား) ပါဘဲဆိုတာကိုတော့ သိရပါပြီ။ (ဓာတ္ထု၊ သဘာဝတ္ထု၊ သုညတတ္ထု၊ နိသတ္တ၊ နိဇီဝ၊ အတူတူဖြစ်ကြပုံမှာ ကား–ဓာတွတ္ထောနာမ သဘာဝတ္ထော သုညတတ္ထော နိသတ္တော နိဇီဝေါ တဲ့ အဋ္ဌကထာကြီးများ၊ ဋီကာကြီးများ၌ ဖွင့်ဆို၍ထားကြပုံတည်း။ ။ ဓာတွတ္ထောနာမ၊ ဓာတ်၏အနက်မည်သည်ကား။ သဘာဝတ္ထော၊ သဘော တရားတို့၏အနက်ပင်တည်း။ သုညတတ္ထော (သတ္တ၊ ပုဂ္ဂလ၊ နရ၊ ဒေဝ၊ ဗြဟ္မာ စသည်မှ ဆိတ်သုဉ်းသောအနက်ပင်တည်း။ နိသတ္တော၊ သတ္တဝါ မဟုတ်။ နိဇီဝေါ၊ အသက်လိပ်ပြာမဟုတ်။ သဘာဝတ္ထော၊ ပူခြင်း, ဖြေခြင်း စသော ဝိသေသသဘောအနက်နှင့် အနိစ္စအစရှိသော သာမညအနက် သဘောပင်တည်း။ ။ပူခြင်း, ဖြေခြင်း၊ မမြဲခြင်း, ဆင်းရဲခြင်း၊ အစိုးမရခြင်း တို့ကား ဓာတွတ္ထုဘဲ၊ သဘာဝတ္ထုဘဲ၊ သုညတတ္ထုဘဲ၊ နိသတ္တဘဲ၊ နိဇီဝဘဲ၊ တရားအစစ်ပါဘဲဟူ၍ သိကြပါ။

## (၃၇) ဘုရားကာအရှာခိုင်းတဲ့တရားကို အတွေ့ရှာကြပါ

(၁) စတ္တုးရိ မဟာဘူတာနိတဲ့ မဟာဘုတ်ခေါ်တဲ့ ဘူတရုပ်ဟုခေါ်တဲ့ ဓာတ်ကြီးလေးပါးကိုတွေ့အောင် ဦးစွာရှာကြပါကုန်၊ တွေ့သွားပါလျှင်—

(၂) စတုန္နံ့စ မဟာဘူတာနံ ဥပါဒါယရူပံတဲ့။ ၎င်းမဟာဘုတ် ဓာတ်ကြီးလေးပါး၌ ကပ်မှီ၍နေတဲ့ ဥပါဒါရုပ်ကို ဒုတိယရှာကြပါကုန်။ အဲဒါ

ခန္ဓဝဂ္ဂသံယုတ် စတုကအင်္ဂုတ္တိုရ်ပါဠိ၊ ဝိသုဒ္ဓိမဂ်၊ သင်္ဂြိုဟ်၊ မူလပဏ္ဏာသ၊ စသော ပါဠိတော်အဋ္ဌကထာများက အရှာခိုင်းတာပဘဲ။

(၁) ခတ်ကြီးလေးပါးကို။ ဦးစွာရှာကြပါ။ ဒါမှအမှန်တရားပါ။
(၂) ဂုင်းဒွမ္မိတွယ်နေတဲ့ ဥပါဒါရုပ်ကိုရှာကြပါ။ ဒုတိယအမှန် တရားပ ဘဲ။

ဘာဘာညာညာလုပ်၍ မနေကြပါနဲ့။ရုပ် ၂-မျိုးကို တွေ့အောင်ရှာကြပါ။ ခတ်ကြီး ၄-ပါးက ပဌမ၊ ဖြစ်ပျက် ရုပ္ပနသဘော၊ ဝိပရိဏာမသဘော၊ ဆိုတဲ့ ဥပါဒါရုပ်က ဒုတိယ၊ သိတာက နာမ၊ နာမ်ပါဘဲ။ ။ခတ် ၄-ပါးနှင့် ဖြစ်ပျက် ဥပါဒါရုပ်ကိုတွေ့သွားတော့ ရုပ်နာမ်လဲကွဲမည်။ ပစ္စယပရိဂ္ဂဟာ လဲကွဲမည်။ ။အဲဒါရမှ တသံသရာလုံး ရှုဋ္ဌသောတာပန်ဘွဲ့ရ၍ လွတ်မြောက်မည်။

ကိဉ္စဘိက္ခဝေ ရူပံ၊ သီတေနာပိ ရုပ္ပတိ၊ ဥဏှေနာပိ ရုပ္ပတိ၊ ဇိဃစ္ဆာယာပိ ရုပ္ပတိ၊ ပိပါသာယပိ ရုပ္ပတိ၊ ဍံသ, မကသ, ဝါတာ တပ, သရိသပ, သမ္ဖဿာယပိ ရုပ္ပတိတိ တသ္မာ ရူပံ။ ။ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်နှင့်၊ ဝိဘင်းအဋ္ဌကထာပါဌ်။

ဘိက္ခဝေ၊ ချစ်သားတို့။ ကိဉ္စ၊ အဘယ်သဘောကိုပင်လျှင်။ ရူပံ၊ ရုပ်ဟူ၍ ခေါ်ပါသနည်း။ သီတေနာပိ၊ အအေးကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်၏။ ဥဏှေနာပိ၊ အပူကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်၏။ ဇိဃစ္ဆာယာပိ၊ ငတ်မွတ်ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်၏။ ပိပါသာယပိ၊ ရေငတ်ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်၏။ ဍံသ-မကသ-ဝါတာတပ-သရိသပ-သမ္ဖဿာယပိ၊ မှက်, ခြင်, ယင်, လေ နေပူ, မြွေ,ပျား,ကင်းသန်း တို့၏အတွေ့ကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ရူပံ၊ ရုပ်မည်၏။

နာမရူပပရိစ္ဆေဒဉာဏ်ပေါ်အောင် ရှုပွါးပုံကား

| | |
|---|---|
| ဇပေါ်တာက၊ ရုပ်တရား | သိတာက နာမ်တရား |
| ပူပေါ်တာက ရုပ်တရား | သိတာက နာမ်တရား |
| ပေါ်တာမှန်သမျှ ရုပ်တရား | သိတာမှန်သမျှ နာမ်တရား |

ဤပုံရုပ်နာမ်ကွဲသဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရရှိတော့၏။

ပစ္စယပရိဂ္ဂဟဉာဏ်ကိုရအောင် ရှုပွါးပုံကား

| | |
|---|---|
| ဖသဘောကြောင့် | ဖြစ်ရပျက်ရ |
| ပုသဘောကြောင့် | ဖြစ်ရပျက်ရ |
| ဆာလောင်သောကြောင့် | ဖြစ်ရပျက်ရ |
| ရေငတ်သောကြောင့် | ဖြစ်ရပျက်ရ |
| မှက်,ခြင်,ယင်ကိုက်လို့ | ဖြစ်ရပျက်ရ |
| မွေ့,ပျား,ကင်းသန်းကြောင့် | ဖြစ်ရပျက်ရ |

အကြောင်းပစ္စယနယ် အကျိုးပစ္စယုပ္ပန္နနည်း သိခြင်းပရိဂ္ဂဟတည်း။

အဲဒါ ပစ္စယပရိဂ္ဂဟဉာဏ်ပါဘဲ၊ ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘဲ၊ မေ့ဒိုတိဉာဏ်ပါဘဲ၊ ဟေတုဖလဉာဏ်ပါဘဲ၊ ကင်္ခါဝိတရဏာဝိသုဒ္ဓိဉာဏ်ပါဘဲ၊ အကြောင်းအကျိုးသိမ်းဆည်းတဲ့ ဉာဏ်ပါဘဲ၊ ဒါကိုရလျှင် သာသနာကြီး ဆမြစ်တွယ်ပါပြီ ရှင်စူ သောတာပန်ဖြစ်ပါပြီ၊ သံသရာ တလျှောက်လုံး သက်သာရာကြီး ရပါပြီ၊ ထောက်တည်ရာကြီး ရပါပြီ၊ ဂတိလဲ မြဲပါပြီ၊ အပါယ်တံခါးလဲပိတ်သွားပါပြီ၊ ဆင်းရဲသံသရာလဲ ပြတ်တောက်၍သွားပါပြီ၊ လွတ်မြောက်စ ရပါပြီ။

(၃၈) သဘာဝတရားတော်ကြီး

| |
|---|
| စိတ် ၁၂၁-ပါး။ |
| စေတသိက် ၅၂ |
| ရုပ်တရား ၂၈ |

ဤပုံစံအတိုင်း ခန္ဓာကိုယ်ကြီး၌၊ စိတ်တရားက ( ၁၂၁ ) ပါးရှိ၏။ စေတသိက်တရားက(၅၂)ပါးရှိ၏။ရုပ်တရားက(၂၈)ပါးရှိ၏။ ဤသဘာဝတရားထဲက တပါးပါးကို ရှာဖွေရမည်။ တွေ့မှ အစဉ်အတိုင်း မင်္ဂလိယ်နိဗ္ဗာန်ရမည်။ ။လူ့ပြိန်း,လူညံ့,လူအ,လူနုံ,လူထိုင်း,လူမှိုင်းတို့ ကွင်းကွင်း ရှင်းရှင်း လင်းလင်း ထိန်ထိန်ကြီးနှင့် သိနိုင်အောင် နယ်ခွဲ၍ ပြဦးမည်။

(၃၉) က–လူ၏ခန္ဓာကိုယ်မှာ မြင်စိတ်၊ ကြားစိတ် နံစိတ်၊ လျက်စိတ်၊ ထိသိစိတ်၊ ကြံစည်စိတ်ဟူ၍ အကြမ်းစားအားဖြင့် ၆-ပါးရှိ၏။ အလတ်စား (၈၉) ပါးရှိ၏။ အကျယ်ကား-(၁၂၁)ပါးရှိ၏။ ထိုထို လူ့,နတ်ဗြဟ္မာတို့၏ ခန္ဓာကိုယ်၌ရှိ၍နေသော စိတ် ၆-ပါးကို (အဏ္ဏခေါ်-အနက်ခေါ်၏။)

၎င်းစိတ် ၆-ပါးကို မပျောက်ရအောင် မပျက်ရအောင် နောက်နောင် လူများသိရအောင် စာပေ ပိဋကတ် စာအုပ်ထဲ၌ စိတ္တံ ဟူ၍၎င်း၊ မနောဟူ၍ ၎င်း၊ ဝိညာဏံ ဟူ၍၎င်း ရေးထားသောစာကို၊ စာဟူ၍၎င်း၊ သဒ္ဒါဟူ၍၎င်း၊ အမှတ်အသားဟူ၍၎င်း ခေါ်ရပါသည်။ ။၎င်း၎င်းမှာတော့ (၁) ခန္ဓာ ထဲကစိတ်နှင့် (၂) စာအုပ်ထဲကစိတ်ဟု ခွဲခြင်းပါဘဲ။

| ခန္ဓာကိုယ်မှာရှိတယ် | စာပေပိဋကတ်မှာရှိတယ် |
|---|---|
| မြင်,ကြား,နံ,လျက် စိတ်များ၊ | စိတ္တံ မနော ဝိညာဏံ၊ |
| အနက်ဟုခေါ်သည် | သဒ္ဒါဟုခေါ်သည် |
| ဝိပဿနာရှုဘို့တရား | သင်ကြားမှတ်သားဘို့တရား |
| ပဋိပတ္တိသာသနာ | ပရိယတ္တိသာသနာ |
| သိုက်ပစ္စည်းနှင့်တူ၏ | သိုက်စာနှင့်တူ၏ |
| ဆေးများနှင့်တူ၏ | ဆေးစာနှင့်တူ၏ |
| ပရမတ္ထတရားအစစ် | ပညတ်တရားအစစ် |

## (၁) ခန္ဓာထဲကစိတ်နှင့် (၂) စာအုပ်ထဲကစိတ်ကို ဤပုံ ခွဲသိကြပါကုန်

(၄၀) ၁–လူ၏ခန္ဓာကိုယ်မှာ လိုချင်တဲ့သဘော လောဘ၊ စိတ်ဆိုးတဲ့ သဘော ဒေါသ၊ တွေဝေတဲ့သဘော မောဟ စသော စေတသိက်များ ၅၂-ပါးရှိနေပါတယ်။ ၎င်းကို အတ္ထဟုခေါ် အနက်ဟု ခေါ်သည်။ ၎င်း အနက်သဘောများကို မပျောက်ရအောင်,မပျက်ရအောင် ပိဋကတ်စာအုပ် ထဲ၌ရေး၍၊ လောဘ, ဒေါသ, မောဟ ဟူ၍ မှတ်သားထားခြင်းကို စာဘဲ၊ ပိဋကတ်ဘဲ၊ သဒ္ဒါဘဲဟူ၍ ခေါ်ကြပါတယ်။ ခန္ဓာထဲက စေတသိက်နှင့် စာအုပ်ထဲက စေတသိက်ခွဲပုံမှာ၊—

| ခန္ဓာကိုယ်မှာရှိတယ် | စာပေပိဋကတ်မှာရှိတယ် |
|---|---|
| လိုချင်၊စိတ်ဆိုးတွေဝေခြင်း | လောဘ၊ ဒေါသ၊ မောဟ |
| အနက်ဟုခေါ်သည် | သဒ္ဒါဟုခေါ်သည် |
| ဝိပဿနာရှုဘို့တရား | သင်ကြားမှတ်သားဘို့တရား |

| | |
|---|---|
| ပဋိပတ္တိသာသနာ | ပရိယတ္တိသာသနာ |
| သိုက်ပစ္စည်းနှင့်တူ၏ | သိုက်စာနှင့်တူ၏ |
| ဆေးများနှင့်တူ၏ | ဆေးစာနှင့်တူ၏ |
| ပရမတ္ထတရားအစစ် | ပညတ်တရားအစစ် |

ဤလိုခန္ဓာက စေတသိက်နှင့် စာအုပ်ထဲက စေတသိက်ကိုခွဲပြပုံတည်း။

(၄၁) ဂ–လူ၏ ခန္ဓာကိုယ်မှာရှိနေတဲ့ ပုသဘော၊ သေဘော စသည်တို့ကို အတ္ထဟုခေါ် အနက်ဟုခေါ်သည်။ ၎င်းသဘောအနက်ဘို့ကို မပျောက်ရအောင်၊ မပျက်ရအောင် ပိဋကတ်စာအုပ်ထဲ၌ ရေး၍ ဥဏှတောဓော၊ သိတတောဓောဟုမှတ်သားထားခြင်းကို စာဘဲ ပိဋကတ်ဘဲ သဒ္ဒါဘဲဟု ခေါ်သည်။ ခန္ဓာထဲကရုပ်နှင့် စာအုပ်ထဲကရုပ်ကို ပုံစံအတိုင်းခွဲပြရပါလျှင်။ —

| | |
|---|---|
| ခန္ဓာကိုယ်မှာရှိဘယ် | စာပေပိဋကတ်မှာရှိသည်။ |
| ပုသဘော၊သေဘော | ဥဏှတောဓော၊ သိတတောဓော။ |
| အနက်ဟုခေါ်သည် | သဒ္ဒါဟုခေါ်သည်။ |
| ဝိပဿနာရှုတို့တရား | သင်ကြားမှတ်သားတို့တရား။ |
| ပဋိပတ္တိသာသနာ | ပရိယတ္တိသာသနာ။ |
| သိုက်ပစ္စည်းနှင့်တူ၏ | သိုက်စာနှင့်တူ၏။ |
| ဆေးများနှင့်တူ၏ | ဆေးစာနှင့်တူ၏။ |
| ပရမတ္ထတရားအစစ် | ပညတ်တရားအစစ်။ |

(၄၂) ပါဠိ–အဋ္ဌကထာ–ဋီကာ-အနု-မရ-ယောဇနာ–ဂဏ္ဌိဘို့၌

(၁) ပညတ္တိံ ထပေတွာ–ပညတ်အားလုံးမှစင်ကြပါစေတဲ့။
(၂) နိဗ္ဗတ္တိတပရမတ္ထဝသေန–ပရမတ်သက်သက်သာရှုပါတဲ့။
(၃) ဝိသေသေန ပဿတီတိ-အနိစ္စဒုက္ခအနတ္တတွေ့အောင်ရှုပါတဲ့။
(၄) ဝိပဿနာ—ဆဲဒါမှ ဝိပဿနာအစစ် အမှန်ပါတဲ့။

(၄၃) အာရုံ ၃-ပါးနှင့် ခွဲသိကြပါရန်

| | | |
|---|---|---|
| ပညတ်အာရုံ | ပရမတ်အာရုံ | နိဗ္ဗာန်အာရုံ |
| ကိလေသာ | ဝိပဿနာ | မဂ်ဖိုလ်ဖိတ်ပါ |

(၁) ပညတ်အာရုံပြုနေလျှင်၊ ကိလေသာစိတ်ပါဘဲတဲ့ (၂) ပရမတ်ကို အာရုံပြုလျှင်၊ ဝိပဿနာစိတ်ပါဘဲတဲ့။ (၃) နိဗ္ဗာန်ကိုအာရုံပြုလျှင်၊ မဂ်စိတ် ဖိုလ်စိတ်ပါဘဲတဲ့၊ အသယ်ဗဟိုတဲ့တဲ့က မရှိမပင်ပါ၊ ပရမတ်ကိုအာရုံ ပြုလျှင် ပညတ်အာရုံ ကိလေသာကွာ၍။ နိဗ္ဗာန်အာရုံ မဂ်ဖိုလ်ရလိမ့်မည်။ အလယ်ကား၊ဘာဝေတဗ္ဗတည်း။အစကားပဟာတဗ္ဗတည်း။နောက်ဆုံးကား သစ္ဆိကာတဗ္ဗတည်း။

တဘဝလုံး စဉ်းစားတွေးတောပါလေ။

ပိဋကစာအုပ်ထဲက၊ စိတ်နာမ်ကိုပင် ပွါးများရမှာလား။
ပိဋကစာအုပ်ထဲက၊ စေတသိက်နာမ်ကိုပင် ပွါးများရမှာလား။
ပိဋကစာအုပ်ထဲက၊ ရုပ်တရားကိုပင် ပွါးများရမှာလား။

သို့တည်းမဟုတ်

ခန္ဓာကိုယ်ထဲက၊စိတ်နာမ်ကိုပင် ရှုပွါးရမှာလား။
ခန္ဓာကိုယ်ထဲက၊ စေတသိက်နာမ်ကိုပင် ရှုပွါးရမှာလား။
ခန္ဓာကိုယ်ထဲက၊ ရုပ်တရားကိုပင် ပွါးများရမှာလား။

(၄၄) ဘုရားပြတဲ့ရှင်၊ ဘယ်ရှင်လဲ

(ခန္ဓေ ပဿ နာမရူပံ) ထေရဂါထာပါဠိတော်။ ။ခန္ဓေ၊ခန္ဓာကိုယ်ထဲ ၌၊ နာမရူပံ၊ နာမ်နှင့်ရုပ်ကို။ ပဿ၊ ရှုပါလော့။ ။ရှင်းရှင်းနှင့်၊ ဘွင်းဘွင်း ကြီးမိန့်တော်မူခဲ့ပါတယ်။ ခန္ဓာထဲက ရုပ်နာမ်ကိုရှုပါတဲ့၊ အငြင်းလွတ်ပြီ။ (ဥပါဒါနက္ခန္ဓေသု ဥဒယဗ္ဗယာ နုပဿီ) စတုက္ကဆောင်ကျွဲ့ရှိပါဠိတော်။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါန်၏အာရုံဖြစ်သောခန္ဓာတို့၌။ ဥဒယဗ္ဗယာနုပဿီ။ ဖြစ်ခြင်းပျက်ခြင်းကို ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေထိုင်၏။ ခန္ဓာကိုယ် ထဲက အဖြစ်အပျက်ကိုသာရှုပါတဲ့၊ အငြင်းလွတ်ပြီ။ ။(ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပါဒေထ)မဟာပရိနိဗ္ဗာနသုတ်တော်, ခန္ဓာကိုယ်ထဲက သင်္ခါရ အပျက်သာရှုပါ၊ မမေ့ပါနဲ့တဲ့။ ရှင်းရှင်းပါဘဲ၊

(၄၅) ဈေးဈေး ကဝိ ကဝိန်း၊ သုံးမိနစ်ပညာရှင်ဘို့မှာတမ်း

(၁) တရားရှာ၊ ကိုယ်မှာတွေ့ အဲဒါဘာကိုဆိုပါသလဲ။
(၂) လမ်းဆုံးတော့ရွာရောက် အဲဒါကော ဘာတဲ့တုန်း စဉ်းစားပါ။
(၃) တရားပျောက်တော့ ကိုယ်မှာရှာ ရောင်ရောင်ဝါးဝါး မပေ့ပ်ပါနဲ့။

(၄) တခွယ်ငင် တစဉ်ပါ ဧကော ဓမ္မော ဘိက္ခဝေနှင့်ညီလှ၏။
(၅) အသီးတရာ၊ အညွှာတရ ကေဒေသမေဝ သမ္ဗှာဘိတ္တာနှင့်ညီ၏။
(၆) တချက်ချတ်၊ အားလုံးပြတ် အာဠှာဝကလွတ်ပုံနှင့်တူလှ၏။

သမ္ဗှာသမ္ဗုဒ္ဓမြတ်စွာဘုရားသခင်ကြီးကလည်း—

ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ။ဧကနိပါတ်အင်္ဂုတ္တိုရ်မှာဟောခဲ့ပြီ။

ခန္ဓာကိုယ်ထဲမှပေါ်လာတဲ့၊ ဓာတ်တခုကိုသာပွါးများနေပါတဲ့။ အကြိမ်ကြိမ် နေ့ဆက်ရက်ဆက် ပွါး၍နေပါတဲ့။ အဘိညာယဖြင့်။ သစ္စာ ၄-တန် ရုပ်နှင့်နာမ်ကို ဧကန်တိဘိ၊ ပိုင်းခြား၍ သိပါလိမ့်မယ်တဲ့။ သမ္ဗောဓာယဖြင့်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရဟံဘဝသို့ ရောက်ရပါလိမ့်မယ်တဲ့။ နိဗ္ဗာနာယဖြင့်။ နိဗ္ဗာန်အထိ ရောက်ရပါလိမ့်မယ်တဲ့။ ဆဲဓါ ဧကောဓမ္မော ပါဠိ၏ လိုရင်းချုပ်တည်း။

ကောယနော အယံဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ။မဟာသတိပဋ္ဌာနသုတ်၊ ဗုဒ္ဓမိန့်ခွန်းတော်ကြီး၊

ခန္ဓာကိုယ်ထဲကပေါ်၍နေတာကို ရှု၍နေပါလျှင်။ (ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ) မဂ်ဖိုလ်နိဗ္ဗာန်သို့ တလမ်းထဲ၊ တကြောင်းထဲဖြင့်သွားရပါလိမ့်မယ်တဲ့၊ သတ္တာနံ ဝိသုဒ္ဓိယာဖြင့်။ သတ္တဝါတို့၏စိတ်မှာ ကိလေသာများ အကုသိုလ်များ စင်ကြယ်ပါလိမ့်မယ်တဲ့။ သောကပရိဒေဝါနံ သမတိက္ကမာယဖြင့်။ သောက, ပရိဒေဝ၊ စိုးတို့မှလွန်မြောက်၍ ကျွတ်လွတ်ပါလိမ့်မယ်တဲ့၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယဖြင့်၊ ဒုက္ခဒေါမနဿမီးတို့ ချုပ်ပျောက်ပါလိမ့်မယ်တဲ့။ ဉာယဿအဓိဂမာယဖြင့်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ကို ရပါလိမ့်မယ်တဲ့၊နိဗ္ဗာနဿသစ္ဆိကိရိယာယဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုရပါလိမ့်မယ်တဲ့။ ကဲကဲ-ကြည့်ကြစမ်းပါ။ ဘယ်မျှလောက် ရဲရဲဝံ့ဝံ့ကြီး အာမခံသလဲလို့။

## (၄၆) အပြင်ရုပ်နှင့် အတွင်းကရုပ်

အပြင်ကရုပ်ကား မိမိ၏ ဥပါဒါန်တရား အစွဲအလမ်း မပြင်းထန်လို့ ရှုစရာမလိုပါ။ ပြခဲ့ပြီး (ခန္ဓ ပဿ နာမရုပ်) ကို ထောက်ထားကြပါလေ။

အတွင်းက ရုပ်မှုကား--မိမိ၏ ဥပါဒါန်တရား အစွဲအလမ်း ပြင်းထန်လွန်းသဖြင့် ရှုပ်ပါးပါ၊ ဥပါဒါန်ပြယ်ပျောက်ပါလိမ့်မည်။ ။ဥပမာ။ အပြင်က လူတရာမက သေကြေဦးတော့၊ သိတ်မကြောက်လှပါ။ အတွင်းဖြစ်သော မိမိကိုယ်၌ သေဘေးကြီးဆိုက်ခဲ့ပါမှုကား ထိတ်လန့် ကြောက်ရွံ့ တုန်လှုပ်ချောက်ချားလှပေ၏။ အဲဒါသက်သေပါဘဲ။ ဘုရားသခင်ကြီးကလဲ အတ္တသမံ ပေမံ နတ္ထိဟူ၍ ဟောပြခဲ့ပါသည်။ အတ္တသမံ၊ မိမိနှင့်တူသော။ ပေမံ၊ ချစ်အပ်သောသူသည်။ နတ္ထိ၊ မရှိပါတဲ့။ (ကမ္ဘာဓိ:လောင်၊ သားကောင်ချနင်း) ဝတ္ထုကိုလဲထောက်ပါလေ။

## (၄၇) တခုထဲရှုလို့ အဆုံးအထိ ရောက်ပုံမှာ

ဘိုင်စကုတ်ကြည့်တော့ ပြတဲ့ဖြူဖြူတခု၌သာ သတိဖြင့်၊ သမာဓိရအောင် ရှုရပါသည်။ အရုပ်တွေကို အစ, အလယ်, အဆုံး တွေ့ရပါသည်။ လေ့သာ၌ ပျံတချက် စီးပြီးရှုရုံနှင့် လမ်းစဉ်က အာရုံတွေကို တွေ့ပြီးသွားရပါသည်။ မီးရထားစီးဥပမာ၊ သင်္ဘောစီးဥပမာ၊ မော်တော်ကားစီးဥပမာဖြင့် များစွာ ပြသနိုင်ပါသေးသည်။

## (၄၈) ကုသိုလ်ကံကုန်ပုံ အကုသိုလ်ကံတိုးပွါးပုံ

၁၀၊ ၂၀၊ ၃၀၊ ၄၀၊ ၅၀၊ ၆၀၊ ၇၀၊ ၈၀၊ ၉၀၊ ၁၀၀ ကုသိုလ်ကုန်ပုံ။

၁၀၀၊ ၉၀၊ ၈၀၊ ၇၀၊ ၆၀၊ ၅၀၊ ၄၀၊ ၃၀၊ ၂၀၊ ၁၀၊ +++ ရှိရင်းလျော့ပုံ။

၁၀၊ ၂၀၊ ၃၀၊ ၄၀၊ ၅၀၊ ၆၀၊ ၇၀၊ ၈၀၊ ၉၀၊ ၁၀၀ အကုသိုလ်ပွါးပုံ။

လူများမှာ ဖွားစကစ၍ အသက်၄၀, ၅၀ အရွယ်အထိ အရေရာတိုးပွါးလျက်နေပေ၏။ အဲဒါကို အာဟာရတခုထဲကြောင့် တိုးပွါးတယ်ဟု အခိုင်အမာ မှုရင်း,ပင်ရင်းပဓာနကဲ့သို့ မှတ်မှား၍နေကြ၏။ ၎င်းတို့ အမှတ်သည် မှန်ကန်ခဲ့ပါသော်-- အသက် ၄၀, ၅၀ အရွယ်၌ရင်း၊ ၆၀, ၇၀, ၈၀, ၉၀, ၁၀၀ အရွယ်၌ရင်း၊ အရုပ်လဲ တိုးပွါးစရာရှိသေ၏။ အရိုးလဲ တိုးပွါးစရာ၊ ၃၂-ကောဋ္ဌာသလဲ တိုးပွါးစရာပင်ဖြစ်ခဲ့ရာသည်။ ဖွားစက ၅၀-အထိလဲ အာဟာရစားတာပါဘဲ။ ၅၀-က ၁၀၀-အထိလဲ အာဟာရကိုစားတုန်းပါဘဲ။ တိုးပွါးပါလားကွယ်။ အာဟာရတခုထဲကြောင့် ဆိုလျှင် ဆင်ကောင်ကြီးလောက်ပင် ကြီးဘို့ရှိခဲ့၏။ အသက် ၅၀-ထက်လွန်လျှင် ဘာဘဲစားစား မကြီးပွါးတော့ပြီ။

အာဟာရံ သန္တော ဝိဘဇ္ဇတိ-ဟူ၍ ဘုရားမဟောခဲ့ပါဘူး။
စိတ္တံ သန္တော ဝိဘဇ္ဇတိ-ဟူ၍ ဘုရားမဟောခဲ့ပါဘူး။
ဥတု သန္တော ဝိဘဇ္ဇတိ-ဟူ၍ ဘုရားမဟောခဲ့ပါဘူး။
ကမ္မံ သန္တော ဝိဘဇ္ဇတိ-ဟူ၍သာ ဘုရားဟောခဲ့ပါသည်။

ကံကိုသာသျှင် အရင်းသား၍ ဟောပုံကား

ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော။ ယံကမ္မံ ကရိဿာမိ ကလျာဏံဝါ ပါပကံဝါ။ တဿ ဒါယာဒေါ ဘဝိဿာမိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ။ပဉ္စကနိပါတ်၊ အဘိဏှသုတ်ပါဠိတော်။

အဟံ၊ ငါသည်။ ကမ္မဿကော၊ ကံသာလျှင် မိမိဥစ္စာရှိသည်။ ကမ္မဒါယာဒေါ၊ ကံသာလျှင်အမွေခံရှိသည်။ ကမ္မယောနိ၊ ကံသာလျှင် အကြောင်းရင်းရှိသည်။ ကမ္မဗန္ဓု၊ ကံသာလျှင် အဆွေခင်ပွန်းရှိသည်။ ကမ္မပဋိသရဏော၊ ကံသာလျှင် ကိုးကွယ် လည်းလျောင်းရာရှိသည်။ အဟံ၊ ဖြစ်၏။ ကလျာဏံဝါ၊ ကောင်းသည်လည်းဖြစ်သော။ ပါပကံဝါ၊ မကောင်းသည်လည်းဖြစ်သော။ ယံကမ္မံ၊ အကြင်ကံကို။ ကရိဿာမိ၊ ပြုအံ့။ တဿကမ္မဿ၊ ထိုကောင်းမှုကံ, မကောင်းမှုကံ၏။ ဒါယာဒေါ၊ ကောင်းမွေ, ဆိုးမွေခံသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဇတိ၊ ဤသို့။ အဘိဏှံ၊ နေ့ညမပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ပုံခံ၍ တွက်စစ်၍ပြပုံကား။ ။ဖွားစ ကလေး၌ ကုသိုလ်ကံတရား အကုသိုလ်ကံတရား မရှိသေး၍ သိသိသာသာကြီး တိုးပွါးကာနေပေ၏။ ပုံစံအတိုင်း ကြကြကြီးပြုရပါလျှင် ဂုဏ်းသူငယ်သည်၊ ဆယ်နှစ်သားအရွယ်၌ ကုသိုလ်ကံကား တဆယ်ယုတ်လျော့၍ အကုသိုလ်ကံကား တဆယ်တိုး နေရာ အရွယ်အရဝ်လဲ၊ သူ့ကံအလျောက်တိုးရ၏။ ကံရင်းကား ၉၀-တည်း။ တဖန် ၂၀-အရွယ်၌၊ ကုသိုလ်ကံ ၂၀-ကုန်၏။ အကုသိုလ်ကံ ၂၀-တိုးလာ၏။ ကံရင်းကား ၈၀-မျှရှိ၍၊ သူ့ကံလိုက်တိုးသေး၏။ တဖန် ၃၀-အရွယ်၌ ကုသိုလ်ကံ ၃၀-ကုန်၏။ အကုသိုလ်ကံ ၃၀-တိုးလာ၏။ ကံရင်းကား ၇၀-မျှမို့၊ ၇၀-လောက်သာ တိုးပွါးရ၏။ တဖန် ၄၀-အရွယ်၌ ကုသိုလ်ကံ ၄၀-ကုန်၏။ အကုသိုလ်ကံ ၄၀-တိုး၏။ ကံရင်း ၆၀ ရှိ၊ ၆၀-လောက်သာ တိုးပွါး၏။ တဖန် ၅၀-အရွယ်၌ ကုသိုလ်ကံ ၅၀-ကုန်၏။

အကုသိုလ်ကံ ၅၀-တိုးပွါးတော့၏။ ကံရင်းမှာ ငါးဆယ်မို့၊ကံ ၅၀-အားနှင့်သာ တိုးပွါးရရှာတော့၏။

( အသား-အရိုး-အား-အရပ် အလုံးစုံ အတိုးကုန်ပါပြီ။ ) ဆုတ်ယုတ်တော့အံ့။— အသက် ၆၀-အရွယ်၌မူကား ကုသိုလ်ကံကား ၆၀-ကုန်ပြီ။ အကုသိုလ်ကံကား ၆၀-တိုးပြီ။ ရှိရင်းစွဲကံကား ၃၀-သာတည်း။ အရပ်မတိုး။ အရိုးမတိုးတော့ပါ။ တဖန် ၇၀-အရွယ်၌ ကုသိုလ်ကံ ၇၀-ကုန်ပြီ။ အကုသိုလ်ကံ ၇၀-တိုးပြီ။ ရှိရင်းကံကား ၃၀-သာတည်း။ လျော့ကျလာခဲ့ပြီ။ တဖန် ၈၀-အရွယ်၌ ကုသိုလ်ကံ ၈၀-ကုန်ပြီ၊ အကုသိုကံ ၈၀-တိုးပြီ။ ရှိရင်းကံ ၂၀-သာရှိတော့သည်။ ပိမို၍လျော့ကျလာလေပြီ။ တဖန် အသက် ၉၀-အရွယ်၌ ကုသိုလ်ကံ ၉၀-ကုန်ပြီ။ အကုသိုလ်ကံ ၉၀-တိုးပြီ။ ရှိရင်းကံကား ၁၀-သာရှိတော့သည်။ တုန်တုန်ရီရီ, ထိုင်းမှိုင်း မှုးဝေခဲ့လေပြီ။ အသက် တရာ၌မူကား ကုသိုလ်ကံတရာ ကုန်ပါပြီ။ အကုသိုလ်ကံတရာ တိုးပါပြီ။ ရှိရင်းကံကား၊ တခုမှ မကျန်အောင် ကုန်ခန်းသွားပါပြီ၊ ဆဲဒါကြောင့်ပင် (ကံကုန်၍သေကြရသည်) ဟု ဆိုရိုးဆိုစဉ် ပြုကြရသည်။

## (၄၉) ပစ္စုပ္ပန် အကုသိုလ်ကံများ ဝင်၍နေပုံကား

| ဝီတိက္ကမ | |
|---|---|
| အနုသယ | ပရိယုဋ္ဌာန |

လူတဦးတယောက်မှာ ဒုစရိုက်အဖြစ်နှင့် ဝင်၍နေသည်ကား တစက္ကန့် အချိန်ကလေး၌ပင် ဝီတိက္ကမကိလေသာပေါင်း ကုဋေ တသိန်းစီနှင့် ဝင်၍ နေပါသည်၊ စက္ကန့်က မိနစ်ဖြစ်၊ မိနစ်က နာရီဖြစ်၊ နာရီက နေ့ရက်ဖြစ်၊ နေ့ရက်က လ,ဖြစ်၊ လ,က နှစ်ဖြစ်၊ နှစ်က ဘဝဖြစ်၍၊ ဝီတိက္ကမအကုသိုလ်တွေ ဖြစ်ရေအယဉ်ကဲ့သို့ ဝင်၍ နေပေရာ ဝီတိက္ကမအပေါက်ကပင် အပါယ်ဘဝတွေ, ကမ္ဘာဘေရာမှ ရ၍နေတော့၏။ တဖန်၊ တခါတရံတွင် စိတ်ထဲ၌သာ အကုသိုလ်ဖြစ်၍ ပရိယုဋ္ဌာန ကိလေသာနယ်က တစက္ကန့်အတွင်း ကုဋေတသိန်းနှင့် အကုသိုလ် ကိလေသာများဝင်၍နေပါသည်။

သံသရာလဆန်း တရက်နေ့က စ၍၊ ယခုနေ့အထိမူကား အမြဲတမ်းလိုပင် မြစ်ရေများ သမုဒ္ဒရာကြီးထဲသို့ ဝင်၍နေသကဲ့သို့၊ ခန္ဓာကိုယ်ထဲသို့ အနုသယကိလေသာများ တစက္ကန့်လျှင် ကုဋေတသိန်းစီနှင့် ဝင်၍နေပေ၏။ နှင်းကျပမာလိုဝင်၏။ မိုးပွဲများလိုဝင်နေ၏။ စက္ကန့်က မိနစ်ဖြစ်၊ မိနစ်က

နာရီဖြစ်၊ နာရီက ရက်ဖြစ်၊ ရက်က လဖြစ်၊ လက နှစ်ဖြစ်၊ နှစ်က ဘဝဖြစ်၊ ဘဝက ကမ္ဘာဖြစ်၊ ကမ္ဘာက သံသရာဖြစ်၍ ဝင်ကာဝင်ကာ လာခဲ့ရာ သံသရာတလျှောက်လုံး စု၍လာခဲ့တယ်၊ ပုံ၍လာခဲ့တယ်။ ဒီလိုအကုသိုလ်တွေ ကုန်အောင် အပါယ်ကျခံရလျှင် ဘယ်ကပ်, ဘယ်ကမ္ဘာကျခါမှ အပါယ် မီးထဲက ကျွတ်လွတ် ထွက်မြောက်တော့အံ့နည်း။ အပါယ် လေးဘုံက ထွက်မြောက်ဘို့ လမ်းစပင် မမြင်တော့ပါ။

## (၃၀) တေမိမင်းဘဝ၌ ကြောက်လန့်တုန်လှုပ်နေပုံ

တေမိမင်း၏အလောင်းဟာ ဗာရာဏသီမင်းဖြစ်စဉ်က အနှစ် ၂၀-နန်းစံ မိ၍ ဥဿဒငရဲ၌၊ အနှစ်ရှစ်သောင်း ငရဲကျခံခဲ့ရာ၊ ဝေဖန် စိတ်ဖြာ၍ ကြည့်တော့။—

| | | | |
|---|---|---|---|
| တရက်နန်းစံမိလျှင် | ရက်ပေါင်း | ၄၀၀၀ | ငရဲခံရမည်။ |
| တလနန်းစံမိလျှင် | လပေါင်း | ၄၀၀၀ | ငရဲခံရမည်။ |
| တနှစ်နန်းစံမိလျှင် | နှစ်ပေါင်း | ၄၀၀၀ | ငရဲခံရမည်။ |
| တဘဝနန်းစံမိလျှင် | ဘဝပေါင်း | ၄၀၀၀ | ငရဲခံရမည်။ |
| နှစ် ၂၀-နန်းစံမိလို့ | နှစ်ပေါင်း | ၈၀၀၀၀ | ငရဲခံရပါသည်။ |

ပါရမီလဲရင့်၊ ဗျာဒိတ်လဲရ၊ သဗ္ဗညုကြီး ၂၀-လဲကျင့်ပြီးသား အလောင်းတော်ကြီးတောင်မှ၊ ငရဲကျပြီး ဤမျှလောက် ခံရသေးပေရာ၊ သင်တို့ ငါတို့ လို သာမန် လူစားကား၊ ငရဲမှ လွတ်မြောက်ဘို့ပင် မြင်ပါသေးရဲ့လား တပည့်တို့ရယ်။ ။ဤမျှလောက် များပြားလှစွာသော ကိလေသာ အကုသိုလ် တို့ကို ဝိပဿနာကံကြီးဖြင့် ဈာပန-ပြာချ၍ ပစ်ကြကုန်လော့ (ဈာပေထ ဘိက္ခဝေ ကိလေသေ ဝိပဿနာ အဂ္ဂိနာ) ဈာနသံယုတ်ပါဠိတော်။ ။ ဘိက္ခဝေ၊ ချစ်သားတို့။ ကိလေသေ၊ ကိလေသာအနန္တတို့ကို။ ဝိပဿနာ အဂ္ဂိနာ၊ ဝိပဿနာမီးဖြင့်။ ဈာပေထ၊ မီးရှို့ပြာချကြပါကုန်လော့—တဲ့။

## (၃၁) ဝိပဿနာဖြင့် ပြာမချခဲ့လျှင်

အစ္ဆရာသံဃာတမတ္တမ္ပိ တုမှာကံ ဘဝံ နဝဏ္ဏေမိ နပဏ္ဏေမိ။ ။ဧက အင်္ဂုတ္တိုရ်ပါဠိတော်။ ။ဘိက္ခဝေ၊ ချစ်သားတို့။ တုမှာကံ၊ သင်တို့၏။ ဘဝံ၊ လူနတ်ဗြဟ္မာဘဝတွေကို။ အစ္ဆရာသံဃာတမတ္တမ္ပိ၊ လက်ဖြစ်ဘတွက် မျက်စိတမှိတ်ခန့်ကာလမျှလည်း။ အဟံ၊ ငါဘုရားသည်။ နဝဏ္ဏေမိ၊ မချီးမွမ်း

နိုင်ပေ။ နပဥ္စေ့မိ၊ မတောင်တနိုင်ပေ။ နဝဏ္ဏေမိ၊ တစက္ကန့်အတွင်းနှင်း ကျသလို ဆင်းနေသဖြင့် ဖွတ်အတင်းမရှိးမွှမ်းပုံတော့ပေ။ နပဥ္စေ့မိ၊ ခန္ဓာ ကိုယ်ဘီလူးမက အကုသိုလ်အရှုးထကြွသဖြင့် မမြူးရအောင် အပါယ်သို့ ချလေသောကြောင့် - ဩြော်ရှုယ်လို့တောင်မှ မတောင်တပုံတော့ပါပြီ တကား။

ဒါန သီလ သမထစသော ၃၅-ပါးသော ကုသိုလ်ကြီးတွေရှိ၍နေ ပါလျက်ငင်း၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ ဈာန်ကိုးဈာန်တွေကိုရ၍၊ ပဥ္စ နိဝါသာနုဿတိဖြင့် လွန်ပြီးကမ္ဘာ ၄၀-ကိုဂင်း၊ အနာဂတံသဉာဏ်ရ၍ နောက်နောင်ကမ္ဘာ ၄၀-ကိုဂင်း၊ မြင်စွမ်းနိုင်သော အဠ္ဌာရ-ဥဒက- ကာလဒေဝိလ ရသေ့ကြီးများ၌ သော်လည်း တစက္ကန့်အတွင်း၌၊ အနုသယ ကိလေသာတွေ ကုဋေဘာသိန်းစိဝင်ခံရကုန်သေး၏-တကား။ သင်တို့လို ငါတို့လို လူသာမန်ကား၊ အနုသယကိလေသာ အမြဲဝင်နေမည်ပင်တည်း။

## (၅၂) ဘုရားသခင်ကြီးက မေး၍နေပါပြီ ဖြေကြစမ်းပါ လူပြိန်းသိဘို့ရန်အမေးအဖြေ

(၁) ချစ်သားတို့ရဲ့ကိုယ်မှာ အဘယ်တရားသာလျှင် ရှိ၍နေပါသလဲ။

(၁) ရုပ်တရားနှင့် နာမ်တရားသာလျှင် ရှိ၍နေပါသည်။

(၂) အချို့သော လူနတ်ဗြဟ္မာတွေက လူဘဲ၊ နတ်ဘဲ၊ ဗြဟ္မာဘဲ ပုဂ္ဂိုလ်ဘဲ၊ သတ္တဝါဘဲ၊ ငါသူတပါး ယောကျ်ားမိန်းမ၊ အတုံး အဘစ်၊ အပိုင်အခဲ၊ အရုပ်အရောင်စသော အထင်အမြင်များဖြစ်၍ နေကြတာဟာ မှန်ပါသလား မှားပါသလား ချစ်သားရယ်။-

(၂) ကိုယ်မှာ ရုပ်နာမ် ၂-ပါးသာရှိ၍နေပါသဖြင့် လူနတ်ဗြဟ္မာတို့ ထင်မြင်နေသော ပုဂ္ဂိုလ်သတ္တဝါစသော အထင်အမြင်တွေကား ဝိပဉ္စာသ ၁၂-ပါးကပ်ငြိပြီးတော့ မှားမြင် မှားထင် မှားမှတ် မှားယူခြင်း ဖြစ်သာဖြစ်ပါသည်။

(၃) အချို့သော လူနတ်ဗြဟ္မာတွေက ခန္ဓာကိုယ်မှာ ဆံပင်၊ မွေးညှင်း၊ ခြေသဲ၊ လက်သဲ၊ သွား၊ အရေ၊ ငါးခုသာရှိသတဲ့။
အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ ငါးခုသာရှိသတဲ့။
နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ ငါးခုသာရှိသတဲ့။

အရှုမ၊အရှုသိမ်၊အစသစ်၊အစဟောင်း၊ဦးနှောက်၊ငါးခုသာရှိသတဲ့။ သည်းခြေ သလိပ်၊ပြည်၊သွေး၊ချွေး၊အဆီခဲ၊ခြောက်ခုသာ ရှိသတဲ့။ မျက်ရည်၊ဆီကြည်၊ တံတွေး၊နှပ်၊ အစေး၊ကျင်ငယ်၊ခြောက်ခုသာ ရှိသတဲ့။

အဲဒါလို ခန္ဓာကိုယ်မှာ ၃၂-ကောဋ္ဌာသရှိ၍ နေတယ်ဆိုတာကော မှန်သလား မှားသလား ဖြေဆိုကြပါ ချစ်သားတို့ရယ်–

(၃) ခန္ဓာကိုယ်မှာရှိ၍နေတဲ့ ရုပ်တရား၊ နာမ်တရားများဟာ သမုဟပညတ်လဲမရှိ၊ ဃနပညတ်လဲမရှိ၊ သဏ္ဌာနပညတ်လဲမရှိ၊ သန္တတိပညတ်လဲမရှိ။ နာမပညတ်လဲမရှိ။ ယူမရ၊ ကိုင်မရ၊ ဖွဲ့မရ၊ ဒါးခုတ်မရ၊ တုတ်ရိုက်မရ၊လှံသိုးမရ၊ မီးရှို့မရ၊ လွှတိုက်မရ၊ မြင်လို့မရ စသော သဘောမျှသာ ဓာတ်တရားမျှသာ၊ သတ္တိမျှသာ၊ အာနုဘော်မျှသာ၊ တန်းခိုးမျှသာရှိပါသဖြင့် ယခုလူနတ်ဗြဟ္မာတို့ထင်မြင်နေသော ၃၂-ကောဋ္ဌာသမှာ ပညတ်ငါးပါး တွေ့မြင်ရပါသောကြောင့် အမြင်မှား၊အထင်မှား၊အမှတ်မှားခြင်း ဝိပလ္လာသနယ်က မလွတ်သေးပါ၊ ပရမတ်တရားသို့ မရောက်သေးပါ။ ပညတ်သာတည်း။

(၄) ရုပ်တရားအစစ်ကို ပြောပြစမ်းပါချစ်သား–

(၄) ပထဝီသဘော၊ ဩသဘော၊ နူသဘော၊ မာသဘော၊ စသော သဘောမျှ၊ လက္ခဏာမျှကိုသာ ရုပ်ဟူ၍ခေါ်ပါသည်။

(၅) နာမ်တရားအစစ်ကို ပြောပြစမ်းပါချစ်သား–

(၅) မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ လျက်ခြင်းစသော အသိတရားနှင့် လောဘ, ဒေါသ, မောဟ, သဒ္ဓါစေတနာ ပညာတို့ကို နာမ်ဟုခေါ်ပါသည်။

(၆) ရုပ်တရားကိုတွေ့တော့ ဘယ်ဉာဏ်ကိုရပါသလဲ–

(၆) ပူတာကရုပ်တရား၊ တောကရုပ်တရားဘဲ၊ ဤလိုသိသောဉာဏ်ကား ယထာဘူတဉာဏ်၊ သမ္မာဒဿနဉာဏ်၊ သမ္မာဒိဋ္ဌိဉာဏ်၊ ရူပပရိစ္ဆေဒဉာဏ်၊ ရုပ်ဝိဇ္ဇာများကိုရပါသည်။

(၇) ဒီလိုသိတော့ ဘယ်တရားများ ကွာသွားပါသလဲ–

(၇) ရုပ်ကိုအမှန်သိတော့ အမှားစင်ကြယ်၍ နိဗ္ဗိဒါကွာသွားပါပြီ၊ ယုံမှားခြင်း ကင်းတာက ဝိစိကိစ္ဆာကွာသွားပါပြီ။ အဝိဇ္ဇာက မဖုံးလွှမ်းနိုင်သဖြင့် အဝိဇ္ဇာလဲကွာသွားပါပြီ။ ဒိဋ္ဌိ၊ ဝိစိ၊ အဝိဇ္ဇာနယ်မှ လွတ်မြောက်ပါပြီ။

(၈) နာမ်တရားကိုတွေ့တော့ အဘယ်ဉာဏ်များကိုရပါသလဲ–

(၈) နာမ်ကိုအမှန်သိတော့ ယထာဘူတဉာဏ်၊ သမ္မာဒဿနဉာဏ်၊ သမ္မာဒိဋ္ဌိဉာဏ်၊ နာမ ရူပ ပရိစ္ဆေဒဉာဏ်၊ နာမ်ဝိဇ္ဇာများကို ရရှိပါသည်။

(၉) နာမ်ကိုဒိဋ္ဌိသိတော့ အဘယ်တရားများ ကွာသွားပါသလဲ–

(၉) နာမ်ကိုအမှန်သိတော့၊ အမှားစင်ကြယ်၍ ဒိဋ္ဌိကွာသွားပါပြီ။ ယုံမှားခြင်းကင်းတာက ဝိစိကိစ္ဆာကွာပုံတည်း။ အဝိဇ္ဇာက မဖုံးလွှမ်းနိုင်သဖြင့် အဝိဇ္ဇာမောဟလဲကွာသွားပါပြီ။ ဒိဋ္ဌိ၊ ဝိစိ၊ အဝိဇ္ဇာမှ လွတ်မြောက်ပါသည်။

(၁၀) ရုပ်နာမ်ကိုတွေ့တော့ ပစ္စယပရိဂ္ဂဟဉာဏ်။ ဘယ်လိုပေါ်ပါသလဲ–

(၁၀) ပေါ်လို့သိ၊ ပေါ်တာက ရုပ်အကြောင်းတရားဘဲ၊ သိတာက နာမ်အကျိုးတရားဘဲဟု-အဆက်ဆက် သိ၍သိ၍ သွားပါသည်။ ဤနမူနာကား၊ပရိစ္ဆသမုပ္ပါဒ်ဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ကြောင်း, ကျိုးသိဉာဏ်တည်း။

(၁၁) ဝိပဿနာအားထုတ်တော့ အဝိဇ္ဇာ၀ါးဆင့် ကွာပုံကိုဖြေပြပါ။

(၁၁) ဝိပဿနာတရားကို အားထုတ်တော့ အောက်ပုံစံအတိုင်းကွာပါသည်။

| ဇ္ဇာ | ဇ္ဇာ | ဇ္ဇာ | ဇ္ဇာ | ဇ္ဇာ |
| --- | --- | --- | --- | --- |
| ဝိပဿနာ | သောတာပန် | သကဒါဂါမ် | အနာဂါမ် | အရဟတ္တ |

ဤပုံစံ၀ါးမျိုးတို့တွင် ပထမပုံစံမှာ ပုထုဇဉ်ဖြစ်တုန်းက ဝိပဿနာပွါးများ၍၊ ဝိပဿနာဝိဇ္ဇာကြောင့်၊ အဝိဇ္ဇာကြမ်းကြမ်းကြီးကွာရပါသည်။ သာဓကမှာ— စက္ခုံ ဒေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော ဘိက္ခုနော ဝိဇ္ဇာပဟိယတိ၊ အဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ ။သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်။ နိပါတ် (၃၅) ကြောင်းရေ (၂) ၌ပါရှိပုံတည်း။ ဒုတိယမှာ သောတာပန်အခိုက်၌ အဝိဇ္ဇာကွာပုံတည်း။ တတိယမှာ သကဒါဂါမ်

အခိုက်၌ အဝိဇ္ဇာကွာပုံတည်း။ စတုတ္ထမှာ အနာဂါမ်အခိုက်၌ အဝိဇ္ဇာကွာပုံတည်း။ ပဥ္စမမှာ အရဟတ္တအခိုက်၌၊ အဝိဇ္ဇာကွာပုံတည်း။ သာဓကမှာ အဝိဇ္ဇာယဒွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော- စသော ပဋိလုံပါဠိတော်ပင်တည်း။

အမေးအဖြေ လူပြိန်းသိဘို့ရန်ပြီး၏။

---

## (၅၃) သဘောပဟုဘ်မှ လောကုံတ္တရာဘဲ့

စိတ်၏သဘောကိုဖင်း၊ စေတသိက်၏သဘောကိုဖင်း၊ ရုပ်တရားဘို့၏ သဘောကိုဖင်း၊ နိဗ္ဗာန်တရား၏သဘောကိုဖင်း၊ ဤပရမတ္ထတရားလေးပါး၏ သဘောသဘာဝကို ဌာနနှင့် သဘာဝနှင့်၊ပမာဏနှင့် ကလာပနှင့်၊ပဟာန နှင့်၊ အာနုဘာဝနှင့်၊ ဉာဏနှင့် ကိုယ်တွေ့အားဖြင့် (ဖဿပစ္စယာ ဝေဒနာ) ပါဠိနှင့်ကိုက်ညီအောင်။ (ယတ္ထယတ္ထ ဝိပဿတိ) ပါဠိနှင့်ကိုက်ညီအောင် (ဓမ္မံ ကာယေနပဿတိ) ပါဠိနှင့်ကိုက်ညီအောင် (ဇွေတ္တနံ့ရေ အနေကာနိ ကောဋိသတသဟဿာနိ သင်္ခါရာ ဥပ္ပဇ္ဇန္တိစ ဝယန္တိစ) ပါဠိနှင့်ကိုက်ညီ အောင်(ယထာပုဗ္ဗုဠကံပဿေ) ဂါထာနှင့်ညီညွတ်အောင်။ (ယထာပဿေ မရီစိကံ) ဂါထာနှင့်ညီညွတ်အောင် (ကာယဥ္စပဋိစ္စ ဖေါဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော) ပါဠိနှင့်လုံးဝညီညွတ်အောင် တရားများကိုတွေ့ကြပါလျှင်၊ (သဘောပဟုတ်ထာရို့ လောကုတ္တရာနယ်ထဲ သို့ရောက်နေပါပြီ) ရောက်ပ၊ ဖြစ်ပါတော့သည်။

(၁) ဖြုံပြီးသဘောတွေကို သင်သိလောက်ဖြင့်ဖင်း။
(၂) ဖြုံပြီးသဘောတွေကို မေးသိလောက်ဖြင့်ဖင်း။
(၃) ဖြုံပြီးသဘောတွေကို နာသိလောက်ဖြင့်ဖင်း။
(၄) ဖြုံပြီးသဘောတွေကို ဆောင်သိလောက်ဖြင့်ဖင်း။
(၅) ဖြုံပြီးသဘောတွေကို ဆင်ခြင်သိလောက်ဖြင့်ဖင်း။

သိရှိနေသောအသိမျိုးကို မဆိုလိုပါ။ မရည်ရွယ်ပါ။ အဲဒါတွေဟာ သဘောအမှန်သိမဟုတ်ရသေးပါ။ (မှန်းဆသိ။ တွေးသိ။ တောသိ။ ကြံသိ။ စည့်သိ၊ မြော်သိ၊စိတ်ကူးသိရို့ ဝိတက်စေတသိက်သိသာ ဖြစ်ပါသေးသည်။ ပညိန္ဒြေအသိ၊ ကိုယ်တွေ့သိရောက်မှ သဘောသိ၊ ယထာဘူတသိ၊ သမ္မာ ဒဿနသိ၊ ပရမတ္ထသိရို့ သဘောသိဟု ဆိုလိုပါသည်။ အသိခွဲခြားပါထုန်။

အရှင်ပေါဋ္ဌိလ၊ ဋ္ဌေသဟာယက၊ မဟာနာဂ၊ မဟာသီဝ၊ ယောမာဝတ၊ သာတာဂီရိ တို့၏အသိတောင်မှ သဘောပေါက်မှ လောကုတ္တရာသို့ မကပ်နိုင်သေးကြပါ။ သဘောမဒိုလို့ လောကီသိမှုသာရှိပါသေးသည်။ ဥပမာပြရပါလျှင် တောဓာပုမှန်းတော့သိ၏။ အပုသဘောခတ်ကိုတော့ မတွေ့ရသေးပါ။ တန္ဒွေကို သရဲကိုတော့သိ၏။ ၎င်းတန္ဒွေသရဲကိုမတွေ့ရသေးပါ၊ (၁) မှန်းသိမှု (၂) ဆသိ မှု ၃) မိတ်ကူးသိမှု (၄) တွေးတောသိ (၅) ကြံစည်သိ (၆) နှိုင်းချိန်သိ (၇) ယောင်ယမ်းသိ (၈) မြော်မှန်းသိ (၉) နှီးနှောသိ (၁၀) ယူဆသိမှုသာရှိပါသေးသည်။ နတ်သား၊ နတ်သမီးကိုတော့ သိကြ၏။ မတွေ့ရသေးပါ။ ပြိတ္တာ၊ သိကြား၊ နဂါး၊ ဂဠုန်တို့ကိုသိကြ၏။ မတွေ့ကြသေးပါ။ အဲဒါတွေဟာ သဘောမဒိုလို့ လောကီသိပါ။

အရှင်ပေါဋ္ဌိလတို့ သဘောသိမှုသာ၊ အတွေ့သဘောမဟုတ်သေးပါ။
အရှင်နာဂတို့ သဘောသိမှုသာ၊ အတွေ့သဘောမဟုတ်သေးပါ။
အရှင်မဟာသီဝတို့ သဘောသိမှုသာ၊ အတွေ့သဘောမဟုတ်သေးပါ။
အရှင်ဋ္ဌေသဟာယကကို သဘောသိသာ၊ အတွေ့သဘောမဟုတ်သေးပါ။

အဲဒါတွေဟာ သဘောမဒိုလို့ လောကီနယ်အသိပါ။

သဘောပေါက်မှ လောကုတ္တရာသိ ဥပမာကား—

သဘောရှန်သောသိကြားမင်းကို ရှဉ့်နက်ကတွေ့ရပြောရတာလို၊
သဘောရှန်သောပြိတ္တာကို မဟာဂေါဝိန္ဒကတွေ့ရပြောရတာလို။
သဘောမှန်သောပြိတ္တာကို အရှင်မောဂ္ဂလာန်ကတွေ့ရပြောရတာလို။

သဘာဝရှိရှိနှင့်ပေါ်နေသောတေဇောကို နာမ်ကတွေ့သိရတာမျိုးပါဘဲ။ စစ်ဆေးခြင်း(၃၀)နှင့်စစ်ဆေးကြည့်တော့ ပညတ်ငါးပါးမပါဘဲ ပရမတ္ထ သဘာဝ ရှိရှိနှင့် သိရတွေ့ရမှ သဘောပေါက်မှ၊ လောကုတ္တရာပါဘဲ။ ကိုယ်တွေ့သဘာဝကို ၅-မိနစ် ၁၀-မိနစ်ခန့်အားထုတ်၍ကြည့်ကြပါကုန်။

## (၅၄) ဟုတ်တာပြောမှ ဥစ္စာပေါ်သတဲ့

စိတ်သဘာဝ၊ စေတသိက်သဘာဝ၊ ရုပ်သဘာဝ၊ နိဗ္ဗာန်သဘာဝကို အပြောလဲမဟုတ်၊ သဘောသိမှုမဟုတ်ဘဲ (၁) သုတမယဉာဏ်၊ သညာ စေတသိက်။ သညာသိမှုမဟုတ်ဘဲ (၂) စိန္တာမယဉာဏ်၊ ဝိတက် စေတသိက်၊ ဝိတက်သိမှုမဟုတ်ဘဲ (၃) ဘာဝနာမယဉာဏ်၊ ကိုယ်တွေ့သိ၊

ပညီးနြုံစေတသိက်၊ပညာသိနှင့် ဒွါနနှင့်တွေ့ရ၊ သဘာဝနှင့်တွေ့ရ၊ပမာဏ နှင့်တွေ့ရ၊ ကလာပနှင့်တွေ့ရ၊ ပဟာနနှင့်တွေ့ရ၊ အာနုဘာဝနှင့်တွေ့ရ၊ ဉာဏနှင့်တွေ့ရ၊ ဤလို ၇-ဌာနနှင့် တကွဲကိုသဘောအစစ်အမှန်ကိုတွေ့ရပုံ၌။ (၁) ခေါင်း၌၊ ရင်၌တွေ့ရခြင်းစသည်တို့ကား ဌာနနှင့်တွေ့ရပုံတည်း။ (၂) ဆီးဆီးခန့်သံပုရာသီးခန့်ရှောက်သီးခန့် ပမာဏ၊ အရစ်၌တွေ့ရခြင်း စသည်တို့ကား ပမာဏနှင့်တွေ့ရပုံတည်း။ (၃) ပူသဘော အေးသဘော စသည်တို့ကား သဘာဝနှင့်တွေ့ရပုံတည်း။ (၄) ဖြိုးဖြိုးဖျဉ်းဖျဉ်းရှိန်းရှိန်း ရိပ်ရိပ်စသည်တို့ကား ကလာပနှင့်တွေ့ရပုံတည်း။ (၅) ပျင်းမိတ်ပျောက် ငိုက်မျှည်းမိတ်ပျောက်အောင်တွေ့ရခြင်းစသည်ကား အာနုဘာဝနှင့် တွေ့ရ ပုံတည်း။ (၆) မိတ်ပြောင်း သဘောပြောင်း မနောပြောင်းအောင်တွေ့ရခြင်း တို့ကား ပဟာနနှင့်တွေ့ရပုံတည်း။ (၇) ဓာတ်ကူးပေါ်ခြင်း ဓာတ်ဆက်၍ ပေါ်ခြင်း၊ ရုပ်နာမ်ခွဲသိခြင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တမှစ၍ ဉာဏ်စဉ်တွေကိုပါ သိရခြင်းကား ဉာဏနှင့်တွေ့ရပုံတည်း။ ဓာတ်ကူး၊ ဓာတ်ဆက်၍ပေါ်ရာ၌ (သမထေန သမထော) ကဲ့သို့၊ ဓာတ်ချင်းတူမှ ဓာတ်ကူး၍ပေါ်တတ်ပါ သည်။ဓာတ်ချင်းမတူတော့ အရင်ကပေါင်းသင်းလာတဲ့ မိတ်ဆွေတွေနှင့်ပင် ကွဲစပြု၍လာတော့၏။ဥပမာ –နိဂဏ္ဌတို့ကို၊အမြဲတမ်း ကိုးကွယ်၍လာသော ဥပါလိသူဌေးကြီးဟာ ပရမတ်ဓာတ်ဝင်လာတော့ နိဂဏ္ဌတို့နှင့်ကွဲ၍ဘုရား တပည့်သားတွေနှင့် ပေါင်းသင်း၍နေသကဲ့သို့တည်း။ အရှင်သာရိပုတ္တရာ နှင့် အရှင်မဟာမောဂ္ဂလာန်စသော တပည့်ငါးရာတို့သည် တရားတွေ့၍ လာတော့ ဆရာသိဥ္စည်းနှင့်ကွဲကြပြီး ဓာတ်တူရာ ဘုရားဂိုဏ်းထဲသို့ ဝင်လာ ကြသကဲ့သို့တည်း။

### ဓာတ်၏သဘာဝ မှန်းဆသိကြတော့

အဝိဇ္ဇာဏကဖြစ်သော ကမ္ဘာမြေကြီး၌၊ နေ ၇-စင်းထွက်၍ မြေဓာတ် နှင့် မီးဓာတ်ပေါင်းကြ တွေ့ကြတော့ ကမ္ဘာဟောင်း ပျောက်ရပါတယ်။ ၁၄-ဘုံ အကုန်မီးလောင်ရတယ်။ တွေ့လျှင်ချုပ်ငြိမ်းရပုံတည်း။ အဝိဇ္ဇာ ဏကဖြစ်သော ကမ္ဘာမြေကြီး၌၊ ရေဓာတ်ပေါ်၍၊ မြေနှင့်ရေတွေ့ကြတော့ ၁၇-ဘုံပျက်ရ၊ချုပ်ငြိမ်းရပုံတည်း။ ။အဝိဇ္ဇာဏကဖြစ်သော ကမ္ဘာမြေ ကြီး၌၊ လေဓာတ်ပေါ်တော့ မြေနှင့်လေတွေ့ကြတော့၊ ၂၀-ဘုံပျက်ရ၊ ချုပ်ငြိမ်းရပုံတည်း။ သိလောက်ပါပြီ။

## (၅၅) လောကဥ္စ မျက်မြင်ဥပမာများ

အထင်းခေတ်ရောက်လာတော့ အမှောင်ခေတ်ပျောက်ရတာလို။
ထမင်းခေတ်ရောက်လာတော့ အဆာခေတ်ပျောက်ရတာလို။
ရေခေတ်ရောက်လာတော့ ရေငတ်ခေတ်ပျောက်ရတာလို။
ဆေးခေတ်ရောက်လာတော့ ရောဂါခေတ်ပျောက်ရတာလို။

ဤဥပမာ အတိုင်းပင်၊ ပြလတ္တံ့သော ဥပမေယျဥ္စလည်း—
သမ္မာဒိဋ္ဌိရောက်လာတော့—မိစ္ဆာဒိဋ္ဌိပျောက်ရပါသည်။
အမှန်ရောက်လာတော့—အမှားတွေပျောက်ရပါသည်။
အနိစ္စရောက်လာတော့—နိစ္စဒိဋ္ဌိပျောက်ရပါသည်။
ဒုက္ခရောက်လာတော့—သုခဒိဋ္ဌိပျောက်ရပါသည်။
အနတ္တရောက်လာတော့—အတ္တဒိဋ္ဌိပျောက်ရပါသည်။
ပရမတ္ထရောက်လာတော့—ပညတ်ဓမ္မပျောက်ရပါသည်။
ကုသိုလ်ရောက်လာတော့—အကုသိုလ်တွေပျောက်ရပါသည်။

ဥပမာ။ ။ဒိုးထဲရေထဲသို့၊ အောက်က မီး၏အရှိန်တို့ကြောင့် အပူခေတ်ရောက်လာပုံ၊ ရေပူလာပုံ၊ ရေတွေအနိစ္စနဲ့ လှုပ်ပျက်နေပုံ၊ အငွေ့တွေထွက်နေပုံ၊ ရေတွေလျော့လျော့လာပုံကို တွေ့မြင်ရသကဲ့သို့၊ ဝိပဿနာပွါးတော့ ခန္ဓာ၌ ခေတ်ပေါ်၍လာပါသည်။ အနိစ္စပေါ်၍ လာပါသည်။ အကုသိုလ်ကုန်၍ ခန်း၍လာပါသည်။ ဒိုးကားခန္ဓာကိုယ်နှင့်တူ၏။ ရေကားကိလေသာနှင့်တူ၏။ ရေပူတာကား ခေတ်ပေါ်တာနှင့်တူ၏။ ဆူပွက်ထာကား၊အနိစ္စ-ဒုက္ခ-အနတ္တတွေ့တာနှင့်တူ၏။ အငွေ့ထွက်ထာကား၊အကုသိုလ်ထွက်ထာနှင့်တူ၏။ ရေတွေ ထဖြေးဖြေးလျော့ခန်းနေခြင်းကား၊ ကိလေသာတွေ လျော့တာ ခန်းတာနှင့်တူ၏။ ထင်းတဲ့ခြင်းကား၊ သမထနှင့်တူ၏။ မီးတောက်ခြင်းကား၊ ဝိပဿနာဉာဏ်နှင့်တူ၏။

## (၅၆) အကောင်းတွေရောက်တော့ မကောင်းတွေပျောက်

မယ်နန္ဒာဒါနခေတ်ရောက်၍ ပြတ္တာဘာပျောက်ရပါသည်။
မဟာပုဏ္ဏ၊ ဒါနခေတ်ရောက်၍ သူဌေးဘဝရောက်ရပါသည်။
ကာကဝလ္လိယ ဒါနခေတ်ရောက်၍ သူဌေးဘဝရောက်ရပါသည်။
နန္ဒိယ သူဌေးဒါနခေတ်ရောက်၍ ဗိမာန်ကြီးပေါက်ရပါသည်။
မဟာဒုက် ဒါနခေတ်ရောက်၍ သူဌေးဘဝရောက်ရပါသည်။

သုဖိတာ သိသခေတ်ရောက်၍ အလှခေတ်ရောက်ရပါသည်။
ရသေ့ကြီးဘွေ့ သမထခေတ်ရောက်၍ ဝိဇ္ဇာအဘိညာဉ်တွေရောက်ရ ပါသည်၊
ပဉ္စဝဂ္ဂီတို့ ဝိပဿနာ ခေတ်ရောက်၍ မဂ်ဖိုလ်ရောက်ရပါသည်။

## (၅၇) အရူးမှန်နှင့် အကောင်းမှန်

သမုတိ သစ္စာနယ်ကမှန်တာတွေဟာ အရူးမှန်တို့သာတည်း။ ပရမတ္ထ သစ္စာနယ်က မှန်တာတွေဟာ အကောင်းမှန်တို့သာတည်း။ ပုထုဇ္ဇနော ဥမ္မတ္တကော ဆိုတဲ့ အရူးတွေဟာ၊ဝါ၊ ၃၁-ဘုံ၌နေကြတဲ့ ပုထုဇဉ် လူအရူး၊ နတ်အရူး၊ ဗြဟ္မာအရူးတွေဟာ မိမိကိုယ်ကို မိမိပင် ရူးမှန်းကိုလဲမသိကြ၊ သူတပါးရူးမှန်းကိုလဲမသိကြ၊ သူတို့သဘောနှင့် သူတို့ဟာသာ မှန်နေတဲ့ သမုတိသစ္စာဆိုတာရှိပါတယ်။ ၃၁-ဘုံ၌ရှိသော ခေတ် ၄-ပါး၊ ၆-ပါး၊ ၈-ပါး၊ ၁၀ ပါးတို့ကိုမသိကြ မတွေ့ကြရသဖြင့်၊ ၎င်းခေတ်များကိုပင် သင်္ကြာန်အရိပ် နိမိတ်ကိုစွဲပြီးတော့ ဒါက-ဆံပင်၊ ဒါက-မွေးညှင်း စသည် ဖြင့် ၃၂-ကောဋ္ဌာသကို သမုတ်၍ ခေါ်ဝေါ်နေကြ၏၊ ၄၂-ကောဋ္ဌာသကို သမုတ်၍ ခေါ်ဝေါ်နေကြ၏။ သုံးစွဲကြ၏။ တော, တောင်, ရေ, မြေ၊ ဟိမဝါ၊ စကြဝဠာ၊ လူနတ်ဗြဟ္မာစသည်ဖြင့် အခေါ်အဝေါ်တွေကို တခုစီသာ ရေးပြနေရပါလျှင် စာမျက်နှာ (၉၀၀) ကျော် ပိဋကတ်မှ စာအုပ်ကြီးတခု ဖြစ်၍လာနိုင်ပါသည်။ ပုထုဇဉ်လူရူး၊ နတ်ရူး၊ ဗြဟ္မာရူးကြီးတို့၏ ဝေါဟာရ အသုံးအစွဲကား အရူးမှန်ပင်တည်း။ ပြောတာကိုပြောတယ်၊ စားတာကို စား တယ်ဟု၊ အရူးမှန်ဖြင့် သုံစွဲးကြ၏။

## (၅၈) သမုတိသစ္စာ အရူးမှန်၏တန်းခိုး

ပြည့်တန်းဆာမက မှန်သော စကားကိုဆိုရာ ရေတွေ ကျပေးရ၏။ အညံ့စား,အောက်တန်းစား၏ သမုတိသစ္စာသော်လည်း တန်းခိုးပြသေး၏။ ၎င်းခေတ်၌၊သမုတိသစ္စာကြောင့် တောမီးကြီးငြိမ်းရ၏။ ငါးခေတ်၌၊သမုတိ သစ္စာကြောင့် မိုးရွာ၍ချမ်းသာကြရ၏၊ တောင်ဘိလာဆရာတော် သမုတိ သစ္စာကြောင့် ဒါးမကြီးရေ၌ကူးရသေး၏။ မဏိစောရဇာတ်၌၊ သမုတိ သစ္စာကြောင့် သိကြားမင်းလာ၍ကယ်ရ၏။ သုဝဏ္ဏသျှံဇာတ်၌၊ သမုတိ သစ္စာကြောင့် အဆိပ်ကျရ၏။ စန္ဒကုမာရဇာတ်၌၊ သမုတိသစ္စာကြောင့်

သိကြွားမင်းလာ၍ မ-ရ တုံသေး၏။ အဲဒါတွေဟာ သမုတိသစ္စာ အရှုံးမှန်၏ တန်းခိုးတွေပါဘဲ၊

## (၅၉) ပရမတ္ထသစ္စာ အကောင်းမှန်

ဝိပဿနာ ယောဂီများသည်၊ ပင်ကိုယ်သုံးစွဲနေကြဖြစ်သော ပညတ်အမှန်၊ အရှုံးအမှန်ဆိုတဲ့ သမုတိသစ္စာကို ဖေါက်ထွင်း၍၊ ပရမတ္ထ သစ္စာနယ်အထိ တက်ရောက်ကာနေကြလေပြီ။ ။ပညတ္တိံ ထပေတွာ နိဗ္ဗတ္တိတ ပရမတ္ထ ဝသေန ဝိသေသေန ငဝိခါဝါ ပဿတီတိ ဝိပဿနာ။ ။ဆိုတဲ့ မဟာဋီကာ ပါဠိအတိုင်း နေကြလေပြီ (၁) ပညတ္တိံ ထပေတွာဖြင့် ပညတ်တရား၊ သမုတိသစ္စာတို့ကိုကျော်လွန်၍သွားနိုင်ခြင်း (၂) နိဗ္ဗတ္တိတ ပရမတ္ထ ဝသေနဖြင့် စိတ်ပရမတ်, စေတသိက်ပရမတ်, ရုပ်ပရမတ် ဆတ်ဆတ်ထိမိအောင် အာရုံပြုနိုင်ကြလေပြီ(၃)ဝိသေသေန ပဿတိဖြင့် အနိစ္စ,ဒုက္ခ,အနတ္တ ထင်မြင်ရှုးရောက်၍နေကြလေပြီ (၄)ဝိဝိခါ ပဿတိဖြင့် ဉာဏ်စဉ် ၁၀-ပါး ၁၆-ပါး၊ ပရိညာ ၃-ပါး၊ ဝိသုဒ္ဓိ ၇-ပါး၊ဗောဓိပက္ခိယ ၃၇-ပါးဆိုက်အောင် ဉာဏ်ဖြင့် သိမ်းပိုက်နိုင်ကြလေပြီ။ ၎င်းမှတဆင့်တက်၍ မဂ် ၄-ပါးအမှန်၊ ဖိုလ် ၄-ပါးအမှန်၊ နိဗ္ဗာန်အမှန်ဆိုတဲ့ ဘကဲ့ပရမတ္ထအမှန်တွေကို ဧကန် အာရုံပြုနိုင်ကြလေပြီ။ ပရမတ်နှင့် ပညတ်ကိုခွဲခြား၍၊ သုံးငွဲနိုင်ကြလေပြီ။ ထို့ကြောင့်။ ။ဟုတ်ဘာပြောမှ ဥစ္စာပေါတယ်၊

မဟုတ်တာပြောတော့၊ ဥစ္စာလျှောဘယ်—ဟူ၍၊ ရှေးရှေးကဝိ၊ ကဝိန်၊ သုခမိန်၊ ပညာရှင်ကြီးတို့ မှတ်တမ်းရေးခဲ့ပါသည်။

## (၆၀) သောတာပန်အမှန်ကို သစ္စကပုရိဗိုဇ်က မေးမြန်းပုံ

အိုး....အရှင်ဂေါတမ—အရှင်၏တပည့်သားတို့သည်။ အဘယ်မျှသော အတိုင်းအရှည်ဖြင့်၊ သာသနာ့ အဆုံးအမကို လိုက်နာ၍ ပြုကြပါကုန်သနည်း။ သာသနာ့ အဆုံးအမအတိုင်း လိုက်နာခြင်းပြုကြကုန်၍၊ ကူးမြောက်ပြီးသော ဝိစိကိစ္ဆာရှိသည်ဖြစ်၍၊ သို့လောသို့လော တွေးတောခြင်းကင်းသည်ဖြစ်၍၊ ရဲရင့်သောအဖြစ်သို့ ရောက်သည်ဖြစ်၍၊ ဘုရားမှတပါး ကိုးကွယ်ရာကို မရှာမှု၍၊မြတ်စွာဘုရားကိုသာအားထားပြီး အဆုံးအမသာသနာ၌ နေကြပါသနည်းဟု မေးလျှောက်လေ၏။ ။အဲဒါ သောတာပန်တည်ပြီလားဟုမေးခြင်းပါဘဲ၊ သောတာပန်တည်မှ ယခုအမေးအတိုင်း အချက်နှင့်ကိုက်ညီမှာပါ။

## သောတာပန်အဖွန့်ကို ဘုရားကမြေကြားမုံ

ဒရိ.....အဂ္ဂိဝေဿန–ဤသာသနာတော်၌၊ ငါဘုရား၏တပည့်သားသာဝကတို့သည်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် အတွင်းအပြင် ရုန့်ရင်း၊ သိမ်မွေ့၊ ယုတ်ညံ့၊ မြင့်မြတ်၊ အဝေး–အနီးဖြစ်သော တေဘူမကရုပ်သင်္ခါရသည်ရှိ၏။

(၁) ထိုအလုံးစုံသော ရုပ်သင်္ခါရတရားစုသည်၊ ငါလည်းမဟုတ်ပါ၊ ငါ့ဥစ္စာလည်း မဟုတ်ပါ၊ငါ့ကိုယ်လည်းမဟုတ်ပါ-ဟူ၍(မာန-တဏှာ-ဒိဋ္ဌိ) ငါသုံးမျိုးကို ခွဲခဲ့လေပြီ၊ ပြာချခဲ့လေပြီ။ အဲဒါလိုရုပ်တရားအစု၌၊ယထာဘူတ ဟုတ်မှန်သော ဉာဏ်ကိုရ၍၊ သမ္မပ္ပညာယ ကောင်းသော ပညာဖြင့်မြင်၍ နေပေ၏။

| | |
|---|---|
| (၂) အလုံးစုံသောဝေဒနာ | ရုပ်အတိုင်းဆိုပါလေ |
| (၃) အလုံးစုံသောသညာ | ရုပ်အတိုင်းဆိုပါလေ |
| (၄) အလုံးစုံသောသင်္ခါရ | ရုပ်အတိုင်းဆိုပါလေ |
| (၅) အလုံးစုံသောဝိညာဉ် | ရုပ်အတိုင်းဆိုပါလေ |

ဒရိ ....အဂ္ဂိဝေဿန–ယခု ငါဘုရားပေါ်ပြသည့်နည်းအတိုင်း၊ ဤမျှသော အတိုင်းအရှည်ဖြင့် ငါဘုရား၏တပည့်သားသာဝကတို့သည် သာသနာတော် အဆုံးအမ ကိုလိုက်နာသည်ဖြစ်၍၊ အဆုံးအမ သာသနာကိုလိုက်နာပြီးတော့ ကူးမြောက်ပြီးသော ဝိစိကိစ္ဆာရှိသည်ဖြစ်၍၊ သို့လောသို့လော တွေးတော ခြင်းမှ ကင်းသည်ဖြစ်၍၊ ရဲရင့်သောအဖြစ်သို့ ရောက်သည်ဖြစ်၍၊ ဘုရားမှ တပါး အားထားကိုးကွယ်ရာ မရှိသည်ဖြစ်၍၊ ဘုရား သာသနာတော်၌ နေကြ၏။

(၁) အရိယာသာဝကကား (တဏှာ,မာန,ဒိဋ္ဌိ) ကိုပြာချပြီး တပည့် ခံ၍နေကြသည်။

(၂) ပုထုဇဉ်သာဝကကား (တဏှာ,မာန,ဒိဋ္ဌိ)မဖြုတ်ဘဲ ရှိးရာနှင့် တပည့်ခံ၍နေကြရာ ဘုရားကြီး၌၊ တပည့် ၂-ရကွဲလွဲနေ ကြောင်း မြင်အောင်ကြည့်ကြပါလေ။

## မျက်မြင်သဘော၊ ဥပမာပြရှင်းချက်

သူ့အကြောင်းနှင့်သူ့အကျိုးဖြစ်၍ နေကြသော (၁) တံလျှပ်တွေကိုရင်း၊ (၂) ဆီးနှင်းတွေကိုရင်း၊ (၃) မိုးပွဲတွေကိုရင်း၊ (၄) အငွေ့တွေကိုရင်း၊

(၅) လေများကိုရင်း (၆) မြူမှုန်များကိုရင်း။ ။အင်္ဂလန်တို့ အမေရိကန်တို့ ဂျာမန်-ဂျပန်တို့က ငါလဲမစွဲမထင်ကြပါ၊ ငါ့ဥစ္စာဟူ၍လဲ မစွဲမထင်ကြပါ၊ ငါ၏ကိုယ်ဟူ၍လဲ မစွဲမထင်ကြပါ။ သူ့အကြောင်းကြောင့် သူ့ဓမ္မတာ အတိုင်း ဖြစ်ပေါ်၍နေကြသော သဘောတို့သာဘည်းဟူ၍ အမြင်မှန်ကို ရရှိကြ၏။ခန္ဓာကိုယ်ထဲကထွက်ပေါ်၍လာတဲ့ စိတ်သဘောတွေ စေတသိက် သဘောတွေ၊ ရုပ်သဘောတွေကိုလည်း ပြခဲ့ပြီးသော တံလျှပ်စသည်တို့ ကဲ့သို့၊ ငါလဲမစွဲကြရာ။ ငါ့ဥစ္စာလဲမစွဲကြရာ။ ငါ့ကိုယ်ဟူ၍လဲမစွဲကြရာ မစွဲပါမှ (တဏှာ,မာန,ဒိဋ္ဌိ) ပြုတ်မည်။

ပြခဲ့ပြီးသောတံလျှပ်စသည်တို့ကို မြဲဘယ်ဟူ၍လည်း မထင်ကြပါ။အနိစ္စ သဘောတည်း၊ သာယာဘွယ်အားထားဘွယ်ဟူ၍လည်းမထင်ကြပါ။ ဒုက္ခ သဘောတည်း၊ ငါ၏အလိုသို့လိုက်၏ ဟူ၍လည်းမထင်ကြပါ။ အနတ္တ သဘောတည်း၊ ခန္ဓာကိုယ်ထဲကထွက်နေတဲ့ စိတ်,စေတသိက်,ရုပ်သဘော တွေကိုတော့ မြဲတယ်၊ သာယာဘွယ်ရှိဘယ်၊ ငါ့ကိုယ်ဘဲ၊ငါပြုတိုင်းရတယ် ဟု နိစ္စ၊ သုခ၊ အတ္တတွေ စွဲစွဲ မှားမှားပြီး ကိုးရိုးကားရားနေကြတာများ ဖြင်တို့ တော်ပါပြီ။ ။အမြင်မှန်ရ၍ အမှားစင်ကြယ်လျှင် ဒိဋ္ဌိဝိသုဒ္ဓိပါဘဲ။ အမြင်မှန် ရ၍၊ ဝိစိကိစ္ဆာပျောက်သွားပါလျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိပါဘဲ။ ဤ ၂-ဆင့် ထောက်တော့ ဇူဠသောတာပန်ရှိတို့ သင့်လျော်လှပေသတည်း။

## (၆၁) ယသသူဌေးသား သောတာပန်တည်ပုံ

ယသဿ ကုလပုတ္တဿ တသ္မိံယေဝအာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ ယံကိဉ္စိသမုဒယဓမ္မံ၊သဗ္ဗန္တံ နိရောဓဓမ္မန္တိ။ ။ဝိနည်း မဟာဝါပါဠိတော်၊ နံ (၂၀) ကြောင်းရေ (၉) ၌။

ဝိရဇံဖြင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပါပြီ၊ ဝီတမလံဖြင့် ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ပါပြီ။ ဓမ္မစက္ခုံဥဒပါဒိဖြင့် မဂ္ဂါမဂ္ဂ၊ ပဋိပဒါ၊ ဉာဏဒဿနဆိုတဲ့ ဝိသုဒ္ဓိ ၃-ပါးရရှိသွား ပါပြီ။ယံကိဉ္စိသမုဒယဓမ္မံ၊သဗ္ဗန္တံ နိရောဓဓမ္မန္တိဖြင့် အနုသယဒိဋ္ဌိလုံးလုံးချည်း ချုပ်ငြိမ်းသွားပုံကိုပြပါသည်။

## (၆၂) ယသသူဌေးသား မဂ်၏အနှိုန်အဝါတွေ့ရပုံ

၁ သောဒိဋ္ဌဓမ္မောဖြင့် ချွန်စ်ဌာနဖြင့် သဘာဝကိုတွေ့ရ၊ မြင်ရလေပြီ

၂ ပတ္တဓမ္မောဖြင့် အလောင်းမှန် ရထားဆိုက် ၇-ဆင့်ဖြင့်ရောက်လာပြီ

၃ ဝိဒိဘာဝနေမွှာဖြင့် ဉာဏ်စဉ် ၁၀-ပါး၊ ၁၆-ပါး၊ ဆိုက်ခဲလေပြီ
၄ ပရိယောဂါင္ဂခမွှာဖြင့် အစလသဒ္ဒါဖြင့် ယုံကြည်ရလေပြီ
၅ တိဏ္ဏာဒိမိကိန္တော့ဖြင့် ၁၆-ပါး၊ ၈-ပါးယုံမှားခြင်း ပျောက်သွားပါပြီ
၆ ဝိဂတကထံကထောဖြင့် ဟိုးတွေး၊ ဒိကြီ ရှစ်နာမ်အတွက်မရှိတော့ပြီ
၇ ဝေသာရဇ္ဇပတ္တောဖြင့် အသဲစွဲပြီး၊ ရဲရဲကြီး ယူထားနိုင်ပါပြီ
၈ အပရပ္ပစ္စယောဖြင့် ဘုရား တရား သံဃာမှန်ကို ကိုးကွယ်ရလေပြီ
ဆဲဒါ သောတာပတ္တိမဂ်ရတော့ မဂ်၏အခိုက်အခါ တွေ့ရပုံတည်း။
ခေတ်ကမ္ဘာ့ဖြန်းသာ၊ အဓခြိခံမူလာ၊ ဘုတာတည်း။

## (၆၃) ခေတ်တလုံးပေါ် အခံပါရှိပုံကျင့်စဉ်ကြီး

| | | | | | | | |
|---|---|---|---|---|---|---|---|
| သီလ | သီလ | × | တဒင်္ဂ | × | × | × | × |
| စိတ္တ | သမာဓိ | × | ဝိက္ခမ္ဘန | × | × | × | × |
| ဒိဋ္ဌိ | ပညာ | ဒိဋ္ဌိပယ် | သမုစ္ဆေဒ | နာမရူ | ဉာတ | ရူဋ္ဌ | ဗော-၃၇ |
| ကင်္ခါ | ပညာ | ဝိဇ်ပယ် | သမုစ္ဆေဒ | ပစ္စယ | ဉာတ | ရူဋ္ဌ | ဗော-၃၇ |
| မဂ္ဂါ | ပညာ | ပရာမာသ | သမုစ္ဆေဒ | သံ၊ဥ | တီရဏ | မဇ္ဈိမ | ဗော-၃၇ |
| ပဋိ | ပညာ | ပရာမာသ | သမုစ္ဆေဒ | ဘင်္ဂ | တီရဏ | မဇ္ဈိမ | ဗော-၃၇ |
| ဉာဏ | ပညာ | ပရာမာသ | သမုစ္ဆေဒ | ဖေပ | ပဟာန | မဟာ | ဗော-၃၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |

ဇယားပုံစံအညွှန်းကား

၎ါပုံစံ၌(၁)သည်၊ ဝိသုဒ္ဓိ ၇-ပါးတည်း(၂)သီလသမာဓိပညာသာသနာ သုံးရပ်ပင်တည်း(၃) ကိလေသာသုံးပါး ပယ်ပုံတည်း။ (၄)ပဟာန် -၃ပါး ပယ်ပုံဘည်း။ (၅) ဉာဏ်စဉ် ၁၆-ပါးရှိပုံတည်း (၆) ပရိညာ ၃-ပါးရှိပုံတည်း။ (၇) ရူဋ္ဌသောတာပန်၊ မဇ္ဈိမသောတာပန်၊ မဟာသောတာပန်ဖြစ်ပုံတည်း။ (၈) ဗောဓိပက္ခိယတရား ၃၇-ပါး။ ရှိပုံတည်း။

စစ်ဟပ်၍ယူရပုံမှာ

၁-၂ မှာ၊ ဝိသုဒ္ဓိ ၇-ပါးနှင့်သာသနာ ၃-ရပ်ကို၊ စစ်ဟပ်၍ပြ၏။ ယူရပုံမှာ၊ သီလဝိသုဒ္ဓိ၌သီလသာသနာရ၏။ စိတ္တဝိသုဒ္ဓိ၌ သမာဓိသာသနာ

ရ၏။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါ၊ မဂ္ဂါ။ ပဋိပဒါ၊ ဉာဏ၊ ဝိသုဒ္ဓိဌာနငါးပါး၌၊ ပညာ သာသနာရ၏၊

တဖန် (၁) နှင့် (၃) အရစ်ဟပ်ပုံမှာ—သီလဝိသုဒ္ဓိ၌မပယ်နိုင်သေးပါ၊ စိတ္တဝိသုဒ္ဓိ၌ မပယ်နိုင်သေးပါ၊ ဒိဋ္ဌိဝိသုဒ္ဓိ၌ ဒိဋ္ဌိကိုပယ်၏။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၌ ဝိစိကိစ္ဆာကိုပယ်၏။ မဂ္ဂါ၊ ပဋိပဒါ၊ ဉာဏ၌၊ သီလဗ္ဗတပရာမာသ ကိုပယ်၏။

တဖန် (၁) နှင့် (၄) အရစ်ဟပ်ပုံမှာ—သီလဝိသုဒ္ဓိ၌တဒင်္ဂပဟာန်သာ ရ၏။ စိတ္တဝိသုဒ္ဓိ၌၊ ဝိက္ခမ္ဘနပဟာန်သာရ၏၊ ဒိဋ္ဌိဝိသုဒ္ဓိကစ၍ကင်္ခါ၊ မဂ္ဂါ၊ ပဋိပဒါ၊ ဉာဏဆိုတဲ့ ဝိသုဒ္ဓိငါးပါး၌၊ သမုစ္ဆေဒပဟာန်ရ၏၊

တဖန်(၁)နှင့်(၅)အရစ်ဟပ်ပုံမှာ-သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၌၊ တဉာဏ်မှ မရသေးပါ။ ဒိဋ္ဌိဝိသုဒ္ဓိ၌၊ နာမရူပပရိစ္ဆေဒဉာဏ်တပါးရ၏။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၌၊ ပစ္စယပရိဂ္ဂဟဉာဏ်တပါးရ၏။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၌၊ သမ္မ သနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် ၂-ပါးကိုရ၏။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌၊ (ဘင်္ဂဉာဏ်၊ ဘယ အာဒီနဝ၊ နိဗ္ဗိဒါ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမ ဉာဏ်၊ ဂေါတြဘုဉာဏ်) ဆိုတဲ့ ဉာဏ်ကိုးဉာဏ်ကိုရပေ၏။ ဉာဏဒဿန ဝိသုဒ္ဓိ၌မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်ဆိုတဲ့ ၃-ဉာဏ်ကိုရ၏။

တဖန်(၁)နှင့်(၆)အရစ်ဟပ်၍ပြရပါလျှင်-သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၌၊ ပရိညာကိုမရသေးပါ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ၂-ပါး၌ ဉာတပရိညာကိုရ၏။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ၂-ပါး၌၊ တီရဏပရိညာကိုရ၏ ဉာဏဒဿနဝိသုဒ္ဓိ၌ပဟာနပရိညာကိုရ၏။

တဖန်(၁)နှင့်(၇)အရစ်ဟပ်၍ပြရလျှင်-သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ ၂-ပါး ၌၊ သောတာပန်မရသေးပါ။ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ ၂-ပါး၌ စူဠသောတာပန်ဘ၀ရ၏၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ ၂-ပါး၌၊ မဇ္ဈိမသောတာပန်ဘ၀ကိုရ၏။ ဉာဏဒဿနဝိသုဒ္ဓိ ၌ မဟာသောတာပန်ဘ၀ကိုရ၏။

တဖန်(၁)နှင့်(၈)အရ စ်ဟပ်၍ပြရလျှင်—သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ ၂-ပါး၌၊ ဗောဓိပက္ခိယတရား ၃၇-ပါးမရသေးပါ။ (ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတ ရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိကြီး ငါးပါး၌၊ ဗောဓိပက္ခိယတရား ၃၇-ပါး။ အနုအရင့်ဖြင့် ရှိပါတော့သည်။ ။

ဤကား အထက်ဇယား၌ ကောက်ယူပုံ၊ ကဝိ ကဝိန် သူခမိန်တို့ သိရှိကြပါရန် ယူပုံ,ဆိုပုံ ညွှန်ပြခဲ့ပါသတည်း။

ဤဇယားပုံစံအတိုင်း ဝိပဿနာတရားကို ဆားလုတ်တော့၊ ခေတ်ကြီး လေးပါးထဲက တပါးပါးပေါ်လာပါသည်။ ခေတ်တပါးပါး ပေါ်လာတော့ (၁) ဝိသုဒ္ဓိ၇-ပါးပါလာပုံ၊ (၂) သီလ,သမာဓိ,ပညာဆိုတဲ့ သာသနာသုံးရပ်ပါလာပုံ၊ (၃) ဝီတိက္ကမပယ်၊ ပရိယုဋ္ဌာနပယ်၊ အနုသယပယ်ဆိုတဲ့ ကိလေသာ ၃-ပါးပယ်နိုင်ပုံ၊ (၄) တဒင်္ဂ၊ဝိက္ခမ္ဘန၊ သမုစ္ဆေဒ၊ပဟာန်သုံးပါး ရရှိပုံ၊ (၅)ဉာဏ်စဉ်တဆဲ့ခြောက်ပါး အဆင့်ဆင့်နှင့် ရရှိလာပုံ၊ (၆)ဉာတ၊ တီရဏ၊ ပဟာန၊ ပရိညာသုံးပါးရရှိလာပုံ၊ (၇) စူဠ သောတာပန်၊ မဇ္ဈိမ သောတာပန် မဟာသောတာပန်ဘဝ အဆင့်ဆင့် ရရှိလာပုံ၊ (၈) ဗောဓိ ပက္ခိယတရား ၃၇-ပါးတို့ ဝင်လာပုံကို အစုံပြထားပါသည်။

(၆၄) နေယျများအတွက်
ဗုဒ္ဓမြတ်စွာက ရုပ်နာမ်အပြင် ရှုစရာမရှိတဲ့
အဲဒါ အခုံပါရှိလို့ မိန့်ခဲ့တာပါဘဲ ဗုဒ္ဓါ့သို

(၁) နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယံ။ ။နိဒါနဝဂ္ဂသံယုတ် ပါဠိတော်။ ။နာမရူပေ၊ နာမ်နှင့် ရုပ်ကို၊ ပရိညာတေ၊ ပိုင်းခြား၍ ဒွေ့မြင်ခဲ့သည်ရှိသော်။ အရိယသာဝကဿ၊ ဘုရား၏တပည့်သားယောဂီအား။ ကိဉ္စိ၊ တစုံတခုသော။ ဥတ္တရိ၊ အပိုအမိ။ ကရဏီယံ၊ ပြုဘွယ်သည်။ နတ္ထိ၊ မရှိတော့ပါ။ ။အဲဒါဟာ ဘုရားစကား တော်ကြီးပါဘဲ။ ရုပ်နာမ်တွေ့လျှင် အဆင့်ဆင့်မြင့်မြင့်သွားမည်သာတည်း။ လေယာဉ်ပျံ တက်စီးလျှင်၊ ထိုလေယာဉ်ပျံက ခရီးစဉ်အတိုင်း ပြေ၍ ပြေ၍ အရောက်သွားလိမ့်မည်၊ (နိဗ္ဗာန်ကျမှ လမ်းဆုံးမည်ဟူလို။)

(၂) ရူပါရူပ ပရိဂ္ဂဟာဒိဝသေန နေယျဿ ပရိညာ ဘဝတိ။ ။ခုဒ္ဒနိ ကာယပါဠိတော်နှင့် ၎င်းအဋ္ဌကထာ။ ။ရူပါရူပ ပရိဂ္ဂဟာဒိဝသေန၊ ရုပ်နှင့် နာမ်ကို ပိုင်းခြားခြင်းစသည်ကို သိမ်းဆည်းခြင်း အစရှိသည်၏ အစွမ်း အားဖြင့်။ နေယျဿ၊ နေယျပုဂ္ဂိုလ်အား။ ပရိညာ၊ ပိုင်းခြား၍သိခြင်းသည်။ ဘဝတိ၊ဖြစ်ရတော့၏။ ။ဤပါဠိ-အဋ္ဌကထာ အမိန့်ဖြင့်လည်း ရုပ်နာမ်တွေ့ ကြဘို့သာ ပဓာနတည်း။ ရုပ်နာမ်ကိုတွေ့လျှင် အစဉ်အတိုင်းရောက်သွားဘို့

ကား၊ ယုံမှားမရှိသင့်ပြီ။ မော်တော်ကားစီးသူဥပမာ၊ သင်္ဘောစီးဥပမာ၊ လေယာဉ်ပျံစီးဥပမာဖြင့် အဆင့်ဆင့်ရောက်ပုံကိုသိကြပါကုန်။

(၃) ခေတ်တပါး၊ တစ်တိုင်းတဒေသတွေ့ရုံနှင့် ရဟန္တာဖြစ်ပုံ

သာဝကာပိ စတုန္နံ ခေတ္တံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏာတိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။ ။ပိ၊ တခုထဲနှင့် နိဗ္ဗာန်ရပုံကား။ သာဝကာ၊ သာဝကတို့သည်။ စတုန္နံ၊ လေးပါးကုန်သော။ ခေတ္တံ၊ ခေတ်တရားတို့တွင်။ ဧကဒေသမေဝ၊ တစ်တဒေသကိုသာလျှင်။ သမ္မသိတွာ၊ သုံးသပ်ပွါးများ၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်ရ၏။

(၄) သားရေပာလာအားဘုရားကခေတ်လေးပါးနှင့်ချွတ်ပုံမှာ

> ပထဝိခေတ္တံခေါ် ရာဟုလ အနိစ္စတော၊ ဓာနတော ပဿတော သတ္တာယနိဒ္ဒိ ပဓဟာတိ ဝိဝိကိစ္ဆံ ပဓဟာတိ၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ ။သံယုတ် ပါဠိတော်။ အနက်ကား— စာအုပ်တိုင်း၌ ပါရှိ၍ မရေးပြီ။

ပထဝီခေတ်ကို ကိုယ်တိုင်တွေ့သို့ ၎င်းပထဝီ၌ အနိစ္စကို ဓာနတော ဖြင့် ကိုယ်တွေ့သိတို့ ပဿတောဖြင့် ဉာဏ်တွေ့သိတို့ ၄-ချက်ရုံညီလျှင် ဒိဋ္ဌိကို၊ ဝိစိကိစ္ဆာကို၊ အဝိဇ္ဇာကို ပယ်သတ်နိုင်၍ ဝိဇ္ဇာ အလင်းခေတ်ကို ရနိုင်ပါတော့သည်။ ဉာဏစာဂိကျမ်း ဘာဏ်တိုက်ကြီး၌ ခေတ်တရားသာ အခြေခံဖြစ်ပုံကို ၎င်းကျမ်း နံပါတ် (၁၃၄) ကစ၍ (၁၄၀) အထိ သာဓက ပေါင်း (၃၀) ထုတ်၍ ရေးပြခဲ့ပါသည်။ ခေတ်တရားဖြင့် ဒိဋ္ဌိခွါပုံကို ပါဠိ (၅၀၀) ကျော်ဖြင့် ပြခဲ့ပါပြီ။

ခေတ်ကမ္မဋ္ဌာန်းသာ အခြေခံမူလဘူတဖြစ်ပုံ

(၆၅) သတိပဋ္ဌာန် ပါဠိတော်၌ ၄င်းတခါးကြီးဖြင့် သိသားကြပါ

သတိပဋ္ဌာန်ပါဠိတော်၌။ (ဣရိယာပထ၊ သမ္ပဇည၊ ခေတုမနသိကာရဟု) ၃-ဆင့်ပြသည်။ ၎င်းအဋ္ဌကထာ၌လည်း (ဣ-သံ-ခေတု ဟူ၍ ၃-ဆင့်ပင် ပြထားပါသည်။ မင်းကွန်းဆရာတော်ကလည်း ( ဣ-သံ-ခေတု-၍သုံးချ၊ မှတ်ရှုဝိပဿနာ) ဟူ၍ ၃-ဆင့်ပြ၍ ဆောင်ပုဒ်လင်္ကာ ရေးထားခဲ့ပါသည်။

(ရင်းသတိပဋ္ဌာန်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအဆိုကိုဝေဘန်တော့)

| | | | |
|---|---|---|---|
| ခေတ္တ | အထက်တန်း | ပညာသာသနာ | သမုစ္ဆေဒပဟာန်၊ |
| သမ္မဇည | အလယ်တန်း | သမာဓိသာသနာ | ဝိက္ခမ္ဘနပဟာန်၊ |
| ဂုရိယာပထ | အောက်တန်း | သီလသာသနာ | တဒင်္ဂပဟာန်၊ |
| ၁ | ၂ | ၃ | ၄ |

| | | |
|---|---|---|
| ခေတ္တ | ပဟာနပရိညာစခန်း | ပရိယောသာနကလျာဏ |
| သမ္မဇည | တီရဏပရိညာစခန်း | မဇ္ဈေကလျာဏ |
| ဂုရိယာပထ | ဉာတပရိညာစခန်း | အာဒိကလျာဏ |
| | ၅ | ၆ |

ဤဇယားကို လူပြိန်းသိဘို့ရန် ရှင်းပြရပါလျှင်– ( ၁ ) ဣရိယာပထကို အားထုတ်ပါလျှင် အောက်တန်းဝိပဿနာသာဖြစ်ပါသည်။ သီလသာသနာ လောက်သာ ရောက်ပါသေးသည်။ တဒင်္ဂပဟာန်အနေနှင့်သာ ပယ်နိုင်ပါ သေးသည်။ ဉာတပရိညာစခန်းလောက်သာ တန်းရောက်ပါသေးသည်။ အာဒိကလျာဏ၊ အစကောင်းခြင်းလောက်သာ ရှိပါသေးသည်ဟု ၆-မျိုး အထိ သိထားကြပါကုန်။

(၂) သမ္မဇညကိုအားထုတ်ပါလျှင် အလယ်တန်း ဝိပဿနာသာဖြစ်၍ သမာဓိသာသနာသာဖြစ်၏။ဝိက္ခမ္ဘနပဟာန်လောက်သာပယ်နိုင်၏။တီရဏ ပရိညာစခန်းသာ ရရှိသေး၏။ မဇ္ဈေကလျာဏ၊ အလယ် ကောင်းခြင်း လောက်သာ ရှိပါသေးသည်ဟု ၆-မျိုးအထိ သိ၍ထားကြပါကုန်။

(၃) ခေတ္တကမ္မဋ္ဌာန်းကို အားထုတ်ပါလျှင် အထက်တန်း ဝိပဿနာ ဖြစ်မည်၊ ပညာသာသနာဖြစ်မည်။ သမုစ္ဆေဒပဟာန်ဖြင့် ပယ်နိုင်ပါမည်။ ပဟာနပရိညာစခန်းအထိ ရရှိပါမည်။ ပရိယောသာနကလျာဏ အဆုံး ကောင်းခြင်းအထိ ရရှိ၍သွားမည်ဟု ၆-မျိုးအထိ သိ၍ထားကြပါကုန်။

အောက်တန်း ဣရိယာပထနှင့်၊ အလယ်သမ္မဇညအားထုတ်ပုံကို သတိ ပဋ္ဌာန်ပါဠိတော်နှင့် သတိပဋ္ဌာန်အဋ္ဌကထာ ဋီကာအဖွင့်တို့ကို လေ့လာ ကြည့်ရှုသောအခါ ရင်း ၂-ဆင့်သည် ခေတ္တမနသိကာရ အထက်တန်းသို့ တက်ဘို့ရာ၊ လှေခါး ၂-ဆင့်နှင့်တူ၍နေပေ၏။ (၁) ဣရိယာပထမှာ။ ဘွမ်းတာ၊

ကြွတာနှင့်ထို့ပြင် ဂန္ဓနဗ္ဗာဝါကသွားတာ၊ ဌိတောဝါကရပ်ထာ နိသိန္နော ဝါကထိုင်တာ၊ သယာနောဝါကလျောင်းအိပ်ထာ တို့ကို သိနေမှုပင်တည်း။ (၂) သမ္ပဇညမှာ ရှေးသို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ ရှေးရှုကြည့်ခြင်း၊ စောင်း၍ ကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ ဒုကုဋ်၊ သပိတ်၊ သင်္ကန်းတို့ကို ဆောင်ခြင်း၊ စားခြင်း သောက်ခြင်း၊ ခဲခြင်း၊ လျက်ခြင်း ကျင်ကြီး ကျင်ငယ် စွန့်ခြင်း သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ နိုးကြားခြင်း၊ ပြောဆိုခြင်း၊ ဆိတ်ဆိတ်နေခြင်း၌၊ ပညာ အဆင်အခြင်နှင့်နေခြင်း အမှုပင်တည်း။

ဧင်းရှု-နှင့်သံ-ကို အဘိဓမ္မာပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ယောဇနာ၊ ဂဏ္ဌိ၊ ဂဏ္ဌိနှင့်ရတ်နှင့်တိုက်ဆိုင်၍ပရမတ္ထသဘာဝနှင့်ယှဉ်ပြိုင် ၍ကြည့်တော့။ (၁) သမုဟ၊ ဃန၊ သဏ္ဌာန၊ သန္တတိ၊ နာမဆိုတဲ့ ပညတ် ငါးပါးကိုခွါရမည်၊ (ပညတ္တိံ ထပေတွာ နိဗ္ဗာနံ ပရမတ္ထံ သေနာ ဝိသေသေန ဝိဝိဓာဂါ ပဿာဘိတိ ဝိပဿနာ (ဆိုတဲ့အဖွင့်နှင့်မညီသေးပုံကိုတွေ့ခဲ့ရပါ သည်(၂)ပရမတ္ထတရားမည်သည်၊ တဆံမျှားမျှပင် ဒေသတပါးသို့ ရွှေ့မရ ပြောင်းမရ ဟုဆိုထားသောပါဠိများနှင့် မကိုက်ညီကြောင်းကိုတွေ့ရပါမည်။ (၃) ကုဋေတသိန်းမကသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဥဒယဗ္ဗယကိုတွေ့ရမည် ဟူသောပါဠိနှင့် မကိုက်ညီပုံကို တွေ့ရပြန်ပါသည် (၄) ယထာပုဗ္ဗုဠကံ ပဿ အရ၊ ရေပွက်များပျက်ထာလို ပျက်၍ပျက်၍နေတာကို တွေ့ရမည် ဆိုတဲ့ ပါဠိနှင့်လည်း မညီကြောင်းတွေ့ရပါသည်။ (၅) ယထာပဿ မရီစိကံ ဆိုတဲ့ ပါဠိအရ တံလျှပ်များကို တွေ့ရသကဲ့သို့ အပျက်များကို တွေ့ရမည်ဟူသော ကျမ်းစကားနှင့်လည်းမညီသေးပါ။ (၆) နဒီသောတော ဝိယ၊ ဆိုတဲ့ ပါဠိအရ။ မြစ်ရေအယဉ်ကဲ့သို့၊ ပျက်ပျက်နေတာကို တွေ့ရ မည်ဆိုသော ကျမ်းစကားနှင့်လည်း မညီသေးပါ။ (၇) ဒီပဇာလာဝိယ၊ ပါဠိအရ၊ ဆီမီးအလျှံကဲ့သို့ ပျက်ပျက်နေတာကို တွေ့ရမည်ဆိုသော ကျမ်းစကားနှင့်လည်းမညီသေးပါ၊ (၈) ပရမတ်တရားဆိုတာ လူမျက်စိ၊ နတ်မျက်စိ၊ ဗြဟ္မာတို့မျက်စိနှင့်တောင်မှ မမြင်ရပါဟူသော ကျမ်းစကား နှင့်လည်းမညီသေးပါ၊ (၉) ဓမ္မာတိ၊ သဘာဝေါဟုဖွင့်ကြသော ပါဠိတဆဲ့ တပုဒ်နှင့်လည်းမညီသေးပါ။ (၁၀) သတိပဋ္ဌာန်၊ အဋ္ဌကထာ၊ ဋီကာ အဖွင့်တို့၌၊ လှမ်းဘာ၊ ရပ်ထာ၊ ထိုင်တာ၊ အိပ်ထားဟာ စိတ္တဇဝါယော ဓာတ်စသော ဓာတ်ကြီးလေးပါးတို့၏ ထက်ခြင်း၊ နှန့်ခြင်းသို့လိုက်၍ ဖြစ်သာပါတဲ ဟူသော ဓာတ်တရားပေါ်အောင် ဖွင့်၍ပြကြပါသောကြောင့်၊ ဓာတ်မပေါ်သေးသော ဣရိယာပထနှင့် သမ္ပဇညသည်။ သမထနယ်မျှသာ

တည်း၊ အကုသိုလ်မဝင်ရုံမျှသာတည်း၊ ခေတ္တအထက်တန်းသို့ တက်လှမ်းရန်လှေခါးကြီး ၂-ထစ်မျှသာတည်းဟု ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ပါသည်။

(အားထုတ်သိုသူ့ဘို့အဘို့မှာမူကား။ ကြိုက်နှစ်သက်ရာ အတန်းကို အားထုတ်နိုင်ကြပါသည်)အတူတူပါဘဲ ဆိုသော တနိုင်ငံလုံးက စကားကို လက်မခံနိုင်၍၊ မတူသေးပုံ။ တူလျှင် တခုထဲဟောမှာပေါ့၊ (အောက်တန်း အလယ်တန်း၊ အထက်တန်းကွဲပြားသေးပုံကို အဘိဓမ္မာပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအဖွင့်နှင့် ရှင်းပြရပေဦးမည်)။ ဤကားအညွှန်းမျှသာတည်း။

သမ္မာဒိဋ္ဌိနှင့် ဣရိယာပထကား အဘိဓမ္မာနှင့် မညီပုံကိုထားဘိဦး။

(၁၆) မဟာစည်ဆရာတော်၏ ဝါဒနှင့် မညီညွတ်သေးပါ။ မညီညွတ်သေးပုံမှာ။ မဟာစည်ဆရာတော်ရေးသားအပ်သော ဝိပဿနာရှုနည်းကျမ်းကြီး ဒုတိယတွဲ။ ၁၃၁၂-ခုနှစ်၊ တတိယနှိပ်ခြင်းစာအုပ်၌၊ နံပါတ် (၁၀) တွင်ပါရှိပုံမှာ—

[သမာဓိအား အထူးကောင်း၍လာလျှင်၊ များစွာသော ယောဂီတို့မှာ (ယားမှု၊ပူမှု၊ နာကျင်ကိုက်ခဲမှု၊ လေးလန်မှု၊ တင်းကြပ်မှု)စသော မခံသာတဲ့ ဝေဒနာအမျိုးမျိုးကို ထင်ရှားတွေ့ရတတ်ကုန်၏။ မမှတ်ဘဲရပ်နားလိုက်လျှင်၊ ထိုဝေဒနာမှာ ချက်ခြင်းပင်ပျောက်သွား၏၊ မှတ်မြဲမှတ်ပြန်လျှင်၊ တဖန် ပေါ်လာပြန်၏။ ဤလိုဝေဒနာမှာ။ (ရောဂါမဟုတ်) တရားသဘောအတိုင်း ထင်ရှားပေါ်လာတဲ့ ဝေဒနာဟူ၍သာ ဆုံးဖြတ်ပါ၊ မကြောက်နဲ့။ ထိုဝေဒနာကိုသာ ရှုးပိုက်၍ အဘင်းမှတ်နေပါ။ တဖြေးဖြေးသေးငယ်၍၊ သေးငယ်၍၊ ပျောက်ကင်းသွားပါလိမ့်မည်။ အဲဒါက ပရမတ်ခေတ်ပေါ်ပုံအဆုံးအဖြတ်ပင်တည်း။] ဣရိယာပထနှင့်၊ သမ္မာဒိဋ္ဌိကား၊ ပညတ်ငါးပါးမလွတ်သေးပါ၊ မဟာစည်၏ ဤဝါဒနှင့်ပင်အောက်အထက်ခြားနား၍နေချေတော့၏။

(၁၇) ပဌမ မူလ မင်းကွန်းဆရာတော်ဝါဒနှင့်လည်း မညီသေးပါ။ ။ ဝိပဿနာညာဏ်စဉ်ကျမ်းကြီး၌ မျက်နှာနံပါတ်။ (၈၅) တွင်။ (၁၇) ကြောင်း၌၊ ညာဏ်အမြင်စင်ကြယ်အောင် ရုပ်ကိုသုတ်သင်ရှင်းလင်းသဖြင့် ပခွက်ဆိတ်သွားသလို (တရွရွ၊ တလှုပ်လှုပ်)ခြသွားသလို တရွရွတလှုပ်လှုပ်၊ ပရုဒ်ခုံလို တဆွေ့ဆွေ့တခုန်ခုန်၊ ပျားအုံလို တဆွေ့ဆွေ့ တခုန်ခုန် ဤသို့—တရွရွ တလှုပ်လှုပ်။ တဆွေ့ဆွေ့တခုန်ခုန်၊ အာရုံပြုသော၊ နာမ်အစဉ်လို ထင်၏—ဟူ၍၊ ညာဏစာဂိါဒအတိုင်း ရေး၍ထားပါသည်။

| | | | | | |
|---|---|---|---|---|---|
| ၛင်းကျမ်း | နံ့ | (၈၇) ကြောင်းရေ | (၁၁) ၌ၛင်း | | |
| ၛင်း | နံ့ | (၉၀) | ၛင်း | (၁၈) ၌ၛင်း | |
| ၛင်း | နံ့ | (၁၉၆) | ၛင်း | (၂၅) ၌ၛင်း | |
| ၛင်း | နံ့ | (၁၉၇) | ၛင်း | (၂၇) ၌ၛင်း | ကြည့်ကြပါကုန်။ |
| ၛင်း | နံ့ | (၁၉၈) | ၛင်း | (၂၇) ၌ၛင်း | |
| ၛင်း | နံ့ | (၃၂၃) | ၛင်း | (၂၄) ၌ၛင်း | |
| ၛင်း | နံ့ | (၅၀၃) | ၛင်း | (၁၀) ၌ၛင်း | |

ဣရိယာပထ၊ သမ္ပဇညနှင့်လုံးဝမည်ဘဲ ခေတ်ပေါ်ပုံသာ ပြကြပါသည်။ ထို့ကြောင့် (ဣနှင့်သံ) သည်။ ဇကုသိုလ်မဝင်ရုံ သမထမျှသာတည်း။ ခေတ်ပေါ်အောင် ရှုပွါးသိထား၍ အဆင့်ဆင့်မြင့်အောင်တက်ရပါဦးမည်။

(၉၀) (ဣ) နှင့် (သံ) သည်၊ သုတ္တန်၊ ဥတ္တမပုရိသ၊ သုတ်နှင့်လည်းမညီသေးပါ၊ ခန္ဓဝဂ္ဂသံယုတ်၊ ပါဠိတော်၊ ဥတ္တမပုရိသသုတ်တော်၌၊ ပြသည်ကား။

(၁) ရူပံပဇာနာတိ-ရုပ်ကိုအမှန်သိရမည်။
(၂) ရူပသမုဒယံ ပဇာနာတိ-ရုပ်၏ဖြစ်ကြောင်းကို အမှန်သိရမည်။
(၃) ရူပနိရောဓံ ပဇာနာတိ ရုပ်၏ချုပ်ခြင်းကို အမှန်သိရမည်။
(၄) ရူပနိရောဓဂါမိနိပဋိပဒံ ပဇာနာတိ၊ ရုပ်ချုပ်ဘို့ အကျင့်သိရမည်။
(၅) ရူပဿ အဿာဒံ ပဇာနာတိ-ရုပ်၏သာယာစရာကို သိရမည်။
(၆) ရူပဿ အာဒီနဝံ ပဇာနာတိ-ရုပ်၏အပြစ်ကို သိရမည်။
(၇) ရူပဿ နိဿရဏံ ပဇာနာတိ–ရုပ်မှထွက်မြောက်ခြင်းကို သိရမည်။

ဟူ၍ ၇-မျိုးကို ပြတ်သားစွာ ဟောထားခဲ့ပါသည်။

## (၆၉) ရူပံ ပဇာနာတိ–နှင့် ရှင်းပြဦးအံ့

ရူပံ ပဇာနာတိ။ ။ရူပံ၊ ပရမတ်ရုပ်အစစ်အမှန်ကို။ ပဇာနာတိ၊ သိထားရာ၏။ ရုပ်အစစ်အမှန်ကိုသိရမည်ဆိုတော့၊ ဘယ်လိုသိရမှာလဲ အရှင်ဘုရား သိရမည့်ပရမတ္ထရုပ်ကို ညွှန်ပြတော်မူပါဘုရားဟု၊ လျှောက်ထားဘွယ်ရှိ၍၊ ဗုဒ္ဓရှင်တော်မြတ်ဘုရားကြီးက—

> ကတမဉ္စ ဘိက္ခဝေ ရူပံ၊ စတ္တာရောစ မဟာဘူတာ၊ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ရူပံ။ ။ဟူ၍၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ဥတ္တမပုရိသသုတ်၌ ဟောခဲ့ပါပြီ။

ဘိက္ခဝေ၊ ချစ်သားတို့။ ရူပံ၊ ပရမတ္ထရုပ်တရားသည်။ ကတမဥ္စ၊ အဘယ်ပါနည်းဟူမူကား။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာစ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ မဟာဘုတ်ရုပ်ကြီးတို့သည်၎င်း။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်ရုပ်ကြီးတို့ကို။ ဥပါဒါယ၊ ရူပံစ၊ မှီ၍နေသော ရုပ် ၂၄-ပါးတို့၎င်း။ ဘိက္ခဝေ၊ ချစ်သားတို့။ အာနံ ဤမဟာဘုတ်နှင့် ဥပါဒါရုပ် ၂၄-ပါးကို။ ရူပန္တိ၊ ရုပ် ၂၈-ပါးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## ဘုရားက အစတွေ့နှာခိုင်းတဲ့ ပရမတ္ထနှင်းမှာ–

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့–ဓာတ်ကြီးက၄-ပါး
ပါတဲ့၊ ထိုဓာတ်ကြီး ၄-ပါး၌ကပ်၍နေတဲ့ ဥပါဒါရုပ်က၂၄-ပါးပါတဲ့။

အဲဒီရုပ်ကိုသာ ပရမတ္ထရုပ်ဟုမှတ်၍။ ကိုယ်တွေ့ရှာကြပါတဲ့၊ မမြင်းနိုင်ဓာတ်တရားကို မတွေ့ရသေးဘဲလျက် ဘယ်ရုပ်မှ ပညတ်မလွတ်နိုင်တော့ပါ မူလဘူတာ အခြေခံ၊ ဓာတ်ကြီး ၄-ပါး၊ ပရမတ္ထရုပ်တရားကို ပိုင်ပိုင်နိုင်နိုင်ကြီး တွေ့ပြီးမှသာလျှင်၊ ထိုဓာတ်တရား၌ မှီတွယ်၍နေသော ဥပါဒါရုပ်ကို တွေ့နိုင်ပါသိမ့်မည်။ ၎င်းရုပ် ၂-ပါးကိုတွေ့၍ သိတဲ့နာမ်ကိုမှ ပရမတ္ထနာမ်ဟု ဆုံးဖြတ်မှတ်သား၍ ကိုယ်တွေ့ရှာကြပါကုန်။

## (၃၀) နေ့ဝဂ္ဂသံယုတ် ပဋိစ္စသမုပ္ပါဒ–သီတေနာပိ သုတ်
## ဥဏှေနာပိ သုတ် စသည်ဖြင့် ရှင်း၍ပြဦးအံ့

သီတေနာပိ ရုပ္ပတိ ဥဏှေနာပိရုပ္ပတိ။ ။ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ကြီး။ သီတေနာပိ၊ ခြင်းတေဇောဓာတ်ကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်ရ၏။ ဝါ၊ ဥပါဒါရုပ် ဖြစ်ရ၏။ ဥဏှေနာပိ ပူခြင်းတေဇောဓာတ်ကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်ရ၏။ ဝါ၊ ဥပါဒါရုပ်ဖြစ်ရ၏၊ ။ဤကားအနက်။ ။ သီတေနာပိ၊ ဆိုတဲ့ပါဠိက–အကြောင်း၊ သီတတေဇောဓာတ်ရုပ်ကိုပြထားပါသည်။ ရုပ္ပတိဆိုတဲ့ ပါဠိက–အကျိုး၊ ဥပါဒါရုပ်ကိုပြထားပါသည်။ ဓာတ် ၄-ပါးတွေ့မှ ရုပ်အစစ်မှန်မည်ဆိုတာ ထင်ရှားလှ၏။ ။တဖန်၊ ဥဏှေနာပိ၊ ဆိုတဲ့ပါဠိက၊ အကြောင်း၊ ဥဏှတေဇောဓာတ်ရုပ်ကို ပြထားပါသည်။ ရုပ္ပတိ ဆိုတဲ့ပါဠိက၊ အကျိုးဥပါဒါရုပ်ကိုပြထားပါသည်။ ။ဓာတ် ၄-ပါးကိုတွေ့မှ ဥပါဒါရုပ်၊ အစစ်အမှန်ကို တွေ့မည်ဆိုတာ ထင်ရှားလှပေ၏။

သိတေန ဥဇ္ဈေနဖြင့် တေဓောခတ်ပါဘဲ၊ ရုပ္ပဘိဖြင့် ဥပါဒါရုပ်ပါဘဲ။ ဤလို ဥတ္တမပုရိသသုတ်၌လည်း ခတ် ၄-ပါးအရင်းခံ၍၊ ဥပါဒါရုပ်ကို တွေ့မှ၊ ရုပ်ပဓာနဘာတိဖြစ်ခဲ့ည်တဲ့။ ဤသုတ်၌လည်း၊ သိတေန၊ ဥဇ္ဈေနဆိုတဲ့ ခတ်ရုပ်ကြောင့် ရုပ္ပဘိဆိုတဲ့ ဥပါဒါရုပ်ကို တွေ့နိုင်သည်ဟု ဆိုရာ ဘယ်ကဝိ၊ ဘယ်ကဝိန်၊ ဘယ်သုခမိန်က၊ ဘုရားကိုဆင်ခြေတက်ဝံ့ပါမည်နည်း။

## (၇၁) ကျမ်းပြုသူ၏ ညွှန်ကြားချက် ခတ်ဘရားများမှ

အောက်၌ပြခဲ့သော သက္ကာယဒိဋ္ဌိသုတ် အဘိုနည်း၌။ ခတ်ကိုရှုကြရန်တဲ့
အောက်၌ပြခဲ့သော အဝိဇ္ဇာဖြတ် သံသရာစက်ရပ်၌။ ခတ်ကိုရှုကြရန်တဲ့
၎င်း မူလအရင်းအမြစ်ပုံအမှန်ကန်ဆုံးတရားဘော်၌။ ခတ်ကိုရှုကြရန်တဲ့
၎င်း ခတ်ကမ္မဋ္ဌာန်းသော အခြေခံမူလ၊ဘူတတည်း၌။ ခတ်ကိုရှုကြရန်တဲ့
၎င်း သတိပဋ္ဌာန်ပါဠိတော်ရှင်းတမ်း၌။ ခတ်ကိုရှုကြရန်တဲ့
၎င်း မဟာစည်ဆရာတော်ဝါဒ၌။ ခတ်ကိုရှုကြရန်တဲ့
၎င်း ပထမမူလ မင်းကွန်းဆရာတော်ဝါဒ၌။ ခတ်ကိုရှုကြရန်တဲ့
၎င်း ခန္ဓဝဂ္ဂ သံယုတ် ဥတ္တမပုရိသသုတ်၌။ ခတ်ကိုရှုကြရန်တဲ့
၎င်း ခန္ဓဝဂ္ဂသံယုတ် သိတေနာဝိသုတ်၌။ ခတ်ကိုရှုကြရန်တဲ့
ဘဏ်ဘိုက်ကြီးခေါ်ဉာဏစာဂီကျမ်းကြီး။ နံပါတ်(၁၃၄) ကစ၍ပါဠိ ၃၀-ပြခဲ့တာဖြင့် } ခတ်ကိုရှုကြရန်တဲ့

### ဗမာနိုင်ငံတော်၌ ကမ္မဋ္ဌာန်းကျမ်းပြုပုဂ္ဂိုလ်များ

| | | | | | |
|---|---|---|---|---|---|
| ၁ | စတုဂီရိဆရာတော်ဘုရားကြီး | ခတ် | တရား | စာအုပ် | ၂၄ |
| ၂ | အုတ်ဖိုဆရာတော်ဘုရားကြီး | ခတ် | ။ | - | ၁ |
| ၃ | ပန်းတောင်းဆရာတော်ဘုရားကြီး | ခတ် | ။ | - | ၁ |
| ၄ | ပြည်မြို့ကန်တွင်းဆုတောင်းပြည့် | ခတ် | ။ | - | ၁ |
| ၅ | လယ်တီဆရာတော်ဘုရားကြီး | ခတ် | ။ | - | ၃၀ |
| ၆ | မာန်လည်ဆရာတော် | ခတ် | ။ | - | ၁ |
| ၇ | မြဝတီဆရာတော်ကြီး | ခတ် | ။ | - | ၁၅ |
| ၈ | သေကျွ၊တောင်ဆရာတော် | ခတ် | ။ | - | ၄ |
| ၉ | ကြောင်ပန်းပဌမဆရာတော် | ခတ် | ။ | - | ၆ |
| ၁၀ | ဒုတိယကြောင်ပန်းဆရာတော် | ခတ် | ။ | - | ၂ |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | အင်းမကြီးဆရာတော် | ဓာတ် | တရား | စာအုပ် | ၁ |
| ၁၂ | ဓမ္မစေတီဆရာတော် | ဓာတ် | ။ | - | ၁၀ |
| ၁၃ | မိုးညှင်းဆရာတော် | ဓာတ် | ။ | - | ၂၀ |
| ၁၄ | မင်းတုံးမြို့ ဦးဉာဏဝံသ | ဓာတ် | ။ | - | ၁ |
| ၁၅ | မိုးညှင်း ဦးပညောဘာသ | ဓာတ် | ။ | - | ၄ |
| ၁၆ | မိုးညှင်း ဦးနာရဒ | ဓာတ် | ။ | - | ၂ |
| ၁၇ | မိုးညှင်း ဦးတိလောက | ဓာတ် | ။ | - | ၂ |
| ၁၈ | မိုးညှင်း ဦးသုဇာတ | ဓာတ် | ။ | - | ၁ |
| ၁၉ | မိုးညှင်း ဦးပညာသာမိ | ဓာတ် | ။ | - | ၁ |
| ၂၀ | ဦးတိက္ခိန္ဒြိယ | ဓာတ် | ။ | - | ၂၀ |
| ၂၁ | ဦးသာသန | ဓာတ် | ။ | - | ၃ |
| ၂၂ | သကဒါဂါမိဆရာဘ | ဓာတ် | ။ | - | ၇ |
| ၂၃ | ဦးလှသိန်း | ဓာတ် | ။ | - | ၂ |
| ၂၄ | ဦးစံသိန်း လေယာဉ်ပျံမင်းကြီး | ဓာတ် | ။ | - | ၁ |
| ၂၅ | ဦးထွန်းမြတ် | ဓာတ် | ။ | - | ၈ |
| ၂၆ | ဦးစံရီ ကျောက်ပုံ | ဓာတ် | ။ | - | ၁ |
| ၂၇ | ဦးမြတ်သိန်းထွန်း | ဓာတ် | ။ | - | ၁၀ |
| ၂၈ | ကယားပြည် ဆရာကြည် | ဓာတ် | ။ | - | ၃ |
| ၂၉ | ဦးငွေရှက် | ဓာတ် | ။ | - | ၁ |
| ၃၀ | ဦးပန်းချို | ဓာတ် | ။ | - | ၁ |
| ၃၁ | စွန်းလွန်းဆရာတော် | ဓာတ် | ။ | - | ၁ |
| ၃၂ | ဉာဏစာရီဆရာတော် | ဓာတ် | ။ | - | ၁၀၀ |
| ၃၃ | ဦးဉေယျဆရာတော် | ဓာတ် | ။ | - | ၁ |
| ၃၄ | ဇင်ပြွန်းကုန်းဆရာတော် | ဓာတ် | ။ | - | ၂ |
| ၃၅ | ညောင်လွန့်ဆရာတော် | ဓာတ် | ။ | - | ၁ |
| ၃၆ | ဦးဝိန်ခန့် | ဓာတ် | ။ | - | ၂ |
| ၃၇ | ဆရာနီ ပဲခူး | ဓာတ် | ။ | - | ၁ |
| ၃၈ | ကြောင်းပန်း ဦးဉာဏိသာရ | ဓာတ် | ။ | - | ၂ |
| ၃၉ | ရွှေလဝင်းဆရာတော် | ဓာတ် | ။ | - | ၁ |
| ၄၀ | ဒိပဲရင်းဆရာတော် | ဓာတ် | ။ | - | ၁ |
| ၄၁ | အဗျားဆရာတော် | ဓာတ် | ။ | - | ၁ |

| | | | | |
|---|---|---|---|---|
| ၄၂ | မဟာဝိသုဒ္ဓါရုံဆရာတော် | ခေတ် တရား | - | ၂ |
| ၄၃ | ထားဝယ် ဦးသုဒဿန | ခေတ် ။ | - | ၂ |
| ၄၄ | မန္တလေး ဆရာထွေး | ခေတ် ။ | - | ၁ |
| ၄၅ | ဦးဇုန္ဒာသဏ္ဍ မင်းပူး | ခေတ် ။ | - | ၂ |
| ၄၆ | ပထမ မူလ မင်းကွန်းဆရာတော် | သတိပဋ္ဌာန် | - | ၂၅ |
| ၄၇ | မင်းကွန်း ဦးဝိသုဒ္ဓ | သတိပဋ္ဌာန် | - | ၆ |
| ၄၈ | မဟာစည် ဦးသောဘန | သတိပဋ္ဌာန် | - | ၄ |
| ၄၉ | ဦးမြတ်ကျော် ဦးပဏ္ဍိဓမ္မ | သတိပဋ္ဌာန် | - | ၇ |
| ၅၀ | ဦးတိလောကဉာဏ | သတိပဋ္ဌာန် | - | ၁ |

ဤကား စာရှုသူများ ချိန်ဆနိုင်ရန် ညွှန်ကြားခဲ့ပါသတည်း။

## (၇၂) သတိပဋ္ဌာန်ပါဠိတော်၌ ဟေတုအခုင်ချုပ်ပုံ

| | | |
|---|---|---|
| ဟေတုမနသိကာရ | အမြင့်ဆုံးအတန်းကြီး | ဝိပဿနာ |
| သမ္ပဇညပဋ္ဌ | အလယ်တန်း | ဝိပဿနာ |
| ဣရိယာပထ | အောက်တန်း | ဝိပဿနာ |

### ဘုရားဝန်ခံတော်မူချက်

၁ ဧကာယနော အယံဘိက္ခဝေ မဂ္ဂေါ။ ။ပါဠိအရ—

မှတ်ရန်အကြောင်း၊ နည်းကောင်းအမှန်၊
ဟောသည်မှာကြည့်၊ သတိပဋ္ဌာန်၊
ဝန်ခံချက်နှင့်၊ မိန့်မြွက်လေပြန်၊
ကျင့်ကြံသုံး၊ လမ်းဆုံး ပြည်နိဗ္ဗာန်၊

၂ သတ္တာနံ ဝိသုဒ္ဓိယာ။ ။ပါဠိအရ—

ကိလေစင်ကြောင်း၊ နည်းကောင်းအမှန်၊
ဟောသည်မှာကြည့်၊ သတိပဋ္ဌာန်၊
ဝန်ခံချက်နှင့်၊ မိန့်မြွက်လေပြန်၊
ကျင့်ကြံသုံး၊ လမ်းဆုံးပြည်နိဗ္ဗာန်။

၃ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ။ ။ယင်းပါဠိအရ—

### ဆောင်ပုဒ်မြန်မာဂါထာ

စိုးရိမ်ပူဆွေး၊ ငိုကြွေးလွတ်ရန်၊
ဟောသည်မှာကြည့်၊ သတိပဋ္ဌာန်၊
ဝန်ခံချက်နှင့်၊ မိန့်မြွက်လေပြန်၊
ကျင့်ကြံသုံး၊ လမ်းဆုံးပြည်နိဗ္ဗာန်။

၄ ဉာယဿ အဓိဂမာယ။ ။ဒုင်းပါဠိအရဆောင်ပုဒ်မှာ—
အရိယာမဂ်လမ်း၊ တက်လှမ်းဘို့ရန်၊
ဟောသည်မှာကြည့်၊ သတိပဋ္ဌာန်။
ဝန်ခံချက်နှင့်၊ မိန့်မြွက်လေပြန်၊
ကျင့်ကြံသုံး-လမ်းဆုံးပြည်နိဗ္ဗာန်။

၅ နိဗ္ဗာနဿ သစ္ဆိကိရိယာယ။ ။ပါဠိအရ—
နိဗ္ဗာန်ရောက်ကြောင်း၊ နည်းကောင်းအမှန်၊
ဟောသည်မှာကြည့်၊ သတိပဋ္ဌာန်။
ဝန်ခံချက်နှင့်၊ မိန့်မြွက်လေပြန်၊
ကျင့်ကြံသုံး-လမ်းဆုံးပြည်နိဗ္ဗာန်။

၆ ဟေတုပစ္စယော။ အဝိဇ္ဇာပစ္စယာ။ ။ပါဠိ ၂-ပုဒ်အရ—
အကြောင်းအကျိုး၊ အချိုးကျကျ၊ သိပါမှ၊ လောကလူခေါ်သည်။

### (၇၃) ဗုဒ္ဓမြတ်စွာ ဩဝါဒဒေသနာ

နသီလဗ္ဗတမတ္တေန၊ ဗာဟုသစ္စေန ဝါ ပန။
အထဝါ သမာဓိလာဘေန၊ ဝိဝိတ္တသယနေန ဝါ။
ဖုသာမိ နေက္ခမ္မ သုခံ၊ အပုထုဇ္ဇနသေဝိတံ။
ဘိက္ခု ဝိဿာသမာပါဒိ၊ အပတ္တော အာသဝက္ခယံ။ ။ဓမ္မပဒ
ပါဠိတော်လာ မဟာမိန့်ခွန်းတော်ကြီး။

ထိက္ခု၊ ချစ်သားရဲ့ဟန်း တွဲ သင်ချစ်သားသည်။အာသဝက္ခယံအပတ္တော၊ အရဟတ္တဖိုလ်သို့ မရောက်သေးပါဘဲလျက်။ သီလဗ္ဗတမတ္တေန၊ သီလစင်ကြယ်ရုံမျှ, ဓုတင်ဆောင်ရုံမျှဖြင့်။ ဝိဿာသံနအာပါဒိ၊ စိတ်ချ လက်ချ၊ သက်သာရာရပြီဟူ၍ မနေလိုက်ပါနှင့်။ ဗာဟုသစ္စေနဝါပန၊ စာတတ်, ပေ

တတ်, ကျမ်းဂန်တတ်သည်ဖြစ်၍၊ ဝိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်ရုံမျှနှင့်။ ဝိသာသံနအာပါဒိ၊ စိတ်ချလက်ချ၊ သက်သာရာရပြီဟူ၍ မနေလိုက်ပါနှင့်။ အထဝါ၊ တနည်းသော်ကား။ သမာဓိလာဘေန၊ ဈာန်, အဘိညာဉ်, သမာပတ်ဝိဇ္ဇာကို ရရုံမျှနှင့်။ ဝိသာသံနအာပါဒိ၊ စိတ်ချလက်ချ၊ သက်သာရာရပြီဟူ၍ မနေလိုက်ပါနှင့်။ ဝိဝိတ္တသယနေနဝါ၊ ဆိတ်ငြိမ်သောတောကျောင်း၌ ကိန်းအောင်းရပြီဟူ၍လည်း။ ဝိသာသံနအာပါဒိ၊ စိတ်ချလက်ချ၊သက်သာရာ ရပြီဟူ၍ မနေလိုက်ပါနှင့်။ အပုထုဇ္ဇနသေဝိတံ၊ ပုထုဇဉ်တို့ မမှီဝဲနိုင်သော။ နေက္ခမ်သုခံ၊ အနာဂါမ်ဆိုတဲ့မိုလ်ချမ်းသာကို။ဖုသာမိ၊ တွေ့နိုင်,ရောက်နိုင်၏ဟူ၍လည်း။ ဝိသာသံနအာပါဒိ၊ စိတ်ချလက်ချ၊ သက်သာရာ ရပြီဟူ၍ မနေလိုက်ပါနှင့်–ငါ၏ချစ်သား။....

(၇၄) ဗုဒ္ဓမြတ်စွာ ယင်းဂါထာ၏ မြန်မာကဗျာ လင်္ကာ

၁ ဒါနလောက်သာ၊ ပြည့်စုံတာနှင့်၊ လေးရွာ အပါယ်၊ လွတ်ပြီ ကွယ်ဟု၊ စိတ်ဝယ်ရွှင်ပျ၊ နှစ်သိမ့်ကြ၍၊ အားရတင်းတိမ်မနေ နှင့်။—

၂ သီလလောက်သာ၊ ပြည့်စုံတာနှင့်၊ လေးရွာအပါယ်၊ လွတ်ပြီ ကွယ်ဟု၊ စိတ်ဝယ်ရွှင်ပျ၊ နှစ်သိမ့်ကြ၍၊ အားရတင်းတိမ် မနေနှင့်။—

၃ လူသူမနီး၊ တောမြိုင်ကြီးမှာ၊ တကိုယ်ထည်းသာ၊ နေနိုင်တာနှင့်၊ လေးရွာအပါယ်၊ လွတ်ပြီကွယ်ဟု၊စိတ်ဝယ်ရွှင်ပျ၊ နှစ်သိမ့်ကြ၍၊ အားရတင်းတိမ်မနေနှင့်။—

၄ ကုသိုလ်အဟုန်၊ မျှောက်ပင့်တို့၍၊ လူ့ဘုံနတ်ရပ်၊ ဖြစ်တိုလတ် လည်း၊ ပုထုဇဉ်က၊ မလွတ်ကြလျှင်၊ လေးရွာအပါယ်၊ လွတ်ပြီ ကွယ်ဟု၊ စိတ်ဝယ်ရွှင်ပျ၊ နှစ်သိမ့်ကြ၍၊ အားရတင်းတိမ် မနေနှင့်။—

၅ တရားကိုရှာ၊ ပေါင်းများစွာတို့၊ အရိယာစစ်၊ ဖြစ်မဖြစ်ကို ရှင်ချစ် သူရား၊ အပထား၍၊ တပါးသူငါ၊ သိတို့ရာအင်မတန်ခဲယဉ်း သည်။

၆ တရားကိုရှာ၊ လူများစွာတို့၊ အရိယာစစ်၊ ဖြစ်မဖြစ်ကို၊ မိမိကိုယ် ကို၊ သိအောင်လုပ်မှ–ကျင့်ရာသော်။

## (၇၅) ပဋိပတ္တိကမ္မ ဋီကာမှ တရားရှင်းတမ်းကြီး

### ပုဂ္ဂိုလ်နှင့် စရိုက် တိက္ခ-မန္ဒဇယား

| ပုဂ္ဂိုလ် | စရိုက် | တိက္ခ-မန္ဒ |
|---|---|---|
| ဥဃ္ဃာဋိတညူ | ဒိဋ္ဌိစရိုက် | တိက္ခ |
| ဝိပဉ္စိတညူ | ဒိဋ္ဌိစရိုက် | မန္ဒ |
| ဝိပဉ္စိတညူ | တဏှာစရိုက် | တိက္ခ |
| နေယျ | တဏှာစရိုက် | မန္ဒ |

## (၇၆) ပုဂ္ဂိုလ်နှင့် သတိပဋ္ဌာန် ရှင်းတမ်းကြီးရင်းဋီကာ

| | |
|---|---|
| ဥဃ္ဃာဋိတညူ | ဓမ္မာနုပဿနာသတိပဋ္ဌာန် |
| ဝိပဉ္စိတညူ | စိတ္တာနုပဿနာသတိပဋ္ဌာန် |
| ဝိပဉ္စိတညူ | ဝေဒနာနုပဿနာသတိပဋ္ဌာန် |
| နေယျ | ကာယာနုပဿနာသတိပဋ္ဌာန် |

## (၇၇) ပုဂ္ဂိုလ်နှင့် လမ်းစဉ် ဉာဏ်များ

| ပုဂ္ဂိုလ် | လမ်းစဉ် | ဉာဏ် |
|---|---|---|
| ဥဃ္ဃာဋိတညူ | သံခေပဒေသနာကမ္မ | သုတမယဉာဏ် |
| ဝိပဉ္စိတညူ | ဝိတ္ထာရဒေသနာကမ္မ | သုတမယဉာဏ် |
| နေယျ | ပဋိပတ္တိကမ္မ | ဘာဝနာမယဉာဏ် |

## (၇၈) ပုဂ္ဂလ-သင်္ဂါယ စသည်ဇယား

| ပုဂ္ဂိုလ် | စရိုက် | တိက္ခ-မန္ဒ | သတိပဋ္ဌာန် | လမ်းစဉ် | ဉာဏ် |
|---|---|---|---|---|---|
| ဥဃ္ဃာဋိ | ဒိဋ္ဌိ | တိက္ခ | ဓမ္မာ | အကျဉ်း | သုတ |
| ဝိပဉ္စိ | ဒိဋ္ဌိ | မန္ဒ | စိတ္တာ | အကျယ် | သုတ |
| ဝိပဉ္စိ | တဏှာ | တိက္ခ | ဝေဒနာ | အကျယ် | သုတ |
| နေယျ | တဏှာ | မန္ဒ | ကာယ | အကျင့် | ဘာဝနာ |

ဤကား ပဋိပတ္တိကမ္မဋီကာ ပြည်မြို့ ငှက်သိုက်မူမှ ထုတ်ပြချက်တည်း။

## (၇၉) တရားတော်တိုင်း ကိုယ်နှင့်မဆိုင်ပုံ

မဆိုင်သောတရားကို၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ ဖြင့်ကိုးကွယ်ဘို့သာ။ မိမိနှင့်ဆိုင်သောတရားကို၊ အားတိုက်ကျင့်ကြံ၊ ယူဘို့သာတည်း။

ဘုရားဟောတရားဓမ္မက္ခန္ဓာ (၈၄၀၀၀) ထဲက

ဒေသနာပြချက်

| | | |
|---|---|---|
| အချို့တရားတော်က | ဘုရားရှင်များနှင့်သာ | သက်ဆိုင်သည်။ |
| 〃 | ပစ္စေကဗုဒ္ဓါများနှင့်သာ | 〃 |
| 〃 | အဂ္ဂသာဝကများနှင့်သာ | 〃 |
| 〃 | မဟာသာဝကများနှင့်သာ | 〃 |
| 〃 | ပကတိသာဝကများနှင့်သာ | 〃 |
| 〃 | ပဋိသမ္ဘိဒါပတ္တများနှင့်သာ | 〃 |
| 〃 | ဆဠဘိညာများနှင့်သာ | 〃 |
| 〃 | တေဝိဇ္ဇများနှင့်သာ | 〃 |
| 〃 | သုက္ခဝိပဿကများနှင့်သာ | 〃 |
| 〃 | ရဟန္တာ ၄-သောင်းနှင့်သာ | 〃 |
| 〃 | အနာဂါမ် ၄-သောင်းနှင့်သာ | 〃 |
| 〃 | သကဒါဂါမ် ၄-သောင်းနှင့်သာ | 〃 |
| 〃 | သောတာပန် ၄-သောင်းနှင့်သာ | 〃 |
| 〃 | ဥဃ္ဃဋိတညူများနှင့်သာ | 〃 |
| 〃 | ဝိပဉ္စိတညူများနှင့်သာ | 〃 |
| 〃 | နေယျများနှင့်သာ | 〃 |
| 〃 | ပဒပရမများနှင့်သာ | 〃 |

ဤလို ကွဲကွဲပြားပြားရှိခဲ့ရာ ဘုရားဟောဆိုတိုင်း လူတိုင်းနှင့်မရာမဆိုင် သမုဒ္ဒရာ၌ ယုန်သူငယ်ထောက်သလို၊ မဖြစ်နိုင်ဖြစ်ဘတ်ပါသည်။

## (၈၀) အတ္တုပေါ်တရား အနတ္တုပေါ်တရား

အတ္တုပေါ်တရားဆိုတာ သင်သိ၊ မေးသိ၊ နာသိ၊ ဆောင်သိ၊ ဆင်ခြင်သိ ဆိုတဲ့ အနုဗောဓဖြင့် သိထားပြီးမှ၊ ပရမတ္ထ သဘောတရားဘို့ကို တွေးခြင်း

ကြီစည်ခြင်း၊ စိတ်ကျုးခြင်း၊ စဉ်းစားခြင်း၊ ဆင်ခြင်ခြင်း၊ ဝေဘန်ခြင်း။ ရင်းပြင် ပထဝီဆိုတာ မာမှုဘဲ နူးမှုဘဲဆိုပြီး ဗျာပါရစိုက်၍၊ တမင်တကာ လက်ဦဖြစ်စေ၊ ကိုယ်ဦဖြစ်စေစမ်းသပ်၍ကြည့်ခြင်း သိခြင်းမျိုးတို့တည်း။

အနုတ္တပေါ်တရားဆိုတာ အလိုလို နေရင်း,ထိုင်ရင်း။ သူ့ဟာသူ ဖေလာသည်။ ပူပူလာသည်။ တောင့်တင်းလာသည်။ ပထဝီခာတ်ပေါ်ခြင်း ၁၃-မျိုးထဲက တမျိုးမျိုးပေါ်လာသည်၊ အာပေါ ၂-မျိုးထဲကတမျိုးမျိုး ပေါ်လာသည့် တေဇော ၆-မျိုးထဲက တမျိုးမျိုးပေါ်လာသည်၊ ဝါယော ၁၁-မျိုးထဲက တမျိုးမျိုးပေါ်လာသည့် အဲသည့် ဓာတ်ပေါ်တာမျိုးမှ တရားဘော်၏ဂုဏ် ၆-ပါးနှင့်ကိုက်ညီ၍၊ ဖေဟိသိကနှင့် လျော်ပေမည်၊ လင်မနစ်ပုလင်းကိုဖွင့်တာနှင့် အလိုလိုဆူတက်လာတာလိုပါဘဲ။

## (၈၁) စာသဘောသိနှင့် ခန္ဓာမှကိုယ်တွေ့သိ ခြားနားပုံ

သင်သိ၊ မေးသိ၊ နာသိ၊ ဆောင်သိ၊ ဆင်ခြင်သိ ငါးပါးကား-စာသဘော သိတည်း။ ကျင့်လို့ခန္ဓာကိုယ်မှ ၇-ဌာနဖြင့် တွေ့ရသော သဘောကား- ကိုယ်တွေ့တည်း၊ မိမိကိုယ်တိုင်ကြုံတွေ့ဘူးသည်ကား-ရခိုင်ပြည်၌ စစ်တွေ မြို့ဟာ ကုလားဘန်းမြစ်ဝ၌တည်ရှိသည်စသည်ဖြင့် ဦးပဥ္စင်းများပြောသဖြင့် စစ်တွေမြို့၏အခြင်းအရာ အာကာရ လမ်းနေပုံ,အိမ်နေပုံ,လေယာဉ်ပျံကွင်း နေပုံ,ကျောင်းတိုက်ကြီးများနေပုံကို စိတ်ကူးနှင့် သူတပါးပြောသော သုတ မယနှင့် စိတ်ထဲ၌ စွဲမြဲထင်မြင်ကာနေပေ၏။ အမြင်တမျိုး အထင်တမျိုး သာတည်း။ ။၁၃၁၆-ခု တန်ဆောင်မုန်း လဆုတ် ၁၀-ရက်နေ့၌၊ စစ်တွေသို့ လေယာဉ်ပျံနှင့် ရောက်သွားတော့ကာမှ ဟိုရှေးရှေးက သုတ မယဖြင့် ထင်မြင်နေတာတွေဟာ တခုမှမဟုတ်တော့ဘဲ၊ ယခုကိုယ်တိုင် တွေ့မှ လမ်းမှာ တမျိုး၊ အိမ်များ တခြား၊ ကျောင်းတိုက်ကား တဖုံ၊ ကိုယ်တွေ့နှင့် စိတ်ကူးဟာ ဝေလာဝေးကြီးကြုံတွေ့ရပါသည်။ စာအမြင်နှင့် ပြီးတယ်ဆိုပါလျှင် ထိုသူများဟာ စာကိုသာဖတ်ပြီးနေကြပါ။ ဘာအလုပ်မှ မလုပ်ပါနှင့်။ ငတ်မှာဇကန်ဘဲ၊ စာတတ်တဲ့-မြို့ပိုင်၊ ဝန်ထောက်၊ အရေးပိုင်၊ တိုင်းမင်းကြီးများဟာလဲ စာသိအတိုင်းနေ၍ အလုပ်ကိုမလုပ်ပါလျှင် လခ ရမည်မဟုတ်ပါ။ ကြမ်းကြမ်းပြောရပါလျှင် လင်ပျိုများသည် ကိုယ်တွေ့ မခံစားဘဲ၊ အိမ်ထောင်မပြုဘဲ၊ မိန်းမများကိုကြည့်၍ ကြီစည်၍စိတ်ကူး၍သာ နေခဲ့လျှင် ကာမဂုဏ်ကိစ္စ ပြီးစီးမည်လား၊ ကိုယ်တွေ့ခံစားမှ ပြီးတယ် မဟုတ်ပါလား၊ ဘုရားတရားများပေါ်လွင်စေလို၍သာရေးသားရပါသည်။

## (၈၂) အညတ္တသိနှင့် အနညတ္တသိ ခြားနားပုံ

အညတ္တသိဆိုတာ ဗျာပါရစိုက်၍ ကြောင့်ကြစိုက်၍ စာပေဘတ်၍ သဘောကို ရှုစမ်းခြင်း။ တရားနာ၍ မေးမြန်း၍ ပါဠိအနက်ဆောင်၍ ဆင်ခြင်ခြင်း။ စိတ်ကူးခြင်း တွေးတောခြင်း ကြံစည်ခြင်း ဝေဘန်ခြင်း-စသော စိတ်၏ အလုပ်၊ သုတမယဉာဏ်စခန်း၊ စိန္တာမယဉာဏ်စခန်းက ရုပ်သဘောသိ၊ နာမ်သဘောသိခြင်း-စသည်တို့ကို အညတ္တသိ၊ ဗျာပါရသိ၊ စိတ်မှန်းသိဟု ခေါ်ကြပါသည်။

အနညတ္တသိမျိုးကား-ဝိပဿနာအားထုတ်၍၊ အတော်အတန်လောက်အရှိန်ရလာလျှင် စားရင်းလဲ ခုတ်ပေါ်၊ ထိုင်ရင်းလဲ ခုတ်ပေါ်၊ အိပ်ရင်းလဲ ခုတ်ပေါ်၊ တရားနာရင်းလဲခုတ်ပေါ်၊ ဘာဝနာမပွါးဘဲနဲ့လဲ အလိုလိုခုတ်ပေါ်ခြင်း-စသည်တို့မှာ ကျမ်းဂန်အဘိုင်း (၁) ဘေတ္တနည်း အနညတ္တသိ၊ (၂) နာနာတ္တနည်း အနညတ္တသိ၊ (၃) အဗျာပါရနည်း အနညတ္တသိ၊ (၄) ဖေ့ ဓမ္မတာနည်း အနညတ္တသိဖြင့် တရားတော်ဂုဏ် ၆-ပါးနှင့် ညီ၍ ပေါ်တတ်ပါသည်။ ဥပမာ-လင်မနစ်ပုလင်းထဲ၌ရေသည်၊ ဖူးဆို့ကိုမဖွင့်မီ၌၊ နိစ္စ သဘောတွေ့ရပေမဲ့ ဖူးဆို့ကိုဖွင့်တော့ သူ့အလိုလို ရေရှိသမျှဟာ ဆူ၍ ပွက်၍ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်ကို ပြ၍နေရာ ဖူးဆို့ကို မဖွင့်မီက ရေ၌ အနိစ္စ,ဒုက္ခ,အနတ္တကို စိတ်ကူး၍သိရ၏။ ဒါဟာ အညတ္တသိမျိုးတည်း။ သူ့အလိုလို ဆူပွက်လာတော့ အနိစ္စ,ဒုက္ခ,အနတ္တ လက်ငင်းတကယ်တွေ့ရတာ အနတ္တအသိမျိုးတည်း။ တိုတိုတုတ်တုတ်လိုရင်းချုပ်မှာ စိတ်ကြောင့် ဗျာပါရစိုက်၍သိရခြင်းသည် အညတ္တသိတည်း။ ။ပါရမီကပြ၍ အဗျာပါရနှင့် အလိုလို ပေါ်တာကို သိရခြင်းသည် အနညတ္တသိမျိုးတည်း။ နှင်းကျသို့ သူ့အလိုလိုပေါ်တာသိ၊ နွေမိုးပုတာသိ၊ မိုးမိုး ပွက်ကြွတာဘာသိကား အနညတ္တသိမျိုးတည်း။

## (၈၃) ပိဋကတ်စာပေထဲကရုပ်နာမ်နှင့် ခန္ဓာကိုယ်ထဲက ရုပ်နာမ် ခြားနားပုံ

ရှေးရှေးဘဝက ဒါန,သီလ,သမထပြုလို့ လူ့ဘဝ၌ လူဖြစ်လာပါသည်။ လူ၏ ခန္ဓာကိုယ်ထဲ၌၊ ဒါ·သီ·ထ အကျိုးကြောင့် ရုပ်တရား၊ စိတ်တရား၊ စေတသိက်တရားတို့ ကံမကုန်မီအတွင်း၌ မြစ်ရေအယဉ်ကဲ့သို့ရင်း၊ ဆီမီး အလျှံကဲ့သို့ရင်း အမြဲတမ်းဖြစ်၍ ရှိလျက်နေပါသည်။ ၎င်းလူ့ကိုယ်ထဲက

ပရမတ္ထရုပ်ကို ပိဋကတ်စာအုပ်ထဲ၌ ရုပ်-ဟူ၍ ရေးမှတ်ထားပါသည်။ လူ့ကိုယ်ထဲက စိတ်တရား ပရမတ္ထကို ပိဋကတ်စာအုပ်ထဲ၌ စိတ္တံဟူ၍ ရေးမှတ်ထားပါသည်။ လူ့ကိုယ်ထဲက စေတသိက် ပရမတ္ထကို ပိဋကတ်စာအုပ်ထဲ၌ စေတသိကံဟူ၍ ရေးမှတ်ထားပါသည်။ (၁) ပင်ရင်းမူလ၊ ဘူတ၊ ပရမတ္ထရုပ်,စိတ်,စေတသိက်ဟာ ကိုယ်ခန္ဓာ၌ရှိပါသည်။ ပရမတ္ထတရားအစစ်ပါ။ (၂) ၎င်းတရားတို့ကို နောင်လာနောက်သားတို့ မမေ့အောင် အသိအမှတ်ပြုအောင် သိရအောင် ရေးမှတ်ထားသော ရုပံ စိတ္တံ-စေတသိကံ, ဆိုတဲ့တရားတို့ကား- သင်္ကေတ ပညတ်တည်း။ အမှတ်အသားတည်း-ဟုခွဲ၍သိကြပါ။ ဥပမာ-နတ်ပြည်မှာရှိသော နတ်များနှင့် ဗြဟ္မာ့ပြည်မှာရှိသော ဗြဟ္မာများကား အစစ်အမှန်ရှိ ပရမတ်မို့၊ ကိုယ်ရောင် ကိုယ်ဝါ၊ ဈာန်အဘိညာဉ်တို့ ပါရှိကြပါသည်။ ပိဋကတ်စာအုပ်ထဲက (ဒေဝါတို့ ဗြဟ္မာတို့ကား) ပညတ်မို့၊ အမှတ်အသားမို့၊ ကိုယ်ရောင်ကိုယ်ဝါလဲမရှိပါ။ ဈာန်, အဘိညာဉ်, ဝိဇ္ဇာ, သမာပတ်လဲ မရှိကြပါ-ခွဲသိပါ။ ပိဋကတ်စာအုပ်ထဲက စာပေဟာ သင်္ကေတ ပညတ်ဖြစ်ပေမဲ့။ ( စာတလုံး-ဘုရားတဆူဂျနှင့် တန်ဘိုးထားသောကြောင့် ) ခန္ဓာကိုယ်ထဲက ပရမတ် ရုပ်နာမ်အစစ်ဟာ တရားတခု-ဘုရားဆယ်ဆူဂျ တန်ဘိုးထားဘို့သာအကြောင်းရှိတော့သည်။ ဝိပဿနာရှုတော့ ခန္ဓာထဲက ရုပ်တရား, စိတ်တရား, စေတသိက်တရားကိုသာ အတွေ့ရှာ၍ အနိစ္စ-ဒုက္ခ-အနတ္တတွေ့အောင်ရှုပွါးရမည်။

## (၁၄) အတွင်းတရားနှင့် အပြင်ကတရား ခြားနားပုံ

မိမိမှအပြင်ပ၌ဖြစ်သော လူ,နတ်,ဗြဟ္မာ၊ သတ္တဝါ၊ တော,တောင်၊ ရေမြေ စကြဝဠာ၌လည်း ရုပ်နာမ်ခန္ဓာ၊ ဓာတ်သဘောစသော တရားတွေရှိကြ၏။ ။မိမိ၏အတွင်းအဇ္ဈတ္တ၌လည်း ရုပ်နာမ်ခန္ဓာ၊ ဓာတ်သဘော-စသောတရားတွေ ရှိကြ၏။ ။အပြင်တရားကို ရှုရမှာလား၊ အတွင်းတရားကို ရှုရမှာလား-ဟု အငြင်းပွါးလျှင်—အပြင်က လူတသိန်းလောက် ရောဂါစွဲကပ်တော့ မိမိစိတ်ထားရှိနေပုံနှင့် မိမိ၏ခန္ဓာတွင်း၌၊ ရောဂါစွဲကပ်တော့စိတ်ထားပုံ။ (သင့်ဟာ သင်ပင် စာနာကြည့်ပါ)။ ဥပမာ-ခြင်္သေ့ဘစီးသည်၊ စားလို၍ ချောင်းမြောင်းကာ နေပေ၏။ ထိုအခိုက်၌၊ မိမိအိမ်တွင်းက မယားနှင့် တခြားအိမ်က မိန်းမဘယောက်၊ ၎င်း ၂-ယောက်တို့ ခြင်္သေ့ကို မမြင်ရဘဲ ခြင်္သေ့ကြီးထံသို့ သွားနေတာကို သင်မြင်ရလျှင် မိမိအိမ်တွင်း မယားကိုပင် ဆွဲထားမှာလား၊ အပြင်က မိန်းမကိုပင် ဆွဲထားမှာလား၊

(အိမ်တွင်းက မယားကိုဆွဲထားမှာ အမှန်ပါဘဲ။ အဲဒါဟာ အတွင်းက အရေးကြီးနေပုံသိရလေပြီ။တဖန် မိမိနှင့်မိမိ၏မယား ၂-ဦးရှိရာ ဘယ်သူ့ကို ခြင်္သေ့အစားခံမည်နည်းဟု အကြပ်ကိုင်ပါလျှင် မယားကိုသာ ခြင်္သေ့ကြီး စားစေ၍၊ မိမိမှုကား အလွတ်ရုန်းမှာ အမှန်ပါဘဲ။အဲဒါကြောင့် ရှင်တော် ဘုရားက (အဇ္ဈတ္တသမံ ပေမံ နတ္ထိ)ဟူ၍ ဟောခဲ့ပါသည်။ အတွင်းအရေးပါ ပုံတည်း။ ( အဇ္ဈတ္တာနဉ္စေ ပိယံ ဉာတွာ၊ ရက္ခေယျ နံ သုရက္ခိတံ ) ပါဠိကိုလဲ ထောက်ထားရာ၏။ ။သာဓက များစွာစု၍ ရေးထားရာတွင် တပုဒ်ကို ထုတ်၍ပြရပါလျှင် (ခန္ဓေပဉ္စ အနိစ္စတိ) ဟူ၍ မိမိ၏ခန္ဓာကိုယ်ထဲက အနိစ္စ, ဒုက္ခ,အနတ္တကိုသာ ရှုပွါးရမည် ဟု ဘုရားဟောထားပါသည်။သောတာပန် သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဖြစ်၍ ဖလသမာပတ်ဝင်စားခါနီးတော့ ကာမှ အပြင်ရော အတွင်းရော ရုပ်နာမ်သင်္ခါရကို ရှုရပါသည်။ ဥပါဒါန် အစွဲဖြင့် ဆုံးဖြတ်ရမည်။ မိမိဥပါဒါန်ကိုဖြတ်ဘို့အရေးမို့ ဥပါဒါန်စွဲရာကို ရှုကြပါတဲ့။

## (၇၅) ပညတ်တရားနှင့် ပရမတ်တရား ခြားနားပုံ

ဥပမာ ဝိပဿနာတရားကိုအားထုတ်တော့ ခန္ဓာကိုယ်ကျောပြင်မှ — တဖြန်းဖြန်းနှင့်ဓာတ်ကလာပ်တွေပေါ်၍နေပါသည်။(၁)ကျောပြင်က ပညတ် တရားတည်း (၂) တဖြန်းဖြန်းက ပရမတ်တရားတည်း-ဟုခွဲ၍သိထားကြပါ။ ကျောပြင်ဟာ ပညတ်ဖြစ်နေပုံကား ထိုကျောပြင်၌။ သမူဟ၊ဃန၊သဏ္ဌာန၊ သန္တတိ၊ နာမ၊ ဆိုတဲ့ပညတ်ငါးမျိုးလဲတွေ့ရပါတယ်။ ကျောပြင်လှလျှင် လောဘဖြစ်၊ မလှလျှင်ဒေါသဖြစ်၊ အလတ်စား ဖြစ်လျှင် မောဟ ဖြစ်၍။ အကုသိုလ်ကြေးသွော်ထွက်လာကိုလဲတွေ့ရပါသည်။ ထိုကျောပြင်ကိုဒါးနဲ့ ခုတ်၊ တုတ်နဲ့ရိုက်၊ လှံနဲ့ထိုး၊ လွှနဲ့တိုက်၊မီးနဲ့ရှို့တော့ ပျက်စီးတာကိုလဲတွေ့ရ ပါသည်။ ထိုကျောပြင်ကို ဒါးနဲ့ခုတ်မယ်ဆိုကတဲက စိုးရိမ်ရ၊ ငိုကြွေးရ၊ ပူဆွေးရ၊ ဒေါမနဿဖြစ်ရ၊ ဥပါယာသဖြစ်ရ၍၊ မီး ၁၁-ပါးတောက်လာလဲ တွေ့ရပါသည်။ ထိုကျောပြင်ကို ရွှေ့လို့လဲရ၊ ယူလို့လဲရ၊ ပြောင်းလို့လဲရ၊ ကိုင်လို့လဲရ၊ စမ်းလို့လဲရ၊ လူမျက်စိနဲ့မြင်ရ၊ နတ်မျက်စိနဲ့မြင်ရ၊ ဗြဟ္မာ မျက်စိနဲ့မြင်ရလို့၊ ပညတ်တရားဆိုတာ သိရပါသည်။ (၂) ဖြန်းဖြန်းဆိုတဲ့ ဓာတ်သဘောမျှ၊ ပရမတ္ထကတော့ သမူဟ၊ ဃန၊ သဏ္ဌာန၊ သန္တတိ၊ နာမ ပညတ်လဲမတွေ့ရပါ။ ကောင်းတာ၊ မကောင်းတာ၊ အလယ်အလတ်ကိုလဲ မတွေ့ရပါ။ဒါးနဲ့၊တုတ်နဲ့၊လှံနဲ့၊လွှနဲ့၊မီးနဲ့ပြုလဲမပျက်စီးပါ။ သောက ပရိဒေဝ၊

ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ မီးလဲမတောက်ပါ၊ ရွေ့မရ၊ ယူမရ၊ ပြောင်းမရ၊ ကိုင်မရ၊ စမ်းသပ်မရပါ။ လူနတ်ဗြဟ္မာမျက်စိနှင့် ကြည့်လဲမမြင်ရပါ။ ထို့ကြောင့် ဖြိုးဖြိုးစသောသဘောမှ ဓာတ်မှုတ်ရှိဟာ ပရမတ်ပါဘဲဟုသိထားကြပါ။ ဝိပဿနာရှုရာ၌။(ပညတ္တိံ ထပေတွာ နိဗ္ဗတ္တိတပရမတ္ထဝသေန ဝိသေသေန ဝိဝိခါဝါ ပဿတီတိ ဝိပဿနာ) ဆိုတဲ့ပါဠိအရ ပညတ်တရားကို ဝိပဿနာမရှုကြရာ။ အဲဒါယောဂီများ အရေးအကြီးဆုံး သတိရှိစေဘို့ပါဘဲ။

## (၈၆) ဘုရားဟောခက နှစ်ပါးထဲပါ လူနတ်ဗြဟ္မာတွေက မျှဝ်းလိုက်ထာ ခြားနားပုံ

ဥပမာ။ မြတ်စွာဘုရားသခင်က အဘိဓမ္မာ ၇-ကျမ်း၊ပရမတ္ထသဘောနှင့် ဟောမိန့်ခဲ့သည်မှာ လူမှာဖြစ်စေ၊ နတ်မှာဖြစ်စေ၊ ဗြဟ္မာမှာဖြစ်စေ၊ ဘယ်သတ္တဝါမှာဖြစ်စေ၊ အမှန်ဆုံး ပရမတ္ထတရားကား၊ ရုပ်နာမ် ၂-ပါးထဲသာ အဟုတ်ရှိ၍နေပါတယ်ဟု ဟောပြထားပါလျက်နှင့် လူနတ်ဗြဟ္မာသတ္တဝါတွေ၏စိတ်ထားမှာ ၂-ပါးကိုမတွေ့ဘဲ၊ မသိဘဲနှင့် ဆံပင်ရှိတယ်၊ မွေးညှင်းရှိတယ်၊ ခြေသည်းလက်သည်းရှိတယ်စသော ၃၂-ကောဋ္ဌာသနည်းအတိုင်း အမှားကြီး ၃၂-မျိုး ကပ်စွဲ၍နေကြပါတယ်။ ၃၂ ကောဋ္ဌာသမို့ အမှားကြီး ၄၂-မျိုး ရောဂါဆိုးကြီးတွေလဲ ကပ်၍နေကြပါတယ်။(မှားစရာရှိလျှင်၊ မှားချင်ချင်တိ။ မှားပင် မှားရိုး၊ မှားစပြိုး၍၊ မှားရိုးမဲ့မောင်၊ မှားစထောင်သည်။ မှားအောင်မောင်ထွေး၊မှားခဲ့ပါတော့လေး) ဆိုသည့်အတိုင်း၊ခေါင်း၊ ငယ်ထိပ်၊ နဖူး၊ နသယ်၊ မျက်နှာ၊ နားရွက် မျက်ခုံး၊ မျက်ခွံ၊ မျက်တောင်၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ သွား၊ လျှာ၊ အာခေါင်၊ ခံတွင်း၊ မေးစေ့၊ ဆံပင်၊ ပါးမြင်ဟူ၍ ခေါင်းတခုဌ်ပင် အမှားတွေရ၍နေကြပါသည်။ တဖန် ထယ်ပင်း၊ လယ်မျို၊ ပခုံး၊ လက်မောင်း၊ လက်ဆစ်၊လက်ချောင်း၊ လက်သဲ လက်မ၊လက်ညှိုး၊လက်ထယ်၊လက်သူကြွယ်၊လက်သန်း၊လက်ဝါး၊လက်ခုံ၊ လက်ကောက်ဝတ်ဟူ၍ မှားကြပြန်ပါသည်။ ကျန်သောကိုယ်၌။ ခြေ၌ များစွာပင်အမှားထင်မြင်၍နေသေး၏။ အမှားတွေစုပုံလှချည့်ရဲ့ (ဗ–ဘုရားကတော့) ရုပ်နာမ် ၂-ပါးထဲသာရှိပါတယ်တဲ့။ သူတို့ကဘော့မဟုတ်ဘူးတဲ့၊ ညာက်အရာမှာဘုရားနဲ့ရန်ဖြစ်ပြီး၊ ဘုရားကိုအာခံ၍ တော်လှန်ကာနေကြ၏။ စကားပုံမှာ (လျော့လျှင်မိစ္ဆာ) (သာလျှင်ဒိဋ္ဌိ) မို့ ရုပ်နာမ်ကပိုမိုသမျှ ထင်မြင်၍နေတာတွေဟာ (မိစ္ဆာဒိဋ္ဌိ) ဖြစ်၍ဖြစ်မှန်းမသိကြဘဲ၊ပြုံးပြုံး

ရှင်ရှင်နေသာကြ၏၊ (ကြော်လှုဖြစ်ကျိုးမနပ်ဘဲ အသေကြွစ် အနေကြွပ်နှင့် အပါယ်ပြေးနေရပ်၌ အရှေကပ်မဲ့လူစားတွေဘဲနော်)၊ ဆဲဒါ ဥဏာစာဂီ မဟာထေရ်နှင့် သာကီတို့၏ ငြိုးတွားနေပုံတည်း။

(၈၇) ခန္ဓာကိုယ်မှာ၊ လေးသစ္စာ၊ ရှာပါကိုယ်တွေ့သား။

အပိစခွါဟံ အာဂုသော ဗျာမမတ္တေ ကဠေဝရေ သသညမှိ သမနကေ လောကဉ္စ ပညပေမိ၊ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဥ္စပဋိပဒံ။ ။သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်နှင့်၊ စတုက္ကအင်္ဂုတ္တိုရ် ပါဠိတော်၊ ရောဟိတ သုတ်တော်တည်း။

အာဂုသော၊ အိုရောဟိတနတ်သား။ အပိစခေါ၊ စင်စစ်သော်ကား။ သမနကေ၊ စိတ်တရားလည်းရှိထသော။ သသညမှိ၊ အမှတ်သညာလည်းရှိထသော။ ဗျာမမတ္တေ၊ တလန်မျှသာရှိထသော၊ ဣမသ္မိံယေဝ ကဠေဝရေ၊ ဤခန္ဓာကိုယ် အကောင်ပုပ်ကြီးထဲ၌။ လောကဉ္စ၊ လောကဆိုတဲ့ ဒုက္ခသစ္စာကိုဇင်း။ လောကသမုဒယဉ္စ၊ လောကဖြစ်ကြောင်း သမုဒယသစ္စာကိုဇင်း။ လောကနိရောဓဉ္စ၊ လောကချုပ်ခြင်း၊ နိရောဓသစ္စာကိုဇင်း။ လောကနိရောဓဂါမိနိဥ္စ ပဋိပဒံ၊ လောကချုပ်ကြောင်းဖြစ်တဲ့ မဂ္ဂသစ္စာကိုဇင်း။ ပညပေမိ၊ သိစေတော်မူပေ၏။ ။ဤကားအနက်၊ ။ဤပါဠိနှင့်အနက်ကိုတွေ့ရ မြင်ရသဖြင့်။ ဒုက္ခသစ္စာကိုဇင်း၊ သမုဒယသစ္စာကိုဇင်း။ နိရောဓသစ္စာကိုဇင်း။ မဂ္ဂသစ္စာကိုဇင်း ခန္ဓာကိုယ်၌သာရှာသူကြရမည်။ အဘယ့်ကြောင့်ဆိုသော် သစ္စာလေပါး၊ မြတ်တရားသည် ခန္ဓာမှာရှိသောကြောင့် ခန္ဓာ၌သာရှာကြရမည်။ ဇင်းသစ္စာ ၄-ပါးကို သတိနှင့်၊ သမာဓိနှင့် ပညာနှင့်ရှာကြဘို့သာ တာဝန်ရှိကြဘော့သည်။ တွေ့ဘို့ မြင်ဘို့ ရရှိဘို့ကား။ ပါရမီ၏တာဝန် ဖြစ်၍ ကိန်းသေ ဧကန္တ၊ တွေ့ရကြတော့မည်။ ရှိတဲ့နေရာမှာသာ ရှာကြပါ။ မရှိတဲ့နေရာ၌မရှာကြပါနှင့်၊ လုပန်းရုံသာ စိတ်မောရုံသာရှိတော့မည်။ ဘုရားသခင်က မိမိခန္ဓာမှာ မိမိတရားရှာဘို့ရန် ပါဠိနှင့်ဟောထားခဲ့သည်မဟုတ် ပါလော၊ အပြင်မှာကား။ မိမိဥပါဒါန်စွဲလမ်းရာမဟုတ်သဖြင့် ရှာဘို့ရန် မမှာခဲ့ပါ။

(၈၈) ဝိသုဒ္ဓိ-မဂ္ဂဆိုတာဘာ

| | | |
|---|---|---|
| ဝိသုဒ္ဓိ– | အထူးသဖြင့်စင်ကြယ်သော | နိဗ္ဗာန်။ |
| မဂ္ဂ– | ဖြောင့်ဖြောင့်တန်းတန်း | သွားဘို့လမ်း။ |

ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရားသည်၊ သာဝတ္ထိပြည် မှန်။ ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်၍ နေတော်မူစဉ်၊ ညဉ့်၏ သန်းခေါင်ယံအခါမှာ အမည်အားဖြင့်မထင်ရှားသော နတ်သားတဦး လာရောက်ချဉ်းကပ်၍ မိမိ၏ယုံမှားသံသယကို ဖျောက်ပယ်ချုပ်ငြိမ်းစေခြင်းငှါ။

အန္တောဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ။
တံတံ ဂေါတမ ပုစ္ဆာမိ၊ ကော ဣမံ ဝိဇဋယေ ဇဋံ။

ဟူသောဂါထာဖြင့် မေးလျှောက်လေသည်၊ ဘုရားကဖြေကြားပုံမှာကား—

၁၊ ပဌမ ဝိသုဒ္ဓိမဂ္ဂ နိဗ္ဗာန်လမ်းစဉ်ကား

သီလေ ပတိဋ္ဌာယ နရော၊ သပညော စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋန္တိ၊ ။
သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊

(၁) ပဋိသန္ဓေတည်နေစဉ်ကပင်၊ တိဟိတ်ပဋိသန္ဓေဖြစ်၍ ကမ္မဇပညာ ပါရှိခြင်း (၂) သီလ၌တည်ခြင်း (၃) ကိလေသာကို ပူပန်ခြောက်ခန်းစေတတ်သော လုံ့လ ဥဿာဟ ဝီရိယရှိခြင်း (၄) ဆန်းကျင်ဘက်ကိလေသာတို့ကို တားမြစ်နိုင်သောပညာရှိခြင်း(၅) စိတ်၏တည်ကြည်မှု၊သမာဓိကို ပွါးခြင်း (၆) အထူး အဆန်းရှုမြင်မှု၊ ဝိပဿနာ ပညာကို ပွါးများခြင်း၊ ဤ ၆-ပါးကား ဝိသုဒ္ဓိမဂ္ဂပင်ဖြစ်၏။

(၈၉) ၂–ဒုတိယ ဝိသုဒ္ဓိမဂ္ဂ နိဗ္ဗာန်လမ်းစဉ်ကား

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။ ။ဓမ္မပဒပါဠိတော်။

ခပ်သိမ်းကုန်သောတေဘူမိက သင်္ခါရတရားတို့သည်၊ အမြဲမဟုတ်ကုန်။ ဤသို့ အကြင်အခါ၌၊ ဝိပဿနာပညာဖြင့် သုံးသပ်ဆင်ခြင်၏။ ထိုအခါ ဆင်းရဲဒုက္ခ၌ ငြီးငွေ့လေ၏။ ဤသို့ငြီးငွေ့ခြင်းသည် အရဟတ္တဖိုလ်နိဗ္ဗာန်ဟူသော ဝိသုဒ္ဓိကိုရရှိခြင်း၏ အကြောင်းပေတည်း။ ဆဲဒါ ဝိသုဒ္ဓိမဂ္ဂတည်း။

(၉၀) ၃–တတိယဝိသုဒ္ဓိမဂ္ဂ နိဗ္ဗာန်လမ်းစဉ်ကား

ယမှိ သစ္စဉ္စ ဓမ္မော စ၊ သ ဝေ နိဗ္ဗာနသန္တိကေ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

အကြင်ပုဂ္ဂိုလ်၌၊ ဝိပဿနာ၏အခြေဖြစ်သော ဈာန်သည်၎င်း၊ဝိပဿနာ သည်၎င်းရှိ၏။ စင်စစ် ထိုပုဂ္ဂိုလ်သည်၊ နိဗ္ဗာန်နှင့်နီးစွာသော အကျင့်၌ တည်၏။

## (၉၁) ၄–စတုတ္ထ ဝိသုဒ္ဓိမဂ္ဂ နိဗ္ဗာန်လမ်းစဉ်ကား

ကမ္မံ ဝိဇ္ဇာ စ ဓမ္မော စ၊ သီလံ ဇီဝိတမုတ္တမံ။
ဧတေန မစ္စာ သုဇ္ဈန္တိ၊ န ဂေါတ္တေန ဓနေန ဝါ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

မဂ်စေတနာကံသည်၎င်း၊ သမ္မာဒိဋ္ဌိသည်၎င်း၊ သမ္မာဝါစာ,သမ္မာကမ္မန္တ သည်၎င်း မြတ်သော အသက်မွေးခြင်းသည်၎င်း ကြွင်းသောအရိယာမဂ် တရားတို့သည်၎င်း။စေတနာနှင့်တကွသော အရိယာမဂ်တရားဖြင့် သတ္တဝါ တို့သည်။ ကိလေသာမှစင်ကြယ်နိုင်ကြကုန်၏။ အမျိုးမြတ်ခြင်းဥစ္စာပေါ များခြင်းတို့ကြောင့်မူကား၊ ကိလေသာမှ မစင်ကြယ်နိုင်ကြကုန်။

## (၉၂) ၅–ပဉ္စမ ဝိသုဒ္ဓိမဂ္ဂ နိဗ္ဗာန်လမ်းစဉ်ကား

သဗ္ဗဒါ သီလသမ္ပန္နော၊ ပညဝါ သုသမာဟိတော။
အာရဒ္ဓဝီရိယော ပဟိတတ္တော၊ ဩဃံ တရတိ ဒုတ္တရံ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

အခါခပ်သိမ်း သီလဂုဏ်နှင့်ပြည့်စုံသော လောကီ, လောကုတ္တရာ ပညာနှင့်ပြည့်စုံသော ကောင်းစွာတည်ကြည်သော အားထုတ်အပ်သော လုံ့လဝီရိယရှိသော ကိုယ်အသက်ကိုငဲ့ကွက်ခြင်းမရှိ။ နိဗ္ဗာန်သို့စေလွှတ် အပ်သော စိတ်ရှိသောရဟန်းသည်။ ကူးခတ်နိုင်ခဲသော ဩဃလေးဖြာ၊ သံသရာကြီးကို ကူးခတ်နိုင်တော့၏။

## (၉၃) ၆–ဆဋ္ဌမ ဝိသုဒ္ဓိမဂ္ဂ နိဗ္ဗာန်လမ်းစဉ်ကား

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ။
(ပ) နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာတိ။
သတိပဋ္ဌာန်ပါဠိတော်။

ဒိုရဟန်းတို့......ငါဘုရားသာသနာတော်ကြီး၌သာလျှင် ပေါ်ထွက်လာ သော လမ်းခရီးဖြစ်သော တခုတည်းသော ဤသတိပဋ္ဌာန်လမ်းခရီးသည်

သတ္တဝါတို့၏ ကိလေသာမှ စင်ကြယ်ခြင်းငှါဖြစ်၏၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှါဖြစ်၏။ ဤကားနိဗ္ဗာန်ခရီးလမ်းမကြီး ခြောက်ဆင့်ပင်တည်း။

### (၉၄) ၇-သတ္တမ ဝိသုဒ္ဓိမဂ္ဂ နိဗ္ဗာန်လမ်းစဉ်ကား

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။ ။ဓမ္မပဒ ပါဠိတော်။

(၁) အကုသိုလ်မှုအလုံးစုံကိုမပြုခြင်း၊ အဲဒါက သီလသာသနာတည်း။ (၂) ကုသိုလ်နှင့်ပြည့်စုံခြင်း။ အဲဒါက သမာဓိသာသနာတည်း။ (၃) မိမိစိတ်ကိုဖြူစင်စေခြင်းငှါ ရှုပွါး၏။ အဲဒါက ပညာသာသနာတည်း။ ဤသီလ, သမာဓိ, ပညာ သာသနာသုံးရပ်သည်၊ ဝိသုဒ္ဓိမဂ္ဂပင်တည်း။ ဤသို့ပြခဲ့သော နိဗ္ဗာန်သွားလမ်း မဂ်စခန်းကား ၇-မျိုးရှိကြောင်းဖြင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊ သဲလွန်စပြထားပါသည်။ ဝေနေယျာဇ္ဈာသယအားလျော်စွာ ဘုရားရှင်က ဟောထားပါသဖြင့် ငါ့နည်းမှ မှန်တယ်၊ သူ့နည်းကမှားတယ်နှင့် အယူသည်း၍မနေကြရာ။ ဘုရားနှင့်ဆိုင်သောစာ၊ ပစ္စေကဗုဒ္ဓါနှင့်ဆိုင်သောစာ။ အဂ္ဂသာဝကနှင့်ဆိုင်သောစာ၊ မဟာသာဝကနှင့်ဆိုင်သောစာ။ ပကတိသာဝကနှင့်ဆိုင်သောစာ။ ဥဂ္ဃဋိတညူနှင့်၎င်း၊ ဝိပဉ္စိတညူနှင့်၎င်း၊ နေယျနှင့်၎င်း၊ ပဒပရမနှင့်၎င်း၊ သောတာပန်နှင့်၎င်း၊ သကဒါဂါမ်နှင့်၎င်း၊ အနာဂါမ်နှင့်၎င်း၊ ရဟန္တာနှင့်၎င်း၊ ပဋိသမ္ဘိဒါပတ္တနှင့်၎င်း၊ ဆဠာဘိညာနှင့်၎င်း တေဝိဇ္ဇနှင့်၎င်း၊ သုက္ခဝိပဿကနှင့်၎င်း ဆိုင်သောစာဟူ၍ စာပေကျမ်းဂန်များ၌ များစွာပင်ရှိပါသည်။ ထို့ကြောင့်(ကာလ-ဒေသ-အရွယ်-ခံ)ကိုထောက်၍၎င်း(ဌာနာဋ္ဌာနကောသလ္လဉာဏ်)ဖြင့်၎င်း အစားစားဝေဘန်ကာ ဘယ်နည်းမဆိုအားထုတ်၍ကြည့်ကာ၊ ရုပ်နာမ်ကိုတွေ့၍ အနိစ္စ ဒုက္ခ, အနတ္တ,အာကာသ,ကလာပတို့ ကုဋေတသိန်းမက ခယ-ဝယကိုတွေ့ရှိသော ပဓာနဖြစ်ပါကြောင်း၊ ကမ္မဋ္ဌာန်းဆရာများ အထူးသတိပြုကြပါကုန်။

### (၉၅) ဝိပဿနာသာလျှင် ပဋိပတ္တိသာသနာ အစစ်ပါ

(က) သပ္ပုရိသသံသေဝေါဟိ ဘန္တေ သောတာပတ္တိယင်္ဂံ
သဒ္ဓမ္မဿဝနံ သောတာပတ္တိယင်္ဂံ၊ ယောနိသော မနသိကာရော
သောတာပတ္တိယင်္ဂံ၊ ဓမ္မာနုဓမ္မပဋိပတ္တိ သောတာပတ္တိယင်္ဂံ။ ။
မဟာဝဂ္ဂ သံယုတ်ပါဠိတော်ကြီး။

(ခ) စတ္တာရိသောတာပတ္တိယင်္ဂါနိ သဗ္ဗုရိသသံသေဝေါ၊ သဒ္ဓမ္မ သဝနံ၊ ယောနိသောမနသိကာရော၊ ဓမ္မာနုဓမ္မပဋိပတ္တိ။ ။သင်္ဂီတိ သုတ်တော်။

(ဂ) အင်္ဂါ ၄-ပါးထဲက ယောနိသောမနသိကာရ ဘယ်ဟာလဲ

ယောနိသောမနသိကာရောတိ အနိစ္စာဒိဝသေန မနသိကာရော။ ။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဖွင့်ပြပုံ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တအဖြစ်ဖြင့် နှလုံးသွင်း မှုသာ ယောနိသောမနသိကာရ အစစ်အမှန်ဖြစ်၍၊ သောတာပန်ဖြစ်တို့ အင်္ဂါ၌ ပါဝင်ပါသည်။ အခြားယောနိသော မနသိကာရကား၊ ဤ၌ မလို ပါပေ။

(ဃ) အင်္ဂါ ၄-ပါးထဲက ဓမ္မာနုဓမ္မပဋိပတ္တိဟာ ဘယ်ဟာလဲ –

ဓမ္မာနုဓမ္မပဋိပတ္တိတိ လောကုတ္တရဓမ္မဿ အနုဓမ္မဘူတာယ ပုဗ္ဗဘာဂ ပဋိပတ္တိယာပဋ္ဌနံ။ ။သင်္ဂီတိသုတ်အဋ္ဌကထာဖွင့်ပြပုံ။

ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ လောကုတ္တရာတရား ကိုးပါးအားလျော်သော တရားဖြစ်သော ပုဗ္ဗဘာဂပဋိပတ္တိဖြစ်တဲ့ ဝိပဿနာအကျင့်ကို ကျင့်ခြင်း ပါဘဲတဲ့။

(င) ပုဗ္ဗဘာဂပဋိပတ္တိဆိုတာ ဝိပဿနာပါဘဲတဲ့။

ပုဗ္ဗဘာဂပဋိပတ္တိယာတိ ဝိပဿနာနုယောဂဿ။ ။သင်္ဂီတိသုတ်ဋီကာ ဖွင့်၍ပြပုံ။

ပုဗ္ဗဘာဂပဋိပတ္တိဟာ ဝိပဿနာတရားပါဘဲတဲ့၊ ဤပါဠိတော်များနှင့် အဋ္ဌကထာ၊ ဋီကာ သာခကေါ်းပုဒ်အတိုင်းဆိုလျှင် ဝိပဿနာအားထုတ်မှ သာလျှင် ဓမ္မာနုဓမ္မပဋိပတ္တိလဲ မှန်၍၊ ပဋိပတ္တိ သာသနာလဲ အစစ်အမှန် ဖြစ်ပေမည်။

## အချို့၏ ဓမ္မာနုဓမ္မပဋိပတ္တိကား

ပန်းကပ်၊ ရေချမ်းကပ်၊ ဆွမ်းကပ်၊ ဆီးမီးကပ်၊ ဝတ်တက်၊ ရှင်ပြု၊ ရဟန်းပြု၊ စာပေသင်၊ စာပေပို့ချ၊ ဒါနပြု၊ သီလကျင့်၊ ရဘင်ကျင့်စသော ကျင့်ဝတ်များကို လုပ်ကိုင်ပြီးမှ၊ ။ဓမ္မာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ ဓမ္မံ ပူဇေမိ၊ သံဃံပူဇေမိ-ဟု ဆို၍၊ ပူဇော်ကြသည်။ ဆဲဒါဟာလဲ ဓမ္မာနုဓမ္မ အောက်တန်းနှင့် အလယ်တန်းတို့ပါဘဲ။

## (၉၆) ဓမ္မာနုဓမ္မပဋိပတ္တိနှင့် လောကုတ္တရာဓမ္မပုံစံကား

သီလ၊ စိတ္တ၊ ဒိဋ္ဌိ၊ ကင်္ခါ၊ မဂ္ဂ၊ ပဋိ၊ ဉာဏဒဿနဝိသုဒ္ဓိ၊ ဂုဏ်းဝိသုဒ္ဓိ ၆-ပါးက ဓမ္မာနုဓမ္မပဋိပတ္တိပါဘဲ၊ လောကုတ္တရာဓမ္မပါဘဲ။ ဤပုံစံကိုမြင်သဖြင့် ဓမ္မာနုဓမ္မနှင့် လောကုတ္တရာကိုခွဲနိုင်ပါပြီ။

## (၉၇) ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ ဝိပဿနာပါ

ပုဗ္ဗဘာဂပဋိပတ္တိ အသိ ၆-ပါး

(က) ပုဗ္ဗဘာဂ ပဋိပတ္တိယာ ပဋိပဇ္ဇနံ။ ။သင်္ဂီတိအဋ္ဌကထာ။

(ခ) ပုဗ္ဗဘာဂပဋိပတ္တိယာတိ ဝိပဿနာနုယောဂဿ။ ။ဟု ဖွင့်ပြသော သင်္ဂီတိသုတ်အဖွင့်ဋီကာ။

(ဂ) ပုဗ္ဗဘာဂေ ဒိဋ္ဌသု သမ္မေသု ဥဂ္ဂဟ-ပရိပုစ္ဆ-သဝန-ဓာရဏ-သမ္မသန-ပဋိဝေဓေ ဟောတိ၊ ဒိဋ္ဌသု သဝန ပဋိဝေဓေ ယေဝ။ ။မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ၊ နံ(၁၅၉)၊ ကြောင်း (၄)၌ တွေ့ရပုံတည်း။

(က) ပုဗ္ဗဘာဂပဋိပတ္တိယာ၊ မဂ်၏ရှေ့အဘို့၌ဖြစ်သော ဝိပဿနာကို၊ ပဋိပဇ္ဇနံ၊ ကျင့်ကြံခြင်းပင်တည်း။ ။အဋ္ဌကထာအနက်တည်း။

(ခ) ပုဗ္ဗဘာဂပဋိပတ္တိယာတိ-ဟူသည်ကား။ ဝိပဿနာနုယောဂဿ၊ ဝိပဿနာကို အားထုတ်ခြင်း၏။ ။ဋီကာအနက်တည်း။

(ဂ) ပုဗ္ဗဘာဂေ၊ မဂ်၏ ရှေ့အဘို့၌ဖြစ်သော ဝိပဿနာအသိ၌။ ဒိဋ္ဌသု သမ္မေသု၊ ဒုက္ခသစ္စာ,သမုဒယသစ္စာ နှစ်ပါးတို့၌။ ဥဂ္ဂဟ၊ သင်သိ။ ပရိပုစ္ဆ၊ မေးသိ။ သဝန၊ နာသိ။ ဓာရဏ၊ ဆောင်သိ။ သမ္မသန၊ ဆင်ခြင်သိ။ ပဋိဝေဓေ၊ ကိုယ်တွေ့ဖြင့် ထိုးထွင်း၍သိခြင်းတည်း။ ဝါ၊ သိခြင်း ၆-ပါးသည်၊ ဟောတိ၊ ဖြစ်၏။ ဒိဋ္ဌသု၊ နှစ်ပါးကုန်သော မဂ္ဂသစ္စာ,နိရောဓသစ္စာတို့၌။ သဝန၊ နာသိ။ ပဋိဝေဓေ ယေဝ၊ ကိုယ်တွေ့ထိုးထွင်းသိခြင်း နှစ်ပါးသည်သာလျှင်။ ဟောတိ၊ ၏။

## (၉၈) အဋ္ဌကထာ ဋီကာ ၃-ကျမ်းအဆို ပုံစံကား

| | | | | | |
|---|---|---|---|---|---|
| သင် | မေး | နာ | ဆောင် | ဆင်ခြင် | ကိုယ်တွေ့ |
| သိ | သိ | သိ | သိ | သိ | သိ |

ဒုက္ခသစ္စာ၊ သမုဒယသစ္စာကို ဤ ၆-မျိုးဖြင့် သိ၏။
မဂ္ဂသစ္စာ၊ နိရောဓသစ္စာ၌၊ နှာသိ၊ ကိုယ်တွေ့သိဖြင့်သိ၏။

## (၉၉) ရှင်းကို အနုဗောဓသိ၊ ပဋိဝေဓသိခွဲပြပုံ

စတုန္နံ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သံဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။ ။မဟာ ပရိနိဗ္ဗာနသုတ်တော်။

စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ အနနုဗောဓာ၊ သင်,မေး,နှာဆောင်, ဆင်ခြင်နှောင်ဆိုတဲ့ အနုဗောဓ ၎ါးမျိုးဖြင့် မသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ ကိုယ်တွေ့ဖြင့် မသိခြင်းကြောင့်။ ဧဝံ၊ ဤသို့။ ဒီဃံ၊ ရှည်လျားလှစွာသော။ အဒ္ဓါနံ၊ ဤအခွန့်ကာလပတ်လုံး။ မမဉ္စေဝ၊ ငါဘုရားသည်ရှင်း။ တုမှာကဉ္စ၊ သင်တို့သည်ရှင်း။ သံဓာဝိတံ၊ ပြေးသွားခဲ့ရလေပြီ။ သံသရိတံ၊ ကျင်လည်ခဲ့ရလေပြီ။

## (၁၀၀) လောကီဉာဏ် လောကုတ္တရာဉာဏ်

အနုဗောဓဉာဏံ လောကိယံ၊ပဋိဝေဓဉာဏံ ပန လောကုတ္တရံ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒုတိယအုပ်-နံပါတ် (၁၂၆)၊ ကြောင်း (၂၉)၌။-

အနုဗောဓဉာဏံ၊ သင်သိ၊ မေးသိ၊ နှာသိ၊ ဆောင်သိ၊ ဆင်ခြင်သိ-ဆိုတဲ့ အနုဗောဓ အသိ၎ါးမျိုးသော ဉာဏ်သည်။ လောကိယံ၊ လောကီဉာဏ် သာတည်း။ ပန၊ နောက်တမျိုးကား။ ပဋိဝေဓဉာဏံ၊ ကိုယ်တိုင် တွေ့သော ပဋိဝေဓဉာဏ်သည်။ လောကုတ္တရံ၊ လောကုတ္တရာဉာဏ်သာတည်း။

### ရှင်းပါဠိတော်နှင့် အဋ္ဌကထာ ၂-ကျမ်း၏ပုံစံကား

| | | | | | |
|---|---|---|---|---|---|
| သင် | မေး | နှာ | ဆောင် | ဆင်ခြင် | ကိုယ်တွေ့သိ |
| သိ | သိ | သိ | သိ | သိ | ပဋိဝေဓသိဘပါး |

လောကီဉာဏ် ၅-အနုဗောဓ ၅-ပါး  လောကုတ္တရာဉာဏ်တပါး

၁၀၁။ ရှင်း ၆-ပါးတို့တွင် ဒေသနာဉာဏ်,ပဋိဝေဓဉာဏ် ၂-ပါး။

တေသု ဒေသနာဉာဏံ လောကိယံ၊ ပဋိဝေဓဉာဏံ လောကုတ္တရံ။(ဘော အင်္ဂုတ္တိုရ်အဋ္ဌကထာ)။ ။တေသု၊ ထိုဉာဏ် ၂-ပါးတို့တွင်။ဒေသနာဉာဏံ၊

ဟောပြောသောဉာဏ်သည်။ လောကီယံ၊ လောကီဉာဏ်တည်း။ ပဋိဝေဓ ဉာဏံ၊ ကိုယ်တွေ့သိသောဉာဏ်သည်။ လောကုတ္တရံ၊ လောကုတ္တရာဉာဏ် သာတည်း။

၎င်းအဋ္ဌကထာ၏ ပုံစံကား

| | | | | | |
|---|---|---|---|---|---|
| သင် | မေး | နာ | ဆောင် | ဆင်ခြင် | ကိုယ်တွေ့သိ၊ |
| သိ | သိ | သိ | သိ | သိ | ပဋိဝေဓဉာဏ် ၁-ပါး |
| ဒေသနာဉာဏ် ငါးပါး | | | | | လောကုတ္တရာဉာဏ် |
| လောကီဉာဏ် ငါးပါး | | | | | ၁-ပါး |

၁၀၂။ သောဘဂဝါ ဓမ္မံ ပဏ္ဏတ္တိဟိ ဝိဝိဓာဟိ ဒေသေတိ။ ။ခုဒ္ဒက နိကာယ ပါဠိတော်။ ။ဒေသနာတိပဏ္ဏတ္တိနာမ။ ။ခုဒ္ဒကနိကာယ၊ အဋ္ဌ ကထာ၊ ပါရာဇိကဏ်အဋ္ဌကထာ၊ ပထမအုပ် နံ့ (၁၄)၊ ကြောင်း (၂၈) ပြည်ကြီးမဏ္ဍိုင်မှ။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ သောဓမ္မံ၊ တရသော တရားတော်ကို။ ပဏ္ဏတ္တိဟိ ပညတ်တို့ဖြင့်။ ဝိဝိဓာဟိ၊ အထူးထူးအပြားပြားတို့ဖြင့်။ ဒေသေတိ၊ ဟောပြတော်မူပါပေ၏။ ။ဒေသနာတိ၊ ဒေသနာတရား ဟူသည်ကား။ ပညတ္တိနာမ၊ ပညတ်တရားမည်၏။ ၊တကယ်ရှိတဲ့ လူနတ်ပြဟ္မာ၊ စိတ်, စေတသိက်, ရုပ်တရားတွေက ပရမတ္ထဓမ္မတည်း။ ။ဒါတွေ မပျောက် ရအောင် မပျက်ရအောင် ရေးသားထားတဲ့ ပိဋကတ်ထဲက (နရ ဒေဝ၊ ဗြဟ္မ၊ စိတ္တ၊ စေတသိက၊ ရူပ)ဆိုတဲ့ တရားတော်တွေကတော့ အမှတ်အသား တရားဖြစ်၍ ပညတ်တရားသာတည်း။ သင်္ကေတပညတ်မျှသာတည်း-ဟူ၍ ခွဲပြီးမှတ်ကြပါကုန်။

(၁၀၃) သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိ

ကတမာစ ဘိက္ခဝေ သမ္မာဒိဋ္ဌိ၊ ယံခေါ ဘိက္ခဝေ ဒုက္ခေဉာဏံ၊ ဒုက္ခသမုဒယေဉာဏံ၊ ဒုက္ခနိရောဓေဉာဏံ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါယဉာဏံ။ အယံဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ ။မဟာဝဂ္ဂသံယုတ် ပါဠိတော်၊ နံ့ (၇)၊ ကြောင်း (၁) ဟံမှ။

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာဒိဋ္ဌိ၊ မှန်ကန်စွာ သိမြင်ခြင်းသည်။ ကတ မာစ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ယံခေါ၊ အကြင်ဉာဏ်သည်ကား။

ဒုက္ခေ၊ ဒုက္ခသစ္စာ၌။ ဉာဏံ၊ သိခြင်း။ ဒုက္ခသမုဒယေ၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ၌။ ဉာဏံ၊ သိခြင်း။ ဒုက္ခနိရောဓေ၊ ဒုက္ခချုပ်ခြင်းနိဗ္ဗာန်၌။ ဉာဏံ၊ သိခြင်း။ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ၊ ဒုက္ခချုပ်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာ၌။ ဉာဏံ၊ သိခြင်း။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤသစ္စာ ၄-ပါး၌သိသော ဉာဏ် ၄-ပါးကို။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါ၏။

သစ္စာလေးပါးကိုသိတဲ့ တွေ့တဲ့ဉာဏ်မှ သမ္မာဒိဋ္ဌိအစစ်အမှန်ပါဘဲတဲ့။ သစ္စာ ၄-ပါးကို မသိရသေးသောသူဘို့ကား မိစ္ဆာဒိဋ္ဌိဆိုတာ သေချာ၍ နေပါပြီ။

ခေတ်ပေါ်သောသူမှ သမ္မာဒိဋ္ဌိတဲ့
ခေတ်မပေါ်သောသူများကား မိစ္ဆာဒိဋ္ဌိတဲ့

ပထဝီခာတုံခေါ ရာဟုလ အနိစ္စတော ဇာနံတော ပဿတော မိစ္ဆာဒိဋ္ဌိံ ပဇဟတိ။ ။ရာဟုလောဝါဒသုတ်တော်။

ရာဟုလ၊ ချစ်သားရာဟုလာ။ ပထဝီခာတုံ၊ ပထဝီခာတ်ကို။ အနိစ္စတော၊ မမြဲသောသဘောအားဖြင့်။ ဇာနတော၊ ကိုယ်တွေ့သိသောသူအား။ ပဿတော၊ ဉာဏ်တွေ့မြင်သောသူအား။ မိစ္ဆာဒိဋ္ဌိံ၊ မိစ္ဆာဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်သတ်နိုင်၏။ ။ပထဝီခာတ်ကို တွေ့မှ အနိစ္စတွေ့မှ ကိုယ်တွေ့ တွေ့မှ ဉာဏ်တွေ့တွေ့မှမိစ္ဆာဒိဋ္ဌိပယ်နိုင်သတဲ့။(ဗျာဒိရေကနည်းနှင့်ပြန်ကြည့်တော့) ပထဝီခာတ်ကိုလဲ မတွေ့ရသေး၊ အနိစ္စကိုလဲ မတွေ့ရသေး၊ ကိုယ်တွေ့လဲ မရသေး၊ ဉာဏ်တွေ့လဲမရသေးသော လူနတ်ဗြဟ္မာတွေဟာ အကုန်လုံးပင် မိစ္ဆာဒိဋ္ဌိချည်းဘဲတဲ့၊ စာရှုသူများ အထူးသတိပြုကြရန် စာအတိုင်းဆုံးဖြတ်ရလျှင်။—

သစ္စာ ၄-ပါးကို ကိုယ်တွေ့ မသိသောသူသည် မိစ္ဆာဒိဋ္ဌိတည်း။
သစ္စာ ၄-ပါးကို ကိုယ်တွေ့ တွေ့ရသောသူသည် သမ္မာဒိဋ္ဌိတည်း။
ခေတ် ၄-ပါးကို ကိုယ်တွေ့ မရသော သူသည် မိစ္ဆာဒိဋ္ဌိတည်း။
ခေတ် ၄-ပါးကို ကိုယ်တွေ့ တွေ့ရသောသူသည် သမ္မာဒိဋ္ဌိတည်း။

ဤလေးချက်ကို တနာရီလုံး တရက်လုံး တလလုံး တနှစ်လုံး တဘဝလုံး တကမ္ဘာလုံး တသံသရာလုံး ပြီးပြီးကလေးနှင့် အထပ်ထပ်ရှုပါ၊ တွေးတောပါ၊ ကြံစည်ပါ၊ ဆဲဒါဟာ ရေးသားတဲ့ ပုဂ္ဂိုလ်၏ အကျိုးဘဲလား။

စာကြည့်သူတို့၏အကျိုးဘဲလားဆိုတာကိုလဲ ထဲ့၍စဉ်းစားကြပါ။ဝေဘန်ကြပါစေကုန်သတည်း။

—— ο ——

## သတိပေး နှိုးဆော်ခက်းကြီး

### (က) စေတုဂိရိတောင်လေးလုံး ဆရာတော်ဘုရားကြီး၏ နှိုးဆော်ချက်

### ၁၀၄။ ဘုရားရှင်ကြီးကပင် အရှုံးပေးခဲ့ရသောလူတမျိုး

ယောဘိက္ခဝေ တထာဂတေန ဇဝံ အာဝိကတ္တိယမာနေ ဒေသိယမာနေ ပညာပိယမာနေ ပဋ္ဌပိယမာနေ ဝိဝရိယမာနေ ဝိဘဇ္ဇိယမာနေ ဥတ္တာနီကရဏီယမာနေ နဇာနာတိ နပဿတိ၊ တမဟံ ဘိက္ခဝေ ဗာလံ ပုထုဇ္ဇနံ အန္ဓံ အစက္ခုကံ အဇာနန္တံ အပဿန္တံ ကိန္တိ ကရောမိ။ ။သံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားရဟန်းများတို့၊ ယော၊ ရဟန်းရှင်လူ၊ မည်သူမဆို၊ အကြင်ပုဂ္ဂိုလ်သည်။ တထာဂတေန၊ ငါဘုရားကိုယ်တိုင်တော်ကပင်လျှင်၊ ဇဝံ၊ ဤသို့။အာဝိကတ္တိယမာနေ၊ အဖန်တလဲလဲ အနဲနဲဖြင့် ခွဲခွဲခြားခြား ပြောကြားအပ်ပါလျက်။ ဒေသိယမာနေ၊ ဟောပေါ်ညွှန်ပြ ဆုံးမအပ်ပါလျက်။ ပညာပိယမာနေ၊ ထင်စွာပညတ်၊ သိစေအပ်ပါလျက်။ ပဋ္ဌပိယမာနေ၊ ထင်စွာပညတ်၊ ပုံစံညှပ်၍ ပြထားအပ်ပါလျက်၊ ဝိဝရိယမာနေ၊ ဖွင့်လှစ်ပေါ်ပြအပ်ပါလျက်။ ဝိဘဇ္ဇိယမာနေ၊ ဝေဘန်ခွဲခြား၊ အစားစားနှင့်၊ ပြထားအပ်ပါလျက်။ ဥတ္တာနီကရဏီယမာနေ၊ ထင်ထင်ရှားရှား ပေါ်အောင် ထုတ်ဖော်၍ ပြထားအပ်ပါလျက်။ နဇာနာတိ၊ ဘုရား၏ သားကဲ့သို့မသိတတ်။ နပဿတိ၊ ဘုရား၏သားကဲ့သို့ မမြင်တတ်။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ဗာလံ၊ တွေဝေထူထဲ၊ မိုက်မဲလှစွာသော။ ပုထုဇ္ဇနံ၊ ကိလေသာ ဒိုက်သရောဖြင့်၊ ထူပြောလှစွာသော။ အန္ဓံ၊ ပညာမျက်စိ၊ ဘိတ်ဘိတ်သားပင် မရှိထသော။ အစက္ခုကံ၊ ခေတ်စက္ခု၊ ကလာပ်စက္ခု၊ ပရမတ်စက္ခုလည်း ကင်းကွာမွဲတေ၍ သာနေထသော။ အဇာနန္တံ၊ ပရမတ်အရေး၌ ဘာကလေးတချက်၊ အသိ-အတွေ့မရှိထသော။ အပဿန္တံ၊ ခေတ်ကလာပ်အရေး၌၊ ဘာကလေးတချက်၊ အတွေ့အမြင်မရှိထသော။ တံပုထုဇ္ဇနံ၊ ထိုလူပုထုဇဉ်၊ ရှင်ပုထုဇဉ်၊ ရဟန်းပုထုဇဉ်အပေါင်းတို့ကို။ ဝါ၊ ကန်းလဲကန်း၊ ရမ်းလဲရမ်း၊ မိုက်လဲမိုက်

ရှုးလဲရှူး၊ လှုထုး၊ ရှင်ထုး ရဟန်းထုးကို။ အယံ၊ မဟာကရုဏာ၊ အမှု့ရှု၍ လုကာနေရသော ငါဘုရားကြီးသည်။ ကိန္တိကရောဒိ၊ ဘယ်လိုနည်းဖြင့် ဘယ်လိုချွတ်ရမှန်းပင် မသိနိုင်၍၊ လက်ရှိုင်ချကာ ငေးငေး မောမောနှင့် အံ့ဩ၍သာနေခဲ့ရပါသတည်း။

(၁၀၅) (ခ) ရာဇနန္ဒထွန်ဖိုးပေါ်ဦးဆရာဖေတင်ဘုရား၏ရှိုးဆောင်ချက်

သဗ္ဗသတ္တာ၊ ဝေနေယျာ၊ သံသာရှည်လှပြီ။
အတည်ကျကျ၊ ဘယ်ဘဝ၊ ရကြမရှိပြီ။
ရအံ့နိုးနိုး၊ လောဘမျိုး၊ အကျိုးယုတ်လှပြီ။
သုံးပါးညီးညီး၊ လောင်မီးကျီး၊ ဖိစီးလှလေပြီ။
လောင်မှန်းမသိ၊ မောဟဖိ၊ မိမိရိုက်လှပြီ။
ပိုးဖလသန်မျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနဲလှပြီ၊
ကာမဂုဏ်မွဲ၊ သည်ရိုက်နဲ၊ မခွဲနိုင်ကြပြီ။
မခွဲနိုင်ကြ၊ လူ့ဗာလ၊ ရိုက်စ,သိမ်းသင့်ပြီ။
ဂင်္ဂါသဲတူ၊ ပွင့်တော်မူ၊ ဆူဆူများလှပြီ။
များအသချေ၊ ရှင်စောတွေ၊ ရှောင်သွေလွဲခဲ့ပြီ။
တဆူမသင့်၊ တဆူသင့်၊ ဖူးခွင့်ထိုက်လှပြီ။
မတော်မလျှား၊ ကျင့်ဖေါက်ပြား၊ ရိုက်အားကြီးလှပြီ။
အလိုမလိုက်၊ သည်အရိုက်၊ ပယ်ထိုက်သင့်လှပြီ။
မပယ်မချိုး၊ ဆင်ကန်းတိုး၊ ဟုတ်နိုးထင်လှပြီ။
ဟုတ်နိုးသမှု၊ ထင်ကိုင်းပြု၊ ယခုတိုင်ခဲ့ပြီ။
တရားလက်လွှတ်၊ ဌက်တောင်ကျွတ်၊ ဝင့်နှင့်မကင်းပြီ။
မနုသတ္တ၊ ဒုလ္လဘ၊ မရများလေပြီ။
အရတော်စွ၊ သည်ဘဝ၊ လှလှကျင့်ထိုက်ပြီ။
ကြုံကြိုက်တော်စွ၊ သာသနာ၊ ရောင်ဝါထွန်းလှပြီ။
သတိရရ၊ မြတ်ပညာ၊ ပြုကြကောင်းသင့်ပြီ။
တနေ့တနေ့၊ နက်ဖြန်နေ့ရွှေ၊ မမေ့ကောင်းသင့်ပြီ။
ငါ့ကိုယ်-ငါ့သား၊ ငါ့မယား၊ ထင်မှားလှလေပြီ။
ထင်မှားတတ်စွ၊ သတ္တဝါ၊ မိစ္ဆာကင်းသင့်ပြီ။
ငါးခန္ဓာ၊ ရုပ်နာမ်မှာ၊ မှန်စွာမှတ်သင့်ပြီ။
သမ္မာသန၊ ဉာဏ်အစ၊ ထင်လှသင့်ကြပြီ။

နင်ဖြင့်နင့်ကိုယ် ဆုံးမဆို၊ နင့်ကိုအမှုသည်။
နင်မဆုံးမ၊ နင့် တာပ၊ ဘယ်ကခံလိမ့်မည်။
နှလုံးဖုန်ဖုန်၊ ထုံတုန်တုန်၊ နင့်ပုံကြော့ကြွမ်းသည်။
နင်နှင့်နင့်ကံ၊ စီရင်ဖန်၊ အမှန်ဖြစ်တော့သည်။
ယခုနင့်ကိုယ်၊ နင့်အလို၊ ဘယ်ကိုပြည့်စုံသည်။
နင့်ကိုယ်နင်နှစ်၊ နင့်အဖြစ်၊ နင်ဖြစ်ခံရမည်။
နင့်ကို-နင်အား၊ နင်မသနား၊ နင်မှားရှာတော့သည်။
ဒါန,သီလာ၊ ဘာဝနာ၊ နင်သားပြုသင့်သည်။
ဇာတိ-ဇရာ၊ မရဏာ၊ မကြာနင်တွေ့မည်။
မျက်တောင်တခတ်၊ လျှပ်တပြက်၊ နင့်သက်သေလိမ့်မည်။
ဘယ်နှစ်,ဘယ်လ၊ ရောက်ပါမှ၊ ကာလမရွေ့ပြီ။
ကြီးငယ်မဟူ၊ ကိုယ်ရွယ်တူ၊ ခမူသေလှပြီ။
အမှန်သေရိုး၊ ထိုလူမျိုး၊ ကြောက်စိုးရွံ့သင့်ပြီ။
မသွင်းနှလုံး၊ အထင်ရှုံး၊ ပျက်ပြုန်းလှလေပြီ။
ခန္ဓာကြွေလျော၊ ရှိပြန်သော၊ ပုဇာလောင်လှပြီ။
သွားကျိုးဆံဖြူ၊ ရှိပြန်မူ၊ ဘယ်သူမကြောက်ပြီ။
ဤသည့်မယား၊ ဤသည့်သား၊ မီးပွါးမှန်တော့သည်။
ခယ-ဝယ ဘိဋ္ဌနာ၊ ပျက်ကြလှလေပြီ။
အပိယေဘိ၊ ပိယေဟိ၊ ဒုက္ခကြုံလေပြီ။
ဒုက္ခထွေထွေ၊ တပေပေ၊ ခံနေရလေပြီ။
နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့ဘောင်၊ ရောက်အောင် ပြုသင့်ပြီ။
မပြုပါဘဲ၊ နင်ရှောင်လွှဲ၊ နင်ဘဲမိုက်လှပြီ။
ယုတ္တိ ယုတ္တာ၊ နင်ဆင်ကာ၊ နင်သာဟန်များသည်။
ဘုရားသွား,သွား၊ ကျောင်းသွားသွား၊ စိတ်ထားနင်မကြည်။
ဒါနသီလာ၊ နင်ပြုကာ၊ စေတနာဇောမကြည်။
သို့စင်ပြုလို၊ နင့်ကုသိုလ်၊ ဘယ်ကိုပေးလိမ့်မည်။
လောကုတ္တရာ၊ မြိုက်သြဇာ၊ နင်သာဝေးလှသည်။
ဇောစိတ်သန်သန်၊ ကုသိုလ်မှန်၊ နင်ကြံပြုရမည်။
သို့ပြုမှသာ၊ ပြည်ခေမာ၊ နင်သာနီးရမည်။
ဤသို့စုံစေ့၊ ပြန်လှန်၍၊ စေ့စေ့နှလုံးရည်။
အနမတဂ္ဂ၊ သံသာရ၊ ကြာလှလေကုန်ပြီ။

ဂင်္ဂါဝါလု၊ ပမာပြု၊ သဲစုမကပြီ။
တဏှာ၏နောက်၊ တကောက်ကောက်၊ လိုက်ထောက် မသင့်ပြီ။
တဏှာမြစ်မ၊ ပင်လယ်ဝ၊ နစ်ကြလေကုန်ပြီ။
တဏှာလည်းပွါး၊ ဒုက္ခများ၊ သွား၍မဆုံးပြီ။
တဏှာပို့တင်၊ ပါယ်လေးခွင်၊ လျှင်စွာရောက်လေပြီ။
သေမင်းနိုင်ငံ၊ အဖန်ဖန်၊ လိုက်ပြန်ရလေပြီ။
ဝေဘူတောင်မျှ၊ ပမာပြု၊ အရိုးမကပြီ။
နစ်တုံ-ပေါ်တုံ၊ သုံးပါးဘုံ၊ ကျုံ့ရလှလေပြီ။
ချမ်းသာမငွေ့၊ ဆင်းရဲတွေ့၊ ငြီးငွေ့သင့်လှပြီ၊
အဝိဇ္ဇန္ဓု၊ သည့်မောဟ၊ ညှဉ်းဆဲလှလေပြီ။
နီဝရဏ၊ တားဆီးကြ၊ လမ်းစမဆုံးပြီ။
ဂတိငါးပါး၊ ဆုံသည့်နွား၊ သွား၍မဆုံးပြီ။
ဘဝတိုင်းသေ၊ သင်းချိုင်းမြေ၊ ပွါးစေလှလေပြီ။
လမ်းကောက်လည်းသွား၊ လူအများ၊ အမှားကြိုက်ခဲ့ပြီ။
လမ်းကြောင်းမမှန်၊ မြိုက်နိဗ္ဗာန်၊ ဇောက်ပြန်လွဲခဲ့ပြီ။
ဘဝမဆုံး၊ ဒုက္ခဘုံး၊ လုံးသုံးခံရပြီ။
လောကစက္ခု၊ သဗ္ဗညု၊ ယခုရှိရဲ့မင်း။
ဘုရားဖြစ်ခါ၊ သာသနာ၊ ရောင်ဝါတဝင်းဝင်း။
မနုဿတ္တ၊ ဒုလ္လဘ၊ ရအောင်ခဲကြမင်း။
ဗြဟ္မာ့ပြည်က၊ အစ်ကိုချ၊ မြေကအပ်တစင်း။
အပ်သွားချင်းသာ၊ ထိဘွယ်ရာ၊ ပမာမှတ်ကြမင်း။
နိယျာနိက၊ မြတ်ဓမ္မ၊ ကြားရခဲ၏မင်း။
သဒ္ဓါဗလဝ၊ ဒုလ္လဘ၊ ရအောင်ခဲကြမင်း။
အရတော်ခိုက်၊ လူတသိုက်၊ ခဲလိုက်ကြကုန်မင်း။
ကိုယ့်ဘို့မရ၊ နောက်နောင်တ၊ ဖြစ်တတ်ကြ၏မင်း။
ဤသို့ဘဝ၊ ဖြစ်သမျှ၊ ရမည်ခဲ၏မင်း။
ထူးမြတ်စွာလှ၊ လူ့ဘဝ၊ နှမြောကြကုန်မင်း။
မြတ်သည့်ကိုမှ၊ မသိကြ၊ ဗာလနှလုံးသွင်း၊
ဗာလဖြစ်က၊ လူပါပ၊ ကြာကြကုန်၏မင်း။
လူဖြစ်ကျိုးမှ၊ မခံရ၊ ရှုံးလှလေ၏မင်း။

ဘဝတိုင်းရှုံး၊ လှူ့ကျောက်တုံး၊ စုံးစုံးမြုပ်ချော်မင်း။
စုံးစုံးမြုပ်ကာ၊ မပေါ်လာ၊ ကြမ္မာမှောက်ချော်မင်း။
နိဗ္ဗာန်လမ်းစ၊ ဤသို့ပြ၊ မှတ်ကြနှုလုံးသွင်း။
ကလျာဏမိတ္တ၊ ပဏ္ဍိတ၊ ပေါင်းပေါ်ရချော်မင်း။
ထိုကလျာဏ၊ ဆိုဆုံးမ၊ လိုက်နာရချော်မင်း။
ယောနိသောမနှ၊ သိကာရ၊ နှလုံးသွင်း။
သီလရတင်၊ ဆောက်တည်လျှင်၊ သည်တွင်အစမင်း။
အလောဘ၊ အဒေါသ၊ အမောဟ၊ နေက္ခမ၊ ဝိဝေက၊
နိဿရဏ၊ ဤခြောက်ဝ၊ အလိုရှိကြခင်း။
ရွှေပြည်သနစ်၊ သာသည့်ခေတ်၊ ဗိစ်ကြဘုန်မင်း။
ရွှေပြည်ချမ်းသာ၊ စံချင်ရှာ၊ ဆိတ်ငြိမ်ရာသို့ချဉ်း။
အနိစ္စကောင်၊ ဒုက္ခကောင်၊ အနတ္တကောင်၊ အသုဘကောင်၊
ထင်အောင်နှလုံးသွင်း။
အနိစ္စတုံး၊ ဒုက္ခတုံး၊ အနတ္တတုံး၊ အသုဘတုံး၊
လုံးလုံးမှတ်ကြမင်း။
ဤသို့ထင်မှ၊ မဂ်လမ်းစ၊ ရမည်မှန်စင်းစင်း။
မဂ္ဂင်ပေါင်ကြီး၊ တက်စီး၍မှ၊ ပြည်ကြီးအမတ၊ နိဗ္ဗာန၊
ရမည်မှတ်ကြမင်း။
ယခုဘဝ၊ မသိကြ၊ အမတမည်ခေါ်၊ ရွှေပြည်တော်၊ အစော်
မန်လျှင်း။
တရာ့တပိုဒ်၊ မဂ်ဖိုလ်ဆိုက်၊ နှစ်ခြိုက်ကျက်ဆောင်မင်း။

ရတနာထွန့်ခေါင်၊ သတိပေးနိုးဆော်ချက်ပြီး၏။

—— ၀ ——

## (၁၀၆) ဂ—ကျေးရှုးတော်ရင် အသျှင်ခုတ်ဗိုဆရာတော်ကြီးဘုရား၏ ဩဝါဒမိန့်ခွန်းတော်မြတ်

အတ္တာပတိ အတ္တနော နာထော၊ ကောဟိ နာထော ပရော သိယာ။ ။ဒေသနာနိတတ်၊ အသေအချာ အသိမကျစ်ရအောင်၊

ရှုအပ်ကြံတွေး၊ ကိုယ်ရေးကို ကိုယ်ဆောင်၊ ဉာဏ်တံဆောင်ဖြင့်၊
မိုက်မှောင်ကိုပယ်ရှဲ၊ သာသနာခေတ်ထဲတွင်၊ အပြစ်နဲ့အောင်, အပြု
နှပ်သော်လည်း၊ အသင်လွှဲရှောင် အမှုတတ်မှ၊ ချမ်းသာရပ် ရောက်
လွယ်,စကားအရာ တတ်လိမ္မာကလည်း၊လေးဖြာအပြစ်,ပွန်းမရစ်မှ
ထွန်းသစ်လစဖွယ်၊လျှပင်ငယ်သော်လည်း၊ကြီးကျယ်သမာဓိ၊ ပညာ
ရှိက ကြီး၏မှန်မသွေ၊ပိယေပုဂ္ဂလ၊အချစ်မျှသော်လည်း၊ အနှစ်သာရ
မရှု၊ တော်တန်ရုံပြုကြကာ၊ ခင်ပွန်းတုလက္ခဏာ၊ ကျိုးမဖြာ, လိမ်ဝါ
မှသား၊ သဘောလွှတ်၍ လောကွတ်များ မပွါးကုသလေ၊ မိန့်ချွေ
စကား၊ ခင်ပွန်းအား၊ တရုးနှင့်ထောက်တွေးသော်၊နှ,ဘဇေပါပ
ကေ မိတ္တေ၊ ယှဉ်ခဲနိုင်း၍ထိုင်းရချေ၊ မြင်လာတိုင်းကို ဆိုင်းရပေ၊
သဘောမိအောင် သိကြပေ၊ လူရေသဏ္ဍာန်၊အမြင်သန်ရုံနှင့်၊မေတ္တာ
ဟုန်ချစ်ကျွမ်းက၊ကိုယ်ပင်ပန်းရှုံတတ်သည်၊ ကပိလက္ခဏာ, ရှိသူငါ
ကို၊ကပ်ပါမသွေ၊ဘဇေထ ပုရိသုတ္တမေ၊မိန့်ချွေတရားရှည်၊ နှစ်တည်
နှစ်ဝ၊ ဗာလပဏ္ဍိ၊ နှိုင်းမြွှာ်ညှိ၍ သိရအောင်မှန်း၊ ကျမ်းနှင့်မသွေ၊
မာတာဟိနေ ဝါစာဟိနှ၊ ထုတ်ဖော်ပြ၊ နိတ္ထူနည်း၊ နိသျှည်း၊ မှီး၍
ကြံလေ၊ ဗာလေပဏ္ဍိ၊ မနီးဘိ-ဝေး၏အမှန်၊ ဝေးလေးတန်တွင်၊ တ
တန်အဝင်၊ အချဉ်ပင်က၊ ချိုသွင်ရသာ၊ သီးမလာ၊ ချဉ်သာသီးရိုး၊
ပမာမျိုးသို့၊ မြတ်နိုးပဏ္ဍိတ၊ ဗာလဖြစ်ခဲ၊ ထိုနဲ့ဗာလ၊ တထေဝ,ပင်၊
အမြင်ဂျမ်းဂန်၊ လမ်းမှန်ထုတ်ဖော်၊ တရားတော်အရ၊ ပြအပ်သည့်
ဇကန်၊ ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ၊ မိန့်သံအရ၊
အာဂမယုတ္တိ၊ သရုပ်ရှိ,ထုတ်ညှိဖိတ်၌ကြံ။ နိုင်ငံတော်ထက်အောက်
ချင့်မြွှာ်ထောက်၍၊ နောက်နောက်ဉာဏ်နှု၊ မှန်လိုရှု,ဉာဏ်ထုကြီး
စေရန်၊ ဉာဏ်ကိုလိုက-ဉာဏ်ပင်ပျိုး၊ ကံကိုလိုက-ကံကိုနှိုး၊ ဆိုရိုး
တချက်၊ ဉာဏ်ကိုထက်ကြွစေ၊ ကံကိုနက်ရပေ၊ နှိုင်းဘက်ချင့်တွေး
ဉာဏ်ကိုထက်အောင်သွေး၊ကံကိုနက်အောင်ထေး၊ ဉာဏ်ကို မသွေး
က လိုရာမပေါက်၊ကံကိုမလေးက ယိုကာပျောက်၊ နှိုင်းထောက် ချင့်
မြွှာ်၊ အခွင့်တော်ခိုက်၊ သင့်လျော်စိတ်ကူး၊ ကံကိုနက်အောင်တူး၊
ဉာဏ်လည်း ထက်မှရှူး၊ သို့မှ နောင်ခါ အကျိုးထူး၊ သံသရာ
ကြာကြာ မနစ်ဘူး၊ နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့ဘောင်-ရောက်အောင်
မြန်မြန်ကူး။ ကြည်နူးဘွယ်ရာ၊ သာသနာ၊ သမ္ဘာရောင်ရှိန်မြူး။ ညစ်
ငြူး ကိလေ၊ အပြစ်တွေကို၊ စင်စေဝေးကြောင်း၊ သဒ္ဓမ္မဒေသနာ၊

အဖြာဖြာနှင့်၊ ကဝါပေါင်း၍ ကောင်းကောင်း ဖွပ်ကြလေ။ စိတ်ညစ်တော့၊ သစ်စေအမြဲ၊ ကုသိုလ်ဘုရား၊ အကျိုးများအောင်၊ တအားခဲ အညစ်စွဲက သစ်ခဲလှသည့်အမှန်၊ အဖြစ်မြဲက-ဖြစ်ခဲလှနတ်ထံ။ အဇာတသတ်မင်း,ပုံထုံးစံ၊ ဂူခါးထိုးမှောက်လှန်၊ပါယ်မြေဘွင်း-ဆင်းတက်ရသည့်အတန်တန်၊ဒုက္ခဖန်ဖန်တွေ့ကြုံရ၊ဘောဘုမ္မာ,သံသာရေဒီနှာ အနေသ,ခါမစဲ၊ လွန်ကဲကြီးလှ ဘေးထွေထွေ၊ သဗ္ဗေ သတ္တာဟူသမျှ၊ ဘယ်သူတ၁ မလွတ်ချေ၊ ဖြေးစေရန်က တခါတကွက်၊ ဆွေးပွေချန်ပ၊ တရာတသက်၊ လောကမံ့ရှစ်ချက်၊ ဖြစ်ပျက်လို့ စ,မတုံး။ သံသရာဘေး ဆုံးကို၊ စိတ်နှလုံး,မသက်ဝင်၊ ပျော် ရွှင်ယစ်မူး၊ ရူးကြမိုက်ကြ၊ အလိုက်သွမသိ၊ နေမိနေရာ၊ တေမိတရာ၊ မာန်တဘွာအသျှင်က၊ စေချင်တိုင်း၊ ခိုင်းချင်တိုင်း၊ ကရင်ရိုင်း ချင်းရိုင်းလို၊ ထောက်နိုင်းမရှု၊ သဒ္ဓိညုအာဏာတော်ကို၊ တော်လှန်ကာပြုကြ၍၊ နောင်အမှုက်စွန်းမှ၊ ငရဲကြီး ရှစ်ထပ်တွင် မြိုးကပ်အောင် ခံနေ၊ အပါယဒုက္ခနှင့်၊ ထိုသူတွေ-တွေ့ရမှ၊ မေ့သမျှပမာဒေ၊ မှောင်ဝိဇ္ဇာမောဟောကြောင့်၊ဇောအနေပေါက်ပြား ပြုခဲ့မိအမှုသွားကို၊ ရှုစားကာစိတ်မကြည်၊ ဝိပ္ပဋိသာရီနှင့်၊ အလီလီပူဆွေး၊ အမိအမယ် သနားဘွယ်၊ အားငယ်ကာ ကြောက်သွေးနှင့်၊ ငိုကြွေးကြအခါခါ၊ ငရဲသူသတ္တဝါကို၊ အဖြာဖြာ နှိပ်စက် ကြိမ်း၍၊ နွတ်သ ကမ္မကရဏာ၊ ငရဲထိန်း ဦးဟဝါဘို့က၊ ထောက်မညှာ စီရင်ပြု၍၊ နှင် ယခု ဘာကို ကြောက်သလဲ၊ ငေါက်ထဲ့ကာ ကျွား ဆင် သံလို၊ လူ့ ရစ်ဌာန်နေစဉ်က၊ ကျင့်ငါးအင်ယွင်းဖေါက်၊ သောက်ချင်ဘိုင်း-စားချင်တိုင်း၊ ဘယ်သူက စေခိုင်းသလဲ၊ ကိုယ့်စိတ်ဘိုင်း အထင်ကျင့်၊ ကောင်းသင့် ရာရာ၊ သူတော်လျှာ တို့က၊ ဆူးကြော်ငြာ မဖြတ်ပွါးစေဘို့၊ မြွာ်တရား ဟောမိန့်လည်း၊ ကျောစိမ့်ရုံမရှိ၊ စံရဘိ ကိုယ့်အလို၊ ခံရလျှင်ဟိုတကိုယ်ပ၊ လူပြိန်း စာဆိုစကားနှင့်၊ နင်အမှားကျင့်သည့်ဟု၊ နားနင့်အောင် ငေါက်အော် ညံ၍၊ ချမ်းသာရန်လွတ်ကင်း၊ဆင်းရဲခြင်းအတိ၊ပမာပုံဆောင်ဘိသော်၊ လက်လက်ညီထက်ထက်မြည့်၊ ကြိုးတကျယ်,လှံမဖြင့်၊ထိုးဆွခြင်းအမှု၊ တနေ့လုံးပြုသည့်ကို၊ အသေဟု အသက်ကြွင်းနှင့်၊ ခံရခြင်း သတ္တဝါလို၊ ချမ်းသာရာ မရှိ၊ ဆင်းရဲ၏ ကေန်သာ၊ နိသက်ာ ရှိစေကြောင်း၊ မကောင်းမှု ထက်စ၊ အပါယ ဒုက္ခကို၊ ခံကြရ, ဆိုရာမှာ၊ ငါမပါ

သူတပါး၊ဤကဲ့သို့အယူပြား၍၊မှောက်မှားသည်မိစ္ဆာ၊မကောင်းမှုကို ပြုကြကြ၊မလွတ်သာ၊ညာတကာမျိုးစပ်၊ ဥစ္စာမြတ်လက်ဆောင်နှင့်၊ ပြုလုပ်ခြင်း ပယောဂကြောင့်၊ လွတ်ရခြင်း မရှိ၊ ထက်နတ်ခွင် ဘူမိမှာ၊ စံရ၏စကား၊ ပြောသံကိုကြားရလျှင်၊ ငါဘကား၏ကံ၊ စံရမည့် အမှန်ဟု၊ ဤကဲ့သို့ ကြံကလည်း၊ ကုသိုလ်ကံ အရင်း ဆောင်မှ၊ နတ်ဘောင်သို့ မသွေ၊ ရောက်လိမ့်မည် ပုံသေ မျိုးမိဘ, မိဘ်ဆွေတို့၊ နတ်ပြည်မှာ စံလှုံ၊ နတ်ဘုံတွင် ရှိကလည်း၊ ငါမိဘ ဗိမာန်၊ ငါစံခည့်စိတ်ထား၊ ရောက်လို့များမကြွားနှင့်၊ အပါယ်သား, ရေဝတီလို၊ သိနိုင်မည် အဝေး၊ ကိုယ်ကုသိုလ် စိမ်ဖန်မှ၊ ကိုယ်စံဘို့ ဖြစ်ရေးကို၊ ကြံတွေးလို့ရှုမြှော်၊ သုဂတိ,ဘဝစက်သို့၊ တက်လိုက, ကောင်းအောင် ကျင့်၍၊ အခွင့်ကို ဖော်ကြလေ၊ နည်းတတွေ လက္ခဏာ၊ သစ်ပင်တက် ဥပမာလို၊ လက်ချော်ပါလျှင် ခြေကဆွဲ၊ ခြေကလွဲ လက်ကကိုင်၊ ချက်မပိုင်လို့ အကုန်ချွတ်၊ ကဆုံလွတ်၍ အောက်ကိုဆင်း၊ မယွင်း ပုံကို- ပမာဆောင်၊ မြဲအောင် ကိုင်၍ မြဲအောင်ဆုပ်၊သေးသေးနုပ်နုပ်,အကိုင်းငယ်၊ လွတ်လွယ်ကျိုးလွယ် အားမပြုနှင့်၊ နိုင်းထောက်ရှုတော့ ဥပမာ၊ ဥပမေယျာ ထုတ်ဖော် ပြလျှင်၊ သုတ်တော်အရ နည်းမသွေ၊ စိတ်စေတနာ သဒ္ဓါစွဲက၊ တက်မြဲ ထက်နတ်ပြေ၊ ငါးထွေသီလ၊ အဋ္ဌင်္ဂနှင့်၊ ဒသင်္ဂကျင့်သိက္ခာ၊ များပြားဖြာဖြာ- ဝေဝေမှိုင်း၊ ယှဉ်နှိုင်း ဘွယ်ပ- ကိုင်းခက်ဝေ့၊ သာသနေ သစ်ပင်ပြု၊ ချစ်ရှင်ဓမ္မ, မှားမသွေ၊ ပညိန္ဒြေ အားကုန် စွမ်းမှ၊ တက်လမ်းရောက်ရပေ၊ လှူဒါန်းဒါနေ-ဒါတဗ္ဗ၊ ခါမပြတ်ရ- ကြိုးစားလေ၊ ဘာဝနာမယေ- ဘာဝေပြု၊ ဇာရောဂရ ဗိုက်ရချေ၊ မိုက်ပါပေကို-လွတ်အောင်ကွင်း၊ တယောက်ချင်းပ-နေသော်မြတ်၊ ဆင်မင်းဓာတ်ကို-သက်သေမှု၊ မိဘ်တူကိုယ်တူဖေါ်မရ၊ ဝိဝါဒဟု- မိဘရထာ၊ ငြင်းခုံဖြာဖြာ- ခိုက်ရန်ပွါး၊ တရားယွင်းချွတ်-မှုမမှန်၊ မာနထောင်ဟန်-ဒုရင်ဖျား၊ ဗိုက်ထားမှန်ကင်း-အသွင်ထံ၊ ကောင်း စိတ်အကြံ ရှိစေဟု၊ ဩဝါဒမှု-မေတ္တာစာ၊ သနားကရုဏာ အလွန် ပွါး၍၊ မှားကြွား ဆုံးမ- ညွှန်းပြ သွန်သင်၊ ပါယ်ခွင် လွတ်ရေး၊ ကင်းဝေးအန္တရာယ်၊ လူဝယ်နတ်ရပ် အမြတ်သုဂတိ၊ နိဗ္ဗာန်နန်းသို့၊ လှမ်းရဘိအောင်၊ သတိဆောင်၍၊ ကောင်းအောင်ကျင့်စေ၊ မေတ္တာ ရေဖြင့်၊ သုံးထွေ ဖေးခြင်း၊ မကပြင်းအောင်၊ လွန်မင်း ဖေးကြောင်း၊

ဆုတောင်းအာသိသာ၊ ပဏ္ဍာနဖြင့်၊ ဩဝါဒစကား၊ မှာကြားလိုက်ပါသည်၊ ဗိဋ္ဌ, သုတ၊ တက္ကချစ်ခင်၊ လူရှင်ခပေါင်း၊ မိတ်ဆွေကောင်းတို့၊....

ဩဝါဒ မိန့်ခွန်းတော် ပြီးဆုံးပြီ။

(အမှာစကား–သတိထားကြကုန်) ကျေးဇူးတော်ရှင် ဆရာတော်ကြီးဘုရား ဘား။ နတ်နန်းသို့ စံမြန်းရန် ကြွသွားတော်မူချေပြီ။ တပည့် ရဟန်းရှင်လူ ဒါယကာ ဒါယိကာမအပေါင်းတို့၏၊ပစ္စုပ္ပန်သံသရာ အကျိုးတိုးပွါးစေရန် ကရုဏာ တရားဖြင့် ရေးသားတော်မူခဲ့ပါသော ဝိပဿနာ ကဗျာသံဝေဂ၊ ဂါရဝ,ဝန္ဒနာ၊ မေတ္တာစာ,ပရိတ်၊ ဝိနိစ္ဆယာ၊ ထက်ဘရတ၊ အရေးတို့ကို၊ ကွယ်မှုကင်းစင်၊ ပေါ်လွင်ထင်ရှားအောင်၊ ပေါ်ထုတ် မြွက်ကြားကြပါကုန်။

ကျေးဇူးပြု၍–ရေးသူ
တပည့်–မောင်သွင်

၁၃၁၅–ခုနှစ်၊ ဝါပေါင်းလဆန်း (၁၅)ရက်နေ့
နေ့လယ် ၁–နာရီပြီး၏။

——o——

## (၁၀၇) ဃ–ပန်းတောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၏ ဩဝါဒနိုးဆော်ချက်

သမန္တပါသာဒိက ဝေရဉ္စကဏ္ဍ နာနာနယ သမ္ပုဏ္ဏ ဝိနယ ဆေက နိကာယ ပါရဂူ ဉာဏကေသရီ အစစ် ဖြစ်ကြီး ဖြစ်တော်မူသော ဂိုဏ်း ဆရာတော်၏ ဩဝါဒမှာ—

(၁) ယေဟိ ဇနေဟိ ဝေလ္လ္လသုပိ စတ္တာရော သတိပဋ္ဌာနေ နဘာဝေတိ၊ တဿ သဒ္ဓမ္မော အန္တရဟိတောနာမ ဟောတိ။

ပါဋိခေဒသနာ မဟာဝဂ္ဂ ညွှန်ပြဖော်ထုတ်သော သံယုတ်အဋ္ဌကထာ အလို အဓိပ္ပါယ်ပြန်ဆိုရမူ၊ အကြွင်ပုဂ္ဂိုလ်သည် သမန္တစက္ခု သဗ္ဗညုဘုရား ထင်ရှားရှိတော်မူပါလျက်လည်း၊ ပမာဒတရား၊ မေ့လျော့ခြင်းများသဖြင့် (၁) ကိုယ်၌ရှုဆင်ခြင်ခြင်း ကာယာနုပဿနာသတိပဋ္ဌာန်၊ (၂) ဝေဒနာ၌ ရှုဆင်ခြင်ခြင်း ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ (၃) စိတ်၌ရှုဆင်ခြင်ခြင်း စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ (၄) နီဝရဏ ငါးတန်နှင့် တကွ ဥပါဒါနက္ခန္ဓာငါးပါး အစရှိကုန်သောတရားတို့၌ ရှုဆင်ခြင်ခြင်း ဓမ္မာနုပဿနာ သတိပဋ္ဌာန်အားဖြင့် လေးပါးကုန်သော သတိပဋ္ဌာန်တရားတို့ကို စီးဖြန်း အားထား၊ မပွါးများခဲ့ချေ။ လုံ့လချုတ်ခဲ့၊ အကျိုးမဲ့ခြင်းဖြင့်သာ ကာလကို ကုန်လွန်စေ၏။ ။ယင်းကဲ့သို့ သတိ, ပညာ, သဒ္ဓါလွတ်ကင်း၍၊ ချွတ်ယွင်း လေသော ထိုပုဂ္ဂိုလ်အား သူတော်ကောင်းတို့၏တရား အစစ်အမှန် အတိုး အနည်း ထိုက်တန်သော ရတနာထက် ရတနာ၊ အလွန်တရာ မွန်မြတ် သည်ထက် မွန်မြတ်လှစွာသော မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော တရား ရတနာတော်ကြီးသည် ပျက်စီးဆုတ်ယုတ်၊ မပေါ်မလွင်၊ မထင်တိမ်မြုပ်၍ ကွယ်ချုပ်ခြင်း မည်သည်၊ ဖြစ်လေတော့၏ ဟူသည်ကို ကြီးစည်နက်လေး၊ ဉာဏ်ဖြင့်တွေးလျက်၊ လေးပါးသောသတိပဋ္ဌာန်ကို၊ (ဋ္ဌိနွှံဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ။) အာမခံ၊ ပဋိညာဉ်အထား၊ ဟောတော်မူအပ်သောစကား ကို ယုံကြည်လေးစားသောအားဖြင့် ပွါးများနိုင်ကြပါစေသောဝ်။ ။ပဋ္ဌမ နိုးဆော်ချက် ဩဝါဒကထာ။

ဒိဋ္ဌိသတ် တဏှာသတ်ကျမ်းမှ ကူးယူရေးထည့် သာသနာပြုပါသည်။

———o———

## (၁၀၈) ၂-အဂ္ဂမဟာပဏ္ဍိတ ပန်းတောင်း ဆရာတော်ဘုရားကြီး၏ ဒုတိယ ဩဝါဒကထာ

ဥဗ္ဗိဂ္ဂတိကောယတိ သုခါဒိဝေဒနံ အတ္တာတိ ဂဟေတွာ အဟံကာရ မမံကာရ ပရာမာသဝသေန သဗ္ဗဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသေသု တတော တတော စဝိတွာ၊ တတ္ထ တတ္ထ ဥပပဇ္ဇန္တော မဟာသမုဒ္ဒေ ဝါတုက္ခိတ္တနာဝါဝိယ တံတံ သမိတ် ပရိဗ္ဘမတိ၊ ဝဋ္ဋတော သီသံ ဥက္ခိပိတုံယေဝ နသက္ကောတိ။

ဘိလက္ခုန်အဋ္ဌကထာ၊ ကျမ်းလာစကားအရ၊ ဥပါသကာ၊ဥပါသိကာတို့မှာ ဥဗ္ဗိဂ္ဂတိကပုဂ္ဂိုလ်အဖြစ်မှ စင်စစ်မချွတ် ကင်းလွတ်စေရာ၏၊ ထိုစကား မှန်၏။ သုခ အစရှိသော ချမ်းသာသည်ဖြင့်ခံစားမှု၊ ဝေဒယိတလက္ခဏာ ရှိသော ဝေဒနာကို၊ မိမိကိုယ်ဟူသော အတ္တပင်တည်း ဟု—မှောက်မှား မြင်ဘိ အယူရှိသော ဥဗ္ဗိဂ္ဂတိကပုဂ္ဂိုလ်သည် ငါဟူသော မာန်မူခြင်း၊ အဟံကာရ ငါပိုင်ထိုက်စွာ၊ ငါ့ဥစ္စာဟူသော မမံကာရ စိတ်ထားမှားသော သုံးသပ်ခြင်း ပရာမာသ၏ အစွမ်းအားဖြင့် ကာမ-ရူပ-အရူပဘုံ အလုံးစုံ သော ဘဝ ၃—ပါး၊ ယောနိ ၄-ပါး၊ ဂတိ ၅—ပါး၊ ဝိညာဏဋ္ဌိတိ ၇-ပါး၊ သတ္တာဝါသ ၉-ပါးတို့၌ ထိုထိုဘဝ ထိုထိုဂတိစသည်တို့မှ ရဘိတဖန်၊ ပေါက်ပြန်ရွှေ့လျောပြီးကာ၊ ထိုထိုဘဝ စသည်တို့၌ပင် မူလဝင်ရိုးဖြစ်၊ အဝိဇ္ဇာတဏှာ ဟူသော တရားညစ် ၂-ပါးကို၊ အရဟတ္တမဂ်ဉာဏ်၊ သန်လျက်ထားဖြင့် နုတ်ပစ်ပယ်ရှားခြင်းငှါ မစွမ်းနိုင်ရကား၊ အကြိမ်ကြိမ် အဖန်ဖန် ပဋိသန္ဓေနေရခြင်း၊ ဖြစ်ရခြင်းကို ဥပမာအားဖြင့် ပြဆွန်ရသော် အလွန်တရာနက်ရှိုင်းစွာသော မဟာသမုဒ္ဒရာပြင်ကျယ် ပင်လယ်ကြော၌၊ ဝါယောဓာတ်တည်းဟူသော လေမုန်တိုင်းကြီး အားသည်းလွှမ်းမိုးလျက် တိုးဝှေ့ထန်ပြင်း တိုက်ခတ်ခြင်း လေဒဏ်ကို ခံရသောလှေငယ် တံငင်းသည်၊ ငြင်းမဆန့်၊ မခံနိုင်တော့ဘဲ၊ လေဆောင်ကြည်းရာ လေပို့ရောက်ရာ ထိုထိုခရီး ထိုထိုရေယဉ်အနီးသို့၊ မရပ်မတည်၊ ပတ်ပတ်လည်၍၊ ရွှေ့ကာ မျောကာ၊ လိုက်ပါရလေသည်နှင့်မခြား၊ ခန္ဓာငါးပါးကို အတ္တဟူ၍ အမြင်မှားဘိသော ဥဗ္ဗိဂ္ဂတိက ပုဂ္ဂိုလ်ဟူက၊ ဘဝ ဂတိ-ယောနိစသည်၌ ထိုထို ၌၌ လှည့်လည်မြင့်ကြွ၊ သံသရာရေယဉ်ကြော၌၊ တမျောထည်း မျောနေရလျက်၊ ကိလေသ, ကမ္မ, ဝိပါကဟူသော ပုလောင်လွန်ကဲ၊ဝဋ်ဆင်း

ရဲမှု၊ လွတ်ရဲအံ့၌၊ ဥကျောင်းကိုမှ မြှောက်ထူမ၍၊ ချီကြွခြင်း၌ မစွမ်းနိုင်အောင် ဖွဲ့နှောင်စွန်းငြိသော ဒိဋ္ဌိဂတိကဟူ မိစ္ဆာအယူဘမ်းသဖြင့်၊ မစွမ်း၊ နိုင်လေတော့သတည်းဟု၊ ကြွက်သည်းထိတ်လန့်၊ ကြောက်ရွံ့ဘွယ် သော တို့ကို လေးလေးနက်နက်၊ မိန့်မြွက်သံချေ။ ဖွင့်ပြပေသော ဒေသနာစကားကို နာကြားကြရသဖြင့်၊ အခွင့်သင့်စွာ၊ ဗုဒ္ဓုပ္ပါဒနာမ ဤခေတ်၌၊ မိစ္ဆာညဏ် မမြှား မရစ်ရအောင်၊ ဘာဝနာဘရားကို၊ အားသစ် နိုင်ကြ ပါစေကုန်သတည်း။

၎င်း ဩဝါဒကထာကား ဒိဋ္ဌိကပ်ခွါ ဒေသနာမှ ကူးယူရေးထည့် အပ်ပါသည်။

---

## (၁၁၉) ၃–အဂ္ဂမဟာပဏ္ဍိတ ပန်းတောင်းဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

ယောပန တေပိဋကံ ဗုဒ္ဓဝစနံ ပါဠိတော စ အတ္ထတော စ အနုသန္ဓိတော စ ပုဗ္ဗာပရတော စ ဥဂ္ဂဟေတွာ ဟေဋ္ဌုပရိယာယံ ကရောန္တော ဝိစရတိ၊ အနိစ္စာ ဒုက္ခာ နတ္တဝသေန ပရိဂ္ဂဟမတ္တမ္ပိ နတ္ထိ။ အယံ ပညာဝါနာမ ဒုပ္ပညောနာမာတိ ဝိညာတဗ္ဗောစရိတော နာမေသ ပညဝါတိ နဝတ္တဗ္ဗော။ ။မူလပဏ္ဏာသ အဋ္ဌကထာ ဒုတိယခုဝ်။

ဝိန့်ဟောမှန်စွာ၊ မူလပဏ္ဏာသ၊ အဋ္ဌကထာပါဌ်၏ အဓိပ္ပါယ်ကတ္တအလို၊ အကြွင်ပုဂ္ဂိုလ်သည်။ သုတ်ဝိနည်းအဘိဓမ္မာ၊ ဒေသနာသုံးရပ်၊ ပိဋကတ်သုံးပုံ၊ ဘုရား မြတ်စွာ၏ စကားတော် အလုံးစုံကို၊ ပါဠိအားဖြင့်၎င်း၊ အနက်အားဖြင့်၎င်း၊ အနုသန္ဓေအားဖြင့်၎င်း၊ ရှေးနောက်အားဖြင့်၎င်း၊ ဆရာထံပါး သင်ကြားမှတ်ယူ၍ အောက်အထက်ပြန်လှန် သင်အံလေ့ကျက်၊ မှတ်ရွတ်ဘတ် သရဇ္ဈာယ်ခြင်းကို ပြုလျက်၊ အမြဲကြိုးကုတ်၊ အားထုတ် လှည့်လည်၍။ ခန္ဓာငါးတန်၊ ရုပ်နာမ်ဘရား အရဘ္ဘိကား၊ အနိစ္စ-ဒုက္ခ-အနတ္တ၏ အစွမ်းအားဖြင့် မြော်ရှုသိမ်းဆည်းခြင်းမျှလည်း အလျဉ်းမရှိချေ။ ဤပုဂ္ဂိုလ်သည် မည်မျှလောက်ပင် ပါဠိအဋ္ဌကထာ ပိဋကတ်ဒေသနာကို အာဂုဏ်နှုတ်တက် ဆောင်ရွက်လေ့သာစေကာမူ ဝိပဿနာပညာမှ ကင်းခဲ့ ရကား၊ ပညာရှိပညာဝါမမည်၊ ပညာမဲ့ ဒုပ္ပညပုဂ္ဂိုလ်သာမည်၏၊ ထို့ကြောင့်

သညာ, ဝိညာဉ်, ပညာ အမှတ်၊ ပုဂ္ဂိုလ် သုံးရပ်တို့တွင် ဤပုဂ္ဂိုလ်မှာ ဝိညာဏစရိတသာ မည်၏။ ပညာရှိ ပညဝါဟူ၍ မဆိုသင့် မဆိုအပ်ကြောင်းကို မိန့်ဆိုတော်မူ၏။ ဤကဲ့သို့ နိဂ္ဂဟဝါဒ စကားကို ကျူးရင့်တော်မူခဲ့ရကား။ မိမိတို့ကိုယ်ကို ပညာသန့်၊ ပညဝါပုဂ္ဂိုလ်ဖြစ်စိမ့်သော်ငြါ အနိစ္စ-ဒုက္ခ-အနတ္တ-ဟူ၊ သာဉ်သုံးဆူကို၊ ရှေးရှုနှစ်မြှိုက် ပွါးများထိုက်လှတော့၏၊ ပွါးများနိုင်ကြပါစေကုန်သတည်း။

ရှင်းပြဝါဒကထာမှာ ငါ့အရိယာဖြစ်ပြီလားကျမ်းမှ ကူးရေးထည့်ပါသည်။

---

## (၁၁၀) ၄-ပန်းဘောင်းဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

အထ ယော တိလက္ခဏံ အာရောပေတွာ ဝိပဿနာပဋိပါဒိယာ
သမ္မသန္တော အာဒ္ဒအဒ္ဒေဝ အရဟတ္တဉ္စ ဝိစရတိ၊အယံ ပညဝါ
နာမ ဒုပ္ပညောနာမာတိ ဘဏိယမာနော ပညဝါပက္ခံ ဘဇတိ။ ။

မူလပဏ္ဏာသအဋ္ဌကထာ၊ ဒုတိယအုပ် နှံ၊(၂၄၁) ကြောင်း (၃၀) ဇ်မူ။

မိန့်ရှိကျမ်းလာ၊ မူလပဏ္ဏာသအဋ္ဌကထာနှင့် အညီ၊ အကြွင်းသို့သော ဝိပဿနာ လုပ်ငန်းကို ကြိုးပမ်း သုံးသပ်သော အာရဒ္ဓ ဝိပဿကပုဂ္ဂိုလ်သည်၊ ခန္ဓာငါးတန်၊ မိမိ၏ ရုပ်နာမ်နှစ်ရပ်ကို၊ လက္ခဏာရေးသုံးပါးသို့ တင်၍၊ ဝိပဿနာ အစဉ်အားဖြင့် ဆင်ခြင် သုံးသပ်သည် ရှိသော်၊ မှန်မြတ်သောစိတ်ဓာတ်ဖြင့်၊ အရဟတ္တဖိုလ်သို့၊ နက်ဖန်သဘက်၊ နေ့ရက်မဆိုင်းမူ၍၊ ဤယနေ့ ဥပင်၊ ဤယနေ့ သာလျှင်၊ ထင်မြင် ပေါက်ရောက်၊ မျက်မှောက်ပြုအံ့ တကားဟု၊ အကယ်၍ ဝိပဿနာ တရားကို ပွါးများကြိုးကုတ်၊ အားထုတ်ဆောက်တည်၊ ဆုရိယာပုထ် လေးပါးဖြင့်၊ ပွါးများလှည့်လည် ခဲ့ငြားအံ့၊ ဤသူသည်- အကယ်၍ ပရိယတ္တိ မွေ့၍၊ သင်ရေး ဆောင်ရေး၊ အခြေကင်းမဲ့၍၊ ဒုပ္ပညပင်မည်စေကာမူ လက္ခဏာသုံးတန်သို့ တင်၍၊ ဆင်ခြင်သုံးသပ်ဘတ်သော ဝိပဿနာပညာဖြင့်၊ ပညာရှိဖြစ်ရကား၊ ပညဝါပုဂ္ဂိုလ် မည်၏။ ဤသို့သော အကြောင်းကြောင့်၊ သုပညာ, ဒုပ္ပညာ၊ ပုဂ္ဂလနှစ်ရပ်ကို၊ ပိုင်းခြားသတ်မှတ်ကာ၊ လျော်ရာကိုသိမ်းကျုံး၍သွင်းလတ်၊ ဝေဘန်လတ်သည် ရှိသော်၊ ဤအာရဒ္ဓဝိပဿက ပုဂ္ဂိုလ်သည်၊ ပညာဖြင့်

ဆင်ခြင်၍သိတတ်သော ပညာရှိ ပညာဝါ အပင်းအသင်းသို့၊ စင်စစ်သက်ဝင်လေတော့၏။ ဒုပ္ပည ပုဂ္ဂိုလ်ကား မဖြစ်တော့ပြီ ဟူလို။ ဤသို့သော ကျမ်းလာ မိန့်စကားကို ထောက်ထား မြော်ရှု၍၊ ယခုအခါ ဝိပဿနာတရားကို အားထုတ်နိုင်ကြရန် ကောင်းလှ တော့၏။ အားထုတ် နိုင်ကြပါစေသော်။ ၇—၂၀၊ ၁၀—၁၂။

---

(၁၁၁) ၅-ပန်းတောင်းဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

သောတပန အရိယော စတုတ္ထိဝေ ပော့ဘဝ်၊ အာဝစရအရိယော ဒဿနအရိယော လိင်္ဂအရိယော ပဋိဝေဓအရိယောတိ။

တိလမုဒ္ဒိ ဇာတ်၊ တိက နိပါတ် အဋ္ဌကထာ၊ ကျမ်းလာ စကားကို ထောက်ထား နှိုင်းညှိသော်၊ အရိယာဟူက၊ အာစာရ, ဒဿန, လိင်္ဂ, ပဋိဝေဓ-ဟူ၍ လေးပါးအပြားရှိကြောင်းကို အလိုတော်ကျ မိန့်ဆိုရာဝယ် အကယ်၍ မိမိတို့၏ ကိုယ်တွင်း၌ အလင်းခေတ်၊ ဝိဇ္ဇာခေတ်၊ သစ္စာလေးအင်ကို အဟုတ်အဟတ်သိမြင်တတ်သော ပဋိဝေဓတရား၊မရှိပြား၍ ပဋိဝေဓ အရိယာ အဆင့်အတန်းသို့ မရောက်စွမ်းနိုင်စေကာမူ၊ အရိယာသခင် အရှင်မြတ်တို့၏ကျင့်လမ်း၊ ကျင့်စဉ်နှင့် အရိယာတို့၏ အရှုအမြင်၊ အရိယာတို့၏အသွင်အပြင်၊ ကြွန်အင်လက္ခဏာကို၊ ကောင်းစွာရည်မှန်း၍ ဝိပဿနာလုပ်ငန်းကို ကြိုးပမ်းတကုတ်၊ အားထုတ် ကြကုန်သော ဥပါသကာ, ဥပါသိကာ, ယောဂီအပေါင်း သူတော်ကောင်းတို့မှာ၊ စင်စစ်သဖြင့် အကျင့်ဖြူစင်သည်ကို ကျင့်ပေတတ်သော အာစာရအရိယာကြီး။ မိစ္ဆာမဆန့်၊ အမြင်မှန်သဘောမှီ၍၊ လောကီ ယထာဘူတအားဖြင့် ရှုမြင်တတ်သော ဒဿနအရိယာကြီး။ သမာဓိကျ၊ သတိမူးဇဝ်သော ကိုယ်မူရာဟန်၊ ကြွန်လက္ခဏာအင် အသွင်အပြင်ဟူသော လိင်္ဂအရိယာကြီး။ရင့်သီး ဆတ်မှတ်၊ ဤသုံးရပ်သော အရိယာခေတ်သို့ကား၊ မုချဆတ်ဆတ် ရောက်ကြရမည်ကား မလွဲတော့သည်သာ။ထို့ကြောင့် မဟာဇနကဇာတ် အဋ္ဌကထာ၌လည်း—

အရိယဂဏောတိ- ဗြဟ္မဏာဂဏေ။ တေကိရ တဒါ အရိယာစာရာ အဟေသုံ။ ။ဟူ၍ တိကနိပါတ် အဋ္ဌကထာ စကားကဲ့သို့၊ မကွဲမပြား

တသားတည်း ဖွင့်ဆိုတော်မူအပ်၏။ ။ဆရိယာဂဏော်တိ၊ အရိယာတို့၏ အပေါင်းဟူသည်။ ဗြဟ္မာ အာဂဏော၊ ညစ်ကြေးမတင်၊ ဖြူစင်သန့်ရှင်းကုန်သည်ဖြစ်၍ ဗြဟ္မာထာမည်ရှိ၊ အရိယာအပေါင်းတို့ကို။ကိရ၊တဒင်ဟူ၊လုံ့လမူ၍ဖြူစင်သန့်စွာ၊ ကျင့်တတ်ပါသဖြင့်၊ အရိယာမည်တောင်း၊၍အကြောင်းကို၊ ထပ်လောင်းရင့်ကျူး၊ ဆိုလိုက်ဦးအံ့။ တဒါ၊ ထိုအခါ၌။ တော၊ ထိုတိုင်းနေ့ပြည်သူ၊ များဗိုလ်လူ တို့သည်။ အရိယာစာရော၊ အရိယာတို့၏ အမူအရာ အကျင့်တို့သည်။ အဟောသုံ၊ ဖြစ်ကုန်ပြီ။ ။(၍ကားအနက်)

၍ကဲ့သို့အရိယာတို့၏ အကျင့်ကို၊ မသွေမဖင့်၊ ခံယူလင့်၍၊ ပုထုဇဉ်တို့ပင် ကျင့်စေကာမူ ထိုပုထုဇဉ်တို့ကိုပင် အရိယာဟူ၍ဆိုသင့် ဆိုထိုက်ကြောင်းများကို အဋ္ဌကထာ အရှင်တို့၏ အဖွင့်သံဝဏ္ဏနာစကားရပ်တို့ဖြင့် ကောင်းစွာသိအပ်လှတော့၏။ ၍အရာ၌ အဖွင့်သံဝဏ္ဏနာအဋ္ဌကထာစကားရပ်ဖြင့်သာ သိအပ်သည်မဟုတ်လေသေး။ ထုံးပေးနည်းပြ သမ္မာသမ္ဗုဒ္ဓ သခင်၊ အရှင်မြတ်ဘုရားကြီးကိုယ်တော်တိုင် မွေးကြိုင်ကြာကုမုဒ်၊ ဖွအာလုပ်တော်ဖြင့်၊ ကျူးရင့်နှစ်နှော၊ စံပြဟောခဲ့သည်ကား.....

တယောဒေါ မေ ဝိသာ့ခေ ဥပေါသထာ– အစရှိသော တိကအင်္ဂုတ္တိုရ်ပါဠိတော်လာ၊ ဝိသာခုပေါသထ သုတ်တော်ပေတည်း။ ဝိသာခုပေါသထ သုတ်ဝယ်၊ဂေါပါလဥပုသ်,နိဂဏ္ဌဥပုသ်,အရိယာဥပုသ်-ဟူ၍ ဥပုသ်သုံးပါးကို ဟောကြားတော်မူ၍၊ ပုထုဇဉ်ပင်ဖြစ်စေ၊ အရိယာတို့၏ နေနည်း ကျင့်နည်းဖြင့် သိပ်သည်းစွာကျင့်၍၊ ဥပုသ်သုံးလင့်မူကား၊ အရိယာပုဂ္ဂိုလ်နှင့် အလားတူစွာ အရိယာတို့၏အမူအရာထုံးကို၊ ကျင့်သုံးအားထုတ်သည်ဖြစ်၍၊ ထိုဥပုသ်ကို အရိယာဥပုသ်ဟူ၍ ဟောတော်မူသည်၊ထိုနည်းမှန်စွာ အရိယာတို့၏လုပ်ငန်းကို ကြိုးပမ်းပေတတ်သော အာရဒ္ဓဝိပဿက ယောဂီဟူသမျှကိုလည်း အရိယာတို့ စာရင်းတွင် မှတ်ပုံတင်သွင်း၍၊အရိယာပုဂ္ဂိုလ်တို့ဟူ၍ စံနမူနာ ထားထိုက်ပေရကား၊ ဘုရားမြတ်စွာ၊ အရိယာတို့၊ အလွန်လိုလားအပ်သော ဝိပဿနာတရားကို ပွါးများလေ့ကျက်၊ ဆောင်ရွက်နိုင်ကြပါစေသတည်း။ ဝါ ဆောင်ရွက်နိုင်ကြပါစေကုန်။ ၂-၂၂-၁၀၊၁၂။

## (၁၁၂) ဖြ–ပန်းတောင်းဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ

သာဝကာ ဝတိ စတုန္နံ ခါတူနံ ကေဒေသမေဝ သမ္ဗောဓိတွာ နိဗ္ဗာနံ ပါပုဏန္တိ။ ။အဖွင့်အဆိုမူလပဏ္ဏာသအဋ္ဌကထာအလိုမှု၊သာဝကပုဂ္ဂိုလ်ဟူသမျှတို့မှာ ခက်မာတောင့်တင်း၊ ကြမ်းထမ်းခြင်း ထဒ္ဓသဘောရှိသော အစိုင်အခဲ၊အပူ၊အဖဘဲတည်းဟူသောပထဝီဓာတ်၊ ပြောင်းပျော့ယိုစီးလျက်၊ ဖွဲ့ယှက်ခြင်း အာဗန္ဓနာကာရသဘောရှိသောအရေဟူသော အာပေါဓာတ်၊ ပူနွေးထက်မြက်၊ရင့်ကျက်ခြင်းပရိပါစနာကာရ သဘောရှိသော ဥဏှာမည်သောတေဇောဓာတ်၊ ပံ့ပိုးကန်ထောက်၊ သွားရောက်ပျံ့နှံ့စေတတ်သော ဝိတ္ထမ္ဘနာကာရ သဘောရှိသော ဝါယောဓာတ်အားဖြင့် ဓာတ်မကြီး လေးပါးတို့တွင် အလုံးစုံအကုန်မဟုတ်မူ၍ တစိတ်တဒေသ ဓာတ်ကိုမျှပင် ဝိပဿနာညာဏ်ပညာဖြင့် ဆင်ခြင်သုံးသပ်၍၊ လုံ့လမြတ် လုံ့လထူးနှင့် ဆည်းပူးခဲ့ပါမူ ပါရဂူပုဂ္ဂိုလ်၊ ထိုထိုအရိယာတို့၏ စဉ်လာထုံးတမ်း၊ ကြွရောက် ကျူးသန်းရာဖြစ်သော နိဗ္ဗာန်တည်းဟူ၊ မြို့သောင်ငှုဆိပ်ကမ်းသို့ တက်လှမ်းပေါက်မြောက် ရောက်နိုင်ကြကုန်သတည်း ဟု– ချီးကျူးမြွက်ပေါ်၊ အမိန့်တော်ထားရှိပေသည်။ ဤဒေသနာ အဋ္ဌကထာပါဠိ၊စကားရပ်သည် ကေနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်မြတ်နှင့် ထပ်တူမခြား၊တသားတည်းပင်ဖြစ်၏၊ဤသဘောကို–ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ဟူ၍ ရှင်တော်မြတ်ဘုရား ဟောကြားချက် ရှိပေသည်။

ဘိက္ခဝေ၊ သံသရာဘေး၊ ထာမည့်ရေးကို၊ မြော်တွေးထောက်ချင့်လျက် ကြောက်သင့်ကြကုန်သော ငါ၏ချစ်သား သားတော် သမီးတော်များတို့။ ဧကောဓမ္မော၊ တခုသောတရားကို။ ဘာဝိတော၊ ပွါးများစေအပ်သည်ရှိသော်။ဗဟုလီကတော၊ အကြိမ်များစွာ ပြုအပ်သည်ရှိသော်၊ အဘိညာယ၊ ဝဇီရစိန်နှုန်းဘက် မဂ်အရဟတ္တ၊ ညာဏ်ဟူသော၊ ဂုဏ်သတ္တိကြောင့်၊ဗောဓိသမ္ဘာရင့်မာလွန်ကြူး၊ညာဏ်အထူးဖြင့်၊ ပုံပျူ ငုံဖြိုး၊ ထိုးထွင်း၍သိခြင်းငှါ။ သမ္ဗောဓာယ၊ တဆဲ့ခြောက်ချက်၊ အနက်မကွာ၊ သစ္စာ ၄–ပါး၊ မြတ်တရားကို၊ ပိုင်းခြားတည့်တည့်၊ ကောင်းစွာ သိခြင်းငှါ။ နိဗ္ဗာနာယ၊ သံသရာ နှောင်အိမ်၊ ပူရှိန် လောင်ပြင်း၊ ဆင်းရဲခြင်းမှ၊ ကင်းလွတ်မကြာ၊ ငြိမ်းစေခြင်းငှါ။ သံဝတ္တတိ၊ ကောင်းစွာမသွေ၊ ဖြစ်ပချေ၏။ ။(အနက်)

ဤသို့ ဟောတော်မူခဲ့ကား၊ တခုသော တရားကိုပင် လေ့လာ ပွါးများ အားထုတ်စေကာမူ၊ အဘိညာဏ်ကိစ္စ၊ သမ္ဗောဓကိစ္စ၊ နိဗ္ဗာနကိစ္စ၊ ဤသုံးကိစ္စ ပြီးသည်သာလျှင်ဖြစ်၏။ ငါတို့သန္တာန်၌၊ ဉာဏ်အမြင် မကျယ်သည့်ပြင်၊ အနည်းငယ်သောတရားမျှကိုသာလျှင် သုံးသပ်ရချေ၏တကားဟု မိမိတို့၏ စိတ်ကို မဆုတ်နစ်စေအပ်ကောင်းပေ၊ ထိုစကား မှန်၏။ ဉာဏ်အမြင် မကျယ်၍၊ ဉာဏ်ငယ်သော ပုဂ္ဂိုလ်လည်းဖြစ်ခြင်း။ ဆင်ခြင်သုံးသပ်သော တရားလည်း အကျဉ်းသခေ်ပ တစိတ်တဒေသမျှသာ ဖြစ်ခြင်း။ ယင်းသို့ပင် ကြံုလင့်ကစား၊ ထိုပုဂ္ဂိုလ်သည် ဉာဏ်ကျယ်သောပုဂ္ဂိုလ်ထက် လက်မွန် ဦးစွာ၊ အရဟတ္တဖိုလ်သို့ ရောက်နိုင်ပါ၏။ သာဓကအထောက်ကား။——

> မဟာမောဂ္ဂလာနတ္ထေရော ဟိ သာဝကာနံ သမ္မသနာစာရံ ယဋ္ဌိကောဋိယာ ဥပ္ပိဋ္ဌေန္တော ဝိယ ဧကဒေသမေဝ သမ္မသန္တော သတ္တ ဒိဝသေ ဝါယမိတွာ အရဟတ္တံ ပတ္တော။ ။ဟူသော အနုဋီက သုတ် အဋ္ဌကထာစသည်တည်း။

ဟိ၊ ဉာဏ်ဖြင့်ႈမကျယ်၊ သုံးသပ်ဘွယ် တရားလည်း မများ၊ တစိတ် တဒေသအားဖြင့်သာ ဆင်ခြင်သုံးသပ်၍၊ အရဟတ္တဖိုလ်သို့၊ ရက်တိုတိုဖြင့်၊ ရောက်လေသော အထောက် သာဓကကို ပြဆိုပါဦးအံ့။ မဟာမောဂ္ဂလာနတ္ထေရ်ရော၊ပညာအရာ၊ လွန်စွာနဲ့နက်သဖြင့်၊ တေဒဂ်ထူး၊ ချီးကျူး မြှောက်စား အပ်သော၊ သားကြီးမဟာ သာရိပုတ္တရာအောက်၊ နိမ့်ကျရောက်သော မဟာမောဂ္ဂလာန်ထေရ်သည်၊ သာဝကာနံ၊ တပည့်သားတို့၏၊ သမ္မသန စာရံ၊ ဆင်ခြင် သုံးသပ် အပ်သော၊ စဉ်လာထုံးတမ်း၊ အကျင့် စခန်းကို။ ဧကဒေသမေဝ၊ တစိတ်တဒေသကိုသာလျှင်။ သမ္မသန္တော၊သုံးသပ်လျက်။ ဝါ၊သုံးသပ်သည်ရှိသော်။ သတ္တဒိဝသေ၊ ခုနစ်ရက်တို့ပတ်လုံး။ ဝါယမိတွာ၊ အားသွန် ကြိုးကုတ်၊ လုံ့လထုတ်၍။ အရဟတ္တံ၊ ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်း ကင်းပြတ်၊ဖိုလ်အရဟတ်သို့၊ ပတ္တော၊ ဦးစွာမသွေ၊ ရောက်ရလေသတည်း။ ကိမိဝ၊ ဥပမာပုံဆို၊ အဘယ်လိုနည်းဟူမူ၊ ယဋ္ဌိကောဋိယာ၊ တောင်ဝှေး စဉ်းလုံး၊ အသုံးမထား၊ အစွန်ဖျားဖြင့်။ ဥပ္ပိဋ္ဌေန္တော ဝိယ၊ လိုရာတင်ချိတ်၍၊ ဖိနှိပ်လေသကဲ့သို့တည်း။ ။ဤသို့သော ပါဠိတော်အဋ္ဌကထာ၊ ကျမ်းလာ ပေါ်ပြ၊ အာဂမနှင့်၊ သာဓကဝတ္ထုထုံးကို၊ နှလုံးနှစ်မြှုပ်၊ သဘောပိုက်၍၊ မဂ်ဖိုလ်ဆိုက်မည့် ပွါးများထိုက်၊ ပွါးများအပ်သောတရားကို၊ တခုတည်း

ပင် ဖြစ်လင့်ကစား၊ ကြီးစားမယုတ်၊ အားထုတ် ကြကုန်ရာ သတည်း။ ဝါ၊နေ့ညမရွေး၊အားထုတ်ကြကုန်လေသေး။ ။၅-၂၅၊ ၁၀-၁၂။

## (၁၁၃) ဤအခဏ်း၌ အမေး-အဖြေ ပြဦးအံ့

(၁) ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ကို အားလုံး အားထုတ်မှ မဂ်ဖိုလ် ရမှာလား၊ တခုအားထုတ်ရင်ကော မဂ်ဖိုလ်မရနိုင်ဘူးလား-မေးပါပြီ။ (၁) တခုထဲ အားထုတ်ရင်လဲ မဂ်ဖိုလ်ရနိုင်ပါသည်။ ဤအခဏ်း၌ ပြခဲ့သော သာဝကာပတ္တိ စတုန္နံ ခေတ္တနံ ဧကဒေသမေဝ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ-ဆိုတဲ့ ပါဌ်ကို ကြည့်ကြပါကုန်။ ထို့ပြင် ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကာတော အဘိညာယ သမ္ဗော ဓာယ နိဗ္ဗာနာယ သံဝတ္တတိ-ပါဌ်ကိုလဲ ကြည့်ကြပါကုန်၊

ထို့ပြင်လဲ- ဧကဒေသမေဝ သမ္မသန္တော သတ္တုနိဝသေ ဝါယ မိတွာ အရဟတ္တံ ပတ္တော-ပါဌ်ကိုလဲကြည့်ကြပါကုန်၊ ။အဖြေတည်း။

(၂) အကျယ်အားထုတ်တဲ့ ပုဂ္ဂိုလ်နဲ့ အကျဉ်းတခုထဲ အားထုတ်တဲ့ ပုဂ္ဂိုလ်တို့တွင် အဘယ်ပုဂ္ဂိုလ်က ဦးစွာမဂ်ဖိုလ်ရနိုင်ပါသလဲ။ ။ အမေး၊

(၂) အရှင်မဟာမောဂ္ဂလာန်က အကျဉ်းနှင့်အားထုတ်ရာ၊ ၇-ရက်ထဲ နှင့် အရဟတ္တဖိုလ်သို့ ရောက်ပါတယ်။ အရှင်မဟာ သာရိပုတ္တရာက အကျယ်အားထုတ်ရာ ၁၅-ရက်မြောက်မှ အရဟတ္တဖိုလ်သို့ရောက် ပါသည်။

(က) မဟာမောဂ္ဂလာနတ္ထေရောပိ သာဝကာနံ သမ္မသနာစာရံ ယဋ္ဌိ ကောဋိယာ ဥပ္ပိဠေန္တော ဝိယ ဧကဒေသမေဝ သမ္မသန္တော သတ္တ ဒိဝသေ ဝါယမိတွာ အရဟတ္တံ ပတ္တော၊ ။သာဓက။

အရှင်မဟာမောဂ္ဂလာန် အကျဉ်းရှု၍၊ ၇-ရက်နှင့် ရဟန္တာဖြစ် သွားပုံ၊ အနုပဒသုတ်အဋ္ဌကထာပါဌ်ထုတ်ပြပါ၏။

(ခ) သာရိပုတ္တတ္ထေရော ထပေတွာ၊ ဗုဒ္ဓါနံ ပစ္စေကဗုဒ္ဓါနဉ္စ သမ္မသနာ စာရံ သာဝကာနံ သမ္မသနာစာရံ နိပ္ပဒေသံ သမ္မသိ၊ဧဝံ သမ္မသန္တော အဍ္ဍမာသံ ဝါယမိတွာ အရဟတ္တဉ္စ ကိရ ပတွာ အညာသိ။ (လ)

အညော သာဝကောနာမ ပညာယ မယာ ပဏ္ဍဝ္ဖံ ပဏ္ဍု သ ဓ ဆွော နာမ နတ္ထိသာဝင်။ ။အနုပဒသုတ်အဋ္ဌကထာ။

အရှင်မဟာ သာရိပုတ္တရာသည်၊ အကျယ်ဆုံးနည်းဖြင့် အားထုတ်ရာ (၁၅) ရက်စေ့မှ ရဟန္တာဖြစ်ပါသည်။ ။ဖြေပုံတည်း။

---

(၁၁၄) ၇-ပန်းတောင်းဆရာတော်ဘုရားကြီး၏ပြဿဒါကထာ

ဗောဓိသတ္တဘူတဿ ဘဂဝတော တိဝိဓာနုပဿနာ သမ္မဒါ နေနဲ ဝိပဿနာညာဏဂ္ဂ ဂဏှာပေတွာ အနုပုဗ္ဗာဓိဂတေန အရဟတ္တမဂ္ဂေန ဇဝိဇ္ဇန္ဒကောသံ ပဒါလေတွာ အာဝိညာပဏ္ဍေ ပဋ္ဌာပိရေတွာ သောတ္ထိနာ သကလဗုဒ္ဓဂုဏာ သစ္ဆိကတကာလော ဝေဒိတဗ္ဗော-ဟူသော။—

သမန္တပါသာဒိက၊ ဝိနည်းအဋ္ဌကထာ၊ ပါရာဇိကကဏ္ဍ၊ ဇေဠင်စကား၊ ထိုနည်းမခြား၊ တသားတည်းပြ-ပေါ် ထုတ်ပေသော သံယုတ်ကျမ်းလာ၊ အဋ္ဌကထာစကား။ ထိုစကားတော်မြတ်တို့ဖြင့် ဝိပဿနာလုပ်ငန်းကို ကြိုးပမ်းအားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ်တို့ နှလုံးနှစ်မြို့က် ပိုက်ရန်ကား၊ သုခုမအလောင်းတော်မြတ်၊ ဗောဓိသတ် ဖြစ်၍ ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရား၏ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာအားဖြင့် သုံးပါးသော ရှုမြင်ခြင်း။ အနုပဿနာတရားအပေါင်းကို ကောင်းစွာမသွေ၊ အတိတ်ကာလ၊ ဘဝထိုထိုကပင် ပွါးများကုံလုံ၊ ပြည့်စုံခဲ့စေသဖြင့် ပစ္ဆိမဘဝ၊ အဆုံးစွန်သောကာလ၌၊ ဝိပဿနာဉာဏ်နှင့် အလျဉ်းမကင်းနိုင်ဘဲ။ ယင်းဝိပဿနာဉာဏ်တော်တည်းဟူသော ရတနာခန်းတံ့က်ကို ကိန်းပိုက်သိမ်း၊ ယူစေပြီးကာ၊ အစဉ်သဖြင့်ရအပ်သော အရဟတ္တမဂ်ဓားတ်၊ ဉာဏ်တော်မြတ်သန်လျက်ဖြင့် အဝိဇ္ဇာတည်းဟူသော ဥဉ့်ကို။ ဝါ၊ တဆဲ့နှစ်လတွင် ရက်မစုံခြောက်လ၏ ထဆုတ်ပက္ခဖြစ်သော စာတုဒ္ဒသီလကွယ်နေ့ဖြစ်ခြင်း။ သန်းခေါင်ယံအချိန်အခါ ကျရောက်ခြင်း။ ကောင်းကင်မှ မိုးလုံးတိမ်ပုပ်ဆိုင်းအုပ်ခြင်း။ တောချုံကြီးအတွင်းဖြစ်ခြင်း။ ဤအင်္ဂါလေးထီ၊ စုံညီခဲ့သော်၊ ဤလောက၌ အကြီးအကျယ်ဆုံးသော မှောင်တိုက်ကြီးဟူ၍ မဂဓ အဘိဓာန် ကျမ်းဂန်အဆိုအလာစကားကို ထောက်ထားရည်ရွယ်လျက်—

လက်ဝှယ် သန်းခေါင်၊ မိုးမှောင် တိမ်ပုပ်၊ တောအုပ်မျှော်ဦး၊
လေးလီရှက်ဆောင်၊ အမိုက်မှောင်—

ဟူ၍၊ ပညာရှိတို့၊ မိန့်ဆိုအပ်သော အင်လေးလီစုံညီသော မိုးမှောင်ထက်၊ ရာထောင်သိန်းသန်း၊ ဂဏန်းသင်္ချေ၊ မရေနိုင်းစာ၊ မိုက်မဲရာ၍၊ ပမာစံကင်းအောင်၊ မိုက်မဲတွေဝေခြင်း၊ အလွန့်အလွန်ပြင်းပြစွာသော မောဟတရားဖြင့်၊ မခြားမလပ်၊ အထပ်ထပ် ရံသိုင်းလျက်၊ ရစ်ပိုင်း ဖွေးရှက်၊ ကွယ်ဝှက်ဆို့ပိတ်၊ အဝိဇ္ဇာမှောင်တိုက်၊ အမိုက်မှောင်ဥဒ္ဓံကို၊ တသွန်တည်းပြတ်စဲအောင်၊ ပေါက်ခွဲဖြိုဖျက်၍၊ ပက္ခမည်တွင်၊ အဘိညာဉ်အတောင်နှစ်ရပ်တို့ကို၊ ရိုက်ခတ်ခါတွက်၍၊ အာမိသ မရောမရှက်၊ နိရာမိသ သက်သက်မှန်စွာ၊ ချမ်းသာအထူးဖြင့်၊ ကြွင်းမဲ့ဥဿုံ၊ အလုံးစုံသော ဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို၊ ကိုယ်တိုင်ကိုယ်ရောက်၊ မျက်မှောက်ပြုသောကာလကို၊ ဝိပဿနာဂုရှင်မို့၊ ယောဂီပုဂ္ဂိုလ်အပေါင်း၊ သူတော်ကောင်းတို့၊ သိအပ်သိသင့်ကြောင်းကို၊ သံဝေဂြောင်းမိန့်ဟ၊ ဖွင့်ဆိုပြတော်မူလေသည်၊ ဤကဲ့သို့ သယမ္ဘူဉာဏ်ဂူ၊ သမန္တစက္ခုရှင်၊ သဗ္ဗညုမြတ်စွာဘုရားစင်လျက်၊ အနိစ္စ-ဒုက္ခ-အနတ္တမြင်မှု၊ သုံးခုသော အနုပဿနာယာဉ်ကို၊ အငဉ်မပြတ်၊ အထပ်ထပ်တင်၍၊ ဆင်ခြင် သုံးသပ်သဖြင့်၊ အမှောင်ဓာတ် ထူးချွန်သော၊ အဝိဇ္ဇာ ဥဒ္ဓံကို၊ အရဟတ္တသန်ပျက်မွန်ဖြင့်၊ အဆုံးတိုင် ကျေညက်အောင် ချေဖျက်ကြောင်းကို၊ ညွှန်ပြတော်မူရကား၊ ငါတို့အားလည်း၊ သုံးပါးသော အနုပဿနာကို၊ ကောင်းစွာပြည့်စုံစေကာ၊ ဝိပဿနာခန်းတိုက်ကို၊ နှစ်မြှိုက်ကြည်ဖြူ၊ ရယူကြကုန်အံ့ဟု၊ တည်တံ့သောစိတ်ထားဖြင့်၊ ပွါးများနိုင်ကြပါစေသော်။

၄-၂-၁၁-၁၂။

ပန်းဘောင်းဆရာတော်၏ သြဝါဒမှာ ဝိပဿနာနှင့် သက်ဆိုင်လှသဖြင့် ခုနစ်ပုဒ်လုံး ရွေးကူးထည့်စွက်၍ သာသနာပြုပါသည်။

---

## (၁၁၅) ၄-မာန်လည်ဆရာတော်ဘုရား၏ သြဝါဒ

ငါ့အိမ်ငါ့ယာ၊ ငါ့ဥစ္စာဟု၊ ငါငါကိုယ်ကို၊ မြဲတမ်းဆို၍၊ ကပိုကဝါး၊ မိုက်ပျော်ပါးသား၊ တရားမထင်၊ ငှက်အသွင်နှင့်၊ အမြင်အသိ၊ မရှိသက်လွတ်၊ အိမ်ရာဝတ်၍၊ ခွေးငတ်ရိုးခဲ၊ စွန့်နိုင်ခဲလျှင်၊ ချင်ရဲမပြေ၊ တပေပေဘည့်။ မသေအံ့သို့၊ ရှေးတို့နောက်ရေး၊ မတွေး

မဆ၊ ခေါင်းဖြူဆွအောင်၊ ပျော်ရပြီးစေ၊ တနေ့နေ့တည့်။ လူလေပျော် ပိုဘ်၊ လူမိုက်ပျော်နည်း၊ ကြော့တကြီးဖြင့်၊ ရွှင်ကြီးဝိတ်ပြေ၊ တပြေ ပြေတည့်။ လေလေဘင်ဘင်၊ တ ရွှင်ရွှင်နှင့်၊ ဆင်ခြင်ဉာဏ်ကင်း၊ လူပြိန်းဖျင်းတို့၊ အဖျင်းသက်သက်၊ ကျိုးမနက်ဘဲ၊ အပျက်လူ့ဝယ်၊ လွှန်ပေါယယ်ခဲ့ ချော့ွယ်နွဲ့နွဲ့၊ ကျားပေါင်ပဲ့သို့၊ အကဲ့ပုံသွေး၊ မှန် မ ဝေးဘူး၊ သားမြေးတပေါ်၊ အိမ်ထောင်ဖျော်၍၊ ပျော်တချိချိ၊ ရော့ရိ ရော့ရဲ၊ တဈောတွဲလည်း၊ ပြေခဲစွာလျက်၊ အသက်ဆုံးထ၊ ပါယ်တွင်း ကျလိမ့်။ ဓမ္မသဘော၊ ဘယ်သို့ဟောလည်း၊ ထိပ်ကျော့ကြောင် ကော်၊ ပြောင်ချော်ချော်နှင့်၊ ပျော်တပြုံးပြုံး၊ မော်မဆုံးဘဲ၊ နှလုံးမယဉ် ဉာဏ်မယှဉ်တည်း။ ပုဂ္ဂိုလ်ယုတ်မာ၊ ဒိုကာဆိုးဝါး၊ ဤကိုယ်အား လျှင်၊ ယောက်ျားမိန်းမ၊ သမုတ်ကြလျက်၊ သုဘထင်၍၊ မငြိုးငွေ့ဘူး၊ အတွေ့ခံစား၊ အောက်ရပ်သားတို့၊ ကွဲ့ နွား သိုး ဆိတ်၊ အဟိတ်ပုမာ၊ ဟိနာစာရ၊ လေ့သကြလျက်၊ ကာမသတ္တဝါ၊ ကာမရွာ၌၊ ကာမာ ရမ္မဏ၊ ကာမသဘော၊ ကာမဓောဖြင့်၊ တပ်လောဘစိတ်၊ ဝိတ်မှုမသိ၊ ငြိစ်ညှူးဘိ၏။ အဟိရိက၊ ပါပသင်းဝင်၊ မိုလ်ကြီးတင်၍၊ မစင်ညစ် ကြေး၊ ရွှံ့စေးညွှန်ကြိုက်၊ ဝက်နှယ်မိုက်၍၊ လူ့ဒွဲဆိုးဝါး၊ တဖွားဖွား လျှင်၊ ပက္ကားညွှန်ပိုင်၊ ကိလေဒိုင်ဝယ်၊ အနိုင်လိမ်းလူး၊ မိန်းတမူးဖြင့်၊ ပျော်မြူးစွာလျက်၊ မခွါရက်တည့်။ လက်စတင်းလင်း၊ အပျော် သည်းစည်၊ တိုက်လှည်းရက်ရက်၊ စစ်ဦးတက်သို့၊ ခေါင်းထက် သေမင်း၊ နှင်း၍ဆံဖြူ၊ အလံထူအောင်၊ ငယ်မူငယ်ရာ၊ မစွန့်ခွါဘဲ၊ ပညာမဖက်၊ လောဘတက်၍၊ မက်မက်မောမော၊ တဈောပြောသည်၊ လိုက်လျော လွှန်တော့- လွှန်လွှန်း၏။ ။မဃဒေဝ လင်္ကာသစ်၊ နံ (၈၀) ကြောင်း (၁)

(၁၁၆) စ-လယ်တီဆရာတော်ဘုရား၏ ဩဝါဒ

ဆိုပိမ့်မည့ာ၊ စေ့စေ့နာလော၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား၊ ထုရား သာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာ နတ်၌၊ နင်ကြိုကြိုက်လည်း၊ အရိုက်မချော်၊ အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ ရိုးတိုး ယောင်ဘောင်၊ ချာိုင်အောင်တည့်၊ (၁) သန်းခေါင်လကွယ်၊ တော အုပ်ထယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊ မိုးလုံးတိမ်တိုက်၊

လျှပ်မကြွိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကား ရာထောင်၊ မကမှောင်၏။ (၂) လူ့ဘောင်, လူ့ရွာ၊ သာသနာ၌၊ ကြွမ္ဗာတော်၍၊ ယခုတွေ့လည်း၊ အလေ့မလွဲ၊ အများနဲ့လျှင်၊ မိုက်မြဲ နှင်နှင်၊ မိုက်စရှင်၏။ (၃) မျက်မြင်လောက၊ ဤဘဝကား၊ ဒုက္ခ စင်းစင်း၊ ချမ်းသာကင်း၏။ (၄)သေမင်းအစာ၊ နင့်ခန္ဓာကို၊ တဏှာ ဘိလူး၊ အမှောင့်ပူး၍၊ အရူးပြင်ပြင်၊ နင့်ကိုထင်ခဲ့။ (၅) နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်—နင့်နာမ်၊ နင့်သန္တာန်ကို၊ နင်ဉာဏ်မရှူး၊ အပေါ်ပြူး၍၊ မူးမူးမေ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ။ (၆) အာရုံဝဋ္ဋ၊ မီးစာပကို၊ မှုမှုရရ၊ နင်အားကျလည်း၊ ခေါ်ပြ သေမင်း၊ သူ့တပ်နင်းက၊ ငြင်းခွင့်မသာ၊ နင့်ခန္ဓာသည်၊ ပြာပုံ အဖြီး၊ ဖြစ်သုဉ်းသွား။ (၇) ရိုးတံ့ရေးတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊ အထုပ်ငယ်လျက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ ကြောင်ငြိုငြို၊ ဆင်းရဲပိုလျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အစမသုံး၊ အများထုံးတည့်။ အနှုံးမပျက်၊ အောက်နရက်ဝယ်၊ တသက်နွယ်နွယ်၊ အမြစ်တွယ်သို့၊ အပါယ် ထိုထို၊ ဥဒဟိုသည်။ ၊နင်လိုလူမိုက်-သွားလမ်းတည်း။

—o—

(၁၁၇) ဆ—မြဝတီဆရာတော်ဘုရား၏ ဩဝါဒ

စေ့စေ့ငေ့ရှု၊ အကြောင်းပြန်အံ့၊ ဉာဏ်နှင့်အောက်ထက်၊ စာနာတွက်လျှင်၊ နင့်ကယ်နှင့်အိမ်၊ နင့်စည်းစိမ်ဘေး၊ မိုးတိမ် လျှပ်နယ်၊ ပုံသော ကြွယ်နှင့်၊ ကြာနှယ် ရေခြောက်၊ သေမီး တောက်သို့၊ ပျောက်ပျက် လွယ်စွာ၊ နင့်ခန္ဓာ ပြောင့်၊ နင့်ဟာနှင့်အိမ်၊ နင့်စည်းစိမ်နှင့်၊ နင့်စိန်နှင့်ရွှေ၊ နင့်လယ်မြေတို့၊ အခြေနှင့်ကျွယ်၊ နင့်ဝယ်ကျွန်ွှား၊ နင့်ငပါးနှင့်၊ နင့်သားနှင့်သမီး၊ အထင်ကြီးလျက်၊ ပျက်စီးမည့်ရန်၊ နင်မကြိဘဲ၊ မြဲမြဲခိုင်ခံ့၊ မသေအံ့သို့၊ မဆန့်ကျင်ကြ ပေါ်များလှလည်း၊ မရအားပါး၊ ဥစ္စာပွါးအောင်၊ မျှားလေလိုလေ၊ နင့်စိတ်နေကား၊ သေသည့်ကာလ၊ ပင်ခဲ့ရ၍၊ ပြိုတွားဘုံခွင်၊ နင့်ကို ငင်လိမ့်။ (၁) ရှင်သည့်ကာလ၊ ဤဂလည်း၊ ဒုက္ခရန်ဘေး၊ များအောင်မွေးသို့၊ မပေးစွန့်ရက်၊ ညောင်ပင်ထက်ဝယ်၊ ငှက်မယှ

တ၊ မဆွေထူသည်၊ အောက်မူငရဲ၊ နင့်ကိုဆွဲလိမ့်။ (၂) ရိုက်မဲ တွေဝေ၊ ပျော်ကာ နေလည်း၊ တိရစ္ဆာန်နှင့်၊ တပြေ သုရကာယ်၊ တကယ်အမြဲ၊ အပါယ်ဆွဲလိမ့်။ (၃) စွန့်ကြဲနိုင်မူ၊ ချမ်းသာဟူသား၊ နတ်လူနိဗ္ဗာန်၊ ဧကန်မလွဲ၊ နင်ရမြဲဟု၊ ဆင်းရဲငြိမ်းချမ်း၊ ဤနှစ်လမ်းကို၊ ခွဲခြမ်းအဟုတ်၊ နင်ဉာဏ်ထုတ်၍။ ။သုတ်သုတ်ထျင်စွာ ပြုမြဲသောဝ်။

—— ० ——

## (၁၁၈) ဇာနည်ကြီးချုပ် ဦးနု နှစ်သစ်ကူးမင်္ဂလာစကား

မြန်မာနှစ်ဆန်းတရက် (၁၃၁၃) ခု တန်ခူးလဆန်း ၁၁-ရက် နေ့တွင် ပြောကြားသည့်ကား။ ။ဒီကနေ့ဆိုရင် နှစ်ဆန်းတရက်နေ့ဘဲ၊ ဒါ့ဒါဒီတော့ ဗုဒ္ဓဘာသာဝင်တွေ အတွက် ဒီနေ့ဟာ ကြက်သရေ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံတဲ့နေ့ထူး နေ့မြတ်ကြီး ဖြစ်ပေတယ်၊ အဲဒီနေ့ထူး နေ့မြတ်ကြီးမှာ ဗုဒ္ဓဘာသာဝင်တွေကို သတိပေးစကား ပြောကြားပါရစေ....

ကျွန်တော်ပြောကြားလိုတဲ့ သတိပေး စကားကတော့ တခြားဟာ မဟုတ်ပါဘူး၊ (မမေ့ကြနဲ့)ဆိုတဲ့သတိပေးစကားဘဲ ဖြစ်ပါတယ်၊ ဗုဒ္ဓဘာသာဝင်တိုင်း အတွက် ဒီ-မမေ့ကြနဲ့ဆိုတဲ့ စကားလေးလုံးဟာ ဘယ်လောက် အရေးကြီးတယ် ဆိုတာကို ဗုဒ္ဓဘာသာဝင်တွေထဲက သိပြီးဖြစ်တဲ့လူတွေ အင်မတန် များပါတယ်၊ ဒါကြောင့်‘‘ပညာရှိ သတိဖြစ်ခဲ’’ ဆိုတဲ့စကားလို ကျွန်တော်ပြောရတာဟာ သတိပေးတဲ့အနေနဲ့ဘဲ ပြောရခြင်းဖြစ်ပါတယ်လို့ မှတ်ယူကြစေလိုပါတယ်။

ကျွန်တော်တို့တတွေ အစမထင်တဲ့ သံသရာကြီး တလျှောက်လုံးမှာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေထိုင်လာခဲ့ကြတဲ့ အတွက် အိုဘေး နာဘေး သေဘေးဆိုတဲ့ဘေးဆိုးကြီးတွေက တကယ်တမ်း လွတ်မြောက်နိုင်တဲ့ အခွင့်အလမ်း ကောင်းကြီးတွေနဲ့ ကြုံကြိုက်ခဲ့ရပေတဲ့လဲ ဒီအခွင့် အရေးကြီးတွေကို တခါဘူးမျှ မသုံးခဲ့ကြရဘူး။ အခုတကြိမ်လဲ မအိုရ, မနာရ, မသေရအောင် လုပ်ပေးနိုင်တဲ့ အခွင့်ကောင်းကြီးနှင့် ကျွန်တော်တို့ ကြုံကြိုက်နေရပေပြီ။ အစမထင်တဲ့ သံသရာကြီး တလျှောက်လုံးမှာလိုဘဲ

မွဲမွဲ လျော့လျော့ ပေါ့ပေါ့ဆဆ နေသွားကြဦးမယ်ဆိုရင် အင်မတန် ကြုံကြိုက်ခဲတဲ့ ဒီအခွင့်အရေးကြီးနှင့် တခါထပ်ပြီး လွဲကြရလိမ့်ဦးမည်။

လူတွေရဲ့သက်တမ်း တာတိုတိုကလေးရယ်။ အဲဒီလို တိုတောင်းလှတဲ့ သက်တမ်းကလေး အတွင်းမှာ အဘိုးမတန်တာတွေ အနှစ်သာရ မရှိတာတွေနဲ့သာ အချိန်ကုန်မနေကြပါစေနဲ့။ ရွှေမိုက်းငွေမိုက်း ရှာနေတဲ့ အခါမှာ ရွှံ့တုံးရွှံ့ခဲတွေ လိုက်ပြီး ကောက်နေခြင်းအားဖြင့် အချိန် မကုန်ကြပါစေနဲ့။ အားအင်တော်တော်တန်တန် ရသေးတဲ့ အရွယ်ထဲကဆိုရင် ငါးလလောက် အတော်ကလေး အိုမင်းမစွမ်း ဖြစ်နေတဲ့ အရွယ်ထဲကဆိုရင် နှစ်လက သုံးလလောက် အချိန်အထိ ဒီအဓိဘား– နာဘေး၊ သေဘေးတွေက လွတ်မြောက်စေနိုင်တဲ့ လမ်းစကြီးတွေကို တွေ့ဘို့ အချိန် မပေးနိုင်ကြဘူးလား။ ဟေးလား–ဝါးလား အလုပ်တွေဟာ အစမထင်တဲ့ သံသရာကြီး တခုလုံးမှာလဲ လုပ်ခဲ့ပြီးပြီ။ မွေးတဲ့ အချိန်ကစပြီး ဒီကနေ့အထိလဲ လုပ်ခဲ့ကြပြီးပြီ။ အဲဒီတော့ ဒီဟေးလား ဝါးလား အလုပ်တွေ ပေါ်မှာ အားရဘို့ကောင်းကြပြီ။

ယခုအခါ ဆိုရင် ပြည်ထောင်စုကြီးရဲ့ အရပ်တိုင်းမှာ လိုလိုဘဲ ဗုဒ္ဓဘာသာဝင်တွေ အတော် ခပ်များများဟာ သတိတရားများ ရလာကြပြီ၊ ကိုယ့်အင်အား ရှိသရွေ့ တလစီ, နှစ်လစီ ဝိပဿနာ လုပ်ငန်းများကို ကြိုးစား အားထုတ်ကြတဲ့ အတွက် ဒီအဓိဘား–နာဘေး သေဘေးကြီးက လွတ်မြောက် စေနိုင်တဲ့ လမ်းစကြီးကို သူတို့ တသက်လုံး မမြင်စဘူး ထူးထူးကဲကဲကြီး မြင်တွေ့ကြရတဲ့အတွက် လိုက်လိုက်လှဲလှဲ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကုန်ကြပြီ။ ဒီပုဂ္ဂိုလ် တွေလို ကိုယ်တိုင် လိုက်လိုက် လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင်ကြရအောင် ဗုဒ္ဓဘာသာဝင်တိုင်း အနည်းဆုံး တလ,နှစ်လစီ လောက်တော့ ဝိပဿနာလုပ်ငန်းများကို အားထုတ် ကြစေ ချင်တယ်။

သူများတွေ အားထုတ်လို့ ရပေတဲ့ ငါကတော့ အားထုတ်လို့ ရမှာ မဟုတ်ပါဘူး ဆိုပြီး စိတ်အားငယ် မနေကြပါနှင့်။ ကြိုးကြိုးစားစားနဲ့သာ တရားအားထုတ်ကြမယ်ဆိုရင် ဗုဒ္ဓဘာသာဝင်တိုင်း အောက်ဆုံးမဂ်ဖြစ်တဲ့ သောတာပတ္တိ မဂ်ကိုတော့ ဧကန်မုချ ရရမယ်။ မြေကြီးကို လက်ဝါးနဲ့ ပုတ်လျှင်သာ လွဲရမယ်။ နည်းလမ်း မှန်မှန်ကန်ကန်နဲ့ အဟုတ် တကယ် ကြိုးစားအားထုတ်တဲ့ ဗုဒ္ဓဘာသာဝင်တဦးအတွက်မှာတော့ ဒီမဂ်နှင့်လွဲဘို့ လမ်းမရှိဘူး။

လူတွေဟာ တသက်လုံး ဟေးလား ဝါးလား လုပ်နေကြတဲ့ အတွက် "သတ်မ မုဂ္ဂမဖြင်"ဆိုတဲ့စကားလိုကိုယ်ရဲ့တန်ဘိုးကိုကိုယ်ကောင်းကောင်း မသိကြဘူး။ ထမင်းနပ်မှန်အောင် မစားရတဲ့ သူတောင်းစားပင် ဖြစ်လင့်ကစား၊ သူ့မှာ အင်မတန် ကြီးကျယ်တဲ့ တန်ဘိုးကြီးနဲ့ ပြည့်စုံနေတယ် ဆိုတာကို ကျွန်တော်တို့သတိပြုကြရလိမ့်မယ်။ ဒီသူတောင်းစားဟာ ထမင်းနပ်မှန်အောင် မစားရတဲ့ သူတောင်းစားပင် ဖြစ်လင့်ကစား၊ လူဖြစ်တဲ့ အတွက် မနုဿတ္တဘာဝ ဒုလ္လဘဆိုတဲ့ ဒုလ္လဘ တရားနှင့် ပြည့်စုံနေပြီ။ ဘုရားပွင့်တော်မူတဲ့ ဗုဒ္ဓုပ္ပါဒနဝမခေတ်နှင့် တွေ့ကြုံနေတဲ့အတွက် ဗုဒ္ဓုပ္ပါဒ ဒုလ္လဘဆိုတဲ့ ဒုလ္လဘတရားနှင့်လဲ ပြည့်စုံနေပြန်ပြီ။ ရတနာသုံးပါးကို မြတ်နိုး ယုံကြည်တဲ့ သဒ္ဓါတရားနှင့် ပြည့်စုံတဲ့အတွက် သဒ္ဓါသမ္ပတ္တိ ဒုလ္လဘဆိုတဲ့ ဒုလ္လဘတရားကြီးတခုကိုလဲ ထပ်ပြီးရပြန်ပြီ။ ဒီထမင်းနပ်မှန်အောင် မစားရတဲ့ သူတောင်းစားဟာ ရှင်ပြုဘူးရင်ဖြစ်ဖြစ်၊ ပဉ္စင်းတက်ဘူးရင်ဖြစ်ဖြစ်၊ ပဗ္ဗဇ္ဇိတဒုလ္လဘဆိုတဲ့ ဒုလ္လဘတရားကြီးတပါးကိုလဲ ထပ်ပြီးရပြန်ပြီ၊ အဲဒီ သူတောင်းစားဟာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ပိဋကတ်ဓမ္မကျွန် တရားသံကို နာခံမှတ်သားကြားနာရဘူးရင် သဒ္ဓမ္မသဝနံအတိဒုလ္လဘံဆိုတဲ့ ဒုလ္လဘတရားကြီး တပါးကိုလဲ ထပ်ပြီးရပြန်ပြီ။ အဲဒီတော့ ဗုဒ္ဓဘာသာဝင် မှန်ရင် ထမင်းနပ်မှန်အောင်မစားရတဲ့ သူတောင်းစားဘဲဖြစ်ဖြစ်။ ဇောတိက တို့လိုချမ်းသာတဲ့ သူဌေးကြီးတွေဘဲဖြစ်ဖြစ်။ စကြဝတေးမင်း၊ မန္ဓာတ်မင်း တို့လို ဘုန်းတန်းခိုးအာနုဘော်နှင့် ပြည့်စုံတဲ့ မင်းစိုးရာဇာတွေဘဲ ဖြစ်ဖြစ်။ ဒုလ္လဘငါးပါးစလုံးနှင့် ပြည့်စုံနေပြီ။ ဒီလိုဒုလ္လဘတရားတွေနဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တွေမှ တရားကိုအားမထုတ်လို့ မရဘူးဆိုရင် တရားအားထုတ်လို့ ရနိုင်တဲ့လူဟာ ရှိတော့မှာမဟုတ်ဘူး။ အဲဒီတော့ (ကိုယ့်စိတ်က၊ ကိုယ့်ပြန် ခြောက်တာနဲ့) အားငယ်၍ မနေကြပါနဲ့။ ဒုလ္လဘတရားတွေနဲ့ ပြည့်စုနေတဲ့ ပုဂ္ဂိုလ်အခင့်မာကြီးတွေ ဘုရား၌ယုံကြည်မှု၊ တရား၌ယုံကြည်မှု၊ သံဃာ၌ ယုံကြည်မှုဆိုတဲ့ ယုံကြည်မှုတွေနဲ့ တရားကိုအောင်တဲ့အထိ အားထုတ်နိုင် တဲ့ လုံလောက်တဲ့ လုံ့လဝီရိယသာရှိကြပါစေ။ ဗုဒ္ဓဘာသာ ဝင်တိုင်း အနည်းဆုံး အောက်ဆုံးမဂ်ဖြစ်တဲ့ သောတာပတ္တိမဂ်ကို ရရမယ်။ ဒီမဂ် သောက်ကိုရရင်ဘဲ လူ့မသေရဘဲနဲ့ ဘဝပြောင်းသွားပြီ။

ဒီမဂ်ကိုမရခင်ကဆိုရင် အစမထင်တဲ့ သံသရာဘလျှောက်လုံးမှာနိဗ္ဗာန် ကိုဘယ်တုံးကမှ အာရုံပြုလို့မရဘူး။ ဒီမဂ်ကိုရသည့်နဲ့တပြိုင်နက် အိုခြင်း, နာခြင်း,သေခြင်းကင်းရာဖြစ်တဲ့ နိဗ္ဗာန်ကိုအာရုံပြုနိုင်ပြီ။

ဒီမဂ်ကိုမရခင်တုံးက အစမထင်တဲ့ သံသရာတလျှောက်လုံးမှာ ဘယ်လောက်ဘဲလှလှ ဘယ်လောက်ဘဲပုတီးစိပ်စိပ် ဘယ်လောက်ဘဲ ဥပုသ်စောင့်စောင့် သေတဲ့အခါ အပါယ်မကျဘူးလို့ ဘယ်သူမှ အာမခံမပြောနိုင်ဘူး။ သိရိဓမ္မာသောကမင်းကြီးလောက် ကောင်းမှုကုသိုလ်တွေလုပ်နိုင်တဲ့လူတွေဟာ ရှားပါလိမ့်မယ်။ အဲဒီ သိရိဓမ္မာ သောကမင်းကြီးတောင် သေခါနီးမှ ဒေါသဇောရဲ့ ဖေါက်ပြန်မှုကြောင့် သေတဲ့အခါ အပါယ်လေးဘုံမှာ တဘုံဖြစ်တဲ့ တိရစ္ဆာန်ဘုံမှာ မြွေသွားဖြစ်ရသေးတယ်။

အဲဒီတော့ ဒီအောက်ဆုံးမဂ်ဖြစ်တဲ့ သောတာပတ္တိမဂ်ကို ရလိုက်ထဲနဲ့ တပြိုင်နက်၊ ဘဝအသချေက ဘယ်အကုသိုလ်တွေဘဲ လုပ်ခဲ့လုပ်ခဲ့၊ အပါယ်လေးပါးကို ဘယ်လိုနည်းနဲ့မှ မကျရတော့ဘူး။

အဲဒီမဂ်ကို မရခင်တုန်းက ဘယ်သူမျှ ကိုယ့်ရဲ့နောက်ဆုံးဘဝကို မြော်တွေးကြည့်လို့ မမြင်နိုင်ကြဘူး။ အဲဒီလို မမြင်နိုင်ကြတဲ့အတွက် အင်မတန်အင်မတန်ကြီး ရှည်လျားလှတဲ့ သံသရာကြီးထဲမှာ အိုဘေးကြီးတွေ, နာဘေးကြီးတွေ, သေဘေးကြီးတွေနဲ့ ဘဝအသချေပေါင်းများစွာ အဖန် တလဲလဲတွေ့ကြုံရပေဦးမယ်။ ဒါပေမဲ့ ဒီအောက်ဆုံးမဂ်ဖြစ်တဲ့ သောတာပတ္တိမဂ်ကို ရတာနဲ့တပြိုင်နက်၊ ပျော်ချင်သလိုပျော် နေချင်သလိုနေ လုပ်ချင်သလိုလုပ်၊ နောင်ကို အိုဘေး-နာဘေး သေဘေးကြီးနဲ့ အလွန်တကာ့အလွန်ဆုံး ခုနစ်ဘဝဘဲ တွေ့ရတော့မယ်။ ခုနစ်ဘဝကလွန်ပြီး ရှစ်ဘဝ နေချင်ရင်တောင် မနေရတော့ဘူး။ အိုခြင်း, နာခြင်း, သေခြင်းကင်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ဧကန်အမှန်ဝင်ရတော့မယ်။

အဲဒီဘဝကို ရောက်ဘို့ဆိုတာဟာလဲ လူတွေက မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆနေကြတဲ့အတွက်သာ အဝေးကြီးဝေးတယ်ထင်နေကြရတာ။ တကယ်တမ်း ကြိုးပမ်းကြမယ်ဆိုရင် တလ,နှစ်လ,လောက်နဲ့ဘဲ ကိုယ့်လက်ထဲရောက်နိုင်ပါတယ်။ အဲဒီတော့ အစမထင်တဲ့ သံသရာတခုလုံး ယခုအခါဒုလ္လဘဝဆိုရင်လဲ တသက်လုံး ဟေးလား-ဝါးလား မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေမှုထိုင်မှု၊လုပ်မှုကိုင်မှု ပြောမှုဆိုမှုကြီးစည်စိတ်ကူးမှုတွေကို၊ ရပ်တန်းမှ ရပ်ထားကြပြီ၊ အိုခြင်း နာခြင်း သေခြင်းကင်းရာ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကိုအရောက်ပို့နိုင်မည့် အောက်ဆုံးမဂ် ဖြစ်တဲ့ သောတာပတ္တိမဂ်ကို အနည်းဆုံးရနိုင်အောင် ဗုဒ္ဓဘာသာဝင်တိုင်း အနည်း

သုံး တလ နှစ်လထိလောက် ဝိပဿနာတရား ပွါးများ အားထုတ်ကြဖို့ ကျွန်တော် လေးလေး နက်နက်ဘိုက်တွန်းလိုက်ပါတယ်။

အင်မတန် ကြောက်စရာကောင်းလှတဲ့ အပါယ်လေးဘုံကို ဘယ်နည်း နှင့်မှ ပြန်မရောက်ရအောင် တားမြစ်ပေးနိုင်တဲ့သောတာပတ္တိမဂ်ကို အနည်း ဆုံး ရရှိအောင် ဗုဒ္ဓဘာသာဝင်တိုင်း အနည်းဆုံး တလ နှစ်လ ဝိပဿနာ တရားကို ပွါးများအားထုတ်ကြဖို့ ကျွန်တော်က တိုက်တွန်းချင်ပါတယ်။

အင်မတန်ရှည်လျားလှတဲ့သံသရာကြီးထဲမှာ ရေစုန်မျောပြီး အကြိမ်ကြိမ် အဖန်ဖန် အိုနာသေနေရတဲ့ ဘေးဆိုးကြီးတွေက လွတ်မြောက်ပြီး၊ နောက် ထပ်အလွန်တကာ့ အလွန်ဆုံး ခုနစ်ဘဝထဲနဲ့ဘဲ အိုခြင်း,နာခြင်း,သေခြင်း ကင်းရာ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကိုဝင်နိုင်ဘို့အတွက် သောတာပတ္တိမဂ်ကို အ နည်းဆုံးရအောင် ဗုဒ္ဓဘာသာဝင်တိုင်း အနည်းဆုံး တလ နှစ်လ ဝိပဿနာ တရားများကို ပွါးများအားထုတ်ကြရန် ဤနှစ်ဆန်းတရက်နေ့ (၁၃၁၃)နှစ် အဝင် နေ့ထူးနေ့မြတ်ကြီးမှာ ဗုဒ္ဓဘာသာဝင် သူတော်စဉ် အပေါင်းတို့ကို ကျွန်တော်က လေးနက်စွာ သတိပေးစကားပြောကြားလိုက်ပါတယ်ခင်ဗျား။

> ဝန်ကြီးချုပ်ဦးနု၏ သတိပေးစကားသည်၊ ရှင်ရဟန်း၏ စကား မဟုတ်ပေမဲ့ အလွန်လည်းတိုတောင်းလှ၏။ အလွန်လည်းအရေးပါ အရေရောက်လှ၏။ အနေမှားတာကိုလဲ တိုတိုနဲ့ပြ၏၊ အနေမှန်အကျိုး သန့်ဘို့လဲ တိုတိုနဲ့ညွှန်ပြခဲ့၏။ သို့ဖြစ်၍ ပဒေသာဘဝကြီး မနှစ်နာ ရအောင် ဝိပဿနာဖြင့် မဟာသုခကြီး (၆၇) မျိုးကို နာရီအတွင်း ရယူကြပါကုန်။

—၀—

(၁၁၉) ရှ–ဒေါက်တာ မာလာလာ ဆေကရ

ကမ္ဘာ့ဥက္ကဋ္ဌကြီး၏ မိန့်ခွန်းကြီး

ဒေါက်တာ မာလာလာဒဆေကရဟာ သာမန် မဟုတ်ပါ။ ကမ္ဘာ့ဗုဒ္ဓ ဘာသာအဖွဲ့ကြီး၏ ဥက္ကဋ္ဌလဲဖြစ်၏။ လယ်ဘီဆရာတော်ကြီးရထားသော (ဒီလစ်) ဘွဲ့ကိုလဲ ရထား၏။ အမ်အေဘွဲ့လဲရ၏၊ လောကဓာတ်ပညာမှာလဲ ဒေါက်တာဘွဲ့ရ၏။ ဗုဒ္ဓဘာသာပညာမှာလဲ ဒေါက်တာဘွဲ့ရ၏။ ပါဠိမဂဓ ဘာသာမှာလဲ ကျွမ်းကျင် ရေလယ်စွာ ပြောဆိုနိုင်၏။ (၈၂) နိုင်ငံ၌ အဓိ ပတိလဲဖြစ်၏။

ရန်ကုန်မြို့ ဟံသာဝတီဘွက်သစ် ဘာဝနာလမ်းရှိ ဗုဒ္ဓသာသနာ ပဋိပတ္တိ အဖွဲ့ချုပ်ကြီးမှ ၁၃၁၃-ခုနှစ် ကဆုန်လပြည့်ကျော် ၁၄-ရက် (၃-၆-၅၁) တနင်္ဂနွေနေ့ ညနေတွင် ၎င်းပါမောက္ခကြီးအား ဧည့်ခံပွဲတရပ် ကျင်းပရာ တွင် ၎င်းပါမောက္ခကြီးက မိန့်ခွန်းမြွက်ကြားခဲ့သည်မှာကား.....

ကျွန်တော်သည် ဤဟံသာဝတီ ပဋိပတ္တိအဖွဲ့ချုပ်ကြီးသို့ လာရောက်ပြီး အမှုဆောင်လူကြီးများ နာယကဆရာတော်များ ယောဂီ အပေါင်းတို့အား တွေ့ဆုံခွင့် ရရှိပါသောကြောင့် အထူး ကျေးဇူးတင် ဝမ်းမြောက် ရပါ ကြောင်း။

ကျွန်တော်သည် ဤဌာနသို့ ရောက်လာသည့်အခါ အထူး အံ့ဩစရာ ကောင်းသော အချက်တချက်ကို တွေ့ရပါသည်။ ကျွန်တော်လှည့်လည်၍ လာခဲ့သော ဧရှာအရှေ့ပိုင်း ဗုဒ္ဓဘာသာဝင် တိုင်းပြည်များတွင် ကျွန်တော် အား ဘုရားပုထိုးကြီးများ အဆောက်အဦကြီးများနှင့် သာသနာရေးဆိုင်ရာ အဆောက်အဦများကိုသာ ပြသကြပါသည်။ (၁) မြန်မာပြည် ရန်ကုန်မြို့သို့ ရောက်လာသောအခါ ဘုရားပုထိုးများ သာသနာ့အဆောက်အဦကြီးများကို လိုက်လံ ပြသ,သည်သာ မက မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်း ပဋိပတ္တိ လုပ်ငန်း ဌာနကြီးများကို ကျင့်ကြံနေသူများနှင့်တကွ တွေ့မြင်ရပါသည်။ (၂) အခြားဝိပဿနာကမ္မဋ္ဌာန်းဌာနများသို့ ရောက်ခဲ့သော်လည်းမည်ကဲ့သို့ ကျင့်ရမည်၊ နည်းနာများကို မပြကြပါ။ ဤဝိပဿနာ ကမ္မဋ္ဌာန်း ဌာနမှာ မူကား၊ (ဥဘာစာရီ မဟာမထေရ် ဆရာတော်ဘုရား၏) နည်းနာ နိဿယ အတိုင်း ဆယ်မိနစ်ခန့်ကိုယ်တွေ့ ဝိပဿနာ တရားများကို အားထုတ်၍ ကြည့်ရာ ခန္ဓာကိုယ်ထဲတွင်၊ ရုပ်တရားတို့၏ ပေါက်ပြန်မှုကို နာမ်တရားက သိသိနေ၍ ရုပ်နာမ်တရား အမှန်ကို တွေ့ရှိ၍ ကြေနပ်လှပါကြောင်း။

ဤနည်းအတိုင်း ကျွန်တော်သည် သီဟိုဠ်သို့ ပြန်ရောက်သော အခါ ဝိပဿနာအလုပ်ကို ဆက်လက်လုပ်ကိုင်သွားမည့်ပြင် မိတ်ဆွေသင်္ဂဟများ အားလည်း မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ဝိပဿနာတရားတော်များကို အား ထုတ်ကြရန် တိုက်တွန်းပါဦးမည်။ (၃) ကျွန်တော် သိရှိနားလည်သည့် အတိုင်းဆိုလျှင် ဗုဒ္ဓဘုရားဟောပြောပြသသည့် တရားတော်များကို၊ ကိုယ် တိုင်ကျင့်ကြံ အားမထုတ်ဘဲနေက နိဗ္ဗာန်သို့မရောက်နိုင်ပါ။ ကိုယ်လုပ်မှ ကိုယ်ရမည့် တရားသာဖြစ်ပါသည်။ တနည်းအားဖြင့် ကျွန်တော် ဥပမာ ပြရမည်ဆိုပါလျှင်....

(၄) လူမမာ တယောက်သည် ထင်ရှားကျော်ကြားသော ဆရာဝန်ကြီး၏ပညာဂုဏ်များကို ချီးကျူးနေရုံမျှနှင့် ရောဂါပျောက်မည်လား။ လူ့နတ်ဗြဟ္မာ့ရောဂါသည်သည် ထင်ရှားကျော်ကြားလှတဲ့ ဗုဒ္ဓ၏ မဟာပညာဂုဏ်တော်ကြီးများကို ချီးကျူး၍ချီး နေရုံမျှနှင့် ကိလေသာရောဂါပျောက်မည်လား။

(၅) ထိုဆရာဝန်ကြီး၏ ဓာတ်ပုံကို မော်တော်ကားဦးတင်၍ သိုက်မြိုက်ခမ်းနားစွာ မြို့တွင်းသို့လှည့်လည်ခြင်းဖြင့် ထိုရောဂါပျောက်မည်လား။ လူနတ်ဗြဟ္မာသည် ဗုဒ္ဓ၏ပုံတော်ကြီးကို မော်တော်ကားယာဉ်၌ တင်ပြီး သိုက်မြိုက်ခမ်းနားစွာ မြို့တွင်းသို့လှည့်လည်ခြင်းဖြင့် ထိုကိလေသာရောဂါ ပျောက်မည်လား။

(၆) တနည်း။ ထိုဆရာဝန်ကြီး၏ နာမည်နှင့် ဘွဲ့ထူးကို စာရွက်၌ ရေး၍၎င်း၊ ခေါင်းပေါ်၌တင်၍၎င်း၊ ရောဂါ၏နေရာတွင် တင်ထား၍၎င်း၊ ဝမ်းဗိုက်ပေါ်တွင်တင်ထား၍၎င်း၊ ခေါင်းအုံးအောက်၌ ထား၍၎င်း၊ အရိုအသေပြုကာမျှဖြင့် ထိုရောဂါပျောက်မည်လား။ ထိုဗုဒ္ဓ၏ အမည်တော်နာမနှင့် ဂုဏ်တော် ဘွဲ့တော်များကို စာရွက်၌ရေး၍၎င်း၊ ခေါင်းပေါ်၌တင်၍၎င်း၊ ရောဂါရှိသောနေရာ၌ တင်ထား၍၎င်း၊ ဝမ်းဗိုက်ပေါ်မှာထား၍၎င်း၊ ခေါင်းအုံးအောက်၌ ထား၍၎င်း၊ အရိုအသေပြု၍နေခြင်းမျှဖြင့် ထို ကိလေသာရောဂါ ပျောက်မည်လား။ ဘယ်နည်းနှင့်မျှ ထိုရောဂါ မပျောက်နိုင်ပါ။

(၇) ရောဂါပျောက်ရန် ပြုလုပ်သင့်သည်မှာကား၊ ထိုကျော်ကြားသော ဆရာဝန်ကြီးထံသို့သွား၍ ရောဂါ၏အခြေအနေကိုပြသပြီး ထိုဆရာဝန်ကြီးက စစ်ဆေးပြီးနောက် ပေးသောဆေးဝါးနှင့် ညွှန်ကြားချက်အားလုံးတို့ကို တသွေမတိမ်းလိုက်နာမှ ရောဂါပျောက်ကင်းပါလိမ့်မည်။ ။ထိုနည်းတူပင် ဗုဒ္ဓ၏ဂုဏ်တော်အနန္တတို့ကို ရွတ်ဖတ်၍နေရုံမျှနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကိုမရသေးပါ၊ မဂ်ဖိုလ်နိဗ္ဗာန်ရလိုပါလျှင် ဗုဒ္ဓဘုရား၏ ဟောပြဆုံးမသည့် တရားတော်များအတိုင်း ကိုယ်တိုင်လိုက်နာကျင့်ကြံ အားထုတ်မှ ရောက်နိုင်ကြပါမည်။

ယခု ယောဂီအပေါင်းတို့၊ ဤဌာနတွင် ဝိပဿနာတရားတော်များကို ကြိုးစားအားထုတ်နေကြတာကို တွေ့ရှိရ၍၊ အထူးဝမ်းမြောက် ပါသည်။ (၁) ဗုဒ္ဓဝါဒအရ မှန်ကန်သောနည်းဖြစ်၍ ကြိုးစားအားထုတ် ကြရန်ကိုလည်း တိုက်တွန်းပါသည်၊ (၉) ကျွန်တော်အားလည်း ဝိပဿနာတရား

အားထုတ်နည်းကို ပြသ သဖြင့်၊ကျေးဇူးအထူးတင်ရုံသွမက ဤဌာနကြီးကို နှောင်ဘယ်သောအခါမှ မေ့ပျောက်လိမ့်မည် မဟုတ်ကြောင်း အထူးယုံကြည်ကြစေလိုပါသည်။ (၁၀) ဗုဒ္ဓဘာသာနိုင်ငံများကို လှည့်လည်ခဲ့ရာတွင် မြန်မာပြည် ဤဌာနကျမှ ကျွန်တော့်အတွက်အလွန်အလွန်အသုံးတန်သော သင်ခဏ်းစာတရပ် ရရှိသဖြင့် အထူးဝမ်းမြောက်၍ နေပါသည်။ ကျွန်တော့်မှာ အချိန်အနည်းငယ်မျှသာရ၍ ဤမျှလောက်နှင့်သာ နှုတ်ခွန်းဆက်ပါရစေတော့ခင်ဗျား။ (မိန့်ခွန်းကြီးပြီး၏။)

ဤဟာကြောင့် ဗမာကို ကမ္ဘာက အထင် ကြီးရတော့မည်။ ဗုဒ္ဓဘာသာအချင်းချင်းဆိုလျှင် ဤလို လေးလေး နက်နက် ထိထိရောက်ရောက် ထောက်ခံအားပေးမှ ဘုရားသားတော်ချင်း၊ သွီးတော်ချင်း၊ သွေးသားညီမျှ၍ ပျော်ပျော် ရွှင်ရွှင် ကြည်ကြည်လင်လင် သာသနာ ပြုနိုင်ကြပေမည်။ ( တိုင်းတပါးသားများ၏ စိန့်မှုနာတည်း။)

(၁၂၀) ကမ္ဘာ့ဗုဒ္ဓဘာသာသတင်းစာမှ။ (၁) အဘိဓိနိယာ (၂) အာဖကန်နစ်စတန် (၃) ဘယ်ဂီရိယ (၄) အာဂျင်တန် (၅) အရိဘိယ (၆) ဩစတြေလိယ (၇) ဩစတြီယ (၈) ဘယ်လ်ဂျီန် (၉) ဘရေဇီလ် (၁၀) ဗြိတိသျှ (၁၁) ဗမာ (၁၂) သိဟိုဠ် (၁၃) ကမ္ဘောဒီးယား (၁၄) ကနေဒါ (၁၅) တရုပ်ပြည် (၁၆) ချီလီ (၁၇) ကြူဘာ (၁၈) ကိုလံဘီယား (၁၉) ကောတာရိက (၂၀) ဇက်ကိုဆလိုဗကီးယ (၂၁) ဒင်းမတ် (၂၂) အီဂျစ် (၂၃) အီရီ (၂၄) ဖေါ်မိုဆာ (၂၅) ဖင်လန် (၂၆) ဂျာမနီအရှေ့ (၂၇) ဂိအနာ (၂၈) ဂိုးလ်ကိုးစ် (၂၉) ပြင်သစ် (၃၀) ဂရိစ် (၃၁) ဟာဝေယန် (၃၂) ဟော်လန် (၃၃) ဟန်ဂေရီ (၃၄) အိုက်စလင် (၃၅) အိုင်ယာလန် (၃၆) အိန္ဒိယ (၃၇) အင်ဒိုနီရှား (၃၈) အစ္စရေးလ် (၃၉) အီတလီ (၄၀) ဂျပန် (၄၁) ဂျမေက (၄၂) ကင်ယ (၄၃) ကိုရီယ (၄၄) လူဇင်ဘတ် (၄၅) လာအို (၄၆) လဒက် (၄၇) မလေး (၄၈) မိုရက်ို (၄၉) မလက္က (၅၀) မက္ကဆီကို (၅၁) မိုဗစ (၅၂) နီပေါ (၅၃) နိုဂီရိယ (၅၄) နော်ဝေ (၅၅) နယူးဇီလန် (၅၆) ပါကစ္စတန်အနောက် (၅၇) ပိုလန် (၅၈) ပီရူး (၅၉) ပါရှား (၆၀) ဖိလိပိုင် (၆၁) ပေါ်တူဂီ (၆၂) မော်ရိုကို (၆၃) ရိုမင်နီယာ (၆၄) ရုရှား (၆၅) ရိုဒီရှ (၆၆) အားဖရိကတောင်ပိုင်း (၆၇) စပိန် (၆၈) ဆွီဒင် (၆၉) ဆွစ်ဇာလန် (၇၀) စိတ်ကင်

(၇၁) ဆီးရီးယား (၇၂) ပိုးဒယား(၇၃) တက်အက် (၇၄) ကျူနစ် (၇၅) ယူဂိဒါ (၇၆) အုရုဂွေး (၇၇) အမေရိကန် (၇၈) အင်္ဂလန် (၇၉) ဗီယက်နံ (၈၀) ဖင်ဗိဘာ (၈၁) ဗိန္ဒိယ အနောက် ကျွန်းစု (၈၂) အာဖရိကအနောက်ပိုင်း။

ပဌမ ဗုဒ္ဓဘာသာကွန်ဖရင်းမှာ (၂၉) နိုင်ငံမျှသာ ဝင်ရောက်ကြ၏။ ယခုမှာ(၈၂) နိုင်ငံမျှဝင်လာကြ၏။တပြည်လုံးမဟုတ်သော်လည်း တသင်းတဖွဲ့အနေဖြင့် ဗုဒ္ဓဘာသာဖြစ်ကြကုန်လေပြီ၊ အားရဝမ်းသာ စရာပါဘဲ။ ယခုရန်ကုန်တွင်ရှိနေကြသော ၃-နိုင်ငံသာသနာပိုင်၏ ပြောကြားချက်မှာ (၈၃)အစ္စတိုးနီးယား(၈၄) လတ်ဘီးယား (၈၅)ထစ်သူရီးယား ၃-ပြည်ပါ ထဲ့ရမည်တဲ့။ ၎င်းတို့လဲ ဗုဒ္ဓဘာသာ အစစ်ပါဘဲတဲ့၎င်း ၃-ပြည်၏ သာသနာပိုင်မှာ မိမိပင်ဖြစ်၍ (၈၅) ပြည်ဖြစ်အောင်ထည့်စွက်ပေါ်ပြပါတဲ့။

———o———

## (၁၂၁) လွှေနို့နှင့်မင်းသှ ရွှေလဝင်းဆရာတော်၏ အထူးသတိပေးနှိုးဆော်ချက်

ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ ဆရာနိဿယည်း၊ လိုရာကိုမှီး၍၊ အသီးသီးကျင့်ကြ၊ သီလနှင့်ဘာဝနာ၊ ဒါနကိုလက်ကိုင်ထား၍၊ ဘုရားသွားကျောင်းတက်၊ ၇စ်ရက်လပြည့်၊ တနေ့မပြတ်၊ ဝတ်နိဗ္ဗဒ္ဒနှင့်၊ ငါးရပ်ပဥ္စသီ၊ ၇စ်လီအဋ္ဌင်္ဂ၊ ဒသဥပုသ်၊ အားထုတ်ကြသော်လည်း၊ ပဓာနမဟုတ်ပါ။ သဒ္ဒါဣန္ဒြိယနှင့်၊ သီလရတင်၊ ဖြူစင်အောင်ကျင့်သော်လည်း၊ သင့်တင့်ရုံ ရှိသေးသည်။ သိမှတ်ရန် စခန်း၊ ပရိယတ်လမ်း၊ကမ်းတဘက်ခတ်သော်လည်း၊ပိဋကတ်သုံးပုံ၊ နှုတ်ငုံဆောင်သခင်၊ အရှင်ပေါဋ္ဌိလကို၊ တုစ္ဆ-တုစ္ဆဟု၊ ဗုဒ္ဓက နှုတ်ဟ၍၊ ဆုံးမတော်မူခြင်းကြောင့်၊ လိုရင်းသို့-မဆိုက်သေး၊ အကျိုးပေးသန်သော်လည်း၊ နိဗ္ဗာန်နှင့်ဝေးချေသည်၊ နောင်တဖြေးဖြေး၊ ကျွတ်လွတ်ရန် အရေးကို၊ အတွေးနှင့် ပြောကြ၊ ဧကန္တ မဟုတ်ပါ၊ အမှန်ကိုထုတ်သော်၊ နာမ်,ရုပ်မှတပါး၊ ယောကျ်ားမိန်းမ၊ အတ္တ-ဇီဝ၊ ဘာမျှမရှိ၊ မြဲပဋ္ဌာနတ်လူ၊ဘယ်သူမဆိုင်၊ ငါမပိုင်,ငါမဟုတ်ဟု၊သက္ကာယဒိဋ္ဌိဖြုတ်မှုနှင့်၊ ပရမတ်အရ၊ ခတ်အမှုကို၊ တခုမကျန်၊ အမြင်သန်အောင်၊အဘန်ဘန်အားထုတ်မှ၊လိုရင်းအချုပ်၊သာသနာ့အလုပ်ဟု၊

မှချပင်မှတ်ရမည်။ ထိုကြောင့်ဗုဒ္ဓသုံးလူ့ဘက။ယေ စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။ ဧကာဟံ ဇီဝိတံ သေယျော-ဟု၊ ထော မနာ့ စကားဖြင့်၊ ဟောပြကားထားခဲ့သည်။ ဒေသနာ့အနက်သွား၊ လားလားမျှမရိပ်မိ ဉာဏ်ပင်ရှိသော်လည်း၊ အကြံကမရှိ၊ အကြံပင် ရှိသော်လည်း၊ အမှန်ကိုမသိ၊ အမှန်ကိုသိသော်လည်း၊ ကိလေသာ ဘိ၍၊ စိတ်ရှိတိုင်းကိုယ်ပါ၊ မောဟကြီးရောနှင့်၊ ဆရာကိုမကပ်၊ ငါ-အတတ်သားရယ်လို့၊တရားကိုရှာသော်လည်း လိုရာသို့မရောက်ကြ၊ ငါကအမှန်၊ သူကအမှား၊ ဝိဝါဒ-စကားတွေနှင့်၊ ငြင်းခုံချက် များကြသည့်၊ လောကဇါ်အမှုသွား၊ လားလားမျှမရှု၊ ငရဲထား၊ ဝဋ်သုံးပါး သံသရာမှ၊ မြန်မကြာ ထွက်လိုဇောနှင့်၊ မနှောကရည်သန်၍၊ နိဗ္ဗာန်ကို တောင့်တလျက်၊ ငါးဝသော ခန္ဓာစဉ်ကို၊ လက္ခဏာရေး အမြန်တင်၍၊ ရှုဆင်ခြင်တော်မူကြကုန်လော။

(အထူးသတိပေးနှိုးဆော်လိုက်ပါသည်။)

ဓမ္မဿ အသဝဏတာ ပရိဟာယန္တိ။ ။ဝိနည်းမဟာဝါပါဠိတော်။
အမတံဒဒေါစ သော ဟောတိ၊ ယော ဓမ္မံ အနုသာသတိ။ ။
(သံယုတ်ပါဠိတော်)

## (၁၂၂) ၁၃၁၇-ခုနှစ် ဗုဒ္ဓေါဝါဒါစရိယအသင်းမှထုတ်ဝေသော အဘိဓမ္မာသဘာဝ

## မဟာသကြန်စာ

### သတိ—

အဝိဇ္ဇာနှင့်၊ တဏှာမူလ၊ဖြစ်နှစ်ခုကြောင့်၊ ဖြစ်သမျှပျက်၊ဝဋ်သုံးချက်၌၊ နေ့ရက်မဆုံး၊ လောကထုံးကို၊ ခေါ်ခဲ့သညာ၊ မှတ်စရာကား၊ ကောဇာ သက္ကရာဇ် (၁၃၁၇) ခု၊ နှောင်းတန်ခူးလဆုတ် (၆) ရက်၊ ဗုဒ္ဓဟူးနေ့နံက် (၃) နာရီ (၃၅) မိနစ် ၃-စက္ကန့် အချိန်တွင်၊ တောဘုမ္မာ အမည်ရှိသော သင်္ကြီရမင်းကြီးသည် သုံးပါးသောဝိပလ္လာသ၊ အာဝတ်တန်းဆာတို့ကို ဝတ်ဆင်လျက်၊ ခန္ဓာငါးပါးကိုစီး၍၊ လက်တဘက်ကား ဥစ္ဆေဒဒိဋ္ဌိ၊ လက်တဘက်ကား သဿတဒိဋ္ဌိကိုကိုင်ဆောင်လျက် ဓာတ်ဂွာန်ဖြစ်သော ပဋိသန္ဓေ

နေခြင်းအရပ်မှ မရဏ ခမ္မောတည်းဟူသော စုတိဌာနအရပ်သို့ ပြောင်းဝင်လေ၏။ သမုဒယတဏှာ အမည်ရှိသော နတ်သွီးသည် အလှည့်စေ၍ ဝဋ်ဆင်းရဲ ဥကျွောင်းကို ကမ်းသည့် ရှိသော် ဝဋ္ဋုပ္ပါဒါန် အမည်ရှိသော နတ်သွီးသည် သုခစည်းစိမ် ထင်မှတ်၍ ရိရိပြုံးပြုံးပြုပြီးလျှင် ရွှင်သာ မျက်နှာနှင့် သံသရာဝဋ်ဆင်းရဲ ဥကျွောင်းကိုလှမ်းလင့်၍ယူ၏။ ဘဝါသဝ အမည်ရှိသော နတ်သွီးကား ရူပါရုံ- သဒ္ဒါရုံ- ဂန္ဓာရုံ-ရသာရုံ- ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော ကာမဂုဏ် ငါးဖြာနှင့် မြင်လာသမျှ နှစ်သက်အောင် ကိလေသာ အဝတ်တန်းဆာတို့ကို ဝတ်ဆင်လျက် သင်္ခါရသကြွန်မင်းကို စောင့်အံ့။ ထို့ကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြစ်ပေါ်ရန် တရားတန့်အံ့။ လောဘ, ဒေါသ, မောဟ–သုံးပါးလုံးညီညွတ်အံ့။ ဖဲဝတ်ပွဲသဘင်ပျော်ရွှင်ခြင်းအမျိုးမျိုးတို့ကို လိုက်စား မွေ့လျော်သူ များအံ့။ ကာမဂုဏ်ဒုစရိုက်ကြောင့် အကြိုက်နှင့် တွေ့သောအခါ ဒုစရိုက်ဆယ်ပါးကို ကျူးလွန်သူများအံ့။ ကျေးဇူးမဲ့စကားကို ပြောဆိုခြင်းများအံ့။ မကောင်းမှုကို ဖုံးကွယ်လျက် ကောင်းသည်ထင်အောင်ပြုတတ်အံ့။ မိမိဂုဏ်အနည်းကို ကြီးကျယ်အောင် ပလွှားတတ်အံ့။

ပရိယတ္တိသမားသည် စာပေကျမ်းဂန်စကားပြောအံ့။ သမထသမားသည် သမာဓိအလုပ်စကားပြောအံ့။ ဝိပဿနာသမားသည် အသိဉာဏ်မြင်စကားပြောအံ့။ အယူဝါဒ မတူသည့်အတွက် ပညာရှိသူခမိန်တို့သည် စိတ်မကျေနပ်ဘိုင်း စကားအငြင်းအခုံများအံ့။ တဏှာ,မာန,ဒိဋ္ဌိ ဩဇာ ထက်သန်အံ့၊ သီလ, သမာဓိ, ပညာ ဆုတ်ယုတ်အံ့။ သီလ, သမာဓိ, ပညာ ဆုတ်ယုတ်ခြင်းကြောင့် မဂ်ပွင့်,ဖိုလ်ပွင့် မဂ်သိ, ဖိုလ်သိ မအောင်မြင် အဖျင်းအသိမ်အပိန်အခြောက်တွေသာများအံ့။ နိဗ္ဗာန်ရောက်အောင် ဝိပဿနာနှင့်ခရီးသွားသို့ကို ဒိဋ္ဌိဝိစိကိစ္ဆာ ဒဏ်သင့်အံ့။ သူတော်ကောင်း အကျင့် ရှားပါးအံ့။ မသူတော်အကျင့်ပေါများအံ့။ အပါယ်လေးပါးရောက်ကြောင်း ဈေးကောင်း၍ ဖွံ့အံ့။ ကာလ သုံးရပ်တွင် ပစ္စုပ္ပန်ကာလ ဖြစ်သောကြောင့် အဘိဓမ္မာ သဘာဝသကြွန်ကျပြီးသည်နောက် ဗုဒ္ဓဘာသာဝင်ဖြစ်သော ၇–ရက်သား ၇–ရက်သွီးတို့သည် ဝဋ်ဆင်းရဲဖြစ်သော သက္ကာယဒိဋ္ဌိဥကျွောင်းကို အနတ္တဝိပဿနာဉာဏ်နှင့် စင်ကြယ်အောင် ဆေးကြောသုတ်သင်ကုန်ရာသတည်း။

သက္ကာယဒိဋ္ဌိ ဥကျွောင်းကို အယူစင်ကြယ်အောင် ဆေးကြောသုတ်သင်ရသော အကျိုးမှာကား၊ သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာနှင့်တကွ သီလဗ္ဗတံဝါပိ ယဒတ္ထိ

ကိဉ္စိ စတုဟာပါယေဟိစ ဝိပ္ပမုတ္တော-ဟူ၍ ပါဠိတော် လာသည်နှင့် အညီ အပါယ်လေးပါး ဆင်းရဲဒုက္ခနှင့် ကင်းလွတ်ပြီးလျှင် လူနတ်နိဗ္ဗာန် သုံးဘန်သောချမ်းသာကို ရရှိခံစားရလေသည်။ ဥက္ကောင်း ချော်ပြီးလျှင် ဆောင်ရာသောပန်းတို့မှာကား မြင်ဆဲရုပ်နာမ်၊ ငါမဟုတ်။ မြင်တိုင်းသိတိုင်း နာမ်နှင့်ရုပ် ကြားဆဲ ရုပ်နာမ် ငါမဟုတ်။ ကြားတိုင်းသိတိုင်း နာမ်နှင့်ရုပ် နံဆဲရုပ်နာမ် ငါမဟုတ်။ နံတိုင်းသိတိုင်း နာမ်နှင့်ရုပ် စားဆဲရုပ်နာမ် ငါမဟုတ်။ စားတိုင်းသိတိုင်း နာမ်နှင့်ရုပ် ကြံဆဲရုပ်နာမ် ငါမဟုတ်။ ကြံတိုင်းသိတိုင်း နာမ်နှင့်ရုပ် ဟူ၍ အနတ္တပန်းကို ပန်ဆင်ကုန်ရာသည်။ (ဤကား နာမရူပ ပရိစ္ဆေဒဉာဏ် အလိုတည်း။)

## အတာတက်အုံသည်ကား

ခန္ဓာငါးရပ်၊ ဖြစ်တိုလတ်လည်း၊ ကျဉ်းမှတ်သိရန်၊ ရုပ်နှင့်နာမ်ကို၊ သယံဇာတ၊ ကြောင်းကျိုးမှုဟု၊ ဘဝဆက်စပ်၊ စက်ရဟတ်သာ၊ သူ့ခြင်းရာကို၊ ကမ္ဘာလူများ၊ ထိန်းမှတ်ထားသည့်၊ စကားပညတ်၊ သိစေအပ်သည်မှာ။ ကောဇာသက္ကရာဇ်-၁၃၁၆-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၉)ရက် စနေနေ့ အဝင် နံက်-၇-နာရီ-၅၇-မိနစ်-၄၃-စက္ကန့် အချိန်တွင် ၁၃၁၆-ခုနှစ်သို့ ပြည့်တက်၏။ အတာဆန်းထူး၊ နှစ်ဟောင်းကြူးသည့်၊ တန်ခူးလည့်သည်၊ နှစ်အမည်ကား၊ သူဖြစ်ချင်သလိုဖြစ်သောနှစ်တည်း။ နှစ်ကို စားကာအိပ်ကာ စောင့်အုံ။ စားကာအိပ်ကာကို စားရအောင် မနေမနား ပစ္စည်းကို ရှာကြံမှုကား စောင့်အုံ။ ပစ္စည်းရှာမှုကို လိုချင်သော လောဘ စောင့်အုံ။ လိုချင်လောဘကို ရသည့်ထက် ရအောင် မာယာသာဝေယျ ပြုလျက် မတရားကြံစည်မှုစောင့်အုံ။ မတရားကြံစည်မှုကို အပါယ်လေးပါးက ပိုင်ရှင်တဦး အနေနှင့်စောင့်အုံ၊ ထိုနှစ်ဖွားသောသားကား ဖွားသောနေ့ကစ၍ ဇာရေမီး လောင်ခံရအုံ။ အလိုဆန္ဒမပြည့်စုံတိုင်း စိတ်ဒုက္ခရောက်၍ နှလုံးမသာရခြင်း ဖြစ်အုံ။ မရဏမီးလောင်သောအခါ တဘဝလုံး ကုန်ဆုံးပျက်စီး ရလတ္တံ့။ ဝဋ်သုံးပါးတွင် ဝိပါကဝဋ် ဖြစ်လေသောကြောင့် ချမ်းသာအောင်လုပ်ရင်း မတ်တတ်ပိုးရိမ်ကြောင့်ကြပူပန်ခြင်းဘို့နှင့် ရင်ဆိုင်တွေ့ရလတ္တံ့။ မာနတရားထွန်းကားအုံ။ ခန္တီတရားပျက်အုံ။ အထွန်းရှောင်၍ အပုပ်ကို ဆောင်ကုန်ရာသည်။ (ဤကား အပ္ပစ္စယာဒဿတိ အလိုတည်း။)

ဝဋ်ဘို့မွေတာ၊ ဘုံသုံးဖြာ၌၊ ဘယ်ခါမဆဲ၊ ရှာသွန်းကြဲသော ကိလေသာ မိုးယံးတင်းတို့ ဟူသည်ကား အရူပဗြဟ္မာ ဘုံ၌ ၁–တင်း၊ ရူပ ဗြဟ္မာ

ဘုံ၌ ၃-တင်း၊ အသညသတ်ဘုံ၌ မိုဃ်းတင်းမရှိ၊ နတ်ပြည် ၆-ထပ်၌ ၁၀-တင်း လူ့ပြည်၌ကိလေသာမိုဃ်း တင်းပေါင်း ၁၅၀၀-လူ့ပြည်၌ ကိလေသာမိုဃ်းတင်းများသောကြောင့် အဓမ္မရာဂ ဝိသမလောဘ မိစ္ဆာ ဓမ္မတရားတို့ ထူထပ်ပေါ်များအံ့။ ကတညုတ မင်္ဂလာတရား ဆုတ်ယုတ် ပျက်ပြားလျက် ကျေးဇူးမဲ့စကားဖြင့် တော်လှန်ချေဖျက်သူများအံ့၊ သူတော် ကောင်းတရား ဝေဖွာပါးတိမ်မြုပ်၍ မသူတော်ဘို့၏တရား ထွန်းကား ပြီးလျှင် လမ်းမှားကိုယုံကြည်အားထား၍ လိုက်စားသူများအံ့၊ အနတ္တကို အတ္တဆို၍ လိုရာမပြီး၊ အချည်းနှီးသော လူတို့၏ အဓိပတိကား အဝိဇ္ဇာ၊ အဝိဇ္ဇာ၏ အဓိပတိကား သံသရာတဏှာတည်း။ တဏှာ၏အဓိပတိကား ဥပါ ဒါန်၊ ဥပါဒါန်၏အဓိပတိကား ကမ္မဘဝ၊ ဘဝ၏အဓိပတိကား ဇာတိ၊ ဇာတိ ၏ အဓိပတိကား ဇရာမရဏ။ သခါရ ဥက္ကောင်းအနိစ္စဘက်သို့လှည့်၍ ချမ်း သာချင်တဲ့ဥက္ကောင်း ဒုက္ခဘက်သို့လှည့်၍ သစ္စာလေးပါးဝင်အံ့၊ အာသဝေါ လေးပါးပေါ်အံ့။ သမုဒယသစ္စာ မင်းမူအံ့။ အကုသိုလ်စိတ်၌ အဝိဇ္ဇာရဲမီး ဝင်အံ့။ (ဤကားအကုသလာဓမ္မာအလိုတည်း။)

အဘိဓမ္မာသဘာဝ မဟာသကြိန်တော်ကြီး တက်ပြီးသည်နောက် ဗုဒ္ဓ ဘာသာတရားကို ယုံကြည်၍ကိုးကွယ်ဆည်းကပ်ကြသော အမျိုးကောင်း သား, အမျိုးကောင်းသမီးတို့သည် ရတနာသုံးပါး ဘိုးဘွားမိဘ ဆရာသမား နှင့် အသက် ဂုဏ်သိက္ခာကြီးသောသူတို့ကို ရိုသေစွာ ရှိခိုးပူဇော်ကြပြီးလျှင် ကလျာဏမိတ္တ သင်္ဂဟမျိုးဆွေ အထွေထွေသောသူတို့ကိုလည်း အကြောင်း အခွင့်၊ မိတ်မသင့်၍၊ လွန်မိလွန်ကျူးဖြစ်ခဲ့ဘူးလည်း၊အထူးပယ်ခွါ၊ ဤအခါ ၌ အာဃာတမျိုး၊ ရန်မပြိုးဘဲ၊ ရန်ငြိုးရန်စ ရှိသမျှတွေ လက်စား ချေ သော် ရန်ရှေ၍သာ၊ မငြိမ်းပါတည်း။ မင်္ဂလာလက်နက်၊ ရန်ကိုဖျက်သည့်၊ ဝမ္မစက်ကို၊ ဦးထိပ်ရွက်ခါ၊ ကျင့်ဆောင်ပါလျှင်၊ ကမ္ဘာပြည့်ဝှန်း၊ ငြိမ်း ချမ်းနိုင်သော စာရိတ္တကိုယ်ကျင့်တရား မင်္ဂလာကို ကိုယ်စီကိုယ်ငှ လက် ကိုင်ထားလျက် အတာစားကုန်ရာသည်။

ထိုသို့ ၃၈-ဖြာ မင်္ဂလာကို ကိုယ်မှာဆောင်ထား၊ နေ့စဉ်ပွါးလျက်၊ အတာစားကုန်ကြသော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့၏နှစ် အမည်ကား၊ ၎င်း ၁၇-နှစ်သည်၊ (အဘယသုခ) နှစ်တည်း။ နှစ်ကို လောကပါလတရားစောင့်အံ့။ လောကပါလတရားကို သီလသမာဓိပညာ စောင့်အံ့။ သီလ, သမာဓိ, ပညာကိုမဂ္ဂင်ရှစ်ပါး စောင့်အံ့။ မဂ္ဂင်ရှစ်ပါးကို

ဝိပဿနာဉာဏ်စောင့်အံ့။ ဝိပဿနာဉာဏ်ကို မဂ်ဉာဏ်,စောင့်အံ့။ မဂ်ဉာဏ်ကိုနိဗ္ဗာန်စောင့်အံ့။ (ဤကားကုသလာဓမ္မာ သမာဓိဗ္ဗိအလိုတည်း။)

အဝိန္တီတံ၊ ကိုးဂုဏ်လျှံ၍၊ သမန္တစက္ခု၊ သဗ္ဗညုရှင်တော်ဘုရားသည်။ မလ္လာမင်းတို့၏ အင်ကြင်းဝေဖြာ၊ ရိပ်တော်သာ၌၊ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည့်နောက်မှစ၍ ရေတွက်ခဲ့သော် လွန်လေပြီးသော အတိတ်သာသနာ နှစ်ပေါင်းကား-၂၄၉၀-နှစ်၊ လွန်ခဲ့လေပြီ။ ကြွင်းကျန်သော အနာဂတ် သာသနာနှစ်ပေါင်းကား ၂၅၀၀-နှစ်ကြွင်း ကျန်လေသည်။ သာသနာနှစ်-၅၀၀၀ ရှိသည်အနက် တဝက်ကျရောက်ရန်မှာ ၁-နှစ်မျှသာလိုတော့သည်။ သာသနာတဝက် မင်းကောင်းတဆက် ဟူသော ပုဗ္ဗကောဋ္ဌာဟလစကားနှင့် အလွန်နီးကပ်လျက်နေသောကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည် သတိရကြစေလိုသည်မှာ လူတို့အချမ်းသာ၊ သုခရှာသော်၊သံသရာတွင်း၊ သုခကင်း၍၊ ရှာခြင်းဟူသမျှ၊ လူ့သမုဒယ၊ ရခြင်းဟူသမျှ၊ လူ့ဒုက္ခ၊ သဘာဝ ရုပ်နာမ်၊ သူဖြစ်ဟန်ကို၊ ပညာဉာဏ်နှင့်၊အမြင်ပွင့်သော်၊ မရင့်စေလို၊ မဒိုချင်ပါ၊ မနာပါစေ၊ မသေပါကြောင်း၊ ဆုမွန်တောင်းထည်း၊ တောင်းတိုင်းမရ၊ တတိုင်းမမြင်၊ ထင်တိုင်းမပေါက်၊ အလျောက်ဘာသာ၊ ဓမ္မဘာအစဉ်၊ ကြောင်းလေးအင်တို့၊စီရင်လေသမျှ ဖြစ်ပေါ်၍နေရခြင်းနှင့် လွတ်ကင်းပါမှ ချမ်းသာမည်ဖြစ်ပါသောကြောင့် သဗ္ဗပါပဿ အကရဏံ၊ကုသလဿူပသမ္ပဒါ။ သစိတ္တပရိယောဒပနံ၊ဧတံ ဗုဒ္ဓါနသာသနံ ဟူသော အကျဉ်းချုပ်ဆုံးမတော်မူခဲ့သော သာသနာတော်ကြီးကို လက်ရှိပိုင်ပိုင် ရယူနိုင်ကြရန် ကြိုးစားအားထုတ်တော်မူကြပါ။ သပ္ပုရိသအပေါင်း သူတော်ကောင်းတို့။ (ဤကားသာသနာတော်အလိုတည်း။)

(မှတ်ချက်) ဗဟုသုတ တမျိုးနှင့် သတိရရှိကြပါစေခြင်း အကျိုးငှါ (ကုသိုလ်ဖြစ် ထုတ်ဝေပါသည်။ နတ်လူ-သာခုခေါ်စေသော်—

# (၈) ပညာသာရှေ့သွားပုံအခန်း

## ပညာသာရှေ့သွားပုံ (၁)

### သီလ၊ သိရိ၊ သတဥ္စဓမ္မ၊ ပညာ၊ ၄-ပါးတို့တွင် ပညာသာလျှင် ရှေ့သွားဖြစ်ပုံ

(၁၂၄) ပညာဟိ သေဋ္ဌာ ကုသလာ ဝဒန္တိ၊
နက္ခတ္တရာဇာရိဝ တာရကာနံ။
သီလံ သိရိဉ္စာပိ သတဉ္စဓမ္မော၊
အန္ဝါယိကာ ပညဝတော ဘဝန္တိ။

စတ္တာလီသနိပါတ်၊ သရဘင်္ဂဇာတ်၊ သိကြွားမင်းမေး၍၊ သရဘင်္ဂ ဆရာကြီး ဖြေပုံတည်း။

### ၅၃၀-ပဉ္စမအုပ် ၅၇' ၁၁ ၌ တွေ့ရပုံ

သက္က၊ သိကြွားမင်း။ ထိုလဉ္စ၊ သီလသည်၎င်း။ သိရိဉ္စာပိ၊ အသရေသည်၎င်း။ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မောစ၊ တရားသည်၎င်း။ ပညဝတော-ပညဝန္တံ၊ ပညာရှိသောသူသို့၊ အနွယိကာ၊ အစဉ်တစိုက် လိုက်ကုန်သည်။ ယသ္မာ၊အကြင်ကြောင့်။ဘဝန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တာရကာနံ၊ ကြယ်တို့၏။ နက္ခတ္တရာဇာရိဝ၊ နက္ခတ်တာရာ ကြယ်များစွာတို့၏ မင်းဖြစ်သော လ,ကဲ့သို့၊ ပညာဟိ-ပညာဧဝ၊ ပညာကို သာလျှင်။ သေဋ္ဌာ၊ အမြတ်ဟူ၍။ ကုသလာ၊ ဘုရားအစရှိကုန်သော ပညာရှိတို့သည်။ ဝဒန္တိ၊ ဆိုတော်မူကြကုန်၏။

၅၅၀၊ တတိယအုပ်၊ သတ္တနိပါတ်၊ သတ္တုဘသတဇာတ်၊ ၃၉'၊ ၂၁ ၌လည်း ဤဂါထာပင် (ပညာပထေ ပဓာဝန္တိ) ထူး၍တွေ့ရပါသည်။

### ဘုရား,ပစ္စေကဗုဒ္ဓ,ရဟန္တာ,အရိယာကြီးတို့ကဆုံးဖြတ်ပုံမှာ

ကောင်းကင်၌ နက္ခတ် တာရာ ကြယ်များစွာတို့ အလယ်တွင် (လမင်းကြီး) သည် သာလျှင် ထိန်ထိန်သာသည် အရင်ကဲ့သို့ လှပ တင့်တယ်စွာ မင်းမူနိုင်သကဲ့သို့၊

ထို့အတူ ဘိလသတရေး၊ သိဂီရိတရေး၊ သတခမ္ဘတရေး အစားစားရှိခဲ့ရာ၊ ဂုဏ်း တရေးများကို ပညာတရေးကသာလျှင် လွှမ်းမိုး၍ အုပ်စိုး၍ နေနိုင်သည်။ ။ ဘုရားများသည် ကမ္ဘာ့သားတွေကို (၃၁)ဘုံသားတွေကို ပညာဖြင့် အုပ်စိုးနေပုံ၊ (ဗုဒ္ဓ) ဘွဲ့တော်ကြီး (သမ္မာသမ္ဗုဒ္ဓ)ဆိုတဲ့ ဘွဲ့တော်ကြီးများဟာ ပညာကြောင့် ရတဲ့ ဘွဲ့တော်ကြီးတို့သာတည်း။ တဖန်လည်း ဘုရားတိုင်းမှာ သဗ္ဗညုတဉာဏ်တော်ကြီးဆိုတာလဲ ပညာပါဘဲ။ အနာဝရဏ ဉာဏ်တော်၊ ဆအသာဓာရဏ ဉာဏ်တော်၊ စတုဝေသာရဇ္ဇ ဉာဏ်တော် စသော ဉာဏ်တော်နှင့်ဆိုင်ရာ ဂုဏ်ပုဒ်ကြီးတို့ဟာလဲ ပညာပါဘဲ။ အရာရာတိုင်းမှာဉာဏ်ပညာကသာ လွှမ်းမိုးနိုင်ပုံ အုပ်စိုးနိုင်ပုံများကို သိသင့်ပါပြီ။ မဟောသဓာသုခမိန်ပညာရှိသည် တရာ့တပါးသောမင်းနှင့်တကွ ဗိုလ်ပါ အားလုံးကို အသက်ဘေးမှကယ်ဆယ်တာလဲ ပညာ၏ အစွမ်းပင်တည်း။ သတ္တုဘသတဇာတ်၌၊ သေနကသုခမိန် ပညာရှိသည်၊ ပုဏ္ဏားလင်မယားတို့၏ အသက်စည်းစိမ်ကို ကာကွယ်ပေးတာလဲ ပညာ၏အစွမ်းပင်တည်း။ ဝိဓုရသုခမိန်သည်၊ မိမိအသက်နှင့် စည်းစိမ်ကို ကာကွယ်တာလဲ ပညာ၏ အစွမ်းပင်တည်း။ဘုရားရှင်ကြီး တိုင်းလဲ ၂၄-သင်္ချ၊ ကုဋေ-၃၀၊ဗိုလ်ခြေ တသိန်း၊ တွက်ကိန်း များစွာ၊ သတ္တဝါ ဝေနေယျတို့အား ကယ်ဆယ်၍ သွားကြတာဟာလဲ ပညာ၏ အစွမ်းပင်တည်း။ အရာရာမှာ ပညာကသာ အုပ်စိုးနိုင်ပေ၏။

## ပညာသာရှေ့သွားပုံ (၂)

### (၁၂၅) ဤသမ္မာဒိဋ္ဌိကြီး ငါးဆင့် ပုံစံ၌ထည်း။

| | |
|---|---|
| ၅ ဆင့် ဝိ | ဖိုလ် ၅ |
| ၄ ဆင့် ဝိ | မဂ် ၄ |
| ၃ ဆင့် ဝိ | ဝိပဿနာ ၁၃ |
| သမထ ၂ ဆင့် | ဈာန ၁၆ |
| သီလဒါန ၁ ဆင့် | ကမ္မဿကတာ ၁၉ |

(၁)ကမ္မဿကတ သမ္မာဒိဋ္ဌိက အုပ်စိုးခြင်း ခံနေရသော တရား ၁၉-ပါး။ (၂) ဈာန သမ္မာဒိဋ္ဌိက အုပ်စိုးခြင်းခံနေရသောတရားက ၁၆-ပါး။ (၃) ဝိပဿနာသမ္မာဒိဋ္ဌိက အုပ်စိုးခြင်း ခံ၍နေရသော တရားများက ၁၃-ပါး။ (၄) မဂ်ဉာဏ်ဆိုတဲ့ မဂ္ဂသမ္မာဒိဋ္ဌိကအုပ်စိုးခြင်းခံ၍နေရသောတရားက ၄-ပါး။ (၅) ဖိုလ်ဉာဏ်ဆိုတဲ့ ဖလသမ္မာဒိဋ္ဌိက အုပ်စိုးခြင်းခံ၍ နေရသော တရားများက ငါးပါး

အားဖြင့် (၅၇) ပါးသော တရားများမှာ သမ္မာဒိဋ္ဌိဆိုတဲ့ ပညာကသာ လွှမ်းမိုးအုပ်စိုး၍နေပါသည်၊

(၁၂၆) ၃-ပဋ္ဌာနပါဠိ လဒ္ဓိကြိက၊ နှိစုတ်ဌက်ဇာတ်၌ နှိစုတ်ဌက်၊ ကျီဌက်၊ဖါး၊ယင်မဲလေးဦးသားရ၍ ပညာဖြင့် ဆင်ပြောင်ကြီးကို သတ်ကြပုံဖြင့်သိနိုင်ပါပြီ။

(၁၂၇) ၄- ဗိလုံးဌက်ဝတ္ထု၌လဲ၊အမိ၏ပညာသို့လိုက်၍ သားဗိလုံးဌက်သည် သိန်း၏လက်မှ လွတ်မြောက်ရပုံကိုရှင်း။ မဂ်ဝင်သောဝိထိ၌ ကြည့်ပါဦးလော့၊

(၁၂၈) ၅ - တိ နဲ ဧ မ ပ ဥ နဲ့ ဂေါ မဂ် ဖိုလ် ဖိုလ်

ပညာသာတည်း ပညာသာတည်း။

ဤဝိထိ၌ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ မဂ်ဖိုလ်တို့လည်း ပညာကသာလွှမ်းမိုး၍၊ အုပ်စိုး၍၊ လောကီမှ လောကုတ္တရာနယ်သို့ကူးရပါသည်၊

(၁၂၉) ၆-ဝိသုဒ္ဓိ ၇-ပါး၌လည်း၊ပညာ ၇-ပါးက စိုးမိုးနေပါသည်။

| သီလ | စိတ္တ | ဒိဋ္ဌိ= | ကင်္ခါ= | မဂ္ဂ= | ပဋိ= | ဉာဏ | ပညာ,ကသာအုပ်စိုး |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | နေပုံ ကြည့်ပါလေ။ |

(၁၃၀) ၇- ပါရမီ ၁၀-ပါး၌လည်း ပညာကသာ အုပ်စိုးနေပုံ။

| ဒါ | သီ | နေ | ဝီ | ခံ | မေ | ဥ | ဓိ | စွာ | ပညာ | ပညာအုပ်စိုးပုံ။ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | |

(၁၃၁) ဉာဏ် ၁၆-ပါး၌လဲ ပညာသာအုပ်စိုးနေပုံ။

နာ၊ပ၊သံ၊ဥ၊ဘ်၊ဘ၊အာ၊နိ၊ မု၊ငို၊သ်၊နု၊ဂေါ၊ မဂ်၊ ဖိုလ်၊ ပစ္စဝေက္ခဏာ၊

နာမရူပ ပရိစ္ဆေဒဉာဏ်ကစ၍ ပစ္စဝေက္ခဏာဉာဏ်အထိ ဉာဏ်စဉ် ၁၆-ပါး၌လည်း ဉာဏ်ပညာကသာလျှင် လွှမ်းမိုးအုပ်စိုး ဘုရင်ပြု၍နေရကား သိသင့်ပါပြီ၊

(၁၃၂) ၈-ကံ ၃-ပါး၌ ဉာဏပုဗ္ဗင်္ဂမ၊ဉာဏာနုပရိဝတ္တဖြစ်ပုံ

သဗ္ဗံကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ သဗ္ဗံဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ သဗ္ဗံမနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ

ဉာဏာနုပရိဝတ္တံ။ ။အာဝေဏိက ဂုဏ်တော်ပါဠိ။ ပါထေယျ အဋ္ဌကထာ။

သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကာယကံတော်ကြီးသည်။ ဉာဏ ပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်သာလျှင် ရှေ့သွားရှိ၍၊ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော် သို့အတူလိုက်၍ဖြစ်ရ၏။ သဗ္ဗံ၊ အလုံးစုံသော။ ဝစီကမ္မံ၊ ဝစီကံတော်ကြီး သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်သာလျှင် ရှေ့သွားရှိ၍။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်သို့ အတူလိုက်၍ ဖြစ်ရ၏။ သဗ္ဗံ၊ အလုံးစုံသော၊ မနောကမ္မံ မနောကံတော်ကြီးသည်။ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်သာလျှင် ရှေ့သွားရှိ၍။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်သို့အတူလိုက်၍ဖြစ်ရ၏။

## (၁၃၃) ၉-ဉာဏ်ရှေ့သွားမှ နိဗ္ဗာန်ရပုံ

ဣတိ ဣမေသု အဋ္ဌသု ခဏေသု ဘဂဝတာ နိဗ္ဗာနာဓိဂမာယ ပဋိပန္နသ္သ ယောဂိနော ဗဟုပကာရတ္တာ ပဌမံ သမ္မာဒိဋ္ဌိ ဒေသိတာ၊ အယဉှိ ပညာပဇ္ဇောတော ပညာသတ္ထန္တိစ ဝုတ္တာ။ ။ကေ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ နံ (၄၁၄) ကြောင်း (၁၂) ၌ ကဝိမျက်မှန်မှ။

ဣတိဣမေသု အဋ္ဌသု ခဏေသု၊ ဤရှစ်ပါးသော မဂ္ဂင်တရားတို့တွင်။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ နိဗ္ဗာနာဓိဂမာယ၊ နိဗ္ဗာန်ကိုရစေခြင်း ငှါ။ ပဋိပန္နသ္သ၊ ကျင့်သော။ယောဂိနော၊ ယောဂီပုဂ္ဂိုလ်အား ဗဟုပကာ ရတ္တာ၊ လွန်စွာကျေးဇူးများခြင်းကြောင့်။ ပဌမံ၊ ရှေးဦးစွာ။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ကို။ ဒေသိတာ၊ ဟောတော်မူအပ်၏။ ဟိသစ္စံ၊ မှန်လှပေ၏။ အယံ၊ ဤသမ္မာဒိဋ္ဌိမဂ္ဂင်ကို။ ပညာပဇ္ဇောတော၊ ပညာအလင်းအရောင်တည်း။ ပညာသတ္ထံ၊ ပညာတည်းဟူသော လက်နက်တည်း။ ဣတိစ၊ ဤသို့လည်း။ ဝုတ္တာ၊ဟောဘော်မူအပ်၏။

## (၁၃၄) ၁၀- သမ္မာဒိဋ္ဌိပညာက အခရိန္တာများကိုဆီးပုံ

တသ္မာ တေသာ ပုဗ္ဗဘာဂေ ဝိပဿနာဉာဏသင်္ခါတာယ သမ္မာဒိဋ္ဌိယာ အဝိဇ္ဇန္ဓကာရံ ဝိဒ္ဓံသေတွာ ကိလေသစောရေ ဃာတေန္တော ခေမေန ယောဂါဝစရော နိဗ္ဗာနံ ပါပုဏာတိ။ ။ ကေအင်္ဂုတ္တိုရ် အဋ္ဌကထာ၊ နံ (၄၁၄) ကြောင်း (၁၂) ကဝိ မျက်မှန်မှ၌—

တသ္မာ၊ ထို့ကြောင့်။ ပုဗ္ဗဘာဂေ၊ မဂ်မရမီ ရှေးအဘို့၌။ ဝိပဿနာဉာဏ
သင်္ခါတာယ၊ ဝိပဿနာဉာဏ်ဟု ဆိုအပ်သော။ ဧတာယ သမ္မာဒိဋ္ဌိယာ၊ ဤ ဝိပဿနာ သမ္မာဒိဋ္ဌိဖြင့်။ အဝိဇ္ဇန္ဓကာရံ၊ အဝိဇ္ဇာတည်းဟူသော အမိုက်တိုက် ကြီးကို။ ဝိဒ္ဓံသေတွာ၊ ဖျက်ဆီး၍။ ကိလေသစောရေ၊ ကိလေသာတည်းဟူ သော ခိုးသူတို့ကို၊ ဃာတေန္တော၊ သတ်ဖြတ်လျက်။ ယောဂါဝစရော၊ တရားအားထုတ်သော ယောဂီသည်။ ခေမေန၊ ဘေးရန် ကင်းရှင်းသဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့၊ ပါပုဏာတိ၊ ရောက်ရ၏။

ဤ (၉) (၁၀) ပါဠိ ၂-ပုဒ်အလိုကား

(က) ဝိပဿနာသမ္မာဒိဋ္ဌိကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ပုံ၊
(ခ) ဝိပဿနာသမ္မာဒိဋ္ဌိကြောင့် အဝိဇ္ဇာဖျက်ဆီးနိုင်ပုံ၊
(ဂ) ဝိပဿနာ သမ္မာဒိဋ္ဌိက၊ ကိလေသာ ခိုးသူသတ်နိုင်ပုံကိုပြသား ပါသည်။

(၁၃၅) ၁၁–သမ္မာဒိဋ္ဌိ ရှေ့သွား၍ အကျိုး ၆–ပါးရှိပုံ

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာ အာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ၊ အယံခေါ သာ ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ။ဓမ္မစကြာပါဠိတော်။

သမ္မာဒိဋ္ဌိ၊ ကောင်းစွာရုပ်နာမ်ကိုတွေ့မြင်ခြင်း။ သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာ ရုပ်နာမ်၌ ကြံစည်ခြင်း။ သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း။ သမ္မာကမ္မန္တော၊ ကောင်းစွာ ပြုလုပ်ခြင်း။ သမ္မာအာဇီဝေါ၊ ကောင်းစွာ အသက်မွေးမှုခြင်း။ သမ္မာဝါယာမော၊ ကောင်းစွာ အားထုတ်ခြင်း။ သမ္မာသတိ၊ ကောင်းစွာ သတိထားခြင်း။ သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း။ ဣနံခမ္မဓာတံ ဤရှစ်ပါးသောသဘောတရားသည်။မဂ္ဂင်၊ မဂ္ဂင်မည်၏။ ဘိက္ခဝေ၊ ရဟန်း တို့။တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍သိအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ် သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော။ အယံခေါ သာ မဇ္ဈိမာပဋိပဒါ၊ ဤမဂ္ဂင် ရှစ်ပါး တည်းဟူသော အလယ် အလတ်ဖြစ် သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာ ငြိမ်းခြင်းတည်းဟူသော

သဥပါဒိသေသ နိဗ္ဗာန်အကျိုး၌။ အဘိညာယ၊ သစ္စာ ၄-ပါးကိုထူးသော ဉာဏ်ဖြင့် သိခြင်း၌။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါးကို ကောင်းစွာသိခြင်း၌။ နိဗ္ဗာနာယ၊ အနုပါဒိသေသနိဗ္ဗာန်အကျိုး၌။ သံဝတ္တတိ၊ ဖြစ်၏။

(၁၃၆) ၁၂-သန္တိရကို သုံးသပ်သည်ကစ၍ အရဟတ္တအထိ ရောက်ပုံ

မဟာရာဇ သင္ခါရေ ယထာသဘာဝံ သဘာဝ ဝသေန သမ္မသိတွာ အဂ္ဂဖလံ အရဟတ္တံ ပတ္တတ္တာ။ ။သတ္တနိပါတ် ဝိဇ္ဇာ ဝရဇာတ် အဋ္ဌကထာ၊ နံ။ (၂၉၁) ကြောင်း (၃၁) ၌-

မဟာရာဇ၊ မြတ်သောမင်းကြီး၊ သင္ခါရေ၊ ကံစိတ်ဥတု အာဟာရ ကြောင့်ဖြစ်သော သင်္ခါရဘို့ကို။ ယထာသဘာဝံ၊ သူ့ပင်ကိုယ် သဘော အတိုင်း။ သဘာဝဝသေန၊သဘော၏ အစွမ်းအားဖြင့်။သမ္မသိတွာ၊သုံးသပ်၍။ အဂ္ဂဖလံ၊ အမြတ်ဆုံးဖိုလ်ဟု ဆိုအပ်သော။ အရဟတ္တံ အရဟတ္တဖိုလ်သို့။ ပတ္တတ္တာ၊ ရောက်သည်၏ အဖြစ်ကြောင့်တည်း။ ။ဤ၌သည်း ပညာသာ ဦးစီးရှေ့သွားပြုနေပုံတည်း။

(၁၃၇) ၁၃-ဝိပဿနာ နိဗ္ဗာန်သို့ ကိုင်းရှိုင်း ညွတ်နေပုံ

ဝိပဿနာစိတ္တံ တန္နိန္နံ တပ္ပေါဏံ တပ္ပဗ္ဘာရံ ဟောတိ။ ။ သုတ်သီလက္ခန်အဋ္ဌကထာ။ နံပါတ်(၁၇၈)ကြောင်း(၁)၌၊

ဝိပဿနာစိတ္တံ၊ ဝိပဿနာစိတ်သည်။ ဝါ၊ ၃၉-ပါးသည်၊ တန္နိန္နံ၊ ထို နိဗ္ဗာန်ဆီသို့ညွတ်၏။ တပ္ပေါဏံ၊ ထိုနိဗ္ဗာန်ဆီသို့ကိုင်း၏။ တပ္ပဗ္ဘာရံ၊ ထို နိဗ္ဗာန်ဆီသို့ ရှိုင်း၏။ ။ဤလည်း ပညာရှေ့သွားပုံတည်း။

(၁၃၈) ၁၄-သမ္ပာဒိန္နပုရေဇဝံ။ ။သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။ သမထာနုတ်သားဝတ္ထု၌ လာရှိပုံတည်း။ ။သမ္ပာဒိန္န ပုရေဇဝံ၊ဝိပဿနာသမ္ပာဒိန္နသာလျှင် ရှေ့သွားရှိသော။ ဓမ္မံ၊ လောကုတ္တရာသမ္ပာဒိန္နကို။ သာရတိ၊ ရထားထိန်း ဟူ၍။အဟံ ငါဘုရားသည်။ ဖြူမိ၊ဟောတော်မူ၏။ ။ (ဝိပဿနာပညာရှေ့သွားမှ အမှန်ရပုံတည်း။)

(၁၃၉) ၁၅–သာသနာ့အဆီ၊ ဆဋ္ဌမတွဲမှ။ ။ပညဝါပိ ပုရိသော ဝိပဿနံ ဝဍ္ဎေတွာ အရိယမဂ္ဂင္ဂါရဲ့ ဝိဝရိတွာ အမတ နိဗ္ဗာနံ ပဝိသိဿတိ၊ သာဝကပါရမိဉာဏ ပစ္စေကဗောဓိဉာဏ သမ္မာသမ္ဗောဓိဉာဏ ပဋိဝိဇ္ဈိဿတိ။ အမတမဟာနိဗ္ဗာန သမ္ပါပကေ သုပတိ ဓမ္မေသု ပညာဝ သေဋ္ဌာ။အာဝသေသာ တဿ ပရိဝါရာ ဟောန္တိ။ ။သုတ္တနိပါတ် အဋ္ဌကထာ။

ပတိ၊ ဝိပဿနာ ဉာဏ်ပညာကား ရထား၏ ခေါင်းတွဲကြီးနှင့် တူပုံကို ပြဆိုဦးအံ့၊ ပညဝါ၊ ပညာရှိသော။ ပုရိသော၊ ယောက်ျားသည်။ ဝိပဿနံ၊ ဝိပဿနာတရားတော်ကို။ ဝဍ္ဎေတွာ၊ ပွါးများအားထုတ်၍။ အရိယမဂ္ဂင္ဂါရဲ့၊ အရိယာမဂ်တံခါးကို။ ဝိဝရိတွာ၊ ဖွင့်လှစ်၍။ အမတနိဗ္ဗာနံ၊ အမြိုက်ဆိုတဲ့ နိဗ္ဗာန်သို့။ပဝိသိဿတိ၊ဝင်ရလတ္တံ့။သာဝကပါရမိဉာဏ၊သာဝကပါရမီဉာဏ်ကိုရင်း။ ပစ္စေကဗောဓိဉာဏ၊ ပစ္စေကဗောဓိ ဉာဏ်ကိုရင်း။ သမ္မာသမ္ဗောဓိဉာဏ၊ သဗ္ဗညုတ ဉာဏ်တော်ကြီးကိုရင်း။ ပဋိဝိဇ္ဈိဿတိ၊ ထိုးထွင်း၍သိရလတ္တံ့။ ပတိသဒ္ဒေါ၊ မှန်၏။ အမတမဟာနိဗ္ဗာန သမ္ပါပကေသု၊ အမြိုက် နိဗ္ဗာန်ကြီးသို့ ရောက်စေတတ်ကုန်သော။ ဓမ္မေသု၊ ၃၇-ပါးသောတရားတို့တွင်။ ပညာဝ၊ ဝိပဿနာ ဉာဏ်ပညာ သည်သာလျှင်။ သေဋ္ဌာ၊ အကြီးဆုံး အမြတ်ဆုံး ပေတည်း။ အာဝသေသာ၊ ကြွင်းကျန်ကုန်သော(၃၅)မျိုးသောကုသိုလ်ကြီး တို့သည်။ တဿ၊ ထို ဝိပဿနာ ဉာဏ်ပညာ၏။ ပရိဝါရာ၊ အခြံအရံ နောက်လိုက်နောက်ပါတို့သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ဤကားအနက်။

ဝိပဿနာဟာ အားလုံး၏ခေါင်းတွဲကြီးဖြစ်ပုံ၊ ကုသိုလ်အားလုံးတို့၏ ဘုရင်ဖြစ်ပုံ၊ သခင်ဖြစ်ပုံတို့ကို သိကြပါတော့။ ။ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ဒိဋ္ဌမြင်ရန် ရှုကျင့် ကြံသော ဝိပဿနာ အလုပ် သည်ကား။ အကုသိုလ် ကိလေသာဝိပါက်တွေအနန္တ ရှိသမျှတို့ကို ဗျာပန်ဖြင့်ပြာချနိုင်သောကြောင့် အနုမြူဗုံး၊ ဟိုက်ဒရိုဂျင် ဗုံးကြီးဖြစ်၍ နေတော့၏။ ။တနည်း–ဝိပဿနာ အလုပ်သည်ကား၊ နိဗ္ဗာန်ရောက်ကြောင်း တရားတို့တွင် မဂ်တံခါးအဖွင့်+ အကျင့်တွင်အချုပ်ပါ+အလုပ်တွင်အသာပါ+ပါရမီတွင်အမြတ်ဆုံး+ဟူ၍ နှလုံးသွင်းပြီး တင်းတင်းကြီး ရှုပွါးကြကုန်ရာ၏။

ပါဠိနှင့်အနက်အတိုင်း အဓိပ္ပါယ်ပြန်ပုံကား။

(၁) အရိယာမဂ်တံခါးဖွင့်တာလဲ ဝိပဿနာပါဘဲ။ (၂) အမြိုက်နိဗ္ဗာန်သို့ ပို့တာလဲ ဝိပဿနာပါဘဲ။ (၃) သာဝကပါရမီဉာဏ်ကိုရတာလဲ ဝိပဿနာ

ပါဘဲ။ (၄) ပစ္စဝေက္ခဏာဉာဏ်ကိုရတာလဲ ဝိပဿနာပါဘဲ။ (၅) သစ္စာညာဏ်ကို ရတာလဲ ဝိပဿနာပါဘဲ။ (၆) နိဗ္ဗာန်ပေါက် တရားတို့တွင် အကြီးဆုံး၊ အသာဆုံး၊ အလွန်ဆုံး၊ အကဲဆုံး၊ အထွဋ်ဆုံး၊ အမြတ်ဆုံးဖြစ်ထာလဲ ဝိပဿနာပါဘဲ။ (၇) ဒါန၊ သီလ၊ သမထ စသော ကုသိုလ်ကြီး(၃၅)ပါး တို့သည် ဝိပဿနာ၏ အခြွေအရံ အခြံအရံ ငယ်သား နောက်လိုက် နောက်ပါမျှသာဖြစ်ကြရပါသည်။

(၁၄၀) ၁၆-ဒသနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်ကြီး၌

သမ္မာဒိဋ္ဌိကဿ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာ ကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာ သမာဓိတိ၊

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာဒိဋ္ဌိကဿ၊ သမ္မာဒိဋ္ဌိ ရသောပုဂ္ဂိုလ်အား။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပသည်၎င်း။ သမ္မာဝါစာ၊ သမ္မာဝါစာသည်၎င်း။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တသည်၎င်း။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝ သည်၎င်း။ သမ္မာ ဝါယာမော၊ သမ္မာ ဝါယာမ သည်၎င်း။ သမ္မာ သတိ၊ သမ္မာသတိသည်၎င်း။ သမ္မာသမာဓိ၊ သမ္မာသမာဓိသည်၎င်း။ ပဟောတိ၊ လုံလောက်တော့၏။ ။သမ္မာဒိဋ္ဌိကခေါင်းဆောင်လျှင် ကျန် ၇-ပါးလုံး ပါရှိလာရပုံကိုပြခဲ့ပါသည်။

(၁၄၁) ၁၇-နိဗ္ဗာနဂါမိနိယာ ပဋိပန္နဿ ယောဂိနော ဗဟုပကာ ရတ္တာ ပဉ္စမံ သမ္မာဒိဋ္ဌိ ဒေသိတာ။ ။(ဘိလက္ခန်မူလ ပဏ္ဏာသ၊အင်္ဂုတ္တိုရ်၊သံယုတ် စသော နိကာယ်ငါးကျမ်း အဋ္ဌကထာများဖွင့်ကြပုံ)

နိဗ္ဗာနဂါမိနိယာ၊ နိဗ္ဗာန်ကိုရခြင်းအကျိုး၌။ ပဋိပန္နဿ၊ ကျင့်ကြံသော။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်အား။ ဗဟုပကာရတ္တာ၊ လွန်စွာပင်အကျိုးများခြင်းကြောင့်။ ပဉ္စမံ၊ ရှေးဦးစွာ။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိပညာကို။ ဒေသိတာ၊ ဟောကြားတော်မူအပ်၏။

ပြခဲ့ပြီးသော ပါဠိတော် အဋ္ဌကထာတို့နှင့်အညီ ထုသိုလ်ကောင်းမှုအရာ၌ ပညာရှေ့မသွားက တရားလဲမှား၊ပုဂ္ဂိုလ်လဲမှား၍(တရားမှန်နှင့်ပုဂ္ဂိုလ်မှန်) ကို ဝေဘန်၍ မသိနိုင်သဖြင့် တရားစစ်၊ တရားမှန်သို့မရောက်နိုင်၊ တရားမှန်ကို မကျင့်လျှင်လည်း ဝိဇ္ဇာဓာတ်တော်လာ ရသေ့ဆရာ ၄-ဦး၏ တပည့်တကာသေးယောက်တို့ကဲ့သို့ ဆည်းပူးအားထုတ် ပြုလုပ်ကျင့်ကြံမှုများသည်၊ အမှန်သို့မသွားတော့ဘဲ အမှားသို့သာ သက်ဝင်ရောက်ပြန်တတ်လေသည်။ အမှားဘက်သို့သာ သက်ဝင် ရောက်ပြန်ကလည်း ၅င် တထောင်တို့ကျင့်ကြံသော အတ္တကိလမထာနုယောဂ။ အဂ္ဂိဒတ္တတို့ကျင့်ကြံသော မိစ္ဆာနုသထ တရားတို့သာလျှင် ဖြစ်ကြရကုန်သဖြင့် မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝစသော မိစ္ဆာမဂ္ဂင်သာ ဖြစ်သဖြင့် ကိုယ်ကျိုးကြီးနဲ့ကြရလိမ့်မည်ကို စိုးရိမ်တော်မူလွန်းအားကြီးလှသဖြင့် ဗုဒ္ဓတွန့်တင်၊ ဘုရားရှင်က မဂ္ဂင်၅စ်ဖြာ၊ ဒေသနာတွင်၊ သမ္မာဒိဋ္ဌိကို ခေါင်းတွဲကြီး ပြု၍၊ ရှေ့သွားတင်ကာ ဟောကြားရပါသတည်း။

(၁၄၂) ၁၈–သဗ္ဗကုသလာနံ သမ္မာဒိဋ္ဌိ သေဋ္ဌာ။ ကုသလဝါရေစ ပုဗ္ဗင်္ဂမာ တပ္ပဘာဝါဘိနိဗ္ဗတ္တာနိ သေသင်္ဂါနိ။ ။ (ဓမ္မဒါယာဒသုတ်အဋ္ဌကထာ၊)

သဗ္ဗကုသလာနံ၊ အလုံးစုံသော ကုသိုလ်တို့တွင်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိမဂ္ဂင်သည်။ သေဋ္ဌာ၊ ကြယ်တာရာတို့အလယ်တွင် လမင်းကြီး တင့်တယ်သကဲ့သို့ အမြတ်ဆုံးပါပေတည်း။ ကုသလဝါရေစ၊ ကုသိုလ်အရာ ဟူသမျှ၌လည်း။ပုဗ္ဗင်္ဂမာ၊ ရှေ့သွားပင်တည်း။သေသင်္ဂါနိ၊ ကြွင်းသောမဂ္ဂင် ၇-ပါးတို့သည်။ တပ္ပဘာဝါဘိနိဗ္ဗတ္တာနိ၊ ထိုသမ္မာဒိဋ္ဌိ မဂ္ဂင်သာလျှင် အမွန် ဖြစ်ကြကုန်၏။ ။သမ္မာဒိဋ္ဌိဖြစ်လျှင် သမ္မာသင်္ကပ္ပ စသော ၇-ပါး တို့လည်း ဖြစ်ပေါ်၍၊ နောက်လိုက်နောက်ပါ ခြံရံလာရတော့သည်။

(၁၄၃) ၁၉–ပညတ္တရာဟိ ကုသလာဓမ္မာ၊ ပညာယစ သိဒ္ဓါယ သဒ္ဓေ အနဝဇ္ဇဓမ္မာ သိဒ္ဓါဝ ဟောန္တိ။ ။(ဓမ္မဒါယာဒသုတ် အဋ္ဌကထာ။)

ဟိသစ္စံ၊ သမ္မာဒိဋ္ဌိရမှ အားလုံးမှန်ကန်နိုင်သည် ဆိုသော စကားသည် ဟုတ်မှန် ဟုပေ၏။ ကုသလာဓမ္မာ၊ ကုသိုလ် တရား အားလုံး တို့သည်။

ပညတ္တိရာ၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဟူသော ပညာတရားသာလျှင် ရှေ့သွား အစွန်အဖျားဖြစ်ကုန်၏။ ပညာယ၊ သမ္မာဒိဋ္ဌိဆိုတဲ့ ပညာသည်။ သိဒ္ဓါယ၊ အမှန်တိုင်ရောက်၊ အပြီးမြောက်ခဲ့သည့်ရှိသော်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အနဝဇ္ဇဓမ္မာ၊ အပြစ်မရှိကုန်သော တရားတို့သည်။ သိဒ္ဓါ ဧဝ၊ စိတ်၌ရွယ်ကိုး အကျိုးပြီးခိုင်၊ အပြီးတိုင်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ရကုန်တော့၏။

(၁၄၄) ၂၀- ခါတ်လေးပါးကို တွေ့ရလျှင်ပင် မဂ္ဂင်ဖြစ်တော့၏၊ ၎င်းမဂ္ဂင်ကပင် မဂ်ဝင်, ဖိုလ်ဝင်, နိဗ္ဗာန်ဝင်ဖြစ်စေနိုင်၏။ ။သမ္မာဒိဋ္ဌိကဿ တိဏ္ဍဝေ သမ္မာသင်္ကပ္ပေါ ပဟောတိ၊ စသည်ဖြင့် မဟာဝဂ္ဂသံယုတ် ပါဠိတော်၌ ဟောတော်မူပါသည်။ ဒသနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်၌လည်း ဤအတူပင်။

တိဏ္ဍဝေ၊ ချစ်သားတို့။ သမ္မာဒိဋ္ဌိကဿ၊ သမ္မာဒိဋ္ဌိဉာဏ်ကို ရသော ပုဂ္ဂိုလ်အား။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပမဂ္ဂင်သည်။ ပဟောတိ၊ လုံလောက်တော့၏။ ။ခေါင်းတွဲက ဆွဲခေါ်၍သွားလျှင် နောက်ပါ ကုန်တွဲလူစီးတွဲ ဂတ်တဲ့များစွာ ပါရသကဲ့သို့၊ သမ္မာဒိဋ္ဌိရလျှင် ၇-ပါးလည်း နောက်လိုက်နောက်ပါ အခြံအရံအဖြစ်ဖြင့် ပါရှိလုံလောက်၍နေတော့သည်။

ဆိုလိုရင်းကား၊ (၁) အမှန်ကိုသိလျှင် (၂) အမှန်ကိုကြံစည်သည်။ (၃) အမှန်ကိုပြောသည်။ (၄) အမှန်ကိုပြုသည်။ (၅) မှန်စွာအသက်မွေးသည်။ (၆) မှန်စွာအားထုတ်သည်၊ (၇) မှန်စွာသတိထားသည်၊ (၈) မှန်စွာတည်ကြည်သည်၊ ဒါလိုတွဲစပ်၍နေပါသည်။

(၁၄၅) ၂၀- ဈာနံကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ။ ။သံယုတ်ပါဠိတော်။ ။ဈာနံကမ္မံ၊ ဤ မဂ္ဂင်ရှစ်ပါးဆိုတဲ့ကံမျိုးသည်။ ကမ္မက္ခယာယ၊ အကုသိုလ်ကံ၊ ကာမကုသိုလ်ကံ ရူပ၊ ကုသိုလ်ကံ၊ အရူပကုသိုလ်ကံ ၄-မျိုးတို့၏ အဆင့်ဆင့် ကုန်ခန်းစေခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်ရလေ၏။

မဂ္ဂင်ရှစ်ပါးကံရလျှင် အကုသိုလ်ကံတွေ၊ ကာမကုသိုလ်ကံတွေ၊ ရူပကုသိုလ်ကံတွေ၊ အရူပကုသိုလ်ကံတွေ၊ သောတာပန်၌ချုပ် သကဒါဂါမိ၌ချုပ်၊ အနာဂါမိ၌ချုပ်၊ အရဟတ္တမဂ်၌ချုပ်ရကုန်၏။

(၁၄၆) ၂၂- သေယျထာပိ ဘိက္ခဝေ သူရိယဿ ဥဒယတော ဧတံ ပုဗ္ဗင်္ဂမံ၊ ဧတံပုဗ္ဗနိမိတ္တံ၊ ယဒိဒံ အရုဏုဂ္ဂမနံ။ ဧဝ မေဝခေါ ဘိက္ခဝေ အရိယဿ အဋ္ဌင်္ဂိကဿ မဂ္ဂဿ ဥပ္ပါဒါယ ဧတံပုဗ္ဗင်္ဂမံ ဧတံပုဗ္ဗနိမိတ္တံ၊ ယဒိဒံ သမ္မာဒိဋ္ဌိ။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊နံ (၁၉) ကြောင်း (၂၂) ဒသနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၊ နံ(၃၉၈) ကြောင်း (၂၅) စတုဂီရိရှုဘွယ်၊ တတိယတွဲ၊ ဓမ္မောသဓကျမ်း နံ (၁၁၄) ကြောင်း (၁၅) ၌ပါရှိပုံတည်း။

ဥပမာ၊ နေထွက်ခါနီးလျှင် အရုဏ်နိမိတ်များ ပေါ်လာရသကဲ့သို့၊ မဂ်ဖိုလ်ရခါနီးလို့ မဂ္ဂင်၈ပါးပေါ်လာရပါသည်။ မဂ္ဂင်၈ပါးကား၊ မဂ်ရတို့ အာရုံနိမိတ်ရှေ့ပြေးတည်း။

ဘိက္ခဝေ၊ ချစ်သားတို့။ သေယျထာပိ၊ ဥပမာ မည်သည်ကား၊ ဥဒယတော၊ တက်လာသော၊ သူရိယဿ၊ နေမင်း၏။ ယဒိဒံအရုဏုဂ္ဂမနံ၊ အကြင် အရုဏ်တက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤအရုဏ်တက်ခြင်းသည်။ ဥဒယတော၊ တက်၍လာသော။ သူရိယဿ၊ နေမင်း၏။ ပုဗ္ဗင်္ဂမံ၊ ရှေ့သွားတည်း။ ဧတံ၊ဤအရုဏ်တက်ခြင်းသည် ပုဗ္ဗနိမိတ္တံ၊ ရှေ့ပြေးနိမိတ်ပင်တည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ ယဒိဒံ သမ္မာဒိဋ္ဌိ၊ အကြင်သမ္မာဒိဋ္ဌိသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသမ္မာဒိဋ္ဌိသည်။ အရိယဿ၊ မြင့်မြတ်သော။အဋ္ဌင်္ဂိကဿ၊အင်္ဂါ၈ပါးနှင့်ပြည့်စုံသော၊မဂ္ဂဿ၊မဂ်တရား၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာခြင်း၌။ ပုဗ္ဗင်္ဂမံ၊ ရှေ့သွားတည်း။ ဧတံ၊ ဤသမ္မာဒိဋ္ဌိသည်၊မဂ္ဂဿ၊ မဂ်တရား၏။ ပုဗ္ဗနိမိတ္တံ၊ ရှေ့ပြေးနိမိတ်သာတည်း။

(၁၄၇) ၂၃- ပုနစပရံ ဘိက္ခဝေ ဘိက္ခု ယာယံဒိဋ္ဌိ အရိယာ နိယျာ နိကာ နိယျာတိ၊ တက္ကရဿ သမ္မာ ဒုက္ခက္ခယာယ။ (ဆက္ကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်၊ ပါထေယျ ပါဠိတော် သင်္ဂီတိ ဥင်းသုတ် ဒသုတ္တရ သုတ်တော်၊ မဇ္ဈိမနိကာယ်အဝင်၊ မူလပဏ္ဏာသ၊ ကောသမ္ဗကသုတ်၊ မဇ္ဈိမပဏ္ဏာသ သာမဂါမသုတ်၊အင်္ဂုတ္တရ ဆက္ကနိပါတ်

သုတ်၊ ဝိနည်းပရိဝါပါဠိတော်နှင့် မဟာပရိနိဗ္ဗာနသုတ်
များ၌တွေ့ရပါသည်။)

ဘိက္ခဝေ၊ ချစ်သားတို့။ ပုန စ၊ တဖန်လည်း။အပရံ၊ တပါးတုံ။ယာယံဒိဋ္ဌိ၊ အကြင်ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိသည်။အရိယာ၊အရိယာအဖြစ်ကိုပြုတတ်၏။ နိယျာနိကာ၊ သံသရာဝဋ်ဆင်းရဲမှထွက်မြောက်စေတတ်၏။တက္ကရဿ၊ ထိုသမ္မာဒိဋ္ဌိကို ပြု၍နေသော ပုဂ္ဂိုလ်အား။ သမ္မာ၊ ကောင်းမွန်စွာ။ ဒုက္ခက္ခယာယ၊ ဒုက္ခအားလုံးကုန်ခန်းစေခြင်းငှါ။ နိယျာတိ၊ ထုတ်ဆောင်တတ်ပေ၏။ ။ဝိပဿနာ သမ္မာ ဒိဋ္ဌိပညာ၊ မဂ္ဂ သမ္မာ ဒိဋ္ဌိပညာသည်၊ အရိယာဖြစ်အောင်လဲ တတ်နိုင်၏။ သံသရာ ဝဋ်ဆင်းရဲမှလဲ ထွက်မြောက်စေနိုင်၏။ သူ့ကိုပြုသဖြင့်လည်း ဒုက္ခအားလုံးတို့ ကုန်ခန်းစေ၍၊ ပုထုဇဉ်နယ်မှ ထုတ်ဆောင်နိုင်ပေ၏။ ဤ (၂၃) ပုဒ်သော ပါဠိတို့ဖြင့် ခိုင်လုံတောင့်တင်းယုံကြည်လေးနက်အောင်ပြသဖြင့်။ ဘယ်ကုသိုလ်မဆို ပညာရှေ့သွားမှ၊ ပညာပုဗ္ဗင်္ဂမဖြစ်မှ၊ နိဗ္ဗာန်ရောက်နိုင်သည်ဖြစ်၍—

ဒါနကုသိုလ်အမျိုးမျိုးလုပ်လျှင်၊ ဝိပဿနာပညာဦးစီး၍ပြုကြပါကုန်။
သီလကုသိုလ်အမျိုးမျိုးလုပ်လျှင်၊ ဝိပဿနာပညာ ဦးစီး၍ပြုကြပါကုန်။
သမထကုသိုလ်အမျိုးမျိုးလုပ်လျှင် ဝိပဿနာပညာဦးစီး၍ပြုကြပါကုန်။
(ဒါ-သီ-ထ-ဝိ) ၄-ဘက် ၄-တန်စုံမှသာ မဂ်ဖိုလ် နိဗ္ဗာန် ရောက်နိုင်ပါသည်။

(၁၄၈) ၂၄—ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော၊ အရိယာယ နိဗ္ဗေဓိကာယ သမ္မာဒုက္ခက္ခယ ဂါမိနိယာ။ ။(ပဉ္စကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်။)

ပညဝါ၊ ပညာရှိသည်။ဟောတိ၊ ဖြစ်၏။ ဥဒယတ္ထဂါမိနိယာ၊ အဖြစ်အပျက်ကိုမြင်နိုင်သော။ ပညာယ၊ ပညာနှင့်။သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ဖြစ်၏။ အရိယာယ၊မြတ်သော။ ဝါ၊ ဖြူစင်သော။ နိဗ္ဗေဓိကာယ၊ လောဘ၊ဒေါသ၊ မောဟ၊ကိလေသာအထုကို ဖေါက်ခွဲ ဖြိုဖျက်နိုင်သော၊ သမ္မာ၊ကောင်းစွာ။ ဒုက္ခက္ခယဂါမိနိယာ၊ ဒုက္ခအပေါင်းတို့ကုန်ခန်းခြင်းသို့ ရောက်စေနိုင်သောပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ။ဝိပဿနာကဲ့သို့အထက်ပညာများသည် ဒုက္ခအပေါင်းကိုကုန်ခန်းချုပ်ပျောက်စေနိုင်ပါတယ်တဲ့။

(၁၄၉) ၂၅–ဝိပဿနာသမ္မာဒိဋ္ဌိ ပဋိသန္ဓိံ နာကဍ္ဎတိ (လ) သတ္တဘဝေ ဒေတိ။ ။(ဧကကနိပါတ် အင်္ဂုတ္တိုရ် အဋ္ဌကထာ။)
ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိသည်။ပဋိသန္ဓိံ၊ ပဋိသန္ဓေကို၊ နာကဍ္ဎတိ၊ မငင်နိုင်။ (လ) သတ္တဘဝေ၊ ခုနစ်ဘဝ၌။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို၊ ဒေတိ၊ ပေးစွမ်းနိုင်၏။

(၁၅၀) ၂၆–ကတမောစခေါ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ၊ ဝိပဿနာ အယံဝုစ္စတိ အသင်္ခတ ဂါမိမဂ္ဂေါတိ။ ။ (အသင်္ခတ သံယုတ်ပါဠိတော်။)

ဘိက္ခဝေ၊ ချစ်သားတို့။ အသင်္ခတဂါမိမဂ္ဂေါ၊ နိဗ္ဗာန်ခရီး လမ်းမကြီးသည်၊ ဝါ၊ နိဗ္ဗာန်သို့သွားရာဖြစ်သော လမ်းမကြီးသည်။ ကတမော၊ အဘယ်တရားပါနည်း။ အယံဝိပဿနာ၊ ဤဝိပဿနာ ဉာဏ်ပညာကို၊ အသင်္ခတဂါမိမဂ္ဂေါတိ၊ နိဗ္ဗာန်ခရီးလမ်းမကြီးဟူ၍၊ ဝါ၊ နိဗ္ဗာန်သို့သွားရာ ဖြစ်သော လမ်းမကြီးဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်ပါသတည်း။ ။နိဗ္ဗာန်သို့၊မဂ်သို့ ဖိုလ်သို့သွားချင်ရောက်ချင်ပါလျှင် ဝိပဿနာဉာဏ်စဉ်ဆိုတဲ့ ပညာလမ်းမကြီးပေါ် က-လျှောက်၍သွားကြပါတဲ့။ ဝိပဿနာပညာမပါလျှင် မဂ်ဖိုလ် နိဗ္ဗာန်သို့ မရောက်နိုင်သေးပါ။ ဆိုလိုရင်းမှာ ဒါနနှင့် ဝိပဿနာတွဲလျှင် သီလနှင့်ဝိပဿနာတွဲလျှင် သမထနှင့်ဝိပဿနာတွဲလျှင် ရောက်ပါရောဟု၊ တိုတိုထုတ်ထုတ် လိုရင်းချုပ်မှတ်ပါ။

(၁၅၁) ၂၇–ဝိပဿနာတိ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ သာဝကာနံ မဂ္ဂေါ။ ။ (မဟာနိဒ္ဒေသအဋ္ဌကထာ။)

ဝိပဿနာတိ၊ ဝိပဿနာ ဉာဏ်ပညာ ဆိုသည်ကား။ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ သာဝကာနံ၊ဘုရား,ပစ္စေကဗုဒ္ဓါ သာဝကတို့၏၊ မဂ္ဂေါ၊ သွားရာ လမ်းခရီး ပင်တည်း။ ။အထောက်အထား အကိုးသာဓကကား များစွာရှိသေး၏။ ဤမျှလောက်၊ (၂၇)မျိုး မြင်ရုံနှင့် ယုံကြည်လောက်ပြီဟု သဘောထား ရှိရကား-ဤမျှနှင့်ပင် တစခန်းရပ်နားလိုက်ရပါသည်။

ပညာသာ ရွှေသွားပုံနှိပ်တိုက်။ ၁၆။ ၅။ ၃။ (ဂ) မိုင် ရန်ကုန်။

## (၁၅၂) တိဟိတ် ဟုတ်မဟုတ် မှန်းဆကြပုံ

ယခုလောက၌ရှိနေကြသော လူများသည်၊ ဤသူကား တိဟိတ်တည်း။ ဤသူကား ဒွိဟိတ်တည်းဟူ၍ အကဲခပ်ကြကုန်၏။ အချို့ကား ဉာဏ်ပညာကြီးလျှင် တိဟိတ်တည်း၊ ဉာဏ်ပညာငယ်လျှင် ဒွိဟိတ်တည်းဟူ၍ အမှတ်ပြုကြကုန်၏။ (၁) ရှင်ဥပနန္ဒမထေရ်မြတ်သည်၊ တိဟိတ်ပုထုဇဉ် ဖြစ်စဉ်က ဂါထာ တပုဒ်ကိုပင် လေးလသင်၍ မရနိုင်ပါ။ မြတ်စွာဘုရားနှင့် တွေ့မှ ပဝါစဖြင့် ပရိကမ္မပြုရာ အဘိညာဉ် သမာပတ် ပဋိသမ္ဘိဒါပတ္တ အထိ ရောက်၍ ရဟန္တာဖြစ်ရပါသည်။ ဉာဏ်လေးရုံမျှနှင့် တိဟိတ် မဟုတ်ဟု မဆိုရပါ။ (၂) လူအိုသင်ရုံမျှဖြင့် တိဟိတ်မဟုတ်ဟု မဆိုရပါ။ အရှင်အင်္ဂုလိမာလသည်၊ လူပေါင်းတထောင်ကျော်သတ်ပြီးမှ နောက်၌ ရဟန္တာဖြစ်ပါသည်။(၃)တိရစ္ဆာန်များကိုသတ်ရုံနှင့် တိဟိတ်မဟုတ်ဟုမဆိုရပါ။ ကုက္ကုဋမိတ္တ မုဆိုးနှင့်တကွ သားမုဆိုး ၇-ယောက်၊ ချွေးမ ၇-ယောက်တို့သည်၊ သောတာပန်တည်ကြကုန်သေး၏။ (၄) သေသောက်ကြူးရုံနှင့် တိဟိတ်မဟုတ်ဟု မဆိုရပါ။ သန္တတိ အမတ်ကြီးသည်၊ အဘိညာဉ်ရ၊ ရဟန္တာဖြစ်ရပါသေး၏။ (၅) သူခိုးခါးပြပြုလုပ်ရုံမျှဖြင့် တိဟိတ်မဟုတ်ဟု မဆိုရပါ။ သံကိစ္စသာမဏေ၏ တပည့်ဖြစ်သော ခိုးသား ၇၀၀-၅၀၀ တို့သည်၊ ရဟန္တာပင် ဖြစ်ကြရကုန်သေး၏။ (၆) အဝတ်မဝတ်ဘဲ တိတ္ထိအကျင့်ကိုကျင့်၍ (၁၅) နှစ်ကာလပတ်လုံး ကျင်ကြီးကို စား၍နေရုံမျှဖြင့် တိဟိတ်မဟုတ်ဟု မဆိုရပါ။ ဇမ္ဗုကသည်၊ ရဟန္တာ ဖြစ်ရပါသေး၏။ (၇)ရူး၍နေရုံမျှဖြင့် တိဟိတ်မဟုတ်ဟုမဆိုရပါ။ ပဋာစာရီသည်၊ ရဟန္တာပင်ဖြစ်ရသေး၏။ (၈) ပြည့်တန်ဆာမပြုလုပ်နေရုံမျှဖြင့် တိဟိတ်မဟုတ်ဟု မဆိုရပါ။ သိရိမာ၊ သုလသာ၊ အဍ္ဍကာသိ သုံးဦးတို့သည်၊ နောက်၌ ရဟန္တာမပင်ဖြစ်ကြရကုန်သေး၏။ (၉) ကုဋ္ဋနုနာဝွဲကပ်နေရုံမျှဖြင့် တိဟိတ်မဟုတ်ဟုမဆိုရပါ။ သုပ္ပဗုဒ္ဓ လူနူကြီးသည်၊ နောက်၌ သောတာပန်တည်သေး၏။ (၁၀) တကိုယ်လုံးအနာရောဂါရ၍နေရုံမျှဖြင့် တိဟိတ်မဟုတ်ဟု မဆိုရပါ။ ပုတိဂတ္တ မထေရ်သည်၊ နောက်၌ ရဟန္တာပင် ဖြစ်ရသေး၏။ ထို့ကြောင့် ပုံသဏ္ဍာန်ကိုစွဲ၍၎င်း၊ အမူအကျင့်ကိုစွဲ၍၎င်း တိဟိတ်မဟုတ်ပါဘူး၊ ဒွိဟိတ်ပါဘဲဟု အလွဲလွဲ အမှားမှား မမှတ်အပ်ပါ။ (ဒါန-သီလ-သမထ-ဝိပဿနာ) ဆိုတာ လုပ်ရမှာချည်းဘဲ၊ မလုပ်ဘဲ နေလို့ မရပါ။ ပါးတို့, နွားတို့တောင် အားထုတ်က၊ ၂-ဘဝ၊ ၃-ဘဝနှင့် သောတာပန်

ဖြစ်ရသေးတာဘဲ၊ အပါယ်ဖြစ်စေ သုဂတိအပါယ်ဖြစ်စေ ဒွိဟိတ်ဖြစ်စေ တိဟိတ် ဖြစ်စေ၊ ကျင့်မှ ရမှာချည်းဘဲ၊ ကျင့်တဲ့သူသာ ကိုယ့်တာဝန်ပါ။ ကျင့်လျှင် လောကီကျိုးရော လောကုတ္တရာကျိုးရော ၂-ခွယ်ရမှာချည်းဘဲ၊ ယခုဘဝ မရလျှင် ဒီဇာတော့ ရမှာဘဲ၊ နောက်ဘဝ သေတာပန်ဘဲဟု မိတ်ချပါ။

## (၁၅၃) သာသနာပ၌ပင် တိဟိတ်ပေါ်များပုံ သာဓကခံ

သာသနာပ၌ ဖြစ်စေ၊ သာသနာတွင်း၌ ဖြစ်စေ ဈာန်ရလျှင် တိဟိတ် ပါဘဲ၊ ဗြဟ္မာ့ဘုံသို့ရောက်လျှင် တိဟိတ်ပါဘဲဟုသိကြပါ။ မဂ်ဖိုလ်ရလျှင် တိဟိတ်ပါဘဲ၊ အဲဒါ အကြမ်းဆုံး မှတ်နည်းပါဘဲ။ ဟတ္ထိပါလဇာတ် အဋ္ဌကထာ၊ နံ(၅၀၅)၌၊ ၇-ဘိုင်းပြည့်ရှိလူများတောထွက်ရာ၊ အလျား ၃၆-ယူဇနာ၊ အနံ ၁၅-ယူဇနာရှိ တောအပြည့် လူအားလုံးပင် တိဟိတ်ဖြစ်၍ ဈာန်ရကြပြီးလျှင် ဗြဟ္မာ့ပြည်သို့ရောက်ကြကုန်၏၊ သာသနာပ၌ တိဟိတ် ပေါ်များပုံတည်း။(၂)တေမိယဇာတ်အဋ္ဌကထာ။ နံ(၅၀)၌ ၅၈ပြည်ထောင် များတောထွက်ကြရာ၊ ၃-ယူဇနာ အပြည့်ရှိသောလူများသည် ဈာန်ရ၍ ဗြဟ္မာ့ပြည်သို့ရောက်ကြပါသည်၊ (၃)သရဘင်္ဂဇာတ်၌ စုစုပေါင်းယူဇနာ ၃၀၀-ရှိ တောအပြည့် လူများသည် တိဟိတ်ဖြစ်၍ ဈာန်ရပြီး ဗြဟ္မာ့ ပြည်သို့ ရောက်ကြ ပါသည်။ (၄) အယောဃရ ဇာတ်တော်၌ အလျား ၁၂-ယူဇနာ၊ အနံ ၇-ယူဇနာရှိသော တောအပြည့်လူများ တိဟိတ်ဖြစ်၍ ဈာန်ရပြီး ဗြဟ္မာ့ပြည်သို့ ရောက်ကြပါသည်၊(၅)မဟာဂေါဝိန္ဒသုတ်တော်၌ ဇမ္ဗူဒီပါကျွန်း ၇-ပုံ ပုံ၍ ၆-ပုံသောလူများသည်၊ တိဟိတ်ဖြစ်၍ဈာန်ရပြီး ဗြဟ္မာ့ပြည်သို့ ရောက်ကြ ပါသည်။ (၆) ရုက္ခသုတသောမဇာတ်၌ ယူဇနာ ၃၀-အပြည့်လူများ တိဟိတ်ဖြစ်၍ ဈာန်ရပြီး ဗြဟ္မာ့ပြည်သို့ ရောက်ကြ ပါသည်၊ ဤကား သာသနာပ ခေတ်၌ပင် အစုနှင့် အရုံးနှင့် အအုပ်နှင့် အစည်းနှင့် စုစုပြီး တိဟိတ်ပေါ်များနေပုံ ယုံကြည်ရန်တည်း။

## (၁၅၄) သာသနာတွင်း၌ တိဟိတ်ပေါ်များပုံ သာဓကခံ

(၁) ပဉ္စဝဂ္ဂီငါးယောက်တစု၊ တိဟိတ်ချည်း မဂ်ဖိုလ် ရကြပါသည်၊ ဒွိဟိတ်မရောပါ။ (၂)ဘဒ္ဒဝဂ္ဂီသုံးကျိပ်တို့ ရဟန္တာဖြစ်ကြပါသည်။ ဒွိဟိတ် မရောပါ။ (၃) ယသဝဂ္ဂီ ၅၅-ဦးတို့ မဂ်ဖိုလ်ရကြသည်၊ ဒွိဟိတ်မရောပါ။

(၄) ရှင်တထောင်တို့ ရဟန္တာ ဖြစ်ကြပါသည်။ (၅) ရာဇဂြိုဟ်ပြည်သို့ ဝင်စဉ် ဗိမ္ဗိသာရမင်းနှင့်တကွ တသိန်းတသောင်းတို့ မဂ်ဖိုလ်ရကြပါသည်။ တိပိဋက်ချည်းပင်။ (၆) ကပိလဝတ်ပြည်မှ ကာဠုဒါယီ စသော တသောင်းတို့ ရဟန္တာ ဖြစ်ကြပါသည်။ (၇) သာဝတ္ထိပြည်၌ လူပေါင်း ၇-ကုဋေရှိရာ၊ ၄ါးကုဋေ မဂ်ဖိုလ်ရကြပါသည်။ (၈) နာဠိကရွာ၌ အားလုံး မဂ်ဖိုလ်ရကြ ပါသည်။ (၉) သာဝတ္ထိပြည်၊ ပြာဋိဟာပွဲ၌ ၃၂-ယူဇနာ အပြည့် လူပုဂ္ဂိုလ်ကြီးတို့ မဂ်ဖိုလ်ရကြပါသည်။ (၁၀) သင်္ကဿနဂိုရ်ပြည် တာဝတိံသာမှ ဆင်းပွဲ၌ ၃၂—ယူဇနာရှိ လူပုဂ္ဂိုလ်ကြီးတို့ မဂ်ဖိုလ် ရကြ ပါသည်။ (၁၁) ဇာဝရီ ချွတ်ခန်း၌ တသောင်း၄ါးထောင် မဂ်ဖိုလ် ရကြပါသည်။ (၁၂) သေလချွတ်ခန်း၌ သုံးရာ။ (၁၃) ကပိလဝတ်ပြည်၊ ကောလိယပြည်၊ ဒေဝဒဟပြည်၊ သာကီဝင်မင်းမျိုးတို့နေရာတိုင်းပြည်၌ မဂ်ဖိုလ်ရကြ၍ ယခု အမျိုးအနွယ်ပင် အဆက်ပြတ်ခဲ့လေပြီ။ (၁၄) အရှင်နာဂသိန်တို့ ခေတ်၌ ရဟန္တာ ချည်းသက်သက် ကုဋေ တရာကျော် ရှိ၍ သောဘာပန်, သကဒါဂါမ်, အနာဂါမ်တို့ မရေနိုင် အသင်္ချေပင်ဖြစ်ကြပါသည်။ (၁၅) သိရိဓမ္မာသောကမင်း၊ အရှင်မောဂ္ဂလိပုတ္တတိဿတို့ လက်ထက်၌၊ အရိယာ ခြောက်သိန်းကျော်ရှိပါသတဲ့။ (၁၆) ဒုဋ္ဌဂါမဏိမင်းလက်ထက်၌၊ မဟာစေတီတည်ရာဝယ်၊ အရိယာများ တသင်္ချေမျှလာကြပါသတဲ့။ (၁၇) သီဟိုဠ်ကျွန်း၌ ပုထုဇဉ်ရှာ၍မရသော ခေတ်ကြီး ကြုံဘူးပါပြီတဲ့။ (၁၈) ကသ္မီရဂန္ဓာရတိုင်း၌၊ ပဌမ(၅၀၀)နောက်(၈၄၀၀၀)မဂ်ဖိုလ်ရကြ၏။ (၁၉) မဟိံသကတိုင်း၌ ၄-သောင်း မဂ်ဖိုလ်ရကြ၏။ (၂၀) ဝနဝါသီတိုင်း၌၊ ခြောက်သောင်း။ (၂၁) အပရန္တတိုင်း၌ (၇၀၀၀၀) (၂၂) မဟာရဋ္ဌတိုင်း၌ (၈၄၀၀၀)။ (၂၃) ယောနကတိုင်း၌ (၇၀၀၀၀)။ (၂၄) ဟိမဝန္တာအရပ်၌ (၈၄၀၀၀)။ (၂၅) သုဝဏ္ဏဘူမိတိုင်း၌ ခြောက်သောင်း။ (၂၆) ဒေဝါနံပိယတိဿမင်း လက်ထက် မဟိန္ဒမဟာထေရ် ပဌမ တရားဟောရာတွင် (၄၀၀၀၀)၊ ဒုတိယအကြိမ် သမစိတ္တသုတ်ကိုဟောရာ၌ နတ်ဗြဟ္မာချည်း သက်သက် အသင်္ချေ၊ တတိယအကြိမ်၌ ပေတဝတ္ထု, ဝိမာနဝတ္ထု၊ သစ္စသံယုတ် ဟောရာ၌ ၄ါးရာ၊ စတုတ္ထအကြိမ် ဒေဝဒူတ သုတ်ကို ဟောရာ တထောင်မျှ၊ ပဉ္စမ အာသိဝိသောပမသုတ်ကိုဟောရာ တထောင်မျှ။ ဆဋ္ဌမ အဂ္ဂိခန္ဓသုတ်ကိုဟောရာ တသောင်း မဂ်ဖိုလ် ရကြကုန်၏။ (၂၇) ဓမ္မပဒဝတ္ထုတိုင်း မဂ်ဖိုလ် ရ[illegible]သည့်ကား မရေနိုင်ပြီ။ ([illegible]၈) ၅၅၀-ဇာတ်ကို ဟောရာ၌ မဂ်ဖိုလ် ရကြသည်မှာ မရေတွက်နိုင်[illegible]။ (၂၉) မဟာကပ္ပိန္န

မင်းနှင့် အနော်ဇာ မိဖုရားတို့တစု၊ လူပေါင်း ၂-ထောင်ကျော် မဂ်ဖိုလ် ရကြပါသည်။ (၃၀) သံကိစ္စသာမထေရ်၏ ဟောပြောချက်ကြောင့် ပဌမ ခိုးသား (၆၀၀) ဒုတိယ (၅၀၀) ရဟန္တာ ဖြစ်ကြသည်။ (၃၁) အသန္ဓိ မိတ္တာ အမှူးရှိသော မိဖုရား (၇၀၀) မဂ်ဖိုလ် ရကြ၏။ (၃၂) ကျွန်မ ခုဇ္ဇုတ္တရာဟောပြောချက်ကြောင့်၊ သာမာဝတီ အမှူးရှိသော မိဖုရား(၅၀၀) မဂ်ဖိုလ်ရကြ၏။(၃၃) သာဝတ္ထိပြည်၊ ကဏ္ဍမ္ဗမူလပြာဋိဟာပွဲ၌၊ ကုဋေ(၂၀) မဂ်ဖိုလ်ရကြ၏၊ (၃၄) မဟာမင်္ဂလသုတ်အဆုံး၌ ကုဋေ (၂၀) မဂ်ဖိုလ် ရကြ၏။ (၃၅) မဟာသမယသုတ် အဆုံး၌၊ တသင်္ချေ မဂ်ဖိုလ် ရကြ၏။ ဤသည်တို့ကား စု၍ရ၍ မဂ်ဖိုလ်ရကြပုံ၊တိဟိတ်ပေါ်များပုံ သက်သေတည်း။

## (၁၅၅) အညံ့ဆုံး အခိုးဆုံးခေတ်၌ တိဟိတ်ပေါ်များပုံ

အညံ့ဆုံး၊အခိုးဆုံး၊အယုတ်မာဆုံးလို့ဆိုရသော ကမ္ဘာပျက်ခါနီးခေတ် ၌သော်လည်း၊ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ (၃၆၈) နံပါတ်အဆို) လောက ဗြူဟာနတ်သားတို့ ကြွေးကြော် မှုကြောင့် ငရဲဘုံက၊ ပြိတ္တာဘုံက၊ တိရစ္ဆာန်ဘုံက၊ အသုရကာယ်ဘုံက သတ္တဝါတွေပါ ကျွတ်ပြီးတော့ လူ့ဘုံသို့ရောက်ကြပါသည်၊ လူ့ဘုံက ဝါယောကသိုဏ်းကြောင့်ဈာန်ရပြီး အထက်ဗြဟ္မာ့ပြည်၌ဖြစ်ကြရပါသည်။ အပါယ် ၄-ဘုံ, လူ့ဘုံ, နတ်ဘုံ၌ တဦးမှမကျန်ရပါ။ တိဟိတ်ဖြစ်ဈာန်ရ၍ အထက်ဗြဟ္မာဘုံ၌ ဖြစ်ကြရပါ သည်။ ဤလိုခေတ်မျိုးမှာပင် သို့ကလောက်တိဟိတ်ပေါ်များသေးရာ၊ ယခု သာသနာတွင်းမှာ အဘယ်ဆိုဘွယ်ရာရှိဘော့အံ့နည်း။ သုဂတိ အဟိတ် တဦးချင် ဒွိဟိတ်က တဆယ်ထား၊ တိဟိတ်က ဆယ်ကုဋေထားမှ ပျမ်းမျှ ခြင်းကိုက်လိမ့်မည်ဟု ထင်မြင်ယူဆပါသည်။ (အမှာကံရုစိတည်း။)

—၀—

## (၁၅၆) တိဟိတ်ဖြစ်အောင်ထူထောင်နည်း

ဒါန၊ သီလ၊ ဘာဝနာကိုအားထုတ်ကြသောအခါ၊ (သောမနဿ သဟ ဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ) (သောမနဿ သဟဂတံ ဉာဏ သမ္ပယုတ္တံ သသင်္ခါရိကမေကံ) ၎င်းစိတ် ၂-မျိုးဖြင့် ကုသိုလ်ပြုရမည်။ ပဌမ အမျိုးမှာ (၁) ဝမ်းမြောက်ရမည် (၂) အကျိုးသိခြင်း ဉာဏ်နှင့်ယှဉ်ရမည် (၃) သူတပါးက မတိုက်တွန်းဘဲ ပြုရမည်။ ဤအင်္ဂါသုံးပါးနှင့် ညီညွတ်

စွာ ကုသိုလ်ပြုလုပ်ပါလျှင် ပဌမတန်း တိဟိတ်ဖြစ်လိမ့်မည်။ ဒုတိယ အမျိုးမှာ၊ (၁) ဝမ်းမြောက်ရမည်။ (၂) အကျိုးသိခြင်းဉာဏ်နှင့် ယှဉ်ရမည် (၃) သူတပါးက တိုက်တွန်း၍ ကုသိုလ်ပြုခြင်း။ ဤအင်္ဂါ ၃-ပါးနှင့် ညီညွတ်စွာ ကုသိုလ်ပြုပါလျှင် ဒုတိယတန်းတိဟိတ်ဖြစ်လိမ့်မည်။

(၁၅၇) ဝမ်းမြောက်ရမည်၊ သောမနဿဖြစ်ရမည်၌ အင်္ဂါ ၄—ပါး

ဗုဒ္ဓါနုဿတိ၊ ဒဿနာသမ္ပတ်၊ ပစ္စယတ်ပနိုင်၊ စင်ကြယ်ရိပ်၊ လေးဟိတ် သောမနဿဖြစ်ကြောင်းတည်း။ ဟူသောလင်္ကာအရ—

(၁) သန္တါတရားအားကြီးလို့ ဝမ်းမြောက်တတ်သည် (၂) ဉာဏ်အမြင် ဗဟုသုတရှိလို့ ဝမ်းမြောက်တတ်သည်။ (၃) လှူဒွယ်ပစ္စည်းစင်ကြယ်လို့ ဝမ်းမြောက်တတ်သည်။ (၄) အလှူခံပုဂ္ဂိုလ်စင်ကြယ်လို့ ဝမ်းမြောက်တတ်သည်။ ပဌမအင်္ဂါ ၌ အကြောင်း ၄-ပါးပြီး၏။

(၁၅၈) အကျိုးသိခြင်း ဉာဏသမ္ပယုတ်ဖြစ်ကြောင်း ၄-ပါး

ပညာဖြစ်ကံ၊ ဗြဟ္မာ့ကပ်ရောက်၊ ရင့်မြောက်ဣန္ဒြေ၊ ကိလေသာရှိ၊ ဤလေးလီ၊ ဉာဏ်မှီယှဉ်ခြင်းသဘောတည်း။ ဟူသောလင်္ကာအရ-

(၁) စာပေသင်ခြင်း၊ တရားနာခြင်း၊ ရှေးရှေးကပြုခဲ့လို့ ဉာဏ်ယှဉ်တတ်သည်။ (၂) ဗြဟ္မာ့ပြည်မှ ရောက်၍လာလို့ ဉာဏ်ယှဉ်တတ်သည်။ (၃) ဣန္ဒြေငါးပါး ရင့်သန်လို့ ဉာဏ်ယှဉ်တတ်သည်။ (၄) တရားအားထုတ်သဖြင့် ကိလေသာမှဝေးကွာနေလို့ ဉာဏ်ယှဉ်တတ်သည်။ ဤ၄-ပါးကား ဉာဏသမ္ပယုတ်ဖြစ်ကြောင်း ၄—ပါးပင်တည်း။

(၁၅၉) သူတပါးတိုက်တွန်းသဲ့ အသင်္ခါရိကကုသိုလ်ပြုရမည်၌ ၂-ပါး

သပ္ပါယာဒိ၊ ပြည့်စုံဘိ၍၊ ကာယဗိဠ္ဌာ၊ ကလ္လတာဝ၊ တဋ္ဌာနနှင့်၊ ဧါနုပဋ္ဌေ၊ ဆည်းပူးလေ၍၊ နှစ်ထွေအသင့် ဖြစ်ကြောင်းတည်း။ ဟူသောလင်္ကာအရ—

(၁) သပ္ပါယဟူသမျှနှင့် ပြည့်စုံ၍ ကိုယ်စိတ်နှစ်ပါး ခန့်ကျန်းခြင်းကြောင့် အသင်္ခါရိကမတိုက်တွန်းသဲ့ ကုသိုလ်ပြုသည်။ (၂) ရှေးရှေးက

ဒါနမျိုး ပြုလုပ်ဘူး၍၊ အသဒ္ဒိရိက၊ မတိုက်တွန်းဘဲ ကုသိုလ်ပြုသည်၊ ၎င်းဒါ အသင်္ခါရိကအကြောင်း ၂-ပါးတည်း။ ပြခဲ့ပြီးသော ထက်ဝ ၃-ပုဒ်ကား ဋီကာကျော်ပါဠိအတိုင်း စိကုံးထားပါသည်။

၁၆၀-အဋ္ဌသာလိနီအဋ္ဌကထာ၊ နံပါတ် (၁၀၅) ပုညာယူဟာန ၆-ပါး ကို ပြရာတွင်၊—

ကမ္မဥ္စ ဖလဉ္စ သဒ္ဒဟိတွာ ကတံ သဒ္ဓါဓာနကတံနာမ။ ကမ္မဖလံ ပန အဇာနိတွာ ကတံ အသဒ္ဓါဓာနကတံနာမ။ (လ)သဒ္ဓါဓာနကရဏံ ပန စတူဟိ ဉာဏသမ္ပယုတ္တေဟိ ဟောတိ။ အသဒ္ဓါဓာနကရဏံ စတူဟိ ဉာဏဝိပ္ပယုတ္တေဟိ-ဟူ၍ပြခဲ့လေပြီ၊

ဆိုလိုရင်းကား၊ ကံကိုရင်း၊ ကံ၏အကျိုးကိုရင်း၊ ယုံကြည်၍၊ကုသိုလ်ပြုခြင်းသည်၊ ပညာအဆင်အခြင်ဉာဏ်နှင့်ယှဉ်၍ ပြုခြင်းမည်၏။ ကံကိုရင်း၊ ကံ၏အကျိုးကိုရင်း မသိမမြင်ဘဲ ကုသိုလ်ပြုခြင်းသည်၊ ပညာအဆင်အခြင် မရှိဘဲ ပြုခြင်းမည်၏။ ပညာအဆင်အခြင်ဖြင့် ကုသိုလ်ပြုလျှင် ဉာဏသမ္ပယုတ် ၄-ပါးတို့ဖြင့် ကုသိုလ်ပြုလုပ်၏။ ။ပညာ အဆင် အခြင်မရှိဘဲ ကုသိုလ်ပြုလုပ်လျှင် ဉာဏဝိပ္ပယုတ် ၄-ပါးတို့ဖြင့် ကုသိုလ်ပြုလုပ်၏။ (၁)ဉာဏ်ပညာအဆင်အခြင်ဖြင့် ကုသိုလ်ပြုလျှင် တိဟိတ်ဖြစ်၏။(၂)ဉာဏ် ပညာအဆင်အခြင်ကင်းမဲ့စွာဖြင့် ကုသိုလ်ပြုလျှင် ဒွိဟိတ်ဖြစ်၏။ ဤကား၊ အဋ္ဌသာလိနီအဋ္ဌကထာ၏ လိုရင်းတည်း။

တနည်းကား။ ။သဒ္ဓါတိ သဒ္ဓါယ ကမ္မဖလသရတနတ္တယ သဒ္ဓါယစ။ ဟူသော ဥဒါန်းအဋ္ဌကထာ၊ နံ (၁၀၀) ကြောင်း (၁၀) နှင့်အညီ။ ကံကိုရင်း၊ ကံ၏အကျိုးကိုရင်း၊ ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးကိုရင်း၊ အထူးသဖြင့် ယုံကြည်၍ ကုသိုလ်ပြုပါသျှင် တိဟိတ်ဥက္ကဋ္ဌ အထွဋ်အမြတ်ကြီးဖြစ်နိုင်၏။ ဤကား ဥဒါန်းအဋ္ဌကထာ၏အလိုတည်း။

ယခုကာလဘ၌လူများသည်၊ ငါပြုသောကုသိုလ်ကံကား။ကေနပ်ပင်အကျိုး ပေးလိမ့်မည်ဟု ယုံကြည်၏။ ထို့ကြောင့် တိဟိတ်ဖြစ်စေရန် ကုသိုလ် ကံများထူထောင်မိလေပြီတကား-နောက်နောင်ဘဝများ၌ တိဟိတ်ဖြစ်ရန် သာရှိတော့၏။ ယခုဘဝလည်း တိဟိတ်ပေါ်သောဘဝဖြစ်၍ တိဟိတ် နယ်မှလွတ်စရာပင် မမြင်ချေ။ တိဟိတ်တွေ မှိုလိုပေါက်အောင်၊ ပေါများ ၍နေခြင်းကြောင့်သာလျှင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အကုန်သိရှိပြီး

သော မြတ်စွာဘုရားသခင်က မဟာသတိပဋ္ဌာနသုတ်တော်၏ နိဂုံးမှာ။ — (ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ)အစရှိသဖြင့် အဋ္ဌကထာအဆိုနှင့် ပါဠိတော်အဆိုမှာ။ ၇-နှစ်နှင့်၊ ၇–လနှင့်၊ ၇-ရက်နှင့်၊ ၇-နာရီနှင့်၊ ၇-ဘဝနှင့် အရဟတ္တဖိုလ် နိဗ္ဗာန်ပင်၊ ရနိုင်ပါတယ်လို့ ရဲရဲကြီးဝန်ခံတော် မူခဲ့တာကတကြောင်း။ (၁) သာသနာတော်ငါးထောင်လုံး အရိယာခေတ်ရယ်လို့ သိသိသာသာ ကြီးထားခဲ့တာက တဖုံ။ (၂) ဣမေ သုဘဒ္ဒ ဘိက္ခူ သမ္မာဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ–ဟူ၍ မဟာပရိနိဗ္ဗာနသုတ် တော်၌ လောကကြီးတခုလုံး ရဟန္တာမဆိတ်နိုင်–ဟူ၍ တဲ့တဲ့ကြီး မှာခဲ့ တာကတတန်။ (၃)စတ္တာရော မေ ဘိက္ခဝေ ဓမ္မာ၊ ဘာဝိတာ ဗဟုလီကတာ သောတာပတ္တိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ။ သကဒါဂါမိဖလသစ္ဆိ ကိရိယာယ သံဝတ္တန္တိ၊ အနာဂါမိဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ၊ အရ ဟတ္တဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ။ ကတမေ စတ္တာရော၊ သပ္ပုရိသ သံသေဝေါ သဒ္ဓမ္မဿဝနံ ယောနိသောမနသိကာရော ဓမ္မာနုဓမ္မပဋိပတ္တိ–ဟူ၍ မဟာဝဂ္ဂသံယုတ် ပါဠိတော်၌ ဤအတိုင်းအားထုတ်လျှင် ၄–မဂ် ၄-ဖိုလ်ရနိုင်ပါတယ်လို့ မိန့်တော်မူခဲ့တာကလဲတဖြာ။ (၄) ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟိဿတိ။ ပဟာယ ဇာတိသံသာရံ၊ ဒုက္ခ ဿန္တံ ကရိဿတိ-ဟူ၍ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌ ဤသာသနာ တော်အတွင်း၌ပင် နိဗ္ဗာန်ကိုရနိုင်ပါတယ်လို့ ခပ်ရှင်းရှင်းဝန်ခံ၍ထားတာ ကတသွယ်၊ (၅) တိဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒီပိကာ မနုဿာ ဥတ္တရ ကုရုကေ မနုဿေ အဓိဂဏှန္တိ ဒေဝေစ တာဝတိံသေ။ ကတမေဟိ တီဟိ၊ သူရာ သတိမန္တော ဣဓ ဗြဟ္မစရိယဝါသော။ တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိ တော်၌ တိပိဋကတွေပေါ်များလှပုံကို ယုံကြည်အောင် ဟောကြားခဲ့သည် ကတထွေ၊ (၆) ညဏစဉ်ကျမ်းကြီး၊ အပါယ်တံခါးပိတ်ခဏ်း နှင့် ရှုဋ္ဌသောတာပန်အခဏ်းများ၌ သာဓက (၂၀၀) ကျော်ပြခဲ့လေပြီ။

## (၁၆၁) တိပိဋကဖြစ်စေရန်ပြုနည်းမှာ

တတ္ထ သမ္ဗောဓာနကတံ တိဟေတုကံ ဟောတိ။ အသမ္ဗောဓာနကတံ ဒုဟေ တုကံ။ ။ဟူ၍ ပရမတ္ထဒီပနီဋီကာ နံ (၂၁၃) ၌ပြခဲ့၏။ ပညာအဆင် အခြင် ဉာဏ်ယှဉ်၍ပြုလျှင် တိဟိတ်ဖြစ်၏။ ပညာအဆင်အခြင် မရှိဘဲပြုလျှင်

ဋ္ဌပါတ်ဖြစ်၏။ ။ဥဇုကံ ကရောန္တောပန စတုန္နံ ဉာဏသမ္ပယုတ္တာနံ အညတရေန ကရောတိ–ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာ၊နံ (၁၀၄)၌ ပြ၏။ ဖြောင့်မတ်စွာ ကံ, ကံ၏အကျိုး ရတနာ ၃-ပါး၏ ဂုဏ်မျိုးကို ယုံကြည်၍ ပြုလျှင် ဉာဏသမ္ပယုတ်ကုသိုလ်ထဲက တပါးပါးမို့ တိဟိတ် ဖြစ်နိုင်၏။

၁၃၀၆–ခုနှစ် ကဆုန်လဆန်း ၁၄-ရက်ပြီး၏။

—o—

## (၁၆၂) ကိုးကွယ်ထိုက်သောဆရာမွန်

ရှင့်နိဒ္ဒေသပါဠိတော်၊ ပါရာယနဝဂ်၊ နံပါတ် (၁၆၄)၌ဟောထားသည်ကား–

ကတမော ပဇ္ဇုပ္ပတိမိတ္တော၊ ဣဓဘိက္ခု ပိယောစ ဟောတိ၊ မနာပေါစ ဂရုစ ဘာဝနိယောစ ဝတ္တာစ ဝစနက္ခမောစ ဂမ္ဘီရဉ္စ ကထံ ကတ္တာ နောစအဋ္ဌာနေ နိယောဇေတိ၊ အဓိသီလေ သမာဒ ပေတိ၊ စတုန္နံ သတိပဋ္ဌာနာနံ၊ ဘာဝနာ နုယောဂေ သမာဒပေတိ၊ (လ) အယံ ပဇ္ဇုပ္ပတိမိတ္တော။ ဟုလာရှိပါသည်။

အနက်ကား။ ။ပဇ္ဇုပ္ပတိမိတ္တော၊ ပေါင်းသင်းဆက်ဆံ၊ အကိုးကွယ် ခံထိုက်သော ရဟန်းမိတ်ဆွေဟူသည်ကား။ ကတမော၊ အဘယ်ရဟန်း မျိုးပါနည်း။ ဣဓ၊ ဤသာသနာတော်အတွင်း၌။ ဘိက္ခု၊ ပစ္စည်းလေးပါးနှင့် အကိုးကွယ်ခံလိုသော ရဟန်းသည်။ ပိယောစ၊ သီလဖြူစင်သည်ဖြစ်၍၊ ချစ်ခင်အပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ မနာပေါစ၊ ဒါယကာ ဒါယိကာမ တို့၏ စိတ်နှလုံးကို ပွါးစေအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဂရုစ၊ ကျောက်ထီးကဲ့သို့၊ အလေးပြုအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘာဝနိ ယောစ၊ မေတ္တာစိတ်ဖြင့်ပွါးစေအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝတ္တာစ၊ သူ့ကိုကောင်းအောင် ဆုံးမတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝစနက္ခ မောစ၊ သူတပါး၏ အဆိုးကိုသည်းခံ နိုင်သည်လည်း။ ဟောတိ၊ဖြစ်၏။ ဂမ္ဘီရဉ္စကထံ၊ ပဋိစ္စသမုပ္ပါဒ် စသည်နှင့်စပ်သော နက်နဲသော ရုပ်နာမ် စကားကို။ ကတ္တာ၊ဟောတတ် ပြောတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ အဋ္ဌာနေ၊ မလျော်သော လောကီသခင်္ခါရ ကုသိုလ်၊ အကုသိုလ်အရာ၌။ နောစ နိယောဇေတိ၊ မတိုက်တွန်းတတ်ပါ။ အဓိသီလေ၊ ဝိပဿနာနှင့် ယှဉ်သော

အဓိသီလ၌၊ သမာဒပေတိ၊ ဆောက်တည်စေတတ်၏။ စတုန္န၊ လေးပါး ကုန်သော၊ သတိပဋ္ဌာနာနံ၊ သတိပဋ္ဌာန်တရားတို့ကို။ ဝါ၊ ဗောဓိပက္ခိယ တရား ၃၇-ပါးတို့ကို၊ ဘာဝနာနုယောဂေ၊ ပွါးများအားထုတ် စေခြင်း၌။ သမာဒပေတိ၊ ဆောက်တည်စေ၏။ အယံ၊ ဤပြခဲ့ပြီးသောအင်္ဂါနှင့် ပြည့်စုံ သော ရဟန်းသည်။ ပဗ္ဗဇိတမိတ္တော၊ ပေါင်းသင်း ဆက်ဆံ အကျိုးကွယ် ခံထိုက်သောမိတ်ဆွေရဟန်းမည်သည်၊ ဟောတိ၊ ဖြစ်၏။

(၁၆၃) အဗ္ဘုကာသာ ဋီကာများ၌ တွေ့ရပုံ

ပိယော ဂရုဘာဝနီယော၊ ဝတ္တာစ ဝစနက္ခမော။
ဂမ္ဘီရဥ္စကထံ ကတ္တာ၊ နောစဋ္ဌာနေ နိယောဇိတာ။ ။
ယမှိ ဧတာနိ ဌာနာနိ၊ သံဝိဇ္ဇန္တိစ ပုဂ္ဂလေ။
သော မိတ္တော မိတ္တကာမေန၊ ဘဇိတဗ္ဗော တထာဝိဓော၊
(အနက်ကား လွယ်ပါပြီ။)

(၁) သီလပြည့်စုံ၍ချစ်ခင်အပ်ရမည်။ (၂) ဒကာဒကာမတို့ နှလုံးကို ပွါးစေအပ်ရမည်။ (၃) အလေးပြုစေအပ်ရမည်။ (၄) မေတ္တာဖြင့်ပွါးစေ အပ်ရမည်။ (၅) သူ့ကို ကောင်းအောင်ဆုံးမတတ်ရမည်။ (၆) အဆိုး ပြောလျှင် သည်းခံတတ် ရမည်၊ (၇) ရှိန်နှင့် နက်နဲသော စကားကို ဟောကြားတတ်ရမည်။ (၈) လောကီသခါရ ကုသိုလ် အကုသိုလ်အရာ၌ မဘိုက်တွန်းရ။ (၉) ဝိပဿနာနှင့်ယှဉ်သော အဓိသီလ၌ ဆောက်တည် စေရမည်။ (၁၀) ဗောဓိပက္ခိယတရား ၃၇-ပါး၌ ပွါးများ အားထုတ် စေရမည်။ ဤအင်္ဂါနှင့်ပြည့်စုံလျှင် ကိုးကွယ်ပါလေ။

တနည်း၅၁ (ဆယ်ဝါပြည့်တင်း၊ ဝိဘင်း ၂-ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ။)
တနည်း၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊ကျောင်းထိုင်တအင်္ဂါ။

ဤလို ရဟန်းတော်မျိုးကို သာလျှင် ကိုးကွယ် ဆည်းကပ် တပည့် ခံရမည် ဟူလို။

(၁၆၄) ဓမ္မကထိကအစစ် သိရစ်ကြ

ဓမ္မကထိကော ဓမ္မကထိကာတိ ဘန္တေ ဝုစ္စတိ၊ကိတ္တာဝတာနု ခေါ ဘန္တေ ဓမ္မကထိကော ဟောတိတိ။

ဘန္တေ၊ ဆုန်းတော်ကြီးလှသော မြတ်စွာဘုရား။ ဓမ္မကထိကော-ဓမ္မကထိကောတိ၊ ဓမ္မကထိကပုဂ္ဂိုလ်,ဓမ္မကထိကပုဂ္ဂိုလ်ဟူ၍၊ ဝုစ္စတိ၊ခေါ်ဆိုအပ်ပါ၏။ ခေါ၊ စင်စစ်ကြောင့် အမှန်မှုချအားဖြင့်။ ကိတ္တာဝတာ၊ အဘယ်မျှလောက်သော တရားကို ဟောကာမျှဖြင့်။ ဓမ္မကထိကော၊ ဓမ္မကထိကပုဂ္ဂိုလ် မည်သည်။ ဟောတိ နုခေါ၊ ဖြစ်ပါသနည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ နားတော်လျှောက်ပါပေ၏။

ဘုရားသခင်က ဓမ္မကထိက ခွဲပေးခဲ့ပုံမှာ

ဇရာမရဏဿ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ
ဓမ္မံ ဒေသေတိ၊ ဓမ္မကထိကော ဘိက္ခူတိ အလံ ဝစနာယ။ ။
နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊နံပါတ်(၁၅၀)၌ ဟောပြပါသည်၊

ဘိက္ခု၊ ရဟန်း။ ဇရာမရဏဿ၊ အိုခြင်း, သေခြင်းကို။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်း၄ါ။ ဝိရာဂါယ၊ တပ်ခြင်းကင်းခြင်း၄ါ။ နိရောဓာယ၊ ချုပ်ခြင်း၄ါ၊ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟောပြောပြသပေ၏၊ ဓမ္မကထိကောဘိက္ခူတိ၊ ဓမ္မကထိက ပုဂ္ဂိုလ်ဟူ၍။ ဝစနာယ၊ ခေါ်ဆိုခြင်း၄ါ။ အလံ၊ ထိုက်သင့်လျော်ကန်လှပေ၏၊

အိုခြင်းတို့ နာခြင်းတို့ သေခြင်းတို့မှ ကင်းလွတ် ထွက်မြောက်အောင် ဝိပဿနာ တရားကို ဟောကြား ဆုံးမသော ပုဂ္ဂိုလ်ကို ဘုရားရှင်ကြီးက ဓမ္မကထိက ပုဂ္ဂိုလ်ပါတဲ့ဟူ၍ သိသိသာသာ သေသေချာချာကြီး ဟောခဲ့ပါသည်။ ။အကြောင် ဓမ္မကထိက ပုဂ္ဂိုလ်သည်၊ သတ္တဝါတို့ သန္တာန်၌ ဖြစ်ပေါ်၍ နေသော လောဘ- ဒေါသ- မောဟ တရားဆိုးကြီး များကို ကုန်အောင်ခန်းအောင် ချုပ်အောင်ပျောက်အောင် ဟောပြနိုင်၏။ ထိုသူကိုမှ ဓမ္မကထိကပုဂ္ဂိုလ်ဟူ၍ ခေါ် ဆိုအပ်သည်။

(၁၆၅) ငေးဓမ္မကထိက ဒုတိယ

ယော ဘိက္ခု ရာဂက္ခယာယ ဓမ္မံ ဒေသေတိ ဒေါသက္ခယာယ
ဓမ္မံ ဒေသေတိ။ မောဟက္ခယာယ ဓမ္မံ ဒေသေတိ၊ အယံ ဝုစ္စတိ
ဘိက္ခဝေ ဓမ္မကထိကောတိ။ ။ယော၊ဘိက္ခု၊ အကြင်ရဟန်းသည်။
ရာဂက္ခယာယ၊ ရာဂကုန်ခြင်း၄ါ၊ ဓမ္မံ ဝိပဿနာတရားကို။
ဒေသေတိ၊ဟော၏။ ဒေါသက္ခယာယ၊ ဒေါသကုန်ခြင်း၄ါ။ ဓမ္မံ၊

ဝိပဿနာဘာရေးကို။ ဒေသေတိ၊ ဟော၏။ မောဟက္ခယာယ၊ မောဟ ကုန်ခြင်းငှါ။ ဓမ္မံ၊ ဝိပဿနာဘာရေးကို။ ဒေသေတိ၊ ဟော၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤပုဂ္ဂိုလ်ကို။ ဓမ္မကထိကောတိ၊ ဓမ္မကထိက ဟူ၍။ ဝုစ္စတိ၊ ခေါ် ဆိုအပ်ပါ၏။

## (၁၆၆) အဋ္ဌသာလိနီ အဋ္ဌကထာက ဘွဲ့ပေးပုံ တတိယ

အာဘိ ဓမ္မိကာဘိက္ခူယော ကိရ ဓမ္မကထိကာနာမ၊ အာသေ
သာ ဓမ္မာ ကထေန္တာပိ နဓမ္မကထိကာ။

အာဘိ ဓမ္မိက ဘိက္ခူယော၊ အဘိဓမ္မာကို ဆောင်ကုန်သော ရဟန်းတော်တို့သည် သာလျှင်။ ဓမ္မကထိကာနာမ ကိရ၊ ဓမ္မကထိက ပုဂ္ဂိုလ်မည်ကုန်၏တဲ့။ အာသေသာ၊ အဘိဓမ္မာမှ ကြွင်းကုန်သော။ ဓမ္မာ၊ တရားတို့ကို။ ကထေန္တာပိ၊ ဟောပြောကုန်ငြားသော်လည်း။ နဓမ္မကထိကာ၊ ဓမ္မကထိက ပုဂ္ဂိုလ်မဟုတ်ကုန်။ ။အဘိဓမ္မာကို ဆောင်မှ ဟောပြောမှသာ ဓမ္မကထိက မည်ပါသတဲ့။ ဝိနည်းတရား သုတ္တန်တရားတို့ကို ဟောပြောရုံနှင့် ၎င်းကို ဓမ္မကထိကဟူ၍ မခေါ်အပ်ပါကုန်။ ဘွဲ့တံဆိပ် မပေးထိုက်ပါကုန်။

## (၁၆၇) သီဟိုဠ်နှင့် မြန်မာ ဓမ္မကထိက ခေတ်ထူးသောင်ပုံ

ဣဓာဝုသော သာရိပုတ္တ ဒွေဘိက္ခူ အဘိဓမ္မကထံ ကထေန္တိ၊
တေ အညမညံ ပဉှံ ပုစ္ဆန္တိ၊ အညမညဿ ပဉှံ ပုဋ္ဌာ ဝိဿဇ္ဇေန္တိ၊
နောစသံသာဒေန္တိ၊ ဓမ္မီစ နေသံ ကထာ ပဝတ္တိနီ ဟောတိ၊ ဧဝ
ရူပေနခေါ အာဝုသော သာရိပုတ္တ ဘိက္ခုနာ ဂေါသိင်္ဂသာလဝနံ
သောဘေယျာတိ။ သာဓုသာဓု သာရိပုတ္တ ယထာ တံ မောဂ္ဂလာ
နောဝ သမ္မာ ဗျာကရမာနော ဗျာကရေယျ။ မောဂ္ဂလာနောဟိ
သာရိပုတ္တ ဓမ္မကထိကောတိ။ ။မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ
ပါဠိတော်၊ ၃၂။ မဟာဂေါသိင်္ဂသုတ်တော်။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ။ ဣဓ၊ ဤသာသနာတော်၌။ ဒွေ၊ နှစ်ဦးကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အဘိဓမ္မကထံ၊ အဘိဓမ္မာတရား စကားကို။ ကထေန္တိ၊ ဟောပြောကြကုန်၏။ တေ၊ ထိုအဘိဓမ္မာရဟန်း တို့သည်။ အညမညံ၊ အချင်းချင်း။ ပဉှံ၊ ပြဿနာကို။ ပုစ္ဆန္တိ၊

မေးကုန်၏။ အညမညသ၊ အချင်းချင်း။ ပဥှံ၊ပြဿနာကို။ ပုစ္ဆာ၊မေးအပ်ကုန်သည်။ဟုတွာ၊ ဖြစ်ကုန်၍။ ဝိဿဇ္ဇနတ္ထံ၊ ဖြေကုန်၏။ နောစ သံသာရေန္တိ၊ ချုတ်ချယ်တွန့်တိုလည်း မရှိကုန်။ နေသံ၊ ထိုနှစ်ဦးသော ရဟန်း တို့၏။ ကထာပဝတ္တိနိစ၊ တရားစကားအစဉ် ဖြစ်ခြင်းသည်လည်း။ ဓမ္မိ၊ တရားနှင့် လျော်သည်။ ဟောတိ၊ ဖြစ်၏။ အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ ခေါ၊ စင်စစ်။ ဧဝရူပေန၊ ဤသို့ သဘောရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဂေါသိင်္ဂသာလဝနံ၊ နွားဦးချို သဏ္ဍာန်နှင့် တူသော အင်ကြင်း ဥယျာဉ်တောကို။ သောဘေယျ၊ တင့်တယ် စေရာ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်ထား၏။ သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ သာဓုသာဓု၊ ကောင်း လေစွ ကောင်းလေစွ။ ဣတိ၊ ဤသို့။ မဟာမောဂ္ဂလာနတ္ထေရဿ၊ မဟာ မောဂ္ဂလာန်ထေရ်အား။ သာဓုကာရံ၊ ကောင်းချီးပေးခြင်းကို။ ဒတွာ၊ ပေး တော်မူပြီး၍။ ယထာ၊ အကြင် အခြင်းအရာဖြင့်။ တံပဥှံ၊ ထိုပြဿနာကို။ မောဂ္ဂလာနော၊ မောဂ္ဂလာန်သည်။ သမ္မာ၊ ကောင်းစွာ။ ဗျာကရမာနော ဗျာကရမာနောဣဝ၊ ဖြေဆိုသကဲ့သို့။ တထာ၊ ထိုအတူ။ အညော၊ တပါးသော။ ကုလပုတ္တော၊ အမျိုးကောင်းသားသည်။ ဗျာကရေယျ၊ ဖြေဆိုရာ၏။ ဟိသစ္စံ၊ မှန်၏။ သာရိပုတ္တ၊ သာရိပုတ္တရာ။မောဂ္ဂလာနော၊ မောဂ္ဂလာန်သည်။ဓမ္မကထိကော၊ ဓမ္မကထိက ပုဂ္ဂိုလ်အစစ်အမှန်ပေတည်း။

မြတ်စွာ ဘုရား သခင်သည်၊ ကမ္ဘာ လောကကြီးတွင် ဘုရား ဖြစ်စ ခုနစ်ဝါရကစ၍ တာဝတိံသာ၌ အဘိဓမ္မာပိဋကတ် ဓမ္မကထိက ဘွဲ့တော် အပ်ဘို့ရန် စတော်မူခဲ့ပါသည်။ ။သာရတ္ထဒီပနီဋီကာ၊ နိဒါနဝဏ္ဏနာ၌—

ဓမ္မသင်္ဂဏိံ ဝိဘင်္ဂဉ္စ၊ ကထာဝတ္ထုဉ္စ ပုဂ္ဂလံ၊
ဓာတု ယမကံ ပဋ္ဌာနံ၊ အဘိဓမ္မောတိ ဝုစ္စတိ။

ဟူ၍ ဓမ္မကထိကခေတ်ကို အစပြုခဲ့ပါသည်။ သီဟိုဠ်ကျွန်းသို့ သာသနာ တော်ရောက်တော့ အဋ္ဌကထာ ဟောင်းများကို စုပေါင်းပြီး အရှင် မဟာ ဗုဒ္ဓဃောသ မထေရ်မြတ်က နိကာယ် အဋ္ဌကထာနှင့် တကွ အဘိဓမ္မာ အဋ္ဌကထာများကို ရေးသားခဲ့ပါသည်။ အရှင်အာနန္ဒာမထေရ်မြတ်က မူလ ဋီကာ အဘိဓမ္မာဟု ရေးခဲ့ပါသည်။ အာစရိယ ဓမ္မပါလ မထေရ်မြတ်က အနုဋီကာ အဘိဓမ္မာဟု ရေးခဲ့ပါသည်။ ဟံသာဝတီ ပဲခူးနိုင်ငံ ဘုရင့်ဆရာ တော် တပါးက မဓုဋီကာ အဘိဓမ္မာဟု ရေးခဲ့ပါသည်။ ဒမိဠ နိုင်ငံ စောဠတိုင်း ကာဝိရပဋ္ဋနမြို့ ကဏ္ဍဒါသ ဒါယကာ၏ ကျောင်းနေ ဗုဒ္ဓဒတ္တ

မဟာထေရ်သည်။ အဘိဓမ္မာဝတာရ အဋ္ဌကထာ၊ ရူပါရူပဝိဘာဂ အဋ္ဌကထာများကို ရေးသားခဲ့ပါသည်။ မဟာဓမ္မပါလ မထေရ်သည်၊ ဂါထာ (၃၀၅)ရှိ သစ္စသင်္ခေပ အဋ္ဌကထာကို ရေးပါသည်။ ဒမိဠ မဟာကဿပ မထေရ်သည်။ မောဟဝိစ္ဆေဒနီ အဋ္ဌကထာကို ရေးပါသည်။ ခေမာမထေရ်သည်၊ နာမရူပ သမာသ အဋ္ဌကထာကို ရေးပါသည်။ ကဉ္စိပုရီတိုင်း ကာဝီရပဋ္ဋနမြို့ ဇာတိ၊ ပဝတ္တိအခါ ကဍ္ဍမြို့၊ ယခုအခါ(တဉ်ဂျာဦရ်)မြို့၌ နေစဉ် အနုရုဒ္ဓါ မဟာထေရ်သည်၊ ဂါထာ (၁၁၄၄) ရှိ။ ပရမတ္ထဝိနိစ္ဆယ အဋ္ဌကထာကို ရေးပါသည်။ ၎င်း အနုရုဒ္ဓါဆရာပင် သီဟိုဠ်ကျွန်း အနုရာဓမြို့ သောဝဏ္ဏမာလီခေါ် မဟာစေတီကြီးအနီး မဟာမေဃဝန်ကျောင်းတိုက်၌ နေစဉ်၊ ဂါထာ (၁၀၇၁)ရှိ နာမရူပ ပရိစ္ဆေဒ အဋ္ဌကထာကို ရေးပါသည်။ ၎င်းအနုရုဒ္ဓါဆရာပင် တုမူလသောမကျောင်းတိုက်၌၊ နေစဉ် အဘိဓမ္မတ္ထ သင်္ဂဟ အဋ္ဌကထာသင်္ဂြိုဟ်ပါဠိကို ရေးပါသည်။

ပုဂံမြို့ ပထမဆုံး သဒ္ဒမ္မဇောတိပါလဆရာသည်၊ ဂါထာ (၂၈၈) ရှိ နာမစာရ ဒီပက အဋ္ဌကထာကို ရေးပါသည်။ သင်္ဂြိုဟ်အဖွင့် ပေါရာဏ ဋီကာဟောင်းကို သီဟိုဠ်ကျွန်း ဥဒုမ္ဗရဂိရိကျောင်း မဟာကဿပထေရ် ရေးပါသည်။ အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာလျှ၊ ဋီကာကျော်နှင့် အဘိဓမ္မတ္ထ ဝိကာသိနီခေါ် အဘိဓမ္မတ္ထ ဋီကာသစ်ကို သီဟိုဠ် အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သော အရှင်သုမင်္ဂလသာမိဆရာ ရေးပါသည်။ သင်္ဂြိုဟ်အဖွင့် သင်္ခေပဝဏ္ဏနာ ဋီကာကို ပုဂံမြို့ အရှင် သဒ္ဒမ္မဇောတိပါလမထေရ် ရေးပါသည်။ အဘိဓမ္မတ္ထ သင်္ဂဟ ဒီပနီပါဌ်နိသျကို လူမည် ဦးဆိုင်၊ ဘွဲ့တော် ဦးဂုဏဝန္တ၊ တံဆိပ်တော်(ဂုဏဝံသဓဇမဟာဓမ္မရာဇာဂုရုတံဆိပ်တော်ရ) ၁၁၅၀-ခု၊ တပေါင်းလပြည့်ကျော် ၁၁-ရက်နေ့ သက်တော် ၅၁-တွင် စလင်းမြို့အရှေ့ရပ် မဟာသမန်းအမည်ရှိသော မြို့သူကြီးကျောင်း၌ နေစဉ် ၁၁၆၃-ခု၊ ၄၂-ဝါရ ပန်းလှသား ဆရာတော်ဘုရား ရေးပါသည်။ ပရမတ္ထ ဒီပနီ ဋီကာကို ဒီပဲရင်းမြို့ ဖိုင်ပြင်ကြီးရွာဇာတိ ၁၂၁၀-ခုဖွား မုံရွာမြို့ လယ်တီတိုက် အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ ဒီလစ်ဘွဲ့ တံဆိပ် နှစ်ထပ်ရ လယ်တီ ဆရာတော် ဦးဉာဏဓဇ မထေရ်ရေးသည်။ ၁၂၅၈-ခု၊ ကန်ဆောင်မုန်း၌ ပြီးသည်။ အင်္ကုရဋီကာပါဠိကို ပခန်းကြီးမြို့ အရှေ့တာလိုင်းကုန်းရွာ ဇာတိ ၁၂၁၈-ခု ဖွားတလိုင်းကုန်းဆရာတော် ဦးဝိမလရေးသည်။ ၁၂၆၇-ခုနှစ်၊ ကဆုန်လဆန်း ၁-ရက် ဗုဒ္ဓဟူးနေ့ ပြီးသည်။ မဟာ အတုလ ဋီကာကို သာယာဝတီဒိစတြိတ် ကျောက် သောင် ရွာ၌ ၁၂၃၀-ခု ဖွား မိုးညိုမြို့

ပေဇယန္တာရာမကျောင်းတိုက် ဆရာတော် ဦးနာဂိန္ဒသာမိဆရာရေးသည်။ ၁၂၇၆-ခု၊ တပေါင်းလဆန်း ၁၄-ရက် စနေနေ့ပြီးသည်။ သင်္ဂြိုဟ်ကျမ်း၏ ဗျာချာဟူ၍ရင်း၊ ဆန္ဒယဟူ၍ရင်းခေါ်သောနိဿျကို သာရတ္ထဒီပနီဋီကာဆရာ ရှင်သာရိပုတ္တရာသည်၊ သိဟိုဠ်ဘာသာဖြင့် ရေးသည်။

မြန်မာဘာသာဖြင့်သင်္ဂြိုဟ်နိဿျများမှာ တောင်ဘီလူးမှု၊နန်းကျောင်းမှု၊ ဒက္ခိဏာဝန်မှု၊ ဗားကရာမှု၊ ဦးရွှေသီးမှု စသည်ဖြင့် မှုပေါင်း (၂၀) ကျော် ရှိပါသည်။ သင်္ဂြိုဟ်ဂဏ္ဌိပါဌ်နိဿျ၊ ကျော်အောင်စံထားဂဏ္ဌိ၊ ရေစကြိုဂဏ္ဌိ၊ ဘုရားကြီးဂဏ္ဌိ၊ စုဒ္ဒေဝဒနာဂဏ္ဌိ စသည်ဖြင့် များစွာ ရှိကုန်၏။ ဗားကရာအကောက်၊ မြို့ပြင်ကြီး အကောက်၊ စတုတ္ထ ဆင်တဲဆရာတော်၊ ဦးတိန်းအကောက်၊ နန်းကျောင်းဆိုရိုး၊ ဝေဠုဝန်ဆရာတော် ဦးနန္ဒမာလာ ဆိုရိုး စသည်ဖြင့် များစွာရှိသေးသည်။ အဘိဓမ္မတ္ထဒီပက ၂-တွဲ၊အနုဝဏ္ဏနာ ၃-တွဲ၊မြို့ပြင်ကြီး အဘိဓမ္မတ္ထသရူပအကျယ်၊ သေက္ခတောင်သရူပ,ဝိသုဒ္ဓါရုံ သရူပ စသော အားဖြင့် များလှတုံသေး၏။ ပြည်မြို့ ပွင့်လှ သိမ်ကုန်း ဆရာတော် ဦးနာရဒရေး အဘိဓမ္မတ္ထ သရူပ ဋီကာကျော်ကျမ်း၏ အဖွင့် မဏိသာရ မဉ္ဇူသာဋီကာပါဌ်ကို စစ်ကိုင်းတောင်ရိုး အရှင်မဟာ အရိယဝံသဓမ္မသေနာပတိမထေရ်၊ (၈၂၈)ခုနှစ် အပြီးရေးသည်။ ပရမတ္ထမျှာသ ဋီကာကို ရှေးဆရာတော်တပါးရေးသည်။အဘေဓဂူသာရဋီကာကို ငယ်မည် ဦးရဲထွန်း နောက်ဘွဲ့ရ ဘုရင့်နောင် ကျော်ထင်နော်ရထာ၊ (၉၁၂) ခုတွင် မင်း အဖြစ်သို့ ရောက်တော်မူသော ပဲခူးမြို့ ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင်မင်းတရားကြီး၏ သွီးတော် သီဝလီဒေဝီ၏ဆရာတော် တိပိဋကဓရ သုဝဏ္ဏပဒီပ မဟာထေရ် ရေးသည်။ ပရမတ္ထဝိသောဓနီဋီကာသစ်ပါဌ်ကို ချောင်းဦးမြို့ ဓမ္မာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဒီပမာလာဆရာ ရေးသည်။ အနုဝိဘာဝနီ ဋီကာပါဌ်ကို ၁၂၇၀—ခုနှစ်၊ တပေါင်းလကွယ် စနေနေ့အပြီး ဝါတော် (၂၀) ရ ဖားကူးဆရာတော် ဦးသာဂရမဟာထေရ် ရေးသည်။ ဋီကာကျော် ယောဇနာဟောင်းပါဌ်ကို အမည်မသိဆရာ ရေးသည်။ ဋီကာကျော် ယောဇနာသစ်ပါဌ်ကို မင်းဘူးမြို့ ယသယာရွာ သရက် ဥယျာဉ်တောကျောင်းဆရာ ဦးနန္ဒမာလာ၏ တပည့် လူအမည် ဦးစံအောင် ဘွဲ့ဦးဉာဏိန္ဒသည်၊ ရန်ကုန်မြို့ ကျောင်းတော်ရာရွှေကျင်တိုက် မှန်ကျောင်း၌ နေစဉ် ဥရောပ ကမ္ဘာ့စစ်ကြီး ငြိမ်းသောနေ့၌ ပြီးသည်။ ၁၂၈၀-ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၉-ရက် တနင်းလာနေ့၌ဖြစ်တန်ရာ၏။ဋီကာကျော် နိဿျဟောင်းတို့ကို ရှေးဆရာကြီးများ ရေးကြကုန်၏။ ဋီကာကျော်နိဿျ

နေရင်းမှုကို သာသနာတော် သက္ကရာဇ် ၂၂၆၇-ခု ကောဇာသက္ကရာဇ် ၁၀၈၅-ခုအပြီး နေရင်းရွာ မင်း ရတနာတိုက် အရှင် အရိယာ လင်္ကာရ မထေရ်ရေးသည်။ ၎င်းဆင်တဲမှုကို နေရင်းရွာ ဇာတိ ၁၁၃၆-ဖွားလူမည် ဦးကွယ်၊ ဘွဲ့တော် ဦးဇနိန္ဒ၊ ဇနိန္ဒာဘိသိရိ ပဝရမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဒုတိယဆင်တဲဆရာ ၁၂၁၄-ခု၌ ရေးသည်။၎င်းပြည့်မှုကို ညောင်ကန်ရွာ အဘဦးဖြူ အမိ ဒေါ်ညွန့်တို့၏ သား ၁၁၅၀-ပြည့် ပါဆိုလဆန်း ၇-ရက်၊ကြာသပတေးနေ့ဖွား လူမည်ဦးကိုးညို၊ ဘွဲ့တော်ဦးမေဓာ ဦးမေဓိယဓဇ မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ် တော်ရ ရွှေဘိုမင်းတရားကြီး၏သားတော် ငယ်မည် မောင်ဖေပု မဟာသိရိ သိဟသူရ ဓမ္မရာဇာ ဘွဲ့အမည်ရှိသော ပြည်မင်းက တိုက်တည် ကိုးကွယ် တော်မူ၍ ပြည်ဆရာတော်ဟု ထင်ရှားသောဆရာ ရေးသည်။ ၎င်းသည် ၁၂၂၅-ခု၊ နှောင်း တန်းခူး လဆန်း ၁၃-ရက်၌ ပျံလွန်တော် မူသည်။ ၎င်းနိသျ ဗားကရာမှုကို ၁၁၄၇-ခု၊ ကဆုန်လဆုတ် ၁၃-ရက်နေ့ ဖွား ချောင်းကောက်ရွာ ဇာတိ ငယ်မည် ဦးအင်၊ ဘွဲ့တော် ဦးပညာဇောတ၊ ပညာဇောတာဘိ သိရိသဒ္ဓမ္မပါလ အရိယဝံသ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်တော် လေးထပ်ရ ဒုတိယဗားကရာ သာသနာပိုင် ဆရာတော်ဘုရားကြီး ရေးသည်။ ၎င်းသည် ၁၂၂၂-ခု၊ တန်ဆောင်မုန်း လပြည့်နေ့၌ ပျံလွန်တော်မူသည်။၎င်းနိသျသစ်ကို မုံရွာမြို့အရှေ့ ထန်းတော ရွာ ဦးကေလာသဆရာရေးသည်။ ၎င်းဋီကာကျော်နိသျသစ် ပန္တိမာရုံမှုကို ကျိုက်လတ်မြို့ပန္တိမာရုံ ရွှေကျင်တိုက်ဆရာတော် ဦးကေလာသ ရေးသည်။

ဋီကာကျော်ဂဏ္ဌိကျမ်းဟောင်းကို ၁၁၆၉-ခု၊ တန်းခူးလဆန်းတရက်၊ တနင်္ဂနွေနေ့အပြီးမန္တလေးလှုံ့စယ်ရွာ၊ ပထမငါးခုန်ဆရာတော်၊ အရှင်အာဒိစ္စဝံသ မထေရ်ရေးသည်။ ဋီကာကျော် ဂဏ္ဌိကျမ်းသစ်ကို ၁၂၀၀-ပြည့်၊ ပထမ ဝါဆိုလဆန်း ၁၀-ရက် သောကြာနေ့ပြီး စစ်ကိုင်း ဒုတိယမင်းခင်းဆရာ တော် အရှင်ဝိစာရိန္ဒမထေရ်ရေးသည်။ မဏိသာရမဉ္ဇူသာ ဋီကာနိသျကို ရွှေဘိုမင်းလက်ထက် ပညာသိဟာဘိသိရိသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ၊ ဆင်ဖြူကျွန်းဇာတိ ခင်ကြီးပုရေးသည်။ ၎င်းနိသျသစ်တမှု ကို မိဖုန်း၏ကျိုက်ကိုအစွဲပြု၍၊ ဗန်းကျိုဟုတွင်သော တိုက်နယ်အပါ ပိဋကတ် ခေါင်း ရွာ ဇာတိ၊ ငယ်မည်ဦးသစ်၊ ဘွဲ့တော်ဦးနာဂိန္ဒ၊ နာဂိန္ဒာဘိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊ မင်းတုန်းမင်းလှူ ပထမတံဆိပ်တော်။ နာဂိန္ဒာဘိ ဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ၁၂၄၆-ခု သက်တော်(၅၁) တွင် သီဟော

ဘုရင်လှူ၊ဒုတိယတံဆိပ်တော် ၂-ထပ်ရ၊မန္တလေးမြို့မဟာဝေယန်ဘုံကျော် မိုးကောင်းဆရာတော်ရေးသည်။ မဏိသာရမဉ္ဇူသာ ဋီကာနိသျှတမှုကို၊ သစ်ဆိမ့်ကြီးရွာ ဇေတဝန် ဆရာတော် ဦးဝိသုဒ္ဓါစာရ ထေရ်ရေးသည်။ အဘိဓမ္မာဝတာရ ဒီပနီဋီကာ အမေးအဖြေကို ၁၀၇၀-ခု ပြည့်ဖွား ၁၁၄၆-ခု ပျံလွန်တော်မူသော ဇာတိအနောက်ဘက်တိုက်၊ ပန်းချီတွင်း၊ပေါက်မြင့်ရွာ လှမည်ဦးစံဘလူး၊ ဘွဲ့တော်းဉီနန္ဒမာလာ၊ နရိန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု တိပိဋကသဒ္ဓမ္မသာမိ မဟာဓမ္မရာဇာဓိ ရာဇဂုရု၊ တံဆိပ်တော် ၂-ထပ်ရ၊ ဆုံထားဆရာတော်ကြီး ရေးသည်။ အဘိဓမ္မာဝတာရဒီပနီ ဋီကာ နိသျှကိုဒီပါလင်္ကာရာဘိသိရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊တံဆိပ်တော်ရ၊ ဒုတိယငါးခုံဆရာတော် ရေးသည်။

**အထူး သတိပြုကြရန်အမှာ။** ။ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ ဘုရားရှင်ကြီးများကိုသော်လည်း (တဏှင်္ကရ်ရော၊ မေဓင်္ကရ်ရော၊ သရဏင်္ကရ် ရော၊ ဒီပင်္ကရ်ရော စသော အမည်တော်ကို ဖော်၍ ရေးသည်ကိုရှင်း။ ။ သာရိပုတ္တော၊မောဂ္ဂလာနော၊စသည်ဖြင့်အဂ္ဂသာဝကများ၏အမည်တော်ကို ဖော်၍ရေးသည်ကိုရှင်း။ ။ဥပါလိဒါသကောစေ၊သောဏကော သိဂ္ဂဝေါ တထာ၊ စသည်ဖြင့် အမည်တော်ကိုဖော်၍ရေးသည်ကိုရှင်း၊ ကျမ်းဂန်များ၌ ရှုမြင်ရ၍ ယခုလည်း ဓမ္မကထိကခေတ်ထူထောင်၍ သွားကြသော ဆရာ တော်ကြီးများ၏အမည်ကိုဖော်၍ရေးသားရခြင်းသည်၊အတိဂရုက သာရည် ပါသည်။ သံဝေဂ ပြင်းထန်စွာ ရရှိကြရန်ကိုသာ အထူးရည်ရွယ်၍ ရေးသား အပ်ပါသတည်း။)

သိပ်ပိုင်နှင့် မြန်မာ ဓမ္မကထိက ခေတ်ထူထောင်ပုံတရပ် အပြီးသတ်၏။

---

## (၁၆၈) ဓမ္မကထိကအစစ်

## ဝိပဿနာခေတ် တည်ဆောင်ကြပုံ

၁၁၄၆-ခုနှစ် လောက်က စတုဂီရိ တောင်လေးလုံး ဆရာတော်ကြီး သည်၊ စတုဂီရိ ရှုဘွယ်ကျမ်း ၂၄-စောင်မျှ ရေး၍၊ ဝိပဿနာခေတ် ဓမ္မကထိက အစစ်ဖြစ်ကြရန် တည်ထောင်ခဲ့ပါသည်။ ၁၂၃၆-ခုနှစ် လောက်က ရာမညရဋ္ဌဝါသီ ဒွါရဝါဒီ အုတ်ဖိုဆရာတော်ဘုရားကြီးသည်၊ ဝိပဿနာဉာဏ်စဉ် ၁၀-ပါး စာစောင်ကိုရေးထားခဲ့ပါသည်။ ပန်းတောင်း

ဆရာတော်ဘုရားကြီးသည်၊ ၎င်းဉာဏ်စဉ်အဖွင့် ဋီကာကို ရေးထားခဲ့ပါသည်။ရတနာထွန်းခေါင်ဆရာတော်ဘုရားသည်၊ဝိပဿနာ သံပေါက်ကျမ်းရေးခဲ့ပါသည်။ မာန်လည်ဆရာတော်ဘုရားသည်၊ ခတ်ကမ္မဋ္ဌာန်းကျမ်းကို ရေးခဲ့ပါသည်။ လယ်တီဆရာတော်ဘုရားကြီးသည်၊ ကမ္မဋ္ဌာန်းဒီပနီကျမ်း (၁၀၀) ကျော်ကို ရေးခဲ့ပါသည်။ ၎င်းတပည့် သေကျွဲတောင် ဆရာတော်သည်၊ ပဋ္ဌိတဝေဒနီယကျမ်းစသော စာအုပ်များ ရေးခဲ့ပါသည်။ မဟာဂန္ဓာရုံ စစ်ကိုင်းဆရာတော်သည်၊နိဗ္ဗာနမဂ္ဂကျမ်းများရေးခဲ့ပါသည်။ အင်းမကြီးဆရာတော်သည်၊သံဝေဂကမ္မဋ္ဌာန်းကျမ်းကိုရေးခဲ့ပါသည်။အာလန်မြို့ မြဲတိ ဆရာတော်သည်၊ ကမ္မဋ္ဌာန်းကျမ်း (၄၀) ကျော်မျှ ရေးခဲ့ပါသည်။ ကြောင်ပန်း ဆရာတော်နှင့် ဂိုဏ်းဂဏ များသည်၊ ဝိပဿနာ ကျမ်းများ ရေးကြပါသည်။ ဓမ္မစေတီဆရာတော်သည်၊ ၎င်းကျမ်းများ (၂၀) ကျော်မျှ ရေးခဲ့ပါသည်။ သကဒါဂါမိဆရာဘသည်၊ စာအုပ်များ ရေးခဲ့ပါသည်။ ဦးတိက္ခိန္ဒြိယဆရာနှင့် ဂိုဏ်းဂဏဝင်များသည် ဝိပဿနာစာအုပ်များ(၃၀) ရေးခဲ့ပါသည်။မင်းကွန်းဇေတဝန်ဆရာတော်နှင့် ဂိုဏ်းဂဏဝင်များသည်၊ ဝိပဿနာစာအုပ်များ (၃၁) ကျော် ရေးခဲ့ပါသည်။ မိုးညှင်းဆရာတော်နှင့် ဂိုဏ်းဂဏဝင်များသည်၊ ဝိပဿနာ စာအုပ်များရေးခဲ့ပါသည်။ မဟာစည်ဆရာတော်နှင့် ဂိုဏ်းဂဏဝင်များသည်၊ ဝိပဿနာ စာအုပ်များ ရေးထားခဲ့ပါသည်။ သဘုံမြို့ မြေနီကုန်း ဆရာတော်သည်၊ ကမ္မဋ္ဌာန သင်္ခေပကျမ်းကိုရေးခဲ့ပါသည်။ မင်းပူးမြို့ ခတ်တော်ကုန်းဆရာတော်သည်၊စတုသစ္စဒင်္ဂ ကမ္မကထာကို ရေးခဲ့ပါသည်။ ဦးထွန်းမြတ်သည်၊ဒိဋ္ဌဓမ္မ ဝိပဿနာသင်္ခေပနှင့် ပါရဂူကျမ်းများကို ရေဖြန့်နေပါသည်။ ဦးမြတ်သိန်းထွန်းသည်၊ ပညာဒီပနီ၊ ဉာဏဒီပနီစသော ကျမ်းများစွာကို ရေးဖြန့်နေပါသည်။ ကျောက်ပုံတောရဆရာသည်၊ ကမ္ဘာ့ဝိပဿနာ စသောကျမ်းများ ရေးဖြန့်နေပါသည်။ ဟံသာဝတီကမ္မဋ္ဌာန်းဌာနမှ စင်ပွန်းကုန်းဆရာတော်သည်၊နိဗ္ဗာန်ဝင်လမ်းကျမ်းကို ရေးဖြန့်နေပါသည်။ဆရာဦးစိန်ခန့်သည်၊ဝိပဿနာစာအုပ်ထုတ်၍ ဖြန့်နေပါသည်။ ဦးပဂိုသည်၊ ဝိပဿနာစာအုပ်ထုတ်၍ ဖြန့်နေပါသည်။ ထားဝယ်မြို့ အရိုး ဆေးကန် ကျောင်း ကမ္မဋ္ဌာန်း တိုက်မှ ဆရာ တော် ဦးသုဒဿနသည်၊ ဝိပဿနာကျမ်း ၂-အုပ် ရေး၍ ဖြန့်ပြီး နေပါသည်။ ကယားပြည် လွယ်ကော်မြို့ အာသောကာရုံကမ္မဋ္ဌာန်းတိုက်မှ ဆရာကြည်သည်၊ ဝိပဿနာ စာအုပ် ၃-မျိုး ထုတ်၍ ဖြန့်ပြီးနေပါသည်။ စွန်း လွန်း ဂိုဏ်းဝင်များသည်၊ထေရုပ္ပတ္တိရေး၍ ဖြန့်ပြ နေပါသည်။ဉာဏစာဂီမထေရ်

သည်၊ ဝိပဿနာဘာသာတိုက်ကြီး စသော ကျမ်းပေါင်း(၆၁)ကျော် ရေး၍ ဖြန့်ဖြူးနေပါသည်။ တွေးမိ သတိရရှိသော သူမြတ်များကိုသာ ရေး၍ သတိ မသေးမိသေးသော ကျမ်းဆရာနှင့် စာအုပ်များလည်း ရှိပေလိမ့်ဦးမည်။

ထိုထိုဆရာတော်ကြီးများ၏ သန္တာန်ကား၊ ဘယ်လိုနည်း။
ထိုထိုဆရာတော်ကြီးများ၏ ကရုဏာတော်ကား၊ ဘယ်မျှနည်း။
ထိုထိုဆရာတော်ကြီးများ၏မေတ္တာတော်ကား၊ ဘယ်လောက်နည်း။

(အရေးကြီးပြီ သွေးနိုးကြလော့။)

# (ဃ) ကမ္မဋ္ဌာန်းဆရာများ လက်စွဲအခက်း

## (၁၆၉) ၁–မြတ်စွာဘုရားက ဘယ်လိုဟောခဲ့သလဲ

သဒ္ဓမ္မသာဝနံ အတိဒုလ္လဘံ။ ။သဒ္ဓမ္မသာဝနံ၊ အရိယာတို့ တရားကို ကြားနာ ရခြင်းသည်။ အတိဒုလ္လဘံ၊ လွန်လွန်မင်းမင်းကြီး ခဲယဉ်းလှ ပေ၏။ ။အရိယာဘာသို့ ရောက်အောင် ပို့ဆောင်သောတရား၊ အရိယာ ဖြစ်အောင် ပြုသော တရားကား အလွန်အမင်း ကြားနာရ ခဲယဉ်း လှပါ သတဲ့။ ။ငါငါသူသူ၊ လူလူနတ်နတ်၊ ပညတ်စရာ မရှိ ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ား မိန်းမဟု ထင်စရာ မရှိသော အဘိဓမ္မာနယ်က စိတ်တရား-စေတသိက်တရား-ရုပ်တရား-နိဗ္ဗာန်တရားသည်သာလျှင် သဒ္ဓမ္မအစစ်မည် ပေ၏။ ၎င်းတရား ၄-ပါး၌ ပညတ်နယ်က ငါသူ-လူနတ် မရှိ၊ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ခဏသာရှိ၏။ သဘောသာရှိ၏။ သဘာဝသာရှိ၏။ သတ္တိ သာရှိ၏။ အဲဒီတရားမျိုးကို ကြားနာကြပါတဲ့။

## (၁၇၀) ၂–အဘိဓမ္မာဆိုတာ ဘာလဲ

အဘိ၊ အလွန်အမင်း။ဓမ္မာ၊ဆောင်ဖို့တာ။ ။အလွန်အမင်း အလွန်အကဲ့ ဆောင်ဖို့သော တရားပါဘဲတဲ့။ အလွန်အကဲ့ ဆောင်ဖို့ပုံမှာ–ဥပမာ၊ခတ် ကြီး ၄-ပါးကို တွေ့လျှင် ခရေတီတီ ခတုအရ သဘောကို ဆောင်ပြ၏။

ၐင်းမှ ဖေါက်ပြန် ဖြစ်ပျက်တတ်သော ဝိပရိဏာမ လက္ခဏာသို့ ဆောင်ပို့ပြန်၏။ ၎င်းမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တသို့ ဆောင်ပို့ပြန်၏။ ၎င်းမှ ဉာဏ်စဉ် ၁၀-ပါးအတိုင်း ဆောင်ပို့၊ ဝိသုဒ္ဓိ ၇-ပါးအတိုင်း ဆောင်ပို့၊ ဗောဓိပက္ခိယ အတိုင်း ဆောင်ပို့၊ ပုထုဇဉ်မှ အရိယာသို့ ဆောင်ပို့၊ သောတာပန်မှ သကဒါဂါမ်သို့၊ ၎င်းမှ အနာဂါမ်သို့၊ ၎င်းမှ ရဟန္တာသို့၊ ၎င်းမှ နိဗ္ဗာန်သို့ ဆောင်ပို့တတ်သောကြောင့် အဘိဓမ္မာ ဘွဲ့ကြီးကို ရရှိပါသည်။ ခေတ် ၄-ပါး၊ ရုပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါး။ ။တနည်း၊ ဓာတ်၊ ကလာပ်၊ ပရမတ်တရားများဟာ အဘိဓမ္မာတရားပါဘဲ။

## (၁၇၁) ၃-ဝိပဿနာဆိုတာဘာလဲ

ဝိ—အထူးဆုံး၊ အဆန်းဆုံး၊ ပဿနာ၊ ရှုတာ၊မြင်တာ၊တွေ့ရတာ၊သိရတာ၊

ပဿနာကား-ငါသူလူနတ်၊ပုဂ္ဂိုလ်သတ္တဝါ၊ယောကျ်ားမိန်းမ ခေါင်း ကိုယ်၊ ခြေလက်၊ နားရွက်၊ မျက်စိ စသော ရုပ်သိ၊ ရွာသိရိုးရိုး အမြင် အသိပါဘဲတဲ့။

ဝိပဿနာကား-ဓာတ်၊ကလာပ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ခယ၊ဝယ၊ ဝိပရိဏာမ၊ ရုပ္ပနံ၊ စိတ်၊ စေတသိက်၊ ရုပ်လက္ခဏာ၊ အမြင်အသိပါဘဲ။

## (၁၇၂) ၄-ပရမတ္ထဆိုတာဘာလဲ

ပရမော ဥတ္တမော အဝိပရီတော အတ္ထော ပရမတ္ထော ပါဠိအရ၊ ဘယ် အခါမှ မဖေါက်မပြန် အမြဲ တမ်း မှန်ကန်၍ နေသော သဘာဝတရား၊ သဘောတရား၊ ဓာတ်တရား၊ ကလာပ်တရားပါဘဲ။၎င်းတရားများ၌ ငါမရှိ သူမရှိ လူမရှိ နတ်မရှိ မိန်းမ မရှိ ယောကျ်ားမရှိ ပုဂ္ဂိုလ်မရှိ သတ္တဝါ မရှိ သော သဘောတရားသက်သက်ပင်တည်း။ တရားကိုယ်က မဖေါက်ပြန်တဲ့ တရားနှို၊ သူ့ကို သိမြင် တွေ့၍ထားသော ဒဿနအရိယာ၊ လိင်အရိယာ၊ ပဋိဝေဓအရိယာများဟာလဲ ယနေ့ကစ၍ နိဗ္ဗာန်အထိ မဖေါက်ပြန်တော့ပြီ။ ဖဲဒါဟာ ပရမော ဥတ္တမော အဝိပရိတော အတ္ထော ပရမတ္ထောဆိုတဲ့ ပါဠိ၏ အရပင်တည်း။ ။တနည်းကား၊ ပရမဿ သဗ္ဗညုတ ဉာဏဿ အတ္ထော ဂေါစရောတိ ပရမတ္ထော၊ ပါဠိအရကား၊ ပြခဲ့ပြီးသော ပညတ်မစွက်ဘဲ

ပရမတ်သက်သက်ဖြစ်သော ရုပ်သဘော ၂၈-မျိုး၊ စိတ်သဘော ၆-မျိုး၊ ၈၉-မျိုး၊ ၁၂၁-မျိုး၊ စေတသိက်သဘော ၅၂-မျိုး၊နိဗ္ဗာန်သဘော ၅၂-မျိုး တို့သည်၊ သဗ္ဗညုတဘုရား ရွှေဉာဏ်တော်ကြီး၏ ကျက်စား ရာတည်း။ အာရုံပြုရာတည်း။ ၂၄-သင်္ချေကုဋေ(၆၀) မိုလ်ခြေတသိန်းတို့၏ အာရုံပြုရာ ပျော်ပါးရာ တရားသာတည်း။ သောတာပန်-သကဒါဂါမ်- အနာဂါမ်တို့၏ ရွာကြီး မြို့ကြီး တိုင်းကြီး ပြည်ကြီးသာတည်း။ ၎င်းစိတ်, စေတသိက်, ရုပ်, နိမ်, ပရမတ် ၄-မျိုးရှိသော ထွေမြင်သော ပုဂ္ဂိုလ်များသည်ကား၊ သဗ္ဗညုတဉာဏ်တော်ကြီး၏ အမွေကိုရရှိပါပြီ။အမြတ်ဆုံးတရားတွေ့ရလျှင် အမြတ်ဆုံး ဘ၀နှင့် နိဗ္ဗာန်သွားပါတော့။ မပေါက်ပြန်တဲ့ တရားတွေ့ရလျှင် မပေါက်ပြန်ဘဲ နိဗ္ဗာန်သွားပါတော့။

## (၁၇၃) ၅-သမထာဓမ္မ ရဟန်းတရားဟာ ဘယ်သင်းပါလဲ

သမထာဓမ္မ ရဟန်းတရားဆိုတာ ရုပ်နာမ်ဓမ္မ သဒ္ဒါရ ဓာတ် တရား ကလာပ်တရား ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ သဘော၊ သဘာဝ တရားတို့ကို အားထုတ်ခြင်းတည်း။၎င်းတို့ကို အရအားထုတ်လျှင် အကုသိုလ်ငြိမ်း ကိလေသာငြိမ်း အပါယ်မီးငြိမ်း မီးဆယ့်တပါးငြိမ်း ဝဋ် ၃-ပါးငြိမ်းသဖြင့် သမထာဓမ္မဟု ခေါ်သည်။

## (၁၇၄) ၆-ရှာပုံ ရှာနည်း နိသျှည်းကား

ခန္ဓေ ပဿ အနိစ္စေတိ၊ ဂါထာအရ ခန္ဓာကိုယ်၌သာ တရားရှာရမည်။ ပဥ္စသု ဥပါဒါနက္ခန္ဓေသု ဥဒယဗ္ဗယာနုပဿီ-ပါဠိအရ ခန္ဓာကိုယ်ထဲ၌သာ လျှင် တရားကို ရှာရမည်။, (တရားရှာ ကိုယ်မှာတွေ့။ ။လမ်းဆုံးတော့ ရွာချောက်) စကားပုံလည်း ရှိခဲ့ပြီးဖြစ်သည်။

ခန္ဓာကိုယ်မှာ ဓာတ်ကြီး ၄-ပါးသာရှိ၏၊ အတွေ့ရှာကြပါကုန်။
ခန္ဓာကိုယ်မှာ ရုပ်နာမ် ၂-ပါးသာရှိ၏၊ အတွေ့ရှာကြပါကုန်။
ခန္ဓာကိုယ်မှာ ခန္ဓာ၊ အာယတန၊ ဓာတ်သစ္စာသာရှိ၏၊ရှာကြပါကုန်။

စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိတဲ့။ ခန္ဓာကိုယ်မှာ သစ္စာ ၄-ပါး တရားမှ လွတ်ထားဟာ မရှိပါဘူးတဲ့။ အဲဒါကြောင့် ခန္ဓာကိုယ်ထဲက ဖြစ် ပေါ်၍ ပြနေတဲ့ ပူမှု ဖူမှု တောင့်မှု တင်းမှု စသော သဘောအနက္တတို့သည်၊ သစ္စာ ၄-ပါးထဲက တခုခုသာ ဖြစ်တယ်လို့ မြဲမြဲကြီးဆုံးဖြတ်ကြပါတော့။

ကမ္မဋ္ဌာနဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ ပါဠိအရ၊ ခန္ဓာကိုယ်မှာ ကမ္မဋ္ဌာန်းတရားမှ လွတ်ထားဟာ မရှိဘူးတဲ့။ အဲဒါကြောင့် ခန္ဓာကိုယ်ထဲက ဖြစ်ပေါ်၍ပြနေတဲ့၊ ပူမှု မှေ့ တောင့်မှု တင်းမှုစသောသဘောအနန္တတို့သည်၊ကမ္မဋ္ဌာန်းတရားချည်းပါဘဲဟူ၍ မြဲမြဲကြီး ဆုံးဖြတ်ကြပါတော့။

လက္ခဏတ္တယ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိတဲ့၊ ပါဠိက ခန္ဓာကိုယ်မှာ အနိစ္စ၊ဒုက္ခ၊အနတ္တဆိုတဲ့ လက္ခဏာရေး ၃-ပါးမှ လွတ်ထားဟာ မရှိဘူးတဲ့။ အဲဒါကြောင့် ခန္ဓာကိုယ်ထဲက ဖြစ်ပေါ်၍ ပြနေတဲ့၊ ပူမှု မှေ့ တောင့်မှု တင်းမှု စသော သဘော အနန္တတို့သည်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေး ၃-ပါးချည်းဘဲဟူ၍ မြဲမြဲကြီး မှတ်ကြပါတော့။

## (၁၇၅) ၇-ခန္ဓာမှာ ရှာ၍ ကြည့်တော့ တွေ့ရမှုံ

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။ ။မဟာပရိနိဗ္ဗာန သုတ်တော်ကြီး။ ။ဘိက္ခဝေ၊ ချစ်သားတို့။ ဟန္ဒ ဒါနိ၊ ယခု ပရိနိဗ္ဗာန် ပြုခါနီး အချိန်၌။ ဝေါ၊ သင်ချစ်သားတို့အား။ အာမန္တယာမိ၊ ခေါ်၍ သေတမ်းစာ အဖြစ်ဖြင့် မှာထားရစ်ပါအံ့။ သင်္ခါရာ၊ ကံကြောင့်၊စိတ်ကြောင့်၊ ဥတုကြောင့်၊အာဟာရကြောင့် ဖြစ်ကြရကုန်သော သင်္ခါရ တရားစုတို့သည်။ ဝယဓမ္မာ၊ ပျက်ရခြင်း သဘောသာ ရှိကုန်၏။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံ၍သာ နေရစ်ကြပါကုန်လော့။ ။ဤကား အနက်တည်း။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပရိနိဗ္ဗာန် စံမြန်းခါနီး၌ သေတမ်းသဘောဖြင့် အရေးတကြီး မှာထားခဲ့ပါတယ်။ မှာထားတော်မူတဲ့ လွတ်လပ်ရေးကြီး တရားကလဲ တိုတိုတုတ်တုတ် လွယ်လွယ် ကလေးပါဘဲ၊ မှာထားခဲ့ပုံမှာ လူတိုင်းရကြပါစေ၊ သတိလဲရှိကြပါစေ။ (ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ) အဲဒါ မှာတမ်းကြီးပါဘဲ။

(၁) ဝယဓမ္မာဆိုတာ အစဉ်အမြဲ ပျက်ပျက်နေတဲ့ အနိစ္စဘဲ။

(၂) သင်္ခါရာ ဆိုတာ ကံ စိတ် ဥတု အာဟာရ ကြောင့် ဖြစ်တဲ့ ရုပ်နာမ်ဘဲ။

(၃) အပ္ပမာဒေန သမ္ပာဒေထ သတိဖြင့် အမြဲတမ်းရှု၍ နေကြတဲ့။

အဲဒီသုံးချက်ဟာ လေးနက်လှတဲ့ မှာတမ်းကြီးပါဘဲ။

လူနတ်ဗြဟ္မာများ၌ အရေးအကြီးဆုံးသော အလုပ်ဟာ တခြားမဟုတ်ပါ။ (ဝယဓမ္မာ သင်္ခါရာ) သင်္ခါရ အပျက် ကို ရှုနေကြဖို့ တာဝန်ပါဘဲ။ ဘုရားဟောတဲ့အတိုင်း သင်္ခါရအပျက်ကိုသာရှု၍ နေပါလျှင် ယနေ့ကစ၍ နိဗ္ဗာန်အထိ လွတ်လပ်ရေးကြီးကို ရသွားမည်။ အပါယ် တံခါး ပိတ်၍ သွားမည်။ ဆင်းရဲ သံသရာကြီးပြတ်၍ သွားမည်။ ဘုံစဉ်စီ၍ တက်တက် သွားမည်။ သိဒ္ဓိကြီး ကိုးတန်ရ၍ သွားမည်။ ၆၇-ဆင့်ကို မလိုချင်လဲရ လိုချင်လဲရ၍သွားမည်။(ဝယဓမ္မာသင်္ခါရာ)ရှုကြတော့၊ရှာဖွေ၍ကြည့်တော့ ခန္ဓာကိုယ်ထဲမှ အမြဲတစေ ဖြစ်ပျက်၍ နေကြတဲ့ ပူမှု အေးမှု တောင့်တင်းမှု စသော ဝယဓမ္မာသင်္ခါရာတို့ကိုသာ တွေ့ကြရပါသည်။ ဘုရားအမွေကြီး ရ၍နေကြပါပြီ။ ပူပျက် အေးပျက် တောင့်ပျက် တင်းပျက် လှုပ်ပျက် ရွပျက် စသော အပျက်အနိစ္စ လက္ခဏာ စကြာရတနာကြီးကို ရကြရပါပြီ။ အားတက်စရာပင်တည်း။

(၁၇၆) ဂ–ရုပ္ပတီတိ ရူပံ။ ။ရုပ္ပတိ၊ ဖေါက်ပြန်တတ်၏။ဣတိတသ္မာ၊ ထို့ကြောင့်။ရူပံ၊ရုပ်မည်၏။ ။နမတီတိ နာမံ။ ။နမတိ၊ သိတတ် ညွတ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ နာမံ၊နာမ်မည်၏။ ။ခန္ဓာကိုယ်၌ရှာ၍ ကြည့်တော့ ပူမှု အေးမှု တောင့်မှု တင်းမှု လှုပ်ရှားမှုသဘောတွေက ရုပ်တရားဘဲ။ပူပြီး အေးပေါ်၊ ဖေါက်ပြန်၊ ပူပြီးပျက်၊ အနိစ္စဖေါက်ပြန်ပုံ။အဲဒါက ရုပ်တရား သဘောတည်း။ ။ပေါ်တိုင်းသိ ပျက်တိုင်းသိ၍ နေတာက နာမ် တရားတည်း။ရုပ်နာမ်ကွဲ၍တွေ့ရပါပြီ။နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရပါပြီ။ ။နာမရူပ ပရိစ္ဆေဒေန သက္ကာယဒိဋ္ဌိပဟီနံ ဟောတိ။ ။အဋ္ဌကထာများဖွင့်ပုံ။ ။ နာမရူပ ပရိစ္ဆေဒေန၊ နာမ် တခြား ရုပ်တခြားကို ပိုင်း ခြား ၍ သိသဖြင့်။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကြီးကို။ ပဟီနံ၊ ပယ်နိုင် သတ်နိုင်တော့သည်။ ဟောတိ၊ ဖြစ်၏။ ။ရုပ်နာမ်ကိုကွဲ၍ တွေ့ပါလျှင် သက္ကာယဒိဋ္ဌိကြီးကွာ သွားပါပြီ။

## (၁၇၇) ဃ–ရုပ်ပျက် နာမ်ပျက် ကုဋေတသိန်းတွေ့ရ

ဧကစ္ဆရေ အနေကာနိ ကောဋိသတ သဟဿ သင်္ခါရာနိ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။ ။သံယုတ် သုံးကျမ်းနှင့် ဝိဘင်းအဋ္ဌကထာ အဆို။

ဧကစ္ဆရေ၊ဤမျက်စိတမှိတ်ခန့်အတွင်း၌။အနေကာနိ၊များစွာကုန်သော။ ကောဋိသတ သဟဿသင်္ခါရာနိ၊ ကုဋေတသိန်းကုန်သော သင်္ခါရတရား

ဥတို့သည်။ဥပ္ပန္နာနိ စ၊ဖြစ်လည်း ဖြစ်ကြကုန်၏။ဝယန္တိ စ၊ပျက်လည်းပျက်ကြကုန်၏။ ။ခန္ဓာကိုယ်ထဲ၌ တရားရှာတော့ ခေါင်းပျောက် ကိုယ်ပျောက် ခြေပျောက် လက်ပျောက်အောင် တဖြန်းဖြန်း၊ ဖြိုးဖြိုး၊ ဖျဉ်းဖျဉ်း၊ တရိုးရိုး၊ တရွရွ၊ တရိပ်ရိပ်၊ တလျှမ်းလျှမ်း စသည်ဖြင့် ကုဋေတသိန်းမက တွေ့ရပါသည်။ ဖြန်းနှင့်ဖြန်း မရောတာက အာကာသ ခြားတာပါဘဲ၊ပျက်ပျက်နေတာက အနိစ္စတွေပါဘဲ၊ တဖြန်းစီနေတာက ကလာပ်တွေပါဘဲ၊ စာနှင့်ခသိနိုင်၊ ခန္ဓာက ပေါ်၍ပြမှ ယုံကြည်ပါမည်။

## (၁၇၇) ၁၀—မြင်ခဲ့ပြီး သဘာဝတွေဟာ ခေတ် ၄-ပါးထဲကပါဘဲ

ကတမဥ္စရူပံ၊စတုဗ္ဗိဓ မဟာဘူတာနိ။ ။ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်။ ။ ရူပံ၊ ရုပ်တရားသည်။ ကတမဥ္စ၊ အဘယ်နည်း။ စတုဗ္ဗိဓ၊၄-ပါးကုန်သော။ မဟာဘူတာနိ၊မဟာဘုတ်ခေါ် ဓာတ်ကြီး ၄-ပါးတို့ပင်တည်း။ ။ရုပ်တရား ဆိုတာ ပူမှု အေးမှု တေဇောဓာတ် လှုပ်မှု ရွှားမှု ဝါယောဓာတ် ယိုစီးမှု ဖွဲ့စေးမှု အာပေါဓာတ် တောင့်တင်း ပြေ့ရှုမာမှု ပထဝီဓာတ် အကျဉ်းအားဖြင့် ၄-ပါးတည်း။ ဓာတ် ၄-ပါး၊ ၆-ပါး၊ ၈-ပါး၊ ၁၀-ပါး စသည်တို့ကို ချဲ့နိုင်က ချဲ့၍ပြကြပါ။

## (၁၇၉) ၁၁—ခေတ် ၄-ပါးတွေ့ပြီးမှ တွေ့ရသော ဥပါဒါရုပ် ၂၄

စတုန္နဥ္စ မဟာဘူတာနံ ဥပါဒါယရူပံ။ ။ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်။ ။ စတုန္နံ၊(၄)ပါးကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ ရူပဥ္စ၊ မှီတွယ်ကာရုပ်၍ ဖြစ်ပျက်သော ဥပါဒါရုပ်တို့သည်ရင်း။ ရူပံ၊ ရုပ်တရားပင်မည်၏။ ။ဥပမာ၊ ပူတာက တေဇောဓာတ်၊ ပျက်ထာက အနိစ္စတာရုပ်၊ ပထမက မဟာဘုတ်ရုပ်တည်း။ဒုတိယက ဥပါဒါရုပ်တည်း။ဥပမာ၊ တောင့်တင်းတာက ပထဝီဓာတ်တည်း။ဖြစ်ထာ ပျက်ထာက ဥဒယဗ္ဗယ၊ဥပါဒါရုပ်တည်း။ ဝါ၊ဝိပရိဏာမ လက္ခဏာပင်တည်း။ ဝါ၊ ဖေါက်ပြန်တာပင်တည်း။ ဝါ၊ရုပ္ပတိတိ ရူပံ၊ သဘောပင်တည်း။ ပျက်၍ မဟာဘုတ်ရုပ်နှင့် ဥပါဒါရုပ် ၂-ခု တွေ့ရပုံတည်း။

## (၁၈၀) ၁၂-ဘုရားက အရှာခိုင်းတဲ့ ရုပ်တရား

ကတမဥ္စ ဘိက္ခဝေ ရူပံ၊ သီတေနာပိ ရုပ္ပတိ၊ ဥဏှေနာပိ ရုပ္ပတိ ဇိဃစ္ဆာယပိ ရုပ္ပတိ၊ ပိပါသာယပိ ရုပ္ပတိ၊ ဍံသ မကာသ ဝါတာတပ

သရီသပ သမ္ဘဿာယဝိ ရုပ္ပတိ၊တသ္မာ ရူပန္တိ ဝုစ္စတိ။ ။ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်နှင့် ဝိဘင်းအဋ္ဌကထာ။

ဘိက္ခဝေ၊ ချစ်သားတို့။ ရူပံ၊ ရုပ်တရားသည်။ ကတမဉ္စ၊ အဘယ်နည်း။ သီတေနာပိ၊ အအေးကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဥဏှေနာပိ၊ အပူကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဇိဃစ္ဆာယပိ၊ ဝတ်မွတ်ခြင်း ကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ပိပါသာယပိ၊ ရေငတ်ခြင်း ကြောင့်လည်း။ရုပ္ပတိ၊ဖောက်ပြန်တတ်၏။ ဍံသမကသဝါတာတပ သရီသပ သမ္ဘဿာယပိ၊ မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ပျား, ကင်း, သန်းတို့၏ တွေ့ထိခြင်း ကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ တသ္မာ၊ ထိုသို့ ဖောက်ပြန်တတ် လေသောကြောင့်။ ရူပန္တိ၊ ရုပ်တရားဟူ၍။ ဝုစ္စတိ၊ ဆို အပ်ပါ၏။

အအေးကြောင့် ဖောက်ပြန်တာဟာ ဆောင်းတွင်း၌ တုန်၍ ပြနေပေ၏။ အပူကြောင့် ဖောက်ပြန်တာဟာ ပူလွန်းအားကြီး၍တုန်တုန်ခိုက်ခိုက်နေ၏။ ဝတ်မွတ်ခြင်းကြောင့် ဖောက်ပြန်တာဟာ မှုးခနဲ့ မိုက်ခနဲ့စသည် ဖြစ်၍ ပြနေ၏။ ရေငတ်ခြင်းကြောင့် ဖောက်ပြန်တာဟာ ဝမ်းပူ ကိုယ်နွမ်းမချမ်း ဘဲ ဖြစ်၍နေပေ၏။မှက်ခြင်တို့ကြောင့် ဖောက်ပြန်တာဟာ ယားယံ၍နေခြင်း ရူးရှ အခံခက်၍နေခြင်း လေပူ နေပူကြောင့် ဖောက်ပြန်တာဟာ အားအင် ကုန်ခန်း မျက်နှာနီမြန်း၍ ပြနေ၏။မြွေပျား၊ကင်း၊သန်းတို့ကြောင့် ဖောက်ပြန် တာဟာ တဖျဉ်းဖျဉ်းနှင့် မှိုင်းရီ မှုန်တွ၍ နေခြင်း၊ ဤသဘောစ တို့ကား ရုပ်ဖောက်ပြန်ပုံ အကြမ်းစား လူပြိန်းသိတ္တိတည်း။ ။ကမ္မဋ္ဌာန်းတရားကို အားထုတ်၍ ကြည့်မှသာ ဒါက ကံကြောင့်၊ ဒါက စိတ်ကြောင့်၊ဒါက ဥတု ကြောင့်၊ဒါက အာဟာရကြောင့်ဟု တွေ့ရလိမ့်မည်။

## (၁၈၁) ၁၃–ယထာ ပုဗ္ဗုဠကံ ပဿေဖြင့် တွေ့မှုအမှန်

သမုဒ္ဒရာထဲ ပင်လယ်ထဲ မြစ်ထဲ ချောင်းထဲ အိုင်ထဲ ကန်ထဲသို့ မိုးရွာ၍ ချတော့၊ မိုးပေါက်တွေကြောင့် ရေပွက်များ ရေတပြင်လုံး၌ တွေ့ရတာလို တရားအားထုတ်၍ ကြည့်တော့၊ဟိုနေရာက ပူ၍ပွက်၊ဒီနေရာက ဒ္ဓ၍ ပွက်နှင့် ခေါင်းရော ကိုယ်ရော ခြေလက် ကျောရင်၌ရော၊ ဌာနများ၌ တပြိုးပြိုး တဖျဉ်းဖျဉ်း တဖြန်းဖြန်း တရွရွ တရှိန်းရှိန်း စသည်ဖြင့် ပွက်၍ ပွက်၍ ပေါ်ကြဘာကို ယထာပုဗ္ဗုဠကံ ပဿေအရ ပေါ်တာဟူ၍ခေါ်ရပါသည်။ ကိုယ်တွေ့ တွေ့ရအောင် ရှာဖွေကြပါကုန်။

## (၁၈၂) ၁၄-နဗိဒေသာတ သမုပ်မဲဖြင့် တွေ့မှုအမှန်

မြစ်ရေအယဉ် ချောင်းရေ အယဉ်တို့ကို၊ အဝေးက မြင်သော အခါ ရေပြင်ကြီးဟာ ရပ်တည်၍ နေသကဲ့သို့ သန္တတိ ပညတ်ဖြင့် မြင်ရ၏။ အနီးက ကပ်၍ ကြည့်သောအခါ စီးသောရေကလဲ မပြတ်စီးလျက်ရှိ၏။ လာသောရေကလဲ မပြတ်လာ၍နေ၏။ မမြဲခြင်းကို လက်တွေ့ တွေ့မြင်ရ၏။ ဤဥပမာလိုပင် တရားအားထုတ်၍ကြည့်တော့၊အပူခတ်များကလဲ အဆက် မပြတ်ဖြစ်ကြ၏။အအေးခတ်များကလဲ အဆက်မပြတ်ဖြစ်ကြ၏။ ပထဝီပေါ်ပုံ ၁၃-မျိုး၊ အာပေါပေါ်ပုံ ၂-မျိုး၊ တေဇောပေါ်ပုံ ၆-မျိုး၊ ဝါယောပေါ်ပုံ ၁၁-မျိုးတို့ဟာ အနတ္တ အနေဖြင့် တားမရ ဆီးမရ ရွှေ့မရ ပြောင်းမရ ယူမရ ကိုင်မရ အလိုသို့မလိုက် အကြိုက်သို့မပါဘဲ ရေယဉ်ပမာ မပြတ် ဖြစ်၍သာ နေကြတာကို တွေ့ရပါသည်။

## (၁၈၃) ၁၅-ဖေဏသာပသေ မရီစိကာဖြင့် တွေ့မှုအမှန်

ရေအိုင်စပ်၌ နေအရှိန်ခတ်တော့ တလျှပ်လျှပ် တရိပ်ရိပ်နှင့် တန်လှပ် များဖြစ်၍ နေတာလို၊ ထို့အတူ တရားအားထုတ်တော့ ခန္ဓာကိုယ်ထဲမှာ တလျှပ်လျှပ်နှင့်တရိပ်ရိပ်နှင့် မှိုင်းခနဲ့ အုံ့ခနဲ့ ထိုင်းခနဲ့ဖြစ်ပျက်၍ နေတာကို အနိစ္စ၊ဒုက္ခ၊အနတ္တအနေဖြင့် တွေ့ရပါသည်။

## (၁၈၄) ၁၆-ရုပ်တရား တွေ့ရပုံ ဥပမာလေးမျိုး

ဇာတိ တတ္ထတတ္ထ ဥပ္ပန္နာ ဇာတရိတရံ ကောဋ္ဌာသံ အပတ္တာဘတ္ထ တတ္ထေဝ ပဇ္ဇံ ပဇ္ဇံ သန္ဓိ သန္ဓိ ဩဓိဩဓိ ဟုတွာ တတ္ထကပါလေ ပက္ခိတ္တ တိလာဝိယ တဋတဋ ယန္တာ သင်္ခါရာ ဘိဇ္ဇန္တိ၊ တသ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဇာတိ၊ ဤသို့။တတ္ထတတ္ထ၊ထိုထိုသို့သော ရုပ်နာမ်ဖြစ်ပေါ်ရာဌာန၌။ဥပ္ပန္နာ၊ ဖြစ်၍ ဖြစ်၍လာကြကုန်သော။ သင်္ခါရာ၊ ကံ၊စိတ်၊ဥ၊ဟာ၊ ကြောင်း ၄-ပြာ ကြောင့် ဖြစ်ကြကုန်သော သင်္ခါရတို့သည်။ ဇာတရိဘရံကောဋ္ဌာသံ၊ ဤမှ တပါးသော အဘို့အစုသို့။ အပတ္တာ၊ မရောက်မူ၍။ တတ္ထတတ္ထေဝ၊ ထိုထို ဖြစ်ပေါ်ရာဌာန၌သာလျှင်။ ပဇ္ဇံပဇ္ဇံ၊ အဆစ်အဆစ်။သန္ဓိသန္ဓိ၊ အစပ် အစပ်။ ဩဓိ ဩဓိ၊ အပိုင်းအပိုင်း။ ဟုတွာ၊ ဖြစ်ကြကုန်၍။ ဘိဇ္ဇန္တိ၊ ပျက်စီးကြရ

ကုန်၏။ ကိမိဝ၊ ဥပမာဆို ဘယ်လိုနည်း ဟူမူကား။ တဗ္ဗု ကပါလေ၊ လောလောပူသော အိုးကင်း၌။ ပက္ခိတ္တတိလာ၊ ထဲ့လှော်အပ်သော နှမ်းတို့သည်။ တဋတဋယန္တ၊ ဖျစ်ဖျစ် ဖျစ်ဖျစ်မည်ကုန်လျက်။ ဘိဇ္ဇန္တိယထာ၊ ပေါက်စီးရကုန်သကဲ့သို့။ ဧဝံတထာ၊ ဤဥပမာ အတူသာလျှင်။ သင်္ခါရာ၊ ရုပ်နာမ်နှစ်ဝ၊ သင်္ခါရတို့သည်။ဘိဇ္ဇန္တိ၊ဖြစ်ပျက်ဖြစ်ပျက်နှင့် မနှစ်သက်စရာ ပေါက်ရကုန်၏။ တသ္မာ၊ ထိုသို့ပေါက်စီးရလေသောကြောင့်။ အနိစ္စာ၊ မမြဲခြင်းလက္ခဏာရှိကြကုန်၏။ ဒုက္ခာ၊ နှစ်သက်သာယာဘွယ်မရှိဘဲ ဆင်းရဲကြရလေကုန်၏။ အနတ္တာ၊ အလိုမလိုက် အကြိုက်သို့ မပါသောကြောင့် အနတ္တသဘောဖြစ်ကြရလေကုန်၏။

ခန္ဓာကိုယ်မှ ရိုးတိုးရွတ ဖြိုးဖြိုး ဖျဉ်းဖျဉ်း စသော ပေါက်ပြန်နေသော ရုပ်တရားတို့သည်၊ အဆစ်အဆစ် အစပ်အစပ် အပိုင်းအပိုင်း တဖျစ်ဖျစ် တပေါက်ပေါက်နှင့် ပေါ်၍ မမြဲဘဲ ဖြစ်ကြကုန်၏။

## (၁၈၅) ၁၇-နဒီသောတောပမယနှင့် ပေါ်မှု အမှန်

မြစ်ရေအယဉ် ချောင်းရေအယဉ်တို့သည်၊ အဆက်မပြတ်ဘဲ စီးတဲ့ရေကစီး၍ လာတဲ့ရေက လာနေသကဲ့သို့၊ ထို့အတူ ခန္ဓာကိုယ်ထဲက ခြေလက်မပါ ခေါင်းကိုယ်မပါ သဘောသက်သက်မျှသာ ဖြစ်ကြကုန်သော ဖြိုးဖြိုး ဖျဉ်းဖျဉ်း ရိုးတိုးရွတ ပူစသော ရုပ်တို့သည်၊ ဖြစ်ပျက် ဖြစ်ပျက်နှင့် စက္ကန့်မဆိုင်း မိနစ်မဆိုင်း နာရီမဆိုင်း နေ့-ရက်-လ-နှစ်မဆိုင်းကြဘဲ သူ့သဘော အတိုင်း သူတို့ သဘာဝနှင့် ဖြစ် ပျက်၍ သာ နေကြကုန်၏။ ရပ်သည်လဲမရှိ မြဲသည်လဲမရှိ မြစ်ရေပမာ ဖြစ်ကြကုန်၏။

## (၁၈၆) ၁၈-ဒီပဒ္ဓာလာပမယနှင့် ပေါ်မှု အမှန်

ရေနံဆီခွက်၌ ရေနံဆီထဲ့၍ မီးထွန်းသောအခါ ရေနံဆီကလဲ အမြဲမရှိ ကုန်ခန်း၍နေ၏။ မီးတောက်ကလဲ အမြဲမရှိ တောက်လောင်၍သာ နေ၏။ အငွေ့တွေကလဲ တရိပ်ရိပ်နှင့် အနိစ္စ ဖြစ်၍သာ နေကြ ကုန်၏။ ဤဥပမာလို ခန္ဓာကိုယ်က မီးခွက်တည်း။ ကံ၊ စိတ်၊ ဥတု အာဟာရတို့က ရေနံဆီတည်း။ မီးတောက်ပျက်ကတော့ ခဏအပျက်တည်း။ အငွေ့တွေ ပျက်၍နေတာကတော့ ကလာပ်ပျက် အနိစ္စတည်း။ ချုံ၍ ဥပမာဖြင့် ပြကြပါ။

## (၁၈၇) ၁၉-ရုပ်နာမ်အစစ်တွေ့၊ငြိမ်းငွေ့ရမည်

ရူပံ ပဿန္တော ရူပသ္မိံ နိဗ္ဗိန္ဒတိ၊ ဝေဒနံ ပဿန္တော ဝေဒနာယ နိဗ္ဗိန္ဒတိ၊ သညံ ပဿန္တော သညာယ နိဗ္ဗိန္ဒတိ၊ သင်္ခါရေ ပဿန္တော သင်္ခါရေသု နိဗ္ဗိန္ဒတိ၊ ဝိညာဏံ ပဿန္တော ဝိညာဏသ္မိံ နိဗ္ဗိန္ဒတိ။ ။ မဟာဝါ ပါဠိတော်။

ရူပံ၊ ရုပ်တရားကို။ ပဿန္တော၊ တွေ့မြင်သောသူသည်။ ရူပသ္မိံ၊ ရုပ်တရား၌။ နိဗ္ဗိန္ဒတိ၊ ငြိမ်းငွေ့ရ၏။ ဝေဒနံ၊ ဝေဒနာတရားကို။ ပဿန္တော၊ တွေ့မြင်သောသူသည်။ ဝေဒနာယ၊ ဝေဒနာတရား၌။ နိဗ္ဗိန္ဒတိ၊ ငြိမ်းငွေ့ရ၏။ သညံ၊ သညာတရားကို။ ပဿန္တော၊ တွေ့မြင်သောသူသည်။ သညာယ၊ သညာတရား၌။ နိဗ္ဗိန္ဒတိ၊ ငြိမ်းငွေ့ရ၏။ သင်္ခါရေ၊ သင်္ခါရ တရားတို့ကို။ ပဿန္တော၊ တွေ့မြင်သောသူသည်။ သင်္ခါရေသု၊ သင်္ခါရ တရားတို့၌။ နိဗ္ဗိန္ဒတိ၊ ငြိမ်းငွေ့ရ၏။ ဝိညာဏံ၊ ဝိညာဉ်တရားကို။ ပဿန္တော၊ တွေ့မြင်သော သူသည်။ ဝိညာဏသ္မိံ၊ ဝိညာဉ်တရား၌။ နိဗ္ဗိန္ဒတိ၊ ငြိမ်းငွေ့ရ၏။ ။ အဓိပ္ပါယ် သိလွယ်ပါပြီ။

## (၁၈၈) ၂၀-ဓမ္မဆိုတဲ့ တရားဟာ သဘောမျှတဲ့

ဓမ္မာနိဿတ္တ နိဇီဝသဘာဝါ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။ဓမ္မာ၊ တရားတို့သည်။ နိဿတ္တ နိဇီဝ သဘာဝါ၊ သတ္တဝါဆိုတာလဲမရှိ၊ အသက် လိပ်ပြာဆိုတာလဲမရှိ သက်သက်သဘောမျှသာ ရှိကြကုန်၏။

ပုတာဒေတာဟာ သဘောမျှတည်း။ သတ္တဝါ အသက်လိပ်ပြာမရှိ။
လှုပ်တာရှားတာ သဘောမျှတည်း။ သတ္တဝါ အသက်လိပ်ပြာမရှိ။
စိတ်တရား၌ သဘော ၆-မျိုး။ (၈၉)မျိုး (၁၂၁)မျိုးသာ ရှိ၏။
စေတသိက်တရား၌ သဘော(၅၂)မျိုးသာလျှင် ရှိ၏။
ရုပ်တရား၌ သဘော(၂၈)မျိုးသာလျှင် ရှိ၏။
နိဗ္ဗာန်တရား၌ သဘော(၅၂)မျိုးသာ ရှိ၏။
ငါသူ လူနတ် ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာဆိုတာ မရှိပါ။

## (၁၈၉) ၂၁-တရားတော်ဂုဏ် ၆ ပါးနှင့်တွေ့မှ အစစ်ပါ

ကိုယ်မှာတွေ့၍ စာနှင့်ညီတာက သွာက္ခာတဂုဏ်တော်။
နေရာဌာနနှင့် သဘောနှင့် တွေ့တာက သန္ဒိဋ္ဌိကဂုဏ်တော်။
ရှုတိုင်းရှုတိုင်းတွေ့တာက အကာလိကဂုဏ်တော်။
ရုပ်ပေါ်လို့ စိတ်ကသိရတာက ဧဟိပဿိကဂုဏ်တော်။
သဘောမနေဘဲပြောင်းတာက ဩပနေယျိကဂုဏ်တော်။
ကိုယ့်ဟာကို သိရတာက ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်။
၎င်းခြောက်ပါးထဲက တပါးပါးတွေ့လျှင် သာသနာတည်သူပါဘဲ။

## (၁၉၀) ၂၂-သာသနကိစ္စကြီးကိုလုပ်မှ သာသနာဖြစ်ကြောင်း

ပရမတ္ထတရား၌သာ ရထိုက်ရကောင်းသော

သာသနကိစ္စကြီး ၄-ပါး

(၁) ပရိညာကိစ္စ၊ပညတ်တရား ကွယ်၍ ပရမတ်တရား၏သဘောတို့ကို ပိုင်းခြားခြင်း၊ ဉာဏ်ဖြင့် သိမြင်ခြင်း၊ သာသနကိစ္စကြီးတပါး။

(၂) ဘာဝနာကိစ္စ၊ ရုပ်သဘော၊ နာမ်သဘောတို့၏ လက္ခဏာတို့ကို ထပ်ကာ ထပ်ကာ ပွါးများခြင်း၊ သာသနကိစ္စကြီးတပါး။

(၃) ပဟာနကိစ္စ၊ မကောင်းယုတ်မာ၊ ကိလေသာတို့ကို ပယ်မှု သတ်မှု ချောင်ကြည်မှု ဖယ်ရှားမှု သာသနကိစ္စကြီးတပါး။

(၄) သစ္ဆိကရဏကိစ္စ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ၂-ပါးကို မသိအောင် ဖုံးတတ်သော အဝိဇ္ဇာ စသည်ကို ပယ်၍ ချုပ်ပျောက်ငြိမ်းအေးမှုကို မျက်မှောက်ပြုခြင်း၊ သာသနကိစ္စကြီးတပါး။

၎င်းလေးပါးထဲက တပါးပါးကို တွေ့ရလျှင် သာသနာတည်သူပါဘဲ။

## (၁၉၁) ၂၃-သာသနကိစ္စကြီး ၂-ပါးကိုလုပ်မှ သာသနာ

ဂန္ထဓုရ၊ စာပေကျမ်းဂန် သင်ကြားပို့ချမှု သာသနကိစ္စတပါး။
ဝိပဿနာဓုရ၊ ဝိပဿနာအားထုတ်ရခြင်း သာသနကိစ္စတပါး။
၎င်း ၂-ပါးတွင် တပါးပါးကိုတွေ့မှ သာသနာတည်သူပါဘဲ။

## (၁၉၂) ၂၄-သာသနာ့ကြီး အမြစ်တွယ်သည်ဆိုတာဟာ

ဇေဝံ သဉ်္ဂါရေ သလ္လဂ္ဂေတွာ ဠိတာယပန ဘိက္ခုနော ဒသ ဗလာယ သာသနေ မူလံ ဩတိဏ္ဏံနာမ ဟောတိ၊ လဒ္ဓသာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော ဗုဒ္ဓသောတာပန္နောနာမ။ ။ ဝိဘင်းအဋ္ဌကထာ။

ရုပ်နာမ်သင်္ခါရတို့ကိုမှတ်သား ရှုပွါးသောယောဂီဟာ မြတ်စွာဘုရား၏ သာသနာတော်၌ အမြစ်တွယ်ပြီ။သက်သာရာရပါပြီ။ထောက်ရာ တည်ရာ ရပါပြီ။ ဂတိအလား မြဲပါပြီ။ဗုဒ္ဓသောတာပန်ဖြစ်ပါပြီ။

## (၁၉၃) ၂၅-တဖြည်းဖြည်း ဝိမုတ္တိ ငါးပါး ဆိုက်လာရပုံ

ဓုဗ္ဗေငါးပါး စိုးပိုင်၍ နိုင်နင်းသော ခေတ်တရားတို့၏ အာနုဘော် ကြီးမားခြင်းကြောင့် ကိလေသာတို့မှ တခဏမျှ လွတ်မြောက်ခြင်းသည်၊ တဒင်္ဂဝိမုတ္တိမည်၏။ဥပစာရသမာဓိဖြင့် အတော်ကြာအောင်လွတ်မြောက်၍ နေခြင်းသည်၊ဝိက္ခမ္ဘန ဝိမုတ္တိမည်၏။မဂ်ဉာဏ်ဖြင့် အပြီးသတ်လွတ်မြောက် ခြင်းသည်၊သမုစ္ဆေဒ ဝိမုတ္တိမည်၏။ဖိုလ်ဉာဏ်ဖြင့် လွတ်မြောက်ခြင်းသည်၊ ပဋိပဿဒ္ဓိ ဝိမုတ္တိမည်၏။ အသင်္ခတခေတ် နိဗ္ဗာန်သည်၊ နိဿရဏ ဝိမုတ္တိမည်၏။ ဤလို ခေတ်တွေရာက တစတစ တဖြည်းဖြည်း ရင့်ကျက်၍ တက်ရောက်ကြပါစေကုန်။

## (၁၉၄) ၂၆-ပဘေဒ ခုနစ်မျိုးဖြင့်တွေ့မှု အမှန်

(၁) နေရာဌာနနှင့် တွေ့ရခြင်း (ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ) ပါဠိအရ အကြင်အကြင် ဖြစ်ပေါ်ရာဌာနမှ ခန္ဓာတို့၏ အဖြစ် အပျက်ကို သုံးသပ်၏ဟု ဌာန နေရာနှင့် ပြထားပါသည်။ (ယတ္ထ ယတ္ထ ဝိပဿတိ) ပါဠိအရ အကြင်အကြင် သူ့နေရာနှင့်သူ ဖြစ်ပေါ်၍နေတာကို ရှုရသည်ဟု နေရာဌာနနှင့် ပြထားပါသည်။ ဤကား နေရာဌာနနှင့် တွေ့ရပုံ တည်း။ (၂) ပမာဏနှင့် တွေ့ရပုံ၌ ယထာပုဗ္ဗုဠကံ ပဿေ၌ ပမာဏ ပါရှိ၏။ယထာ ပဿေ မရီစိကံ၌ ပမာဏပါရှိ၏။ဥပမာ လက်ပါး တနေရာ စာခန့်လောက်အရပ်၌ ဖြစ်ပျက်နေတာကို တွေ့ရ၏။ဤကားဌာနပမာဏနှင့် တွေ့ရပုံတည်း။အဖြစ်အပျက်၌ ပမာဏမရှိပါ။ (၃) သဘာဝနှင့်တွေ့ရပုံ၌

ဧတဲ့သဘာဝ၊ ပူတဲ့သဘာဝ၊ လှုပ်တဲ့သဘာဝ-စသော သဘာဝ ၃၄-မျိုး တွင် တမျိုးမျိုးနှင့်တွေ့ရ၏။(၄)ကလာပနှင့်တွေ့ရပုံ၌၊(ကလာပံသမ္မသိဝိတွာ) ပါဠိအရ၊ တဖြန်းဖြန်းနှင့်ပေါ်ရာဝယ်၊ ဖြန်းတခုကလာပ်တခုမို့၊ဖြန်းဖြန်းတွေ တကိုယ်လုံးပေါ်ရာ၌ ကလာပ်ပေါင်းကုဋေတသိန်းမက တွေ့ရသည်၊(၅) ပဟာနနှင့်တွေ့ရပုံ၌ (ပညတ္တိံ သမတိက္ကမိတွာ) ပါဠိအရ၊ သမူဟ ဃန၊ သဏ္ဍာန၊ သန္တတိ၊ နာမဟူသော ပညတ်ကိုထား၍၊ စွန့်၍၊ ပယ်၍၊ တွေ့ရ ပါသည်။ (၆) အာနုဘာဝနှင့်တွေ့ရပုံ၌ စိတ်ပြောင်း သဘောပြောင်း မနေဘ ပြောင်း၍နေပါတော့သည်။ (၇) ဉာဏနှင့် တွေ့ရပုံ၌ အနိစ္စဉာဏ်၊ ဒုက္ခ ဉာဏ်၊ အနတ္တဉာဏ်မှစ၍ သမ္မသနစသော ဉာဏ်စဉ်များ တက်၍တက်၍ တွေ့ရပါသည်။

## (၁၈၅) ၂၇-ပစ္စနက္ခမြင်း တွေ့မှု အမှန်ပါ

(၁) ရွရွ ရွရွနှင့် အပေါ်ရေက တွေ့ရ (၂) ယားတားတားနှင့် အတွင်း ရေက တွေ့ရ (၃) နာနာ ရှုးရှုး ၅၅ဖြင့် အသားထဲက တွေ့ရ (၄) တောင့် တင်း၍ အကြောထဲကတွေ့ရ (၅) ကျိုးခနဲ ဖျတ်ခနဲနှင့် အရိုးကတွေ့ရ (၆) စိမ့်၍စိမ့်၍အသဲခိုက်ခိုက်စကားကဲ့သို့ တွေ့ရတာက ရိုးတွင်းခြင်ဆီက တွေ့ရ (၇) သူတပါးက တရားဟောလျှင် ရုပ်နာမ်အကြောင်းပြောပြလျှင် ကြားနာရသူမှာ ခတ်ဆက်ခတ်ကူး၍ ခတ်ပေါ် ခြင်းအားဖြင့် တဖြည်း ဖြည်းနက်၍နက်၍ အတွင်းရောက်၍ရောက်၍ပေါ်မြဲတည်း။ဗိန္ဓုစေ့ကို မြေချ၍ ရေဖြန်းတော့ အညှောက်ပေါက်ပါသည်။ ထိုအညှောက်သည်၊ မြေပေါ်၌ တည်ပါသည်။ တဖြည်းဖြည်း မြေထဲသို့ဝင်၍၊ တလက်မခန့် ၂-လက်မခန့် တထွာခန့်၊တတောင်ခန့်ဖြင့် စိုက်ဝင်၍သွားရာ၊အောက်ကရေသို့ ဆင်း၍ရေ မလောင်းရသောဘာသာအထိရောက်သွားပါသည်။ဗိန္ဓုစေ့ကား ယောဂီတည်း။ အညှောက် ပေါက်ခြင်းကား ခတ်ပေါ်တာတည်း။ တဖြည်းဖြည်း ရေ ထိအောင် အမြစ် ဆင်းခြင်းကား ၇-ဌာနနှင့် ပေါက်ရောက်ထာတည်း။ အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးဘက်အမြစ်ဖြာခြင်းကား သစ္စာ ၄-ပါး ရတာတည်း။ အပွင့်ပွင့်ခြင်းကား မဂ်တည်း။ အသီးသီးခြင်းကား ဖိုလ်တည်း။ စားသုံးရတာကား နိဗ္ဗာန်တည်း-ဟု ဗိန္ဓုစေ့ ပေါက်ထာနှင့် ဥပမာပြကြပါကုန်။

## (၁၉၆) ၂၈–ဣဒ္ဓိပါဒ်ယာပထတိုင်းတွေ့မှ အဓိပ္ပါယ်ပါ

(၁) ပက်လက်အိပ်ရင်းလဲတွေ့ရ (၂) အလျား မှောက်ရင်းလဲ တွေ့ရ (၃) ဘယ်ဘက်စောင်းရင်းလဲတွေ့ရ (၄) ညာဘက်စောင်းရင်းလဲတွေ့ရ (၅) နံရံမှီ၍ ခြေဆင်းရင်းလဲတွေ့ရ (၆) ကုလားထိုင်ပေါ် ၌ထိုင်ရင်းလဲ တွေ့ရ (၇) ဖြေးဖြေး စင်္ကြံသွားရင်းလဲ တွေ့ရ (၈) မိန်းမထိုင်ဖြစ်စေ၊ ယောကျ်ားထိုင်ဖြစ်စေ ရှုရင်းလဲတွေ့ရ (၉) နံရံဖြစ်စေ၊တိုင်၌ဖြစ်စေ မှီ၍ ရပ်ရင်းလဲတွေ့ရပါသည်။ လောကုတ္တရာ တရားကိုးပါးကို ဣရိယာပုထ် တို့ဖြင့်ဘမ်းကြပါ၊ ရှာကြပါ၊ ရှုကြပါ၊ ရအောင် အားထုတ်ကြပါကုန်။

## (၁၉၇) ၂၉–ပါဒကြီး ၄-ပါးကြောင့် ဣဒ္ဓိကြီး ၄-ပါးရရှိပုံ

### ဆန္ဒ၊ဝီရိယံ၊စိတ်-ဝီမံ၊ပြီးရန်ပါဒလေး။ ။လင်္ကာ။

အခြေခံ ပါဒကြီး ၄-ပါးဆိုတာ၊ ဆန္ဒာဓိပတိ၊ အလိုဆန္ဒပြင်းထန်ရမည်။ ဝီရိယာဓိပတိ၊ အားထုတ်လုံ့လ ဥဿာဟ အားကြီးရမည်။ စိတ္တာဓိပတိ၊ စိတ်နေစိတ်ထား ကြီးမားရမည်။ ဝီမံသာဓိပတိ၊ ဉာဏ်ပညာ ကြီးထွား ရမည်။ ဤ ၄-ပါးကား (ဣဒ္ဓိကြီး ၄-ပါး) ကို ရဘို့ရန် အခြေခံပါဒဖြစ်၏။ ပြခဲ့ပြီးသော အခြေခံပါဒ ၄-ပါးနှင့် ပြည့်စုံသောယောဂီသည်။—

### ပရိဉာ-ပဟာန်၊ သစ္ဆိကံ၊ ဘာဝနံ ဣဒ္ဓိလေး။ ။လင်္ကာ။

(၁) ရုပ်–နာမ်–ခန္ဓာ–ဓာတ်–သစ္စာ တို့ကို ပိုင်းခြား၍ တွေ့မြင်နိုင်ခြင်း ပရိညာကိစ္စ။ တန်းခိုးကြီးကို ရရှိခြင်း (၂) အဝိဇ္ဇာခွါနိုင်၊ ဒိဋ္ဌိခွါနိုင်၊ ဝိစိကိစ္ဆာကို ခွါနိုင်ပယ်သတ်နိုင်သော ပဟာနကိစ္စ။ တန်းခိုးကြီးကိုရရှိခြင်း။ (၃) အဝိဇ္ဇာချုပ်မှု၊ ဒိဋ္ဌိချုပ်မှု၊ ဝိစိကိစ္ဆာချုပ်မှု၊ အပါယ်လေးပါး ချုပ် ငြိမ်းမှု၊ ဆင်းရဲသံသရာပြတ်မှုစသော နိရောဓသစ္စာများကို မျက်မှောက် ပြုနိုင်သော သစ္ဆိကရဏကိစ္စ၊ တန်းခိုးကြီးကိုရရှိခြင်း။ (၄) တဉာဏ်မှ တဉာဏ်သို့၊ တမဂ်မှ တမဂ်သို့၊ တဖိုလ်မှ တဖိုလ်သို့ တက်ရောက်ရန် ဘာဝနာကိစ္စ၊ တန်းခိုးကြီးကိုရရှိခြင်းသို့ရောက်မည်။ ပါဒ ၄-နှင့်ဣဒ္ဓိ ၄-ကို ပေါင်းသော် (ဣဒ္ဓိပါဒ) တန်းခိုးဣဒ္ဓိပါဒ်ခေါ်သည်။

## (၁၉၈) ၃၀–ယေးဂီတို့ သာသနာ ၃-ရပ်ရရှိပုံ

ဆရာက ဒိပုံအားထုတ်ပါ၊ ဒါမျိုးတွေ့ရလိမ့်မည်ဟု ဟောပြောတော့၊ တပည့်က နာခံမှတ်သားသည်။ ဒါဒါ ပရိယတ္တိသာသနာရပုံတည်း။ တရား

တွေ့ရန် အားထုတ်သည်။ ဆဲဒါက ပဋိပတ္တိသာသနာရရှိပုံတည်း။ တရားကို အားထုတ်တော့၊ ခေတ်ပေါ် ကလာပ်ပေါ်၊ လက္ခဏာရေးပေါ်၊ ဉာဏ်ပေါ် မဂ်ပေါ်၊ ဖိုလ်ပေါ်သည်။ ဆဲဒါပဋိဝေဓသာသနာရရှိပုံတည်း။

## (၁၉၉) ၃၁–ဉာဏ် ၃-ပါးနှင့် ပုဂ္ဂိုလ် ၃-ပါး သတိထား

| | | |
|---|---|---|
| သုတမယဉာဏ် | စာသိ | အရှင်ပေါဋ္ဌိလကိုထောက်ပါ၊ |
| ဓိန္တာမယဉာဏ် | စဉ်းစားသိ | ဓိလိန္ဒမင်းကိုထောက်ပါ၊ |
| ဘာဝနာမယဉာဏ် | တွေ့သိရသိ | ၇ှင်သူငယ်ကလေးကို ထောက်ပါ၊ |

ဤ၌ အရှင်ပေါဋ္ဌိလမဟာထေရ်၏ အသိဉာဏ်ကား တိမ်လွန်းလှ၏။ ၇ှင်သူငယ်ကလေး၏ ဉာဏ်ကား နက်လွန်းလှ၏။ ကြား၌ တဉာဏ်ခြားပုံ တည်း။

## (၂၀၀) ၃၂–အာကာရဆွဲပေါ်ပုံ ၃၂-မျိုးတွေ့မှ အမှန်ပါ

တေဇောခေတ်ပေါ် ၍လာသောအခါ၊ (၁) ပူပူ (၂) ဇေဇေ (၃) နွေးနွေး (၄) ၇ှိန်၇ှိန် (၅) အခိုးထွက်သလို (၆) အပူထုတ်သလိုပေါ်လာတတ်သည်။ အာပေါခေတ် ပေါ်၍ လာသောအခါ၊ (၁) စေးထန်းစေးထန်း (၂) ချွေး ယိုသကဲ့သို့ ပေါ်လာတတ်ပါသည်။

ဝါယောခေတ် ပေါ်၍ လာသောအခါ၊ (၁) ဈေးသို့ ညွတ်၍လှုပ်ခြင်း (၂) လက်ဝဲ၊ လက်ျာသို့ညွတ်၍ လှုပ်ခြင်း (၃) ထက်ဝန်းကျင် ညွတ်၍ လှုပ်ခြင်း (၄) နောက်သို့ညွတ်၍ တွန်းသကဲ့သို့ လှုပ်ခြင်း (၅) အသား လှုပ်သကဲ့သို့ ရှိုးရှိုး လှုပ်ခြင်း (၆) ကြောက်သွေးတုန်သကဲ့သို့ လှုပ်ခြင်း (၇) ယိမ်းယိုင်၍လှုပ်ခြင်း (၈) မြေလျင်ကဲ့သို့လှုပ်ခြင်း (၉) ခုန်၍လှုပ်ခြင်း (၁၀) ရင်ထဲကလှပ်လှပ် လှပ်လှပ်နှင့်လှုပ်ခြင်း (၁၁) ရင်ထဲက ဒိတ်ဒိတ် ဒိတ်ဒိတ်နှင့် လှုပ်ခြင်း။ ။ပါဠိအကိုးအကား၊ အထောက်အထားမှာ ပဋိ သမ္ဘိဒါမဂ်ပါဠိတော်ကြီး ဟံသာဝတီမူ၊ နံပါတ် (၁၇၀)၊ ကြောင်း(၂၄)၌။ ယထာ ရူပေဟိ ကာယသင်္ခါရေဟိ၊ ယာ ကာယဿ (၁) အာနမနာ (၂) ဝိနမနာ (၃) သန္နမနာ (၄) ပဏာမနာ (၅) ဣဉ္ဇနာ (၆) ဖန္ဒနာ (၇) စလနာ (၈) ကမ္ပနာ (၉) လဃိနာ-ဟူ၍ ပါဠိရှိထားပါသည်။

ထို့ပြင် တတိယ ပါရာဇိကဏ်အဋ္ဌကထာ၊ ဟံမူ နံပါတ် (၃၆၀) ကြောင်းရေ (၁)၌လည်း။ ။ကာယဒရထေ ဂူပသန္တေ ကာယောပိ ဝိစ္ဆုဋ္ဌိ

လဟုကံ ဟောတိ။ သရီရံ အာကာသေ လင်္ဃနာကာရပတ္တံဝိယ ဟောတိ။- ဟူ၍ ဖွင့်ပြထားပါသည်။ ။ထို့ပြင်လည်း ဝါယောဓာတ်ကြောင့် လှုပ်ရာ၌ သံကမ္ပ သံပကမ္ပ သမ္ပဝေဓိ ဟူ၍ ၃-မျိုးလှုပ်ပြန်ပါသည်။

ထို့ပြင်၊ ပဏ္ဍုကမ္ဗလာ၊ မြကျောက်ဖျာထဲသို့ ဓာတ်ဝင်၍ ပေါ်ရာ၌ ကျောက်ဖျာကြီးတင်းမာ၍ပေါ်၊ ပူ၍ပေါ်၊ လှုပ်၍ပေါ်ဟု ၃-မျိုးလာပြန်သည်။ ။ပထဝီဓာတ်ပေါ်၍လာသောအခါ၊ (၁)ရွရွ (၂)မွမွ (၃)တောင့်တောင့် (၄) တင်းတင်း (၅) ထိုင်းထိုင်း (၆) မှိုင်းမှိုင်း (၇) အုံ့တုံ့ (၈) ခေါင်းကြီးကိုယ်ကြီး (၉) လေးလေးလံလံ (၁၀) ကြပ်တတ်တတ် (၁၁) ထုန်ထုန် (၁၂) ကျင်ကျင် (၁၃) စစ်စစ်ဟူ၍ ပေါ်လာတတ်ပါသည်။ အတွေ့ရှာကြပါ။

## (၂၀၁) ၃၃- အနတ္တလေးချက်ဖြင့်တွေ့မှ အစစ်အမှန်

ဌ ဌ ဌ ဌ
ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် } ကေတ္တပုံစံ

ဖြစ်ပျက်ခြင်းတူ၍နေပုံကတော့ ကေတ္တနည်းဖြင့် တွေ့ရပုံတည်း။ ဖြစ်ပျက်ထာကိုတွေ့လို့ ဉစ္စေ့ဒ ဒိဋ္ဌိကြီး ချုပ်ငြိမ်းရ၏။

ဌ ဌ ဌ ဌ
ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် } နာနတ္တပုံစံ

ဤပုံစံ၌ ပထမဖြစ်ပျက်နှင့် ဒုတိယဖြစ်ပျက်ဟာတခုစီဘဲ၊ဒုနှင့်တဟာလဲ တခုစီဘဲ၊ တနှင့်စဟာလဲ တခုစီဘဲဟု သိလျှင် တွေ့လျှင် နာနတ္တနည်းကို ရပါပြီ။ မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိကြီး ချုပ်ရငြိမ်းရလေပြီ။

ဌ ဌ ဌ ဌ
ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် } အဗျာပါရပုံစံ

ဤဖြစ်ပျက်အစဉ်ဟာ လူနတ်ဗြဟ္မာက ဖန်ဆင်း၍ ထားတာမဟုတ်ပါ။ ကံကြောင့်၊ စိတ်ကြောင့်၊ ဥတုကြောင့်၊ အာဟာရကြောင့်သာလျှင် ဖြစ်ရတာဘဲဟု အမှန်အကန်သိလျှင် အဗျာပါရနည်း တွေ့ပြီ။ အတ္တဒိဋ္ဌိကြီး ချုပ်ပါပြီ။

ဌ ဌ ဌ ဌ
ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် } ဧဝံဓမ္မတာပုံစံ

ရင်းဖြစ်ပျက် အစဉ်သည်၊ သဘာဝ ဓမ္မတာအတိုင်း ဖြစ်ထာပါဘဲ။ အကြောင်းမဲ့ ဖြစ်တာမဟုတ်။ ဒါနအကြောင်းပြုမှ ဒါနအကျိုးရ၊ သီလအကြောင်းပြုမှ သီလအကျိုးရ၊ သမထအကြောင်းပြုမှ သမထအကျိုးရ၊ ဝိပဿနာအကြောင်းပြုမှ ဝိပဿနာအကျိုးရတယ်ဟူ၍ အကြောင်းအကျိုး ဆက်၍သိလျှင် ဇေ၀ဓမ္မတာနည်းရပြီ။ အကြွယ်ဒိဋ္ဌိကြီးချုပ်ငြိမ်းပါပြီ။

## (၂၀၂) ၃၄-ခန္ဓာကပြ သဏ္ဍာက

ဝိပဿနာတရားကို အားထုတ်တော့၊ ရုပ်ဓမ္မ၊ နာမ်ဓမ္မ၊ သဘာဝတို့ကို စာကမပြဘဲ ဆရာကမပြဘဲ ခန္ဓာက တရားပြနေပုံ။

**ပထမလှေင်ငန်း။** ။စိတ်ကို သမာဓိရအောင် ခေါင်း၌ ဒဂ်ါးတကွက် စာမျှ တနေရာ၌ သတိထား၍ လှုပ်ရင်သိမယ်။ ပူရင်သိမယ်။ ဧရင်သိမယ်။ လေးလေးတောင့်တောင့်၊ တင်းတင်း၊ စေးထန်းစေးထန်းစသော ဓာတ်ကြီး ၄-ပါးတို့၏ ဝိပရိဏာမဓမ္မတို့ကို သိမယ်၊ သိမယ်ဟု စိတ်ကို ထားရမည်။ စိတ်ဟာတခြားသို့သွားလျှင် ခေါင်း၌ပင် ပြန်၍ထားပါ။ ကြိုးစားပါ မလျော့ပါနှင့်။ အာစာရအရိယာဆိုတဲ့ လက်မှတ်ကိုရပါပြီ။

**ဒုတိယလုပ်ငန်း။** ။သမာဓိရ၍ခန္ဓာကိုယ်တနေရာက ပူပေါ်လျှင်သိပါ။ ဧပေါ်လျှင်သိပါ။ လှုပ်လျှင်သိပါ။ တောင့်တောင့် တင်းတင်း လေးလေး ပေါ်လျှင်သိပါ။ ဓာတ်အပေါ်ပျောက်လျှင် စိတ်ကိုခေါင်း၌ပင်ထားပါ။ ဓာတ် ပေါ်လျှင် လိုက်၍သိနေပါ။ ပျောက်လျှင် ခေါင်း၌ထားပါ။ ဓာတ်ဟာပါးပါး တွေ့လျှင် ဒဿနအရိယာဆိုတဲ့ လက်မှတ်ကြီးကိုရ၍နေပါပြီ။

**တတိယလုပ်ငန်း။** ။ဥပမာ၊ပူ၍ပေါ်သဖြင့် သိနေတုန်းမှာ တနေရာက ဧ၍ ပေါ်လျှင် လိုက်သိပါ။ တနေရာကရွ၍ ပေါ်ပြန်လျှင် လိုက်၍သိပါ။ လှုပ်လှုပ် လှုပ်လှုပ်၊ ဒိတ်ဒိတ် ဒိတ်ဒိတ်၊ စိုးစိုး စစ်စစ်၊ ဖွဖွ ဖွဖွ စသည် သူ့ဟာသူ တဆင့်ထက်တဆင့် တက်၍တက်၍ပြ၏။ တရားကပြပြနေ၏။ ဇေဟိပဿိကောပင်တည်း။ မှန်၌အရိပ်ထင်သလို ပါရမီကြောင့် ခန္ဓာ၌ ဓာတ်ပေါ်ရ၏။

**စတုတ္ထလုပ်ငန်း။** ။တကိုယ်လုံး၌ ဟိုကပေါ် ဒီကပေါ်နှင့် အမျိုးမျိုး အထွေထွေ ပေါ်၍နေခြင်းကို တရားကပင် ပြ၍နေပေ၏။ ၎င်းအထဲတွင် စိတ်က အကြေနပ်ဆုံး၊ အကြီးအကဲဆုံး အဓိပတိပစ္စည်း အနေနှင့် အား ကြီးသော ပေါ်တဲ့ ဓာတ်တခုကိုသာလျှင် ရှုပါလို့ တရားကပင် ပြ၏။

ဘုန်းကံအလျောက် စကြာရောက်လာ၏။ အရိယာအလောင်းမှန်လို့ ရထား ဆိုက်လာ၏။ ခတ်တရားတွေ အားကောင်းလာတဲ့ သိမှုကပြလျက် သိသိ နေစဉ်၊ အနိစ္စ-ဒုက္ခ-အနတ္တလက္ခဏာရေး ၃-ပါး၊တပါးပါးဖြစ်စေ၊ အားလုံး ဖြစ်စေ ရှုလျက်ရှိနေ၏။ ရှုပါလေဟု တရားကပင်ပြ၏။ (သင်္ခါရာဝ သင်္ခါ ရေ ပဿနာ-ပါဠိနှင့်ညီညွတ်၏။)

**ပဥ္စမလောင်ဝန်း။** ။တကိုယ်လုံး ခတ်ပေါ်မှု၌ ကြမ်းကြမ်း ပေါ်ရာမှ နူးနူးလာ၏။ သိမ်မွေ့လာ၏။နူးညံ့လာ၏။ဥပမာ၊ ထမင်းစားသလို ဝခါနီးလာ သဖြင့် နှေးနှေးစား နှေးနှေးဝါးသဘောမျိုးနှင့်တူ၏။တခါတရံ ခတ်ပေါ်မှု ပျောက်၍ သွားတတ်၏။ အဲဒါကို တချို့ယောဂီက သမာဓိရော့သွားလို့ဘဲ၊ အကုသိုလ် ဝင်လို့ဘဲ တရား ပျောက်သွားသည်ဟု ထင်တတ်ကြသည်။ ထင်တိုင်းမဟုတ်ပါ။ ရုပ်ဘက်က လုံလောက်လို့ နာမ်ပေါ်ဘက်သို့ ကူး တော့မည်ဟု—တရားက နိမိတ်ပြတာပါဘဲ။ထိုအခါ တတ်သိလိမ္မာပြီးသော ဆရာ့ထံသို့ ဆည်းကပ်ပါ။ ဝမ်းမြောက်စွာ လွယ်လွယ်နှင့် ညွှန်ပြပါလိမ့် မည်။ ဆရာမတွေ့နိုင်သေးလျှင် ဝိပဿနာ ကမ္မဋ္ဌာန်း အားထုတ်ပြီးသော ဆရာများ ရေးသားစီရင်အပ်သော စာအုပ်များကို များများဖတ်ပါ။ အသိ ဉာဏ်ဖြည့်စွက်ပေးပါ။ လိုလျှင်ဖြေ့-ပိုလျှင် လျော့တဲ့ ကြိုးစားပါ။ခါတိုင်း အားထုတ် သကဲ့သို့ ဆက်၍ အားထုတ်ပါ။ အားထုတ်လျှင် မပေါ်ဘဲ အားမထုတ်လျှင် ပေါ်၍ နေတတ်၏။ ရုပ်အပေါ်မှ နာမ်အပေါ်သို့ ပြောင်း တော့မည်ဟု—တရားကပင် ပြ၍နေ၏။

**ဆဋ္ဌမလောင်ဝန်း။** ။တကိုယ်လုံး တဖြန်းဖြန်း တဖျဉ်းဖျဉ်း တရွရွ တမွမွ စသော ခတ်များပေါ်၍နေတတ်၏။ သူတပါးကရုပ်နာမ် အကြောင်း ပြော လျှင် ဟောလျှင် နာသူ ကြားသူမှာ တဖြန်းဖြန်း တဖျဉ်းဖျဉ်း ခတ်ကူး၍ ပေါ်တတ်၏။၎င်းဖြန်းဖြန်း ဖျဉ်းဖျဉ်း ရွရွ မွမွ စသော သဘောတို့၏ မမြဲခြင်း အနိစ္စ၊ဆင်းရဲခြင်း ဒုက္ခ၊အစိုးမရ အလိုသို့မလိုက် ဖြစ်ချင်သလိုဖြစ် ပျက်ချင် သလိုပျက်ခြင်း အနတ္တတို့ကို သိသိလာတော့၏။ သိလေ သိလေ ငြီးငွေ့လေ ဖြစ်တော့၏။ အားကျစရာကိုပင် အားမကျဘဲ အပြစ်မြင်၍ ဘေးထင်၍ နေတော့၏။ မေတ္တာ၊ ကရုဏာ ကရေးပွါး၍ သူတပါးအား သနားတတ်၏။ ပြောချင် ဟောချင်ရှိတတ်၏။ လိင်အရိယာဖြစ်ပါပြီ၊ သဘောပြောင်း မနော ပြောင်း ထင်ရှား၍လာလေပြီ။

**သဏ္ဍာမလေ့ပ်ငန်း။** ။တကိုယ်လုံး ခါတ်တွေပေါ်၍နေရာမှ တခါတရံ လန့်ဖျပ်သလို ဖျပ်ခနဲ၊လန့်ခနဲ၊ တွန့်ခနဲ၊တွန်းသကဲ့သို့ တိုးသကဲ့သို့ ပြချင် အနုသယကို မဂ်ဇိဇက ထိသဖြင့် မြွေကိုထိတော့ တွန့်သကဲ့သို့၊ ဝိလီယတိ၊ တွန့်၏။ ရှုဗ္ဗသောတာပန်လက်မှတ်ရပါပြီ။တဖန် ခန္ဓာကိုယ်ထဲတွင် ဋ္ဌဋ္ဌ ဋ္ဌဋ္ဌ တွေ့နေ၏။စိတ်ထဲ မျက်စိထဲမှာတော့ ဖိုးဖိုးဝင်းဝင်း တွေ့ရ၏။ ဋ္ဌဋ္ဌ ဋ္ဌဋ္ဌနှင့် အသိတရားက မဂ္ဂင်ရှစ်ပါးနှင့် ညီညွတ်သော ရုပ်နာမ် ဒုက္ခ သစ္စာ အစစ် အမှန်ပင်တည်း။ မဂ်မှန် သစ္စာမှန်ပင်တည်း။ ။ဖိုးဖိုးဝင်းဝင်း စသည်ကား ပညတ်တရားမဂ်မှားတည်း။ အမဂ္ဂဟု သူ့အဆင့်ရှိ တရားက ပြလာသည်။ မစ္ဈိမသောတာပန်လက်မှတ်ရပါပြီ။ ။တဖန် ၁-ရက် ၂-ရက် အတွင်း၌ စိတ်အာရုံတမျိုးစီ ခြားနားလျက် တကိုယ်လုံး ဖြစ်ပျက်တွေ သိသိသာသာ ချည်း သိမြင်ပြီးလျှင် ဖြစ်ပျက်များချုပ်ပျောက် ရပ်သွားတတ်၏။ ဖြစ်ပျက်က သင်္ခါရတည်း။ သိတာက ဝိပဿနာတည်း။ ချုပ်ပျောက်ရပ်သွားတာက နိရောဓသစ္စာ နိဗ္ဗာန်တည်း။ သိတာက မဂ်စိတ်တည်းဟု—တရားကပင်ပြ၏။ ပဝတ္တံ သင်္ခါရံ၊ အပဝတ္တံ နိဗ္ဗာနံ၊ ဖြစ်ပျက်က သင်္ခတပရမတ်၊ ဖြစ်ပျက်ဆုံး တော့ အသင်္ခတ ပရမတ်ဟု—တရားကပင် ပြ၏။ မဟာ သောတာပန် လက်မှတ်ရပါပြီ။ ဤခုနစ်ဆင့် တန်းတက်ပုံကား၊ စာကပြတာလဲ မဟုတ်၊ ဆရာက ပြောတာလဲမဟုတ်၊ခန္ဓာရှိ တရားက ပြတာမို့ တရား၏ဂုဏ်တော် ခြောက်ပါး၊ ခန္ဓာ၌ ဥပနာ ပြီးသားဖြစ်ပါတော့သည်။ ပရမတ္ထ သံဃာ ဖြစ်ပါပြီ။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ၊ အနုသယ ရေသောက်မြစ်ကြီးလဲ ပြတ်သွား လေပြီတကား။

## (၂၀၃) ၃၅—သစ္စာဉာဏ်လေးပါးတွေ့မှ အမှန်

(၁) ဝိပဿနာတရားကို အားထုတ်တော့ သတိ၊ သမာဓိမှ ပညာသို့ တန်းတက်၍လာပါသည်။(သီလ၊သမာဓိ၊ပညာ)သိက္ခာသုံးပါးလည်း ဓာဒဂ် ဝိက္ခမ္ဘန-သမုစ္ဆေဒတွင် ကပါးပါး ဖြစ်ပါသည်။ ခါတ်တရား၊ ကလာပ် တရား၊ပရမတ်တရားများကိုတွေ့ရသဖြင့် အနိစ္စ-ဒုက္ခ–အနတ္တလက္ခဏာများ လည်း သူ့သဘောအတိုင်း အဆင့်ဆင့် တွေ့ရပါသည်။ အဖြစ်အပျက်ကို ရှု၍ နေစဉ် လောဘမရှိ၍ အလောဘသာဖြစ်၏။ဒေါသမရှိ၍ အဒေါသသာ ဖြစ်၏။မောဟမရှိ၍ အမောဟသာဖြစ်၏။ ဤပုံစံအတိုင်း ဟိတ်၃-ပါးစုံလင် သဖြင့် တိဟိတ်ကုသိုလ်ကိုရ၏။ဝိသုဒ္ဓိအစဉ်၊ဉာဏ် ၁၀-ပါးအစဉ်၊ပရိညာ ၃-ပါး အစဉ်အတိုင်းရ၍ သွားမည်တို့ကိုသိ၍နေတာက သဏ္ဍက သစ္စဉာဏ်

တည်း။ (၂) ကံစိတ်ဥတု၊ အာဟာရကြောင့်ဖြစ်တဲ့ စိတ်, စေတသိက်, ရုပ်တရားကို အာရုံပြု၍ အားထုတ်နေတာက ဂေါစရ သမ္ပဇည တည်း။ (၃) မြင်မြင်သမျှ တွေ့တွေ့သမျှ အရာတိုင်း၌ သိလ၊ သမာဓိ ပညာနှင့် လျော်ကပ်တ် လျော်ကန်အောင် နှလုံးသွင်း၍နေတာက သပ္ပါယ သမ္ပဇည တည်း။ (၄) ဖြစ် ပျက် ပေါ်တိုင်း ရှုရှုနေတော့၊ မောဟဆိုတဲ့ အဝိဇ္ဇာ မကပ်နိုင်။ ဒိဋ္ဌိ-ဝိစိလဲ မကပ်နိုင်။ သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ၊ ဒိဋ္ဌိ ဝိပလ္လာသတို့လဲ မကပ်နိုင်ပါ။ ထို အခါ တွင် အသမ္မောဟ သမ္ပဇည ခေါ်သည်။

(၂၀၄) ၃၆—တော ၄၀-၌။ ။အတွေ့ ၄၀၊တွေ့ရပုံကို ငါအရိယာ ဖြစ်ပြီလား ကျမ်း ဒုတိယတွဲ၌ ရေးထည့်၍ ပုံနှိပ်ရန် စီစဉ်နေပါသည်။

(၂၀၅) ၃၇—ဖြစ်ပျက်ရှုတော့ တွေ့ရပုံ မျိုးစုံကို အရိယ စကျ၊ ကျမ်းငယ်၌ ရေး၍ ပုံနှိပ်ပြီးဖြစ်ပါတော့သည်။ ရှာဖွေ၍ ရှုကြပါကုန်။

(၂၀၆) ၃၈—စာတွေ့၊ငါတွေ့ ညှိပြပုံ ၇၂-မျိုးကို စာတွေ့ ငါတွေ့ ညှိပြကျမ်း၌ ရေး၍ ပုံနှိပ်ပြီးဖြစ်ပါတော့သည်။ရှာဖွေ၍ ရှုကြပါကုန်။

(၂၀၇) ၃၉—ခန္ဓာငါးပါး စာတွေ့ ငါတွေ့၊ အာယတန၊ စာတွေ့ ငါတွေ့၊ ဓာတ် တရား စာတွေ့ငါတွေ့၊ သစ္စာ ၄-ပါး၊စာတွေ့ ငါတွေ့၊ ပဋိစ္စသမုပ္ပါဒ် စာတွေ့ ငါတွေ့ စသည်များကို အရိယအတွေ့ကျမ်း၌ ရေး၍ ပုံနှိပ်ပြီးပါပြီ။

## (၂၀၈) ၄၀—ကိုယ်တိုင်ခံစားရသော အကျိုး ၇-ပါး

**လက်ာဆောင်ပုဒ်။ ။ညည်းညူမနှိ၊ သတိမမေ့၊ ချိန်နေ့သင်ပြန်၊ မျက်လှန်ကြောဆွဲ၊ မနှိုဘဲနှင့်၊ သေလဲ တောင့်တင်း၊ ပုင်နှံ့ကင်း သည်။ ။ကျိုးရင်း ဝိပဿနာ တန်းခိုးတည်း။** ။လပွတ္တာမှ— ဝိဇ္ဇောဒယ ရေးသည်။

ရုပ်တရားကို တွေ့ရသဖြင့် ငြိမ်းအေးအထိ ရောက်ရှိသော ယောဂီသည်၊ (၁) ရောဂါ ပြင်းထန်လှပေမဲ့ မညည်းဘဲ မညူဘဲ အေးအေးစွာဖြင့်ကံကုန်ရ သည်။(၂) ရောဂါပြင်းထန်လှပေမဲ့ တရား၌သတိမလစ်ဘဲ ကံကုန်ရသည်။ (၃) ကံကုန်မည့်နေ့ရက်နာရီ အချိန်ကိုပါသိ၍ပြောပြနိုင်သည်။ (၄) ကံကုန် ခါနီး၌ မျက်စိလန်ခြင်း၊ ပေါက်ပြန်ခြင်းမရှိဖြစ်ရသည်။ (၅) ကံကုန်ခါနီး၌ အကြောဆွဲခြင်းမရှိဘဲ တည်ငြိမ်လျက် ရှိရသည်။ (၆) ကံကုန်ပြီးနောက် တောင့်တင်းခြင်းမရှိဘဲ ပြုံးပြုံးနှင့်ပင် ဥတုဇကလာပ်ကြီး ကျန်ရစ်သည်။

(၇) ကံကုန်ပြီး ၂-ရက်အတွင်း၌ ပုပ်နံ့ကင်းလျက်ကျန်ရစ်သည်။ ရုပ်နာမ်တရားရှုပွားရခြင်း၏ လက်ငင်းခံစားရသော အကျိုးတည်း။

**(၂၀၉) ၄၁-အပျက်တွေ့၍ အကျိုးခံစားရပုံ ၈-ပါး**

**လက်ာဆောင်ပုဒ်။ ။ခွန့်သဿတ၊ ဇီဝတင်ကင်း၊ယှဉ်ခြင်း ဘာဝနာ၊ စင်စွာသက်မွေး၊ လှုရေးပယ်ချ၊ ကင်းပ ကြောက်လန့်၊ သည်းခံ့ပျော်မွေ၊မမွေ့ကုသိုလ်၊နှိပ်နင်းဖြိုသည်။ ။ဘင်ကို ရှုမိနိုသံတည်း။**

**အပျက်တွေ့၍ ဘင်ဉာဏ်ရရှိသောသူ၌**
**အကျိုး ၈-ပါးကား**

(၁) ရုပ်နာမ်သင်္ခါရတို့သည်၊ မြဲ၏ဟု စွဲယူသော သဿတဒိဋ္ဌိကို ပယ်နိုင်၏။ (၂) မိမိ၏အသက်ခန္ဓာ၌ တပ်မက်ခြင်းကို ကင်းရှင်းနည်းပါးစေနိုင်၏။ (၃) ဝိပဿနာ ပွါးများဘို့ကိုသာ အာသာဆန္ဒနှင့် အားထုတ်၏။ (၄) အသက်မွေးကြောင်းစင်ကြယ်စွာပြုပြင်၍လာ၏။ (၅) လှုမှုလူ့ကိစ္စကို တစတစပယ်ချ ရှောင်လွှဲကာ နေလာ၏။ (၆) နေရမှာ သေရမှာ ကြောက်လန့်ခြင်း ကင်းပ၍ လာ၏။ (၇) သည်းခံမှု၌ ပျော်မွေ့ကာ အရာရာ၌ သည်းခံ၍လာ၏။(၈) ကုသိုလ်မှုနှင့် မပျော်သောစိတ်ကို နှိပ်နင်း၍ပျော်ရွှင်စေ၏။ ဝိသုဒ္ဓိမဂ်နှင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆိုပုံတည်း။

**(၂၁၀) ၄၂-ခေတ်သာသနာ အခွံဘွယ်ရှင်ဖြာ**

**ဆောင်ပုဒ်လက်ာ။ ။အစဉ်နက်၄မ်း၊ကမ်းကို မလွှန်း၊ ရွံ့ဘွယ်ဆယ်ပြစ်၊ တမည်ဖြစ်ခြင်း၊ မရွှင်းမတိုး၊ ဆယ်မျိုးရတနာ၊ ရသာ ဆားတူ၊ ကြီးသူနေရာ၊ အခွံရှင်ဖြာသည်။ ။သာသနာ အစစ်မှန်သတည်း။**

(၁) ''အစဉ်နက်၄မ်းဆိုတာ''ခေတ်ကြီးလေးပါးကစ၍ အစဉ်အတိုင်း ကလာပ် ရုပ်နာမ်၊ခန္ဓာ၊အာယတန၊ဓာတ်၊သစ္စာ၊ဝိသုဒ္ဓိ၊ဗောဓိပက္ခိယ၊မဂ်ဖိုလ်နိဗ္ဗာန်အထိ တဖြည်း ဖြည်း နက်၍ နက်၍ သွားပါသည်။ (၂) ''ကမ်းကို မလွှန် ဆို တာ ''ခေတ် ကြီး လေး ပါး တို့ကို တွေ့ ရသော သူ သည်၊ ခေါက်ကမ်းကို လွှန်ပြီးတော့ ငါငါ သူသူ လူလူ နတ်နတ်၊ ပညတ် ကမ်း

သို့ မသွားတော့ပါ။ အနိစ္စ-ဒုက္ခ-အနတ္တ တွေ့ပြီးသော သူသည်၊ နိစ္စ၊ သုခ၊ အတ္တ ကမ်းသို့ မလှမ်းတော့ပြီ။ ခေတ်ကမ်း၊ ပရမတ်ကမ်းကိုမလွန်တော့ပြီ။ (၃) "ရွံ့ဘွယ်ဆယ်ပြစ်ဆိုတာ" ခေတ်ကို တွေ့ပြီးသောသူသည်၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာစသော ရွံ့ရှာဘွယ်တို့ကို တစတစ ဆယ်ပစ်၍နေပါပြီ။ (၄) "တမည်ဖြစ်ခြင်းဆိုတာ" က ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်းဗောဓိပက္ခိယစသော အမည်တို့သည်၊ သူ့အရာအားလျော်စွာ အမည်တွေ များ၍နေပေမဲ့ ခေတ်တရားတခုထဲသာ ဖြစ်ရကုန်တော့၏။ (၅) "မရွင်းမတိုးဆိုတာ" လူတွေဘယ်မျှပင် များများ၊ နတ်ဗြဟ္မာတွေဘယ်လောက်ပင် များများ ခေတ်တရားမှာ ၄-ပါး၊ ၆-ပါး၊ ၈-ပါး၊ ၁၀-ပါးမှ တိုးတက်၍ မလာပါ။ သစ်ပင်တွေ ဘယ်မျှများပေမဲ့ အဋ္ဌကလာပ်၊ ခေတ် ၈-ပါးမှမပိုပါ။ မလျော့မတိုးဘဲ ရှိ၍နေပါသည်။ (၆) "ဆယ်မျိုးရတနာဆိုတာ" ဗောဓိပက္ခိယတရား ၃၇-ပါးကိုဆို ပါသည်။ တနည်း ဝိပဿနာဉာဏ်စဉ် (၁၀) ပါးကို ဆိုပါသည်။ (၇) "ရသာဆားတူဆိုတာ" ခေတ်ကလာပ်၊ ရုပ်နာမ်ခန္ဓာ၊ အာယတန၊ သစ္စာစသော တရားတို့သည်၊ များပြား၍နေပေမဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရဘို့ အရသာမှာ အတူတူသာ ဖြစ်ပါသည်။ ဝိမုတ္တိရသ တခုသာ ဖြစ်ပါတော့သည်။ (၈) "ကြီးသူနေရာဆိုတာ" ခေတ္တသာသနာ တော်ကြီးထဲ၌၊ ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေက ဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓါဆိုတဲ့ တကဲ့အာဇာနည်၊ မဟာဉာဏ်ကြီးတွေသာ အနေ များသဖြင့် ကြီးသူတို့နေရာ အစစ်မှန်ပါသည်။ ဒါဟာ အံ့ဘွယ်ရှစ်ဖြာ သာသနာပင်တည်း။

## (၂၁၁) ၄၃-ပရိညာ ၃-ပါး ကိုယ်တွေ့ရှိပုံ

| | | |
|---|---|---|
| ဉာတပရိညာ | တီရဏပရိညာ | ပဟာနပရိညာ |
| ပုဒ်တွေ့သိ | အနိစ္စ၊ဒုက္ခ၊အနတ္တတွေ့ | ဒိဋ္ဌိ၊ ဝိစိ၊ ဇွာဠါ၍။ |

ဝိပဿနာတရားကို အားထုတ်တော့၊ ခန္ဓာကိုယ်ထဲမှ ရွရွ၊ မွမွ၊ ပူပူ၊ ကြွကြွ၊ ပုတာဒိတာကို သိရ၏။ တွေ့ရ၏။ ရုပ်နာမ် ၂-ပါးကို ပိုင်းခြားတာက ဉာတပရိညာတည်း။ ရွရွ၊ မွမွ စသည် မမြဲတာ၊ သာယာဘွယ် မရှိတာ၊ တားဆီးမရတာက တီရဏပရိညာ၊ အနိစ္စဒုက္ခအနတ္တသဘောပါ တွေ့ရပုံတည်း။ တွေ့တော့ ဒိဋ္ဌိကွာ၊ ဝိစိကွာ၊ အဝိဇ္ဇာကွာတာက ပဟာန ပရိညာတည်း။

## (၂၁၂) ၄၄–ဝိပလ္လာသ ၃-ပါး ၁၂-ပါးရုပ်နာမ် တွေ့ကြုံရပုံ

ရုပ်နာမ်ကိုပင် ငါငါ သူသူ လူလူ နတ်နတ်၊ထင်တာကဒိဋ္ဌိဝိပလ္လာသ၊
ရုပ်နာမ်ကိုပင်၊ ငါသူလူနတ်ဟု သိတာမြင်တာက စိတ္တဝိပလ္လာသ၊
ရုပ်နာမ်ကိုပင်၊ ငါသူလူနတ်ဟု မှတ်ထားက သညာဝိပလ္လာသ၊
ပထမဆုံး၌ နိစ္စ၊ သုခ၊ အတ္တ၊ သုဘ ဟူ၍ ဒိဋ္ဌိဝိပလ္လာသ ၄-ပါး၊
ဒုတိယ၌ နိစ္စ၊ သုခ၊ အတ္တ၊ သုဘ ဟူ၍ စိတ္တဝိပလ္လာသ ၄-ပါး၊
တတိယ၌ နိစ္စ၊ သုခ၊ အတ္တ၊ သုဘ ဟူ၍ သညာဝိပလ္လာသ ၄-ပါး၊

စုစုပေါင်းသော်၊ ဝိပလ္လာသ ၁၂–ပါး ဖြစ်ပွါးလာလေသည်။ တဖြန်းဖြန်းနှင့် ခေတ်ပေါ်တော့ အနိစ္စယဲ့တွေ့ရတော့ ၁၂–ပါးချုပ်ငြိမ်း၏။

## (၂၁၃) ၄၅–ခန္ဓာကိုယ်နှင့် ခေတ်တရား

ခန္ဓာကိုယ်ကို ဒါးနှင့် ဒုတ်နှင့် လှံနှင့် လွှနှင့် ထိုးခုတ်မည်ဟုသိရလျှင် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသမီး တောက်၏။ ခေတ်တရားကို ဒါးနှင့် ဒုတ်နှင့် လှံနှင့် လွှနှင့် ထိုးခုတ်မည်ဟုသိရလျှင် သောက, ပရိဒေဝ,ဒုက္ခ,ဒေါမနဿ, ဥပါယာသမီးမတောက်ပါ။

ခန္ဓာကိုယ်ကို အဝတ်ဖြင့် ဆင်မြန်းရ၊ အိမ်ဖြင့်ထားရ၊ အစာကျွေးရ၊ ဆေးကုရ၏။ ခန္ဓာကိုယ်အတွက်ပြုပြင်ရတာများလှစွာ၏။

ခေတ်တရားကို အဝတ်ဖြင့် မဆင်မြန်းရ၊ အိမ်ဖြင့်မထားရ၊ အစာလဲမကျွေးရ၊ ဆေးလဲမကုရ၊ ခေတ်အတွက်ပြုပြင်စရာမရှိပါ။

ခန္ဓာကိုယ်၌ ၉၆-ပါးသောရောဂါ ဝေဒနာစွဲကပ်တတ်သည်။
ခေတ်တရား၌ ၉၆-ပါးသော ရောဂါဝေဒနာမစွဲကပ်တတ်ပါ။

အဲတာကြောင့် ခန္ဓာစွဲကိုခွါပါ၊ ခေတ်စွဲကိုရှာပါ။

## (၂၁၄) ၄၆–ထွက်မြောက်ပုံလမ်းစဉ် ၇-ပါး

| | | | | | | |
|---|---|---|---|---|---|---|
| ခေတ် | ကလာပ် | လက္ခဏာ | ဉာဏ်စဉ် | မဂ် | ဖိုလ် | နိဗ္ဗာန် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |

ဤလမ်းစဉ်အတိုင်း တဆင့်တဆင့်ထွက်မြောက်သွားရသည်။ ခေတ်၌ ပူချည်အေးချည် စသည်ဖြင့် ထွက်မြောက်လာသည်။ ရင့်သော် ဖြန်းဖြန်းနှင့်

ကလာပ်ဖြစ်၍ ထွက်မြောက်လာသည်။ ၎င်းဖြန်းဖြန်း၌ မမြဲခြင်း၊ သာယာဘွယ်မရှိခြင်း၊ အစိုးမရခြင်း လက္ခဏာသုံးပါးတွေ့၍ ထွက်မြောက်သည်။ ၎င်းကို ရှုပွါးသုံးသပ်သော သမ္မသနဉာဏ်၌ ဂေါတြဘုအထိ ဉာဏ်စဉ်တက်၍ ထွက်မြောက်သည်။ နောက်တဖန်ကား မဂ်ဖိုလ်ရ၍ နိဗ္ဗာန်ကိုပင် မျက်မှောက်ပြု ထွက်မြောက်ပါသည်။

## (၂၁၅) ၄၇–ဝိသုဒ္ဓိကြီး ၇–ပါးဖြင့် ထွက်မြောက်သွားပုံ

| | | | | | | |
|---|---|---|---|---|---|---|
| သိ | စိ | ဒိ | ကံ | မ | ပ | ဉာ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |

(၁) ဝိပဿနာပွါးသောအခါ လူသီလ၊ ရဟန်းသီလလုံခြုံသဖြင့်ပါတိမောက္ခသံဝရသီလပြီးစီး၏။ ဣန္ဒြေ ၆-ပါးလုံသဖြင့် ဣန္ဒြေသံဝရသီလ ပြီးစီး၏။ စိတ်ကို တိန်းသိမ်းစောင့်စည်းနေရသောက ပစ္စယသန္နိဿိတသီလပြီးစီး၏။ အသက်မွေးမှု စင်ကြယ်သဖြင့် အာဇီဝပါရိသုဒ္ဓိသီလဲဖြစ်၏။ ဤကား သီလဝိသုဒ္ဓိအကျဉ်းတည်း။ (၂) စိတ်ကိုသတိဖြင့်ဘမ်းထားရာ၊ အာရုံဘပါးသို့ စိတ်မသွားတော့ဘဲ၊ သမာဓိရ၍နေ၏။ စိတ္တဝိသုဒ္ဓိအကျဉ်းတည်း။ (၃) ထိုအခါ ခန္ဓာထဲမှ ဟိုနေရာ ဒီနေရာမှ ပူအောင့်ဘင်း၊ ယိုင်း လှုပ်ရှား စသော ရုပ်ဖောက်များကို စိတ်နာမ်က သိသိနေ၏။ ပူအောက ရုပ်တရား၊ သိဘာက နာမ်တရား၊ ရုပ်နာမ် ခွဲခြားနိုင်သဖြင့် နာမရူပပရိစ္ဆေဒ ဉာဏ် ပိုရတော့၏။ ထိုဉာဏ် ပိုရလျှင် ကျမ်းဂန်များ၌ နာမရူပပရိစ္ဆေဒေန သက္ကာယဒိဋ္ဌိသာဟိနံ ဟောတိ-အရ ဒိဋ္ဌိကွာပါပြီ။ အမှားစင်ကြယ်ပါပြီ။ ဒိဋ္ဌိဝိသုဒ္ဓိအကျဉ်းတည်း။ (၄) ရုပ်နာမ်ကွဲ၍ တွေ့ပြီးလျှင် ရုပ်ပေါ်လို့ နာမ်ကသိရဘာဘဲ၊ ရုပ်အကြောင်း နာမ်အကျိုး၊ ရုပ်ကပင်နွှေ၊ နာမ်ကသမုဒါဘဲဟု ယုံမှားကင်းစွာ ဉာဏ်ပိုရ၏။ လူဖန်ဆင်း၊ နတ်ဖန်ဆင်း ဗြဟ္မာဖန်ဆင်းဘာမဟုတ်၊ ကံ,စိတ်, ဥတု, အာဟာရ, စသော အကြောင်းကြောင့် အကျိုးပေါ်ရဘာဟု ဆုံးဖြတ်နိုင်၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိအကျဉ်းတည်း။ (၅) ရုပ်နာမ်ပွါးများပါများလျှင် စိတ်မှ ကိလေသာစင်ကြယ်သဖြင့် ဝိုးခနဲ ဝင်းခနဲ၊ အလင်းရောင်ပေါ်ကာက်၏။ အမဂ္ဂဘည်း၊ ညက်ဘည်း၊ ရှု နာမ်ကမဂ္ဂဘည်း၊ ပုရမက်ဘည်းဟု ခွဲ၍သိလျှင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်၏။ (၆) ရုပ် နာမ်၌အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ့လျှင် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်၏။ (၇) ပါကွံ့ဘာဒါရ်၊ အပကွံ နိဗ္ဗာန်-ဆိုတဲ့ ပါဠိ ကာဲအရ ပေါ်တဲ့ရုပ်နာမ်က

သင်္ခါရ၊ သိတာက ဝိပဿနာ၊ တတွဲတည်း။ ရုပ်နာမ်ချုပ်ထားက နိရောဓ သစ္စာချုပ်ထားကို အာရုံပြုတာက မဂ္ဂသစ္စာ၊ မဂ်ဖိုလ် ဖိုလ်စိတ်တည်း။ ဉာဏ ဒဿနဝိသုဒ္ဓိကိုရလေပြီ။

ဤကား အကျဉ်းချုပ်ဝိသုဒ္ဓိ ၇-ပါးဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားပုံ ရောက်ပုံတည်း။
**အကျယ်ကို ငါ့အရိယာဖြစ်ပြီလားကျမ်း၌ ဝိဇ္ဇာကြီး ၂၇-ပါး၌ ပြထားပါသည်။**

## (၂၁၆) ၄၈—ဝိသုဒ္ဓိ ၇-ပါးနှင့် ဒိဋ္ဌိကွာပုံငါးမျိုး

| | | | | | | |
|---|---|---|---|---|---|---|
| သိ | ဝိ | ဒိဋ္ဌိ | ကင်္ခါ | မဂ္ဂါ | ပဋိ | ဉာဏ |
| × | × | ကွာ | ကွာ | ကွာ | ကွာ | ကွာ |

ဒိဋ္ဌိဝိသုဒ္ဓိ၌ ဒိဋ္ဌိကွာ၏။ အမှားစင်ကြယ်၏။ကင်္ခါဝိတရဏဝိသုဒ္ဓိ၌ကွာ၏။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၌ ကွာ၏။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌ ကွာ၏။ ဉာဏဒဿနဝိသုဒ္ဓိ၌ ကွာ၏။ သက္ကာယဒိဋ္ဌိကွာပုံ ၅ါပုံ ငါးဆင့်သိ၍ထားကြပါကုန်။

## (၂၁၇) ၄၉—ဉာဏ်စဉ် ၁၆-ပါး၌ ဒိဋ္ဌိကွာပုံ ၁၆-မျိုး

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နာ | ပ | သံ | ဥ | ဘ် | ဘ | အာ | နိ | မု | ပ | သိ | နု | ဂေါ | မဂ် | ဖို | ပစ္စ |
| ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ |

ဉာဏ်စဉ် ၁၆-ပါး၌၊ တဆင့်လျှင် တခါတမျိုးကွာ၍၊ ၁၆-ဆင့်၌ ဒိဋ္ဌိ ၁၆-မျိုးကွာ၏။ ကွာဆဲ ကွာပြီးဟူ၍ သိထားကြပါကုန်။ နိဗ္ဗာန်အထိ မလာတော့ပြီ။

## (၂၁၈) ၅၀—မဂ္ဂဝီထိကျရောက်၌ ဒိဋ္ဌိကွာပုံ ၁၁-မျိုး

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| တိ | န | ဒ | မ | ပ | ဥ | နု | ဂေါ | မဂ် | ဖိုလ် | ဖိုလ် |
| ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ |

ဤ၌လည်း သက္ကာယဒိဋ္ဌိသည် ကွာဆဲ ကွာပြီးဟု အသိအမှတ်ပြုကြပါရန်။အတိတဘဝင်၊ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု၊ မဂ်၊ ဖိုလ်၊ ဖိုလ်၊ တဆယ့်တဌာန၌၊ ဒိဋ္ဌိဆယ့်တမျိုး ကွာသွားပုံတည်း။

## (၂၁၉) ၅၁—သက္ကာယဒိဋ္ဌိ ကွာဆဲ ကွာပြီး ငါးဌာနကြည့်ကြပါဦး

| | | | | |
|---|---|---|---|---|
| ဝိပဿနာ | သောတာ | သကဒါ | အနာ | အရဟတ္တာ |
| ကွာ | ကွာ | ကွာ | ကွာ | ကွာ |

ဝိပဿနာအခိုက်ကွာ၊ သောတာပန်အခိုက်ကွာ၊ သကဒါဂါမိအခိုက်ကွာ၊ အနာဂါမိအခိုက်ကွာ၊ ရဟန္တာအခိုက်၌ကွာရှိ၊ ကွာခဲကွာပြီးကို သိထားကြပါကုန်။

## (၂၂၀) ၅၂–ခေတ်ဘခုပေါ်တော့ သတိပဋ္ဌာန် ၄-မျိုးပါရှိပုံ

ငယ်ထိပ်၌ စိတ်ကိုမပြေးအောင်ထားတော့ သတိရှိသည်။ ၎င်းသတိကြောင့် သမာဓိရလာသည်။ ၎င်း ၂-ခုတို့ကြောင့် ပုတာ ဓာတ်ကိုတွေ့ရလေသည်။ ထိုအခါ၌ ပုတာကိုသတိထားတာက ကာယာနုပဿနာ သတိပဋ္ဌာန်တည်း။ ပုလျှင် ခံစားခြင်းဝေဒနာပါရှိ၏။ ၎င်းဝေဒနာကို သတိထားတာက ဝေဒနာနုပဿနာသတိပဋ္ဌာန်တည်း။ ပုတာနှင့် ဝေဒနာကို သိတာက. စိတ်တရားတည်း။ ထိုစိတ်တရားကို သတိထားတာက စိတ္တာနုပဿနာသတိပဋ္ဌာန်တည်း။ စိတ်မပြန့်လွင့်မှုနှင့် သတိထားမှုက ဓမ္မတည်။ ထိုဓမ္မကို သတိထားတာက ဓမ္မာနုပဿနာသတိပဋ္ဌာန်တည်း။ အကျဉ်းချုပ်မှာ ပုမှု၊ ခံစားမှု၊ သိမှု၊ တည်ကြည်မှု ၄-မျိုး၌ သတိပဋ္ဌာန် ၄-မျိုးရပါသည်။

## (၂၂၁) ၅၃–ဓါနတခုနှင့်ပြဲချောင် သီလ၊ သမထ၊ ဝိပဿနာအကျိုး၌ သိနိုင်ပါ၏

| ဒါနကြောင့် | အပါယ်လွတ် | လူ့ပြည်ရှိ | အတန်းအစားကွဲပြားပုံ |
|---|---|---|---|
| ၁–၎င်း | ၎င်း | ၎င်း | အရိုင်း ကပ္ပလီ ဆလုံ၊ |
| ၂–၎င်း | ၎င်း | ၎င်း | ကုလီ၊ လှေထိုး၊ လွှတိုက်၊ |
| ၃–၎င်း | ၎င်း | ၎င်း | ကိုယ်ပိုင်လယ်ယာလုပ်များ၊ |
| ၄–၎င်း | ၎င်း | ၎င်း | ငယ်၊ လတ်၊ ကြီး ကုန်သည်များ၊ |
| ၅–၎င်း | ၎င်း | ၎င်း | ငယ်၊လတ်၊ကြီးသူဌေးများ၊ |
| ၆–၎င်း | ၎င်း | ၎င်း | ငယ်၊ လတ်၊ ကြီး မင်းစိုးများ၊ |
| ၇–၎င်း | ၎င်း | ၎င်း | ပဒေသရာဇ်များ၊ |
| ၈–၎င်း | ၎င်း | ၎င်း | ဧကရာဇ်မင်းများ၊ |
| ၉–၎င်း | ၎င်း | ၎င်း | စကြဝတေးမင်းများ၊ |
| ၁၁–၎င်း | ၎င်း | ၎င်း | မန္ဓာတ်မင်းများ၊ |

ဒါနကြောင့် အပါယ်လွတ် လူ့ပြည်ရှိ အဘန်းအစားကွဲပြားပုံ

| | | | |
|---|---|---|---|
| ၁၁—၄င်း | ၄င်း | ၄င်း | ဒါနတချပြုနိုင်သူများ၊ |
| ၁၂—၄င်း | ၄င်း | ၄င်း | ဒါန၊သီလ ၂-ချပြုနိုင်သူများ၊ |
| ၁၃—၄င်း | ၄င်း | ၄င်း | ဒါ၊ သီ၊ ထ ၃-ချပြုနိုင်သူများ၊ |
| ၁၄—၄င်း | ၄င်း | ၄င်း | ဒါ၊သီ၊ထ၊ဝိ ၄-ချပြုနိုင်သူများ၊ |

ဟူ၍ ဒါနတချက အပါယ်မှဆွဲခေါ်လာပြီး လူ့ပြည်သို့ရိုရာ၌ အတန်းစား ၁၄-မျိုးကို မျက်မြင်တွေ့ရပေသည်။ ဒါ၊သီ၊ထ၊ဝိ၊အားပြိုင်ရန်မှာ—

## (၂၂၂) ၅၄-ဒါန, သီလ, သမထ, ဝိပဿနာ အားပြိုင်သော်

| ဒါန | သီလ | သမထ | ဝိပဿနာ |
|---|---|---|---|
| ဆင်းရဲသားမျှ | ကုန်သည်မျှ | သူဌေးမျှ | ဘုရင်မျှ |

ဖြခဲ့ပြီး (၅၃ နှင့် ၅၄) ကို ချိန်ထိုးကြည့်သော် အမြတ်ဆုံးပြုမည်သာ။

## (၂၂၃) ၅၅-ပဋိစ္စသမုပ္ပါဒ် ချုပ်ငြိမ်းပုံ ငါးဆင့်

ဝိပဿနာ အပါယ်ဆိုင်ရာ ပဋိစ္စသမုပ္ပါဒ် ချုပ်ငြိမ်းရ၏။
သောတာပန်ရ—ဘဝထက်ပို သုဂတိ၊ ပဋိစ္စသမုပ္ပါဒ်ချုပ်ရ၏။
သကဒါဂါမ် တဘဝထက်ပို သုဂတိ ပဋိစ္စသမုပ္ပါဒ်ချုပ်ရ၏။
အနာဂါမ် သုဂတိဘဝ ပဋိစ္စသမုပ္ပါဒ်ချုပ်ရ၏။
အရဟတ္တ ၃၁-ဘုံဆိုင်ရာ ပဋိစ္စသမုပ္ပါဒ်ချုပ်ရ၏။

## (၂၂၄) ၅၆-ဒုဂ္ဂတိ သုဂတိ ဒွိဟိတ် တိဟိတ်

ဉပမာ တိဟိတ်ပုဂ္ဂိုလ် ၇—ရက်ကျင့်လျှင် ဒွိဟိတ်မှာ ၇—လကျင့်ဘို့ တည်း။ သုဂတိအဟိတ်မှာ ၇—နှစ်ကျင့်ဘို့တည်း။ ဒုဂ္ဂတိအဟိတ်မှာ ၇-ဘဝကျင့်ဘို့တည်း။ ဤလိုသာ အားခဲကျင့်ဘို့ ဟောခဲ့ပါသည်။

ပါရမီ နုသေးလို့ ဟိတ်မပြည့်စုံလို့ဟု — အားငယ်ပြီးတော့ မကျင့်ဘဲ မနေရာ၊ ဉပမာ၊ဆင်ကောင်ကြီး တရက်ထဲ သယ်ယူတာကို လူက သယ်ယူ ရမည်ဆိုသော် ၁၅-ရက် သယ်ယူက ဆင်အားကို မှီမည် ဖြစ်သကဲ့သို့ တည်း။ ဘုရားနှင့် ရဟန္တာများ ကယ်ချွတ်ပြတဲ့ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်

များမှာ ဖါးနှစ်ဘ၀နှင့် သောတာပန်၊ နွား,ဆင်,မြင်း,မျောက်၊ နှစ်ဘ၀နှင့် သောတာပန်ဖြစ်ကြရပါသေးသည်။ဝိယက်ရဗြိတ္တာမတောင် တဘ၀ထဲနှင့် သောတာပန် ဖြစ်ရပါသေးသည်။ ဘီလူးများနှင့် စာနာ၍ ကြည့်ကြပါအုံး။ သုစိလောမဘီလူး၊ခရလောမဘီလူး၊အာဠဝကဘီလူး၊ဟေမဝတာရဘီလူး၊ သာတာဂိရိဘီလူး၊ကာဠီဘီလူးမများတောင် တဘ၀နှင့် သောတာပန်ဖြစ်ကြရပါသေးသည်။အိမ်မီးရှို့ ပစ္စည်းယူ လူသတ်တဲ့ ခိုးသား ၄၀၀ တို့၊ခိုးသား ၇၀၀ တို့၊ ခိုးသား ၅၀၀ တို့၊ အင်္ဂုလိမာလ ခိုးသားတို့ဟာ ရဟန္တာအထိ ဖြစ်ကြရပါသေးသည်။ လူများစွာသတ်နေတဲ့ တမ္ဗဒါဌိက သူသတ်မှူးကြီး၊ ပဋ္ဌတမုဆိုး၊ ကုက္ကုဋမိတ္တမုဆိုး၊ တံငါအရိယဆိုတဲ့ လူဆိုး လူယုတ်မာကြီး တွေတောင် သောတာပန် ဖြစ်ကြရပါသေးသည်။ ယခု နူးညံ့ သိမ်မွေ့၍ ဒုစရိုက်နည်းပါးတဲ့ ယခုလူတွေဟာ သာ၍ သောတာပန် ဖြစ်မှာပေါ့ဟု— အားတင်း၍ ပြင်းပြင်းထန်ထန် ကျင့်ရန်သာတည်း။

## (၂၂၅) ၅၇—အသီဥာဏ်အစားစား နှိုင်းချိန်ကြပါရန်

အန္ဓများ—လူ၌သိ၊ ခေါင်းကိုယ်လက်၊ ခြေ၊ စုဘာ လူပါဘဲတဲ့။

ဗာလများ—လူ၌သိ၊ ၃၂-ကောဋ္ဌာသ၊ ၄၂-ကောဋ္ဌာသစုတာ လူပါ ဘဲတဲ့။

ပဏ္ဍိတများ—လူ၌သိ၊ ရုပ် ၂၇၊စိတ် ၆၊စေ ၅၂-စုတာ လူပါဘဲတဲ့။

အဂ္ဂမဟာ ပဏ္ဍိတများ—လူ၌သိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသည်ရှိတာ လူပါဘဲ။

## (၂၂၆) ၅၈—ခန္ဓာကိုယ်၌ တရားတွေ့ပုံကား

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော။
ဗြာဟ္မဏဿ အထဿကင်္ခါ ဝပယန္တိ၊
သဗ္ဗာ ယတော ပဇာနာတိ သဟေတု ဓမ္မံ။ ။ဝိနည်း
မဟာဝါပါဠိ။

အာတာပိနော၊ အရိုးကျေကျေ၊အရေဘဲ စုတ်စုတ်၊မဆုတ်ကမ်း ဟူသော အာဇာနည်ဖွဲ့မျိုးဖြင့် သမ္မပ္ပဓာန် လုံ့လရှိသော။ ဈာယတော၊ ခေါက်ကြီး

လေးဖြာ၊ ခယ-ဝယာကို၊ ပေါ်လာတိုင်းရှု၍ နေပေထသော။ မြှုပ္ပတ္တသား၊ ဒုက္ခငြိမ်းရာ၊ ပြည်ခေမာကို၊ ကောင်းစွာ လိုလားသော အမျိုးသားအား။ ယဒါ၊ခန္ဓာကိုယ်တွင်၊ဖွဲ့အစဉ်နှင့်၊ရှုမြင်ပွါးရာ၊အကြင်အခါ၌။မွေ့ာ၊ကံ,စိတ်, ဥတု, အာဟာရ, လေးပသမုဋ္ဌာန်၊ အကြောင်းရင်း အမှန်ကြောင့်၊ ဇာကန် ဖြစ်ပွါး၍ နေကြကုန်သော ရွရွကိန်းကိန်း၊တဖြိန်းဖြိန်းနှင့်၊ ကုဋ္ဌေတသိန်းမကာ၊ ဖြစ်ပျက်ကြတဲ့၊ မဟာဘုတ်တရား၊ ဖြစ်ပျက်တရားတို့သည်။ ဟဝေ၊စင်စစ်၊ ပါတုဘဝန္တိ၊ ပါရမီအားလျော်စွာ၊ ဖြစ်ပေါ်၍သာ လာကြရကုန်တော့၏။

အလောင်းမှန်လို့ ရထားခိုက်ထဲ ဘုန်းကံအလျောက် စကြာရောက် ထာ၊ နေထွက်ခါနီးမို့ အာရုံတက်ထာ၊ ရှင်ဘုရင်ထွက်ခါနီးမို့ ရွှေတော်ပြေး လာတာ၊ မဂ်ရခါနီးမို့ နိမိတ်ပြတာပါဘဲ။ ခေတ်ပေါ်တော်မူတွေမို့ ရှုပွါး ဖူးမြင်ကြပါကုန်လော့။

ပါရမီက အမွေပေးတာမို့ သိမ်းပိုက် ရှုပွါးယူထားကြပါကုန်။

## (၂၂၇) ၅၉–သောတာပန်များ လောက ၃-ပါးမှ ထွက်မြောက်ကြပုံ

အပါယ် လေး ဘုံ ခန္ဓာ ဆို တဲ့ သတ္တလောကမှ ထွက် မြောက် သွားပါပြီ။
ဒိဋ္ဌိ၊ဝိစိ၊သင်္ခါရလောကမှ ထွက်မြောက်သွားပါပြီ။
အပါယ် ၄-ဘုံဆိုတဲ့ ဩကာသလောကမှ ထွက်မြောက်သွားပါပြီ။

## (၂၂၈) ၆၀–သကဒါဂါမိ လောက ၃-ပါးမှ ထွက်မြောက်ပုံ

အပါယ်ဘုံသား သုဂတိ၊ တဘာဝမှ အပို သတ္တလောကမှ ထွက် သွားပြီ။
ကာမရာဂ၊ ဗျာပါဒ၊သင်္ခါရလောကမှ တနုကရထွက်သွားပြီ။
အပါယ်ဘုံ၊ သုဂတိ တဘာဝအပိုဘုံ ဩကာသမှ ထွက်သွားပါပြီ။

## (၂၂၉) ၆၁–အနာဂါမိ လောက ၃-ပါးမှ ထွက်မြောက်ပုံ

အပါယ်ဘုံသား သုဂတိဘုံသား သတ္တလောကမှ ထွက်သွားပါပြီ။
ကာမရာဂ၊ ဗျာပါဒ၊ သင်္ခါရလောကမှ ထွက်သွားပါပြီ။
အပါယ်ဘုံ၊ သုဂတိ ၇-ဘုံ ဩကာသမှ ထွက်သွားပါပြီ။

## (၂၃၀) ၆၂–ရဟန္တာများလောက ၃-ပါးမှ ထွက်မြောက်ပုံ

၃၁-ဘုံသား သတ္တဝါအဖြစ် သတ္တလောကမှ ထွက်သွားပါပြီ။
အကုသိုလ်ကိလေသာ သင်္ခါရလောကမှ ထွက်သွားပါပြီ။
၃၁-ဘုံဌာန ဩကာသလောကမှ ထွက်မြောက်သွားပါပြီ။

## (၂၃၁) ၆၃–ဘုရားတိုင်းက ခန္ဓာမှာ ရှင်နာမ် ၂-ပါးသာရှိတယ်

လူ့ခန္ဓာမှာ နတ်ခန္ဓာမှာ ဗြဟ္မာ့ခန္ဓာမှာ ရုပ်နာမ်သာ ရှိတယ်။ အပိုလဲ မရှိပါ။ အလျော့လဲမရှိပါ။ (လျော့လျှင် မိစ္ဆာ၊ သာလျှင် ဒိဋ္ဌိ)လွတ်အောင် လုပ်ကြပါ။ ဘုရား၏ သားတော်ဘဲ သွီးတော်ဘဲ ဆိုပြီး မိစ္ဆာဒိဋ္ဌိ ကပ်စွဲ ပူးတွဲခံ၍ နေကြသည်မှာ (၁) ခေါင်း (၂) ငယ်ထိပ်(၃) နဖူး(၄) မျက်နှာ (၅) မျက်ခုန်း (၆) မျက်ခွံ (၇) မျက်တောင် (၈) မျက်လုံး (၉) နှာခေါင်း (၁၀) ပါးစပ် (၁၁) သွားဖုံး (၁၂) ပါးစောင် (၁၃) လျှာ (၁၄) အာခေါင် (၁၅) ခံတွင်း (၁၆) မေးစေ့ (၁၇) နောက်စေ့ (၁၈) လည်ပင်း (၁၉) ပခုံး (၂၀) လက်ရုံး (၂၁) လက်မောင်း (၂၂) လက်ဆစ် (၂၃) လက်ကောက်ဝတ် (၂၄) လက်ခုံ (၂၅) လက်ဝါး (၂၆) လက်ချောင်း (၂၇) လက်ဆစ် (၂၈) လက်မ (၂၉) လက်ညှိုး (၃၀) လက်လယ် (၃၁) လက်သူကြွယ် (၃၂) လက်သန်း (၃၃) ဘယ်လက် (၃၄) ညာလက် (၃၅) ကျော (၃၆) ရင်ဘတ် (၃၇) သားမြတ် (၃၈) ချက် (၃၉) ဆီးစပ် (၄၀) ခါး (၄၁) ဆီးအင်္ဂါ (၄၂) တင်ဆုံ (၄၃) ဘယ်ပေါင် (၄၄) ညာပေါင် (၄၅) ပေါင်ဆစ် (၄၆) ဒူး(၄၇) ခြေသလုံး (၄၈) ခြေချင်းဝတ် (၄၉) ခြေမျက်စိ (၅၀) ခြေဖနောင့် (၅၀) ခြေဖမိုး (၅၁) ခြေဖဝါး (၅၂) ခြေဖျား (၅၃) ခြေချောင်း (၅၄) ခြေမ (၅၅) ခြေညှိုး(၅၆) ခြေခါးလယ် (၅၇) ခြေသူကြွယ် (၅၈) ခြေသန်း (၅၉) ဝဍ္ဍမဂ် (၆၀) ကိုယ်အားဖြင့် အမှား-၆၀။

တဖန် သမ္ပဟာ၊ ဃန၊ သဏ္ဌာန၊ သန္တတိ၊ နာမဆိုတဲ့ ပညတ်ကြီး ငါးပါး ဖွေ့မြင်ပါရှိပါလျက်နှင့် (ပညတ္တိံ ထပေတွာ) ဆိုတဲ့ ဘုရား၏ အာဏာတော်ကြီးကို လွန်ကျူးတဲ့ အနေအထားဖြင့် မှတ်သား ယူမှား ထင်မြင်ယူဆနေကြသည့် အမှားတော်ကြီးများမှာ ကေသာ၊ ဆံပင်။ လောမာ၊ မွေးညှင်း။ နခါ၊ ခြေသည်း, လက်သည်း။ ဒန္တာ၊ သွား။ တစော၊ အရေထူ, အရေပါး။ မံသံ၊အသား။နှာရု၊အကြော။ အဋ္ဌိ၊အရိုး။အဋ္ဌိ မိဉ္ဇံ၊ရိုးတွင်းခြင်ဆီ။ ဝက္ကံ၊အညှို။ ဟဒယံ၊နှလုံး။ ယကနံ၊အသည်း။ ကိလောမကံ၊အမြှေး။ ပိဟကံ၊

အဖျဉ်း။ပဋ္ဌါသံ၊အဆုတ်။အန္တံ၊အူမ။အန္တဂုဏံ၊အူသိမ်။ဥဒရိယံ၊ အစာသစ်။ ကရီသံ၊ အစာဟောင်း။ မတ္ထလုင်္ဂံ၊ ဦးနှောက်။ ပိတ္တံ၊ သည်းခြေ။ သေမှံ၊ သလိပ်။ ပုဗ္ဗော၊ပြည်။ လောဟိတံ၊သွေး။ သေဒေါ၊ ချွေး။ မေဒေါ၊ အဆီခဲ။ အဿု၊ မျက်ရည်။ ဝသာ၊ဆီကြည်။ ခေဠော၊ တံတွေး။ သိင်္ဃာဏိကာ၊ နှပ်။ လသိကာ၊အစေး။မုတ္တံ၊ကျင်ငယ်—ဟူ၍။ ၃၂-ကောဋ္ဌာသဟာ ရှိတယ်လို့ တဖန် ထပ်မံမှားယွင်းကာ ယူထားပြန်သည်။ ပထမ အမှားကြီးက ၆၀။ ဒုတိယအမှားငယ်က ၃၂-စုစုပေါင်း ၉၂-ပါးဖြစ်၍ (လျော့လျှင် မိစ္ဆာ၊ သာလျှင် ဒိဋ္ဌိ) မလွတ်ဘဲ မိစ္ဆာဒိဋ္ဌိအယူပင် ဖြစ်ရပြန်တော့သည်။ အမှန်မှာ တကယ်တမ်း ဝိပဿနာ အလုပ်ကို အားထုတ်၍ ကြည့်တော့၊ ပေါ်ပြတဲ့ (ရုပ်တရားအမှန် သဘာဝနှင့်) သိကာသိကာနေတဲ့ (နာမ်တရားအမှန် သဘာဝ) ၂-ပါးကိုသာ တွေ့ရ၍ အမှားစင်ကြယ်ပါသည်။ ဒိဋ္ဌိကွာပါသည်။ ယုံမှားခြင်းဝိစိကိစ္ဆာလည်း ကွာပါသည်။ ။အရင်က ထင်မြင်နေတဲ့ အမှားမြင် အမှားယူထားတဲ့ ဒိဋ္ဌိယူ ၉၂-ပါးလဲ မပြလို့ မတွေ့ရတော့ပါ။ အမှန်ပြတာ ကိုသာ တွေ့ရပါသည်။ အမှားဆိုတာ လုံးဝချုပ်ပျောက် သွားပါသည်။ အဲဒီလို အမှန်သိကိုပင် တွေ့လဲတွေ့ သိလဲသိ မြင်လဲမြင် ရှုလဲရှု ထိလဲထိသဖြင့် ၎င်းအမှန် သိကိုပင် ယထာဘူတဉာဏ်ကိုရပြီ။ သမ္မာဒိဋ္ဌိဉာဏ်ကို ရပြီ။ သမ္မာဒဿနအမြင်ကိုရပြီ။ ပရမတ်မြင် ခဏ်အမြင် ကလာပ်အမြင်ကို ရပြီ။ အရိယာအမြင်ကို ရပြီ။ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ စခန်းသို့ ရောက်ရှိရပါပြီ။

ပေါ်ပြနေတဲ့ ရုပ်တရား၌ ဖြစ်စေ၊ သိသိနေတဲ့ နာမ်တရား၌ ဖြစ်စေ၊ ခဏ်ဘဲ၊ သဘောဘဲ၊ တရားဘဲ၊ သဘာဝဘဲ၊ ပရမတ္ထဘဲဟူ၍ အမှန်အကန် သိရသဖြင့် ဒိဋ္ဌိလဲ ကွာပါပြီ။ ဝိစိကိစ္ဆာယုံမှားခြင်းလဲ ကွာပါပြီ။ (အပိုအမို ထင်မှား မြင်မှား အယူမှားနေတဲ့ ငါငါ၊ သူသူ၊ လူလူ၊ နတ်နတ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ဗြဟ္မာ၊ ယောကျာ်း၊ မိန်းမ၊ ဇီဝ၊ သမုဟ၊ ဃန၊ သဏ္ဌာန၊ သန္တတိ၊ နာမ၊အရိပ်၊အရောင်၊ အတုံး၊ အတစ်၊ အပိုင်၊အခဲ၊အမှုန်၊အမွှားစသော နိမိတ်တွေ ပျောက်ကွာသဖြင့် အနိမိတ္တ သဘာဝကို ရရှိတော့၏။ လှတယ်၊ ချော တယ်၊ ကောင်းတယ်၊ မကောင်းဘူး၊ တင့်တယ်တယ်၊ အမူအရာနဲ့တယ် စသော အနုဗျဉ္ဇနဂ္ဂါဟီများပါချုပ်ပျောက်ကွယ်ငြိမ်းသဖြင့် နာနုဗျဉ္ဇနဂ္ဂါဟီ အရိယာနယ်ထဲသို့ ရောက်ရှိတော့၏။အဲဒါ ပုထုဇဉ်အမြင်မှ အရိယာအမြင် သို့ ကူးပုံတည်း။

# (င) လက္ခဏာရေးသုံးပါး ဋီကာပြခန်း

## (၂၃၂) ဂန္ထိရ နိပုဏာ ဒုဒ္ဒသ ပဏ္ဍိတဝေဒနိယနိဒါန်း

ဤလက္ခဏာရေးသုံးပါးဋီကာ၌ (၂၇)ခန်းကို ကြည့်ရှုသုံးသပ်ကြရာ၌ ဉာဏ်ရှိသူများ ဉာဏ်မရှိသူများ လုံးဝ မသိသူများ ဟူ၍ အစားစားရှိပေလိမ့်မည်။ဉာဏ်မရှိသူနှင့် လုံးဝမသိသူများသည်။ (ဓမ္မ သရဏံ ဂစ္ဆာမိ) ဘို့သာ ဩဝါဒ—နက်နဲခက်ခဲလှသော တရားကြီးပါတကား။ ဉာဏ်ကြီးရှင်တို့၏ အရာပါတကားဟူ၍အံ့ဩပြီး လေးစားယုံကြည် ကိုးကွယ်ကြပါကုန်။ သိသူများကား ခံစား သုံးဆောင် ကြပါကုန်။ ဤစာကို ရေးရခြင်းသည် လူများအကျိုး ဖြစ်တို့နှင့် ကုသိုလ်ရဘို့လောက်သာ ရည်ညွှန်းကာ ရေးထားပါသဖြင့် အကုသိုလ်ဖြစ်ဘို့ရန်ကိုတော့ လူမှန်လူစစ် သူတော်ကောင်း အဖြစ်၌တည်သူများ ရှောင်ရှားလိမ့်မည်ဆိုတာကို အထူးသဖြင့် လေးလေး နက်နက်ကြီး ယုံကြည်၍ ထားရှိပါသည်။ ဤစာမျိုး၏ ခက်ခဲ နက်နဲပုံကို နိဒါနကထာ အဋ္ဌကထာများ၌—

(ယသ္မာ သသာဒိဟိဝိယ မဟာသမုဒ္ဒေါ မန္ဒဗုဒ္ဓိဟိ ဒုက္ခောဂါဟာ အလဗ္ဘနေယျပ္ပတိဋ္ဌာနာစ၊ တသ္မာ ဂမ္ဘိရာ) နံ ၁၆။ ကြောင်း ၁၀-ဟံမှု၌ တွေ့ရပါသည်။

တဖန် ၎င်း စကားကို နိဂုံးအုပ်သော စကား ဖြင့် လည်း ယင်း နိဒါန ကထာ၌ပင်—

(သဗ္ဗံပေတံ အနုပစိတ ကုသလ သမ္ဘာရေဟိ ဒုပ္ပညေဟိ သသာဒိဟိ မဟာသမုဒ္ဒေါဝိယ ဒုက္ခောဂါဟံ အလဗ္ဘနေယျပ္ပတိဋ္ဌာနဉ္စ၊ တသ္မာ ဂမ္ဘိရံ) ဟူ၍ နံ ၁၇။ ကြောင်း ၁-ဟံမှု၌ ပြထားပါသည်။

**အနက်ကား။** ။ယသ္မာ၊ အကြင်ကြောင့်။သသာဒိဟိ၊ ယုန်ငယ် စသည်တို့သည်။ မဟာသမုဒ္ဒ၊ မဟာသမုဒ္ဒရာကြီးကို။ ဒုက္ခောဂါဟာစ၊ ကူးခပ်လည်း ကူးခပ်နိုင်ခဲကုန်၏။ အလဗ္ဘ နေယျပ္ပတိဋ္ဌာနာစ၊ ထောက်တည်ရာလည်း ရနိုင်ခဲကုန်၏။တသ္မာ၊ထို့ကြောင့်။မဟာသမုဒ္ဒေါ၊မဟာသမုဒ္ဒရာကြီးသည်။ ဂမ္ဘိရော၊ နက်နဲလှပေ၏။ မဟာသမုဒ္ဒေါဝိယ၊ မဟာသမုဒ္ဒရာကြီး

ကဲ့သို့။ သာသနံ၊ သာသနာတော် ၃-ပါးကို။ မန္ဒဗုဒ္ဓိဟိ၊ ပညာနုံ့နှေး၊ အမြင်သေး ကုန်သောသူတို့သည်။ ဒုက္ခေန၊ ဂါဟာစ၊ ကူးခပ်လည်း ကူးခပ်နိုင်ခဲကုန်၏။ အလဒ္ဓ နေယျ ပ္ပတိဋ္ဌာနာစ၊ ထောက်တည်ရာလည်း ရနိုင်ခဲကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဂမ္ဘီရာ၊ နက်နဲလှပေကုန်၏။

သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဧတံ၊ ဤဂမ္ဘီရ ၄-ပါးကို။ အနုပစိတ ကုသလသမ္ဘာရေဟိ၊ မဆည်းပူးအပ်သော ကုသိုလ်သမ္ဘာရရှိကုန်သော။ ပါ၊ ကုသိုလ်သမ္ဘာရကို ဆည်းပူးခြင်းမရှိ၊ ဆည်းပူးခြင်းနည်းပါးကုန်သော။ ဒုပ္ပညေဟိ၊ ပညာနည်းပါးကုန်သော သူတို့သည်။ ဒုက္ခောဂါဟဉ္စ၊ ကူးခပ် လည်း ကူးခပ်နိုင်ခဲ၏။ ဝါ၊ သက်ဝင်နိုင်ခဲ၏။ အလဒ္ဓနေယျပ္ပတိဋ္ဌာနဉ္စ၊ ထောက်တည်ရာလည်းရခဲ၏။ တသ္မာ၊ ထို့ကြောင့်။ ဂမ္ဘီရံ၊ နက်နဲလှပေ၏။ ဟိ၊ ဥပမာ ပြဆိုပါဦးအံ့။ သသာဒီဟိ၊ ယုန်ငယ် အစရှိသည်တို့နှင့်။ မဟာ သမုဒ္ဒေါဝိယ၊ မဟာသမုဒ္ဒရာကြီးကဲ့သို့တည်း။ ။ဤကား ပါဠိ ၂-ပုဒ်၏ အနက်တည်း။

အဓိဋ္ဌေယျ၊ အပ္ပမေယျ၊ အသင်္ချေယျ၊ အနန္တ၊ အပ္ပရိမာဏ၊ အပရိတ္တိနှင့် စသော ဘုန်းတော် ကံတော် ဉာဏ်တော် ကြီးထွားလှပေကုန်သော သဲလုံး အမျှ ဘုရားရှင်ကြီးများ တောင်မှ လူတိုင်း နတ်တိုင်း ဗြဟ္မာ တိုင်း ကို မချွတ်နိုင်။ မယုံကြည်စေနိုင်ပါ။ သို့အတွက် ဤစာစောင်သည် ထိုက်သူများ အဘို့သာ ဖြစ်ပါသည်။ ထမင်းပွဲကြီး ဥပမာ၌ ထမင်းပွဲတွင် ဝက်သား ကြက်သား ဘဲသား အမဲသားစသည်ဖြင့် စုံနိုင်သမျှစုံအောင် ကျွေးမွေးပေး လှူပေ၏။ အဲဒါ ဒါနရှင်၏ တာဝန်ပါ။ စားသူတို့ အဘို့ကား ကြိုက်ရာကိုသာ စားသုံး၍ မကြိုက်ထာကို မစားရုံမျှသာ ဥပေက္ခာ ထားရုံသာ ထားဘို့ လိုပါသည်။ ချက်ထာက ဘယ်လိုဘဲ ပြင်တာက ဘယ်ပုံဘဲ ဟူ၍ကား၊ ကျွေး သူ၏ စေတနာ သဒ္ဓါတရားကိုငဲ့၍ မပြောမိစေရာ။ ဤစာ၌လည်း ဤသဘော ပင် ကျင့်ကြကုန်ရာသတည်း။

## (၂၃၃) ၁-လက္ခဏာရေးသုံးပါးကြောင့် မိဋ္ဌိများကွာပုံ

| | |
|---|---|
| အနိစ္စတွေ့တော့ | နိစ္စဒိဋ္ဌိချုပ်ပျောက် |
| ဒုက္ခတွေ့တော့ | သုခဒိဋ္ဌိချုပ်ပျောက်၊ |
| အနတ္တတွေ့တော့ | အတ္တဒိဋ္ဌိချုပ်ပျောက်၊ |

## (၂၃၄) ၂-လက္ခဏာရေး၃-ပါးထင်တော့ တရား၃-ပါးနဲ့ပါးရပုံ

| | |
|---|---|
| အနိစ္စထင်တော့ | လောဘတရားနည်းပါး၏။ |
| ဒုက္ခထင်တော့ | ဒေါသတရားနည်းပါး၏။ |
| အနတ္တထင်တော့ | မောဟတရားနည်းပါး၏။ |

## (၂၃၅) ၃-လက္ခဏာရေး ၃-ပါးကြောင့် မီးနဲ့ပါးကျသိုလ်များပုံ

| | | |
|---|---|---|
| အနိစ္စထင်တော့ | လောဘနဲ့ပါး | ဒါနအပြုများ၏။ |
| ဒုက္ခထင်တော့ | ဒေါသနဲ့ပါး | သီလအပြုများ၏။ |
| အနတ္တထင်တော့ | မောဟနဲ့ပါး | ဘာဝနာအပြုများ၏။ |

## (၂၃၆) ၄-လက္ခဏာရေး ၃-ပါးကြောင့် မီး ၃-ပါးငြိမ်းပုံ

| | | | |
|---|---|---|---|
| အနိစ္စတွေ့တော့ | လောဘမီး | တဆင့်တဆင့် | ငြိမ်းရ၏။ |
| ဒုက္ခတွေ့တော့ | ဒေါသမီး | တဆင့်တဆင့် | ငြိမ်းရ၏။ |
| အနတ္တတွေ့တော့ | မောဟမီး | တဆင့်တဆင့် | ငြိမ်းရ၏။ |

## (၂၃၇) ၅-လက္ခဏာရေး ၃-ပါးကင်းလို့ မီး ၃-ပါးတောက် ကမ္ဘာပျက်ပုံ

| | | |
|---|---|---|
| အနိစ္စမထင်တော့ | ရာဂမီးတောက် | ကမ္ဘာမီးပျက်၏။ |
| ဒုက္ခမထင်တော့ | ဒေါသမီးတောက် | ကမ္ဘာရေပျက်၏။ |
| အနတ္တမထင်တော့ | မောဟမီးတောက် | ကမ္ဘာလေပျက်၏။ |

## (၂၃၈) ၆-လက္ခဏာရေး ၃-ပါးကင်းလို့ မီး ၃-ပါးတောက် ကပ်ကြီး ၃-ပါးဆိုက်ပုံ

| | | |
|---|---|---|
| အနိစ္စမထင်တော့ | ရာဂမီးတောက် | ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်၏။ |
| ဒုက္ခမထင်တော့ | ဒေါသမီးတောက် | သတ္ထန္တရကပ်ကြီး ဆိုက်၏။ |
| အနတ္တမထင်တော့ | မောဟမီးတောက် | ရောဂန္တရကပ်ကြီး ဆိုက်၏။ |

## (၂၄၉) ၇–လက္ခဏာရေး ၃-ပါးကြောင့် အနုပဿနာ ၃-မျိုးရပုံ

အနိစ္စတွေ့လို့ အနိမိတ္တ အနုပဿနာအဆင့်ရောက်၏။
ဒုက္ခတွေ့လို့ အပဏိဟိတ အနုပဿနာအဆင့်ရောက်၏။
အနတ္တတွေ့လို့ သုညတ အနုပဿနာအဆင့်ရောက်၏။

## (၂၅၀) ၈–လက္ခဏာရေး ၃-ပါးကြောင့် မဂ် ၃-ပါးရရှိပုံ

အနိစ္စတွေ့လို့ အနိမိတ္တ မဂ်ကိုရ၏။
ဒုက္ခတွေ့လို့ အပဏိဟိတ မဂ်ကိုရ၏။
အနတ္တတွေ့လို့ သုညတ မဂ်ကိုရ၏။

## (၂၅၁) ၉-လက္ခဏာရေး ၃-ပါးကြောင့် ဖိုလ် ၃-ပါးရရှိပုံ

အနိစ္စတွေ့လို့ အနိမိတ္တ ဖိုလ်ကိုရ၏။
ဒုက္ခတွေ့လို့ အပဏိဟိတ ဖိုလ်ကိုရ၏။
အနတ္တတွေ့လို့ သုညတ ဖိုလ်ကိုရ၏။

## (၂၅၂) ၁၀-လက္ခဏာရေး ၃-ပါးကြောင့် နိဗ္ဗာန် ၃-မျိုးရရှိပုံ

အနိစ္စတွေ့လို့ အနိမိတ္တ နိဗ္ဗာန်ရောက်၏။
ဒုက္ခတွေ့လို့ အပဏိဟိတ နိဗ္ဗာန်ရောက်၏။
အနတ္တတွေ့လို့ သုညတ နိဗ္ဗာန်ရောက်၏။

## (၂၅၃) ၁၁–လက္ခဏာရေး ၃-ပါးမတွေ့လို့ အပါယ်ဘုံ ရောက်ကြပုံ

အနိစ္စမတွေ့က လောဘမီးတောက် ပြိတ္တာဘုံရောက်၏။
ဒုက္ခမတွေ့က ဒေါသမီးတောက် ငရဲဘုံရောက်၏။
အနတ္တမတွေ့က မောဟမီးတောက် တိရစ္ဆာန် အသုရကာယ် ၂-ဘုံရောက်၏။

## (၂၅၄) ၁၂–လက္ခဏာရေး ၃ ပါးကိုဖုံးထားတဲ့ ရန်သူကြီး၃-ပါး

အနိစ္စလက္ခဏာမတွေ့တာ သန္တတိပညတ်ကြီးဖုံးထားလို့ပါ။
ဒုက္ခလက္ခဏာမတွေ့တာ ဣရိယာပထ ၄-ပါးဖုံးထားလို့ပါ။
အနတ္တလက္ခဏာမတွေ့တာ ဃနပညတ်ကြီးဖုံးထားလို့ပါ။

## (၂၄၅) ၁၃-လက္ခဏာရေး၃-ပါးမပေါ်တာ အကြောင်းပြချက်

ဖြစ်ပျက်ကိုမမြင်က သန္တတိပညတ်ပင် အနိစ္စလက္ခဏာဝှပ်၏။
ဣရိယာပုထ်ဖြွေ့နေက သုခထင် ဒုက္ခလက္ခဏာ ဝှပ်၏။
ဓာတ် ၄-ပါးကွဲပြားတာကို မရှု၊ ဃနပညတ်ဖြစ်၊ အနတ္တလက္ခဏာဝှပ်၏။

## (၂၄၆) ၁၄–လက္ခဏာရေး ၃-ပါးပေါ်တာ အကြောင်းရှာပုံ

ဖြစ်ပျက်ကိုရှုလို့ သန္တတိပညတ်ကွာ၊ အနိစ္စလက္ခဏာပေါ်၏။
ဣရိယာပုထ်မပြောင်းလို့ ဝေဒနာလာ ဒုက္ခလက္ခဏာ ပေါ်၏။
ဓာတ် ၄-ပါးကွဲတာရှုလို့ ဃနပညတ်ကွာ အနတ္တလက္ခဏာပေါ်၏။

## (၂၄၇) ၁၅-လက္ခဏာရေး ၃-ပါးပိုင်လို့ဝိမုတ် ၃-ပုံညွှန်ပုံ

အနိစ္စတွေ့လို့ သုတ် ၃-ကျမ်းဆောင်တာနှင့် အကျိုးတူ၏။
ဒုက္ခတွေ့လို့ ဝိနည်းငါးကျမ်းဆောင်တာနှင့် အကျိုးတူ၏။
အနတ္တတွေ့လို့ အဘိဓမ္မာ ၇-ကျမ်းဆောင်တာနှင့် အကျိုးတူ၏။

## (၂၄၈) ၁၆–လက္ခဏာရေး ၃–ပါးကြောင့် ကန္တာရကြာကြာ အပါယ်မလားရပုံ

**သုတ္တန်သုံး၀၊ အနိစ္စ၊ ကပ္ပ–ခွန်ခွန်ပါ။** ။လက်ာ။
**ဝိနည်းငါးကျမ်း၊ ဒုက္ခဘမ်း၊ ကင်ဆန်းရှစ်ရှစ်ပါ။** ။လက်ာ။
**အဘိဓမ္မာ ၇–ကျမ်း၊အနတ္တဘမ်း၊ကင်ဆန်းကိုးကိုးပါ။** ။လက်ာ

## (၂၄၉)

| | | | |
|---|---|---|---|
| ကာမ၊ | ရူပ | အရူပ | ၃၁-ဘုံ၌ |
| လောဘ၊ | ဒေါသ၊ | မောဟ၊ | မှောင်ကြီး |
| သာသနာပခေတ်ပုံစံ | | | |

| | | | |
|---|---|---|---|
| ကာမ၊ | ရူပ၊ | အရူပ၊ | ၃၁-ဘုံ၌ |
| အနိစ္စ၊ | ဒုက္ခ၊ | အနတ္တ၊ | အလင်းကြီး |
| သာသနာတွင်းခေတ်ပုံစံ | | | |

သာသနာပ၌ ၃၁-မှာ မှောင်ကြီး ၃-ပါးကျနေပုံနှင့် သာသနာတွင်း၌ ၃၁–ဘုံမှာ အလင်းကြီး ၃–ပါး ထိန်ပြောင်ထွန်းလင်း အရောင်ခြင်း၍ လင်းထိန်နေပုံတည်း။

### (၂၅၀) ၁၈-လက္ခဏာရေး ၃-ပါး ဝိဇ္ဇာ ၃-ပုံနှင့်ဒေသနာ

အနိစ္စ-သုတ္တန် ၃-ကျမ်း ဝေါဟာရဒေသနာ
ဒုက္ခ-ဝိနည်း ၅-ကျမ်း အာဏာဒေသနာ
အနတ္တ-အဘိဓမ္မာ ၇-ကျမ်း ပရမတ္ထဒေသနာ

### (၂၅၁) ၁၉-လက္ခဏာရေး ၃-ပါး ဝိဇ္ဇာ ၃-ပုံနှင့် သာသနာ

အနိစ္စ-သုတ္တန် ၃-ကျမ်း ယထာနုလောမသာသနာ
ဒုက္ခ-ဝိနည်း ၅-ကျမ်း ယထာပရာဓသာသနာ
အနတ္တ-အဘိဓမ္မာ ၇-ကျမ်း ယထာဓမ္မသာသနာ

### (၂၅၂) ၂၀-လက္ခဏာရေး ၃-ပါး ဝိဇ္ဇာ ၃-ပုံနှင့် ကထာ

အနိစ္စ-သုတ္တန် ၃-ကျမ်း ဒိဋ္ဌိဝိနိဝေဌနကထာ
ဒုက္ခ-ဝိနည်း ၅-ကျမ်း သံဝရာ သံဝရ ကထာ
အနတ္တ-အဘိဓမ္မာ ၇-ကျမ်း နာမရူပ ပရိစ္ဆေဒကထာ

### (၂၅၃) ၂၁-လက္ခဏာရေး ၃-ပါး ဝိဇ္ဇာ ၃-ပုံနှင့် သိက္ခာ

အနိစ္စ-သုတ္တန် ၃-ကျမ်း အဓိစိတ္တသိက္ခာ
ဒုက္ခ-ဝိနည်း ၅-ကျမ်း အဓိသီလသိက္ခာ
အနတ္တ-အဘိဓမ္မာ ၇-ကျမ်း အဓိပညာသိက္ခာ

### (၂၅၄) ၂၂-လက္ခဏာရေး ၃-ပါး ဝိဇ္ဇာ ၃-ပုံနှင့် ပဟာန်

အနိစ္စ-သုတ္တန် ၃-ကျမ်း ပရိယုဋ္ဌာနကိလေသာပဟာန်
ဒုက္ခ-ဝိနည်း ၅-ကျမ်း ဝီတိက္ကမကိလေသာပဟာန်
အနတ္တ-အဘိဓမ္မာ ၇-ကျမ်း အနုသယကိလေသာပဟာန်

### (၂၅၅) ၂၃-လက္ခဏာရေး ၃-ဝိဇ္ဇာ ၃-ကိလေသာ ၃-<br>လက်နက် ၃-ပါးစီ

အနိစ္စ-သုတ္တန် ၃-ကျမ်း ပရိယုဋ္ဌာန ပဋိပက္ခ သမာဓိ
ဒုက္ခ-ဝိနည်း ၅-ကျမ်း ဝီတိက္ကမ ပဋိပက္ခ သီလ
အနတ္တ-အဘိဓမ္မာ ၇-ကျမ်း အနုသယ ပဋိပက္ခ ပညာ

## (၂၁၆) ၂၄-လက္ခဏာ၊ ပိဋက၊ လက်နက်၊ ပဟာန်

| | | |
|---|---|---|
| အနိစ္စ—သုတ္တန် ၃-ကျမ်း | သမာဓိ | ဝိက္ခမ္ဘနပဟာန် |
| ဒုက္ခ—ဝိနည်း ၅-ကျမ်း | သီလ | တဒင်္ဂပဟာန် |
| အနတ္တ—အဘိဓမ္မာ ၇-ကျမ်း | ပညာ | သမုစ္ဆေဒပဟာန် |

## (၂၁၇) ၂၅-လက္ခဏာ၊ ပိဋက၊ လက်နက်၊ သံကိလေသပဟာန်

| | | |
|---|---|---|
| အနိစ္စ—သုတ္တန် ၃-ကျမ်း | သမာဓိ | တဏှာသံကိလေသပဟာန် |
| ဒုက္ခ—ဝိနည်း ၅-ကျမ်း | သီလ | ဒုစ္စရိတသံကိလေသပဟာန် |
| အနတ္တ—အဘိဓမ္မာ ၇-ကျမ်း | ပညာ | ဒိဋ္ဌိသံကိလေသပဟာန် |

## (၂၁၈) ၂၆-လက္ခဏာ၊ ပိဋက၊ လက်နက်၊ အကျိုးရပုံများ

| | | |
|---|---|---|
| အနိစ္စ—သုတ္တန် ၃-ကျမ်း | သမာဓိ | အဘိညာဉ် ၆-ပါးရ၏။ |
| ဒုက္ခ—ဝိနည်း ၅-ကျမ်း | သီလ | ဝိဇ္ဇာ ၃-ပါးရ၏။ |
| အနတ္တ—အဘိဓမ္မာ ၇-ကျမ်း | ပညာ | ပဋိသမ္ဘိဒါ ၄-ပါးရ၏။ |

## (၂၁၉) ၂၇-လက္ခဏာ၊ ပိဋက၊ လက်နက် အကျင့်လွဲ၍ ဒုက္ခရောက်ပုံများ

| | | | |
|---|---|---|---|
| အနိစ္စ—သုတ္တန် ၃-ကျမ်း | သမာဓိ | ဒုပ္ပဋိပန္န | ဒုဿီလ ဖြစ်တတ်၏။ |
| ဒုက္ခ—ဝိနည်း ၅-ကျမ်း | သီလ | ဒုပ္ပဋိပန္န | မိစ္ဆာဒိဋ္ဌိ ဖြစ်တတ်၏။ |
| အနတ္တ—အဘိဓမ္မာ ၇-ကျမ်း | ပညာ | ဒုပ္ပဋိပန္န | စိတ်ဖေါက်ပြန်တတ်၏။ |

# (စ) အရိယစက္ခုအခန်းကြီး

## (၂၆၀) အရိယစက္ခု ၁

### ဆယ်မိနစ်နှင့် ရနိုင်သော ကမ္မဋ္ဌာန်းလုပ်ငန်း

**ခေတ်ကိုမိမိ၊ ကိုယ်တွေ့သိ၊ ဒိဋ္ဌိကွာခည်သာ။**
**ဒိဋ္ဌိကာကွယ်၊ လေးအပါယ်၊ တကယ်မကျပါ။**

သဏ္ဍာသဒိဋ္ဌိသည်၊ ခေတ်တရားကို အကြောက်ဆုံးဖြစ်၏။ ခေတ်တရားသည်၊ သဏ္ဍာသဒိဋ္ဌိကို အနိုင်ဆုံး ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်ကြီးက သားတော် ရာဟုလာအား ပထဝီခေတ်ခေါ် ရာဟုလ အနိစ္စတော ဓာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ၊ဝိဗ်ကိစ္ဆ ပဇဟတိ အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ။ ဟူ၍–သံယုတ်ပါဠိတော်ကြီး၌ တိုက်ရိုက်ကြီး ဟောတော်မူခဲ့ပါသည်။ ဆယ်မိနစ်ခန့် အတွင်း၌ ငယ်ထိပ်တွင် စိတ်ကို ထား၍ ရှေးဦးစွာ ငယ်ထိပ်ကို တွေ့ရမည်။ ပညတ်ပါဘဲ၊ ခေတ်ပေါ်၍ လာလျှင် ငယ်ထိပ်ပျောက်၍ ခေတ်ကိုတွေ့ရမည်။ ပရမတ်ပါဘဲ၊ ခေတ်ကိုတွေ့ခဲ့လျှင် အနိစ္စ၊ဒုက္ခ၊အနတ္တစသော ဉာဏ်စဉ် ၁၀-ပါးပေါ်၍ မဂ်ဆီသို့ တက်ရောက်သွားလိမ့်မည်။ ဉာဏ်စဉ်ပါဘဲ၊ ဤပုံအတိုင်း ဒေါ်ကောမြွေပါဠိနှင့်အညီ မဖြိုမ ပဋိပဒါ ဖြစ်၍ သက်သာစွာ လျင်မြန်စွာ ရှင်လန်းစွာ ဝမ်းသာစွာ ပေါက်ရောက်နိုင်ပါသည်။ရှေးရှေးလူပညာရှိကြီးများ၏ စကားပုံမှာလည်း (အသီးတခု၊ အညှာတခု။ တချက်ခုတ်၊ အားလုံးပြတ်။တနွယ်ငင်၊တစည်ပါ။ အချင်လို–လမ်းအိုလိုက်။တရားရှာ၊ကိုယ်မှာတွေ့။လမ်းဆုံးတော့၊ရွာရောက်။ ဖြစ်ပျက်ဆုံး၊နိဗ္ဗာန်ရောက်) စကားပုံများသည်၊ဒေါ်ကောမြွေဆိုတဲ့ ပါဠိကို ခိုင်လုံစွာ ထောက်ပံ့ကူညီ အားပေးနေကြသော စကားပုံများသာဖြစ်ကြ၏။ ဆေးဆရာ၀န်နှင့် ဆရာဝန်များ စမ်းသပ် သကဲ့သို့ မိမိ၏လက်ကောက် ဝတ်၌ရှိသောသွေးကြောကို စမ်းသပ်၍ ကြည့်ကြပါကုန်။ဒိတ်ဒိတ် ဒိတ်ဒိတ် နှင့် သွေးတိုး၍နေသည်ကို တွေ့ရပါလိမ့်မည်။ အဲဒါက အရပ်အခေါ်၊ဝေါဟာရအခေါ်၊ပညတ်အခေါ်ပါဘဲ။ ။ပရမတ်နယ်၌မူကား၊သွေးဟူ၍မြူမျှမရှိ၊ တိုးတာလဲ မရှိပါ၊နို့–ဘာများရှိနေသတုံးဟု–မေးခဲ့သော် (၁) နီမြန်းသော သဘောသည် သွေးမဟုတ်ပါ၊ ဝဏ္ဏဆိုတဲ့ အဆင်းခေတ်တရားပင်ဖြစ်၏။ (၂) ပူခြင်း, ခြေင်းကား သွေးမဟုတ်ပါ၊ တေဇော ခေတ်သာဘည်း။

(၃) ဒိတ်ဒိတ် ဒိတ်ဒိတ်နှင့် တွေ့ထိတော့၊ နူးညံ့သလို သဘောကား သွေး မဟုတ်ပါ၊ပထဝီခေတ်သာတည်း။ (၄) ဒိတ်ဒိတ်နှင့် ထောက်ကန် လှုပ်ရှား တွန်းထိုး၍ နေသည်ကား သွေး မဟုတ်ပါ၊ ဝါယောခေတ် သာ တည်း။ (၅) အရည်လိုလိုနှင့် ဖွဲ့စည်းနေသည်ကား သွေးမဟုတ်ပါ၊အာပေါခေတ် သာဘည်း။ (၆) ညီညီဝိုဝိုသဘောကားသွေးမဟုတ်ပါ၊ဂန္ဓသိုတဲ့ အနံ့ခေတ် သာတည်း။ (၇) ငန်သလိုလို-ချိုသလိုလို သဘောကား သွေးမဟုတ်ပါ၊ ရသာဆိုတဲ့ အရသာခေတ်သဘောတည်း။ (၈) လျက်မိတော့ အားအင် ပြည့်ဝစေတတ်သော သဘောကား သွေးမဟုတ်ပါ၊ဩဇာဆိုတဲ့ အာဟာရ ခေတ်သာတည်း။

ဤနေရာ၌ အဋ္ဌကလာပ် ခေတ် ၈-ပါးစုံစွာ တွေ့ရပြီ

နီမှု၊ဖွဲ့မှု၊ပူဖွဲ့မှု၊လှုပ်မှု ၄-ပါးကား။ ခေတ်ကြီး၄-ပါး တွေ့ပုံတည်း။
အဆင်း၊အနံ့၊အရသာ၊ဩဇာ ၄-ခုကား။ ဥပါဒါရုပ်ပင်တည်း။

၎င်း ၈-ခုကို ပေါင်းသော် ခေတ်ကြီး ၈-ပါး၊ ရုပ်တရား ၈-ပါး ဖြစ်၍ အဋ္ဌကလာပ်ရုပ်ခေတ် ၈စ်မျိုးကို တွေ့ရပြီဟု ဆုံးဖြတ်ပါလေ။

## (၂၆၁) အနိယစက္ခု ၂

(၁) ဒိတ်နှင့်ဒိတ်၊ဒိတ်နှင့်ဒိတ်၊တခုစီ တခြားစီ မရောမနှောဘဲ ခြားခြား ဖြစ်၍ နေတဲ့ သဘောကား အာကာသခေတ် သာတည်း။ (၂) ဒိတ်ဒိတ်၊ ဒိတ်ဒိတ် နှင့် ပျက်ပျက် နေခြင်း ကား အနိစ္စ သဘော တရား တည်း။ (၃) ဒိတ်ဒိတ်နှင့် သေသေနေခြင်း အားထားဘွယ်မရှိ၊ သာယာဘွယ်မရှိ၊ နှစ်သက်ဘွယ်မရှိ၊ ကိုးစားဘွယ်မရှိခြင်းတို့ကား ဒုက္ခလက္ခဏာသဘော တည်း။ (၄) ဒိတ်ဒိတ်နှင့်နေ၍ တားမရ၊ ဆီးမရ၊ ယူမရ၊ရွှေ့မရခြင်းတို့ကား အနတ္တလက္ခဏာသဘောဘည်း။(၅)ဒိတ်ဒိတ်နှင့် ပျက်၍ပျက်၍နေခြင်းကား ရုပ္ပတိတိ ရုပ် အရ ပေါက်ပြန်၍နေခြင်းတည်း။ ဝါ၊ရုပ်တရားကို တွေ့ရခြင်း တည်း။ (၆) ဒိတ်ဒိတ်နှင့်တွေ့ရခြင်းကား ဖြစ်ပျက်တဲ့ဥဒယဗ္ဗယသဘောသာ တည်း။ (၇) ဒိတ်ဒိတ်နှင့် တခုစီ တခုစီ နေခြင်းကား ကလာပ် ပျက် သာ တည်း။(၈) ဒိတ်ဒိတ်နှင့်စ၍ဖြစ်ခြင်းကား ဥဒယသာတည်း။(၉)ဒိတ်ဒိတ်နှင့် ပျက်၍ဆုံးခြင်းကား ဝယသဘောဘည်း။ (၁၀) ဒိတ်ဒိတ်နှင့် ကြောင်းကျိုး ဆက်၍ နေခြင်းကား ပဋိစ္စသမုပ္ပါဒ်သာတည်း။ (၁၁) ဒိတ်ဒိတ်နှင့် ချုပ်ချုပ် နေခြင်းကား နိရောဓသဘောသာဘည်း။ (၁၂) ဒိတ်ဒိတ်နှင့် ကုန်ခန်း၍

နေခြင်းကား ခယသဘောသာတည်း။ (၁၃) ဒိတ်ဒိတ်နှင့် နှစ်သက်ဘွယ် မရှိခြင်းကား ဝိရာဂ သဘောသာတည်း။(၁၄) ဒိတ်ဒိတ်နှင့်နေတော့ ငါဘဲ၊ သူဘဲ၊လူဘဲ၊နတ်ဘဲ၊ ပုဂ္ဂိုလ်ဘဲ၊ သတ္တဝါဘဲ ဟူ၍ ထင်မြင်ခြင်း ကင်းမှုကား သဏ္ဍာယဒိဋ္ဌိကွာ၍ နေပုံတည်း။ ဤသို့ပြအပ်သောနည်းအတိုင်းပင် အရိယာ များ ခွဲခြား၍ ပိုင်းခြား၍ သိကြလေသည်။ ပုထုဇဉ်တို့ကား ဒိတ်ဒိတ်ကို သေးတိုးတာဘဲဟု–သိကြလေသည်။ ဤလိုပုထုဇဉ်တို့ကား အသိဉာဏ် တိမ်၍ အရိယာတို့ကား အသိနက်နဲသည်။

## (၂၆၂) အဓိပ္ပါယ်စကား ၃

ဒိတ်ဒိတ်၊ ဒိတ်ဒိတ်နှင့် တွေ့ရသော အရိယာတို့၏ အသိမှာ ဤဒိတ်ဒိတ် တွေဟာ(ကမ္မဋ္ဌာန ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ) ဆိုတဲ့ ပါဠိအရ၊ကမ္မဋ္ဌာန်းမှ လွတ်တာမရှိဘူးတဲ့။ အဲဒါကြောင့် ဤဒိတ်ဒိတ်တွေဟာ ကမ္မဋ္ဌာန်းတရား တွေဘဲ၊ အနိစ္စတွေဘဲ၊ ဒုက္ခတွေဘဲ အနတ္တတွေဘဲ၊ ငါ,သူ,လူဟု–ခေါ်စရာ မရှိတဲ့ သဘောတရားတွေဘဲဟုသိကြ၏။ ။တဖန်လည်း ဒိတ်ဒိတ်ကို တွေ့ တော့ (စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ)ဆိုတဲ့ ပါဠိအရ၊ သစ္စာ ၄-ပါး တရားမှလွတ်တဲ့ တရားဟာ မရှိဘူးတဲ့။ အဲဒါကြောင့် အဲဒီဒိတ်ဒိတ်တွေဟာ သစ္စာတရားတွေဘဲဟု သိကြ၏။ ။ထို့ပြင်လည်း ဒိတ်ဒိတ်ကို တွေ့တော့ (လက္ခဏတ္တယ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ) ဆိုတဲ့ ပါဠိအရ၊လက္ခဏာရေး ၃-ပါးမှ လွတ်သော တရားဟာ မရှိဘူးတဲ့။ဒါကြောင့် ဤဒိတ်ဒိတ်တွေဟာ လက္ခဏာရေး ၃-ပါး တရားချည်းဘဲဟု–သိထားကြ၏။ ဤမျှမကသေးဘဲ သိရှိကြပုံကား (၁) ခန္ဓာကိုယ် တခုလုံးဟာ ဓာတ်တုံး ဓာတ်ခဲ ဓာတ် တိုက်ကြီးတွေပါဘဲ ဟူ၍ရင်း။ (၂) ခန္ဓာကိုယ်တခုလုံးဟာ ကလာပ်တုံး၊ ကလာပ်ခဲ၊ကလာပ်တိုက်ကြီးတွေဘဲဟူ၍ရင်း။ (၃) ခန္ဓာကိုယ်တခုလုံးဟာ ပဋ္ဌာန်းတုံး၊ ပဋ္ဌာန်းခဲ၊ ပဋ္ဌာန်းတိုက်ကြီးတွေဘဲ ဟူ၍ရင်း။ (၄) ခန္ဓာကိုယ် တခုလုံးဟာ ပဋိစ္စသမုပ္ပါဒ် အတုံး၊ အခဲ၊အစု ချည်းဘဲ ဟူ၍ရင်း။ (၅) ခန္ဓာ ကိုယ်တခုလုံးဟာ ရုပ်နာမ်၊ အတုံး၊ အခဲ၊ အစုချည်းဘဲ ဟူ၍ရင်း သိရှိ၍ ထားကြကုန်၏။ ငါ,သူ,လူ,နတ်ဟု မထင်ကြကုန်။

## (၂၆၃) အဓိပ္ပါယ်စကား ၄

သောတာပန်စသော အရိယာတို့သည်၊ဤသို့ အသိ၊အမြင်၊ပြုကြကုန်၏။ ၃၁-ဘုံလို့ ခေါ်ဆို အပ်သော သံသရာ မီး ပုံကြီး အ တွင်း ၌ ဖြစ်တတ်

ပျက်ဘတ်သော ဖြစ်ပျက်သာလျှင် သစ္စာ အနေနှင့် အမှန် ရှိပါတကား။ ဖြစ်ပျက် လက္ခဏာမှတပါး ဘာမျှမရှိပါတကား။ ဤသို့ သောတာပန်တို့ အသိမှာ သမုဟ၊ ဃန၊ သဉ္ဇာန၊ သန္တတိ၊ နာမ စသော ပညတ်တရားမှ စင်ကြယ်၍ (အရိယာ၊ စင်ကြယ်သော။ ဝါ-ဖြူစင်သော) ဝါ၊ အပါယ်မှ လွန်မြောက်သော—ဟူသော အနက် အတိုင်း အရိယာ့ဥကြီးကို ရရှိကြ ကုန်သည်။ ၎င်းဖြစ်ပျက်လက္ခဏာကို အဖန်တလဲလဲသိ။ သိသိ—တလစပ် သိလျက် နေခြင်းကြောင့် **သိ-ပယ် ဆိုက် ပွါး၊ လေးပါးကိစ္စ၊ အပိုင်ရ၊ မုချပရမတ်** ဟူသော လက်ာအရ၊ဖြစ်ပျက်ကိုသိသဖြင့် (မဖြစ်မပျက်)တရား ကိုလည်း အာရုံပြုနိုင်၏၊သိနိုင်၏၊မြင်နိုင်၏။အတိုချုပ်မှာ ဖြစ်ပျက်နှင့် မဖြစ် ပျက်ကား သစ္စာ ၄-ပါး၊သစ္စာ ၂-ပါးပင်တည်း။၎င်းတရားတို့ကို သိသော အခါ ပရမဏ္ဏကုသိုလ်ဖြစ်နေလို့ ၃၀-ပါးတွဲ၍ ပါလာတော့၏။အလောဘ၊ အဒေါသ၊ အမောဟ၊ ၎င်း ၃-ပါးတွဲ၍ ပါရှိနေသဖြင့် တိဟိတ် ဖြစ်ပြန် တော့၏။ဖြစ်ပျက်တရားနှင့် မဖြစ်မပျက်တရားသာ ကေန်ရှိတယ်ဟု—အမှန် အတိုင်းသိ၏။ ယုံမှား သံသယမရှိ၊ ဝိစိကိစ္ဆာကင်း၏။အဝိဇ္ဇာကွာလို့ ဝိဇ္ဇာ သာဖြစ်၏။ ငါငါ၊ သူသူ၊ လူလူ၊နတ်နတ် စသော ပုဂ္ဂလ၊ သတ္တ ဒိဋ္ဌိလည်း ကွာ၏။အတုံး၊အဘစ်၊အပိုင်၊အခဲ၊ဝ၀-တုတ်တုတ် စသော သဏ္ဍာနပညတ်၊ ဃနပညတ်များကိုလည်း ပရမတ်နှင့် မရောဘဲ ပိုင်းခြား၍သိ၏။

## (၂၆၄) အရိယစက္ခု ၅

(၁) ဒိတ်ဒိတ်က ရုပ်တရား သိတာက နာမ်တရားဘဲ ဟူ၍—ရုပ်နာမ် ကိုလဲသိ၏။ (၂) ဒိတ်ဒိတ်က ရူပက္ခန္ဓာဘဲ။ (၃) ဒိတ်ဒိတ်ပေါ်လို့ ခံသာဘာ မခံသာတာ အလတ်စား၊ဤ ၃-ပါးသောဝေဒနာဘရားက ဝေဒနာက္ခန္ဓာဘဲ။ (၄) နေရာဌာနနှင့်တကွ ဒိတ်ဒိတ်ကိုပါ မှတ်မိတာက သညာက္ခန္ဓာဘဲ။ (၅)စေတနာ၊သဒ္ဓါ၊ဝီရိယ ၃-ပါးတို့တိုးဘက်၍လာဘာက သင်္ခါရက္ခန္ဓာဘဲ။ (၆) ဝိတ်ဆုံးက ရှိ၍ သိသိနေဘာက ဝိညာဏက္ခန္ဓာဘဲ။ (၇) ဒိတ်ဒိတ်က ရူပါယတနဘဲ။ (၈) သိတာက မနာယတနဘဲ။ (၉) ဒိတ်ဒိတ်က ရူပ ဓာတ်ပါဘဲ။ (၁၀) သိသိနေတာက မနဓာတ်ပါဘဲ။ (၁၁) ဒိတ်ဒိတ်က ဒုက္ခ သစ္စာတည်း။ (၁၂) သိတာက မဂ္ဂသစ္စာတည်း။ (၁၃) ဒိတ်ဒိတ်တခုထဲ၌ပင် စဖြစ်ထာက ဥဒယအဖြစ်တည်း။ (၁၄) ပျက်၍သွားတာက ဝယ အပျက် တည်း။အရိယာများသည် ဤလို ရုပ်ရော၊နာမ်ရော၊ခန္ဓာရော၊အာယတနရော၊ ဓာတ်ရော၊သစ္စာရော၊ဥဒယရော၊ဝယရော၊သူ့နေရာနှင့်သူ သိကြပါသည်။

## (၂၆၅) အရိယာစက္ခု ၆

(၁) အဲဒီ အဖြစ်နှင့် အပျက်ကိုပင် လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော ဆိုတဲ့ ဝိဂ္ဂဟ်အရ၊ လောကကိုလဲ တွေ့ရပြီ။ ။အနက်ကား၊ လုဇ္ဇတိ၊ ဖြစ်တတ်၏။ပလုဇ္ဇတိ၊ပျက်တတ်၏။ဣတိတသ္မာ၊ ထိုသို့ဖြစ်တတ် ပျက်တတ်သော သဘောကြောင့်။ လောကော၊ လောကမည်၏။ (၂) ဒိတ်ဒိတ်တချဉ်ရုပ်လဲဖြစ်၏။ ဖြစ်ပျက်လဲပါရှိလို့ ရုပ်လောကကို တွေ့ရ၏။ (၃) ဒိတ်ဒိတ်ကို သိခြင်းတရား၌ နာမ်လဲဟုတ်၏။ ဖြစ်ပျက်လဲပါရှိ၍ နာမ်လောကကို တွေ့ရ၏။ (၄) ဒိတ်ဒိတ်ပေါ်ရာ၌ ဒိတ်ဒိတ်ကရုပ် သိတာကနာမ် ဖြစ်ပျက်က လောကမို့ ရုပ်နာမ်လောကကို သိရပြန်၏။ (၅) ဒိတ်ဒိတ်ပေါ်လို့ သိရာ၌ ဒိတ်ကရူပက္ခန္ဓာ၊ သိကနာမက္ခန္ဓာ၊ ဖြစ်ပျက်က လောကမို့ ခန္ဓာလောကကို သိရပြန်၏။ (၆) ဒိတ်ပေါ်လို့ သိရာ၌ ဒိတ်က ရူပါယတန၊သိက မနာယတန၊ ဖြစ်ပျက်က လောကမို့ အာယတနလောကကို သိရပြန်၏။ (၇) ဒိတ်ပေါ်လို့ သိရာ၌ ဒိတ်က ရူပဓာတ်၊ သိက မနဓာတ်၊ ဖြစ်ပျက်က လောကမို့ ဓာတ်လောကကိုသိရပြန်၏။ (၈) ဒိတ်ပေါ်လို့သိရာ၌ ဒိတ်က ဒုက္ခသစ္စာ၊ သိက မဂ္ဂသစ္စာ၊ ဖြစ်ပျက်က လောကမို့ သစ္စာလောကကိုသိရပြန်၏။ (၉) ဒိတ်ဒိတ် ဒိတ်ဒိတ်နှင့် အစဉ်မပြတ် ဆက်စပ်၍တွေ့ရ ကြုံရ သိ၍နေရတာက သံသရာကိုလဲတွေ့ရပြန်၏။ ဤကား အရိယာတို့သိပုံ တွေ့ပုံမျိုးသာတည်း။

## (၂၆၆) အရိယာစက္ခု ၇

ဥပမာ ရွှရွှနှင့် ဓာတ်ပေါ်တော့ ရွှရှက ရုပ်၊ ဝမ်းမြောက်တာက ဝေဒနာ၊ ၎င်း ၂-ပါးကို မှတ်မိတာက သညာ၊ အားတက်တာက သင်္ခါရ၊ ဗိတ်ဆုံးရှိ၍သိတာက ဝိညာဏ၊ ဤလိုဓာတ်တခုထဲပေါ်ရုံနှင့် ခန္ဓာငါးပါးအစုံအလင် တွေ့ရပါသည်။ ဥပမာတခုလဲ မကောင်းတဲ့ အာရုံ ပေါ်လာပါရောတဲ့၊ ပေါ်လာတော့ စိတ်က ကြွားတယ်၊ သိတယ်။ စေတသိက်က ဒေါသ ထွက်တယ်။ ထိုဒေါသကြောင့် ထ၍ဆဲတယ်။ အကုသိုလ်ဖြစ်ပါရောတဲ့။ ၎င်းကို ဓာတ်ခွဲ၍ကြည့်တော့၊ မကောင်းတဲ့ အာရုံပေါ်တာက ရုပ်တရား၊ ကြွားတာသိတာက စိတ်နာမ်တရား၊ ဒေါသထွက်တာက စေတသိက်နာမ်။ ဆဲဒါက အကုသိုလ်စေဘနာကံတရား။ အချုပ်မှာတော့ (ရုပ်–စိတ်–စေတသိက်–ကံ) လေးမျိုးကိုသာ တွေ့ရ၏။ ပုဂ္ဂိုလ်, သတ္တဝါ, ငါသူတပါး ဆိုတဲ့ ပညတ်နှင့် ဒိဋ္ဌိတရား ကွာသွားခဲ့လေပြီ။ အရိယာများ ဤပုံသိကြပါသည်။

## (၂၆၇) အနိယစက္ကူ ၈

ဥပမာတခုနဲ့ ပြဦးမယ်။ ခေါင်းဌာနဲ့ပုတာက ရုပ်ပရမတ်ဘဲ။ ရင်က သိနေတာက နာမ်ပရမတ်ဘဲ။ ပရမတ်ချင်းမရောတာက ပရမတ္ထအာကာသဘဲ။ (၃-ဉာဏ်ရပါပြီ။) ရုပ်ကပူတဲ့သဘောဘဲ။ နာမ်ကသိတဲ့သဘောဘဲ သဘောချင်းမရောတာက သဘာဝအာကာသဘဲ။(၃-ဉာဏ်ရပါပြီ)ပူရုပ်က ခေါင်းဌာနဘဲ။သိနာမ်က ရင်ဌာန၊ဌာနချင်းမရောတာက ဌာနအာကာသဘဲ။ (၃-ဉာဏ်ရပြီ) စုစုပေါင်း ၉-ဉာဏ်မို့ ပလ္လင်တော်ကိုးခန်း တန်းတန်းကြီး ရရှိနေပါပြီ။ ပေါ်တာက ရုပ်၊ ဝမ်းမြောက်ထာက ဝေဒနာ၊ ၎င်း ၂-ပါး မှတ်မိတာက သညာ၊ စေတနာတိုးလာတာက သင်္ခါရ၊ ဖြပြီးငါးပါးကို သိတာက ဝိညာဉ်မို့ ပေါ်တော့ ခန္ဓာငါးပါး၊ မင်းမြောက်တန်းဆာ ငါးပါး ကိုလဲရ၍နေပါပြီ။ တောက ရုပ်တရား၊ သိတာက နာမ်တရား၊ ရုပ်နာမ်ဆိုတဲ့ သဘော လှေနာဝါ ဖေါင်စကြာကိုလဲ ရ၍နေပါပြီ။ ခေမာသို့ ကူး၍ နေပါပြီ။

### ဆောင်ပုဒ်အချိုးကလေးတပုဒ်

ပလ္လင်တော် ကိုးခန်းနှင့်၊ ဆင်မြန်းသို့ မြတ်တန်းဆာ၊ ဗုဒ္ဓ
သာသနာ။ ။အစွာစွာ သာယာလို့ မြေတင်း။ ။ထုတ်ကျင့်ကာ
ကြံ၊ ရုပ်နှင့် နာမ် နာဝါနှင့် အမတာခေမာဦးကို ကူးစို့လက်ငင်း။

## (၂၆၈) အနိယစက္ကူ ၉

(၁) ဖြေပြီးပျက်သွားတာက ရုပ်အနိစ္စဘဲ။ (၂) သိပြီးပျက်သွားတာက နာမ်အနိစ္စဘဲ။ (၃) ဖြေပြီးသေပျက်တာက ရုပ်မရဏဒုက္ခဘဲ။ (၄) သိပြီး သေပျက်တာက နာမ်မရဏဒုက္ခဘဲ။ (၅) ဖြေပြီး တားဆီးမရတာက ရုပ် အနတ္တဘဲ။ (၆) သိပြီးတားဆီးမရတာက နာမ်အနတ္တဘဲ။ (၇) ဖောက် အစက ဥဒယဉာဏ်ဘဲ၊ ဥဒ္ဓေဒနိမ္မိတ်ကြီးသေရ၏။ (၈) ဖောက်အဆုံးက ဝယဉာဏ်၊ သဿတနိမ္မိတ်ကြီးသေရ၏။ (၉) ဖောက်ကိုသိတာက ဂေါဓော ဉာဏ်။ ငါငါ၊ သူသူ၊ လူလူ၊ နတ်နတ် စသော ပညတ်မပါဘဲ အမှား ကင်း ကွာသို့ သက္ကာယဒိဋ္ဌိပြုတ်ရ၏။

စသော တေဇောခတ်က ၄-ပါးအားဖြင့် ၄၂-ကောဋ္ဌာသကိုသာ တွေ့ရပါသည်။ (၆)တဖန်ထပ်၍ ရှာပြန်ရာ၊ စိတ်တရားတွေက တစု၊ စေတသိက်တရားတွေက တစု၊ရုပ်တရားတွေက တစု၊စုပုံနေတာကိုသာတွေ့ရပါသည်။ (၇) တဖန်ထပ်၍ရှာပြန်ရာ၊ ပထဝီတွေ့ပုံကတဆယ့် ၃-မျိုး။အာပေါတွေ့ပုံက ၂-မျိုး၊ ဝါယောတွေ့ပုံက ဆယ့်တမျိုး၊ တေဇောတွေ့ပုံက ၆-မျိုး၊ အာကာသ၊ ဝိညာဏနှင့်တကွ ခတ် ၆-ပါးသာတွေ့ရသည်။ ဆဲဒါကြောင့် ဘုရား သခင်ကြီးက။ (ဆခတုယော အယံပုရိသော)။ ။ဟူ၍ ဥပရိပဏ္ဏာသပါဠိတော် ခတုဝိဘင်္ဂသုတ်တော်၌ ဟောခဲ့ဒါပေါ့။ ။ဆခတုယောအရ။ ခတ် ၆-ပါးက ပရမတ်တရား။ အယံပုရိသောက ယောကျ်ားအခေါ် ပညတ်တရား။ ယင်း ၂-ပါးကို မရောစေဘဲ သဘောတခုစီ ခြားနား၍သိလျှင် ဒိဋ္ဌိကွာသွားပါပြီတဲ့။ အပါယ်တံခါးပိတ် ဘုံစဉ်စံဘဝ ရကြပါပြီတဲ့။

**ပညတ် ပရမတ်၊ မရောစပ်၊ ဆတ်ဆတ်ဒိဋ္ဌိကွာ။**
**မရှိတာသိ၊ ရှိတာသိ၊ ဒိဋ္ဌိပျောက်ကြောင်းသာ။**
**၁၃၁၄-ခုနှစ်၊ ဝါဆိုလဆုတ် ၉-ရက်နေ့ နေ့လယ်၌ ပြီးစီးပါ၏။**

---

## (၂၇၁) ကိုယ်တွေ့ရှာပုံ ခန္ဓာကဖွါး နာမ်တရား ၁၂

ဝိပဿနာတရားကို အားထုတ်၍ ခတ်ပေါ်၊ ကလာပ်ပေါ်၊ ဖြစ်ပျက်ပေါ် စသည်တို့ကိုတွေ့၍၊ စိတ်ပြောင်း၍နေသော ကုလားလူမျိုး မောင်ဟာမက်က လျှောက်ထားသည်ကား တပည့်တော်ဟာ ရုပ်အပေါ်လောက်တော့ စိတ်ထဲကကြေနပ်၍ နေပါပြီဘုရား။ နာမ်ပေါ်ပုံကို ဘယ်လို သိရပါမည်နည်း။ ခန္ဓာထဲကပေါ်၍နေတဲ့ နာမ်ကို ဘမ်းပုံ ရှုပုံနှင့်တကွ အမိန့်ရှိစေလိုပါသည် ဘုရား။

ဆဲဒီတော့ ဆရာက ဟာမက်ရေ (တရားရှာကိုယ်မှာတွေ့) တဲ့၊ ယခု ပြောပြရမှာက ဟာမက်၏ခန္ဓာကိုယ်ထဲက ဖြစ်ပေါ်နေတဲ့ နာမ်တရားကိုဘဲ၊ ထုတ်၍ထုတ်၍ ပြရမှာကွဲ။ အမေးနဲ့ အဖြေနဲ့ပြောပြမယ်။ ကဲကဲမေးပါပြီ။ ဟိုက လေတိုက်တော့ ဟာမက်၏ ကိုယ်မှာ ဘာများလာ၍ ထိပါသလဲ။ အသားကို လေက လာ၍ ထိပါသည်။ လာထိတာက (ဖဿနာမ်ပေါ်) ကြသောင်းဝါးအခြောက်ကို လက်သဲနှင့် ခြစ်တော့ ဂျရစ်ဂျရစ်နှင့် အသံ ဖြစ်၍လာဘယ်။ နားကလဲကြားတယ်၊ သွားမှာလဲ ဘယ်လိုဖြစ်၍နေသလဲ

( ကျင်ကျင်နေပါတယ် ) အသံလာပြီးထိတာက ( ဖဿဆိုတဲ့နာမ်ပါဘဲ ) ကျင်ကျင်နေတာက (ဝေဒနာဆိုတဲ့နာမ်ပါဘဲ) နာမ် ၂-မျိုးကို ခန္ဓာထဲက တွေ့ရပြီ။ ဟာမက်သည် ပြုံးရွှင်လျက် အားတက်သလိုဖြစ်၍နေ၏။ စာရွက်ထဲမှာ ဟောတာလို ရေး၍ထားပါ။ ဖဿကတွေ့ထိနာမ်၊ ကျင်ကျင်က ဝေဒနာနာမ်၊ စာကိုဖတ်ပြီးတော့လဲ ခန္ဓာမှာတွေ့အောင်ရှာပါ၊ ဟာမက်ရေ။ လူတယောက် ရောက်လာလို့ မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ အသံကို ကြားရတော့ အသံကိုမှတ်မိပြီး ဒါဟာဘယ်သူဘဲ၊ ဘယ်သူ့ရဲ့သားဘဲ၊ ဘယ်သူ့ရဲ့သမီးဘဲဟု မမှတ်မိဘူးလားကွယ်။ မှတ်မိပါတယ်ဘုရား။ အဲဒီ မှတ်မိတဲ့ သဘောဟာ ( သညာနာမ်ပါဘဲ ) အဲဒီမှတ်မိတဲ့ သဘောဟာ ဘယ်ကပေါ်လာသလဲ။ တပည့်တော်၏ ခန္ဓာကိုယ်ထဲကဖြစ်ပေါ်၍လာပါတယ်ဘုရား—အဲဒါ ကိုယ်တွေ့နာမ်ပေါ့ကွဲ့။ ရန်သူမြင်တော့ စိတ်ထဲက ဘယ်လိုများဖြစ်ပေါ်၍လာပါသလဲ။ ထပြီးရိုက်ချင်တဲ့သဘောဟာ ဖြစ်ပေါ်၍ လာပါတယ်ဘုရား-အဲဒီ ထပြီးရိုက်ချင်အောင်နှိုးဆော်တဲ့သဘောတရားဟာ ( စေတနာဆိုတဲ့နာမ်ပါဘဲ ) တရားထိုင်တော့ စိတ်ဟာ ပေါ်တဲ့ ရုပ်ကိုဘဲ တသိထဲ သိသိနေတယ်။ စိတ်ဟာ ဟိုပြေး သည်ပြေး၊ ပြေးပါသေးရဲ့လား။ (မပြေးဘဲအာရုံပေါ် ၌ တည်ငြိမ်၍နေပါတယ်) အဲဒီ တည်ငြိမ်၍ နေတာဟာ (ဧကဂ္ဂတာနာမ်ပါဘဲ) သမာဓိဆိုတဲ့ နာမ်ပါဘဲ။ ဟာမက်ဟာ တရံတခါ ဟိုကြံစည် ဒီကြံစည်နှင့် မနေဘူးလား၊ နေပါတယ်ဘုရား။ ကြံစည်တာဟာ ဝိတက်ဆိုတဲ့နာမ်ပါဘဲ၊ ကြံစည်တာကိုပင် ထပ်ထပ်ပြီး ကောင်းသည်ထက် ကောင်းအောင် ဖုံးစမ်းရှာဖွေ၍မနေခဲ့ဘူးလား။ နေပါတယ်ဘုရား။ ဒီအကြံ ပေါ်မှာ ထပ်ပြီး စဉ်းစားတာ၊ ဝေဘန်တာဟာ ဝိစာရဆိုတဲ့ နာမ်ပါဘဲ။ သူများထက်ပိုရိုပြီး အလုပ်လုပ်တဲ့သူကို ဘာကောင်းတယ်လို့ခေါ်ပါသလဲ။ ဝီရိယကောင်းတယ်လို့ ခေါ်ပါတယ်။ အဲဒီ ဝီရိယဟာ နာမ်ပါဘဲ။ အမှုကိစ္စ ပြီးစီးအောင် လုပ်နိုင်တဲ့နာမ်ပါဘဲကွဲ့။ ဝီရိယနာမ်လို့ခေါ်ပါတယ်။ သား သမီးများနှင့် တွေ့ရတော့မည်ဟု အသံကြားရလျှင် စိတ်၌ ဘယ်လိုဖြစ်ပေါ် လာပါသလဲ။ နှစ်သက်၍လာပါတယ်။ အဲဒီ နှစ်သက်တာဟာ ပီတိဆိုတဲ့ နာမ်ပါဘဲ။ သူများစာတတ်လျှင် မတတ်ချင်ဘူးလား။ စာတတ်ချင်ပါတယ်။ အဲဒီစာတတ်ချင်တာဟာ ဆန္ဒဆိုတဲ့နာမ်ပါဘဲ။ ခက်ခဲတဲ့ပုစ္ဆာကိုမေးတော့ ဖြေနိုင်ရဲ့လား၊ မဖြေနိုင်ပါ။ အဲဒီ မဖြေနိုင်တာဟာ မောဟဆိုတဲ့နာမ်ပါဘဲ။ အဝိဇ္ဇာနာမ်လို့လဲ ခေါ်ပါတယ်။ တရားကို အားထုတ်စက စိတ်များဟာ ငြိမ်သက်၍ နေပါရဲ့လား-မငြိမ်ပါ၊ ပျံ့လွင့်၍သာ နေပါတယ်။ အဲဒီ ပျံ့လွင့်

တာဟာ ဥဒ္ဓစ္စဆိုတဲ့နာမ်ပါဘဲ။ ရွှေငွေတွေကိုမြင်တော့ စိတ်ဟာ ဘယ်လို ဖြစ်၍လာပါသလဲ။ လိုချင်တဲ့သဘော ဖြစ်၍လာပါတယ်။ အဲဒီ လိုချင်တဲ့ သဘောဟာ လောဘနာမ်ပါဘဲ။ မကိုးကွယ်သင့်တာကို ကိုးကွယ်တာ ဘာ့ကြောင့်လဲ။ မှားပြီးယုံကြည်မိလို့ပါ။ အဲဒီမှားပြီး ယုံကြည်တာဟာ ဒိဋ္ဌိဆိုတဲ့နာမ်ပါဘဲ။ ကိုယ်နှင့်အတူ ပုဂ္ဂိုလ်တဦး ရဟန်းခံ၍သွားတော့ ရှိခိုး ရမှာစိုးလို့ ရှောင်တာဟာ ဘာသဘောလဲ၊ မာနကြီးတဲ့သဘောပါ။ အဲဒီမာန ဟာလဲ နာမ်ပါဘဲ။ မိမိအပြစ်ကိုသူကပြောတော့ စိတ်ဘယ်လိုဖြစ်သွားသလဲ၊ ဒေါသ ကြီးလာပါတယ်။ အဲဒီ ဒေါသဟာ နာမ်ပါဘဲ။ မိမိ၏ရန်သူကို သူတပါးကချီးမွမ်းတော့၊ စိတ်ဟာ ဘယ်လိုဖြစ်သွားသလဲ၊ မနာလိုခြင်းဖြစ်၍ လာပါတယ်။ အဲဒီ မနာလိုတာဟာ ဣဿာဆိုတဲ့နာမ်ပါဘဲ။ မိမိ၏ပစ္စည်း ပျောက်သွားတော့ စိတ်မှာ ဘယ်လိုဖြစ်လာသလဲ၊ နှမြော၍ နေပါတယ်။ အဲဒီနှမြောတာဟာ မစ္ဆရိယဆိုတဲ့နာမ်ပါဘဲ။ တစုံတခုကိုမှားယွင်းပြုမိတော့ စိတ်မှာ ဘယ်လိုဖြစ်သွားပါသလဲ၊ မှားမိလေခြင်းဟု ပူပန်ပါတယ်။ နောင်တ ရပါတယ်။ အဲဒီ ပူပန်တာ နောင်တရတာဟာ ကုက္ကုစ္စဆိုတဲ့ နာမ်ပါဘဲ။ အိပ်ချိန်ကျတော့ ဘယ်လိုဖြစ်လာပါသလဲ။ ငိုက်မျဉ်း၍ လာပါတယ်။ အဲဒီ ငိုက်မျဉ်းတာဟာထိန၊မိဒ္ဓဆိုတဲ့နာမ် ၂-ပါးပါဘဲ။ တရံတခါ အလုပ်ကိစ္စနှင့် စပ်လျဉ်း၍ ဒီငွေတထောင်ဖြင့် ဟိုဒင်းဝယ်ရကောင်းမလား၊ ဒီဒင်းဝယ်ရ ကောင်းမလား၊ စိတ်များဖြစ်၍ မနေပေဘူးလား၊ ဖြစ်ပါတယ်။ အဲဒီလို ဟိုလိုလို ဒီလိုလိုဖြစ်တဲ့သဘောဟာ ဝိစိကိစ္ဆာနာမ်ပါဘဲ။ ဒါနပြုရင်နောင်ဘဝ ဌေးမယ်၊ သီလစောင့်လျှင် နောင်ဘဝလှမယ်လို့ ယုံကြည်ပါရဲ့လား။ ယုံကြည်ပါတယ်။ အဲဒီယုံကြည်တာဟာ သဒ္ဓါဆိုတဲ့ နာမ်ပါဘဲ။ တရား အားထုတ်တော့ ငယ်ထိပ်မှာ စိတ်ထားပြီး ဘာများလုပ်ရသလဲ။ သတိ ထား၍နေရပါတယ်။ အဲဒီသတိထားတာဟာ သတိဆိုတဲ့ နာမ်ပါဘဲ။ စားချိန် သောက်ချိန် ရောက်တော့ ခလေးတွေဟာ မစားရလို့ မလန်းဘူး။ ဒါကို မြင်တော့ ဘာဖြစ်သလဲ။ ကျွေးချင်တဲ့ စိတ်များ ဖြစ်ပေါ်လာပါတယ်။ အဲဒီ ကျွေးချင်တဲ့ သဘောဟာ အလောဘဆိုတဲ့ နာမ်ပါဘဲ။ မိမိမိတ်ဆွေဟာ နိမ့်ကျနေလျှင် မိမိကဲ့သို့ပင် ပြည့်စုံအောင် ကူညီ ချင်တယ်၊ ကိုယ်နှုတ် စိတ်ဖြင့် မ,စချင်တယ်။ ဒီလိုစိတ်ထားမျိုး တခါတရံ မဖြစ်ပေါ်ဘူးဘူးလား။ ဖြစ်ပေါ်ဘူးပါတယ်။ အဲဒီ ကူချင် မ,စချင်တဲ့ သဘောဟာ အဒေါသဆိုတဲ့ နာမ်ပါဘဲ၊ မေတ္တာပါဘဲ။ တခါတရံ မုသာဝါဒ-ပိသုဏာဝါစာ-ဖရုသဝါစာ သမ္ဖပ္ပလာပမှ ရှောင်ကြဉ်၍ မှန်ကန်တဲ့စကား၊ သာယာနာပျော်ဘွယ်ရှိတဲ့

စကားကို မဆိုမိဘူးလား။ ဆိုမိပါတယ်။ အဲဒီ မှန်ကန်တဲ့စကား၊ သာယာနာပျော်ဘွယ်ရှိတဲ့ စကားကိုပြောရခြင်းဟာ သမ္မာဝါစာဆိုတဲ့ နာမ်ပါဘဲ။ တခါတရံ ပါဏာတိပါတ-အဒိန္နာဒါန ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်၍ ဒါနသီလများ မလုပ်မိဘူးလား။ လုပ်မိပါတယ်။ အဲဒီ ကောင်း သော အလုပ်ကို လုပ်နိုင်တဲ့ သဘောဟာ သမ္မာကမ္မန္တ ဆိုတဲ့ နာမ်ပါဘဲ။ အပြစ်ကင်းကင်းနှင့် အသက်မမွေးချင်ဘူးလား။ မွေးချင်ပါတယ်။ အဲဒီ အပြစ်ကင်းကင်းနှင့် အသက်မွေးချင်တဲ့ သဘောဟာ သမ္မာအာဇီဝဆိုတဲ့ နာမ်ပါဘဲ။လူတဦးဒုက္ခရောက်ထာတွေ့တော့ သနားတဲ့သဘောဖြစ်တတ်တယ်။ အဲဒီ သနားခြင်းဟာ ကရုဏာဆိုတဲ့ နာမ်ပါဘဲ။ မိမိ၏လူတဦး ထိပေါက်တော့ ဝမ်းမြောက်တယ်။အဲဒီဝမ်းမြောက်ခြင်းဟာ မုဒိတာဆိုတဲ့နာမ်ပါဘဲ။ အရာရာ၌နှိုင်းချိန်နိုင်တဲ့ ဉာဏ်ရှိလာတယ်။ အဲဒီ ဉာဏ်ဟာ ပညိန္ဒြေဆိုတဲ့ နာမ်ပါဘဲ။ယခုပြောပြတာတွေဟာ (စေတသိက်ဆိုတဲ့) နာမ်ချည်းဘဲကွဲ့။

စိတ် နာမ် တရားကတော့ မျက်စိမှာ မြင်စိတ်၊ နားမှာ ကြားစိတ်၊ နှာခေါင်းမှာ နံစိတ်၊လျှာမှာ ချိုချဉ်ငန်ခါး၊ ရသာ ၆-ပါးသိတဲ့စိတ်၊ ကိုယ်မှာ ပူအေးသိတဲ့စိတ်၊ ဟဒယနှလုံးမှာတော့ ကြံစည်တဲ့စိတ် ဟူ၍ စိတ်နာမ်ဟာ ၆-ပါးရှိပါတယ်။ စေတသိက်နာမ်တွေဟာ စိတ်နာမ်နှင့် တွဲ၍တွဲ၍ ဖြစ်ရပါတယ်။ ။ဥပမာ၊ ရောင်ခြည်တထောင်သည် နေမှာ မှီတွယ်၍ ဖြစ်ရသကဲ့သို့ စေတသိက်နာမ်များသည် စိတ်နာမ်နှင့် တွဲ၍တွဲ၍သာ ဖြစ်ကြရပါတယ်။

## (၂၇၂) ကမ္မဋ္ဌာန်းထိုင်ရာ၌ ၃၇-ပါး ဗောဓိပက္ခိယ ပေါ်ပုံ ၁၃

(၁) သတိ ထား တာက ကုသိုလ်၊ သတိ လွတ် ၍ ဥဒ္ဓစ္စ ဖြစ်တာက အကုသိုလ်၊ ဤ ၂-မျိုးစလုံးကိုပင် ခန္ဓာကိုယ်ထဲသို့ သူဝင် ငါထွက် ဖြစ်ရချက်ကို သက်သက် သဘာဝအတိုင်း တွေ့ရ သိရသဖြင့် ကမ္မဿကတ ဝိဇ္ဇာရိရ်ဘသို့ရောက်၏။ (၂) ကုသိုလ်နှင့် အကုသိုလ်စစ်ပွဲ၊ ပယောဂဝိဇ္ဇာ ဟူရာ၌ ပြခဲ့ပြီးအတိုင်း အကုသိုလ် ဝင်ခိုက်၌ ကုသိုလ်ဖြစ်အောင် အတင်း အဓိဋ္ဌာန်ထား၍ သတိထားလိုက်ရနှင့် ခန္ဓာကိုယ် စစ်တလင်း၌ အကုသိုလ်နှင့် ကုသိုလ် အပြင်းချီ၍ စစ်ခင်းနေပေရာ၊ အကုသိုလ်ဘက်၌ ပျံ့လွင့်ရုံနှင့် အကုသိုလ် ဖြစ်၏။ ကုသိုလ်ဘက်၌မူကား အတင်း အားထုတ်ပါမှကုသိုလ်ဖြစ်ရပုံကို ကိုယ်တွေ့သိရ၏။ သိသဖြင့် အလေ့ဝါသနာ အထုံပါအောင် အမျိုးမျိုးနှင့် ကူညီပေးမှ ကုသိုလ် တွေ တိုးပွါးမည်

တကားဟု–အကူအညီ ပေးမှ ဆိုတဲ့ ပယောဂဝိဇ္ဇာမိရ် အသိဉာဏ်ပိုရှိ၍ လာတတ်သည်။ ပယောဂဝိဇ္ဇာမိရ်ဘဝသို့ ရောက်ပြန်၏။ (၃) ပုထုဇ္ဇနော ဥမ္မတ္တကောကို သဘောမိ၊ သဘာဝဝိဇ္ဇာ ဆိုရာ၌ အရူးတယောက်သည် မိမိစိတ်ကို မထိန်းနိုင်၊မသိမ်းနိုင်၍ ပြောလိုရာပြော ပြုချင်ရာပြု၍နေတတ်၏။ ထို့ကြောင့်ပင် အရူးဟု ခေါ်ရ၏။ ငါတို့ ပုထုဇဉ်ပုဂ္ဂိုလ်ကား၊ ထိုအရူး ထက်ပင် စိတ်ကို မထိန်းနိုင်ဘဲ ပြုချင်ရာပြု ပြောချင်ရာပြောလျက် နေကြ၏။ ။ဥပမာ၊ စိတ်ကိုထိန်းလျက် ကမ္မဋ္ဌာန်းရှုကြရာ စိတ်ကို ဘမ်းလေ ပြေးလေ။ ဘမ်းလေ ပြေးလေ။ အရူးထက်ပင် စိတ်မနိုင်ဘဲ ရှိတော့၏။ ဒါ့ကြောင့်ပင် ဘုရားသခင်က ငါတို့က (ပုထုဇ္ဇနော ဥမ္မတ္တကော) ဟု– ဟောခဲ့ပေတာပေါ့။ ဘုရားဟောနှင့် ကိုယ်ဖြစ်ပုံ ကိုက်နေပုံ သိရသဖြင့် ရယ်မိတော့၏။ ပြုံးမိတော့၏။ အဲဒါ သဘာဝ ဝိဇ္ဇာမိရ်ဘဲ။ ဘုရားဟော သဘာဝကိုယ်တွေ့ သဘာဝ ကိုက်ညီလှပေ၏။ (၄) ကမ္မဋ္ဌာန်းထိုင်ရင်း ပင်လျှင် အလင်းအမျိုးမျိုး နိမိတ်အမျိုးမျိုးထင်မြင်ရ၏။အဲဒါတွေပင် ပညတ် တရားဖြစ်၍ ပညတ္တိဝိဇ္ဇာမိရ်ဘဝသို့ရောက်ပြန်၏။ (၅) ရှုရှုမှုမှု စသည်ဖြင့် ပထဝီဓာတ် ၁၃–မျိုး၊ ဝါယောဓာတ် ၁၁–မျိုး၊ တေဇောဓာတ် ၆–မျိုး၊ အာပေါဓာတ် ၂–မျိုးတို့အထဲက တခုခုပေါ်သဖြင့် ပရမတ္ထဝိဇ္ဇာမိရ်ဘဝသို့ ရောက်ပြန်၏။ (၆) တောင့်တင်းလေးလံခြင်းစသော ဓာတ်များတွေ့၍ ပထဝီ ဝိဇ္ဇာမိရ်ဖြစ်ပြန်၏။ (၇) စေးထန်း စေးထန်း စသော ဓာတ်များကို တွေ့၍ အာပေါဓာတ်ဝိဇ္ဇာမိရ် ဖြစ်ပြန်တော့၏။ (၈) ပူပူ ဖေ နွေးနွေး ရှိန်ရှိန်–သော ဓာတ်များတွေ့၍ တေဇောဝိဇ္ဇာမိရ်ဖြစ်ပြန်၏။ (၉) လှုပ်ရှားယိမ်းယိုင်ခြင်း စသော ဓာတ်ကိုတွေ့၍ ဝါယောဝိဇ္ဇာမိရ် ဖြစ်ပြန်၏။ (၁၀) ရှုတခုဖြစ်၍ ပျက်မှ ရှုတခုပေါ်သည်။ ပုဗ္ဗေလည်း ဤနည်း ဤပုံ တွေ့ရသဖြင့် မမြဲသော သဘောကို ကိုယ်တွေ့ အမြဲတမ်း တွေ့ရသောကြောင့် အနိစ္စ ဝိဇ္ဇာမိရ် ဖြစ်ပြန်၏။ (၁၁) ရှုရှု မှုမှုတွေဟာ တခုသေမှ တခုပေါ်နေသဖြင့် သေခြင်း ဒုက္ခကိုတွေ့သဖြင့် ဒုက္ခဝိဇ္ဇာမိရ်ဖြစ်ပြန်တော့၏။ (၁၂) ရှုရှုမှုမှုကိုပင် တားမရ၊ ဆီးမရ၊ အလိုမလိုက်၊ အကြိုက်မပါ၊ သူ့သဘာဝအတိုင်း သူဖြစ်ချင်သလို ဖြစ်နေတာကို မချွတ်တွေ့ရသဖြင့် အနတ္တဝိဇ္ဇာမိရ်ဖြစ်ပြန်တော့၏။ (၁၃) ရှုရှု တွေ့သောအခါ ရှုတိုင်း ရှုတိုင်းဖြစ်တုံ ပျက်တုံကို သိရသဖြင့် သဘောတူ တာကို ခေတ္တနည်းဟု ခေါ်၏။ ရှုတခုသေလျှင် ရှုတခု ပေါ်ခြင်းကြောင့် (သေလျှင် ပြတ်၏။ နောက်ထပ် မဖြစ်တော့ဘူးဟူသော ဥစ္ဆေဒဒိဋ္ဌိကြီး ပြုတ်ကွာရတော့၏) ခေတ္တဝိဇ္ဇာမိရ်ဘဝကိုရတော့၏။ (၁၄) ရှုရှုတွေ့သော

အခါ ဖြစ်ပျက်ချင်းတော့တူပါ၏။ ပထမရွှသည် ဒုတိယရွှကား မဟုတ်၊ ဒုတိယရွှသည်၊တတိယရွှကား မဟုတ်၊တခုစီဘဲဟု သိရပြန်၏။ တခုစီဘဲဟု သိခြင်းက နာနာတ္တနည်း တည်း။ ရွှတခုသေမှ ရွှတခု ဖြစ်ခြင်း ကြောင့် မြဲတယ်ဟု ထင်မှားသော သဿတဒိဋ္ဌိကြီးပြုတ်ပြန်၏။ (၁၅) ရူရူမွမွခေါတ် များဖြစ်ရခြင်းသည်။တန်းခိုးကြီးသော လူ,နတ်,ဗြဟ္မာ,နဂါး,ဂဠုန်,ထာ၀ရ ဘုရားတို့ ဖန်ဆင်းထား၍မဟုတ်၊ စင်စစ်မူကား၊ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရားတို့ကြောင့်သာလျှင် ဖြစ်ရတာဘဲဟု သိ လျှင် အဗျာပါရဝိဇ္ဇာရိရှိ်ဖြစ်၏။ (ဖန်ဆင်းသူကြောင့် ဖြစ်သည်ဟု အယူမှား လျှင် ဗျာပါရဒိဋ္ဌိတည်း။ အဟေတုဒိဋ္ဌိတည်း။) ယခု နေရာမှာ ကံ စိတ် ဥတု ကြောင့် သာ လျှင် ဖြစ်တာ ဘဲ ဟု အမှန် အတိုင်း သိ သော ကြောင့် အဗျာပါရနည်း။ အဟေတုဒိဋ္ဌိ ပြုတ်တော့၏။ (၁၆) ရူရူ မွမွ ခေါတ်များသည်၊ နိယာမတရားအတိုင်း၊ သူ့ပင်ကိုယ် သဘာ၀အတိုင်း ဖြစ်၏ဟု– ဧကန် သိလျှင် ဧ၀ံဓမ္မတာ ဝိဇ္ဇာရိရှိ်ဖြစ်၏။ အကြိယဒိဋ္ဌိပြုတ်၏။ အကြိယာဒိဋ္ဌိ ပြုတ်ရခြင်းမှာ ပြုပြင်၍နေရသည်ကို အမှန်တွေ့ရသောကြောင့် မပြုပြင် ဘဲနှင့် မိုးပေါ်ကျပမာဖြစ်ထာဘဲဟူသော အကြိယဒိဋ္ဌိကြီး ပြုတ်တော့၏။ (၁၇) ရူရူ မွမွ ပူပူ ဧဧ စသောခေါတ်များကို တွေ့သောအခါ၊ ထိုထိုခေါတ် တို့၌ ခေါတ်ပါဘဲ၊ သဘောမျှပါဘဲ–စသည်ဖြင့် အမှန်အတိုင်း မြင်၍ ရူရူ စသည်တို့ကို ငါမထင်၊ လူမထင်၊ နတ်ဗြဟ္မာမထင်၊ မိန်းမယောကျ်ားမထင်၊ အမှုန်အမွှား၊အတုံးအတစ်၊ အပိုင်၊အခဲ–စသောပညတ်မထင်။ပညတ်တို့ကို ပယ်နိုင်သောကြောင့် ပဟာန ဝိဇ္ဇာရိရှိ်ဖြစ်တော့၏။ (၁၈) ကမ္မဋ္ဌာန်း ထိုင်သော လက်ဖျား၌ ရူရူမွမွရုပ်ခေါတ်ပေါ်၏။ ရင်ထဲ၌ ရှိသောစိတ်က သိရ၏။ ရုပ်နှင့်နာမ်ကား ဌာနချင်းလဲကွဲပြား သဘောချင်းလဲ ကွဲပြား သောကြောင့် နာမရူပဝိဇ္ဇာရိရှိ်ဖြစ်တော့၏။ (၁၉) လက်ဖျား ခေါင်းဖျား စသည်တို့၌ ရူရူမွမွ–စသောရုပ်ပေါ်လျှင် ရင်၌ရှိသောစိတ်က သိ၍သိ၍ ပေါ်ရ၏။ ရူရူရုပ်ကြောင့် သိနာမ်ပေါ်ရ၏။ ပူစရာကို တွေးတောလျှင် တနာရီမကဘဲ တရင်လုံး၌ ပူခေါတ်ပေါ်၏။ စိတ်ကြောင့်ရုပ်ဖြစ်ပုံကည်း။ နွေဥတုရောက်လျှင် ပူပူလောင်လောင်နှင့် ချွေးယို၏။ ဥတု ကြောင့် ရုပ်ဖြစ်ပုံတည်း။ အစပ်ကိုစားလျှင် အခင် အထွက်ပူ၏။ အာဟာရကြောင့် ရုပ်ဖြစ်ပုံတည်း။ညဏ်ရှိတိုင်းကိုယ်တွေ့ရှာ၍ ကြည့်ကြပါကုန်။ ရုပ်နာမ်ဟာ အကြောင်းကြောင့် ဖြစ်ပေါ်ရတာကို အမှန်သိ၍ ပစ္စယပရိဂ္ဂဟ ဝိဇ္ဇာရိရ် ဖြစ်တော့၏။ (၂၀) ရူရူမွမွခေါတ်များသည်၊ ဖြစ်ပျက်၊ဖြစ်ပျက်နှင့် မမြဲခြင်း

အနိစ္စ၊ တခုသေမှ တခုပေါ်ခြင်းဆိုတဲ့ သေခြင်းဒုက္ခ၊ အလိုလိုဖြစ်ခြင်း အနတ္တ၊ အတွေ့ ၃–ပါးကို သုံးသပ်နေသဖြင့် သမ္မသန ဉာဏ်ဝိဇ္ဇာရ၏ (၂၁) ရှုတခုလျှင် အဖြစ် ဥဒယ၊ အပျက်ဝယ၊ နောက်နောင် ရှုရှုများ၌ လည်း ဤနည်းတူတွေ့ရသဖြင့် အဖြစ်နှင့်အပျက်ဟူသော ဥဒယဗ္ဗယဉာဏ် ဝိဇ္ဇာကိုရတော့၏။ (၂၂) ရှုရှုမှုမှုတို့သည်၊ အပြိုလိုက်၊ အပြိုလိုက်၊ အပျက်ကိုသာ တွေ့ရသဖြင့် ဘင်ဉာဏ်ဝိဇ္ဇာကိုရတော့၏။ (၂၃) ဤလိုအပြုံလိုက်၊ အပြိုလိုက် ပျက်၍သာ နေရပါလျက် အကုသိုလ်အဖြစ်ခံ၍ ရှာဖွေရခြင်း၊ ပြုပြင်ပေး ရခြင်း၊ ကြောင့်ကြရခြင်း၊ တောင့်တရခြင်း၊ ပူပန်ရခြင်းတို့ကြောင့် ဘင်နှင့် ဘယဉာဏ်ရောပြီး ဘယဉာဏ် ဝိဇ္ဇာရတော့၏။ (၂၄) ငါတို့ရေးသား ခဲ့သော သဘာဝဓမ္မဒ္ဒနိပြကျမ်းအတိုင်း က–ခ–ဂ–ဃ၊ အမှတ်အသားဖြင့် အကုသိုလ်ဝင်နေကြပုံ၊ ငရဲကြီး၊ ငရဲငယ်၊ အပါယ်လေးဘုံ၌ ကြာရှည်ပုံ များကို တွေးတော ဆင်ခြင်မိသောအခါ၊ ဘင်ဉာဏ် စခန်းနှင့် ချိန်ပြန် တော့လဲ အားကိုးစရာမတွေ့ရ၊ ဘယဉာဏ်စခန်းနှင့် ချိန်ပြန်တော့လဲ လာရောက်မည့် ဒုက္ခဘေးတို့ကို မချပင် တွေ့ရတော့မည် အမှန်ဖြစ်၍ ကြီးဒဏ်သင့်သော ယောကျ်ားကဲ့သို့ ရုပ်အဖြစ်၊ နာမ်အဖြစ်၊ ခန္ဓာအဖြစ်ကို နှစ်နှစ်ကာကာသိရသဖြင့် အာဒီနဝဉာဏ်ဝိဇ္ဇာကိုရတော့၏။ (၂၅) အာဒီနဝ ဝိဇ္ဇာပေါ်လျှင် ငြီးငွေ့စိတ်ပျက်သဖြင့် နိဗ္ဗိန္ဒဝိဇ္ဇာကိုရတော့၏။ (၂၆) ငြီးငွေ့၍ နေလျှင် ကျွတ်လွတ်ချင်သဖြင့်၊ မုစ္စိတုကမျတာဉာဏ် ဝိဇ္ဇာကို ရတော့၏။ (၂၇) ကျွတ်ချင်လွတ်ချင်လျှင် ကမ္မဋ္ဌာန်းကိုသာ အားတိုက်မိသဖြင့် ပဋိသင်္ခါဝိဇ္ဇာရရှိ၍ဖြစ်တော့၏။ (၂၈) အားတိုက်ဖို့လျှင် ရှာဖွေမှု စသည်တို့၌ ဥပေက္ခာထားရာရောက်၍ စားမှု၊ သောက်မှုကို ဂရုမပြုသဖြင့် သင်္ခါရု ပေက္ခာဉာဏ် ဝိဇ္ဇာရတော့၏။ (၂၉) သင်္ခါရုပေက္ခာအားကြီးလျှင် ပြခဲ့ ပြီးသော ဝိပဿနာဉာဏ်နှင့်ရင်း၊ ရောက်လတ္တံ့သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နှင့်ရင်း လျော်၍ အနုလောမဉာဏ်ဝိဇ္ဇာကိုရတော့၏။ (၃၀) ဂေါတြဘု ဝိဇ္ဇာကား ပဝတ္တံ သင်္ခါရာ၊ အပဝတ္တံ နိဗ္ဗာနံ–ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့်အညီ၊ ရှုရှု မှုမှုနှင့် ဖြစ်၍နေသော ရုပ်သင်္ခါရကိုရင်း၊ ရုပ်တို့ ချုပ်လိုက် ပျောက်လိုက်နှင့်နေသော အသင်္ခတနိဗ္ဗာန်ကိုရင်း၊ ပက္ခန္ဒန သဘောဖြင့် တွေ့ရှိနေရကား ဂေါတြဘုဉာဏ်ဝိဇ္ဇာကို ရတော့၏။ (၃၁) ရှုရှုမှုမှုနှင့် ဖြစ်ပျက်နေသော ရုပ်အားလုံးတို့ ပျောက်ပြီး သတိလစ် သလို ရိပ်ခနဲ့ ဖြစ်သွားလျှင် ဘယ်အဒ္ဒနှင့် မှမတူသော အဖေတ်ကြီး ရောက်တော့၏။ မဂ်ဉာဏ်ဝိဇ္ဇာရပုံတည်း။ (၃၂) ချက်ခြင်းသတိရပြီးလျှင်

တကိုယ်လုံးမှာ ဟာဘာဘာတာကြီးဖြစ်လျက် ကျန်ရစ်ခဲ့၍၊ ဗိုလ်ဝိဇ္ဇာကို ရတော့၏။ (၃၃) ထိုနောက် ကိုယ်ပျောက် ရုပ်ပျောက်ကိုဆင်ခြင်သော မဂ္ဂပစ္စဝေက္ခဏာဝိဇ္ဇာ (၃၄) ဟာဘာဘာတာကြီးကိုဆင်ခြင်သော ဖလပစ္စဝေက္ခဏာဝိဇ္ဇာ (၃၅) ပျောက်ခြင်း၊ ချုပ်ခြင်းကိုဆင်ခြင်သော နိဗ္ဗာနပစ္စဝေက္ခဏာ (၃၆) မိမိပယ်နိုင် သတ်နိုင်သော ကိလေသာကိုဆင်ခြင်သော ပဟာနပစ္စဝေက္ခဏာ (၃၇) မိမိမပယ်နိုင် မသတ်နိုင်သောကိလေသာကို ဆင်ခြင်သော သေသ ကိလေသ ပစ္စဝေက္ခဏာ ဝိဇ္ဇာ အားဖြင့် ၃၇-ပါး သော ဝိဇ္ဇာမိုရ်ဘ၀ကို လှလှပပနှင့် အရှေ့ကြီးရရှိတော့၏။ အရောက်ကြီး ရောက်၍နေရတော့၏။ ဤကား ခေတ်ပေါ်သည့်ကစ၍ ဝိဇ္ဇာတွေကို ရရ သွားပုံတည်း။

## (၂၇၃) အဆင့်ဆင့်တက်နေပုံ ၁၄

ပြခဲ့ပြီးသည့်အတိုင်း တရားကို အားထုတ်ပါက သတိမြဲ၍ တည်ကြည် နေလျှင် ကုသိုလ်ပါဘဲ။ တခြားသို့ စိတ်ရောက်သွားလျှင် အကုသိုလ်ဘဲ။ ဤလို ကုသိုလ်နှင့် အကုသိုလ် စစ်တိုက်၍ နေရပုံကို သိရခြင်းကား ၁-ဆင့် တက်တည်း။ ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြား၍ သိရခြင်းကား ၂-ဆင့် တက်တည်း။ ပုထုဇ္ဇနော ဥမ္မတ္တကောကို သဘောဓိရ၏။ ၃-ဆင့် တက် တည်း။ အသားထဲက ပြခဲ့ပြီး ခေတ်ကြီး ၄-ပါးကို တွေ့ရခြင်းကား ခေတ် ပရမတ်တွေ့ပါဘဲ။ အပြင်က အလင်းရောင်တို့ကို မြင်ရခြင်းကား ပညတ် တွေ့ပါဘဲ။ ဤပုံအတိုင်း ပရမတ်နှင့် ပညတ်ကို ခွဲ၍သိရခြင်းကား ၄-ဆင့် တက်တည်း။ (မရှိတာသိ၊ ရှိတာသိ၊ ဒိဋ္ဌိပျောက်ကြောင်းသော) လက်ာနှင့် လည်း ညီညွတ်လှပေ၏။ ထို့နောက် ခေတ်ကြီး လေးပါးတို့ ဖြစ်ပြီးလျှင် ပျက်ပျက်နေတာကို တွေ့ရ၏။ အနိစ္စ ဝိဇ္ဇာရ ၅-ဆင့်တက်ပြီ။ ခေတ်ကြီး လေးပါးတို့ မရဏပျက်ကိုတွေ့ရ၏။ ဒုက္ခဝိဇ္ဇာရ၍ ၆-ဆင့်တက်ပြီ။ ခေတ်ကြီး လေးပါးတို့ ဖြစ်ပျက်၍ နေတာကို ဆွဲမရ၊ ယူမရ၊ တားမရ၊ ဆီးမရ၊ အနတ္တ ဝိဇ္ဇာရ၍ ၇-ဆင့်တက်ပြီ။ ရွရွတွေ ဖြစ်ပျက်ဖြစ်ပျက်နှင့် တသဘောတည်း။ တူတာကိုတွေ့ရသဖြင့် ဥဒ္ဒေ့ဒိဋ္ဌိ ပြုတ်၏။ ကေဝဋ္ဋနည်းရ၏။ ၈-ဆင့်တက် ပါပြီ။ ရွရွစသော ဖြစ်ပျက်အစဉ်ကြီးဟာ ရှေးနှင့်နောက် ရုပ်ချင်းမတူတာကို တွေ့ရသဖြင့် သဿတဒိဋ္ဌိပြုတ်၍ နာနာတ္တနည်းကိုရ၏။ ၉-ဆင့်တက်ပါပြီ။ ဤဖြစ်ပျက်အစဉ်ကြီးသည် လူ နတ် ဗြဟ္မာဖန်ဆင်း၍မဟုတ်ဘဲ ကံစိတ်ဥတု အာဟာရကြောင့်သာ ဖြစ်ထဘဲဟု သိရသဖြင့် အဝွဲ့ဒိဋ္ဌိပြုတ်၍ အဗျာပါရ

နည်းကိုရတော့၏။ ၁၀-ဆင့်တက်ပြီ။ ဖြစ်ပျက်အစဉ်သည် သူ့သဘာဝအတိုင်း နိယာမကြီးငါးပါးအတိုင်းဖြစ်ထသာဘဲဟု သိရသဖြင့် အကြံယုံခြင်ပြွတ်၍ ဝေဓမ္မဘာနည်းကိုရတော့၏။ ၁၁-ဆင့်တက်သွားပါပြီ။ ထို့နောက်မှကား ဝိပဿနာဉာဏ်စဉ် ၁၀-ပါး အတိုင်းတက်တက်သွားခဲ့ရာ ၂၁-ဆင့်သို့ရောက်တော့၏။ ဂေါတြဘုမဂ်ဖိုလ် ပစ္စဝေက္ခဏာဉာဏ်အထိ ဆိုလျှင် ၂၅-ဆင့်သို့ သူ့ခရီးစဉ်အတိုင်း ရောက်မြဲတည်း။ ရောဂါရှိ၍ ဆေးကိုစားသောသူသည်၊ ဆေးတွေ့၍ ရောဂါမှ သက်သာရာရသဖြင့် သူတို့လိုယုံယုံကြည်ကြည်နှင့် မချကြိုတွေ့လိုပါလျှင် အားထုတ်၍ ကိုယ်တွေ့၊ မနောတွေ့၊ သဘောတွေ့၊ မချတွေ့အောင် ကြိုးစား၍ ယုံကြည်ကြပါလေ။

## (၂၇၄) ခတ်တချိုးဗိပေါ်တိုင်း ခွဲသိရန် ၁၅

ဥပမာ၊ပူပူက ရုပ်တရားဖြစ်ပျက်က နိမိတ်လက္ခဏာ၊ဤလိုခွဲ၍ သိကြပါ၊ ဇွဲက တေဇောဓာတ် ရုပ် တရား၊ ဖြစ်ပျက်က နိမိတ်လက္ခဏာဟု ခွဲ၍ သိကြပါ။ ရှိန်ရှိန်၊ လှပ်လှပ်၊ ရွရွမွမွ ကြွကြွပွပွ—စသော ဓာတ်အပေါ်တို့၌လည်း ဤနည်းအတိုင်းပင်ခွဲ၍ သိကြပါလေ။

## (၂၇၅) ၃၂-ပါးဆိုင်ရာချိုင်း အသိမျိုးမှာ ၁၆

ရွရွမွမွ—စသည်ဖြင့် ရုပ်သိရှာသိလောက် သိရုံမျှဖြင့် ကိစ္စမပြီးပါ။ ရွရွမွမွစသည်ဖြင့် အသိ ၂-မျိုးကို လွန်၍ အသိ (၃၀) (၃၂) အထိ သိကြပါရန်ချဲ၍ ပြပါဦးမည်။ (၃၂) ရောက်မှ ကိစ္စပြီးပါသည်။

## (၂၇၆) ရွရွမွမွ—စသည်၌ အသိ ၃၂-ပါးကား ၁၇

(၁) အန္တမြင်၊ အန္တသိ (၂) ကလျာဏမြင်၊ ကလျာဏသိ (၃) နာမရူပပရိစ္ဆေဒဉာဏ်အမြင်၊အသိ (၄) ပစ္စယပရိဂ္ဂဟဉာဏ်အမြင်၊အသိ (၅) သမ္မသနဉာဏ်အမြင်၊အသိ (၆) ဥဒယဗ္ဗယဉာဏ်အမြင်၊ အသိ (၇) ဘင်ဉာဏ် (၈) ဘယဉာဏ် (၉) အာဒီနဝဉာဏ် (၁၀) နိဗ္ဗိဒဉာဏ် (၁၁) မုစ္စိတုကမျတာဉာဏ် (၁၂) ပဋိသင်္ခါဉာဏ် (၁၃) သင်္ခါ ရုပေက္ခာ ဉာဏ် (၁၄) အနုလောမဉာဏ် (၁၅) ဂေါတြဘုဉာဏ် (၁၆) သောတာပတ္တိမဂ်ဉာဏ် (၁၇) သောတာပတ္တိဖိုလ်ဉာဏ် (၁၈) သကဒါဂါမိမဂ်ဉာဏ် (၁၉) သကဒါဂါမိဖိုလ်ဉာဏ် (၂၀) အနာဂါမိမဂ်ဉာဏ် (၂၁) အနာဂါမိ

ဖိုလ်ဉာဏ် (၂၂) အရဟတ္တ မဂ်ဉာဏ် (၂၃) အရဟတ္တ ဖိုလ် ဉာဏ် (၂၄) သုက္ခဝိပဿကရဟန္တာအမြင် (၂၅) တေဝိဇ္ဇပတ္တရဟန္တာအမြင် (၂၆) ဆဠဘိညာရဟန္တာအမြင် (၂၇) ပဋိသမ္ဘိဒါပတ္တ ရဟန္တာအမြင် (၂၈) ပကတိသာဝကအမြင် (၂၉) မဟာသာဝကအမြင် (၃၀) အဂ္ဂ သာဝကအမြင် (၃၁) ပစ္စေကဗုဒ္ဓါအမြင် (၃၂) သမ္မာသမ္ဗုဒ္ဓဘုရားအမြင် ဟူ၍ ႗႗႘႘—စသည်တို့၌ အသိအမြင် ၃၂-မျိုးအထိ ရှိပါသည်။

## (၂၇၇) အမိုယစက္ခု ၁၈

ဧ ဧ ဧ ဧ ဧ ဧ သဘာဝခေတ်

ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် ပဋ္ဌာန်း အမည်နာမ

စုလို့ ချုလို့ ဆောင်လို့ မှန် ႑နိလို့ ကြောင်းကျိုးဆက်လို့ ပြဋ္ဌာန်းလို့ သတ္တိပြချက်

(၁) ပေါ်၍လာသော ခေတ်တရားသည် တခုပင်ဖြစ်စေ၊ အများပင် ဖြစ်စေ (အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ သုခုမ၊ ဩဠာရိက၊ ဟီန၊ ပဏီတ၊ ဒူရ၊ အာသန္န)ဆိုတဲ့ တဆယ့်တပါး စုစုနေသောကြောင့် ခန္ဓာလို့ ခေါ်ပါသည်။ မြန်မာလိုတော့ စုစုနေသောတရားပါဘဲ။ ပါဠိလိုတော့ ခန္ဓာ ပါဘဲတဲ့။ (၂) ပေါ်၍နေသောခေတ်တရားသည် တခုပင်ဖြစ်စေ၊ အများပင် ဖြစ်စေ၊ ချဲ့တတ်သောကြောင့် မြန်မာလို ချဲ့တတ်သော တရားတဲ့။ ပါဠိလို အာယတနတရားတဲ့။ (၃) ပေါ်၍နေသောခေတ်တရားသည် တခုပင်ဖြစ်စေ၊ အများပင်ဖြစ်စေ ဆောင်တတ်သော သတ္တိကြောင့် မြန်မာလို ဆောင်တဲ့ တရားပါဘဲ။ ပါဠိလို ဓာတု၊ ဓာတ်တရားပါဘဲ။ (၄) ပေါ်၍နေသော ခေတ် တရားသည် တခုပင်ဖြစ်စေ၊ အများပင်ဖြစ်စေ မှန်ကန်သော သတ္တိကြောင့် မြန်မာလို အမှန်တရားပါဘဲ။ ပါဠိလို သစ္စာတရားပါဘဲ၊ (၅) ပေါ်၍နေသော ခေတ်တရားသည် တခုပင်ဖြစ်စေ၊ အများပင်ဖြစ်စေ အကြောင်းနှင့်အကျိုး ဆက်စပ်၍ဖြစ်သောကြောင့် မြန်မာလိုအကြောင်းအကျိုးဆက်စပ်ဖြစ်သော တရားတဲ့။ ပါဠိလို ပဋိစ္စသမုပ္ပါဒ်တရားတဲ့၊ (၆) ပေါ်၍နေသော ခေတ်တရား သည် တခုပင်ဖြစ်စေ၊ အများပင်ဖြစ်စေ သစ်ပင်၌ ရေသောက်မြစ်သည် မူလအခြေခံအမြစ်ဖြင့် ပြဋ္ဌာန်းသကဲ့သို့။ ဤ၌လည်း ပေါ်၍နေသော ခေတ် တခုထဲပင်လျှင် မူလ အခြေခံ အဖြစ်ဖြင့် ပြဋ္ဌာန်းသောကြောင့် မြန်မာလို ပြဋ္ဌာန်းတဲ့ တရားပါဘဲ။ ပါဠိလို ပဋ္ဌာန၊ ပဋ္ဌာန်းတရားပါဘဲ။ ပဓာနတရား ပါဘဲ၊ အခြေခံပါဘဲ၊ မူလတရားပါဘဲ။ ဥပမာ၊ ဤတဲ့ခေတ်တခုကို ခန္ဓာလဲ

ခေါ်ပါ၊ အာယတနလဲ ခေါ်ပါ၊ ဓာတ်လဲခေါ်ပါ၊ သစ္စာလဲ ခေါ်ပါ၊ ပဋိစ္စသမုပ္ပါဒ်လဲ ခေါ်ပါ၊ ပဋ္ဌာန်းလဲခေါ်ပါ၊ သတ္တိရှိ၍ ခေါ်ရပါသည်။

၁၃၁၄-ခုနှစ်၊ ဝါခေါင်လဆုတ် ၃-ရက်၊ (၈) မိုင်၌ ရေးပြီး၏။

---

## (၂၃၈) ယောဂီ၏ အရိယစက္ခု ၁၉

ဂရိတ်ဦးဘိုးစိန်ကြီး၏ လွှမ်းသံကိုကြားရ၍၊ တဖြန်းဖြန်းနှင့် ကြက်သီးထရာ၌ အရိယာစက္ခုဖြင့် မြင်သိရပုံကား၊ (၁) ဂရိတ် ဦးဘိုးစိန်ကြီး၏ အသံကတော့ သဒ္ဒရုပ်တရားပါဘဲ၊ (၂) နား၌ကြားရတာက ကြားသိနာမ်ပါဘဲ၊ (၃) ခတ်ကြောခိုက်တာက ပရိယုဋ္ဌာနကိလေသာ ထကြွ သောင်းကျန်းတာပါဘဲ၊ (၄) နှစ်သက်တာက ပီတိစေတသိက်ပါဘဲ၊ (၅) တဖြန်းဖြန်း ထတာက ကလာပ်ပေါ်တာပါဘဲ၊ (၆) ဖြန်းဖြန်းချင်း မရောတာက ကလာပ်အာကာသပါဘဲ၊ (၇) နေရာချင်း မရောတာက ဋ္ဌာနအာကာသပါဘဲ၊ (နေရာချင်းမရောဆိုတာ အသံကားအပြင်က၊ ကြားတာကား နား၌၊ ဆဲဒိပုံအတိုင်း နေရာချင်းမရောပါ) တဖြန်းဖြန်းပေါ်တာက ကိုယ်မှာ ရင်မှာ သိသိနေတာက ဟဒယနှလုံးမှာ၊ ဒီပုံနေရာချင်းမရောပါ။ ဤလိုနေရာချင်း မရောတာကို ဋ္ဌာနအာကာသဟုခေါ်ပါသည်။ (၈) ပြခဲ့ပြီးသော (အသံရုပ်၊ ကြားသိနာမ်၊ ပရိယုဋ္ဌာနကိလေသာ ပီတိ၊ ကလာပ်ရုပ်) ဤငါးမျိုးတို့သည် ခတ်ချင်းမရောတာက ခဏအာကာသ၊ (၉) ပြခဲ့ပြီးသော ငါးမျိုးတို့၌ အသံသဘော၊ နာမ်သဘော၊ ကိလေသာသဘော၊ ပီတိသဘော၊ ကလာပ်သဘောဟူ၍ သဘောချင်းမရောမယှက်ကြဘဲ သူ့သဘောနှင့်သူ နေကြတာက သဘာဝ အာကာသပါဘဲ၊ (၁၀) ပြခဲ့ပြီးသော သဘောအစားစားကို သိနေတဲ့ ငါးခုသောဉာဏ်ချင်း မရောတာက ဉာဏအာကာသပါဘဲ၊ (၁၁) အသံနှင့်ကလာပ်ရုပ်က ရုပ်တရားပါဘဲ၊ (ကြားသိပရိယုဋ္ဌာန ပီတိ ၃-ပါးက) နာမ်တရားဘဲဟူ၍ ရုပ်ပရမတ်နှင့် နာမ်ပရမတ် မရောတာက ပရမတ္ထအာကာသပါဘဲ။ တနည်း၊ နာမရူပ ပရိစ္ဆေဒ ဝိဇ္ဇာဉာဏ်တည်း၊ (၁၂) အသံကြောင့် ကြားသိဖြစ်ရတယ်၌ ရုပ်အကြောင်း၊ နာမ်အကျိုး၊ ပစ္စယပရိဂ္ဂဟဉာဏ် ပေါ်ပုံတည်း။ ကြားသိလို့ပင် ပရိယုဋ္ဌာနကိလေသာထရတယ်ဆိုရာ၌ စိတ်အကြောင်း၊ စေတသိက်အကျိုး၊ ပစ္စယပရိဂ္ဂဟဉာဏ်ပေါ်ပုံတည်း။ ပရိယုဋ္ဌာနကိလေသာထလို့ နှစ်သက်ခြင်းပီတိဖြစ်ရ၏ဆိုရာ၌ စေတသိက်အကြောင်း၊ စေတသိက်အကျိုး၊ ပစ္စယပရိဂ္ဂဟ

ဉာဏ်ပေါ်ပုံတည်း။ ဒိတိဖြစ်လို့ တဖြန်းဖြန်း ကလာပ်တွေ ပေါ်ရ၏ဟု ဆိုရာ၌ စေတသိက်အကြောင်း ရုပ်အကျိုး၊ ပစ္စယပရိဂ္ဂဟဉာဏ် ပေါ်ပုံတည်း။ အဲဒါကြောင့် (ကြောင်းကျိုး၊ ကွဲဘာက၊ ပစ္စယပရိဂ္ဂဟပါ) ဟူ၍ ဆောင်ပုဒ် ရေးခဲ့ပါသည်။ ဤသို့လျှင် ဂန္တဝင်ဦးဘိုးဗိန်ကြီး၏ လွှမ်းသံကို ကြားရလို့ ကြက်သီးတဖြန်းဖြန်းထရာ၌ အရိယစက္ခုဖြင့် ဉာဏ် ၁၂-မျိုး ပိုင်းခြား၍ သိမြင်ပုံတည်း။ လွှမ်းသံကြား၍ တဖြန်းဖြန်းထရုံမျှ သိလျှင် ပုထုဇဉ်အသိဘဲရှိပါသေးသည်။

## (၂၇၉) ဝိညာဉ်ခြောက်ပါး ဥပမာခြောက်ပါး ၂၀

| | | |
|---|---|---|
| စက္ခုဝိညာဏ် | မြွေပွေးဟန် | ဧကန်မှတ်ကုန်ကြ၊ |
| သောတဝိညာဏ်၊ | မိကျောင်းဟန် | ဧကန်မှတ်ကုန်ကြ၊ |
| ဃာနဝိညာဏ် | ငှက်တို့ဟန် | ဧကန်မှတ်ကုန်ကြ၊ |
| ဇိဝှါဝိညာဏ် | တောခွေးဟန် | ဧကန်မှတ်ကုန်ကြ၊ |
| ကာယဝိညာဏ် | အိမ်ခွေးဟန် | ဧကန်မှတ်ကုန်ကြ၊ |
| မနောဝိညာဏ် | မျောက်တို့ဟန် | ဧကန်မှတ်ကုန်ကြ၊ |

## (၂၈၀) အရိယစက္ခု ၂၁

တခုခုကို အာရုံထုတ်စရာ၌ ဥပမာ၊ ငယ်ထိပ်၌ စိတ်ကိုထား၍ငယ်ထိပ်၌ပင် အာရုံပြု၏။ (၁) သတိထား၏။ သတိထားတော့ စိတ်သည်ငယ်ထိပ် အာရုံမှ တပါး။ ဘယ်ကိုမှမသွားဘဲ တည်ကြည်၏။ သမာဓိရ၏။ သမာဓိရတော့ ခန္ဓာကိုယ်ထဲမှ ရိုးတိုးရွကာ ပိုးပိုးစစ်စစ် ဖြိုးဖြိုးဖျဉ်းဖျဉ်း စသော ဝိကာရ ရုပ်လို့ဆိုရတဲ့ ဓာတ်တခုခုများပေါ်၍နေပါရော၊ ပေါ်လျှင် စိတ်နှင့်ယှဉ်တဲ့ နေတဲ့ သမ္မာဒိဋ္ဌိဉာဏ်က သိသိနေပါရော၊ ဤလိုပေါ်သောဓာတ်ကို ရှု၍ နေခြင်းကိုပင် (အခ ကနဦး ဝိပဿနာ)ဟု ခေါ်ရသည်။ ဝိပဿနာအရိယ စက္ခုဖြင့် လက်တွေ့ဓာတ်ခွဲကြည့်တော့၊ (၁) သတိစေတသိက်၊ (၂)သမာဓိ ဆိုတဲ့ ဧကဂ္ဂတာစေတသိက်၊ (၃) ဝိကာရရုပ်ဓာတ်တခုခု၊ (၄) သိတဲ့စိတ် ဟူ၍ ပရမတ္ထထဲက ဤ ၄-ပါးကို ပရမတ်သက်သက်ပင်တွေ့ရ၏။ သဘော သက်သက်တွေ့ရ၏။ ။ပညတ်နယ်က ငါငါ၊သူသူ၊လူလူ၊နတ်နတ် စသော ပညတ်များမပါတော့ဘဲ၊ ရှင်းရှင်းလင်းလင်းတွေ့ရပါသည်။ ငါလဲမပါဘူး၊ သူလဲမပါဘူး၊ ဒါကြောင့် ဒိဋ္ဌိကွာသွားပါပြီ။ အဲဒီလို (သတိ၊ သမာဓိ၊ စိတ်)

၎င်း ၃-ပါးက နာမ်တရားပါဘဲ၊ ဝိကာရရုပ်တွေက ရုပ်တရားပါဘဲဟု ရုပ်နာမ်ကွဲ၍သိရ၏။ တွေ့ရ၏။မြင်ရ၏။ နာမရူပ ပရိစ္ဆေဒဉာဏ်ကိုရရှိပါပြီ။ သတိနှင့်သမာဓိ မရောတာက အာကာသပါဘဲ။ သမာဓိနှင့် ဝိကာရရုပ် မရောတာက အာကာသပါဘဲ။ ဝိကာရရုပ်နှင့် စိတ်မရောတာက အာကာသပါဘဲ။ အဲဒါလို အာကာသပေါက်၍ ဃနပညတ်လဲပျောက်တော့၏။ ဝိမ္ဗ ၂–ဆင့်ကွာပုံတည်း။

## (၂၈၁) ၎င်း၌ ပစ္စယပရိဂ္ဂဟာဉာဏ်ပေါ်အောင်ရှုပုံ ၂၂

**သတိသားလို့ တည်ကြည်တယ်**၊ ဤ၌ သတိက နာမ်အကြောင်းတရားပါဘဲ။ သမာဓိက နာမ်အကျိုးတရားပါဘဲ။ ကြောင်းကျိုးတရပ် ပဋိစ္စသမုပ္ပါဒ်ဉာဏ်ရပြီ။ တဖန် **တည်ကြည်လို့ ခေတ်ကို တွေ့ရတယ်**၊ ဤ၌ တည်ကြည်တဲ့သမာဓိနာမ်က အကြောင်းတရား။ခေတ်ရုပ်က အကျိုးတရား တွေ့ရပြန်၏။ ကြောင်းကျိုးတရပ် ပဋိစ္စသမုပ္ပါဒ်ကိုရပြန်၏။ တဖန် **ခေတ်ပေါ်လို့ စိတ်ကသိတယ်**၊ ဤ၌ ခေတ်ပေါ်တာက ရုပ်အကြောင်းတရားပါဘဲ။ စိတ်က သိတာက နာမ်အကျိုးတရားတွေ့ရပြန်၏။ ကြောင်းကျိုးတရပ် ပဋိစ္စသမုပ္ပါဒ် ဉာဏ်ကိုရပြန်၏။ ဤကား ကမ္မဋ္ဌာန်းယောဂီ၏ အရိယစက္ခု ရရှိပုံတည်း။ ။ပစ္စယ၊ အကြောင်း။ ပရိဂ္ဂဟ၊ သိမ်းဆည်းတာ၊ ဉာဏက အမှန်သိတာ၊ ၎င်း ၃-မျိုးကို ပေါင်းစပ်လိုက်တော့ ပစ္စယပရိဂ္ဂဟာဉာဏ်၊ အကြောင်းအကျိုး သိမ်းဆည်း၍ အမှန်သိတဲ့ဉာဏ်။ နာမရူပ ပရိစ္ဆေဒ ဉာဏ်တဆင့်၊ ပစ္စယပရိဂ္ဂဟာဉာဏ်တဆင့်မို့၊ ဉာဏ် ၂–ဆင့်ရပါပြီ။အပါယ် တံခါးလဲပိတ်သွားပါပြီ၊ ဆင်းရဲသံသရာလဲပြတ်သွားပါပြီ၊ ဘုံစဉ်စံဘဝလဲ ရသွားပါပြီ၊ သိဋ္ဌိကိုးတန်လဲ နိဗ္ဗာန်အထိ ရသွားပါပြီတဲ့။ (ကာယဉ္စပဋိစ္စ ဖေါဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ)။ ။သံယုတ်ပါဠိတော်။ ။ကာယ ပသာဒရုပ်နှင့် ဖေါဋ္ဌဗ္ဗာရုံတို့ ဆုံမှု၊ ကြုံမှု၊ ထိခိုက်မှုကြောင့် ထိသိစိတ် ပေါ်ရတယ်။ ထိသိလို့ ဒေါသစေတသိက်ထကြွရတယ်။ ဒေါသထကြွလို့ မျက်နှာမှာ နှိမြန်း မဲ့ပုပ်၍ တုန်လှုပ်ရတယ်။ အဲဒါကို အရိယစက္ခုဖြစ်အောင် ခေတ်ခွဲတော့၊ (၁) ကာယပသာဒရုပ်၊ (၂) ဖေါဋ္ဌဗ္ဗာရုံ၊ (၃) ထိသိစိတ်၊ (၄) ဒေါသစေတသိက်၊ (၅) စိတ္တဇရုပ် ဟူ၍ ပရမတ္ထထဲက ငါးမျိုးကို တွေ့ရပါသည်။ တခုမှမရောဘဲနေတာက အာကာသခြားတာပါ၊ အာကာသ ခြားပုံကိုခွဲပြရလျှင် ကာယပသာဒရုပ်နှင့် ဖေါဋ္ဌဗ္ဗာရုံ၊ ခြားတာ အာကာသ တခု၊ ဖေါဋ္ဌဗ္ဗာရုံနှင့် ထိသိစိတ်မရောတာ အာကာသတခု၊ ထိသိစိတ်နှင့်

ဒေါသစေတသိက်မရောတာ အာကာသတခု၊ ဒေါသစေတသိက်နှင့် စိတ္တဇရုပ်မရောတာ အာကာသတခု အားဖြင့် ၄-မျိုး။ အာကာသလဲပေါက်ပါပြီ။ ဃနလဲ ပျောက်ပါပြီ။ ဒိဋ္ဌိလဲ ကွာသွားပါပြီ။ တဖန် ကာယပသာဒရုပ်၊ ဖောဋ္ဌဗ္ဗရုပ်၊ စိတ္တဇရုပ်၊ ဤ ၃-ပါးက ရုပ်တရားပါဘဲ။ ထိသိစိတ်၊ ဒေါသစေတသိက်က နာမ်တရားပါဘဲဟူ၍ ဤလို ရုပ်နာမ်ကွဲသဖြင့် နာမရူပပရိစ္ဆေဒဉာဏ်ကိုရရှိပြန်၏။ တဖန် ကာယနှင့် ဖောဋ္ဌဗ္ဗာရုံဆုံလို့ ထိသိစိတ်ပေါ်ရသည်။ ဤအရာ၌ ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗာရုံက ရုပ်အကြောင်း၊ ထိသိစိတ်က နာမ်အကျိုးတရား၊ ဤပုံ အကြောင်းအကျိုး စပ်၍သိသော ပစ္စယပရိဂ္ဂဟဉာဏ်ကိုရပြန်တော့။ တဖန် ထိသိစိတ်ကြောင့် ဒေါသဖြစ်ရာ၌ စိတ်က အကြောင်းတရား၊ ဒေါသစေတသိက်က အကျိုးတရား။ တဖန် ဒေါသကြောင့် နီမြန်းရုပ်ပေါ်ရာ၌၊ ဒေါသက စေတသိက်နာမ်၊ အကြောင်းတရား၊ နီမြန်းရုပ်က ရုပ်၊ အကျိုးတရားဟူ၍ အကြောင်းအကျိုး စပ်၍ ပေါ်လဲပေါ်၊ သိလဲသိတာက အကြောင်းအကျိုးသိတဲ့ဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်၊ ပဋိစ္စသမုပ္ပါဒ်ဉာဏ်၊ ယထာဘူတဉာဏ်၊ သမ္မာဒဿနဉာဏ်ဟု နာမည်အမျိုးမျိုး ခေါ်ပါသည်။ ပြခဲ့ပြီးသော နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၂-ဆင့်ကိုရောက်လျှင် ယနေ့က စ၍ နိဗ္ဗာန်အထိ၊ သံသရာတလျှောက်လုံးမှာ အပါယ်တံခါး ပိတ်နိုင်၏။ ဆင်းရဲသံသရာပြတ်ရ၏။ ဘုံစဉ်စံရ၏။ သိဒ္ဓိကိုးတန်ရ၏။ ၆၇-ဆင့် မဟာသုခကြီးတွေကို မလိုချင်လဲရ၊ လိုချင်လဲရ။ ဤကား ဉာဏ် ၂-ဆင့်၏ အာနုဘော်တန်းခိုးသတ္တိပြခြင်းပါတည်း။

၁၃၁၄-ခု၊ ဂ-လ၊ ၂ဂ-နံနက်ပြီး၏။ (ဂ)မိုင် ဥက္ကာစာဂီတိုက်

---

## (၂ဂ၂) ဓာတ်ကြီးလေးပါး၌ ပထဝီရှုကြောင်းရှာဖွေနည်း

ပထဝီမြေကြီး ခြောက်ခြောက်၌ ကြမ်းကြမ်းမာမာ ရှုးရှုး ထက်ထက် တွေ့ရ၏။ ပထဝီမြေပိုပို၌ နူးနူးညံ့ညံ့ ပြော့ပျောင်းတာကိုတွေ့ရ၏။ ။ရေကို မိမိ၏လက်ဝါးနှင့်ရိုက်ကြည့်တော့ နာကျင်ရသည်။ ရေထဲ၌ ခုန်၍ချကြည့်၊ ရင်၌ ကျိန်းစပ်မည်။ (ဖဿပစ္စယာ) ဝေဒနာဘည်း။ ပထဝီချင်းခတ်မိလို့ နာကျင်ရသည်။ ။လေကို ကြိမ်ဖြင့် ယမ်း၍ကြည့်တော့ တ ရှူး ရှူးအသံ ပေါ်လာတတ်သည်။ လေထဲက ပထဝီနှင့်ကြိမ်က ပထဝီချင်း ထိခိုက်လို့ အသံမြည်ရတာဘဲ။ မီးလောင်တော့ အသံကြားရ၏။ ပထဝီချင်းထိခိုက်လို့

အသံမြည်တာပါဘဲ။ ဝါးတောကြီးကို မီးလောင်တော့ ဖုံးဖုံး၊ ဒိုင်းဒိုင်းနှင့် ဆူညံ၍ နေသည်။ (ကမ္မဇပထဝီ၊ စိတ္တဇပထဝီ၊ နှစ်လီသောခဲတ်၊ ထိခိုက်ခတ်၊ဖြစ်လတ်သံသဒ္ဒါ)ဟူသော လင်္ကာကားပါးစပ်ထဲမှ အသံထွက်လာပုံ။ ပုံစံနမူနာကိုပြထားပါသည်။ပထဝီချင်းချင်းထိခိုက်က ဒါလိုဘဲဟု သိကြပါ။ ဤနည်းကိုနှိုး၍ ခဲတ်ကြီးလေးပါး၌ ခဲတ်အသီးသီးပါဝင်ပုံ၊ ရှာဖွေကြပါကုန်။ အဲဒါခဲတ်ကြီး ၄-ပါး၌ ပထဝီရှိနေကြောင်း လက္ခဏာပြသနေပုံတည်း။

## (၂၈၃) ခဲတ်ကြီးလေးပါး၌ အာပေါ်ခဲတ်ရှာဖွေပုံ

ဖုံမှုန့် မြေမှုန့်၌ ရေချကြည့်တော့ ချက်ခြင်းပင်ဖွဲ့စည်း၍ လက္ခဏာပြသည်။ပထဝီ၌ အာပေါ်ရှိနေပုံတည်း။ ရေအာပေါ်ကား ယိုစီးနေပုံ တွေ့ရသည်။အာပေါ်ခဲတ်၌ အာပေါ်လက္ခဏာပြနေပုံတည်း။လေခဲတ်၌ အာပေါ်ရှိပုံကား ကောင်းကင် စင်မြင့်ပေါ်၌ ပုဂံထဲ၌ ဆားထည့်၍ ထားသော်၊ ဆားသည် စိုထိုင်း၍လာအံ့၊ အရည်ဖြစ်၍လာအံ့၊ လေထဲ၌ အာပေါ်ခဲတ်ပါရှိပုံတည်း။ မီးထဲ၌ အာပေါ်ခဲတ်ကား မီးတောက်ကိုကြည့်ပါ။ဖွဲ့စည်း၍ ထားပုံကို တွေ့ရလိမ့်မည်။ အဲဒါ ခဲတ်ကြီးလေးပါး၌ အာပေါ်ခဲတ် ရှိနေကြောင်း လက္ခဏာပြ၍နေပုံတည်း။

## (၂၈၄) ခဲတ်ကြီးလေးပါး၌ တေဇောခဲတ်ရှာဖွေပုံ

ပထဝီမြေကြီးကို စမ်းသပ်၍ ကြည့်တော့ ပူပူဒေတွေ့ရ၏။ ရေခဲတ် အာပေါ်ကို စမ်းသပ်၍ကြည့်တော့ ပူပူဒေတွေ့ရ၏။ လေခဲတ် ဝါယောကို ကိုယ်ဖြင့် အတိုက်ခံ၍ကြည့်တော့ လေပူ၊ လေဒေကိုတွေ့ရ၏။ မီးခဲတ်ကို စမ်းသပ်ကြည့်တော့ ပူတဲ့သဘောကိုတွေ့ရ၏။ အဲဒါ ခဲတ်ကြီးလေးပါး၌ တေဇောခဲတ်ရှိနေကြောင်း လက္ခဏာ ပြ၍နေပုံတည်း။

## (၂၈၅) ခဲတ်ကြီးလေးပါး၌ ဝါယောခဲတ်ရှာဖွေပုံ

ကမ္ဘာမြေကြီးဟာ တခါတရံ ငလျင်လှုပ်ရ၏။ မြေ၌ ဝါယောခဲတ် ရှိနေပုံတည်း။ ရေတွေဟာ အမြဲတမ်းလှုပ်ရှားနေ၏။ ရေ၌ ဝါယောခဲတ် ရှိနေပုံတည်း။ လေ၌ ဝါယောခဲတ်ရှိနေပုံကား လူကိုအိမ်ကို လေခတ်၍ လှုပ်၏။ မီး၌ ဝါယောခဲတ်ရှိနေပုံကား မီးတောက်ကိုကြည့်ပါ။ အမြဲတမ်း

လှုပ်ရှား၍နေပေ၏။ ဆဲဒါဟာ ဓာတ်ကြီးလေးပါး၌ ဝါယောဓာတ်ရှိနေပုံ လက္ခဏာပြနေပုံတည်း။

## (၂၈၆) ဓာတ်ကြီးလေးပါး၌ လူပြိန်း လူအ,သိရန်လက္ခဏာများ

(၁) ပထဝီဓာတ်၌ နူးခြင်း၊ မာခြင်းသဘော။ ပတိဋ္ဌာပနလက္ခဏာ၊ လေ ရေမီးတို့ကို ထောက်ခံခြင်း တည်ရာသဘွယ်ဖြစ်၍ ထင်ရှားလှ ပါပေသည်။

(၂) အာပေါဓာတ် ဖွဲ့စည်းခြင်း၊ယိုစီးခြင်းသဘော၊အာဗန္ဓန လက္ခဏာ ရှိ၏။မြေ, လေ, မီးတို့ကိုဖွဲ့စည်း၍ ထားတာက ထင်ရှားစေပေ၏။

(၃) တေဇောဓာတ်–ပူခြင်း၊ ချမ်းခြင်း သဘော၊ ပရိပါစနလက္ခဏာ ရှိ၏။ မြေ, ရေ, လေတို့ကို ဖြစ်စေခြင်း၊ ပျက်စေခြင်းက လက္ခဏာပြ၍ နေပေ၏။

(၄) ဝါယောဓာတ်–ထောက်ခံခြင်း၊ လှုပ်ရှားခြင်းသဘော၊ ဝိတ္ထမ္ဘန လက္ခဏာ။ မြေ, ရေ, မီးတို့ကို ထောက်ခံခြင်း၊ လှုပ်ရှားခြင်းဖြင့် သိစေပေ၏။

ဆဲဒါ ဓာတ်ကြီး ၄-ပါးတို့၏ လက္ခဏာသဘော၊ သတ္တိ တန်းခိုး တေ ဇော် အာနုဘော်တို့ကို သိမြင်နိုင်သော အာကာရပင်တည်း။

## (၂၈၇) ဓာတ်ကြီးလေးပါးတို့ အချင်းချင်းကျေးဇူးပြုကြပုံ

ဥပမာပြရသော် ပထဝီဓာတ်သည် ကလာပ်ပေါင်းအသင်္ချေနှင့် မြူမှုန် တွေလို နှင်းတွေပမာလို မိုးဖွဲတွေလို ပြ ကွဲစီ တခြားစီ နေတတ်ပေ၏။ ဆဲဒါ ပထဝီတို့၏သတ္တိတည်း။ ဆဲဒါကို အာပေါဓာတ်က အဲ–ပထဝီတို့– မင်းတို့တတွေဟာ ကွဲကွဲပြားပြား ခြားနားလျက် မနေကြပါနှင့် ဗွားကွဲ ကျားကိုက်ဖြစ်၍ ပျက်စီးကြကုန်လိမ့်လတ္တံ့။သင်တို့ မကွဲပြားရအောင်ဟာ အာပေါဆိုတဲ့ငါက တွဲပေးလိုက်မယ်၊ ဖွဲ့စည်း၍ပေးလိုက်မယ်၊ တသားထဲ တလုံးထဲ တခဲထဲဖြစ်အောင် ငါအာပေါက ပြု၍ ပေးမယ်ဟု–ပြော ပြော ဆိုဆို ဖွဲ့စည်း၍ပေးတော့၏။ ဆဲဒါ အာပေါ၏သတ္တိတည်း။

ပထဝီကို အာပေါက ဖွဲ့စည်းပြီးလျှင် ဝါယောက မင်းတို့ ၂-ဦးဟာ တဲ့မိပေမဲ့ အငြိမ်မနေရအောင်ငါ ဝါယောက လှုပ်ရှားပေးမယ်၊ယိမ်းယိုင်၍

နေကြရောဟု—ပြောပြောဆိုဆို လှုပ်ရှားစေပေ၏။ ဆဲဒါ ဝါယောရဲ့ သတ္တိတည်း။

တေဇောကလဲ မင်းတို့ ၃–ဦးဟာ အောက်ရောက် အထက်ရောက် ဖြစ်ပျက်နေအောင် ငါတေဇောက မီးရှို့ပေးပေအံ့။တေဇောက မီးရှို့ပေးလို့ ဝါယောက အားရှိပြီးတွန်းကန်ရတယ်၊ ဝါယောက တွန်းကန်လို့ ပထဝီနှင့် အာပေါတို့ တဲ့ပြီးပြေးနေရတယ်။

လူပြိန်းနားလယ်အောင်သာ ပြောရတာပါ၊အမှန်စင်စစ်တော့ ပထဝီက ကျန်ဓာတ် ၃-ပါးကို ခံ၍ပေးပါသည်။ အာပေါက ကျန်ဓာတ် ၃–ပါးကို ဖွဲ့စည်းပေးပါသည်။ ဝါယောက ကျန်ဓာတ် ၃–ပါးကို ထောက်ခံလှုပ်ရှားစေပါသည်။တေဇောက ကျန်ဓာတ် ၃–ပါးကိုပျက်စေ ဖြစ်စေပါသည်။ ။ (ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ) အရတည်း။

## (၂၈၈) ခန္ဓာကိုယ်ကြီးထဲ၌လည်း ဤပုံစံပင်

ခန္ဓာကိုယ်ကြီးဟာ ထမင်းမစားရသေးမီ ဟာတာတာဖြစ်၍ နေပေ၏။ ထမင်းစားတော့ အာဟာရပထဝီတွေဟာ သူ့ကလာပ်နှင့် သူပြန့်ကြဲလျက် မြူမှုန်ပမာလိုဖြစ်၍ နေပါတယ်။အာပေါက ဖွဲ့စည်း၍ပေးပါရော၊တေဇောက ပူမီး, ဇမီးနှင့် ရှို့ပေးပါရော၊ ဝါယောက ကံရှိန်ရပြီး တွန်းကန်၊ ကိုယ် အရပ်ရပ်၌ပျံ့နှံ့အောင် မှုတ်လွှင့်ကာပေး၍နေပေ၏။၎င်းအတိုင်း ပထဝီတွေ အနှံ့အပြား ရောက်တော့ အာပေါက ဖွဲ့စည်း ပေးပြန်ရာ၊ အသားကဲ့သို့ တသားထဲ တခဲထဲ တလုံးထဲဖြစ်၍ ဒါအသားဘဲဟု-ထင်မှားကြရပါသည်။

အစာများ ဝမ်းထဲသို့ ရောက်တော့ ပါစက ဓာတ်မီးက ချက်၍ ဖြစ်ပါတယ်။ ချက်ပြစ်တော့ ပထဝီတွေဟာ ဖရိုဖရဲ ဖြန့်ကြဲနေတယ်။ ထိုအခါ ဝါယောက မှုတ်လွှင့်၍ ပေးပြန်တယ်။ မှုတ်လွှင့်ပေးလို့ တကိုယ်လုံး ပျံ့နှံ့တော့ အာပေါက ဖွဲ့စည်း၍ ထားလိုက်တယ်။

ငါပြုတာကိုမတွေ့ရပါ၊သူပြုတာကိုမတွေ့ရပါ၊ဖန်ဆင်းတာကိုမတွေ့ရပါ၊ ဓာတ်ကြီးလေးပါးတို့၏ အချင်းချင်း ကျေးဇူးပြုနေပုံ၊ ပရမတ္ထသစ္စာကိုသာ တွေ့ရပါသည်။ အမှန်မြင်တည်း။ (သကတ္တ ပရတ္တံ ဓာရေတိတိ ဓာတု) ဓာတ်သဘောပြုနေပုံ အနတ္တကိုတွေ့ရပါသည်။

## (၂၇၉) အနိစ္စ စတုက္က ခွဲပြနည်း

အနိစ္စ၊ အနိစ္စ လက္ခဏာ၊ အနိစ္စာ နုပဿနာ၊ အနိစ္စ ဝိပဿာဂီ ဟူ၍ လေးမျိုးရှိခဲ့ရာ။

(၁) အနိစ္စဆိုတာက ရုပ်နာမ်တရားသာတည်း။ (၂) အနိစ္စလက္ခဏာ ဆိုတာကတော့၊ ရုပ်နာမ်တို့၏ အဖြစ်နှင့် အပျက်သာတည်း။ (၃) အနိစ္စာ နုပဿနာဆိုတာက ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ကိုယ်တွေ့ရှာ၍ ဉာဏ်၌ ထင်မြင်အောင် ရှု၍နေခြင်းတည်း။ (၄) အနိစ္စဝိပဿာဂီ ဆိုတာက ရုပ်နာမ် တို့၏ ဖြစ်ပျက်လို့ ထပ်တလဲလဲရှု၍ ငြီးငွေ့နေခြင်းပင်တည်း။

## (၂၈၀) ဒုက္ခ စတုက္က ခွဲပြနည်း

ဒုက္ခ၊ဒုက္ခလက္ခဏာ၊ဒုက္ခာနုပဿနာ၊ဒုက္ခ ဝိပဿာဂီ ဟူ၍ လေးမျိုးရှိခဲ့ရာ။

(၁) ဒုက္ခဆိုတာက ရုပ်နာမ် တရားသာတည်း။ (၂) ဒုက္ခလက္ခဏာ ဆိုတာက ရုပ်နာမ်၏ အဖြစ်နှင့်အပျက် သာတည်း။ (၃) ဒုက္ခာနုပဿနာ ဆိုတာက ရုပ်နာမ်တို့၏အဖြစ်အပျက်ကို ဉာဏ်၌ထင်မြင်အောင် ကိုယ်တွေ့ ရှာ၍ရှုပွါးခြင်းတည်း။ (၄) ဒုက္ခဝိပဿာဂီဆိုတာက ရုပ်နာမ်တို့၏ဖြစ်ပျက်ကို ထပ်တလဲလဲရှု၍ ငြီးငွေ့နေခြင်းတည်း။

## (၂၈၁) အနတ္တ စတုက္က ခွဲပြနည်း

အနတ္တ၊ အနတ္တလက္ခဏာ၊အနတ္တာနုပဿနာ၊အနတ္တ ဝိပဿာဂီ ဟူ၍ ၄-မျိုးရှိခဲ့ရာ။

(၁) အနတ္တဆိုတာက ရုပ်နာမ်တရားသာတည်း။ (၂) အနတ္တလက္ခဏာ ဆိုတာက ရုပ်နာမ်တို့၏အဖြစ်နှင့် အပျက်သာတည်း။ (၃)အနတ္တာနုပဿနာ ဆိုတာက ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ဉာဏ်၌ ထင်မြင်အောင် ကိုယ် တွေ့ရှာ၍ ရှုပွါးခြင်းတည်း။ (၄) အနတ္တ ဝိပဿာဂီ ဆိုတာက ဖြစ်ပျက်ကို ထပ်ကလဲလဲရှု၍ ငြီးငွေ့လျက်နေခြင်းတည်း။

ရှင်နားမိတွေ့ကား၊ စွာဘွစ္ဆာ၊ မှတ်ကြ ဉာဏ်အပေါ်။
ဤသို့တွေ့မှ၊ နိဗ္ဗာန၊ ရောက်ရ လမ်းမချော်။

## (၂၉၆) ဝိနည်းဖြင့် ထေဒင် ပဟာန် ခွဲခြားပုံမှာ

ခေါင်း၌ ငါမရှိ။ လက်နှစ်ဖက်၌ ငါမရှိ။ ခြေနှစ်ဖက်၌ ငါမရှိ။ ကိုယ်၌ ငါမရှိ၊ သူမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ—စသော ၁၆-မျိုးခွဲ ၂၆-မျိုး ခွဲကြပါကုန်။

## (၂၉၇) သုတ္တန်နည်းဖြင့် ဝိက္ခမ္ဘနပဟာန် ခွဲခြားပုံမှာ

ဆံပင်၊မွေးညှင်း၊ခြေသည်း၊လက်သည်း၊သွား၊ အရေ၊အသား၊ အကြော၊ အရိုး၊ရိုးတွင်းခြင်ဆီ၊အညှို့၊နှလုံး၊အသဲ၊အမြှေး၊ အဖျဉ်း၊အဆုတ်၊အူမ၊အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊ ၃၂-ကောဋ္ဌာသ၌ ငါမရှိ၊သူမရှိ၊ပုဂ္ဂိုလ်မရှိ၊သတ္တဝါမရှိ—စသော ၁၆-ပါး ၂၆-ပါးဖြင့် ခွဲခြားကြပါလေ။ ၃၂-ကောဋ္ဌာသ၌ အစုအားဖြင့်လဲ ငါမရှိ၊ သူမရှိပါ။ တခုစီ အားဖြင့်လဲ ငါမရှိ၊ သူမရှိပါ။ ခွဲခြားနည်း ၂၆-ပါးဆိုတာ အနတ္တ ၂၆-ပါးကို ဆိုပါသည်။

## (၂၉၈) အဘိဓမ္မာနည်းဖြင့် သမုစ္ဆေဒပဟာန် ခွဲခြားပုံမှာ

ရှရှစသောပထဝီဓာတ် ၁၃-ပါး၌ ငါမရှိ၊သူမရှိ၊ ၁၆-ပါး၊ ၂၆-ပါးမရှိပါ။
စေးထန်းစသောအာပေါဓာတ် ၂-ပါး၌ငါမရှိ၊သူမရှိ၊၁၆၊ ၂၆-ပါးမရှိပါ။
တုန်လှုပ်စသောဝါယောဓာတ်၁၁-ပါး၌ငါမရှိ၊သူမရှိ၊၁၆၊ ၂၆-ပါးမရှိပါ။
ပူစေသော တေဇောဓာတ် ၆-ပါး၌ ငါမရှိ၊ သူမရှိ၊ ၁၆၊ ၂၆-ပါးမရှိပါ။

## (၂၉၉) သက္ကာယဒိဋ္ဌိ ၄-မျိုးခွဲပုံမှာ

(၁) အတိ ဩဠာရိက သက္ကာယဒိဋ္ဌိကို နာမရူပ ပရိစ္ဆေဒဖြင့်ခွါရသည်။
(၂) ဩဠာရိက သက္ကာယဒိဋ္ဌိကို ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့် ခွါရသည်။
(၃) သုခုမ သက္ကာယဒိဋ္ဌိကို ဝိပဿနာဉာဏ် ၁၀-ပါးဖြင့် ခွါရသည်။
(၄) အတိသုခုမ သက္ကာယဒိဋ္ဌိကို မဂ်ဉာဏ်ဖြင့် ခွါရသည်။

## (၃၀၀) ပဿနာအမြင်နှင့် ဝိပဿနာအမြင် ၂-မျိုး

ဝိမပါသော (ပဿနာ) အမြင်ကား ငါဘဲ၊သူဘဲ၊လူဘဲ၊နတ်ဘဲ၊ဗြဟ္မာဘဲ စသော အစွဲကြီး ၁၆-ပါး၊ အစွဲကြီး ၂၆-ပါးဖြင့် မြင်၍နေကြပါသည်။ ဝိပါသော (ဝိပဿနာ) အမြင်ကား ရုပ်ဘဲ၊ နာမ်ဘဲ၊ ခန္ဓာဘဲ၊ အာယတနဘဲ၊ ဓာတ်ဘဲ၊ သစ္စာဘဲ၊ သဘောဘဲ၊ သင်္ခါရဘဲ – စသော ၁၆-ပါး ခွါ၍ ငင်း၊ အတ္တဒိဋ္ဌိကြီး ၂၆-ပါးခွါ၍ငင်း ပရမတ္ထ သဘော တွေ့အောင် မြင်ကြပါသည်။

## (၃၀၁) သုတ၊ စိန္တာ၊ ဘာဝနာမယဉာဏ် ၃-ပါးဖြင့် မြင်ပုံကား

(၁) ရုပ်နာမ်,ခန္ဓာ၊ ဓာတ်,သစ္စာ၊အာယတန၊အနိစ္စ၊ဒုက္ခ၊အနတ္တသဘော တွေကို သုညာစေတသိက်၊ သညာသိ၊ သုတမယဖြင့် သိကြပါသည်။

(၂) ရုပ်နာမ်,ခန္ဓာ၊ဓာတ်,သစ္စာ၊အာယတန၊အနိစ္စ၊ဒုက္ခ၊အနတ္တ သဘော တွေကို ဝိတက်စေတသိက်၊ဝိတက်သိ၊ စိန္တာမယဉာဏ်ဖြင့် သိကြပါသည်။

(၃) ရုပ်နာမ်,ခန္ဓာ၊ ဓာတ်,သစ္စာ၊အာယတန၊အနိစ္စ၊ဒုက္ခ၊အနတ္တသဘော တွေကို ပညာစေတသိက်၊ပညာသိ၊ဘာဝနာမယဉာဏ်ဖြင့် သိကြပါသည်။

## (၃၀၂) ဒိဋ္ဌိခွါပုံ ပထမ-ဒု-တ-စ-ပဉ္စမ

**ပထမတန်းဒိဋ္ဌိ ခွါပုံမှာ** (၁) ကမ္ဘာ မြေကြီး (၂၄၀၀၀၀) သည်၊ ငါမဟုတ်၊ သူမဟုတ်ပါ။ (၂) ရေအထု (၄၈၀၀၀၀) သည်၊ ငါမဟုတ်၊ သူမဟုတ်ပါ။(၃)လေအထုကြီး(၉၆၀၀၀၀)သည်၊ငါမဟုတ်၊သူမဟုတ်ပါ။ (၄) ကမ္ဘာမီးမှစ၍ မီးအားလုံးသည်၊ ငါမဟုတ်၊ သူမဟုတ်ပါ။ ဤကား ပထမတန်းသက္ကာယဒိဋ္ဌိ ခွါပြစ်ပုံတည်း။

**ဒုတိယတန်းဒိဋ္ဌိ ခွါပုံမှာ** (၁) ကေသာလောမာ–စသော ပထဝီဓာတ် ၂၀-သည်၊ ငါမဟုတ်၊ သူမဟုတ်ပါ။ (၂) ပိတ္တံ–စသော အာပေါဓာတ် ၁၂-ပါးသည်၊ငါမဟုတ်၊သူမဟုတ်ပါ။ (၃) ဥဒ္ဓင်္ဂမ–စသော ဝါယောဓာတ် ၆-ပါးသည်၊ငါမဟုတ်၊သူမဟုတ်ပါ။ (၄) ပါစက–စသော တေဇောဓာတ် ၄၊ ၅၊ ၆-ပါး သည်၊ ငါမဟုတ်၊ သူမဟုတ်ပါ။ ဤကား ဒုတိယတန်း သက္ကာယဒိဋ္ဌိ ခွါပြစ်ပုံဘည်း။

**တတိယတန်း ဒိဋ္ဌိခွါပုံမှာ** (၁) မြေကြီးခြောက်ခြောက် ရေစိမ်တော့ ကြွမ်းကြွမ်း ပထဝီပျောက်၍ နူးနူးပထဝီ ပေါ်ရသည်။ ၎င်းကြွမ်းကြွမ်းရော နူးနူးရော ငါမဟုတ်၊ သူမဟုတ်ပါ။ (၂) သစ်ရွက်စိုစိုရှူးပြီး နေလှမ်းတော့၊ ဖွဲ့စေးဓာတ်များ ခန်းခြောက်သွားသည်။ ၎င်းဖွဲ့စေးဓာတ်သည်၊ ငါမဟုတ်၊ သူမဟုတ်ပါ။ (၃) ဂိမှန္တဥတု၊ နွေအခါ ရောက်လျှင် နေဓာတ်၏ အရှိန် ကြောင့်၊ပူပူတွေ့ရသည်။၎င်းပူပူကား ငါမဟုတ်၊သူမဟုတ်ပါ။(၄` သစ်ရွက် များကို လေခတ်လျှင် လှုပ်ရှ ယိမ်းယိုင်ရသည်။ ၎င်း လေ ဓာတ် သည်၊ ငါမဟုတ်၊ သူမဟုတ်ပါ။အဲဒါလို ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဓာတ် ၄-ပါးကို ကြံစည်၍ ဒိဋ္ဌိခွါခြင်းသည်၊ တတိယတန်း စိန္တာမယနည်းဖြင့် သက္ကာယဒိဋ္ဌိ ခွါပြစ်ပုံတည်း။

**စတုတ္ထတန်း ဒိဋ္ဌိခွါပုံမှာ** (၁) လက်ကောက်ဝတ်သွေးတိုးရာ၌ လက် ဖြင့် စမ်းကြည့်တော့ ဒိတ်ဒိတ်၊ ဒိတ်ဒိတ်နှင့် ဖြစ်သော ဝိပရိဏာမ၊ ရုပ္ပန လက္ခဏာကို တွေ့ရသည်။ လာလာထိတာကား ပထဝီတည်း။ (၂) စေး ထန်းထန်းကား အာပေါတည်း။ (၃) ပူကြောကား တေဇောတည်း။ (၄) လှုပ် နေတာကား ဝါယောတည်း။ ဤဓာတ်ကြီး ၄-ပါး၌ ငါမရှိ၊ သူမရှိ၊ ဒိဋ္ဌိ ကွာသည်။ အဲဒါ အတ္တ၊ ဗျာပါရနှင့် ဒိဋ္ဌိခွါပုံတည်း။

**ပဉ္စမတန်းဒိဋ္ဌိခွါပုံမှာ** ငယ်ထိပ်၌ ဖြစ်စေ၊ နှာသီးဖျား၌ ဖြစ်စေ၊ ရင် ချိုင့်၌ဖြစ်စေ၊ သတိထားတော့ သမာဓိရလာသည်။ သမာဓိရရှိတော့ တကိုယ်လုံး၌ ရွရွစသော ပထဝီဓာတ် ၁၃-ပါး၊ စေးထန်း စသော အာပေါ ဓာတ် ၂-ပါး၊ ပူစသော တေဇောဓာတ် ၆-ပါး၊ လှုပ်ရှားစသော ဝါယော ဓာတ် ၁၁-ပါးတို့သည်၊ ပွက်ပွက်ပေါ်၊ ဟိုနေရာကပေါ် ဒီနေရာကပေါ်နှင့် ပေါ်နေကြသည်။ အရှိန်ကောင်း၍ လာတော့ ထမင်းစားရင်းလဲ ပေါ်၊ အိပ်ရင်းလဲပေါ်၊ စာကြည့်ရင်းလဲပေါ်။ ဤကဲ့သို့ ဗျာပါရမပိုက်ရဘဲ အနတ္တ အနေဖြင့် ဓာတ်ကြီး ၄-ပါး ပေါ်နေတော့၊ ၎င်းဓာတ်ကြီး ၄-ပါးသည်၊ ငါမဟုတ်၊ သူမဟုတ်ပါ။ ဓာတ်ကြီး ၄-ပါးသာဟုတ်၍ ဒိဋ္ဌိပြုတ်တော့၏။ ဤကား အနတ္တ၊ အဗျာပါရ၊ ပဉ္စမနည်းဖြင့် သက္ကာယဒိဋ္ဌိခွါပြစ်ပုံတည်း။

သက္ကာယဒိဋ္ဌိခွါပုံ ဤငါးမျိုး၏ အကျယ်မှာ သာသန ဝိနိစ္ဆယရှင်းတမ်းကြီး ကျမ်း၌ (၃၆) နံပါတ်က စ၍ ရှုထွင်းရေးသားပြီးဖြစ်၍ ဤနေရာ၌ အကျဉ်းချုံး ဆိုပါသည်။

## (၃၀၃) ကိုယ်တွေ့ (၄) တခန်း

လက်သည်လေးဦး၊ တဦးမှ အတ္တသဘောမရှိကြ။ ၄-ဦးစလုံး အနတ္တ ချည်းသာတည်း။ (၁) ကိုယ်ကာယပသာဒ၊ (၂) နှမာပ္ပထဝီ၊ (၃) တွေ့ စရာဖေါဋ္ဌဗ္ဗ၊ (၄) နှလုံးသွင်းမနသိကာရ၊ ၎င်းတို့လှုံ့ဆော်မှုကြောင့် ထိမှု ဖြစ်၍ ရှုရပါသည်။ စစ်ဆေး၍ကြည့်တော့ (၁) ကိုယ်ကာယပသာဒကလဲ ကျွန်ုပ်တဦးထဲနှင့် ထိမှု-ရှုမှုမဖြစ်နိုင်ပါ။ နှမာပထဝီက ကူညီမှသာဖြစ်နိုင် ပါသည်။ (၂) နှမာပထဝီကလဲ ကျွန်ုပ်တဦးထဲ ထိမှု-ရှုမှု မဖြစ်နိုင်ပါ။ တွေ့ထိစရာ ဖေါဋ္ဌဗ္ဗရှိမှ ကူညီမှသာဖြစ်နိုင်ပါသည်တဲ့။ (၃) တွေ့ထိစရာ ဖေါဋ္ဌဗ္ဗကလဲ ကျွန်ုပ်တခုထဲနဲ့ ထိမှု-ရှုမှုမဖြစ်နိုင်ပါ။ နှလုံးသွင်းမှု မနသိ ကာရက ကူညီမှသာ ဖြစ်နိုင်ပါသတဲ့။ (၄) နှလုံးသွင်းမှု မနသိကာရကလဲ ကျွန်ုပ်တဦးထဲနှင့် ထိမှု-ရှုမှုမဖြစ်နိုင်ပါ။ ကိုယ်ကာယပသာဒက ကူညီမှ ဖြစ်နိုင်ပါသတဲ့။ အဲဒါလို ဟိုလွှဲချ ဒီလွှဲချနှင့် တာဝန်လွှဲ၍သာ ချနေကြရာ၊ တဦးတဦး၌ အတ္တသဘောဆိုဘာမျှမရှိ၊ အနတ္တသဘောသာ ပေါ်လောကြီး ပြ၍နေတော့၏။

## (၃၀၄) ကိုယ်တွေ့ (၅) တခန်း၌ ဋ္ဌာန်လေးပါး

(၁) ဖေါဋ္ဌဗ္ဗာဘိဃဋ္ဋနာရပဟ ဘူတပ္ပသာဒလက္ခဏာ၊ ဖေါဋ္ဌဗ္ဗာရုံကို ထိခိုက်ခြင်း၄ါထိုက်တဲ့ မဟာဘုတ်လေးပါးတို့ ကြည်လင်ရခြင်းသဘော (လက္ခဏာပါဘဲ) (၂) ဖေါဋ္ဌဗ္ဗေသု အာဝိဥ္ဆနရသာ၊ ဖေါဋ္ဌဗ္ဗာရုံကို ဆွဲဆောင် ရတဲ့ ကိစ္စအမှုအရာရှိ၏။ (ရသပါဘဲ) (၃) ကာယဝိညာဏဿအာဓာရ ဘာဝပစ္စုပဋ္ဌာနာ၊ ကာယဝိညာဉ်၏ တည်ရာဌာန အဖြစ်ဖြင့် ဖြစ်နေရတဲ့ အကျိုးထင်၏။ (ပစ္စုပဋ္ဌာန်ပါဘဲ) (၄) ဖုသိတုကာမတာနိဒါန ကမ္မဇဘူတ ပဒဋ္ဌာနာ၊ တွေ့ထိလိုတဲ့ အကြောင်းရင်းအရ ပြုလုပ် အားထုတ်ဘူးတဲ့ အရှိန်အစုတွင် ပါဝင်သည့် ဓာတ်ကြီး လေးပါးတို့ နိုးကပ်မှုအကြောင်း ကြောင့် ဖြစ်ရ၏။ (ပဒဋ္ဌာန်တည်း။)

## နိဒါန်းစကား

## (၃၀၅) တရားသည် မည်မျှအဘိုးထိုက်သနည်း

### မေးပြီ

လောကကြီးတခုလုံးတွင် အဘိုးအထိုက်တန်ဆုံးကို ရှာသော်၊ တရားတခုကိုသာ တွေ့ရတော့၏။တရားမှတပါး အဘိုးအထိုက်ဆုံးကို မတွေ့ရချေ၊ နိဗ္ဗာန်တရားတော်သည် ဘုရားရှင်တို့၏ အားထားရာပင်ဖြစ်၏။

## တရားတခုအတွက်ကြောင့်

တိုင်းစွန့် ပြည်စွန့် သားစွန့် မယားစွန့် ထီးစွန့် နန်းစွန့် ကြဥ္စနန်းစွန့် စသော က, ခ, ဂ, ဃ, င, စ, ဆ, ဇ, ဈ, ည, ဋ, ဌ, ဍ တိုင်အောင် စွန့်လွှတ်၍ တရားရှာရပုံကို သိစေလို၍ (၁) ပုဏ္ဏသာတိဘုရင် တရားရှာရပုံ၊ (၂) မဟာကပ္ပိန္နမင်းနှင့် မှူးမတ်တထောင်တို့ တရားရှာရပုံ၊ (၃) အနော်ဇာ ဒေဝီ မိဖုရားနှင့် အမတ်ကတော် တထောင်တို့ တရားရှာရပုံ၊ (၄) ကဋ္ဌဝါဟန မင်းနှင့် အမတ် ငါးသောင်းတို့ တရားရှာပုံ၊ (၅) ဗာဝရီပုဏ္ဏားကြီးနှင့် တပည့်ငါးသောင်းတို့ တရားရှာရပုံ။

## (၃၀၆) နေ့ခါမှ အဆီညှစ်၍ အနှစ်ကို ရှာကြံပုံကား

(၁) ဗဟူနံ ကိလေသာနံ သာခရဏဘာဝေန အသာရဿ နာမဿ ခယ ဝယေ ဘာဝနာ သာရော။ ။(ဒသနိပါတ် ကဏှဇာတ်အဋ္ဌကထာတည်း။)

ဗဟူနံ၊ များပြားလှစွာကုန်သော။ ကိလေသာနံ၊ မစင်ကြေးညှော် အပုပ်ရည်အပုပ်ခဲ၊ အပုပ်ချွဲနှင့် တူသော တထောင့်ငါးရာ ကိလေသာဘင်ပုပ်တို့နှင့်။ သာခရဏဘာဝေန၊ အမြဲကပ်ညှိလျက် ဆက်ဆံသည်၏ အဖြစ်ကြောင့်။ နာမံ၊ အသက်ဝိညာဉ်ဟု ထင်မှားရသော နာမ်တရား အသက်သည်။ အသာရံ၊ စင်စစ်အားဖြင့် အနှစ်သာရ မရှိပေ။ အသာရဿ၊ လုံးလုံးကြီး အနှစ်သာရမရှိသော။ နာမဿ၊ အသက်နာမ်၏။ ခယဝယေ၊ ကုန်ခန်းခြင်းပျက်စီးခြင်း၌။ ဘာဝနာ၊ ပွါးများလျက်နေခြင်းသည်။ သာရော၊ အနှစ်သာရမည်ပေ၏။

အသက်ဝိညာဉ်ဆိုတဲ့ နာမ်သည်၊ ၁၅၁၀-ကိလေသာတို့နှင့် ဆက်ဆံနေရကား စင်စစ် အနှစ်သာရမရှိချေ။ အနှစ်မရှိရာမှ အနှစ်ရအောင် ထုတ်လိုသော်၊ ခယ၊ ဝယဖြင့် ဘာဝနာပွါးများပါလေ။ ဆဲဒါမှ အနှစ်သာရ ကေန်ဖြစ်သည်။

(၃၀၇) ၂—ပဋ္ဌနံ့ ဝေရာနံ့ သာဓာရဏာဘာဝေန အသာရဃ ဝနေသာ ဒါနံ့ သာရော။ ။ငှင်းပင်။

ပဋ္ဌနံ့ဝေရာနံ့၊ ရန်သူမျိုးငါးပါးတို့နှင့်။ သာဓာရဏာဘာဝေန၊ ဆက်ဆံသည်၏ အဖြစ်ကြောင့်။ အသာရဃ၊ အနှစ်မရှိသော။ ဝနေသ၊ ရွှေငွေဥစ္စာ၏။ ဒါနံ၊ ပေးလှူခြင်းသည်။ သာရော၊ အနှစ်သာရဖြစ်ပေ၏။ ။ရွှေငွေဘဏ္ဍာ ဥစ္စာတို့သည်၊ ရန်သူမျိုး ငါးပါးနှင့် ဆက်ဆံနေရကား၊ စင်စစ် အနှစ်သာရမရှိပေ။ အနှစ်သာရ ရအောင် ထုတ်လိုသော် အလှူပေးလေ။ ဆဲဒါမှ အနှစ်သာရဖြစ်သည်။

(၃၀၈) ၃—ဗဟုရောဂ သာဓာရဏာဘာဝေန အသာရဃ ကာယဿ သီလဝန္တေသု အဘိဝါဒနာဒိကမ္မံ သာရော။ ။ (ဒသနိပါတ် ကဏ္ဍ ဓာတ်အဋ္ဌကထာတည်း။)

ဗဟုရောဂသာဓာရဏာဘာဝေန၊ များစွာသော ၉၆—ဖြာ ရောဂါနှင့် ဆက်ဆံခြင်းကြောင့်။ အသာရဃ၊ အနှစ်မရှိသော။ ကာယဿ၊ ခန္ဓာကိုယ်ကြီး၏။ သီလဝန္တေသု၊ သီလရှိသော သူတို့၌။ အဘိဝါဒနာဒိကမ္မံ၊ ရှိခိုးခြင်း အရိုအသေပြုခြင်း၊ ဝေယျာဝစ္စပြုခြင်းသည်သာလျှင်။ သာရော၊ အနှစ်သာရဖြစ်ပေ၏။

ခန္ဓာကိုယ်ကြီးသည်၊ ၉၆—ဖြာသောရောဂါတို့နှင့် ဆက်ဆံနေရကား၊ စင်စစ် အနှစ်သာရမရှိပေ။ အနှစ်ထုတ်လိုသော်၊ သီလရှိသောသူတို့အား ရှိခိုးခြင်း အရိုအသေပြုခြင်း ဝေယျာဝစ္စပြုခြင်းလုပ်ရာ၏။ ဆဲဒါမှ အနှစ်သာရ အစစ်တည်း။ ။ပုဏ္ဏသာတိစသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် အာဇာနည်တို့သည်လည်း ခန္ဓာမှ အနှစ်ထုတ်ယူပုံ၊ စိတ်နာမ်မှ အနှစ်ထုတ်ယူပုံ၊ ဥစ္စာမှ အနှစ်ထုတ်ယူပုံတို့ကို သိရ၍၊ ငါတို့လည်း လုံးလုံး အရှုံးမပေးကြဘဲ သာသနာတော်ကြီးမှ အထိုက်အလိုက်ရစေရန် ရေးသားရပေသတည်း။

နိဒါန်းစကား ပြီး၏။

## (၃၀၉) ပုဏ္ဏသာတိမင်း မဇ္ဈိမဒေသနေခဲ့ဖြစ်ခဲ့

လူတွေကအရပ်ရပ်၊နတ်တွေကအဖြာဖြာ၊ ဗြဟ္မာတွေကအလုံးစုံ၊သုံးဘုံလုံး၏မကိုင် သရဖူ၊အမတာတိုက်သို့ ဆောင်ပို့သူ၊ ဘုန်းတော်ခြောက်ဆူ၊ တန်းခွန်ထူ၍ပြိုင်သူကင်းပ၊ဝင်းဝင်းကြီးနှင့်လှလျက်၊သဣုဘဂ္ဂ၊အနန္တဟု၊ ဘဝဂ်မက အောင်တော်မူသော ငါတို့သခင် ဘုရင်ထွဋ်ထား၊ မြတ်စွာဘုရားသည်၊ ပွင့်တော်မူစ၊အခါသယ၌၊မဇ္ဈိမဒေသ၊အဝန်းယူဇနာ ကိုးရာအတွင်းဝယ်၊ သက္ကတိုင်း၊ ဘဂ္ဂတိုင်း၊ အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကာသိတိုင်း၊ ကောသလတိုင်း၊ ဝဇ္ဇီတိုင်း၊ ဝံသတိုင်း၊ စေတိယတိုင်း အစရှိသော တိုင်းကြီးက တဆယ့်ခြောက်တိုင်း၊ပြည်ကြီးက တဆယ့်ခြောက်ပြည်အဝင်အပါဖြစ်သောမဂဓတိုင်းရာဇဂြိုဟ်ပြည်ကြီးကို စည်ထီးနှင့်တကွ အုပ်စိုးတော်မူသောမင်းမြတ်သည်ကား သောတာပန်တည်ပြီးသောဗိမ္ဗိသာရမင်းမြတ်ကြီးပင်ဖြစ်လေတော့၏။ ထိုမင်းနှင့်အတူ ဘိီးပြိုင် နန်းပြိုင်၊ စခန်းပိုင်ပိုင်ဖြင့် နန်းထိုင်သောမင်းသည်ကား၊ဂန္ဓာရတိုင်း၊တက္ကသိုလ်ပြည်က ပုက္ကုသာတိဘုရင်မင်းမြတ်ပင် ဖြစ်လေတော့၏။ ထိုမင်း ၂-ပါးသည်ကား တဦးက မဇ္ဈိမဒေသအတွင်းဖြစ်၍၊ ကျန်တဦးက ပစ္စန္တရာဇ်ဒေသ၌ဖြစ်လေ၏။

တရံရောအခါ၌၊ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သား ကုန်သည်များသည်၊ ကုန်သွယ်ခြင်း အကျိုးငှါ မိမိတို့၏ တိုင်းပြည်မှ ဘဏ္ဍာများကို ယူဆောင်ပြီး မဂဓတိုင်း ရာဇဂြိုဟ်ပြည်သို့ သွားကြကုန်၏။ ရာဇဂြိုဟ်ပြည်သို့ရောက်လျှင် လက်ဆောင်ပဏ္ဏာများယူ၍ ဗိမ္ဗိသာရ မင်းကြီးအား ဖူးမြင်ကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးလည်း ဧည့်သည်အာဂန္တုများကို မြင်လေလျှင် အမောင်တို့သည်၊ အဘယ်ပြည်သားများ ဖြစ်ကြကုန်သနည်းဟု မေးလေ၏။ ။အရှင်မင်းမြတ်—အကျွန်ုပ်တို့ကား ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်က ဖြစ်ကြပါသည်ဘုရား။ ။ထို့နောက်မှ တက္ကသိုလ်ပြည် ချမ်းသာပုံ၊ ဝပြောသာယာစွာရှိပုံ၊ မိုးကောင်းပုံ၊ ထားပြ သူခိုးစသော အမျိုးမျိုးသော ဘေးရန်တို့မှ ကင်းဝေး နေပုံတို့ကို မကြွင်းမကျန်ရအောင် မေး ပြီး မှ အမောင်တို့-အမောင်တို့၏ တိုင်းကြီးရှင်၊ပြည်ကြီးရှင် ဘုရင်ကား ဘယ်လို အမည်နာမ ရှိပါသလဲ။—

ပုက္ကုသာတိ ဘုရင်ဟု တွင်ပါသည်ဘုရား။

အင်းအင်း—ပုက္ကုသဆိုတာကတော့ ပန်းမှိုက်သွန်တဲ့၊ တိကတော့ လွန်မြောက်ခြင်းတဲ့။ ဒီနှစ်ရပ် ပေါင်း လိုက်တော့ ပန်း မှိုက် သွန် အမျိုးမှ

လွှန်မြောက်နေတဲ့ မင်းဟု ဆိုပါကလား။ နတ်ပြည်က နတ်သား,နတ်သမီး တွေဟာ ပန်းမိုက်သွန်မှုမှ လွှန်မြောက်နေကြတယ်။ဒါ့ကြောင့် ပုဏ္ဏားသာတိ ချည်းဘဲကွဲ။ သင်တို့ မင်းဟာလဲ နတ်မျိုး, နတ်နွယ်ဟု ဆိုလိုတာပေါ့။ နို့ပြီး မေးစမ်းပါရစေအုံး။

အမောင်တို့မင်းဟာ တရားများ စောင့်ပါ၍လားကွယ်။

အကျွန်ုပ်တို့ မင်းဟာ သင်္ဂဟဝတ္ထုလေးပါး၊ အပရိဟာနိယ တရား ခုနစ်ပါး၊ မင်းကျင့်တရားဆယ်ပါး–အစရှိသော ရာဇဂုဏ်တို့နှင့် စုံလင် အောင်ကျင့်၍ နေပါသည်။တိုင်းသူပြည်သား လူအများအားလည်း ရင်ခွင်၌ နေသော သားကို အမိက နှစ်သက်စေသကဲ့သို့၊ ရာဇဂုဏ်နှင့် ပြည့်စုံ ပါပေသည်။

အင်း-အင်း–သာခု-သာခု၊ အယွယ်မှာကော ဘယ်အသွယ်လောက် ရှိနေပြီလဲ။

ကုန်သည်တို့သည် မင်း၏အယွယ်ကို ပြောကြားလျှင် ဗိမ္ဗိသာရမင်းနှင့် အယွယ်တူလျက်ရှိနေပေ၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးက အမောင်တို့ မင်းဟာ ငါနှင့်အယွယ်လဲတူ၏။ တရားစောင့်ခြင်းလဲတူမျှ၏။ သို့အတွက် ကြောင့် ငါသည် အမောင်တို့ မင်းနှင့် မိတ်ဆွေဖွဲ့လိုပါသည်။ မိတ်ဆွေဖွဲ့၍ ပေးနိုင်ကြပါမည်လောဟု မေးတော့၏။ ။ကုန်သည်များကလည်း မိတ်ဆွေ ဖွဲ့၍ ပေးနိုင်ပါကြောင်းဖြင့် လျှောက်တင်ကြသောအခါ၊ ဗိမ္ဗိသာရမင်းကြီး သည်၊ တက္ကသိုလ်ပြည်သား ကုန်သည်များအား ကင်းခွန်၊ ကုန်ခွန်များကို ပ,လပ်စေ၍ တဲအိမ်များ ပေးစေပြီးလျှင် ကဲကဲ–အမောင်တို့ ပါလာတဲ့ ဘဏ္ဍာများကို ရောင်းချကြကုန်လော့။ ပြန်သောအခါ၌မူကား ငါ့ထံသို့ အရောက်လာ၍ ပြန်ကြဒါပေါ့ဟု–ဆို၍ လွှတ်လိုက်ပေတော့၏။

## (၃၁၀) မင်း ၂-ပါး မဟာမိတ်ဖွဲ့မှု

တက္ကသိုလ်ပြည်သား ကုန်သည်များလည်း၊ရောင်းချဝယ်ယူ၍ ကိစ္စများ ပြီးစီးကြလျှင် မင်းထံဝင်၍ပြန်ဘို့ရန် ခွင့်ပန်ကြလေ၏။ ။ထိုအခါ ဗိမ္ဗိသာရ မင်းကြီးက မှာလိုက်သည်ကား အမောင်တို့–သွားကြကုန်လော့။ ရောက်ပါ လျှင် ငါ၏စကားဖြင့် အနာရောဂါ ကင်းခြင်းစသော ပြောစရာ များကို ပြောကြား၍ ငါကပင် မိတ်ဆွေဖွဲ့လိုက်ကြောင်း ပြောပြကြပါကုန်ဟု မှာ၍ လွှတ်လိုက်လေသတည်း။ ။ကုန်သည်များသည် ပြန်သွား၍ တက္ကသိုလ်

ပြည်သို့ ရောက်လျှင် ပစ္စည်းများကို နေရာချထား၍ နံနက်စာ စားပြီးသော အခါ၊ ပုက္ကုသာတိ ဘုရင်အား ခစား ကြ ကုန် တော့၏။ မင်းကလည်း အိ-ကုန်သည်တို့-ဤလ ဤရက်အတွင်း၌ သင်တို့ကို မမြင်ရပါတကားဟု မေးလျှင် ရာဇဂြိုဟ်ပြည်၌ဖြစ်ခဲ့သမျှ အကြောင်းကို ရုံးပေါင်း၍ သံတော်ဦး တင်ကြကုန်၏။ ပုက္ကုသာတိဘုရင်လည်း လွန်မင်းစွာ အားရ နှစ်သက် တော်မူလှ၍ ကောင်းလေစွ-ကောင်းလေစွ-မောင်မင်းများ- ငါမင်းမြတ် သည် သင်တို့ကို အခိုပြု၍ သာလျှင် အချက်အချာ ကျလှသော ဒေသမှ မဟာမိတ်ကို ရရှိရပါပေသည် စသည်ဖြင့် ချီးကျူးမြွက်လေး၊ ဩဘာ ပေး၍ အရေးသူကာ ဆုလာဘ်တော်များပေးပြီး လွှတ်လိုက်တော့၏။

အခါတပါး၌ ရာဇဂြိုဟ်ပြည်သား ကုန်သည်များတို့သည်၊ ကုန်ရောင်း ကုန်သွယ်ကိစ္စဖြင့် တက္ကသိုလ်ပြည်သို့ ရောက်လာကြကုန်၏။မင်းတို့ လက် ဆောင်ပဏ္ဏာများသယ်၍ မင်းထံ ခစားကြကုန်၏။ ပုက္ကုသာတိမင်းလည်း ဘယ်အရပ် ဘယ်ပြည်၊ဘယ်ဌာနီက လာခဲ့ကြသနည်းဟု မေးရာ၊ကုန်သည် များက ရာဇဂြိုဟ်ပြည်က လာခဲ့ပါကြောင်း သံတော်ဦးတင်ကြ၏။ မင်းက ဩော်-ဒါဖြင့် ငါ၏မဟာမိတ် ဗိမ္ဗိသာရမင်း၏ထံမှဘဲကိုး၊ငါ့မိတ်ဆွေကြီး ကျန်းမာပါရဲ့လား၊ တိုင်းပြည် ချမ်းပါရဲ့လား၊ ဝပြောသာယာပါရဲ့လား စသည်ဖြင့် စကားကုန်အောင် မေးမြန်းရာ၊ အားလုံးကိုပင် သံတော်ဦးတင် ကြ၏။မင်းသည် မှူးမတ်သေနာပတိတို့ဘက်သို့ လှည့်ပြီး ကဲကဲဒီကနေ့က စ၍ ငါ့အသက် ကုန်သည် တိုင်အောင် ငါ့မိတ်ဆွေ၏ နိုင်ငံတော်မှ လာကြသော ခရီးသွား ဧည့်သည်၊ ကုန်သည် စသည်တို့အား နိုင်ငံတော်၌ နေသမျှ ကာလပတ်လုံး အခွန်ဘဏ္ဍာတော်လွတ်စေ၊စားဘို့၊ဝတ်ဘို့၊နေဘို့၊ တဲဘို့၊ခိုဘို့လည်း ပေးစေ-ဟုစည်လည်ထားကြ, မောင်မင်းများဟု-အမိန့် တော်ပြန်ထားလေသည်။

ဗိမ္ဗိသာရမင်းကလည်း ဤနည်းတူပင် တိုင်းပြည်၌ စည်လည်စေသည်။ ရောက်လာသမျှကို ချီးမြှောက်၍ ထားပေသည်။ ။ဤကား ရှေးရှေးမဟာ မိတ်မင်းတို့၏ စောင့်ရှောက်ကြပုံ၊ ကျေးဇူးပြုကြပုံ၊ ဆက်ဆံ ပေါင်းသင်း ကြပုံတည်း။

## (၁၁၁) မင်း ၂-ပါးအချင်းချင်း မှာကြပုံကား

အခါတပါးသော်၊ ဗိမ္ဗိသာရမင်းသည်၊ ပုက္ကုသာတိမင်းထံသို့ သဝဏ် လွှာစေလွှတ်၏။ အကြည်တော် ပုက္ကုသာတိ-ပစ္စန္တရာဇ်တိုင်းဒေသများ၌

ထူးထူးဆန်းဆန်း၊အံ့မခန်းနိုင်သော ရွှေ, ငွေ, ပုလဲ၊ ကြောင်မျက်ရွဲ၊ သန္တာ၊ ဝဇီရာ၊ ပတ္တမြားစသော ရတနာများ ပေါ်ပေါက်တတ်ပါသည်။ အကယ်၍ ဘုန်းကံအလျောက် ပေါ်ပေါက်ခဲ့ပါလျှင် အကျွန်ုပ်အား ဝန်မတိုပါနှင့် နှမြောစုံမက်၍ မဖွဲ့မခက်ဘဲ မလုပ်ပါနှင့် ရသင့်သမျှ သဟာယ ဖြစ်သည့် အတိုင်း ပို့ပေးလိမ့်မည်ဟု ယုံကြည်စိတ်ချ၍ နေပါသည်ဟု–သဝဏ်လွှာ ပို့လိုက်၏။

ပုဏ္ဏသာတိဘုရင်ကလည်း အကြည်တော်–အကြည်တော်တို့၏ မဇ္ဈိမ ဒေသ နေရာထူးဆိုတာ အထူးအဆန်းများ ပေါ်ပေါက်လာတတ်ပါသည်။ ထူးပေ့ ဆန်းပေ့ဆိုလျှင် မဇ္ဈိမဒေသ၌သာ ပေါ်မြဲဖြစ်ချေသည်။ အကယ်၍ အထူးအဆန်းများ ပေါ်ပေါက်ပါလျှင် အကျွန်ုပ်အား မမေ့ပါလင့်။အကျွန်ုပ် ဖြင့် အကြည်တော်၏ မေတ္တာတော်ကို ခိုလှုံ၍ အလွန်ပင် ယုံကြည်လျက် ရှိနေပါသည်။ ပို့လိမ့်မည်ဟု–များစွာပင် မြော်လင့်ပါကြောင်းဟု–သဝဏ် လွှာပို့ပေ၏။ ။ဤကား စိတ်ထားကြပုံ၊ ယုံကြည်ကြပုံတည်း။

## (၃၁၂) အပြန်အလှန် ဝို့ဆက်ကြပုံကား

ဤလိုနည်းဖြင့် ချစ်ကြည်လေးမြတ်စွာ ပေါင်းသင်းဆက်ဆံ၍ လာခဲ့ကြ ရာတွင် ပုဏ္ဏသာတိဘုရင်၌ ထူးဆန်းသော ပဏ္ဏာသည် ရောက်ရှိလာ၏။ ထိုပဏ္ဏာသည်ကား ၇စ်ထည်မျှရှိ၏။ အရောင်အဆင်း ပြောင်ပြောင်ဝင်း လျက် အဆင်း ငါး မျိုး ထွက်၍ နေပေ၏။ အဘိုး လည်း အတိုင်း မသိ ထိုက်တန်၏။ အလွန်ကောင်းသော ရတနာဟု–သမုတ်အပ်၏။ မင်းသည် ထိုရတနာကိုရလျှင် အထူးတလည် ရွှင်မြူးလျက်၊ ဤရတနာကို ငါ့အဆွေ တော်အားပို့အံ့–ဟု ဆုံးဖြတ်၍ကြုတ်အဆင့်ဆင့် အရစ်အပတ် အဆင့်ဆင့် ဖြင့် ထည့်ပြီး လျှင် မင်း၏ တံဆိပ် နှိပ်ခတ်၍ ရာဇဂြိုဟ်သို့ ပို့လိုက်၏။ တက္ကသိုလ်ပြည်သား မှူး မတ်တော်များလည်း ပဏ္ဏာ လက် ဆောင်ကို ယူသွား၍၊ မင်းအား ဆက်တော့၏။ ဗိမ္ဗိသာရမင်းကြီးသည်လည်း၊သတင်း စကားကြားလျှင် ပြည်၌ စည်လည်စေ၍၊ အမတ်အပေါင်းခြံရံလျက် ထီးဖြူ အောက်၌ မြတ်သောပလ္လင်ထက်၌တင်၍ကချပြီးတချဖွင့်ရာ၊ကြုတ်များစွာနှင့် သားသားနားနား ထည့်၍ ထားသော ကမ္ဗလာကို တွေ့မြင်ရလျှင် အတိုင်း တက် အလွန် ရွှင် လျက် အတွေ့လဲ နူးညံ့ လှ ပါပေသည်။ အဆင်းလဲ တပြောင်ပြောင်နှင့် အရောင်ကောင်းလှပါပေသည်။ အဆင်း ငါးမျိုးဖြင့် ယိုးယိုးရက်ရက် ဖြိုးဖြိုးဖြက်ဖြက်တန်းရုံးထွက်လှပါပေသည်။ အသက်နှင့်

တကိုယ် ယခုမှပင် တွေ့ရသည်ဟု ဆို၍၊လက်ချောင်းများခါလျက် စုတ်များ သပ်လျက် အံ့ဩမဆုံးဖြစ်ကြလေ၏။ ထိုကမ္ဗလာက ၅စ်ထည်ပင်တည်း။ တထည်လျှင် အလျားကဆယ့်ခြောက်တောင် အနံ၅စ်တောင်မျှစီ ရှိကြ၏။ မင်းရင်ပြင်၌ ပရိသတ်များကား အံ့ဩမဆုံး ချီးမွမ်းမဆုံးဖြစ်ကြရတော့၏။ ငါတို့မင်း၏ အဆွေတော် ပုက္ကုသာတိဘုရင်လည်း မမြင်ဘူးတဲ့ အဆွေတော် ဖြစ်ထားတောင်မှ ဤလို ထူးဆန်းလှသော လက်ဆောင်ပဏ္ဏာများ ပို့သပါပေသည်။ ဤလိုမိတ်ဆွေမျိုးနှင့် မိတ်ဖွဲ့ရခြင်းသည်၊မိတ်ဆွေဖွဲ့ရကျိုး နပ်လှပါပေသည်ဟု—ချီးမွမ်းလျက် ကိစ္စပြီးစီးလျှင် မိမိတို့နေအိမ်သို့ ပြန်ကြလေကုန်၏။

ဗိမ္ဗိသာရမင်းလည်း ကမ္ဗလာတို့ကို အဘိုးဖြတ်စေရာ၊ မည်သူမျှ အဘိုး မဖြတ်နိုင်ကုန်။ထိုကမ္ဗလာထဲက လေးခုကို ဘုရားသခင်အား လှူ၍၊ကမ္ဗလာ လေးခုကို မိမိ၏ နန်းတော်၌ သုံးစွဲရန် အသုံးအဆောင် ပြု၍ ထားလေ၏။ (ရှေးမင်းတို့ မဆွေရမရှိပုံကို ပြချက်တည်း။)

## (၃၁၃) ဗိမ္ဗိသာရဘုရင် ရတနာရွေးစေား

ကမ္ဗလာတို့ကိုရပြီးလျှင် ဗိမ္ဗိသာရဘုရင်သည် ကြံစည် စဉ်းစားခန်း ထုတ်လေ၏။ နောက်မှလက်ဆောင် ပဏ္ဏာပို့သူများသည်၊ ရှေးဦးစွာပို့သော သူထက် သာရမြဲ ဓမ္မတာရှိလေသည်။ ငါ့အဆွေတော်သည်၊ ငါ့ထံသို့ အဘိုးအတိုင်းမသိ ထိုက်တန်လှပေသော လက်ဆောင်ပဏ္ဏာ ကမ္ဗလာကို ပို့ပါပေသည်။ ငါမူကား သူ့ထက်သာအောင် ဘယ်ဟာကို ပို့ရပါအံ့နည်း။ ဤမင်းကား သာမန်မင်း မဟုတ်ချေတကား၊ အလွန်ပင် ဘုန်းတန်ခိုး ကြီးလှသော မင်းတဦးဖြစ်ပါပေသည်။ ဘာကိုပို့မှ သင့်တော်မြင့်မြတ်အံ့ နည်းဟု စဉ်းစားခန်းဖွင့်လေသတည်း။

> သောတာပန္နကာလတော ပဌာယ ထပေတွာ တိဏိရတနာနိ အညံ ရတနံ သောမနဿံ ဇနေတုံ သမတ္ထံနာမ နတ္ထိ။ ။ဥပရိ ပဏ္ဏာသအဋ္ဌကထာ၊ နံပါတ်-၁၇၆၊ ၂၇-ကြောင်း။

အဿ၊ ထိုဗိမ္ဗိသာရမင်းကြီးအား။ သောတာပန္နကာလတော၊ သောတာ ပန်တည်ပြီးသည်မှ။ ပဌာယ၊ အစပြု၍။ တိဏိရတနာနိ၊ ဘုရား, တရား, သံဃာဟူသော ရတနာမြတ် ၃—ပါးတို့ကို။ ထပေတွာ၊ ထား၍။ အညံ

ရတနံ၊ တပါးသောရတနာကို။ သောမနဿံ၊ ဝမ်းမြောက်ခြင်းကို။ ဇနေတုံ၊ ဖြစ်စေခြင်းငှါ။ သမတ္ထံနာမ၊ စွမ်းနိုင်သည်မည်သည်။ နတ္ထိ၊ မရှိချေ။

သောတာပန်များဟာ ဘုရား,တရား,သံဃာဆိုတဲ့ ရတနာသုံးပါးကိုသာ အလေးအမြတ်ထားပြီး ဝမ်းမြောက်ခြင်းဖြစ်ကြပေတယ်။အခြားရတနာများ အပေါ်၌မူကား၊ နှစ်နှစ်ကာကာမရှိ။ ပေါ့ပျက်ပျက်ပင်သဘောထားကြ၏။ ဤကား သောတာပန်တို့၏ ဓမ္မတာတည်း။ ။ထို့ကြောင့် မိမ္ဗိသာရ မင်းကြီးသည်၊ လောကုတ္တရာ ရတနာကိုသာ အဓိကထား၍၊ လက်ဆောင် ပဏ္ဏာကာရ အဖြစ်ဖြင့်ပို့သရန် ဤသို့ကြံစည်ပေ၏။

လောကကြီးအတွင်းမှာ ရတနာ ၂-မျိုး ၂-စား ၂-ပါးရှိပေတယ်။ အသက်ရှိတဲ့ သဝိညာဏကရတနာ၊အသက်မရှိတဲ့ အဝိညာဏက ရတနာ ဟူ၍ ၂-ပါးရှိရာ၊ ရွှေ ငွေ ပုလဲ၊ ကြောင်မျက်ရွဲ သန္တာ၊ ဝဇိရာပတ္တမြား စသော အသက်မဲ့ရတနာများဟာ အသက်ရှိတဲ့ ဆင်၊ မြင်း၊ကျွဲ၊ နွား စသော သဝိညာဏက ရတနာများ၏အသုံးအဆောင်သာဖြစ်ပေတယ်။ ။သဝိညာဏက ရတနာ၌လည်း တိရစ္ဆာန်ရတနာ၊ လူရတနာ ဟူ၍ ၂—မျိုးပြားခဲ့ပြန်ရာ၊ တိရစ္ဆာန် ရတနာသည်၊ လူရတနာတို့၏ အသုံးအဆောင်မျှသာ ဖြစ်ခဲ့ပြန်တယ်။ ။လူရတနာ၌လည်း၊ မိန်းမရတနာ၊ ယောကျ်ားရတနာဟု ၂—မျိုးပြားလာပြန်ရာ၊ မိန်းမရတနာသည်၊ ယောကျ်ားရတနာ၏ အသုံး အဆောင်မျှသာ ဖြစ်ရပြန်တယ်။ ။ယောကျ်ားရတနာ၌လည်း၊ အိမ်ရာ တည်ထောင် လူတို့ဘောင်၌နေသော အာဂါရိကရတနာ၊ အိမ်ရာမထောင် ရဟန်းတို့ဘောင်၌နေသော အနာဂါရိကရတနာဟူ၍ ၂-ပါး ပြားခဲ့ပြန်ရာ အာဂါရိကရတနာသည်၊ အနာဂါရိက ရတနာ၏ ဝေယျာဝစ္စပြုရသူမျှသာ ဖြစ်တော့၏။

အာဂါရိကရတနေသုပိ စက္ကဝတ္တိရာဇာ အဂ္ဂေ ပဗ္ဗဇိတသာမဏေ ရံ ပဉ္စပတိဋ္ဌိတေန ဝန္ဒတိ။ ။ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ၁၀၇-နံ့ ၆-ကြောင်း။

အာဂါရိကရတနေသုပိ၊ အိမ်ရာတည်ထောင်၊ လူတို့ဘောင်၌ နေကြကုန်သော ရတနာတို့တွင်လည်း။ စက္ကဝတ္တိရာဇာ၊ စကြဝတေး မင်းကြီးသည်။ အဂ္ဂေ၊ ယနေ့။ ပဗ္ဗဇိတသာမဏေရံ၊ ရှင်ဖြစ်သောသာမဏေကို။ ပဉ္စပတိဋ္ဌိတေန၊ တတောင် နဖူး၊ ဒူး ငါးဦးပုဒ် ဆိုအပ်သော ထိခြင်းငါးပါးဖြင့်။ ဝန္ဒတိ၊ ရှိခိုးရပေသေး၏။ ။အနာဂါရိက ရတနာ၌လည်း၊ လေးမင်

အောက်ဖိုလ် ၃–ပါးရသော သေက္ခရတနာ၊ အထက် ဖိုလ်တပါးအထိ ရသော အသေက္ခရတနာဟူ၍ ၂-ပါးရှိခဲ့ပြန်ရာ၊ အသေက္ခရတနာကသာ ပိုလွန်မြတ်လှပေသည်။ ။အသေက္ခရတနာ၌လည်း၊ ဘုရားရတနာ၊ သာဝကရတနာဟု ပြားလာပြန်ရာ၊ သာဝကပေါင်း တသိန်းသည်၊ ဘုရား တဆူကိုမမှီပေ။

တဏ္ဍ သတသဟဿမ္ပိ သာဝကရတနာနံ ဗုဒ္ဓရတနဿ ပဒေသံ နပါပုဏာတိ။ ။ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ၁၀၇-နံ ၁၄-ကြောင်း။

တဏ္ဍ၊ ထိုရတနာ ၂-ပါးတို့တွင်။ သာဝကရတနာနံ၊ သာဝကရတနာတို့၏။ သတသဟဿမ္ပိ၊ တသိန်းသည်လည်း။ ဗုဒ္ဓရတနဿ၊ ဘုရားရတနာ တဆူ၏။ ပဒေသံ၊ တန်ဘိုးအတိုအစကို။ နပါပုဏာတိ၊ မမှီနိုင်ချေ။

ဘုရားရတနာ၌လည်း၊ပစ္စေကဗုဒ္ဓရတနာ၊သဗ္ဗညုဗုဒ္ဓရတနာဟု ပြားလာပြန်ရာ၊ သဗ္ဗညုဘုရားရတနာသာလျှင် အမြတ်ဆုံးဖြစ်၏။

တဏ္ဍ သတသဟဿမ္ပိ ပစ္စေကဗုဒ္ဓါနံ သဗ္ဗညုဗုဒ္ဓဿ ပဒေသံ နပါပုဏာတိ။ ။ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ၁၀၇-နံ ၁၇-ကြောင်း။

တဏ္ဍ၊ ထိုရတနာ ၂–ပါးတို့တွင်။ ပစ္စေကဗုဒ္ဓါနံ၊ ပစ္စေကဗုဒ္ဓါတို့၏။ သတသဟဿမ္ပိ၊တသိန်းသည်လည်း။သဗ္ဗညုဗုဒ္ဓဿ၊သဗ္ဗညုဘုရားကြီး၏။ ပဒေသံ၊ တစိတ်တဒေသကို။ နပါပုဏာတိ၊ မမှီနိုင်ချေ။

နတ်နှင့်တကွသော လောက၌ ဘုရားရတနာနှင့်တူသော ရတနာဟူ၍ မရှိတော့ပြီ။ ထို့ကြောင့် အတုမရှိမြတ်ချင်တိုင်းမြတ်လှတဲ့ ဘုရားရတနာကို ငါ၏ မဟာမိတ်ဖြစ်သော ပုဏ္ဏသာတိဘုရင့်ထံသို့ အရောက်ပို့တော့အံ့။ ဤလိုဤပုံ ကြံစည်ပြီးလျှင် တက္ကသိုလ်ပြည်မှ ရောက်နေကြသော ဧည့်သည် အာဂန္တုတို့အား အမောင်တို့တိုင်းပြည်သို့ ဘုရား, တရား, သံဃာ ဟူ၍ ရတနာမြတ်သုံးပါး ရောက်ဘူးပါရဲ့လားကွယ်တို့။—

ဃောသောပိ သော မဟာရာဇ တာဝ တဏ္ဍ နတ္ထိ။ ဒဿနံပန ကုတောတိ။ ။ဟူ၍သံတော်ဦးတင်ကြ၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ သောဃောသောပိ၊ ထိုဘုရားဟူသော အသံ, ထိုတရားဟူသောအသံ, ထိုသံဃာဟူသော အသံမျှသည်လည်း။ တဏ္ဍ၊ ထိုတက္ကသိုလ်ပြည်၌။ တာဝနတ္ထိ၊ မရှိစဘူးပါအရှင်မင်းကြီး။ ဒဿနံ ပန၊ ဖူးရမြင်ရခြင်းမူကား။ ကုတောအတ္ထိ၊ အဘယ်မှာ ရှိပါတော့အံ့နည်း။ ဣတိ၊ ဤသို့။ အာရောစေသုံ၊ သံတော်ဦးတင်ကြကုန်ပြီ။

အရှင်မင်းကြီး–အကျွန်ုပ်တို့၏ တက္ကသိုလ်ပြည်မှာ ဘုရားဟူသောအသံ, တရားဟူသောအသံ, သံဃာဟူသောအသံကိုမျှ မကြားရဘူးပါ။ မြင်ရတို့ ဖူးရဘို့ကား အဘယ်မှာရှိတော့အံ့နည်းဟု သံတော်ဦးတင်ကြကုန်၏။

ထိုစကားကို ကြားလျှင် မိန္ဒသာရ မင်းကြီးလည်း၊ ကောင်းလှပြီ မောင်မင်းတို့––ဟု နှစ်သက်လှသဖြင့်၊ တက္ကသိုလ်ပြည်သားတို့အား ချီးမြှောက်ခြင်းငှါ၊ ငါ၏မဟာမိတ်ထံသို့ မြတ်စွာဘုရားကိုပို့မှတော်ပေမည် ဟု ကြံစည်တော်မူတယ်။

ဗုဒ္ဓါပနု ပစ္စန္တိမေသု ဇနပဒေသု နအရဟာံ ဥဗ္ဗာပေန္တိ၊ တသ္မာ သဏ္ဍာရာ ဂန္တုံ နသက္ကာ။

ဗုဒ္ဓါပန၊ ဘုရားတို့ မည်သည်ကား။ ပစ္စန္တိမေသု ဇနပဒေသု၊ ပစ္စန္တရဇ် ဇနပုဒ်တို့၌။ အရဟာံ၊ အရဟာ်ကို။ နဥဗ္ဗာပေန္တိ၊ မတက်စေကုန်။ တသ္မာ၊ ထို့ကြောင့်။သဏ္ဍာရာ၊ မြတ်စွာဘုရားကို။ ဂန္တုံ၊ သွားစေခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်းပါတကား။

ဘုရားတို့မည်သည်ကား ပစ္စန္တရဇ်၌ အရဟာ်မခံကောင်းပေ။ ထို့ကြောင့် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်အစရှိသော မဟာသာဝကတပါးပါး ကို စေလွှတ်မှ တော်ပေမည်ဟု ကြံစည်ရပြန်လေသည်။ ။ယခုအခါ၌ တောင်တန်းသာသနာပြုလွှတ်ရန်ရွေးချယ်ရသလိုပါဘဲ။

. ရှေးဦးစွာ သဘင်းစကားကို လွှတ်ဦးအံ့။ နောက်မှထိုက်သလို လွှတ်ရ တော့မည်ဟု ကြံစည်ပြန်၏။ ထိုသို့ကြံစည်ပြီးမှ အလျားအားဖြင့် လေး တောင်၊ အနံအားဖြင့် တထွာမျှသာရှိသောပါးလည်းမပါး၊ ထူလည်းမထူလှ သော ရွှေပြားကိုပြုစေ၍၊ ယနေ့မှုကား ဘုရား,တရား,သံဃာ အကျင့်နှင့် စပ်ဆိုင်ရာ အက္ခရာတို့ကို ရေးသားတော့အံ့ဟု ဆုံးဖြတ်၍ စောစောက ပင်လျှင်ဦးခေါင်းနှင့်တကွ ရေမိုးချိုးပြီး၍ ဥပုသ်အင်္ဂါကို ဆောက်တည်၍ နံက်စာ စားပြီးသော်၊ ပန်းမာလာ နံ့သာပျောင်းစသည်တို့ကို ပြစ်ပယ်၍ ရွှေစုတ်တံဖြင့်ဓာတိပ်ဒိဂ္ဂုလ္လကမည်သော ဆေးခွက်ကိုကိုင်ပြီးလျှင် နန်းဘော် ပြာသာဒ်၏ အောက်အဘို့ဖြစ်သော တံခါးတို့ကိုပိတ်၍ မင်္ဂလာပြာသာဒ် ထက်သို့တက်၍ အရှေ့ဘက်သို့မျက်နှာပြုလျက် ခြင်္သေ့ခံသော လေသာ တံခါးကိုဖွင့်လျက် မဟာအပြင်၌ထိုင်၍ ရွှေပြားကို ချခင်းလျက် အက္ခရာ တို့ကို ရေးသားလေသတည်း။

## (၃၁၄) သာသန သဝဏ်လွှာတော်ကြီး

ဤမျှလောက် အဘိုးတန်လှသော လောကကြီးအတွင်းဝယ် ဘုရားရှင်ကြီး ပွင့်ထွန်း ပေါ်ပေါက်၍လာပါပြီ။ ထိုဘုရားရှင်၏ အတုမရှိသော ဂုဏ်တော် သတ္တိတော်ကား ( အရဟံ–သမ္မာ သမ္ဗုဒ္ဓေါ–ဝိဇ္ဇာစရဏ သမ္ပန္နော–သုဂတော–လောကဝိဒူ–အနုတ္တရောပုရိသ–ဓမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ–ဗုဒ္ဓေါ–ဘဂဝါတိ ဟူ၍ ဘုရား၏ ဂုဏ်တော်ကို တစိတ်တဒေသမျှ ရေးပြီးတော့ တဖန် ဘုရားဖြစ်လာရပုံကို ပါရမီ ဆယ်ပါး ကျင့်လာရပုံ၊ တုသိတာနတ်ပြည်မှ စုတေ့လာရပုံ၊ မယ်တော်၏ဝမ်းတိုက်၌ ကိန်းဝိုက်သန္ဓေတည်နေလာပုံ၊ ၃၂-ပါးသော ပုဗ္ဗနိမိတ်ကြီးများ ပြလာပုံ၊ ဖွါးမြင်တော်မူပုံ၊ ၁၆-နှစ်အတွင်းဖြစ်ခဲ့ရပုံ၊ တောထွက်တော်မူပုံ၊ ဒုက္ကရ စရိယာကျင့်ခဲ့ရပုံ၊ ဗောဓိမဏ္ဍိုင်သို့ တက်ရောက်ရပုံ၊ အပရာဇိတပလ္လင် ပေါ်၌ ဘုရားဉာဏ်ရရှိလာပုံတို့ကို ပြပြီးလျှင်။—

ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊
သဂ္ဂေသုဝါ ယံရတနံ ပဏီတံ။
နနော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတုတိ။

ဟူသော ပရိတ်ကြီးပါဠိတော် ရတနသုတ်မှ ဂါထာတပုဒ်ထဲ့၍၊ ဘုရား ဂုဏ်တော်ကို တစိတ်တဒေသ အမြွက်မျှရေးလေသည်။ ပြီးမှ ထိုဘုရား သခင်ရသောတရားတော်။ ဟောပြသောတရားတော်သည်လည်း သွာက္ခာ တော ဘဂဝတာဓမ္မော စသောဂုဏ်တော်ကိုရှင်း၊ စတ္တာရောသတိပဋ္ဌာနာ စသော ဗောဓိပက္ခိယတရား ၃၇-ပါးကိုရှင်း ရေးပြီးလျှင်။—

ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိကညမာဟု။
သမာဓိနာ တေန သမော နဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတုတိ။

ဟူသော ပရိတ်ကြီး ပါဠိတော် ရတနသုတ်မှ ဂါထာတပုဒ် ထဲ့၍ တရားတော် ဂုဏ်တော်ကို တစိတ်တဒေသ အမြွက်မျှရေးသားလေသည်။

ပြီးလျှင် သံဃာတော်များကို ချီးမွမ်းလျက် သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော စသော ဂုဏ်ပုဒ်များကိုရင်း၊ အမျိုးကောင်း သားသမီးတို့သည် တရားကိုနာရ၍ တောထွက်ကြပုံ၊ ရဟန်းပြုကြပုံ၊ အချို့လည်း ထီးနန်းတိုင်းပြည်ကို စွန့်လွှတ်၍ ရဟန်းပြုကြပုံ၊ အချို့ကား ဇနီးမယား စည်းစိမ်ကို စွန့်လွှတ်၍၊ အချို့ကား သေနာပတိစည်းစိမ်ကို စွန့်လွှတ်၍၊ အချို့ကား သူဌေးစည်းစိမ်ကိုစွန့်လွှတ်၍၊ ရဟန်းပြုကြပုံ၊ ရဟန်းပြုပြီးလျှင် ဤသို့ကျင့်ကြံကြပုံ၊ စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလ အတိုင်းဖြည့်ကြပုံ၊ ခြောက်တံခါးပိတ်ကြပုံ၊သတိသမ္ပဇဉ်ပွါးကြပုံ၊ပစ္စည်း ၄-ပါး၌သန္တောသ ဖြစ်အောင် ကျင့်ကြပုံ၊ ကျောင်းကိုးမျိုးကပ်ရပုံ၊ နီဝရဏ ၆-ပါး ၇-ပါး ခွါကြပုံ၊ ဈာန်အဘိညာဉ်အရကျင့်ကြပုံ၊ ၃၈-ပါးသော ကမ္မဋ္ဌာန်းတို့ကိုရင်း၊ အာနာပါန အားထုတ်ပုံကိုရင်း ရေး၍။—

ယေ ပုဂ္ဂလာ အဋ္ဌသတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဟူသော ပရိတ်ကြီးပါဠိတော် ရတနသုတ်မှ ဂါထာဘပုဒ်ကို ထဲ့၍၊ သံဃာ့ဂုဏ်တော်ကို တစိတ်တဒေသ အမြွက်မျှရေးသားလေသည်။

မြတ်စွာဘုရားသခင်သည် သာသနာတော်ကို ထားလေပြီ။ သတ္တဝါတို့အား ကျွတ်လွတ်စေပြီ။ ငါ၏အဆွေတော်သည်၊ တတ်နိုင်ပါမူကား တောထွက်၍ ရဟန်းပြုစေသတည်းဟု သဝဏ်လွှာရေးသားလေ၏။ ထိုသို့ ရေးသားပြီးလျှင် ရွှေပြားကိုခေါက်၍ နူးညံ့လှစွာသော ကမ္ဗလာဖြင့် ရစ်ပတ်ပြီးလျှင် နံ့သာကြုတ်၌ထည့်၍၊ ထိုကြုတ်ကို ရွှေကြုတ်၌ထည့်ပြန်၏။ ထိုကြုတ်ကို ငွေကြုတ်၌ထည့်ပြန်၏။ထိုကြုတ်ကိုမြကြုတ်၌၊ထိုကြုတ်ကိုသန္တာကြုတ်၌၊ ၎င်းကို ပတ္တမြားနီကြုတ်၌၊၎င်းကိုမသာရဂလ်ကြုတ်၌၊ ၎င်းကို ဖလ်ကြုတ်၌၊ ၎င်းကို ဆင်စွယ်ကြုတ်၌၊ ၎င်းကို အလုံးစုံသော ရတနာဖြင့် ခြယ်လှယ်စီမံအပ်သောကြုတ်၌၊ ၎င်းကို ရိုင်ကြုတ်၌၊၎င်းကို သာရကရဏ္ဍကကြုတ်၌၊ ၎င်းကို သုဝဏ္ဏကရဏ္ဍကကြုတ်၌ ထည့်ပြန်၏။ တဖန်လည်း ပြခဲ့ပြီးသော ကြုတ် အစဉ်အတိုင်း ထည့်ပြန်၏။ ထို့နောင်မှ ရိုင်ကြုတ်ကို အနံ့မျိုးစုံ

ထုံအပ်သော ရတနာတောင်း၌ထည့်၍ အပြင်ပက အဝတ်ကောင်းဖြင့် ရစ်ပတ်ပြီးတော့ မင်း၏တံဆိပ်များ ခတ်နှိပ်၍အမတ်တို့ကိုပို့စေ၏။ ငါမင်း ဖြတ်၏ အာဏာတော်ပျံ့နှံ့ရာအရပ်၌ လမ်းခရီးကို တန်းဆာများဆင်ယင် စေ၍ လမ်းခရီးအကျယ်မှ ၅စ်ဥသဘ ကျယ်စေရမည်။လေးဥသဘရှိသော အရပ်၌ အထူး သုဒ်သင် ထားရမည်။ အလယ် လေး ဥသဘ ရှိသော အရပ်၌ မင်း၏ အာနုဘော်ဖြင့် ဆောင်ပို့စေရမည်။ ဤလို စေခိုင်းပြီးမှ မင်္ဂလာ ဆင်တော်ကြီးကို ကကြိုး တန်းဆာ ဒွါရယာ ဆင်မြန်းထား၍၊ ထိုမင်္ဂလာဆင်တော်၏အထက်၌ ပလ္လင်ထားပြီးလျှင် ထီးဖြူတော်ကိုမိုက်၍ မြို့တော်ရှိ လမ်းပန်းခရီးများကိုလည်း ဆန်းကြယ်လှစွာ တမ်းခွန်ကုဏ္ဍား၊ မုလေးဖွါး မိုက်စေလျက် ရေပြည့်အိုး၊ ပန်းပြည့်တောင်း၊ ၄က်ပျောပင် ရာဇမတ်၊အခိုးအထုံ၊ပန်းမျိုးစုံတို့ဖြင့် တန်းခိုးဂုဏ်ရှိသည့်အလျောက် ပူဇော် ချီးမြှောက်ပြီး၊ ငါ့တိုင်းတော်, ငါ့ပြည်တော်သားများသည် မိမိတို့နေရာသို့ ဆိုက်ကပ် ရောက်ရှိလာလျှင်၊ မိမိအင်အားရှိသလောက်ဖြင့် ချီးမြှောက် ပူဇော်ပသရမည်ဟု စည်လည်စေသည်။ အတွင်းတော်သားတို့အားလည်း တမန် အမြန်များ စေလွှတ်၍ ပြုဘွယ်ကိစ္စအဝဝတို့ကိုပြုစေ၏။ မိမိမှုကား ခပ်သိမ်းသော တန်းဆာ၊ ဒွါရယာများ ဝတ်ဆင်လျက် အလုံးစုံသော ကြေးနင်း၊ခွက်ခွင်း၊ခရုသင်း၊ဒုံမင်း၊ပတ်သာစသည်တို့ကို တီးမှုတ်စေလျက် ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ် မိုလ်ပါများ ခြံရံစေလျက် ထူးမြတ်လှပေသော လက်ဆောင်ပဏ္ဏာများကို ပို့စေမည်ဟု အာဏာပြု၍၊ မိမိ၏ အာဏာတော်ပျံ့နှံ့ရာ ဒေသတိုင်အောင် လိုက်ပို့ပြီးလျှင်၊ နယ်စွန်၌ ရပ်လျက် အမတ်တို့အား သတင်းစကားကို ပို့စေတော်မူ၏။ ပို့စေပုံကား— ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ရှင် ဘုရင်ဖြစ်သော ငါ့အဆွေတော်သည်၊ ဤလက်ဆောင်ပဏ္ဏာတော်ကို ခံယူသည်ရှိသော်၊ မောင်းမအပေါင်း သိန်း ခြောက်သောင်းတို့၏အလယ်၌ မဖွင့်ဘဲ၊ မိမိ၏ ပြာသာဒ်ထက်သို့ တက်ပြီး လျှင် ဖွင့်လှစ်ကြည့်စေသတည်းဟု မှာလိုက်၏။ပြီးလျှင် ငါတို့ဘုရားသခင် သည်၊ ပစ္စန္တရဇ်တိုင်းသို့ ကြွလေပြီ တကားဟု—မြွက်ဟ၍ ထိခြင်းကြီး ငါးပါးဖြင့် ရှိခိုးပြီး ပြန်လာခဲ့လေသတည်း။

အတွင်းတော်သား အမတ်များလည်း မင်းစေသည့်အတိုင်း ဆောင်ယူ လျက်သွားကြရာ၊ တက္ကသိုလ်ပြည် အစပ်သို့ ချဉ်းကပ်မိလေ၏။ တမန် လျင်များ ရှေးဦးစွာ ကပ်ရောက်နေသဖြင့် ပုက္ကုသာတိဘုရင် အလျင် ကြိုတင်၍ သိနှင့်ရာ၊ ဗိမ္ဗိသာရမင်းကဲ့သို့ပင် အစီအစဉ် ကောင်းမွန်စွာဖြင့်

မိမိတိုင်းစွန်နယ်ကြားအထိ သွားရောက်ကြွံဆို၍ မင်းခမ်းမင်းနားကြီးကျယ်စွာဖြင့်၊ အံ့ဩဖွယ်ရာပင် ပင့်ဆောင် ယူငင်လျက် လာခဲ့ပေ၏။ ဘုရားပွဲနေ့ကြီးများကဲ့သို့ စည်ကားလှပေ၏။ လပြည့်နေ့၌ပင် တက္ကသိုလ်ပြည်သို့ရောက်ရှိပါပေ၏။ ပုဏ္ဏသာတိဘုရင်သည်လည်း လက် ဆောင် ပဏ္ဏာရလျှင် ဗိမ္ဗိသာရမင်းကြီးမှာလိုက်သော စည်းမျဉ်းအတိုင်းပြု၍ အမတ်တို့ကိုဖယ်ရှားပြီးလျှင် မိမိတဦးတည်းပင် ပြာသာဒ်ထက်သို့ဝင်လျက် နန်းတော်ရှိတံခါးများကို ပိတ်စေ၍၊ အစောင့်များ အလှည့်ကျချထားလျက် မြတ်သောပလ္လင်သို့တင်ထားပြီးလျှင် ခြင်္သေ့ခံသော လေသာ နန်းတံခါးကို ဖွင့်လျက်မိမိကား နိမ့်ရာ၌ထိုင်၍ တံဆိပ်ကိုဘတ်ပြီးလျှင် လက်ဆောင်ကိုကိုင်လျက်ကြွတ်စဉ်အတိုင်းဖွင့်တော့၏။ ထက်ဝက်မျှ ရောက်ရှိလျှင် ဤလက်ဆောင်ကား အခြီအရံများလှစွာ၏။ အလွန့်အလွန်ပင် ထူးမြဘ်ဟန် လက္ခဏာရှိပါပေသည်ဟု—အံ့ဩလျက် ဖွင့်ပြန်ရာ၊ ဗိတ်ဆုံး၌ ရွှေပြားကို တွေ့သဖြင့်ဖေလူလူ အမှုပါပါ ကြည့်ကြည့်သာသာဖြင့် စာများကို ဘတ်လေတော့၏။

(ဤလောကကြီးအတွင်း၌ ဘုရားမင်းကြီးပွင့်လေပြီ)ဟု ဘတ်မိလျှင်ပင်ကြီးကျယ်လှစွာသော ဖရဏာပီတိ လှိုင်းလုံးကြီးကဲ့သို့ အိအိပြီးလာသဖြင့်ကိုးသောင်းသော မွေးညှင်းတို့သည် လဲနေရာမှထောင်ကုန်လျက် ကြက်သီးများတဖြန်းဖြန်းဖြင့် ခတ်ကလာပ်ပန်းတွေ ပေါ်ကြကုန်၏။ အဲဒါခတ်ပေါ်တာဘဲ၊ တချန့်နှင့် တချခြား၍ အာကာသခြားလျက် ကုဋေငါးထောင်ကျော်ကလာပ်ပေါ်တာဘဲ။ မသိလျှင် ဝိပဿနာဉာဏ်မရောက်၊ သိမှရောက်မည်။ အဲဒါကြောင့် (မသိသူကျော်သွား၊ သိသူပေါ်စား)ဟု ရှေးရှေးသက်ကြီးတို့စကားပုံထားခဲ့၏။ ရှင်းပြဦးအံ့။—

စာဘတ်တဲ့ အာရုံကြောင့် ရှေးဦးစွာ ဖရဏာပီတိ ဖြစ်ပေါ်၍လာသည်။ (၁) အလိုလိုပေါ်လာတာက အနတ္တပါဘဲ။ (၂) ဖရဏာ ပီတိက နာမ်တရားပါဘဲ။ ၎င်းကြောင့် မွေးညှင်းတွေထောင်ခြင်း,ကြက်သီးကလာပ်တွေထနေခြင်းကား နာမ်ပီတိကြောင့် ဗိတ္တဇရုပ်ကလာပ်တွေ ၅၀၀၀,ကျော်ပေါ်ခြင်းပါဘဲ။ ဖြစ်ပေါ်တိုင်း သိသိနေခြင်းကား ဗိတ်နာမ်ပါဘဲ။ ဤလိုတချိမရောဘဲ သိနေလျှင် နာမရူပ ပရိစ္ဆေဒဉာဏ် ရောက်နေပါပြီ။ ကာဖန်ပီတိကြောင့်ရုပ်တွေ ကုဋေ ၅၀၀၀,ကျော်ဖြစ်၍ နေပေရာ၊နာမ်အကြောင်း၊ရုပ်အကျိုးကိုပါသိရသဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ရောက်ပြန်ပြီ။ ၎င်းနှစ်ဉာဏ်ရောက်နေလျှင် ရုဒ္ဓသောတာပန် ကိုယ်တွေ့ပုဂ္ဂိုလ်ဖြစ်ခဲ့ပြီ။ဤကား (သိသူနို့ပေါ်စားသည်၊ မသိသူများ ကျော်သွားပြီ) စကားပုံ။

ပုဏ္ဏသာဝတီဘုရင်သည် ထိုခါတ်များ ပေါ်နေခြင်းကြောင့် မိမိထိုင်နေသည်ကိုပင် သတိမရတော့ချေ။ ထိုနောက်မှ အချိန်တွေပြေပြီးလျှင်—

အထဿ ကပ္ပကောဋိ သတ သဟဿေဟိပိ ဧတံ ဒုလ္လဘ ဒဿနံ။ သဟာယံ နိဿာယ သောတုံ လဘာမိ။

အထ၊ ထိုသို့ ဖရဏာပီတိ ဖြစ်ပြီးသောအခါ၌။ အဿ၊ ထိုပုဏ္ဏသာဝတီဘုရင်မင်းမြတ်ကြီးအား။ ဘော၊ အိုအချင်းတို့။ ကပ္ပ သတ သဟဿေဟိပိ၊ ကမ္ဘာကြီးပေါင်း တသိန်းမျှ ကုန်ခန်း၍သွားပါသော်လည်း။ ဧတံ၊ ဤဘုရားပွင့်ခဲ့ပြီဆိုတဲ့အသံကို။ ဒုလ္လဘံ၊ လွန်လွန်မင်းမင်းကြီး ကြားရခဲ့ပေ၏။ ဒဿနံ၊ ဖူးမြင်ရခြင်းသည်လည်း။ ဒုလ္လဘံ၊ ထို့ထက်အလွန် ရခဲကြိုခဲ လှပါပေ၏။ သဟာယံ၊ မဟာမိတ်ဖြစ်တဲ့ အဆွေတော်ကို။ နိဿာယ၊ အမှီပြု၍။ သောတုံ၊ ကြားခြင်းကို။ လဘာမိ၊ ရရှိပါပေ၏။ ။ဤကဲ့သို့ ဝမ်းမြောက် ဝမ်းသာကြီးလွန်း လှသဖြင့် ရှေ့ကို ဆက်လက်၍ ဘတ်ရန် မစွမ်းနိုင်သဖြင့်၊ ခေတ္တမျှ ရပ်ဆိုင်းထားရလေ၏။

ယခုလူများကားဘုရားကိုမဆိုထားဘိ၊တရားကိုနာရတာတောင်မှဖြုံဖြုံမရှိကြဘူး။ လူစ၊ လူနချင်း ကွာခြားလှလေစွတကား—တဖန် ဆက်လက်၍ ဘတ်ပြန်ရာ၊ တရားတော်၏ ဂုဏ်တော်သို့ ရောက်ပြန်တော့လည်း။ ။ သွာက္ခာတော ဘဂဝတာ ဓမ္မော စသည်သို့ ရောက်လျှင် မျိုးစေ့ပေါ်သို့ မိုးရွာ၍ချလျှင်၊ထိုမျိုးစေ့သည် ပွရန္တ ကြွထလျက် အညွန့်အညှောက် ပေါက်ရောက်၍ လာသကဲ့သို့ ပုဏ္ဏသာဝတီဘုရင်၏ တကိုယ်လုံး၌ ပီတိဖြင့်ဖုံးပြီး လုံးလုံးချည်း သတိမရဘဲ ခါတ်သဘာဝတွေ ထကြွလျက် ကြက်သီးတွေ ထလျက် ခါတ်များပေါ်လာပြန်လေ၏။ ရှေ့သို့ ဆက်လက် ဘတ်ရန်ပင် မတတ်နိုင်အောင် ဖြစ်တော့၏။အနည်းငယ်မျှ ရပ်တန့်ပြီးတော့ ဆက်လက် ဘတ်ပြန်ရာ။ ။သံဃာ၏ ဂုဏ်တော်၌ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃောသို့ ရောက်လျှင် ယခင်လိုခါတ်ပေါ်ပြန်တော့၏။ ။မဟာကပ္ပိနမင်း အမှူးရှိသော အမတ်တထောင် အနော်ဇာ ဒေဝီမိဖုရားအမှူးရှိသော အမတ်ကတော်တထောင် ယင်း နှစ်ထောင် သော ဝေနေယျ တို့လည်း ရတနာသုံးပါးတို့ဂုဏ်ကို ကြားရရုံနှင့် ခါတ်ပေါ်ပုံကို သတိပြု။

ပုဏ္ဏသာဝတီဘုရင်သည် အစဉ်အတိုင်း ဘတ်လာခဲ့ရာ၊ အာနာပါနကမ္မဋ္ဌာန်း အစီအစဉ်ကို ဘတ်မိလျှင် နိဝရဏ၊ ခြောက်ပါး၊ ၈-ပါး ငြိမ်း၍ ပဋ္ဌမဈာန်တိုင်အောင် ရရှိသွားလေ၏။ ဈာန်ရလျှင် ထိုဈာန် ချမ်းသာဖြင့်

နေ့ရက်ကို ကုန်လွန်စေတော့၏။ ဘုရင်ကို တဦးတယောက်မျှ ဖူးမြင်ခွင့် မရတော့ချေ။ ပွဲတော်တည်ရန်မှိုသရသော အလုပ်အကျွေး တဦးထည်း သာလျှင် ထွက်ဝင်ခွင့် ရရှိတော့၏။ ၁၅-ရက်ခန့် ကြာသောအခါ၊ ပြည်သူ ပြည်သားတို့သည်၊ မင်းရင်ပြင်၌ စည်းဝေးကြလျက် ကြွက်ကြွက် ဆူအောင် ဟစ်အော်ကြကုန်၏။ဟစ်အော်ကြပုံကား အရှင်မင်းကြီး—အရှင် မင်းကြီးသည်၊လက်ဆောင်ပဏ္ဏာတော်ကိုရရှိသောနေ့မှစ၍ ယနေ့အထိပင် မိုလိပါ ကြည့်ရှုခြင်း, ပွဲလမ်းသဘင်ရှုစားခြင်း, တရားဆုံးဖြတ်ခြင်း လုံးဝ ပင် မရှိတော့ပါ။ မဟာမိတ်ထံမှ ပဏ္ဏာရောက်လျှင် ခံစားသင့်သည်ကို ခံစား၍ ပေးသင့်သည့်ကို ပေးအပ်သည်မဟုတ်ပါလော။ ။အရှင်မင်းကြီးကို မဟာမိတ်မင်းက ပဏ္ဏာဖြင့် လှည့်ပတ်၍ ဤတိုင်း ဤပြည်ကို သူ့ပြည် ဖြစ် အောင် ကြံဆောင်သည်လား မသိရပါ။ မည်သူ တဦး တယောက်ကိုမျှ အတွေ့မခံတော့ဘဲ ဘာများ လုပ်၍ နေပါသနည်းဟု-ကြွေးကြော် ဟစ် အော်၍ နေကြကုန်တော့၏။

## (၃၁၅) ပုက္ကုသာတိမင်းကြီး တောထွက်ခန်း

မင်းကြီးသည် ဤသို့ ဆင်ခြင်၏။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်လျက်ပင် နေအံ့လော။ သို့မဟုတ် ဘုရားစကားတော်အတိုင်း ကျင့်အံ့လော ဟု— ဆင်ခြင်တော်မူ၏။ မင်းလုပ်၍ နေရတာကား ဘာပေါင်း သိန်းသန်းမက များခဲ့သလေပြီ။ ဘုရားသားတော် လုပ်၍ နိဗ္ဗာန်သုခကို အရယူပေတော့ အံ့ဟု--ဆုံးဖြတ်၍ အိပ်ရာအနီး၌ထားသော သန်လျက်ကို ယူပြီးလျှင်၊ ဆံထုံး ကိုကိုင်၍သန်လျက်ဖြင့် အရင်းကဖြတ်လျက် လေသာပြတင်း၌ ရပ်ပြီးတော့ ဆံထုံးကို ပြစ်ကာပေးပြီး ဇနီအမတ်တို့—ဤဆံထုံးကို မင်းပြု၍ တိုင်းပြည်ကို အုပ်ချုပ်ကြပေတော့ဟု ဆို၏။

အမတ်နှင့် ပြည်သားတို့လည်း ဆံထုံးကို မြှောက်တင် ပူဇော်ကြလျက် အို—အရှင်မင်းကြီး-မဟာမိတ်ထံမှ ရသော လက်ဆောင်ကား အသင် မင်းကြီးအား ဤလို ဖြစ်ရပေတော့သည်ဟု—ဆူဆူ ပွက်ပွက် အုက်အုတ် ကျက်ကျက်နေအောင် ငိုယိုကြကုန်၏။မင်းကြီးမှာလည်း ဘုရားအလောင်း အနေခမာသောင်၌ ဆံတော်ပယ်သကဲ့သို့ လက်နှစ်သစ်သာ ကျန်ရစ်ခဲ့ တော့၏။ ထို့နောင်မှ အလုပ်အကျွေးငယ်ကိုခေါ် ပြီးလျှင်၊ဈေးဆိုင်ကန္တားမှ သင်္ကန်းများကိုရင်း၊ မြေသပိတ်ကိုရင်း ဆောင်စေ၍၊ လောက၌ အကြင် သူသည် ဘုရားဖြစ်ခဲ့၏။ ထိုဘုရားအား ရည်ညွှန်း၍ တပည့်တော်သည်

ရပ်ာန်းပြုပါသည်ဟု—ဆိုလျက်၊ တထည်ကို ဝတ်လျက် တထည်ကို ရုံ၍၊ မြေသပိတ်ကို သပိတ်အိတ်၌ ထည့်ပြီး လက်ဝဲ ပခုံးစွန်း၌ လွယ်လျက် တောင်ဝှေးကို ကိုင်ပြီးတော့ (ငါ့အား ရဟန်း အဖြစ်သည် တင့်တယ် လျောက်ပတ်ပါ၏လောဟု—ပြာသာဒ်အပြင် ၂-ခေါက် ၃-ခေါက်လောက် စင်္ကြံလျှောက်ပြီး ကြည့်တော့၏။ ငါ၏ ရဟန်းအဖြစ်သည် တင့်တယ်လေစွ တကားဟု—ဝမ်းမြောက်လျက်၊ တံခါးကို ဖွင့်ပြီးလျှင် ပြာသာဒ်မှ ဆင်း၍ လာတော့၏။)တံခါး ၂-ခု ၃-ခု၌ နေကြကုန်သော ကချေသည်မတို့သည် ဆင်းလာသည်ကို မြင်လျက်နှင့် မမှတ်မိကြလေကုန်။ ပစ္စေကဗုဒ္ဓါတဆူ သည် မင်းအား တရားဟောရန်လာသည်ဟု—ထင်မှားကြကုန်၏။ အတွင်း တော်သားတို့သည် မင်း၏ ပြာသာဒ်ထက်သို့ တက်၍ ဟိုမှ ဒီမှ ကြည့်လေ သော်၊ မမြင်သဖြင့် ငိုကြွေးကြကုန်၏။ ဤလိုနှင့် လိုက်လံ ရှာဖွေရာ၊ နန်းရင်ပြင်မြေပေါ်၌ မင်းကိုမှီ၍ သမုဒ္ဒရာထဲ၌ လှေပျက်သော ကုန်သည်တို့ ကဲ့သို့ ပြည်တုန်အောင် ငိုယိုကြကုန်၏။ တဆယ့်ရှစ်စု အရေအတွက်ရှိကုန် သော စစ်သည်ဗိုလ်ပါတို့သည်၎င်း၊ ခပ်သိမ်းကုန်သော ပြည်သားတို့သည် ၎င်း၊မင်းကိုခြံရံလျက် ပြင်းထန်စွာ ငိုယိုကြကုန်၏။အမတ်တို့ကလည်းအရှင် မင်းကြီး—မဇ္ဈိမတိုင်းသား မင်းအများတို့ဟာ များစွာမာယာဖြင့် လှည့်ပတ် တတ်ကုန်၏။ ဘုရားများပွင့်ဟန်ဆောင်၍ တိုင်းဘောင်ကို ကြံဆောင်တတ် သည်ဖြစ်မည်။ ဘုရားပွင့်မပွင့်ကို အကျွန်ုပ်တို့ စုံစမ်းပါဦးအံ့။ဆိုင်းငံ့တော် မူပါဦးဟု လျှောက်တင်ကြကုန်၏။

မင်းကြီးကလည်း ဒို-အမတ်တို့—မဟာမိတ်၏စကားကို ငါယုံကြည်၏၊ မဟာမိတ်သည် ငါနှင့်စကား ၂-ခွန်းမပြောဘူးချေ။ (ဧဟိပဿိကော) ဆိုတဲ့ တရားတော်ဟာငါ့မှာ ကိုယ်တွေ့ သက်သေအဖြစ်ဖြင့် ရရှိခဲ့ချေပြီ။ သင်တို့သာ နေရစ်ကြတော့ဟု ပြောပြောဆိုဆို ကြွသွားလေ၏။ ပြည်သူ တို့လည်း နောက်တော်မှ တကောက်ကောက်လိုက်ကြကုန်၏။ မြို့တော်နှင့် အတော်ကြီး ဝေးလေသော်၊ မင်းသည် တောင်ဝှေးဖြင့်မြေ၌ အတန်းကြီး ရေးဆွဲပြီးလျှင် ဤပြည်သည် ဘယ်သူ၏ပြည်နည်းဟု မေး၏။ ပြည်သား များက အရှင် မင်းကြီး၏ ပြည်ပင် ဖြစ်ပါသည်ဟု လျှောက်တင်လျှင် ထဲဒါဖြင့် အကြင်သူသည် ဤအရေးကို ကျော်နင်းအံ့၊ ထိုသူအား မင်းဒဏ် သင့်စေဟု မိန့်တော်မူ၏။ ပြည်သားများသည် မင်း၏ အာဏာတော်ကို ရိုသေ လေးမြတ်ရကား အရေးအသားကို ဦးခိုက်၍ ငိုယိုလျက်နှင့်ပင် ကျန်ရစ်ကြကုန်၏။ ပုဏ္ဏသာတိမူကား အလုပ်အကျွေးမရှိဒါန်ပူပေးမည့်သူ၊

မျက်နှာသစ်ရေပေးမည့်သူဟူ၍ တဦးမျှမထားပေ။ မထားခြင်း အကြောင်းကား ငါ၏ဆရာ ဘုရားသခင်သည် တောထွက်တော်မူစဉ်ကလည်း တယောက်ထဲပင် တဦးထဲသွား၏။ ဘုရားကို ရှက်အပ်၏။ ငါ၏ဆရာ ဘုရားသခင်သည် ယာဉ်မစီးပေ။ ငါလည်းမစီးအံ့။ အယုတ်ဆုံးအားဖြင့် တသွာထည်းသော ဘိနပ်ကိုလည်း မစီးချေ။ ငါလည်း မစီးအံ့။ သစ်ရွက်ထီးကိုသော်လည်း မဆောင်းချေ။ ငါလည်းမဆောင်းအံ့ဟု ဘုရားကိုတုပြီး ရှောင်ရှားလေတော့၏။ ဩော်နည်းယူစရာကောင်းလေစွတကား။

တက္ကသိုလ်ပြည်သားများသည် မင်းထွက်၍သွားလေလျှင်၊ သစ်ပင်များပေါ်မှရင်း၊ အိမ်ခေါင်မိုးပေါ်မှရင်း၊ တံတိုင်းပြအိုးတို့အပေါ်မှရင်း တမျှော်မျှော်နှင့် ကြည့်လျက် ကျန်ရစ်ခဲ့ကြကုန်၏။ ဝမ်းနဲ့စရာပင်။ ပဏ္ဍုသာတိ မထေရ်သည်လည်း ကုန်သည်တို့၏ လှည်းတပ်ကြီးကို မှီခိုပြီး လိုက်ရှာလေ၏။ မင်းဖြစ်သဖြင့် အလွန့်အလွန်ပင် နူးညံ့ရကား၊ မြေပြင်ကိုခြေတင်၍ သွားရသဖြင့် ခြေဖဝါးများ ဖူးရရှူးထလျက် နေကုန်၏။ လေပူနေပူခံရ သဖြင့်လည်း အလွန်မှပင်ပန်းလှ၏။ သို့ပေမဲ့ စဘုဏ္ဍဈာန်ကို ဝင်စားပြီး ဝေဒနာကိုခွါလျက်သာနေရရှာ၏။ လှည်းကုန်သည်များ နားကြ၍သစ်ခက်တဲထိုး၍ နေကြလျှင် မိမိသည် ရုက္ခမူရဘင် ဆောက်တည်၍ သစ်ပင်အောက်၌ပင် နေရ၏။ ညောင်းညာလှသော်လည်း နင်းမည့် နှိပ်မည့်သူ အလျဉ်းပင်မရှိ၊ ကုန်သည်များ သွားလျှင် မိမိလည်း လိုက်၏။ မိမိမှာ ဈာန်ကိုသာ အားထား၍ ဈာန်ဝင်စားလျက်သာ ပင်ပန်းသည်များကို ပျောက်ရရှာတော့၏။ကုန်သည်များသည် နံက်မှုန်ရောက်တိုင်းရောက်တိုင်း သပိတ်၌ ဆွမ်းထဲ့၍ ကပ်ပေ၏။ မထေရ်မူကား သောင်းပြောင်းရောရော မညီညာသော အဆီမပါသော ဆွမ်းကြမ်း,ဟင်းကြမ်း အော့ခမန်းတို့ကို ဆားမပါ ဆီမရှိဘဲ၊ မျက်စိကိုစုံမှိတ်လျက်သာ အဆာပျောက်လျှင်ပြီးရောဟု သဘောထား၍ ဘုဉ်းပေးရရှာတော့၏။ ။အလွန့် အလွန်မှ ကြည်ညို စရာကြီးပါတကား။ သန္တုဋ္ဌိ ၁၂-ပါး၊ သလ္လေခ ၄၄-ပါးနှင့် ပြည့်စုံပေစွ တကား။ အကြွမ်ကြွမ်ဦးချစရာကြီးပါတကား။

ပုဏ္ဍုသာတိမထေရ်သွားသော ခရီးအကွာအဝေးကား တက္ကသိုလ်မှ ၁၉၂-ယူဇနာဝေးသော သာဝတ္ထိပြည် ၄၅-ရာဇဂြိုဟ်ပြည်။ဤပုံစံအတိုင်း ဆိုလျှင်၊ တက္ကသိုလ်ပြည်မှ ယူဇနာပေါင်းတရာ၊ ကိုးဆယ့် နှစ်ယူဇနာ ဝေးသော သာဝတ္ထိပြည်၊ ၎င်းမှတဖန်၊ယူဇနာပေါင်း ၄၅-ယူဇနာဝေးသော ရာဇဂြိုဟ်ပြည်၊ အစုစုယူဇနာပေါင်း ၂၃၇-ယူဇနာဝေးသော အရပ်သို့

တရားအတွက် လိုက်လန် ရှာဖွေ ရလေသည်။ ။ဒါကိုသိရလေ သိပ်ပြီး ကြည်ညိုလေပါဘဲ။ ။ယခုခေတ်ရသောလူများမှုကား ဟောတဲ့သူကဘုရား၏ တရားကို ဟောပြောပါလျက်၊ လေးဖါလုံလောက်ဝေးလျှင်ပင် ဝေးလွန်း လှပါတယ်။ ဘာဘဲညာဘဲနှင့် မနာဘဲနေကြတတ်သည်။ ။ယခု ပုဏ္ဏ သာတိမှာတော့ တရားအတွက်ပင် ယူဇနာ ၂၃၇-ဝေးရာသို့ လိုက်ရှာ တယ်။ကိုရင်ကလေးတိဿတုန်းကလဲ တရားအတွက်ယူဇနာ ၁၂၀-ကွာ သို့ သွားရှာတယ်။မဟာကပ္ပိန္နမင်းအမှူးရှိသော တထောင်၊အနော်ဇာဒေဝီ အမှူးရှိသော မိဖုရားတထောင်တို့ဟာလဲ ယူဇနာ ၃၀၀-ကွာသော ဘုရား ထံသို့ တရားအတွက် လိုက်ရှာတယ်။ ကဋ္ဌဝါဟန မင်းအမှူးရှိသော ၅-သောင်းကျော်တို့ဟာလဲ ယူဇနာ ၄၀၀-ကျော်သို့ တရားအတွက် လိုက်ရှာတယ်။ ဗာဝရီ ပုဏ္ဏားစသော ငါးသောင်းကျော်တို့လဲ ခရီး အတန်တန်မှ ဆန့်ရလျှင် ယူဇနာပေါင်း တထောင်ကျော်သို့ တရား အတွက် လိုက်ရှာပေတယ်။ ယခုကာလရှိနေကြတဲ့ မချောတို့,မောင်ချော တို့ကတော့ အိမ်ရှေ့မှာ တရားဟောနေဒါတောင် အိမ်ပေါ်က ဆင်းပြီး မနာနိုင်ဘူး၊ ဒါလောက်တောင် သဒ္ဓါတရား စေတနာတရား မိုးရွာချနေဒါ ကိုးကွဲ့။

## (၃၁၆) ယခုကာလလူများနှင့် ယှဉ်ပြိုင်ကြည့်ပုံ

(က) ပုဏ္ဏသာတိသည် ယူဇနာပေါင်း သုံးရာကျော် ကျယ်ဝန်းသည့် ဂန္ဓာရတိုင်းကြီးကိုစွန့်လွှတ်၍ တရားအတွက် တောထွက်လာသည်။ ယခု လူများမှုကား လယ်တဧကကိုမျှ မလှူနိုင်၊ဘယ်လောက်ကွာသလဲ။ (မတိမ်း မယိမ်းဘဲကွာတယ်)

(ခ) ပုဏ္ဏသာတိသည် တက္ကသိုလ်ပြည်ကိုစွန့်လွှတ်၍ တရားအတွက် တောထွက်လာသည်။ ငါတို့ကား ခြံတဧကကိုမျှ မလှူနိုင်ပါ။

(ဂ) ပုဏ္ဏသာတိသည် ထီးနန်းကြငှန်း ကျုံးမြောင်း ,ပစ္စင်၊ ဒုရင်, ပြာသာဒ် အထပ်ထပ်ကို စွန့်ခဲ့သည်။ ငါတို့ကား တဲကုတ်ကလေးကိုမျှ မစွန့်နိုင် စွဲတုန်းပင်။

(ဃ) ၎င်းသည် နတ်သမီးတမျှ လှပချော မောပြေပြစ် အချိုးကျ တမျိုး လှတဲ့ ဆံတိုးမ မိဖုရားပေါင်း တသောင်းကျော်ကို စွန့်ပစ်ခဲ့သည်။ တရား အတွက် ငါတို့မှုကား မလှမပ မချော မမော အကြည့်တန် မှန်ကြိုက်

ကတုံးကဒိုက် မယ်မင်းကြီးမ ရေဝတီ၏ ညီမတို့ကိုပင် မခွဲနိုင် မခွါရက် တပ်မက်လျက်နေကြသည်။ (ဆင်တူရိုးမှားလောက်သာ ကွာသည်)

( င ) ၎င်းသည် ဆင်တပ်,မြင်းတပ်,ရထားတပ်,ခြေလျင်တပ် စသော ၁၀-တပ်ကြီးကို တရားအတွက် စွန့်ခဲ့သည်။ ငါတို့မှာကား နွားကကောင်မျှ မစွန့်နိုင်။ (မသာ့-တသာလောက်ပင်ကွာသည်)

( စ ) ၎င်းသည် သား တော်လှလှ, သမီး တော်လှလှ, နန်း သွေး, နန်းသွောက်တို့ကို စွန့်ခဲ့သည်။ တရားအတွက် ငါတို့ကား သားတိန်းစား, သမီးမျက်ခမ်းစပ်, တာတေလန်ကိုမှ မခွဲနိုင်ပါ။ (ရေးရေးပင်ကွာသည်)

(ဆ) ၎င်းသည် မြို့ပိုင် ရာထူးလဲမက ဝန်ထောက် ရာထူး လဲမက အရေးပိုင်, တိုင်းမင်းကြီး, ဘုရင်ခံရာထူးလဲမကတဲ့ ဘုရင်ရာထူးကိုစွန့်၍ တောထွက်ခဲ့ရသည်။ ငါတို့မှာကား စာရေး ရာထူး ပုလိပ် ရာထူးကိုမျှ မပြစ်နိုင်ပါ။ (မသိမသာလောက်သာကွာသည်)

( ဇ ) ၎င်းသည် ရွှေပေါင်း ၅ စ် သောင်း ကျော်နှင့် ကျီကျ ဘဏ္ဍာ ရွှေတိုက် ငွေတိုက်စသော ရတနာတိုက်တို့ကို တရားအတွက် စွန့်ခဲ့ရသည်။ ငါတို့မှာကား တကျပ် တပဲကိုမျှ မစွန့်နိုင်ပါ (ခပ်နီးနီးလောက်သာကွာသည်)

( ဈ ) ပုဏ္ဏသာဘီမှာ အဖေါ်မပါတပည့်မပါဘဲ တဦးထဲလာခဲ့ရသည်။

(ည) ၎င်းမှာ တိနပ်မှ မပါဘဲ ခြေအကွဲကွဲ နာနာကျင်ကျင်ဖြင့် လာခဲ့သည်။

( ဋ ) ၎င်းမှာ ဆွမ်းမပါ ဟင်းမပါဘဲ ရရာစား၍ လာခဲ့ရသည်။

( ဌ ) ၎င်းမှာ ကျောင်းကန်စရပ်မျှ မရဘဲ သစ်ပင်ကို ကျောင်းပြုပြီး နေသည်။

( ဍ ) ၎င်းမှာ အိပ်စရာ ဖျာသရိုင် သင်ဖြူးမျှ မရှိဘဲ မြက်ပေါ်၌ အိပ် ရသည်။

ဤသို့စသောဂုဏ်တို့ကို အတွေးအတောနက်နဲ့တိုင်း ကြံစည်ချီးကျူးရ ပါလျှင် ကိုယ်ချင်းစာနာပြီးကြည့်ရပါလျှင် အံ့ချီး၍ပင်မကုန်နိုင်ရာ။ မြပုခက် ထဲက ကြီးလာရသောမင်းသား၊ ဘုရင်ဖြစ်သောကြောင့် အံ့ဩမဆုံးနိုင်။ ပုဏ္ဏသာတီ မထေရ်သည် တက္ကသိုလ်ပြည်မှ လာခဲ့ရာ၊ ယူဇနာ ၁၉၂ ယူဇနာရောက်တော့ သာဝတ္ထိပြည်ကို တွေ့ခဲ့ရ၏။ ဘုရားလဲ ရှိ၍နေပေ၏။ ဒါတောင်မှ ဘုရားဘယ်မှာလဲဟု မမေးဘဲ ဘုရားကိုလွန်၍ ရာဇဂြိုဟ်ပြည်

သို့ ၄၅-ယူဇနာတိုင်တိုင် သွားပြန်သည်။ဘုရားနှင့်လွဲခဲ့ပြန်၏။၄၅-ယူဇနာ လုံးလုံးအပင်ပန်းခံ၍ ခရီးဖြန်းတော့၏။အကြောင်းမူကား ဓမ္မသာရမင်းက သတင်းမှိုသောအခါ၊ရာဇဂြိုဟ်ပြည်မှာ ဘုရားပွင့်သလိုလို သတင်းပေးလို့ ဖြစ်ရ၏။ အဆွေတော်ကို လေးစားယုံကြည်လို့ ဖြစ်ရ၏။ဤလိုနှင့် ဘုရားနှင့် လွဲ၍ သွားခဲ့ပေရာ၊ နေဝင်ခါနီးတော့ကာမှ ရာဇဂြိုဟ်ပြည်သို့ ရောက်၍၊ တွေ့သောသူတို့အား ဒကာတို့-ငါတို့၏သခင် ဘုရားရှင်ကြီးဟာ ဘယ်မှာ သိတင်းသုံးတော်မူပါသလဲဟု မေး၏။ ဒကာများက ဒိုအရှင်ဘုရား-ဘယ် အရပ်တော်က ကြွလာခဲ့ပါသလဲ။ ။တက္ကသိုလ်ပြည်က လာခဲ့ပါသည်။

ဒါဖြင့် လမ်းခရီးမှာ သာဝတ္ထိပြည်ကို တွေ့ခဲ့ရမှာပေါ့ အရှင်ဘုရားရဲ့၊ ၎င်းဒီ သာဝတ္ထိ ပြည်မှာ ဘုရား သိတင်း သုံးပါ သည်ဟု ပျော်ာက် လျှင် ပုက္ကုသာတိသည် ဤသို့ ကြံစည်လေ၏။ ယခုအချိန်ကား သွားချိန်မဟုတ်ပြီ၊ ယနေ့မူကား ဤပြည်၌သာနေ၍၊ နံနက်ကျမှ ဘုရားထံသွားရတော့မည်ဟု— ဆုံးဖြတ်လျက် ဒါဖြင့် ဒကာရယ်-ဒီပြည်သို့ရောက်လာကြတဲ့ ရသေ့ ရဟန်း တော်များဟာ ဘယ်မှာများ သိတင်းသုံး တဲခိုကြပါသနည်း။ ။ဟောဟိုက အိုးထိန်းသည်စရပ်မှာ တဲခိုဘူးကြပါသည်အရှင်ဘုရား။ ။ကောင်းလှပြီဟု ပြော၍ အိုးထိန်းသည်အား ပန်ကြား၍ နေရှာလေသတည်း။

ငါတို့၏သုံးလောကမှန်ကူ သယမ္ဘူ ထွင်ရိုထား မြတ်စွာဘုရားသည်ကား နံနက်စောစော မိုးသောက်ထကပင် ကျွတ်ထိုက်သော ဝေနေယျတို့အား ရှုညာဏ်တော် ကွန်ရက်ကို ဖြန့်ကျက်၍ ကြည့်တော်မူရာ၊ ပုက္ကုသာတိ အာဓာနည်ကို မြင်၍ ကြံတော်မူ၏။ဤပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည်၊ မဟာ မိတ်ထံမှ သတင်း အရဖြင့် ကျယ်ဝန်းလှသော ယူဇနာ ၃–ရာ ရှိသော ဂန္တာရတိုင်းကြီးကိုစွန့်လွှတ်၍ တရားအတွက် တောထွက်၍ လာခဲ့ပေသည်။ ယခုလဲ ယူဇနာ ၂၃၇-တိုင်အောင် ရောက်၍နေလတ္တံ့။ငါဘုရား မကြွသွား သည် ရှိသော်၊ ထိုအာဓာနည်မှာ အနာဂါမ်ဖိုလ် အထိ မရရှိဘဲ၊ နံနက် မိုးသောက် အလင်းသို့ ရောက်က သေဘက်သို့ ရောက်ရရှာတော့မည်။ ငါဘုရားကြွသွား ချီးမြှင့်ရသည်ရှိသော်၊ ထိုအာဓာနည်မှာ အနာဂါမိဖိုလ် အထိရ၍ သေရှာရပေမည်။ ချီးမြှောက်ရန် ကြွပေအံ့ဟု—ကြံစည်တော်မူပြီး လျှင်၊ နေ့ဆွမ်းကိစ္စပြီးသော်၊ ဂန္ဓကုဋိတိုက်သို့ဝင်၍ ခဏမျှကိုယ်၏ ပင်ပန်း ခြင်းကိုဖျောက်၍၊ပုက္ကုသာတိရှိရာသို့ခြေလျင်ခရီးဖြင့် ကြွလာခဲ့၏။ခြေလျင် ကြွရခြင်း၏ အကြောင်းရင်းမူကား ပုက္ကုသာတိသည် ဈာန်ရပါလျက်နှင့်

ငါ့ဘုရားကို ရှိသေ လေးစားသဖြင့် ခြေလျှင်လာခဲ့သည်။ ငါလဲ ခြေလျှင် သွားမည်။ ၎င်းသည် တဦးထဲ လာခဲ့သည်။ ငါ့ဘုရားလဲ တဦးထဲကြွမည်။ ဘိနပ်မစီးဘဲ လာခဲ့သည်။ ငါ့ဘုရားလဲ ဘိနပ်မစီးဘဲ ကြွမည်–စသည်ဖြင့် ထိုအာဇာနည်နှင့်အလားတူ(ဓမ္မဂါရဝ) ပြုကြလျက် ကြွရာလေ၏။

ရာဇဂြိုဟ်ပြည်သို့ ရောက်လျှင် မြတ်စွာဘုရားသည် ၃၂-ပါး သော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး၊၈၀–သောလက္ခဏာတော်ငယ် ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို ဖုံးကွယ်စေလျှင် မိမိကိုယ်ကို မထင်ရှားသော အညတရ ရဟန်းကဲ့သို့သွား၍ အိုးထိန်းသည်အား စရပ်၌ နေရန် ခွင့်ပန်လေ၏။ အိုးထိန်းသည် ပညာရှိလည်း ရဟန်းတို့ မည်သည် တဦးထဲ နေလေ့ရှိကြကုန်၏။ စရပ်၌လဲ တပါးရှိနေခဲ့ပြီ။ ပထမရဟန်း မနှစ်သက်ပါဘဲ၊နောက်ထပ်မှိရလျှင် ရန်တိုက်ပေးသလို ရှိပေမည်ဟုကြံ၍- အရှင်ဘုရား စရပ်၌ ရဟန်းတပါး ရောက်ရှိ နေပါသည်။ ၎င်းရဟန်းက ခွင့်ပြုပါလျှင် နေတော်မူပါဘဲ အရှင်ဘုရားဟု–လျှောက်၏။ ဘုရားသခင်လည်း စရပ်သို့ လာပြီးလျှင် အိုး-အာဇာနည်ရဟန်း–သင့်အား ဝန်မလေးပါလျှင် ဤစရပ်၌ တညမျှ တဲခိုလိုပါသည်ဟု ပန်ကြား၏။ ပုက္ကုသာတိသည်လည်း တပည့်တော်အား ဝန်မလေးပါ။ စရပ်လည်း ကျယ်ဝန်း လှပါသည်။ ချမ်းသာ တော်မူသည့်အတိုင်း နေထိုင်တော်မူပါတော့ဘုရားဟု – ခွင့်ပြု ပေ၏။ ပုက္ကုသာတိသည် ယူဇနာသုံးရာ ၊ကျယ်ဝန်းလှသော ဂန္ဓာရတိုင်း တကျွသိယ် ပြည်ကြီးနှင့်တကွ ထီးနန်းကို စွန့်နိုင်ပါလျက် ဘာမျှ အတိုး မထိုက်တဲ့ . အိုးထိန်းသည် စရပ်၌ ကပ်ငြိတော့အံ့နည်း။ မကပ်ငြိလို့ပင် ဘုရားသခင်အား တဲခိုခွင့်ပြုလေသည်။ ။ယခုကာလ၌ အချို့သောရဟန်း တော်တို့၏ စိတ်နေစိတ်ထားကို ပေါ် ပြပြီး သတိပေးခဲ့သည်ကား—

ကေစ္စေပန မောဃ ပုရိသာ သာသနေ ပဗ္ဗဇိတွာ အာဝါသ မစ္ဆရိယာ ဒိဟိ အတိဘူတာ အတ္တနော ဝသနဋ္ဌာနေ မယှံ ကုဋိ မယှံ ပရိဝေဏန္တိ အညေသံ အဝါသာယ ပရက္ကမန္တိ။ (ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ ဓံမှု။ နံ-၁၉၅။ ၄–ကြောင်း၌။)

ပန၊ စိတ်ထားဆိုးရွားသည်ကို ပြဦးအံ့။ ကေစ္စေ၊ အချို့ကုန်သော။မောဃ ပုရိသာ၊ မဂ်ဖိုလ်နှင့်မတန် မလျော်ကန်သော ရဟန်းတို့သည်။ သာသနေ၊ သာသနာတော်ကြီး၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြုပြီး၍။အာဝါသ မစ္ဆရိယာဒိဟိ၊ ကျောင်း၌ ဝန်တိုခြင်း, အမျိုး၌ ဝန်တိုခြင်း,တရား၌ ဝန်တိုခြင်း, လာဘ်၌

ဝန်တိုခြင်း,အဆင်း၌ဝန်တိုခြင်းတို့ဖြင့်။ အဘိဘူတာ၊နှိပ်စက်အပ်ကုန်သည်ဖြစ်၍။အတ္တနော၊မိမိ၏။ဝသနဋ္ဌာနေ၊နေရာကျောင်းတိုက်၌။မယှံ၊ငါ၏။ ကုဋိ၊နေစရာကုဋိတည်း။ မယှံ၊ငါ၏။ပရိဝေဏံ၊ကျောင်းဝိုင်းတည်း။ ဣတိ၊ဤသို့။ အညေသံ၊ မိမိနှင့် ဂုဏ်ပြိုင်ဖြစ်သော ရဟန်းတို့အား။ အဝါသာယ၊ နေခွင့်မရစေခြင်းငှါ။ ပရက္ကမန္တိ၊ ဒကာနှင့် တိုက်ပေး-သံဃာနှင့် တိုက်ပေးလျက်မိုက်သွေးကြီးနက်ကြွလေကုန်သတည်း။ (ဤကား သတိပေးချက်တည်း)

ဒိုးထိန်းသည် စရပ်၌ ဒုံးဩ ဘွယ် ကား ဘုရားကလည်း အသဗ္ဗညူ၊ မဟာသမ္မတမင်းမျိုးတည်း။ ပုက္ကုသာတိသည်လည်း မင်းမျိုးပင်တည်း။ ဘုရားသည် တောထွက်လာခဲ့၏။ ပုက္ကုသာတိသည်လည်း တောထွက်လာခဲ့၏။ ဘုရားသည် တိုင်းပြည်ကို စွန့်ခဲ့၏။ ပုက္ကုသာတိသည်လည်း တိုင်းပြည်ကို စွန့်ခဲ့၏။ ဘုရားသည် ရွှေအဆင်းဖြင့် ဝင်းလျက်နေ၏။ ပုက္ကုသာတိသည်လည်း၊ ရွှေအဆင်းဖြင့် ဝင်းလျက်ရှိပေ၏။ ဘုရားသည် သမာပတ်၈ပါးကိုရ၏။ ပုက္ကုသာတိလည်း သမာပတ်၈ပါးကိုရပေ၏။ဤကဲ့သို့ဂုဏ်ထူးရှိသော ပုဂ္ဂိုလ်ထူးများ တဲခိုခံရသော စရပ်သည် အလွန်လျှင်တင့်တယ်လှပေ၏။ ခြင်္သေ့မင်း နှစ်စီးအောင်းသော ရွှေဂူကြီး ကဲ့ သို့ဖြစ်တော့၏။ မြတ်စွာဘုရားလည်း ၄၅—ယူဇနာခရီးကို ခြေလျင်လှမ်းကြွလာခဲ့ရသဖြင့် ကိုယ်တော် ပင်ပန်း နွမ်းနယ်လှပေ၏။ ပုက္ကုသာတိသည်လည်း ၂၃၇—ယူဇနာ ခရီးကို ကြွမြန်းလာခဲ့ရသဖြင့် ပင်ပန်း နွမ်းနယ်လှပေ၏။ ထို့ကြောင့် တွေ့လျှင်တွေ့ခြင်း တရားမဟောသေးဘဲ၊ ရှာန်သမာပတ်ဖြင့် အပန်းကို ဖြေရင်းပင် ပဌမယာမ်, ဒုတိယယာမ်ကို လွန်မြောက်စေ၏။ ပစ္ဆိမယာမ်သို့ ရောက်စဉ်ပင် ဘုရားကစပြီး ဒိုရဟန်း—အသင်သည် ဘယ်သူ့ကို ရည်ညွှန်း၍ ရဟန်းပြုခဲ့ပါသနည်း။ အသင့်ဆရာကား ဘယ်သူပါနည်း။ ဘယ်ဆရာ၏တရားကို နှစ်သက်ပါသနည်းဟုစကားစ,တော်မူ၏။

ပုက္ကုသာတိကလည်း ဒိုအရှင်ဘုရား—ကပိလဝတ် နေပြည်တော်မှ တောထွက်တော်မူခဲ့သော ဂေါတမဘုရားသည်ရှိ နေပါ၏။ ထိုဘုရားကိုရည်ညွှန်း၍သာ ရဟန်းပြုခဲ့ရပါသည်။ ထိုဂေါတမဘုရားသည် တပည့်တော်၏ဆရာပါတည်း။ ထိုဂေါတမဘုရား၏ တရားတော်ကိုသာ တပည့်တော်နှစ်သက်ပါသည်ဟု လျှောက်၏။ (ကြက်သီးထစရာပါဘဲ၊ ခေါင်းနဘမ်းကြီးစရာပါဘဲနော်) ဒီလိုလျှောက်တော့ ဘုရားသခင်က ဒိုရဟန်း—အသင်သည် ထိုမြတ်စွာဘုရားကို ဖူးအခါက မြင်ဘူးပါ၏လောဟု

မေးပြန်၏။ ။ပုဏ္ဏသာတိက အရှင်ဘုရား—တပည့်တော်သည် ထိုဘုရားကို ရှေးအခါက မမြင်စဖူးပါဘုရား။ ဒ်ိရဟန်း—ယခုနေအခါမျိုး ထိုဘုရားနှင့် တွေ့ပါလျှင် သင်သိနိုင်ပါအံ့လော။ ။အရှင်ဘုရား—တွေ့ကြုံငြားသော်လည်း သိနိုင်လိမ့်မည်မထင်ပါဘုရား။ ။ဒါဖြင့် အသင့်အား ငါတရားဟောမည်။ ကောင်းစွာ နားထောင်ပါလော့။ နှလုံးလည်းသွင်းပါလော့ဟု သတိပေး၏။ ကောင်းလှပါပြီ အရှင်ဘုရား နားထောင်ပါမည်၊ နှလုံးလည်း သွင်းပါမည်ဟုလျှောက်ထားဝန်ခံ၏။ ထိုအခါကျတော့ကာမှ ငါတို့မြတ်စွာဘုရားသခင်ကြီးက အနိစ္စမဖက် ဒုက္ခမဖက်စေဘဲ သက်သက်သော (အနတ္တတရား၊ သုညတတရား၊ ဓာတ်တရား) သုံးမည်ရတရားဖြင့် နားလည်အောင် ဟောပြသည်ကား။—

## (၃၁၇) ဆဓာတုယော··· အယံပုရိသော

ဟူ၍ ဥပရိပဏ္ဏာသပါဠိတော် ဓာတုဝိဘင်္ဂသုတ်တော်ကို ဟောတော်မူလေသည်။ သုတ်တော်၏အဆုံး၌ အနာဂါမိဖိုလ်သို့ ရောက်ရှာလေပြီ။

| ပရမတ် သစ္စာယနယ်ကြီး | ပညတ် ဒိဋ္ဌိနယ်ကြီး |
|---|---|
| ၁—ဆဓာတုယောက သစ္စာယတည်း | × အယံပုရိသောက ဒိဋ္ဌိတည်း။ |
| ၂—ဆဓာတုယောက ပရမတ် | × အယံပုရိသောက ပညတ် |
| ၃—ဆဓာတုယောက ရုပ်နာမ် | × အယံပုရိသောက အထင်မှား |
| ၄—ဆဓာတုယောက စိတ်စေတသိက်ရုပ် | × အယံပုရိသောက အယူမှား |
| ၅—ဆဓာတုယောက သဘောတရား | × အယံပုရိသောက အပြောစကား |
| ၆—ဆဓာတုယောက အရှိတရား | × အယံပုရိသောက မရှိတရား |
| ၇—ဆဓာတုယောက အမှန်တရား | × အယံပုရိသောက အမှားတရား |
| ၈—ဆဓာတုယောက သဘာဝတရား | × အယံပုရိသောက အဘာဝတရား |
| ၉—ဆဓာတုယောက အတက်တရား | × အယံပုရိသောက အကျတရား |

| ပရမတ် သင်္ချာယနယ်ကြီး | ပညတ် ဒိဋ္ဌိနယ်ကြီး |
|---|---|
| ၁၀–ဆဝေါတုယောက သုဂတိတရား | × အယံပုရိသောက ဒုဂ္ဂတိတရား |
| ၁၁–ဆဝေါတုယောက လူ၊နတ်၊ဗြဟ္မာ၊ဖိုးနိဗ္ဗာန်အမြိုက်တရား | × အယံပုရိသောက အပါယ်တရား |
| ၁၂–ဆဝေါတုယောက ဓာတ်တရား | × အယံပုရိသောက ပညတ်တရား |
| ၁၃–ဆဝေါတုယောက အရိယာအာရုံ | × အယံပုရိသောက ပုထုဇဉ်အာရုံ |
| ၁၄–ဆဝေါတုယောက သစ္စာတရား | × အယံပုရိသောက နစ်စရာတရား |
| ၁၅–ဆဝေါတုယောက သမ္မာဒိဋ္ဌိအာရုံ | × အယံပုရိသောက မိစ္ဆာဒိဋ္ဌိအာရုံ |

ကမ္မဋ္ဌာန်းဘက်သို့မသွဲ့သေးမီ၊ ကျန်ဝဏ္ဏကိုဆက်၍ အဆုံးသတ်ဦးအံ့။—

## (၃၁၈) ပုဏ္ဏသာဝတီ အစိဟာဘုံ၌ ရဟန္တာဖြစ်ပုံ

ဤသို့လျှင် ဓာတုဝိဘင်္ဂသုတ်တော်ကိုဟော၍ ပြီးဆုံးသွားလျှင် အနာဂါမိဖိုလ်၌တည်တော့၏။

(၁) ဒေသနာပြီးဆုံးခြင်း၊
(၂) အနာဂါမ်တည်ခြင်း၊
(၃) အရဟတ်တက်ခြင်း၊
(၄) ဘုရား၌ရောင်ခြည်တော်လွှတ်ခြင်း၊

ဤလေးချက်ကား တပြိုင်နက်ပင်ဖြစ်ပေ၏။ ထိုအခါသို့ ရောက်မှပင် တရားဟောသူကား တခြားမဟုတ်။ ငါ့ဆရာ ဘုရားကြီးဖြစ်၍ နေပါပေါ့ တကားဟု ဘုရားမှန်း သိရှာလေတော့သည်။ သိမှရဟန်းအဖြစ်ဖြင့် ပြုပေးပါရန် လျှောက်၏။ ဘုရားကလည်း သာသနာဘောင်မှာ သပိတ်သင်္ကန်းပရိက္ခရာစုံလင်မှပင် ရဟန်းပြုလို့ဖြစ်နိုင်သည်။ ချစ်သား၌ သပိတ်သင်္ကန်း စုံပါရဲ့လားဟု မေးတော့ မစုံသေးပါဘုရားလို့ လျှောက်ထားရှာပေတယ်။ ။ ဆဲဒီနေရာမှာ ဘုရားအပေါ် ၌ အထင်လွဲစရာ ရှိနေပေတယ်။ ဘယ်ဟာလဲလို့

ဆိုတော့ မဟာကဗ္ဗိန္ဓမင်းစသော လူတထောင်အတွက်တော့ ဗေဟိဘိက္ခုဖြင့် ချီးမြှောက်ပေးလိုက်တယ်။ အနော်ဇာ ဒေဝီတို့ တထောင်အတွက်လည်း ဗေဟိဘိက္ခုဖြင့် ချီးမြှောက်လိုက်တယ်။ ဒီလိုချီးမြှောက်ပေးဒါတွေ အပုံကြီး ဖြစ်ပါလျက်နှင့် ပုက္ကုသာတိအလှဲ့သို့ ရောက်တော့ ဘာပြုလို့ ဗေဟိဘိက္ခု မခေါ်သလဲ။ ဗေဟိဘိက္ခုခေါ်လျှင် အခါ ၆၀–ရပြီး မထေရ်ကြီးကဲ့သို့ ဖြစ်ရခြင်း၊ လူ့အသွင်ကွယ်ပျောက်ပြီး ရဟန်းအသွင် ပေါ်ပေါက်လာရခြင်း၊ ပရိက္ခရာ စုံလင်စွာရလာရခြင်းတို့ဖြစ်တတ်ပေသည်။

ဒီနေရာ၌ဘုရားဘက်က ဝတ်လုံလိုက်ရလျှင် ပုက္ကုသာတိမှာ အနမတဂ္ဂသံသရာတခွင်တွင် ကျင်လည်ခဲ့စဉ်က အလှူခံတို့အား ပရိက္ခရာရှစ်ပါး မလှူခဲ့ဘူးလို့ပဲ ဖြေရမယ်။ ။တနည်း ကပ်လုံးကော်လုံးဖြင့် ကပ်ကိုးပြန်သော်၊ မင်ဖိုလ်ဇိဇတောင်ရနေသေးဒါဘဲ၊ ပရိက္ခရာလောက်တော့လှူဒါန်းခဲ့မှာပေါ့။ ။ဆဲဒီလိုကပ်တတ်တတ်ပြောလျှင် ဒီပုံဖြေမှာပေါ့။ ပုက္ကုသာတိဟာ ယခုဘဝပင်နိဗ္ဗာန်ဝင်မဲ့ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်မဟုတ်ဘူးဗျ။ ဒီကသေလျှင် အဝိဟာဘုံ၌ဖြစ်အုံးမယ်။ကမ္ဘာကြီးပေါင်း တထောင်နေရအုံးမယ်။အဝိဟာဘုံကသေမှ နိဗ္ဗာန်ဝင်မှာဗျ။ ။ဘုရားက ဗေဟိဘိက္ခုခေါ်တယ်လို့ ဆိုဒါကတော့ ယခုဘဝ၌ပင် နိဗ္ဗာန်ဝင်မဲ့ပစ္ဆိမဘဝိကဖြစ်မှသာ ခေါ်ရဒါမျိုးဗျဟု အဖြေပေးပေတော့။ ။အိုးထိန်းသည်စရပ်၌နေစဉ် ဘုရားကိုယ်တော်မြတ်ကြီး၌ရောင်ခြည်တော်တဝင်းဝင်း တလင်းလင်း တထိန်ထိန် ကြက်သရေသိန်တို့ဖြင့် အရှိန်များဝေ၍နေတော့ကာမှ ရာဇဂြိုဟ်ပြည်သား လူအများတို့ဟာ အိုးထိန်းသည်စရပ်၌ တို့ဘုရားကြီးရောက်နေပဟေ့–ထွက်ခဲ့ကြ။ လာခဲ့ကြနှင့် ခုတ်အုတ်ကျက်ကျက် ဆူဆူပွက်ပွက် ဖြစ်နေကြကုန်၏။ သောတာပန်တည်ပြီးသော ဗိမ္ဗိသာရမင်းကြီးဟာလဲ ပျာရိပျာရာ ကြားလျှင်ကြားခြင်း ခဏခြင်းဖြင့် အားရျင်းဘုရားထံသို့ ရောက်လာလေ၏။ ရှိခိုးပြီးတော့ ဘုန်းတော်ကြီးမား အရှင်ဘုရား–ဘယ်အချိန် ဘယ်ကာလတုန်းက ဤနေရာသို့ ရောက်ရှိ နေပါသနည်းဘုရား–ဟု လျှောက်တော့၊ ဘုရားကိုယ်တော်မြတ်ကြီးက မနေ့ညနေကပင် ရောက်နေပါတယ်– မင်းကြီး။ ဘာကိစ္စနှင့် အဆောတလျင် ရောက်ရပါသလဲဘုရား။ ။မင်းကြီးသင်၏ မဟာမိတ်ဖြစ်သောပုက္ကုသာတိသည်၊ သင်မင်းကြီးထံမှ သတင်း ကောင်း ရလို့ ပဉ္စမဈာန်အထိ အရကျင့်ပြီးတော့ တိုင်းပြည်ကိုစွန့်၍ တောထွက်လာခဲ့တယ်။ ငါဘုရားထံ ရည်စူးပြီးလာခဲ့ရာ သာဝတ္ထိပြည်ကိုကျော်၍ဤပြည်သို့ ရောက်လာပေတယ်။ငါဘုရားလဲ သူ့အား ချီးမြှောက်ခြင်းငှါ ရောက်လာ

ရပေတယ်။ ခေတ္တဝိဘင်ဒေသနာဖြင့် သုံးမဂ် သုံးဖိုလ်ရသွားလေပြီ။ ။ယခု ထိုအရှင် ဘယ်မှာပါလဲဘုရား။ ။သဝိတ်သက်နိး မပြည့်စုံလို့ ရှာရန် ထွက်သွားလေပြီ။ ။မင်းကြီးလည်း ဘုရားကိုဝပ်တွားပြီး ရှာရန်ထွက်သွားလေ၏။ မြတ်စွာဘုရားလည်း ကိစ္စပြီးသဖြင့် ကောင်းကင်ခရီးဖြင့်ဇေတဝန် ကျောင်းသို့ ပြန်ကြွတော်မူလေသည်။

ပုက္ကုသာတိသည်ကား ဤမျှလောက်အားထားရသော မင်းထံသို့လည်း မသွားချေ။ တက္ကသိုလ်ပြည်မှ ရောက်ရှိနေတဲ့ ကုန်သည်များထံသို့လည်း မသွားဘဲ သုသာန်, မြစ်ဆိပ် အိမ်ကြိုအိမ်ကြားစသော ဌာနမှ ရရသမျှကို စုရုံးပြီး ၂-ထပ် သင်္ကန်း ချုပ်မှ သင့်မြတ်လှပေမည်ဟု – သဘောထား၍ အရှာသွားလျှင် အမှိုက်ပုံရှိရာသို့ ဆိုက်ရောက်လေ၏။ အမှိုက်ပုံမှ အစ,အန, အစုတ်အပြတ်တို့ကို ပံသုကူကောက်ယူနေစဉ်ပင် ရှေးရှေးဘဝက ရန်စ, ရန်ငြိုးဖျိုးခဲ့ဘူးသော ဘီလူးတကောင်သည် နွားမယောင်ဆောင်၍ အသေ ပင် ဖွေ့ပေရော၊ ဦးချို၏ အဟုန်ဖြင့် ကောင်းကင်ဘုံမှာပင် အသက်ကုန်၍ အဝိဟာဘြဟ္မာ့ဘုံ၌ ဖြစ်လေ၏။ ဖြစ်သည်နှင့် တပြိုင်နက်ပင်လျှင် အရဟတ္တ ဖိုလ်သို့ဆိုက်ရောက်၍ ရဟန္တာဖြစ်သွားတော့၏။ အလောင်းကောင်မူကား အမှိုက်ပုံ၌ မှောက်လျက်ကျ၍ နေရှာလေ၏။

မိတ်ဆွေတော် ဗိမ္ဗိသာရမင်းကြီးသည်လည်း ဩော်–ငါ၏ မဟာမိတ် ဟာ ငါ့ထံမှ သတင်းကောင်း ကြားရရုံကလေးနှင့် တိုင်းကား ပြည်ရွာ ထီးနန်းပါ စွန့်လွှတ်ပြီး ဖွတ်ထွက်၍ လာခဲ့ပေတယ်။ ယူဇနာပေါင်း ၂၃၇၊ ဤမျှဝေးကွာသော ဌာနရောက်အောင် ပင်ပင်ပန်းပန်းကြီးနှင့် လာခဲ့ရပေ တယ်။ ပြုနိုင်ခဲသောအမှုကို ပြုလေစွတကား။ ငါ့မိတ်ဆွေ ရဟန်းအတွက် ငါကဘဲ အရေရေ ပြည့်စုံစေမယ်။ ကဲကဲ-အရှေ့ရော အနောက်ရော တောင် ရော မြောက်ရော အတွေ့ရှာဖွေကြကုန်ဟု–အမိန့်ပေးလိုက်၏။ ထို့နောက်မှ သတင်းမှန်ကို ကြားရလျှင် ဝမ်းနည်းစွာဖြင့် အလောင်းရှိရာသို့ သွားပြီး ဩော်–ဤမျှလောက် ကြည်ညိုစရာကောင်းလှတဲ့ ပုဂ္ဂိုလ်ထူးကို မဖြည့်ရ လေခြင်း၊ မလှူရလေခြင်းဟု – ငြီးတွားပြီးတော့ အလောင်းကို ညောင် စောင်း၌တင်၍သင့်လျော်ရာသို့ဆောင်ယူပြီးလျှင် ကြီးစွာပူဇော်၍ သဂြိုဟ် ကြကုန်၏။ ဓာတ်တော်များကိုလည်း စေတီပြု၍ ပူဇော်ကြကုန်၏။ ငါတို့ ဘုရားလက်ထက်တော်၌ အနာဂါမ်တည်၍ အဝိဟာဘုံသို့ ရောက်သူများ ကား (၁)ဥပကရဟန်းကြီး (၂) ပလဂဏ္ဍ (၃) ပုက္ကုသာတိ (၄) ဘဒ္ဒိယ (၅) ကဏ္ဍဒေဝ (၆) ဗာဟုဒတ္တိ (၇) သဂိယ၊ ၇–ဦးပင်တည်း။

## (၃၁၉) ပုဏ္ဏုသာဝတီ၏ ဈေးဘဝက ရန်ငြိုးကား

ပုဏ္ဏုသာဝတီ၏ ဈေးဘဝက ရန်ငြိုးကား ဤသို့တည်း။ ယခုဘုရား
လက်ထက်တော်၌ ကျွတ်တမ်းဝင်ကြတဲ့ အကျော်အမော် ဇော်ထက်,
ဇော် တို့တွင် (၁) ပုဏ္ဏုသာဝတီ အလောင်း (၂) ဗာဟိယဒါရုစီ မထေရ်
အလောင်း (၃) ဘမ္ဗဒါဌိက သူသတ်မှူးကြီးအလောင်း (၄) သုပ္ပဗုဒ္ဓကုဋ္ဌ
လူနာကြီးအလောင်း၊ ဤ ၄-ဦးသားတို့သည် ပါရမီဇီဇ, မဂ်ဇီဇ, ဖိုလ်ဇီဇ,
နိဗ္ဗာန်ဇီဇကို စုဆောင်းရှာဖွေကြစဉ် တခုသောဘဝ၌ သူဌေးသား ၄-ဦး
ဖြစ်ကြကုန်၏။ အဆွေသဟာယလည်း ဖြစ်ကြကုန်၏။သွားဘော်လာဘက်
ဆိုးတူ ကောင်းဘက်လည်း ဖြစ်ကြကုန်၏။ သူဌေးသား ၄-ဦး ဖြစ်စဉ်
အခိုက်၌အဆင်းလှလှရုပ်ရည်ချောချောအပြောချိုသာလှတဲ့ ပြည့်တန်ဆာမ
တယောက်ကို ဥယျာဉ်သို့ခေါ်ဆောင်၍ တနေ့လုံးပျော်မြူးကြကုန်၏။ ကနေ့
အတွက်ပျော်မြူးခကိုလည်း တဦးလျှင် ၂၅၀-စီဖြစ်၍ ၄-ဦးလျှင် ငွေတထောင်
ပေးရ၏။ တနေ့စေ့၍ ပြန်လွှတ်ခါနီး၌ တိုင်ပင်ကြသည်ကား ဤနေရာ၌
ငါတို့ ၄-ဦးမှ တပါး၊ အခြား သူတဦးမျှ မရှိပေ။ ဤပြည့်တန်ဆာမအား
ငါတို့က ပေး၍ထားသောငွေတထောင်ကိုရင်း၊သူဝတ်ဆင်လာတဲ့ ဘယက်
တန်းဆာ၊ နွါရယာတို့ကိုရင်းယူ၍ အနုကြမ်းစီး၍ သူ့ကိုပါ သတ်ပြီးလျှင်
ဖျောက်ဖျက်၍ ပစ်ရပါမူကား အကောင်းဆုံးဘဲဟု — တိုင်ပင်ကြကုန်၏။
ထို ပြည့်တန်ဆာမသည်လည်း တိုင်ပင်သံကိုရင်း၊ စိတ် သဘော တူညီ
ကြသည်ကိုရင်း သိရလျှင်၊ ဤသူဌေးသားတို့သည် ယုတ်မာကုန်စွတကား။
အရှက်မရှိကုန်စွတကား။ငါ့ကိုလဲပျော်မြူးသေး၏ ငါ့ဘဏ္ဍာကိုလဲ ယူသေး၏
ငါ့ကိုလဲမထားတော့ဘဲ သတ်ကြတော့မည် အမှန်ဖြစ်တော့သည်။ ရှိစေဦး
တော့၊ထင်သလိုလုပ်ရက်ကြတော့ဟု—တွေးတောလျက်၊ငါကလည်းသူတို့
၄-ဦးသားကို ကလဲ့စား ချေနိုင်ရပါစေသတည်းဟု – ဆုတောင်းလေ၏။
ပြည့်တန်ဆာမသေလျှင် ဘီလူးမဖြစ်၍၊ ယခုကဲ့သို့ သတ်တော့သတည်း။
သူဌေးသား ၄-ဦးက သတ်သည်မှာ တကြိမ်တည်းသာ ဖြစ်၏။ သို့ပေမဲ့
ဘီလူးမက ပြန်၍ သတ် ဖြတ် သည် ကား တဦးလျှင် ဘဝပေါင်း တရာစီ
သတ်၍ပြီးလေ၏။ဒါတောင်မှ ယခုဘဝ၌ ထို ၄-ဦးတို့ဟာ မဂ်ရ,ဖိုလ်ရပြီး
အသီးအသီး ဘဝပြတ်စွဲသွားလို့သာ ဘဝတရာစီနှင့် ခံရခြင်းဖြစ်သည်။
အကယ်၍သာ ပုထုဇဉ်အဖြစ်နှင့် လူ့ပြည်မှာချည်းဖြစ်၍ နေသေးပါမူကား
ဘဝပေါင်းအသင်္ချေနှင့် သေ၍ပင် ဆုံးတော့မည်မဟုတ်။ ဘဝပြတ်သွားလို့

လွတ်တာပါ။ ဘုရားနှင့် ဒေဝဒတ်လိုဘဲ၊ ဘုရားဟော ဒိဘာဝ၌ ဘုရားမဖြစ် သေးဘဲ၊ နောက်နောင်ကပ်ကျမှ ဘုရားဖြစ်ပါလျှင် ကြားထဲက ဘဝတိုင်း ဒေဝဒတ်နှောက်ယှက် အုံးမည် အမှန်ပင်၊ ယခုဘာ ဘုရားဖြစ်၍သာ လွတ် တော့သည်။ ကမ္ဘာရန်ကား ဤမျှလောက် ကြောက်စရာကောင်းပေ၏။

**ဆုံးမစာကား**

**သူ့ကိုတဖန်၊ ယင်ရှိကြံသေဘ်၊ ကိုယ့်ထံမျက်မှောက်၊ ဆင်ရှိရောက်၏။**
**သူ့ကိုဘဖန်၊ အသာကြံသေဘ်၊ ကိုယ့်ထံမျက်မှောက်၊ ကန္တာရရောက်၏။**

သက္ကာယဒိဋ္ဌိကြီး တန်းလန်းနှင့် ရှိနေသူများကား ဤ ဝတ္ထုလို ခံကြ ရမည်တည်း။

ဝတ္ထုပြီး၍ ကမ္မဋ္ဌာန်းကို ဆက်တော့အံ့။

## (၃၂၀) ပုဏ္ဏသာတီချွတ်တော် ခေါ်ကမ္မဋ္ဌာန်း

ပုဏ္ဏသာတီ အာဇာနည် မဟာထေရ်ကို ချွတ်ရာ၌ ဘုရားရှင်ကြီးက— ဆဠာတုယော အယံပုရိသောဟု—ပြ၏။

(ဆဠာတုယော) က ပရမတ်။ (အယံပုရိသော) က ပညတ် ခွဲပြသည်။ ဗမာလိုကား ဓာတ် ၆-ပါးက ပရမတ်။ ။ယောကျ်ားက ပညတ်၊ကွဲပါရော။

**ပညတ်၊ ပရမတ်၊ မရောစင်၊ သတ်သတ်ဒိဋ္ဌိကွာ။ ။လင်္ကာ။**

ပညတ်တရားနှင့် ပရမတ်တရားကို မရောမနှောဘဲ၊ သဘောတခြားစီဘဲ ဟု—ကွဲကွဲပြားပြား ခွဲခွဲခြားခြား သိလည်းသိ ကိုယ်တွေ့လည်း တွေ့ပါလျှင် သက္ကာယဒိဋ္ဌိကွာသွားပါပြီ၊ ခွါပါပြီ၊ ပြုတ်ပါပြီ၊ ချုပ်ပါပြီ၊ ငြိမ်းပါပြီတဲ့။

**မရှိတာသိ၊ ရှိတာသိ၊ ဒိဋ္ဌိပျောက်ကြောင်းသာ။ ။လင်္ကာ။**

မရှိတဲ့ပညတ်နှင့် အဟုတ်ရှိတဲ့ ပရမတ်ကို သိလျှင်၊တွေ့လျှင်၊ဒိဋ္ဌိကွာပြီ။ ပုဏ္ဏသာတီရဟန်းကို ဘုရားက တရားပြသောအခါ၌ ဘာဘာ ညာညာ ဟိုဟာ၊ ဒီဟာတွေလုပ်ပြီး ချဲ့၍မနေတော့ဘဲ၊တဲ့တဲ့ကြီးနှင့် ဒါကွဲ-ဒါကွဲဟု— (၁) သုညသက်သက် (၂ အနတ္တသက်သက် (၃) ပရမတ်သက်သက် (၄) ဓာတ် သက်သက် တရားကိုသာ ဟောပြခဲ့လေသည်။ ဘယ်လောက်

ရှင်းသလဲတွေးကြည့်တော့။ ။ခန္ဓာကိုယ်ထဲက အမြဲတမ်း ပေါ်နေတဲ့ ရုပ်ရုပ် မွမ္မပူပူကြွကြွ ပုဒ် စသည်တို့ကို (သုညတဲ့၊အနတ္တတဲ့၊ပရမတ်တဲ့၊ခတ်တဲ့၊) လေးမည်ရ တရားပေါ့။

## (၃၂၁) ပုဒ် ရုပ်ရုပ် မွမ္မတို့ကို (သုည)ဟု ဆိုတာကတော့

**ဆိတ်သော၊ ကင်းတာ** ဘာများမှ ဆိတ်၍၊ ဘာများမှ ကင်းသလဲ မေးကြည့်၊ဖြေမယ်၊ ရုပ်ရုပ် မွမ္မ ပူပူ ဒေဆိုတဲ့ ခတ်တို့အထဲမှာ သတ္တဝါ ပညတ်မှ ဆိတ်တယ် ကင်းတယ်။ ထို့အတူ အသက်ပညတ်၊ လူထင်ပညတ်၊ လုလင် ထင်ပညတ်၊ မိန်းမထင်ပညတ်၊ ယောကျ်ားထင်ပညတ်၊ အတ္တထင်ပညတ်၊ ငါထင်ပညတ်၊ ငါ့ဥစ္စာထင်ပညတ်၊ မိမိထင်ပညတ်၊ သူတပါးထင်ပညတ်၊ တစုံတယောက်ထင်ပညတ် ဆဲဒီပညတ်တွေမှ ဆိတ်တယ်၊ ကင်းတယ်။ ဒါ့ကြောင့် သုညတဲ့။

## (၃၂၂) ပုဒ် ရုပ်ရုပ် မွမ္မ တို့ကို (အနတ္တ) ဟု ဆိုတာကတော့

**အတ္တမဟုတ်** ဘယ်အတ္တ မဟုတ်တာလဲလို့ မေးကြည့်။ ။ဖြေမယ်၊ သတ္တဝါမဟုတ်၊ အသက်မဟုတ်၊ လူမဟုတ်၊ လုလင်မဟုတ်၊ မိန်းမမဟုတ်၊ ယောကျ်ားမဟုတ်၊ နိစ္စ၊ သုခ၊ အတ္တ,သုဘ ၄-မျိုးမဟုတ်၊ ငါမဟုတ်၊ ငါ့ဥစ္စာ မဟုတ်၊ မိမိမဟုတ်၊ သူဘပါးမဟုဘ်၊ တစုံတယောက်မဟုတ်၊ဒီပညတ်တွေ မဟုတ်လို့ ပုဒ် ရုပ်ရုပ် မွမ္မတွေကို (အနတ္တ) လို့ ဆိုရတယ်။

## (၃၂၃) ပုဒ် ရုပ်ရုပ် မွမ္မတို့ကို (ပရမတ်)ဟု ဆိုတာကတော့

**မဖေါက်မပြန်တဲ့ သဘောတဲ့** ဖေါက်ပြန်တဲ့ သတ္တဝါမျိုး,အသက်မျိုး၊ လူမျိုး၊ လုလင်မျိုး၊ မိန်းမမျိုး၊ ယောကျ်ားမျိုး၊ နိစ္စမျိုး၊ သုခမျိုး၊ အတ္တမျိုး၊ သုဘမျိုး၊ ငါမျိုး၊ ငါ့ဥစ္စာမျိုး၊မိမိမျိုး၊သူဘပါးမျိုး၊ဘစုံဘယောက်မျိုးမဟုတ်၊ ဖေါက်ပြန်၊ မမှန်ကန်၊ မှားတဲ့သဘောမျိုးမဟုတ်။ ဒါ့ကြောင့် (ပရမတ်တဲ့)

## (၃၂၄) ပုဒ် ရုပ်ရုပ် မွမ္မတို့ကို (ခတ်တရား)ဟု ဆိုတာကတော့

**အဟုတ်ရှိပြီး ဆောင်တတ်သို့တဲ့** မရှိဘဲ ဆောင်တဲ့ သတ္တဝါ၊အသက်၊ လူ၊လုလင်၊မိန်းမ၊ယောကျ်ား၊နိစ္စ၊သုခ၊အတ္တ၊သုဘ၊ငါ၊ငါ့ဥစ္စာ၊မိမိ၊ သူဘပါး၊ တစုံတယောက် ဆိုတာမရှိ။ (ရှိရှိနဲ့ဆောင်လို့ ခတ်တရားတဲ့)

" သုည၊ အနန္တ၊ ပရမတ်၊ ခေတ်တရား " အမည်သာကွဲတယ်။ အရ အတူတူပါဘဲ။ ဥပမာ (ဉာဏစာရီမဟာထေရ်တဦးထဲကိုပင် ဘုန်းကြီးလဲ ခေါ်တယ်၊ စာချလဲ ခေါ်တယ်၊ တရားပြလဲ ခေါ်တယ်၊ တရားဟောလဲ ခေါ်တယ်၊ ယောဂီလဲ ခေါ်တယ်။

သက္ကာယဒိဋ္ဌိကြီး ကွာသွားဘို့ အရေးကြီးဆုံးဖြစ်ရကား။

## (၃၂၅) သက္ကာယနှင့် ဒိဋ္ဌိကို ခွဲရတော့မည်

အဝတ်မှ ကြေးညှော်တွေကို ထုတ်ပစ်ရတော့မည်။ ကြည့် စမ်း စေ့စေ့စပ်စပ်။

သုညခန်း၌ ရွရွ မွမွ ပွကေ သက္ကာယ သက္ကဝါထင် ၁၂-ကဒိဋ္ဌိ၊ ခွဲပြီ
အနန္တခန်း၌ ရွမွ ပွကေ သက္ကာယ သက္ကဝါထင် ၁၂-က ဒိဋ္ဌိ၊ ခွါပြီ
ပရမတ်၌ ရွမွ ပွကေ သက္ကာယ သက္ကဝါထင် ၁၂-က ဒိဋ္ဌိ၊ကွာပြီ
ခေတ်ခန်း၌ ရွမွ ပွကေ သက္ကာယ သက္ကဝါထင် ၁၂-က ဒိဋ္ဌိ၊ ကွဲပြီ

သက္ကာယနှင့် ဒိဋ္ဌိဟာ ဘယ်တုန်းကမှ မပူး၊ မတွဲ၊ မကပ်ပါဘဲလျက် (မယ်တရွာ မောင်တမြို့)ဆိုတာလို သဘောချင်းခြားနားနေပါလျက် (ရေနှင့် မီး)လို မျက်နှာကြော မတဲ့ပါဘဲလျက် တွဲတာများ အံ့စရာ ပါဘဲ။ သက္ကာယ နှင့် ဒိဋ္ဌိကား မိုးနှင့် မြေကြီးလောက် ကွာခြားလျက်ရှိနေကြပေ၏။ ဥပမာ ဆိုသော်၊ (အဝတ်မှ ကြေးညှော်တွေကို ထုတ်ကြရာ၌ (၁) အဝတ် ကား သက္ကာယနှင့်တူ၏။ (၂) ကြေးညှော်ကား ဒိဋ္ဌိနှင့်တူ၏။ (၃) အဝတ်၌ ကြေးညှော်ကပ်နေခြင်းကား (သက္ကာယ၌ ဒိဋ္ဌိတွဲကပ်သဖြင့် သက္ကာယဒိဋ္ဌိ ဖြစ်၍ နေတာနှင့်တူ၏။ (၄) ညှော်ဖွပ် ထုတ်ပစ်ခြင်းကား ဝိပဿနာကို အားထုတ်နေတာနှင့်တူ၏။ ။တနည်းမှာလည်း ဆူးစူးလို့ ဆူးထွင်ရာ၌ (၁) အသားကား သက္ကာယနှင့်တူ၏။ (၂) စူးတဲ့ဆူးကား ဒိဋ္ဌိနှင့်တူ၏။ (၃) အသား၌ ဆူးစူး၍နေခြင်းကား သက္ကာယဒိဋ္ဌိ ဖြစ်နေတာနှင့် တူ၏။ (၄) ဆူးထွင် နုတ်ပစ်ခြင်းကား ဝိပဿနာ အားထုတ်နေတာနှင့် တူ၏။ လူပြိန်းများအတွက် သက္ကာယနှင့်ဒိဋ္ဌိ။

ကပ်ပုံ၊ နုတ်ပုံဥပမာပြဦးအံ့။—

**(၃၂၆) သဏ္ဌာနတန်း ဒိဋ္ဌိတန်း ပူးပုံကင်ပုံ ခွဲထုတ်ပုံဝိပဿနာ**

| | | | |
|---|---|---|---|
| ညောင်ပင်မှာ | တစ္ဆေ | ကပ်ရောက်နေ | ပရိတ်ရွတ်ပေး |
| လူနာမှာ | ရွာသူ | ဝင်၍ပူး | ဆရာနှင့်ထုတ်ပစ် |
| လူနာမှာ | သရဲ | ဝင်၍ပူး | ဆရာနှင့်ထုတ်ပစ် |
| လူနာမှာ | ဘီလူး | ဝင်၍ပူး | ဆရာနှင့်ထုတ်ပစ် |
| လူနာမှာ | နတ် | ဝင်၍ပူး | တောင်းပန်ထုတ်ပစ် |
| မြေကြီးမှာ | လှံ | စိုက်၍နေ | လက်ဖြင့်နုတ် |
| ရထားမှာ | မြင်း | တပ်၍ထား | လက်ဖြင့်ဖြုတ် |
| တိုင်မှာ | စက္ကူ | ကော်ကပ်ထား | လက်ဖြင့်ခွါပေး |
| အဝတ်မှာ | ကြေးညှော် | ကပ်ငြိနေ | ကဝါချပေး |
| အသားမှာ | ဆူး | စူးဝင်နေ | ထွင်ပစ် |
| သဏ္ဌာနဘက် | ဒိဋ္ဌိဘက် | စွဲကပ်ပုံ | ဝိပဿနာနုတ်ပုံ |

ဇယားပြခဲ့သော ဥပမာစဉ်၌ (၁) ညောင်ပင်ကား သဏ္ဌာနနှင့်တူ၏။ (၂) တစ္ဆေကားဒိဋ္ဌိနှင့်တူ၏။ (၃) မှီခိုနေခြင်းကား သဏ္ဌာနဒိဋ္ဌိဖြစ်၍နေတာနှင့်တူ၏။ (၄) ပရိတ်ရွတ်၍ ထုတ်ခြင်းကား ဝိပဿနာပွါးတာနှင့်တူ၏။

(**ကြွင်းကျန်**သော ဥပမာတို့၌လည်း ဤနည်းမှီး၍ ရှင်းပြကြပါကုန်။)

**(၃၂၇)**

| | |
|---|---|
| ပညတ်နှင့်ပရမတ်ရောထွေးလုံးသိ | သဏ္ဌာနဒိဋ္ဌိမှတ် |
| ပရမတ်ကိုပညတ်ထင်တာသိတာ | ။ |
| ပညတ်ကိုပရမတ်ထင်တာသိတာ | ။ |
| ပရမတ်ကို အမှားထင်တာသိတာ | ။ |
| ပညတ်ကို အမှန်ထင်တာသိတာ | ။ |
| ရုပ်နာမ်ကို ငါထင်သူထင် ၁၆-ပါး | ။ |
| ငါသူနှင့်ရုပ်နာမ်မကွဲတာသိတာ | ။ |
| ပညတ်ပရမတ်မသိတာ | ။ |
| မရှိကို အရှိထင်တာယူတာ | ။ |
| အရှိကို မရှိထင်တာယူတာ | သဏ္ဌာနဒိဋ္ဌိမှတ် |

ဤကား သဏ္ဌာနဒိဋ္ဌိဖြစ်နေပုံ၊ အစစ်ခံချက် အဖြေထွက်နေပုံတည်း။

## (၃၂၈) သင်္ကာယချည်းသက်သက်ကို ပြဦးမည်

| | |
|---|---|
| ၁-နိဗ္ဗာန် ၂-ပါးက-သင်္ကာယ | ၈-အာယတန ၁၂-ပါးက-သင်္ကာယ |
| ၂-မဂ်လေးပါးက- သင်္ကာယ | ၉-ဓာတ် ၁၈-ပါးက-သင်္ကာယ |
| ၃-ဖိုလ်လေးပါးက- သင်္ကာယ | ၁၀-သစ္စာ ၄-ပါးက- သင်္ကာယ |
| ၄-စိတ်တရားတွေက-သင်္ကာယ | ၁၁-ပဋ္ဌာန်းတရားက- သင်္ကာယ |
| ၅-စေတသိက်တွေက-သင်္ကာယ | ၁၂ ပဋိစ္စသမုပ္ပါဒ်က- သင်္ကာယ |
| ၆-ရုပ်တရားတွေက-သင်္ကာယ | ၁၃-အဘိဓမ္မာတွေက-သင်္ကာယ |
| ၇-ခန္ဓာ ငါးပါးက- သင်္ကာယ | ၁၄-ပရမတ်တွေက- သင်္ကာယ |

ဤ ၁၄-ဌာန၌ ဒိဋ္ဌိသို့လျှင် အရိပ်အရောင်ကလေးမျှ မပါဘူးသိထားကြ။

## (၃၂၉) ဒိဋ္ဌိချည်းသက်သက်ကို ပြဦးမည်

| | |
|---|---|
| ၁-ပညတ်တရားကို-ဒိဋ္ဌိမှတ် | ၆-ဖြဟ္မာထင်ကို-ဒိဋ္ဌိမှတ် |
| ၂-အယူမှားကို- ဒိဋ္ဌိမှတ် | ၇-သတ္တဝါထင်ကို-ဒိဋ္ဌိမှတ် |
| ၃-အမှတ်မှားကို-ဒိဋ္ဌိမှတ် | ၈-ငါသူထင်ကို- ဒိဋ္ဌိမှတ် |
| ၄-အမြင်မှားကို- ဒိဋ္ဌိမှတ် | ၉-ပုဂ္ဂိုလ်ထင်ကို- ဒိဋ္ဌိမှတ် |
| ၅-လူနတ်ထင်ကို-ဒိဋ္ဌိမှတ် | ၁၀-ကျား,မ,ထင်ကို- ဒိဋ္ဌိမှတ် |

သင်္ကာယ ၁၄-ပါးနှင့် ပေါင်းလျှင် လူ့ပဏ္ဍိတ,နတ်,ဖြဟ္မာပဏ္ဍိတ၊ ဒိဋ္ဌိ ၁၀-ဌာနနှင့် ပေါင်းလျှင် လူ့ဗာလ, နတ်ဗာလ, ဖြဟ္မာဗာလ၊

သင်္ကာယနှင့်ဒိဋ္ဌိသည် ဤမျှလောက်ကွဲလွဲနေပါလျက် မည်သူမည်ဝါက တွဲပေးလို့၊စပ်ပေးလို့၊သွည်ပေးလို့မဟုတ်ဘဲ တွဲကပ်နေရသလဲ မေးပြီ။

(၃၃၀) ငါတို့ တွေ့ဘူးဘာပြောရပါလျှင် သင်္ကာယနှင့် တူတဲ့ မယ်ဆုံနှင့် ဒိဋ္ဌိနှင့် တူတဲ့ မောင်ထွေးကို တရွာစီ နေကြပါလျက်နှင့် မိန်းမ နှင့် ယောကျ်ားခြားနားပါလျက်နှင့် ဒေါ်ကျော့က အောင်သွယ်ပေးလို့ သင်္ကာယ ဒိဋ္ဌိဖြစ်ကြရတယ်။ ။အဲဒီ ဥပမာလိုဘဲ သင်္ကာယနှင့်ဒိဋ္ဌိဟာ မီးနှင့်ရေလို ပရမတ်နှင့် ပညတ်ဖြစ်ကြပါလျက် ဘယ်သူက တွဲပေးသလဲ ဖြေစမ်း။

(မာယာ ပမဒ္ဒ ဝိညာဏံ) ခန္ဓာ၁၄ သံယုတ်ပါဠိတော်။ ။ဝိညာဏံ၊ ဝိညာဉ်စိတ်သည်။မာယာ ပမဒ္ဒ၊မျက်လှည့်သမားကဲ့သို့ အမှန်ကိုတော့အမှား၊ အမှားကိုတော့ အမှန်ထင်ရအောင် မပြတ်လှည့်စား၍ နေပေ၏။

(၃၃၁) အမှားကို အမှန်ထင်ရအောင် အချွန်ကို အချောထင်ရအောင်

လှည့်စားနေကြသူတို့ကား စိတ်၊ အဝိဇ္ဇာ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ငါးဦးတို့ ပေတည်း။

၁–စိတ်ကလှည့်စားထားခြင်းခံရသူ { ပုဏ္ဏားလုလင်ဘီလူးမနှင့်ညား / တက္ကသိုလ်မင်းဘီလူးမနှင့်ညား

၂–အဝိဇ္ဇာကလှည့်စား ဟုတ်ထာမသိရ–မဟုတ်ထာသိရ

၃–တဏှာကလှည့်စား ဒါန၊သီလ၊သမထပြုတိုင်း တဏှာအုပ်ချက်

၄–မာနကလှည့်စား ဇာတိမန္တရသေ့ ပစ္စေကအားမရှိသေ

၅–ဒိဋ္ဌိကလှည့်စား အကုသိုလ်ကိလေသာ ဝိပါက်ဝင်ပုံကြည့်

ဇဲဒါကြောင့် သံသရာဝဋ်ကြီးက မထွက်နိုင်ကြတာ။

မိန်းမပျိုရှိရာ လုလင်ပျိုလာ၊ ဇဲဒါသက္ကာယကို ဒိဋ္ဌိကပ်ပုံတည်း။
ရွှေ,ငွေရှိရာ သူခိုးလာ၊ ဇဲဒါသက္ကာယကို ဒိဋ္ဌိကပ်ပုံတည်း။
နောက်တတွဲဆက်ပြန်တော့ ဒိဋ္ဌိရှိရာ အကုသိုလ်လာ၊ ကိလေသာလာ၊ ဝိပါက်လာ။
နောက်တတွဲဆက်ပြန်တော့ အကုသိုလ်ရှိရာ အပါယ် ၄–ပါးလာ။
ဝိပဿနာကိုယ်ပိုင်အလုပ်ရှိ၍ မထားပါလျှင် သက္ကာယရှိရာသို့ ဒိဋ္ဌိလာမည်။ဒိဋ္ဌိရှိရာသို့ အကုသိုလ်လာမည်။အကုသိုလ်ရှိရာသို့အပါယ် ၄-ပါး မဟာဒုက္ခကြီးတွေလာမည်။ ရှောင်မလွှဲ ပြေးမလွတ်နိုင်ပါ။

(၃၃၂) ဇဲဒါကြောင့် သက္ကာယဒိဋ္ဌိ ဖြုတ်ဘို့ရန်အရေးအကြီးဆုံးပါဘဲ ဟု။ (သက္ကာယဒိဋ္ဌိံ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ) လို့ ဘုရားရှင် ကိုယ်တော်တိုင် သံယုတ်ပါဠိတော်မှာ ဟောတာရှိတယ်။ ။သတော၊သတိ ရှိသော။ဘိက္ခု၊ရဟန်းသည်။သက္ကာယဒိဋ္ဌိံ၊ ငါဘဲ သူဘဲ အထင်လွဲ၍ အစဉ် မြဲနေတဲ့ သက္ကာယဒိဋ္ဌိကြီးကို။ပဟာနာယ၊လာလာသမျှ ဗျာပနဖြင့် ပြာချခြင်း အကျိုးငှါ။ ပရိဗ္ဗဇေ၊အားအင်ကြိုးကုတ် လုံ့လထုတ်၍ပယ်ဖြုတ်ကြကုန်ရာ သတည်း။

ဤစာကိုဘတ်မိလျှင် သက္ကာယကတခြား၊ဒိဋ္ဌိကတဖုံဟုကွဲရုံ၊နားလည်ရုံ၊ သဘောဒိရုံ၊ ဉာဏ်ရှိရုံလောက်တော့ (သက္ကာယဒိဋ္ဌိ)ကွာချာပါဘဲ။ သို့ပေမဲ့ ကိုယ်တွေ့ တွေ့ပြီးမှ ပေါ်လာတဲ့ ဝိပဿနာဉာဏ်ဖြင့် ဧကန် ဖြုတ်ပါမှ ဇိမ်ပါပြုတ်မဲ့ (သက္ကာယဒိဋ္ဌိ ဆိုးကြီးပါ) စာဘတ်ပြီး ဖြုတ်လျှင် ပရိယတ္တိ

ဉာဏ်, သုတမယဉာဏ်ပေါ့။ ။တွေးတောဆင်ခြင်ပြီး ဉာဏ်အဝင်ဖြင့် ဖြုတ်လျှင် စိန္တာမယဉာဏ်ပေါ့။ ။ခန္ဓာ ကိုယ်ထဲက အနတ္တ အနေဖြင့် အလိုလိုပေါ်တော့ ဉာဏ်ပါပေါ်တတ်သည်။ အဲဒီလို ဘာဝနာမယ အကျင့် ဉာဏ်ဖြင့် (ဘာဝိတော) လုပ်ပြီးပေါ်မှ၊ (ဗဟုလီကတော) လုပ်ပြီးပေါ်မှ၊ ဗုဒ္ဓကြီးစိတ်ချလက်ချပြုတ်နိုင်သည်။

## (၃၃၃) ဘာဝနာမယ အားထုတ်ပုံကား

ပထမဦးစွာ ခန္ဓာကိုယ်ထဲက သဲကမ်းပါးကြီးများ ရေစား တော့ တဖွါးဖွါးပျက်၍ပျက်၍ နေပုံကိုရင်း၊လင်မနစ်ပုလင်းကိုဖွင့်တော့ တပုလင်း လုံးဆူပွက်၍နေသကဲ့သို့ အမြဲတမ်းပေါ်လျက်နေသော ဓာတ်ပျက်, ရုပ်ပျက် ပရမတ်ပျက်တို့ကို မတွေ့ရသေးမီ။ ဥက္ကောင်းငယ်ထိပ်၌ ဒင်္ဂါးတကွက်စာ လောက်ခန့်မှန်း၍ ထိုအရပ်၌ စိတ်ကိုထားပါ။ သို့မဟုတ် ရင်ဝ၌ စိတ်ကို ထားပါ။သို့မဟုတ် ခန္ဓာကိုယ် မိမိကြိုက်ရာအရပ်၌ စိတ်ကိုထားပါ။ ခေါင်း ထဲကလှုပ်လျှင် သိမည်။ ပူရင်သိမည်။ ရှေင်သိမည်။ အငွေ့တွေ တရှိန်ရှိန် တလျှမ်းလျှမ်းတွေ့လျှင် သိမည်ဟု စိတ်ကို မပြေးအောင်ထားပါ။ ထိုစိတ် မပြေးလျှင် ခန္ဓာကိုယ်တနေရာရာက အလိုလို ဖျာပါရမိုက်ရဘဲ၊ တသဲသဲ တရွတ်ရွတ် တလှုပ်လှုပ် တရွရွ တမွမွကြွလျက် ပူပူလာ၊အေးလာ တရိပ်ရိပ် တဒိတ်ဒိတ်နှင့် မပြတ်ပေါ်၍နေလိမ့်မည်။ဥပမာ ပူ၍ပေါ်လျှင် တကွက်စာမျှ တပြင်ကြီးလောက်ပေါ်၍ နေတတ်သည်။ (ဃနမကွဲသေးပါ) အကာသ၊ အသေးစိတ်မတွေ့ရသေးပါ။ (ဘာဝိတော)အရ၊ထပ်တလဲလဲ ရှုပါများလျှင် (ဗဟုလီကတော) အရ အကြိမ်ကြိမ် ရှုပါများလျှင် မျက်စိ တမှိတ် ခန့်၌ ကုဋေငါးထောင်ကျော်သော ဓာတ်, ကလာပ်, ရုပ်များကို တွေ့ရတတ်ပါ သည်။ (ကလာပ်တွေ့ပါပြီ) ဤလိုနှင့် အားထုတ်မြဲ အားထုတ်သွားပါလျှင် (၁) ထမင်းစားသောအခါ၌ ခန္ဓာကိုယ်ထဲမှာ အမြဲတစေပေါ်၍နေတော့၏။ ဒါမှ အနတ္တအစစ်။ (၂) စားဘတ်သောအခါ၌လဲ အမြဲပေါ်နေတော့၏။ ဒါမှ အနတ္တအစစ်။ (၃) အိပ်ရာထဲ၌ လှဲရုံနှင့်ပင် အမြဲပေါ် နေတော့၏။ ဒါမှ အနတ္တအစစ် (၄) ဓာတ်ပေါ်သဖြင့် အိပ်ရာမှ နိုးရတော့၏။ ဒါမှ အနတ္တ အစစ် (၅) တရားနာနေရင်းလဲ ဓာတ်ပေါ်နေ၏။ ဒါမှ အနတ္တ အစစ်။ (၆) တရံတခါ ဓာတ်အပေါ်များ အရှိန်ပြင်းထန်သဖြင့် ဖြုတ်မရ, ချမရဘဲ၊ တရက်နှစ်ရက်ဆက်၍ ပေါ်နေတတ်၏။ဒါမှ အနတ္တအစစ်တွေ့ရပြီ။

## (၃၃၄) ခါတ်ကိုလှလှ၊ ရှုနိုင်မှ၊ အနတ္တအစစ်သာ။

အနတ္တအစစ်၊ ထင်တုံလစ်၊ စင်စစ်ဒိဋ္ဌိကွာ။
ဒိဋ္ဌိကင်းကွာ၊ နေသောခါ၊ သောတာရှုဋ္ဌသာ။
သောတာရှုဋ္ဌ၊ ဖြစ်လေက၊ မကျအပါယ်ရွာ။
ကာမဂုဏ်ငါး၊ ခံစံစား၊ ပျက်ပြားမရှိပါ။
ဝိသာခါနှင့်၊ သဏ္ဍသိကြား၊ ထိုသူများ၊
ဥဒါဏ်အား ထင်စေပါ။

ကိုယ်တွေ့ ဖွဲ့ရတဲ့ ဓါတ်တွေထဲမှာ ငါ,သူ,လူ,နတ်,ဗြဟ္မာ, ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား,မိန်းမ, အမှုန်,အမွှား,အတုံး,အတစ်, ဒိဋ္ဌိနှင့်လမ်းစရာ မပါ ပြတ်ပြီ။

## (၃၃၅) ဘုရားလက်သက်တော်ကသောဂီဘိုပြတ်ကွာခံ

ကျွန်းဂန်လာအတိုင်း ဒိဋ္ဌိပြတ်ပုံပြမည်

အတ္ထိ ကာယောါပနဿာတိ–ကာယော၀ အတ္ထိ။ နသတ္တော၊ နပုဂ္ဂလော၊နဇီဝေါ၊ နပုရိသော၊ နအတ္တာ၊ နဘာဝါ၊ နအဟံ၊ နမမ၊ နအတ္တနိယံ၊ နကောစိ၊ နကဿစိ။ ဧဝမဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ။သတိပဋ္ဌာနသုတ် အဋ္ဌကထာ။

(က) အမှတ်–၁ံစံ

| **သတ္တာဒယနယ်ကြီး** | **ဒိဋ္ဌိနယ်ကြီး** | |
|---|---|---|
| ရုပ်နာမ်စုသာရှိ၏။ | သတ္တဝါပညတ်မရှိ | ပြတ်ပြီ |
| ။ | ပုဂ္ဂိုလ်ပညတ်မရှိ | ကွာပြီ |
| ။ | မိန်းမပညတ်မရှိ | ခွါပြီ |
| ။ | ယောကျ်ားပညတ်မရှိ | ခွဲပြီ |
| ။ | နိစ္စ,သုခ,အတ္တ,သုဘ ၄-မျိုးမရှိ | ကွဲပြီ |
| ။ | ငါပညတ်မရှိ | ငြိမ်းပြီ |
| ။ | ငါ့ဥစ္စာပညတ်မရှိ | ချုပ်ပြီ |
| ။ | မိမိပညတ်မရှိ | ပြေပြီ |
| ။ | ကာစုံတယောက်မရှိ | ပြေးပြီ |
| ရုပ်နာမ်စုသာရှိ၏။ | သူတပါးမရှိ | ကင်းပြီ |

အဇ္ဈတ္တိကာဒယော ဝါပနသဿာတိ၊ ဟူသည့်ကား။ ကာယောဝ၊ ရုပ်နံ့အစုသည်သာလျှင်။ အဇ္ဈတ္တိ၊ ရှိ၏။ နသတ္တော၊ သတ္တဝါမရှိ။ နပုဂ္ဂလော၊ ပုဂ္ဂိုလ်မရှိ။ နဣတ္ထီ၊ မိန်းမမရှိ။ နပုရိသော၊ ယောကျ်ားမရှိ။ နအတ္တာ၊ နိစ္စသုခ၊ အတ္တသုဘမရှိ။ နအဟံ၊ ငါမရှိ။ နအတ္တနိယံ၊ ငါ့ဥစ္စာမရှိ။ နမမ၊ မိမိမရှိ။ နကောစိ၊ တစုံတယောက်မရှိ။ နကဿစိ၊ သူတပါးမရှိ။ ဇေ၀ံ၊ ဤသို့ဝိပဿနာအားထုတ်သည်ရှိသော်။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ သတိ၊ နာမ်ရုပ်အစုသာရှိ၍ ပုဒ္ဂလ်မရှိခြင်းသည်။ ပစ္စုပဋ္ဌိတာ၊ ဉာဏ်ဝ၌ ထင်မြင်တည့်တံ့လာသည်။ ဟောတိ၊ ဖြစ်၏။ ။ဤကား သဏ္ဌာယဒိဋ္ဌိပြုတ်သောသူ၏ ဉာဏ်မြင်ပုံ တည်း။

## (၃၃၆) ဘုရား လက်ထက်တော်က ယောဂီတို့ပြုတ်ကွာပုံ

ကျမ်းဂန်လာအတိုင်း ဒိဋ္ဌိပြုတ်ပုံပြမည်

ပဋ္ဌကန္ဓော၊ နသတ္တော၊ နဇီဝေါ၊ ននရော၊ နမာဏဝေါ၊ နဣတ္ထီ၊ နပုရိသော၊ နအတ္တာ၊ နအဟံ၊ နအတ္တနိယံ၊ နမမ၊ နံအညဿ၊ နကဿစိ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

(ခ) အမှတ်—ပုံစံ

| သဏ္ဌာယနယ် | ဒိဋ္ဌိနယ် | |
|---|---|---|
| ခန္ဓာငါးပါးသာရှိ၏။ | သတ္တဝါပညတ်မရှိ | ပြုတ်ပြီ |
| ။ | အသက်ပညတ်မရှိ | ကွာပြီ |
| ။ | လူပညတ်မရှိ | ခွါပြီ |
| ။ | လုလင်ပညတ်မရှိ | ခွဲပြီ |
| ။ | မိန်းမပညတ်မရှိ | ကွဲပြီ |
| ။ | ယောကျ်ားပညတ်မရှိ | ငြိမ်းပြီ |
| ။ | နိစ္စသုခအတ္တသုဘ၄–မျိုးမရှိ | ချုပ်ပြီ |
| ။ | ငါပညတ်မရှိ | ဖြေပြီ |
| ။ | ငါ့ဥစ္စာပညတ်မရှိ | ပြေးပြီ |
| ။ | မိမိပညတ်မရှိ | ကင်းပြီ |
| ။ | သူတပါးပညတ်မရှိ | မရှိပြီ |
| ခန္ဓာငါးပါးသာရှိ၏။ | တစုံတယောက်မရှိ | မလာပြီ |

ပဉ္စက္ခန္ဓော၊ ခန္ဓာ ၅-ပါးသာရှိ၏။ နသတ္တော၊ သတ္တဝါမရှိ။ နဇီဝေါ၊ အသက်မရှိ။ နနရော၊ လူမရှိ။ နမာဏဝေါ၊ လုလင်မရှိ။ နဣတ္ထိ၊ မိန်းမမရှိ။ နပုရိသော၊ ယောကျ်ားမရှိ။နအတ္တာ၊နိစ္စ,သုခ,အတ္တ,သုဘမရှိ။နာဟံ၊ငါမရှိ။ န အတ္တနိယံ၊ ငါ၏ဥစ္စာမရှိ။ နမမ၊မိမိမရှိ။ နအညော၊ သူတပါးမရှိ။ နကောစိ၊ တစုံတယောက်မရှိ။ ဣတိ၊ ဤသို့။ ဒိဋ္ဌံ၊ဒိဋ္ဌိကို။ ဥဿိါ ရေတိ၊ ခွါလေ၏။

## (၃၃၇) ပညာရှိ ကဝိကဝိန် သုခမိန် တက္ကသိုလ်များအတွက် ရှင်းလင်းချက်ထုတ်ပုံ

(က) ပုံစံ၌ (ကာယောဝအတ္ထိ–ပရမတ်=နသတ္တော၊ ပညတ်) ခွဲဖွင့်ပုံ။
(ခ) ပုံစံ၌ (ပဉ္စက္ခန္ဓော–ပရမတ်=နသတ္တော၊ ပညတ်) ခွဲဖွင့်ပုံ။

ဤကျမ်းဂန်လာ ပါဠိ ၂-ပုဒ်သည် သဘောတူ ခတ်တူ ခွဲပြခဲ့၏။ဘယ်လိုတူတာလဲမေး။ ။ကာယောဝ၊ ကိုယ်သည်သာလျှင်။ ဝါ၊အပေါင်းအစုသည်သာလျှင်။ အတ္ထိ၊ပရမတ်သက်သက်ဖြင့် ရှိနေပေ၏။ ပဉ္စက္ခန္ဓော၊ အစုဖြစ်တဲ့၊ အပေါင်းဖြစ်တဲ့၊ပရမတ်သည်သာလျှင်။အတ္ထိ၊ရှိ၏။

(ကာယောဝအတ္ထိ) အရဟာလဲ ရုပ်နာမ်အစုအပေါင်း ကိုယ်ပင်တည်း။ (ပဉ္စက္ခန္ဓောအတ္ထိ)အရ ဟာလဲ ရုပ်နာမ်အစုအပေါင်း ကိုယ်ပင်တည်း။ ဆဲဒီ ပါဠိ ၂-ပုဒ်ဟာ ဘာများအရကွဲသေးသလဲ၊ဘာထူးသလဲ တွေး။

(သက္ကာယ) ပုဒ်ကို စစ်ဆေးကြည့်တော့လဲ

(သ) က,သန္တပုဒ်၊သံဝိဇ္ဇမာနအနက်။အဟုတ်အမှန် သဘာဝရှိတာတဲ့။ (က္ကာယ)က, အစုလိုက်၊ အတွဲလိုက်၊ အပေါင်းလိုက်နေတာတဲ့။ ဒီ ၂-ခုကို တွဲစပ်လိုက်တော့ (သက္ကာယ) ဟု–ဖြစ်၍လာတယ်။ဗမာလိုတော့ အဟုတ်အမှန်သဘာဝရှိနေတဲ့ ရုပ်နာမ်အစု၊ရုပ်နာမ်အတွဲ၊ ရုပ်နာမ်အပေါင်းတဲ့။ ။ တနည်းလည်း၊ အဟုတ်အမှန်သဘာဝရှိနေတဲ့ ရုပ်အစု,နာမ်အစု,ရုပ်အတွဲ, နာမ်အတွဲ၊ ရုပ်အပေါင်း၊ နာမ်အပေါင်း၊ ရုပ်ကိုယ်, ရုပ်ကာယ၊ နာမ်ကိုယ်, နာမ်ကာယပါဘဲတဲ့။ ။ဒါကြောင့် ကျမ်းဂန်များက — သန္တော သံဝိဇ္ဇမာနော ကာယော (သက္ကာယော) ဟု–ဝိဂြိုဟ်ဆိုကြ၏။ ။သန္တော၊သံဝိဇ္ဇမာနော၊အဟုတ်အမှန် ပရမတ်သဘာဝဖြင့် ထင်ရှားရှိနေသော။ကာယော၊ အစုအပေါင်း။ သက္ကာယော၊ အဟုတ်အမှန် ပရမတ်သဘာဝ ရှိနေသော

အစုအပေါင်း။ ရုပ်အစုယူပါ၊ နာမ်အစုယူပါ၊ ဒါကိုယ်ပါဘဲ။ သက္ကာယ-ချည်း သက်သက်ပင်တည်း။ ။ဒိဋ္ဌိဆို တခုမျှ မပါချေ။

အခြေခံ အဓိဋ္ဌိမြစ်ချပြီး၍ တိုက်ကြီးတည် ဆောက်တော့မည်

## (၃၃၈) အချို့ဆရာများယူပုံ၊ ဟောပုံ၊ ပြသပုံကား

အတ္တ၊ကိုယ်တဲ့။ ။အနတ္တ၊ကိုယ်မဟုတ်တဲ့။ဘယ်လိုရုပ်လာပြန်သလဲ။ ။ စိတ်ညစ်စရာ၊ ခေါင်းရှုပ်စရာ ကောင်းတဲ့၊ အနက်ပါကလား။ ။အတ္တ-ကိုယ်ဟု စွဲလျှင် သက္ကာယဒိဋ္ဌိတဲ့။ ။အနတ္တ-ကိုယ် မဟုတ်ဟု စွဲလျှင် သက္ကာယဒိဋ္ဌိပြုတ်ကွာပြီတဲ့။ ဆဲဒါ အချို့ဆရာများက ဟောကြပုံတည်း။

## ပါဠိတော်, အဋ္ဌကထာ ဋီကာ, အနု, မရ ဂဏ္ဌိတို့က ပြပုံကား

အတ္တပုဒ်ကို အဟံ-နှင့် ဖွင့်ကြ၏။ ။အနတ္တပုဒ်ကို နာဟံ-နှင့်ဖွင့်ကြ၏။ အတ္တနိယပုဒ်ကို မမ-နှင့် ဖွင့်ကြ၏။ ။အနတ္တနိယကို နမမ-နှင့် ဖွင့်ကြ၏။ အတ္တအဟံကို ဒိဋ္ဌိဂါဟ-နှင့် ဖွင့်၏။ ။အတ္တနိယမမကို တဏှာဂါဟ နှင့် ဖွင့်၏။

ကဲကဲ-လူပြိန်း,လူအ,လူနု,ပါ နားလည်အောင် ယှဉ်ပြမည်

(အတ္တ-ကိုယ်၊အနတ္တ-ကိုယ်မဟုတ်)ဆဲဒါ အချို့ဆရာတို့၏အယူအဆပါ။
(အတ္တ-ငါ၊အနတ္တ-ငါမဟုတ်)ဆဲဒါကတော့ ကျမ်းဂန်၌ ဖွင့်ပြပုံပါဘဲ။
ဘယ်လောက်များကွာခြားနေသလဲ။နှဲနှဲရှင်းပြအုံးမယ် ကြည့်ကြစမ်းပါ။

## ဘုရားဟော သက္ကာယဒိဋ္ဌိဖြစ်ပုံ သက္ကာယဒိဋ္ဌိကွာပုံမှာ

၁—ဋသော မေ အတ္တာ၊ ဘုရားဟော သက္ကာယဒိဋ္ဌိဖြစ်နေပုံပါဋ္ဌိ။
၂—နေသော မေ အတ္တာ၊ ဘုရားဟော သက္ကာယဒိဋ္ဌိကွာပုံပါဋ္ဌိ။

၁-၌။ ဋသော-အရကလဲ ခန္ဓာ ငါးပါးပင် ရ၏။ မေ-အရကလဲ ခန္ဓာ ငါးပါးပင်ရ၏။အတ္တကိုယ်ကလဲ ခန္ဓာငါးပါးပင်ရ၏။ဘယ်မှာ သက္ကာယဒိဋ္ဌိ စွဲသေးသလဲ။ ဗမာလိုတော့ (ခန္ဓာငါးပါးအစုသည် မေ-ဆိုတဲ့ ခန္ဓာငါးပါး အစု၏ အတ္တဆိုတဲ့ ခန္ဓာငါးပါး အစုတည်း။) ဒီလိုစွဲလျှင် ယူလျှင် သက္ကာယ ဒိဋ္ဌိဖြစ်တယ်လို့ ပြောကြတယ်။ ဒါဖြင့် ရပ်ရွာသဘောနဲ့ ဥပမာ ပြမယ်။ (ကုလားကို ကုလားဘဲဟု ထင်တာဟာ မှားတယ်လို့ ဆိုရာသို့ရောက်နေပါ ပကော။)

## တရုပ်ကို တရုပ်ဟု ထင်တာဟာ မှားတယ်လို့ ဆိုရာမရောက်ပေဘူးလား ပရမတ်နယ် အဘိဓမ္မာနယ်က ပြောရင်လဲ

ရုပ်ကို ရုပ်ဟုထင်တာ သက္ကာယဒိဋ္ဌိဖြစ်တယ်လို့ ဆိုရာရောက်နေတယ်။ နာမ်ကို နာမ်ဟုထင်တာ သက္ကာယဒိဋ္ဌိဖြစ်တယ်လို့ ဆိုရာရောက်နေတယ်။

၂–ရုပ်ကို ရုပ်မဟုတ်ဟု ထင်မှ သက္ကာယဒိဋ္ဌိ ပြုတ်တယ်လို့ ဆိုရာရောက်ပြန်တယ်။ နာမ်ကို နာမ်မဟုတ်ဟုထင်မှ သက္ကာယဒိဋ္ဌိပြုတ်တယ်လို့ ဆိုရာရောက်ပြန်တယ်။ဘယ်မျှလောက် အမြီး,အမောက်မတဲ့သလဲ၊တွေး၍ ပင်ကြည့်ကြပါတော့။ ဘယ်မျှလောက် ကမောက်ကမနိုင်သလဲ စဉ်းစားကြပါတော့။

ဆဲဒီလို ကမောက်ကမ ဘောက်ကြရတာဟာ ဘယ်လိုများအနက် ပေးကြလို့လဲ မေးလျှင်—(ဧသော၊ဤရုပ်နာမ် ၂-ပါးသည်။မေ၊ရုပ်နာမ် ၂-ပါး ဖြစ်သော ငါ၏။ အတ္တာ၊ ကိုယ်ပင်တည်း။) ဟောတာလို အနက် ပေးလို့ ဖြစ်ရတာပါဘဲဗျား။ဧသော-ကလဲ ရုပ်နာမ် ၂-ပါး၊မေ-ကလဲရုပ်နာမ် ၂-ပါး၊ ကိုယ်ကလဲ ရုပ်နာမ် ၂-ပါး၊ သုံးချက်စလုံး ပရမတ်ချည်း ဖြစ်နေပါလျက် အတ္တစွဲ, ဒိဋ္ဌိစွဲမဟုတ်တဲ့ အမှန်ဆုံးကို အမှားထင်မိခြင်းကတချက်။ ကိုယ်တည်းဟု–အနက်ပေးမှားသည်ကို အမှန်ထင်မိခြင်းကတချက်။ ဤနှစ်ချက် ကြောင့်ပင် ဖြစ်ရပါသည်။

## (၃၃၉) ကျမ်းဂန်လာအမှန်အတိုင်း အနက်ပေးရလျှင်

(ဧသော၊ဤရုပ်နာမ် ၂-ပါးသည်။မေ၊ငါဆိုတဲ့ရုပ်နာမ် ၂-ပါး၏။အတ္တာ၊ ငါပင်တည်း၊ သူပင်တည်း၊ ပုဂ္ဂိုလ်ပင်တည်း။) ဒီလိုပေးပါမှ သက္ကာယဒိဋ္ဌိ အစွဲအလမ်းမှန်မည်။ ။ဧသော–အရ၊ မေ–အရကတော့ ရုပ်နာမ် ၂-ပါး၊ ပရမတ်အစစ်တည်း။ အတ္တ–အရကတော့ ငါဆိုတဲ့ ပညတ်တည်း ၊အမှားတည်း။ ဆဲဒါလို ပရမတ်ကို ပညတ်ထင်မှ ယူမှ စွဲလမ်းမှ သက္ကာယဒိဋ္ဌိ ဖြစ်ထာပါ။ ဤရှင်းလင်းချက်ကား စာအခြေခံရှိမှ ရှင်းမည်ဖြစ်သည်။

## (၃၄၀) သက္ကာယဒိဋ္ဌိစွဲလမ်းပုံကို ထင်ရှားအောင် ဥပမာပုံနှင့် ပြဆိုဦးအံ့

ဗမာပြည်ကို အင်္ဂလိပ် များ သိမ်း ယူစက မြို့သို့ တခါမျှ ကခေါက်မျှ မရောက်ဘူးသော တောတွင်းသားတယောက်သည်၊ အသားက မလက်

တလတ်နှင့် ဘောင်းဘီဝတ်လျက် ဦးထုပ်ဆောင်းထားသော သူကို မြင်သဖြင့် အာရုံရှုးဗိုက်ကာ ကြည့်ပြီးတော့ အနီးရှိ သူငယ်ချင်း မြှိသားအား၊ ဒါဟာ ဘာလူမျိုးလဲ ဟုမေး၏။မြှိသားက ဧဒါ ကုလားပေါ့ဟု ဖြေလိုက်၏။ ထိုတောတွင်းသားသည် တနေ့ကျတော့ ဘောင်းဘီ ဦးထုပ်နှင့် တရုပ်ကို တွေ့တော့ ဒါလဲကုလားဘဲဟု မှတ်စွဲပြန်တော့၏။ တရုပ်ပါဘဲလို့ ပြောလဲ မယုံကြည်နိုင်။ သူစွဲထားတာက (ဘောင်းဘီ ဦးထုပ်ရှိလျှင်) ကုလားဘဲဟု မှတ်စွဲမိသောကြောင့်ပင် ဖြစ်၏။ ဘောင်းဘီ ဦးထုပ်နှင့် ဗမာကို တွေ့လျှင် အင်္ဂလိပ်ကို တွေ့လျှင် စွဲနေကြကုလားဘဲဟု အမြဲမှတ်၍ နေတော့၏။ ။ သညာယဒိဋ္ဌိစွဲလည်း သံသရာလဆန်း တရက်နေ့ကစ၍ ယနေ့အထိပင် အတွင်းကျကျ ရုပ်သဘာဝ နာမ်သဘာဝကို ကိုယ်တွေ့နှင့် တွေ့၍ မထားတော့ ဗျုံးခနဲ့ မြင် လိုက် ရတာနှင့် တပြိုက် နက် ပင် ဒါ ဘယ် သူ ဘဲ, ယောကျ်ားဘဲ, မိန်းမဘဲ,ပုဂ္ဂိုလ်ဘဲ,သတ္တဝါဘဲဟု—စွဲမြဲနေကျအတိုင်း စွဲမြဲနေတော့၏။အသံကြားပြန်တော့ကော လူကိုမမြင်ရပေမဲ့ ဒီအသံဟာ ဘယ်သူဘဲ, ယောကျ်ားဘဲ, မိန်းမဘဲ, ပုဂ္ဂိုလ်ဘဲ, သတ္တဝါဘဲဟု—အရှိအပေါ်မှာ မရှိကအုပ်လျက် သညာယဒိဋ္ဌိ စွဲလမ်းနေတော့၏။ ။ဥပမာတခုပြဦးမည်—

(၃၄၀) လူတစုသည် ပညာအစုံတတ်မြောက်နေသဖြင့် ထိုပညာဖြင့် မိန်းမရုပ် ထုလုပ်လျက် အဝတ်တန်းဆာ ဒွါရယာများ တပ်ဆင်ပြီးလျှင် နေဝင်စ အချိန်တွင် လမ်းလေးခွအလယ်၌ ထိုအရုပ်ကို တည်ထားလေ၏။ အရပ်သားများမြင်လျှင် ဒီမိန်းမဟာ ဒီနေရာ၌ ဘာလုပ်နေသလဲဟု—အထင် အမြင်မှားလျက်နေကြကုန်၏။ဧဒါ သညာယဒိဋ္ဌိစွဲပုံပါဘဲ။ဘာ့ကြောင့်တုန်း သစ်သားရုပ်ကိုပင် မိန်းမဟု အထင်မှားလို့ပေါ့။ ပြုလုပ်သောလူတစုကား သညာယဒိဋ္ဌိပြုတ်သောသူနှင့် တူလှ၏။ ဘာ့ကြောင့်တုန်း၊ သစ်သားရုပ်ကို သစ်သားရုပ်ပါဘဲဟု အမှန်ထင်လို့ပေါ့။ မှားတဲ့မိန်းမထင်လို့ပါဘဲ။

(ဂ) အမှတ်--ပုံစံ

## (၃၄၂) ကျမ်းဂန်လာအတိုင်း ဒိဋ္ဌိပြုတ်ပုံပြမည်

နာမရူပမတ္တတော ဉတွာ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေ ဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိတိ နိဋ္ဌံ ဂစ္ဆတိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

| သဏ္ဌာနယ် | ဒိဋ္ဌိနယ် | |
|---|---|---|
| နာမ်ရုပ်သာရှိ၏ | သတ္တဝါမရှိ | ဒိဋ္ဌိပြုတ်ပုံ |
| နာမ်ရုပ်သာရှိ၏ | ပုဂ္ဂိုလ်မရှိ | ဒိဋ္ဌိကွာပြီ |
| နာမ်ရုပ်သာရှိ၏ | နတ်မရှိ | ဒိဋ္ဌိခွါသွားပြီ |
| နာမ်ရုပ်သာရှိ၏ | ဗြဟ္မာမရှိ | ဒိဋ္ဌိပြေးပြီ |

နာမရူပ မတ္တံတော၊ ပရမတ်ဖြစ်သောနာမ်ရုပ်မှ။ ဝါ၊ သဏ္ဌာနဖြစ်သော နာမ်ရုပ်မှ။ ဥဒ္ဓံ၊ အပိုအလွန်။ အညော၊ တပါးသော ထင်မှားစရာဖြစ်သော။ သတ္တောဝါ၊ သတ္တဝါသည်၎င်း။ ပုဂ္ဂလောဝါ၊ ပုဂ္ဂိုလ်သည်၎င်း။ ဒေဝေါဝါ၊ နတ်သည်၎င်း။ ဗြဟ္မာဝါ၊ ဗြဟ္မာသည်၎င်း။ နတ္ထိတိ၊ အဟုတ်မရှိပါတကား ဟူ၍။ နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ အယံ၊ ဤရုပ်နာမ်သာ ရှိ၍ သတ္တဝါစသည်မရှိဟု ယူထားခြင်း,ဆုံးဖြတ်နိုင်ခြင်းသည်။ ဒိဋ္ဌိ ဥဂ္ဃါဋ နံနာမ၊ သဏ္ဌာနဒိဋ္ဌိကို ခွါသည်မည်၏။ သဏ္ဌာနဒိဋ္ဌိနှင့် ဒိုးစားကွဲသည် မည်ပေ၏။ ။ဤသို့ကျမ်းဂန်အတိုင်း ခွါနိုင်ကြပါစေ။

(ဃ)အမှတ်—ပုံစံ

## (၃၄၃) ဘုရားဟောအတိုင်း ဒိဋ္ဌိပြုတ်ပုံပြမည်

ဆဓာတုယော အယံပုရိသော။ ။ဓာတုဝိဘင်္ဂသုတ်ပါဠိတော်ကြီး။

| | |
|---|---|
| ဆဓာတုယောအရ | အယံပုရိသောအရ |
| ဓာတ် ၆-ပါး သဏ္ဌာန | ယောကျ်ားဒိဋ္ဌိစွဲပုံ |
| ဓာတ် ၆-ပါး ပရမတ် | ယောကျ်ားပညတ် |

ဤပါဠိတော်၏အရကို ၁၅-ဌာနပြု၍ ဇယားနှင့်ပြခဲ့ပြီ။

ဆဓာတုယောအယန္တိ—ဘဂဝါကုလပုတ္တဿ ပုဗ္ဗဘာဂပဋိပဒံ အကထေတွာ အာဒိတောဝ အရဟတ္တဿ ပဒဋ္ဌာနဘူတံ အစ္စန္တံ သုညတံ ဝိပဿနာလက္ခဏမေဝ အာစိက္ခိတုံ အာရဒ္ဓေါ။ ။ဥပရိ ပဏ္ဏာသအဋ္ဌကထာ။ ဓံမူ၊ နံ-၁၉၇၊ ဂ-ကြောင်း။

ဆဓာတုယောအယန္တိ၊ ဆဓာတုယောအယံဟူသော ဤဝိပဿနာကို။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ကုလပုတ္တဿ၊ အမျိုးကောင်းသား ဖြစ်သော ပုက္ကုသာတိအား။ ပုဗ္ဗဘာဂပဋိပဒံ၊ ရှေးဦးစွာအခြေတည်ရသော

သီလဝိသုဒ္ဓိအကျင့်, စိတ္တဝိသုဒ္ဓိအကျင့်ကို။ အကထေတွာ၊ မဟောမူ၍။ အာဒိ တော၁၊ ဦးစွာပင်လျှင်။ အရဟတ္တာယ၊ အရဟတ္တဖိုလ်၏။ ပဒဋ္ဌာနဘူတံ၊ အခြေခံဖြစ်၍ ဖြစ်သော။ အစ္စန္တသုညတံ၊ စင်စစ်အားဖြင့် ငါသူတပါး ယောကျ်ားမိန်းမ ဒိဋ္ဌိပညတ် ပရမတ်မှား မှ ဆိတ်သုဉ်းသော။ ဝါ၊ ခေတ် သဘောမျှသာ ဖြစ်သော။ ဝါ၊ အနတ္တသာဖြစ်သော။ ဝါ၊ ပရမတ်ချည်း သက်သက်ဖြစ်သော။ဝိပဿနာလက္ခဏမေ၁၊ ဝိပဿနာဥ္ဖလိုရင်းအကျဆုံး ဖြစ်သော အနတ္တလက္ခဏာကိုသာလျှင်။ အာဝိက္ခိတုံ၊ ဟောပြခြင်းငှါ။ အာရဒ္ဓေါ၊ အားထုတ်အပ်၏။

ဆိုလိုရင်းကား မြတ်စွာဘုရားသည် ပုဏ္ဏသာဝတီအား သီလဝိသုဒ္ဓိ,စိတ္တ ဝိသုဒ္ဓိအကျင့်ကို မဟောတော့ဘဲ၊ အစအဦးကပင်လျှင် အရဟတ္တဖိုလ်သို့ အမြန်ဆုံးရောက်စေနိုင်တဲ့ (သုညတ၊ ပရမတ္ထ၊ ခေတ်တရား၊ အနတ္တတရား) လေးမည်ရ၊ လေးဘွဲ့ရ၊ ခေတ် ခြောက်ပါးကိုသာလျှင် ဟောပြခြင်းငှါ ဆခေတုယော အယံဟူ၍ စပြီးမိန့်ပါသည်။ အဲဒါကြောင့် ခေတ် ၆–ပါး တရားတော်သည် (သုညဘွဲ့ရ၊ ပရမတ်ဘွဲ့ရ၊ ခေတ်ဟူသောဘွဲ့ရ၊ အနတ္တ ဘွဲ့ရ) ၄–မည်ရဖြစ်ခဲ့ခြင်း။ သူ့ကိုတွေ့က အရဟတ္တဖိုလ် ရဟန္တာအထိ ဖြစ်နိုင်ရကား အကောင်းဆုံး, အမွန်ဆုံး, စိတ်အချရဆုံး, အလွယ်ကူဆုံး, အလျင်မြန်ဆုံးဖြစ်ကြောင်းကိုပြခဲ့ပြီး ပါဠိကိုမြင်သဖြင့်ရင်း၊ ပုဏ္ဏသာဝတီကို မြင်သဖြင့်ရင်း သိနိုင်တော့၏။

(၃၄၄) (ဆခေတုယောက ဘာကိုဆိုပါသတုန်း။) (အယံ ပုရိသောက ဘာကိုပြပါသတုန်း)–ဟု ခပ်ပြုံးပြုံးကလေးနှင့် အရေး အကြီးဆုံးကို မေးခဲ့ပြားအံ့။——

ပုရိသောတိ ပဏ္ဏတ္တိံ ဝိဿဇ္ဇေတွာ ခေတုယောဇ္ဇမေဝ ဝတ္တာ။ ။ ဥပရိပဏ္ဏာသအဋ္ဌကထာ။ ဓမ္မ၊ နံ-၁၉၇၊ ၂၅-ကြောင်း၌။

ပုရိသောတိပဏ္ဏတ္တိံ၊ ယောကျ်ားဆိုတဲ့ ပညတ်ကို။ ဝါ၊ နုတ်ကအခေါ် အဝေါ်စကားမျှကို။ ဝိဿဇ္ဇေတွာ၊ စွန့်ပစ် ဖယ်ရှား၍။ ခေတုယောဇ္ဇမေဝ၊ ခေတ်ကြီးခြောက်ပါးကိုသာလျှင်။ ဝတ္တာ၊ ဟောတော်မူ၍။

ဝိပဿနာဆိုတာ ယောကျ်ားဆိုတဲ့ ပညတ်၊ မိန်းမဆိုတဲ့ပညတ်၊ ရပ်သုံး ရွာသုံး နှုတ်အခေါ်များကို လုံးလုံးချည်း ရှောင်ရှားရမယ်၊ စွန့်ပယ်ရမယ်။ အသိအမှတ်လုံးလုံးချည်းမလုပ်ရဘူး။ ။သဘာဝ အဟုတ်ရှိ၊ အမှန်ရှိတဲ့

ပရမတ္ထဘွဲ့ရတဲ့ သုညဆိုတဲ့ ဘွဲ့ရတဲ့ ခဝတ်ခြောက်ပါး၊ ရုပ်နာမ်တရားကို သာလျှင် အရရှာ၊ အတွေ့ရှာပြီး ရှု၍နေရမယ်ဟုဆိုပါတယ်။ ။နို-ဆရာရယ် ပုရိသောတို့ သတ္တောတို့ ပုဂ္ဂလောဘို့ဟာဘာတွေရှိအရေးမဒိုက်ရပါသလဲ၊ စွန့်ပစ်ရပါသလဲ မေးလျှင်။—

> ပုရိသောတိ ပဏ္ဏတ္တိံ ပဟာယ သတ္တောတိဝါ ပုရိသောတိဝါ ပုဂ္ဂလောတိဝါ ပဏ္ဏတ္တိမတ္တမေ ဝ၊ပရမတ္ထတော သတ္တောနာမ နတ္ထိ၊ ခဝတုမတ္တေယေဝ။ ။ဥပရိပဏ္ဏာသအဋ္ဌကထာ။ ဓံမှု၊ နံ—၁၈၇ ၂၀-ကြောင်း၌။

ပုရိသောတိပဏ္ဏတ္တိံ၊ ယောကျ်ားဆိုတဲ့ ပညတ်ကို။ ဝါ၊ ပရမတ်မှားကို။ ပဟာယ၊ ပယ်စွန့်ရခြင်း အကြောင်းကား။ သတ္တောတိဝါ၊ သတ္တဝါဟု ထင်မှားခြင်းသည်ရင်း။ ပုရိသောတိဝါ၊ ယောကျ်ားဟု ထင်မှားခြင်းသည် ရင်း။ ပုဂ္ဂလောတိဝါ၊ ပုဂ္ဂိုလ်ဟူ၍ထင်မှားခြင်းသည်ရင်း။ ပဏ္ဏတ္တိမတ္တမေဝ၊ ပညတ်မျှသည်သာလျှင်တည်း။ ဝါ၊ နူတ်ဖျားက အခေါ်,စိတ်က အထင်မှား ခြင်းသည်သာလျှင်တည်း။ပရမတ္ထတော၊ ပရမတ်သဘောအားဖြင့်။သတ္တော နာမ၊ သတ္တဝါမည်သည်။ နတ္ထိ၊ ကေန်စင်စစ် မရှိချေတကား။ ခဝတုမတ္တေ ယေဝ၊ ခဝတ် ခြောက်ပါးသည်သာလျှင်။ အတ္ထိ၊ အမှန်စင်စစ် ကေန်ရှိ၏။ ( အဓိပ္ပါယ်ရေးနေစရာပင် မလိုတော့ပါ၊ သိသာပါပြီ။ ) ( ဆခဝတုယော အယံပုရိသော)ကို ဘုရားက ဘာများဆိုလိုပါသလဲ။

> ယံ တွံ ပုရိသောတိ ပဇာနာသိ၊ သောစ ဆခဝတုမတ္တမေဝ၊ နစေတ္ထ ပရမတ္ထတော ပုရိသော အတ္ထိ၊ ပုရိသောပန ပဏ္ဏတ္တိမတ္တ မေဝါတိ။ ။ဥပရိပဏ္ဏာသအဋ္ဌကထာ။ ဓံမှု၊ နံ-၁၈၀ ၃-ကြောင်း၌။

ဘိက္ခု၊ ချစ်သားရဟန်း။ ယံတွံ၊ အကြင်သင်သည်။ ပုရိသောတိ၊ဝါကား ယောကျ်ားဘဲဟူ၍။ ပဇာနာသိ၊ အမှားသိဖြင့် သိထား၏။ သောစ၊ ထိုထင်မှား၍သိထားသော ဝါယောကျ်ားသည်ကား။ နတ္ထိ၊မရှိပေ။ ဆခဝတု မတ္တမေဝ၊ ခဝတ်ကြီးခြောက်ပါးသာလျှင် ရှိပေ၏။ စ၊ အမှန်မြင် အမှန် သိပုံကား။ ဧတ္ထ၊ ဤခဝတ်ကြီးခြောက်ပါး၌။ ပရမတ္ထတော၊ အမှန်ရှိသော သဘောအားဖြင့်။ ပုရိသော၊ ယောကျ်ားဆိုတဲ့ပညတ်သည်။ နအတ္ထိ၊ အမှန် မရှိချေ။ ပုရိသောပန၊ ယောကျ်ားဆိုတဲ့နူတ်အခေါ်သည်ကား။ ပဏ္ဏတ္တိမတ္တ မေဝ၊ ပညတ်မျှသည်သာလျှင်တည်း။

အချုပ်ကား၊ ဒိုရဟာန်-းခန္ဓာကိုယ်ကြီးကို သင်က ငါဘဲ,ယောကျ်ားဘဲ လို့ ထင်မှားနေခဲ့ပြီ၊ သက္ကာယဒိဋ္ဌိစွဲလမ်း၍နေခဲ့ပြီ။ ကိုယ်တွေ့ဉာဏ်တွေ့နှင့် ရှာဖွေကြည့်တော့ ယောကျ်ားကိုမတွေ့ရ-ခတ်ခြောက်ပါးကိုသာ တွေ့ရပြီ မဟုတ်လော။မရှိတဲ့တရားကို ဘာ့ကြောင့်အရှိလုပ်ပြီး နေသလဲတပည့်ရယ်။ ရှိတဲ့တရားကိုလဲ ဘာ့ကြောင့် မရှုဘဲပြစ်ထားရသလဲတပည့်ရယ်။ ဿဒိ အရှိတရားကို ဖိ၍ဖိ၍ ကြည့်ရှုနေပါလျှင် နာမရူပ ပရိစ္ဆေဒ ဉာဏ်ကစ၍ ပစ္စဝေက္ခဏာ ဉာဏ်အထိရောက်၍ မဂ် ၄-တန်,ဖိုလ် ၄-တန် နိဗ္ဗာန်အထိ ကြေနပင် ရောက်သွားမည်မဟုတ်ပါလားဟုဆိုလို၏။

## (၃၄၁) ပုဏ္ဏသာဝတီရဟာန်းသည်၊ ငိမိရတဲ့ဈာန်၌ ကပ်ငြိနေပြန်သဖြင့်စွန့်ခွါပြစ်ပါရန် အရှုပမြဲဘ္ဘာလဲအပါယ်ကျမကင်းပုံပြသည်ကား

စတုဣေ စတုရာသီတိ ကပ္ပသဟဿာနိအာယု (လ) ဒွေကာံ ကာလံ တဏ္ဍ သမ္ပတ္တိံ အနုဘဝိတွာပိ ပုထုဇ္ဇနကာလံ ကိရိယံ ကတွာ၊ပုန စတူသု အပါယေသု ပတိတဗ္ဗန္တိ အာဒီနဝံ ကထေသိ။ ။ ဥပရိပဏ္ဏာသအဋ္ဌကထာ။ ဓံမှု၊ နံ-၂၀၁၊ ၁၇-ကြောင်း၌။

စတုဣေ၊ စတုဏ္ဏဒေသနာ၌။ စတုရာသီတိကပ္ပသဟဿာနိ၊ မဟာကမ္ဘာကြီးပေါင်း (၈၄၀၀၀) တို့ပတ်လုံး။ အာယု၊သည်။ (လ) ဒွေကာံ ကာလံ၊ လုံး ။လ။ တဏ္ဍ၊ ထိုနေဝသညာနာသညာဘုံ၌။ သမ္ပတ္တိံ၊ ဈာန်ချမ်းသာကို။ အနုဘဝိတွာပိ၊ ခံစား,စံစားပြီး၍လည်း။ ပုထုဇ္ဇနကာလံကိရိယံ၊ ပုထုဇဉ်တို့၏ သေခြင်းဖြင့် သေဆုံးရခြင်းကို။ ကတွာ၊ ပြု၍။ ပုန၊ တဖန်။ စတူသုအပါယေသု၊ အပါယ်လေးဘုံတို့သို့။ ပတိတဗ္ဗံ၊ ကျအပ်လတ္တံ့။ဣတိ၊ ဤသို့။ အာဒီနဝံ။ ပုထုဇဉ်ဖြဲဟ္ဘာ၏အပြစ်ကို။ ကထေသိ။ ဟောပြီ။

အချုပ်ကား ဒိုရဟာန်း-သင်ရရှိနေတဲ့ဈာန်ဟာ ပုထုဇဉ်တို့၏လောကီ ဈာန်မျှသာတည်း။ ဿဒိဈာန်ဖြင့် နေဝသညာနာသညာဘုံ၌ ကမ္ဘာပေါင်း ၈၄၀၀၀ နေရမည်။သေလျှင် ပုထုဇဉ်ပင်ဖြစ်သေးရကား တဖန်အပါယ် ၄-ဘုံသို့ကျရဦးမည် ဟုဟောတော်မူမှ ဈာန်၌စွဲလမ်းချက်ကိုဖြုတ်၍ ခတ်အလုပ်ကို ရှုစားရာ၊ ၃-မဂ် ၃-ဖိုလ်၊ အနာဂါမ်အထိ ရောက်ရှိသွား လေ၏။ ခတ်အကျိုးတည်း။

(င) အမှတ်ပိုစံ၊ ရှေးဆရာများ၏

## (၃၄၆) ဒိဋ္ဌိဖြစ်ပုံ လင်္ကာ၊ ဒိဋ္ဌိဖြုတ်ပုံလင်္ကာ

နာမ်ရုပ်နှစ်တန်၊ သူဖြစ်ဟန်ကို၊ အမှန်မုချ၊ မသိကြ၍၊ ငါထ, ငါထိုင်၊ ငါကိုင်, ငါသွား၊ ငါကြွား, ငါကြည့်၊ ငါသိ, ငါမြင်၊ ခတ်ဖြစ်အင်ကို၊ ငါပင်မုချ၊ မှတ်မှားကြသည်။ ။သက္ကာယဒိဋ္ဌိ ဖွဲ့ပုံတည်း။

၎င်းလင်္ကာကို ၂-ပုဒ်ခွဲ။ ရှေ့အပုဒ်က သက္ကာယသက်သက်ဖြစ်၏။ ။ဖြပုံကား (နာမ်ရုပ်နှစ်တန်၊သူဖြစ်ဟန်ကို၊) ဤကား သက္ကာယသက်သက်ဖြစ်၏။ နောက်ပုဒ်ကား ဒိဋ္ဌိသက်သက်ဖြစ်၏။ ဖြပုံကား (အမှန်မုချ၊မသိကြ၍၊ ငါထ,ငါထိုင်၊ ငါကိုင်,ငါသွား၊ ငါကြွား,ငါကြည့်၊ ငါသိ,ငါမြင်၊ ခတ်ဖြစ်အင်ကို၊ ငါပင်မုချ၊ မှတ်မှားကြသည်။ ။သက္ကာယဒိဋ္ဌိဖွဲ့ပုံတည်း။)

လင်္ကာ၏သဘောကို လူပြိန်းနားလည်အောင်ရှင်းပြမည်

| သက္ကာယသက်သက်နယ် | ဒိဋ္ဌိသက်သက်နယ် | |
|---|---|---|
| နာမ်ရုပ်ဖြစ်ဟန်ပျက်ဟန် | ငါထသည်၊ ငါထိုင်သည်.... | ၂-ခွဲ |
| နာမ်ရုပ်ဖြစ်ဟန်ပျက်ဟန် | ငါကိုင်သည်၊ ငါသွားသည်.... | ၂-ခွဲ |
| ခတ်တရားဖြစ်အင် | ငါကြွားသည်၊ငါကြည့်သည်.... | ၂-ခွဲ |
| ခတ်တရားဖြစ်အင် | ငါသိသည်၊ ငါမြင်သည်.... | ၂-ခွဲ |
| ခတ်တရားဖြစ်အင် | ငါပင်မုချဖြစ်သည်.... | ၁-ခွဲ |

## (၃၄၇) သက္ကာယမှ ဒိဋ္ဌိလွတ်ပုံလင်္ကာ

ဖြစ်မှု,ပျက်မှု၊ ၂-ချက်စုတွင်၊ ပျက်မှုဉာဏ်ဝင်၊ မဆင်ခြင်မိ၊ သန္တတိဟု၊ဖုံးဖိညှဉ်၊ပယ်ခွါတတ်မှ၊ အနိစ္စကို၊ ဒိဋ္ဌဉာဏ်မြင်၊ ဒိဋ္ဌိစင်သည်။ ။မဂ်ဝင်စခန်း,လမ်းစတည်း။ ။(အမြဲပင် ကျက်ထားကြ၊ပြောဟောကြ)

အဓိပ္ပါယ်ကား ခန္ဓာကိုယ်တခုလုံးဟာ ခတ်တုံး,ခက်ခဲ ခက်အစုအတွဲသာဖြစ်၏။ ခတ်မှတပါး သဘာဝအားဖြင့် ဘာမျှ မရှိချေ။ အဲဒီလို

ခေတ်ခန္ဓာကိုယ်ကြီးထဲက ကံကြောင့်ပင်ပေါ်ပေါ် စိတ်ကြောင့်ပင် ပေါ်ပေါ် ဥတုကြောင့်ပင် ပေါ်ပေါ် အာဟာရကြောင့်ပင် ပေါ်ပေါ် ဘာ့ကြောင့်ပင် ပေါ်ပေါ်။ ဒီလိုပေါ်နေဒါဟာ ခေတ်အဖြစ်အပျက်ချည်းဘဲ။ သွေးတိုးတာလဲ ခေတ်အဖြစ်ပျက်ပါဘဲ။ အသားလှုပ်တာလဲ၊ ခေတ်အဖြစ်ပျက်ပါဘဲ။ အကုန်လုံး ခေတ်အဖြစ်အပျက်ချည်းဘဲဟု တထစ်ကျကျမှတ်၍ထားပါ။(ကမ္မဋ္ဌာန ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိတဲ့) ကမ္မဋ္ဌာန်းမှ လွတ်နေတာဘာမျှ မရှိပါဘူး။ ပေါ်တာဟာ ကမ္မဋ္ဌာန်းချည်းဘဲဟု မှတ် (စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိတဲ့) သစ္စာ ၄–ပါး၊တပါးပါးမှ လွတ်တာမရှိပါဘူး။ သစ္စာချည်းဘဲဟု ပေါ်တာကိုမှတ်၊ခေတ်ပေါ်နေပါလျက်နှင့် မဆင်ခြင်မိသည့်အတွက် (ခေတ်အဖြစ်အပျက်၊ရုပ်နာမ်အဖြစ်အပျက်ကို)မမြင်ဘူး။ မမြင်ရတာဟာ သက္ကာယ ဒိဋ္ဌိ ပညတ်ဖုံးဖိထားလို့မှတ်။ ဘာပြုလို့ သက္ကာယ ပညတ်က ဖုံးဖိထားရသလဲ–မေး။ မဆင်ခြင်မိလို့တဲ့–ဖြေ။

ခေတ်အဖြစ်အပျက်တွေ့လျှင် သက္ကာယ ပညတ်ကြီးသေပြီ၊ပြုတ်ပြီ၊ပျက်ပြီ၊ သူပျက်လို့ ခေတ်၏အဖြစ် ဥဒယကိုလဲ တွေ့ရ,သိရသည်။ခေတ်၏ အပျက် ဝယကိုလဲတွေ့ရ,သိရသည်။အနိစ္စလဲတွေ့ရ,သိရပြီ။ဒိဋ္ဌိလဲကွာပြီ။မဂ်လမ်းစ လဲရပြီ။ တသံသရာလုံးလဲ လမ်း မမှား နိုင်တော့ဘူး။ (သာသနေ မူလံ ဩတိဏ္ဏံနာမ) ထောက်၍ တသံသရာလုံး သာသနာ မကွယ် တော့ပြီ။ သာသနာနန်းတော်ကြီး, တိုက်တာကြီးကို အမြဲတမ်းရရှိပါပြီ။ (လဒ္ဓသဿသော) ထောက်၍ ကသံသရာလုံး ရွှေမိုး, ငွေမိုးရွာ၊ ရွှေအိုး, ငွေအိုး ပေါ်၊ ရွှေတောင်, ငွေတောင်ပေါက်၊ ရွှေပဒေသာ, ငွေပဒေသာ ရောက်သဖြင့် စားသောက်ပြီးရွှင်လျက် သက်သာရာကြီးကို တသံသရာလုံး ရသွားပါပြီ။ (လဒ္ဓပတိဋ္ဌော) ထောက်၍ ခြေတော်အောက်သို့ စကြာရတနာကြီး ရောက်သကဲ့သို့ အနိစ္စဉာဉ်စကြာရပြီ။ ဒုက္ခဉာဉ်စကြာရပြီ။ အနတ္တဉာဉ်စကြာ ရပြီ။ ရုပ်စကြာ, နာမ်စကြာမှစ၍ ဉာဏ်စဉ် ၁၆-ပါးအနက် မိမိ၌ ရသင့်သလောက် ဉာဏ်စကြာလဲ ရသဖြင့် ထောက်ရာ, တည်ရာ, မှီရာ, ခိုရာ, အားကိုးရာ, အားထားရာကြီးကိုလဲ တသံသရာလုံး ရရှိပါပြီ။ (နိယတ ဂတိကော) ထောက်၍ သုဂတိ ၂၇-ဘုံ၌ ဂတိမြဲပါပြီ။သဘော်လက်မှတ်၊ မီးရထားလက်မှတ်၊ မြို့ပိုင်၊ ဝန်ထောက်၊ အရေးပိုင်၊ တိုင်းမင်းကြီး၊ဘုရင်ခံ၊ ရာထူးရတာလိုမြဲပါပြီ။တသံသရာလုံးဂတိမလွဲပြီ။(ဈူဠသောတာပန္နောနာမ) ထောက်၍ သမုဒ္ဒရာပင်လယ်ဝရေကြောင်း၌ လှေလောင်းစီးသောသူကဲ့သို့ မဂ်ရေကြောင်းသို့ ရောက်ပါပြီ။ လမ်းမချော်နိုင်တော့ပါ။

## ဘုရားရှင်ကိုယ်တော်တိုင် ဆုံးဖြတ်တဲ့ သက္ကာယဒိဋ္ဌိပြုတ်ပုံ ၄-မျိုး

### (၃၄၈) ကာယာနုပဿနာအခန်း (၁)

ဒိဋ္ဌိဆိုလျှင် လုံးလုံးမပါတဲ့ တရားတွေ့ရပုံကား

ရူပါ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂ ဓမ္မာ နိရောဓ ဓမ္မာ၊ ဇေဝံ ပဿံ အဋ္ဌဝေဿန သုတဝါ အရိယ သာဝကော ရူပသ္မိံ ဝိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမှိတိ ဉာဏံ ဟောတိ။ ။မဇ္ဈိမ ပဏ္ဏာသပါဠိတော်၊ ဒိဃနခသုတ်။

အဋ္ဌ ဝေဿန၊ ဒိဃနခ ပရိဗိုဇ်ရဟန်း။ ရူပါ၊ ရုပ်တို့သည်။အနိစ္စာ၊ အမြဲ **မရှိ**ကုန်။ သင်္ခတာ၊**ကံ**,စိတ်,ဥ,ဟာ၊ ကြောင်းလေးဖြာဖြင့် ပြုပြင်အပ်ကုန်၏။ ပဋိစ္စသမုပ္ပန္နာ၊ အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်တဲ့ တရားတို့သာတည်း။ ခယဓမ္မာ၊ ကုန်ခန်းသော သဘောရှိကုန်၏။ဝယဓမ္မာ၊ပျက်စီးသော သဘော ရှိကုန်၏။ဝိရာဂဓမ္မာ၊ မင်ကိုဖြစ်စေသော တရားတို့သာတည်း။နိရောဓ ဓမ္မာ၊ ချုပ်တတ်သော သဘောတို့သာတည်း။ဇေဝံ၊ဤသို့။ဝါ၊ဒိဋ္ဌိလုံးလုံးမပါစေဘဲ။ **ပဿံ**-ပဿန္တော၊ ရှု၍နေသော။ သုတဝါ၊ အာဂမာဓိဂမ တပါးရှိသော။ အရိယ သာဝကော၊ ဘုရားတပည့်သားသည်။ ရူပသ္မိံ ပိ၊ရုပ်တရား၌လည်း။ **နိဗ္ဗိန္ဒတိ**၊ ငြီးငွေ့တော့၏။ နိဗ္ဗိန္ဒံ၊ ငြီးငွေ့သည်ရှိသော်။ ဝိရဇ္ဇတိ၊တပ်ခြင်းကင်း တော့၏။ဝိရာဂါ၊တပ်ခြင်းကင်းခြင်းကြောင့်။ဝိမုစ္စတိ၊လွတ်မြောက်တော့၏။ ဝိမုတ္တသ္မိံ၊လွတ်သောဖိုလ်၌။ဝိမုတ္တမှိတိ၊ လွတ်ပြီဟူ၍။ဉာဏံ၊ပစ္စဝေက္ခဏာ ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

(ဝိရာဂါကား မင်၊ ဝိမုစ္စတိကား ဖိုလ်၊ ဝိမုတ္တမှိတိဉာဏံ ကား ပစ္စဝေက္ခဏာ။)

ဤကား ဒိဋ္ဌိလုံးလုံးမပါတဲ့ တရားတွေ့သွားပုံတည်း။

### (၃၄၉) ဝေဒနာနုပဿနာအခန်း (၂)

ဒိဋ္ဌိဆိုလျှင် လုံးလုံးမပါတဲ့ တရားတွေ့ပုံကား

ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ၊ ဇေဝံ ပဿံ အဋ္ဌဝေဿန သုတဝါ အရိယ

သာဝကော ဝေဒနာသယိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ။ ။မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဒီဃနခသုတ်။

အဂ္ဂိဝေဿန၊ ဒီဃနခပရိဗိုဇ်ရဟန်း။ ဝေဒနာ၊ ခံစားမှု ဝေဒနာသည်။ အနိစ္စာ၊ အမြဲမရှိ။ သင်္ခတာ၊ကံ, စိတ်, ဥ, ဟာ၊ ကြောင်းလေးဖြာဖြင့် ပြုပြင်အပ်၏။ ပဋိစ္စသမုပ္ပန္နာ၊ အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်လာသော တရားတည်း။ ခယဓမ္မာ၊ကုန်ခန်းသော သဘောရှိ၏။ ဝယဓမ္မာ၊ ပျက်စီးတတ်သော သဘောရှိ၏။ ဝိရာဂဓမ္မာ၊ တပ်ခြင်းကင်းသော သဘောရှိ၏။နိရောဓ ဓမ္မာ၊ ချုပ်ခြင်းသဘောရှိ၏။ ဧဝံ၊ဤသို့။ ပဿံ-ပဿန္တော၊ရှု၍နေသော။ သုတဝါ၊ အာဂမာဓိဂမ ရှိသော။ အရိယ သာဝကော၊ ဘုရား၏ တပည့်သားသည်။ ဝေဒနာယပိ၊ ခံစားမှု၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့တော့၏။ နိဗ္ဗိန္ဒံ၊ ငြီးငွေ့သည် ရှိသော်။ဝိရဇ္ဇတိ၊ တပ်ခြင်းကင်း၏။ ဝိရာဂါ၊ တပ်ခြင်းကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ လွတ်မြောက်၏။ ဝိမုတ္တသ္မိံ၊ လွတ်သောဖိုလ်၌။ဝိမုတ္တမိတိ၊ လွတ်ပြီဟူ၍။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

## (၃၅၀) စိတ္တာနုပဿနာအကြောင်း (၃)

ဒိဋ္ဌိဆိုလျှင် လုံးလုံးမပါတဲ့ တရားတွေပုံကား

စိတ္တံ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ၊ ဧဝံ ပဿံ အဂ္ဂိဝေဿန သုတဝါ အရိယ သာဝကော စိတ္တသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ဝိရာဂါ ဝိမုစ္စတိ၊ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ။ ။မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဒီဃနခသုတ်။

အဂ္ဂိဝေဿန၊ ဒီဃနခပရိဗိုဇ်ရဟန်း။ စိတ္တံ၊ မြင်မှု, ကြားမှု,နံမှု,လျက်မှု, ထိသိမှု,ကြံသိမှုဆိုတဲ့ စိတ် ခြောက်ပါးသည်။အနိစ္စံ၊ အမြဲမရှိ။ သင်္ခတံ၊ကံ, စိတ်,ဥ,ဟာ၊ကြောင်းလေးဖြာဖြင့် ပြုပြင်အပ်၏။ပဋိစ္စသမုပ္ပန္နံ၊အကြောင်းကို စွဲ၍ အကျိုးဖြစ်ပေါ်လာသောတရားတည်း။ ခယဓမ္မံ၊ ကုန်ခန်းခြင်းသဘော ရှိ၏။ဝယဓမ္မံ၊ ပျက်စီးခြင်းသဘောရှိ၏။ဝိရာဂဓမ္မံ၊ တပ်ခြင်းကင်းသော သဘောရှိ၏။နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။ဧဝံ၊ ဤသို့။ ပဿံ-ပဿန္တော၊ ရှု၍နေသော။ သုတဝါ၊ အာဂုံ-အဓိဂမအားဖြင့် အကြားအမြင် ရှိသော။ အရိယသာဝကော၊ ဘုရား၏ တပည့်သားသည်။ စိတ္တသ္မိမ္ပိ၊ စိတ် ၆-ပါး၌

လည်း။နိဗ္ဗိန္ဒတိ၊ငြီးငွေ့တော့၏။ နိဗ္ဗိန္ဒံ၊ငြီးငွေ့သည်ရှိသော်။ ဝိရဇ္ဇတိ၊တပ်ခြင်းကင်း၏။ ဝိရာဂါ၊ တပ်ခြင်းကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ လွတ်မြောက်၏။ ဝိမုတ္တသ္မိံ၊လွတ်သောဖိုလ်၌။ဝိမုတ္တမိတိ၊လွတ်ပြီဟူ၍။ ဉာဏံ၊ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

## (၃၅၁) ဓမ္မာနုပဿနာအခေါက် (၄)

ဒိဋ္ဌိဆိုလျှင် လုံးလုံးမပါတဲ့ တရားတွေ့ပုံကား

ဓမ္မာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ၊ ဇဝံ ပဿံ အဂ္ဂဝေဿန သုတဝါ အရိယသာဝကော ဓမ္မေသုပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ဝိရာဂါ ဝိမုစ္စတိ၊ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ။ ။မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဒီဃနခသုတ်တော်။

အဂ္ဂဝေဿန၊ ဒီဃနခပရိဗိုဇ်ရဟန်း။ ဓမ္မာ၊ ဖဿ,သညာစသော တရားတို့သည်။ အနိစ္စာ၊အမြဲမရှိကုန်။ သင်္ခတာ၊ကံ,စိတ်,ဥ,ဟာ၊ ကြောင်းလေးဖြာဖြင့် ပြုပြင်အပ်ကုန်၏။ ပဋိစ္စသမုပ္ပန္နာ၊အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်လာသော တရားတို့တည်း။ ခယဓမ္မာ၊ကုန်ခန်းခြင်း သဘောရှိကုန်၏။ဝယဓမ္မာ၊ ပျက်စီးခြင်း သဘောရှိကုန်၏။ ဝိရာဂဓမ္မာ၊ တပ်ခြင်း ကင်းခြင်း သဘောရှိကုန်၏။ နိရောဓဓမ္မာ၊ ချုပ်ခြင်း သဘောရှိကုန်၏။ ဇဝံ၊ ဤသို့။ ပဿံ-ပဿန္တော၊ ရှု၍နေသော။ သုတဝါ၊ အာဂုံ-အဓိဂမအားဖြင့် အကြားအမြင်များသော။ အရိယသာဝကော၊ ဘုရားတပည့်သားသည်။ ဓမ္မေသုပိ၊ ဖဿ, သညာ စသောတရားတို့၌လည်း။နိဗ္ဗိန္ဒတိ၊ ငြီးငွေ့တော့၏။နိဗ္ဗိန္ဒံ၊ငြီးငွေ့သည်ရှိသော်။ ဝိရဇ္ဇတိ၊ တပ်ခြင်း ကင်းတော့၏။ ဝိရာဂါ၊ တပ်ခြင်း ကင်းခြင်းကြောင့်။ဝိမုစ္စတိ၊လွတ်မြောက်၏။ ဝိမုတ္တသ္မိံ၊လွတ်သောဖိုလ်၌။ဝိမုတ္တမိတိ၊ လွတ်ပြီဟူ၍။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ဖြစ်၏။

ဤပါဠိ ၄-ပုဒ်နှင့် အနက် ၄-ပုဒ်ကား ဒိဋ္ဌိဆိုလျှင် လုံးလုံးချည်းမပါ မရှိတော့ဘဲ၊ သက္ကာယသက်သက် ခေတ်သက်သက် ပရမတ်သက်သက် တရားတွေ့ပုံတည်း။

## (၃၅၂) ခေတ်ခွဲ၍ ပြပါမည်

ခန္ဓာကိုယ်ကြီးတခုလုံး၌ အနှစ်ထုတ်ရှာဖွေသော် ခေတ်ကြီး ၄-ပါးက ရှိပ်တချားပါ။ နို့ပြီးတော့ မြင်မှု, ကြားမှု, နံမှု, လျက်မှု, ထိသိမှု, ကြံသိမှု,

ဤခြောက်ပါးက နာမ်ဘာသာပါ။ ဒါကိုဘဲတွေ့ရပါတယ်။ ။အနိုအမိုဖြစ်တဲ့ သဘာဝလဲရှာမရတဲ့၊ ငါငါ၊သူသူ၊ လူလူ၊နတ်နတ်၊ပညတ် အဒိုမရှိတော့ပါ။

| | | |
|---|---|---|
| ဓာတ်ကြီး ၄-ပါးက | မြင်၊ကြား၊နံ၊လျက်၊ထိသိ၊ကြံသိက | ငါငါ၊သူသူ၊လူလူ၊ နတ်နတ်က |
| ရုပ်တရားအစစ် | နာမ်တရားအစစ် | အပိုအမိုပညတ်တရား ဒိဋ္ဌိကပ်၍ မှားနေတာပါ |

ဤလို ကွဲကွဲပြားပြား ခွဲခွဲခြားခြားမရောမရှက်စေဘဲ သဘောသဘာဝသက် အစစ် အမှန်ကို ကိုယ်၌တွေ့၍ ကောင်းသိပါလျှင် နာမ်တခြား ရုပ်တခြား အပိုအမို ပညတ်တခြားဟု—သိသဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်သို့ ရောက် ပါပြီ။ရုပ်နာမ်ခွဲသိတဲ့ ဉာဏ်ကို (၁) ယထာဘူတဉာဏ်လို့ ခေါ် (၂) သမ္မာ ဒဿနဉာဏ်ဟု ခေါ် (၃) နာမရူပ ပရိစ္ဆေဒဉာဏ်ဟု ခေါ် (၄) သင်္ခါရ ပရိစ္ဆေဒဉာဏ်ဟု ခေါ် (၅) နာမရူပဝဝတ္ထာနဉာဏ်ဟု ခေါ် (၆) ဒိဋ္ဌိဝိသုဒ္ဓိ ဉာဏ်ဟု ခေါ်လေ။

နာမရူပ ပရိစ္ဆေဒေန သက္ကာယဒိဋ္ဌိယာ ပဟာနံ ဟောတိ။ ။သံယုတ်။

နာမရူပပရိစ္ဆေဒေန၊နာမ်တခြား၊ရုပ်တခြား ခွဲနိုင်သိနိုင်သဖြင့်။သက္ကာယ ဒိဋ္ဌိယာ၊သက္ကာယ ပရမတ်၌ ပညတ်ကပ်သဖြင့် မှားခြင်းကို။ပဟာနံ၊ပယ်နိုင် သတ်နိုင်တော့သည်။ ဟောတိ၊ဖြစ်၏။ ။မေးစမ်းပါရစေဒုံးဆရာရယ်—

(၃၅၃) ဒိဋ္ဌိ တခုထဲ ဆိုလျှင် ပြီးနိုင်ပါလျက် အ ဘယ့် ကြောင့် (သက္ကာယ)ကိုထဲ့ပြီးတော့ (သက္ကာယဒိဋ္ဌိ)လို့ ခေါ်ကြပါသနည်း။

သက္ကာယဟာ ပရမတ်အစစ်ဘဲ၊ဓာတ်အစစ်ဘဲ၊စိတ်တို့,စေတသိက်တို့, ရုပ်တို့,နိဗ္ဗာန်တို့ဟာ သက္ကာယဘဲဆရာရဲ့။သခုတော့(သက္ကာယ)ဟာ နာမည် ပျက်အောင် ဒိဋ္ဌိနှင့်တွဲပြီး မှည့်ထားတော့ သက္ကာယပင် ဒိဋ္ဌိလိုလို ဘာလိုလို ဖြစ်၍နေတယ်ဆရာ။ ။ဖြေမယ် တပည့်ရဲ့—

ညောင်ပင်မှာ ကပ်တဲ့ တန်ဆောကို ညောင်ပင်တန်ဆောလို့ ခေါ်ကြတယ် မဟုတ်လား။ သရက်ပင်မှာကပ်တော့ သရက်ပင်တန်ဆောတဲ့။ ဆဲဒီဥပမာ လိုပင် ဒိဋ္ဌိကလဲ များလွန်းတော့ သူကပ်တဲ့ ဌာနနှင့် တွဲပြီးလျှင်ခေါ်ကြရ ခြင်းဖြစ်ပေတယ်။ ပုံစံပြမည် ကြည့်စမ်းပါ။ (က) ဒိဋ္ဌိဟာ အဟေတုက ဆိုတဲ့ဌာနမှာ ကပ်နေသို့တဲ့ အဟေတုကဒိဋ္ဌိလို့ခေါ်တယ်။ :( ခ )ဒိဋ္ဌိဟာ အကြိယဌာနမှာကပ်တော့အကြိယဒိဋ္ဌိဟု ခေါ်တယ်။( ဂ ) ဒိဋ္ဌိဟာ နတ္ထိမှာ

ကပ်နေတော့ နဖူးကဒိဋ္ဌိတဲ့။ (ဃ) ဒိဋ္ဌိဟာ ဝိသမလောဘကမှာ ကပ်တော့ ဝိသမလောဘကဒိဋ္ဌိလို့ခေါ်ရတယ်။ ဆဲဒီပမာလိုဘဲ (င)ဒိဋ္ဌိဟာ သက္ကာယ၌ တွဲကပ် ပူးဝင်နေလို့ ငှာနနှင့်တဲ့ပြီးတော့ (သက္ကာယဒိဋ္ဌိ) ရယ်လို့ ခေါ်ကြတယ်က္ခဲ့။

## (၃၅၄) ဒိဋ္ဌိကို ဗိုဇာဋ္ဌာနနှင့်ဆဲ့လျောက်မှည့်နီးခေါ် ကြမုံ

ကျမ်းဂန်ထုံးစံများ

| | | | |
|---|---|---|---|
| ၁--သဿတဒိဋ္ဌိ | ၄-ပါး | ၆--သညီဒိဋ္ဌိ | ၁၆-ပါး |
| ၂--ဧကစ္စသဿတဒိဋ္ဌိ | ၄-ပါး | ၇--အသညီဒိဋ္ဌိ | ၈-ပါး |
| ၃--အန္တာနန္တာဒိဋ္ဌိ | ၄-ပါး | ၈--နေဝသညီနာသညီဒိဋ္ဌိ | ၈-ပါး |
| ၄--အမရာဝိက္ခေပဒိဋ္ဌိ | ၄-ပါး | ၉--ဥစ္ဆေဒဒိဋ္ဌိ | ၇-ပါး |
| ၅--အဓိစ္စသမုပ္ပန္နဒိဋ္ဌိ | ၂-ပါး | ၁၀--ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ | ၅-ပါး |

အစုစုပေါင်းတော့ မိစ္ဆာဒိဋ္ဌိကြီး ၆၂-ပါးဖြစ်၏။

### သက္ကာယဒိဋ္ဌိဘာခုထဲကို အမျိုးမျိုးခေါ်ပုံ

(၁) သက္ကာယဒိဋ္ဌိ (၂) အတ္တဒိဋ္ဌိ (၃) အတ္တာနုဒိဋ္ဌိ (၄) အတ္တဝါဒုပါဒါန် (၅) အတ္တဂါဟ (၆) ဒိဋ္ဌိဂါဟ (၇) ပရမာသမှား (၈)ပညတ်အစွဲ (၉)အမှားမြင် (၁၀) ဖေါက်ပြန်မြင် (၁၁) မိစ္ဆာ ဉာဏ် (၁၂) ဒိဋ္ဌိဝိပလ္လာသ၊ အတူတူပါဘဲ။

## (၃၅၅) ပဋိစ္စသမုပ္ပါဒ်ဘက်ဥပေါ်မုံ

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ (အရကား)စက္ခုပသာဒ ရုပ်နှင့် ရူပါရုံရုပ်။ငင်းရုပ်နှစ်ပါးတို့အချင်းချင်း ထိခိုက်မှု,ဆုံမှု,ကြုံမှုကြောင့် မြင်, သိ, နာမ်ပေါ်လာရတယ်။ ဤ၌ (ရုပ် ကြောင့် နာမ်ဖြစ်တယ်) ရုပ် အကြောင်း, နာမ်အကျိုးသိရ၏။ ဤကားတရင်။ ။မျက်စိ၌ မြင်,သိ,စိတ် ကြောင့် မကောင်းတာမြင်တော့ ဒေါသ ထွက်၏။ ကောင်းတာ မြင်တော့ လောဘထွက်၏။ အလတ်မြင်တော့ မောဟထွက်၏။ဤ၌(စိတ်နာမ်ကြောင့် စေတသိက်နာမ်ပေါ်လာရတယ်) နာမ်အကြောင်း, နာမ်အကျိုး သိရ၏။ ဤကားတရင်။ ။ဒေါသဖြစ်တော့ ဒေါသရုပ်ပေါ်သဖြင့်မျက်နှာညိုမဲ ရှုံ့မဲ

ညှိုးနွမ်းခြင်းဖြစ်ရတယ်။လောဘဖြစ်တော့လောဘရုပ်ပေါ်သဖြင့် မျက်နှာ၌ နီမြန်းခြင်းဖြစ်ရတယ်။ မောဟဖြစ်တော့ မောဟရုပ်ပေါ်သဖြင့် မျက်နှာ၌ တွေဝေထိုင်းမှိုင်းခြင်းဖြစ်ရတယ်။ဤ၌ (စေတသိက်နာမ်ကြောင့် စိတ္တဇရုပ်ပေါ်ပုံ) နာမ်အကြောင်း, ရုပ်အကျိုးသိရ၏။ ဤကားတရပ်။ ။လောဘကြောင့် ပြိတ္တာဘုံရောက်၊ ပြိတ္တာရုပ်၊ ပြိတ္တာစိတ်၊ ပြိတ္တာစေတသိက် ပေါ်၏။ ဒေါသကြောင့် ငရဲဘုံရောက်၊ ငရဲရုပ်၊ ငရဲစိတ်၊ ငရဲစေတသိက် ပေါ်၏။ မောဟကြောင့် တိရစ္ဆာန်, အသုရကာယ် ၂-ဘုံရောက်၊ ၎င်းရုပ်၊၎င်းစိတ်၊ ၎င်းစေတသိက်ပေါ်၏။ ဤ၌ (နာမ်ကြောင့် နာမ်ရုပ် ၂-ပါးပေါ်ပုံ) နာမ်အကြောင်း ရုပ်နာမ်အကျိုးကို သိရ၏။ (သဒ္ဓါရပစ္စယာ ဝိညာဏံ) အရပင်တည်း။ ဤကားတရပ်။ ။ဤလိုအကြောင်းနှင့် အကျိုးကို ခပ်ကြမ်းကြမ်းလောက် ပင်သိရလျှင် ပစ္စယပရိဂ္ဂဟဉာဏ်ရောက်ပါပြီ။

## ပစ္စယပရိဂ္ဂဟဉာဏ်တခုကို အမျိုးမျိုးခေါ်ပုံ

ဤအကြောင်း, အကျိုးသိသော ဉာဏ်ကိုပင် (၁) ပစ္စယပရိဂ္ဂဟဉာဏ် (၂) ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ် (၃) ဓမ္မဋ္ဌိတိဉာဏ် (၄) ပစ္စယသမုပ္ပါဒ်ဉာဏ် (၅) ဟေတုဖလပရိဂ္ဂဟဉာဏ်ဟူ၍ အသီးသီးခေါ်ကြသည်။

## (၃၅၆) ရုပ်နာမ် ၂-ပါး၏ ဥပမာကား

သူဌေးကြီးတဦးသည် ကုလီခေါင်းကိုခေါ်ပြီး သင်သည် ငါခိုင်းတိုင်း လုပ်နိုင်မည်လောဟု မေး၏။လုပ်နိုင်ကြောင်းပြောပြလျှင် သင်၌ အောက်က နေ၍လုပ်ကြမည့်လက်သား, ငယ်သား လုပ်ကိုင်ဘော်များ ဘယ်လောက် ရှိပါသလဲဟု မေး၏။ကျွန်တော်ပါ ၂၈-ယောက်ရှိပါတယ်လို့ ပြောပြ၏။ ကုလီခေါင်းကလဲ သူဌေးတဦး၏ အလုပ်ကိုပင် လုပ်ရမှာလား မေးလျှင် သူဌေးကြီးက ငါနှင့်တကွ ငါ့လက်သား ၅၃-ယောက်၏အလုပ်ကို လုပ်ရမယ်ဟု—ပြောပြီး ကျေကျေနပ်နပ်နှင့် ခိုင်းတိုင်းပင် လုပ်ကြတော့၏။

| | |
|---|---|
| သူဌေးကြီးကား စိတ် ၆-ပါး | ကုလီခေါင်းကား ဘူတရုပ် ၄-ပါး |
| ငယ်သားကား စေတသိက် ၅၂-ပါး | ငယ်သားများကား ဥပါဒါရုပ် ၂၄-ပါး |
| သူတို့နာမ်များက ခိုင်းသူတို့ပင်တည်း။ | ခိုင်းတိုင်းလုပ်ရသူတို့ပင်တည်း။ |

## (၃၅၇) နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ရှင်သန်စေရန်လက်သများ

၁—ခိုင်းတတ်, လုပ်တတ်၊ ဤနှစ်ရပ်၊ မှတ်ကြရုပ်နာမ်နှစ်။
၂—မြင်တတ်, မမြင်တတ်၊ ဤနှစ်ရပ်၊ မှတ်ကြရုပ်နာမ်နှစ်။
၃—ကြားတတ်, မကြားတတ်၊ ဤနှစ်ရပ်၊ မှတ်ကြရုပ်နာမ်နှစ်။
၄—နံ့တတ်, မနံ့တတ်၊ ဤနှစ်ရပ်၊ မှတ်ကြရုပ်နာမ်နှစ်။
၅—စားတတ်, မစားတတ်၊ ဤနှစ်ရပ်၊ မှတ်ကြရုပ်နာမ်နှစ်။
၆—တွေ့တတ်, မတွေ့တတ်၊ ဤနှစ်ရပ်၊ မှတ်ကြရုပ်နာမ်နှစ်။
၇—ကြံတတ်, မကြံတတ်၊ ဤနှစ်ရပ်၊ မှတ်ကြရုပ်နာမ်နှစ်။
၈—ငါသူတပါး၊ မရှိပြား၊ ဓာတ်သားချည်းသာဖြစ်။

## (၃၅၈) လူ-နွား-လှည်းဥပမာ

လှည်းတစီး၌ နွားလေးကောင်တပ်၍ လူက မောင်းနှင်သည် ရှိသော်၊ လှည်းသွား၏။လှည်းရပ်၏ဟု-ပြောဆိုရသော်လည်း အမှန်စင်စစ်အားဖြင့် သွားတတ်,ရပ်တတ်သော လှည်းဟူ၍ပင် မရှိချေ။ လူကရပ်ချင်လျှင် နွားက ရပ်၏။လှည်းပါရပ်၏။ လူကသွားချင်လျှင် နွားကသွား၏။ လှည်းပါသွား၏။ လူကား နာမ်တရားနှင့်တူ၏။ နွားကား ရုပ်တရားနှင့်တူ၏။ လှည်းကား ရုပ်နာမ် စုပေါင်းနေတဲ့ ခန္ဓာကိုယ်ကြီးနှင့် တူ၏။

## (၃၅၉) ကြည့်ရာ၌ ရုပ်နာမ်ကုဗ္ဗေ ငါးထောင်ကျော်

လူတယောက်သည် လှဲ၍အိပ်လျက်နေ၏။ ထိုသူ၌ ကြည့်ချင်တဲ့ စိတ် ပေါ်၍နေသော်၊ ၎င်းစိတ်က ဝါယောဓာတ်ကို လှုံ့ဆော်ပေး၏။ ခေါင်း လည်းထောင်၍ လာတော့၏။ အပေါ်မျက်လွှာလည်း အထက်သို့ တက် သွား၏။ အောက်မျက်လွှာလည်း အောက်ဘက်သို့ ကျသွား၏။ခေါင်းတခု လုံးရှိဓာတ်သား ကလာပ်သားတွေကို ကလာပ်ဖွဲ့သော်၊ရုပ်ကလာပ်ပေါင်း ကုဋေ ငါးထောင်မက များပြားလှစွာ လှုပ်ရှားဖေါက်ပြန်မှသာ ကြည့်ခြင်း ကိစ္စပြီးတော့၏။ကုဋေ ငါးထောင်ကျော်မက ရုပ်တို့တွင် (ဘယ်ရုပ်လဲ၊ငါ) ငါကိုရှာပါ။ ။တဖန်ခေါင်းထောင်သည့်ကစ၍ ကြည့်စဉ်အထိ၊နာမ်တရား ပေါင်းကား ကုဋေ တသိန်းမက နာမ်တရားပျက်ကြရသည်။ (၁) အစ၌

ကြည့်ချင်တဲ့ ဝိထိစိတ်များ (၂) အလယ်၌ ခေါင်းထောင်လာအောင် လှုံ့ဆော်ရတဲ့ဝိထိစိတ်များ (၃) အဆုံး၌ ကြည့်တဲ့ဝိထိစိတ်များဟု ၃-ပိုင်း ပိုင်း၍သိရသည်။ ဤမျှသောစိတ်နာမ်ကုဒ္ဒေ ၂-သိန်း ၃-သိန်းတို့တွင် (ဘယ်စိတ်လဲဂါ) (ဘယ်နာမ်လဲဂါ) (၁) ကြည့်ချင်တဲ့စိတ် ကုဒ္ဒေ တသိန်းက ကြည့်ချင်ပြီး သေကြကုန်၏။ (၂) ခေါင်းထောင်အောင် စေ့ဆော်တဲ့ စိတ် ကုဒ္ဒေ ဘသိန်းကလဲ စေ့ဆော်ရင်းပင် သေကြေ ပြုန်းတီး ကြ ရ သည်။ (၃) ကြည့်စဉ် စိတ်များကလည်း ကြည့်ရင်းပင် သေကြေ ပြုန်းတီးကြရသည်။ (ဘယ်မှာလဲဂါ)ဂါကို ရှာစမ်းပါ။

တခါကြည့်၌ ရုပ်ပေါင်း အများတို့တွင် (ဘယ်ရုပ်လဲဂါ)
တခါကြည့်၌ နာမ်ပေါင်း အများတို့တွင် (ဘယ်နာမ်လဲဂါ)

## (၃၆၀) သဲပြည့်နေတဲ့ လူရုပ်ကြီး

လူရုပ်ကြီးလုပ်ပြီးတော့ သဲတွေအပြည့်ထဲ့ ရုပ်၍ထားပါ။ ။ဉာဏ်ဖြင့် ကြည့်လေ၊ အရုပ်ကြီးကတော့ ခန္ဓာကိုယ်နှင့်တူ၏။ သဲတွေကတော့ ရုပ်ကလာပ်တွေနှင့်တူ၏။ရုပ်ကလာပ်တခုခုအပေါ်၌ နာမ်တရားတွေ ၂၇-က တစု၊ ၃၀-က တစု၊ ၃၇-က တစု၊၃၆-က တစု၊ ၃၅-က တစု။ စုဍ်စု၍ နေကြသည်။ ။ဥပမာ၌ အရုပ်ကပင် လူလား၊ သဲကပင် လူလား။ ။ ဥပမေယျ၌ ခန္ဓာကိုယ်ဟာ ဂါလား၊ ရုပ်ကလာပ်တွေဟာ ဂါလား၊၎င်းတို့ အပေါ်မှာ စုစုနေတဲ့နာမ်တွေဟာ ဂါလား၊ (ဂါကိုရှာကြစမ်း)ဂါမတွေ့လျှင် လူမရှိ၊ နတ်မရှိ၊ ဘာမျှမရှိ၊ တစက္ကန့်အတွင်း၌ ရုပ်ပေါင်းကုဒ္ဒေ ငါးထောင်ကျော် ဖြစ်ပျက်၍နေပေရာ၊ ဂါပေါင်း ကုဒ္ဒေ ငါးထောင်ကျော်လား။ ။ သို့မဟုတ် ဂါဟာ တဂါထဲဘဲလား။ ။တစက္ကန့် အတွင်း၌ နာမ်ပေါင်း ကုဒ္ဒေ တသိန်းကျော် ဖြစ်ပျက်၍ နေပေရာ၊ဂါပေါင်း ကုဒ္ဒေ တသိန်းကျော် လား၊ သို့မဟုတ် ဂါဟာ တဂါထဲဘဲလား။

## (၃၆၁) မိုးသည်းရွာချတော့ ကုဒ္ဒေ ငါးထောင်မျှကြာ

မိုးသည်းရွာသောအခါ၌ ဓနိဖက်ပေါ်၌ဖြစ်စေ၊ သွပ်ပေါ်၌ဖြစ်စေ၊ မိုးသည်း ပေါက်များကျလျက် နေပေ၏။ မိုးသည်းတပေါက်လျှင်တသံ၊ တပေါက်လျှင် တသံနှင့် ထွက်သော်၊ မိုးသည်းပေါက်ပေါင်း များလှစွာရကား အသံပေါင်း များစွာကြားရ၏။ သတိထားလျှင် တဖြောက်ဖြောက်နှင့် မရောချေ။ ဖြစ်သံ,

ပျက်သံပါ သိရ၏။ တစက္ကန့်၌ ကုဋေ ငါးထောင်ကျော်ပင် က လိမ့်မည် မဟုတ်၊ သတိထားကြပါ။(ယထာပုဗ္ဗံ တွေ့ ကံပသေ၊ ယထာပသေ မရိစိကံ) ဥပမာနှင့်ညီပေ၏။ ။တနည်းမှာလည်း အိုးကင်းပူပူကြီးပေါ်သို့ နှမ်းတွေ ထဲ့ကြည့်ပါ။ တဖြောက်ဖြောက်နှင့် နှမ်းလုံးရှိသလောက် အသံထွက်မည်။ ခန္ဓာကိုယ်ထဲ၌လည်း ရုပ်ကလာပ်တွေကို အတွင်းမီးလောင်သဖြင့် နှမ်းလို ပျက်နေသည်။ ကိုယ်တွေ့မိအောင်ဘမ်းပါ၊ မတွေ့ရသေးလျှင် တွေ့သူကို အယုံအကြည်မရှိဘဲ အပြစ်မယူပါနှင့် ကုသိုလ်ရှာ အကုသိုလ်လာတတ် ပါသည်။ မျက်မြင်ဖြင့် ပြရပါလျှင် ထမင်းအိုးက အငွေ့တွေ လဘက်ရည် အိုးက အငွေ့တွေ မီးဖိုထဲက အငွေ့တွေ နယုန်၊ ဝါဆိုလလောက်တွင် ကောင်းကင်၌ ပြေးနေကြတဲ့မိုဃ်းသားငွေ့တွေ တန်းခူး,ကဆုန်လလောက် တွင် လေကြောင့် ဖုံတထောင်းထောင်းထ၍နေတဲ့ ဖုံတွေ၊မြူခိုးတွေ၊ကျနေတဲ့ နှင်းတွေ၊ ရွာနေတဲ့ မိုဃ်းပေါက်တွေကို လူတိုင်း, လူတိုင်း မြင်ကြတယ် မဟုတ်လား၊ ကုဋေ ၅၀၀၀-ကျော်ကို မမြင်နိုင်ဘူးဆိုလျှင် ပြခဲ့ပြီးဟာ တွေကို ဘာ့ကြောင့် ပကတိ မျက်စိဖြင့်တောင်မှ မြင်နေကြသလဲ၊သူများကို မဆိုလို၊ ကိုယ့်ကိုယ်ပင် ကိုယ်မေးကြည့်ကြပါ။

**(၃၆၂) ငါ်အနိယာဖြစ်ပြီလားကျမ်း** နံပါတ် ၇၄၊၇၅၊၇၆၊၇၇-၌ ပါဠိတော် အဋ္ဌကထာ၊ ဋီကာများကို ကိုးကား၍ ပြခဲ့ပြီ။

(၁) သဲသောင်ပြင်ကြည့်၊သဲလုံးတွေကိုမြင်ရ၏ (၂) ကြယ်တာရာတွေ (၃) သစ်ပင်တွေ (၄) ထမင်းအိုးမှ အငွေ့တွေ (၅) လဘက်ရည်အိုးမှ အငွေ့တွေ (၆) မီးခွက်မှ မီးခိုးတွေ (၇) မိုဃ်းရွာတော့ မိုဃ်းပေါက်တွေ (၈) နှင်းကျတော့ နှင်းလုံးတွေ(၉)မြူမှုန်တွေ (၁၀) ထံလှုပ်တွေ၊အဲဒါတွေ ဟာ ပကတိ မျက်စိဖြင့် တောင်မှ ကုဋေ ၅၀၀၀-ကျော် မြင်ရ သေး၏။ (၁) များမှန်း တော့ သိ၏။ (၂) အရေ အတွက် ကို တော့ မပြောပြနိုင်။ (၃) မြင်လည်းမြင်ရ၏။ ။ဘုရားရှင်ကလည်း (ယထာပုဗ္ဗံ တွေ့ ကံပသေ၊ ယထာ ပသေ မရိစိကံ) ဟု ဓမ္မပဒပါဠိတော်မှာပင် ဟောထားခဲ့ပါသည်။ ဒါမှမယုံပါလျှင် မကာတ်နိုင်တော့ပြီ။ (ကိုယ့်ဒိုက်နှင့် ကိုယ့်ကံဘဲ။)

တရားကိုအားထုတ်တော့ ခန္ဓာကိုယ်ထဲမှာတရိုးရိုး တရွရွ တမွမွကြဲလျက် သူ့ဘာသာ သူ့သဘောအတိုင်းဖြစ်ချင်သလို အနတ္တအနေနှင့် တွေ့ရတယ်။ **သဲ**ကမ်းပါးကို ရေစားတော့ တဖွားဖွားပျက်နေသလိုဘဲ ခန္ဓာထဲ၌တွေ့ရ

တတ်သည်။ လင်မနစ်ပုလင်း ဖွင့်လိုက်တော့ တပုလင်းလုံး ဆူပွက်နေသကဲ့သို့ ခန္ဓာထဲ၌ တွေ့ရတတ်သည်။ (၁) ဥတုကြောင့် ကုဋ္ဌေ ငါးထောင်ကျော်ပေါ်ပုံကား အဖျားသွေးရှိတဲ့အခါ မိုးဃ်းကလဲအုံ့အုံ့လာတော့ ခန္ဓာထဲမှာ ဖြန်းကနဲ,ဖြန်းကနဲ ကြက်သီးတွေထ၍နေတယ်မဟုတ်လား။တကိုယ်လုံးဖြစ်ပေါ်နေတဲ့ ဒိဖြန်းဖြန်းတွေဟာ မရောဘဲ၊ ကလာပ်ခြားပြီး ကုဋ္ဌေငါးထောင်ကျော် တွေ့ရတတ်ပေသည်။ ဒါဒါ ဥတုကြောင့်ဘဲ။

အာဟာရကြောင့်ကား ရောဂါသွေး ရှိနေသော လူသည် မတဲ့သော အာဟာရကိုစားမိ၏။စားမိသောကြောင့် တကိုယ်လုံး တဖြန်းဖြန်းယခင်လိုဖြစ်လာ၏။ မရောဘဲ ကလာပ်ခြားလျက် ပေါ်တတ်၏။ ဒါဒါ အာဟာရကြောင့်ဘဲ။

စိတ်ကြောင့်ကား ကြောက်တတ်သော လူတဦးသည် တစ္ဆေ သူခဲ ခြောက်တတ်သော လမ်းခရီးသို့ တယောက်ထဲပင် မနေသာ၍ သွားရ၏။ စိတ်ထဲက ဘာကြီးများ ပေါ်လာမလဲဟု – တွေးတောလျက်ပင် သွား၏။ ချုံထဲက ငှက်ပျံလျှင်လန့်၍ တဖြန်းဖြန်းကြက်သီးများထတော့၏။ ယခင်လိုသိလေ၊ ဒါဒါကတော့ စိတ်ကြောင့်ပါဘဲ။

ကံကြောင့်ကား ဝိပဿနာ အားထုတ်ခြင်းသည် ကုသိုလ်ကံပင်တည်း။ ၎င်းကံကြောင့် တကိုယ်လုံးပင် တဖြန်းဖြန်းနှင့် တရှိန်းရှိန်းနှင့် တရှိုးရှိုး တရွရွနှင့် ကြက်သီးတွေထလျက် အမျိုးမျိုး တွေ့ရတတ်ပေ၏။ ဤကား ကံကြောင့်ပင်တည်း၊ ကိုယ်တွေ့ရှာကြပါကုန်။

## (၃၆၃) ၁–ရန်သူကိုရှာ ထိုက်တန်တဲ့ လက်နက်ဖြင့်သတ်

(၂) ဆူးစူးခံရသောသူသည် ဈေးဦးစွာ စူးသောနေရာကို ရှာရမည်။ နေရာကို တွေ့မှနုတ်ထွင်ရသည်။ ဤဥပမာနှစ်ရပ်လိုပင် ထွက်မြောက်လိုသောသူသည် ရန်သူကိုဈေးဦးစွာ ရှာရမည်ဟူရာ၌ ကမ္ဘာ့ပေါ်တွင်အကြီးဆုံးသောရန်သူကား(ဒိဋ္ဌိ-တဏှာ-မာန)တို့ပင်တည်း။ဒိဋ္ဌိက တဒိဿာရှိလျှင် တဏှာဘဝိဿာ၊မာန တဝိဿာလောက် အနုသယအနေဖြင့် ရှိနေတတ်ပေသည်။ သို့ဖြစ်ရာ ဒိဋ္ဌိကို အရင်သတ်ရမည်။ တဏှာမာနဒိဋ္ဌိတို့ကား သူခိုးထားပြ သူပုန်နှင့် တူကုန်၏။ သူပုန်တို့သည် တော,တောင် ထူထပ်ရာမှာ ခိုကပ်ကြကုန်သကဲ့သို့ တဏှာ,မာန,ဒိဋ္ဌိသူပုန်တို့လည်း အဝိဇ္ဇာတောအုပ်၌

ကပ်နိုင်ကြကုန်၏။ သူပုန်တို့သည်ရွာသူ, ပြည်သားတို့၏ ပစ္စည်းကို လုယူကြကုန်သကဲ့သို့ တဏှာ, မာန, ဒိဋ္ဌိတို့လည်း အချိန်နှင့် သူတော်ကောင်း ဖိတ်ထားတွေကို လုယူကြကုန်၏။သူပုန်တို့သည် အိမ်တွေကို မီးတိုက်ဖျက်ဆီးကြကုန်သကဲ့သို့ တဏှာ, မာန, ဒိဋ္ဌိတို့သည် ခန္ဓာကိုယ်တွေကို သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ,ဥပါယာသမီးဖြင့် မီးတိုက်ဖျက်ဆီးကြကုန်၏။ သူပုန်တို့သည် ရွာသားတွေကိုသတ်ဖြတ်ကြကုန်သကဲ့သို့ တဏှာ,မာန,ဒိဋ္ဌိတို့သည် ခန္ဓာကိုယ်ကို အပါယ်သို့ ချကြကုန်၏။

| **ဥပမာဘက်က** | **ဥပမေယျဘက်က** |
|---|---|
| သူပုန်ထားပြမျှား | တဏှာ,မာန,ဒိဋ္ဌိများ |
| တော,တောင်ထူထပ်ရာ | အဝိဇ္ဇာထူပြောရာ |
| ပစ္စည်းလုယူကြ၏ | အချိန်နှင့် ကုသိုလ်စိတ်လုယူ |
| အိမ်တွေမီးတိုက် | ခန္ဓာ၌သောကမီးတိုက် |
| ရွာသားကို သတ်ဖြတ် | လူ,နတ်, ဗြဟ္မာကို အပါယ်ပို့ |

ဆူးရှူးသော နေရာကိုရှာ၍နှုတ်ထွင် ရမည်ဆိုရာ၌ ဒိဋ္ဌိဆူးက ဘယ်မှာ ရှုးဝင်နေသလဲ ရှာပါ။ တဏှာဆူးက ဘယ်မှာ ရှုးဝင်နေသလဲ ရှာပါ။ မာနဆူးက ဘယ်မှာ ရှုးဝင်နေပါသလဲ ရှာပါ။ ။ရှုးဝင်နေကြပုံကား—

(၃၆၄) **၁။ စိတ်ဝိညာဉ်ပ၊ ငါစွဲကြ၊ မှတ်ကြဒိဋ္ဌိငါ**
**၂။ ရုပ်ဟူသမျှ၊ ငါစွဲကြ၊ မှတ်ကြ တဏှာငါ**
**၃။ ပစ္စည်းဟူသမျှ၊ ငါစွဲကြ၊မှတ်ကြ မာနငါ**
**၄။ အစွဲသုံးပါး၊ ခွဲဝိုင်းခြား၊ စွမ်းအားနုတ်ပင်ချ**

သာမန် လူတိုင်းလိုပင် ဟို-ဒီပက်ရာ ဘုရားလက်ထက်တော်တုန်းက သုမေဓာရသေ့၊ အလယ်ရောက်တော့ မဟောသဓာ၊ အဆုံးရောက်တော့ ဂေါတမဘုရား၊ ရုပ်တရားသာလျှင် သေကြေ ပျက်စီး၍ ကျန်ရစ်ခဲ့သည်။ နာမ်တရား, စိတ်တရားကား တခုထဲဘဲဟု—သုမေဓာ၏ စိတ်လဲ ဒီစိတ်ဘဲ၊ မဟောသဓာ၏ စိတ်လဲ ဒီစိတ်ဘဲ၊ ဂေါတမဘုရား၏ စိတ်လဲ ဒီစိတ်ဘဲဟု— ဖိတ်၌ ငါစွဲ, သူစွဲ, ပုဂ္ဂိုလ်စွဲ, အမိကထားကြလေသည်။ကြည့်ပါလား ငဲ့ပုံ (ရူပသို့ ဝါ အတ္တာနံ)တဲ့၊ဘုရားဟောခဲ့ပုံ။ ။ရူပသို့ ဝါ၊ရုပ်ကောင်ကြီးထဲ၌ လည်း။ အတ္တာနံ၊ငါဆိုတဲ့စိတ်ကို။ ဝါ၊ဖိတ်ဆိုတဲ့ငါကို။ သမနုပဿတိ၊ ရှု၍ နေ၏။ (ရုပ်ထဲမှာ၊ငါရှိတယ်) အဲဒါ သက္ကာယဒိဋ္ဌိဘဲ။

( ၃၆၅ )

| ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|
| ရုပ်ဟာငါဘဲ | ခံစားတာငါဘဲ | မှတ်တာငါဘဲ | ပြုတာငါဘဲ | သိတာငါဘဲ |
| ငါဟာရုပ်ဘဲ | ငါဟာခံစားတာဘဲ | ငါဟာမှတ်တာဘဲ | ငါဟာပြုတာဘဲ | ငါဟာသိတာဘဲ |
| ရုပ်ထဲမှာငါရှိ | ခံစားထဲငါရှိ | မှတ်ထဲငါရှိ | ပြုထဲငါရှိ | သိထဲငါရှိ |
| ငါထဲရုပ်ရှိ | ငါထဲခံစားရှိ | ငါထဲမှတ်ရှိ | ငါထဲပြုရှိ | ငါထဲသိမှုရှိ |

(၃၆၆) အပေါ်တန်းက အစွဲ ၅-ခုကို ဥစ္ဆေဒဒိဋ္ဌိ ငါးပါးဟု ခေါ်လေ၊
အောက် ၃-တန်းက အစွဲ ၁၅-ခုကို သဿတဒိဋ္ဌိဟု ခေါ်လေ၊
တနည်း အပေါ်တန်းက ၅-ခုကို ဝိဘဝဒိဋ္ဌိဟု ခေါ်၊
အောက် ၃-တန်းက ၁၅-ခုကို ဘဝဒိဋ္ဌိဟု ခေါ်၊

သက္ကာယဒိဋ္ဌိ ၂၀-ပွါးပုံတည်း။

ဤအလိုကား ရုပ်ရော နာမ်ရော သက္ကာယဒိဋ္ဌိစွဲ၏။

တဏှာကတော့ ရုပ်ဟူသမျှ၌ အစွဲအလမ်းကြီးသည်။ အစွဲနာသည်။ မျက်မြင်အားဖြင့် ပြောရလျှင် ရုပ်ရေလှပ ချောမောတာကိုမှ အနှစ်သက်များကြသည်။ ကုသမင်းသည် ပဘာဝတီ၏ ရုပ်ချောပုံကို စွဲလမ်းသည်။ သိဝိမင်းသည် ဥမ္မာဒန္တီ၏ အဆင်းလှပုံကို စွဲမက်နေပေသည်။ ဗာရာဏသီမင်းသည် အာသင်္ကာ၏ အဆင်း၌ စွဲမက်နေသည်။ ရုပ်၌ တဏှာ စွဲလမ်းကြောင်း ကောင်းကောင်းကြီး သိသာလှပေ၏။

မာနကတော့ ရွှေ,ငွေ,စိန်,ကျောက်စသော အပ ပစ္စည်းတွေ၊ စာတတ်, အပြောကောင်း, အသံကောင်းစသော အတွင်းပစ္စည်းတွေကြောင့် မာနတက်တတ်သည်။ ဒိဋ္ဌိသေအောင် ဝိညာဉ်ပျက်မြင်အောင်ရှုလေ။ တဏှာသေအောင် ရုပ်ပျက်မြင်အောင်ရှုလေ။ ။မာနသေအောင် ပစ္စည်း တွေလှူပစ်ဟု အဓိက ယောဘုယျဖြင့် ဟောရမည်။ ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါးထဲက တခုခု တွေ့လျှင် ပိုင်လျှင် ပြီးစီးပါတော့သည်။ (ဧကောခမ္မော)ဟု လူတိုင်းနားလည်၏။

ဒေသနာဝိလာသဖြစ်ရုံ အဓိကပြရခြင်းဖြစ်သည်။

(၃၆၇) ၁။ အနတ္တပေါက်၊ ဒိဋ္ဌိပျောက်၊ ငါပျောက် သေခဲ့ရှာ၊
၂။ ဒုက္ခလည်းပေါက်၊ တဏှာပျောက်၊ ငါပျောက် သေခဲ့ရှာ၊
၃။ အနိစ္စပေါက်၊မာနပျောက်၊ငါပျောက် သေခဲ့ရှာ၊
၄။ ငါသုံးမျိုးသတ်၊ ဉာဏ်လှင်ရဲ့ဘိ၊ ကျက်မှတ်ဆောင် ထားပါ၊

အနတ္တတွေ့လျှင် ဒိဋ္ဌိငါသေ၏။ ဒုက္ခတွေ့လျှင် တဏှာငါသေ၏။ အနိစ္စတွေ့လျှင် မာနငါသေ၏။ ရုပ်သဘော, ရှုသဘောအားဖြင့် ပြောရပါလျှင် လူတယောက်သည် အဆင်းလှလို့ ပစ္စည်း ပေါလို့ မာန တက်နေပေ၏။ ထိုမာနတက်နေသောသူ၌ နူနာစွဲသဖြင့် အဆင်း အနိစ္စ ဖြစ်သွားလေ၏။ ပစ္စည်းကိုလည်း သူခိုး ဓားပြ ယူသဖြင့် ပစ္စည်းပါ အနိစ္စ ဖြစ်သွားလေ၏။ ထို အနိစ္စ ၂-ပါး ကြောင့် ပင် တက် နေ သော မာန ကျ သွား လေ ၏။ ဒါကြောင့်ပင်—

(အနိစ္စပေါက်၊ မာနပျောက်၊ ငါပျောက်သေခဲ့ရှာ) ဟု ဆိုလေသည်။

လူတယောက်ဟာလည်း ရုပ်ရေချောမောလှပတဲ့ မိန်းမကိုရ၍ တဏှာ ကြွခဲ့လေ၏။ တနေ့သ၌တော့ မိမိ၏မိန်းမသည် လူမဟုတ်၊ ဘီလူးမဘဲဟု အတပ်သိခဲ့ရာ၊ သေရခြင်းဒုက္ခကြီးနီးကပ်နေသဖြင့် မယားအပေါ်၌ စွဲလမ်း နေသော တဏှာသည် သေရှာလေတော့၏။ ဒါကြောင့်ပင်—

(ဒုက္ခလည်းပေါက်၊တဏှာပျောက်၊ငါပျောက်သေခဲ့ရှာ)ဟုဆိုလေသည်။

ရုပ်နာမ်ကို တွေ့တော့ ငါခေါ်စရာ၊ သူခေါ်စရာ မရှိသဖြင့် ဒိဋ္ဌိငါသေ သည်။ ဒါကြောင့်ပင်—

(အနတ္တပေါက်၊ဒိဋ္ဌိပျောက်၊ငါပျောက်သေခဲ့ရှာ) ဟု ဆိုလေသည်။

ဒိဋ္ဌိငါစွဲပုံက ဘယ်လိုလဲ၊ တဏှာငါစွဲပုံက ဘယ်လိုလဲ၊ မာနငါစွဲပုံက ဘယ်လိုလဲဟု—သံကွဲအောင် မေးခဲ့ပါလျှင် အောက်ပါလင်္ကာကိုကြည့်—

(၃၆၈) ၁။ ပုဂ္ဂိုလ်,သတ္တဝါ၊ ထင်မြင်လာ၊ မှတ်ပါဒိဋ္ဌိငါ၊
၂။ ငါ့လင်,ငါ့သား၊ ငါ့မယား၊ မှတ်သားတဏှာငါ၊
၃။ ငါသာလျှင်တတ်၊ ငါသာမြတ်၊ ခွဲမှတ်မာနငါ၊
၄။ ငါသုံးမျိုးပင်၊ အစွဲသင်၊ မြဲမြင်ဆောင်ထားရာ၊

သောတာပန်နှင့် သကဒါဂါမိ လေးဦးတို့သည် ဒိဋ္ဌိငါသာ ပယ်နိုင်ကြကုန်၏။ တဏှာငါနှင့် မာနငါကိုမူကား ရဟန္တာရောက်မှ ပယ်နိုင်ကြလေသည်။ နို့သောတာပန်တို့ သကဒါဂါမိတို့ဟာ ငါ့ဦးစွာ, ငါ့ပစ္စည်း, ငါ့သား, ငါ့သမီးဟု သုံးစွဲနေကြသည် မဟုတ်ပါလားဟု မေးခဲ့သော်၊ တဏှာငါ, မာနငါဘဲ၊တနည်း၊ ဝေါဟာရဖြစ်ရုံ၊ သူတပါးသိရုံသာ ခေါ်ရပြောရသည်။ ဒိဋ္ဌိငါဟု မထင်ပါနှင့်၊ ဒိဋ္ဌိဝိပလ္လာသတော့မရှိပြီ။ စိတ္တဝိပလ္လာသနှင့် သညာဝိပလ္လာသ ၂-ပါး မကင်းသေးရကား ငါထဲ့၍ ပြောကြသေးသည်။ ။ ဒါဖြင့် ဘုရားရဟန္တာတွေကော ငါနှင့် သုံးစွဲသေးသည်။ ဝိပလ္လာသရှိလို့လား။ ။ဘုရားများ ရဟန္တာများကတော့ ဝေါဟာရရှိလို့သာ လူများနားလည်ရုံသာ ငါထဲ့၍သုံးသည်။ ငါအသုံးကို ခွဲပြအံ့—

(၃၆၉) ၁-ပုထုဇဉ် ငါအသုံးကား တဏှာ၊ မာန၊ ဒိဋ္ဌိ၊ သညာ၊ စိတ္တ၊ ဒိဋ္ဌိဝိပလ္လာသဖြင့် သုံး၏။

၂-သောတာပန်များကား တဏှာ၊ မာန၊ သညာ၊ စိတ္တ၊ ဝေါဟာရဖြင့် သုံး၏။

၃-ဘုရားရဟန္တာ ငါအသုံးကား ဝေါဟာရမျှဖြင့် သုံး၏။ ဤပိုဒ်ခွဲ။

၁-ဒိဋ္ဌိ တဏှာ,မာ,သညာ,စိတ်,ဒိဋ္ဌိ ယှဉ်၊ ခြောက်အင်ပုထုငါ၊
၂-စိတ်,သညာ,တဏှာ,မာ၊ဝေါဟာရာ၊ ငါးဖြာသောတငါ၊
၃-ရဟန္တာ,ဗုဒ္ဓ၊ဝေါဟာရ၊သုံးကတမျိုးငါ၊
၄-မပြစ်မှားအောင်၊လက်ာဆောင်၊ရအောင်ကျက်ကြပါ၊

## (၃၇၀) အကြောင်း ၄-ပါးကြောင့် ရုပ်ဖြစ်ပုံ

(က) သောရေယျ သူဌေးသားခေါ် မောင်မစ္စကသည် ရဟန္တာအရှင်မဟာကစ္စည်းကို စိတ်ဖြင့် ပြစ်မှားမိ၏။ ဤမနောကံကြောင့် ယောကျ်ားရုပ်အကုန်လုံး ကွယ်ပျောက်၍ မိန်းမရုပ် အားလုံးဖြစ်ရသည်။ အသေးစိပ်ခွဲ၍ပြော။ အဲဒါ ကံကြောင့် ဖြစ်သောရုပ်။ (ခ) ဇောတိကသည် ကုသိုလ်ကံကြောင့် ဗိမာန်,တံတိုင်း,ရွှေအိုး,ပဒေသာရုပ်တွေကိုရသည်။ (ဂ) ဇဋိလသူဌေးကြီးလည်း ကုသိုလ် ကံ ကြောင့် ရွှေတောင် ရုပ် ကြီးကို ရသည်။ (ဃ) နန္ဒိယသူဌေးသည် ကုသိုလ်ကံကြောင့် ရေစက်ချအဆုံး၌ နတ်ပြည်

တွင် ဗိမာန်ပေါက်၍ရလေသည်။(င)မေတ္တာကသူဌေးကံကြောင့် ရွှေဆိတ်ရပ်, ပဒေသာတွေကိုရ၏။ (စ) ကာကဝဏ္ဏိယသူဌေး ရွှေအိုးတွေ နှစ်ကြိမ်ရ၏။ (ဆ) မဟာပုဏ္ဏသူဌေး လယ်တကွက်လုံး ရွှေဖြစ်ရ၏။ အိမ်နေရာ ရှင်းတော့ ရွှေအိုးတွေပေါ်ပြန်၏။ (ဇ) မဟာဒုက်သူဌေး ရွှေမိုယ်းရွာချရ၏။ (ဈ) ဒါနပြုလို့ ပစ္စည်းပေါများ သီလစောင့်လို့ လှပချောမောတဲ့ ရုပ်ရည်ရ၏။ (ည) ပဋ္ဌာပါဠိ ဖြေညက်လှလို့ အသားအရေ နူးညံ့ ညက်ညော၏။ ဒေါသ ကြောင့် ငါးမျိုး အကြည့် တန် လှ၏။ အဲဒါတွေ ကံ ကြောင့် ရုပ်ဖြစ်ပုံပါဘဲ။

စိတ်ကြောင့်ကား ထင်ရှားလှပေ၏။ဒေါသစိတ်ကြောင့် ဒေါသရုပ်ပေါ်၊ ညှိုမဲ တုန်ခိုက်ဖြစ်၏။လောဘစိတ်ကြောင့် လောဘရုပ်ပေါ်၊ ကိလေသာရုပ်ပေါ်နေ၏။ မောဟစိတ်ကြောင့် တွေဝေ မှိုင်ငေးဖြစ်၏။ သွားချင်သောကြောင့် သွားရုပ်ပေါ်၏။စားချင်လို့ စားရုပ်ဖြစ်၏။ရပ်ချင်လို့ ရပ်ရုပ်ဖြစ်၏။ အိပ်ချင်လို့ အိပ်ရုပ်ဖြစ်၏။ပြောချင်လို့ ပြောရုပ်ဖြစ်၏။အရာရာတိုင်းသိလေ။ အဲဒါ စိတ်ကြောင့် ရုပ်ဖြစ်ပုံတည်း။

ဥတုကြောင့်ကား နှင်းကျလို့ ချမ်းတုန်ရုပ်ဖြစ်၏။ မိုယ်းရွာလို့ ပျဉ်တွေ တံခါးတွေ ကုန်းထ ဗိတ်မရ ဖြစ်၏။ မိုယ်းသား တက်လို့ တောင့် တင်း ညောင်းကိုက် ဖြစ်ရ၏။ ပင်လယ်ရေ တက်လို့ ငါးပိအိုး၌ ရေ ပြည့်၏။ ကောင်းကင်မှ လေရိပ်ရှိလို့ လှိုင်းကြီးနေ၏။ အဲဒါတွေကား ဥတုကြောင့် ရုပ်ဖြစ်ပုံတည်း။

အာဟာရကြောင့်ကား ငြုတ်သီးစားမိလို့ တရှူးရှူး တရှဲရှဲနှင့် သဒ္ဒရုပ်ရော မျက်နှာရော ပေါ်နေ၏။ အခါးစားမိလို့ အော့အန်ရ၏။ ဆားစားမိလို့ တံတွေးတများများနှင့် မျက်နှာမှာ ကိုးရိုးကားရားဖြစ်ရ၏။ ချဉ်သီးစားမိလို့ ရှုံ့မဲ့,ရှုံ့မဲ့ဖြစ်ရ၏။ အဲဒါတွေ အာဟာရကြောင့် ရုပ်ဖြစ်ပုံတည်း။

အခေါ်အဝေါ် ရှင်းပြချက်

## (၃၇၁) တရားတခုထဲ၌ အမည်အမျိုးမျိုး မှည့်ပုံ

ဥပမာ၊ ဉာဏစာဂီ မဟာထေရ် တဦးထဲကိုပင် ၁–ဘုန်းကြီးလို့ ခေါ်သည်။ ၂-စာချလို့ခေါ်သည်။ ၃–တရားပြလို့ခေါ်သည်။ ၄–တရားဟောလို့ခေါ်သည်။ ၅–ယောဂီလို့လဲခေါ်သည်။ ပုဂ္ဂိုလ်မှာတော့ တဦးထဲပင်။ သတ္တိကိစ္စကိုစွဲ၍ ခေါ်ကြသည်။ အဲဒီဥပမာလိုဘဲ။ ။ဒီတဲ့သဘောတခုကိုပင်

(၄) မာနကလှည့်စားလို့ ဇာတိမဣ္ဇရသော့,ပစ္စေကဗုဒ္ဓါအား မရှိသေပုံ၊ အလောင်းတော်ဇောတိပါလလှင် ကဿပဘုရားအား ပြစ်တင်ပုံ။

(၅) ဒိဋ္ဌိကလှည့်စားလို့ အကုသိုလ်,ကိလေသာ,ဝိပါက်တို့ စက္ကန့်နှင့် ချိုပြီးနှင်းကျသလိုဝင်၊ မိုးရွာချသလိုဝင်၊ သမုဒ္ဒရာကြီးထဲသို့ မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါး ရာမှ ရေများဝင်နေသလိုဝင်။ ဒါတွင်အားမရသေး၍ စိမ့်စမ်း, ချောင်းငယ်, မြောင်းငယ်က ရေများပါ မြစ်ရေနှင့်ရောပြီး သဘောတူဝင်နေသလို အဝင် ခံရပုံ။

## (၃၇၄) ၎င်းရန်သူကြီးတို့ကို သတ်ရန်လက်နက်ကား

| | |
|---|---|
| ၁—ရုပ်နာမ်တွေ့ငြား၊စိတ်မှာပါး၊ | လှည့်စားမရပြီ။ |
| ၂—ခေတ်ခတွေပေါ် ငြား၊အနိစ္စာပါး၊ | လှည့်စားမရပြီ။ |
| ၃—ဒုက္ခပေါ် ငြား၊ဘဲဗျာပါး၊ | လှည့်စားမရပြီ။ |
| ၄—အနိစ္စပေါ် ငြား၊မာနပါး၊ | လှည့်စားမရပြီ။ |
| ၅—အနတ္တပေါ် ငြား၊ဒိဋ္ဌိသွား၊ | လှည့်စားမရပြီ။ |

၅ါငါးချက်တွင် စိတ်ကလှည့်စားထားလို့ မှားလျက်နေကြသည်ကို သရုပ်သကောင်နှင့် ထင်ရှားသိရအောင် မြန်ဘောင်၌ ဉာဏ်ရောင်ဖြင့် ကြိဆောင်၍အလင်းပြရပါတော့မည်။

## (၃၇၅) ရုပ်စစ်နာမ်စစ်ပြခဏ်းကြီး

### ၁—အချို့သောကျမ်းများ၌ တွေ့ရချက်ကား

မြင်မြင်သမျှ ရုပ်တရား—မြင်လို့သိတာက နာမ်တရား။
ကြားကြားသမျှ ရုပ်တရား—ကြားလို့သိတာက နာမ်တရား။
နံနံသမျှ ရုပ်တရား—နံလို့သိတာက နာမ်တရား။
စားစားသမျှ ရုပ်တရား—စားလို့သိတာက နာမ်တရား။
ထိထိသမျှ ရုပ်တရား—ထိလို့သိတာက နာမ်တရား။

(၃၇၆) ၂—ဒါကို ဘုရားသခင်ကတော့ဌြင်းလိုက်ပြီ။ (၁) နံပါတ် နှံချက် မာယူပမဥ္စ ဝိညာဏံ။ ။ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ကြီး။

ဝိညာဏ်၊ မြင်သိဆိုတဲ့ဝိညာဉ်၊ကြားသိဆိုတဲ့ဝိညာဉ်၊ နံသိဆိုတဲ့ဝိညာဉ်၊ လျက်သိဆိုတဲ့ဝိညာဉ်၊ ထိသိဆိုတဲ့ဝိညာဉ်၊ ကြံသိဆိုတဲ့ဝိညာဉ်၊ ဤသည့် ခြောက်ပါးစိတ်တရားသည်။ မာယူပမံ၊ လူကိုလဲလှည့်စား၊ နတ်ကိုလဲ လှည့်စား၊ဗြဟ္မာကိုလဲလှည့်စား၊အာဠာရရသေ့ကြီးကိုလဲလှည့်စား၊ဥဒက ရသေ့ကြီးကိုလဲလှည့်စား၊ ဒေဝီလရသေ့ကြီးကိုလဲလှည့်စား၊ သတ္တဝါကို လှည့်စားတဲ့ မျက်လှည့်သမားကြီးဥပမာနှင့် လုံးဝတူလှပါပေသတည်း။

ငြင်းပိုတည်း။

## (၃၇၇) ၃—ဘုရားအလိုပါဠိအရကတော့

| | | |
|---|---|---|
| မျက်စိမြင်ဟာ။ | လှည့်စားခံပြီး | အမှားမြင်တဲ့။ |
| နားအကြားဟာ | လှည့်စားခံပြီး | အမှားကြားတဲ့။ |
| နှာခေါင်းနံဟာ | လှည့်စားခံပြီး | အမှားနံတဲ့။ |
| လျှာအသိဟာ | လှည့်စားခံပြီး | အမှားလျက်တဲ့။ |
| ကိုယ်ထိသိဟာ | လှည့်စားခံပြီး | အမှားတွေ့တဲ့။ |
| မနောသိဟာ | လှည့်စားခံပြီး | အမှားသိတဲ့။ |

ပြလတ္တံ့သော စစ်တမ်း ၃၇-ပါးနှင့် စစ်ဆေး၍ကြည့်ပါ။ ပညတ် ရုပ်လား ပရမတ်ရုပ်လား ခြားနားစွာသက်သေခံပါလိမ့်မည်။

## (၃၇၈) ၄—(၂) နံပါတ်စွဲချက် ဝိညာဉ်သိ ခရီးမရောက်ပုံ

သညာသိ....ကလေးသိနှင့်တူ၏
ဝိညာဉ်သိ....လူကြီးသိနှင့်တူ၏
ပညာသိ....ပန်းထိမ်ဆရာသိနှင့်တူ၏

ကလေးများ အတုံးအခဲရတော့ ဝါဝါတုံးဟုသိ၏။ သညာသိတည်း။ လူကြီးပြတော့ ဝါဝါတုံးဟာ ရွှေတုံးဘဲဟုသိ၏။ ဝိညာဉ်သိတည်း။ ပန်းထိမ်ပြတော့ (၉) မူးရေစသည်ဖြင့် အဆုံးသိ၏။ ပညာသိတည်း။

ဤစကားကိုထောက်လျှင် ဝိညာဉ်သိသည် လူကြီးသိလောက်မျှသာရှိ သေးရကား ဘယ်ရွှေမျိုးဘဲ၊ကြေးညှော်ဘယ်လောက်ရှိသေးတယ်။ဘာနှင့် ထုတ်ပစ်မှဘဲဟု မသိသေးပါ။ကိစ္စမဆုံးသေးပါ။ ရွှေ ၁၂-မျိုး ၁၄-မျိုးဖြင့် ပြ၍ ကြေးညှော်ထုတ်ပုံပြောပြပါလေ။ ဋီကာကျော် ဝိသုဒ္ဓိမဂ်-မဟာဋီကာ အဆိုအလာပင်ကတည်း။

## (၃၇၉) ၅-(၃) နံပါတ်ခွဲချက်-ဝိညာဉ်သိ ဝိပလ္လာသလွတ်ပုံ

သညာဝိပလ္လာသ။ အမှတ်မှားလေးပါး။
စိတ္တဝိပလ္လာသ။ အသိမှားလေးပါး။
ဒိဋ္ဌိဝိပလ္လာသ။ အယူမှားလေးပါး။

ထိုတွင် စိတ္တအရ မြင်သိ, ကြားသိ, နံသိ,လျက်သိ,ထိသိ,ကြံသိ ၆-ပါးသည်၊ ဝိပလ္လာသနယ်မှ မလွတ်သေးရကား မိတ်မချ။ ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာအဆို ထောက်ကြည့် တွေးကြည့်။

## (၃၈၀) ၆-(၄) နံပါတ်ခွဲချက်ဝိညာဉ်မတတ်နိုင်

လေခေတ်၌ အဠကလာပ်ရုပ် ၈-ပါးတွင် အဆင်းဝဏ္ဏရုပ်ပါရှိ၏။ ၎င်းဝိညာဉ်မြင့်ကြည့်စမ်း တွေ့ရဲ့လား။မိတ်မချရသေးပါ။

## (၃၈၁) ၇-(၅) နံပါတ်ခွဲချက်ဝိညာဉ်အရေးမရောက်ပုံ

ညှော်အနံ့၌ အဠကလာပ်ရုပ်ခေတ် ၈ပါးတို့တွင် အဆင်းဝဏ္ဏရုပ်ပါရှိ၏။ ဝိညာဉ်မြင့်ကြည့်စမ်း မြင်သေးရဲ့လား။

## (၃၈၂) ၈ (၆) နံပါတ်ခွဲချက် ဝိညာဉ်ဘာမျှ မတတ်နိုင်

အသံ၌ သဒ္ဒနဝက ရုပ်ပေါင်း ၉-ပါးတို့တွင် အဆင်းဝဏ္ဏရုပ်ပါရှိ၏။ ဝိညာဉ်မြင့်ကြည့်စမ်း မြင်နိုင်ပါရဲ့လား။

## (၃၈၃) ၉-(၇) နံပါတ်ခွဲချက် နာမ်လဲမိတ်မချရသေး

အသညသတ်ပြဗ္ဗာအလောင်းများဟာ မိမိ၌ရှိနေသော နာမ်ကိုရှု၍ ဆဲဒီနာမ်ရှိနေလို့သာ ငါတို့တွေ ဒုက္ခရောက်ရတယ်။ လောဘ, ဒေါသ, မောဟ,မာန,ဣဿာ,မစ္ဆေရစသော ကိလေသာတွေ ဖြစ်ရဒါဘဲဟုနာမ်၌ အပြစ်ကိုမြင်၍(ဓိစိတ္တံ။ ဓိစိတ္တံ)ဟု ရှုစီးဖြန်း၏။ ။စိတ္တံ၊စိတ်ဆိုတဲ့ သဘောတရားသည်။ဓိ၊စက်ဆုပ်ဘွယ်ရှိလေစွတကား၊ (နောက်နည်းတူ)ဟု စီးဖြန်းရာ၊နာမ်ကင်းသော အသညသတ်ဘုံသို့ရောက်၍ ရုပ်ချည်းဖြစ်နေရတော့၏။ ၎င်းကိုပညတ်နယ်သမထ ၄၀-၌ ကျမ်းဆရာများကဆဲ့ထားခဲ့ပါသည်။

ဤနာမ်ကား ပညတ်နာမ်ပင်တည်း။ ဤစိတ်ဤဝိညာဉ်ကား ကမ္မဋ္ဌာန်း ၄၀ သမထ ၄၀-၌ ပါဝင်၍ ပညတ်နာမ်ပင်တည်း။

## (၃၇၄) ၁၀-(ဂ) နံပါတ်ခွဲချက် ရုပ်နာမ်စိတ်မချရပုံ

အရူပဗြဟ္မာလောင်းများဟာ နာမ်ကိုရှု၍ နာမ်၏အကျိုးကိုသိ၏။ ရုပ်ကို ရှု၍ ရုပ်၏အပြစ်ကိုမြင်၏။ ဆဲဒီရုပ်ရှိနေလို့သာ စားရ, ဖျားရ, ရောဂါရ, လက်နက်ကြောက်ရစသည်ဖြင့် ဒုက္ခများရောက်ရသည်။ ဆဲဒီရုပ်ကြီးမရှိပါ မူကား ကောင်းလေစွဟု (ဓိရူပံ-ဓိရူပံ) ဟုရှု၏။ ။ရူပံ၊ရုပ်ခန္ဓာကြီးသည်။ ဓိ၊ စက်ဆုပ်ဘွယ်ကောင်းလေစွတကား။ ။ဤပုံရှု၍သွားရာ၊ ရုပ်တရား ကင်းကွာသော နာမ်တရားသာရှိသော အရူပ ၄-ဘုံသို့ ရောက်ရှာလေ သည်။

ဤ၌ ရုပ်နာမ် ၂-ပါးရှုခြင်းကို သမထ ၄၀- ကမ္မဋ္ဌာန်း ၄၀၊ပညတ်နယ်၌ ကျမ်းဆရာများကထဲ့ထားသဖြင့် ပညတ်ရုပ်,ပညတ်နာမ်တည်း။

## (၃၇၅) ၁၁-အသညသတ်လောင်းများရုပ်နာမ်ရှုပုံကား

ဓိစိတ္တံ-ဓိစိတ္တံ၊ သန္တမေတံ၊ ပဏီတမေတံ။တည်း။ ။ရူပံ၊ရုပ်တရား သည်။ ဓိ၊ စက်ဆုပ်ဘွယ်ရှိလေစွတကား။ ဧတံ၊ ဤစိတ်ဝိညာဉ်နာမ်တရား သည်။သန္တံ၊ ရုပ်မရှိသဖြင့် ငြိမ်းစွတကား။ဧတံ၊ဤစိတ်ဝိညာဉ်နာမ်တရား သည်။ ပဏီတံ၊ ပူတတ်ဆူတတ်သော။ ဒါ၊နာတတ်ကျင်တတ်သော နာမ်တို့ ၏ကိုက်ခဲ မျိုဝါးစားသောက်နေရာဌာန ရုပ်မရှိသဖြင့် မြတ်လှပေစွ တကား။

အသညသတ်ကား နာမ်၌အပြစ်၊ရုပ်၌အကျိုးရှု၏။သမထနယ်, ပညတ် နယ်, ကမ္မဋ္ဌာန်း ၄၀-နယ်သားတို့တည်း။ ဆဲဒါတွေကိုထောက်၍ ပညတ် ရုပ်,ပညတ်နာမ် ရှောင်နိုင်ကြစေ။

## (၃၇၆) ၁၂-(ဃ) နံပါတ်ခွဲချက် နာမ်မှားလွှတ်ပါစေ

ကမ္မဋ္ဌာန်း ၄၀၊သမထ ၄၀-နယ်၌ ပါဝင်နေသော အာရုပ္ပ လေးပါးတို့ တွင် ဝိညာနဉ္စာယတန အရာ၌ (ဝိညာဉ်ကို) မဟဂ္ဂုတ်အာရုံဟု ဆိုထား၏။ ပရမတ်မဟုတ်၊ပညတ်မျှသာဖြစ်တော့၏။ဤဈာန်နှင့် စုတေ့လျှင် ဝိညာနဉ္စာ ယတနဘုံ၌ ဗြဟ္မာဖြစ်တော့၏။ သမထနယ်တည်း၊ ပညတ်နယ်တည်း။ ဝိစိစပ်စပ်တွေးကြပါကုန်။

## (၃၈၇) ၁၃-(၁၀) နံပါတ်ခွဲချက် နာမ်မှားမဖြစ်ပါစေနှင့်

ကမ္မဋ္ဌာန်း ၄၀၊သမထ ၄၀-နယ်ထဲ၌ပါဝင်နေသော အာရုပ္ပလေးပါးတို့တွင်(နေဝသညာ နာသညာယတန)အရာ၌ (သညာ)ကို မဟာဂုတ်အာရုံဟု ဆိုထား၏။ပရမတ်သညာမဟုတ်၊ပညတ်သညာမျှသာ ဖြစ်တော့၏။ဤစျာန်နှင့် စုတေ့လျှင် နေဝသညာ နာသညာယတနဘုံသို့ ရောက်တော့၏။ သမထနယ်တည်း၊ ဓိစစ်တွေးဆကြပါကုန်။

## (၃၈၈) ၁၄-(၁၁) နံပါတ်ခွဲချက် ဝိညာဉ်လှည့်စားပုံ

ဝိညာဉ်လက်ဖွဲ့—မျက်လှည့်သဏ္ဍာန်၊
အနိစ္စဘဲ—မမြဲ,အမှန်။
မကောင်းဘဲရှိ—ဆင်းရဲ,ပုပန်၊
အနတ္တ—မှတ်ကြ,ဝေကန်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရေးသော မြန်မာဂါထာ

ဝိညာဉ်ဟာ မျက်လှည့်ပြဘတ်၏။ အမှားကိုတော့ အမှန် လုပ်တတ်၏။ အမှန်ကိုတော့ အမှားလုပ်တတ်၏။ထဲဒါကြောင့် အသညသတ် အရူပတို့နှင့် အမြင်သန်လှသော အဘိညာဏ်ရ အာဠာရ၊ ဥဒက၊ ဒေဝိလတို့ကိုဘယ်သူ လှည့်စားထားလို့ မှားနေကြရသလဲ၊ တွေးကြည့်စမ်း။

## (၃၈၉) ၁၅-(၁၂) နံပါတ်ခွဲချက် ရုပ်နာမ်က အပါယ်ချပုံ

ကောင်းတာမြင် လောဘဖြစ် ပြိတ္တာဘုံရောက်
မကောင်းတာမြင် ဒေါသဖြစ် ငရဲဘုံရောက်
အလပ်စားမြင် မောဟဖြစ် တိရစ္ဆာန်,အသုရကာယ်ဘုံရောက်

ဘုရားကတော့ ရုပ်နာမ်မြင်လျှင် ဉာဏ်စဉ်ရ မဂ်ဖိုလ်ရောက်တယ်ဟု ဆိုထား၏။ ။ယခုတော့ ရုပ်မြင်ပါလျက် နာမ်က သိပါလျက် ရုပ်နှင့်နာမ် အလုပ်လုပ်ကြတာဖြစ်ပါလျက် လောဘ, ဒေါသ, မောဟဖြစ်၍ အပါယ် ၄-ဘုံသို့ ကျရပါတယ်ဟု သက်သေခံထားသဖြင့် ဤ၌ ရုပ်အလုပ် နာမ် အလုပ်သည် ပရမတ်မဟုတ်၊ ပညတ်မျှသာဖြစ်၍ အပါယ်ကျရသည်ဟု မှတ်လေ။

## (၃၉၁) ၁၆–(၁၃) နံပါတ်စွဲချက် အာရုံ ၃–ပါး

| | | |
|---|---|---|
| ပညတ်-ရုပ်နာမ် | ပရမတ်-ရုပ်နာမ် | နိဗ္ဗာန် |
| ကိလေသာအာရုံ | ဝိပဿနာ-အာရုံ | မဂ်ဖိုလ်အာရုံ |
| က | ခ | ဂ |

(က) ကိလေသာ၏အာရုံကား ပညတ်ရုပ်နာမ်ပင်တည်း။သူကိုမြင်လျှင် ကြားလျှင်၊ နံလျှင်၊လျက်လျှင်၊ထိသိလျှင်၊ကြံသိလျှင်၊အကုသိုလ် ကိလေသာ ထကြွ သောင်းကျန်းတတ်သည်။ ရုပ်ကို နာမ်က မြင်၏ဟု ဆိုကြ၏။ ဆိုသော်လဲ ရုပ်ကို နာမ်ကမြင်လျှင်ငြိုးငွေ့ရမည်။ယခုမူကား ကောင်းရုပ်ကို စိတ်ကမြင်၊ လောဘထွက်သည်။ ပဘာဝတီကို မင်းကုသမြင်၊ တဏှာရာဂ ဆူပွက်သည်၊ သက်သေတည်း။

( ခ ) ဝိပဿနာ၏အာရုံကား ရုပ်နာမ်ပရမတ်ပင်တည်း။သူ့ကိုတွေ့လျှင် (ရူပဿံ ဝိ နိဗ္ဗိန္ဒတိ)ဟူသောပါဠိအရ၊ ရုပ်တရား၌ ငြိုးငွေ့ရမည် စသည်ဖြင့် ဘုရားဟောထားသည်။ ပထဝီဓာတ် ၁၃–မျိုး, ဝါယောဓာတ် ၁၁–မျိုး, တေဇောဓာတ် ၆–မျိုး, အာပေါဓာတ် ၂-မျိုး,(ရူပဿံ ဝိ နိဗ္ဗိန္ဒတိ)ပါဠိနှင့် ညီညွတ်သည့်ပြင် စစ်တမ်းကြီး ၃၇-မျိုးနှင့်လည်း ကိုက်ညီ၏။ ၎င်းကား သက်သေတည်း။

( ဂ ) မဂ်ဖိုလ်၏ အာရုံကား နိဗ္ဗာန်ပင်တည်း။ (၁) လောဘ,ဒေါသ, မောဟဖြစ်လျှင် ပညတ်ရုပ်ကို ပညတ်နာမ်ဖြင့် မြင်လို့ တွေ့လို့ဟု မှတ်လေ။ (၂) ငြိုးငွေ့လျှင် ပရမတ်ရုပ်ကို ပရမတ်နာမ်ဖြင့်မြင်လို့ တွေ့လို့ဟု မှတ်လေ။ (၃) ဖြစ်ပျက် ဖြစ်ပျက်နှင့် အစဉ်မပြတ်နေရာမှ ဖြစ်ပျက်အစဉ် ပြတ်သွားလျှင် ချုပ်၍ သွားလျှင် ငြိမ်း၍ သွားလျှင် နိဗ္ဗာန်ကို မဂ်ဖိုလ်စိတ်က အာရုံ ပြုသည်ဟုမှတ်၊ အကျဉ်းပြလျှင် အကျယ်ချဲ့၍ သိကြပါကုန်။

## (၃၉၁) ၁၇–(၁၄) နံပါတ်စွဲချက် ရုပ်နာမ်စိတ်မချရပုံကား

စက္ခုနာ ရူပံ ဒိသွာ နိမိတ္တဂ္ဂါဟီ ဟောတိ။ ။ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။ စက္ခုနာ၊စက္ခုဝိညာဉ်စိတ်ဖြင့်။ရူပံ၊ ရူပါရုံကို။ ဒိသွာ၊ မြင်သည်ရှိသော်။ နိမိတ္တဂ္ဂါဟီ၊ ယောကျ်ားနိမိတ်,မိန်းမနိမိတ်, ဘယ်သူ့သား,ဘယ်သူ့သမီးဟု အယူသိးလျက် စွဲချက်ပြင်းထန်အယူသန်တတ်သည်။ ဟောတိ၊ဖြစ်တော့၏။

လူကိုဖြစ်စေ, နတ်ကိုဖြစ်စေ, တိရစ္ဆာန်ကိုဖြစ်စေ မြင်သောအခါ၊ ရုပ်ကို နာမ်က မြင်သည်ဟု– ပြောဆိုရသော်လည်း ဒါဟာ ယောကျ်ားဘဲ၊ ဒါကတော့ မိန်းမဘဲ၊ ဒါဟာ ဘယ်သူ့သားဘဲ၊ဒီဟာ ဘယ်သူ့သမီးဘဲဟု– နိမိတ္တဂ္ဂါဟီရောက်အောင် စွဲယူတတ်၏။မြင်တိုင်းမေးစစ်ကြည့်။နိမိတ္တဂ္ဂါဟီ ကိုသာ တွေ့ရတတ်ချေ၏။ အဲဒါ ပညတ်ရုပ်, ပညတ်နာမ်ပါဘဲ၊ ပရမတ် မထင်နိုင်။

## (၃၉၂) ၁၈–(၁၅) နံပါတ်ခွဲချက် ရှင်နာမ်စင်ဆေးရှုပါ

စက္ခုနာ ရူပံ ဒိသွာ အနုဗျဉ္ဇနဂ္ဂါဟီ ဟောတိ။ ။ခန္ဓဝဂ္ဂ သံယုတ် ပါဠိတော်။ ။စက္ခုနာ၊စက္ခုဝိညာဉ်စိတ်ဖြင့်။ ရူပံ၊ရူပါရုံကို။ဒိသွာ၊မြင်သည် ရှိသော်။ အနုဗျဉ္ဇနဂ္ဂါဟီ၊ ပြုံးဟန်ကလေးက ဘယ်လို၊ ဆိုဟန်ကလေးက ဘယ်သို့၊ မချို့တရို့နှင့် ဘယ့်နှယ်၊ သောကြောကြွယ် မျက်လုံး, မျက်ခုံးက ဘယ်လိုကော့သည်ဟု–ကြော့တယ်, ရင်တယ်, အထင်ကြွယ်၍ နေသော အယူအဆတို့သည်။ ဝါ၊ သုဘအာရုံမျိုးတို့သည်။ အနုဗျဉ္ဇနဂ္ဂါဟီ၊ လက်ခြေ သဏ္ဌာန်ဟန်ပန်ပျောင်းပျော့အလွန်ကြော့သည်ဟု စိတ်ဆော့တိုင်း ကြံမှား သော အယူအဆများသည်။ဟောတိ၊စင်စစ်မသွေ ဖြစ်ရလေသတည်း။

ရုပ်ကို မျက်စိဖြင့် မြင်ရုံနှင့် အလွန် ကြော့သည့် ပျောင်းပျော့သည်။ လက်ကလေးက ဘယ်ပုံ၊ နေပုံက ဘယ်သို့၊ အကြို့က ဘယ်သဘော၊ အပြောက ဘယ်လို၊အငိုက ဘယ်ဒင်း၊အချင်းက ဘယ်ရောက်၊အမြှောက်က ဒီလိုဟု ကြည် ညို စွဲ လောက် အောင် သဘော ရောက် သွား ခြင်း ကို အနုဗျဉ္ဇနဂ္ဂါဟီဟု ဆိုရ၏။ မဟော သဓေ ဇာတ်တော်၌ ရှုဋ္ဌနီပြဟ္မဒတ် မင်းကြီး၏ စိတ်မာန်ကို လျော့ကျအောင် ပြုပြင်ရာ၌၊ မဟောသဓေသုခမိန် ပညာရှိသည် နန္ဒာဒေဝီ မဟေသီ မိဖုရားကြီး၏ လက်ဟန် ခြေဟန်, ကိုယ်ဟန်, ပျောင်းပျော့ပုံ။ မျက်လုံး, မျက်ခုံး။ရမက် ဖုံး လောက် အောင် အသက် ဆုံး တိုင် အောင် မမေ့ လောက်ဘဲထွေလောက်, ညှုလောက်ဂရု ပေါက်အောင် အမှုနှင့် လျော်စွာ မြှောက်၍ ပြောရာ၊ ရှုဋ္ဌနီပြဟ္မဒတ်မင်း၏ စိတ်၌ နန္ဒာဒေဝီ၏အာရုံကြီး အကြီးအကျယ်ဆိုက်ရောက်၍ လာလေသည်။ ဤကဲ့သို့ ရုပ်ကို စိတ်က မြင်ပုံမျိုးကား အနုဗျဉ္ဇနဂ္ဂါဟီ အမြင်မျိုးတည်း။

ပရမတ်ဟုမထင်နိုင်–ပညတ်ရုပ်နာမ်ပင်တည်း။

## (၃၉၃) ၁၉–(၁ဒ) နံပါတ်ခွဲချက်၊ ပရိစ္ဆေဒသရုပ္ပါဒ်နယ်တွင် ဒိဋ္ဌိသတ် တဏှာသတ်–ခွဲပြချက်

အဝိဇ္ဇာ-ဝိ-ဝိ-နာ ဒိဋ္ဌိသတ်နယ်။ သ-ဖ-ဝေ-တဏှာ ဥ-ဘ-ဇာ ဇ-ဏာ-သ-ပ-ဒု-ဒေါ-ဥ တဏှာသတ်နယ်ဟု ခွဲ၍မှတ်။

ရုပ်နာမ်ကိုမမြင်ရတာ ဘာ့ကြောင့်တုန်း-အဝိဇ္ဇာကြီးကဖုံးဖိထားလို့ပေါ့ ဝိပဿနာအားထုတ်တော့ ရုပ်နာမ်ကွဲ၍ပေါ်၏။ အဝိဇ္ဇာပြုတ်ပါပြီ။ အဝိဇ္ဇာပြုတ်လို့ ရုပ်နာမ် ပေါ်လာသည်။ ရုပ်နာမ် တွေ့လို့ ဒိဋ္ဌိဝိသုဒ္ဓိ စခန်းသို့ ရောက်ရသည်။ ဒိဋ္ဌိ စင်ကြယ် ပါသည်။ နာမရူပ· ပရိစ္ဆေဒဉာဏ်သို့ ရောက်ရပါသည်။ အဝိဇ္ဇာပြုတ်ပုံ၊ ဝိဇ္ဇာပေါ်ပုံ သာဓကကို ကြည့်အုံးတော့။

(၃၉၄) ၂၀–ပထဝီဓာတုံခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ ။သံယုတ် ပါဠိတော်။

ချစ်သား ရာဟုလာ-ပထဝီဓာတ်ကို အနိစ္စနှင့်တွေ့ပါလျှင် ဉာဏ်ဖြင့် မြင်ပါလျှင် ရုပ်နာမ်ကို မမြင်ရအောင် ဖုံးကွယ် ထားသော အဝိဇ္ဇာကြီး ပျောက်ကွယ်၍ ရုပ်နာမ်ကိုမြင်သော ဝိဇ္ဇာတရားကြီးရောက်လာပါတော့ သည်ဟု ဟောခဲ့ပါသည်။ဥပမာဆိုသော်(က)အလင်းရောက်လျှင် အမှောင် ပျောက်ရသကဲ့သို့ရှင်း၊ (ခ) ထမင်းရောက်လျှင် အဆာပျောက်ရသကဲ့သို့ ရှင်း၊(ဂ) ရေရောက်လျှင် ရေငတ်ပျောက်ရသကဲ့သို့ရှင်း၊(ဃ) အအေးရောက် လျှင် အပူပျောက်ရ သကဲ့သို့ရှင်း၊ (င) ဆေးပေါက်လျှင် ဆင်းရဲပျောက်ရ သကဲ့သို့ရှင်း။ ထို့အတူ ဝိဇ္ဇာရောက်လျှင် အဝိဇ္ဇာပျောက်ရသည်။ အဝိဇ္ဇာ ပျောက်လို့ အပါယ်ဆိုင်ရာသင်္ခါရချုပ်သည်။ သင်္ခါရချုပ်လို့ အပါယ် ဆိုင်ရာ ဝိညာဉ်ချုပ်သည်။ ဝိညာဉ်ချုပ်လို့ အပါယ်ဆိုင်ရာ နာမ်ရုပ် ချုပ်သည် (အဆုံးအထိသွားလေ) သောက–ပရိဒေဝ–ဒုက္ခ၊ ဒေါမနဿ ဥပါယာသ အထိချုပ်၏။

## ခတ်ပေါ်၍ အပါယ်တံခါးပိတ်ပုံ

(၃၉၅) ၂၀–ပထဝီဓာတုယာ အာပေါဓာတုယာ တေဇော ဓာတုယာ ဝါယောဓာတုယာ ယောဇာနာတိ၊ ယောပဿတိ။ နာတွေ၀ သော နိရယံဝါ တိရစ္ဆာနယောနိယံဝါ ပေတ္တိဝိသယံဝါ

ဂစ္ဆတိ။ ။ဟူသော တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် ကို ထောက်မျှော်လေ။

ခေတ်ကြီးလေးပါးကိုတွေ့လျှင် အပါယ်လေးဘုံသို့ မကျ မရောက်ဘူးတဲ့။ ။မကျမရောက်လျှင် သောတာပန် ၃-စား တစားတစားဖြစ်ပြီဟု ဆိုလိုပါသည်။ ။ဆဲဒီတော့ ပေဘန်၍ကြည့်လျှင် (က) (အဝိဇ္ဇာ-သင်္ခါရ-ဝိညာဉ်–နာမ်ရုပ်) ဟူသော ပဋိစ္စသမုပ္ပါဒ်စက် ရှေ့ပိုင်းက အဝိဇ္ဇာဖြုတ်, ဒိဋ္ဌိဖြုတ်၊ ပုထုဇဉ်မှ အရိယာသောတာပန် ပြုလုပ်ပေးသော ပဌမအခြေခံ အုတ်မြစ်ချသော စက်ကြီးပင်တည်း။ ဦးစွာလုပ်ရမည်ဟူလို။ (ခ) သောတာပန်ဖြစ်ပြီးမှ တဏှာသတ်ရန် ကာမရာဂ, ဗျာပါဒတို့ကို ခေါင်းပါး စေရန် ကျင့်လိုသော် (သဠာယတန, ဖဿ, ဝေဒနာစသော)ဒုတိယတဏှာ စက်ကြီးကို ဖျက်ဆီးရမည်။ တဏှာသတ်ဟု မှတ်။

## (၃၉၆) ဤတဏှာသတ်နယ်(သဠာယတန)ရောက်မှပင် သဠာယတနသရုပ် ပေါ်လာချေသည်။

| | |
|---|---|
| မြင်မြင်အပ်သမျှရုပ်တရား | မြင်လို့သိတာက နာမ်တရား |
| ကြားကြားအပ်သမျှရုပ်တရား | ကြားလို့သိတာက နာမ်တရား |
| နံနံအပ်သမျှရုပ်တရား | နံလို့သိတာက နာမ်တရား |
| စားစားအပ်သမျှရုပ်တရား | စားလို့သိတာက နာမ်တရား |
| ထိထိအပ်သမျှရုပ်တရား | ထိလို့သိတာက နာမ်တရား |
| မွှောချုံက ရုပ်တရား | မနောသိတာက နာမ်တရား |

ဟူ၍ တဏှာသတ်နယ်တွင် သဠာယတနကို တွေ့ရသည်။ စက္ကုဘိက္ခဝေ နတုမှာကံ သန္တကံ–ဟူသော ပါဠိတော်ကိုထောက်၍ တဏှာ သတ်မှန်းသိရသည်။

| | |
|---|---|
| အဝိ.သင်္ခါ.ဝိညာဉ်.နာမ်ရုပ်က | သဠာ.ဖ.ဝေ.တဏှာ.ဉ.ဘ.ဇာ.ဇ.တို့က၊ |
| အဝိဇ္ဇာစက်ဘီးကြီး | တဏှာစက်ဘီးကြီး |
| ဒိဋ္ဌိသတ်.အဝိဇ္ဇာသတ် | တဏှာသတ်.ဉပါဒါန်သတ် |
| ရှင့်.မဇ္ဈိမ.မဟာသောတာပန် | သကဒါ.အနာဂါမ်.ရဟန္တာဖြစ်စေ |
| ဖြစ်စေသော ပဌမအလုပ် | သော ဒုတိယအလုပ် |

## (၃၉၇) ၂၃-(၁၇) နံပါတ် ခွဲချက်အလင်းပြ ပရမတ္ထအစစ် ရုပ်နာမ်ကား

မံသစက္ခုနာ၀ါ ဒိဗ္ဗစက္ခုနာ၀ါ၊ ပြဟ္မစက္ခုနာ၀ါ)အရိယာဒိဋ္ဌာဝိ အဒိဋ္ဌာ၀ ဟောန္တိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။

မံသစက္ခုနာ၀ါ၊ လူတို့မျက်စိဖြင့်၎င်း။ ဒိဗ္ဗစက္ခုနာ၀ါ၊ နတ်တို့မျက်စေ့, ရသေ့တို့၏ ဒိဗ္ဗစက္ခုဖြင့်၎င်း။ ပြဟ္မစက္ခုနာ၀ါ၊ ဗြဟ္မာတို့၏မျက်စေ့ဖြင့် ၎င်း။ အရိယာ၊ အရိယာအဖြစ်ကိုပြုတတ်သော ရုပ်တရား,နာမ်တရားတို့ကို။ ၀ါ၊ အရိယာ၊ အရိယာ တရားရှိကြသော ပုဂ္ဂိုလ်တို့ကို။ ဒိဋ္ဌာ၊ မံ-ဒိဗ် ဗြဟ္မ၊ ဤသုံး၀ဖြင့် လုံး၀ပင် မြင်ရပြေးသော်လည်း။ အဒိဋ္ဌာ၀၊ အမြင်ဟုမခေါ်နိုင် ကုန်သည်။ ၀ါ၊ ပရမတ်မြင်မဟုတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**မံ့.ဒိဗ်.ဗြဟ္မ၊ အရိယာ၊ လေး၀အမြင်ပါ၊**
**ရှေးသုံးပါးမှာ၊ ပညတ်သာ၊ နောက်မှာ ပရမတ်ပါ၊**

## (၃၉၈) ၂၄-ပရမတ္ထရုပ်စစ်စစ်ကို စစ်ဆေးပြပုံကား

ရထရေဏုမြူတလုံးကို ခုတ်ခွဲကြည့်သော်၊ တဇ္ဇာရီမြူပေါင်းက ၃၆။ အဏုမြူကျတော့ ၁၂၉၆။ ပရမာဏုမြူကျတော့ ၄၆၆၅၆ ရှိနေသည်။ သဗ္ဗညုနပညတ်, သမ္မုတ, ဃန, သန္တတိပညတ်မလွတ်ချေသေးပေ။ ၎င်း ပရမာဏုမြူတခုကို အစိတ်ပေါင်းတသိန်းလောက်စိတ်မှ ရုပ်ကလာပ်တခု ဖြစ်သည်။ ဤရုပ်ကလာပ်တခုကို လူမျက်စိ, နတ်မျက်စိ, ဗြဟ္မာ့မျက်စိဖြင့် မမြင်နိုင်။ (ဤကားလယ်တီဆရာတော်ဘုရားကြီး မိုးညှင်းဆရာတော် ဘုရားကြီးတို့၏ ဝိနိစ္ဆယမှတ်တမ်းတည်း) ထို့ကြောင့် ပရမတ္ထရုပ်တခုကို (၁) လူမျက်စိဖြင့်မမြင်နိုင် (၂) နတ်မျက်စိဖြင့်မမြင်နိုင် (၃) ဗြဟ္မာ မျက်စိဖြင့်မမြင်နိုင် (၄) ယူလို့လဲမရ (၅) ရွှေပြောင်းလို့လဲမရ (၆) ကိုင်တွယ်၍လဲမရ (၇) ဒါးဖြင့်ခုတ်လဲမပြတ် မသေ (၈) လှံဖြင့်ထိုးလည်း မရူးမသေ (၉) ဒုတ်ဖြင့်ရိုက်လဲ မနာမကျင် (၁၀) မီးပုံရှို့သည်းမလောင် (၁၁) လက်နက်ဖြင့်ပြုလဲ ဒုက္ခမဖြစ် (၁၂) ပရမာဏုမြူထက်သေး ငယ် တာကိုတွေ့ရမည်။ (၁၃) ကလာပ်ခြား၍ တွေ့ရမယ် (၁၄) ဗြဟ္မလော ကောပိခေါ် အာ၀ုသောနှင့် ညီရမယ်။ (၁၅) တစက္ကန့်အတွင်း၌ ကုဋေ ငါးထောင်ကျော်တွေ့ရမယ် (၁၆) ဖြစ်ပျက်နှင့်တွေ့ရမယ် (၁၇) သမ္မုဟ

ပညတ်မခံရ (၁၈) ဃနပညတ်မခံရ (၁၉) သဏ္ဌာနပညတ်မခံရ (၂၀) သန္တတိပညတ်မခံရ (၂၁) နာမပညတ်မခံရ (၂၂) ဆန်တလုံးလျှင် ကလာပ်ပေါင်း ၆၆–ကုဋေနှင့်ညီရမယ် (၂၃) အနတ္တအနေဖြင့်ပေါ်ရမယ် (၂၄) တရားဂုဏ်တော်နှင့်ပေါ်ရမယ် (၂၅) သူ့ကိုတွေ့လျှင် လောဘ, ဒေါသ, မောဟစသည်မဖြစ်ရ (၂၆) အသားထဲကပေါ်ရမည်။ (၂၇) ရေပွက်များလို ယထာပုဗ္ဗငွေ့ကုံပသောနဲ့ပေါ်ရမည်။ (၂၈) တံလျှပ်များလို ယထာပဿေ မရှိစိကာနဲ့ပေါ်ရမည်။ (၂၉) ဇိမ်ရင်းစားရင်းစသည်၌ အလိုလိုပေါ်ရမည် (၃၀) ခေတ်ဆက်၍အလိုလိုပေါ်ရမည် (၃၁) ခေတ်ကူး၍အလိုလိုပေါ်ရမည် (၃၂) ဆယ်ဌာနပြောင်းအောင်ပေါ်ရမည် (၃၃) ဆယ့်နှစ်ဌာနပြောင်းအောင် ပေါ်ရမည် (၃၄) ဆယ့်ခြောက်အထင်မှား ပျောက်အောင်ပေါ်ရမည် (၃၅) ဝိစိကိစ္ဆာ ၁၆–ပါးပျောက်အောင်ပေါ်ရမည် (၃၆) ဝိစိကိစ္ဆာရှစ်ပါးပျောက်အောင်ပေါ်ရမည် (၃၇) ဒိဗ္ဗစမ္မော စသောပါဠိနှင့်ညီအောင်ပေါ်ရမည်။ဆဲဒီလိုပေါ်မှသာလျှင် ပရမတ္ထရုပ်အစစ် အမှန်ဖြစ်တော့သည်။

## (၃၉၉) ၂၅–အစစ်အဆေးခံနိုင်သော ရုပ်တရားများကား

ပထဝီခေတ်ပေါ် ၁၃–မျိုး၊ ဒါယောပေါ် ၁၁–မျိုး၊ တေဇောပေါ်၆–မျိုး အာပေါပေါ် ၂–မျိုးတို့ကို ၃၇–ဖြင့်စစ်ဆေးကြည့်ကြပါကုန်။

## (၄၀၀) ၂၆–ပညတ်ရုပ် ပညတ်နာမ်ကား

ဥပမာ၊ ပဘာဝတီမင်းသမီး၏ ခန္ဓာကိုယ်ရုပ်ကို အဆင်းကို မင်းကုသ၏ မျက်စိ စက္ခုဝိညာဉ်ဖြင့်မြင်ရ၏ဟု ဆိုရာ၌။ ပဘာဝတီမင်းသမီး၏ ကိုယ် ကောင်ရုပ်ကြီးကား ပညတ်ရုပ်တည်း။ ။ဤ၌အဆင်းရုပ်ကို အမြင်နာမ် ဖြင့် ရှုကြည့်သဖြင့် ရုပ်,နာမ်အလုပ်မျှဖြစ်ကြပါ၍ ကုသိုလ်သာရတို့ရှိလေ သည်။ အဘယ်ကြောင့်ဆိုသော် ရုပ်ကိုနာမ်ကသိ၍ ပရမတ် အလုပ်ဖြစ် သောကြောင့်တည်း။ ။ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ။ ဓမ္မာ နိသတ္တနိဇ္ဇီဝသဘာဝါ။ ။အရသာအကျိုးပေါ်စရာ အကြောင်းရှိပေသည်။ ယခုမှာတော့ ခိုးထုပ်နှင့်တကွမိနေပါပြီ။

ပဘာဝတီရုပ်ကို မင်းကုသ၏အမြင်စိတ်ဖြင့်မြင်ရာ၌။ ။ခန္ဓာကားရုပ်၊ အဆင်းကားရုပ်–ဟုကောက်ယူကြကုန်၏။မျက်စိအမြင် စက္ခုဝိညာဉ်ကား

နာမ်ဟု ကောက်ယူကြကုန်၏။ ရုပ်ကို နာမ်က မြင်ပါလျက် လောဘ တဏှာတွေ ထကြွသောင်းကျန်း၏။ ပင်ပန်းရ၏။ ပဋိစ္စသမုပ္ပါဒ်နောက်ပိုင်း သောက ပရိဒေဝမီး ထတောက်၏။ ဤကား ခိုးထုပ်နှင့်တကွမိနေပုံတည်း။

(က) ပရမတ္ထရုပ်ကို ပရမတ္ထနာမ်ဖြင့်မြင်လျှင် ဝိပဿနာကုသိုလ်သာ ဖြစ်၍ ရုပ်ပဿနာ (ရူပဿိ ဝိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ဝိရာဂေါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ။ခီဏာဇာတိ။ဝုသိတံ ဗြဟ္မစရိယံ။ ကတံ ကရဏီယံ။ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတီတိ။) ဟူသော အနိစ္စလက္ခဏာသုတ်တော်။ ဒုက္ခလက္ခဏာသုတ်တော်။ အနတ္တလက္ခဏာ သုတ်တော်၌လာရှိသကဲ့သို့။ ။ပရမတ္ထရုပ်ကို ပရမတ္ထနာမ်ဖြင့်တွေ့သော်၊ ရုပ်၌ငြီးငွေ့ရမည်။ ငြီးငွေ့သော်၊ တပ်ခြင်း တဏှာ ကွာရမည်စသော အကျိုးတို့သာဖြစ်ရာ၏။ (ခ) ပညတ်ရုပ်ကို ပညတ်နာမ်ဖြင့်မြင်လျှင် ကောင်းတာတွေ့ လောဘဖြစ်။ ပြိတ္တာဘုံရောက်၊မကောင်းတာတွေ့ ဒေါသ ဖြစ် ငရဲဘုံရောက်၊ အလယ်အလတ်တွေ့ မောဟဖြစ် တိရစ္ဆာန်နှင့် အသုရကာယ်ဘုံရောက်၊ သက်သေပါတွေ့ရ၏။

## (၄၀၁) ပညတ်ရုပ်ကို ပညတ်နာမ်မြင်လို့ အကုသိုလ်ဖြစ်ပုံကား

ကျက်ရန်ဆောင်ပုဒ်များ

| | |
|---|---|
| ၁—ကောင်းတာမြင်တော့ | လောဘဖြစ် |
| ၂—လောဘဖြစ်တော့ | ပြိတ္တာဘုံရောက် |
| ၃—မကောင်းတာမြင်တော့ | ဒေါသဖြစ် |
| ၄—ဒေါသဖြစ်တော့ | ငရဲရောက် |
| ၅—အလယ်အလတ်မြင်တော့ | မောဟဖြစ် |
| ၆—မောဟဖြစ်တော့ | ၂-တွဲရောက် |

၂-တွဲဆိုတာ တိရစ္ဆာန်နှင့် အသုရကာယ် ၂-ဘုံကိုဆိုလိုပါသည်။

## (၄၀၂) ၂၈-လိုင်းအချုပ်စစ်ဆေးချက်ကား

| | | | | |
|---|---|---|---|---|
| မြင်လို့ | လောဘ, | ဒေါသ, | မောဟဖြစ်လျှင် | ပညတ်အာရုံတည်း။ |
| ကြားလို့ | လောဘ, | ဒေါသ, | မောဟဖြစ်လျှင် | ၎င်း |
| နံလို့ | လောဘ, | ဒေါသ, | မောဟဖြစ်လျှင် | ၎င်း |
| လျက်လို့ | လောဘ, | ဒေါသ, | မောဟဖြစ်လျှင် | ၎င်း |
| ထိသိလို့ | လောဘ, | ဒေါသ, | မောဟဖြစ်လျှင် | ၎င်း |
| ကြံသိလို့ | လောဘ, | ဒေါသ, | မောဟဖြစ်လျှင် | ၎င်း |

## (၄၀၃) ၂၆ ပရမတ္ထရုပ် ပရမတ္ထနာမ်ဒွန်

| | | |
|---|---|---|
| မြင်လို့ပြီးနွေ | စိတ်ပြောင်းလျှင် | ပရမတ်အာရုံတည်း။ |
| ကြားလို့ပြီးနွေ | စိတ်ပြောင်းလျှင် | ၎င်း |
| နံလို့ပြီးနွေ | စိတ်ပြောင်းလျှင် | ၎င်း |
| လျက်လို့ပြီးနွေ | စိတ်ပြောင်းလျှင် | ၎င်း |
| ထိသိလို့ပြီးနွေ | စိတ်ပြောင်းလျှင် | ၎င်း |
| ကြံသိလို့ပြီးနွေ | စိတ်ပြောင်းလျှင် | ပရမတ်အာရုံတည်း။ |

## (၄၀၄) ပညတ်ရုပ် ပညတ်နာမ်စစ်တမ်းကား

ပဘာဝတီရုပ်ကို မင်းကုသကမြင်ရာ၌ ရုပ်,နာမ်ဟုဆိုသော်လည်း ပညတ်အာရုံရုပ်ဖြစ်ပုံကား (၁) မျက်စိဖြင့်မြင်ရခြင်း (၂) နတ်မျက်စိဖြင့် မြင်ရခြင်း (၃) ဗြဟ္မာမျက်စိဖြင့် မြင်ရခြင်း။ (၄) ယူလို့ရခြင်း (၅) နွေပြောင်းလို့ရခြင်း (၆) ကိုင်တွယ်လို့ရခြင်း (၇) ဓားဖြင့်ခုတ်ဖြတ်ခြင်း (၈) လှံဖြင့်ထိုးစူးခြင်း (၉) ဒုတ်ဖြင့်ရိုက်ကြေမွခြင်း (၁၀) မီးပုံ၌ လောင်ခြင်း (၁၁) လက်နက်ဖြင့်ပြုလုပ်လျှင် ဒုက္ခရောက်ခြင်း (၁၂) ပရမာဏုမြူထက် ကြီးခြင်း (၁၃) ကလာပ်မခြားဘဲ တွေ့ရခြင်း (၁၄) ဗြဟ္မလောကောဝိနှင့် မညီခြင်း (၁၅) တစ ဏန့် အ တွင်း ၌ ကုဋေ ငါးထောင်ကျော်မတွေ့ရခြင်း (၁၆) အဖြစ်အပျက်ငါးထောင်မတွေ့ရခြင်း (၁၇) သမူဟ ပညတ်ခံ၍နေခြင်း (၁၈) ဃန ပညတ်ခံ၍နေခြင်း (၁၉) သဏ္ဌာနပညတ်ခံ၍နေခြင်း (၂၀) သန္တတိပညတ်ခံ၍နေခြင်း (၂၁) နာမ ပညတ်ခံ၍နေခြင်း (၂၂) ဆန်တလုံးလျှင် ကလာပ်ပေါင်း ၆၆-ကုဋေမက ညီမျှနေခြင်း (၂၃) အနတ္တအနေဖြင့်မတွေ့ရခြင်း (၂၄) တရားဂုဏ်တော်နှင့်မပေါ်ခြင်း (၂၅) ရုပ်ကိုတွေ့လျှင် လောဘ, ဒေါသ, မောဟာစသော အကုသိုလ် ကိလေသာထကြွခြင်း (၂၆) အသားထဲကမပေါ်ခြင်း (၂၇) ရေပွက်များလို ယထာဘူတ ပဿေအရ မပေါ်ခြင်း (၂၈) တံလှပ် များလို ယထာ ပဿေ မရှိစိတ်ဖြင့်မပေါ်ခြင်း (၂၉) ဇိပ်ရင်း, စားရင်း စသည်၌ မပေါ် ခြင်း (၃၀) ဓာတ်ဆက်၍အလိုလိုမပေါ်ခြင်း (၃၁) ဓာတ် ကူး၍ အလိုလို မပေါ်ခြင်း (၃၂) ဆယ်ဌာန ပြောင်းအောင် မပေါ်ခြင်း (၃၃) ဆယ့်နှစ်ဌာနပြောင်းအောင် မပေါ် ခြင်း (၃၄) ၁၆-အထင်မှား

ပျောက်အောင် မပေါ်ခြင်း (၃၅) ၀ိပိကိစ္စာ ၁၆-ပါးပျောက်အောင်မပေါ် ခြင်း (၃၆) ၀ိပိကိစ္စာ ၈-ပါး၊ ပျောက်အောင်မပေါ်ခြင်း (၃၇) ဒိဋ္ဌဓမ္မော စသော တရားတော်အရနှင့် အညီ မပေါ်ခြင်း။ ။အဲတာတွေနှင့် မကိုက်ညီလို့ ပညတ်ရုပ်, ပညတ်နာမ်ဟု သိရသည်။

## (၄၀၅) ၃၁-အချို့က ခေတ်ပေါ်သောအကျိုး ဟောပြကြပုံကား

တမျိုးပေါ်လျှင် လူ့ပြည်၌ သူဌေး, သူကြွယ်, ပဒေသရာဇ်, ဇေကရာဇ် စကြဝတေး,မန္တာတ်စည်းစိမ်အမြဲတန်းရ၊ဘုံစဉ်စံ၍သွား နိဗ္ဗာန်အထိ လက်မှတ်ကြီး(၂)မျိုးပေါ်၊ထို့အတူ စာတုမဟာရာဇ်ဘုံ၌(၃)တာဝတိံသာဘုံ၌ (၄) ယာမာဘုံ၌ (၅) တုသိတာဘုံ၌ (၆) နိမ္မာနရတိဘုံ၌ (၇) ဝသဝတ္တိဘုံ၌ (၈) ဗြဟ္မပါရိသဇ္ဇာဘုံ၌ (၉) ဗြဟ္မပုရောဟိတာဘုံ၌ (၁၀) မဟာဗြဟ္မာဘုံ၌ (၁၁)ပရိတ္တာဘာဘုံ၌ (၁၂) အပ္ပမာဏာဘာဘုံ၌ (၁၃) အာဘဿရာဘုံ၌ (၁၄) ပရိတ္တာသုဘာဘုံ၌ (၁၅) အပ္ပမာဏာ သုဘာဘုံ၌ (၁၆) သုဘ ကိဏှာဘုံ၌ (၁၇) ဝေဟပ္ဖိုလ်ဘုံ၌ (အသညသတ်ဘုံ၌ မရှိ) (၁၈) အဝိဟာဘုံ၌ (၁၉) အတပ္ပါဘုံ၌ (၂၀) သုဒဿာဘုံ၌(၂၁)သုဒဿီဘုံ၌ (၂၂) အကနိဋ္ဌာဘုံ၌ (၂၃) အာကာသာနဉ္စာယတနဘုံ၌ (၂၄) ဝိညာဏဉ္စာယတနဘုံ၌ (၂၅) အာကိဉ္စညာယတနဘုံ၌ (၂၆) နေဝသညာနာသညာယတနဘုံ၌ (၂၇) ဆဋ္ဌာဘိညာဝိဇ္ဇာရှိသူတို့ဟုသိရမည်။နမူနာသိရန်ကား ပဌမဗျာနလာဘီနော ပဌမဗျာနသမာပတ္တိယံဟူသောပါဠိကိုထောက်၍ ခေတ်ရောက် ကြောင်း,ကျိုးကို သိလေ။

## (၄၀၆) ၃၂-ခေတ်ပေါ်သောအကျိုး

ဒုတ်၊ ထုံး၊ သဲ၊ ရေ၊ ဘိလပ်မြေနှင့် တည်သော ဒုတ်ပုံအတွင်းသို့ ခေတ်တော်ထဲ့လျှင် စေတီဘုရားဘဝသို့ရောက်သဖြင့်လူနတ်ဗြဟ္မာရှိခိုးကိုးကွယ်ခံရသေးသည်။ မျက်မြင်ပင်တည်း။ ။ဒါန,သီလ,သမထဖြင့် ထုထောင်ထားသော ခန္ဓာကိုယ်စေတီကြီးအတွင်း၌ ခေတ်တရားရောက်နေ၍ တွေ့ရလျှင် လူနတ်ဗြဟ္မာ ရှိခိုးခြင်းခံရတော့၏။ ထို့ကြောင့်။ ။ခေတ်တခုပေါ် ဘုရားတဆူရောက်၊ ခေတ် ၂-ခုပေါ် ဘုရား ၂-ဆူရောက်၊ခေတ် ၃-ခုပေါ် ဘုရား ၃-ဆူရောက်၊အဆုံးဆိုလေ သိလွယ်ပါပြီ။

**ပထဝီခေတ်ဘုရား၊ တွေ့ခဲ့ပြီး၊ မှတ်သား အဓိပ္ပါယ်။**

အာပေါ၊ တေဇော၊ ဝါယောဒွ် နည်းတူပြီ။ ။ဓမ္မဂုဏ်ံ အစ္ဆာဒုဏ္ဍသ သရိရစ္စိ စေတိယဃရမိဝ ပူဇာရဟံ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဌ်။

**ဓမ္မဂုဏ်၊ ပွါးသူမှာ၊ ခန္ဓာစေတီတိုက်။**
**လူနတ်နိဗ္ဗာန်၊ ရောက်လိုမှန်၊ ရှိမ်ပူဇော်ထိုက်။**

---

**(၄၀၇) ၃၃–ကမ္ဘာ ခေတ် ၃-ပါးပျက်ပုံနှင့် အားအစွမ်းသိထားရန်**

မီးပျက်သောကမ္ဘာ၌ ကာမ ၁၁-ဘုံ၊ပဌမဈာန် ၃-ဘုံအားဖြင့် ၁၄–ဘုံသာ ပျက်စီးသည်။ ။ရေပျက်သောကမ္ဘာ၌ ကာမ ၁၁–ဘုံ၊ ပဌမဈာန် ၃-ဘုံ၊ဒုတိယဈာန် ၃-ဘုံအားဖြင့် ၁၇–ဘုံပျက်စီးရသည်။ ။လေပျက်သောကမ္ဘာ၌ ကာမ ၁၁-ဘုံ၊ပဌမဈာန် ၃–ဘုံ၊ဒုတိယဈာန် ၃–ဘုံ၊တတိယဈာန် ၃-ဘုံ အား ဖြင့် ၂၀–ဘုံ ပျက်စီးရသည်။ ။ဤကို ထောက် ထား ဆင်ခြင်၍ မီးခေတ်ပေါ်ခြင်းထက် ရေခေတ်ပေါ်ခြင်းက ထက်မျက်သည်။ ရေခေတ်ထက် လေခေတ်က ထက်မျက်သည်ဟု ဆ၍သိကြလေ။

**(၄၀၈) ၃၄-ခေတ်၄-ပါးပေါ်၍ အဓိပ္ပါယ်ဘုံခါးပိတ်ပုံကား**

**ခေတ်ကိုမိမိ၊ မြင်အောင်ကြည့်၊ ဒိဋ္ဌိကွာတော့တာ။**
**ဒိဋ္ဌိကာကွယ်၊ လေးအပါယ်၊ တကယ်မကျမိပါ။**

ပထဝီ ခေတုယာ အာပေါ ခေတုယာ တေဇော ခေတုယာ ဝါယောခေတုယာ ယော ဇာနာတိ၊ယော ပဿတိ။ သော နတ္ထေဝ နိရယံ့ဝါ တိရစ္ဆာန ယောနိယံဝါ ပေတ္တိ ဝိသယံဝါ ဂစ္ဆတိ။ ။ တိကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်ကို ထောက်၍သိလေ။

အနက်ကား။ ။ပထဝီ ခေတုယာဝါ၊ ပထဝီခေတ်ကိုရင်း။ အာပေါ ခေတုယာဝါ၊ အာပေါခေတ်ကိုရင်း။ တေဇောခေတုယာဝါ၊ တေဇောခေတ်ကိုရင်း။ဝါယောခေတုယာဝါ၊ဝါယောခေတ်ကိုရင်း။ယော၊အကြင်သူသည်။ ဇာနာတိ၊ ကိုယ်တွေ့သိ၏။ ပဿတိ၊ ဉာဏ်ဖြင့် မြင်၏။ သော၊ ထိုသူသည်။ နိရယံဝါ၊ ငရဲဘုံသို့ရင်း။ တိရစ္ဆာန ယောနိယံဝါ၊ တိရစ္ဆာန်ဘုံသို့ရင်း။

ပေတ္တိဝိသယံဝါ၊ ပြိတ္တာဘုံ, အသုရကာယ်ဘုံသို့ရင်း။ နတ္ထေဝ ဂန္တတိ၊ ယနေ့ကစ နိဗ္ဗာန်ကျအောင် မရောက်ရတော့သည်သာလျှင်တည်း။

## (၄၀၉) ၃၅-ခေတ် ၄-ပါးပေါ်၍ ဆင်းရဲသံသရာပြတ်စဲပုံကား

ပထဝိခေတ္တံခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော
အဝိဇ္ဇာ ပဟိယျတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ ။သံယုတ်ပါဠိတော်။
(အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ဝိညာဏ၌ နည်းတူ)

ရာဟုလ၊ ချစ်သား ရာဟုလာ။ ပထဝိခေတ္တံ၊ ပထဝီခေတ်ကို။ အနိစ္စတော၊ မမြဲသော သဘောအားဖြင့်။ ဇာနတော၊ ကိုယ်တွေ့ သိသော ပုဂ္ဂိုလ်အား။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟိယျတိ၊ ပယ်အပ်၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍ လာတော့၏။

**အဝိဇ္ဇာတိုက် ခေတ်နံရိုက်၊ ပယ်လိုက်နိုင်တော့တာ။**
**အဝိဇ္ဇာပျက် သံသာစက်၊ ဆက်ဆက်ပြတ်၍ကွာ။**

ခေတ်ကိုတွေ့သဖြင့် ဝိဇ္ဇာပေါ်လျှင် အဝိဇ္ဇာ ပျောက်တော့၏။ အဝိဇ္ဇာ ပျောက်လျှင် သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန စသော ပဋိစ္စသမုပ္ပါဒ် ၁၂-၁၁-ပါး၊ အပါယ်နှင့် ဆိုင်ရာကြီး ပြတ်ကွာတော့၏။ ၎င်းအထဲ၌ (သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ) ဟူကုန်သော ဆင်းရဲ သံသရာကြီး ပြတ်စဲတော့၏။

### ဆောင်ပုဒ်လင်္ကာ

ယုတ်စွာဒိဋ္ဌိ၊ ပယ်နိုင်တိမှ၊ ထိုသူ့ကို၊ သုံးလူနာထော၊ မြတ်
ရှင်ဗောဓာ၊ သောတာပန်ဟု၊ သမုတ်ပြု၏။ လေးခုအပါယ်၊ ဒုက္ခ
နယ်လည်း၊ တကယ်လွတ်ကြောင်း၊ ထပ်ဆင့်လောင်းလျက်၊ သံ
ပြောင်းချိုမြ၊ မိန့်မြွက်ဟ၏။

ယောဂီသည် သက္ကာယဒိဋ္ဌိပယ်နိုင်ပုံမှာ ဝိပဿနာပွါးသော ယောဂီသည်၊ သမ္မသနဉာဏ်သို့မရောက်မီ သတ္တဝါဘဲ,မိန်းမဘဲ,ယောကျ်ားဘဲဟု ခေါ်ရသောအရာသည်၊ စင်စစ်အားဖြင့် အချမ်းအပူတို့ကြောင့် ဖေါက်ပြန်ဘတ်သော ပထဝီ, အာပေါ, တေဇော, ဝါယော စသော ရုပ်တရားနှင့် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏဟူသော နာမ်တရားတို့ ပူးတွဲ ပေါ်

ပေါက်၍နေသော ရုပ်နာမ်တရား သက်သက်သာလျှင် ဖြစ်သည်ဟု ရုပ်တရား, နာမ်တရားတို့ကို ပိုင်းခြား၍သိသောဉာဏ်ဘည်း။

သတ္တဝါ၊ မိန်းမ၊ ယောကျ်ား ခေတ် ၄-ပါး၊ နာမ် ၄-ပါး၊
ပညတ်အခေါ်တည်း၊ ပရမတ်အရှိတည်း၊

ဤလိုကိုယ်တွေ့သိ၍ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်းသိထား၏။ သတ္တဝါ-မိန်းမ ယောကျ်ား အခေါ်ပညတ်ကို ပညတ်အတိုင်းသိထား၏။ ရော၍လဲ မသိ၊ အဘူတဘူတဲပဟူ၍လဲမသိ၊ ဤသို့ အမြင်အသိမှန်လျှင် အမှားစင်ကြယ်၍ ဒိဋ္ဌိကွာသွားတော့၏။တဒင်္ဂ,ဝိက္ခမ္ဘန,သမုစ္ဆေဒသို့ အဆင့်ဆင့်တက်ရောက်လျှင် အပါယ်မှလဲ လွတ်မြောက်တော့၏။ ဒုက္ခနယ် အသွယ်သွယ်မှလည်း ကျွတ်လွတ် ငြိမ်းအေးတော့၏။ လက်ာကို ပြန်၍သတိပြုကြပါ။ ဒိဋ္ဌိကွာ၍ အပါယ်မှ လွတ်ကြရာ၌ ပဋ္ဌင်္ဂပုဏ္ဏားဝတ္ထု, ဗာဝရီတစုတို့ဝတ္ထု, ရှုမ္ဘပန် အလောင်းဝတ္ထု,တမ္ဗဒါဌိကဝတ္ထုဖြင့် ပိုင်းပိုင်းခြားခြား တိကျပြတ်သားစွာ သိရှိနိုင်တော့သည်။

## (၄၁၀) (လ) ဉာဏ်စက္ခု ငါးပါး

**ဒိဗ္ဗ-ပညာ၊ ဓမ္မာ ဗုဒ္ဓ-သမန္တ၊ ငါးဝ,ဉာဏ်စက္ခု။**
**ဘိညာဒိဗ္ဗ၊ အရဟတ္တပညာ၊ သုံးဖြာအောင်မဂ်၊ ဓမ္မစက်သိ၊**
**၂-ချက်အာသယ၊ဣန္ဒြိယကား၊ဗုဒ္ဓစက္ခု၊ သဗ္ဗညုသမံ၊စက်ငါးတန်၊**
**မှတ်ရန်ဤသို့ရှု။**

ပဋ္ဌမမြောက် ဒွါရသာသနာပိုင် အင်္ဂပူဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော လက်ာ ၂-ပုဒ်တည်း။

(က) ဒိဗ္ဗစက္ခုဆိုတာ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုခေါ်သည်။ (ခ) ပညာစက္ခုဆိုတာ အရဟတ္တမဂ်ပညာကို ခေါ်သည်။ (ဂ) ဓမ္မစက္ခုဆိုတာ အောက်မဂ်နှင့် ယှဉ်သော ဉာဏ်ပညာကိုခေါ်သည်။(ဃ)ဗုဒ္ဓစက္ခုဆိုတာက အာသယာနုသယဉာဏ်နှင့် ဣန္ဒြိယပရောပရိယတ္တိဉာဏ် ၂-ပါးကို ခေါ်သည်။ (င) သမန္တစက္ခုဆိုတာက သဗ္ဗညုတဉာဏ်ကို ခေါ်သည်။ အဲတာထဲတောင်မှ ဒိဗ္ဗစက္ခု, သမန္တစက္ခုကား လောကီဉာဏ်, ပညတ်မကင်းသေးပါတဲ့။ (ပညာ၊ ဓမ္မာ၊ ဗုဒ္ဓ၊ စက္ခု ၃-ပါးသာ ပရမတ်တဲ့)

## (၄၁၂) (ဏ) ဗြဟ္မာများသဏ္ဍာယဒိဋ္ဌိမကောင်းပုံ

ဗြဟ္မာများ သဏ္ဍာယဒိဋ္ဌိမကောင်းခြင်းကား ပညတ်မြင်,ဒိဋ္ဌိမြင်,ပုထုဇဉ်မြင်,အန္ဓမြင်,ဝိညာဉ်မြင်များဖြစ်ကြသောကြောင့်တည်း။

> ဗြဟ္မလောကောပိ ခေါ အာဝုသော သဏ္ဍာယပရိယာပန္နော နိစ္စော ဓုဝေါတိ ဂါဟတိ။ ။မဟာဝဂ္ဂသံယုတ်ပါဠိတော်။ ဒသနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်။

အာဝုသော၊ဒိ-ကမ္ဘာသူကမ္ဘာသားသတ္တဝါအများတို့။ခေါ-ဧကန္တ၊စင်စစ်မလွဲသဖြင့်။ ဗြဟ္မလောကောပိ၊ သင်တို့ ငါတို့အထင်ကြီးကြသည့်၊ ဈာန်ယာဉ်စီးကြသော ဗြဟ္မာကြီးတို့သော်လည်း။ သဏ္ဍာယပရိယာပန္နော၊ သဏ္ဍာယဒိဋ္ဌိနယ်အတွင်း၌ ကျဆင်း အကျုံးဝင်လျက် နေပေ၏။ ကထံ၊ အဘယ့်ကြောင့်နည်းဟူမူကား။ နိစ္စောတိ၊ ရုပ်,နာမ် ၂-ပါးမြဲ၏ဟူ၍၎င်း။ ဓုဝေါတိ၊ ရုပ်နာမ် ၂-ပါးခိုင်ခံ့၏ဟူ၍၎င်း။ ဂါဟတိ၊ တဏှာစွဲ မာနစွဲ, ဒိဋ္ဌိစွဲဖြင့် အစွဲအမြဲကြီးလျက် ယူပေ၏တကား။

ဗြဟ္မာများသည်၊ ဗြဟ္မာ့စက္ခုဖြင့် ဗြဟ္မာ့ပြည်ကနေ၍ ကြည့်လိုက်သော်၊ စကြဝဠာ ရေ-မြေ-တော-တောင် ဘာမကျန်ဖေါက်ထွင်း၍ ပညတ်မြင်ဖြင့် မြင်နိုင်ပေ၏။ဤမျှလောက် တန်းခိုးအာနုဘော်ကြီးလှသော ဗြဟ္မာ့စက္ခုဖြင့် မိမိ၏ လက်ညှိုးတခုကိုပင် အနီးကပ်၍ ကြည့်လိုက်သော် လက်ညှိုးထဲ၌ ဘယ်ဓာတ်, ဘယ်ကလာပ်, ဘယ်ရုပ်များရှိသည်ဟု မမြင်နိုင်ပါ။ အရိယာစက္ခုရှိသူများမှ မြင်နိုင်လေသည်။ ဗြဟ္မာ့စက္ခုနှင့် အရိယစက္ခုကား ဤမျှ မက ကွာခြားလှပေ၏။ ဝိပဿနာယောဂီများကား ကိုယ်၌ ဘယ်နေရာ မဆို သတိပိုက်၍ သမာဓိပိုက်၍ ကြည့်လိုက်သော်၊ ဓာတ်ကလာပ်များကို သူ့နေရာနှင့်သူ ဖြစ်ပျက်,ဖြစ်ပျက်နေတာကိုတွေ့ရလေသည်။ဤကား ဗြဟ္မာ့စက္ခုထက် သာလွန်သော အရိယာစက္ခု၊ ဗြဟ္မာများမှာမူကား (လျော့လျှင် မိစ္ဆာ၊ သာလျှင်ဒိဋ္ဌိ) စကားပုံအတိုင်း လျော့၍မြင်ရကား မိစ္ဆာမလွတ် သာ၍မြင်ရကား ဒိဋ္ဌိမလွတ်ချေ။ ဗကဗြဟ္မာနှင့် သဟာသိကဗြဟ္မာများကို ထောက်ထားကြလေ။

## (၄၁၃) (တ) စက္ခု ၃-ပါးမြင် ပညတ်မြင်

> မံသစက္ခုနာဝ ဒိဗ္ဗစက္ခုနာဝ ဗြဟ္မစက္ခုနာဝ အရိယာဒိဋ္ဌာဝိ အဒိဋ္ဌာဝ ဟောန္တိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။

မံသစက္ခုနာ၀ါ၊ လူမြင်တိရစ္ဆာန်မြင်ဖြင့်ရင်း။ ဒိဗ္ဗစက္ခုနာ၀ါ၊ ရသေ့မြင်၊ နတ်မြင်ဖြင့်ရင်း။ ဗြဟ္မစက္ခုနာ၀ါ၊ ဗြဟ္မာမြင်ဖြင့်ရင်း။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့ကို။ ဝါ၊ အရိယာအဖြစ်ကို ပြုတတ်သော ရုပ်နာမ်တရားတို့ကို။ ဒိဋ္ဌာပိ၊ ပညာမြင်၊ ဝိညာဉ်မြင်ဖြင့် မြင်ပါသော်လည်း။ အဒိဋ္ဌာ၊ ပရမတ်မြင်မဟုတ်သဖြင့် အမြင်ဟု မခေါ်နိုင်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။

## (၄၁၄) (ဃ) ခွေးမြင် ဝက်မြင် ပညာမြင် ဝိညာဉ်မြင်ဘည်း

သောတာသိဂ်ါလာဒယောပိ စက္ခုနာ အရိယေ ပဿန္တိ၊ နစ တေ အရိယာနံ ဒဿာဝိနော။ ။မူလပဏ္ဏာသအဋ္ဌကထာ။ မျက်နှာနံပါတ်-၂၀၊ ကြောင်းရေ ၂၂-၌ နာနာကြီး မိန့်ဆိုခဲ့ပြီ။နှိပ်စက်ခဲ့ပြီ။

သောဏသိဂ်ါလာဒယောပိ၊ဇိမ်ခွေး,တောခွေး အစရှိသော တိရစ္ဆာန်တို့သည်လည်း။စက္ခုနာ၊ မံသစက္ခုမျက်စိအမြင်ဖြင့်။ ဝါ၊ဝိညာဉ်အမြင်ဖြင့်။ ဝါ၊ စိတ်မနောအသိအမြင်ဖြင့်။ အရိယေ၊ အရိယာပုဂ္ဂိုလ်တို့ကို။ ပဿန္တိ၊ မြင်ကြကုန်၏။ တေ၊ ထိုဇိမ်ခွေး,တောခွေးအစရှိသည်တို့သည်။ အရိယာနံ၊ အရိယာတို့ကို။ နစဒဿာဝိနော၊ အရိယာဘဲဟု မသိ မမြင်ကြကုန်သည်သာလျှင်တည်း။

ပဥ္စဝဂ္ဂီတို့ ဘုရားမြင်ပါလျက် ဘုရားမှန်း မသိကြသလို ပုဏ္ဏသာဝတ် ဘုရားမြင်ပါလျက် ဘုရားမှန်းမသိတာလို ခွေးမြင် ဝက်မြင်, ဝိညာဉ်မြင် ဟာလည်း ဘုရား-ပစ္စေက သာဝကတွေကို မြင်ပါလျက် အရိယာတွေ ဘဲဟု မမြင်သဖြင့် အမြင်မခေါ်ပါ။တောထွက်ရဟန်းကြီးတပါးရဟာန္တာကို ခစားလျက် ရဟန္တာမှန်းမသိ။ အဖြွက်ပြောဘာတောင် သူမသိရှာ၊ စိတ်အမြင်တည်း။

## (၄၁၅) (ဒ) အရိယာတို့၏အမြင်ကား

(က) အသားထဲကပေါ်တာ တွေ့ရမြင်ရမည်။ (ခ) ကုဋေငါးထောင် ကျော် ပေါ်၍နေတာ တွေ့ရ မြင်ရ မည်။ (ဂ) အမှုအရာ ကလာပ်ခြား၍ ပေါ်တာကို တွေ့ရမြင်ရမည်။ (ဃ) ဃနကွဲ၍ပေါ်တာကို တွေ့ရမြင်ရမည်။ (င) ရေပွက်များလို ဟိုက ဒီက သူ့ဥာနနှင့် ပေါ်တာကို တွေ့ရမြင်ရမည်။

(စ)တံလျှပ်များလို တရိပ်ရိပ်ပေါ်နေတာကို တွေ့ရမြင်ရမည်။ (ဆ) ဇွိပ်ရင်း, စားရင်းစသည်၌ အလိုလိုပေါ်၍နေတာကို တွေ့ရမြင်ရမည်။ (ဇ) ခေတ် ဆက်၍ အလိုလိုပေါ် (ဈ) ခေတ်ကူး၍ အလိုလိုပေါ် (ည) ဆယ်ဌာန ပြောင်း အောင်ပေါ် (ဋ) ဆယ့်နှစ်ဌာနပြောင်းအောင်ပေါ်– (ဌ) တဆယ့်ခြောက် အထင်မှားပျောက်အောင်ပေါ် (ဍ) ဝိစိကိစ္ဆာ ၁၆-ပါးပျောက်အောင်ပေါ် (ဎ) ဝိစိကိစ္ဆာ ၈-ပါးပျောက်အောင်ပေါ်(ဏ)ဒိဋ္ဌိမှောစသောတရားတော် ဂုဏ်နှင့်ပေါ်တာတွေကို ကိုယ်တွေ့ တွေ့မြင်ရမည်။

## (၃၁၆) (ဓ) ဘုရားသခင်နှင့် ဗောဓိပလ္လင်

ဘုရားသခင် အလောင်းတော်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်တွင် ထိုင်လျက်တရားကို အားထုတ်တော့ နတ်နဂါးနှင့် သိကြားဗြဟ္မာတွေပါ မြင် ကြရ ကုန် ၏။ မြင် သော် လည်း ဝိညာဉ် အ မြင် မှ ဘုရား ဖြစ်ပြီ မဖြစ် သေး ဘူး ဟု မမြင် ကြ ကုန်။ ဝိညာဉ်မြင် ကား ဤ မျှ လောက် ညံ့ဖျင်းလှ၏။ ထိုနောက်မှ မြေကြီး လှုပ်ခြင်းစသော ၃၂-ပါးသော ပုဗ္ဗ နိမိတ်တွေ ပြမှ ဘုရားဖြစ်ပြီဟု သိရတော့သည်။ မြေ-ရေ-လေတွေက အရင်သိ၏။ လူနတ်ဗြဟ္မာတွေက နောက်မှသိ၏။

## (၃၁၇) (န) ပရိနိဗ္ဗာန်ဝင် ဝိညာဉ်မြင်

ဘုရားသခင်သည် ကုသိနာရုံပြည် အင်ကြင်းတော၌ ပရိနိဗ္ဗာန်စံခါနီး၌ လူနတ်နဂါး သိကြားဗြဟ္မာတွေပါ ပရိနိဗ္ဗာန်စံ,မစံကို မသိရ မသိကြကုန်။ မြေကြီးတုန်ခြင်းစသော ၃၂-ပါးသော ပုဗ္ဗနိမိတ်များကိုတွေ့ရမှ ပရိနိဗ္ဗာန် စံပြီဟု သိရတော့သည်။ ဝိညာဉ်မြင် ဝိညာဉ်သိကား ဤမျှလောက် အား မကိုးရပါ။

## (၃၁၈) (ပ) လက်ကိုတနေ့လုံးစိုက်၍ကြည့်

တနေ့လုံး လက်ကိုစိုက်၍ကြည့် သမူဟ- ဃန- သဏ္ဌာန-သန္တတိ- နာမ ပညတ်ခံနေသဖြင့် ကုဋေ ၅၀၀၀-ကျော်ကို မတွေ့ရပါ။

## (၄၁၉) (ဗ) သုရဗဍ္ဍနှင့် မာရ်နတ်

သုရဗဍ္ဍအား မာရ်နတ်က ဘုရားဆောင်၍ပြတော့ ပဋ္ဌမဉ် ဝိညာဉ်မြင်ဖြင့် ဘုရားဘဲဟုထင်ပြီး ရှိသေစွာပြု၍ ကိစ္စကိုမေးလေ၏။ မာရ်နတ်က စကားပြောမှ ခေတ်ခိုက်ပြီး ဒါဟာ-ဘုရားမဟုတ်၊မာရ်နတ်ယုတ်ပင်တည်းဟု သိရ၏။ ဝိညာဉ်မြင် လွဲစားပုံ သာဓကတည်း။

## (၄၂၀) (ဗ) မင်းနန်လာ ဘုရားဆင်မြှုပြင်ပုံ

အခါတပါး၌ ညီတော်မင်းနန်သည်၊ ဘုရား၏ သင်္ကန်း ကဲ့သို့သော သင်္ကန်းတော်ကို ဆင်မြန်းပြီးကြွလာလေရာ၊ အဝေးမှမြင်ရသော ရဟန်းများက ဘုရားကြွလာပြီဟုအထင်မှားအမြင်မှား၍ နေရာကိုပြုပြင်ကြကုန်၏။ နီးမှ ဘုရားမဟုတ် ညီတော်မင်းနန်ဘဲဟု သိကြ၏။ ဝိညာဉ်မြင် အထင်မှားအမြင်မှားအောင် လွဲစားပုံတည်း။

## (၄၂၁) (ဘ) တံလျှပ်-ရေထင် တောသမင်

(မ) လင်းလတ်ရေထင်။ တံငါလုပ်။ မျှုံးစုတ်သောဝဏ္ဏတရပ်။

(ယ) ဇိမ်မက်မြင်၊ နိုးမှား၊ အလကားဖြစ်၊ ကိုယ်တွေ့များကြ၏။

(ရ) ရထား ၂-စင်းဆုံ၊ တစင်းထွက်။

မီးရထား ၂-စင်း ဘူတာ၌ ဆုံမိကြ၏။ ရပ်ထားကြ၏။ ဟိုဘက်က ရထား ထွက်သွားသည်ကိုပင် မိမိ စီးသောရထားထွက်သည်ဟု အမြင်ကလည်း မှား၍မြင်၏။ စိတ်ကလဲမှား၍ထင်၏။ လက်တွေ့တည်း။

## (၄၂၂) (လ) ရထားထွက် သစ်ပင်လယ်ပုံ

မီးရထား ချတ် မောင်း သ ဖြင့် လျှင်မြန်၍ လာသောအခါ သစ်ပင်တွေအားလုံးပင် ချာချာ လယ်၍သွားနေသည်ဟု မြင်ရ၏။ စိတ်ကလဲထင်ရ၏။ ဝိညာဉ်လှည့်စားပုံ။ လူတိုင်းတွေ့ သာဓကတည်း။

## (၄၂၃) (ဝ) တိမ်တွေကြည့် အမြင်မှားရပုံ

ကောင်းကင်ကတိမ်တိုက်များသည်၊ တခုနှင့်တခု မထိမစပ် ကလာပ်ခြား၍ နေကြ၏။ အောက်က ကြည့် သော သူ၏ မျက်စိ အ မြင်၌ မုကားတောပုံစံ, တောင်ပုံစံ, မြစ်ပုံစံ, ဆင်ရုပ် မြင်းရုပ်စသည် ထင်မြင်ရ၏။ ဝိညာဉ်မြင် အမှားဖြစ်ရပုံသာဓကတည်း။

## (၄၂၄) (သ) မီးစက်ဝန်းကြည့်၊ မှားမြင်၏

ဒုတ်တခုတည်းကိုပင် မီးရှို၍ ရမ်းသောအခါ မီးစက်ဝန်းကြီးလို့မြင်ရ၏။ အမြင်နှင့် အပြစ် ခြားနားလှပေ၏။

## (ဟ) ပန်ကာစက်ကြည့်၊ မှားမြင်၏

ပန်ကာလက်ကား ၂ ခုတည်းသာဖြစ်၍ စက်လယ်သောအခါ အဝိုင်းကြီးဟု ထင်ရ၏။ အမြင်မှားပုံ သာဓကတည်း။

## (ဠ) အဝေး ကမြင်၊ အမှားထင်

အာဠဝီပြည်၌ နွားအုပ်ကြီးဝင်လာသည်ကိုပင် အဝေးကမြင်ရသော ပြည်သားများက ရဟန်းများဟုထင်ပြီး တံခါးပိတ်ကြ၏။

## (အ) ကုလားမြင်၊ ဘုန်းကြီးထင် ဆွမ်းပြင်

မော်လမြိုင်မြို့၌ ဆွမ်းစားကြွရန် ဘုန်းတော်ကြီးများကိုပင့်ဖိတ်ထား၏။ ခပ်ဝေးဝေးမှ ကုလား မကြီး တဦး ဝါဝါဝတ် လျက် လာတာ ကို ပင် ဘုန်းကြီး ဟုထင်ပြီး ဆွမ်းပြင်ရာ ကျေနပ်တော့၏။

## အချုပ်အားဖြင့်၊ မှားသားပါရစေ

ပဌမပိုင်း၌(ဝ)ကစ၍ ၃၅–အထိ ဝိညာဉ်မြင်မှားဘက်ပုံ။ ဒုတိယပိုင်း၌(က)ကစ၍ (ဏ) အထိ ဝိညာဉ်မြင် မှားတတ်ပုံ။ တတိယပိုင်း၌ (က) ကစ၍ (အ) အထိ ဝိညာဉ်မြင် မှားဘတ်ပုံကို ကပုံတခေါင်းကြီး ပြရခြင်းသည်၊ အမှားကြီးမှာ ရပ်နေမည့် စိုးရိမ်လှသဖြင့် (ဘဝပဒေသာ) မှာ ရသင့်သမျှ ရစေရန်ရေးရသတည်း။

ကျမ်းပြု အသျှင်–ဥာဏစာရီ မဟာထေရ်–ယက္ခဒီပ–

တပို့တွဲလဆန်း ၉–ရက် ညနေ ၃ နာရီခွဲပြီး၏။

# (ဆ) အပါယ်တံခါးပိတ်ပုံအခန်း

## ယေးဂီချား အားထားဘွယ် သံသရာနယ်

ဒိဋ္ဌိပိတ်ချ၊အပါယ်တံခါးပိတ်ရပုံ၊ဘုရားဟောဗျာဒိတ်တော်ကြီး။

စတုန္နံ ခတ္တနံ အညတ္တတ္တံ ပထဝီ ခတုယာ အာပေါခတုယာ တေဇောခတုယာ ဝါယောခတုယာ၊ နတ္တေဝဓမ္မေ အဝေစ္စပသာဒေန သမ္မန္နာဂတော အရိယသာဝကော နိရယံဝါ တိရစ္ဆာနယော နိယံဝါ ပေတ္တိဝိသယံဝါ ဥပပဇ္ဇိဿတိ။ ။ တိကနိပါတ်အင်္ဂုတ္တိုရ် ပါဠိတော် နံပါတ် ၁၁၇၊ ကြောင်းရေ ၁-ဟံမူဋ္ဌ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ စတုန္နံ၊ ၄-ပါးကုန်သော။ ခတ္တနံ၊ ခတ်တရားတို့၏။အညတ္တတ္တံ၊တခြားစီနေပုံကို။စေဇာနေယျ၊အကယ်၍သိငြားအံ့။ ပထဝီခတုယာ၊ ပထဝီခတ်ကိုရင်း။ အာပေါခတုယာ၊ အာပေါခတ်ကို ရင်း။ တေဇော ခတုယာ၊ တေဇော ခတ်ကိုရင်း။ ဝါယော ခတုယာ၊ ဝါယောခတ်ကိုရင်း။ စေဇာနေယျ၊ အကယ်၍သိငြားအံ့။ ဓမ္မေ၊ခတ်ကြီး လေးပါ၌။အဝေစ္စပသာဒေန၊မတုန်မလှုပ်သက်ဝင်ယုံကြည်ခြင်းနှင့်။သမ္မန္နာ ဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာတပည့်သားသည်။ နိရယံဝါ၊ ငရဲဘုံသို့ရင်း။ တိရစ္ဆာနယောနိယံဝါ၊ တိရစ္ဆာန်ဘုံသို့ရင်း။ ပေတ္တိဝိသယံဝါ၊ ပြိတ္တာ, အသုရကယ်ဘုံသို့ရင်း။ နတ္တေဝ ဥပ ပဇ္ဇိဿတိ၊ ဘယ်အခါမှ မလားမရောက်နိုင်တော့သတည်း။

ဤဘုရားဟောပါဠိကိုမြင်ရသဖြင့် ခတ်ကြီးလေးပါးထဲက တပါးပါး တွေ့ရလျှင် အပါယ်တံခါး ပိတ်ရသေး၏။ အထက်ထက်က ဉာဏ်စဉ် ဝိသုဒ္ဓိစဉ်၊ ပရိညာစဉ်သို့ ရောက်၍ရင်း၊ မဂ်ဖိုလ်ပေါက်ပါမှုကား (ပဂေဝ) အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း။ စိတ်ချ လက်ချ ကျင့်ပေတော့။

သာရကဝတ္ထုများမှာ ပဋ္ဌဂုပုဏ္ဏားဝတ္ထု၊ လင်းနို့ငါးရာဝတ္ထု၊ ဗာဝရီ ဝတ္ထု၊ ရှုဋ္ဌပန်ဝတ္ထု၊ မဟာပေါဋ္ဌိလဝတ္ထု၊ ဖါးနတ်၊ သမဏနတ်၊ သုမြဟ္မာ နတ်၊ တမ္ဗဒါဌိက၊ တံငါအရိယ၊ခိုးသား(၅၀၀)ငါးရာ။ (၉၀၀) **အင်္ဂုလိမာလ** မတ္တု များကြည့်ကြပါ။

## နိယတဂတိက ဖြစ်နိုင်ပုံသာဓကများ

## (၄၂၆) အဝိဇ္ဇာပြတ် သံသရာ ရပ်ပုံ

ခေတ်ကြောင့် အဝိဇ္ဇာကွာပုံ၊ ဆင်းရဲပြတ်ပုံ၊ ကိလေသာ နိုးသူသေပုံ၊ မီး ၁၁ မှုလ ၂–ပါး၊ ဝဋ် ၃–ပါး၊ အစပ် ၃၊ အလွှာ ၄၊ အခြင်းအရာ ၂၀ အင်္ဂါ ၁၂–ပါးချုပ်ပုံ။

၄၂၇

| | | | |
|---|---|---|---|
| ၁–ဝိပဿနာဉာဏ် | ၁၀–ပါးအတွင်း၌ | အဝိဇ္ဇာချုပ်ပုံ | ကွာပုံ။ |
| ၂–သောတာပန်၌ | .... | အဝိဇ္ဇာချုပ်ပုံ | ကွာပုံ။ |
| ၃–သကဒါဂါမ်၌ | .... | အဝိဇ္ဇာချုပ်ပုံ | ကွာပုံ။ |
| ၄–အနာဂါမ်၌ | .... | အဝိဇ္ဇာချုပ်ပုံ | ကွာပုံ။ |
| ၅–ရဟန္တာ၌ | .... | အဝိဇ္ဇာချုပ်ပုံ | ကွာပုံ။ |

### (၁)–ဝိပဿနာဉာဏ် ၁၀–ပါး၌ အဝိဇ္ဇာ ချုပ်ပုံ ကွာပုံကား

(က) စက္ခုံခေါ် ဘိက္ခု၊ အနိစ္စတော ဇာနတော ပဿတော ဘိက္ခုနော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ ။သဠာယတန ဝဂ္ဂသံယုတ်ပါဠိတော်၊နံ့ ၃၅၊ကြောင်း ၂–ဟုံမှု၌။

(ခ) ပုဗ္ဗဘာဂေ ဝိပဿနာ ဉာဏသင်္ခါတာယ သမ္မာဒိဋ္ဌိယာ အဝိဇ္ဇန္ဓကာရံ ဝိဒ္ဓံသေတွာ ကိလေသစောရေ ဃာတေန္တော ခေမေန ယောဂါဝစရော နိဗ္ဗာနံပါပုဏာတိ။ ။ကေအဂိုဏ္ဍုံ၏ အဋ္ဌကထာ၊ နံ့ ၄၁၄၊ကြောင်း ၁၂–ကဝိမှု၌။

(ဂ) ယတောခေါ် ဘိက္ခဝေ ဘိက္ခုနော အဝိဇ္ဇာ ပဟီနာ ဟောတိ ဝိဇ္ဇာ ဥပ္ပန္နာ။သော အဝိဇ္ဇာ ဝိရာဂါ ဝိဇ္ဇုပ္ပါဒါ နေဝပုညာဘိ သင်္ခါရံ အဘိသင်္ခရောတိ။ နအပုညာဘိသင်္ခါရံ၊ နအာနဉ္စာဘိသင်္ခါရံ အဘိ သင်္ခရောတိ။ ။နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ နံပါတ် ၆၁၊ ကြောင်း ၂၂–ဟုံမှု၌။

(ဃ) ကတမာစ ဘိက္ခဝေ (သမ္မာပဋိပဒါ) အဝိဇ္ဇာယတွေ၀ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော၊ဝိညာဏ နိရောဓာ နာမရူပ နိရောဓော၊နာမရူပ

နိရောဓာ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ ။နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၊ နံ ၄-ကြောင်း ၅။

ဋ္ဌာ-သံ,ဝိ,နာ,သ,ဖ,ဝေ။တဏှာ,ဥ,ဘ,ဇာ,ဇ,မ,သော,ပ,ဒု,ဒေါ,ဥ။ (၁၈)

ဤပုံစံ၌ ခေတ်တွေ့သဖြင့် အဝိဇ္ဇာကွာ၏။အဝိဇ္ဇာကွာလို့ပင် သင်္ခါရက စ၍ ဥပါယာသအထိ ပဋိစ္စသမုပ္ပါဒ်စက်ကြီးရပ်ရ၏။ မီး ၁၁-ပါး ငြိမ်း၏။ မူလ ၂-ပါး၊ဝဋ် ၃-ပါး၊အစပ် ၃-ပါး၊ အသွာ ၄-ပါး၊ အခြင်းအရာ ၂၀၊ အင်္ဂါ ၁၂-ပါး၊ ဒုက္ခက္ခန္ဓသပါ ချုပ်ငြိမ်းရပုံ။

( ၄၂၈ )

| | |
|---|---|
| ဋ္ဌာ၊ သံ၊ ဝိ၊ နာ၊ သ၊ ဖ၊ ဝေ<br>အဝိဇ္ဇာစက် ဒိဋ္ဌိပါကွာရ<br>ရုဋ္ဌ၊ မဇ္ဈိမ၊ မဟာသောတာပန် ၃ | တဏှာ၊ ဥ၊ ဘ၊ ဇာ၊ ဇ၊ မ၊ သ၊ ပ၊ ဒု၊ ဒေါ၊ ဥ<br>တဏှာစက် မာနပါကွာရ<br>သကဒါ၊ အနာ၊ ရဟန္တာ ၃ |

(၄၂၉) အဝိဇ္ဇာစက်   တဏှာစက်

စက်ဘီး ၂-ချက်မှ သွားနိုင်ပါသည်။ တချက်ပျက်လျှင် ပဋိစ္စသမုပ္ပါဒ်စက်ရပ်ရ၏။

**(၄၃၀) အဝိဇ္ဇာမြေ၊ တဏှာရေ၊ ကံစေ့မျိုးကျ၊ သန္ဓေရ၏။ လက်ာ**

(၄၃၁) ဥကျောင်း=====ခါး=====အမြီး မြွေ၏ဥကျောင်းထုချေသတ်က ခါးတွန့်၊ အမြီးက လိန်ကောက်ရစ်ပတ်၍ နေသော်လည်း ထိုမြွေကြီး သေပါပြီ။ ပဋိစ္စသမုပ္ပါဒ်စက်လည်း ဤပုံ ရပ်ပါပြီ။

## (၄၃၂) ပြလတ္တံ့သော (သောတာပန်ဆိုတာဘာလဲ) အခန်း၌ အကျယ်ပြရမည့် ကောက်နုတ်ချက်များ

### **အပါယ်တံခါးပိတ်သွားပုံမှာ**

| | | |
|---|---|---|
| မဟာသောတာပန်အတွက် | နိယတော | မထူးပါ။ |
| ရှင့်သောတာပန်အတွက် | နိယတဂတိကော | |
| မဟာသောတာပန်အတွက် | အဘဗ္ဗမမာဒိယန္တိ | မထူးပါ။ |
| ရှင့်သောတာပန်အတွက် | သတ္တဘဝေဒေတိ | |
| မဟာသောတာပန်အတွက် | သမ္ဗောဓိပရာယနော | မထူးပါ။ |
| ရှင့်သောတာပန်အတွက် | မဂ္ဂဖလဘာဂိနော | |

ရှင့်သောတာပန်အတွက် ဓာတ်တွေ့ နိရယံ နဥပပဇ္ဇိဿတိ-တဲ့၊
ငင်း ဓာတ်တွေ့ တိရစ္ဆာနယောနိယံ နဥပပဇ္ဇိဿတိ၊
ငင်း ဓာတ်တွေ့ ပေတ္တိဝိသယံ နဥပပဇ္ဇိဿတိ၊

ရှင့်သောတာပန်၊သာသနေ မူလံ ဩတိဏ္ဏံနာမ ဟောတိ၊
သာသနာတောင် အမြစ်တွယ်၍နေပြီဟာ ဂတိမြဲစရာချည်းဘဲ၊
ရှင့်သောတာပန်၊ လဒ္ဓဿာသောတဲ့ ဂတိမြဲသွားလို့ပါ၊
ရှင့်သောတာပန် လဒ္ဓပတိဋ္ဌောတဲ့ ဂတိမြဲသွားလို့ပါ၊
အရိယာတဲ့ (အရိ) ဆိုတာအပါယ် (ယာ) ဆိုတာလွတ်ပြီတဲ့၊
အရိယာ အပါယ်မှ လွတ်မြောက်သွားပါပြီ ပါဠိရှိ၏၊
ရှင့်သောတာပန်မဂ္ဂင်ရ (မဂ္ဂဿ အင်္ဂါ မဂ္ဂင်္ဂါ၊ကြည့်ပါဦး၊)
ရှင့်သောတာပန် ဗောဇ္ဈင်ရ (ဗောဓိယာ အင်္ဂါ ဗောဇ္ဈင်္ဂါ) ကြည့်ပါ၊

ရှင့်သောတာပန် ဗောဓိပက္ခိယရ (ဗောဓိယာပက္ခေ ဘဝါတိဗောဓိပက္ခိယော)သေသေချာချာကြည့်ပါလျှင် အပါယ်တံခါး ပိတ်ပုံ တကျမ်းလုံးနှင့် သောတာပန်ဆိုတာ ဘာလဲကျမ်း၌၊တိတိကျကျ မိမိရရ ပြည့်ပြည့်ဝဝကြီး သိရှိရပေလတ္တံ့တည်း။

## (၄၃၃) ရှင္စသောတာပန်၊မဇ္ဈိမသောတာပန် မဟာသောတာပန်တို့ ဂတိမြဲပုံကို ပုံစံနမူနာဖြင့် ရှင်းရှင်းသိကြရန် မဂ္ဂင်၅စ်ပါး သောတ နယ်ကြီး

| အစရှင္စ | | | | အလယ်မဇ္ဈိမ | | | | အဆုံးမဟာ |
|---|---|---|---|---|---|---|---|---|
| ဒိ | ပ္ပ | ဝါ | ကံ | အာ | ဝါ | တိ | ဝိ | ၈-ပါး။ |
| သိ | ဓိ | ဒိ | ကံ | မ | နှ | ဥ | | ၇-ပါး။ |

နာ-ပ-သံ-ဥ ဘ်-ဘာ-အာ-နိမု-ပ-သ်-နူ-ဂေါ-မ-ဗ-ပ- ၁၆

မဂ္ဂင်သောတသို့ အစစွာရောက်လျှင် ရှင္စသောတာပန်၊အလယ်ရောက်လျှင် မဇ္ဈိမသောတာပန်၊ အဆုံးရောက်လျှင် မဟာသောတာပန်တည်း။ ။ ဥပမာ-ပင်လယ်ဝ၌ သမုဒ္ဒရာသို့ ရေပြင်းပြင်းစီးဝင်နေသော ရေကြောင်း, ရေအယဉ်သောတသို့ ရောက်လျှင် အပြန်မရှိ စီးဝင်တော့မည်။ ဤပမာ အတိုင်းပင်တည်း။

(သောတံ အာဒိတော အာပန္နော်သု ပါပုဏိ်သူတိ သောတာပန္နာ၊ရှင္စာ+ သောတာပန္နာတိ ရှင္စသောတာပန္နာ) မဟာဝဂ္ဂသံယုတ်အဋ္ဌကထာဖြင့်လည်း တသံသရာကာလပတ်လုံး ဂတိမြဲပုံ၊ အပါယ်တံခါးပိတ်သွားပုံကို ယုံကြည်ကြပါကုန်။

### လူပြိန်းဆိုရန်ပုံစံမှာ

| | | | | | | |
|---|---|---|---|---|---|---|
| (၄၃၄) | နာရီ | ရက် | လ | နှစ် | ဘဝ | လောက်နှင့် ရ ဟန္တာ |
| | + | + | + | + | + | ဖြစ်နိုင်ပါတယ်ဟု ဆို |
| | ၇ | ၇ | ၇ | ၇ | ၇ | ကတဲက နိယတဂတိက |

ပါဘဲဟူ၍ မြဲမြဲကြီး မှတ်သားထိုက်ပေ၏။ ၇-နာရီ၊၇-ရက်၊၇-လ၊၇-နှစ်နှစ်၊ ၇-ဘဝလောက်နှင့်ပင် ရဟန္တာဖြစ်စေနိုင်ရာ အနိယတ ဖြစ်တို့ပင် လမ်းမမြင်ရပါ။

## (၄၃၅) ရှုဒ္ဒ မဇ္ဈိမ မဟာသောဘာပန် ၃-မျိုး

ဂတိမြဲပုံ ဝါကျအစုံအလင် သာဓကများ ညွှန်ပြခဲ့ပါမည်။

ဘဏ်တိုက်ကြီးခေါ် ဉာဏစာဂိကျမ်းကြီး၌ကြည့်ရှုပါ။

| | | |
|---|---|---|
| နံ ၉-ကစ၍ | လက်သည်၊ ဗျတိရေက | ၁၇-ဝါကျပါ၏။ |
| နံ-၁၂၀-ကစ၍ | လက်သည်၊ ဗျတိရေက | ၁၇-ဝါကျပါ၏။ |
| နံ-၁၃၁-ကစ၍ | ဒိဋ္ဌိတဏှာသတ်၊ဗျတိရေက | ၁၆-ဝါကျပါ၏။ |
| နံ-၁၄၀ ကစ၍ | အစွဲဖြုတ်၊ ဗျတိရေက | ၄-ဝါကျပါ၏။ |
| နံ-၁၅၀-ကစ၍ | ဒိဋ္ဌိစွဲပုံ ခွါပုံ ဗျတိရေက | ၆၀-ဝါကျပါ၏။ |
| နံ-၁၆၄-ကစ၍ | အသံမစွဲ၊ ဗျတိရေက | ၇၉-ဝါကျပါ၏။ |
| နံ-၁၀၀ ကစ၍ | အတ္တ,အနတ္တ,ဗျတိရေက | ၁၀-ဝါကျပါ၏။ |
| နံ-၁၉၄ ကစ၍ | ရှုဒ္ဒသောတာပန်၊အန္တယ | ၆၄-ဝါကျပါ၏။ |
| နံ-၂၁၀-ကစ၍ | ဗျတိရေက၊ တံခါးပိတ် | ၁၁-ဝါကျပါ၏။ |
| နံ-၂၁၄-ကစ၍ | အန္တယ၊ တံခါးပိတ်ပုံ | ၂-ဝါကျပါ၏။ |
| နံ-၂၁၅-ကစ၍ | ပိတ်ပုံပါဠိ၊ အန္တယ | ၉၅-ဝါကျပါ၏။ |
| နံ-၂၃၂-၌ | အကဏ်းစသော ဗျတိရေက | ၁၁-ဝါကျပါရှိ၏။ |

တိုက်ရိုက် ခဲ့ထိုးပြသော အန္တယဝါကျများ အပြန်အလှန်ဖြင့်သိရအောင် ပြသော ဗျတိရေကဝါကျများ၊ ဤပုံစံအတိုင်းညွှန်ပြရာ သေသေချာချာ ဂဂနန နေရာတကျ သိရှိကြပါစေကုန်သတည်း။ ။သို့သော်၊ ပါဠိမသန် ကျမ်းဂန်မနှံ့ လူညံ့ လူပြိန်း လူခပ်သိမ်းတို့ အတွက် အနည်း ငယ်မျှ ရှင်း လင်း ချက် ထုတ် ၍ စာအုပ်ကလေးတခုလောက်ရေးသားပြသရန် တာဝန်ရှိသေး၍ အကျဉ်းချုပ်ကလေးအဖြစ်ဖြင့် ဤစာစောင်ကိုရေးသား ပေးသတည်း။

## (၄၃၆) ဝိပဿနာအပါယ်တံခါးပိတ်ပုံ

အဆင့်ဆင့်နှင့်မြင့်ပုံကြည့်ထားပါ။

| | | |
|---|---|---|
| ၉—ရုပ်နာမ်မြင်ဉာဏဒဿန | အဆင့် | ဒုတိယပိုင်း |
| ၈—သမာပတ်ရှစ်ပါး | အဆင့် | |
| ၇—အဘိညာဉ်၅-ပါး | အဆင့် | |
| ၆—ဈာန် ၉-ဈာန် | အဆင့် | |
| ၅—သမာဓိအစားစား | အဆင့် | ပထမပိုင်း |
| ၄—သန္တုဋ္ဌိ၊ ၁၂-ပါး | အဆင့် | |
| ၃—သတိသမ္ပဇဉ | အဆင့် | |
| ၂—ဣန္ဒြိယသံဝရသီလ | အဆင့် | |
| ၁—သီလကြီး ၄-ပါး | အဆင့် | |

ဈာန်ကိုးဈာန်သည်၊ဂရုကံ,ဝိက္ခမ္ဘနပဟာန်၊နိယတကံကြီးတည်း။
အဘိညာဉ်ငါးသည်၊ဂရုကံ,ဝိက္ခမ္ဘနပဟာန်၊နိယတကံကြီးတည်း။
သမာပတ် ၈ ပါးသည်၊ဂရုကံ,ဝိက္ခမ္ဘနပဟာန်၊နိယတကံကြီးတည်း။
ဝိပဿနာကား ၎င်းတို့၏အထက်က ပရမတ်မှို အနန္တမျှသာမည်။

### ဝိပဿနာဂရုကံနှင့် မဟာဂ္ဂုတ်ဂရုကံ

ဂရုကန္တိ မဟာသာဝဇ္ဇံ မဟာနုဘာဝဥ္စ၊အညေနကမ္မေန ပဋိဗာဟိတုံ အသက္ကုဏေယျကမ္မံ။ ။ဋီကာကျော် ဘုံပိုင်း၊ နံ ၁၂၉၊ ကြောင်း ၃-ဖံမှဥ္စရင်း။ ။မဏိသာရမဉ္ဇူသာဋီကာကြီး၌လည်း နံ ၂၀၊ ကြောင်း ၁၀-ဟံမှဥ္စရင်း၊ ပြအပ်ပြီ။

အနက်ကား။ ဂရုကန္တိ၊ ဂရုကံဟူသည်ကား။ မဟာသာဝဇ္ဇံ၊ အပြစ်ကြီးမားလှသောကံမျိုးတည်း။ (ဤကားအကုသိုလ်ကံကိုရည်၍ဖွင့်၏) စ၊ အကုသိုလ်ဘက်မှတပါး၊ ကုသိုလ်ဘက်ကိုဆိုဦးအံ့။ ဂရုကန္တိ၊ ဂရုကံဟူသည်ကား။ မဟာနုဘာဝံ၊ တန်ခိုးအာနုဘော်အကြီးဆုံးဖြစ်သောကံမျိုးတည်း။ (ဤကားကုသိုလ်ဘက်ကိုရည်၍ဖွင့်သည်) အညေနကမ္မေန၊တပါး

သောအာသန္နကံ၊အာစိဏ္ဏကံ၊ကဋတ္တာကံမျိုးသည်။ ပဋိဗာဟိတုံ၊ တားမြစ်ခြင်းငှါ။အသက္ကုဏေယျကမ္မံ၊မစွမ်းနိုင်သောကံမျိုးတည်း။

ဂရုကံကြီးရှိ၍နေပါလျှင် ဘယ်ကံမျိုးမှဝင်၍ အကျိုးမပေးနိုင်။ သူကသာ အပိုးတရလွှမ်းမိုး၍အကျိုးပေးနိုင်သည်။ဝိပဿနာဆိုတဲ့ မဟာဂရုကကံကြီးသည်၊ ဈာန်ထက်ငင်း၊ အဘိညာဉ်ထက်ငင်း၊ သမာပတ်ထက်ငင်း၊ လေးနက်မြင့်မြတ်စွာ ရှိနေရကား၊ ငင်းကံများ၏ (ရာဇာဓိရာဇာ)ကံမျိုးသာတည်း။ တနည်း၊ ဈာန်၊အဘိညာဉ်၊သမာပတ်တို့ကား ပညတ်အာရုံတည်း။ ဝိပဿနာ မဟာဂရုကကံကြီးကား ပရမတ်အာရုံတည်း။ ဤကိုထောက်သဖြင့်ပညတ်ကံနှင့်ပရမတ်ကံကား သဲတလုံးနှင့်မြင်းမိုရ်တောင်မျှကွာခြားလေတော့သည်။

တနည်းမှာလည်း၊ ဝိပဿနာပရမတ်ကံကား။ (ပရမောဥတ္တမောအဝိပရိတော အဌော ပရမဌော။ ပရမဿ သဗ္ဗညုတဉာဏဿ အဌော ဂေါစရောတိ ပရမဌော၊)ဟူ၍ ဋီကာအဌကထာများ၌ မိန့်ဆိုထားရကား၊ မဖေါက်မပြန်သောအနက်အကျိုးသဗ္ဗညုတရွှေဉာဏ်တော်ကြီး၏ ကျက်စားရာ အာရုံဖြစ်ပါသောကြောင့် ပရမဏ္ဏဘွဲ့ကိုရပါသည်။ (ဈာန်၊အဘိညာဉ်၊ သမာပတ်တို့ကား ပညတ်ဘွဲ့သာရကြ၏။) ဤကိုထောက်၍လည်း နှမ်းလုံးနှင့်မြင်းမိုရ်မျှ ကွာခြားကြပါသည်။

တနည်းမှာလည်း၊ဝေလာမသုတ်တော်ကြီး၌ ကံချင်းသတ္တိ မတူကြပုံကို ပြရာတွင်—

(ယောစ အန္တမသော ဂန္ဓုဟနမတ္တမ္ပိ မေတ္တစိတ္တံ ဘာဝေယျ။ *ယောစ အစ္ဆရာသံဃာတမတ္တမ္ပိ အနိစ္စသညံ ဘာဝေယျ၊ ဣဒံ တတော မဟပ္ဖလတရံ)ဟူ၍နဝနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်၌ မိန့်ဆိုပါသည်။

ယောစ၊ အကြင်ပုဂ္ဂိုလ်သည်ကား။ အန္တမသော၊ ယုတ်သောအပိုင်းအခြားအားဖြင့်၊ ဂန္ဓုဟနမတ္တမ္ပိ၊ နို့သာတခါလိမ်းကာမျှလည်း။ မေတ္တစိတ္တံ၊ မေတ္တာဈာန်နှင့် ယှဉ်သော စိတ်ကို။ ဘာဝေယျ၊ ပွါးများရာ၏။ ယောစ၊ အကြင် သူ သည် ကား။ အစ္ဆရာ သံဃာတမတ္တမ္ပိ၊ လက်ဖြစ် တတွက်၊ လျှပ်တပြက်၊ မျက်စိတမှိတ် ခန့်မျှလည်း။ အနိစ္စသညံ၊ ရုပ်အနိစ္စ၊ နာမ် အနိစ္စသညာကို။ ဘာဝေယျ၊ ပွါးများရာ၏။ တေသု၊ ထိုမေတ္တာဈာန်ပွါးသူ၊

အနိစ္စသညာ ပွါးသူတို့တွင်။ ရှုဒံ၊ ဤအနိစ္စသညာပွါးခြင်းသည်။တတော၊ ထိုမေတ္တာစျာန်ပွါးသောသူထက်။ မဟာဖလတရံမယှဉ်နိုင်၊မပြိုင်နိုင်အောင် ခိုင်မာသော အကျိုးကြီးကို ပေးစွမ်းနိုင်တော့၏။

ဤ၌ မေတ္တာဈာန်ကို ပွါးများသူထက်ပင် ဝိပဿနာ အနိစ္စသညာက ထူးပုံ၊ ကဲပုံ၊ မြင့်မြတ်ပုံ၊ ကြီးကျယ်ပုံကို သိကြပါ။ မေတ္တာဆိုရာ၌ သူ့လို ငါ့လို ကာမာဝစရကုသိုလ်ကံလောက်ဖြင့် ချမ်းသာပါစေဟု ပို့နေသော မေတ္တာမျိုးလား၊ သို့မဟုတ် ရူပါဝစရ အရူပါဝစရဆိုတဲ့ မဟဂ္ဂုတ်နယ်က မေတ္တာဈာန်မျိုးလားဟု မေးလျှင်—

## ဟောဒီအမြေ သက်သေပါဠိကို ကြည့်ပါ

(မေတ္တာစိတ္တန္တိ သဗ္ဗသတ္တာနံ ဟိတာနုံ ဖရဏစိတ္တံ၊ တမ္ပန အပ္ပနာဝသေနေဝ ဂဟိတံ) နဝနိပါတ်၊ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ဝေလာမသုတ်အဖွင့်နံ (၂၃၂) ကြောင်း (၂၈) ဖံမှ၌။

မေတ္တာစိတ္တန္တိ၊ ဟူသည်ကား။ သဗ္ဗသတ္တာနံ၊ အလုံးစုံသောသတ္တဝါတို့အား။ ဟိတာနုဖရဏစိတ္တံ၊ ပွါးစီးစေလို ချမ်းသာစေလိုသောစိတ်ဖြင့်ဖြန့်၍ မေတ္တာပို့ခြင်းတည်း။ တမ္ပန၊ ထိုမေတ္တာစိတ်သည်ကား။ အပ္ပနာဝသေနေဝ၊ မေတ္တာဈာန်,အပ္ပနာစိတ်၏အစွမ်းအားဖြင့်လျှင်။ ဂဟိတံ၊ ယူအပ်ပါ၏။ ။ မေတ္တာဈာန် အပ္ပနာစိတ်ထက်ဝိပဿနာအနိစ္စသညာကကြီးလေးပုံပြသည်။

## ဟောဒီပါဠိကို သေသေချာချာ ကြည့်စမ်းပါ

အရိယသာဝကာ နိယတဂတိကာ သဂတိပရာယနာ၊ပုထုဇ္ဇနာနံ ဂတိ အနိယတာ။ ။မဟာဝဂ္ဂ သံယုတ်အဋ္ဌကထာ၊ နံ ၂၆ဝ၊ ကြောင်း ၁၄—သားမှ။

အရိယသာဝကာ၊ အရိယာသာဝကတို့သည်။ နိယတဂတိကာ၊ မြဲသော ဂတိရှိကြကုန်၏။ သုဂတိ ပရာယနာ၊ သုဂတိဘုံ၌သာလျှင် လည်းလျောင်း ခြင်းရှိကြကုန်၏။ ပုထုဇ္ဇနာနံ၊ ပုထုဇဉ်တို့၏။ ဂတိ၊ လားရာဂတိသည်။အနိယတာ၊ မမြဲပါ။

မဟာသောတာပန်များကိုတော့ (နိယတော) ပုဒ်ဖြင့် ချီးမြှင့်သည်။ ရှင်ဗြဟ္မာကိုတော့ (နိယတဂတိကော) ဟု ချီးမြှင့်ပါသည်။ (ဂတိ အလား အတွက်)ယုံမှားနေမှာပိုးရိမ်လို့ ရှင်းပြတာပါဘဲ။

အကျယ်ကို စုံစုံစိစိဖြင့် ကြည့်ရှုလိုပါလျှင် (ဥာဏစာဂီကျမ်းကြီးဟု တွင်သော+ ဝိပဿနာ တက္ကသိုလ်ကျမ်းကြီး + တွင် သိခဏ်း + ပယ်ခဏ်း + ဆိုက်ခဏ်း + ပွါးခဏ်း + အကျိုးပြခဏ်း ဟူ၍ ငါးပိုင်း ခွဲခြားထားရာ နောက်ဆုံးဗိုတ် အကျိုးပြခဏ်း၌ အကျိုးပြချက်ပေါင်း (၁၅၄) တွင် ကြည့်ရှုကြပါကုန်။ ဝိပဿနာအကျိုးပြချက် အပိုင်း၌ရ (၁၅၄) ကော်ပီမျက်နှာနှင့် (၁၇၆) မျက်နှာရှိ၍ အတော်ပြည့်စုံစွာ ရေးသားထားပါသည်။

အရိပ်ပြ အကောင်ထင်နိုင်သော ပညာရှင်များအတွက်မှာ ဝိပဿနာ တန်းခိုးကြောင့် ဂ–နာဂ + ဂ-ရက် + ဂ–လ + ဂ-နှစ်နှင့် ဂ–ဘဝ နှင့် အရဟတ္တဖိုလ်ကို ရနိုင်ပါတယ်ဟု – ဘုရားရှင်ကြီး ကိုယ်တော်တိုင်ကပင် ငါး၌ာနပုဂ္ဂိုလ် ငါးစုခြား၍ အာမဝန်ခံချက်ဖြင့် မိန့်တော်မူ၍ထားပါသည်။ ၎င်း အကျယ်ကို ဉာဏစာဂီကျမ်းကြီး ဒုတိယအုပ် တနေရာတွင် တွေ့ရလတ္တံ့၊ စောင့်မျှော်၍သာ ကြည့်ရှု ယုံကြည်ကြပါကုန်။

(၁) ဝိပဿနာအနိယတ ဂတိက ဆိုတာ မဟုတ်ပါ။

## (၄၃၇) ဝိပဿနာဖြင့် အပါယ်တံခါးပိတ်သွားရပုံ အမှန်အကန်

၎င်းကို အချို့တို့က ဝိပဿနာဖြင့် အမြဲတမ်းအပါယ်တံခါး မပိတ်နိုင်ဟု ယူဆကြ၏။ ရေးသားကြ၏။ ပါဠိသာဓက၊ ဝဏ္ဏပါ (၂၂၅) ပုဒ်၌ကြည့်သော်၊ ဝိပဿနာဖြင့် နိယတဂတိက အပါယ်တံခါးပိတ်သွားပုံသာတွေ့ရပါ၏။ ၎င်းတို့ကိုးကားတဲ့ ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ပင် ဝေဘန်၍ထားပေ၏။

### ဝိပဿနာဖြင့် အပါယ်တံခါးပိတ်သွားပုံ

(က) ဂ–နာဂရီနှင့် ရဟန္တာ ဖြစ်၍ ဘဝပြတ်နိဗ္ဗာန်ရ၊ ပိတ်၏။
(ခ) ဂ–ရက်နှင့် ရဟန္တာဖြစ်၍ ဘဝပြတ်နိဗ္ဗာန်ရ၊ ပိတ်၏။
(ဂ) ဂ–လနှင့် ရဟန္တာဖြစ်၍ ဘဝပြတ်နိဗ္ဗာန်ရ၊ ပိတ်၏။
(ဃ) ဂ–နှစ်နှင့် ရဟန္တာဖြစ်၍ ဘဝပြတ်နိဗ္ဗာန်ရ၊ ပိတ်၏။
(င) ဂ–ဘဝနှင့် ရဟန္တာဖြစ်၍ ဘဝပြတ်နိဗ္ဗာန်ရ၊ ပိတ်၏။

ဝိပဿနာတရား ပွါးများပါလျှင် ပုဂ္ဂိုလ်၏ပါရမီအားလျော်စွာ အချို့က ဂ–နာဂရီနှင့်၊ အချို့က ဂ-ရက်နှင့်၊ အချို့က ဂ–လနှင့်၊ အချို့က ဂ–နှစ်နှင့်၊ အချို့က ဂ-ဘဝနှင့်ပင် ရဟန္တာဖြစ်၍ ဘဝပြတ်ရပါသည်။ ဝိပဿနာ၏ တန်းခိုးသတ္တိကြောင့် အကြာဆုံးမှာ ဂ–ဘဝဟု ဆိုထားသဖြင့် (အနိယတ

ဂတိက) ဖြစ်ဘို့ရန်ပင် လမ်းမမြင်တော့ပါ။ ။ခု နှစ် ဘ၀ အတွင်း၌ ရဟန္တာဖြစ်ရတော့မည်။ မမြဲဘဲနေစရာပင်မရှိပါ။

(၄၃၈) ဆုံစည်စံသောတာပန် ၇–ဦးကိုကြည့်ဦးတော့၊ ၇-ဘ၀နှင့်ပြတ်၏။

| | | |
|---|---|---|
| လူ့ဘ၀၌ | အနှစ် ၁၂၀ | တ-ဘ၀ရပြီ။ |
| နိမ္မာဘုံ၌ | ၂၉၁–ကုဋေ၊ ၄-သန်း | ၂–ဘ၀ရပြီ။ |
| အဝိဟာဘုံ၌ | ကမ္ဘာ တထောင် | ၃–ဘ၀ရပြီ။ |
| အတပ္ပါဘုံ၌ | ကမ္ဘာ နှစ်ထောင် | ၄–ဘ၀ရပြီ။ |
| သုဒဿာဘုံ၌ | ကမ္ဘာ ၄-ထောင် | ငါးဘ၀ရပြီ။ |
| သုဒဿီဘုံ၌ | ကမ္ဘာ ရှစ်ထောင် | ၆–ဘ၀ရပြီ။ |
| အကနိဋ္ဌာဘုံ၌ | ကမ္ဘာ ၁၆၀၀၀ | ၇–ဘ၀ရပြီ။ |

အစုစုပေါင်း ခုနစ်ဘ၀၌ ကမ္ဘာ (၃၁၀၀၀) နေရ၏၊ ပိတ်သွား၏။

## (၄၃၉) သေရော၊ သေရိုး၊ အပဒါန်ကျမ်းဂန်လာ ဒါ-သီ-ထ-နှင့်ယှဉ်ကြည့်ကြ

| | | |
|---|---|---|
| ဒါနပြု၍ | ကမ္ဘာ တသိန်း | အပါယ်တံခါးပိတ်၏။ |
| သီလပြု၍ | ကမ္ဘာ တသန်းခန့် | အပါယ်တံခါးပိတ်၏။ |
| သမထကြောင့် | ကမ္ဘာ တကုဋေခန့် | အပါယ်တံခါးပိတ်၏။ |

## (၄၃၉) ဝိပဿနာကြောင့် အပါယ်တံခါးပိတ်ရပုံ

၇–နာရီ၊ ၇–ရက် ၊၇–လ၊ ၇–နှစ်၊ ၇–ဘ၀အတွင်း နိဗ္ဗာန်ရနိုင်၏။ ဒါနပြုတာတောင် ကမ္ဘာ တသိန်းခန့် အပါယ် တံခါး ပိတ်သေး ပေရော၊ ဝိပဿနာပွါးလို့ ၇-ဘ၀ဆိုတော့ (ဂတိမမြဲစရာပင် မမြင်တော့ပါ) သီလ ပြုတာတောင် ကမ္ဘာတသန်းခန့် အပါယ်တံခါးပိတ်သေးပေရော၊ ဝိပဿနာ ပွါးလို့ ၇-ဘ၀ဆိုတော့ (ဂတိမမြဲစရာပင် မမြင်တော့ပါ) သမထပွါးလို့ ကမ္ဘာကုဋေခန့် အပါယ်တံခါးပိတ်သေးပေရော၊ ဝိပဿနာပွါးလို့ ၇–ဘ၀ ဆိုတော့ (ဂတိမြဲဘို့သေချာနေတာသိရပါပြီ)

## (၄၄၀) (က) ၇–နာရီ၊ ၇–နာရီထက်အပို ၁၂–နာရီအတွင်းရပုံ

တိက္ခပညံ့ပန သန္ဓာယ ပါတော၀ အနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ။သာယံ အနုသိဋ္ဌော ပါတော၀ ဝိသေသံ အဓိဂမိဿ တီတိ ဝုတ္တံ။ ။သုတ်မဟာ ၁၊ အဋ္ဌကထာ။

တိက္ခပညံ့ပန္န၊ ထက်မျက်သော ပညာပါရမီရှိသော ပုဂ္ဂိုလ်ကိုမူကား။ သန္တာသယ၊ရည်ရွယ်၍။ပါတော၀၊နံနက်အချိန်၌သာလျှင်။အနုသိဋ္ဌော၊ ဆုံးမအပ်သည်ရှိသော်။ သာယံ၊ ညချမ်းအချိန်၌။ ဝိသေသံ၊ တရားအထူးကို။ အဓိဂမိဿတိ၊ ရလတ္တံ့။ သာယံ၊ ညချမ်းအခါ၌။ အနုသိဋ္ဌော၊ ဆုံးမအပ်သည်ရှိသော်။ ပါတော၀၊ နံနက်အချိန်၌သာလျှင်။ဝိသေသံ၊ တရားအထူးကို။အဓိဂမိဿတိ၊ရလတ္တံ့။ဣတိ၊ဤသို့။ဝုတ္တံ၊မိန့်အပ်ပါပြီ။

(ပညာပါရမီ ထက်မျက်သူများ ဝိပဿနာပွါးများပါလျှင်)
နံနက်၌ဆုံးမလျှင် ညနေချမ်း၌ မဂ်ဖိုလ်ရနိုင်သည်။
ညနေချမ်း၌ဆုံးမလျှင် နံနက်၌ မဂ်ဖိုလ်ရနိုင်သည်။
(အနိယတဂတိက) ဖြစ်ဘို့ရန် ကြည့်လို့ပင်မမြင်ရတော့ပါ။

## (၄၄၁) (ခ) ၇-ရက်နှင့် မဂ်ဖိုလ်ရမည်ဖြစ်၍နိယတ

ယောဟိ ကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ။ ဒိဋ္ဌေဝဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ။ ။မဟာသတိပဋ္ဌာနသုတ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိကောစိ၊ အကြင်တစုံတယောက်သောသူသည်။ ဣမေစတ္တာရောသတိပဋ္ဌာနေ၊ ဤလေးပါးကုန်သော သတိပဋ္ဌာန်တရားတို့ကို။ ဧဝံဘာဝေယျ၊ ဤနည်းအတိုင်းပွါးကုန်ငြားအံ့။ သတ္တာဟံ၊ ခုနစ်ရက်အတွင်း၌။ တဿ၊ထိုသူအား။ ဒွိန္နံဖလာနံ၊အနာဂါမ်နှင့်-အရဟတ္တဖိုလ် ၂-ပါးတို့တွင်။ အညတရံဖလံ၊ တပါးပါးသောဖိုလ်ကို။ ဒိဋ္ဌေဝဓမ္မေ၊ ယခုဘ၀,ယခု ၇-ရက်အတွင်း၌လျှင်။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ အညာ၊ အရဟတ္တဖိုလ်ကိုရင်း။ ဥပါဒိသေသေ၊ ဥပါဒိကြွင်းသေးသည်။သတိ၊ရှိခဲ့ပါသော်။အနာဂါမိတာဝါ၊ အနာဂါမိဖိုလ်ကိုရင်း။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

ဝိပဿနာပွါးလျှင် ၇-ရက်အတွင်း အရဟတ္တဖိုလ်တည်ရပုံတည်း။ ဝိပဿနာကြောင့် ၇-ရက်အတွင်း ရဟန္တာဖြစ်နိုင်၊ နိဗ္ဗာန်ရနိုင်၍ ယင်းဝိပဿနာကြောင့် (နိယတဂတိက) သာဖြစ်နိုင်တော့သည်။အချို့အယူအဆဝါဒကဲ့သို့ အနိယတမဖြစ်နိုင်တော့ပြီ။

## (၄၄၂) (ဂ) ၇-လနှင့် ရဟန္တာဖြစ်,အဝပြဲဘ်,နိယတ

ယောပိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တမာသာနိ၊တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ၊ဒိဋ္ဌေဝဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ။ မဟာသတိပဋ္ဌာနသုတ်တော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောပိကောစိ၊ အကြင် တစုံတယောက်သော သူသည်။ ဣမေစတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်လေးပါးတို့ကို။ ဧဝံဘာဝေယျ၊ ဤနည်းအတိုင်းပွါးများကုန်ငြားအံ့။ သတ္တမာသာနိ၊၇-လတို့ အတွင်း၌၊တဿ၊ ထိုသူအား။ ဒွိန္နံဖလာနံ၊အနာဂါမ်, အရဟတ္တဖိုလ် ၂-ပါး တို့တွင်၊အညတရံဖလံ၊ တပါးပါးသော ဖိုလ်ကို။ ဒိဋ္ဌေဝဓမ္မေ၊ ယခုဘဝ ခုနစ်လအတွင်း၌လျှင်။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ အညာ၊ အရဟတ္တဖိုလ်ကို ၎င်း၊ ဥပါဒိသေသေ၊ ဥပါဒိကြွင်းသေးသည်။ သတိ၊ ရှိခဲ့သော်။ အနာဂါမိ တာဝါ၊ အနာဂါမိဖိုလ်ကို၎င်း။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

ဝိပဿနာပွါးလျှင် ၇–လအတွင်း အရဟတ္တဖိုလ်တည်နိုင်ပုံ၊ ဝိပဿနာ ကြောင့်၇–လအတွင်းရဟန္တာဖြစ်၍ နိဗ္ဗာန်ရနိုင်၍ ယင်းဝိပဿနာကြောင့် (နိယတဂတိက)သာဖြစ်နိုင်တော့သည်။ အနိယတ မဖြစ်နိုင်ပါ။

## (၄၄၃) (ဃ) ၇–နှစ်နှင့် ရဟန္တာဖြစ်နိုင်ပုံ နိယတ

ယောပိကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံဖလံ ပါဋိကင်္ခံ၊ဒိဋ္ဌေဝဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိ တာ။ ။မဟာသတိပဋ္ဌာနသုတ်တော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောပိကောစိ၊ အကြင်တစုံတယောက်သော သူသည်။ ဣမေစတ္တာရောသတိပဋ္ဌာနေ၊ ဤ ၄-ပါးကုန်သောသတိပဋ္ဌာန် တရားတို့ကို။ ဧဝံဘာဝေယျ၊ ဤနည်းအတိုင်းပွါးငြားအံ့။ သတ္တဝဿာနိ၊ ခုနစ်နှစ်တို့အတွင်း၌။ တဿ၊ ထိုသူအား။ ဒွိန္နံဖလာနံ၊ အနာဂါမ် အရဟတ္တ ဖိုလ် ၂-ပါးတို့တွင်။ အညတရံဖလံ၊ တပါးသောဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိ အပ်ပါ၏။ ဒိဋ္ဌေဝဓမ္မေ၊ ယခု ဘဝ၊ ခုနစ်နှစ် အတွင်း၌လျှင်။ အညာ၊ အရဟတ္တဖိုလ် ကို ၎င်း။ ဥပါဒိသေသေ၊ ဥပါဒိ ကြွင်းသေးသည်။ သတိ၊ ရှိသော်။ အနာဂါမိတာဝါ၊ အနာဂါမိဖိုလ်ကို၎င်း။ ပါဋိကင်္ခံ၊အလိုရှိအပ်၏။

ဝိပဿနာပွါးများလျှင် ၇-နှစ် အတွင်း အရဟတ္တဖိုလ်တည်နိုင်ပုံ ဝိပဿနာကြောင့် ၇-နှစ်နှစ်အတွင်း ရဟန္တာဖြစ်၍ နိဗ္ဗာန်ရ၍ ယင်း ဝိပဿနာကြောင့် (နိယတဂတိကသာ) ဖြစ်နိုင်ပုံ (အနိယတ) မဖြစ်နိုင်ပုံ သိရာ၏။

## (၄၄၄) (င) ခုနစ်ဘဝ အတွင်း နိဗ္ဗာန်ရ နိယတ

သစေ ဝိပဿနာသမ္မာဒိဋ္ဌိ ဘာဝိတာ ဗဟုလီကတာ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ ပါပေတုံ သက္ကောတိ။ ဍုစ္စေတံ ကုသလံ၊ နောစေ သက္ကောတိ သတ္တဘဝေ ဒေတိ။ ။ဒုကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ။

ဘာဝိတာ၊ပွါးများအပ်သော။ဗဟုလီကတာ၊အကြိမ်များစွာပြုအပ်သော။ ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဝိပဿနာအနိုက်၌ရှိသော သမ္မာဒိဋ္ဌိသည်။ ဒိဋ္ဌေဝဓမ္မေ၊ ယခုဘဝ၌သာလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပေတုံ၊ ရောက်စေခြင်းငှါ။ သစေ သက္ကောတိ၊အကယ်၍ကား စွမ်းနိုင်ငြားအံ့။ဍုစ္စေတံ၊ဤသို့စွမ်းနိုင်ခြင်းသည်။ ကုသလံ၊ကောင်း၏။ နောစေသက္ကောတိ၊အကယ်၍တဘဝထဲနှင့် နိဗ္ဗာန်သို့ မရောက်နိုင်ငြားအံ့။ သတ္တဘဝေ၊ ၇-ဘဝ၌။ ဒေတိ၊ ပေးနိုင်တော့၏။

ဝိပဿနာအနိုက်၌ရှိသော သမ္မာဒိဋ္ဌိသည်၊ ယခုဘဝ၌ နိဗ္ဗာန်သို့ပို့နိုင် တာလဲရှိ၏။ နှစ်ဘဝ၊၃-ဘဝ၊၄-ဘဝ၊၅-ဘဝ၊၆-ဘဝ၊၇-ဘဝ၌ ပို့နိုင်တာ လဲရှိ၏။ ၇-ဘဝထက်ပို၍ ပို့နိုင်တာကို မတွေ့ရသေးပေ။

## (၄၄၅) မဟာသတိပဋ္ဌာနသုတ် နိဂုံးကြည့်ကြပါ

ယောဟိကောစိ ဘိက္ခဝေ–အစရှိသည်ဖြင့် ချီ၍ဟောပြရာဝယ်။

| | | | |
|---|---|---|---|
| ဝိပဿနာကြောင့် | ၇–နှစ်တွင်း | အရဟတ္တဖိုလ်ရ | နိယတ |
| ၎င်း | ၆–နှစ်တွင်း | ။ | ။ |
| ၎င်း | ၅–နှစ်တွင်း | ။ | ။ |
| ၎င်း | ၄–နှစ်တွင်း | ။ | ။ |
| ၎င်း | ၃–နှစ်တွင်း | ။ | ။ |
| ၎င်း | ၂–နှစ်တွင်း | ။ | ။ |
| ၎င်း | ၁–နှစ်တွင်း | ။ | ။ |
| ၎င်း | ၇–လအတွင်း | ။ | ။ |

| | | | |
|---|---|---|---|
| ဝိပဿနာကြောင့် | ၆–လအတွင်း | အရဟတ္တဖိုလ်ရ | နိယတ |
| ၎င်း | ၅–လအတွင်း | ။ | ။ |
| ၎င်း | ၄–လအတွင်း | ။ | ။ |
| ၎င်း | ၃–လအတွင်း | ။ | ။ |
| ၎င်း | ၂–လအတွင်း | ။ | ။ |
| ၎င်း | ၁–လအတွင်း | ။ | ။ |
| ၎င်း | ၁၅–ရက်အတွင်း | ။ | ။ |
| ၎င်း | ၇–ရက်အတွင်း | ။ | ။ |

ဝိပဿနာတန်းခိုးတော်ကြီး၏ အစွမ်းကို ပြခဲ့ပြီးသော ပုံစံများအတိုင်း တွေ့ရ,မြင်ရသော မဟာပဏ္ဍိတကြီးသည်၊ ဝိပဿနာပွါးလျှို နိယတ ဂတိကသာ ဖြစ်နိုင်တော့၏ဟူ၍ မှချဆုံးဖြတ်လိမ့်မည်တကား။ ဤပုံစံ ဇယားကိုမြင်ရုံနှင့် အနိယတဂတိကအယူ ရှုံးနိမ့်ရပြီ။

## (၄၄ ဖ) ဝိပဿနာ ဖလ တန်းခိုးပြ နိယတများ

| | | |
|---|---|---|
| ၁–မဟာဒက္ခိနွားလား | တရားနာရ၊ | ၂–ဘ၀၊မဂ်ဖိုလ်ရ |
| ၂–ဖါးနတ်သား | ။ | ၂–ဘ၀၊မဂ်ဖိုလ်ရ |
| ၃–အာဠွာ၀ကဘီလူး | ။ | ၁–ဘ၀ထဲနှင့်ရ |
| ၄–သုစိလောမဘီလူး | ။ | ။ |
| ၅–ခရလောမဘီလူး | ။ | ။ |
| ၆–ဟေမ၀တာရဘီလူး | ။ | ။ |
| ၇–သာတာဂိရိဘီလူး | ။ | ။ |
| ၈–ကာဠီယက္ခိနီဘီလူးမ | ။ | ။ |
| ၉–ပိယင်္ကရ ပြိတ္တာမ | ။ | ။ |
| ၁၀–အင်္ဂုလိမာလ၊ ခိုးသား | ။ | ။ |
| ၁၁–တံငါ၊အရိယ | ။ | ။ |
| ၁၂–သူသတ်မှုးကြီး | ။ | ။ |
| ၁၃–ပဗ္ဗတ မုဆိုးကြီး | ။ | ။ |
| ၁၄–ကုက္ကုဋမိတ္တမုဆိုးကြီး | ။ | ။ |
| ၁၅–ခိုးသားကိုးရာ | ။ | ။ |
| ၁၆–ခိုးသားခုနစ်ရာ | ။ | ။ |

| | | |
|---|---|---|
| ၁၇—ခိုးသားငါးရာ | တရားနာရ | ၁-ဘဝထဲနှင့်ရ |
| ၁၈—ကာဠိသူဌေးသမီး | ॥ | ॥ |
| ၁၉—သမထနတ်သား | ॥ | ၂—ဘဝနှင့်ရ |
| ၂၀—သုပြဗုဒ္ဓနတ်သား | ॥ | ၁—ဘဝနှင့်ရ |
| ၂၁—ပဋ္ဌဂပုဏ္ဏားလင်မယား | ॥ | အန္တရကပ်အတွင်းရ |
| ၂၂—ဗာဝရီပုဏ္ဏား တစုတို့ | ॥ | ॥ |
| ၂၃-ရှုဋ္ဌပန်လောင်းမင်း | ॥ | ॥ |
| ၂၄—အာဇီဝကလောင်းကလေး | ॥ | ॥ |
| ၂၅-ယသဝဂ္ဂ ၅၅-ဦး | ॥ | ॥ |
| ၂၆—ဘဒ္ဒဝဂ္ဂီ ၃၀ | ॥ | ॥ |
| ၂၇—သဟာယဝဂ္ဂီ တထောင် | ॥ | ॥ |
| ၂၈—ကဿပသာဝက ၇-ဖော်တို့ | ॥ | ॥ |

ဘဏ်တိုက်ကြီးစာအုပ်၌ ဝတ္ထုနှင့်ပါဠိပါ (၂၂၅) ထုတ်ပြထားသည်။ ပြခဲ့ပြီးသော ပါဠိသာဝကဝတ္ထုများကို မြင်ရုံနှင့် အနိယတဖြစ်ဘို့ရန် အချိန်မရပြီ။ (ဒါသီထ) ဖလနှင့်ယှဉ်ကြည့်မှထင်ရှားသည်။

## (၄၄၇) ပါဠိအဋ္ဌကထာ ရှာကျမ်းနှင့် ချိန်ထိုးပြ

| | | |
|---|---|---|
| (က) | ထေရ အပဒါန် ပါဠိတော် | တအုပ်လုံး |
| (ခ) | ထေရီ အပဒါန် ပါဠိတော် | ॥ |
| (ဂ) | ထေရ ဂါထာ ပါဠိတော် | ॥ |
| (ဃ) | ထေရီ ဂါထာ ပါဠိတော် | ॥ |
| (င) | ထေရ အပဒါန် အဋ္ဌကထာ | ॥ |
| (စ) | ထေရီ အပဒါန် အဋ္ဌကထာ | ॥ |
| (ဆ) | ထေရ ဂါထာ အဋ္ဌကထာ | ॥ |
| (ဇ) | ထေရီ ဂါထာ အဋ္ဌကထာ | ॥ |

၎င်းကျမ်းဂန်တို့၌ ဒါန,သီလ,သမထ အကျိုးကိုဖော်ပြရာဝယ်(ဒုဂ္ဂတိံ နာဘိဇာနာမိ) ဟူသောပါဠိဖြင့် ဒုဂ္ဂတိဆိုတဲ့ အပါယ် လေးဘုံမှ အချို ကမ္ဘာ ၉၁—လွတ်၍ နိဗ္ဗာန်ဝင်သွားပုံ၊ အချို ကမ္ဘာတသိန်းလွတ်၍ နိဗ္ဗာန် ဝင်သွားပုံဖြင့် ထောင်ပေါင်းများစွာပြခဲ့၏။ဒါန, သီလ, သမထမျှတောင်မှ

ဤ၍ ဤမျှလောက် အပါယ်တံခါးပိတ်သွားနိုင် သေးပေရာ၊ (ဝိပဿနာ၌) နိယတဂတိကကား ဆိုဘွယ်ရာမရှိ။

(နမူနာ) သတာသဟာသိတော ကပ္ပေ၊ ယံကမ္မံ မကာရိ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ အန္နဒါနဿိဒံဖလံ။

ဆွမ်းလှူသဖြင့် ကမ္ဘာပေါင်းတသိန်းပတ်လုံး(ဒုဂ္ဂတိံ-နာဘိဇာနာမိ)တဲ့ အပါယ်တံခါးကြီးပိတ်ခဲ့ရပါသည်။အဆုံး၌ ဝိပဿနာတွဲ၍ မဂ်ထဲ,ဖိုလ်ထဲ, နိဗ္ဗာန်ထဲသို့ရောက်ရပါသည်ဟူ၏။ ။ဤ၌ ဒါန,သီလ,သမထများတောင် ကမ္ဘာတသိန်း,ကမ္ဘာတသန်းလောက် အပါယ်တံခါး ပိတ်နိုင်သေးပေရာ၊ ခုနစ်ဘဝနှင့် နိဗ္ဗာန်ရမည့် ဝိပဿနာဟာ အပါယ်တံခါး မပိတ်နိုင်ဘူး ဆိုတာ အတော်ကို အတွေးအတော အယူအဆ တိမ်လှိပါဘဲ။

## (၄၄၈) ဝိပဿနာရ ခုနစ်ဘဝထက် မလွန်နိုင်ပုံ

ဝိပဿနာသမ္မာဒိဋ္ဌိပင်ဖြစ်စေ၊ မဂ္ဂသမ္မာဒိဋ္ဌိပင်ဖြစ်စေ၊ ဖလသမ္မာဒိဋ္ဌိပင် ဖြစ်စေ၊ ဤ ၃-ပါးကား ခုနစ်ဘဝထက် မလွန်နိုင်။

(၁) သစေ ဝိပဿနာသမ္မာဒိဋ္ဌိ ဘာဝိတာ ဗဟုလီကတာ ဒိဋ္ဌေဝဓမ္မေ နိဗ္ဗာနံ ပါပေတုံ သက္ကောတိ၊ ဇူဒ္ဓေတံ ကုသလံ။ နောစေသက္ကောတိ သတ္တဘဝေ ဒေတိ။ ။ဒီကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ။

ဝိပဿနာအခိုက် သမ္မာဒိဋ္ဌိသည် ယခုဘဝ၌ နိဗ္ဗာန်ရနိုင်၏။
ဝိပဿနာအခိုက် သမ္မာဒိဋ္ဌိသည် ခုနစ်ဘဝ၌ နိဗ္ဗာန်ရနိုင်၏။

(၂) န တေ ဘဝံ အဋ္ဌမံ မာဒိယန္တိ။ ။ခုဒ္ဒကပါဌ။ သုတ္တနိပါတ်၊ ပါဠိ တော်များ၌။ ။ရတနသုတ်တော်။

တေ၊ ထိုသောတာပန်ပုဂ္ဂိုလ်တို့သည်။ အဋ္ဌမံ၊ ရှစ်ကြိမ်ဖြစ်သော။ ဘဝံ၊ ကာမသုဂတိဘဝကို။ နအာဒိယန္တိ၊ မယူနိုင်ကုန်။

ဝိပဿနာပုဂ္ဂိုလ်,မဂ်ပုဂ္ဂိုလ်များ ခုနစ်ဘဝသာ ယူနိုင်သည်။ ရှစ်ဘဝ ထိအောင် မနေကြကုန်။ ဝိပဿနာနှင့်မဂ် အကျိုးတူဟောပုံတည်း။

(၃) အဘဗ္ဗော ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော အဋ္ဌမံ ဘဝံ နိဗ္ဗတ္တေတုံ။ ။ဆက္က နိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်။

ဒိဋ္ဌိသမ္ပန္နော၊ မဂ္ဂသမ္ပယုတ် လောကုတ္တရာ သမ္မာဒိဋ္ဌိဉာဏ်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ အရိယာဖြစ်သော သောတာပန်ပုဂ္ဂိုလ်သည်။ အဋ္ဌမံ၊ ရှစ်ကြိမ်မြောက်ဖြစ်သော။ဘဝံ၊ ကာမသုဂတိ ဘဝကို။ နိဗ္ဗတ္တေတုံ၊ ဖြစ်စေခြင်းငှါ။ အဘဗ္ဗော၊ မထိုက်။ ။(သောတာပန်များ ခုနစ်ဘဝထက် မနေနိုင်ပုံတည်း)

(၄) အဋ္ဌာနမေတံ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော အဋ္ဌမံ ဘဝံ နိဗ္ဗတ္တေယျ။နေတံ ဌာနံ ဝိဇ္ဇတိ။ ။ဉာဏဝိဘင်းပါဠိတော်။

ဒိဋ္ဌိသမ္ပန္နော၊ လောကုတ္တရာ သမ္မာဒိဋ္ဌိနှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ သောတာပန်ပုဂ္ဂိုလ်သည်။ အဋ္ဌမံ၊ ရှစ်ကြိမ်မြောက် ဖြစ်သော။ ဘဝံ၊ ကာမသုဂတိဘဝကို။ ယံနိဗ္ဗတ္တေယျ၊ အကြင်ဖြစ်စေနိုင်ရာ၏။ ဧတံနိဗ္ဗတ္တနံ၊ ဤရှစ်ကြိမ်မြောက်ဘဝ၌ဖြစ်ခြင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အရာမဟုတ်။ ဧတံဌာနံ၊ ဤရှစ်ကြိမ်မြောက် ဘဝသည်။ နဝိဇ္ဇတိ၊ မရှိ။ သောတာပန်များ ခုနစ်ဘဝထက် ပို၍မနေနိုင်ပုံ။

(၅) သောတာပတ္တိမဂ္ဂဉာဏေန အဘိသင်္ခါရဝိညာဏ နိရောဓေန သတ္တဘဝေ ဌပေတွာ အနမတဂ္ဂေ သံသာရဝဋ္ဋေ ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ။ ဧတ္ထေတေ နိရုဇ္ဈန္တိ။ အတ္ထံ ဂစ္ဆန္တိ။ ပဋိပဿမ္ဘန္တိ။ ။ပဋိသမ္ဘိဒါမဂ် ပါဠိတော်။

သောတာပတ္တိမဂ္ဂဉာဏေန၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့်။ အဘိသင်္ခါရဝိညာဏနိရောဓေန၊ အလွန် ပြုပြင်စီရင်တတ်သော ကုသိုလ်,အကုသိုလ်စေတနာ သင်္ခါရ အထူးသဖြင့် သိတတ်သော ဝိပါက်ဝိညာဉ်တို့၏ ချုပ်ခြင်းကြောင့်။ သတ္တဘဝေ၊ ခုနစ်ဘဝတို့ကို။ ဌပေတွာ၊ ထား၍။ အနမတဂ္ဂေ၊ အစမထင်သော။ သံသာရဝဋ္ဋေ၊ သံသရာဝဋ်၌။ နာမဉ္စ၊ နာမ်ရုပ်။ ရူပဉ္စ၊ ရုပ်ရုပ်။ ဣတိ၊ ဤသို့။ ယေဓမ္မာ၊ အကြင်တရားတို့သည်။ ဥပ္ပဇ္ဇေယျုံ၊ ဖြစ်ကုန်ရာ၏။ တေဓမ္မာ၊ ထိုတရားတို့သည်။ ဧတ္ထ၊ ဤခုနစ်ဘဝ၌။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ အတ္ထံ၊ ချုပ်ငြိမ်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ပဋိပဿမ္ဘန္တိ၊ ငြိမ်းချမ်းရကုန်၏။

(၆) ဤနံပါတ်၌ (၅)နံပါတ်က ပါဠိတော်ပင်၊ကျမ်းဂန်မှာ မဟာနိဒ္ဒေသ ပါဠိတော်။ ဤမျှသာထူး၏။ ပါဌ်အနက် ၅-နှင့်တူလှ၏။

(၇) အဠမံ ဘဝန္တိ ကာမဘဝေ အဠမံ ပဋိသန္ဓိ ။ ။သတ္တနိပါတ်အဋ္ဌကထာ။

အဋ္ဌမံဘဝန္တိ၊ အဋ္ဌမံဘဝံ ဟူသည်ကား။ ကာမဘဝေ၊ ကာမသုဂတိခုနစ်ဘုံ၌။ အဋ္ဌမံ၊ ၈စ်ကြိမ်မြောက်သော။ပဋိသန္ဓိ၊ မဟာဝိပါက် တိဟိတ်ပဋိသန္ဓေကို။

(၈) တယောပိ ဣမေ သောတာ ပန္နာ၊ ကာမဘာဝ ဝသေန ဝုတ္တာ၊ ရူပါရူပဘဝေပန ဗဟုကာပိ ပဋိသန္ဓိယော ဂဏှန္တိ။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။

တယောပိ၊ ၃-မျိုးလည်းဖြစ်ကုန်သော။ ဣမေသောတာပန္နာ၊ ခုနစ်ဘဝ နေသော သတ္တက္ခတ္တုပရမသောတာပန်၊ နှစ်ဘဝကစ၍ ခြောက်ဘဝအထိ နေသော ကောလံကောလ သောတာပန်၊ တဘဝသာနေသော ဧကဗီဇီ သောတာပန်တို့ကို။ကာမဘာဝဝသေန၊ကာမသုဂတိဘဝ၏ အစွမ်းအားဖြင့်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ရူပါရူပဘဝေပန၊ ရူပဘဝ အရူပဘဝ၌ ကား။ ဗဟုကာပိ၊ များစွာလည်းဖြစ်ကုန်သော။ ပဋိသန္ဓိယော၊ မဟာဂ္ဂုတ် ဝိပါက် တိဟိတ် ပဋိသန္ဓေတို့ကို။ ဂဏှန္တိ၊ ယူနိုင်ကုန်၏။

(၉) ယံပန နဘေ ဘဝံ အဋ္ဌမ မာဒိယန္တိတိ ဝုတ္တံ။ တံပိ ကာမာဝစရ ဘဝံယေဝ သန္ဓာယာဟ။ မဟဂ္ဂတဘာဝါနံ ပရိစ္ဆေဒေါ နတ္ထိတိ ဝဒန္တိ။ ။မဇ္ဈိမသင်္ဂဟအနုဋီကာ။

နဘေ ဘဝံ အဋ္ဌမမာဒိယန္တိတိ၊ နတေ ဘဝံ အဋ္ဌမ မာဒိယန္တိ ဟူ၍။ယံပန ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တံပိ၊ ထိုစကားသည် လည်း။ ကာမာဝစရ ဘဝံယေဝ။ ကာမာဝစရ သုဂတိဘဝကိုသာလျှင်။ သန္ဓာယ၊ ရည်စူး၍။ အာဟ၊ ဟောတော်မူပြီ။ မဟဂ္ဂတဘာဝါနံ၊ မဟဂ္ဂုတ် ဝိပါက်, ရူပ, အရူပဘဝတို့၏။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

(၁၀) သတ္တက္ခတ္တုံ သတ္တသုဝါရေသု ကာမသုဂတိယံ ပဋိသန္ဓိဂဟဏံ ပရမံ ဧတဿာတိ သတ္တက္ခတ္တုပရမော။ နပန အဋ္ဌမမာဒိကာမ ဘဝ ဂါမိတုမိပ္ပါယော။ ယံသန္ဓာယ ဝုတ္တံ နတေ ဘဝံ အဋ္ဌမ မာဒိယန္တိတိ။ ရူပသုဂတိဘဝံပန သတ္တဝါရတော ပရတ္ထိ ဂဏှတိတိ အာစရိယာ။ ။ဋီကာကျော်။

ဇေတဿ၊ ထိုသောတာပန်ပုဂ္ဂိုလ်အား။ သတ္တက္ခတ္တုံ၊ သတ္တသုဝါရေသု၊ ၇ ကြိမ်တို့၌။ကာမသုဂတိယံ၊ ကာမသုဂတိခုနစ်ဘုံ၌။ပဋိသန္ဓိဂဟဏံ၊ ပဋိသန္ဓေကိုယူခြင်းဟုဆိုအပ်သော။ ပရမံ၊ အဆုံးအပိုင်း၊အတိုင်းအရှည်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သော၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ သတ္တက္ခတ္တုပရမော၊ သတ္တက္ခတ္တုပရမ သောတာပန်မည်၏။ သတ္တက္ခတ္တုပရမော၊ ခုနစ်ကြိမ် အတိုင်းအရှည်ရှိသည်။ ပန၊ ဝစနတ္ထမှတပါး အဓိပ္ပါယ္ယတ္ထကိုပြဆိုဦးအံ့။ အဋ္ဌမာဒိ၊ ရှစ်ကြိမ်မြောက်ဘဝ အစရှိသော။ ကာမဘဝဂါမိ၊ ကာမသုဂတိ ခုနစ်ဘုံ၌ ဖြစ်တတ်သော အလေ့သဘောသည်။ နဟောတိ၊ မဖြစ်။ ဣတိ အယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ ဈေးဝစနတ္ထ—ပုဒ်ဝါကျ၏ အဓိပ္ပါယ်တည်း။ ယံဝစနံ၊ အကြင်ဆိုအပ်ပြီးသော အဓိပ္ပါယ်စကားသည်။ အတ္ထိ၊ ရှိ၏။ တံဝစနံ၊ ထိုဆိုအပ်ပြီးသော အဓိပ္ပါယ်စကားကို။ သန္ဓာယ၊ ရည်ရွယ်၍။ နတေဘဝံ အဋ္ဌမမာဒိယန္တီတိ၊ နတေဘဝံ အဋ္ဌမမာဒိယန္တိဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ရူပသုဂတိဘဝံ ၂ နှ၊ ရူပသုဂတိဘဝသို့ကား။ သတ္တဝါရတော၊ ၇-ကြိမ်ထက်။ ပရံပိ၊ အလွန်လည်း။ ဂစ္ဆတိ၊ ရောက်နိုင်၏။ ဣတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

(၁၁) ဝိသေသတောပနေတ္ထ ပဌမမဂ္ဂပည်ံ၊ တာဝ ဘာဝေတွာ မန္ဒာယ ဝိပဿနာယ အာဂတော မုဒိန္ဒြိယောပိ သတ္တက္ခတ္တုပရမောနာမ ဟောတိ၊ သတ္တသုဂတိဘဝေ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရောတိ။မဇ္ဈိမာယဝိပဿနာယ အာဂတော မဇ္ဈိမိန္ဒြိယောကောလံကောလောနာမ ဟောတိ။ ဒွေဝါ တီဏိဝါ ကုလာနိ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရောတိ။ တိက္ခာယ ဝိပဿနာယ အာဂတော တိက္ခိန္ဒြိယော ဧကဗီဇီနာမ ဟောတိ၊ ဧကညေဝ မာနုသကံ ဘဝံ နိဗ္ဗတ္တိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရောတိ။ ဒုတိယမဂ္ဂ ပညံ ဘာဝေတွာ သကဒါဂါမိနာမ ဟောတိ၊သကိံ-ဒေဝ ဣမံလောကံ အာဂန္တွာ ဒုက္ခဿန္တံ ကရောတိ၊ တတိယမဂ္ဂ ပညံ ဘာဝေတွာ အနာဂါမိနာမ ဟောတိ။ သော ဣန္ဒြိယဝေမတ္တတာ ဝသေန အန္တရာပရိနိဗ္ဗာယီ (လ) တတော ဥဒ္ဓံ ယာဝ စတုတ္ထမဂ္ဂပညံ ဘာဝေတွာ ကောစိ သဒ္ဓါဝိမုတ္တော ဟောတိ။ အကနိဋ္ဌဘဝါ အာရုပ္ပတတ္တပရိနိဗ္ဗာယီ (လ) အဂ္ဂ ဒက္ခိဏေယျော ဟော

တိတိ၊ ဖဲ အနေကာနိသံသာ အရိယပညာသဘာဝနာ။ ယသ္မာ တသ္မာ ကရေယျာထ ရတိံ တတ္ထ ဝိစက္ခဏာ။ ။ဝိဒ္ဓိမဂ် အဋ္ဌကထာ။ပညာဘာဝနာနိသံသနိဒ္ဒေသ။

ဝိသေ သတောပနှ၊ အထူး အားဖြင့် ကား။ ဧတ္တ၊ ဤ မဂ္ဂ သမ္ဗ ယုတ် လောကုတ္တရာပညာ ဘဝနာ ၄–ပါးတို့တွင်။တာဝ၊ ရှေးဦးစွာ။ပဌမ မဂ္ဂ ပညံ၊ သောတာပတ္တိမဂ်ပညာကို။ ဘာဝေတွာ၊ ပွါးစေ၍။ မန္ဒာဃ၊ နှံ့သော။ ဝိပဿနာယ၊ ဝိပဿနာ တရားဖြင့်။ အာဂတော၊ မဂ် ဖြစ်ပေါ်၍ လာ သော။ မုဒိန္ဒြိယောပိ၊ ရုန္ဒြေနှံ့သော သောတာပန် ပုဂ္ဂိုလ် သည်လည်း။ သတ္တက္ခတ္တုပရမောနာမ၊ သ တ္တ က္ခ တ္တု ပ ရ မ သော တာပန် မည်သည်။ ဟောတိ၊ဖြစ်၏။ သတ္တသုဂတိဘဝေ၊ ၇-ကြိမ်သော ကာမသုဂတိဘဝ၌။ သန္ဓာဝိတွာ၊ ပြေးသွား၍။ သံသရိတွာ၊ ကျင်လည်၍။ဒုက္ခဿန္တံ၊ ဝဋ်ဆင်းရဲ အဆုံးကို။ ကရောတိ၊ ပြုနိုင်၏။ မဇ္ဈိမာယ၊ အလတ်ဖြစ်သော။ ဝိပဿနာယ၊ ဝိပဿနာတရားဖြင့်။ အာဂတော၊ မဂ်ဖြစ်ပေါ်၍လာသော။ မဇ္ဈိမိန္ဒြိယော၊ ရုန္ဒြေ အလတ်ဖြစ်သော သောတာပန်သည်။ ကောလံကောလောနာမ၊ ကောလံကောလမည်သည်။ဟောတိ၊ဖြစ်၏။ ဒွေဝါကုလာနိ၊ ၂-ပါးသောအမျိုးတို့သို့ရင်း။တီဏိဝါကုလာနိ၊ ၃-ပါးသော အမျိုးတို့သို့ရင်း။ သန္ဓာဝိတွာ၊ ပြေးသွား၍။ သံသရိတွာ၊ ကျင်လည်၍။ ဒုက္ခဿန္တံ၊ ဝဋ်ဆင်းရဲအဆုံးကို။ ကရောတိ၊ ပြုနိုင်၏။ တိက္ခာယ၊ ထက်သော။ ဝိပဿနာယ၊ ဝိပဿနာတရား ဖြင့်။အာဂတော၊မဂ်ဖြစ်၍လာသော။တိက္ခိန္ဒြိယော၊ထက်သောရုန္ဒြေရှိသော သောတာပန်သည်။ ဧကဗီဇီနာမ၊ ဧကဗီဇီမည်သည်။ ဟောတိ၊ဖြစ်၏။ ဧကေ ဧဝ၊တကြိမ်သာလျှင်ဖြစ်သော။မာနုသကံ၊ လူ၌ဖြစ်သော။ဘဝံ၊ဘဝကို။ နိဗ္ဗတ္တိတွာ၊ ဖြစ်စေ၍။ ဒုက္ခဿန္တံ၊ဝဋ်ဆင်းရဲအဆုံးကို။ ကရောတိ၊ ပြုနိုင်၏။ ဒုတိယမဂ္ဂပညံ၊ သကဒါဂါမိမဂ်ပညာကို။ ဘာဝေတွာ၊ ပွါးစေ၍။ သကဒါဂါမိနာမ၊ သကဒါဂါမ်မည်သည်။ ဟောတိ၊ ဖြစ်၏။ သကိံ ဧဝ၊တကြိမ် သာလျှင်။ဣမံလောကံ၊ဤလူ့ဘုံသို့။အာဂန္တွာ၊လာ၍။ဒုက္ခဿန္တံ၊ဝဋ်ဆင်းရဲ အဆုံးကို။ ကရောတိ၊ ပြုနိုင်၏။ တတိယမဂ္ဂပညံ၊ အနာဂါမိ မဂ်ပညာကို။ ဘာဝေတွာ၊ပွါးစေ၍။အနာဂါမိနာမ၊ အနာဂါမ်မည်သည်။ ဟောတိ၊ဖြစ်၏။ သော၊ ထိုအနာဂါမ်ပုဂ္ဂိုလ်သည်။ ဣန္ဒြိယဝေမတ္တတာဝသေန၊ ရုန္ဒြေအပိုင်း အခြားရှိသည်၏ အဖြစ်၏အစွမ်းအားဖြင့်။ အန္တရာပရိနိဗ္ဗာယီ၊ အန္တရာ ပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ်ရင်း။ (လ)တတော၊ ထိုဖြစ်ရာသုဒ္ဓါဝါသဘုံမှ။

ဥဒ္ဒိ၊ အထက်၌။ ယာဥ်အကနိဋ္ဌဘဝါ၊ အကနိဋ္ဌဘုံတိုင်အောင်။ အာရုယှ၊ တက်၍။ တတ္ထ၊ ထိုအကနိဋ္ဌဘုံ၌။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြုံ၏။ စတုမဂ္ဂပညာ၊ အရဟတ္တမဂ်ပညာကို။ ဘာဝေတွာ၊ ပွါးစေ၍။ ကောဗိ၊ တစုံတယောက်သော ရဟန္တာသည်။ သဒ္ဓါဝိမုတ္တော၊ သဒ္ဓါပြဓာန်းသည်ဖြစ်၍ ကိလေသာမှ လွတ်သည်။ ဟောတိ၊ ဖြစ်၏။ (လ) အဂ္ဂဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံယူခြင်းငှါထိုက်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိအယံ၊ ဤသည်ကား ပညာ ဘာဝနာကို ပွါးခြင်း၏အကျိုးကိုဆိုသောစကားရပ် အပြီးသတ်တည်း။ ဧဝံ၊ ဤသို့။ အရိယပညာယ၊ အရိယပညာ၏။ ဘာဝနာ၊ ဘာဝနာတရားတို့သည်။ ယသ္မာ၊အကြင်ကြောင့်။ အနေကာနိသံသာ၊ တပါးမကများလှသောအကျိုးရှိ ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဝိစက္ခဏော၊ အသူးသဖြင့်သိမြင်ဆင်ခြင်နိုင် သောပညာရှိသည်။ တတ္ထ၊ ထိုပညာဘာဝနာကိုပွါးရာ၌။ ရတိံ၊ နှစ်သက် မွေ့လျော် ပျော်ရွှင်ခြင်းကို။ ကရေယျာထ၊ ပြုကုန်ရာ၏။

(၁၂) ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းတို့ဖြင့် သတ္တက္ခတ္တုပရမသောတာ ပန်စသည်တို့ကို ဟောတော်မူရခြင်းကိုမူကား မဂ္ဂါနုဘာဝ မဂ္ဂါနိသံသ၊ ဝိဘေသတို့ကို ပြခြင်းငှါသာလျှင် ဟောတော်မူသည်ဟု စင်စစ်မှတ်အပ် ရာသတည်း။ ဆိုမှကပါး။(အဘဗ္ဗော အန္တရာ ခမ္မံ အဘိသမေတုန္တိ နဟောဝံ ဝတ္တဗ္ဗံ) ဟူ၍၎င်း (အဘဗ္ဗော အန္တရာခမ္မံ အဘိသမေတုန္တိ အာမန္တာ) ဟူ၍၎င်း၊ ကထာဝတ္ထုပါဠိတော်၌ သတ္တက္ခတ္တုပရမ သောတာပန်သည် ခုနစ်ဘဝအကြား အရဟတ္တဖိုလ်သို့ရောက်ခြင်းငှါ မထိုက်ကောင်းသလော ဟူသောပုစ္ဆာကို အဘဗ္ဗဖြစ်ကောင်းသော အနန္တရိယကံမရှိ အနန္တရိယ ပုဂ္ဂိုလ်မဟုတ်သောကြောင့် ဘဗ္ဗပုဂ္ဂိုလ်၏အဖြစ်ကိုရည်ရွယ်၍ နဟောဝံ ဝတ္တဗ္ဗံဟု–ပဋိက္ခေပဝိသဇ္ဇနာဖြင့် ဖြေ၏။ ပစ္စယဝိသေသမရှိ၊ ပကတိ မုဒိန္ဒြိယဖြစ်၍ ဘုသံပမတ္တ ပမာဒဝိဟာရီဖြစ်သော သတ္တက္ခတ္တုပရမဟု မှတ်အပ်သော သောတာပန်ကိုသာရည်ရွယ်၍ ခုနစ်ဘဝအကြား အရဟတ္တ ဖိုလ်သို့ ရောက်ခြင်းငှါ မထိုက်သောကြောင့် အာမန္တာဟု– ပဋိညာတ ဝိသဇ္ဇနာဖြင့်ဖြေ၏။

သတ္တက္ခတ္တုပရမော၊ သတ္တက္ခတ္တုပရမသောတာပန်သည်။ အန္တရာ၊ ခုနစ်ဘဝမပြည့်မီအကြား၌။ ဓမ္မံ၊ အရဟတ္တဖိုလ်တရားကို။ အဘိသမေတုံ၊ ပိုင်းခြားထိုးထွင်း၍ သိမြင်ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်,မသက်ကောင်းပါ သလော။ ဣတိပုစ္ဆာယံ၊ ဤသို့သောအမေးသည်။ သတိ၊ ရှိခဲ့သော်။ ဧဝံ၊ ဤသို့။

နပဋိဝဇ္ဈတ္တေ၊ မဆိုအပ်ပါ။ ဣတိ၊ ဤသို့။ ဝိသဇ္ဇနာ၊ အဖြေသည်။ ဟောတိ၊ ဖြစ်၏။ ။သ တ္တ က္ခ တ္တု ပ ရ မော၊ သတ္တက္ခတ္တုပရမသောတာပန်သည်။ အန္တရာ၊ ခုနစ်ဘဝမပြည့်မီအကြားဝယ်၌။ ဓမ္မံ၊ အရဟတ္တဖိုလ်တရားကို။ အဘိသမေတုံ၊ပိုင်းခြားထိုးထွင်း၍သိခြင်းငှါ။ အဘဗ္ဗော၊ မထိုက်ကောင်းသည် မဟုတ်ပါလော။ ဣတိပုစ္ဆာယ၊ ဤသို့သောအမေးသည်။ သတိ၊ ရှိခဲ့သော်။ အာမန္တာ၊ မထိုက်, မသက်ကောင်းသည်ကားမှန်ပေ၏။ ဣတိ၊ ဤသို့။ ဝိသဇ္ဇနာ၊အဖြေသည်။ဟောတိ၊ဖြစ်၏။ ။ဤကားအနက်တည်း။

(၁၃) အဘဗ္ဗော အန္တရာတိပဉ္စေသု အာနန္တရိယဘာဝံ သန္ဓာယ ပဋိက္ခိပတိ၊ သတ္တက္ခတ္တုပရမံ သန္ဓာယ ပဋိဇာနာတိ။ ။ကထာဝတ္ထု အဋ္ဌကထာ။

အဘဗ္ဗော အန္တရာတိပဉ္စေသု၊ အဘဗ္ဗောအန္တရာဟူသော အမေးပဉ္စာ ပြဿနာတို့၌။ အာနန္တရိယဘာဝံ၊ အနန္တရိယကံမရှိသည်၏ အဖြစ်ကို။ သန္ဓာယ၊ရည်၍။ ပဋိက္ခိပတိ၊ပယ်၏။ သတ္တက္ခတ္တုပရမံ၊ ခုနစ်ကြိမ်ပဋိသန္ဓေ အတိုင်းအရှည်ရှိသော သောတာပန်ကို။ သန္ဓာယ၊ ရည်၍။ ပဋိဇာနာတိ၊ ဝန်ခံ၏။ ။ဤကားအဋ္ဌကထာ၏အနက်တည်း။

(၁၄) အနန္တရိယကံမရှိ၊ အနန္တရိယပုဂ္ဂိုလ်မဟုတ်သောကြောင့် ဘဗ္ဗပုဂ္ဂိုလ်ဖြစ်သော်လည်း ပစ္စယဝိသေသမရှိ။ ပကတိမုဒိန္ဒြိယအတိုင်းသာ ဘုသံပမတ္တ၊ ပမာဒဝိဟာရီဖြစ်၍ သတ္တက္ခတ္တုပရမဟူ၍ ဟောအပ်သော ပုဂ္ဂိုလ်အား ခုနစ်ဘဝအတွင်း အရဟတ္တဖိုလ်သို့မရောက်။ ခုနစ်ဘဝ စေ့မှသာရောက်ရာ၏။ ပစ္စယဝိသေသရှိမူကား မုဒိန္ဒြိယတို့သည်လည်း တိက္ခိန္ဒြိယအဖြစ်သို့ ရောက်တတ်ကုန်၏။ ထို့ကြောင့် ဘဗ္ဗဟုဆိုအပ်ပါသည်ဟုလို။

ယော ဘဂဝတာ ဉာဏဗလေန ဗျာကတော တဿ အန္တရာ အဘိသမယောနာမ နတ္ထိ။တထာပိ ဘာဝနိယာမဿ ကဿစိ အဘာဝါ ဘဗ္ဗောတိ ဝုစ္စတိ။ (လ) အဘဗ္ဗတာကရဓမ္မာဘာဝတောစေတ္တ အဘဗ္ဗတာ ပဋိသေဓိတာ၊ နပနအန္တရာ အဘိသမေတုံ ဘဗ္ဗတာ ဝုတ္တာ။ ။ကထာဝတ္ထု မူလဋီကာ။

ယော၊ အကြင်သတ္တက္ခတ္တုပရမသောတာပန်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဉာဏဗလေန၊ ဉာဏ်တော်၏အစွမ်းအားဖြင့်။ ဗျာက

တော၊ ဟောကြားတော်မူအပ်၏။ တသ၊ထိုသက္ကာယဒိဋ္ဌိ ပရမသောတာပန်အား။ အန္တရာ၊ ခုနစ်ဘဝမပြည့်မီအကြား၌။ ဓမ္မံ၊ အရဟတ္တဖိုလ်တရားကို။ အဘိသမေဿယာနာမ၊ ပိုင်းခြားထိုးထွင်း၍ သိမြင်နိုင်ခြင်းမည်သည်။ နတ္ထိ၊ မရှိပါ။ တထာဟိ၊ ထိုသို့ပင်မရှိသော်လည်း။ ဘာဝနီယာမဿ၊ ခုနစ်ဘဝကို အမြဲမှတ်သား တတ်သော။ ကာလဿ၊ တစုံတခုသော သဘောတရား၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ ဘဗ္ဗာတိ၊ သိထိုက်သော ဘဗ္ဗပုဂ္ဂိုလ်ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ (လ) စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤသက္ကာယဒိဋ္ဌိ ပရမသောတာပန်၏ ဘဗ္ဗအဖြစ်, အဘဗ္ဗအဖြစ်ကို ဆိုရာ၌။ အဘဗ္ဗတာကာရဓမ္မာဘာဝတော၊ မသိထိုက်သော အဘဗ္ဗပုဂ္ဂိုလ်၏အဖြစ်ကို ပြုတတ်သော သဘောတရား၏မရှိခြင်းကြောင့်။အဘဗ္ဗတာ၊မသိထိုက်သော အဘဗ္ဗပုဂ္ဂိုလ်၏ အဖြစ်ကို။ ပဋိသေဓိတာ၊ တားမြစ်အပ်၏။ အန္တရာ၊ ခုနစ်ဘဝမရမီအကြား၌။ ဓမ္မံ၊အရဟတ္တဖိုလ်တရားကို။ အဘိသမေတုံ၊ ပိုင်းခြားထိုးထွင်း၍ သိမြင်ခြင်းငှါ။ ဘဗ္ဗတာ၊ ထိုက်သက်သော ဘဗ္ဗပုဂ္ဂိုလ်၏အဖြစ်ကို။ နပနဝုတ္တာ၊ ဟောကားမဟောအပ်။ ။ဤကား ကထာဝတ္ထုမူလဋီကာ၏ အနက်တည်း။

## လူပြိန်းသိဖြေပြီး သေသေချာချာမှတ်ကြပါ

ဝိပဿနာဉာဏ်ရသူများလဲ ၇—ဘဝ အဆုံး၊ ရဟန္တာဖြစ်၊ နိဗ္ဗာန်ရရှိ။
သောတာပန်အညံ့ဆုံးလဲ ၇-ဘဝ အဆုံး၊ ရဟန္တာဖြစ်၊ နိဗ္ဗာန်ရငို့။
နိယတ ဂတိ က သာ တည်း။ (အနိယတ ဖြစ်ဘို့ အချိန် မရတော့ပြီ)
(၁) ကား ဝိပဿနာဉာဏ်ဘို့ (၂-၁၄) တို့ကား မဂ်ဉာဏ်-ဘို့ခွဲ၍ပြပါသည်။

## ဒုတိယပုဇ္ဇာ ဝိသဇ္ဇနာ

အချို့က ဝိသုဒ္ဓိ ၇—ပါး၌ ၇-ဆင့်ရောက်မှ နိဗ္ဗာန်ရွာပါတယ်။ မဂ်ရမှ နိဗ္ဗာန်ရွာပါတယ်ဟု ဆိုကြ၏။ ဟုတ် မဟုတ် အချို့ကလဲ ဉာဏ်စဉ် ၁၆—ပါး၌ ၁၄-ဆင့်ရောက်မှ နိဗ္ဗာန်ရွာပါတယ်ဟုဆိုကြ၏။ ဟုတ်မဟုတ် အတိအကျ သိလိုလှပါသည် အရှင်ဘုရား။

(၁၅) ဖြေပါပြီ။ ။ဝိသုဒ္ဓိ ၇-ပါးကိုပါဠိအနက်, သဘောအဓိပ္ပါယ်နှင့် ကြည့်မိတော့ ၃—ဆင့်မြောက်၌(ဒိဋ္ဌိဝိသုဒ္ဓိ) ဟူ၍တွေ့ ရလေသည်။(နိဗ္ဗာန်ရွာသောနေရာတည်း)

| သီလ | စိတ္တ | ဒိဋ္ဌိ | ကင်္ခါ | မဂ္ဂါ | ပဋိ | ဉာဏ |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | | ဒိဋ္ဌိကွာ | ကွာ | ကွာ | ကွာ | ကွာမဂ်ရ |

ဤ၌ သုံးဆင့်ကစ၍ ဒိဋ္ဌိကွာတာပါဘဲ။ (ဒိဋ္ဌိ)က အများတဲ့ (ဝိသုဒ္ဓိက) စင်ကြယ်တာတဲ့၊ ပေါင်းလိုက်သော (ဒိဋ္ဌိဝိသုဒ္ဓိ) အများစင်ကြယ်တာ၊ ဒိဋ္ဌိခွါတာ၊ ဒိဋ္ဌိကွာတာ၊ ပြုတ်ထာ၊ ချုပ်ထာ၊ငြိမ်းတာ၊ပျောက်တာ၊ ကင်းတာ ဟူ၏။

## (၁၆) ဉာဏ်စဉ် ၁၆–ပါး၌ ကြည့်ပါဦးတော့

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နာ | ပ | သံ | ဥ | ဘ် | ဘ | အာ | နိ | မု | ပ | သ် | နု | ဂေါ | မ | ဖ | ပ |
| ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ |

ဤဉာဏ်စဉ် ၁၆–ပါး၌လည်း (၁၄) ဆင့်မဂ်ကိုရမှ ကွာတာမဟုတ်ဘဲ အစကနဦး ဖြစ်သော (နာမရူပ ပရိစ္ဆေဒဉာဏ်) ကစ၍ သက္ကာယဒိဋ္ဌိ ကွာကွာလာတာဟာ ၁၄–ဆင့်ရောက်တော့ အရိပ်မျှ အငွေ့မျှမရှိတော့ ပါဘူးတဲ့။

(၁၇) သာခကမှာ နံပါတ် (၁)ပါဠိ (နာမရူပ ပရိစ္ဆေဒေန သက္ကာယ ဒိဋ္ဌိယာ ပဟီနံ ဟောတိ။)စသည်ဖြင့် နိကာယအဋ္ဌကထာ ငါးကျမ်းစလုံး၌ ပါရှိ၍နေပါသည်။ ဉာဏစာဂီ ဘဏ်တိုက် ကျမ်းကြီး၌ ကြည့်ပါလျှင် သာခကပေါင်း ပဋ္ဌမ၌ (၆၀) ဒုတိယ၌ (၇၈) အညွှန်းပါ ပုံစံပါထဲ့ပြရလျှင် ပါဠိပေါင်း (၅၀၀) ကျော်လိမ့်မည်။

(၁၈) ပါဠိပုံစံတခု ပြမည် ကြည့်ပါဦး။ ။နံပါတ် (၂) ပါဠိ။

(ဧဝံ နာနာနယေဟိ နာမရူပံ ဝဝတ္ထာပယတော သတ္တသညံ အဘိဘဝိတွာ အသမ္မောဟဘူမိယံ ဌိတံ နာမရူပါနံ ယာထာဝ ဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ)။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ဒု–အုပ်။ နံ (၂၀၈) ကြောင်း (၉)

ရုပ်နှင့်နာမ်ကို သူ့သဘော အတိုင်း တွေ့လျှင် မြင်လျှင် အများ စင်ကြယ်၍ ဒိဋ္ဌိ ဝိသုဒ္ဓိဖြစ်ရပါပြီတဲ့။ ဒိဋ္ဌိကွာပါပြီတဲ့။ ။ဒိဋ္ဌိကွာလျှင် အပါယ်သို့ မကျရဘူးဟူ၍ ပါဠိ (၁၇) ပုဒ်။ ထုတ်၍ ပြခဲ့လေပြီ။ ဘဏ်

တိုက်ကြီး အစဉ်ပင် ဖြန့်ကြည့် ကြပါကုန်။ (၂) နံပါတ် ပါဠိကား ရူပဝိဘာဂအဋ္ဌကထာ၊ နံ (ဂ၀)ကြောင်း (၁၁) ၌လည်းပါရှိ၏။

(၃) ၁၉–နံပါတ် အထဝါ ဒိဋ္ဌိယောနာမ ဝိပဿနာယဝေ ပဟီနာဟောတိ။ ။ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ။
ဝိပဿနာညာဏ်ဖြင့်သာလျှင် ဒိဋ္ဌိခွါပါသတဲ့ဗျား

(၄) ၂၀–တဏှာသံကိလေသော သမထေန ဝိသုဇ္ဈတိ(ဒိဋ္ဌိသံကိလေသော ဝိပဿနာယ ဝိသုဇ္ဈတိ) ဒုစ္စရိကသံကိလေသော သုစရိတေန ဝိသုဇ္ဈတိ။ ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။

(၅) ၂၁–ဝိပဿနာယ ဒိဋ္ဌိဥဿန္နံ မာနသမုဿန္နံ နိကန္တိ ပရိယာဒါန ဟောတုတာယ ဝိသေသတော ပဋိပက္ခေန အသံဟီရ အသံကုပ္ပနဟေတု ဘူတာ ပရိဗြူဟနာ ဟောတိ။ ။နေတ္တိဋီကာ ဟောင်း (၁၁၉)(၂ဂ်း)ပြည်မူ။

(၆) ၂၂-ဒိဋ္ဌိသံကိလေသော ဝိပဿနာယ ဝိသုဇ္ဈတိ။ သာဝိပဿနာ ပညာက္ခန္ဓော။ ။နေတ္တိပါဠိတော်။

**အမှာစကားချပ်။** ။ဥာဏ်စာဂီဘဏ်တိုက်ကြီး ကျမ်း၌ နံပါတ် (၁၃၃) အခဏ်း (၁၁၄) ကစ၍ သာဓကတွေပြပြလာလိုက်ထာ နံပါတ် (၁၀၁) အထိ ပါဠိစုံ (၅၀၀)ကျော်မည်။ ဝိပဿနာဖြင့်သာလျှင် ဒိဋ္ဌိခွါတာ သိကြပါ။ ၁–၂ ၃–၄–၅–၆-ပါဠိကလည်းဝိပဿနာဖြင့် ဒိဋ္ဌိခွါတာပါသဲ၊ မဂ်ရမှ ဒိဋ္ဌိကွာတယ်ဆိုတာ မဟုတ်နိုင်၊ကွာပြီးပါသဲ၊ ဒိဋ္ဌိကွာလျှင် အပါယ် မကျနိုင်ပါဠိ(၁၇)ပုဒ်၊ဘဏ်တိုက်ကြီးနံပါတ်(၁၂၃)ကြောင်းရေ(၆)ကစ၍ (၁၇) ပုဒ်ပြပြီ။

## (၃၇၉) မဟာသောတာပန်အတွက်ဟောသည်းပုံ

တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယဏော။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။နံ(၅၀)၌ရှိ၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်။ နံ(၂ဂ၇)၌ရှိ၊ ဒသအင်္ဂုတ္တိုရ်ပါဠိတော်၊ နံ(၃ဂ၀)၌ရှိ၊ မဟာပရိနိဗ္ဗာန သုတ်ပါဠိတော် (၆၉)၌ရှိ၊ နေတ္တိပါဠိတော် နံ(၁၃၇)ကြောင်း(၁၅)၌ရှိ

အသီးအသီးပါရှိပါသည်။ ဤကား မဟာသောတာပန်အတွက်ဖြစ်သော သာဓကပါဠိဖြစ်ပါသည်။

## (၄၅၀) ရုဋ္ဌသောတာပန်အတွက်ဖွင့်ထားပုံကား

ဆုမိနာပန ဉာဏေန သမ္ပန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော ဇူဋ္ဌသောပန္နော နာမ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

တဿ တဏ္ဍ သုခိနော ဓမ္မပဒါနိ ပလဝဍ္ဍိ၊ဒန္တော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါ သောသတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ အဿ။ ။စတုကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်။

စတ္တာရောအရိယသာ၊ အာစာရအရိယော ဒဿနအရိယော လိင်္ဂအရိယော ပဋိဝေဓအရိယောတိ။ ။တိလမုဋ္ဌိဇာတ်အဋ္ဌကထာ၊ ဘာဏ်တိုက်ကြီး၌ ဖ ၄-ပုဒ်ကျန်ရှိ၏။

## (၄၅၁) မဇ္ဈိမသောတာပန်ကိုမူကား ဓိဂပဒဝလဌ္ဌနနည်းဖြင့်ပါဠိ ကြည့်၍သိရ၏။

| | | |
|---|---|---|
| နာမ၊ ပစ္စယ | သံ၊ဥ-ဘ်-ဘ-အာ-နိ-မု-ပ-သ်-နု-ဂေါ | မဂ်-ဖိုလ်ပစ္စဝေက် |
| ၂-ဉာဏ်ဒိဋ္ဌိကွာ | တဆဲ့တဉာဏ်ဒိဋ္ဌိ ၁၁-ခါကွာ | ၃ ဉာဏ်ဒိဋ္ဌိ၃-ခါကွာ |
| ဇူဋ္ဌသောတ.ပန် | မဇ္ဈိမသောတာပန် | မဟာသောတာပန် |

ဤပါဠိသာဓကများနှင့် ဤပုံစံကိုမြင်ရုံနှင့် ပညာရှိတို့ဉာဏ်ရှိ၍၊ အမှန်သိရလတ္တံ့။မဟာသောတာပန်ပါဠိ၏အနက်ကား တိဏ္ဏံ သံယောဇနာနံ၊သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသဟူကုန်သော ၃-ပါးကုန်သော သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခန်းချုပ်ငြိမ်းခြင်းကြောင့်။သောတာပန္နော၊ မြင့်ရာ, မြတ်ရာသို့သာလျှင် တဖြောင့်တည်းဆန်တက်နိုင်သော သီလ, သမာဓိ, ပညာ ဟူသော ဓမ္မသောတကြီး၊ မြင့်မြတ်သောဘုံစဉ်စံ၊ ပဋိသန္ဓေအစဉ်ဟူသော ဘဝသောတကြီး၊ ဘောဂသမ္ပတ္တိ အမြဲရသော သမ္ပတ္တိသောတကြီးသို့အစဉ်းစွာရောက်သော သောတာပန်သည်။ဟောတိ၊ ဖြစ်၏။ အဝိနိပါတဓမ္မော၊ ဝိနိပါတဘေးကြီးမှ အပြီးတိုင် ကင်းလွတ်လေပြီ။ ဝါ၊ ပျက်စီး၍ကျခြင်းသဘောမရှိသည်။ ဟောတိ၊ ဖြစ်၏။ နိယတော၊

ဘာ၁အဆက်ဆက် ကမ္ဘာအဆက်ဆက် မပျက်ကွက်ဘဲ အစဉ်မြဲသော သီလ, သမာဓိ, ပညာနှင့် ပြည့်စုံ၏။ သမ္မောဓိပရာယဏော၊ အထက် မဂ်ဖိုလ်သာလျှင် လိုခါရကြောင်း မတိမ်းမစောင်းနိုင်သော လည်းလျောင်း ရာ၍ရှိပေ၏။

## ဒါတွေကိုဖြတ်နိုင်ရင် သောတာပန်ဘဲတဲ့

| | |
|---|---|
| ၁—သက္ကာယဒိဋ္ဌိကြီးကို ဖြတ်နိုင်လျှင် | သောတာပန်ဘဲတဲ့ |
| ၂—ဝိကိစ္ဆာကြီးကိုဖြတ်နိုင်လျှင် | ။ |
| ၃—သီလဗ္ဗတပရာမာသကိုဖြတ်နိုင်လျှင် | ။ |
| ၄—ဝိနိပါတဘေးကြီးကိုဖြတ်နိုင်လျှင် | ။ |
| ၅—အနိယတဘေးကြီးကိုဖြတ်နိုင်လျှင် | ။ |
| ၆—သမ္မောဓိပရာယဏ၊ဘွဲ့ကြီးယူနိုင်လျှင် | သောတာပန်ဘဲတဲ့ |

အဲဒါဟာ ဘုရားဟောပါဠိတော်ကြီး၏ ကောက်ချက်ကြီးပါဘဲ။

(၁) သက္ကာယဒိဋ္ဌိကို ဖြတ်နိုင်လျှင် သောတာပန်ဘဲဆိုတာကတော့ ဝိပဿနာတရားကို အားလည်းမထုတ်ကြဘဲ အကယ်၍အားထုတ်ပြန် တော့လဲ ပညတ်ရုပ်၊ပညတ်နာမ် ၁၇–မျိုးနှင့်ဂုဏ်မှရသောဉာဏ်စဉ် ၁၀- ပါးနှင့်ပြီး၍နေခြင်း ဒီလို အစစ်အမှန်မဟုတ်တော့ရုပ်ကိုလဲမတွေ့ကြ၊နာမ်ကို လဲမတွေ့ကြခန္ဓာ, အာယတန, ဓာတ်,သစ္စာ, ပဋိစ္စသမုပ္ပါဒ်ကိုလဲ လက်တွေ့- ကိုယ်တွေ့- ဒိဋ္ဌတွေ့သဘောဖြင့် မရမရှိကြဘဲ ယောင်တိ,ယောင်တနှင့် အချိန်ကုန် လွန်ကြသော သာသနာတော် အတွင်း အပ လူတစု တို့ ကား သက္ကာယဒိဋ္ဌိရောဂါဆိုးကြီးယှဉ်တွဲကပ်ငြိခြင်းခံနေရသော ဂိလာနရောဂါ သည် လူမမာတို့သာတည်း။

ဝိပဿနာကိုအားထုတ်ကြ၏။ အားထုတ်တော့လဲ (တရားရှာ,ကိုယ်မှာ တွေ့+လမ်းဆုံးတော့ရွာရောက်)ဆိုတဲ့ ထွက်လမ်းစဉ်အတိုင်း ခန္ဓာကိုယ် ကြီးထဲမှ တစက္ကန့်လျှင် ကုဋေတသိန်းမက တွေ့ရတဲ့ ရုပ်ကလာပ်တွေ ပေါ်တိုင်းသိသိနေတဲ့ နာမ်ကုဋေတသိန်းတွေဂုဏ်ရုပ်ကလာပ်တွေ ခြားခြား နေတဲ့ အာကာသကုဋေတသိန်းတွေ၊ပြခဲ့ပြီးသော ရုပ်နာမ်ကုဋေတသိန်းတို့ ဟာ ပြို၍ပြို၍ စု၍စု၍ ပျက်ပျက်နေတဲ့အနိစ္စတွေ ဂုဏ်ရုပ်နာမ်တွေ သေသေ နေတဲ့ ကုဋေတသိန်းမက ဒုက္ခတွေ၊ ဂုဏ်ရုပ်နာမ်တွေ ကုဋေတသိန်းမက ချို၍ ပျက်ပျက်နေတာကို တားမရ,ဆီးမရ,ဆွဲမရ,ယူမရတဲ့ အနတ္တတွေကို

ပရမတ္ထနယ်သို့ ရောက်အောင် လက်တွေ့ဒိဋ္ဌ စိတ်ချရအောင် နေရာဌာနနှင့် ဆွေ့ရခြင်း၊ အကြီးအငယ် အရွယ်ပမာဏ နယ်အတွင်း၌တွေ့ရခြင်း၊ ပုပုဒ္ဒွေး၊ ရွရွ၊ဖြန်းဖြန်းစသော အမျိုးအစားသဘာဝနှင့်တွေ့ရခြင်း၊ ကိုယ်တွေ့ပြီးမှ ပေါ်တဲ့အသိဉာဏ်တို့ကြောင့် အဋ္ဌဒိဋ္ဌိ(၂၆)ပါးကွာ၍အနတ္တသမ္မာဒိဋ္ဌိ ၂၆-မျိုးရရှိပါသောကြောင့်။ (မှားအောင်ဖုံးလွှမ်းနေတဲ့ အဝိဇ္ဇာရန်သူကြီးမှ ၎င်း၊မှားယူထားတဲ့ သက္ကာယဒိဋ္ဌိ ရန်သူကြီးမှ၎င်း) လွတ်မြောက်ရပါတော့သည်။ ဤလို အဝိဇ္ဇာနှင့် သက္ကာယဒိဋ္ဌိကို ခွါနိုင်၍ သောတာပန်ဟုခေါ်ရတော့သည်။

(၂)ဝိစိကိစ္ဆာကြီးကိုဖြတ်နိုင်လျှင် သောတာပန်ဆိုတာကတော့ ၁-နံပါတ်တွင်အကျယ်ချဲ့ခဲ့ပြီးသည့်အတိုင်း ရုပ်စစ်စစ်,နာမ်စစ်စစ်ကို မတွေ့ရသဖြင့် ရုပ်ဘာရား၌ ဟိုလိုလို ဒီလိုလိုဖြစ်ရခြင်း ၁၇-ပါးသော ပညတ် ရုပ် နာမ်မျိုး၌လည်း ဟိုဟာကကောင်းနိုးနိုး၊ သည်ဟာက ကောင်းနိုးနိုးဖြစ်၍စကားပုံမှာ(ပိုးသာကုန် မောင်ပုံ-စောင်းမတတ်) ဟူသကဲ့သို့ အချိန်ကုန်, နာရီကုန်, ရက်ကုန်,လကုန်, နှစ်ကုန်, ဘဝကုန်, ကပ်ကုန်, ကမ္ဘာကုန်နှင့် အရှုံးသာ အဖတ်တင်ခံခဲ့ရလေသည်။သို့လောသို့လောတွေ ဒွိဟာတွေ၊ သံသယတွေ ယုံမှားခြင်းတွေ မပျောက်သေးပါ။ ရုပ်နာမ်နှင့်စမ်မိတိုင်း စပ်မိတိုင်းပင် ဟိုလိုလို သည်လိုလိုသာဖြစ်၍နေဘတ်ပေသည်။ယုံမှားခြင်း ၁၆-ပါးလည်း မကင်းသေးပါ။ယုံမှားခြင်းရှစ်ပါးလည်း မပျောက်သေးပါ။ ဝိစိကိစ္ဆာနှင့်သာ နေရ၊သေရ၊ရှာတော့၏။

ဝိပဿနာအားထုတ်၍ အဟုတ်ကို အမှန်အကန် တွေ့ရသောယောဂီ၌ မူကား ခန္ဓာကိုယ်ထဲမှ အသားထဲမှ ပရမတ်ကိုတွေ့ရကတဲကပင် (၁) ကလာပ် ကုဋ္ဌေတသိန်း (၂) အာကာသ ကုဋ္ဌေတသိန်း (၃) အနိစ္စကုဋ္ဌေ တသိန်း (၄) ဒုက္ခကုဋ္ဌေတသိန်း(၅)အနတ္တကုဋ္ဌေတသိန်းတို့ကို တွေ့ခဲ့ပေရာ ဘယ်ယုံမှားခြင်းမျှမရှိ။ ဘယ်သံသယမျှမရှိ။ ဘယ်ဒွိဟာမျှမရှိ။ ဘယ်နှလုံးနှစ်ခွမျှမရှိ။ ဘယ်သို့လော သို့လောမျှမရှိ။ ဘယ်ဝိစိကိစ္ဆာမျှမရှိ။ယုံမှားခြင်း ၁၆-ပါးတို့ ရှစ်ပါးတို့ကင်းပြတ်၍ ဒါဘဲရုပ်, ဒါဘဲနာမ်, ဒါဟာအနိစ္စ၊ ဒါကတော့ဒုက္ခ၊ ဒီဟာတော့ အနတ္တဘဲဟု-ကိုယ်တွေ့ဖြင့်၎င်း၊ (သိ-ပယ် ဆိုက်-ပွါး) ကိစ္စလေးပါးဖြင့်၎င်း ဆုံးဖြတ်ယုံကြည် စိတ်၍ချ နေပေတော့သည်။ ဤလိုဝိစိကိစ္ဆာကို ဖြတ်၍ သောဘာပန် ဇာတ်သို့ ရောက်ရှိရပါတော့သည်။

(၃) သီလဗ္ဗတပရာမာသကို ဖြတ်နိုင်လျှင် သောတာပန်ဘဲ ဆိုရာ၌ အဖြေကား (သီလ— အလေ့ + ဝတ-အကျင့် + ပရာမာသ— မှားယွင်းပြီး သုံးသပ်ထာ) ဆိုလိုရင်းကား မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်စေနိုင်သော တိတ္ထိတို့သီလမျိုး၊ လောကီသီလမျိုး၊မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်စေနိုင်သော တိတ္ထိတို့အကျင့်မျိုး၊လောကီအကျင့်မျိုး၊ပြခဲ့ပြီးသော သီလမျိုး အကျင့်မျိုး တို့ကို အားကိုး ပြီးတော့ ဒီသီလမျိုး ဒီအကျင့်မျိုးမှသာလျှင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေ နိုင်သည်ဟု-အယူမှား အသိမှား အမြင်မှားပြီး ကျင့်ကြံကာနေ ကြသော တိတ္ထိများနှင့် သူတို့၏တပည့် ဒကာတွေ။ထို့ပြင် လောကီအလုပ် အားထုတ် နေကြသူများနှင့် တပည့်လက်သား တွေဟာ (သီလဗ္ဗတ ပရာ မာသ)သံယောဇဉ်ဖြင့် ဖွဲ့ယှဉ်ခြင်းခံရသော ပုထုဇဉ် အန္ဓတို့သာတည်း။ဤ သီလဗ္ဗတပရာမာသ သံယောဇဉ်ဖြင့် ဖွဲ့ယှဉ်လျက် ချည်မိ,တုပ်မိ, ချုပ်မိ သော သူများကို ဥပမာပြရပါလျှင်—

(၁) ထောင်ကျသော အကျဉ်းသားတွေ (၂) လှောင်ချိုင့် မိသော ငှက်တွေ (၃) တိုင်၌ အချည်ခံရသော နွား ကျွဲတွေ (၄) မြှံလှောင်ခြင်း ခံရ သော သမင်၊ ဒရယ်ချေငယ်ဒိုင်ဆတ်၊ ဖွတ်ပုတတ်တွေ (၅)ဇောင်းသွင်းခြင်း ခံရသောမြင်းတွေ မြည်းတွေ (၆)ထုံးခတ်ခြင်းခံရသော ဆင်တွေ၊ဟိုင်းတွေ (၇) မြွေကိုက်ခြင်းခံရသော ဖါးတွေ (၈) မိကျောင်းဟပ်မျိုခြင်းခံရသော လူတွေ (၉) ဂဠုန်၏လက်တွင်းသို့ ရောက်သော နဂါးတွေ (၁၀) အလမ္ပါယ်၏လက်တွင်းသို့ ရောက်နေသော မြွေတွေ (၁၁) နွားသတ် ကုလား၏လက်တွင်းသို့ ရောက်နေသော ကျွဲနွားသိုးဆိတ်တွေ (၁၂) ဝက် သတ်သမား၏လက်တွင်းသို့ရောက်နေသော ဝက်တွေ (၁၃) ကုလား၏ ခြင်းကြားတွင်းသို့ ရောက်၍ နေသော ကြက်ဘဲတွေ (၁၄) ကြိုးစင်၌ ကြိုးစက်တပ်ပြီးထားရှိသော ကြိုးမိန့်ချခံရသောလူတွေကဲ့သို့ လွတ်ဘို့လမ်း မရှိတော့ဘဲ သေဘို့တလမ်းထဲသာရှိကြလေသည်။

ဤသီလဗ္ဗတပရာမာသ အကျင့်လုံးစုံကို သုတ်သီလက္ခန်ပါဠိတော် ဖြဟ္မ ဇာလသုတ်တော် ရှုဠသီလ, မဇ္ဈိမသီလ, မဟာသီလ, အခဏ်းနှင့် တိတ္ထိကျင့်၊အန္ဓကျင့်များတွင် ဖေါ်ပြပြောကြားထားခဲ့သဖြင့် အကျယ်တော့ မချဲ့လိုပြီ။ အနည်းငယ်မျှပြရပါလျှင်—

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ—ဘုရားကိုကိုးကွယ်ဆည်းကပ်နေခြင်း။
ဓမ္မံသရဏံ ဂစ္ဆာမိ—တရားကိုကိုးကွယ်ဆည်းကပ်နေခြင်း။
သံဃံသရဏံ ဂစ္ဆာမိ—သံဃာကိုကိုးကွယ်ဆည်းကပ်နေခြင်း။

၎င်း (ဗုဒ္ဓ၊ဓမ္မ၊သံဃာ) ဆိုတဲ့ ရတနာ ၃-ပါးကိုသာ ယုံကြည်အားထား ပြီးတော့ ကိုးစားရမည်ဟု သာသနာဝင် ကျမ်းဂန်များက ဆိုထားပါ လျက်နှင့် ထို ဗုဒ္ဓ ဓမ္မ သံဃာကို သိပ်မယုံကြည် ကြတော့ဘဲ သိပ်အား မထားကြတော့ဘဲ။ (၁) မင်္ဂလာအခမ်း အနားတွေ လုပ်နေခြင်း (၂) နတ်တွေ ကိုးကွယ်ပသနေခြင်း (၃) ဗေဒင်တွေကို ယုံကြည်၍နေခြင်း (၄) ဂြိုဟ်တွေကို ပူဇော်ပသ၍ နေကြခြင်း (၅) သစ်ပင်ကို အလေးအမြတ် ပြု၍နေခြင်း (၆) တောတွေ တောင်တွေကို ကိုးကွယ်ပသ၍နေခြင်း (၇) နတ်စင်၊ နတ်ကွန်း၊ နတ်ကန္နားတွေဆောက်လုပ် ပူဇော်ပသနေခြင်း (၈) စေတီပုထိုးအမျိုးမျိုးတွေထုပြီး ဆောင်လွယ်၍ထားခြင်း (၉) သိုက် တဘောင် စံနည်းတွေ တိတ်တွေ နိမိတ်တွေ ဘဝေါတွေကို အားကိုး အားထား ပြု၍နေခြင်း (၁၀) ပြဿဒါး ရက်ရာဇာ ဓာတ်ဖက် မိတ်ဖက် နတ်နေ လာဘ်နေ စက်နေတို့ကို ရွေးချယ်ယုံကြည် ကိုးစား၍နေခြင်း (၁၁) ယတြာချေခြင်း၊ဂါထာ-မန္တန်မန္တယားတွေကို မန်းမှုတ်ယုံကြည်ခြင်း(၁၂) အင်းအိုင် မန္တန်ခါးလှဲ့၊လက်ဖွဲ့တွေဆောင်ခြင်း၊ယုံကြည်ခြင်း(၁၃)စုတ်ကြီး စုတ်ငယ် နက္ခတ်အထွက် အဝင် ရွေးချယ်ခြင်း (၁၄) အစိမ်းဘဝ၊ နတ်ဆိုး ဘဝ၊ နတ်အညံ့ဖြစ်တဲ့ ၃၇-မင်းတို့ကို ကိုးကွယ်ပသခြင်း။

(ဤ၌သင်ပြရန်မှာ မြဟ္မာကြီးကို ထာဝရဘုရားဘဲဟု-ယုံကြည် ကိုးစားတာ တော့ဘင်မှ မိစ္ဆာဒိဋ္ဌိထဲသို့ ထည့်သွင်းသေးတာဘဲ၊ ၃၇-မင်းကိုးလျှင် သိသင့်ပါပြီ။)

(၁၅)ဗုဒ္ဓဘာသာမှတပါးသော ပရိတ်ဂါထာတွေကို ရွတ်ဖတ်ကိုးစားခြင်း၊ (၁၆) ဆုတွေတောင်း မေတ္တာရေတိုက်နှင့် မိုက်မဲကြခြင်း (၁၇) ဝိဇ္ဇာ ဇော်ဂျီ၊ တပသီတွေကို မျှော်ကိုးပြီး နောက်ရောင်ခံကာလိုက်ကြခြင်း စသည်တို့ကား အယုတ်တရား ၂-ပါးရှိသည့်တွင် ကာမသုခလ္လိကာ နုယောဂဆိုတဲ့ လမ်းယုတ်လမ်းကြမ်းလမ်းမိုက်ကဏ်းကြီးသာလျှင် ဖြစ်၍ နေပေ၏။ ၎င်းကာမသုခလ္လိကာနုယောဂဆိုတဲ့ လမ်းယုတ်လမ်းကြမ်း လမ်းမိုက်ကဏ်းကြီးများကို မြတ်စွာဘုရားသခင်သည်၊ ဘုရားဖြစ်တော်မူ စကပင် ဓမ္မစကြာသုတ်တော်ကိုဟောရာဝယ် ၎င်းလမ်းကို အတိအလင်း

ဘွင်းဘွင်းကြီးချပြ၍ ငါ့သားတော်များဟာ ဒီအယုတ်လမ်းကြီး ၂-လမ်းသို့ မလိုက်ကြရဘူး မယူရဘူး မလုပ်ရဘူးလို့—

(ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ)

ဟူ၍ တိုက်ရိုက်ပင် တားမြစ်တော်မူခဲ့ပါတယ်။ သုတ်သီလက္ခန် ပါဠိတော် ဖြဟ္မဇာလသုတ်၌ စူဠသီလ,မဇ္ဈိမသီလ,မဟာသီလများတွင်လည်း မလုပ်ရဘူးဆိုတာကို သိသိသာသာကြီးပြထားခဲ့ပါတယ်။ ဆဲတာတွေဟာ သီလဗ္ဗတပရာမာသ သံယောဇဉ်ဆိုတဲ့ အကျင့်ဆိုး၊ သီလဆိုးကြီးများပါဘဲ။ ဗုဒ္ဓဘာသာမှန်ပါလျှင် ဗုဒ္ဓဘာသာစစ်ခဲ့ပါလျှင် ဆဲဒီသီလဗ္ဗတပရာမာသ အကျင့်ယုတ် အကျင့်ညံ့တွေကို ဖယ်ရှားကြရမည်။ ပြခဲ့ပြီးသော (၁) သက္ကာယဒိဋ္ဌိကြီး (၂) ဝိစိကိစ္ဆာ (၃) သီလဗ္ဗတပရာမာသ သံယောဇဉ်၊ရင်းသုံးပါးကို သောတာပန်များပယ်နိုင်ကြသည်။ ၎င်းတရား ၃-ပါး ကင်းတာ ရှင်းတာကိုမြင်သဖြင့် ဒီလူဟာ သောတာပန်ပုဂ္ဂိုလ်ဘဲဟူ၍ သိနိုင်ပါတော့သည်။

## (၃၅၂) ၁-ဝိပဿနာသည် ခနစ်ဘဝနှင့် ရဟန္တာဖြစ်စေနိုင်၏ ၁-ဝိပဿနာသည် အပါယ်တံခါးပိတ်စေနိုင်၏။

သာဝိ ဝိပဿနာသမ္မာဒိဋ္ဌိ ပဋိသန္ဓိံ နာကဍ္ဎတိ(လ)သတ္တဘဝေ ဒေတိ။ ။ဧကနိပါတ် အဂုတ္တိုရ်အဋ္ဌကထာ။

သာဝိဝိပဿနာသမ္မာဒိဋ္ဌိ၊ ထိုဝိပဿနာသမ္မာဒိဋ္ဌိဆိုတဲ့ ဉာဏ်ပညာသည်။ ပဋိသန္ဓိံ၊ အပါယ်စသောပဋိသန္ဓေကို။ နာကဍ္ဎတိ၊ မငင်နိုင်။ (လ) သတ္တဘဝေ၊ ခုနစ်ဘဝ၌။ ဒေတိ၊ အရဟတ္တဖိုလ်ကိုပေးနိုင်၏။ ။ရုပ်နာမ်ကို တွေ့၍ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ကိုရလျှင် ယနေ့ကစ၍ နိဗ္ဗာန်အထိ ဇႋပါယ်လေးဘုံသို့ မကျရောက်နိုင်၊ အပါယ်တံခါးကြီးပိတ်၍သွားတော့၏။ ဆင်းရဲသံသရာကြီး ပြတ်တောက် ရပ်စဲရတော့၏။ ဘုံစဉ်စံအမြတ်နှးရတော့၏။သိဒ္ဓိကြီးကိုးတန်ဖြင့် နိဗ္ဗာန်အထိရောက်နိုင်တော့၏။ ခုနစ်ဘဝနှင့်ပင် အရဟတ္တဖိုလ်ကိုပေးတော့မည်။ ဝိပဿနာမှီ ဂတိမမြဲရလဲမရှိပေ။ ဘုရားသခင်က ဝန်ခံ၍ထားခဲ့တဲ့ ပါဠိတွေအရှိသားကဘဲ၊ ၇-နာရီနှင့် ၇-ရက်နှင့် ၇-လနှင့် ၇-နှစ်နှင့်၇-ဘဝနှင့်အရဟတ္တဖိုလ်သို့ရောက်စေမယ် တဲ့။သူ့နည်းအတိုင်းသာ ကျင့်၍ကြည့်ကြပါတဲ့။သေချာလိုက်ထာ။ ဉာဏစာဂိကျမ်းကြီး၌ သာဓကပေါင်း (၂၂၅) ကျော်ပြခဲ့လေပြီ။

## (၄၅၃) ၂–ခေတ်ကြောင့် အပါယ်ဘုံခါးပိတ်သွားပုံ

ပထဝိခေတုယာ အာပေါခေတုယာ တေဇောခေတုယာ ဝါယောခေတုယာ နတ္ထေဝ ဓမ္မေ အဝေစ္စပသာဒေန သဗ္ဗညုဂတော အရိယသာဝကော နိရယံ ဝါ တိရစ္ဆာနယောနိယံ ဝါ ပေတ္တိဝိသယံ ဝါ ဥပပဇ္ဇိဿတိ။ ။တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် ၁၁၀ -နံပါတ်၊ ၁-ကြောင်း၊ ဟံမူ။

အာနန္ဒ၊ချစ်သားအာနန္ဒာ။ပထဝိခေတုယာ၊ ပထဝီခေတ်ကိုရင်း။ အာပေါခေတုယာ၊အာပေါခေတ်ကိုရင်း။တေဇောခေတုယာ၊တေဇောခေတ်ကိုရင်း။ ဝါယောခေတုယာ၊ ဝါယောခေတ်ကိုရင်း။ စေဇာနေယျ၊ အကယ်၍ သိငြားအံ့။ ဓမ္မေ၊ ခေတ်ကြီး ၄-ပါးတရား၌။ အဝေစ္စပသာဒေန၊ သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့်။ သမ္ဗန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ ဘုရားသခင်၏ တပည့်သားသည်။ နိရယံ ဝါ၊ ငရဲဘုံသို့ရင်း။ တိရစ္ဆာနယောနိယံ ဝါ၊ တိရစ္ဆာန်ဘုံသို့ရင်း။ ပေတ္တိဝိသယံ ဝါ၊ ပြိတ္တာနှင့် အသုရကာယ်ဘုံသို့ရင်း။ နတ္ထေဝ ဥပပဇ္ဇိဿတိ၊ ဘယ်အခါမှ မရောက်နိုင်တော့သတည်း။

## (၄၅၄) ၃–ဝိပဿနာ သမ္မာဒိဋ္ဌိကြောင့် အပါယ်ကံများချုပ်ရပုံ

ဋ္ဌာနံကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ။ ။သံယုတ်နှင့် အင်္ဂုတ္တိုရ် ပါဠိတော်များ။

ဋ္ဌာနံကမ္မံ၊ဤမဂ္ဂင်ရှစ်ပါးဆိုတဲ့ ကံမျိုးသည်။ကမ္မက္ခယာယ၊အကုသိုလ်ကံ ကာမကုသိုလ်ကံ, ရူပကုသိုလ်ကံ, အရူပကုသိုလ်ကံ လေးမျိုးတို့၏ ကုန်ခန်းချုပ်ငြိမ်းခြင်းငှါ။သံဝတ္တတိ၊ဖြစ်၏။ ။ဝိပဿနာကြောင့် အပါယ်ကံများ ကုန်ခန်းပုံနှင့် အပါယ်တံခါးပိတ်သွားပုံကို အကြောင်းအကျိုး သိရန်ပြသည်။

## (၄၅၅) ၄–ဝိပဿနာသမ္မာဒိဋ္ဌိကြောင့် အပါယ်သမုစ္ဆေဒဖြစ်ရပုံ

ကုဿိတေ ပါပကေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္ပေန္တိ ဝိဒ္ဓံသေန္တီတိ-ကုသလာနိ။ ။အဋ္ဌသာလိနီနှင့် ဋီကာကျော်။

ကုဥ္စိတော၊ ကမ္ဘာ့ကပင် မြင်မုန်းစက်ဆုပ်အပ်ကုန်သော။ ပါပကော၊ အနုပ်စုတ် ဂုတ်စုတ် မြုပ်စရာရှိ ယုတ်မာဆိုးဝါးသည့်ဟု ဆိုအပ်ကုန်သော။ ဓမ္မေ၊ ပါပညစ်ကျူ မကောင်းမှုဆိုတဲ့ အကုသိုလ်တရားတို့ကို။ သလယန္တိ၊ ကာမကုသိုလ်ဖြင့် သိသာရုံမျှ တုန်လှုပ်စေကုန်၏။ စလယန္တိ၊ ရူပကုသိုလ်ဖြင့် ယင်မ်းယိုင် တုန်လှုပ်စေကုန်၏။ကမ္ပေန္တိ၊အရူပကုသိုလ်ဖြင့် ခွက်ထိုး ခွက်လန်တုန်လှုပ်စေကုန်၏။ဝိဒ္ဓံသေန္တိ၊ဝိပဿနာမဂ္ဂင်ကုသိုလ်ဖြင့် ဖျက်ဆီး ပြာကျစေကုန်၏။ ဇာတိတည္ဟာ၊ ထိုသို့သတ္တိကြီးလေးဆင့်ဖြင့် အသင့်ပယ်ရှားဖျက်ဆီးတတ်သောကြောင့်။တေဓမ္မာ၊ထိုကာမ, ရူပ, အရူပ, ဝိပဿနာဆိုတဲ့ တရားတို့သည်။ ကုသလာနိ၊ ကုသိုလ်ကံတို့မည်ကုန်၏။

| | | |
|---|---|---|
| ကာမကုသိုလ်ဖြင့် | အကုသိုလ်ကိလေသာတို့ကို | တုန်လှုပ်စေရုံမျှ |
| ရူပကုသိုလ်ဖြင့် | ။ | ယိမ်းယိုင်စေရုံမျှ |
| အရူပကုသိုလ်ဖြင့် | ။ | ခွက်ထိုးခွက်လန်ဖြစ်စေရုံ |
| ဝိပဿနာကုသိုလ်ဖြင့် | ။ | ဖျက်ဆီးပြာချနိုင်ပုံတည်း။ |

## (၄၅၆) ၅–ဝိပဿနာသမ္မာဒိဋ္ဌိကား မဂ်၏ရှေ့တော်ပြေးတည်း

### ဝိပဿနာကားမဂ်ရဲ့ ပုဗ္ဗနိမိတ်တည်း

နေထွက်ခါနီးလျှင် အရုဏ်တက်သကဲ့သို့တည်း။ ။သေယျထာပိ ဘိက္ခဝေသူရိယဿ ဥဒယတော ဧတံပုဗ္ဗင်္ဂမံ ဧတံပုဗ္ဗနိမိတ္တံ၊ ယဒိဒံ အရုဏုဂ္ဂမနံ။ဝေမေဝခေါ ဘိက္ခဝေ အရိယဿ အဋ္ဌင်္ဂိကဿ မဂ္ဂဿ ဥပ္ပါဒါယ ဧတံပုဗ္ဗင်္ဂမံ ဧတံပုဗ္ဗနိမိတ္တံ၊ယဒိဒံ သမ္မာဒိဋ္ဌိ။ ။မဟာဝဂ္ဂသံယုတ်ပါဠိတော် (၁၉) နံ (၂၂) ကြောင်း၌။ ဒသနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် နံ (၃၉၀) ကြောင်း (၂၅) ၌။ စတုက္ကိရိရူဘွယ် တတိယတွဲ ဓမ္မာသကျေမ်း T နံ (၁၁၄) ကြောင်း (၁၅)၌ ပါရှိ၏။

ဘိက္ခဝေ၊ ချစ်သားတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ယဒိဒံ အရုဏုဂ္ဂမနံ၊အကြင်အရုဏ်တက်ခြင်းသည်။အတ္ထိ၊ရှိ၏။ဧတံ၊ဤအရုဏ်တက်ခြင်းသည်။ ဥဒယတော၊ တက်၍လာသော။ သူရိယဿ၊ နေမင်း၏။ ပုဗ္ဗင်္ဂမံ၊ ရှေ့သွားပင်တည်း။ ဧတံ၊ဤအရုဏ်တက်ခြင်းသည်။ပုဗ္ဗနိမိတ္တံ၊ရှေ့တော်ပြေး နိမိတ်ပင်တည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝမေဝခေါ၊ ဤဥပမာအတူသာလျှင်။ ယဒိဒံ သမ္မာဒိဋ္ဌိ၊ အကြင်ဝိပဿနာသမ္မာဒိဋ္ဌိသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊

ဤဝိပဿနာသမ္မာဒိဋ္ဌိသည်။ အရိယာသော၊ မြတ်သော။ အဋ္ဌင်္ဂိကသော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ မဂ္ဂသော၊မဂ်တရားဏ်။ဥပ္ပါဒါယ၊ဖြစ်ပေါ်စေခြင်းငှါ။ ပုဗ္ဗဂ်ံမံ၊ ရှေ့သွားပင်တည်း။ ဖေါ်၊ ဤသမ္မာဒိဋ္ဌိသည်။ ပုဗ္ဗနိမိတ္တံ၊မဂ်ရဘို့ ရှေ့ပြေးနိမိတ်ပင်တည်း။ နေထွက်ခါနီးတော့ အရုဏ်တက်၍ နိမိတ်ပြဘာ လို မဂ်ရခါနီးတော့လဲ ဝိပဿနာသမ္မာဒိဋ္ဌိက ရှေ့တော်ပြေးအဖြစ် ပြရ သည်။

တနည်းလည်း။ ။ဝိပဿနာသည်ဝန်ကြီးချုပ်နှင့်တူ၏။မဂ်ဖိုလ်နိဗ္ဗာန် ဘုရင်နှင့်အနီးဆုံးတည်း။ သမထသည် အတွင်းဝန်နှင့်တူ၏။ မဂ်ဖိုလ်နိဗ္ဗာန် ဘုရင်နှင့်မနီးမဝေးတည်း။ သီလသည်၊ မြို့ဝန်နှင့်တူ၏။မဂ်ဖိုလ်နိဗ္ဗာန်ဘုရင် နှင့်အတော်ဝေးကွာ၍နေ၏။ ဒါနသည်၊ ရွာစားနှင့်တူ၏။ မဂ်ဖိုလ် နိဗ္ဗာန် ဘုရင်နှင့် ထို့ထက်ဝေးကွာလှ၏။

## (၄၅၇) ဇ—စူဠ,မဇ္ဈိမ,မဟာသောတာပန်တို့အကျိုး

သောတာပတ္တိဖလသစ္ဆိကိရိယတောဟိ ပဉ္စာယ ဟိနကုလေ ဥပ္ပဇ္ဇတိနာမ နတ္ထိ၊ မဟာဘောဂကုလေသုယေဝ ဥပ္ပဇ္ဇတိ။ ။ သာရသင်္ဂဟာအဋ္ဌကထာ။

(သောတာပတ္တိဖလသစ္ဆိကိရိယတော)ကို အနက်ပြန်လိုလျှင်၊ ဥပရိပဏ္ဏာသပါဠိတော်၊ဒက္ခိဏာဝိဘင်္ဂသုတ်တော်၊ အလှူခံတကျိပ်လေးကိုပြရာတွင် (သောတာပတ္တိဖလသစ္ဆိကိရိယာယဒါနံဒေတိ) ဟူသောပါဠိတော်ကို ရဟန္တာအဋ္ဌကထာဆရာ ဗုဒ္ဓမတညူများက ဖွင့်ပုံအလုံးစုံကိုပြန်ကြည့်ပြီးပါမှ အနက်ကိုပြန်ဆိုကြရာ၏။)

ဟိ၊ပုထုဇဉ်တိဂတိ၊ သမ္ပတ္တိနှင့်မတူပုံကိုပြဆိုပါဦးအံ့။ သောတာပတ္တိဖလသစ္ဆိကိရိယတော၊စူဠ,မဇ္ဈိမ, မဟာသောတာပန်ဖိုလ်ကိုမျက်မှောက်ပြုသောအခါမှ။ပဉ္စာယ၊စ၍။ဟိနကုလေ၊ယုတ်ညံ့သိမ်ညှိုး ဆိုးပါးတဲ့အမျိုး၌။ ဥပ္ပဇ္ဇတိနာမ၊ ဖြစ်ရခြင်း မည်သည်။ နတ္ထိ၊ မရှိတော့ပါ။ မဟာဘောဂကုလေယေဝ၊ သုံးမကုန်၊စွဲမကုန်၊ လှူမကုန်၊ ဒါန်းမကုန် တောင်လိုပုံသော၊ အမျိုး၌သာလျှင်။ ဥပ္ပဇ္ဇတိ၊ဖြစ်ရတော့၏။

သောတာပန် ၃—မျိုးသို့ရောက်ကတဲက ယုတ်သောအမျိုး, ညံ့သော အမျိုးတို့၌ မဖြစ်ရတော့ပြီ။ ဇောတိက, ဇဋိလ, မေဏ္ဍက, မဟာပုဏ္ဏ

စသော အမျိုးကြီးတို့၌သာလျှင် ဖြစ်ခါဖြစ်ခါနှင့် ချမ်းသာစွာ နိဗ္ဗာန်ဝင်ရလေသည်။

## သောတာပန် ၃-မျိုးအခွဲကား

(၁) နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်၊ ယင်း ၂-ပါးကို ရနေသူကား၊ ရူဠှသောတာပန်တည်း။ (၂) သမ္မသန, ဥဒယဗ္ဗယ, ဘင်, ဘယ, အာဒီနဝ, မုစ္စိတုကမျတာ, ပဋိသင်္ခါ, သင်္ခါရုပေက္ခာ, အနုလောမ, ဂေါတြဘုဉာဏ်အထိ ရောက်ရှိ၍ နေသူကား မဇ္ဈိမသောတာပန်။ (၃) မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာ ဉာဏ်အထိ ရရှိနေသူကား မဟာသောတာပန်တည်း။ ၃-မျိုးကိုခွဲ၍သိကြပါ။

## (၄၅၈) ၇-ဝိပဿနာသည် မဟာသုခ, မဟာအတ္တဖြစ်ပုံ

ဧကော ခမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ဒိဋ္ဌဓမ္မသုခ ဝိဟာရာယ သံဝတ္တတိ။ မဟတော သံဝေဂါယ သံဝတ္တတိ၊ မဟတော အတ္ထာယ သံဝတ္တတိ။ ။ဧက အင်္ဂုတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားတို့။ ဧကောခမ္မော၊ တခုသော ခါတ်တရားကို။ ဘာဝိတော၊ ပွါးများအပ်သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော်။ ဒိဋ္ဌခမ္မသုခဝိဟာရာယ၊ ယခုမျက်မှောက်ဘဝ၌ မဟာသုခကြီးကို ရခြင်းအကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်၏။ မဟတော၊ ကြီးမားစွာသော။ သံဝေဂါယ၊ ထိတ်လန့် စေခြင်း ငှါ။ သံဝတ္တတိ၊ ဖြစ်၏။ မဟတော၊ ကြီးမားလှစွာသော။ အတ္ထာယ၊ အကျိုးစီးပွါးရှိခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်တော့၏။

ဝိပဿနာကြောင့် မဟာသုခ, ချမ်းသာကြီးကြီးရခြင်း။ မဟာသံဝေဂ, ကြီးစွာထိတ်လန့်စေခြင်း။ မဟတောအတ္ထ,ကြီးကျယ်ခမ်းနားသော အကျိုးစီးပွါးများကို ရရှိနိုင်ခြင်းဖြင့် သံသရာတလျှောက်လုံးရ၍ ပြီး၍သွားရတော့မည်။

## (၄၅၉) ၈-သောတဆိုတာ မဂ္ဂင်၅ှစ်ပါးပါဘဲ၊အဆန်းမဟုတ်ပါ

သောတော သောတောတိဟိဒံ သာရိပုတ္တ ဝုစ္စတိ၊ ကတမော နုခေါ သာရိပုတ္တ သောတောတိ။ ။မဟာဝဂ္ဂသံယုတ်ပါဠိတော်။

သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ သောတော သောတောတိ၊ သောတ-သောတဟူ၍။ ဣဒံ၊ ဤစကားကို။ ဝုစ္စတိ၊ ဆိုအပ်ပါ၏။ သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ သောတော၊ သောတသည်။ ကတမော နုခေါ၊ အဘယ်တရား ပါနည်း။ သောတဆိုတာဘာလဲ၊ ဘာကိုသောတဟုခေါ်ပါသလဲတဲ့ မေးပုံ မြန်းပုံ။

ဖြေပုံကား။ ။အယမေဝဟိ ဘန္တေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သောတော၊သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိတိ။ ။မဟာဝဂ္ဂသံယုတ်ပါဠိတော်။

ဘန္တေ၊ မြတ်စွာဘုရား။ အရိယော၊ ဖြူစင်မြင့်မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ အယမေဝမဂ္ဂေါ၊ ဤမဂ်တရားကိုသာလျှင်။ သောတောတိ၊သောတဟူ၍။ဝုစ္စတိ၊ဆိုအပ်ပါ၏။ဣဒံ၊ဤမဂ္ဂင် ၈-ပါးသည်။ သေယျထာကတမံ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ (လ) သမာဓိ၊ သမ္မာဒိဋ္ဌိ(လ) သမာဓိတို့ပင်တည်း။ သမ္မာဒိဋ္ဌိစသောမဂ္ဂင် ၈-ပါးကို သောတဟူ၍ ခေါ်ပါ သည်ဘုရားတဲ့၊ ဖြေပုံတည်း။

## (၄၆၀) ၉–သောတာပန်ဆိုတာ မဂ္ဂင်ရှစ်ပါးရ၍နေသူပါဘဲ

သောတာပန္နော သောတာပန္နောတိဟိဒံ သာရိပုတ္တ ဝုစ္စတိ၊ ကတမော နုခေါ သာရိပုတ္တ သောတာပန္နောတိ။ ။မဟာဝဂ္ဂ သံယုတ်ပါဠိတော်။

သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ သောတာပန္နော သောတာပန္နောတိ၊ သောတာပန်, သောတာပန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ သောတာပန္နော၊ သောတာပန်သည်။ ကတမော နုခေါ အဘယ်ပါနည်း။

ဖြေပုံကား။ ။ယောဟိ ဘန္တေ ဣမိနာ အရိယေန အဋ္ဌင်္ဂိကေန မဂ္ဂေန သမန္နာဂတော အယံ ဝုစ္စတိ သောတာပန္နောတိ။ ။မဟာ ဝဂ္ဂ သံယုတ်ပါဠိတော်။

ဘန္တေ၊ မြတ်စွာဘုရား။ ယောဟိ၊ အကြင်သူသည်ကား။ အရိယေန၊ ဖြူစင်မြတ်လှသော။ အဋ္ဌင်္ဂိကေန၊ အင်္ဂါရှစ်ပါးရှိသော။ ဣမိနာမဂ္ဂေန၊ ဤ

မဂ်တရားနှင့်။ သမ္ပန္နာဂတော၊ ပြည့်စုံ၍ နေပေ၏။ အယံ၊ ဤမဂ္ဂင် ၈-ပါး ရှိသောသူကို။ သောတာပန္နောတိ၊ သောတာပန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါ၏။

မဂ္ဂင် ၈-ပါးရ၍နေသူကို သောတာပန်ဟု ခေါ်ကြပါသည်။

## (၄၆၁) ၁၀-သောတာပန်၌ (သောတ) နှင့်(အာပန္န)ခွဲသိကြ

(သောတ) ဆိုတာဟာ မဂ္ဂင်ရှစ်ပါး ရေယာဉ်ကြောပေတည်း။(အာပန္န) ဆိုတာ ရောက်၍နေခြင်းပင်တည်း။ ၂-ခုပေါင်းစပ်တော့ (သောတာပန္န) မဂ္ဂင်ရှစ်ပါး ရေယာဉ်ကြောသို့ ရောက်၍ နေသူများပါဘဲတဲ့။ ။ဥပမာ ပြရသော် ဂင်္ဂါမြစ်ရေသည်၊ ဆုံးခါနီး၌ သမုဒ္ဒရာသို့ ဝင်လျက်နေပေ၏။ ၎င်းဂင်္ဂါမြစ်ဝခေါ်တဲ့ ပင်လယ်ဝ၌ ရေအယာဉ်သည် အယာဉ်ထန်စွာနှင့် စီးဝင်၍နေပေ၏။ ထိုရေအယာဉ်ကြော၌ မဂ္ဂင်ဖေါင်သည် ရောက်၍ နေပေ၏။ ထိုဖေါင်ကိုဆွဲယူ၍နေသော ရေအယာဉ်ကို (သောဘ) ဟုခေါ်ပါသည်။ ရောက်၍နေသောဖေါင်နှင့် လူကိုတော့ (အာပန္န) ဟုခေါ်ပါသည်။ ၂-ခုတွဲစပ်တော့ (သောတာပန္န) တောတာပန်တည်း။ ဗမာလိုတော့ (ရေအယာဉ်ကြောသို့ ဖေါင်နှင့် လူ ရောက်နေပြီ) တဲ့။ ရေယာဉ်ကြောသို့ ရောက်စကို စူဠသောဘာပန္န၊ အလယ်သို့ရောက်တော့ မဇ္ဈိမ သောတာပန္န၊ သမုဒ္ဒရာသို့ရောက်တော့(မဟာသောတာပန္န) ဟု ၃-မျိုးခွဲ၍ခေါ်ကြသည်။ မြစ်ဆုံး၍ ကျယ်ပြန့်သောရေပြင်ကြီးကား သမုဒ္ဒရာတည်း။ နိဗ္ဗာန်နှင့်တူ၏။ အလယ်ဗဟိုက ဂင်္ဂါမြစ်ကား မဇ္ဈိမပဋိပဒါနှင့် တူ၏။ ရေအယာဉ်ကား သောတနှင့်တူ၏။ ဟိုမှာဘက်ကမ်းကား အတ္တကိလမထာ နုယောဂ, အယုတ်တရားနှင့်တူ၏။ ဤမှာဘက်ကမ်းကား ကာမသုခလ္လိကာနုံယောဂ, အယုတ်တရားနှင့်တူ၏။ ရေယာဉ်ကြောသို့ဖေါင်နှင့် လူရောက်၍နေခြင်းကား သောတာပန်နှင့်တူ၏။ ဤစခန်းသို့ ရောက်သော် လှေဖေါင်ကို မသွဲ့သော်ငြား၊ မခတ်သော်ငြား၊ စက်မတပ်သော်ငြား၊ မလှော်သော်ငြား၊ ရွက်မတိုက် သော်ငြား၊ ထိုးဝါး မသိုးသော်ငြား၊ ကြိုးမဆွဲ သော်ငြား၊ သမုဒ္ဒရာထဲသို့ ရေအဟုန်ဖြင့် ဝင်မည်ပင်တည်း။ လှော်ခြင်း, ခတ်ခြင်း စသည်တို့ကို ပြုပါမူကား အမြန်ဆုံးနှင့်ရောက်မည်တည်း။

## ပုံစံခင်း၍ရှင်းလင်းအောင်ပြမည်

| ၁–နံပါတ် | ၂–နံပါတ် | ၃–နံပါတ် |
|---|---|---|
| ပေါင် ထွက်စ | ပေါင် အလယ်ရောက် | ပေါင်သမုဒ္ဒရာရောက် |
| ရူဠှသောတာပန် | မဇ္ဈိမသောတာပန် | မဟာသောတာပန် |
| နာမ၊ပစ္စယ ၂-ဉာဏ်။ | သမ္မသန။၁၁–ဉာဏ်။ | မ၊ဗ၊ပစ် ၃-ဉာဏ်။ |

## (၄၆၂) ရူဠှ,မဇ္ဈိမ, မဟာသောတာပန် ဥပမာ

ကုဋေ ၁၂၀–ကြွယ်ဝသောသိရိသုဘော ဂဆိုတဲ့ သူဌေးကြီးတဦးဟာ ရှိသတဲ့။ ၎င်းသူဌေးကြီး၌ သားသုံးယောက်ထွန်းကားရာ၊ တယောက်မှာ မိဘနှင့်အတူကူညီ၍ ပြုလုပ်ကာနေ၏။ အသက်မှာ ၂၅–နှစ်ခန့်ရှိ၏။ သား အလတ်ကား ၁၆–နှစ် အရွယ်သို့ရောက်၍နေပေ၏။ ပညာသင်တုန်းပင် တည်း။သားအငယ်မှုကား တလသားအရွယ်မျှ ပုခက်တွင်းသာရှိသေး၏။ ထိုသား ၃–ဦးအတွက် အမွေခွဲဝေရာ ဥပဒေအရ ထုံးစံအတိုင်းမျှ တဦး လျှင် ကုဋေ ၄၀–ကျစီ အညီရကြ၏။ တိုင်းသူ ပြည်သား များကလည်း ထိုသုံးဦးကို သူဌေးသားတွေဘဲဟူ၍ အသိအမှတ်အရှိအသေပြုကြကုန်၏။ ငွေရလဲအတူတူပင်။ သူဌေးသားဆိုတဲ့ အမည်ရခြင်းမှာလဲ အတူတူ။ အရှိအသေ ခံရခြင်းမှာလဲ အတူတူပင် ဖြစ်ကြကုန်၏။ ။ထိုဥပမာလို ရူဠှသောတာပန်တလသားနှင့် မဇ္ဈိမသောတာပန် ၁၆–နှစ်နှင့် မဟာ သောတာပန် ၂၅-နှစ်တို့ကား သူဌေးသား ၃–ဦးနှင့်တူလှပေ၏။ခန္ဓာကိုယ် ထဲမှ အဖွေချင်းတူ၊ ပရမတ်ချင်းတူ၊ အနိစ္စ, ဒုက္ခ, အနတ္တချင်းလဲတူ၊ အဘိဓမ္မာချင်းလဲတူ၊ ဒိဋ္ဌိစင် ကြွယ် ချင်းလဲတူ ယုံမှားကင်းချင်းလဲတူ၊ ရုပ်နာမ်ချင်းလဲတူ။ မတူ ခြားနားသည် ကား ရေအယဉ် သောတသို့ စရောက်, အလယ်ရောက်, အဆုံးရောက်ချင်းသာ ကွဲပြားတော့၏။ ။ တနည်းမှာ ရန်ကုန်မှ မန္တလေးသို့ လေယာဉ်ပျံနှင့်သွားကြရာ၊လေယာဉ်ပျံ စထွက်ခိုက်သူကိုလည်း မန္တလေး သွားပြီဟု ပြောကြ၏။ လေယာဉ်ပျံ ထွက်၍ တနာရီခန့်ရှိသောသူကိုလည်း မန္တလေးသွားပြီဟုပင် ပြောကြ၏။ လေယာဉ်ပျံထွက်၍ မန္တလေးလေဆိပ်၌ ဆိုက်နေတုန်း သူကိုလည်း ကျန်ရစ်သူများက မန္တလေးသွားပြီဟူ၍ဖင် ပြောကြ၏။ အခေါ်မှာမတူပါ။

## (၄၆၃) ၁၂-တနည်း ထမင်းစား ဥပမာ

ထမင်းကိုစားသောလူ ၃–ယောက်ရှိ၏။ တဦးကား အာပင်စားရ၏။ တဦးကား တဝက်ခန့်မျှစားရ၏။ တဦးကား တလုပ်နှစ်လုပ်မျှစားရ၏။ ထိုလူ ၃–ဦးကို (ဘာကိုစားသလဲဟုမေးကြည့်တော့) ၎င်းတို့ ၃–ဦးက ဖြေဆိုသည်မှာ ငါတို့ ၃-ဦးဟာ ထမင်းကိုစားပါတယ်ဟုဖြေကြ၏။ ထို့အတူပင် စူဠ, မဇ္ဈိမ, မဟာ သောတာပန် ၃-ဦးဟာ ရောက်ရာဌာန လောက်သာခြားပြီး အတွေ့,အာရုံ,လက္ခဏာ စသည်တို့မှာကား အတူတူပင်တည်း။ ပရမတ်မှာ အတိမ္မာမှာ အတူတူမို့ တူလှ၏။

## (၄၆၄) ကျမ်းဂန်တို့၌ပြထားသောပါဠိချင်း ယှဉ်၍ကြည့်ကြပါဦးတော့

| | | |
|---|---|---|
| မဟာသောတာပန်အတွက် | နိယတောတဲ့ | မထူးပါ |
| စူဠသောတာပန်အတွက် | နိယတဂတိကော | |
| မဟာသောတာပန်အတွက် | အဋ္ဌမမာဒိယန္တိ | မထူးပါ |
| စူဠသောတာပန်အတွက် | သတ္တဘဝေဒေတိ | |
| မဟာသောတာပန်အတွက် | သမ္ဗောဓိပရာယနော | မထူးပါ |
| စူဠသောတာပန်အတွက် | မဂ္ဂဖလဘာဂိနော | |
| မဟာသောတာပန်အတွက် | အရိယာ | မထူးပါ |
| စူဠသောတာပန်အတွက် | အရိယာ | |

၎င်းလိုသာဓကပါဠိကိုကြည့်တော့ ပိုင်ဆိုင်ပုံရရှိပုံမှာ တူကြပါကုန်၏။ စူဠ,မဇ္ဈိမ,မဟာသောတာပန် ၃-ဦးတို့ဟာ (၁) အပါယ်တံခါးပိတ်ချင်းလဲ တူကြကုန်၏။ (၂) ဆင်းရဲသံသရာပြတ်ချင်းလဲတူကြကုန်၏ (၃) ဘုံစဉ်စံ ချင်း လဲ တူ ကြ ကုန် ၏ (၄) သိဋ္ဌိကိုးတန်ရချင်းလဲတူကြကုန်၏ (၅) ခြောက်ဆယ့်ခုနစ်ဆင့်ရရှိချင်းလဲတူကြကုန်၏ (၆) သာသနေ မူလံ ဩတိဏ္ဏကံနာမ ဟောတိအရ၊ သာသနာအမြစ်တွယ်နေပြီမို့ သာသနာမကွယ် ချင်းလဲတူကြကုန်၏ (၇) လဒ္ဓဿာသောဆိုတဲ့ပါဠိအရ တသံသရာလုံး သက်သာရာကြီးရချင်းလဲတူကြကုန်၏ (၈) လဒ္ဓပတိဋ္ဌောပါဠိအရ တသံသရာလုံး ထောက်ရာတည်ရာချင်းလဲတူကြကုန်၏ (၉) နိယတဂတိကော၊

ဘုံစဉ်စံနှင့် အမြန်တက်၊ ဂတိမြဲချင်းလဲ တျကြကုန်၏ (၁၀) သောတာပန္နာနာမအရ၊ မဂ္ဂင်သောတသို့။ အာ၁န္န-အရောက်ချင်းလဲတျကြကုန်၏။

## ၁၃ - ရှင်းလင်း၍ကွင်းကွင်းကွက်ကွက်ပြချက်

သောတ+အာပန္န—သောတာပန်တဲ့၊ မဂ္ဂင်ပေါ်သို့ ရောက်တဲ့ဗိုလ် ပုဂ္ဂိုလ်တည်း။

သောတ+အာပတ္တိ—သောတာပတ္တိတဲ့၊ မဂ္ဂင်ပေါ်သို့ရောက်စ မဂ် ပုဂ္ဂိုလ်။

အရိ+ယာ—အရိယာတဲ့၊အပါယ်ရန်သူမှကင်းနေသူပါ။

မဂ္ဂ+အင်္ဂ—မဂ္ဂင်တဲ့၊ မဂ်နယ်ထဲကအစိတ်အပိုင်းပါ။

ဗောဓိ+အင်္ဂ—ဗောဇ္ဈင်၊ မဂ်နယ်ထဲက၊အစိတ်အပိုင်းပါ။

ဗောဓိ+ပက္ခိယ—မဂ်နယ်၌ အပင်းအသင်း၌ဖြစ်၍နေတဲ့တရားပါ။

သောတာပန်ပုဂ္ဂိုလ်, သောတာပတ္တိမဂ်ပုဂ္ဂိုလ်, အရိယာပုဂ္ဂိုလ်, မဂ္ဂင်ရသူ, မဂ်ရသူဟူသောအမည်များ ဘွဲ့ထူးကြီးများသည် အမျိုး, အရိုးနှင့် မဆိုင်ပါ။ သွေးစပ်ခြင်းနှင့်မဆိုင်ပါ။ (အလုပ်နှင့် တရားနှင့်သာဆိုင်ပါသည်) ဥပမာသူတောင်းစားပင်ဖြစ်စေ၊ ဆင်းရဲသားပင်ဖြစ်စေ၊ ကုန်သည်ပင်ဖြစ်စေ၊ သူဌေးပင်ဖြစ်စေ၊ မင်းမျိုးပင်ဖြစ်စေ၊ အလုပ်ဝတ္တရားက အစိုးရအလုပ်ကိုလခယူ၍ လုပ်ကိုင်လျှင် ထိုသူ့ကိုအစိုးရဟူ၍ သမုတ်ရ၏။ (အလုပ်ကိုက အစိုးရအလုပ်မို့ အစိုးရဟူ၍ သမုတ်ရပါသည်။)

## (၄၆၅) ပုံစံနှင့်ပင် အသိဉာဏ်ရှင်းကြပါစေ

| | | |
|---|---|---|
| စလေငွေး | လှေထိုးသားလုပ်နေတုန်းက | လှေထိုးသားဟုတွင်၏။ |
| စလေငွေး | ဘုရင်လုပ်နေတော့ | ရှင်ဘုရင်ဟုတွင်၏။ |
| လူပင် | သောတာပန်အလုပ်၊ သောတာပန်တရားရှိ၊ | သောတာပန်ပေါ့။ |
| လူပင် | သောတာပတ္တိအလုပ်၊ သောတာပတ္တိတရားရှိ၊ | သောတာပတ္တိပေါ့။ |
| လူပင် | အရိယာအလုပ်၊ အရိယာတရားရှိ၊ | အရိယာပေါ့။ |
| လူပင် | မဂ္ဂင်အလုပ်၊ မဂ္ဂင်တရားရှိ၊ | မဂ္ဂင်ရသူပေါ့။ |
| လူပင် | မဂ်အလုပ်၊ မဂ်တရားရှိ၊ | မဂ်ရပုဂ္ဂိုလ်ပေါ့။ |
| လူပင် | ပုထုဇဉ်အလုပ်၊ ပုထုဇဉ်တရားရှိ၊ | ပုထုဇဉ်ပါဘဲ။ |

## (၃၆၆) အရိယာအဖွင့် ပါဠိအဋ္ဌကထာနှင့်ရှင်းပြပုံ

(က) တယော ခေါ မေ ဝိသာခေ ဥပေါသထာ၊ ဂေါပါလ ဥပေါသထော နိဂဏ္ဌဥပေါသထော အရိယဥပေါသထော။ ။ တိကအင်္ဂုတ္တိုရ်ပါဠိတော်။

လူ ဂေါပါလအလုပ်ကြောင့် ဂေါပါလဥပုသ်ခေါ်ရ။
လူ နိဂဏ္ဌအလုပ်ကြောင့် နိဂဏ္ဌဥပုသ်ခေါ်ရ။
လူ အရိယာအလုပ်ကြောင့် အရိယာဥပုသ်ခေါ်ရ။

ကမ္မုနာ ဝသလော ဟောတိ၊ နစေဝ ဟောတိ ဇာတိယာ။

လူ ယုတ်မာစွာလုပ်မိလို့ လူယုတ်မာတွင်၏။
လူ အမျိုးယုတ်လို့ လူယုတ်မာမတွင်၊မာတင်ရသေ့ကြည့်ပါ။

ကမ္မုနာ၊အလုပ်ကြောင့်။ ဝသလော၊ ယုတ်မာသည်။ ဟောတိ၊ဖြစ်ရ၏။ ဇာတိယာ၊အမျိုးဇာတ်ကြောင့်။ဝသလော၊ယုတ်မာသည်။ နစေဝဟောတိ၊ မဖြစ်ပါ။

ကမ္မုနာ ဥတ္တမောဟောတိ၊ နစေဝဟောတိ ဇာတိယာ။

ကမ္မုနာ၊ အလုပ်ကြောင့်။ ဥတ္တမော၊ သူမြတ်သည်။ ဟောတိ၊ ဖြစ်ရ၏။ ဇာတိယာ၊ အမျိုးဇာတ်ကြောင့်။ ဥတ္တမော၊ သူမြတ်သည်။ နစေဝဟောတိ၊ မဖြစ်ပါ။

လူ အလုပ်မြတ်လို့ လူမြတ်,လူကောင်းတွင်၏။
လူ အမျိုးရိုးကြောင့် လူမြတ်,လူကောင်းမတွင်ပါ။

(ခ) အရိယဂဏာတိ ဗြာဟ္မဏဂဏာ၊ တေ ကိရ တဒါ အရိယာစာရာ အဟေသုံ။ ။မဟာဇနကဇာတ်အဋ္ဌကထာ။

အရိယဂဏာတိ၊ အရိယာအပေါင်းတို့ဟူသည်ကား။ ဗြာဟ္မဏဂဏာ၊ ပုဏ္ဏားအစုတို့ပင်တည်း။ တေ၊ ထိုပုဏ္ဏားအစုတို့သည်။ တဒါ၊ ထိုဇနက မင်းကြီး၏လက်ထက်တော်၌။ အရိယာစာရာ၊ အရိယာတို့၏ အကျင့်ကို ကျင့်ကြကုန်သည်။ အဟေသုံကိရ၊ ဖြစ်ကြကုန်သတဲ့။

အရိယာအလုပ်ကိုလုပ်လို့ အရိယာအကျင့်ကိုကျင့်လို့၊ တနည်း အရိယာ တရားရှိလို့ အရိယာပုဂ္ဂိုလ်ဟုခေါ်ရပုံ သက်သေသာဓကတည်း။

(၈) သောပန္နအရိယော စတုဗ္ဗိဓော ဟောတိ၊ အာစာရ အရိယော ဒဿနအရိယော လိင်္ဂအရိယော ပဋိဝေဓအရိယောတိ။ ။ တိကနိပါတ်၊တိလမဒ္ဒိဇာတ်။

ပန၊ ပုထုဇဉ်မှတပါး အရိယာပုဂ္ဂိုလ်ကိုပြဆိုဦးအံ့။ အာစာရအရိယော၊ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်သော အာစာရအရိယာဟုဆိုအပ်သော ဒဿနအရိယော၊ ခေတ်တရား, ကလာပ်တရား, ပရမတ်တရားကို တွေ့မြင်သော ဒဿနအရိယာဟုဆိုအပ်သော လိင်္ဂအရိယော၊ သဘော-မနော ဇောပါပြောင်းသော လိင်္ဂအရိယာဟုဆိုအပ်သော ပဋိဝေဓအရိယော၊ မဂ်ဖိုလ်ဆိုက်သော ပဋိဝေဓအရိယာ ဟုဆိုအပ်သော ဣတိ၊ ဤသို့။ သောအရိယော၊ ထိုအရိယာပုဂ္ဂိုလ်သည်။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

အာစာရ အရိယာဆိုတာ အကျင့်ကြောင့် အလုပ်ကြောင့် အရိယာတွင်သည်။ ဒဿနအရိယာ, လိင်္ဂအရိယာ, ပဋိဝေဓ အရိယာတို့ကား တရားကြောင့် အရိယာဟုခေါ်ရသည်။

| | | |
|---|---|---|
| လူ | ဝိပဿနာအားထုတ်လျှင် | အာစာရအရိယာခေါ်သည်။ |
| လူ | ခေတ်ကလာပ်တွေ့လျှင် | ဒဿနအရိယာခေါ်သည်။ |
| လူ | သဘောအသွင်ပြောင်းလျှင် | လိင်္ဂအရိယာခေါ်သည်။ |
| လူ | မဂ်ဖိုလ်ဆိုက်လျှင် | ပဋိဝေဓ အရိယာ ခေါ်သည်။ |

## (၄၆၇) ဂေါတမဘုရားနှင့် ပုံစံပြအံ့

| | | | | | |
|---|---|---|---|---|---|
| ဖွားစကလ် | ၃၂—လက္ခဏာ၊ | ၈၀-လက္ခဏာ | အသံ | ၈ စက်လက္ခဏာ၊ | ၁၀၈-ပါ၏။ |
| မင်းသားဘ၀ | ၃၂ ။ | ၈၀ ။ | ။ | ၈ ။ | ၁၀၈-ပါ၏။ |
| ယသော်နှင့်ညား | ၃၂ ။ | ၈၀ ။ | ။ | ၈ ။ | ၁၀၈-ပါ၏။ |
| တောထွက် | ၃၂ ။ | ၈၀ ။ | ။ | ၈ ။ | ၁၀၈-ပါ၏။ |
| ဒုက္ကရကျင့် | ၃၂ ။ | ၈၀ ။ | ။ | ၈ ။ | ၁၀၈-ပါ၏။ |
| ဗောဓိပင်၌ | ၃၂ ။ | ၈၀ ။ | ။ | ၈ ။ | ၁၀၈-ပါ၏။ |

ငါတို့၏ ဂေါတမရှင်တော်ဘုရားကြီး၏ အလောင်းတော်သည်၊ ဖွားစအခါ မင်းသားအခါ ယသောရော်နှင့်ညားစအခါ တောထွက်စအခါ ဒုက္ကရစရိယာ ကျင့်စဉ်အခါ ဗောဓိပင်နှင့် ရွှေပလ္လင်၌ နေတော်မူစဉ်အခါ၊ ၎င်းခြောက်ဌာနတို့၌ ၃၂- ပါးသောလက္ခဏာတော်ကြီးများလဲ ရှိ၍နေပေ၏။ (၈၀) သောလက္ခဏာငယ်တော်များလဲ ရှိ၍နေပေ၏။ အသံတော်ရှစ်ပါးလဲ

ရှိ၍နေပေ၏။ တရား့ရှစ်ကွက် စက်လက္ခဏာတော်များလဲ ရှိ၍နေပေ၏။ သို့ပေမဲ့ ဝိပဿနာခတ်တရားမတွေ့သေးလို့ ခတ်မဝင်သေးလို့ ဘုရားအဖြစ်သို့ မရောက်သေးပါ။ နောက်မှ ခန္ဓာကိုယ်၌ရှိနေသော ရုပ်ခတ်ကို နာမ်ခတ်ဖြင့် (မီးပွတ်သော ယောကျ်ားကဲ့သို့) တပွတ်ထဲပွတ်၍နေရာ မီးထွက်လာသကဲ့သို့ငင်း။ ဥပမာ၊ ကျောက်တုံးနှင့် သံတုံးကိုခတ်တော့ မီးပွင့်၍လာတာလို ရုပ်နှင့်နာမ် တခတ်ထဲခတ်၍နေတော့ ဉာဏ်စဉ် ၁၆-ပါးမီး၊ဝါ၊မဂ်မီး,ဖိုလ်မီးပွင့်လာ၍ ဘုရားဖြစ်ရပါတော့သည်။

## သောတာပန်ခတ်များရောက်ရှိပုံ

| အလုပ်ကြောင့် | တရားကြောင့် |
|---|---|
| ရုပ်နာမ်အတွေ့ဝင် သောတာပန် | ငင်း |
| အနိစ္စ,ဒုက္ခ,အနတ္တအတွေ့ဝင် သောတာပန် | ငင်း |
| သစ္စာ ၄-ပါး အတွေ့ဝင် သောတာပန် | ငင်း |
| ဝိသုဒ္ဓိ ၇-ပါးအတွေ့နှင့်ဝင် သောတာပန် | ငင်း |
| ဉာဏ်စဉ် ၁၀-ပါးအတွေ့နှင့်ဝင် သောတာပန် | ငင်း |
| ဗောဓိပက္ခိယတရား အတွေ့နှင့်ဝင် သောတာပန် | ငင်း |
| မဂ္ဂင်ရှစ်ပါးအတွေ့နှင့်ဝင် သောတာပန် | ငင်း |

(ဃ) အရိယာယာတိ ဝိက္ခမ္ဘနဝသေနစ သမုစ္ဆေဒဝသေနစ ကိလေသေဟိ အာရကာ ဌိတာယ ပရိသုဒ္ဓါယ ပညာယ သမ္ဗုဒ္ဓါဂတောတိ ဝိပဿနာပညာယစေဝ မဂ္ဂပညာယစ သမင်္ဂီဘူတော။ ပဋ္ဌကအဂုတ္တိုရ်အဋ္ဌကထာ၊ နံ ၂၊ ၆-ကြောင်း၊ဖံမှု။

(င) ငင်းပါဠိပြင်ကျမ်းမှာ မဇ္ဈိမ ပဏ္ဏာသ အဋ္ဌကထာ၊ နံ ၂၀ ၁၇-ကြောင်း ဖံမှု၌။

အရိယာယာတိ၊ အရိယာယဟူသည်ကား။ ဝိက္ခမ္ဘနဝသေနစ၊ သမထ နယ်,ဝိဇ္ဇာ,အဘိညာဉ်, သမာပတ်ဈာန်ဖြင့်ခွါထားသော ဝိက္ခမ္ဘနပဟာန်၏ အစွမ်းအားဖြင့်ငင်း။ သမုစ္ဆေဒဝသေနစ၊ဝိပဿနာဖြင့်ပယ် မဂ်ဖြင့်ပယ်ခြင်း တည်းဟူသော သမုစ္ဆေဒပဟာန်၏ အစွမ်းအားဖြင့်ငင်း။ ကိလေသေဟိ၊ ကိလေသာတို့မှ။ အာရကာ၊ ဝေးစွာ။ ဌိတာယ၊ တည်သော။ ပရိသုဒ္ဓါယ၊ ထက်ဝန်းကျင်မှစင်ကြယ်သော။ ပညာယ၊ ပညာနှင့်။ သမ္ဗုဒ္ဓါဂတော၊

ပြည့်စုံသော သူပင်တည်း။ ။ပညာယ သမ္ပန္နာဂတောတိ၊ ပညာယ သမ္ပန္နာဂတောဟူသည်ကား။ ဝိပဿနာ ပညာယစေဝ၊ ဝိပဿနာပညာနှင့်ရင်း။ မဂ္ဂပညာယစ၊ မဂ်ပညာနှင့်ရင်း။ သမင်္ဂီဘူတော၊ ပြည့်စုံသော သူပင်တည်း။

## (၄၆၈) သောတာပန်ဖြစ်အောင် ဘာကိုလုပ်ရမှာလဲ

သောတာပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန ပဟီနာပါယ ဂမနော သတ္တက္ခတ္တုပရမော သောတာပန္နောနာမ ဟောတိ။ ။ နံ ၁၃၄၊ ၉–ကြောင်း၊ သင်္ဂဟပါဌ်။

သောတာပတ္တိမဂ္ဂံ၊ ရှုဒ္ဓ,မဇ္ဈိမ, မဟာသောတာပတ္တိမဂ်ကို ရအောင်။ ဘာဝေတွာ၊ ဝိပဿနာကို ပွါးများ၍။ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုပယ်သဖြင့်။ ပဟီနာ ပါယဂမနော၊ အပါယ်သို့သွားခြင်းကို ပယ်ပြီးဖြစ်၍။ ဝါ၊ ပယ်အပ်ပြီးသော အပါယ်သို့သွားခြင်း ရှိသည်ဖြစ်၍။ သတ္တက္ခတ္တု ပရမော၊ ၇-ကြိမ်အတိုင်းအရှည်သော ကာမဘုံသို့လာခြင်း ရှိသော။ သောတာပန္နောနာမ၊ သောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။ (ဝိဘင်း၊ ဝိသုဒ္ဓိမဂ်၊ အဘိဓမ္မာဘာရ၊ ပဏ္ဏာသအစရှိသော အဋ္ဌကထာ ကျမ်းဂန်ကြီးများ၌ဆို၍ထားသော ရှုဒ္ဓသောတာပန်၊ ထို့ပြင် ပါဠိတော်ကြီး များ၌ မိန့်ဆိုထားသော မဟာသောတာပန်၊×အကြား၌ ဉာဏ်စဉ်တဆယ့် တပါးဟူသော မဇ္ဈိမသောတာပန် များကို ၃–မျိုးခွဲ၍ သိထားရမည်။

ဝိပဿနာဘာဏ်တိုက်ကြီးခေါ် ဉာဏစာဂီကျမ်း ကြီး၌ ရှုဒ္ဓ သောတာပန် အခဏ်းသာဓက (၆၄) ပုဒ်နှင့် အပါယ်တံခါးပိတ်ပုံ အခဏ်း (၈၇) ပုဒ်၌ရှုကြပါကုန်။

| | | |
|---|---|---|
| ရှုဒ္ဓသောတာပန် | မဇ္ဈိမသောတာပန် | မဟာသောတာပန်။ |
| နာမ+ပစ္စယ | သမ္မသနစ၍ဂေါတြဘုအထိ | မဂ်,ဖိုလ်ပစ္စဝေက္ခဏာ။ |
| ၂-ဉာဏ်ရ | ၁၁-ဉာဏ်ရရှိသူ | ၃–ဉာဏ်ရရှိသူ။ |

## (၄၆၉) အဘယ်ဘရားအားထုတ်လို့ ၄–မဂ် ၄-ဖိုလ်ရနိုင်သလဲ

စတ္တာရောမေ ဘိက္ခဝေ ဓမ္မာ၊ ဘာဝိတာ ဗဟုလီ ကတာ သောတာပတ္တိဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ၊ သကဒါဂါမိ ဖလ

သန္ဒိဋ္ဌိကိရိယာသ သံဝတ္တနိက၊ အနာဂါမိဖလ သန္ဒိဋ္ဌိကိရိယာသ သံဝတ္တနိက၊ အရဟတ္တဖလသန္ဒိဋ္ဌိကိရိယာသ သံဝတ္တနိက။ ကာတမေ စတ္တာရော (၁) သက္ကာယဒိဋ္ဌိသံသယေဝ (၂) သဒ္ဓမ္မသ ဝနံ (၃) ယောနိသောမနသိကာရော (၄) ဓမ္မာနုဓမ္မပဋိပတ္တိ။ ။မဟာဝဂ္ဂ သံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားတို့။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေဓမ္မာ၊ ဤတရားတို့ကို။ ဘာဝိတာ၊ ပွါးများအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည်ရှိသော်။ သောတာပတ္တိဖလသန္ဒိဋ္ဌိကိရိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ သကဒါဂါမိဖလသန္ဒိဋ္ဌိကိရိယာယ၊သကဒါဂါမိဖိုလ်ကိုမျက်မှောက်ပြုရခြင်းငှါ။သံဝတ္တန္တိ၊ဖြစ်ကုန်၏။အနာဂါမိဖလသန္ဒိဋ္ဌိကိရိယာယ၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရခြင်းငှါ။သံဝတ္တန္တိ၊ဖြစ်ကုန်၏။အရဟတ္တဖလသန္ဒိဋ္ဌိကိရိယာယ၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကတမေစတ္တာရော၊ အဘယ်လေးပါးတို့နည်းဟူမူကား။ (၁) သပ္ပုရိသသံသေဝ၊ ပရမတ်တရား၌ ပိုင်နိုင်သောသူတော်ကောင်းနှင့်ပေါင်းသင်းရခြင်းငှင်း။(၂) သဒ္ဓမ္မသဝနံ၊သစ္စာ ၄-ပါး ရုပ်နာမ်တရားကို နာကြားရခြင်းငှင်း။ (၃) ယောနိသောမနသိကာရော၊ ရုပ်နာမ်နှင့်စပ် ပရမတ်ကို မပြတ်နှလုံးသွင်းရခြင်းငှင်း။ (၄)ဓမ္မာနုဓမ္မပဋိပတ္တိ၊ဝိပဿနာတရားကို အားထုတ်ရခြင်းငှင်း။ ဣမေစတ္တာရော၊ ဤလေးပါးတို့ပင်တည်း။

သူတော်ဆည်းကပ်၊ တရားမြတ်၊ နာအပ်ဖန်ခါခါ။
နှလုံးသွင်းမှန်၊ ကျင့်ပြင်းထန်၊ လေးတန်အစဉ်ယာ။

ပဓာနီယင်္ဂါးပါးပြည့်စုံလျှင် ယခုဘဝပင်နိဗ္ဗာန်မြင်

သဒ္ဓါပြည့်တင်း၊ ရောဂါကင်း၊ ရှောင်ကွင်းဝိ မာယာ။
ဝီရိယပါ၊ ကြီးမည္ညာ၊ ငါးဖြာပဓာနာ။
ဤဘဝပင်၊ နိဗ္ဗာန်မြင်၊ လေးအင်မဂ်ကိစ္စာ။

ပဓာနိယင်္ဂသုတ်ပါဠိ၌ ပဥ္စကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်၌ ဘုရားဟောခဲ့ပါ၏။ မင်္ဂ၏ရှေ့တော်ပြေးကျမ်းငယ်၌ ပါဌ်အနက်ရေးပြီး၍ မချဲ့တော့ပြီ။ဤလက်ခံနှင့်သိသာလှပေတော့၏။ (၁)သဒ္ဓါတရားကြီးမားရခြင်း (၂) အနာရောဂါကင်းရှင်းရခြင်း (၃) အမာယာဝီ၊ မလှည့်မပတ် ဖြောင့်

မဘ်စွာ ပြောကြားကျင့်ကြံရခြင်း (၄) ဝီရိယကြီးမားရခြင်း (၅) ပညာ အဆင်အခြင်နှင့် ပြည့်စုံရခြင်းငါးပါးတည်း။

## (၄၇၀) သောတာပန်အဖေဖြစ်ရေးအောင်အဘယ်ဒွာနက ရှင်နာမ်ကိုဝိပဿနာရှုရမည်နည်း

တရားရှာ၊ကိုမှာဝေ့၊

လမ်းဆုံးတော့ ရွာသို့ချောက်

ဈေးကစကားပုံများလဲ အရှိသားကဘဲ။ ။အချာများမလွဲကြပါနှင့်တော့

(က) ဥတ္တံ့သာကာရံ သဏ္ဌာယိတွာ (အတ္တဘာဝေ) ခယဝယံ ပဋပေတွာ သာယန္ဟေ ဥဋ္ဌာယ သမ္မဖ္ဖိတုံ ဝဋ္ဋတိ။ ။ဓမ္မပဒအဋ္ဌကထာ၊ဒုအုပ် ၁၀၉-နံ၊ ၂၂-ကြောင်း။

ဥတ္တံ့သာကာရံ၊ ၃၂-ကောဋ္ဌာသအခြင်းအရာကို။ သဏ္ဌာယိတွာ၊ သရဇ္ဈာယ်၍။အတ္တဘာဝေ၊အတ္တဘောခေါ်ရတဲ့ ခန္ဓာကိုယ်၌။ခယဝယံ၊ကုန်ခြင်း ပျက်ခြင်းကို။ ပဋပေတွာ၊ဖြစ်စေ၍။ သာယန္ဟေ၊ ညနေချမ်းအချိန်၌။ဥဋ္ဌာယ၊ ထ၍။ သမ္မဖ္ဖိတုံ၊ တံမြက်လှည်းခြင်းငှါ။ ဝဋ္ဋတိ၊ သင့်မြတ်လှ၏။ ။ဤ၌ (အတ္တဘာဝေ ခယဝယံ) လိုရင်းပါ။ ခန္ဓာကိုယ်ထဲက ဖြစ်ပျက်နေကြတဲ့ ကုန်ခြင်း,ပျက်ခြင်းကို ရှု၍နေပါတဲ့။

(ခ) သော ပရိသုဒ္ဓံ ဝတ္တံ့ နဂ္ဂေတ္တ ဒေါသော(အတ္တဘာဝသ) ပနာယံ ဒေါသောတိ သညံ ပဋိလဘိတွာ (ပဋ္ဌကမ္မဋ္ဌေသု ဉာဏံ ဩတာရေတွာ)ဝိပဿနံ ဝဍ္ဎေတွာ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုအုပ်။ နံ၃၄၂၊၁၆-ကြောင်း။

သော၊ ထိုအရှင်ဗုဒ္ဓပန်သည်။ ပရိသုဒ္ဓံ၊ အထူးစင်ကြယ်လှသော။ ဝတ္တံ၊ အဝတ်ကို။ ဒွေ့၊ ဤအဝတ်၌။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊မရှိချေ။ အယံ ဒေါသော၊ ဤအပြစ်သည်။ အတ္တဘာဝဿပန၊ အတ္တဘော,ခန္ဓာကိုယ်၏ သာလျှင်။ ဒေါသော၊ အပြစ်ပင်တည်း။ ဣတိ၊ဤသို့။ သညံ၊ အနိစ္စသညာကို။ ပဋိလဘိတွာ၊ ရ၍။ ပဋ္ဌကမ္မဋ္ဌေသု၊ ခန္ဓာငါးပါးတို့၌။ ဉာဏံ၊ ဝိပဿနာ ဉာဏ်ကို။ ဩတာရေတွာ၊ ထဲ့သွင်း၍။ ဝိပဿနံ၊ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွါး၍။ (လ) အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တော၊ ရောက်လေပြီ။

ဤ၌ အတ္တဘာဝသည်နှင့် ပဋိက္ခန္ဓေသု ဉာဏံ ဩတာရေတွာကား လိုရင်း တည်း။ အတ္တဘော၌ ရှုရမည်။ ပဋိက္ခန္ဓာကိုယ်၌ရှုရမည်။ ဒါမှအမှန်ပါဘဲ။

(ဂ) သော ပဒဟာတိ ပဟိတတ္တော၊ (ကာယေနစေဝ ပရမတ္ထ သစ္စံ သစ္ဆိကရောတိ) ပညာယစ အတိဝိဇ္ဈ ပဿတိ။ ။စတုက အင်္ဂုတ္တိုရ်ပါဠိတော်၊ နံ ၃၅၆၊ ၁၆–ကြောင်းဟံမူ။

သော၊ထိုယောဂီသည်။ ပဟိတတ္တော၊ နိဗ္ဗာန်သို့စေလွှတ်အပ်သောစိတ်ရှိ သည်ဖြစ်၍။ ပဒဟာတိ၊ အားထုတ်၏။ ကာယေနစေဝ၊ ကာယပသာဒဖြင့် လည်း။ ပရမတ္ထသစ္စံ၊ ပရမတ္ထသစ္စာကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏။ ပညာယစ၊ ဇော၌ပါသောပညာဖြင့်လည်း။ အတိဝိဇ္ဈ၊ အလွန်ထိုးထွင်း၍။ ပဿတိ၊ မြင်၏။ ။လိုရင်းမှာ ကာယေနစေ ဖြင့် ခန္ဓာကိုယ်ထဲက ကာယ ပသာဒကိုပြ၏။

ပရမတ္ထသစ္စံဖြင့် ပူပူအေးအေးဖြန်းဖြန်းသစ္စာအမှန်ကိုပြ၏။
သစ္ဆိကရောတိဖြင့် မှန်းဆတာမဟုတ်၊ဒိဋ္ဌလက်တွေ့ကိုပြ၏။
ပညာယဖြင့် ဇော ၇-ကြိမ်၌ အသိမှန် အသိစစ်စစ်ကိုပြ၏။
အတိဝိဇ္ဈပဿတိဖြင့် ရုပ်အပေါ် ၇-မျိုးကို ထိုးထွင်းသိကိုပြ၏။

ဤပုံ, ဤနည်း အဲတာလို ကိုယ်တွေ့၊ ဌာနနှင့် ပမာဏနှင့်၊ သဘာဝနှင့်၊ ကလာပနှင့်၊ ပဟာနနှင့်၊ အာနုဘာဝနှင့်၊ ဉာဏနှင့် အသိမျိုးကိုမှ ဝိပဿနာ အသိမျိုးဟူ၍ ဆုံးဖြတ်မှတ်သားအပ်လေသည်။ အဲတာမျိုးမှ အမှန်ပါ။

(ဃ) ဓမ္မံ ကာယေန ပဿတိ။ ။ဓမ္မပဒပါဠိတော် ၃၃–နံ။

ဓမ္မံ၊ရုပ်နာမ်တရားကို။ ကာယေန၊ ကာယပသာဒဖြင့်။ ဝါ၊ကိုယ်တွေ့ဖြင့်။ ပဿတိ၊သိ၏။ဝါ၊မြင်၏။ဝါ၊တွေ့၏။ ။ကိုယ်မှာတွေ့မှ အစစ်အမှန်ပါဘဲ။

(င) ဓမ္မံ ကာယေန ပဿယံ။ ။သောဏကဇာတ်ပါဠိတော်။

ဓမ္မံ၊ရုပ်နာမ်တရားကို။ ကာယေန၊ကိုယ်တွေ့ဖြင့်။ ဝါ၊ကာယပသာဒဖြင့်။ ပဿယံ-ပဿယန္တော၊ရှုပွါးလျက်။ ။ကိုယ်တွေ့မှ မှန်ကန်ပုံ။

(စ) ပဟိတတ္တော သမာနော (ကာယေနစေဝ ပရမံ သစ္စံ သစ္ဆိကရောတိ)ပညာယစ တံ ပဋိဝိဇ္ဈ ပဿတိ။ ။မဇ္ဈိမပဏ္ဏာသ ပါဠိတော် စင်္ကီသုတ်ကောင်။

ပဟိတတ္တော၊ နိဗ္ဗာန်သို့စေလွှတ်အပ်သောစိတ်ရှိသည်။ သမာနော၊ ဖြစ်လျက်။ ကာယေနစေဝ၊ ကိုယ်ဖြင့်လည်း။ ပရမံသစ္စံ၊ ပရမတ္ထသစ္စာကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏။ ပညာယစ၊ ပညာဖြင့်လည်း။ တံ၊ ထို ပရမတ္ထသစ္စာကို။ ပဋိဝိဇ္ဈ၊ ထိုးထွင်း၍။ ပဿတိ၊ မြင်၏။ ။(၇) အမှတ်နှင့် လုံးဝတူ၍မချဲ့ပြီ။

(ဆ) ဝိညာဉ်သိ–သညာသိ–ပညာသိ–ကိုယ်တွေ့သိကို ဝိထိနှင့်သိကြပါကုန်

| ဝိညာဉ်သိ | သညာသိ | ပညာသိ ၄-ပါး |
|---|---|---|
| ၁ | ၃ | ၉ |
| တိ၊ နှ၊ ဒ၊ ပ၊ ကာ | သံ၊ တိ၊ ဝ၊ | ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ |
| ကိုယ်တွေ့သိ | | |
| (ကာယသစ္ဆိကိရိယ) | | (ဉာဏသစ္ဆိကိရိယ) |

(ဇ) ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။ ။သံယုတ်ပါဠိတော်။

ကာယဉ္စ၊ ကာယပသာဒကိုလည်း။ ပဋိစ္စ၊ စွဲ၍။ ဖောဋ္ဌဗ္ဗေစ၊ ဖောဋ္ဌဗ္ဗာရုံတို့ကိုလည်း။ ပဋိစ္စ၊ စွဲ၍။ ကာယဝိညာဏံ၊ ကိုယ်တွေ့အသိဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ တိဏ္ဏံ၊ ကာယ,ဖောဋ္ဌဗ္ဗ, ဝိညာဉ်၃-ပါးတို့၏။ သင်္ဂတိ၊ ပေါင်းမိခြင်းအတွေ့သည်။ ဖဿော၊ ဖဿပင်တည်း။ ဖဿပစ္စယာ၊ ဖဿ ဟူသောအကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာ ၃–ပါး ဝေဒနာငါးပါသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာလေ၏။

(ဈ) ကရဇကာယေ ဉာဏံ ဩဘာသေတွာ။ ။ပေါဋ္ဌိလဝတ္ထု ဓမ္မပဒကထာ။

ကရဇကာယေ၊ ခန္ဓာကိုယ်ထဲ၌။ ဉာဏံ၊ ဉာဏ်ကို။ ဩဘာသေတွာ၊ ထိုးသွင်း၍။

(ည) ဇာနာတိ ပဿတိ သဟ ဝိပဿနာယ မဂ္ဂေါ ဝုတ္တော၊ ပထဝီဓာတု အာဒယော (သ ဝိညာဏကကာယံ) သုညတော နိဿတ္တတော ဒဿေတုံ ဝုတ္တာ။ ။ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ ဗဟုဓာတုကသုတ်အဖွင့်။

ဇာနာတိပဿတိတိ၊ ဟူသည့်ကား။ သဟာဝိပဿနာယ၊ ဝိပဿနာနှင့်တကွသော။ မဂ္ဂေါ၊ မဂ်တရားကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ပထဝီဓာတုအာဒယော၊ ပထဝီဓာတ် အစရှိသည့်တို့ကို။ သဝိညာဏကကာယံ၊ အသက်ဝိညာဉ် ရှိသောခန္ဓာ၌။ သုညတော၊ ဆိတ်သုဉ်းသော အားဖြင့်။ နိဿတ္တတော၊ သတ္တမရှိသော သဘောအားဖြင့်။ ဒဿေတုံ၊ ပြခြင်းငှါ။ ဝုတ္တာ၊ မိန့်ဆိုအပ်ကုန်၏။

ဓာတ် ၄-ပါး ဖွေ့လို့ သတ္တဒိဋ္ဌိ,အတ္တဒိဋ္ဌိကွာပုံ၊ ကိုယ်ဖွေ့ဖြစ်ပုံကို ပြသည်။

(၃) ဇးတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတူတိအာဒိနာ နယေန သကလသ္မိံ တိယံ စတူ္တဒိရ မဟာဘူတာနိ၊ တဒနုသာရေန ဥပါဒါရူပါနိစေဝ ပရိဂ္ဂဟေတွာ အယံ ရူပက္ခန္ဓောတိ ဝဝတ္ထာပေတိ။ ။မူလပဏ္ဏာသ အဋ္ဌကထာ၊ နံ ၆၀၊ ၂၉-ကြောင်း၊ ဇံမူ။

ဣမသ္မိံကာယေ၊ ဤခန္ဓာကိုယ်ကြီး၌။ ပထဝီဓာတု၊ ပထဝီဓာတ်သည်ရင်း။ အာပေါဓာတု၊ အာပေါဓာတ်သည်ရင်း။ အတ္ထိ၊ ရှိ၏။ ဣတိအာဒိနာနယေန၊ ဤသို့ဓာတ်အစရှိသောနည်းဖြင့်။ သကလသ္မိံ တိယံ၊ မိမိ၏အစဉ် သန္တတိ ဖြစ်၍နေသောကိုယ်၌။ စတူ္တဒိရမဟာ ဘူတာနိ၊ ၄-ပါးကုန်သော မဟာဘုတ်ကြီးတို့ကိုရင်း။တဒနုသာရေန၊ ထိုမဟာဘုတ်ကိုအစဉ်လျောက်သဖြင့်။ဥပါဒါရူပါနိစေဝ၊ဥပါဒါရုပ်တို့ကိုရင်း။ပရိဂ္ဂဟေတွာ၊သိမ်းဆည်း၍။ အယံ၊ ဤမဟာဘုတ်နှင့် ဥပါဒါရုပ်သည်။ ရူပက္ခန္ဓော၊ ရုပ်တရားအစုပင်တည်း။ ဣတိ၊ ဤသို့။ ဝဝတ္ထာပေတိ၊ ပိုင်းခြားပေ၏။

ဤကား ကိုယ်ဖွေ့ဝိပဿနာရှုပုံ၊ အစစ်အမှန်ကို ပြထားပါသည်။

(၄) ဣဓ ဘိက္ခဝေ ဘိက္ခု ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဥဒယဗ္ဗယာနုပဿီ ဝိဟရတိ။ ဣတိရူပံ ဣတိရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမောတိ။ ။စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်၊ နံ ၂၉၄၊ ၈-ကြောင်း၊ဟံ။ ။သုတ်ပါထေယျပါဠိတော်၊ သင်္ဂီတိသုတ်၊ နံ ၁၅၀၊ ၁၈-ကြောင်း၊ဇံမူ၌။

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤသာသနာတော်မြတ်ကြီး၌။ ဘိက္ခု၊ ရဟန်းသည်။ ပဉ္စသု ဥပါဒါနက္ခန္ဓေသု၊ ငါးပါးကုန်သော ဥပါဒါန်၏အာရုံဖြစ်ကုန်သောခန္ဓာတို့၌။ဥဒယဗ္ဗယာနုပဿီ၊ အဖြစ်အပျက်ကို အဖန်တလဲလဲ

ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟာရတိ၊ နေ၏။ ရူပံ၊ ရုပ်တရားကား။ ဇာတိ၊ဤသည် ပင်တည်း။ ရူပဿ၊ ရုပ်တရား၏။ သမုဒယော၊ ဖြစ်ကြောင်းကား။ ဇာတိ၊ ဤသည်ပင်တည်း။ ရူပဿ၊ ရုပ်တရား၏။ အတ္ထင်္ဂမော၊ ချုပ်ငြိမ်းခြင်း သည်ကား။ ဇာတိ၊ ဤသည်ပင်တည်း။

ခန္ဓာကိုယ်မှ ရုပ်နာမ်ကိုတွေ့ရပုံ၊ ရှုပွါးပုံ၊ အစုံပြသောပါဠိတည်း။

(ဃ) အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ယေ ကာယဂတာသတိံ ပရိဘုဉ္ဇန္တိ။ ။အင်္ဂုတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားတို့။ ယေ၊ အကြင်သူတို့သည်။ ကာယဂတာသတိံ၊ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို။ ပရိဘုဉ္ဇန္တိ သုံးဆောင်ကြ ကုန်၏။ တေ၊ ထိုသူတို့သည်။အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ပရိဘုဉ္ဇန္တိ၊ ခံစားသုံးဆောင် သည်မည်ကုန်၏။

(စ) အမတံ တေ ဘိက္ခဝေ နပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာ သတိံ နပရိဘုဉ္ဇန္တိ။ ။အင်္ဂုတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားတို့။ ယေ၊ အကြင်သူတို့သည်။ ကာယဂတာသတိံ၊ ကာယဂတာသတိကမ္မဋ္ဌာန်းကို။ နပရိဘုဉ္ဇန္တိ၊ မခံစားမသုံးဆောင်ကြကုန်။ တေ၊ ထိုသူတို့သည်။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ နပရိဘုဉ္ဇန္တိ၊ မခံစား မသုံးဆောင်ကြရလေကုန်။

ပြခဲ့ပြီးသော၊ (ဃ—စ) အမှတ်ပါဠိဖြင့် ကိုယ်တွေ့ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို အားထုတ်မှသာလျှင် အမြိုက်နိဗ္ဗာန်ကိုရနိုင်မည်တဲ့။ကိုယ်တွေ့ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို အားမထုတ်လျှင် အမြိုက်နိဗ္ဗာန်ကို မရနိုင် ဘူးဆိုတာ အနွယဝါကျ,ဗျတိရေကဝါကျဖြင့် မသွယ်မဝိုက်ဘဲ တဲ့တဲ့ကြီး ဘုရားသခင်က ဟောကြားဒါကိုကြည့်ကြပါ။

အချို့က လာရောက်ပြီးလျှင် မေးလျှောက်ကြတယ်။ ကိုယ်ကတွေ့တာ မဟုတ်ဘဲနှင့် ရုပ်နာမ်တို့၏ သဘောသဘာဝမျှကို စိတ်ကူးကြံဆပြီး အမှန်းနှင့်အားထုတ်နေတာက တခုပါဘုရားတဲ့။ အချို့ကလဲ အပြင်ကအာရုံ အဖြစ်အပျက်တွေပါ ရှုပွါးနေတာကလဲ တခြားပါဘုရားတဲ့။ ၎င်း ၂-စား ဟာ ဘယ်လိုဟု မှတ်ရမှာလဲဘုရားတဲ့။ ။အဖြေကား၊ ၎င်း ၂-စားဟာ ၎င်း ၂-စားပေါ့။ ကျမ်းဂန်အရှိကတော့ (က) အမှတ်ကစ၍ (စ) အမှတ် အထိ ယခုထုတ်၍ပြခဲ့ပြီ၊ ကိုယ်ကလဲတွေ့ရမယ်၊ သဘောမျှလဲဖြစ်ရမယ်

ဟုရှေ့ငါးထောင်ကျော် အနိစ္စလဲတွေ့ရမယ်၊ အဲဒါမှငါတို့ပြနေတဲ့ဝါဒပါဘဲ။ သူများဟာကို မဝေဘန်လိုပါ။

(၄၇၁) ကိုယ်ထဲက၊ တွေ့ရတဲ့ရုပ်နာမ်မှ အမှန်ဆိုတာတော့ သိရပါပြီ။ ဘယ်တရားကိုမှုတည်၍ အဆင့်တက်ထား ရှုရပါမည်နည်း။

**မဟာဘုတ်ခေတ်ကြီးလေးပါး အခြေခံ၍ရှုမှု**

၁ ၂ ၃ ၄ ၅ ၆ ၇
ခေတ် – လာပ် – ဠွ – ဉာဏ် – မဂ် – ဖိုလ် – နိဗ္ဗာန် ပုံစံကြည့်

နိဗ္ဗာန်ဆိုတာ ဖိုလ်ကြောင့်ရတာ (လူပြိန်းသိရန်ပြပါသည်) ဖိုလ်ဆိုတာဟာလဲ မဂ်ကြောင့်ရတာပါ။ မဂ်ဆိုတာလဲ ဉာဏ်စဉ်ကြောင့်ရတာ၊ ဉာဏ်စဉ်ဆိုတာလဲ အနိစ္စ,ဒုက္ခ,အနတ္တတွေ့လို့ရတာ။ ၎င်းလက္ခဏာရေးသုံးပါးဟာလဲ ကလာပ်တွေ့လို့ရတာ၊ ကလာပ်ဟာလဲ ခေတ် ၄-ပါးတွေ့လို့ရတာ။ အဲဒါက (ပဋိလောမ) စစ်ဆေးနည်းပါဘဲ။ ။ခေတ်တွေ့လျှင် ကလာပ်တွေ့မယ်၊ ကလာပ်တွေ့လျှင် လက္ခဏာရေး ၃-ပါးတွေ့မယ်၊ လက္ခဏာရေး ၃-ပါးတွေ့လျှင် ဉာဏ်စဉ် ၁၀-ပါးတွေ့မယ်၊ ဉာဏ်စဉ် ၁၀-ပါးတွေ့လျှင် မဂ်ရမယ်၊ မဂ်ရလျှင်ဖိုလ်ရမယ်၊ ဖိုလ်ရလျှင် နိဗ္ဗာန်ရမယ်၊ အဲဒါကတော့ (အနုလောမ)စစ်ဆေးနည်းပါဘဲ။

**ဘုရားဟောသာဓကတက်စဉ်များ**

(က) တတ္ထ ကတမံ ဝိညာဏပစ္စယာ နာမရူပံ။ အတ္ထိနာမံ' အတ္ထိရူပံ။ တတ္ထ ကတမံ နာမံ၊ ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော၊ ဣဒံ ဝုစ္စတိ နာမံ။ တတ္ထ ကတမံ ရူပံ၊ စတ္တာရောစ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ ဣဒံဝုစ္စတိ ရူပံ။ ။ ဝိဘင်းပါဠိတော်။ ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ။

(ခ) ကတမဉ္စ ဘိက္ခဝေ ရူပံ၊ စတ္တာရောစ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ရူပံ။ ။ ခန္ဓဝဂ္ဂသံယုတ် ဥတ္တမပုရိသသုတ်တော်။

(ဂ) ကတမဉ္စ ဘိက္ခဝေ ရူပံ၊ စတ္တာရောစ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ရူပံ။ ။ စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်။

(ဃ) စက္ခုဒရိ မဟာဘူတာနိ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ရူပံ။ ။သင်္ဂဟအဋ္ဌကထာ။

(င) အတ္ထိ ရူပမန္တိ ကာယေ ပထဝီဓာတု အာပေါ ဓာတုတိ အာဒိနာ နယေန သကာသက္ကတိယံ စက္ခုဒရိ မဟာဘူတာနိ၊ တဒနုသာရေန ဥပါဒါရူပါနိစေ။ ။မူလပဏ္ဏာသ အဋ္ဌကထာ သတိပဋ္ဌာနသုတ်အဖွင့်။

(စ) ယံကိဉ္စိရူပံ သဗ္ဗံ စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာ ဘူတာနံ ဥပါဒါယရူပန္တိ၊ ဒဝံ သံခိတ္တေနေဝ ရူပမန္တိ အတ္တဘာဝေ ရူပံ ပရိဂ္ဂဟေတဗ္ဗံ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဤကား ခေတ်လေးပါးအခြေခံ၍ ရုပ်ရပုံကိုစု၍ပြခဲ့ပါသည်။ ရှုနည်းမှာ ပထဝီဓာတုံ ခါ ရာဟုလ အနိစ္စတော ဓာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ၊ဝိစိကိစ္ဆံ ပဇဟတိ၊အဝိဇ္ဇာပဟီယတိ၊ဝိဇ္ဇာ ဥပ္ပဇ္ဇတိ–ဖြင့်ပရိညာ ၃-ပါးတက်စဉ်ဖြင့် ဒိဋ္ဌိကွာပုံအထိ ဟောခဲ့ပါပြီ။

## ခေတ်းတွေ့တော့ ကလာပ်ပေါ်ပုံမှာ

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။

ဓမ္မာဒအဋ္ဌကထာနှင့်ပါဠိတော်။ရေပွက်များလိုပေါ်တာတွေ့ရမည်။ တံလျှပ်များလိုပေါ်တာကိုတွေ့ရမည်။ ကုဋ္ဌေတသိန်းမကဘဲ တွေ့ရသည်။ ဒိပဓာလာဝိဿ။ ။နဒီသောတောဝိယ။ ။နဒီသောတသမ္မပမံ။

ထြေန္တရေ အနေကာနိ ကောဋိသတသဟဿာနိ သင်္ခါရာ ဥပ္ပဇ္ဇန္တိစ ဝယန္တိစ။ ။သင်္ဂါထာဝဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ ဝိဘင်း စသောအဋ္ဌကထာ ၄–ကျမ်းပါဋ္ဌိတည်း။

ထြေန္တရေ၊ ဤမျက်စိတမှိတ်ခန့်အတွင်း၌။ အနေကာနိ၊ များပြားလှစွာ ကုန်သော။ ကောဋိသတ သဟဿာနိ၊ ကုဋ္ဌေတသိန်းမကကုန်သော။ သင်္ခါရာ၊ ဖြစ်ပျက်သင်္ခါရတို့သည်။ ဥပ္ပဇ္ဇန္တိစ (ဥဒယ) သဘောဖြင့်လည်း ဖြစ်ကြကုန်၏။ ဝယန္တိစ၊ (ဝယ) သဘောဖြင့်လည်း ပျက်စီးကြကုန်၏။

ကုဋ္ဌေတသိန်းတွေ့ရပုံကျမ်း၌ အစုံရေးခဲ့ပြီးမို့ မချဲတော့ပြီ။

### ကလာပ်တွေတော့ အနိစ္စပေါ်ပုံမှာ

အနိစ္စလက္ခဏံ ဒုက္ခလက္ခဏံ အနတ္တလက္ခဏဉ္စေတိ တီဏိ လက္ခဏာနိ။ ။သင်္ဂဟ အဋ္ဌကထာ။ ။ကလာပ်ပေါ်ပုံ၌ အနိစ္စ, ဒုက္ခ, အနတ္တ ပါသွားပါပြီ။

### လက္ခဏာရေးသုံးပါးပေါ်တော့ ဉာဏ်စဉ်ပေါ်ပုံမှာ

သမ္မသနဉာဏံ ဥဒယဗ္ဗယဉာဏံ ဘင်္ဂဉာဏံ ဘယဉာဏံ အာဒီနဝဉာဏံ နိဗ္ဗိဒဉာဏံ မုဉ္စိတုကမျတာဉာဏံ ပဋိသင်္ခါဉာဏံ သင်္ခါရုပေက္ခာဉာဏံ အနုလောမဉာဏဉ္စေတိ ဒသ ဝိပဿနာ ဉာဏာနိ။ ။သင်္ဂဟအဋ္ဌကထာ။

### ဉာဏ်စဉ်ဆုံးလျှင် မဂ်ဖိုလ်နိဗ္ဗာန် တွေ့ရတော့၏

ဤကားခေတ်တွေမှ၊ နိဗ္ဗာန်အထိ၊ တက်သွားပုံ တွေ့သွားပုံတည်း။

၄၇၂—ဘယ်ကစ၍ ဒိဋ္ဌိကွာပါသလဲ

သက္ကာယဒိဋ္ဌိကို ဘာဖြင့်ခွါရပါသလဲ

### ဝိသုဒ္ဓိ ၇-ပါး၌ သက္ကာယဒိဋ္ဌိကွာပုံ ငါးမျိုး

| | | | | | | |
|---|---|---|---|---|---|---|
| သီလ | စိတ္တ | ဒိဋ္ဌိ | ကင်္ခါ | မဂ္ဂါ | ပဋိ | ဉာဏ |
| × | × | ကွာ | ကွာ | ကွာ | ကွာ | ကွာ |

### ဉာဏ်စဉ် ၁၆-ပါး၌ သက္ကာယဒိဋ္ဌိကွာပုံ

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နာ | ပ | သံ | ဥ | ဘ် | ဘ | အာ | နိ | မု | ပ | သ် | နု | ဂေါ | မဂ် | ဖိုလ် | ပ |
| ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ |

### မဂ္ဂဝီထိ၌ သက္ကာယဒိဋ္ဌိ ကွာပုံ

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| တီ | န | ဒ | မ | ပ | ဥ | နု | ဂေါ | မဂ် | ဖိုလ် | ဖိုလ် |
| | | | | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ | ကွာ |

## ဣန္ဒြိယ ကွဲပုံ ပါဠိ အစုံ

(က) နာမရူပ ပရိစ္ဆေဒေန သဒ္ဓါယ ဣန္ဒြိယာ ပဟိနံ ဟောတိ၊ နိကာယ်ငါးရပ်လာ အဋ္ဌကထာ ငါးကျမ်းအဆို။

(ခ) ဇဝံ နာနာနယေဟိ နာမရူပံ ဝဝတ္ထာပယတော သဒ္ဓါသည့် အဘိဘဝိတွာ အသမ္မောဟဘူမိယံ ဌိတံ၊ နာမရူပါနံ ယာထာဝ ဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ဒုအုပ် နံ ၂၀၇၊ ၉-ကြောင်း။

(ဂ) ပါဠိကား (ခ) အတိုင်းပင်၊ ရူပဝိဘာဂ အဋ္ဌကထာ၊ နံ ၇၀၊ ၁၁-ကြောင်း။

(ဃ) အထဝါ ဣန္ဒြိယောနာမ ဝိပဿနာယ ဇဝ ပဟီနာ ဟောတိ။ ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ။

(င) ပရမတ္ထသစ္စံ ဣန္ဒြိပဋိပက္ခံ။ ။ပဋ္ဌပကြိုဏ်အဋ္ဌကထာ။

(စ) တဏှာသံကိလေသော သမထေန ဝိသုဇ္ဈတိ (ဣန္ဒြိသံကိလေ သော ဝိပဿနာယ ဝိသုဇ္ဈတိ) ဒုစ္စရိတသံကိလေသော သုစရိ တေန ဝိသုဇ္ဈတိ။ ။ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။

(ဆ) ဝိပဿနာယ ဣမ္မိဥဿ ါဠုန မာနသမုဿ ါဠုန နိကန္တိပရိယာဒါန ဟောတုဘာဝ ဝိသေသတော ပဋိပက္ခေန အသံဟီရ အသံ ကုပ္ပန ဟောတုဘူတာ ပရိဗြူဟနာ ဟောတိ။ ။နေတ္တိဋီကာ ဟောင်း၊ နံ ၁၁၉၊ ၂၇-ကြောင်း။

(ဇ) ဣန္ဒြိသံကိလေသော ဝိပဿနာယ ဝိသုဇ္ဈတိ၊ သာဝိပဿနာ ပညာက္ခန္ဓော။ ။နေတ္တိပါဠိတော်။

(ဈ) လက္ခဏာ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ။ ။သင်္ဂဟာအဋ္ဌကထာ။

(ည) ပထဝိဓာတုံခေါ ရာဟုလ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ၊ အဝိဇ္ဇာ ပဟီယတိ၊ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ ။ သံယုတ်။

ဤ ၁၂—ပါးသော ပုံစံနှင့် ပါဠိကိုမြင်သဖြင့် ဝိပဿနာဖြင့်သာလျှင် သက္ကာယဒိဋ္ဌိကို ခွါနိုင်သည်၊ ကွာစေနိုင်သည်။

## (၄၇၃) မျက်မှောက်ပြုခြင်း ဘယ်နှစ်မျိုးနှင့်ကွာသနည်း

(က) ယေယေဓမ္မာ သန္တိကတာ ဟောန္တိ၊တေတေဓမ္မာ ဖုသိတာ ဟောန္တိ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ယေယေဓမ္မာ၊ အကြင်အကြင်တရားတို့ကို။ သန္တိကတာ၊ မျက်မှောက်ပြုအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေတေဓမ္မာ၊ ထိုထိုတရားတို့သည်။ ဖုသိတာ၊ တွေ့ထိအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ကိုယ်ဖြင့်တွေ့၍ မျက်မှောက်ပြုသည်။

(ခ) ဧတ္တစ ယဿ သတိ ကာယဂတာ ဥပဋ္ဌိတာ၊သောဘိက္ခု ဆသု ဖဿာယတနေသု သံဝုတော၊တတောဇ၀ သဿတံ သမာဟိတော အတ္တပစ္စက္ခကရဏေန နိဗ္ဗာနံ အတ္တတော ဇာနေယျာတိ။ ။ ဥဒါန်းအဋ္ဌကထာ။ နံ ၁၈၁၊ ၁၅-ကြောင်း။

ဧတ္တစ၊ ဤနိဗ္ဗာန်ကိုမျက်မှောက်ပြုရာ၌လည်း။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ကာယဂတာ၊ ကိုယ်၌ဖြစ်သော။ သတိ၊ သတိတရားသည်။ ဥပဋ္ဌိတာ၊ ထင်၍နေသည်။ ဟောတိ၊ ဖြစ်၏။ သောဘိက္ခု၊ ထိုရဟန်းပုဂ္ဂိုလ်သည်။ ဆသု၊ခြောက်ပါးကုန်သော။ ဖဿာယတနေသု၊ တွေ့ထိသောအာယတနတို့၌။ သံဝုတော၊ စောင့်စည်း၏။ တတောဇ၀၊ ထို့ကြောင့်သာလျှင်။သဿတံ၊ အမြဲမပြတ်။သမာဟိတော၊ တည်ကြည်သည်ဖြစ်၍။ အတ္တပစ္စက္ခကရဏေန၊ မိမိ၏ကိုယ်တွေ့ပစ္စက္ခ၌ ပြုသဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အတ္တတော၊ အနက်သဘောအားဖြင့်။ ဇာနေယျ၊ သိနိုင်ရာ၏။ ဣတိ၊ ဤကားလိုရင်းတည်း။ ။ (ဖဿအာယတနဖြစ်နေရာမှ ဖြုံးကနဲ့ချုပ်ငြိမ်းမှု ကိုယ်တွေ့ပင်)

(ဂ) သော ပဒဟတိ ပဟိတတ္တော (ကာယေနစေဝ ပရမတ္တ သစ္စံ သန္တိကရောတိ) ပညာယစ အတိဝိဇ္ဈ ပဿတိ။ ။စတုက္က အင်္ဂုတ္တိုရ်ပါဠိတော်၊ နံ ၃၅၉၊ ၁၆-ကြောင်း၊ ဟံ။

(ဃ) ပဟိတတ္တော သမာနော (ကာယေနစေဝ ပရမံသစ္စံ သန္တိကရောတိ)ပညာယစ တံ ပဋိဝိဇ္ဈ ပဿတိ။ ။မဇ္ဈိမပဏ္ဏာသ ပါဠိတော် စင်္ကီသုတ်တော်။

(ဂ) (ဃ) ပါဠိတော် ၂-ပုဒ်ကား (သော ပဒဟတိ) ပုဒ်သာ ထူး၍ အားလုံးတူလှ၏။

အနုက်ကား။ သော၊ ထိုယောဂီသည်။ ပဟိတတ္တော၊ နိဗ္ဗာန်သို့စေလွှတ်အပ်သောစိတ်ရှိသည်ဖြစ်၍။ပဒဟာတိ၊ ဝိပဿနာကိုအားထုတ်၏။ကာယေန စေဝ၊ ကာယပသာဒဖြင့်လည်း။ ပရမဋ္ဌသစ္စံ၊ ပရမတ္ထသစ္စာကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏။ ပညာယစ၊ ပညာဖြင့်လည်း။ အတိဝိဇ္ဈ၊ ထိုးထွင်း၍။ ပဿတိ၊ မြင်၏။

ဤပါဠိ ၂-ပုဒ်၌ (ကာယေနစေဝ ပရမဋ္ဌသစ္စံ သစ္ဆိကရောတိ) ဖြင့် ကိုယ်တွေ့မျက်မှောက်ပြုပုံသိကြပါကုန် (ပညာယစ အတိဝိဇ္ဈ ပဿတိ)ဖြင့် ဉာဏ်မြင်မျက်မှောက်ပြုပုံ သိကြပါကုန်။ ။ကိုယ်တွေ့ဉာဏ်မြင် ၂-ပါးစုံ မျက်မှောက်ပြုပုံတည်း။ (က-ခ-ဂ-ဃ) အမှတ်ဖြင့် ကိုယ်တွေ့ဉာဏ်မြင် မျက်မှောက်ပြုပုံပြီး၏။

(င) ဒုက္ခနိရောဓသဉ်ါတံ နိဗ္ဗာနံ ဂစ္ဆတိ၊ အာရမ္မဏာဝသေန တဒဘိမုခဘူတတ္တာ။ ။နေတ္တိအဋ္ဌကထာ ၂၀-ကြောင်း၊ ၅၆-နံပါတ်။

ဒုက္ခနိရောဓသင်္ခါတံ၊ ဒုက္ခ၏ချုပ်ရာ ချုပ်ကြောင်းဟု ဆိုအပ်သော။ နိဗ္ဗာနံ၊နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ရောက်၏။ ကသ္မာ၊အဘယ့်ကြောင့်ရောက်သနည်းဟူမူကား။ အာရမ္မဏာဝသေန၊ အာရုံပြုသည်အစွမ်းအားဖြင့်။ တဒဘိမုခဘူတတ္တာ၊ ထိုစိတ်၊ ထိုဉာဏ်တို့၏ရှေးရှုဖြစ်၍နေသောအာရုံ၏အဖြစ်ကြောင့်ပင်တည်း။

ဤကား ရှေ့တဲ့တဲ့၌ ဖြစ်ပေါ်သောအာရုံကို အာရမ္မဏိကဖြင့် မျက်မှောက်ပြုရသောကြောင့် အာရမ္မဏာသစ္ဆိကိရိယမည်တော့၏။

(စ) ပက္ခန္ဒနဝေါသဂ္ဂေါ ဝိပဿနာက္ခဏေ တန္နိန္နဘာဝေန မဂ္ဂက္ခဏေ အာရမ္မဏာ ကရဏာဝသေန နိဗ္ဗာနပက္ခန္ဒနံ။ ။နေတ္တိအဋ္ဌကထာ၊ နံ ၆၉၊ ၁၃-ကြောင်း။

ပက္ခန္ဒနဝေါသဂ္ဂေါ၊နိဗ္ဗာန်ဆီသို့ပြေးဝင်၍ စွန့်လွှတ်ခြင်းမည်သည်ကား။ ဝိပဿနာက္ခဏေ၊ ဝိပဿနာ အခိုက်၌။ တန္နိန္နဘာဝေန၊ ထိုနိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသည်၏အဖြစ်ဖြင့်၎င်း။ မဂ္ဂက္ခဏေ၊ မဂ်၏အခိုက်အတံ့၌။ အာရမ္မဏာကရဏာဝသေန၊ အာရုံပြုသည်၏အစွမ်းအားဖြင့်။ နိဗ္ဗာန ပက္ခန္ဒနံ၊ နိဗ္ဗာန်ဆီသို့ပြေးဝင်တော့၏။ ။အာရုံပြု၍မျက်မှောက်ပြုပုံတည်း။

(ဆ) ပါရံ ဇုစ္စတိ နိဗ္ဗာနံ၊ တံ ဂစ္ဆတိတိ ပါရဂူ။ ။နေတ္တိအဋ္ဌကထာ၊ နံ ၆၀၊ ၂၄-ကြောင်း။

နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပါရံ၊ တဖက်ကမ်းဟူ၍။ ဇုစ္စတိ၊ ဆိုအပ်၏။ တံ၊ ထို တဖက်ကမ်းဖြစ်သော နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ အာရုံပြု၍ရောက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပါရဂူ၊ ပါရဂူမည်၏။ ဝါ၊ နိဗ္ဗာန်ကမ်းတဖက်သို့ ရောက်၍ နေသူမည်၏။

(ဇ) တံ နိဗ္ဗာနံ ဓညာ ဓာနေယျ မဂ္ဂဖလညာဏေဟိ ပဋိဝိဇ္ဈေယျ သစ္ဆိကရေယျာတိ အတ္ထော။ ။ဥဒါန်းအဋ္ဌကထာ၊ နံ ၁၀၊ ၁၂-ကြောင်း၊ သုမ္မ။

တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ ဓညာ၊ သိထိုက်သောသူသည်။ ဓာနေယျ၊ သိရာ၏။ မဂ္ဂ ဖလညာဏေဟိ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့်။ ပဋိဝိဇ္ဈေယျ၊ ထိုးထွင်း၍သိရာ၏။ သစ္ဆိကရေယျ၊ မျက်မှောက်ပြုရာ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ လိုရင်းအနက်ပင်တည်း။

(ဈ) ဝိဝဋ္ဋတိ ဒုက္ခပရိညာတာဒိနိ ကရောန္တော အာရမ္မဏတော သစ္ဆိ ကိရိယဝသေန ဝိဝဋ္ဋာ။ ။ဓမ္မာဒ အဋ္ဌကထာ နံ ၁၇၄၊ ၆-ကြောင်း၊ ဒုအုပ်။

ဝိဝဋ္ဋာတိ၊ ဟူသည်ကား။ဒုက္ခပရိညာတာဒိနိ၊ဒုက္ခဖြင့် ပိုင်းခြားသိခြင်း အစရှိသည်တို့ကို။ ကရောန္တော၊ ပြုလျက်။ အာရမ္မဏတော၊ အာရုံပြုသော အားဖြင့်။ သစ္ဆိကိရိယ ဝသေန၊ မျက်မှောက်ပြုသည်၏ အစွမ်းအားဖြင့်။ ဝိဝဋ္ဋာ၊ သောက်၍။ ။ဤကား အာရုံပြု၍ မျက်မှောက်ပြုပုံတည်း။

(င-စ-ဆ-ဇ-ဈ) အမှတ်တို့ဖြင့် အာရုံပြုလျက် မျက်မှောက်ပြုပုံပြသည်။ ကိုယ်တွေ့၊ ဉာဏ်တွေ့၊ အာရုံတွေ့၊မျက်မှောက်ပြုပုံပြီး၏။

(၄၇၄) ဝိပဿနာက မဂ်ဖိုလ်နိဗ္ဗာန်ကျေးဇူးပြုပုံနှင့်

ဝိပဿနာ၏တန်းခိုးတော်ဇော် အာနုဘော်များစု၍ပြချက်

**ဘုရားအလောင်းတော်ကြီးများ ကြိုးဝါးတော်မူကြမုံမှာ**

တိဏ္ဏော တာရေယျံ-ငါကူးမြောက်သလို ကူးမြောက်စေမယ်တဲ့
မုတ္တော မောစေယျံ-ငါလွတ်မြောက်သလို လွတ်မြောက်စေမယ်တဲ့
ဗုဒ္ဓေါ ဗောဓေယျံ-ငါသိသလို သိစေမယ်တဲ့

ဘယ်လက်နက်ကိုအားကိုး၍ ကြိုးဝါးပါသလဲမေးခဲ့လျှင် ဝိပဿနာလက်နက်ကို အားကိုးပြီးတော့ ချွတ်မယ်,ကယ်မယ်ဆိုတာပါဘဲ။

## (၁) ဝိပဿနာကသာလျှင် မဂ်,ဖိုလ်, နိဗ္ဗာန်ကျေးဇူးပြုပုံမှာ

တိနဒမ ပ ဥ နု ဝေါ မဂ် ဖိုလ် ဖိုလ်
ဝိပဿနာ ၄-ပါး လောကုတ္တရာအစစ်

ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘုဆိုတဲ့ ဝိပဿနာလေးပါးကြောင့် မဂ်, ဖိုလ်,နိဗ္ဗာန်ရကြတာကို ဆရာတော်, သမတော်, စာချ, သာသနာပိုင်တို့က ဝန်ခံကြပါသည်။

(၂) ခဏတ်ဝိပဿနာဖြင့် အမြဲတမ်း အပါယ်တံခါးပိတ်ရပါသည်။

စတုန္နံ ခဏနံ့ အညတ္ထဏ္ဍ၊ ပထဝီခဏယာ အာပေါခဏယာ တေဇောခဏယာ ဝါယောခဏယာ၊ နတွေဝခမ္မေ အဝေစ္စပသာ ဒေန သမ္မန္နာဂတော အရိယသာဝကော နိရယံဝါ တိရစ္ဆာနယော နိယံဝါ ပေတ္တိဝိသယံဝါ ဥပပဇ္ဇိဿတိ။ ။တိကနိပါတ်အင်္ဂုတ္တိုရ် ပါဠိတော်။ ။နံ ၁၁၀၊ ၁—ကြောင်း၊ ဟံ၌ ပါရှိပြီ။ ။အနက်ကို ရှေ့နားတုန်းကရေးခဲ့ပါပြီ။

## (၃) ဘာဖြင့် ဒိဋ္ဌိခွါလို့ အပါယ်တံခါးပိတ်ရတာလဲ

အထဝါ ဒိဋ္ဌိယောနာမ ဝိပဿနာယဓေ ပဟီနာ ဟောတိ။ ။ ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ။

အထဝါ၊ တနည်းသော်ကား။ ဒိဋ္ဌိယောနာမ၊ ဒိဋ္ဌိအားလုံးမည်သည်ကို။ ဝိပဿနာယဓေ၊ ဝိပဿနာတရားဖြင့်သာလျှင်။ ပဟီနာ၊ ပယ်အပ်သည်။ ဝါ၊ ပယ်နိုင်သည်။ ဟောတိ၊ ဖြစ်၏။

ဒိဋ္ဌိအားလုံးခွါနိုင်တာဟာ ဝိပဿနာတရားလို့ဆို၍ ထားပါတကား။

(၄) ခဏတ်ဝိပဿနာဖြင့် အပါယ်ပဋိသန္ဓေမှစ၍ ပဋိသန္ဓေမပေးနိုင်ပါ။

ဝိပဿနာသမ္မာဒိဋ္ဌိ ပဋိသန္ဓိံ နာကဍ္ဎတိ။ ။ကေအင်္ဂုတ္တိုရ် အဋ္ဌကထာ။

ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိသည်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေ အားလုံးကို။နာကဍ္ဎတိ၊မငင်နိုင်။ ။(အားရစရာကြီးပါတကား)

(၅) ခေတ်ဝိပဿနာရလျှင် ၇-ဘဝနှင့် ရဟန္တာဖြစ်နိုင်ပါသည်။

သစေ ဝိပဿနာသမ္မာဒိဋ္ဌိ ဘာဝိတာ ဗဟုလီကတာ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ ပါပေတုံ သက္ကောတိ၊ ဆုဋ္ဌေတံ ကုသလံ။ နောစေ သက္ကောတိ၊ သတ္တဘဝေ ဒေတိ။ ။ဒုကအင်္ဂုတ္တိုရ်အဋ္ဌကထာ။

ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိကို။ ဘာဝိတာ၊ ပွါးများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာပြုအပ်သည်ရှိသော်။ ဒိဋ္ဌေဝဓမ္မေ၊ ယခုဘဝထဲ၌။ နိဗ္ဗာနံ၊နိဗ္ဗာန်သို့။ ပါပေတုံ၊ရောက်စေခြင်းငှါ။ သစေသက္ကောတိ၊ အကယ်၍စွမ်းနိုင်ငြားအံ့။ ဆုဋ္ဌေတံ၊ ဤတဘဝထဲနှင့် နိဗ္ဗာန်သို့ရောက်စေနိုင်ခြင်းသည်။ ကုသလံ၊ ကောင်းလှပေ၏။ နောစေ သက္ကောတိ၊ အကယ်၍မစွမ်းနိုင်ငြားအံ့။ သတ္တဘဝေ၊ ခုနစ်ဘဝ၌။ ဒေတိ၊ ပေး၏။ ။ဝိပဿနကိုပွါးလျှင် ယခုဘဝပင် နိဗ္ဗာန်ရမည်။ အကယ်၍ မရဦးတော့ ၇–ဘဝအတွင်း နိဗ္ဗာန်ရမည်။ ၈ဘဝမကူးရစေပါတဲ့။

(၆) ခေတ်ဝိပဿနာကြောင့် ဆင်းရဲစေတဲ့ အကုသိုလ်ကံများ ကုန်ခန်းရ၏။

ယာယံဒိဋ္ဌိ အရိယာ နိယျာနိကာ နိယျာတိ တက္ကရဿ သမ္မာ ဒုက္ခက္ခယာယ။ ။သဂ္ဂ အင်္ဂုတ္တိုရ် ပါဠိတော်။

ယာသံဒိဋ္ဌိ၊ အကြင် ဝိပဿနာ သမ္မာဒိဋ္ဌိသည်။ အရိယာ၊ ဖြူစင် သန့်ရှင်းစေတတ်၏။ နိယျာနိကာ၊ သံသရာ ဝဋ်ဆင်းရဲမှ အမြဲ ထွက် မြောက်စေတတ်၏။ တက္ကရဿ၊ ထိုဝိပဿနာ သမ္မာဒိဋ္ဌိကို ကျင့်သောသူအား။ သမ္မာ၊ ကောင်းမွန်စွာ။ ဒုက္ခက္ခယာယ၊ ဆင်းရဲဒုက္ခ ကုန်ခန်းစေခြင်းငှါ။ နိယျာတိ၊ ထုတ်ဆောင်တတ်ပေ၏။

(၇) ခေတ်ဝိပဿနာကြောင့် မီး ၁၁–ပါး၊ ဝဋ် ၃–ပါး၊ အစဉ် ၃-ပါး၊ အလွှာ ၄–ပါး၊ အခြင်းအရာ ၂၀၊ အင်္ဂါ ၁၂၊ မူလ ၂–ပါး၊ ဒုက္ခက္ခန္ဓ၊ ဆင်းရဲအစုကြီးများချုပ်ငြိမ်းရ၏။

စက္ခုံခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော ဘိက္ခုနော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ ။သဠာယတန ဝဂ္ဂသံယုတ် ပါဠိတော်၊ နံ ၃၅၊ ၂-ကြောင်း၊ ဟံမူ၌။ ။ခေတ် တရားဖြင့် အဝိဇ္ဇာကို ခွါပစ်ပုံ၊ ဝိဇ္ဇာကိုရရှိပုံတည်း။

ဘိက္ခု၊ ရဟန်း။ စက္ခုံ၊ စက္ခုဓာတ်ကို။ အနိစ္စတော၊ မမြဲသောအားဖြင့် ဇာနတော၊ တွေ့သဖြင့်သိသော။ ပဿတော၊ မြင်သော။ဘိက္ခုနော၊ ရဟန်းအား။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်တော့၏။ ဝိဇ္ဇာ၊ဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာတော့၏။

ဤပုံ ဓာတ်တရားဖြင့် အဝိဇ္ဇာကွာ၍သွားတော့ ပဋိစ္စသမုပ္ပါဒ်စက်ကြီး ပြတ်၍-သွားတော့၏။ ပဋိစ္စသမုပ္ပါဒ်စက်ကြီးပြတ်၍ သွားတော့ မီးတဆယ့် တပါး၊မူလ ၂-ပါး၊ ဝဋ် ၃-ပါး၊ အစပ် ၃-ပါး၊ အလွှာ ၄-ပါး၊ အခြင်းအရာ နှစ်ဆယ်၊ အင်္ဂါ ၁၂-ပါး၊ ဒုက္ခက္ခန္ဓသဿ ဆင်းရဲအစုအပုံကြီးပါ ရှစ်ဌာန စလုံး မီးဟုန်းဟုန်းတောက်၍ ပြာကျလျက်ချုပ်ငြိမ်းရတော့၏။ ပုံစံမှာ–

ကတမာစ ဘိက္ခဝေ(သမ္ဘာပဋိပဒါ)အဝိဇ္ဇာယတွေ၀ အသေသ ဝိရာဂ နိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာ နိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ ။ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၊ နံ ၄၊ ၅-ကြောင်း၊ ဟံမှု၌။

ပဌမပါဠိအတိုင်း ဓာတ်ကိုတွေ့တော့ အဝိဇ္ဇာချုပ်ငြိမ်း၏၊ ဝိဇ္ဇာရ၏။ ဒုတိယပါဠိအတိုင်းဦးစီးနေတဲ့ အဝိဇ္ဇာချုပ်ငြိမ်း၍သွားသဖြင့် နောက်လိုက် ငယ်သားဖြစ်ကြသော (သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသ။ စုစု ၁၈–ပါးချုပ်ငြိမ်းသွားရတော့၏။ ၎င်း ၁၈-ပါးထဲ၌ မီး ၁၁၊ မူလ ၂-ပါး၊ဝဋ် ၃၊အစပ် ၃၊ အလွှာ ၄၊ အခြင်းအရာ ၂၀၊ အင်္ဂါ ၁၂-ပါး၊ ဒုက္ခက္ခန္ဓသဿ ဝဋ်ဆင်းရဲအစုအပုံကြီးပါ ပြာကျ ချုပ်ငြိမ်းရတော့သည်။

(၈) ဓာတ်ဝိပဿနာဟာ ဦးစီးရှေးသွားပါ၊ ကျန်ကုသိုလ် (၃၅) က နောက်လိုက်တို့ပါဘဲ။

အဝသေသာ တသ္မ ပရိဝါရာဝ ဟောန္တိ။ ။သုတ္တနိပါတ် အဋ္ဌကထာ။

အဝသေသာ၊ ကြွင်းကျန်ကုန်သော ဒါန,သီလ,သမထအစရှိကုန်သော ကုသိုလ်ကြီး (၃၅) ပါးတို့သည်။ တသ္မ။ ထိုဝိပဿနာဓမ္မ၏။ ပရိဝါရာဝ၊ အခြံအရံ နောက်လိုက် နောက်ပါ ငယ်သားတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(၉) ဝိပဿနာမှ ဦးတိုက်နိဗ္ဗာန်သို့ ရောက်စေနိုင်ပါသည်။

ဣတိ ဣမေသု အဋ္ဌသု ဓမ္မေသု ဘဂဝတာ နိဗ္ဗာနဂါမိယ ပဋိပန္နဿ ယောဂိနော ဗဟုပကာရတ္တာ ပဋ္ဌမံ သမ္မာဒိဋ္ဌိ ဒေသိတာ။ အယဉ္ဟိ ပညာပဇ္ဇောတော ပညာသတ္ထန္တိ စ ဝုတ္တာ။ ။ဒွေကအင်္ဂုတ္တိုရ် အဋ္ဌကထာ။ နံ ၄၁၄၊ ၁၂-ကြောင်း၊ ကဝိမူ၌။

ဣတိဣမေသု အဋ္ဌသုဓမ္မေသု၊ ဤရှစ်ပါးကုန်သောတရားတို့တွင်။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ နိဗ္ဗာနဂါမိယ၊ နိဗ္ဗာန်ကို ရစေခြင်းငှါ။ ပဋိပန္နဿ၊ ကျင့်သော။ ယောဂိနော၊ယောဂီပုဂ္ဂိုလ်အား။ ဗဟုပကာရတ္တာ၊ လွန်စွာပင် ကျေးဇူးများသည်၏အဖြစ်ကြောင့်။ ပဋ္ဌမံ၊ ရှေးဦးစွာ။ သမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိကို။ ဒေသိဘာ၊ ဟောတော်မူအပ်ပါပြီ။ ဟိသစ္စံ၊ မှန်ကန်လှပေ၏။ အယံ၊ ဤသမ္မာဒိဋ္ဌိကို။ ပညာပဇ္ဇောတော၊ ပညာတည်းဟူသော အလင်းရောင်ဟူ၍၎င်း။ ပညာသတ္ထန္တိစ၊ ပညာတည်းဟူသော လက်နက်ကြီး ဟူ၍၎င်း။ ဝုတ္တာ၊ဟောတော်မူအပ်လေပြီ။ ။ပညာ အလင်းရောင်ဆိုတာ အကုသိုလ်ကိလေသာ အမှောင်ထုကိုနိုင်သည်။ ပညာလက်နက်ဆိုတာ အကုသိုလ် ကိလေသာ၊ လူဆိုး လူမိုက် တွေကို သတ်ဖြတ်ဖို့ထားသည့်လက်နက်ပါဘဲ။

(၁၀) ဝိပဿနာကြောင့်၊ အဝိဇ္ဇာချုပ်ငြိမ်းရ၏။
ဝိပဿနာကြောင့်၊ ကိလေသာခိုးသူတို့လဲသေဆုံးရ၏။
ယောဂီများလဲ ဘေးရန်မရှိဘဲ နိဗ္ဗာန်သို့သွားရ၏။

တသ္မာ တောယ ပုဗ္ဗဘာဂေ ဝိပဿနာဉာဏသင်္ခါတာယ သမ္မာဒိဋ္ဌိယာ အဝိဇ္ဇန္ဓကာရံ ဝိဒ္ဓံသေတွာ ကိလေသစောရေ ဃာတေန္တော ခေမေန ယောဂါဝစရော နိဗ္ဗာနံ ပါပုဏာတိ။ ။ဒွေကအင်္ဂုတ္တိုရ် အဋ္ဌကထာ။ နံ ၄၁၄၊ ၁၂-ကြောင်း။

## (၁၅) ဝိပဿနာခေတ်တရားကြောင့် သလျှင်နတ်ပြည် မင်္ဂိုလ်ရနိုင်၏

တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပလဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ အထခေါ သောသတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ အသာ။ ။စတုကအင်္ဂုတ္တိုရ်။

တဿ၊ ထိုလူ့ပြည်က အားထုတ်သောသူအား။ တတ္ထ၊ ထိုနတ်ပြည်၌။ သုခိနော၊ ချမ်းသာစွာ။ ဓမ္မပဒါနိ၊ တရားအစုတို့သည်။ ပလဝန္တိ၊ပေါ်၍လာကုန်၏။ ဘိက္ခဝေ၊ချစ်သားတို့။ သတုပ္ပါဒေါ၊ငါနတ်ပြည်သို့ရောက်၍နေပြီဟု သတိရခြင်းသည်။ ဒန္ဓော၊ နှံ့နှေးသေး၏။ အထခေါ၊ စင်စစ်သော်ကား။ သောသတ္တော၊ ထိုသတ္တဝါသည်။ ခိပ္ပမေဝ၊ လျင်မြန်စွာသာလျှင်။ ဝိသေသဘာဂီ၊ မင်္ဂိုလ်အထူးရဘို့ အဘို့ရှိသည်။ အဿ၊ ဖြစ်ရာ၏။

ဗျာဒိတ်ကြီး ၄-ချက်မှာ (၁) နတ်ပြည်ရောက်တော့ မင်္ဂိုလ်ရ (၂) တဦးက တရားဟောလျှင် မင်္ဂိုလ်ရ (၃)ဗြဟ္မာကတရားဟောလျှင် မင်္ဂိုလ်ရ (၄) သတိပေးလျှင် မင်္ဂိုလ်ရ။ ဝိပဿနာအကျိုးပြ ဗျာဒိတ်လေးချက် တည်း။

## (၁၆) ခေတ်ဝိပဿနာဆိုတာ အမြင့်ဆုံးအကျင့် ထိပ်ဆုံးအကျင့်ကြီးပါဘဲ

ဝိညာဏေ ဘိက္ခဝေ အာဟာရေ ပရိညာတေ နာမရူပံ ပရိညာတံ ဟောတိ၊ နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိကရဏီယန္တိ။ ။နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ချစ်သားတို့။ဝိညာဏေ အာဟာရေ၊ ဝိညာဉ်ဆိုတဲ့ အာဟာရကို။ ပရိညာတေ၊ ပိုင်းခြား၍သိအပ်သည်ရှိသော်။ နာမရူပံ၊ နာမ်ရုပ်ကို။ ပရိညာတံ၊ ပိုင်းခြား၍သိနိုင်သည်။ ဟောတိ၊ဖြစ်၏။ နာမရူပေ၊ နာမ်ရုပ်ကို။ ပရိညာတေ၊ ပိုင်းခြား၍သိသည်ရှိသော်။ အရိယသာဝကဿ၊ ဘုရား၏ တပည့်သားအား။ ကိဉ္စိ၊ တစုံတခုသော။ ဥတ္တရိ၊ အလွန်။ကရဏီယံ၊ပြုဘွယ် ကိစ္စသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသည်ကားအပြီးတည်း။

## (၁၇) ခေတ်ဝိပဿနာဉာဏ်ဟာ ဝဇိရဉာဏ် အစင်ပင်ဖြစ်၏

သိကြားမင်း၏ ဝဇိရစိန်လက်နက်ထက် ပြင်းထန်ရှုးရှလှပေ၏။

ဝိပဿနာဉာဏံ မဂ္ဂဉာဏဥ္စ ဉာဏဝဇိရံ၊ ဣဒမေဝဟိ ဉာဏံ ဘဂဝတော ပဝတ္တံ မဟာဝဇိရဉာဏန္တိ ဝုစ္စတိ။ ။နေတ္တိအဋ္ဌကထာ နံ ၁၈၈၊ ၅-ကြောင်း။

ဝိပဿနာဉာဏံ၊ဝိပဿနာဉာဏ်သည်ငှင်း။ မဂ္ဂဉာဏဥ္စ၊မဂ်ဉာဏ်သည် ငှင်း။ ဉာဏဝဇိရံ၊ ဉာဏ်ဝဇိရစိန်မည်၏။ဟိ၊ ဘုရား၏ဝိပဿနာမဂ်ဉာဏ် ကိုပြဆိုဦးအံ့။ ဘဂဝတော၊ မြတ်စွာဘုရား၌။ ပဝတ္တံ၊ ဖြစ်သော။ ဣဒမေဝ ဉာဏံ၊ ဤဝိပဿနာဉာဏ်, မဂ်ဉာဏ်ကိုသာလျှင်။ မဟာဝဇိရဉာဏန္တိ၊ မဟာဝဇိရဉာဏ်တော်ကြီးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## (၁၈) ခေတ်ဝိပဿနာကို ဝိမုတ္တိ ၂-ပါးကဲ့သို့ဟူ၍ ဥပမာပြ၏

ဣမိနာ ဝိပဿနာနုဘာဝေန သမုစ္ဆေဒ ဝိမုတ္တိ ဝိက္ခမ္ဘန ဝိမုတ္တိ ဝိယ။ ။နေတ္တိဋီကာဟောင်း၊ နံ ၈၂၊ ၂၄-ကြောင်း။

ဣမိနာဝိပဿနာနုဘာဝေန၊ ဤဝိပဿနာ၏ အာနုဘော်တော်ကြောင့်။ ဝိက္ခမ္ဘနဝိမုတ္တိဝိယ၊ ဝိက္ခမ္ဘနပဟာန်ဖြင့်ပယ် ကိလေသာမှလွတ်သကဲ့သို့။ သမုစ္ဆေဒဝိမုတ္တိ၊သမုစ္ဆေဒပဟာန်ဖြင့်ပယ်၍ ကိလေသာမှလွတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

တနည်းလည်း ဤဝိပဿနာ၏အာနုဘော်ကြောင့် သမုစ္ဆေဒဝိမုတ္တိကဲ့သို့ ငှင်း၊ ဝိက္ခမ္ဘနဝိမုတ္တိကဲ့သို့ငှင်း ကိလေသာမှ ၂-မျိုးလွတ်၍နေတော့၏။

## (၁၉) ခေတ်ဝိပဿနာကြောင့် ကိလေသာမှဝေးကွာ၍ အရိယာအဖြစ်ဖြင့်နေပေ၏

အရိယာယာတိ ဝိက္ခမ္ဘနဝသေနစ သမုစ္ဆေဒဝသေနစ ကိလေသေဟိ အာရကာ ဌိတာယ ပရိသုဒ္ဓါယ ပညာယ။သမ္ပန္နာဂတောတိ ဝိပဿနာပညာယစေဝ မဂ္ဂပညာယစ သမင်္ဂီဘူတော။ ။ပဥ္စက နိပါတ်အင်္ဂုတ္တိုရ်၏ အဋ္ဌကထာ။ နံ ၂၊ ၆-ကြောင်း၊ ဇံမှူ။ ။ထို့ပြင် မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ။ နံ ၂၁၊ ၁၇-ကြောင်း၊ ဇံမှူ၊ ပါဠိ ၂-ပုဒ် တူလှ၏။

နိဗ္ဗာနံ၊ အိုနိဗ္ဗာနဓာတ်ရယ်။ အဟံခေါ်ပန၊ ငါသည်ကား။ ဇေဝံ၀ဒါမိ၊ ဤသို့ရဲရဲရင့်ရင့်ဝန်ခံ၏။ အသင်္ခတာ၊ စည်းလဲခြင်းမရှိသော။ အမာယာဝိ၊ လှည့်ပတ်ခြင်းမရှိသော။ ဥဇုဇာတိကော၊ ဖြောင့်မတ်ခြင်းသဘောရိုးရိုးရှိသော။ ဝိညူ၊ သိ ကြားလိမ္မာသော။ ပုရိသော၊ ယောကျ်ားသည်။ဧတု၊လာခဲ့ပါစေ။ အဟံ၊ ငါဘုရားသည်။ အနုသာသာမိ၊ ဆုံးမပေအံ့။ အဟံ၊ ငါဘုရားသည်။ ဓမ္မံ၊ တရားကို။ ဒေသေမိ၊ ဟောပြပေအံ့။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ အနုသိဋ္ဌော၊ ဆုံးမအပ်၏။ တထာ၊ ထိုဆုံးမသည့်အတိုင်း။ ပဋိပဇ္ဇမာနော၊ ကျင့်ခဲ့သည်ရှိသော်။ ယဿ၊ အကြင်အရဟတ္တဖိုလ်၏။ အတ္ထာယ၊ အကျိုးငှါ။ ကုလပုတ္တာ၊ အမျိုးကောင်းသားတို့သည်။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ အာဂါရသ္မာ၊ အိမ်ရာတည်ထောင် လူတို့ဘောင်မှ။ နိက္ခမ္မ၊ ထွက်လာ၍။ အနာဂါရိယံ၊ အိမ်ရာမထောင်သော ရဟန်းဘောင်၌။ ပဗ္ဗဇန္တိ၊ ရဟန်းပြုကြကုန်၏။ အနုတ္တရံ၊ အတုမရှိသော။ ဗြဟ္မစရိယပရိယောသာနံ၊ မြတ်သောအကျင့်၏အဆုံးဖြစ်သော။တံ၊ ထိုအရဟတ္တဖိုလ်ကို။ ဒိဋ္ဌေဝဓမ္မေ၊ ယခုမျက်မှောက်ဘဝ၌။ သတ္တာဟံ၊ ခုနစ်ရက်အတွင်း၌။သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့်သိ၍။ သစ္ဆိကတွာ၊မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရိဿတိ၊ နေရလတ္တံ့။ ။၇-ရက်နှင့် အရဟတ္တဖိုလ်ကိုရစေပါ့မယ်ဆိုတာ ဝိပဿနာအားကိုးပြောတာပါ။

## (၂၃) ၇-နာရီနှင့် အရဟတ္တဖိုလ်,နိဗ္ဗာန်ကိုရစေပါ့မယ်ဆိုတာလဲ ဝိပဿနာကို အားကိုး၍ ပြောတာပါဘဲ၊

တိဋ္ဌန္တုပညံ့ပန သန္ဓာယ ပါတောဝ အနုသိဋ္ဌော၊သာယံ ဝိသေသံ
အဓိဂမိဿတိ။သာယံအနုသိဋ္ဌော ပါတောဝ ဝိသေသံ အဓိဂမိဿ
တီတိ ဝုတ္တံ။ ။သုတ်မဟာဝါ အဋ္ဌကထာ။

တိဋ္ဌန္တုပညံ့ပန၊ ထက်မျက်သောပါရမီရှိသော သူကိုကား။ သန္ဓာယ၊ ရည်ရွယ်၍။ ပါတောဝ၊ နံနက်အချိန်၌သာလျှင်။ အနုသိဋ္ဌော၊ ဆုံးမအပ်သည်ရှိသော်။ သာယံ၊ ညချမ်းအချိန်၌။ ဝိသေသံ၊ အရဟတ္တဖိုလ်ကို။ အဓိဂမိဿတိ၊ ရလတ္တံ့။ သာယံ၊ ညချမ်းအချိန်၌။ အနုသိဋ္ဌော၊ဆုံးမအပ်သည်ရှိသော်။ ပါတောဝ၊ နံနက်အချိန်၌သာလျှင်။ ဝိသေသံ၊ အရဟတ္တဖိုလ်ကို။ အဓိဂမိဿတိ၊ ရလတ္တံ့။ ဣတိ၊ ဤသို့။ ဝုတ္တံ။ မိန့်တော်မူအပ်ပါပြီ။ ။ဤ၌ ဝိပဿနာတရားတော်ကြီးကို အားကိုး၍ လာခဲ့ကြပေ့။ ၇-နာရီထဲနှင့် အရဟတ္တဖိုလ်ကို ရစေပါ့မယ်ဟု ဝန်ခံရဲတာပါဘဲ။

## (၂၄) ဝိပဿနာကိုအားကိုးပြီး ၇-ရက်နှင့် ရဟန္တာဖြစ်စေရမယ်တဲ့

ယောဟိ ကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ၊တဿဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ။ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ။ ။ မဟာသတိပဋ္ဌာနသုတ်တော်။

ဘိက္ခဝေ၊ ချစ်သားတို့။ ယောဟိကောစိ၊ အကြင်တစုံတယောက်သော သူသည်။ ဣမေစတ္တာရောသတိပဋ္ဌာနေ၊ ဤလေးပါးကုန်သောသတိ ပဋ္ဌာန်တရားတို့ကို။ ဧဝံဘာဝေယျ၊ ဤနည်းအတိုင်းပွါးကုန်ငြားအံ့။ သတ္တာဟံ၊ ၇-ရက်အတွင်း၌။တဿ၊ ထိုသူအား။ ဒွိန္နံဖလာနံ၊ အနာဂါမ်နှင့်, အရဟတ္တ ဖိုလ် ၂-ပါးတို့တွင်။ အညတရံဖလံ၊ တပါးပါးသောဖိုလ်ကို။ ဒိဋ္ဌေဝ ဓမ္မေ၊ ယခုဘဝ ယခု ၇ ရက်အတွင်း၌။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ အညာ၊ အရဟတ္တဖိုလ်ငှင်း။ ဥပါဒိသေသေ၊ ဥပါဒိကြွင်းသေးသည်။ သတိဝါ၊ ရှိသော်ငှင်း။ အနာဂါမိတာ၊ အနာဂါမိဖိုလ်ကိုငှင်း။ ပါဋိကင်္ခံ၊ အလိုရှိ အပ်ပါ၏။ ။ဆဲဒါဟာ ဝိပဿနာကိုအားကိုးပြီးတော့ ၇-ရက်နှင့် ရဟန္တာ ဖြစ်စေမယ်ဟု ဝန်ခံတဲ့ သာဓကပါဘဲ။

## (၂၅) ဝိပဿနာကိုအားကိုးပြီး ၇–လနှင့် ရဟန္တာဖြစ်စေရမယ်တဲ့

ယောဟိကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တမာသာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ။ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ။ ။မဟာသတိပဋ္ဌာနသုတ်တော်။

ဘိက္ခဝေ၊ ချစ်သားတို့။ ယောဟိကောစိ၊ အကြင်တစုံတယောက်သော သူသည်။ ဣမေစတ္တာရောသတိပဋ္ဌာနေ၊ ဤလေးပါးကုန်သော သတိပဋ္ဌာန် တို့ကို။ဧဝံဘာဝေယျ၊ဤနည်းအတိုင်းပွါးကုန်ငြားအံ့။သတ္တမာသာနိ၊၇-လတို့ ပတ်လုံး။ တဿ၊ ထိုသူအား။ ဒွိန္နံဖလာနံ၊ အနာဂါမ်နှင့်, အရဟတ္တဖိုလ် နှစ်ပါးတို့တွင်။ အညတရံဖလံ၊ တပါးပါးသောဖိုလ်ကို။ ဒိဋ္ဌေဝ ဓမ္မေ၊ ယခုဘဝ၇-လအတွင်း၌။ပါဋိကင်္ခံ၊အလိုရှိအပ်၏။အညာ၊အရဟတ္တဖိုလ်ကို ငှင်း။ ဥပါဒိသေသေ၊ ဥပါဒိကြွင်းသေးသည်။ သတိဝါ၊ ရှိသော်ငှင်း။ အနာ ဂါမိတာ၊ အနာဂါမ်ဖိုလ်ကိုငှင်း။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ။ဆဲဒါဟာ ဝိပဿနာကိုအားကိုးပြီးတော့ ၇-လနှင့် ရဟန္တာဖြစ်စေမယ် ဝန်ခံပုံ။

## (၂၆) ဝိပဿနာကိုအားကိုးပြီး ၇-နှစ်နှင့် ရဟန္တာဖြစ်စေရမယ်တဲ့

ယောဟိကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ။ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ။ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ။ ။မဟာသတိပဋ္ဌာနသုတ်တော်။

ဘိက္ခဝေ၊ ချစ်သားတို့။ ယောဟိကောစိ၊ အကြင်တစုံတယောက်သော သူသည်။ ဣမေစတ္တာရောသတိပဋ္ဌာနေ၊ ဤ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို။ဧဝံဘာဝေယျ။ ဤနည်းအတိုင်းပွါးကုန်ငြားအံ့။ သတ္တဝဿာနိ၊၇-နှစ်နှစ်အတွင်း၌။ တဿ၊ထိုသူအား။ ဒွိန္နံဖလာနံ၊ အနာဂါမ်နှင့် အရဟတ္တဖိုလ် ၂-ပါးတို့တွင်။ အညတရံဖလံ၊ တပါးပါးသောဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ဒိဋ္ဌေဝဓမ္မေ၊ယခုဘဝ ၇-နှစ်နှစ်အတွင်း၌။အညာ၊ အရဟတ္တဖိုလ်ကိုရင်း။ ဥပါဒိသေသေ၊ ဥပါဒိကြွင်းသေးသည်။ သတိဝါ၊ ရှိသော်ရင်း။ အနာဂါမိတာ၊အနာဂါမ်ဖိုလ်ကိုရင်း။ပါဋိကင်္ခံ၊အလိုရှိအပ်၏။ ၇-နှစ်နှစ်နှင့် အရဟတ္တဖိုလ်ရစေရန် ဝန်ခံပုံပါဘဲ။

## (၂၇) ဝိပဿနာကိုအားကိုးပြီး ၇-ဘဝနှင့် ရဟန္တာဖြစ်စေမယ်တဲ့

သစေ ဝိပဿနာသမ္မာဒိဋ္ဌိ ဘာဝိတာ ဗဟုလီကတာ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ ပါပေတုံ သက္ကောတိ၊ဣစ္စေတံ ကုသလံ၊နောစေသက္ကောတိ သတ္တ ဘဝေ ဒေတိ။ ။ဧက အင်္ဂုတ္တိုရ်အဋ္ဌကထာ။

ဘာဝိတာ၊ ပွါးများအပ်သော။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာပြုအပ်သော။ ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဝိပဿနာအခိုက်၌ရှိသော သမ္မာဒိဋ္ဌိသည်။ ဒိဋ္ဌေဝဓမ္မေ ယခုဘဝ၌သာလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပါပေတုံ၊ရောက်စေခြင်းငှါ။ သစေသက္ကောတိ၊ အကယ်၍ကား စွမ်းနိုင်ငြားအံ့။ ဣစ္စေတံ၊ ဤသို့ယခုဘဝ၌ နိဗ္ဗာန်သို့ရောက်စေနိုင်ခြင်းသည်။ ကုသလံ၊ ကောင်းလှပေ၏။ နောစေသက္ကောတိ၊ အကယ်၍ မစွမ်းနိုင်ငြားအံ့။ သတ္တဘဝေ၊ ၇-ဘဝအတွင်း၌။ ဒေတိ၊ ပေးနိုင်တော့၏။ ။ဝိပဿနာကြောင့် ယခုဘဝ၌ပင် နိဗ္ဗာန်ကိုရစေနိုင်ပါတယ်။ အကယ်၍ တဘဝနှင့်မရအုံးတော့ ၇-ဘဝအတွင်း၌ ရစေမယ်တဲ့။ ၈-ဘဝသို့ မကူးနိုင်ပြီတဲ့။ အားရစရာပင်တည်း။

## (၂၈) ဈာန်မရသောပုထုဇဉ်ဖြစ်ခဲ့ရင် ရဟန္တာဖြစ်ဖို့ရေမယ်ဆိုတာ ဝိပဿနာအားကိုးပြောတာပါ

ယဿ သဒ္ဓါ ဗလဝတီ ဝိပဿနာစ အာရဒ္ဓါ၊တဿ ဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသိဒန္တဿ နိပဇ္ဇန္တဿ ခါဒန္တဿ ဘုဉ္ဇန္တဿ မဂ္ဂဖလ ပဋိဝေဓော နာမ န ဟောတီတိ နတ္ထိ။ ။ပုဂ္ဂလပညတ် အဋ္ဌကထာ။

ယဿ၊ အကြင်ယောဂီပုဂ္ဂိုလ်အား။ ဗလဝတီ၊ အားရှိသော။ သဒ္ဓါစ၊ သဒ္ဓါတရားသည်၎င်း။ အာရဒ္ဓါ၊ အားထုတ်အပ်သော။ ဝိပဿနာစ၊ ဝိပဿနာသည်၎င်း။အတ္ထိ၊ရှိ၏။တဿ၊ထိုယောဂီအား။ဂစ္ဆန္တဿ၊သွားစဉ်။ တိဋ္ဌန္တဿ၊ ရပ်စဉ်။ နိသိဒန္တဿ၊ ထိုင်စဉ်။ နိပဇ္ဇန္တဿ၊ လျောင်းစဉ်။ ခါဒန္တဿ၊ ခဲစဉ်။ ဘုဉ္ဇန္တဿ၊ စားစဉ်။ မဂ္ဂဖလပဋိဝေဓော နာမ၊ မဂ်ဖိုလ်ကို ထိုးထွင်း၍ သိရခြင်းမည်သည်။ န ဟောတီတိ၊ မဖြစ်နိုင်ဟူ၍။ နတ္ထိ၊ မရှိတော့ပြီ။ ပဋိဝေဓောယေဝ၊ ထိုးထွင်း၍ သိနိုင်တော့သည်သာလျှင် တည်း။ ။မူလပဏ္ဏာသဋီကာ၌လည်း။ ။ယဿ သဒ္ဓါစ ဗလဝတီ ဝိပဿနာစ အာရဒ္ဓါ။ တဿ ဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသိဒန္တဿ နိပဇ္ဇန္တဿ ခါဒန္တဿ ဘုဉ္ဇန္တဿ မဂ္ဂဖလပဋိဝေဓော နာမ နတ္ထိတိ န ဝတ္တဗ္ဗော။ ။ဟူ၍လာသည်။ ထူးသမျှအနက်ပြန်ဦးအံ့။ ။မဂ္ဂဖလ ပဋိဝေဓော နာမ၊မဂ်ဖိုလ်ကိုထိုးထွင်း၍သိခြင်းမည်သည်။နတ္ထိတိ၊မရှိနိုင်ဟူ၍။ န ဝတ္တဗ္ဗော၊ မဆိုအပ်, မဆိုထိုက်, မဆိုကောင်း။ မဂ္ဂဖလပဋိဝေဓောဝ၊ မဂ်ဖိုလ်ကိုထိုးထွင်း၍ သိနိုင်ခြင်းသည်သာလျှင်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ဆိုသင့်,ဆိုထိုက်၏။ဝါ၊ဆိုကောင်း၏။

## (၂၉) ဤသာသနာတော်အတွင်း၌ သံသရာကြီးကို ကူးနိုင်ပါတယ်ဆိုတာ ဝိပဿနာကို အားကိုးပြီး မိန့်တော်မူတာပါဘဲ

ယော ဣမသ္မိံ ဓမ္မဝိနယေ၊အပ္ပမတ္တော ဝိဟေဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ နံ ၁၁၁၊ ၁၇—ကြောင်း၊ဟံမှု၌။

ယောာ၊အကြင်သူသည်။ဣမသ္မိံ ဓမ္မဝိနယေ၊ဤသာသနာတော်မြတ်ကြီး၏ အတွင်း၌။ အပ္ပမတ္တော၊ မမေ့မလျော့ဘဲ။ ဝိဟေဿတိ၊ ဝိပဿနာရှု၍ နေပြောအံ့။ သော၊ ထိုသူသည်။ ဇာတိသံသာရံ၊ ပဋိသန္ဓေနေရခြင်းအဆက် မပြတ်တဲ့ သံသရာကြီးကို။ ပဟာယ၊ စွန့်၍။ ဒုက္ခဿန္တံ၊ ဝဋ်ဒုက္ခတို့၏ အဆုံးဖြစ်သောနိဗ္ဗာန်ကို။ ကရိဿတိ၊ မျက်မှောက်ပြုရလတ္တံ့။

(၃၀) သာသနာတော်အနှစ်ငါးထောင်ထားခဲ့တာ ကျွတ် ဘို့ မြင် လို့ ပါဘဲ။

ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ထားခဲ့တာ ကျွတ်ဘို့မြင်လို့ပါဘဲ။
၂၄-သချ်ာ ကုဋေ ၆၀၊ဗိုလ်ခြေတသိန်းမျှ ကျွတ်ကြရမည်။
အဲဒါတွေဟာ ဝိပဿနာပွါးမှ ကျွတ်ကြရမှာပါဘဲ။

## (၃၁) သမ္မာဒုက္ခက္ခယဂါမိနိယာဆိုတာ ဝိပဿနာ၏သတ္တိပါဘဲ

ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။ ။ပဥ္စက အင်္ဂုတ္တိုရ်ပါဠိတော်။ မဂ်မရသေးမီ ပဓာနိယင်္ဂ-အင်္ဂါ၌။

ပညဝါ၊ပညာရှိသည်။ဟောတိ၊ဖြစ်၏။ဥဒယတ္ထဂါမိနိယာ၊အဖြစ်အပျက်ကိုဖေါက်ထွင်း၍သိနိုင်သော။ ပညာယ၊ပညာနှင့်။သမန္နာဂတော၊ပြည့်စုံ၏။ အရိယာယ၊ မြတ်သော။ဝါ၊ ဖြူစင်သော။ နိဗ္ဗေဓိကာယ၊ ဖြိုခွဲဖေါက်ထွင်းနိုင်သော။ သမ္မာ၊ကောင်းစွာ၊ ဒုက္ခက္ခယဂါမိနိယာ၊ ဒုက္ခကုန်ခန်းခြင်းကိုရောက်စေနိုင်သော။ ပညာယ၊ ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံပေ၏။

ဝိပဿနာပညာဟာ ဥဒယတ္ထဂါမိနိယာဂုဏ်ရှိ၏။ အဖြစ်အပျက်ကို ဖေါက်ထွင်း၍သိနိုင်၏။ အရိယာယဂုဏ်ရှိ၏။ မြတ်၏၊ ဖြူစင်စေ၏။ နိဗ္ဗေဓိကာယဂုဏ်ရှိ၏။ ဖြို ခွဲ ဖေါက် ထွင်း နိုင် ၏။ သမ္မာဒုက္ခက္ခယဂါမိနိယာဂုဏ်လည်းရှိ၏။ကောင်းစွာသံသရာဝဋ်ဒုက္ခအပေါင်းကို ကုန်ခန်းစေသော လမ်းခရီးလည်းဖြစ်၏။ ဤကား မဂ်မရသေးမီ ဝိပဿနာပညာ၏ တန်ခိုးသတ္တိပြခြင်းတည်း။

## (၃၂) ကာယဂတာသတိကိုမပွါးသျှင် နိဗ္ဗာန်မခံစားရတဲ့

အဲဒါဟာ ဝိပဿနာသာသနာကွယ်၍နေသောသူများအတွက်ပါဘဲ။

အမတံ တေ ဘိက္ခဝေ နပရိဘုဥ္ဇန္တိ၊ ယေ ကာယဂတာသတိံ နပရိဘုဥ္ဇန္တိ။ ။အင်္ဂုတ္တိုရ်ပါဠိတော်ကြီး။

ဘိက္ခဝေ၊ ချစ်သားတို့။ ယေ၊ အကြင်သူတို့သည်။ ကာယဂတာသတိံ၊ ကိုယ်၌ဖြစ်သောခါတ် ၄-ပါး၌သတိထားခြင်းကို။ နပရိဘုဉ္ဇန္တိ၊ မခံစားကြကုန်။ တေ၊ ထိုသူတို့သည်။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ နပရိဘုဉ္ဇန္တိ၊ မခံစားကြရကုန်။

## (၃၃) ကာယဂတာသတိကိုပွါးလျှင် နိဗ္ဗာန်ကိုစံစားရပြီတဲ့

အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ ယေ ကာယဂတာသတိံ ပရိဘုဉ္ဇန္တိ။ ။အင်္ဂုတ္တိုရ်ပါဠိတော်ကြီး။

ဘိက္ခဝေ၊ ချစ်သားတို့။ ယေ၊ အကြင်သူတို့သည်။ ကာယဂတာသတိံ၊ ကိုယ်၌ဖြစ်သော ခါတ် ၄-ပါး၌ သတိထားခြင်းကို။ ပရိဘုဉ္ဇန္တိ၊ ခံစားကြကုန်၏။ တေ၊ ထိုသူတို့သည်။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ ပရိဘုဉ္ဇန္တိ၊ ခံစားကြကုန်၏။

---

## (၄၇၅) ဩဝါဒကထာစာတမ်း ဝိနိစ္ဆယခုံရုံးက

## လိုရင်းကောက်နှုတ်ချက်

(၁) ဝိပဿနာအားထုတ်လျှင် ရဟန္တာမဆိတ်နိုင်တဲ့။
(၂) လေးမဂ် လေးဖိုလ်ရသော ဝိပဿနာတရားတော်တဲ့။
(၃) ယခုကာလ၌ အရိယာပုဂ္ဂိုလ်များဖြစ်နိုင်ရန်ကာလရှိနေတယ်တဲ့။

ဦးမောင်ကြီး၏ ကမ္မဋ္ဌာန်းဝိပဿနာကျမ်း ကြော်ငြာပါ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးများအား ထိပါးပုတ်ခတ်သော စကားရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့၏ လျှောက်ထားချက်အရ၊ ( နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ (ဩဝါဒစာတမ်း)

နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ အသင်းသားအပေါင်း သူတော်ကောင်းတို့က နေမျိုးရာဇာ ဦးမောင်ကြီး၏စာအုပ်အတွက် သတင်းစာ၌ ချွင်းချက်မရှိ သမထယာနိက, ဝိပဿနာယာနိက ဆရာတော်ကြီးတို့အား ထိပါးပုတ်ခတ်၍ ထည့်သွင်းထားသော စကားအရကို ဖြေရှင်းရန် ဩဝါဒါ

ဖြစ်ရာ ခေတ်ကာလရှိသေးသောကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး၌ မဂ်ဖိုလ်နိဗ္ဗာန်ရရန် လမ်းမှန်အစဉ်ကို ပါဠိတော်နည်း၊ ရှေးအဋ္ဌကထာနည်းများကိုယူ၍ ရေးသားထားခဲ့သည့်အတိုင်း ဉာဏ်စဉ်, ဝိသုဒ္ဓိစဉ်, ပရိညာစဉ်တို့ဖြင့် ဝိပဿနာ ဘာဝနာ တရားကို ပွါးများ အားထုတ်ကြကုန်သော ပုဂ္ဂိုလ်တို့သည်၊ တိဟိတ်ပုဂ္ဂိုလ်စင်စစ်ဖြစ်၍ အန္တရာယ်ကင်းရှင်းပါလျှင် ပါရမီရင့်သန်ပါမူ တခဏခြင်း၌ရှင်း၊ ခုနစ်ရက်အတွင်း၌ရှင်း၊ ခုနစ်လအတွင်း၌ရှင်း၊ ခုနစ်နှစ်အတွင်း၌ရှင်း မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်ကြပါကုန်၏။ ပါရမီဉာဏ်နုသေးသော ပုဂ္ဂိုလ်တို့သည်၊ ဒုတိယ, တတိယ စသော ဘဝတို့၌ တိဟိတ် စင်စစ်ဖြစ်၍ အန္တရာယ် ကင်းရှင်းပါလျှင် မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ပါကုန်၏။

ယခုအခါ၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ လာသော နည်း လမ်းစဉ်အတိုင်း ပြောဆိုဆုံးမပြသလျက် နေကြကုန်သော ပညာရှိပုဂ္ဂိုလ်တို့၏ နည်းကိုပင် မှတ်ယူ၍ အားထုတ်ကြကုန်သော သူတော်ကောင်းအပေါင်းတို့သည်လည်း တိဟိတ်ပုဂ္ဂိုလ်စင်စစ်ဖြစ်၍ အန္တရာယ်ဘေးရန်ကင်းရှင်းကြပါမူ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ကြပါကုန်၏။ ထိုသို့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ကြကုန်သောကြောင့် နေမျိုးရဇာဦးမောင်ကြီးသည် ချွင်းချက်မရှိဘဲ တပြည်လုံးနှင့် တကမ္ဘာလုံး ယခုလက်ရှိ သမထယာနိက, ဝိပဿနာယာနိက ပုဂ္ဂိုလ်တို့၏ နည်းမျိုးဖြင့် အားထုတ်ကြကုန်သော ပုဂ္ဂိုလ်တို့သည် တမဂ်တဖိုလ်သို့ မရောက်နိုင်ဟူသော စကားမျိုးကို မသုံးစွဲရန် မပြောဆိုရန် သတိပေး၍ ဆုံးမစကား မိန့်ကြားလိုက်သည်။

(၁) ပုံ-ဦးခေမိက၊ လေသာဆရာတော်
(၂) ပုံ-ဦးဥာဏဝံသ၊ ဗားကရာ ဆရာတော်
(၃) ပုံ-ဦးကလျာဏာဘိဝံသ ယသဗေယျုံ ဆရာတော်
(၄) ပုံ-ဦးကလျာဏ၊ ကြည့်မြင်တိုင် ဝေဠုဝန်ဆရာတော်
(၅) ပုံ-ဦးစန္ဒ၊ ကျားကူးဆရာတော်
(၆) ပုံ-ဦးခေမာစာရ၊ ဗဟန်းဝေဠုဝန် ဆရာတော်
(၇) ပုံ-ဦးရေဝတဓမ္မ၊ ဒေဝ သာဂရ-သိမ်ကုန်းဆရာတော်
(၈) ပုံ-ဦးနန္ဒ၊ ကျိုက်ထီးရိုးကျောင်း-ဆရာတော်
(၉) ပုံ-ဦးဥက္ကဋ္ဌ၊ ညောင်ကုန်းကျောင်းဆရာတော်

ရှင်းသြဝါဒစာတမ်းသည် သာသနာ့ရောင်ခြည် ၉-တွဲ။ နံပါတ် (၇၂) အတွဲ ၃။ အမှတ် ၁။ တပို့တွဲလထုတ်မှ ကူးယူပါသည်။

## ဤ၌ သေသေချာချာ ရှာကြည့်တော့ကာ

ဓိပသာနာဖြင့်သာလျှင် မဂ်ဖိုလ်နိဗ္ဗာန် ရောက်နိုင်သည်ဟု ပါရှိ၏။
ဒါနသက်သက်ဖြင့် ရောက်သည်ဟုလုံးဝမပါ။
သီလသက်သက်ဖြင့် ရောက်သည်ဟုလုံးဝမပါ။
သမထသက်သက်ဖြင့် ရောက်သည်ဟုလုံးဝမပါ။
အမှန်စင်စစ်မှုကား (ဒါ-သီ-ထ-ဓိ) ၄-ဘက်၄-တန်စုံမှသာရောက်ပါသည်။

**၁၃၁၀—ပြည့်နှစ်က အရှုပ်တော်ပုံ ယခုမှငြိမ်းရေပါတော့သည်၊**

## ယောဂီများအကျဉ်းချုပ်သိကြရန် ထုတ်နှုတ်ပြချက်

(၁) သာသနာတော် ၅၀၀၀-လုံး အရိယာမဆိတ်နိုင် ကျင့်ကြတော့။
(၂) မဂ် ၄,ဖိုလ် ၄,ရသောနည်းလမ်းစဉ် ကျင့်ကြတော့။
(၃) ယခုကာလ အရိယာခေတ်ပါဘဲ၊ ကျင့်ကြတော့။
(၄) ကျင့်ပါလျှင်၊ ၇-နာရီ၊ ၇-ရက် ၇-လ၊ ၇-နှစ်နှစ် အတွင်း၌ ဖြစ်ရလတ္တံ့တဲ့။

ဤကား သြဝါဒစာတမ်း၏လိုရင်း ကောက်နှုတ်ချက်ပင်တည်း။

## (၄၇၉) အရိယာခေတ်ကြီး

အရိယာပြည်တော်ကြီးသို့ ဝင်ရောက်နေထိုင်လိုကြသဖြင့် သူ့ထက်ငါ လှုပ်လှုပ်ရွရွ တိုးဝှေ့၍လာခဲ့ရာ အရိယာပြည်တော်ကြီးသို့ဝင်ရန် သာသနာတော် (၅၀၀၀) ဆိုတဲ့ တံခါးဝသို့ ရောက်ကြရပါပြီ။ ရောက်ကြတဲ့ လူစုကား ဗမာစု,ချင်း,ကချင်,ကရင်,တောင်သူ,မွန်,ရှမ်း,ထားဝယ်,ဘိတ်, ရခိုင်စသော ဗုဒ္ဓဘာသာ အစုများ ယခုဗမာပြည်မှာ ၁၀-သန်းခွဲခန့် ပြည်ဝင်ရန်ပြုတစ်၍နေကြပါပြီ။

သာသနာတော် (၅၀၀၀) ငါတို့ကြုံခဲ့ပြီ။ကြိုက်ကြပါတော့။

ဗုဒ္ဓဝါ အဋ္ဌကထာ ဘိက္ခုနီခန္ဓက၊ အဖွင့်၌။

ဝဿသဟဿန္တိစေတံ ပဋိသမ္ဘိဒါပဘေဒ ပတ္တခီဏာသဝ
ဝသေနေဝ ဝုတ္တံ။ တတောပန ဥတ္တရိ သုက္ခဝိပဿက ခီဏာသဝ

ဝသေန ဝဿသဟဿံ၊ အနာဂါမိဝသေန ဝဿသဟဿံ၊ သကဒါဂါမိဝသေန ဝဿ သဟဿံ၊ သောတာပန္နဝသေန ဝဿ သဟဿန္တိ ဧဝံ ပဉ္စဝဿ သဟဿာနိ ပဋိဝေဓသဒ္ဓမ္မော ဌဿတိ။ (၅၀၀၀) ပုံစံကြည့်ပါ။

| | | |
|---|---|---|
| ၁–ပဋိသမ္ဘိဒါပတ္တ | ရဟန္တာခေတ် | ၁၀၀၀ |
| ၂–သုက္ခဝိပဿက | ရဟန္တာခေတ် | ၁၀၀၀ |
| ၃–အနာဂါမိ | အရိယာခေတ် | ၁၀၀၀ |
| ၄–သကဒါဂါမိ | အရိယာခေတ် | ၁၀၀၀ |
| ၅–သောတာပန် | အရိယာခေတ် | ၁၀၀၀ |

သာသနာကြုံတုန်းမှာ အရောက်ဝင်ကြပါ။ ပြည်ဝဌ် တစ်ဆို့၍နေပါပြီ။

## (၄၇၀) သုတ်ပါထေယျ အဋ္ဌကထာအဆိုကား

ပဋိသမ္ဘိဒါပတ္တေဟိ ဝဿသဟဿံ အဋ္ဌာသိ။ ဆဠဘိညေဟိ ဝဿသဟဿံ၊ တေဝိဇ္ဇေဟိ ဝဿသဟဿံ၊ သုက္ခဝိပဿကေဟိ ဝဿ သဟဿံ၊ ပါတိမောက္ခေဟိ ဝဿသဟဿံ အဋ္ဌာသိ။ ။ ပုံစံကြည့်ပါ။

| | | |
|---|---|---|
| ၁–ပဋိသမ္ဘိဒါပတ္တ | ရဟန္တာခေတ် | ၁၀၀၀ |
| ၂–ဆဠဘိညာ | ရဟန္တာခေတ် | ၁၀၀၀ |
| ၃–တေဝိဇ္ဇာ | ရဟန္တာခေတ် | ၁၀၀၀ |
| ၄–သုက္ခဝိပဿက | ရဟန္တာခေတ် | ၁၀၀၀ |
| ၅–ပါတိမောက္ခ | (အနာ,သက,သော) | ၁၀၀၀ |

သာသနာတော်ကြုံခိုက်၊ ပြည်တော်ကြီးဝင်စမ်းပါ၊အဝဌ်တစ်ဆို့မနေနဲ့။

## (၄၇၁) ကေနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာအဆိုမှာ

ဗုဒ္ဓါနဉ္စိ ပရိနိဗ္ဗာနတော ဝဿသဟဿမေဝ ပဋိသမ္ဘိဒါ နိဗ္ဗတ္တေတုံ သက္ကောန္တိ။ တတောပရံ ဆဠဘိညာ၊ တတော တာပိ နိဗ္ဗတ္တေတုံ အသက္ကောန္တာ တိဿော ဝိဇ္ဇာ နိဗ္ဗတ္တေန္တိ။ ဂစ္ဆန္တေ ဂစ္ဆန္တေ ကာလေ တာပိ နိဗ္ဗတ္တေတုံ အသက္ကောန္တာ သုက္ခဝိပဿကာ ဟောန္တိ။ ဧတေနေဝ ဥပါယေန အနာဂါမိနော သကဒါဂါမိနော

သောတာပန္နာနီတိ။ တေသု ရေန္တေသု အဝိဂမော အန္တရဟိတာ နာမ ဟောတိ။ ။ပုံစံကြည့်။

| | | |
|---|---|---|
| ၁–ပဋိသမ္ဘိဒါပတ္တ | ရဟန္တာခေတ် | ၁၀၀၀ |
| ၂–ဆဠဘိညာ | ရဟန္တာခေတ် | ၁၀၀၀ |
| ၃–တေဝိဇ္ဇာ | ရဟန္တာခေတ် | ၁၀၀၀ |
| ၄–သုက္ခဝိပဿက | ရဟန္တာခေတ် | ၁၀၀၀ |
| ၅–အနာ,သက,သောတာပန်၊ | ခေတ် | ၁၀၀၀ |

သာသနာပြည်တော်ဝဌ ဝင်ကြရန် ပြုဘစ်ဆိုနေပြီ၊ ဝင်သာဝင်ပါ။

## (၄၈၂) သံဖျာဘ်အဋ္ဌကထာ အဆိုမှာ

ပဌမဗောဓိယံ ဘိက္ခူ ပဋိသမ္ဘိဒါပတ္တာ။ အထ ကာလေ ဂစ္ဆန္တေ ပဋိသမ္ဘိဒါ ပါပုဏိတုံ နသက္ခိံသု။ ဆဠဘိညာ အဟေသုံ။ တတောဆဠဘိညာပတ္တုံ အသက္ကောန္တာ တိဿော ဝိဇ္ဇာ ပါပုဏိံသု။ ဣဒါနိ ဂစ္ဆန္တေ ကာလေ တိဿောပိ ပါပုဏိတုံ အသက္ကောန္တာ အာသဝက္ခယမတ္တံ ပါပုဏိဿန္တိ။ တတ္ထ အသက္ကောန္တာ အနာဂါမိဖလံ။ တတ္ထ အသက္ကောန္တာ သကဒါဂါမိဖလံ။ တတ္ထ အသက္ကောန္တာ သောတာပတ္တိဖလံ၊ ဂစ္ဆန္တေ ကာလေ သောတာပတ္တိဖလမ္ပိ ပတ္တုံ နသက္ခိဿန္တိ။ ။ပုံစံကြည့်။

| | | |
|---|---|---|
| ၁–ပဋိသမ္ဘိဒါပတ္တ | ရဟန္တာခေတ် | ၁၀၀၀ |
| ၂–ဆဠဘိညာ | ရဟန္တာခေတ် | ၁၀၀၀ |
| ၃–တေဝိဇ္ဇာ | ရဟန္တာခေတ် | ၁၀၀၀ |
| ၄–သုက္ခဝိပဿက | ရဟန္တာခေတ် | ၁၀၀၀ |
| ၅–အနာ,သက သောတာပန် | ခေတ် | ၁၀၀၀ |

သာသနာတော်ပြည်ကြီးတံခါးဝဌ ရပ်၍ငေးကာ မနေပါနဲ့ ဝင်ပါ။

## ရဟန္တာခေတ် ဘယ်အခါမှမဆိတ်ဘူးတဲ့ဘုရားက

ဤကဲ့သို့ သာသနာတော် (၅၀၀၀) ပုံစံလေးမျိုးပြထားရာ၊ ဝါတို့မှာ ကျင့်ကြံဘို့သာလိုတော့၏။ (ခေတ်မဟုတ်ဘူးလေး ဘာလေးညာလေး)နှင့် ခေတ်ကိုရိုးမယ်ဖွဲ့ကာမနေကြပါနဲ့။ အဋ္ဌကထာ ဆရာကြီးတွေကတော့ အရိယာခေတ်, သာသနာခေတ်, ရဟန္တာခေတ် (၅၀၀၀) ရှိတယ်လို့

သေသေချာချာကြီးပြထားပါတယ်။ ထို့ပြင် ဘုရားရှင်ကြီးကိုယ်တော်တိုင်ကပင် (ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ။တဲ့ မဟာပရိနိဗ္ဗာန သုတ်၌မိန့်မှာခဲ့ပါတယ်။

သုဘဒ္ဒ၊ ချစ်သားသုဘဒ်။ ဣမေဘိက္ခူ၊ဤရဟန်းတို့သည်ကား။ သမ္မာ ဝိဟရေယျုံ၊ ဝိပဿနာပွါး၍ နေကုန်ငြားအံ့။ လောကော၊ လောကကြီး တရလုံးသည်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ။ အသုညော၊ မဆိတ်သည်။ အဿ၊ဖြစ်ရာ၏။

ရဟန်းတိုင်း လူတိုင်း ဝိပဿနာနှင့်နေကုန်ငြားအံ့၊ သာသနာတွင်းရော သာသနာ်ပရော ရဟန္တာတို့ဖြင့် စည်ကား၍နေပေလတ္တံ့တဲ့။ ။ဒါထက် ရှင်းစရာမရှိတော့ပါဘူး၊ (အရိယာခေတ်မရှိဘူးဆို) ဘုရားနှင့် အဋ္ဌကထာ ဆရာကြီးတွေကပင် ရှိတယ်လို့ဝန်ခံ၍နေပါပြီ။

## (၄၇၃) တနည်းတဖုံ အားရစရာ မှာကြားခဲ့ပုံကား

ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟေဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။
မဟာပရိနိဗ္ဗာနသုတ်တော်၊

ယော၊ အကြင်သူသည်။ ဣမသ္မိံဓမ္မဝိနယေ၊ ဤသာသနာတော်ကြီး၏ အတွင်း၌။ အပ္ပမတ္တော၊ မမေ့မလျော့သည်ဖြစ်၍။ ဝိဟေဿတိ၊ နေငြားအံ့။ သော၊ထိုသူသည်။ဇာတိသံသာရံ၊ ဇာတိ,ဇရာ,ဗျာဓိ, မရဏတို့ဆက်ကာ ဆက်ကာ ဖြစ်ပျက်ရှာတဲ့ သံသရာကြီးကို။ ပဟာယ၊ စွန့်ပယ်၍။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တံ၊ အဆုံးကို။ ကရိဿတိ၊ ပြုလတ္တံ့။

ဝိပဿနာပွါးများကြပါလျှင် နိဗ္ဗာန်ကား မလွဲတော့ဘူးတဲ့ အတိုပါဘဲ။

## (၄၇၄) ၁၃၁၄-ခုနှစ်က ဘုန်းတော်ကြီးတပါး၏စကား

ဝင်းဘုန်းတော်ကြီးသည်၊ ရှင္ဒဝါပါဋိတော်နိသျကြည့်တော့ ရှင္ဒဝါ ပါဋိတော်ဘိက္ခုနီခဏ္ဍကနိသျ၌(ဝဿ သဟဿံ)ဟူသောပါဋိကိုတွေ့မြင်၏။ အင်းဟင်....ဘုရားထားခဲ့တဲ့ သာသနာတော်မြတ်ကြီးဟာ (ပဥ္စဝဿ သဟဿ)အနှစ်ငါးထောင်မဟုတ်ဘဲ(ဝဿ သဟဿံ) အနှစ်တထောင်ဟု ဆိုပါတကား။ အ ဆန်း တ ကြယ် စိတ်ဖြစ်ရှာရပုံတည်း။ ဆဲဒါနှင့်ပင်

သူထင်တဲ့အတိုင်း ဒကာတွေ ဒကာမတွေကို ဟောပါရောတဲ့။ ။ဗြဲဒ်မြတ်စွာဘုရားသခင်ကြီး ပရိနိဗ္ဗာန်ဝင်စံ၍ပြီးတာဟာ ယခုနှစ်အထိဆိုလျှင် သာသနာ သက္ကရာဇ်ဟာ (၂၄၉၆) နှစ်ဆိုတော့ တထောင် နုတ်လျှင် (၁၄၉၆)နှစ်တောင်၊ သာသနာကွယ်၍ ပြီးခဲ့လေပြီတကား-ဟူ၍ မသက်မသာ လက္ခဏာနှင့် ညည်းညူရှာပါသတဲ့။

## (၄၇၅) သာသနာကွယ်လျှင် ဤလက္ခဏာကိုမတွေ့ရပြီ

(၁) ယခုအထိပင် ရှင်တွေ ရဟန်းတွေ သုံးသောင်းကျော်တွေ့ရတုန်းမို့ မကွယ်သေးပါ။

(၂) ဝိနည်း, သုတ္တန်, အဘိဓမ္မာ သင်ကြားတုန်းမို့ မကွယ်သေးပါ။

(၃) သီလ, သမာဓိ, ပညာ, သာသနာ ၃–ရပ်ရှိတုန်းမို့ မကွယ်သေးပါ။

(၄) ဝိသုဒ္ဓိ ၇-ပါး ကျင့်ကြတုန်းမို့ သာသနာမကွယ်သေးပါ။

(၅) ဂန္ထဓုရ,ဝိပဿနာဓုရဆောင်ကြတုန်းမို့ မကွယ်သေးပါ။

သာသနာတကယ်တမ်းကွယ်လျှင် ပြခဲ့ပြီး (၁-၂-၃-၄-၅) အချက်အလက်တို့ကို မတွေ့ရတော့ပြီ။ ။အံ့ဩစရာတုန်းတော်ကြီးပါဘဲနော်။

## (၄၇၆) ဘိုးတော်ဦးခိုင်းနှင့် သာသနာ (၁၀၀၀)

အမရပုရ မြို့တည် နန်းတည် ဘိုးတော်ဦးဝိုင်းဟာ ရုဋ္ဌပါလပါဠိတော်ဘိက္ခုနီခန္ဓကဌ်ပါရှိသော (ဝဿ သဟဿံ) ဆိုတဲ့ ပါဠိအနက်ကိုတွေ့ရာ အံ့ဩမိလေ၏။ဗြဲဒ်ဘုရားထားခဲ့တဲ့ သာသနာတော်ကြီးဟာ (တထောင်) ထဲပါကလားကွယ်။ ယခုတော့ တထောင်စေ့ခဲ့တာလဲကြာလှပြီ။သာသနာလဲ ကွယ်နေပြီ။ ယခုရှိကြတဲ့ ခင်ကြီးတွေဟာ တိုက်ကိုလိမ်ပြီး ညာပြီး လှဲ့စားပြီး တုတ်၍နေတာဘဲဟု အထင်တော်လွဲပြီးလျှင် ဘုန်းတော်ကြီးတွေကို လူဝတ်လဲစေသတဲ့။(ကြားဘူးတဲ့စကားမျှပါဘဲ။ဟုတ်တယ် မဟုတ်ဘူးဆိုတာကိုတော့ ဧကန်အမှန် အတပ်အားဖြင့် မပြောနိုင်ပါ) လူဝတ်လဲစေတယ်ဆိုတဲ့ အသံကိုကြားရတော့။ (အသဲတုန်စရာ၊ ရင်ခုန်စရာပါဘဲ)

လျော့လျှင်မိစ္ဆာ၊သာလျှင်ဒိဋ္ဌိဆိုတာ ဒါမျိုးဘဲထင်ပါရဲ့

ဗိုလ်ပုံဘုရင်ကပြ၍နေတော့ မှူးကြီး မတ်ကြီးတွေဟာ ရှင်ရဟန်းတော်တွေကို ဖုံးကွယ်သိဝှက်ပြီး ဘုရင့်အမှားတော်ပုံကို အမှန်ဖြစ်အောင် သံတော်ဦးတင်တို့ ကြံစည်ကြရတယ်။ သာသနာရေးကြီးဆိုကော့ ဧဆေးဆေး လေးလေးဖင့်ဖင့် မနေနိုင်ကြဘူးပေါ့။ ဒါနဲ့ဘဲ ရက်ကလေးကြာညောင်း၍သွားရရှာတယ်။ ယှဉ်ပြိုင်၍စဉ်းစားကြပါ။

(၁) ရှင်ရဟန်းအသွင်ကွယ်ပျောက်၍နစ်နာတာနှင့်။
(၂) ဝိပဿနာအားမထုတ်ဘဲ ကွယ်ပျောက်၍နစ်နာတာ။

ဘယ်နစ်နာချက်ကဆိုးဝါးပါသလဲ၊ နဖူးလက်တင် ဆင်ခြင်ကြပါကုန်။ ၈ဲဒီလိုနှင့် နေ့အကြိမ်ထုတ်၊ ညမှာအကြိမ်ထုတ်နှင့်နေကြရာ၊ အမတ်ငယ်တဦးက သူဘဲဘုရင့်အမှားကို ပယ်ရှားပါမယ်။ အမှန်သို့ရောက်စေပါ့မယ် လို့ပြောပြီး ဘုရင့်ထံ၌ ခစားပါရောတဲ့။ ။ဘုရင်ကပြောသည့်မှာ မောင်မင်းတို့ဟာ အညာမိနေတာကြာလှပြီ။ ခင်ကြီးတွေဟာ တိုက်ကိုလိမ်၍စားနေကြတယ် ဟုပြောတော့ အမတ်နှင့်ဘုရင်ဟာ အပြန်အလှန်ဖြစ်၍နေတာပေါ့။ ပြောရင်းပြောရင်း အချက်ရလာတော့ အမတ်ငယ်က အရှင်မင်းကြီး—သာသနာကွယ်တယ်ဆိုတာဟာ ဘယ်အရာကိုမြင်လို့ သိရပါသနည်းဟု မေးခွန်းထုတ်တော့ ဘုရင်က စာအုပ်ထဲက (ဝဿ သဟဿံ) ကိုပြတယ်။ ။အမတ်က သာသနာ စ၍ကွယ်လျှင် ဘယ် ကျမ်း က စ၍ ကွယ် ပါ သ န ည်း သာသနာကွယ်ပုံကို ရှင်းပြပြီး မေးတော့ ဘုရင်က ပဋ္ဌာန်းကျမ်းကြီးကစပြီး ကွယ်မယ်။ထို့နောက်ယမိုက်၊ထို့နောက် ကထာဝတ္ထု၊ထို့နောက်ပုဂ္ဂလပညတ်၊ထို့နောက် ဓာတုကထာ၊ထို့နောက်ဝိဘင်း၊ ထို့နောက်ဓမ္မသင်္ဂဏီကျမ်းများ အစဉ်အတိုင်းကွယ်ရမည်တဲ့၊ ၎င်းတို့နောက်မှ သုတ္တန်ပိဋကတ်လဲ သူ့အစဉ်အတိုင်းကွယ်ရမည်။ ထို့နောင်မှ ဝိနည်းဝါးကျမ်းကွယ်ရမည်။ ၎င်းတို့နောက်မှ လိင်္ဂသာသနာကွယ်ရမည်။ ။အမတ်က လျှောက်သည်ကား အရှင်မင်းကြီးမိန့်တော်မူသည့်အတိုင်း သာသနာကွယ်ရိုးမှန်ခဲ့ပါလျှင် သာသနာနှစ်ဟာ တထောင်မှ နှစ်ထောင်မကကျော်၍လာပါသော်လဲ ယ ခု အ ထိ ပဋ္ဌာန်းကျမ်းကြီးလဲ မကွယ်။ ယမိုက်,ကထာဝတ္ထု, ပုဂ္ဂလပညတ်, ဓာတုကထာ, ဝိဘင်း, ဓမ္မသင်္ဂဏီဆိုတဲ့ အဘိဓမ္မာတွေလဲမကွယ်သေးပါ။သုတ္တန်ပိဋကတ်တွေလဲ ပင်ကိုယ်အတိုင်းပင်၊ဝိနည်းပိဋကတ်များလဲရှိတုန်းပင်။သင်တုန်းကြားတုန်း ရှိတုန်း ချတုန်းပင်၊မျက်မြင်ပင်မကွယ်သေးပါ။

သာသနာကွယ်ရင် နိမိတ်ပြ၍ကွယ်ပါတယ်။ နတ်တောင်နိမိတ်ပြ၍ သေရပါတယ်။နေဝင်တောင် ဝင်ခါနီးမှာနိမိတ်ပြ၍ဝင်ရပါတယ်။ မင်းများ တောင်မှ နတ်ရွာစံခါနီးတော့ နိမိတ်ပြ၍ စံကြပါတယ်။ မိုးရွာတာတောင်မှ ရွာခါနီး၌ နိမိတ်ပြ၍ရွာချပါတယ်။ အစိန္တေယျ, အပ္ပမေယျမကာတန်တဲ့ သာသနာကြီးကွယ်ခါနီးလျှင် နိမိတ်ကြီးတွေပြမှာပါဘဲဟုဆိုပြီး ဘုရင့် အမှားကိုပယ်၍ သာသနာစည်ကားအောင် ညွှန်ပြပါသတဲ့။

ဤကား အရိယာဖြစ်နိုင်သောခေတ်ရှိပုံ စကားစုတည်း။

## (၄၈၇) ဇမ္ဗူဒီပါကျွန်း၌ တိဟိတ်ပေါ်များလှပုံ

တိတိတ်မဟုတ်ဘူးမထင်ကြရာ

တိဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒိပိကာ မနုဿာ ဥတ္တရ ကုရုကေ မနုဿေ အဓိဂဏှန္တိ ဒေဝေစ တာဝတိံသေ၊ကတမေဟိ တိဟိ၊သူရာသတိမန္တော ဣဓ ဗြဟ္မစရိယဝါသော။ ။တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တိဟိ၊ ၃-ပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ ဇမ္ဗူဒိပိကာ၊ဇမ္ဗူဒီပါကျွန်း၌နေကြကုန်သော။မနုဿာ၊ လူတို့သည်။ ဥတ္တရကုရုကေ၊ မြောက်ကျွန်း၌နေကုန်သော။ မနုဿေစ၊ လူတို့ကိုရင်း။ တာဝတိံသေ၊ တာဝတိံသာဘုံ၌နေကြကုန်သော။ ဒေဝေစ၊ နတ်တို့ကိုရင်း။ အဓိဂဏှန္တိ၊ လွှမ်းမိုးနိုင်ကြကုန်၏။ ကတမေဟိ တိဟိ၊ အဘယ် ၃-ပါးတို့ဖြင့်လွှမ်းမိုးနိုင်ကြကုန်သနည်းဟူမူကား။သူရာ၊တိဟိတ် ပဋိသန္ဓေပညာဖြင့် ရဲရင့်ခြင်းရင်း။ သတိမန္တော၊ သတိတရားရှိ၍နေခြင်း ရင်း။ ဣဓဗြဟ္မစရိယဝါသော၊မဂ္ဂဗြဟ္မစရိယကျင့်ဘို့ရန် ဤသာသနာတော် ကြီး ရှိ၍နေခြင်းရင်း။ဣမေဟိ၊ဤ ၃-ပါးတို့ဖြင့်။အဓိဂဏှန္တိ၊လွှမ်းမိုးနိုင်ကြ ကုန်၏။

ဤဘုရားဗျာဒိတ်တော်၌ သူရာ၊ တိဟိတ်မို့ ရဲရင့်တယ် ဆိုပါ၏။ သတိမန္တော၊ အနိစ္စ,ဒုက္ခ,အနတ္တအစဉ်တွေ့ရသဖြင့် သတိရ၍နေ၏။ ဣဓ ဗြဟ္မစရိယဝါသ၊ သာသနာတော်ကြီးပေါ်၌ လူဖြစ်၍နေရခြင်း၊ ဤကို ထောက်၍ တိဟိတ်ပေါ်များကြောင်း သိရလေသည်။ နှိုင်းချိန်၍လည်း သိနိုင်ပါ၏။ သုဂတိအဟိတ်,ဒွိဟိတ်,တိဟိတ်, ၃-မျိုးတွင် သုဂတိအဟိတ်

ဆိုဘာ အခါင်မ်းထဲကပင် ဂျိုးကဏ်း, ဆွဲ့အလာသူတည်း။ ဤသုဂတိ အပတ်တ်ကိုကား ရွာကြီးတရွာလျှင် ၂-ဦး ၃-ဦးသာတွေ့ရ၏။

လူနေတသောင်းခန့်ရှိသော ကွမ်သဲလိုရွာကြီးတရွာတွင် သုဂတိ အပတ်တ်ကား ၃-ဦး၊ဒွိပတ်ကား (၁၀)ဦး၊ကျန်တိပတ်တ်ဟူ၍ မှန်းဆနိုင်ပါသည်။ ။ဝိပဿနာပွါး၍ ဥဒယဗ္ဗယဉာဏ်ကိုရလျှင် တိပတ်တ်ဟုသိကြပါတဲ့။ သမထပွါး၍ ပဋိဘာဂနိမိတ်ရလျှင် တိပတ်တ်ဟုသိကြပါတဲ့။ ။မိမိကိုယ်ကိုမိမိပင် ကျင့်ကြံ၍ စုံစမ်းစစ်ဆေးကြကုန်ရာ၏။

**ဝိပဿနာ၊ဥဒယဗ္ဗယာ၊ထင်လာ-တိပတ်တ်သိ၊**
**ပဋိဘာဂါ၊သမထာ၊ထင်လာတိပတ်တ်သိ၊** လင်္ကာ

## (၄၈၈) ပါရမီနဲ့ဘယ် နတဘယ်ဟာ့ခထင်ကြရာ

ပါရမီနဲ့လျှင် နဲ့လျှင် မနုဿတ္တဘာဝေါ ဒုလ္လဘော-စသော ဒုလ္လဘကြီး ငါးပါးကို ရမည်မဟုတ်။ ယခုယူတိုင်းရ၍နေတာကပင် လုံလောက်သော သက်သေဖြစ်၍နေပေ၏။အကယ်၍ ပါရမီနဲ့ နဲ့ပါလျှင် ကပ္ပလီ,ဆလုံ,မို့,မွှ, နာဂ, ကချင်ရိုင်း, ချင်းရိုင်း, ကရင်ရိုင်း, ပဒေါင်း, ပလောင်ရိုင်း,လဝရိုင်း, ယွန်းရိုင်းတို့ကဲ့သို့ ဘာသာနှင့်ဝေးကွာ၍နေပေမည်။ ကျင့်ကြံ၍မစမ်းသေးဘဲနှင့်များ အားငယ်၍မနေကြပါနှင့်။ကျင့်ကြံ၍စမ်းကြပါဦးတော့။ ကျင့်ကြံလျှင် သုဂတိဖြစ်စေ၊ ဒုဂ္ဂတိပင်ဖြစ်စေ၊ ဒွိပတ်တ်ပင်ဖြစ်စေ ဒုတိယဘဝ၌ လှလှကြီး နတ်ပြည်ရောက်မည်၊ မဂ်ဖိုလ်ရမည်ကားမလွဲတည်း။ ဖါးငယ်ဝတ္ထု,နွားကြီးဝတ္ထု,လင်းနို့သားငါးရာ၊ နောက်ငါးရာ၊ ကြက်မ၊ ဇီးကွက်၊ ကျေးသား၊ဆင် မျောက် ဆိုတဲ့ဒုဂ္ဂတိအပတ်တ်အပါယ်ဘုံသားတွေတောင်မှ တရားနာရ၍ နတ်ဘဝရ၊မဂ်ရဖိုလ်ရ နှစ်ဘဝနှင့် သံသရာပြတ်ရသေးတာဘဲ၊လူဖြစ်သော ငါတမူကား။အဘယ်မှာ မရဘဲရှိနိုင်ပါအံ့နည်း။ ၂-ဘဝနှင့် မဂ်ဖိုလ်ရစေမှာပေါ့ဟု——အားတင်း၍ ကြိုးစားကုန်ရာ၏။

## (၃၈၉) ဝိပဿနာအစွမ်း အထက်မျက်ဆုံး

| နာရီ | ရက် | လ | နှစ် | ဘဝ | |
|---|---|---|---|---|---|
| ၇ | ၇ | ၇ | ၇ | ၇ | } ရဟန္တာဖြစ်နိုင်ပုံ |

၇-နာရီနှင့် ရဟန္တာဖြစ်ပုံမှာ (ပါဘောဝ အနုသိဗ္ဗော သာသံ ဝိသေသံ အဓိဂမိသတိ) ဟူသော သုတ်မဟာဝါ အဋ္ဌကထာကို ထောက်မျှော်လေ။ ၇–ရက်အတွင်း ရဟန္တာ ဖြစ်ပုံမှာ မဟာသတိပဋ္ဌာနသုတ် နိဂုံး (သတ္တာဟံ) ကို ထောက်မျှော်လေ။ ။ ၇-လအတွင်း ရဟန္တာဖြစ်ပုံမှာ ၎င်းနိဂုံး(သတ္တမာသံ)ကိုထောက်မျှော်လေ။ ။၇-နှစ်နှစ်အတွင်း ရဟန္တာ ဖြစ်ပုံမှာ ၎င်းနိဂုံး (သတ္တသံဝစ္ဆရံ)·ကို ထောက်မျှော်လေ။ ။၇-ဘဝ အတွင်း၌ ရဟန္တာဖြစ်ပုံမှာ (သစေ ဝိပဿနာသမ္မာဒိဋ္ဌိ (လ) သတ္တဘဝေ ဒေတိ)ဟူသော ဇောနိပါတ် အင်္ဂုတ္တိုရ်ပါဠိကိုထောက်မျှော်လေ။ ရှေးကလဲ ပြခဲ့ပြီ။ ပြခဲ့ပြီးသော အပါယ်တံခါးပိတ်ခဏ်း၌ ပါဠိစုံထုတ်၍ အနက်ပါပြခဲ့ ပါပြီ။

အောင်းတရာ့ရှစ်ကွက်၊ ဗုဒ္ဓစက်။
တဆယ့်လေးချက်၊ မွေစက်။
တဆယ့်ရှစ်ချက်၊ သံဃာ့စက်။

၎င်း၏အဖြေကိုလည်း ကြည်ညိုရအောင် ထည့်သွင်းပါဘုရားဟု ဆို၍ ဖြေအံ့။

## (၄၉၀) အောင်းတရာ့ရှစ်ကွက်၊ ဗုဒ္ဓစက် အဖြေကား

မြတ်စွာဘုရားသခင်၏ လက်ဝဲခြေတော်ရာတွင် ပါရှိသည့် တရာ့ ရှစ်ကွက် စက်လက္ခဏာတော်များအနက်။ အတွင်းရစ် (၃၂) ကွက်တွင် ပါသော စက်လက္ခဏာတော်များမှာ (၁)လှံမ (၂)အိမ်မွန် (၃)ဇလပ်ပန်း (၄) လည်ရေးသုံးဆင့် (၅) ဦးဆောက်ပန်း (၆) ထမင်းပွဲ (၇) ရွှေသလွန် (၈) ချွန်းတောင် (၉) ပြာသာဒ် (၁၀)တံခါးတိုင် (၁၁) ထီးဖြူ (၁၂) သန် လျက် (၁၃) ထန်းရွက်ယပ် (၁၄) ဥဒေါင်းမြီးယပ်(၁၅) မကိုင်သင်းကျစ် (၁၆)ပတ္တမြား (၁၇) သပိတ် (၁၈) ပန်းဆိုင်း (၁၉)ကြာညို (၂၀)ကြာနီ (၂၁)ကြာဖြူ (၂၂)ကြာပဒုမ္မာ (၂၃)ကြာပုဏ္ဍရိက် (၂၄)မုန်ညင်းစသည် ပြည့်သောအိုး (၂၅) မုန်ညင်းစသည်ပြည့်သောဖလား (၂၆) သမုဒ္ဒရာ (၂၇) စကြဝဠာ (၂၈) ဟိမဝန္တာတောင် (၂၉) မြင်းမိုရ်တောင် (၃၀) နေမင်း (၃၁)လမင်း (၃၂)နက္ခတ် တာရာများ။

### အလယ်ရစ်(၃၆)တွင်ပါရှိသော စက်လက္ခဏာများ

(၃၃) ကျွန်းကြီးလေးကျွန်း(၃၄) ကျွန်းငယ်နှစ်ထောင်(၃၅)စကြာမင်း (၃၆) ခရုသင်းဖြူ (၃၇) ငါး ၂-စုံ(၃၈) စကြာရတနာ (၃၉) သိတာ(၄၀)

သိဘာ(၄၁) သိဘာ (၄၂)သိဘာ(၄၃) သိဘာ(၄၄) သိဘာ (၄၅)သိဘာ (၄၆)တောင် (၄၇) တောင် (၄၈)တောင်(၄၉)တောင်(၅၀)တောင်(၅၁) တောင်(၅၂) တောင်(၅၃) အိုင်(၅၄)အိုင် (၅၅) အိုင် (၅၆)အိုင်(၅၇)အိုင် (၅၈) အိုင် (၅၉) အိုင် (၆၀) ဂဠုန် (၆၁) မိကျောင်း (၆၂)တမ်းခွန်(၆၃) ကုဏ္ဍား (၆၄) ရွှေသန်လျဉ်း (၆၅ ရွှေသားမြီးယပ် (၆၆) ကေလာသဘာ တောင် (၆၇) ခြင်္သေ့မင်း (၆၈) မျက်နှာကြက်။

## အပြင်အဆင် စက်တော်ရာ (၄၀)တွင်

(၆၉)ကျားမင်း (၇၀) ဝလာဟကမြင်းပျံ (၇၁) ဥပေါသထဆင်မင်း (၇၂) နဂါးမင်း (၇၃) ဟင်္သာမင်း (၇၄) ဥသဘနွားလားမင်း (၇၅) ဧရာဝဏ်ဆင်မင်း (၇၆) ရွှေမကာရ်း (၇၇) ရွှေလှေယာဉ် (၇၈)လေးကျွန်းသားတို့၏မျက်နှာ (၇၉) နွားသားအမိ (၈၀) ကိန္နရာဖို (၈၁) ကိန္နရာမ (၈၂) ကရဝိက်ငှက်မင်း (၈၃) ဥဒေါင်းမင်း (၈၄) ကြိုးကြာမင်း (၈၅) စက္ကဝါကငှက်(၈၆) ဇီဝံဇီဝငှက် (၈၇) နတ်ပြည် (၈၈)နတ်ပြည် (၈၉) နတ်ပြည် (၉၀) နတ်ပြည် (၉၁) နတ်ပြည် (၉၂) နတ်ပြည် (၉၃) ဗြဟ္မာ့ပြည် (၉၄) ဗြဟ္မာ့ပြည် (၉၅) ဗြဟ္မာ့ပြည် (၉၆) ဗြဟ္မာ့ပြည်(၉၇) ဗြဟ္မာ့ပြည် (၉၈) ဗြဟ္မာ့ပြည် (၉၉) ဗြဟ္မာ့ပြည် (၁၀၀) ဗြဟ္မာ့ပြည် (၁၀၁) ဗြဟ္မာ့ပြည် (၁၀၂) ဗြဟ္မာ့ပြည်(၁၀၃) ဗြဟ္မာ့ပြည် (၁၀၄) ဗြဟ္မာ့ပြည် (၁၀၅)ဗြဟ္မာ့ပြည် (၁၀၆)ဗြဟ္မာ့ပြည် (၁၀၇)ဗြဟ္မာ့ပြည် (၁၀၈)ဗြဟ္မာ့ပြည်။ ။ဤကား (အောင်းတရာ့ရှစ်ကွက်၊ ဗုဒ္ဓစက်၌ ကြည်ညိုစရာတည်း။

## (၄၉၁) တဆယ့်လေးချက်၊ ဓမ္မစက် အခြေအကား

မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်သော (ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးကို) တရားကိုယ်ကောက်ဘော့ ၁၄-ပါးသာရရှိတော့၏။ ။သင်္ဂြိုဟ်ပါဌ်၌။

## တဆယ့်လေးချက်၊ ဓမ္မစက်၏ သင်္ဂဟဂါထာပါဠိ

ဆန္ဒော စိတ္တ မုပေက္ခာစ၊
သဒ္ဓါပဿဒ္ဓိ၊ပီတိယော။
သမ္မာဒိဋ္ဌိစ သင်္ကပ္ပေါ၊
ဝါယာမော ဝိရတိတ္တယံ။

သမ္မာသတိ သမာဓိတိ၊
စုဒ္ဒသေတေ သဘာဝတော။
သတ္တတိံ သပ္ပဘေဒေန၊
သတ္တဓာ တတ္တ သင်္ဂဟော။

၎င်းသင်္ဂြိုဟ်ပါဠိ သမုစ္စည်းပိုင်း ဗောဓိပက္ခိယသင်္ဂဟ၌ ပါရှိ၏။ ၎င်းဂါထာ၏ အရကား (၁)ဆန္ဒ(၂) စိတ် (၃) ဥပေက္ခာ (၄) သဒ္ဓါ(၅) ပဿဒ္ဓိ (၆) ပီတိ (၇) သမ္မာဒိဋ္ဌိခေါ်ပညိန္ဒြေ (၈) သမ္မာသင်္ကပ္ပခေါ်ဝိတက် (၉) သမ္မာဝါယာမခေါ်ဝီရိယ (၁၀) ဝိရတီမည်တဲ့ သမ္မာဝါစာ(၁၁) ၎င်းသမ္မာကမ္မန္တ (၁၂) ၎င်းသမ္မာအာဇီဝ (၁၃) သတိခေါ်တဲ့ သမ္မာသတိ (၁၄) သမာဓိ။ ဤဗောဓိပက္ခိယတရားကိုယ် ၁၄-ကား (ဓမ္မစက် ၁၄-ချက်တည်း) အပြည့်အစုံပွါးလျှင် သတိပဋ္ဌာန် ၄၊ သမ္မပ္ပဓာန် ၄၊ ဣဒ္ဓိပါဒ် ၄၊ ဣန္ဒြေငါး၊ ဗိုလ်ငါး၊ ဗောဇ္ဈင်-၇၊ မဂ္ဂင် ၈၊ စုစု ၃၇-ပါး ကျယ်ပွါးပြန်၏။ အကျယ် (၃၇) တရားကိုယ် ၁၄-ဌာန (၇) ဗောဓိပက္ခိယတရားပင်တည်း။

ဤကား တဆယ့်လေးချက်၊ ဓမ္မစက်၏အဖြေတည်း။

## (၄၉၂) တဆယ့်ရှစ်ချက်၊ သံဃာ့စက် အဖြေကား

ပရမတ္ထသံဃာတော်အစစ်မှာ သံဃာ့ဂုဏ်တော် ၉-ပါး၊ ၎င်း၌ရရှိပြီးသော လောကုတ္တရာတရား ၉-ပါးဖြစ်၍ ၉-နှစ်လီ (၁၈) ပင်တည်း။

| | |
|---|---|
| သံဃာ့ဂုဏ်တော်ကိုးပါ။<br>လောကုတ္တရာတရားကိုးပါး။ | တဆယ့်ရှစ်ချက်၊သံဃာ့စက်တည်း။ |

ဤကား တဆယ့်ရှစ်ချက်၊ သံဃာ့စက်အဖြေတည်း။

## (၄၉၃) အနိစ္စ အချက်ပြ တရက်အတွက် ထွက်သက်နှင့် ဝင်သက် မမြဲပုံ

ဒိဝါဒသသဟဿာနိ၊ အဋ္ဌသတာဓိကာနိစ။
ရတ္တိန္ဒေ့ဝ တထာဒေဝ၊ အာနာပါနံ ပဝတ္တတိ။
ဗုဒ္ဓဃောသအဋ္ဌကထာပုပ္ပတ္တိကျမ်းအဆို။

ဒိ၀)၊ နေ့အခါ၌။ အဋ္ဌသတာ ဓိကာနိစ၊ ၇စ်ရာ အလွန်ရှိကုန်သေး။ ဒသသဟဿာနိ၊ တသောင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ရတ္တိံ စေဝ၊ ညအချိန်၌လည်း။တထာဒ၀၊ ထို့အတူသာလျှင်။ အာနာပါနံ၊ထွက်သက်ဝင်သက်သည်။ ပဝတ္တတိ၊ ဖြစ်ပေါ်၍နေရပေ၏။

| | | | |
|---|---|---|---|
| (က) ဗုဒ္ဓဃောသသုတ္တိ ကျမ်းအလိုဖြင့် | } | နေ့အချိန်၌ | ၁၀၀၀၀ |
| | | ညအချိန်၌ | ၁၀၀၀၀ |
| (အနိစ္စပေါင်း) | | တရက်၌ | ၂၁၆၀၀-ဖြစ်၏။ |

## (ခ) ထန်းတပင်ဆရာတော်၏ သင်္ဂါရယမိုက် အကောက်ကျမ်း၌

တနာရီအချိန်၌ ထွက်သက်(၃၆၀)ဝင်သက်(၃၆၀)စုစု(၇၂၀)ဖြစ်၏။
တရက်နာရီ(၆၀)၌ ထွက်သက် ဝင်သက်ပေါင်း (၄၇၂၀၀) ဖြစ်၏။

## (ဂ) စက်နာရီနှင့် ထွက်သက်ဝင်သက်တွက်ပုံကား

တနာရီ၌ ဝင်သက်(၉၀၀) ထွက်သက်(၉၀၀) စုစု(၁၈၀၀) ဖြစ်၏။
၂၄-နာရီ တရက်၌ ထွက်သက် ဝင်သက်ပေါင်း (၄၃၂၀၀) ဖြစ်၏။

## (၄၉၄) အနိစ္စ အပြန်အလှန်သိကြရန်အချက်

အနိစ္စကိုမမြင်ရတာ ဘာ့ကြောင့်လဲ၊ သန္တတိပညတ် ဖုံးဖိထားလို့ပါ။
အနိစ္စကိုမြင်ရတာ ဘာ့ကြောင့်လဲ၊ သန္တတိပညတ် ကွာလို့ချုပ်လို့ပါ။
ဒုက္ခကိုမမြင်ရတာ ဘာ့ကြောင့်လဲ၊ ဣရိယာပထ ဖုံးလွှမ်းထားလို့ပါ။
ဒုက္ခကိုမြင်ရတာ ဘာ့ကြောင့်လဲ၊ ဣရိယာပထ မဖုံးနိုင်လို့ပါ။
အနတ္တကိုမမြင်ရတာ ဘာ့ကြောင့်လဲ၊ ဃနပညတ် ဖုံးဖိထားလို့ပါ။
အနတ္တကိုမြင်ရတာ ဘာ့ကြောင့်လဲ၊ ဃနပညတ်ကြီး ကွာလို့ပါ။

## လိုရင်းကောက်နုတ်ချက်ကား

အနိစ္စတွေ့ တပြိုကြီးတွေ့ရလျှင် သန္တတိပညတ်ကြီး ကွာပါပြီ။
ဒုက္ခတွေ့ အမျိုးမျိုးတွေ့ရလျှင် ဣရိယာပထမဖုံးနိုင် ကွာပါပြီ။
အနတ္တကို အများကြီးတွေ့ပါလျှင် ဃနပညတ်ကြီး ကွာသွားပါပြီ။

၎င်းစကြာယာဉ်ကြီး သုံးမျိုးကိုရလျှင် ပရမတ္ထစကြာမင်းတွေဖြစ်၍မို မပျက်စီးနိုင်တော့ဘဲ တသံသရာလုံး ဘုံစဉ်စံ၍ တက်နိုင်ပါပြီ။

## (၄၉၃) အနိစ္စ,ဒုက္ခ,အနတ္တကို မမြင်မထင်နိုင်သူများ

နိရောဓံ အဒိသွာ ခယဝယံ အဉတွာ ဧတံမမ ဧသောဟသ္မိ ဧသောမေ အတ္တာတိ သမနုပဿတိ။ နိစ္စံ သုခံ အတ္တာတိ သမနုပဿတိ။ ။ဥပရိပဏ္ဏာသအဋ္ဌကထာ။

နိရောဓံ၊တရွရွ တဖွားဖွား တရိပ်ရိပ် တဖျည်းဖျည်းနှင့် ခန္ဓာထဲ၌ချုပ်ခန်းနေမှုကို။အဒိသွာ၊ကိုယ်မှာလဲမတွေ့ရ ဉာဏ်မှာလဲမမြင်ရလေသောကြောင့်။ ခယဝယံ၊ကုန်ခြင်း,ပျက်ခြင်းကို။ အဉတွာ၊ကိုယ်တွေ့လဲမသိရ၊ ဉာဏ်မြင်လဲ မသိရလေသောကြောင့်။ဧတံ၊ဤရုပ်နာမ် ၂-ပါးသည်၊မမ၊ငါ၏ဥစ္စာတည်း။ ဧသော၊ဤရုပ်နာမ် ၂-ပါးသည်။အဟံ၊ငါသည်။အသ္မိ၊ဖြစ်၏။ဧသော၊ ဤရုပ် နာမ် ၂-ပါးသည်။ မေ၊ ငါ၏။ အတ္တာ၊ အနှစ်သာရပင်တည်း။ ဣတိ၊ ဤသို့။ သမနုပဿတိ၊ ရှု၏။ နိစ္စံ၊ မြဲ၏။ သုခံ၊ ချမ်းသာ၏။ အတ္တာ၊ငါငါ သူသူ လူလူ နတ်နတ် အနှစ်သာရတည်းဟူ၍။ သမနုပဿတိ၊ ရှု၏။

မိမိ၏ခန္ဓာထဲမှာ တရွရွ တဖွားဖွား တရိပ်ရိပ် တဖျည်းဖျည်းနှင့် ချုပ်ချုပ် နေပုံကို ကိုယ်တွေ့လဲမရှိ၊ စိတ်ကလဲမသိ၊ ဉာဏ်မြင်လဲမမိသောကြောင့် တနည်းမှာ၊ ကုန်ခြင်း,ခန်းခြင်းဆိုတဲ့ ခယသဘော၊ ပျက်စီးခြင်းဆိုတဲ့ ဝယ သဘောကို ကိုယ်တွေ့လဲမရှိ၊ စိတ်ကလဲမသိ၊ဉာဏ်မြင်လဲမမိသောကြောင့် ဒီရုပ်နာမ် ၂-ပါးဟာ ငါ့ဥစ္စာဘဲဆိုတဲ့ တဏှာစွဲ။ ဒီရုပ်နာမ် ၂-ပါးဟာ ငါ့မှာသာရှိတယ်ဆိုတဲ့ မာနစွဲ။ ဒီရုပ်နာမ် ၂-ပါးဟာ ငါငါ သူသူ လူလူ နတ်နတ်ပါဘဲဆိုတဲ့ ဒိဋ္ဌိစွဲ။ရုပ်နာမ်သည်မြဲ၏။ နိစ္စဒိဋ္ဌိတည်း။ ရုပ်နာမ်သည် ချမ်းသာ၏။ သုခဒိဋ္ဌိတည်း။ ရုပ်နာမ်သည် ပုဂ္ဂိုလ်သတ္တဝါ သူငါပါဘဲ၊ အတ္တဒိဋ္ဌိပြီ၏။

## (၄၉၄) အနိစ္စ,ဒုက္ခ,အနတ္တကို မြင်နိုင်ထင်နိုင်သူများ

နိရောဓံ ဒိသွာတိ ခယဝယံ ဉတွာ နေတံ မမ နေသောဟသ္မိ၊ နေသောမေ အတ္တာတိ သမနုပဿာမိ။ အနိစ္စံ ဒုက္ခံ အနတ္တာတိ သမနုပဿာမိ။ ။ဥပရိပဏ္ဏာသအဋ္ဌကထာ။

နိရောဓ၊ ခန္ဓာထဲမှာ တရွရွ တဖွားဖွား တရိပ်ရိပ် တဖျဉ်းဖျဉ်းနှင့် ချုပ်ချုပ်နေပုံကို။ ဒိသွာ၊ ကိုယ်တွေ့ စိတ်သိ ဉာဏ်အမြင်မိသောကြောင့်ရင်း။ ခယဝယံ၊ ကုန်ခြင်း, ပျက်ခြင်းကို။ ဉတွာ၊ ကိုယ်တွေ့ စိတ်သိ၊ဉာဏ်မြင်မိသော ကြောင့်ရင်း။ ဝေဝံ၊ ဤရုပ်နာမ် ၂-ပါးသည်။ နမမ၊ ငါ၏ဥစ္စာကားမဟုတ်ချေ တကား။ ဧသော၊ ဤရုပ်နာမ် ၂-ပါးသည်။ အဟံ၊ မာနဘက်စရာငါသည်၊ နအသ္မိ၊ မဟုတ်ချေပါတကား။ ဧသော၊ ဤရုပ်နာမ် ၂-ပါးသည်။မေ၊ ငါ၏။ အတ္တာ၊ ငါငါ သူသူ၊ လူလူ နတ်နတ်သည်။ န၊ မဟုတ်ပါတကား။ ဣတိ၊ ဤသို့။ သမနုပဿာမိ၊ ရှု၏။ အနိစ္စံ၊ အမြဲမရှိပါတကား။ ဒုက္ခံ၊ ဆင်းရဲလှပါ တကား။ အနတ္တာ၊ ငါငါ သူသူ၊လူလူနတ်နတ် မဟုတ်ပါတကား။ ငါ၊ အနှစ် သာရ မရှိပါတကား။ ဣတိ၊ ဤသို့။ သမနုပဿာမိ၊ ရှု၏။

## (၄၉၇) ဒုက္ခသစ္စာနှင့် ဒုက္ခလက္ခဏာကိုတွေ့ကြပြီလား

ဓမ္မာဘာရုပ်သုံး ရွာသုံး ဒုက္ခကား ပြင်းထန်လှ၏။ အနုသယကိုမထိနိုင် ဝိပဿနာတရား ဒုက္ခကား သိမ်မွေ့လှ၏။ အနုသယကိုထိခိုက်နိုင်ပေ၏။ အချို့ကား ရုပ်ဒုက္ခ ရွာဒုက္ခကို ကိုယ်တိုင်တွေ့ရသဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေတတ်သော (ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ)ကား ထို့ထက်ပင် ကြောက်စရာ လန့်စရာ ကောင်းအောင် တွေ့ရလိမ့်ဦးမည်ဟု အတွေး အတောအဆင်အခြင်ခေါင်တတ်ကြ၏၊ ချော်တတ်ကြ၏။ အချို့ကလည်း ရွရွမွမွနှင့် ပြို၍ဖြစ်၊ ပြို၍ပျက်ကြတဲ့ အနိစ္စကိုတော့ မိဋ္ဌကိုယ်တွေ့ စိတ်ချ လောက်အောင် တွေ့ရပေပြီ။ အနတ္တကိုလည်း ပြို၍ဖြစ်၊ပြို၍ပျက်နှင့် နေကြ တာကို တားမရ၊ဆီးမရ၊ချွေမရ၊ယူမရ၊ ကိုင်မရ၊ စမ်းမရ၊ အလိုသို့မလိုက် အကြိုက်သို့မပါဘဲ အနတ္တဖြစ်၍နေတဲ့ အနတ္တသဘောကို ပေါ်လောကြီး ကြောင်ကြောင်ကြီး တွေ့မြင်ရပေပြီ။ ။ဒုက္ခလက္ခဏာနှင့် ဒုက္ခသစ္စာကို မူကား ဘယ်လိုများ တွေ့ရဦးမည်နည်းဟု အမျိုးမျိုးအဖုံဖုံ တွေးတော ကြံစည်ကြကုန်၏။

## (၄၉၈) အဆုံးအဖြတ်ဝိနိစ္ဆယကား

ရုပ်နာမ်ကိုတွေ့ပြီးသော ယောဂီပုဂ္ဂိုလ်တို့သည်၊ အရင်က ထားရှိတဲ့ စိတ်တွေ သဘောတွေ မနောတွေ ဇောတွေ အပေါင်းအသင်းတွေဟာ သိသိသာသာကြီး ပြောင်းလျက် လူဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတွေကိုပင် မလိုချင် ငြီးငွေ့လျက်နေကြ၏။ (သိပယ်ဆိုက်ပွါး၊ လေးပါးကိစ္စ အမိုင်ရ၊

မှချပရမတ်) ဟူသော လက်ခံစစ်တမ်းဖြင့် စစ်ဆေးတော်မူသော် (သိ) လို့သာ(ပယ်)သည်။သိကား ဒုက္ခသစ္စာပင်တည်း။ပယ်ကား သမုဒယသစ္စာ ပင်တည်း။တွေ့တဲ့ရုပ်နာမ်က ဒုက္ခတရားတည်း။ဖြစ်ပျက်က ဒုက္ခလက္ခဏာ ပင်တည်း။ ဤပုံစစ်ဆေးသော်၊ ဒုက္ခသစ္စာကိုလဲ တွေ့ပြီးသားပင်၊သမုဒယ သစ္စာကိုလဲပယ်ပြီးသားပင်။သက်သေကား ရုပ်နာမ်ဖြစ်ပျက်ကိုတွေ့ရခြင်း က ဒုက္ခသစ္စာတည်း။ စိတ်ပြောင်း သဘောပြောင်း မနောပြောင်း ဇော ပြောင်း အပေါင်းအသင်းပြောင်းရခြင်းတို့ကား(ပယ်ပြီး)လို့ပြောင်းလွဲနေရ တာပါဘဲ။ ။ဒုက္ခလက္ခဏာကိုစစ်ဆေးရာ၌ ယောဂီတွေဟာ ငြီးငွေ့ခြင်း လွတ်မြောက်လိုခြင်းသဘောများ လွန်ကဲလျက်နေပေ၏။ ငြီးငွေ့ခြင်းက နိဗ္ဗိန္ဒဉာဏ်ပါဘဲ၊ လွတ်မြောက်ချင်တာက မုစ္စိတုကမျတာဉာဏ်ပါဘဲ။ အတွေ့သဘောတရားအတိုင်းပြောပြရတာပါ။ ၎င်းနိဗ္ဗိန္ဒဉာဏ်နှင့် မုစ္စိတု ကမျတာဉာဏ်က သက်သေခံလျက်နေလျှင် ၎င်းဉာဏ် ၂-ပါးတို့၏ ရှေးရှေးကတွေ့ခဲ့ရသော (နာမရူပ-ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်,ဘင်ဉာဏ်,ဘယဉာဏ်,အာဒီနဝဉာဏ်) ဆဲဒီ ခုနစ်ဉာဏ်တို့၏ အာရုံ ဖြစ် သော ရုပ်နာမ်အဖြစ်အပျက်တို့ဟာ ဒုက္ခလက္ခဏာ ၇-မျိုးတည်း။ ဒုက္ခသစ္စာ ၇-မျိုးတည်း။

သာဓကကား။ ရူပံ-အနိစ္စံ၊ ဒုက္ခံ၊ အနတ္တာ၊
နာမံ-အနိစ္စံ၊ဒုက္ခံ၊အနတ္တာ၊

ဝိတ္တဥ္စ လောဘာ ဝိမုတ္တံ စေဘသိကဥ္စ ဒုက္ခသစ္စမေဝ။
တနည်း။ သင်္ခါရအားလုံးသည်၊ ဒုက္ခသာတည်း။

နိဗ္ဗာန်သည်၊ ပဝရ မဟာသုခ သာတည်း။

ရုပ်နာမ်သည်၊ ဒုက္ခသာတည်း။ နိဗ္ဗာန်သည်။ မဟာသုခသာတည်း။

ဒုက္ခမေဝဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ။
နာညတြဒုက္ခာ သမ္ဘောတိ၊ နညံ ဒုက္ခံ နိရုဇ္ဈတိ။

ကျင့်စဉ် ၃-မျိုးဖြင့် မဂ်ဖိုလ်ရောက်ပုံကြည့်ကြပါဦး

(၁) သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
(၂) အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ (၃) ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

၎င်းဂါထာ၌ (၁)(၂)(၃) ဟူ၍ကျင့်စဉ်,တက်စဉ် ၃-မျိုးသာတွေ့ရ၏။

(၁) သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
(၂) အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ (၃)ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

ဤဂါထာ၌ ၁-၂-၃- ဟူ၍ ကျင့်စဉ်,တက်စဉ် ၃-မျိုးသာတွေ့ရပါသည်။

(၁) သဗ္ဗေ ဓမ္မာအနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
(၂) အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊(၃) ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

ဤဂါထာ၌ ၁-၂-၃-ဟူ၍ ကျင့်စဉ်,တက်စဉ် ၃-ပါးကိုသာတွေ့ရပါသည်။ (ဓမ္မပဒပါဠိတော်၌လာသော ဂါထာ ၃-ပုဒ်)အကျင့် ၃-မျိုးစီရှိပုံပြချက်တည်း။ တပုဒ်ကိုစစ်ဆေး၍ပြမည်။

(၁) သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ၊ ဝါကျဖြင့် အလုံးစုံသော ရုပ်နာမ်သင်္ခါရတို့ကို အနိစ္စဘဲဟူ၍ ဝိပဿနာဉာဏ်ပညာဖြင့်တွေ့ရမည်။ ပဌမအဆင့်တည်း (၂)အထနိဗ္ဗိန္ဒတိဒုက္ခေ၊ အရဝါကျဖြင့် ထိုအနိစ္စကိုမြင်သည်ရှိသော် ရုပ်နာမ်၌ဒုက္ခမြင်၍ ငြီးငွေ့ခြင်းဆိုတဲ့ နိဗ္ဗိန္ဒာဉာဏ်သို့ရောက်တော့မည်တဲ့။အဲဒါက ဒုတိယအဆင့်ပါဘဲ။(၃) ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာအရဝါကျဖြင့် ငြီးငွေ့သည်ရှိသော်၊ ဒိဋ္ဌိဝိစိကိစ္ဆာစင်ကြယ်၍ မဂ်သို့ရောက်ရတော့၏တဲ့။ ၃-ဆင့် ၃-ကျင့်တည်း။ ဒုက္ခဂါထာ,အနတ္တဂါထာ၌လည်း ဤနည်းစစ်ဆေး၍ပြကြပါကုန်။

## (၄၉၉) ဘုရားများတော့ ၄-သစ္စာ ကမ္ဘာတသိန်းကျင့်မှ သစ္စာလေးပါးရကြ၏

စတ္တာရိ အသင်္ချေယျာနိ ကပ္ပသတသဟဿာနိ ပါရမိယော ပူရယိတွာ ဗုဒ္ဓတ္တံ ဥပဂတော်။ ။ဇာတ်အဋ္ဌကထာ။

## ငါတို့တတွေကိုတော့(၇-ရက်)ထဲနှင့် သစ္စာ ၄-ပါးရစေမယ်ဘဲ

ယောဟိကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ၊တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ၊ ဒိဋ္ဌေဝဓမ္မေ အညာသတိဝါ ဥပါဒိသေသေ အနာဂါမိတာ။ ။ မဟာသတိပဋ္ဌာနသုတ်တော် ( နှုတ်တက်ရအောင် ကျက်ကြပါ။ )

ဘုရားများမှာ ၄-သင်္ချေနှင့် ကမ္ဘာတသိန်းကျင့်မှ သဗ္ဗာ ၄-ပါးကို ရပေမဲ့ ငါတို့ကိုတော့ ၇-ရက်နှင့် သဗ္ဗာ ၄—ပါးရ ရဟန္တာဖြစ်စေမယ်တဲ့။ ပါဠိကပြနေပါပြီ။

အနက်ကား။ ။စဥ္စာဒိအသင်္ချေဿာနိ၊ လေးသင်္ချေတို့ဌင်း။ ကပ္ပသတ သဟဿာနိစ၊ ကမ္ဘာတသိန်းတို့ဌင်း။ပါရမိယော၊ ပါရမီတို့ကို။ ပူရယိတွာ၊ ဖြည့်ကျင့်၍။ဗုဒ္ဓတ္တံ၊ဘုရားအဖြစ်သို့။ဥပဂန္တ္ဝာ၊ကပ်ရောက်လေ၍။ ။ဘိက္ခဝေ၊ ချစ်သားတို့။ ယောပင်ကောဝိ၊ အကြင် တစုံတယောက်သော သူသည်။ ဣမေစတ္တာရောသတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်လေးပါးတို့ကို။ဒ္ဓဝံဘာဝေယျ၊ ဤသို့ဟောတိုင်း ပွါးများခြားအံ့။ သတ္တာဟံ၊ ၇-ရက်အတွင်း၌။ တဿ၊ ထိုယောဂီအား။ ဒွိန္နံဖလာနံ၊ အနာဂါမ်နှင့် အရဟတ္တဖိုလ် ၂-ပါးတို့တွင်။ အညတရံဖလံ၊ တပါးပါးသောဖိုလ်ကို။ ဒိဋ္ဌေဝဓမ္မေ၊ ယခုဘဝ ၇-ရက် အတွင်း၌။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ အညာ၊ အရဟတ္တဖိုလ်ကိုဌင်း။ ဥပါဒိသေသေ၊ဥပါဒိကြွင်းကျန်သေးသည်ရှိသော်။အနာဂါမိတာ၊အနာဂါမ် ဖိုလ်ကိုဌင်း။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ။မိဘက၊ အနှစ် ၆၀—လောက် စုဆောင်းပြီးမှ သားငယ်ကို အမွေပေးတာလိုပါဘဲ။

## (၅၀၀) တိရစ္ဆာန်နှင့် အနှိုင်းခံရပုံများ

အပ္ပဿုတာယံပုရိသော၊ ဗလိဗဒ္ဒေါဝ ဇီရတိ။
မံသာနိ တဿ ဝဍ္ဎန္တိ၊ ပညာ တဿ နဝဍ္ဎတိ။

လာဠုဒါယိထေရဝတ္ထု၊ဓမ္မပဒပါဠိတော်၊ နံ ၂၀၊၁၈-ကြောင်း၊ သုံ့မှုဉ်။

အပ္ပဿုတော၊ အာဂမသုတ,အဓိဂမသုတအားဖြင့် နည်းသော အကြား အမြင်ရှိသော။ အယံပုရိသော၊ ဤလာဠုဒါယီကဲ့သို့သော ယောကျ်ားသည်။ ဗလိဗဒ္ဒေါဝ၊ နွားလားကြီးကဲ့သို့။ ဇီရတိ၊ အိုမင်းလာရ၏။ တဿ၊ ထို ယောကျ်ားအား။ မံသာနိ၊ အသားတို့သည်။ ဝဍ္ဎန္တိ၊ တနေ့ထက်ခြား တိုးပွါး၍ နေကုန်၏။တဿ၊ထိုယောကျ်ားအား။ ပညာ၊ လောကီပညာ,လောကုတ္တရာ ပညာသည်။ နဝဍ္ဎတိ၊ မတိုးပွါး။

ပိဋကတ် သုံးသွယ် နိကာယ် ငါးဖြာ အင်္ဂါ ကိုးတန် ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)နယ်မှ ဗဟုသုတအကြားအမြင်ကို အာဂမသုတဟုခေါ်ပါသည်။ ကျင့်ကြံ၍ မဂ်လေးဆင့် ဖိုလ်လေးဆင့်နှင့် ဝိဇ္ဇာအဘိညာဉ်, သမာပတ်

ဈာန်ကို ရရှိသော ပဋိပတ္တိနယ်, ပဋိဝေဓနယ်မှ ဗဟုသုတအကြွားအမြင်ကိုတော့ အဓိဂမ သုတ ဟု ခေါ်ပါသည်။ ဤဗဟုသုတ နှစ်ပါးထဲက တပါးပါးမှ မရှိသောသူသည်၊ နွားလားကြီးကဲ့သို့ ဒုံမင်းတို့သာ ရှိ၏။ အသား တိုးပွါးတို့သာရှိ၏။ လောကီ, လောကုတ္တရာ ပညာ ဗဟုသုတ တိုးပွါးတို့မရှိရကား နွားလားကြီးနှင့်ပင် တူတော့၏။ ဇဲဒါ ဓမ္မသာမိ ဓမ္မရာဇာ ဘုရားသခင်ကပင် ပုံခိုင်းခဲ့ပုံပါဘဲ။

## (၂) ဒိဗ်ခွေး တောခွေးနှင့် အခိုင်းအနှိုင်းခံရပုံမှာ

မံသစက္ခုနာဝါ ဒိဗ္ဗစက္ခုနာဝါ အရိယာ ဒိဋ္ဌာပိ အဒိဋ္ဌာဝ ဟောတိ၊ သောဏသိင်္ဂါလာဒယော ဝိယ စက္ခုနာ အရိယေ ပဿန္တိ၊ နစ တေ အရိယာနံ ဒဿာဝိနော။ ။မူလပဏ္ဏာသအဋ္ဌကထာ၊ နံ ၂၀၊ ၂၂—ကြောင်း၊ ဇံမူ။

မံသစက္ခုနာဝါ၊ ပကတိမံသစက္ခုဖြင့်ရင်း။ ဒိဗ္ဗစက္ခုနာဝါ၊ ဒိဗ္ဗစက္ခု ခေါ်ရတဲ့ နတ်မျက်စိ,ဖြဟ္မာ့မျက်စိ,ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်ရင်း။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့ကို။ ဒိဋ္ဌာပိ၊ မြင်ရပါကုန်သော်လည်း။ အဒိဋ္ဌာဝ၊ မမြင်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ သောဏသိင်္ဂါလာဒယောဝိယ၊ ဒိဗ်ခွေး, တောခွေး, အစရှိသည်တို့သည်လည်း။ စက္ခုနာ၊ မျက်စိဖြင့်။ အရိယေ၊ အရိယာပုဂ္ဂိုလ်တို့ကို။ ပဿန္တိ၊ ဝိညာဉ်ဖြင့်မြင်ကြရကုန်၏။ တေစ၊ ထို ဒိဗ်ခွေး,တောခွေးတို့သည်ကား။ အရိယာနံ၊ အရိယာတို့အဖြစ်ကို။ ဝါ၊ တရားကို။ နဒဿာဝိနော၊ မမြင်ကြရပါကုန်တကား။

ပကတိမံသစက္ခုအမြင်၊ နတ်မျက်စိအမြင်၊ ဖြဟ္မာ့မျက်စိအမြင်၊ ရသေ့ကြီးများကဲ့သို့ ဒိဗ္ဗစက္ခုအဘိညာဉ်အမြင် များသည်၊ အရိယာပုဂ္ဂိုလ်တို့ကို မြင်ရပါသော်လည်း အသွင်သဏ္ဌာန် ရုပ်အဆင်းလောက်ကိုသာ မြင်ကြသဖြင့် အမြင်ဟုမခေါ်ရသေးပါ။ ဥပမာပြဦးအံ့၊ ဒိဗ်ခွေး, တောခွေးများသည်၊ သူတို့၏မျက်စိဖြင့် အရိယာပုဂ္ဂိုလ်တို့၏အမြင်က ပုံသွင်, သဏ္ဌာန်လောက်ကိုသာ မြင်ကြရကုန်၏။ ဒါပေမဲ့ အရိယာကိုမြင်တယ်လို့မခေါ်ရပါ။ အရိယာပုဂ္ဂိုလ်၏အတွင်းက တရားကိုမမြင်ရသေးလို့ အရိယာမြင် မဟုတ်ပါ။ ခွေးအမြင်သာရှိသေး၏တဲ့။ချိုးလို နှိပ်လို ဖိစီးလိုသော ဆန္ဒကားလုံးဝမရှိပါ။ ဒုလ္လဘကြီးငါးပါးနှင့်ကြုံနေခိုက် ရနေခိုက် ကံအကောင်းဆုံးပေးနေခိုက်မို့ နိယတဂတိက လဒ္ဓဿာသ၊ လဒ္ဓပတိဋ္ဌ၊ မဂ္ဂဖလဘာဂိယ

အတန်းသို့တက်လှမ်းချောင်လွန်းအားကြီးလှသော တကဲ့မေတ္တာ တကဲ့စေတနာ တကဲ့သဒ္ဓါ တကဲ့ကရုဏာနှင့်သာလျှင် ရေးရိုးမှန်ပါသည်။ တရားအတိုင်း ဆောင်ပါစေသတည်း။

## (၃) ရတနာ့မဟာထွန်းခေါင်ဆရာတော်ကြီးက ဌက်နှင့်နှိုင်းပုံမှာ

တရားလက်လွတ်၊ ငှက်တောင်ကျွတ်၊ ဝဋ်နှင့်မကင်းပြီ။ ။တဲ့သိကြပါပြီ။

## (၄) နိုင်ငံကျော် မာန်လည်ဆရာတော်ကြီးက ဌက်နှင့်နှိုင်းပုံမှာ

ငါ့ဇိမ်ငါ့ယာ၊ ငါ့ဥစ္စာဟု၊ ငါငါကိုယ်ကိုယ် မြည်တမ်းဆို၍၊ ကဝိကဝါး၊ မိုက်ပျော်ပါးသား၊ တရားမထင်၊ ငှက်အသွင်နှင့်၊ (မဃဒေဝလင်္ကာသစ်ကြီး။)

## (၅) ဘုရားသခင်ကြီးကပင် နွားနှင့်နှိုင်းထားပုံမှာ

ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါစေတိ ဂေါစရံ။
ဧဝံ ဇရာစ မစ္စုစ၊ အာယုံ ပါစေတိ ပါဏိနံ။

ဓိသာခါဒိဥပါသိကာ ဥပေါသထကမ္မဝတ္ထု၊ဓမ္မပဒပါဠိတော် နံ-၁၈ ၁၁-ကြောင်း၊ သုမှ။

ဂေါပါလော၊ နွားကျောင်းသားသည်။ ဒဏ္ဍေန၊ လှံကန်ဖြင့်။ ဂါဝေါ၊ နွားအပေါင်းတို့ကို။ ဂေါစရံ၊ ကျက်စားရာသို့။ ပါစေတိယထာ၊ မောင်းနှင်လာသကဲ့သို့။ ဧဝံတထာ၊ ထိုဥပမာ အတူသာလျှင်။ ဇရာစ၊ အိုခြင်းတရားသည်၎င်း။ မစ္စုစ၊ သေခြင်းတရားသည်၎င်း။ ပါဏိနံ၊ သတ္တဝါတို့၏။ အာယုံ၊ အသက်ကို။ပါစေတိ၊ မောင်းနှင်၍လာ၏။ ။ဤသို့လည်း သတ္တဝါတွေကို နွားနှင့်ခိုင်းနှိုင်းခဲ့ပါသည်။

## (၆) ကျွဲ နွား,သိုး,ဆိတ်အဟိတ်တွေနှင့်နှိုင်းထားပုံမှာ

အတွေ့ခံစား၊ အောက်ရပ်သားတို့၊ ကျွဲနွားသိုးဆိတ်၊ အဟိတ်ပမာ၊ ဟိနာစာရ၊ လေ့လာကြလျက်၊ သုဘာထင်၍၊ မငြိုးငွေ့ဘူး။ ။ (မဃဒေဝလင်္ကာသစ်ကြီး။)

## (၇) နွားလားကြီးများနွားမများနှင့်အနှိုင်းခံရပုံမှာ

ဂေါဏာဗွေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ။
သဗ္ဗာ ဂါဝီ ဥဇုံ ယန္တိ၊ နေတ္တေ ဥဇုံဂတေ သတိ။
နေတ္တိပါဠိတော်နှင့် သဒ္ဒါကြီးပါ၌။

တရမာနာနံ၊ မြစ်ကိုကူးကြကုန်သော။ ဂေါဏာနံ၊ နွားထီး, နွားမ အပေါင်းတို့တွင်။ ပုင်္ဂဝေါ၊ ရှေ့ဆောင်ဦးစီး နွားလားကြီးသည်။ ဥဇုံ၊ဖြောင့်မတ်စွာ။ စေဂစ္ဆတိ၊ အကယ်၍သွားငြားအံ့။ နေတ္တေ၊ ရှေ့ဆောင်ဦးစီး၊ နွားလားကြီးသည်။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ဂတေ၊သွားသည်။သတိ၊ရှိခဲ့သော်။ သဗ္ဗာ၊ ခမ်သိမ်းကုန်သော။ ဂါဝီ၊ နွားမတို့သည်။ ဥဇုံ၊ ဖြောင့်မတ်စွာ။ယန္တိ၊ လိုက်သွားကြကုန်၏။ (ဘုရားဟောပင်တည်း။)

## (၈) နွားလားကြီးများ နွားမများနှင့် အနှိုင်းခံရပုံမှာ

သင်ကြားချွန်၊ နည်းပြဆရာ၊ ပညာမင်း၊ မကုံထံက၊ နည်းခံဘာပည့်၊ ပေါ့သွမ်း၏ရှင့်။ မဘည့်ခတ်စောက်၊ ရှေ့နွားကောက်က၊နွား နောက်ပါကျွန်၊လမ်းမမှန်တည်း။ ။ဩဝါဒသုံးမျို့ဒိဒ် ၁၃၊ နံ-၁၆

## (၉) နွားလားကြီးနွားမများနှင့် အနှိုင်းခံရပုံမှာ

နွားလားပုင်္ဂ၊ ရှေ့ကသွားမြောက်၊ ခရီးကောက်သော်၊ နောက်လိုက်နွားပေါင်း၊ လမ်းတမ်းစောင်းသို့၊ ထောင်းထောင်းပြိုကွဲ၊ ဗိုလ်ခပဲလည်း၊ ငြိစွဲမီးလျှံ၊ပျားလျှင်ပျံသို့၊ ချန်ချန်ပျက်ပြုန်း၊ အညွန့်တုံး၏။

မန္တလေးဘွဲ့မော်ကွန်းမှ ထုတ်နုတ်၍ပြထားပါသည်။

## (၁၀) မင်းကိုနွားလားနှင့် ပြည်သားတွေကို နွားများနှင့်နှိုင်းပုံ

ရှေ့ဆောင်နွားလား၊ အကောက်သွားက၊ နောက်နွားတသိုက်၊ အကောက်လိုက်၏။ ဤဥ္စနွားမှူး၊ အဖြောင့်ကူး၍၊ အထူးနောက်ပါ၊ နွားတကာလည်း၊ ဖြောင့်စွာမြစ်၌၊ ကူးနောက်လိုက်၏။ မှတ်ပိုက်

ပမာ၊ ဤလူ့ရွာတွင်၊ နရာဓိပတိ၊ ပြည်ကြီးဥက္ကာ၌၊ နရသနင်း၊ မင်းတို့ မတော်၊ တရားချော်က၊ မြေပေါ်လူများ၊ မဆိုထားလင့်၊ မိုးဖျား နက္ခတ်၊ အာကာခတ်က၊ ဂြိုဟ်နတ်ရာသီ၊ သွားမညီဘူး၊ ဗိလာ ကန့်လန့်၊ တုန့်နှံ့ချောက်ချား၊ တဖြင့်ရှားလျက်၊ တိမ်းပါးချွတ်လွှဲ၊ ဖြစ်ကြမြဲတည်း။ ။မဃဒေဝလင်္ကာသစ် (၂၁၇)နံ

## (၁၁) လယ်တီဆရာတော်ဘုရားက ဝက်နှင့်နှိုင်းခဲ့ပုံမှာ

ငါတလူလူ၊ ပမာမူ၊ ရွာသူတို့ဝက်၊ အစာများထူ၊ အသားလူ၊ ဆူလေလေခက်ပါလျက်။ ။(သံဝေဂမဟာလေးချိုးကြီးမှ)

## (၁၂) လယ်တီဆရာတော်ကြီးက ဝက်နှင့်နှိုင်းခဲ့ပုံမှာ

ရမက်ကယ်မာန်ဝင်၊ သူ့အသင်းမှာ၊ သူမင်းဘဲထင်လိုက်လို့၊ ဌင်နိုင်မျှဝက်သညာနှန်လို၊အချက်မှန်ပေါ်မလင်းစေဘို့။ ။(သံဝေဂ လေးချိုးကြီးမှ)

(၁၃) သီဟောဝိဂရာဇာတိခေါ် ဘိက္ခဝေ တထာဂတဿ နာမံ။ ။သီဟောပမသုတ်တော်။

ဘိက္ခဝေ၊ ချစ်သားတို့။ မိဂရာဇာ၊ သားများတို့သနင်းဖြစ်သော။ သီဟောတိခေါ်နာမံ၊ ကေသရာဇာခြင်္သေ့မင်းဟူသောအမည်သည်။ တထာ ဂတဿ၊ ငါဘုရား၏။ နာမံ၊ အမည်တော်တည်း။ ။ဘုရားသခင်ကြီး ကိုယ်တော်တိုင်ကပင် သူ့ကိုယ်သူ ငါဟာ ခြင်္သေ့ကေသရာ၊ မဟာရာဇာ နှင့်တူပါတယ်တဲ့။

## (၁၄) သူဌေးသားမဟာဓနကို ကြိုးကြာငှက်အိုနှင့်နှိုင်းပုံမှာ

အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ၊ ခီဏမစ္ဆေဝ ပလ္လလေ။

မဟာဓနသေဋ္ဌိပုတ္တဝတ္ထု၊ဓမ္မပဒပါဠိတော်၊နံ ၂၀၊ကြောင်း ၂၇-သုမှ၌။

ဗြဟ္မစရိယံ၊ ဝိပဿနာအကျင့်ကို။ အစရိတွာ၊ မကျင့်ဘဲနေမိ၍ငင်း။ ယောဗ္ဗနေ၊ အပျိုယ်ရှိတုန်းက။ ဓနံ၊ ဥစ္စာကို။ အလဒ္ဓါ၊ မရှာဘဲနေမိ၍ငင်း။ ခီဏမစ္ဆေဝပလ္လလေ၊ ရေကုန်ခန်းဘိ၊ ငါးမရှိတဲ့ ညွန်ပြောင်းကြီး

အလယ်၌။ ဇိဏ္ဏာကောဋ္ဌာဝ၊အတောင်ကကျိုး၊အယွယ်ဆိုးတဲ့၊ငှက်ကြီးကြာ အိုကြီးကဲ့သို့။ဗျာယန္တိ၊ မှိုင်ငေးပူလောင်၍သာ နေရကုန်၏။

(၁၅) ဝလာဟကော အဿရာဇာတိခေါ ဘိက္ခဝေ တထာ ဂတဿ နာမံ။ ။ဝလာဟက ကောင်းကင်ပျံ မြင်းရာဇာဆိုတာ ငါဘုရား၏ အမည်ပါဘဲတဲ့။

(၁၆) ဓတရဋ္ဌော ဟံသရာဇာတိခေါ ဘိက္ခဝေ တထာ ဂတဿ နာမံ။ ။ဓတရဋ္ဌဟသ်ာမင်းဆိုတာ ငါဘုရား၏ အမည် တော်ပါဘဲတဲ့။

(၁၇) ဥသဘော နိသဘော ဝသဘော တိခေါ ဘိက္ခဝေ တထာဂတဿ နာမံ။

ဥသဘန္ဓားလားကြီး၊ နိသဘန္ဓားလားကြီး ဝသဘန္ဓားလားကြီး အမည်သည်၊ငါဘုရား၏အမည်တော်ချည်းပင်တည်း။

မြတ်စွာဘုရားသခင်သည်၊ ဘယ်စိတ်ထားနှင့်နိုင်းသလဲ၊ ဘယ်ဆန္ဒနှင့် နိုင်းသလဲဆိုတာ တွေးမိပါစေ။ မဟာမေတ္တာတော်၊ မဟာကရုဏာတော် အရှင်ကြီးဆိုတာကို ၃၁-ဘုံက ယုံကြည်ကြပါ၏။

## (၅၀၁) တရားအတုအပ ပရမတ်အတုအပ ဆယ်၌ာနတဲ့ ကာလာမသုတ်တော်ဘာသာပြန်

ကောသလတိုင်း၌အပါအဝင်ဖြစ်သော (ကာလာမမင်းတို့၏)အုပ်စိုးရာ ကေသမုတ္တနိဂုံးသည် တောအုပ်တခု၏အဝင်ဝ၌ တည်ရှိသောကြောင့် တောလမ်း,တောစခမ်းခရီးသွား ဧည့်သည်တို့၏တဲခိုရာ အရပ်ဖြစ်၍နေပေ ၏။ အယူဝါဒ အမျိုးမျိုးရှိသော ဆရာကြီးအသီးသီးတို့သည်၊ ထိုအရပ်သို့ ရောက်၍ လာလျှင် မိမိတို့၏အယူဝါဒတို့ကိုဝါဒဖြန့်၍ဖြန့်၍ သွားကြကုန်၏။ အခြားသောအယူဝါဒကိုမူကားဖိနှိပ်၍ပြောကြကုန်၏။ထိုနိဂုံးသားတို့သည်၊ အယူဝါဒနှင့်စပ်၍ ယောင်ယောင်ဝါးဝါး ဖြစ်ကြရကုန်တော့၏။

ထိုအခါ ငါတို့၏မြတ်စွာဘုရားသခင်သည်၊ ထိုနိဂုံးသို့ရောက်၍ နိဂုံး သားတို့က အယူဝါဒအမျိုးမျိုးကို ကြားနာကြရသဖြင့် ဟိုလူပြောတာက ဟုတ်နိုးနိုး၊ ဒီလူပြောတာက ဟုတ်နိုးနိုးနှင့် တွေးတောယောင်ဝါး၍သာ နေကြရပါကြောင်းကို ဘုရားအားလျှောက်ရာ ဗုဒ္ဓရှင်တော်ဘုရားက အို

ကာလာမ အမျိုးသားတို့—အမျိုးမျိုးသော အယူဝါဒတို့ကို ကြားနာကာနေ ကြရသဖြင့် သင်တို့၏စိတ်မှာ ယုံမှားစရာ တွေးတောစရာ ဖြစ်ပေမှာပေါ့။ ပရမတ်အတုအပ၊ တရားအတုအပမှိ ခွဲခွဲလမ်းလမ်း အဟုတ်တမ်းဟူ၍ မဆုတ်တမ်းသဘောဖြင့် ယုတ်ငြမ်းအောင် မယူထားကြရဘူး၊ ခွဲခွဲ လမ်းလမ်း မလုပ်ရသော အရာကား ဆယ်ဌာနရှိ၏။ ၎င်းဆယ်ဌာနကို မှတ်သားပြီး ရှောင်ရှားဖယ်ကြဉ်ကြပါလေ။

## အမှန်ဘဲဟူ၍မယူရာ ဆယ်ဌာနကား

(၁) ကလေးဘဝမှစ၍ ကြားနာမှတ်သားခဲ့ရခြင်းကို ဟုတ်တယ် မှန်တယ်ဟု အစွဲအမြဲ မယူထားကြရာ။

(၂) မိဘ၊ ဘိုးဘွားစသည်တို့မှ ဆင်းသက်၍ ပရံပရ အဆက် ဆက်မှတ်ယူ လုပ်ကိုင်ရိုးဖြစ်သော တရားတည်းဟူ၍ ခွဲခွဲ မြဲမြဲကြီး မယူထားကြရာ။

(၃) ဣတိကိရ—ဒီဟာက ဒီ လိုတဲ့— ဟု သူတပါးပြောရုံမျှနှင့် ယုံကြည်ပြီး အမြဲအစွဲကြီး မယူထားကြရာ။

(၄) ဒီအယူအဆသာလျှင် ငါတို့သင်ကြားထားသော ကျမ်းစာနှင့် ညီတယ်ဟု မိမိတို့ကျမ်းစာနှင့်ညီရုံမျှဖြင့် အတည်တကျ မယူရာ။

(၅) မိမိဘာသာ ကြံစည်ထားသောအရာကို ဟုတ်လှပြီ၊မှန်လှပြီဟု မြဲမြဲခွဲခွဲ သဲသဲမဲမဲ မယူထားကြရာ။

(၆) အခြားနေရာ အခြားနိုင်ငံတို့ သူတပါးတို့ လုပ်နည်း ကိုင်နည်း ကို သဘောကျ၍လည်း ဤနေရာနှင့်တော်လှပြီဟု ခွဲခွဲမြဲမြဲကြီး မယူထားကြရာ။

(၇) တစုံတခု ပြဿနာအကြောင်း အထောက်အထားကိုစဉ်းစား ရာဝယ် အထောက်အထားကောင်းရ၍ သဘောကျ၍လည်း မယူကြရာ။

(၈) သူပြောသောဝါဒသည်၊ ငါ့ဝါဒနှင့်ညီတာဘဲဟု ဝါဒချင်း တူမျှရုံနှင့် ခွဲခွဲမြဲမြဲကြီး မယူထားကြရာ။

(၉) ဤရသေ့ ရဟန်းကား ယုံကြည်ထိုက်သော အထက်တန်းစားပေတည်း။ ဒိပုဂ္ဂိုလ်၏စကားကို လေးလေးစားစား မှတ်သားထိုက်သည်ဟု စွဲစွဲမြဲမြဲကြီး မယူထားကြရာ။

(၁၀) ဤရသေ့,ရဟန်းကား ငါတို့၏ဆရာတည်း။ ဆရာ့စကားကို မှတ်သားရမည်ဟု စွဲစွဲမြဲမြဲကြီး မယူထားကြရာ။

ဤအချက်ကြီးဆယ်ချက်ကို ဗုဒ္ဓမြတ်စွာ ကိုယ်တိုင်ကပင် တားမြစ်ထားခဲ့ပေရာ၊ ငါတို့ကား ရှောင်ရှားရပေမည်။

## ဘုရား တရား၊သံဃာကိုရွေးချယ်တတ်ကြရန်

(က) ဘုရားအတု ဘုရားအစစ်ကို ရွေးချယ်တတ်ရန် ဇာတိပိသော ဘဂဝါ-စသော ဂုဏ်တော် ၉-ပါးနှင့် မှတ်ကျောက်တင်၍ စမ်းသပ်ရမည်။ မှတ်ကျောက်တင်ခံနိုင်မှ ဘုရားအစစ်ပါ။

(ခ) တရားအတု တရားအစစ်ကို ရွေးချယ်ရန် သွာက္ခာတော ဘဂဝတာ ဓမ္မော စသောဂုဏ်တော် ၆-ပါးနှင့် စမ်းသပ်ရပါမည်။

(ဂ) သံဃာအတု သံဃာအစစ်ကို ရွေးချယ်ရန် သုပ္ပဋိပန္နော၊ စသော ဂုဏ်တော် ၉-ပါးနှင့် စမ်းသပ်ရပါသည်။

ကာလာမတို့၏ခန္ဓာကိုယ်ထဲ၌အမှန်တရားတွေရှိ၍နေပါသည်။သတိနှင့်ရှာပါ။ သမာဓိနှင့်ရှာပါ။ ပညာနှင့်ရှာပါ။ တွေ့ပါလိမ့်မည်။ တွေ့လျှင် အကြောင်းနှင့်အကျိုးပြပါလိမ့်မည်။ မမြဲတာ ဆင်းရဲတာ အစိုးမရတာ တွေ့ရပါလိမ့်မည်။ ဤကား အမှန်တရား၏ အစတည်း။ တိုတိုတုတ်တုတ်မှာ သိစရာ ပယ်စရာ ကျင့်စရာ ချုပ်စရာဟူ၍ သစ္စာလေးပါးသာရှိပါသည်။ မီးကိုရေနှင့်ငြိမ်းတာလို ကိလေသာမီးကို ရေဆိုတဲ့ခတ်လေးပါး သစ္စာ ၄-ပါးနှင့် သတ်ငြိမ်းကြပါ။ ဆေးမှန်လျှင် ရောဂါပျောက်ပါလိမ့်မည်။ (၁၀)ဌာနပြီး၏။

## မာတိကာ

*　(၁) နံပါတ်၊ သင်္ချိုက် အံ့သြစရာ၌။
မြင်နိုင်ခဲ့တဲ့ ၂-ဆင့်ကို၊ ယခုလူများမြင်ရသောကြောင့် အံ့သြချီးမွမ်းရပါသည်။

*　(၂) နံပါတ်၊ သင်္ချိုက် အံ့သြစရာ၌။
မဖေါက်နိုင်တာကို၊ဖေါက်နိုင်သောကြောင့် အံ့သြချီးမွမ်းရပါသည်။

*　(၃) နံပါတ်၊ သင်္ချိုက် အံ့သြစရာ၌။
ခွဲနိုင်၊ ကြိတ်ချေနိုင်၊ ခြောက်စေနိုင်၍၊ အံ့သြချီးမွမ်းရပါသည်။

*　(၄) နံပါတ်၊ သင်္ချိုက် အံ့သြစရာ၌။
ခဲယဉ်းတာကိုမှ ကြားနာရသောကြောင့် အံ့သြချီးမွမ်းရပါသည်။

*　(၅) နံပါတ်၊ သင်္ချိုက် အံ့သြစရာ၌။
သံသရာတလျှောက်၊ရှာဖွေလာခဲ့ရာ၊ ယခုမှရ၍အံ့သြချီးမွမ်းရပါသည်။

*　(၆) နံပါတ်၊ သင်္ချိုက် အံ့သြစရာ၌။
ပင်ပန်းကြီးစွာဖြင့်ရမည့်ဟာကို၊ သက် သာ စွာ ရ လို့ အံ့သြချီးမွမ်းရပါသည်။

---

## (၅၀၂) (က) သင်္ချိုက် အံ့ဩစရာ

မြင်နိုင်ခဲတဲ့နှစ်ဆင့်ကို ယခုလူများမြင်ရသောကြောင့်
အံ့ဩချီးမွမ်းရပါသည်။

ဒုက္ခသစ္စာ သမုဒယသစ္စာ တွေ့နိုင်မြင်နိုင်ခဲပုံဥပမာ

ယထာပန မဟာသမုဒ္ဒံ မဒ္ဒေတွာ ဩဇာယ နီဟရဏံနာမ ဘာရော။သိနေရုပါဒတော ဝါလိကာယ ဥဒ္ဓရဏံနာမ ဘာရော။ ပဗ္ဗတံပီဠေတွာ ရသဿ ဟရဏံနာမ ဘာရော။ဧဝမေဝ ဒွေသစ္စာနိ ဂမ္ဘီရတာယ ဒိဝံ ဒုဒ္ဒသာနိ။ ။ဝိဘင်းအဋ္ဌကထာ၊ ပဋိစ္စသမုပ္ပါဒ အဖွင့်၊နံ (၁၄၀)

ပန၊ သစ္စာနှစ်ပါး၏ခဲယဉ်းပုံ၊ နက်နဲပုံကိုပြဆိုပါဦးအံ့။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာကြီးကို။မဒ္ဒေတွာ၊ နယ်၍။ ဩဇာယနီဟရဏံနာမ၊ဩဇာကို ထုတ်ယူခြင်းမည်သည်။ဘာရော၊ တာဝန်ကြီးလေးလှ၏။သိနေရုပါဒတော၊ မြင်းမိုရ်တောင်ခြေမှ။ ဝါလိကာယ၊ သဲမှုန့်ကို။ဥဒ္ဓရဏံနာမ၊ ထုတ်ယူခြင်း မည်သည်။ ဘာရော၊ တာဝန်လေးလှ၏။ ပဗ္ဗတံ၊ မြင်းမိုရ်တောင်ကြီးကို။ ပီဠေတွာ၊ ညှစ်၍။ ရသဿ၊ အရသာကို။ ဟရဏံနာမ၊ ဆောင်ယူခြင်း မည်သည်။ ဘာရောယထာ၊ တာဝန်ကြီးလေးလှတိသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဒွေသစ္စာနိ၊ ဒုက္ခသစ္စာ, သမုဒယသစ္စာနှစ်ပါးတို့သည်။ ဂမ္ဘီရတာယ၊ အလွန်နက်နဲသည်၏အဖြစ်ကြောင့်။ ဒိဝံ၊ဤသို့။ ဒုဒ္ဒသာနိ၊ မြင်နိုင်ခဲကုန်၏။

ငါတို့လို သာမန်ပုဂ္ဂိုလ်စားမျိုးထားလိုက်ပါအုံးတော့။ အလောင်းတော်ကြီးများတောင်မှ ၇-သင်္ချေ၊ ၉-သင်္ချေ၊ ၄-သင်္ချေ၊ ကမ္ဘာတသိန်းကျင့်၍ ပြီးမှ အဆုံးဘဝ၌ဗောဓိပင်နှင့်ရွှေပလ္လင်ပေါ်မှာခန္ဓာကိုယ်ဆင်ခြင်ရှုပွါးပါမှ သာလျှင် ဒုက္ခသစ္စာ,သမုဒယသစ္စာနှစ်ပါးကို တွေ့မြင်နိုင်ပါသည်။ ဤမျှ လောက်ခဲယဉ်းလှပေ၏။ ။အဋ္ဌကထာ ဆရာကြီးများပြခဲ့သော ဥပမာ သုံးရပ်ဖြင့်လည်း ခဲယဉ်းပုံကိုသိကြပါ။

(၁) ပဌမ ဥပမာမှာ။ အဝန်းယူဇနာ သုံးသန်းကျော်ကျယ်၍ အနက် ယူဇနာ (၈၄၀၀၀) နက်လှစွာသော သမုဒ္ဒရာကြီးကို ကြိတ်ချေဆုပ်နယ်၍ အဆီဩဇာကို ညှစ်ထုတ်ယူမယ်ဆိုလျှင် ယူနိုင်စရာ အကြောင်းရှိပါ

သေး၏။ ဒုက္ခသစ္စာ, သမုဒယသစ္စာနှစ်ပါးကို တွေ့ဘို့ရန် မြင်ဘို့ရန် သိဘို့ရန်မှုကား ထို့ထက်ပင်ခဲယဉ်းလှပါပေ၏။

(၂) ဒုတိယဥပမာမှာ။ ယူဇနာပေါင်း(၈၄၁၀၁)နှစ်ပြန်ဆောင်သော မဟာမြင်းမိုရ်တောင်ကြီး၏ ခြေရင်းက သဲမှုန့်ကို ထုတ်ယူမယ်ဆိုပါလျှင် ထုတ်ယူနိုင်စရာ အကြောင်းရှိပါသေး၏။ ဒုက္ခသစ္စာနှင့် သမုဒယ သစ္စာနှစ်ပါးကို တွေ့ဘို့ရန် မြင်ဘို့ရန် သိဘို့ရန်မှုကား ထို့ထက်ပင်ခဲယဉ်းလှပါပေ၏။

(၃) တတိယဥပမာမှာ။ ယူဇနာပေါင်း(၈၄၀၀၀)နှစ်ပြန်ဆောင်သော မဟာ မြင်းမိုရ်တောင်ကြီးကို ညှစ်၍ အရသာကို ထုတ်ယူမယ်ဆိုလျှင် ထုတ်ယူနိုင်စရာ အကြောင်းရှိပါသေး၏။ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာနှစ်ပါးကို တွေ့ဘို့ရန် မြင်ဘို့ရန် သိဘို့ရန်မှုကား ထိုထက်ပင်ခဲယဉ်းလှပါပေ၏။ ဤကား ပိဘင်းအဋ္ဌကထာအဆိုတည်း။

ဒါပေမဲ့ သူ့ခေတ် သူ့အခါမှို ဝိပဿနာအားထုတ်ကြတော့ ရုပ်ခေတ်, နာမ်ခေတ်များကိုတွေ့ရပြီးတဲ့နောက်မှာ(ဘင်္ဂဉာဏ်,ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ်,မုစ္စိတုကမျတာ) ဉာဏ်များ ပေါ်နေရခြင်းသည်။ ဒုက္ခလက္ခဏာ, ဒုက္ခသစ္စာတွေ့ပြီးလို့ ငြီးငွေ့ခြင်းသည်။ သမုဒယပယ်နိုင်သဖြင့် ငြီးငွေ့ရတာဘဲ။ ပယ်၍နေတာဘဲဟု ကိုယ်တွေ့သက်သေဖြင့် ခဲယဉ်းတာကြီးကိုမှ အရယူနိုင်ကြပါပြီ။ အားရစရာ ဝမ်းမြောက်စရာကြီးပါတကား (၁) သမုဒ္ဒရာမှ ဩဇာအဆီကိုထုတ်နိုင်ခြင်း (၂) မြင်းမိုရ်တောင်ကြီး၏ခြေရင်းမှ သဲမှုန့်ကို ထုတ်ယူနိုင်ခြင်း (၃) မြင်းမိုရ်တောင်ကြီးကို ညှစ်၍ အဆီအရသာကို ထုတ်ယူခြင်း။၎င်းသုံးပါးကို သာသနာပ ခေတ်ဆိုးကြီး၌ ရသေ့ရှစ်သောင်း ဗျာနလာဘီအပေါင်းနှင့် အာဠာရ၊ ဥဒက၊ ဒေဝိလရသေ့ကြီးများ၊ ဗြဟ္မာနှစ်ဆယ်က ဗြဟ္မာကြီးများဟာ မိမိတို့၌ရရှိနေပြီးသော ဝိဇ္ဇာ, အဘိညာဉ်, သမာပတ်, ဈာန်တန်းခိုးတို့ဖြင့် လွယ်လွယ်ကူကူ မြေမြေ တခဏခြင်း ယူမယ်ဆိုလျှင် ယူနိုင်ကြပါတယ်။ ခန္ဓာကိုယ်မှာ အမြဲတမ်းရှိ၍နေတဲ့ ဒုက္ခသစ္စာ, သမုဒယသစ္စာနှစ်ပါးကိုတော့ ထိုထိုဈာန လာဘီရသေ့ကြီးတွေ၊ ဗြဟ္မာကြီးတွေဟာ မတွေ့နိုင်ဘူး၊ မမြင်နိုင်ဘူး၊ မသိနိုင်ဘူးတဲ့။

ယခုယောဂီတွေမှာတော့ ကံကိုကအထက်တန်းကျလွန်းလို့ ပါရမီကိုက ရင့်ကျက်လွန်းလို့ သောတာပတ္တိယင်္ဂ တရားကိုကပြည့်ဝ မိမောက်လွန်းလို့

ရုပ်ခေတ်ကိုလဲ တွေ့ရတယ်၊ နာမ်ခေတ်ကိုလဲတွေ့ရတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တကိုလဲတွေ့ရတယ်၊ တွေ့ရသမျှတွေဟာ (ဒုက္ခသစ္စာ ချည်းဘဲကွဲ) ဒုက္ခကိုတွေ့တော့ စိတ်ပြောင်း၊ သဘောပြောင်း၊ မနောပြောင်း၊ ဇောပြောင်း အဲဒါလိုပြောင်းတာတွေဟာ ပယ်လို့ပြောင်းတာဖြစ်သောကြောင့် သမုဒယ သစ္စာကိုပယ်ပြီဟုဆိုရပါသည်။ ။သာသနာပက ရသေ့ဗြဟ္မာ နတ်ဒေဝါ တို့ထက် သာ၍နေတုန်းမှာ တပြုံးပြုံးတ၍င်၍င်နှင့် ထာဝစဉ် ရှုပွါးကြ ပါတော့။ ဓမ္မဝိဟာရီခြောက်ပါးနှင့် နေ့ကုန်၊ရက်ကုန်၊ လကုန်၊နှစ်ကုန်၊ ဘဝကုန်ပါစေတော့တပည့်တို့ရယ်။

## (၅၀၃) (ခ) သင့်တိုက်ဟာ အံ့ဩစရာ

### ၂-ဝိပဿနာနှင့် လေးအတတ်ပညာ

မပေါက်နိုင်တာကို ပေါက်နိုင်သောကြောင့် အံ့ဩချီးမွမ်းရပါသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော်၊ ဘုရားအလောင်းသည်၊ ပုရောဟိတ် ပုဏ္ဏားမျိုး၌ ပဋိသန္ဓေနေတော်မူ၏။ မိုးသောက်ထနံနက်အချိန်၌ ဖွားမြင်၏။ ဖွားမြင် သောခဏ၌ ၁၂-ယူဇနာကျယ်ဝန်းသော ဗာရာဏသီပြည် အတွင်း၌ ရှိသောလက်နက်မှန်သမျှတို့၌ ခတ်ဝင်၍ တောက်ပ ပြောင်လင်း ဝင်း ထိန်၍ အရောင်တပြောင်ပြောင် ဖြစ်စေလျက် ဖွားမြင်၏။ ထို့ကြောင့် သူငယ်အား (ဇောတိပါလ) ဟူ၍ မှည့်ခေါ်၏။ ၁၆-နှစ်အယွယ်သို့ရောက် သော်၊ တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီး၏အထံ၌ လေး အတတ်ကိုသင်ယူ၏။တတ်မြောက်လေလျှင် ဆရာကြီးသည် မိမိ၏ရာထူးကို ဇောတိပါလလုလင်အားလွှဲ၍ တပည့်များအားအတတ်သင်စေ၏။ ထို့ပြင် (၁) သန်လျက်ရတနာကိုရင်း(၂)စပ်၍ပြုလုပ်အပ်သောဆိတ်ချိုလေးကိုရင်း (၃) အစပ်နှင့်ယှဉ်သော တောင့်ကိုရင်း (၄) ချပ်တန်းဆာကိုရင်း (၅) သင်တိုင်းကိုရင်း (၆) သင်းကျစ်ကိုရင်း ပေး၍လွှဲအပ်၏။ သင်ကြားပြီးလျှင် ဆရာကို ခွင့်ပန်ခဲ့ပြီး ဗာရာဏသီ ပြည်သို့ ပြန်ခဲ့၏။ တရက်လျှင် ငွေ တထောင်ဖြင့် မင်းထံမှာအခယူ၍ ခ,စားကာနေ၏။ မှူးမတ်တို့သည် အတတ်နှင့် လခ,ငွေကား မမျှပါတကား ဟူ၍ ကဲ့ရဲ့ကြသဖြင့် လေး အတတ်ကို ပြသရတော့မည်ဖြစ်၏။ ကွင်းပြင်လဟာကြီး၏ အလယ်၌ မဏ္ဍပ်ဆောက်စေ၍ ခြောက်သောင်းသော လေးသမားတို့အား စုဝေး

စေ၏။ တနိုင်ငံလုံးမှာအုတ်အုတ် ကျက်ကျက်ဖြစ်တော့၏။ လူများစုဝေးမိ၍ အတတ်ကိုပြသောအချိန်ခါဝယ် တင်းတိမ်ကန့်လန့်ကာအတွင်းမှ တန်းဆာ ဆင်၍ နဂါးလုလင်ကဲ့သို့ ထွက်လာပြီးလျှင် အရှင်မင်းကြီး—၆-သောင်း သော လေးသမားတို့တွင် အတတ်ဆုံး လေးဦးတို့ကို ရွေးချယ်၍ အရပ် လေးမျက်နှာမှနေပြီးလျှင် တပြိုင်နက် အကျွန်ုပ်အား လေးဖြင့်ပစ်ကြပါစေ- ဟုဆိုသော်၊ လေးသမားကြီးတို့က ဤသူငယ်သည် နှုန်ယ်မျိုမြစ်လှ၏။ လှပချောမောလှပေ၏။ မြွားထိသော် အလွန်နစ်နာပေလတ္တံ့။ အကျွန်ုပ်တို့ မူကား (အက္ခဏဝေဓိ၊ ဝါလဝေဓိ၊ သရဝေဓိ၊သဒ္ဒဝေဓိ) လေးသမားတို့ သာလျှင် ဖြစ်ကြပါကုန်၏။ မပစ်ပါရစေနှင့်ဟု ဆိုကြကုန်၏။ ။ဇောတိ ပါလလုလင်သည်ကား အိုလေးသမားတို့– ငါ့ကိုမစိုးရိမ်ကြပါကုန်လင့်။ အကယ်၍ စွမ်းနိုင်ကြပါမူကား။ ပစ်ချင်သလိုသာ ပစ်ကြပါကုန်လော့ ဟူ၍ ရဲရဲဝံ့ဝံ့ ခြင်္သေ့မင်းကဲ့သို့ပြောလေ၏။ လေးသမားတို့လည်း သဘော တူကြရကုန်၏။

## (ခ) သရဇ္ဇုဒို့မာဟန အတတ်ကိုပြသမှုံ

ဇောတိပါလလုလင်သည် မြွားတစဉ်းထဲဖြင့်သာလျှင် ပစ်သမျှသော မြွားတို့ကို ကာကွယ်၍ မိမိစိတ်၌ ကျလိုရာအရပ်၌သာ မြွားတို့ကို ကျစေ၏။စင်စစ်ကား မြွားတို့ကျဖန်များသော်၊မြွားပိုင်းကြီး မြွားခံတပ်ကြီး ဖြစ်၍၊ဥပမာဆိုသော်၊ ဇောဓိဓိမ်ကို ပွတ်တိုင်ဖြင့်ခြံရံကာထားတိသကဲ့သို့ မြွားသွားတချဖြင့် မြွားသွားတချကို မြွားမြီးတချဖြင့် မြွားမြီးတချကို မြွားရိုး တစင်းဖြင့် မြွားရိုးတစင်းကို၊ ထပ်၍တိုက်ကြီးဖြစ်စေတော့၏။ နိုင်ငံကျော် လေးသမားတို့၏ မြွားတို့သည် ကုန်ခန်းကုန်တော့၏။

ဇောတိပါလလုလင်သည် လေးသမားကြီးတို့၌ မြွားတွေကုန်မှန်း သိသဖြင့် မြွားတိုက်ကြီးကိုမပျက်စီးစေဘဲ ခုန်ကျော်ကာထွက်လာပြီးလျှင် မင်း၏ရှေ့၌ခ,စားကာနေပေ၏။ ထိုအခါ ပွဲကြည့်ပရိသတ်တို့သည် ဒံ့သြ ချီးမွမ်းကြကုန်လျက် ပုဆိုး၊ခေါင်းပေါင်း၊ဝတ်စားတန်းဆာ ရွှေငွေရတနာ များကို ပစ်၍ ချီးမွမ်းကြကုန်၏။ ထိုပထမပွဲမှရသောဥစ္စာရတနာများသည် တဆယ့်နှစ်ကုဋေ အရေအတွက်ရှိ၏။

(ဥပမာဥပမေယျဟပ်၍ပြဦးအံ့။ဇောတိပါလလုလင်သည် ပစ်သမျှသော မြွားတို့ကို မြွားတစင်းထဲဖြင့်ကာကွယ်၍ မြွားပိုင်းကြီး,မြွားခံတပ်ကြီး,မြွား

နံရံကြီးဖြစ်စေသကဲ့သို့ ယောဂီတို့သည်လည်း အဝိဇ္ဇာက ပစ်သမျှသော အကုသိုလ်ကိလေသာမြှားတို့ကို ခန္ဓာထဲသို့ အထိမခံဘဲ အဝင်မခံဘဲ အပြင်၌သာကျစေ၍ ပျက်စေ၍ ဝိသုဒ္ဓိတံတိုင်းကြီး၊ ပရိညာတံတိုင်းကြီး ဉာဏ်စဉ် ၁၀-ပါး တံတိုင်းကြီးဖြစ်အောင် သတိဆိုတဲ့ မြှားတစင်းထဲဖြင့် ခါပစ်ရပေမည်။ တွန်းလှန် ဖြိုဖျက် ရပေမည်။ ကာကွယ်ရပေမည်ဟု ဆိုလို၏။)

မြပဋ္ဌဒတ်မင်းကြီးက ဤအတတ်ပညာသည် အဘယ် အမည်ရှိပါသနည်းဟု မေးမြန်းတော့ မြှားတို့ကိုကာကွယ်တားဆီးသော အတတ်ပါဘုရားတဲ့ (သရပဋိဗာဟနအတတ်ဖြစ်ပါတယ်ဘုရားတဲ့) မြပဋ္ဌဒတ်မင်းက ထို့ပြင်တပါးသော အတတ်ရှိပါသေးလျှင် ပြပါဦးလော့ဟုဆို၏။ ။ ဇောတိပါလက အရှင်မင်းကြီး–နိုင်ငံကျော် ထိုလေးသမားတို့ကို လေးထောင့်၌ထား၍ အကျွန်ုပ်က မြှားတစင်းထဲဖြင့် စက်ဝန်းကဲ့သို့လယ်၍ ရှုးဝင်အောင်ပစ်၍ပြပါအံ့။ လေးသမားအကျော်အမော်တို့ကို လေးမျက်နှာ လေးထောင့်၌ ရပ်ကြပါစေလော့ဟုဆိုရာ လေးသမားကြီးလေးဦးတို့က ကျွန်ုပ်တို့မခံဝံ့ပါကုန်ဟူ၍ ငြင်းဆန်အရှုံးပေးသဖြင့် ၄–မျက်နှာ၊လေးထောင့်၌ ၄ှက်ပျောပင်တို့ကို ထား၍ မြှား၌နီမြန်းရဲရဲတောက်သော ကြိုးနီတို့ကို တပ်၍ပစ်ခါပြသော်။ မြှားသည် ပထမအပင်၊ ဒုတိယအပင်၊ တတိယအပင်၊ စတုတ္ထအပင်တို့၌ရှုးဝင်၍ ပထမအပင်၌ အဆုံးသတ်၍ရပ်၏။ စက်ဝန်းကဲ့သို့ရှုးဝင်သွားရာ၊ ကြိုးနီဖြင့်ကာပြီးရံပြီးသားဖြစ်၏။ ထိုအခါ ပွဲကြည့် ပရိသတ်တို့သည် မမြင်စဖူး ထူးကဲအံ့ဩစရာကို တွေ့မြင်ကြရသဖြင့် ထူးထူးကဲကဲ သဲသဲအုတ်အုတ် ဆူဆူညံညံ အသံဘာစီစီဖြင့် ချီးမွမ်းကြကုန်၍ ရတနာများဖြင့်ပစ်ကြကုန်၏။ ကောင်းချီးပေးကြကုန်၏။

(ဝိပဿနာယောဂီသည် သတိတလုံးဖြင့် ခတ်ကြီး ၄-ပါး၊ခန္ဓာငါးပါး၊ သစ္စာ ၄-ပါးစသော ပရမတ္ထတရားကိုပေါက်မြောက်စေရမည်။ ဇောတိပါလသည် မြှားတစင်းထဲဖြင့် ၄-ထောင့်က ၄ှက်ပျောပင်ကိုဖေါက်စေ၍ ကြိုးတန်းသကဲ့သို့ ဖြစ်စေရမည်ဟု ဆိုလိုပါသည်။)

ထိုအခါ မြပဋ္ဌဒတ်မင်းက ဤအတတ်ကား အဘယ်မည်သော အတတ်နည်းဟုမေးလေ၏။ လုလင်က စက်ဝန်းကဲ့သို့ဖြစ်အောင်ပစ်သော လေး အတတ်ပါဘုရားဟု သံတော်ဦးတင်၏။ထို့နောင်မှကား—

(၃) မြွားတို့ကို နွယ်သဏ္ဍာန်ထင်အောင် ပစ်သောအတတ်ကိုရင်း။
(၄) မြွားတို့ကို ကြိုးသဏ္ဍာန်ထင်အောင် ပစ်သောအတတ်ကိုရင်း။
(၅) မြွားကို မြွားချင်းထွင်းအောင် ပစ်သောအတတ်ကိုရင်း။
(၆) မြွားကို ပြာသာဒ်ထင်အောင် ပစ်သောအတတ်ကိုရင်း။
(၇) မြွားကို မဏ္ဍပ်ထင်အောင် ပစ်သောအတတ်ကိုရင်း။
(၈) မြွားကို စောင်းတန်းထင်အောင် ပစ်သောအတတ်ကိုရင်း။
(၉) မြွားကို တံတိုင်းထင်အောင် ပစ်သောအတတ်ကိုရင်း။
(၁၀) မြွားကို ရေကန်ထင်အောင် ပစ်သောအတတ်ကိုရင်း။
(၁၁) မြွားကို ပဒုမ္မာကြာပန်းထင်အောင် ပစ်သောအတတ်ကိုရင်း။
(၁၂) မြွားကို မိုးရွာသကဲ့သို့ထင်အောင် ပစ်သောအတတ်ကိုရင်းပြ၏။

## ခုနစ်ပါးသောအရာဖေါက်ထွင်းစေခြင်း

ထို့နောင်မှကား (၁) အထုလက်ရှစ်သစ်ရှိသော ရေသဖန်းပျဉ်ကို ပေါက်အောင်ပစ်၏ (၂) အထုလက်လေးသစ်ရှိသော ပိတောက်ပျဉ်ကို ပေါက် အောင် ပစ် ၏ (၃) အထုလက် ၂-သစ်ရှိသောကြေးနီပြားကို ပေါက်အောင်ပစ်၏ (၄) အထုလက်တသစ်ရှိသော သံပြားကိုပေါက် အောင်ပစ်၏ (၅) တထပ်ထဲသောပျဉ်ချပ်တရာကို ပေါက်အောင်ပစ်၏ (၆) ကောက်ရိုးလှည်းကို ပေါက်အောင်ပစ်၏ (၇) သဲလှည်းကို ပေါက်အောင် ပစ်၏။

လေးအတတ်၌ ၃-၄-၅-၆-၇-၈-၉-၁၀-၁၁-၁၂-တို့၌နွယ်သဏ္ဍာန် ကြိုးသဏ္ဍာန်စသော လေးအတတ်များကိုပစ်၍ပြသကဲ့သို့ထိုအတူ ယောဂီ ဖြူသည်၊ ခါတ်ကြီး ၄-ပါးကိုတွေ့တော့ (၁) ပညတ်ပရမတ်ကွဲတို့ (၂) ရုပ်နာမ်ကွဲတို့ (၃) အာကာသကွဲတို့ (၄)ပရိညာကွဲတို့ (၅) ပဟာန် ၃-ပါး ကွဲတို့ (၆)ဒိဋ္ဌိ၊ဝိစိ၊သီလဗ္ဗတ ပရာမာသကွာတို့ (၇) သာသနာ ၃-ရပ်ပါတို့ (၈)ရှုဋ္ဌမဏ္ဍိမ၊ မဟာသောတာပန်ဖြစ်ထာသိတို့ (၉) ခန္ဓာသိတို့ (၁၀)အာယ တနသိတို့ (၁၁)ခါတ် ၁-ပါးသိတို့ (၁၂) သစ္စာ ၄-ပါးသိတို့ဟူ၍ ဥပမာ ဥပမေယျစပ်ယူပါ။ ။ထို့နောင်ဖေါက်ခြင်း၊၇-ပါးကတော့ ဝိသုဒ္ဓိ ၇-ပါး ပေါက်ရောက် တို့ကိုဆိုလိုပါတယ်။

ဇောတိပါလသည် လေးဖြင့်ပစ်သော်၊ ရေထဲ၌ လေးဥသဘ အထိ သွားစေ၏။ ကုန်း၌ပစ်သော်၊ ရှစ်ဥသဘအထိသွားစေ၏။ သားမြီးများကို

အလယ်ကထွင်းအောင်ပစ်ပြ၏။ ဤကား သရ်ုဘင်္ဂဟု ကျော်စောသော ဓောတိပါလ၏ လေးအတတ်ပင်တည်း။ ဓောတိပါလသည် ငါမှုကား၊ အပြင်ကရန်သူကိုတော့ အမျိုးမျိုး ပစ်နိုင်ခဲ့လေပြီ။ အတွင်းမှာ ရှိတဲ့ အကုသိုလ်, ကိလေသာတို့ကို၊ သတိလေးပညာမြှားနှင့်ပစ်နိုင်မှ အပါယ်နှင့် ဆင်းရဲက လွတ်မြောက်တော့မှာပါတကားဟု သံဝေဂရ၍ ထိုနေ့၌ပင် တောထွက်၍ ဝိဇ္ဇာ,အဘိညာဉ်, သမာပတ်, ဈာန်ကိုဖြစ်စေတော့သည်။ ယောဂီတို့လည်း ဓောတိပါလ လုလင်ကဲ့သို့ ကျင့်ကြံကြပါစေသတည်း။

## လေးအတတ် ၁၂-ရပ်မှ အဆက်

## မပေါက်နိုင်တာကို ပေါက်နိုင်၍ အံ့ဩချီးမွမ်းရပါသည်

{ ပြခဲ့ပြီးသောလေးအတတ် တဆယ့်နှစ်ရပ်ထက်ပင်
ခန္ဓာမြင် အနတ္တမြင် အတ္တမြင် ပေါက်၍မြင်ပုံ }

သုခုမံ ပဋိဝိဇ္ဈန္တိ၊ ဝါလဂ္ဂံ ဥသုနာယထာ။
ယေ ပဉ္စက္ခန္ဓေ ပဿန္တိ၊ ပရတော နောစ အတ္တတော။
သာရိပုတ္တထေရဂါထာပါဠိတော်။

ယေ၊ ရဟန်းရှင်လူ၊ မည်သူမဆိုအကြင်ပုဂ္ဂိုလ်တို့သည်။ ပဉ္စက္ခန္ဓေ၊ခန္ဓာ ငါးတန်၊ ရုပ်နှင့်နာမ်တို့ကို။ ပရတော၊ ငါနှင့်မဆိုင်၊ ငါပိုင်မထား၊ တခြား ပြင်ပ၊အနေအားဖြင့်။ ဝါ၊ တန်းခိုးမပြ၊ အကျိုးမလှဘဲ၊ အပိုးမရသောအနတ္တ အနေအားဖြင့်။ ဝါ၊ ခတ်တရား၊ ကလာပ်တရား၊ ပရမတ်တရားအနေအား ဖြင့်။ ပဿန္တိ ၊ခန္ဓာကိုယ်၌၊ရှုးပိုက်စိုက်ဖြင့်၊ဦးတိုက်ကြိုးမြင်ရကြရပေကုန် ၏။ အတ္တတော၊ အလိုသို့လိုက်၊ အကြိုက်သို့ပါ၊ သာရအစစ်၊အနှစ်မှတ်သား၊ အတ္တအနေအားဖြင့်။ ဝါ၊ ငါငါသူသူ၊ လူလူနတ်နတ်၊သတ္တဝါအနေအားဖြင့်။ နောစပဿန္တိ၊ ဉာဏ်ရောနာမ်ရော၊ စိတ်သဘော၌၊ တလောကပ်ခိုင်မမြင် နိုင်။ တေ၊ ထိုဝိပဿနာ၊ ပညာသခင်၊ ယောဂီအရှင်တို့သည်။သုခုမံ၊သိမ်မွေ့ ခဲကပ်၊ ပရမတ်အစစ်၊ ခတ်အနှစ်ကို။ ပဋိဝိဇ္ဈန္တိ၊ ဉာဏ်ထိုးထွင်း၍၊အလင်း ပင်မြင်ရကုန်၏။ ကိမိဝ၊နှိုင်းတုစရာ၊ဥပမာပုံဆို၊အဘယ်လိုနည်းဟုမှုကား။ ဝါလဂ္ဂံ၊သေးငယ်လှကြား၊သားမြီးမျှားကို။ဥသုနာ၊မြှားဖြင့်။ပဋိဝိဇ္ဈန္တိ ယထာ၊ အလယ်ဗဟို၊ ထုတ်ချင်းလျှိုအောင်၊ ထိုထိုစောင်းရွှဲ၊မငဲ့စေရန်၊အမှန်တိတိ၊ ပေါက်ထွင်းနိုင်ဘိသကဲ့သို့တည်း။

အဓိပ္ပါယ်အကျဉ်းချုပ်ကတော့ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမဆို ပုဂ္ဂိုလ်မှန်သမျှတို့သည် ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကိုတွေ့၏။ သို့တွေ့ပါလျှင် (ပရဘော) ဆိုတဲ့ ငါနှင့်မဆိုင် ငါ့ဥစ္စာမဟုတ်တဲ့ ဖြင်ပအနေအားဖြင့်သာ တွေ့ရမည်။ ခေတ်,ကလာပ်,ပရမတ်,အနေအားဖြင့်သာ တွေ့ရမည်။ ဤကား သင်္ခါရဖြင်တည်း။

အတ္တအနေအားဖြင့် မတွေ့ရဘူး။ ငါငါသူသူ၊ လူလူနတ်နတ်၊ သတ္တဝါ အနေအားဖြင့် မတွေ့ရဘူး။ ငါ့ဥစ္စာသူ့ဥစ္စာအားဖြင့် မတွေ့ရဘူး။ တွေ့လျှင် အမှားသညာယဒိဋ္ဌိပင်တည်း။ ။ထိုယောဂီသည်။ သိမ်မွေ့ခဲကပ် ပရမတ် အစစ် ခေတ်အနှစ်ကို တွေ့ရတဲ့ အရိယာ၊ ဝိဇ္ဇာမျိုးကြီးဖြစ်၍နေပါပြီ။ ။ ဥပမာပြရပါလျှင် အဝေးမှာထားရှိသော သားမြီးများကို မြှားဖြင့်ပစ်ခတ် သည့်ရှိသော်၊ အလယ်ဗဟို ထုတ်ချင်းလျှိုအောင် ပစ်ခတ်နိုင်သော၊ (ဝါလ ဝေဓိ) လေးသမား, သရဘင်၊ လေးဆရာကြီးကဲ့သို့တည်းဟူလို။

ယခုရှိကြသော ယောဂီများသည်၊ ဘုရားဟောသော ဂါထာအဝင် ခဲယဉ်းသည့်ဖြစ်အင်မှ ဉာဏ်စဉ်ဖြင့်လွန်မြောက်ပြီး အဝိဇ္ဇာအထု၊ ဒိဋ္ဌိအထု ဝိစိကိစ္ဆာအထုကို ခွဲဖေါက်ပြီးဖြစ်၍ ငါနှင့်ဉာဏ်ကိုပင် ဒုံးဩမိဘော၏။ ထိုသို့ ဘုရားကပင် ဒုံးဩရ၊ ရဟန္တာများကပင် ဒုံးဩရသော ပရမတ္ထ လူ့ဘဝကို ရရှိခိုက်ကလေးအချိန်မှာ အချိန်ကုန်မခံကြဘဲ ခေတ်နှင့် ကလာပ်နှင့် ပရမတ်နှင့်ကွဲ၍ အနိစ္စနှင့် ဒုက္ခနှင့် အနတ္တနှင့်တွဲ၍ အမြဲတမ်း နေကြပါကုန်လော့။ တသံသရာလုံး ရှာ၍ဖွေ၍ လာခဲ့တာများ ယခုဘဝမှ တွေ့ရတာရှိ ချစ်ချစ်ခင်ခင် စွဲစွဲမြဲမြဲ မခွဲဘဲသာ နေကြရာသတည်း။

## (၃၀၄) (ဂ) သင်တိုက် ဒုံးဩစရာ

ခွဲနိုင်ကြတ်ချေနိုင် ခြောက်စေနိုင်၍ ဒုံးဩချီးမွမ်းရပါသည်။

သိနေရုံ ဘိန္ဒိတုံ သဏ္ဍာ၊ ပိသိတုဋ္ဌ မဟာမဟိ ။
သောသေတုံ အဏ္ဏဝေ တောယံ၊ နသက္ကာ အတ္တမညနံ။

ဘိက္ခဝေ၊ ဒိဋ္ဌိတဏှာ၊ ယင်းနှစ်ဖြာကို၊ ပယ်ခွါလိုငြား၊ ဒိချစ်သားတို့။ ဘိက္ခဝေ၊ တဏှာမာနံ၊ ဒိဋ္ဌိရန်ကို၊ ခွါရန်လိုလား၊ ဒိချစ်သားတို့။ သိနေရုံ၊ ရှစ်သောင်းလေးထောင်၊ နှစ်ပြန်ဆောင်သည့်၊ တောင်တိုသနင်း၊ မြင်းမိုရ် မင်းကို။ ဘိန္ဒိတုံ၊ ပျက်အောင်ဖြိုခွဲ၊ မွမွကြဲစေခြင်းငှါ။ သဏ္ဍာ၊ မခဲယဉ်းပါ၊

စွမ်းနိုင်ကြပါ၏။ မဟာမဟီ၊ နှစ်သိန်းလေးသောင်း၊ ထုပေါင်းခိုင်ဖြိုး ကမ္ဘာဆိုတဲ့မြေကြီးကို။ပိသိတုဋ္ဌ၊ မှုန့်မှုန့်ညက်ညက်၊ ကြိတ်ချေဖျက်ခြင်း ငှါလည်း။ သက္ကာ၊ မခဲယဉ်းပါ၊ စွမ်းနိုင်ကြပါ၏။အဏ္ဏဝေ၊ နက်ငှမ်းလှစွာ၊ အဏ္ဏဝါပင်လယ်၊ ရေပြင်ကျယ်တဲ့၊ သမုဒ္ဒရာနယ်ကြီး၌။ တောယံ၊ အတိုင်း မသိ၊ များဘိစတောင်း၊ရေအပေါင်းကို။ သောသောတုဋ္ဌ၊သွေ့သွေ့ခြောက်၍၊ ကုန်ပျောက်စေခြင်းငှါလည်း။ သက္ကာ၊ မခဲယဉ်းပါ၊ စွမ်းနိုင်ကြပါ၏။ အဗ္ဗု မညုန်၊ ငါငါ သူသူ၊ လူလူနတ်နတ်၊ ထင်မှတ်မှားနေတဲ့၊ အဗ္ဗုဒ္ဓမှိုကြီးကို။ဝါ၊ သက္ကာယဒိဋ္ဌိကြီးကို။ ဘိန္နတုဋ္ဌ၊ ပျက်အောင်ဖြိုခွဲ၊ မွမွကြဲစေခြင်းငှါငင်း။ ပိသိတုဋ္ဌ၊ မှုန့်မှုန့်ညက်ညက်၊ ကြိတ်ချေဖျက်ခြင်းငှါငင်း။ သောသောတုဋ္ဌ၊ သွေ့သွေ့ခြောက်၍၊ ကုန်ပျောက်စေခြင်းငှါငင်း။ နသက္ကာ၊ ဝိဇ္ဇာ,ဘိဉ်, ဈာန်ပင်၊ လမ်းမမြင်သဖြင့်၊ ဩဝါဒ-အစွမ်းပင်တောင်မှ၊ မရှိနိုင်လေတော့ သတည်း။

ဇောတိက, ဇဋိလ, မေဏ္ဍက-အစရှိသော သူဌေးကြီးများသည်၊ မိမိတို့၏ ဘုန်းစွမ်း ကံစွမ်းဖြင့်မြေတပြင်လုံးတွင် ရွှေမိုး ငွေမိုးများရွာချနိုင်စရာ ရှိပေ၏။ တာပေမဲ့ ကမ္ဘာ့ကမ္ဘာ သံသရာကစွဲကပ်၍လာတဲ့ သက္ကာယဒိဋ္ဌိကိုတော့ မချေနိုင် မခွါနိုင် မရှောင်နိုင်ကြပါ။ ။ဓာတ်တရား ကလာပ်တရား ပရမတ်တရားကိုရမှပင် ခွါနိုင်မှာတဲ့။

စကြာမန္ဓာတ်မင်းကြီးများဟာလည်း ၄-ကျွန်းလုံးရှိလူတွေကို စိုးမိုး အုပ်ချုပ်နိုင်ပေမဲ့ သက္ကာယဒိဋ္ဌိကိုတော့ စိုးမိုးအုပ်ချုပ်ခြင်း မပြုနိုင်ကြပါ။ ဓာတ်တရား ကလာပ်တရား ပရမတ်တရားကိုရမှပင် အုပ်ချုပ်နိုင်တော့ သည်။

နတ်ပြည်ခြောက်ထပ်က နတ်မင်းကြီးခြောက်ဦးတို့သည်လည်း မိမိ၏ ဘုန်းစွမ်း ကံစွမ်းဖြင့် ဗိမာန်,သုဓာ, တန်းဆာများကို လိုတိုင်းရကြပေမဲ့။ သက္ကာယဒိဋ္ဌိကြီးကိုတော့ သိလဲမသိကြ ခွါလဲမခွါနိုင်ကြပါ။

ဗြဟ္မာ ၂၀-က ဗြဟ္မာမင်းကြီးများ ဟာလည်း ဈာန် အဘိညာဉ် တန်းခိုးဖြင့် အရာရာ၌ အစိုးရပေမဲ့ သက္ကာယဒိဋ္ဌိကြတော့ အစိုးမရတော့ပါ အရှုံးခံကြရတော့၏။ သာသနာပက ရသေ့ကြီးများသည်လည်း မိမိတို့၌ ရှိသော ဝိဇ္ဇာ,အဘိညာဉ်,သမာပတ်,ဈာန်တန်းခိုးတို့ဖြင့် မြင်းမိုရ်တောင်ကို ဖြို၍ မြေကြီးကိုကြိတ်၍ သမုဒ္ဒရာရေကို ခန်းခြောက်စေ၍ ထားမည်ဆိုလျှင် စွမ်းနိုင်စရာလမ်းရှိပါ၏။ ၎င်းတို့စိတ်မှာ စွဲကပ်၍နေတဲ့ သက္ကာယဒိဋ္ဌိကြီး

ကိုတော့ ၎င်းဈာန်တို့နှင့် မဖြိုနိုင် မကြိတ်နိုင်ပါ။ ခေတ်တရား ကလာပ်တရား ပရမတ်တရားရမှ ဖြိုနိုင်ပါမည်။

သို့ကလောက်ခဲယဉ်းနေပါလျက် ယခုယောဂီများသည် ခေတ်တွေ ကလာပ်တွေ ပရမတ်ကိုတွေ့၍ ဒိဋ္ဌိဖြုတ်နိုင်ခွါနိုင်တာဟာ အလွန့်အလွန် ကံကြီးလို့ ပါရမီကြီးလို့ ဗိဇကြီးလို့ ရင့်ကျက်လို့ ဖြိုနိုင်ခွါနိုင်တာပါဘဲ။ ကံကြီးခိုက်၌ အထူးလုံ့လစိုက်ကြရာသတည်း။

## (၅၀၅) (ဃ) သင်တိုက် အံ့ဩစရာ

ခဲယဉ်းတာကိုမှ ကြားနာရသောကြောင့် အံ့ဩချီးမွမ်းရပါသည်။

လောကသ္မိံ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော၊ မနုဿတ္တဘာဝေါ ဒုလ္လဘော၊ ပဗ္ဗဇိတ ဘာဝေါ ဒုလ္လဘော၊ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘာ၊ သဒ္ဓမ္မဿဝနံ အတိ ဒုလ္လဘံ။ အရ (၁) လောကမှာ ဘုရားပွင့်တာနှင့်လဲ ကြုံဦးမှ (၂) လူ့ဘဝ ရတာနှင့်လဲကြုံဦးမှ။ (၃) သဒ္ဓါတရားကလဲ ရှိဦးမှ (၄) ဟောပြောတဲ့ ပုဂ္ဂိုလ်ကလဲ သဒ္ဓမ္မဆိုတဲ့ခေတ်တရား ကလာပ်တရား ပရမတ်တရားကို ဟော၍ နေတာနှင့်လဲ ကြုံပါဦးမှ။ သဒ္ဓမ္မဿဝနကိုရနိုင်တာပါ။

## မရခဲ့တဲ့ လေးသချေင်္ပုံစံကိုပင် ကြည့်စမ်းပါတော့

ဒီပင် ကောဏ္ဍည မင်္ဂလာ အနောမဒဿီ ပဒုမ တသိန်းခြား၍ ငါးဆူပွင့်

† † † †

မြွားပြထားသောအကြားသည်ကား တသင်္ချေစီ ခြား၍နေပုံ။ ဒီပင်္ကရာ ဘုရားနှင့် ကောဏ္ဍည ၂-ဆူအကြား (ကမ္ဘာပေါင်းတသင်္ချေတရား မနာရဘူးတဲ့) ကောဏ္ဍညနှင့် မင်္ဂလာဘုရား သောဘိတဘုရားအကြားမှာ (ကမ္ဘာပေါင်းတသင်္ချေလုံးတရား မနာရဘူးတဲ့) သောဘိတဘုရားနှင့် အနောမဒဿီဘုရားအကြား (ကမ္ဘာပေါင်းတသင်္ချေလုံး တရားမနာရ ဘူးတဲ့) နာရဒဘုရားနှင့် ပဒုမုတ္တရဘုရား အကြား (ကမ္ဘာပေါင်း တသင်္ချေလုံး တရားမနာရဘူးတဲ့) အစုစုကမ္ဘာပေါင်း ၄-သင်္ချေပတ်လုံး တရားကို မနာ ကြရပါ။ နှစ်နာလှချည့်တကား။ ။ယခုအခါမှာ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘကြီး မနုဿတ္တဘာဝဒုလ္လဘကြီး သဒ္ဓါသမ္ပတ္တိဒုလ္လဘကြီး သဒ္ဓမ္မဿဝန အတိ ဒုလ္လဘကြီးများကို လေးမျိုးပိုင်ပိုင် ခိုင်ခိုင်မတ်မတ်ကြီးရရှိ၍ နေကြသော

ယောဂီများသာဖြစ်ကြရပါသဖြင့် သင်တို့၏ကံကို များစွာအံ့သြ မိတော့သည်။ ဒုလ္လဘတရားကြုံတဲ့အခိုက်မှာ အားရိုက်၍ အရယူလိုက်ကြပါစေကုန်သတည်း။

သံသရာတလျှောက်ရှာဖွေလာခဲ့ရာ ယခုမှရ၍ အံ့သြချီးမွမ်းရပါသည်။

| | |
|---|---|
| ၁ ယေစဗုဒ္ဓါ အတီတာဥ၊ သမုဒ္ဒါဝါဠုံကူပမာ။<br>ဒါနံ၀ အာဒိံ ကတွာန၊သမ္ဗောဓိ္မ္ လဘန္တိတေ။ | သံသရာ၌သဲလုံး အမျှဘုရားတွေ ထံပြု့ခဲ့ရပုံ။ |
| ၂ နန္ဒော သုနန္ဒော ပထဝိ၊ မဏ္ဍော ဓရဏီ သာဂရော။<br>ပုဏ္ဍရိကော ဣမေသတ္တ၊အသင်္ချေယျာ ပကာသိတာ။<br>၃ ဇွေကာနံ မဟေသိနံ၊ မနသာ ပတ္တနံ အဟံ။<br>ဒါနေန မေ သမော နတ္ထိ၊ ဩသာ မေ ဒါနပါရမီ။ | ၇-သင်္ချေ အတွင်း၌ ဘုရား ၁၂၅၀၀၀ ထံ၌ကျင့်ခဲ့ရပုံ။ |
| ၄ သဗ္ဗဘဒ္ဒေါ သဗ္ဗဖုလ္လော၊သဗ္ဗရတနော ဥသဘက္ခန္ဓော။<br>မာနိဘဒ္ဒေါစ ပဒုမော၊ ဥသဘော ခန္ဓုတ္တမောစ။<br>၅ သဗ္ဗပါလော အသင်္ချေယျော၊ ဝစသတိ ပဝုစ္စရေ။<br>ဇွေကာနံ မဟေသိနံ၊ ဝစသာ ပဏိဓိံ အဟံ။<br>ဒါနေန မေ သမော နတ္ထိ၊ ဩသာ မေ ဒါနပါရမီ။ | ၉-သင်္ချေ အတွင်း ၌ ဘုရား ၃၈၇၀၀၀ ထံ၌ကျင့် ခဲ့ရပုံ။ |
| ၆ စိန္တိတံ သတ္တသင်္ချေယျံ၊နဝသင်္ချေယျဝါစကံ။<br>ကာယဝါစံ စတုချာတံ၊ ဗုဒ္ဓတ္တံ ဥပမာဂမိ။ | ၇-သင်္ချေ၊၉-သင်္ချေ ၄-သင်္ချေ၊တသိန်း အတွင်း၌ဘုရားများ ထံကျင့်ခဲ့ရပုံ။ |

ဩသာတတ္တကိုပါဌ်ဖြင့်သိ။

## ပုံစံအကျဉ်းချုပ်မှာ

| | | | |
|---|---|---|---|
| (၁) | သံသရာကြီးတခွင်း၌ | သဲလုံးအမျှဘုရားများထံ၌ | ဒါ-သီ-ထ-ပြုခဲ့ပုံ။ |
| (၂) | ၇-သင်္ချေအတွင်း၌ | ဘုရား (၁၂၅၀၀၀) တို့ထံ၌ | ဒါ-သီ-ထ-ပြုခဲ့ပုံ။ |
| (၃) | ၉-သင်္ချေအတွင်း၌ | ဘုရား (၃၈၇၀၀၀) တို့ထံ၌ | ဒါ-သီ-ထ-ပြုခဲ့ပုံ။ |
| (၄) | ၄-သင်္ချေအတွင်း၌ | ဘုရား (၁၂) ဆူတို့ထံ၌ | ဒါ-သီ-ထ-ပြုခဲ့ပုံ။ |
| (၅) | ကမ္ဘာတသိန်းအတွင်း၌ | ဘုရား (၁၇) ဆူတို့ထံ၌ | ဒါ-သီ-ထ-ပြုခဲ့ပုံ။ |

ခြောက်ဂါထာဖြင့် အကျဉ်းပြထားလေပြီ။

## ၇–သင်္ချေနှင့် ဘုရားများပွင့်သွားကြပုံကား

| | | | |
|---|---|---|---|
| ၁။ | နန္ဒအသင်္ချေ၌ | ဘုရား | ၅၀၀၀ |
| ၂။ | သုနန္ဒအသင်္ချေ၌ | ဘုရား | ၉၀၀၀ |
| ၃။ | ပထဝီအသင်္ချေ၌ | ဘုရား | ၁၀၀၀၀ |
| ၄။ | မဏ္ဍအသင်္ချေ၌ | ဘုရား | ၁၀၀၀၀ |
| ၅။ | ဓရဏီအသင်္ချေ၌ | ဘုရား | ၂၀၀၀၀ |
| ၆။ | သာဂရအသင်္ချေ၌ | ဘုရား | ၃၀၀၀၀ |
| ၇။ | ပုဏ္ဍရိကအသင်္ချေ၌ | ဘုရား | ၄၀၀၀၀ |

ဤဒါဓိတ်ဖြင့် ဘုရားဆုတောင်းပြီး ကျင့်ခဲ့ပုံ ဘုရားတွေ့ရပုံတည်း။

## ၉ သင်္ချေနှင့် ဘုရားများပွင့်သွားကြပုံကား

| | | | |
|---|---|---|---|
| ၁။ | သဗ္ဗဘဒ္ဒအသင်္ချေ၌ | ဘုရား | ၅၀၀၀၀ |
| ၂။ | သဗ္ဗဖုလ္လအသင်္ချေ၌ | ဘုရား | ၆၀၀၀၀ |
| ၃။ | သဗ္ဗရတနအသင်္ချေ၌ | ဘုရား | ၇၀၀၀၀ |
| ၄။ | ဥသဘက္ခန္ဓအသင်္ချေ၌ | ဘုရား | ၈၀၀၀၀ |
| ၅။ | မာနိဘဒ္ဒအသင်္ချေ၌ | ဘုရား | ၉၀၀၀၀ |
| ၆။ | ပဒုမအသင်္ချေ၌ | ဘုရား | ၂၀၀၀၀ |
| ၇။ | ဥသဘအသင်္ချေ၌ | ဘုရား | ၁၀၀၀၀ |
| ၈။ | ခန္ဓုတ္တမအသင်္ချေ၌ | ဘုရား | +၅၀၀၀ |
| ၉။ | သဗ္ဗပါလအသင်္ချေ၌ | ဘုရား | +၂၀၀၀ |

ဤကား နှုတ်ဖြင့်ဆုတောင်းပြီး ကျင့်ခဲ့ပုံ ဘုရားတွေ့ရပုံတည်း။

## လေးအသင်္ချေအတွင်း၌ ဘုရားများပွင့်သွားပုံကား

တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ, ဒီပင်္ကရာ, ကောဏ္ဍည,မင်္ဂလ, သုမန,ရေဝတ,သောဘိတ,အနောမဒဿီ,ပဒုမ,နာရဒ။ (၁၂)ဆူပွင့်ကြ၏။

## ကမ္ဘာတသိန်းအတွင်း၌ ဘုရားများပွင့်သွားပုံကား

ပဒုမုတ္တရ, သုမေဓ, သုဇာတ, ပိယဒဿီ, အတ္ထဒဿီ, ဓမ္မဒဿီ သိဒ္ဓတ္ထ,တိဿ,ဖုဿ, ဝိပဿီ,သိခီ,ဝေဿဘူ,ကကုသန္ဓ,ကောဏာဂမန, ကဿပ,ဂေါတမ,အရိမေတ္တေယျ။ (၁၇) ဆူပွင့်ကြ၏။

ငါတို့ဂေါတမဘုရားမှာ ဤမျှလောက် ကျင့်ကြံဆည်းပူးမှ သစ္စာ ၄-ပါးကိုရခဲ့ပေ၏။ သင်တို့ကိုတော့ ၇-နာရီနှင့် ၇ ရက်နှင့် ၇-လနှင့် ၇-နှစ်နှင့် ၇-ဘဝနှင့် သ စ္စာ လေး ပါး ကို ရ စေ မယ် ဟု မဟာသတိပဋ္ဌာနသုတ်၏ နိဂုံးတွင် အတိအလင်း မိန့်ဆိုကြုံးဝါးခြင်းများခံခဲ့ရသည့်ကား သင်တို့၏ ကံကား အံ့ဩစရာပင်ဘည်း။ အံ့ချီးစရာပင်တည်း။ ဘုရားသခင်ကြီးက မျက်နှာသာပေး၍ ဤမျှလောက်အရေးဝိုက်ပါလျက်နှင့် သင်တို့က ပေါ့ပေါ့ တန်တန် ကြော့ကြော့ဟန်ဖြင့် ဆော့ဆော့ပြန်ပြန် လုပ်၍နေဘို့ရန်ကား လုံးဝမသင့်တော့ပါတကား။

## (၅၀၆) (င) သင်တို့၏ကံ အံ့ဩစရာ

ပင်ပန်းကြီးစွာဖြင့်ရမည့်ဟာကို သက်သာစွာရကြလို့
အံ့ဩချီးမွမ်းရပါသည်။

သော သာဂရေ ဇလာဓိကံ ရုဟိရံ အဒါသိ ဒါနံ။ဘူမိံ ပရာဇိယ
သ-မံသံ။ မေရုပမာဏ မဓိကဥ္စ သမောဠိသိသံ ခေတာရကာဓိက
တရံ နယနံ အဒါသိ။ ။ဇိနာလင်္ကာရဋီကာ။

သော၊ ထိုဘုရားအလောင်းသည်။ သာဂရေ၊ သမုဒ္ဒရာထဲ၌။ ဇလာဓိကံ၊ ရေမျှမကသော။ ရုဟိရံဒါနံ၊သွေးတော်လှူခြင်းတို့။ အဒါသိ၊ပေးလှူခဲ့လေပြီ။ ဘူမိံ၊ ၂-သိန်းလေးသောင်းအထုရှိသော ဤမဟာပထဝီမြေကြီးကို။ ပရာဇိယ၊ ရှုံးစေ၍။ သ မံသံ၊ အသက်နှင့်တကွသောအသားတော်ကို။ အဒါသိ၊ ပေးလှူခဲ့လေပြီ။ မေရုပမာဏမဓိကဥ္စ၊ မြင်းမိုရ်တောင်ထက်ကြီးကဲသော။ သမောဠိသိသံ၊ ခေါင်းပေါင်းဥဿျောင်နှင့်တကွသော ဥက္ကောင်းတော်ကို။ အဒါသိ၊ ပေးလှူခဲ့လေပြီ။ ခေ၊ ကောင်းကင်ပြင်၌။ တာရကာဓိကတရံ၊ နက္ခတ်တာရာ၊ ကြယ်များစွာထက်များပြားလှသော။ နယနံ၊ မျက်လုံးတော်ကို။အဒါသိ၊ လှူခဲ့လေပြီ။

အလောင်းတော်ကြီးဟာ (၁)သွေးတော်ကိုလှူခဲ့ရသည့်ကား သမုဒ္ဒရာရေကပင် ရှုံးရသေး၏။ (၂) အသားတော်ကိုလှူခဲ့ရသည့်ကား မဟာပထဝီမြေကြီးကပင် ရှုံးရသေး၏။ (၃) ဥက္ကောင်းတော်ကို လှူခဲ့ရသည့်ကား ပုံထားလျှင် မြင်းမိုရ်တောင်ထက်ပင် ကြီးဦးမည် (၄) မျက်လုံးတော်ကို လှူခဲ့ရသည့်ကား ကောင်းကင်က ကြယ်တာရာထက်များသေး၏။ ဤမျှ

လောက်လှူနိုင်မှပင် ဘုရားဖြစ်တော်မူရှာတယ်။ သစ္စာလေးပါးကို သိရှာတယ်။ ငါတို့မှာမူကား ဤမျှလောက် မကျင့်ရဘဲနှင့် သစ္စာလေးပါးကို ၇-နာရီနှင့်ရစေမယ်၊ ၇-ရက်နှင့် ၇-လနှင့် ၇-နှစ်နှင့် ၇-ဘဝနှင့်ရစေမယ် ရဟန္တာကြီးဖြစ်စေမယ်။ နိဗ္ဗာန်သို့ရောက်စေမယ်ဟု ဘုရားကိုယ်တော်တိုင်ကြုံးဝါး၍နေတာများ ကြားကြမှာပါဘဲ၊သင်တို့၏ကံကား အလွန်တရာမှအံ့ဩစရာပင်တည်း။အလွန်ပင် ကံကောင်းလှပေ၏။ ဘုန်းကံကြီးမားလှပေ၏။ပါရမီရင့်ကျက်လှပေ၏။ ဘုန်းကံကြီးမား တုန်းအခိုက်မှာ အားဗိုက်ပြီးဘော့ အရယူလိုက်ကြပါကုန်။

**လူမိုက်နေခက်မှု၊ အကြံရ၊ သောကမဖြစ်ရာ။**
**အခွင့်သာတုန်း၊ အရကျုံး၊ လုံးလုံးသိမ်းပိုက်ပါ။**

---

## ဝဏ္ဏ,ဝိဝဏ္ဏ ရှင်းတမ်းကြီး

## (၅၀၇) အလောင်းတော်ကြီးများ၏ ဝိဝဏ္ဏကုသိုလ်ပုံစံ

| (၁) | ဒါန၊သီလ၊သမထပြု။ | ဘုရားဆုတောင်း။ | ဝိပဿနာပြု။ |
|---|---|---|---|
| | ပဌမအင်္ဂါ | ဒုတိယအင်္ဂါ | တတိယအင်္ဂါ |

ဤပုံစံအတိုင်း အင်္ဂါ ၃-ပါးစုံမှ ဝိဝဏ္ဏအစစ် အမှန်ဖြစ်၍ ဝဋ်ပြတ်နိုင်သည်။

(က) ယေစဗုဒ္ဓါ အတီတာစ' သမုဒ္ဒါ ဝါလုကူပမာ။
ဒါနံဝ အာဒိံ ကတွာန၊ သမ္ဗောဓိဥ္စ လဘန္တိ တေ။ ။အပဒါန်ပါဠိတော်။

သမုဒ္ဒေ၊မဟာသမုဒ္ဒရာကြီးထဲ၌။ ဝါလုကူပမာ၊သဲလုံးနှင့်အမျှ ပွင့်တော်မူကြကုန်သော။ အတီတာ၊ လွန်လေပြီးကြကုန်သော။ ယေစဗုဒ္ဓါ၊ အကြင်ဘုရားရှင်ကြီးတို့သည်လည်း။ ဒါနံဝ၊ဒါနပါရမီကိုသာလျှင်။အာဒိံ ကတွာန၊ အစပြုကာဆည်းပူးကြကုန်ပြီး၍။တေ၊ ထိုဘုရားရှင်ကြီးတို့သည်။သမ္ဗောဓိံ၊ သဗ္ဗညုတ ဉာဏ်တော်ကြီးကို။ လဘန္တိ၊ ရကြလေကုန်၏။ ။ဆဲဒါက ပဌမအင်္ဂါ ပါရမီ ၃၀-ဖြည့်ကျင့်ပုံတည်း။

(ခ) ဣဒံ မေ ပုညံ သဗ္ဗညုတ ဉာဏဿ ပစ္စယော ဟောတု။ ။
ဇာတ်အဋ္ဌကထာ။

မေ၊ ငါ၏။ ဣဒံပုညံ၊ ဤပါရမီကုသိုလ်ကံသည်။ သဗ္ဗညုတဉာဏဿ၊ သဗ္ဗညုတရွှေဉာဏ်တော်ကြီး၏။ ပစ္စယော၊ အကြောင်း အထောက်အပံ့ သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ။ဒါက ဒုတိယအင်္ဂါ ဆုပတ္ထနာ ပြုပုံတည်း။

(ဂ) ဗောဓိသတ္တဘူတဿ ဘဂဝတော တိဝိဓာနုပဿနာ သမ္ပဒါနေန ဝိပဿနာဉာဏဂဗ္ဘံ ဂဏှာပေတွာ အနုပုဗ္ဗာဓိဂတေန အရဟတ္တ မဂ္ဂေန အဝိဇ္ဇဏ္ဍ ကောသံ ပဒါလေတွာ အဘိညာပက္ခေ ပပ္ဖောဋေတွာ သောတ္ထိနာ သကလဗုဒ္ဓဂုဏသစ္ဆိကတကာလော ဝေဒိတဗ္ဗော။ ။ပါရာဇိကဏ်အဋ္ဌကထာ။

ဘဂဝတော၊ မြတ်စွာဘုရားကြီး၏။ ဗောဓိသတ္တဘူတဿ၊ အလောင်း တော်ဖြစ်စဉ်က။ တိဝိဓာနုပဿနာသမ္ပဒါနေန၊ အနိစ္စ၊ဒုက္ခ၊အနတ္တ ၃-ပါး အပြားရှိသော ရှုပွါးခြင်းနှင့်ပြည့်စုံသဖြင့်။ ဝိပဿနာဉာဏဂဗ္ဘံ၊ ဝိပဿနာ ဆိုတဲ့ကိုယ်ဝန်ယူခြင်းကို။ ဂဏှာပေတွာ၊ ယူစေ၍။ အနုပုဗ္ဗာဓိဂတေန၊ အစဉ်အတိုင်းရအပ်သော။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ အဝိဇ္ဇဏ္ဍ ကောသံ၊ အဝိဇ္ဇာတည်းဟူသောဥခွံကို။ ပဒါလေတွာ၊ ဖေါက်ခွဲ၍။ အဘိညာ ပက္ခေ၊ အဘိဉာဏ် ဆိုတဲ့အတောင်နှစ်ဖက်တို့ ကို။ ပပ္ဖောဋေတွာ၊ ခတ်၍။ သောတ္ထိနာ၊ ချမ်းသာသဖြင့်။ သကလ ဗုဒ္ဓဂုဏ သစ္ဆိကတ ကာလော၊ အလုံးစုံသော ဘုရားဂုဏ်တော်ကို မျက်မှောက်ပြုသောကာလကို။ ဝေဒိ တဗ္ဗော၊ သိအပ်၏။

ဤ၌ပြခဲ့ပြီးသော ပါဠိသာဓက အထောက်အထားသက်သေ ၃-ပုဒ်ကို မြင်သဖြင့် သာမန်လူစားမျိုးကို မဆိုထားဘိ၊ ဗုဒ္ဓင်္ကုရ၊ ဗောဓိသတ္တ ကမ္ဘာ့ အာဇာနည်ဘုရားရှင်၏ အလောင်းတော်ကြီးများသော်လည်း၊ ဒါန၊ သီလ သမထစသောပါရမီ၊ စရိယာ၊ ပဌမအင်္ဂါနှင့်ပြည့်စုံရခြင်း၊ ဆုပတ္ထနာဆိုတဲ့ ဒုတိယအင်္ဂါနှင့် ပြည့်စုံရခြင်း၊ ထို့နောင်၊ ဝိပဿနာပွါးများခြင်းဆိုတဲ့ တတိယအင်္ဂါနှင့်ပြည့်စုံရခြင်း။ ဤအင်္ဂါ ၃ ပါးစုံမှပင် ဘုရားအဖြစ်သို့ ရောက်ရပါသည်။ဝိဝဋ္ဋကုသိုလ်မှ ဝဋ်သံသရာပြတ်ရပါသည်။ ထိုနည်းတူ ပင် အဂ္ဂသာဝကဖြစ်ကြရသော အရှင်မဟာသာရိပုတ္တရာ, အရှင်မဟာ မောဂ္ဂလာန်၊ ထို့ပြင် မဟာသာဝကဖြစ်ကြသော အရှင်အာနန္ဒာ,အရှင်

ရဟုလာစသည်တို့လည်း (ဒါ-သိ ထပြုဆုပဏ္ဏနာဝိပဿနာ) ဆိုတဲ့အင်္ဂါ ၃-ပါးဖြင့်သာ နိဗ္ဗူတာသို့ စိတ်ဖြူစွာနှင့်ရောက်ကြရပါကုန်သည်။ ၂၄-သင်္ချေ၊ ကုဋေ ၆၀၊ ဗိုလ်ခြေဘသိန်းတို့လည်း အင်္ဂါ ၃-ပါးပြည့်ဝသော ဝိဝဋ္ဋကုသိုလ်အစစ်အမှန်နှင့်သာ ရောက်ပြီးရောက်ဆဲရောက်လတ္တံ့ဖြစ်ကုန်ရကား ကုသိုလ်ပြုဆုတောင်းရုံအင်္ဂါ ၂-ပါးနှင့် လားလားမှ နိဗ္ဗာန်မရောက်နိုင်ဟု ဧကန်မုချ တိတိကျကျသိရှိကြပါကုန်သတည်း။

(၅၀၈)(က) ဒါ သိ ထ၊ ၃ ၅-ပြု၍၊ ဘဝ၊ ဘောဂ၊ ဆုယူ။ ဝဋ္ဋတည်း။
(ခ) ဒါ သိ ထ၊ ၃ ၅-ပြု၍၊ နိဗ္ဗာန်ဆုယူ၊အများတို့ဝိဝဋ္ဋတည်း။
(ဂ) ဒါ သိ ထ၊ ၃ ၅-ပြု၍၊ဘုရားဆုယူ၊အလောင်းတို့ ဝိဝဋ္ဋတည်း။
(ဃ) ဒါ သိ ထ ၃ ၅-ပြု၍၊ (ဝိပဿနာပွါးများ) ယောဂီတို့ ဝိဝဋ္ဋတည်း။

မေးပါပြီ။ ဖြေကြပါ။ (ကောင်းတာရယ်၊ အလွန်ကောင်းတာရယ် အကောင်းဆုံးရယ်)ရင်း ၃-ခုတွင် ဘာကို သင်ကြိုက်ပါသလဲ။

အပြောနှင့်မပြီး အလုပ်ပါလုပ်မှအဖြေမှန်ပါမည်။

## (၅၀၉) စာရှုသူများအထူးသတိပြုရန်မှာ

(၁) ဝဋ္ဋ (၂) ဝဋ္ဋမူလ (၃) မိစ္ဆာပဋိပဒါ (၄) အယာထာဝ (၅) အနိယျာနိကပဋိပဒါ (၆) ပုညာဘိသင်္ခါရ (၇) အာနဥ္ဇာဘိသင်္ခါရ (၈) ဝဋ္ဋသိသ(၉) ဒွေမူလ (၁၀) သံသာရနိမုဇ္ဇန (၁၁) ဝဋ္ဋပက္ခိယ (၁၂) ဝဋ္ဋသမ္ပတ္တိ (၁၃) ဝဋ္ဋနိဿိတ (၁၄) မိစ္ဆာထပိတစသော အမည်များသည်၊ ဝဋ္ဋ၏ တူမျှသောအမည်တို့သာတည်း။ (အတူတူဟုမှတ်ပါ)

## (၅၁၀) ယောဂီများအထူးသတိပြုရန်မှာ

(၁) ဝိဝဋ္ဋ (၂) ဝိဝဋ္ဋမူလ (၃) သမ္မာပဋိပဒါ (၄) ယာထာဝ (၅) နိယျာနိက (၆) ပုညာဘိသင်္ခါရလွတ် (၇) အာနဥ္ဇာဘိသင်္ခါရလွတ် (၈) ဝိဝဋ္ဋသိသ (၉) ဒွေမူလလွတ် (၁၀) သံသာရဝိမုတ္တိ (၁၁) ဝိဝဋ္ဋပက္ခိယ (၁၂) ဝိဝဋ္ဋနိဿိတ (၁၃) သမ္မာထပိတ-စသောအမည်များသည်၊ ဝိဝဋ္ဋကုသိုလ်၏ အမည်တို့သာတည်း။ (အတူတူဘဲဟု၍မှတ်ကြပါ။)

## (၅၁၁) ၅-ဝေဒနာနှင့်ဝိဝဋ္ဋအခွဲ

သဝိပဿနာနံပန စတုန္နံမဂ္ဂါန မေတံနာမံ။ ။မ္ဟာဒါနဝဂ္ဂသံယုတ်
အဋ္ဌကထာ၊ မိဋ္ဌာပဋိပဒါသုတ်အဖွင့်၊နံပါတ် ၁၀၊ကြောင်းရေ-၁၂

ပန၊ အထက်တန်း ဝဋ္ဋနှင့် ဝိဝဋ္ဋကိုပြဆိုဦးအံ့။ဧတံနာမံ၊ဤဝိဝဋ္ဋဟူသော အမည်သည်။ သဝိပဿနာနံ၊ ဝိပဿနာနှင့်တကွကုန်သော။ စတုန္နံမဂ္ဂါနံ၊ မဂ်လေးပါးတို့၏။ နာမံ၊ အမည်တည်း။

ကဲကဲ အဋ္ဌကထာ ဆရာကြီးက-သေသေချာချာခွဲပြပါပြီ။

ဝိပဿနာ၊ဉာဏ်စဉ် ၁၀-ပါး၊၁၆-ပါးဟာ ဝိဝဋ္ဋအထက်တန်းပါဘဲတဲ့။ မဂ်ဉာဏ်လေးပါးဟာလဲ၊ ဝိဝဋ္ဋအထက်တန်းစားပါဘဲတဲ့။ ဝိပဿနာနှင့် မဂ်အဆင့်မရသေးသောကုသိုလ်များကား၊ ဝဋ္ဋဟုသိရပါသည်။ သာသနာ တော်ကြီးနှင့်ကြုံတုန်းမှာ၊ ဝိပဿနာမဂ်၊ ဝိဝဋ္ဋအထိတက်ကြပါလေ။

## (၅၁၂) ၆-ဒုတိယဝဋ္ဋနှင့် ဝိဝဋ္ဋကုသိုလ်အခွဲ

ဝဋ္ဋနိဿိတပုထုဇ္ဇနဿ ပဉ္စက္ခန္ဓေ ဇာမေ မယှန္တိ ဂဟေတွာ
မမ ရူပံ၊ မမဝေဒနာ၊ မမ သညာ၊ မမ သင်္ခါရာ၊ မမ ဝိညာဏန္တိ
ဂဟိတကာလော။ ။ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ နံပါတ် ၂၀၀၊
ကြောင်းရေ-၁၂

ဝဋ္ဋနိဿိတပုထုဇ္ဇနဿ၊ဝဋ္ဋနိဿိတကုသိုလ်နှင့်နေသောပုထုဇဉ်အား။ ပဉ္စက္ခန္ဓေ၊ ငါးခန္ဓာ၌။ ဇာမေ၊ ဤရုပ်ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ တို့သည်။ မယှံ၊ ငါ၏။ သန္တကာနိ၊ ဥစ္စာတို့တည်း။ ဇာတိ၊ ဤသို့။ ဂဟေတွာ၊ ယူ၍။မမ၊ ငါ၏။ ရုပံ၊ ရုပ်ပင်တည်း။ မမ၊ ငါ၏။ ဝေဒနာ၊ ဝေဒနာပင်တည်း။ မမ၊ ငါ၏။ သညာ၊ သညာပင်တည်း။ မမ၊ ငါ၏။သင်္ခါရာ၊သင်္ခါရတို့ပင် တည်း။ မမ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဉ်ပင်တည်း။ ဇာတိ၊ ဤသို့။ ဂဟိတကာလော၊ ယူသောအခါကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ပုလ္လေပ်ဂ္ဂစသောရုပ်တရားကို ငါ၏ဥစ္စာဟုမှတ်ယူ၏။
ဝေဒနာအမျိုးမျိုးကို ငါ၏ဝေဒနာဘဲဟု မှတ်ယူ၏။
အမှတ်သညာများကို ငါ၏သညာအမှတ်ဘဲဟုယူထား၏။

သင်္ခါရအမျိုးမျိုးကို ငါ၏သင်္ခါရတွေဘဲဟုမှတ်ယူ၏။
ဝိညာဉ်အသိများကို ငါ၏ဝိညာဉ်ဘဲဟုမှတ်ယူ၏။

ဤပုံမှတ်မှား-သိမှား- အယူမှားသောသူကား။ ဝဋ္ဋနိဿိတပုဂ္ဂိုလ်ပင်တည်း။ ပုထုဇဉ်ပင်တည်း။ ဝဋ္ဋနိဿိတနယ်၌သာရှိသေး၏။

**ဝိပဿနာပွါးများသောယောဂီများမှုကား**

ပုဒ္ဒလှုပ်ရှခြင်းသဘောတွေကို အနိစ္စ,ဒုက္ခ,အနတ္တဟုရှု၏။
ဝေဒနာအမျိုးမျိုးတွေ့လျှင်ပင် အနိစ္စ,ဒုက္ခ,အနတ္တဟုရှု၏။
အမှတ်သညာအမျိုးမျိုးတွေ့လျှင် အနိစ္စ ဒုက္ခ,အနတ္တဟုရှု၏။
သင်္ခါရအမျိုးမျိုးပေါ်လျှင်ပင် အနိစ္စ,ဒုက္ခ,အနတ္တဟုရှု၏။
ဝိညာဉ်အမျိုးမျိုးတွေ့လျှင်ပင် အနိစ္စ,ဒုက္ခ,အနတ္တဟုရှု၏။

ဤပုဂ္ဂိုလ် ယောဂီ များကား ဝိဝဋ္ဋနိဿိတပုဂ္ဂိုလ် အရိယာဝံသ ပုဂ္ဂိုလ်တို့သာတည်း။ ။သာသနာကြီးနှင့်တွေ့ကြုံရတာ ဒီလိုဝိဝဋ္ဋနိဿိတ ကုသိုလ်မျိုးရအောင် တွေ့ရတာပါဘဲ။ အချိန်မဖြုန်းကြပါနှင့်။နောက်နောင် ၄-သင်္ချေ။ ၈-သင်္ချေ။ ၁၆-သင်္ချေနှင့်ကမ္ဘာတသိန်းကြာသော်လည်း ဒီလို ဝိဝဋ္ဋနိဿိတကုသိုလ်မျိုးရဘို့ရန် အခွင့်မရှိတော့ပါ။ ကြိုတုန်းမှာယူပါ။ လသာတုန်းဗိုင်းငင်ပါ။ မိုးရွာတုန်းရေခံပါ။

## (၈၁၃) ၇-တတိယ ဝဋ္ဋနှင့်ဝိဝဋ္ဋခွဲပြပုံ

ဝဋ္ဋမူလံ- အဝိဇ္ဇာ၊ ဝိဝဋ္ဋမူလံ- ဗုဒ္ဓုပ္ပါဒေါ။ ။မူလပဏ္ဏာသ အဋ္ဌကထာ၊နံပါတ် ၁၉၁၊ကြောင်းရေ-၇၊ ပြည်။

အဝိဇ္ဇာ၊မသိမလိမ္မာ-မောဟာဆိုတဲ့ အဝိဇ္ဇာသည်။ဝဋ္ဋမူလံ၊ကိလေသဝဋ်၊ ကမ္မဝဋ်၊ဝိပါကဝဋ် ၃-ပါး၏ မူလဘူတ-ပကတူပ ၊အမြစ်အရင်းကြီးပါပေ တည်း။

**ကဝိကဝိန် သုခမိန်ပညာရှင်တို့ဆုံးဖြတ်ရန်**

| | |
|---|---|
| မသိလျှင်အဝိဇ္ဇာ၊ဝဋ္ဋမူလတည်း။ | သိလျှင်ဝိဇ္ဇာ။ ဝိဝဋ္ဋမူလတည်း။ |
| မသိလျှင်ပတ်၏ ဝဋ္ဋမူလ။ | သိလျှင်ပြတ်၏၊ဝိဝဋ္ဋမူလ။ |
| မသိလျှင်တွယ်၏၊ဝဋ္ဋမူလ။ | သိလျှင်ပြယ်၏၊ ဝိဝဋ္ဋမူလ။ |
| မသိလျှင် ဘေး၊ဝဋ္ဋမူလ။ | သိလျှင် ဆေး ဝိဝဋ္ဋမူလ။ |

ထို့ကြောင့် နောက်ပါဋ္ဌိ၌ (ဝိဝဋ္ဋမူလံ ဗုဒ္ဓုပ္ပါဒေါ)ဟူ၍ အဋ္ဌကထာ ဆရာကြီးများမိန့်မှာခဲ့ပါသည်။ ။ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားရှင်ကြီးပွင့်သော အခါသည်။ ဝါ၊ အသိဉာဏ်ဖြစ်ပေါ်သောအခါသည်။ ဝိဝဋ္ဋမူလံ၊ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကောင်းကြီး၏ မူလပင်တည်း။

အဝိဇ္ဇာမကွာသေးလျှင်-ဝဋ္ဋမူလ။ ကွာလျှင်-ဝိဝဋ္ဋမူလ။ရှင်းနေပါပြီ။

သို့ကြောင့် ဗုဒ္ဓဘာသာအားလုံးတို့သည် (၁) အဝိဇ္ဇာကွာပြီလား။ (၂) အဝိဇ္ဇာခွါတဲ့ ဝိပဿနာပွါးပြီလား။ (၃) အဝိဇ္ဇာခွါရန် ဆရာရွေးပြီလား။ (၄) အဝိဇ္ဇာခွါနိုင်းတဲ့ နည်းပေးတဲ့ဆရာကိုကော တွေ့ပြီလား။

ဒါန-သီလ-သမထစသော စရဏကုသိုလ်ကြီး ၁၅-ပါးတို့ဟာ သင့် အတွက် စကြဝဠာကြီးပြည့်နေအောင် စုမိဆောင်းမိ၍နေပေမဲ့ ဝိပဿနာ မပွါးသေးလို့-အဝိဇ္ဇာမကွာသေးဘူးတဲ့။မကွာသေးလျှင် ဝဋ်၃-ပါးလယ်အုံး မှာပါဘဲ။သံသရာလဆန်း ၁-ရက်နေ့ကစပြီးတော့ သဲလုံးအမျှ ဘုရားတွေ ထံမှာ ဒါနပြု၊သီလစု၊သမထရှု၍လာလိုက်ဘာ ယခုအထိ ကြာညောင်းခဲ့ပြီ။ ဘုရားတွေလဲ သမုဒ္ဒရာသဲလုံးနှင့်အမျှကုန်ခဲ့ပါပြီ။ ကမ္ဘာတွေလဲ သဲလုံး အမျှ အသင်္ချေမက ကုန်ခဲ့ပါပြီ။ဒါန,သီလ,သမထ မပြုလို့မဟုတ်ပါ။ ပြုပြီး တော့ ဝိပဿနာနှင့်မတွဲသေးလို့ပါတဲ့။

၃-နံပါတ်ကို ၄-နံပါတ်က ပိုင်ပိုင်နိုင်နိုင်ကြီးချုံ၍ ဖွင့်ပြလတ္တံ့။

## (၁၁၄) ဂ—အဝိဇ္ဇာ ဝဋ္ဋမူလကြီး ဦးစီးနေတဲ့ဒါသီသပြမည်

ကြည့်ကြစမ်းပါအုံး ကာဝိ၊ ကဝိန်၊သုခမိန် ပညာရှင်ကြီးတို့ရယ်။ ။ လာပါပြီ....

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာဥပါဒါနံ၊ ဥပါဒါနပစ္စယာဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိ ပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ဒုက္ခက္ခန္ဓသုတ်၊ နံပါတ် ၁၊ကြောင်းရေ-၈၊ ဟံမှု။

အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်၏။ သင်္ခါရကြောင့်ဝိညာဉ်ဖြစ်။ ဝိညာဉ်ကြောင့် နာမရူပဖြစ်။ နာမရူပကြောင့် သဠာယတနဖြစ်။သဠာယတနကြောင့် ဖဿဖြစ်။ ဖဿကြောင့် ဝေဒနာဖြစ်။ ဝေဒနာကြောင့် တဏှာဖြစ်။တဏှာကြောင့် ဥပါဒါန်ဖြစ်။ ဥပါဒါန်ကြောင့် ဘဝဖြစ်။ ဘဝကြောင့် ဇာတိဖြစ်။ ဇာတိကြောင့် အိုခြင်းဇရာ၊ သေခြင်းမရဏ၊ စိုးရိမ်ခြင်းသောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ဆင်းရဲခြင်းဒုက္ခ၊ စိတ်ဆင်းရဲခြင်းဒေါမနဿ၊ စိတ်ပြင်းစွာပူပန်ခြင်း ဥပါယာသ၊ထို့ပြင်-ကြီးကဲလွန်မင်းသော မဟာဒုက္ခအစုကြီးတို့ဖြစ်ရတယ်တဲ့။

## ၎င်းပါဠိအရ—အဝိဇ္ဇာကြောင့်သင်္ခါရနဲ့ပြပုံ

အဝိဇ္ဇာပစ္စယာ— ဒါန၊ သီလ၊ သမထ၊ ပုညာဘိသင်္ခါရဖြစ်ရပုံ။ ၎င်းကြောင့် အင်္ဂါ ၁၂-ပါး၊ ဝဋ် ၃-ပါး၊ မူလ ၂-ပါး၊ အစပ် ၃-ပါး၊ အလွှာ ၄-ပါး၊ အခြင်းအရာ ၂၀၊ မီးဆယ့်တပါး တောက်လောင်၏။

အဝိဇ္ဇာပစ္စယာ— သမထ၊ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ ပဥ္စမဈာန်ထိ ၅။ ပုညာဘိသင်္ခါရဖြစ်ရပုံ။ ၎င်းကြောင့် အင်္ဂါ ၁၂-ပါး၊ ဝဋ် ၃-ပါး။ မူလ ၂-ပါး၊အစပ် ၃-ပါး၊အလွှာ ၄-ပါး၊ အခြင်းအရာ ၂၀၊မီးဆယ့်တပါး တောက်လောင်ပြန်တော့၏။

အဝိဇ္ဇာပစ္စယာ—သမထ၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ အရူပ ၄-ဈာန်၊ အာနဉ္ဇာဘိသင်္ခါရဖြစ်ပုံ။၎င်းကြောင့် အင်္ဂါ ၁၂-ပါး၊ ဝဋ် ၃-ပါး၊မူလ ၂-ပါး၊ အစပ် ၃-ပါး၊ အလွှာ ၄-ပါး အခြင်းအရာ ၂၀၊မီးဆယ့်တပါး တောက်လောင်၍ ပြာဖြစ်ရအုံးမည်။

အဝိဇ္ဇာပစ္စယာ— အကုသိုလ်အပုညာဘိသင်္ခါရဖြစ်၊ ၎င်းကြောင့် အင်္ဂါ ၁၂-ပါး၊ဝဋ် ၃-ပါး၊ မူလ ၂-ပါး၊ အစပ် ၃-ပါး၊ အလွှာ ၄-ပါး၊ အခြင်းအရာ ၂၀၊ မီးဆယ့်တပါး တောက်လောင်၍ အပါယ်ကျရသေး၏။

## အတိုကောက်

အဝိဇ္ဇာဦးစီးတဲ့ ဒါန၊ သီလ၊ သမထ၊ ဝဋ္ဋချည်းတည်း။
အဝိဇ္ဇာဦးစီးတဲ့သမထ ဝိဇ္ဇာဘိဉ်၊ မဂ်၊ ဈာန် ၅၊ ဝဋ္ဋချည်း။
အဝိဇ္ဇာဦးစီးတဲ့ သမထ၊ ဝိ၊ ဘိဉ်၊ မဂ်၊ ဈာန် ၄၊ ဝဋ္ဋချည်း။
အဝိဇ္ဇာဦးစီးတဲ့ အကုသိုလ်။ ဝဋ္ဋချည်းတည်း။

ဤကား သမထ၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ ဈာန်ကိုး ၂ါး တို့ဟာ အဝိဇ္ဇာမဂ္ဂါသေးလို့ဝဋ္ဋသက်သက်ဖြစ်ရပုံပြပါသည်။

## (၅၁၅) ၉–အဝိဇ္ဇာမဂ္ဂါချင်း မိစ္ဆာပဋိပဒါတဲ့ ဝဋ္ဋတဲ့

ကတမာစ ဘိက္ခဝေ မိစ္ဆာပဋိပဒါ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ သင်္ခါရပစ္စယာ ဝိညာဏံ။ ဝိညာဏပစ္စယာ နာမရူပံ။ နာမရူပ ပစ္စယာ သဠာယတနံ။ သဠာယတနပစ္စယာ ဖဿော။ ဖဿပစ္စယာ ဝေဒနာ။ ဝေဒနာပစ္စယာ တဏှာ။ တဏှာပစ္စယာ ဥပါဒါနံ။ ဥပါဒါန ပစ္စယာ ဘဝေါ။ ဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘ ဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၊ မိစ္ဆာပဋိပဒါသုတ်၊ နံပါတ်၄၊ ကြောင်းရေ ၂၊ ဟံမှု။

ဤ၌ ၄-နံပါတ်အတိုင်းပင် အဝိဇ္ဇာမဂ္ဂါသို့ မိစ္ဆာပဋိပဒါတဲ့၊ မှားယွင်း ချွတ်ချော် တိမ်းစောင်းသောအကျင့်မှားကြီးတဲ့။ ဝဋ္ဋမူလ၊ ဝဋ် ၃-ပါးလည် စေဘို့အကြောင်း ရေသောက်မြစ်ကြီးပါဘဲတဲ့။

## (၁၀) အကြောင်းနှင့်အကျိုးဆက်သွယ်နေပုံကား

| အစိုးရ | ဥပဒေ | မှုပြစ် | ထောင်ကျ |
|---|---|---|---|
| အဝိဇ္ဇာ | ပုညာဘိသင်္ခါရ | ဒါ-သီ-ထ | ကာမ ၇-ဘုံ။ |
| အဝိဇ္ဇာ | ပုညာဘိသင်္ခါရ | ထ ဝိ ဘိ° မဂ် ဈာန် ၅ | ရူပ ၁၁-ဘုံ။ |
| အဝိဇ္ဇာ | အာနေဉ္ဇာဘိသင်္ခါရ | ထ ဝိ ဘိ° မဂ် ဈာန် ၄ | အရူပ ၄-ဘုံ။ |
| အဝိဇ္ဇာ | အပုညာဘိသင်္ခါရ | အကုသိုလ် | အပါယ် ၄-ဘုံ။ |

ဝဋ္ဋမူလ၊ မိစ္ဆာပဋိပဒါ၊ အဝိဇ္ဇာမဂ္ဂသေးသော ဒါနသီလ သမထ စသောကုသိုလ်ကြီး(စရဏ)၁၅-ပါးတို့၏ထောင်ချပုံ၊မီးဆယ့်တပါးလောင်ပုံတို့ကို သိနိုင်တော့၏။ ဝဋ္ဋမူလဖြစ်ပုံတည်း။

(၄) (၅) နံပါတ်၌ ဝဋ္ဋသာဖြစ်၍—ဝိဝဋ္ဋကျန်သောကြောင့်....

## ၁၁—(၅၁၆)၄—၅ နံပါတ်က ဝိဝဋ္ဋကား

(၄) ကတမာစ ဘိက္ခဝေ သမ္မာပဋိပဒါ၊ အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ ။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊သမ္မာပဋိပဒါသုတ် နံပါတ်-၄၊ ကြောင်းရေ-၅၊ ဟံမှု။

အဝိဇ္ဇာဂ္ဂလျှိ သင်္ခါရစသည်တို့ အကုန်ချုပ်ခန်းရပုံ ဝိဝဋ္ဋပုံစံတည်း။

## (၁၂) အဝိဇ္ဇာကွာသွားပုံ အဆင့်ဆင့်မှာ

| | |
|---|---|
| ဝိပဿနာအခိုက်၌ | အဝိဇ္ဇာ ၁၀-ဆင့် ကွာရ၏၊ ၁-ဆင့် |
| သောတာပန်အခိုက်၌ | အဝိဇ္ဇာကွာရ၏၊ ၂-ဆင့် |
| သကဒါဂါမ်အခိုက်၌ | အဝိဇ္ဇာကွာရ၏၊ ၃-ဆင့်။ |
| အနာဂါမ်အခိုက်၌ | အဝိဇ္ဇာကွာရ၏၊ ၄-ဆင့်။ |
| အရဟတ္တမဂ်အခိုက်၌ | အဝိဇ္ဇာကွာရ၏၊ ၅-ဆင့်။ |

## (၁၃) ဝိပဿနာအခိုက်၌ အဝိဇ္ဇာကွာပုံ ဝိဝဋ္ဋဖြစ်ပုံမှာ

စက္ခုံခေါဘိက္ခု အနိစ္စတော ဇာနတော ပဿတော ဘိက္ခုနော အဝိဇ္ဇာ ပဟိယျတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ ။သဠာယတန ဝဂ္ဂသံယုတ်ပါဠိတော်၊ နံပါတ်-၃၅၊ ကြောင်းရေ-၂၊ ဟံ၌။

စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဇိဝှါဓာတ်၊ ကာယဓာတ်၊ မနောဓာတ်၊ ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ်တို့ကို တွေ့၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တမြင်အောင် သိအောင်ရှုပ်လျှင် သက္ကာယဒိဋ္ဌိကွာ၏။ ဝိစိကိစ္ဆာကွာ၏။ အဝိဇ္ဇာကွာ၏။ ဝိဇ္ဇာရတော့၏။

ဤကား ဝိပဿနာဖြင့် ပဌမဆင့် အဝိဇ္ဇာခွါပုံ သာဓကတည်း။ ဤလို သာဓကများစွာပင်ရှိသေး၏။ ကျမ်းလေးမည်ပိုး၍ မထည့်ရပါ။

## (၁၄) အဝိဇ္ဇာကွာပြီးသူများ သင်္ခါရ ၃-ပါးမပြုကြပုံမှာ

ယတော ခေါ ဘိက္ခဝေ ဘိက္ခုနော အဝိဇ္ဇာ ပဟီနာ ဟောတိ၊ ဝိဇ္ဇာ ဥပ္ပန္နာ၊ သော အဝိဇ္ဇာဝိရာဂါ ဝိဇ္ဇုပ္ပါဒါ၊ နေဝပုညာဘိ သင်္ခါရံ အဘိ သင်္ခရောတိ၊ အပုညာဘိသင်္ခါရံ နအာနဉ္ဇာဘိသင်္ခါရံ။ ။နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၊ ဝိဇ္ဇုပ္ပါဒါသုတ်၊ နံ-၆၁၊ ကြောင်း ၂၂၊ ဟံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယတော ခေါ၊ အကြင်ကြောင့်။ ဘိက္ခုနော၊ ရဟန်းအား။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ပဟီနာ၊ ပယ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာသည်။ ဥပ္ပန္နာ၊ ဖြစ်ပေါ်လာသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုရဟန်းသည်။ အဝိဇ္ဇာဝိရာဂါ၊ အဝိဇ္ဇာကွာခြင်းကြောင့်။ ဝိဇ္ဇုပ္ပါဒါ၊ ဝိဇ္ဇာဖြစ်ပေါ်လာခြင်းကြောင့်။ ပုညာဘိသင်္ခါရံ၊ ဒါနသီလ စသော ကုသိုလ် ၃၅ ပါးကို။ နေဝ အဘိသင်္ခရောတိ၊ သင်္ခါရအနေဖြင့်မပြုတော့။ အပုညာဘိ သင်္ခါရံ၊ အကုသိုလ်ကို။ န အဘိသင်္ခရောတိ၊ မပြုတော့ပါ။ အာနဉ္ဇာဘိ သင်္ခါရံ၊ အရူပကုသိုလ်ကို။ န အဘိသင်္ခရောတိ၊ သင်္ခါရအနေဖြင့် မပြု တော့ပါ။ ။ဒါနသီလကိုတော့ ပြုသေး၏။ သို့သော်—သင်္ခါရ ဖြစ်အောင် စိတ်မထားဘူးဟု ဆိုလိုသည်။

## (၅၁၇) ၁၅—အဝိဇ္ဇာမကွာလျှင် မိစ္ဆာပဋိပဒါဝဋ္ဋ

အယာထာဝ အနိယျာနိက-ပါဘဲတဲ့။

မိစ္ဆာပဋိပဒန္တိ အယာထာဝ အနိယျာနိကံ ပဋိပဒံ။ ။နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ၊ နံပါတ်-၁၈၊ ကြောင်းရေ-၁။

မိစ္ဆာပဋိပဒန္တိ၊ မှားသော အကျင့်ဆိုသည်ကား။ အယာထာဝပဋိပဒံ၊ မမှန်သော အကျင့်-မလျော်သော အကျင့်ပင်တည်း။ အနိယျာနိကပဋိပဒံ၊ သံသရာဝဋ်မှမလွတ်စေသောအကျင့်ပင်တည်း။

အဝိဇ္ဇာမဂ္ဂသျှင် ပြသမျှ မှားသောအကျင့်၊ မမှန်သောအကျင့်၊သံသရာဝဋ်မှ မထွက်မြောက်သောအကျင့်၊ ဝဋ်လည်သောအကျင့်ပါဘဲတဲ့။

ဤမှပြန်လျှင်"အဝိဇ္ဇာကျွသောအပြုကား။ သမ္မာပဋိပဒါ၊ ယာထာဝပဋိပဒါ၊ နိယျာနိကပဋိပဒါ၊ ဝိဝဋ္ဋပဋိပဒါပါဘဲ ဟူ၍ အပြန်အလှန်သိရမည်။ ဥပမာ။ လူကောင်း၏သားသွီးသည် တံငါနှင့် ပေါင်းတော့တံငါဟု အခေါ်ခံရတာလို၊ မုဆိုးနှင့် ပေါင်းတော့ မုဆိုးဟု အခေါ်ခံရတာလို၊ ဒါသိထ စသော (စရဏ) ၁၅-ပါးသည် အဝိဇ္ဇာ၏လက်တွင်း၌ အဝိဇ္ဇာ, တဏှာ, မာန,ဒိဋ္ဌိ,ဝိစိကိစ္ဆာ ငါးဦးတို့နှင့်ပေါင်း၍နေရကား။မုဆိုးနားနီးမုဆိုးပါဘဲ။ တံငါနားနီး တံငါပါဘဲ။ ဘိန်းစားနှင့် ပေါင်းတော့ ဘိန်းစားပါဘဲ။ ရှေးရှေးက ဟောပြောကြတဲ့ ဆရာတော်ကြီးများ၏ စကားပုံမှာ ( ရွားစောင်းကြီးတခွက်-ပျားရေတစက် ) ဆိုတာလို ဖြစ်၍နေတော့၏။

## (၅၁၈) ၁၆–အဝိဇ္ဇာမဂ္ဂသျှင် မိစ္ဆာပဋိပဒါ ဝဋ္ဋသီသတဲ့

> နနုစအဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရောပိ အတ္ထိ အာနဉ္ဇာဘိ သင်္ခါရောပိ၊ သော ကထံ မိစ္ဆာပဋိပဒါ ဟောတီတိ၊ ဝဋ္ဋသိသတ္တာ။ ။
> နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ၊ နံ-၁၀၊ ကြောင်းရေ-၂။

နနုစ-စောဒေဒမိ၊ စောဒနာပါဦးအံ့။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ ပုညာဘိသင်္ခါရောပိ၊ ပုညာဘိသင်္ခါရဖြစ်သော ဒါန, သီလ, သမထဝိဇ္ဇာ အဘိညာဉ်,သမာပတ်, ရူပငါးဈာန်သည်လည်း။ အတ္ထိ၊ ရှိပါ၏။ အာနဉ္ဇာဘိသင်္ခါရောပိ၊ အာနဉ္ဇာဘိ သင်္ခါရဖြစ်သော သမထ, ဝိဇ္ဇာ,အဘိညာဉ်, သမာပတ်, အရူပ ၄-ဈာန်သည်လည်း။ အတ္ထိ၊ ရှိပါ၏။ သော၊ ထိုသင်္ခါရ နှစ်ပါးသည်။ ကထံ၊အဘယ်သို့လျှင်။ မိစ္ဆာပဋိပဒါ၊ မှားသောအကျင့်သည်။ ဟောတိ၊ဖြစ်ပါသနည်း။ ဣတိအယံ၊ ဤသည်ကား။ စောဒနာ၊ မကျေနပ်သဖြင့်- စောဒက တက်ခြင်းတည်း။ ။ဘော၊ ဒိုစောဒက ဆရာ။ တေ၊ သင်၏။သော၊ ထိုသင်္ခါရ ၂-ပါးသည်။ ဝဋ္ဋသိသတ္တာ၊ ဝဋ်၏ ဥက္ကောင်းဖြစ်သော အဝိဇ္ဇာမဂ္ဂသောကြောင့်တည်း။ ။အဝိဇ္ဇာမဂ္ဂသမျှ ဒါသိထ (၁၅) ဟာ၊ ဝဋ္ဋသိသ။ ဝဋ်ဥက္ကောင်းတည်း။ အဝိဇ္ဇာကျွ၍ ပြုသမျှ ဒါသိထ (၁၅) ဟာ ဝိဝဋ္ဋသိသတည်းဟူ၍ အပြန် အလှန် သိကြပါကုန်။

## (၅၁၉) ၁၇-အဝိဇ္ဇာ တဏှာ ကွာလျှင် နွေမူလ တည်း

အဝိဇ္ဇာ တဏှာ ဝသေန ဒွေမူလာနိ။ ။သင်္ဂဟအဋ္ဌကထာ။

အဝိဇ္ဇာတဏှာဝသေန၊ အဝိဇ္ဇာတဏှာ၏ အစွမ်းအားဖြင့်။ မူလာနိ၊ မူလတို့သည်။ ဒွေ၊ ၂-ပါးတို့သာတည်း။ ။ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ဝင် ၃-ပါး၌ အဝိဇ္ဇာစက်၊ တဏှာစက်, မူလနှစ်ပါးကြောင့် သံသရာစက်ကြီးလည် နေရပါသည်။အဝိဇ္ဇာကွာပါလျှင် သံသရာစက်ကြီး ရပ်တန့်ရပါတော့သည်ဟူ၍ အပြန်အလှန်သိကြပါကုန်။

## (၁၈) အဝိဇ္ဇာ တဏှာ ကွာလျှင် အဖန်ဖန်လည်မည်

(၈)(၉) နံပါတ်၌၊ ပုံစံကြည့်ပါဦး။

### အဝိဇ္ဇာစက် ဖျက်ကြပါ

| |
|---|
| အဝိဇ္ဇာ၊ သင်္ခါ၊ ဝိညာဉ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တည် စက်ဖြတ်လို့။ |

### တဏှာစက် ဖျက်ကြပါ

| |
|---|
| တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မ၊ သ၊ ပ၊ ဒု၊ ဒေါ၊ ဥ၊ စက်ပျက်လျှင်-ရဟန္တာဖြစ်နိုင်သည်။ |

(၅၂၀) ၁၉-ယထာမူလေ အနုပဒ္ဒဝေ ဒဠှေ။
ဆိန္နောပိ ရုက္ခောပုန ဒေဝ ရူဟတိ။
ဝေမွိ တဏှာနုသယေ အနုပဟတေ။
နိဗ္ဗတ္တတေ ဒုက္ခမိဒံ ပုနပ္ပုနံ။
ဓမ္မပဒ အဋ္ဌကထာ၊ သူကရပေါတိက ဝတ္ထု။

အနုပ္ပန္နဝေ၊ စိမ်းစိမ်းလတ်လတ်-မသတ် မဖြတ်ရသေးသော။ မူလေ၊ ရေသောက်မြစ်ကြီးသည်။ ဒဠှေ၊ မြဲမြံခိုင်ခံ့သည်ရှိသော်။ ဆိန္နေပိ၊အခက် အလက် အရွက်ပင်ဖြတ်သော်လည်း။ ရုက္ခော၊ သစ်ပင်သည်။ ပုနဒေဝ၊ တဖန်သာလျှင်။ ရူဟတိယထာ၊ ပေါက်ရောက်ပြန်သကဲ့သို့။ ဧဝံ၊ ဤအဘူ သာလျှင်။ တဏှာနုသယေ၊ အဝိဇ္ဇာနှင့်တဏှာအနုသယသည်။အနုပဟတေ၊ မဂ်ဖြင့် မပယ်အပ်သည်ရှိသော်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဣဒံဒုက္ခမိဒံ၊ ဤ သံသရာဝဋ်ဒုက္ခကြီးသည်လည်း။ နိဗ္ဗတ္တတေ။ ဖြစ်ရမည်သာတည်း။ ။ အဝိဇ္ဇာမကွာ-လည်ရ။ ကွာလျှင်-မလည်ရ၊ သိကြပါ။

## (၅၂၁) ၂၀-လူ့,နတ် ဖြဟ္မာ အပြုများတဲ့ ဝဋ္ဋကုသိုလ်

ယံဟိ ကိဉ္စိ ဘဝတ္တယသာ်ါတံ ဝဋ္ဋံ ပဋ္ဌေတွာ ပဝတ္တိတံ၊ အန္တိမ သော ပဉ္စာဘိညာ၊ အဋ္ဌဝါပန သမာပတ္တိယော၊သဗ္ဗံ တံ ဝဋ္ဋပက္ခိယံ ဝဋ္ဋသိသတ္တိ၊ ဝဋ္ဋသိသတ္တာ မိစ္ဆာပဋိပဒါဝ ဟောတိ။ ။နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ၊ နံပါတ် ၁၀၊ ကြောင်းရေ ၃–မိစ္ဆာပဋိပဒါ သုတ်ဖွင့်။

ဟိ–ဝဋ္ဋ-ဝဋ္ဋသိသ၊ ဝဋ္ဋပက္ခိက၊ မိစ္ဆာပဋိပဒါဖြစ်ပုံကို ပြဆိုဦးအံ့။ ။ ယံကိဉ္စိ၊ တစုံတခုသော ကုသိုလ်သည်။ ဘဝတ္တယသာ်ါတံ၊ လူ့နတ်ဖြဟ္မာ ဆိုတဲ့ဘဝ ၃-ပါးဟုဆိုအပ်သော။ဝဋ္ဋံ၊ ဝဋ် ၃-ပါးကို။ ပဋ္ဌေတွာ၊ တောင့် တ၍။ ပဝတ္တိတံ၊ ဖြစ်စေအပ်၏။ အန္တိမသော၊ ယုတ်သော အပိုင်းအခြား အားဖြင့်။ ပဉ္စာဘိညာ အဋ္ဌဝါပန သမာပတ္တိယော၊ အဘိညာဉ်ငါးပါး, သမာပတ်ရှစ်ပါးတို့သည်လည်း။ တံသဗ္ဗံ၊ ထိုအလုံးစုံသော ကုသိုလ်မှန် သမျှသည်။ ဝဋ္ဋပက္ခိယံ၊ ဝဋ် ၃-ပါးအဘို့သာဖြစ်၏။ဝဋ္ဋသိသံ၊ ဝဋ် ၃-ပါး၏ ဥကျွောင်းပင်တည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဝဋ္ဋသိသတ္တာ၊ ဝဋ် ၃-ပါး၏ဥကျွောင်းဖြစ်သောကြောင့်။ မိစ္ဆာပဋိပဒါဝ၊ မှားသော အကျင့် သည်သာလျှင်။ ဟောတိ၊ ဖြစ်ရတော့၏။

ကုသိုလ် ၃၅–တွင် တပါးပါးပြု၊ လူ့နတ် ဖြဟ္မာဆုတောင်းက၊ ဝဋ္ဋ မိစ္ဆာပဋိပဒါတည်း။

## (၅၂၂) ၂၁-လူ, နတ်, ဗြဟ္မာ အပြုများတဲ့ ဝိဝဋ္ဋကုသိုလ်

ယံပန ကိဉ္စိ ဝိဝဋ္ဋနိဗ္ဗာနံပတ္ထေန္တော ပဝတ္တိတံ၊အန္တမသော ဥစ္ဆုက္ကိယာဂုမတ္တဒါနမ္ပိ ပဏ္ဏမုဋ္ဌိဒါနမတ္တမ္ပိ၊ သဗ္ဗံ တံ ဝိဝဋ္ဋပက္ခိယံ ဝိဝဋ္ဋနိဿိတန္တိ၊ ဝိဝဋ္ဋပက္ခိကတ္တာ သမ္ဗောဓိပဒံ ဝေါတိ။ ။နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ၊ နံပါတ် ၁ဂ၊ ကြောင်းရေ ၆-၅။

ပန၊ ဝိဝဋ္ဋနိဿိတ ပြုပုံကိုပြဆိုဦးအံ့။ ယံကိဉ္စိ၊ တစုံတခုသောကုသိုလ်သည်။ ဝိဝဋ္ဋံ၊ ဝဋ် ၃ ပါးမှကင်းရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပတ္ထေန္တော၊ ဆုတောင်း၍။ ပဝတ္တိတံ၊ ဖြစ်စေအပ်၏။ အန္တမသော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ ဥစ္ဆုက္ကိယာဂုမတ္တဒါနမ္ပိ၊ တယောက်ချိုမျှလောက်သော ဒါနသည်၎င်း။ ပဏ္ဏမုဋ္ဌိ ဒါနမတ္တမ္ပိ၊ ပန်းတဆုပ်မျှလောက်သော ဒါနသည် ၎င်း။တံသဗ္ဗံ၊ ထိုအလုံးစုံသည်။ ဝိဝဋ္ဋပက္ခိယံ၊ နိဗ္ဗာန်ရဘို့အကြောင်းဖြစ်၏။ ဝိဝဋ္ဋနိဿိတံ၊ ဝဋ်မှကင်းရာနိဗ္ဗာန်ကိုမှီ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဝိဝဋ္ဋပက္ခိကတ္တာ၊ ဝဋ်မှကင်းရာ နိဗ္ဗာန်အဘို့ဖြစ်သောကြောင့်။ သမ္ဗောဓိပဒံ၊ မှန်ကန်သော အကျင့်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ကုသိုလ် ၃၅ - တွင် တပါးပါးပြု၍ နိဗ္ဗာန်ဆုတောင်းက ဝိဝဋ္ဋနိဿိတ ကုသိုလ်ဖြစ်၏။ သမ္ဗောဓိပဒါလည်းဖြစ်၏။ဝိဝဋ္ဋပက္ခိက၊ ဝိဝဋ္ဋသိဒ္ဓိသလည်း ဖြစ်၏။

## (၅၂၃) ၂၂-ဝဋ္ဋသမ္ပတ္တိ ဝဋ္ဋနိဿိတ မိစ္ဆာဒိဋ္ဌိကုသိုလ်

အပ္ပမတ္တကမ္ပိဟိ ပဏ္ဏမုဋ္ဌိဒါနံ ကုသလံဝါ ဟောတု မဟန္တံ ဝေလာမဒါနံ ကုသလံဝါ။ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေန္တော ဝဋ္ဋနိဿိတဝသေန မိစ္ဆာဒိဋ္ဌိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ။ နော ဝိဝဋ္ဋံ။ ။နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ။

ဟိ ဝဋ္ဋသမ္ပတ္တိ,ဝဋ္ဋနိဿိတ၊မိစ္ဆာဒိဋ္ဌိတကုသိုလ်ကိုပြဆိုဦးအံ့။ ။အပ္ပမတ္တကမ္ပိ၊ အနည်းငယ်မျှသာဖြစ်သော။ ပဏ္ဏမုဋ္ဌိဒါနံ၊ ပန်းတဆုပ်စာရှိသော အလှူဟုဆိုအပ်သော။ ကုသလံဝါ၊ ကုသိုလ်သည်မူလည်း။ဟောတု၊ ဖြစ်ပါစေ။ မဟန္တံ၊ ကြီးစွာသော။ ဝေလာမဒါနံ၊ဝေလာမ ပုဏ္ဏားကြီး၏ အလှူဟုဆိုအပ်သော။ ကုသလံဝါ၊ ကုသိုလ်သည်မူလည်း။ ဟောတု၊ ဖြစ်ပါစေ။ ဝဋ္ဋသမ္ပတ္တိံ၊ ဝဋ် ၃-ပါး၌ ဖြစ်သော စည်းစိမ်ကို။ ဝါ၊ပြည့်စုံခြင်းကို။

ပဋ္ဌေတွာ၊ ဆုတောင်း၍။ ဝဋ္ဋနိဿိတဝသေန၊ ဝဋ် ၃-ပါး၌ မှီသည်၏ အစွမ်းအားဖြင့်။ မိစ္ဆာဥပိတံ၊ မှားသောအားဖြင့် ထားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝဋ္ဋမေဝ၊ ဝဋ် ၃-ပါးကိုသာလျှင်။ အာဟရိတုံ၊ ဆောင်ခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်တော့၏။ ဝိဝဋ္ဋံ၊ ဝဋ်မှကင်းရာဖြစ်သော နိဗ္ဗာန်သို့။ အာဟရိတုံ၊ ပို့ဆောင်ခြင်းငှါ။ နေဝသက္ကောတိ၊ မစွမ်းနိုင်တော့ပါ။ ။

ကုသိုလ် ၃၅-တွင် တပါးပါးပြု၍ ဝဋ်ကိုဆုတောင်းက ဝဋ္ဋနိဿိတ ဖြစ်၏။

## (၁၂၄) ၂၃ ဝိဝဋ္ဋသမ္ဗန္ဓ ဝိဝဋ္ဋနိဿိတ သမ္မာဥပိတ ကုသိုလ်

ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတူတိ၊ ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာဥပိတံ၊ အရဟတ္တ မဂ္ဂ ပစ္စေကဗောဓိ ဉာဏမဂ္ဂ သဗ္ဗညုတဉာဏမဂ္ဂ ဒါတုံ သက္ကောတိယေဝ၊ နအရဟတ္တံ အပတွာ ပရိယောသာနံ ဂစ္ဆတိ။ ။နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ။

မေ၊ ငါ၏။ ဣဒံဒါနံ၊ ဤဒါနသည်။ အာသဝက္ခယံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဣတိဝိဝဋ္ဋံ၊ ဤသို့ကား။ ဝိဝဋ္ဋံ၊ ဝဋ် ၃-ပါးမှ ကင်းရာဖြစ်သောနိဗ္ဗာန်ကို။ ပတ္ထေန္တေန၊ ဆုတောင်းသဖြင့်။ ဝိဝဋ္ဋဝသေန၊ ဝိဝဋ္ဋဒါန၏ အစွမ်းအားဖြင့်။သမ္မာဥပိတံ၊ကောင်းစွာထားအပ်သောကုသိုလ် သည်။ အရဟတ္တမဂ္ဂ၊ အရဟတ္တဖိုလ်ကိုရင်း။ ပစ္စေကဗောဓိဉာဏမဂ္ဂ၊ ပစ္စေက ဗောဓိဉာဏ်ကိုရင်း။ သဗ္ဗညုတဉာဏမဂ္ဂ၊ သဗ္ဗညုတဉာဏ်ကိုရင်း။ ဒါတုံ၊ ပေးခြင်းငှါ။ သက္ကောတိယေဝ၊ စွမ်းနိုင်တော့ သည် သာလျှင် တည်း။ အရဟတ္တံ၊အရဟတ္တဖိုလ်သို့။ အပတွာ၊ မရောက်ဘဲ။ ပရိယောသာနံ၊ ပြီးဆုံး ခြင်းသို့။ နဂစ္ဆတိ၊ မရောက်။

ကုသိုလ် ၃၅-တွင် တပါးပါးပြု၍ နိဗ္ဗာန်ဆုတောင်းက ဝိဝဋ္ဋနိဿိတ ဖြစ်၏။

## (၁၂၅) ၂၄-ဝဋ္ဋနှင့် ဝိဝဋ္ဋ ရှင်းပြရက်

**ဝဋ္ဋဉ္စဘုရားဟော ပုံစံကား။** ။အဝိဇ္ဇာပစ္စယာသင်္ခါရာ။(လ)သမုဒယော ဟောတိ။ ။ဤအနုလုံပဋိစ္စသမုပ္ပါဒ်ပါဠိ-ကုသိုလ်ကား ဝဋ္ဋအစစ်တည်း။

**ဒိဝဍ္ဎဍ္ဍ ဘုရားဟော ပုံစံကား။** ။အဝိဇ္ဇာယတွေဝ အသေသဝိရာဂ နိရောဓာ သင်္ခါရနိရောဓော။(လ) နိရောဓော ဟောတိ။ ။ဤပဋိလုံ ပဋိစ္စ သမုပ္ပါဒ်၌ ပါရှိသောကုသိုလ်များကား ဝိဝဋ္ဋအစစ်သာတည်း။

(၅၂၆) ၎င်းပါဠိ၌ အနုလုံ-ပဋိလုံ ၂-ပုဒ်ကိုဖွင့်ပြသည်ကား။

ဣမသ္မိံ သုတ္တေ ဒွါဒသဟိ ပဒေဟိ(ဝဋ္ဋ-ဝိဝဋ္ဋံ) ဒေသေန္တော အရဟတ္တနိကူဋေနေဝ ဒေသနံ နိဋ္ဌာပေသိ။ ။နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ၊နံပါတ် ၁၇၊ကြောင်းရေ ၁၇-၌။

ဣမသ္မိံ သုတ္တေ၊ ဤမိန္တာ ပဋိပဒါသုတ်,သမ္မာပဋိပဒါသုတ်၌။ ဒွါဒသဟိ၊ ၁၂-ပါးကုန်သော။ ပဒေဟိ၊ ပုဒ်တို့ဖြင့်။ (ဝဋ္ဋ-ဝိဝဋ္ဋံ)၊ ဝဋ်နှင့်-ဝိဝဋ္ဋကို။ ဒေ သေ န္တော၊ ဟောကြားအပ်သည်ရှိသော်။ အရဟတ္တနိကူဋေနေဝ၊ အရဟတ္တဖိုလ်ကို- အထွဋ်တပ်သဖြင့်သာလျှင်။ ဒေသနံ၊ ဒေသနာကို။ နိဋ္ဌာပေသိ၊ပြီးဆုံးစေပြီ။

(၅၂၇) ၂၅-ပဌမယာမေ ပုဗ္ဗေနိဝါသ ဉာဏံ အနုဿရိတွာ မဇ္ဈိမယာမေ ဒိဗ္ဗစက္ခုံ ဝိသောဓေတွာ ပစ္ဆိမယာမေ ပဋိစ္စသမုပ္ပါဒေ ဉာဏံ ဩတာရေသိ။ အထဿ ဒွါဒသပဒိကံ ပစ္စယာကာရံ (ဝဋ္ဋ-ဝိဝဋ္ဋ)ဝသေန အနုလောမတော ပဋိလောမတောသမ္မသန္တဿ ဒသသဟဿိလောကဓာတု ဥဒကပရိယန္တံ ကတွာ ဒွါဒသက္ခတ္တုံ သမ္ပကမ္ပိ၊ မဟာပုရိသောပန ဒသ သဟဿိ လောကဓာတုံ ဥန္နာ ဒေတွာ အရုဏုဂ္ဂမနဝေလာယ သဗ္ဗညုတဉာဏံ ပဋိဝိဇ္ဈိ။ ။ ဇာတ်အဋ္ဌကထာနိဒါန်း-နံပါတ် ၉၃၊ ကြောင်း ၁၆၊ သုမှု။

ပဌမယာမေ၊ပဌမယာမ်၌။ပုဗ္ဗေနိဝါသဉာဏံ၊ ပုဗ္ဗေနိဝါသဉာဏ်ကို။ အနုဿရိတွာ၊ အစဉ်အတိုင်းအောက်မေ့၍။ မဇ္ဈိမယာမေ၊ မဇ္ဈိမယာမ်၌။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုဉာဏ်ကို။ ဝိသောဓေတွာ၊ သုတ်သင်၍။ ပစ္ဆိမယာမေ၊ ပစ္ဆိမယာမ်၌။ ပဋိစ္စသမုပ္ပါဒေ၊ ပဋိစ္စသမုပ္ပါဒ်တရား၌။ ဉာဏံ၊ ဉာဏ်ကို။ ဩတာရေသိ၊ သွင်းပြီ။ အထ၊ ထိုအခါ၌။ အဿ၊ ထိုအလောင်းတော်အား။ ဒွါဒသပဒိကံ၊ ၁၂-ပုဒ်ရှိသော။ ပစ္စယာကာရံ၊ ပဋိစ္စသမုပ္ပါဒ်ကို။(ဝဋ္ဋ-ဝိဝဋ္ဋ) ဝသေန၊ ဝဋ္ဋနယ်-ဝိဝဋ္ဋနယ်၏ အစွမ်းအားဖြင့်။ အနုလောမတော၊ အနုလုံ အားဖြင့်၎င်း။ ပဋိလောမတော၊ ပဋိလုံအားဖြင့်၎င်း။ သမ္မသန္တဿ၊ သုံးသပ် ရှုပွါး၍နေစဉ်။ဒသသဟဿိလောကဓာတု၊တသောင်းသောလောကဓာတ်

သည်။ဥဒကပရိယန္တံ၊ရေလျှင်အဆုံးရှိသည်ကို။ကတွာ၊ ပြု၍။ဒွါဒသကွတ္တုံ၊ တဆယ့်နှစ်ကြိမ်။ သမ္ပကမ္ပိ၊ အပြားအားဖြင့်လှုပ်၏။ မဟာပုရိသောပန၊ ဘုရားအလောင်းသည်ကား။ ဒသ သဟဿိ လောကဓာတုံ၊ တသောင်းသော လောကဓာတ်ကို။ ဥန္နာဒေတွာ၊ ပဲ့ဘင်ထပ်စေလျက်။ အရုဏုဂ္ဂမနဝေလာယ၊ အရုဏ်တက်သောအချိန်၌။ သဗ္ဗညုတဉာဏံ၊ သဗ္ဗညုတဉာဏ်တော်ကြီးကို။ ပဋိဝိဇ္ဈန္တော၊ထိုးထွင်း၍သိတော်မူသည်ရှိသော်....

ဤ၌-အဝိဇ္ဇာပစ္စယာသင်္ခါရာစသည်ကား၊အနုလုံဝန္ထုတည်း။အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရ နိရောဓော-စသည်ကား ပဋိလုံဝိဝန္ထုတည်း။

အနုလုံ၌ပါရှိသော ကုသိုလ် ၃၅-ပါးတို့ကား-ဝန္ထုအစစ်သာတည်း။

ပဋိစ္စသမုပ္ပါဒ်-ပဋိလုံ၌ ပါရှိသော-စရဏကုသိုလ် ၃၅-ပါးကား၊ ဝိဝန္ထုအစစ်တည်း။

(၅၂၀) ဘုရားလောင်းပြုခဲ့တာ စရဏကုသိုလ်ကြီး ၃၅-ပါး။ သင်္ချေ ၂၀–နှင့် ကမ္ဘာတသိန်းလုံး ပြုကျင့်ခဲ့ရ၏။

ဤလိုအလောင်းတော်ကြီးတောင်မှ ဝိဝန္ထုဖြစ်အောင် ဇွဲဒံ မေ ပုညံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု၊ ဟူ၍ ဒါသိထပြုရင်း ဆုတောင်းခဲ့ပေမဲ့—

## (၂၆) ဝန္ထုအောက် သံသရာ၌ အပေါ်ယံရှာလည်ခဲ့ရပုံမှာ

(၁) ယုန်,ကြွက်,ခွေး,ကိန္နရာ,ဝက်,စာဝတီး,ဒင်ကြီး,ဖါး,ဇီလုံး,သရဘ, ဘီလူး,ခြင်္သေ့အားဖြင့် တဘဝစီ ဖြစ်ခဲ့ရသေး၏။ (၂) စက္ကဝါက်, ဂဠုန်, ကျီး,ခါ,ဥသြ,ကြက်,ကြွက်,မြေခွေး,သစ်တောက်ငှက်အားဖြင့် နှစ်ဘဝစီ ဖြစ်ခဲ့ရသေး၏။ (၃) ဥဒေါင်း ဆင်မဲ,ဆတ်, ဖွတ်, ငါး အားဖြင့် သုံးဘဝစီ ဖြစ်ခဲ့ရသေး၏။ (၄) ဆင်ဖြူတော်, ငုံး, မြင်း, ဒွင်းတ, ငှက်ရိုးရိုး, နဂါး, အားဖြင့် လေးဘဝစီ ဖြစ်ခဲ့ရသေး၏။ နွားက ငါးဘဝဖြစ်ရ။ ခိုကခြောက်ဘဝဖြစ်ရ။ သမင်ကခုနစ်ဘဝဖြစ်ရ၊ ဟင်္သာနှင့် ကျေးသားက ကိုးဘဝစီ ဖြစ်ရ။ခြင်္သေ့ကဆယ်ဘဝဖြစ်ရ။ မျောက်က တဆယ့်နှစ်ဘဝဖြစ်ရ။ငရဲကျတဘဝ။ အစုစု (၁၂၆) ဘဝ ကျရ၏။

## (၅၂၉) ၂၇–တေဓိအလောင်း နှစ် ၂၀–နန်းစံလို့ အနှင်(ဖှစ်သေးင်း)ငဲ့ခံရပုံ

တနာရီ နန်းစံလျှင် နာရီပေါင်း(၄၀၀၀)ခံရမည်။ တရက် နန်းစံလျှင် ရက်ပေါင်း(၄၀၀၀)ခံရမည်။ တလနန်းစံလျှင်လပေါင်း (၄၀၀၀)ခံရမည်။ တနှစ်နန်းစံလျှင် နှစ်ပေါင်းလေးထောင်ခံရမည်။ တဘ၀ နန်းစံလျှင် ဘ၀ ပေါင်း လေးထောင် ခံရမည်ဟု ဝေဘန်၍ကြည့်ကြပါကုန်။ ။ငါတို့ပြုနေကြသော နိဗ္ဗာန်ဆုတောင်းတဲ့ ဝိဝဋ္ဋကား အလောင်းတော်ကြီး၏ဖြစ်ပုံနှင့် စာကြည့်ပါလျှင် ဘယ်လိုများ အခေါက်များအုံးမည်နည်း၊ စဉ်းစားကြ တွေးကြပါကုန်။

ဤတွင်-ဝဋ္ဋနှင့် ဝိဝဋ္ဋ ရှင်းတမ်းကြီး ပြီး၏။

---

## (၅၃၀) ၂၈–ဉာဏစာဂိဝါဒကို လုံး၀ထောက်ခံနေသော ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ဆုံးဖြတ်အပ်သော ပရမတ်တရားပေါ်ပုံနှင့် ပညတ်တရားပေါ်ပုံ ဝိနိစ္ဆယ

၎င်းမဟာစည် ဆရာတော်ရေးသားအပ်သော (ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ)တတိယနှိပ်ခြင်း၊ ၁၃၁၂-ခုနှစ်ထွက်စာအုပ်၊စာမျက်နှာနံပါတ် (၁၈)တွင် ပါရှိပုံကား။ ။သမာဓိ အား အထူးကောင်းလာလျှင် များစွာသော ယောဂီတို့မှာ (ယားမှု၊ ပူမှု၊ နာကျင်ကိုက်ခဲမှု၊ လေးလံမှု၊တင်းကြပ်မှု၊) စသောမခံသာတဲ့ဝေဒနာအမျိုးမျိုးကို ထင်ရှားတွေ့ရတတ်ကုန်၏။မှတ်ဘဲ ရပ်နားလိုက်လျှင် ထိုဝေဒနာမှာ ချက်ချင်းပင်ပျောက်သွား၏။ မှတ်မြဲ မှတ်ပြန်လျှင် တဖန်ပေါ်လာပြန်၏။ ဤလိုဝေဒနာမှာ (ရောဂါမဟုတ်) တရားသဘောအတိုင်း ထင်ရှားပေါ်လာတဲ့ (ဝေဒနာ) ဟူ၍သာဆုံးဖြတ်ပါ။ မကြောက်နဲ့၊ ထိုဝေဒနာကိုသာ ရှုးဖိုက်၍အဘင်းမှတ်နေပါ။ တဖြေးဖြေး သေးငယ်၍သေးငယ်၍ပျောက်ကင်းသွားပါလိမ့်မည်။ (အဲဒါက ပရမတ်ခဘော်ပေါ် ပုံ အဆုံးအဖြတ်တည်း။)

(ငှင်းစာနှင့်တဆက်ထဲဆက်၍ရေးပြန်သည်မှာ)ထို့ပြင် အမျိုးမျိုးသော အဆင်း သဏ္ဍာန်အာရုံများကိုလဲ ရှေးနားတွင် မျက်စေ့နှင့်မြင်ရသလိုပင် အထင်အရှား တွေ့မြင်ရတတ်၏။ ရောင်ခြည်တော်များနှင့် တကွ အလွန် သပ္ပါယ်သောဘုရားသခင် ကြွလာသကဲ့သို့ငှင်း၊ ကောင်းကင်မှ သံဃာ တော်များ ကြွလာသကဲ့သို့ငှင်း၊ ဆင်းတုတော်-စေတီတော်များ မျက် မှောက်မှာ ရှိနေသကဲ့သို့ငှင်း၊ကြည်ညို ခင်မင်သော ပုဂ္ဂိုလ်များ ရောက်လာ သကဲ့သို့ငှင်း၊ သစ်ပင် တောတောင် ဥယျာဉ် တိမ်တိုက်များကို တွေ့နေရ သကဲ့သို့ငှင်း၊ ဖူးဖူးရောင်သော သူသေကောင် အရိုးစုကောင်ကြီးများ အနီးမှာ ရှိနေသကဲ့သို့ငှင်း၊ ဒိမ်တိုက်ကျောင်းဆောင် လူကောင်ကြီးများ ·ရှေ့နားတွင် ဖရိုဖရဲ ကြေမွပျက်စီးသကဲ့သို့ငှင်း၊ မိမိ၏ကိုယ်မှာ ဖေါင်းပွ လျက်၊ သွေးသံရဲရဲဖြစ်လျက် နှစ်ပိုင်း သုံးပိုင်းပြတ်လျက် အရိုးစုမျှဖြစ်လျက် တမျိုးတမည် ဖေါက်ပြန်သွားသကဲ့သို့ငှင်း၊ ကိုယ်ထဲက အရိုးအသား အကြော အူအသဲ ပိုးကောင်များကို တကယ်မြင်ရသကဲ့သို့ငှင်း၊ ငရဲဘုံ နတ်ဘုံများ ငရဲသူ ငရဲသားများ ပြိတ္တာများ နတ်သမီး နတ်သားများကို တကယ်တွေ့နေရသကဲ့သို့ငှင်း၊ ဤသို့စသည်ဖြင့် ဆန်းဆန်းရိုးရိုးအမျိုးမျိုး သော အဆင်းသဏ္ဍာန်အာရုံများကို ထင်ရှားတွေ့ရတတ်၏။(သမာဓိအဟုန် ကြောင့် စိတ်ကညွတ်မိတိုင်း) ထင်ပေါ်လာသော (ပညတ်) အာရုံမျှချည်း သာတည်း။ (ဆဲဒါက ပညတ်တရားပေါ် ပုံအဆုံးအဖြတ်ပင်တည်း။)

ဤမဟာစည် ဆရာတော်ရေးသားအပ်သော (ပရမတ်-တရားပေါ်ပုံနှင့် ပညတ် တရားပေါ်ပုံဝိနိစ္ဆယ) ကိုမြင်ရ သိရ တွေ့ရ နားလည်သော ပုဂ္ဂိုလ် များက ငှင်းအဆုံးအဖြတ်သည်၊ ဉာဏစာဂိ မဟာထေရ်၏ ရေးသား ဟောကြား ပြသအပ်သော ဓာတ်တရား ကလာပ်တရား ပရမတ်တရား တို့ကို ချွင်းချက် ချန်ထားချက် မရှိဘဲ လုံးဝထောက်ခံသော အဆုံးအဖြတ် ပင်တည်းဟု ဝမ်းမြောက်ကြသည်။ ဤသာသနာတော်ကြီး၌ (ဝါဒကွဲ- ဝါဒပြား) မရှိ လုံးဝတူညီကြပြီး စိတ်ချလက်ချနှင့် တူမျှသော-ဝါဒအတိုင်း ကျမ်းဂန်အတိုင်း အားထုတ်ရဲကြတော့မည်ဟုလို....။ ဝါဒအတွက်နှင့် တဖက်နှင့်တဖက် ငြင်းချက်လဲမရှိ အကုသိုလ်ဖြစ်ချက်လဲမရှိ ကင်းရတော့ မည်။

## (၅၃၁) ၂၉-အဘဲဖြင်ဖြစ်
## မူလမင်းကွန်း-ပဌမ ဆရာတော်ဘုရားကြီးက
## ထောက်ခံနေပါပြီ

မြန်မာနိုင်ငံတော် မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး၏ ဝိပဿနာဉာဏ်စဉ်ကြီး၌ အတိအလင်း ထောက်ခံနေပုံကား။

(က) မျက်နှာနံပါတ် ၈၅၊ ကြောင်းရေ ၁၇-၌ တွေ့ရပုံကား။ ဉာဏ် အမြင်စင်ကြယ်အောင် ရုပ်ကိုသုမ်သင် ရှင်းလင်းသဖြင့် မိုးရွက်ဆိတ်သွား သလို တရွရွ တလှုပ်လှုပ် ခြသွားသလို တရွရွတလှုပ်လှုပ်။ ပဒုအုံလို တဆွဲ့ဆွဲ့တချန်ချန်။ ပုအုံလို တဆွဲ့ဆွဲ့တချန်ချန်။ ဤသို့ တရွရွ တလှုပ်လှုပ် တဆွဲ့ဆွဲ့တချန်ချန် အာရုံပြုသော နာမ်အစဉ် အလိုလို ထင်၏။

(ခ) မျက်နှာနံပါတ် ၈၇- ကြောင်းရေ ၁၁-၌(က) အမှတ်အတိုင်းပင် ရေးသား၍ထောက်ခံပြန်၏။

(ဂ) မျက်နှာနံပါတ် ၉၀-ကြောင်းရေ ၁၈-၌(က) အမှတ်သဘောပင် ရေးသား၍ထောက်ခံပြန်၏။

(ဃ) မျက်နှာနံပါတ် ၁၉၆-ကြောင်းရေ၂၅-၌ သင်္ခတသမုဟကိစ္စ အာရမ္မဏ ဃနအပိုင်အခဲ ပြိုကွဲ၍ တသဲသဲတရုတ်ရုတ် တမဟုတ်မျှမလစ် ဖြစ်သောသဘောကို ဥဒယဟု၊ ပျက်သောသဘောကို ဝယဟု ရှုနည်းကို ပြသော နာသဝိပဿနာဖြင့်။

(င) မျက်နှာနံပါတ် ၁၉၇-ကြောင်းရေ ၂၇-၌၎င်း၊ မျက်နှာနံပါတ် ၁၉၈- ကြောင်းရေ ၂၇-၌၎င်း၊ (ဃ) အမှတ်အတိုင်း ရေးသား ထောက်ခံ၏။

(စ) မျက်နှာနံပါတ် ၃၂၃-ကြောင်းရေ ၂၄-၌ ထုံးကဲသော မိုးသေး မိုးမှုန်း မိုးပေါက်အား ကြီးသောမိုးချုသည်ရှိသော် ရေပြင်၌များစွာများစွာ သော ရေသေး ရေမှုန်း ရေတဖွားဖွား ရေတဖွက်ဖွက် လျင်စွာလျင်စွာ ဖြစ်၍ ပျက်သည်ကို မြင်ရသကဲ့သို့ ထို့အတူ။

(ဆ) မျက်နှာနံပါတ် ၅၀၃-ကြောင်းရေ ၁၀-၌ထိုသခ်ါရပေက္ခာဉာဏ် သည်ကား။ ဗန်းစကော၌မုန့်ညက်ကို ဆင့်သကဲ့သို့ တဖွားဖွား ဖတ်အပ်

သော ဝါဝမ်းဗိုင်ကို ဖတ်သကဲ့သို့၊ တဖွားဖွား အထူးထူးအပြားပြားသော အခြင်း အရာအားဖြင့် သင်္ခါရကို သိမ်းဆည်း ဆင်ခြင်၍၊ များစွာရေး၍ ထောက်ခံသော်လည်း ဤမျှသာထုတ်ယူ၍ ပေါ်ပြရခြင်း ဖြစ်ပါတော့သည်။ ထို့ပြင်မိုးညှင်းဆရာတော်ဘုရားကြီး၏ထောက်ခံချက်။လယ်တီဆရာတော်ဘုရားကြီး၏ ထောက်ခံချက်။ စစ်ကိုင်း မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ထောက်ခံချက်စသော ထောက်ခံချက်ပေါင်း (၁၉) ကို ထောက်ခံပုံနှင့်တကွ သိလို ဖတ်လို ရှုလိုသော ပုဂ္ဂိုလ်များသည် (၆-၀) တန်၊ (သောတာပန်ဖြစ်ခကြောင်း လမ်းနှင်တွေ့ရပြီးကျမ်း၌) ဘတ်ရှုဆင်ခြင်တော်မူကြပါမည့်အကြောင်း။

## (၃၀) ဉာဏစာရီ၏ ခေတ်ကာလပွဲန္တာန်းကို

ဗမာနိုင်ငံလုံးဆိုင်ရာ မဟာသံဃာ အဖွဲ့ချုပ်ကြီးမှရင်း၊ ဂိုဏ်းပေါင်းစုံ သံဃာအဖွဲ့ချုပ်ကြီးမှရင်း ထောက်ခံအားပေးသည့်ပြင်၊ ဉာဏစာရီမဟာထေရ်ကို ထိုသံဃာအဖွဲ့ချုပ်ကြီးမှ ယိုးဒယားပြည်သို့ သာသနာပြုလွှတ်ရန်ပင် အမိန့်တော်မြတ် ချမှတ်ထားခဲ့လေသည်။ ဤကားသက်သေပင်တည်း။ ဤမျှမကသေး နိုင်ငံကျော်ဦးညေယျခေါ်သာယာဝတီ ဆရာတော် ဘုရားကြီးကလည်း၊ မိမိနှင့်တကွ အောင်မြင်ခြင်းအဖွဲ့ဝင် တပည့်များနှင့်ပါလုံးလုံးလျားလျား အားပေးမြှောက်စားချီးမြှင့်ခြင်းခံရလေသည်။

အဲဒါ တရားစစ် တရားမှန် ဖြစ်လို့ပဲဟု တထစ်ချ ယုံမှတ်ပြီး လူတိုင်းပင် အားထုတ်ကြစေလိုပါကြောင်း။

---

## (၃၃၂) တရားအစစ် အမှန်ဆုံး ရှာနည်း

### ဉာဏစာရီ မဟာထေရ်၏နိဿျ

စက္ခာဒိ မဟာဘူတာနိ စတုန္နဥ္စ မဟာဘူတာနံ ဥပါဒါယရူပံ။ ။ (အရိယဝံသ၊ သဂြိုဟ်၊ ပဏ္ဏာသ, ဝိသုဒ္ဓိမဂ္ဂ,ခန္ဓဝဂ္ဂ ပါဠိအဋ္ဌကထာများ) ဝဏ္ဏုမှိ နာမာနိ ဥပ္ပဇ္ဇန္တိ။ ။စေတသိကာ စေတသိကံ။ ဤပါဠိတော် အဋ္ဌကထာ၊ ဋီကာ၊ လက်သန်းကျမ်းဂန်တို့အရမှာ—

## ပရမတ္ထတရားတို့ မှီ၍နေကြပုံကား

ခတ်ကြီး ၄၊ ဥပါဒါရုပ် ၂၄၊ စိတ် ၁၂၁၊ စေတသိက် ၅၂၊ နိဗ္ဗာန်
ပဌမဌာန ဒုတိယ တတိယ စတုတ္ထ ပဥ္စမ

ဓာတ်ကြီး ၄-ပါးခေါ်၊ မဟာဘုတ် ၄-ပါးခေါ် ဘူတရုပ် ၄-ပါးကိုပထမ တွေ့အောင်ရှာရမည်။ တွေ့လျှင် ဥပါဒါရုပ် ၂၄-ထဲက တခုခုတွေ့မည်။ တွေ့လျှင် စိတ် ၁၂၁-ထဲက တခုခုတွေ့မည်။ တွေ့လျှင် စေတသိက် ၅၂-ပါး ထဲက တခုခုကိုတွေ့မည်။ တွေ့လျှင် နိဗ္ဗာန်ကိုပင် တွေ့မည်။ ဓာတ်ကြီး ၄-ပါးက စ၍ ပ-ဒု-တ-စ-ပ တို့သည် အဆင့်ဆင့် မှီ၍ နေကြပါသည်။ ပင် ရင်း တွေ့လျှင် ကျန်လဲ တွေ့ မည် ပင်။ ဒါ့ဒါလို အဆင့်ဆင့်တက်သွားမှ တွေ့သွားမှ အခွန်ပါ။ ။ဥပမာ၊ မြေကြီးသည် တည်ရာပါဘဲ၊ ၎င်း၌အိမ်တွေ၊ ၎င်း၌လူတွေ၊ ၎င်း၌ စိတ်တွေ၊ ၎င်း၌ စေဘသိက်တွေ၊ ဆင့်ဆင့်နေဘာလိုပါဘဲ။ တနည်း၊ဥပမာကားရေသောက် မြစ်၌ အမြစ်ဆုံတည်သည်။ ၎င်း၌ အပင်လုံး၊ ၎င်း၌အခွကြီးများ၊ ၎င်း၌ အခက်ကြီးများ၊ ၎င်း၌အခက်လတ်များ၊ ၎င်း၌အခက်ငယ်များ၊ ၎င်း၌ အညွှာတို့၊ အပွင့်တို့၊ အသီးတို့၊ အရွက်တို့ စားသုံးစရာတွေ နောက်ဆုံး၌ ပြီး၍စုလျက် နေဘာလို ဓာတ်ကြီး ၄-ပါး၌ ကျန်တရားများ ဆင့်ဆင့်နေပါသည်။ က-ခ,စသည်၌ ဗိဒုကတ်စာပေဘည်တာလိုပါဘဲ။

## တရားတွေ့စဉ်

ဓာတ်-ကလာပ်-ရုပ်နာမ်-လက်-ဉာဏ်-မဂ်-ဖိုလ်-နိဗ္ဗာန်
၁ ၂ ၃ ၄ ၅ ၆ ၇ ၈

ဒါ့ဒါလိုတရားအားထုတ်တော့ တွေ့သွားသောအစဉ်တည်း။ပထမဦးစွာ ဓာတ်လေးပါးတွေ့ပါသည်။ ရုပ်များတော့ တကိုယ်လုံးရှိကလာပ်ကိုတွေ့ ပါသည်။ထို့နောက် ရုပ်နာမ်အစစ်ကိုတွေ့ပါသည်။ ၎င်းနောက် လက္ခဏာ ရေး ၃-ပါးကိုတွေ့ပါသည်။ ၎င်းနောက် ရှုရင်းရှုရင်း သမ္မသနကစ၍ ဉာဏ်စဉ် ၁၀-ပါးတွေ့ပါသည်။ ရင့်ရင့်လာတော့ မဂ်ဉာဏ်ရပါသည်။ ၎င်းနောက်ဖိုလ်ဉာဏ်ရပါသည်။ ၎င်းနောက် အဆုံးနိဗ္ဗာန်ကိုရပါသည်။ ဒါ့ဒါဟာ တွေ့သွားစဉ် ကျင့်သွားစဉ်ကြီးပါဘဲ။

## ခေတ်ဘုရားအရောက်တက်လှမ်းကြပါ

မဟာစည်ဆရာတော်ရေး မဟာသတိပဋ္ဌာန်
တရားတော်ကြီး၌

(ဧသ၊ သွားလျှင် သွားသည်ဟုဆိုသော ဘုရားစကားတော်နှင့်အညီ ရှုမှတ်နေတဲ့ ဤယောဂီသည်။ ဧဝံ ပဇာနာတိ၊ ဤသို့အပြားအားဖြင့်သိ၏။) အပြားအားဖြင့်သိပုံကို သေသေချာချာ နားဗိုက်ကြပါ။ (ဂစ္ဆာမိတိ စိတ္တံ၊ သွားမယ်ကြံတဲ့စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ရှေးဦးစွာဖြစ်ပေါ်၍လာ၏။ တံ၊ ထုံစိတ်က။ဝါယံ ဇနေတိ၊ တောင့်တင်းလှုပ်ရှားမှုကိုဖြစ်ပေါ်စေ၏။)တောင့်တင်းတာက ဝါယောဓာတ်ရဲ့ ဝိညတ္တိနဲ့ဘဲ၊ လှုပ်ရှားတာက သမုဒီရဏရသဘဲ၊ စိတ္တဇကြိယာ ဝါယောဓာတု ဝိပ္ဖါရေနံ၊ စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ် တောင့်တင်းလှုပ်ရှားမှု၏ ပျံ့နှံ့ခြင်းကြောင့်။ သကလ ကာယဿ၊ တကိုယ်လုံး၏။ ပုရတော အဘိနီဟာရော၊ ရှေ့သို့တွဲ့တွဲ့ဆောင်သွားခြင်းကို။ဂမနန္တိ ဝုစ္စတိ၊သွားတယ်ဟု-ခေါ်ရတာဘဲဟု သိ၏။ ။ယောဂီဟာ ဒီအတိုင်းသိရမတဲ့၊ ဒီလိုသိတာဟာ ပဇာနာတိအရ အပြားအားဖြင့်သိတဲ့ ဉာဏ်ပါဘဲတဲ့။ ၎င်းစာအုပ်နံပါတ် ၃၀၊ ကြောင်းရေ ၁၆-၌ပါ ရှိပုံတည်း။

### ဣရိယာပထ ဝိပဿနာ၌

သွားတယ်။ ဝါယောဓာတ်တွန်းကန်မှုသဘောဘဲ။
အိပ်တယ်။ ၎င်း

### သမ္ပဇဉ် ဝိပဿနာ၌

ကြွားတာ မြင်တာ နံတာ ထိတာ။ ဓာတ်ချည်းဘဲ။

ဣရိယာပထက ဓာတုတက်ပြပုံနှင့် သမ္ပဇဉ်က ဓာတုသို့တက်၍ပြပုံ ထောက်၍ ဓာတ်တရားသာ အချုပ်ဟုသိကြပါ။

### ခေတ်ဘုရားအထိ ပွါးများကြ

မဟာသတိပဋ္ဌာန်ပါဠိတော်၌ သေသေချာချာကြည့်တော့

| | |
|---|---|
| ဓာတုမနသိကာရ | အထက်တန်းဝိပဿနာ |
| သမ္ပဇဉ် | အလယ်တန်းဝိပဿနာ |
| ဣရိယာပထ | အောက်တန်းဝိပဿနာ |

## မဟာစည်အသံသွင်းဘာရား စေတ္တဖြိုင်းမှ

ဒါကြောင့် အဋ္ဌကထာမှာ ထင်ရှားသိလွယ်တဲ့ရုပ်ကစပြီး ရှုရမယ်လို့ ဆိုထားပါတယ်။ ပြီးတော့ရုပ် ၂၈-မျိုးထဲမှာလဲ အကြမ်းဆုံးဖြစ်တဲ့ မဟာဘုတ်ရုပ်ကြီးတွေကစပြီး ရှုရမယ်လို့ဆိုထားပါတယ်။ ဒီမဟာဘုတ်လေးပါးထဲက ပထဝီ, တေဇော, ဝါယောဆိုတဲ့ ဓာတ် ၃-ပါးဟာ တွေ့ထိပြီး သိရတဲ့ ဖေါဋ္ဌဗ္ဗရုပ်ချည်းဘဲ။ ဒီတော့ ကိုယ်မှာထင်ရှား တွေ့ထိရာကို ရှုးရိုက်ပြီးထိတယ်, ထိဘယ်စသည်ဖြင့် ရှုမှတ်နေရင် ခက်မာကြမ်းနှုံးဆိုတဲ့ ပထဝီဓာတ်ကိုဘဲဖြစ်ဖြစ်၊ ပူနွေးအေးတဲ့ တေဇောဓာတ်ကိုဘဲဖြစ်ဖြစ်၊ တောင့်တင်းလှုပ်ရှား ဝါယောဓာတ်ကိုဘဲဖြစ်ဖြစ်၊ ဟောဒီဓာတ် ၃-ပါးထဲက တပါးပါးကို သိတာကတော့ ကိန်းသေနေတာဘဲ။ အာပေါဓာတ်ဆိုတာကတော့ တွေ့ထိရတဲ့ရုပ်မဟုတ်ပါဘူး။ဒါပေမယ့်-တွေ့ရာ,ထိရာမှာ ရိုက်ပြီး မှတ်နေရင် ယိုစီးမှု ဖိုထိုင်းမှု၊ ဖွဲ့စေးမှုဆိုတဲ့ အာပေါဓာတ်ရဲ့ (လက္ခဏာ, ရသ,ပစ္စုပဋ္ဌာန်)တွေကိုလဲထင်ရှားသိနိုင်တာဘဲ။ဒါကြောင့်ကိုယ်အမူအရာ၊ အတွေ့,အထိများကို ရှုးရိုက်ပြီး။ မှတ်တိုင်း မှတ်တိုင်း၊ ဓာတ်လေးပါးထဲက တပါးပါးက လက္ခဏာ, ရသစသည်နဲ့ မှန်ကန်စွာ သိသိသွားတယ်ဆိုတာကို နားလည်ထားကြရမယ်။

ဒီဓာတ်လေးပါးထဲက ဝါယောဓာတ်သိပုံတခုကိုတော့ ပြလိုက်ရဦးမယ်။ သွားတယ်, ရပ်တယ်စသည်ဖြင့် မှတ်တဲ့အခါမှာ (ထောက်ကန်တောင့်တင်း) မှုကို သိသိသွားတာက ဝါယောဓာတ်ကို ဝိတ္ထမ္ဘနလက္ခဏာနဲ့သိတာဘဲ။ ။တရွေ့ရွေ့ခြင်းရွေ့ရှားမှုကို သိသွားတာက သမုဒီရဏရသနဲ့ သိတာတဲ့။ ။ဆွဲဆောင်နေသလို တွန်းပို့နေသလို သိသိသွားတာက အဘိနီဟာရ ပစ္စုပဋ္ဌာန်နဲ့ သိတာဘဲ။ ။ပထဝီ,အာပေါ,တေဇော-တို့ကိုသိရာမှာလဲ ဒီနည်းအတိုင်းပါဘဲ။

ဆဲဒါ မဟာစည်ဆရာတော် အသံသွင်းသော မဟာသတိပဋ္ဌာန် တရားတော်ကြီး စေတ္တဖြိုင်း မျက်နှာနံပါတ် ၅၇-ကြောင်းရေ ၂၃-မှ ထုတ်နုတ်ပြချက်ပင်တည်း။

| | |
|---|---|
| ပညတ်သိ | ပရမတ်သိ |
| သွားတယ်ဟုသိ | ဝါယောဓာတ်ဟုသိ |
| ရပ်တယ်ဟုသိ | ဝါယောဓာတ်ဟုသိ |
| လှုပ်တယ်ဟုသိ | ဝါယောဓာတ်ဟုသိ |

ရပ်ရာ၌။ သွားနေရာမှရပ်အောင် ဝါယောဓာတ်ကပြုပေးမှ ခတ် အမှုအရာကို ရပ်တယ်ဟုဆို၏။

---

## ဝန္န ဝိဝန္န ဋီကာ

(၁၄၃) ဝန္န ဝိဝန္န ရှင်းတမ်းကြီး၌ရှုကြည့်သောအခါ

၁—ပဌမ၌ ဝိပဿနာနှင့် မဂ် ၄-ပါးသည်။ ဝိဝန္နတည်း။ ။ကျန် ကုသိုလ်များဝန္နဟုသိ။

၂—ဒုတိယ၌ သက္ကာယဒိဋ္ဌိကွာလျှင် ဝိဝန္နတည်း။ သက္ကာယဒိဋ္ဌိ မကွာလျှင် ဝန္နတည်း။

၃—တတိယ၌ အဝိဇ္ဇာကွာလျှင် ဝိဝဋ္ဋတည်း။ အဝိဇ္ဇာမကွာလျှင် ဝဋ္ဋတည်း။

၄—စတုတ္ထ၌ အဝိဇ္ဇာယတွေဝ ပင်္ခလုံနယ်သည် ဝိဝန္နတည်း။ အဝိဇ္ဇာပစ္စယာ သင်္ခါရ-နယ်အနုလုံသည် ဝန္နတည်း။

၅—ပဉ္စမ၌ သမ္မာပဋိပဒါသည်၊ ဝိဝန္နတည်း။ မိစ္ဆာပဋိပဒါသည် ဝဋ္ဋတည်း။

၆—ဆဋ္ဌမ၌ ယာထာဝ နိယျာနိက သမ္မာပဋိပဒါသည် ဝိဝန္နတည်း။ အယာထာဝ အနိယျာနိက မိစ္ဆာပဋိပဒါသည် ဝန္နတည်း။

၇—သတ္တမ၌ သင်္ခါရ ၃-ပါးမှလွတ်ထားသည် ဝိဝန္နတည်း။ သင်္ခါရ ၃-ပါး၌အပါအဝင်ဒါသိထသည်ဝဋ္ဋတည်း။

၈—အဋ္ဌမ၌ မူလ ၂-ပါးကွာလျှင်ဝိဝဋ္ဋ။ မူလ ၂-ပါးမကွာလျှင်ဝန္န။

၉—နဝမ၌ စက် ၂-ပါးသတ်လျှင် ဝိဝဋ္ဋ၊ စက် ၂-ပါးမသတ်လျှင် ဝန္န။

၁၀—ဒသမ၌ ၃၅-ပြ နိဗ္ဗာန်ဆုယူ ဝိဝန္နတည်း။ ၃၅-ပြု၊ ဘဝဆု၊ ဝဋ္ဋတည်း။

၁၁—ဧကာဒသမ၌ နဲများလှူ၊ သမ္မာဌပိတလျှင် ဝိဝန္န၊ မိစ္ဆာဌပိတ လျှင် ဝန္န။

၁၂—ဒွါဒသမ၌ ပဋိစ္စသမုပ္ပါဒ် ပဋိလုံသည် ဝိဝန္န၊ ပဋိစ္စသမုပ္ပါဒ်၌ အနုလုံသည် ဝန္န။

ဤပုံစံအတိုင်း(ဝိဝဋ္ဋ)နှင့်(ဝဋ္ဋ)ကို ပိုင်းခြား၍သိရပါသည်။

တာပေမဲ့ စေ့စေ့စပ်စပ် သတိချပ်မိတော့ကာ

| | |
|---|---|
| ၁၀-နံပါတ် ဝဋ္ဋ,ဝိဝဋ္ဋ<br>၁၁-နံပါတ်ဝဋ္ဋ,ဝိဝဋ္ဋ<br>တစု<br>အတုအပများ | ၁ ၂-၃-၄-၅-၆ ၇-၀-၉-၁၂- ၎င်းတို့ကတစု၊<br>ငွေ,ဝိ ငွေပြချက် အလေးအနက်။အတိမ်အနက်ကွဲလွဲ<br>နေရာ(ဒါသီယ)ပြ၊ နိဗ္ဗာန်ဆု ၂-အင်္ဂါနဲ့လဲ ပြီးသလို။<br>ဒ စင်အမှန်၊ကေန်,ဇော၊မုချ ဝဋ္ဋ၊ဝိဝဋ္ဋတို့တည်း။ |

၁၀-နံပါတ်၌ပြခဲ့သော ဝဋ္ဋ, ဝိဝဋ္ဋသည်၎င်း (၁၁) နံပါတ်၌ပြခဲ့သော ဝဋ္ဋ,ဝိဝဋ္ဋသည်၎င်း၊ဤ ၂-ဌာန ဝဋ္ဋ,ဝိဝဋ္ဋတို့ကား ပရိယာယ်မျှသာ၊ ဥပစာမျှသာ၊ အတုအယောင်မျှသာ အတုအပမျှသာဟုမှတ်ရမည်။(၁-၂-၃-၄-၅-၆-၇-၀-၉-၁၂) တို့၌ပြခဲ့သောဝဋ္ဋနှဲ၊ ဝိဝဋ္ဋသည်သာလျှင် မုချ,ကေန်၊ အစစ်,အမှန်၊လိုရင်းဟုမှတ်ကြပါ။

(၁၀) နံပါတ် (၁၁)နံပါတ်က ဝဋ္ဋ,ဝိဝဋ္ဋတို့ကို ပရိယာယ်မျှ၊ ဥပစာမျှ၊ အတုအယောင်မျှ၊ အတုအပမျှ၊ဆိုသည်ကို (၁၃) နံပါတ်ကစ၍ ဖော်ပြလတ္တံ့။

## (၉၃၄) ၁၃-နံပါတ် ဝဋ္ဋ, ဝိဝဋ္ဋနှင့် မုချ ဥပစာ-ခွဲပြကြောင်း

ယံပနိဒံ ဝိဝဋ္ဋူပနိဿိတံ ကုသလံ၊ သေယျထိဒံ၊ ဣခေကစ္စော ဝိဝဋ္ဋံ ပတ္ထေန္တော ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဂန္ဓမာလာဒီဟိ ဝတ္ထုပူဇံ ကရောတိ၊ ဓမ္မံ သုဏာတိ၊ ဒေသေတိ၊ ဈာနသမာပတ္တိယော နိဗ္ဗတ္တေတိ။ ဝေံ ကရောန္တော (အနုပုဗ္ဗေန နိပ္ပရိယာယဓမ္မံ အမတံ နိဗ္ဗာနံ ပဋိလဘတိ) အယံ ပရိယာယဓမ္မော။ ။ပပဉ္စသူဒနီမည်သော မဇ္ဈိမနိကာယ အဋ္ဌကထာ၊ ဓမ္မဒါယာဒသုတ်အဖွင့်နှင့်၊ ပရမတ္ထဒီပနီမည်သော ခုဒ္ဒကနိကာယ အဋ္ဌကထာ၊ဣတိဝုတ်အဋ္ဌကထာ၊ဓမ္မဒါယာဒသုတ်အဖွင့်ပါဠိတည်း။

အချို့ပုဂ္ဂိုလ် တစုတို့ကား ဤပါဠိ၏ အဆုံး၌ (အယံပရိယာယဓမ္မော) ဟူသောပါဌ်ကို မရေးဘဲခြွင်းချန်၍ ထားခဲ့လေသည်။ ခြွင်းချန်မြှုပ်ထား၊ သို့ဖြစ်သော်လည်း (အနုပုဗ္ဗေန နိပ္ပရိယာယ ဓမ္မံအမတံ နိဗ္ဗာနံ ပဋိလဘတိ)

ဟူသောပါဠိကပင် အစစ်နှင့်မစစ်ကို ပြသလို သေသေချာချာ ရေရေရာရာ နေရာတကျသိရှိရပါပေသည်။

(ယံပနိဒံ) ကစ၍ (ဝေံကရောန္တော)အထိ၊ ဒါနပြု၊ သီလပြု၊ နိဗ္ဗာန်ဆုယူကြပေမဲ့၊ ဝိဝဋ္ဋကုသိုလ် ပရိယာယ်မျှ၊ ဥပစာမျှပါဘဲတဲ့။ သေသေချာချာ၊ မှတ်ထားပါဦး၊ (ဝိပဿနာဉာဏ်, မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်မှသာသျှင် ဝိဝဋ္ဋအစစ်ဟူ၍ ၎င်းအခန်းကထာ ၂- ကျမ်းကပင် တာဝန်ခံနေပါပြီ။ အာမခံဘာ၊ခံ၍နေပါပြီ။) (ဝိဝဋ္ဋအတုအပအယောင်၊ပရိယာယ်၊ဥပစာမျှ၏ အနက်ကိုပြန်ဆို၍ပြပါဦးအံ့။)

ဝိဝဋ္ဋူပနိဿိတံ၊ ဝဋ် ၃-ပါးမှကင်းလွတ်ရာနိဗ္ဗာန်ကို အမှီပြုသော။ ယံပန ကုသလံ၊ အကြင်ကုသိုလ်သည်။ အတ္ထိ၊ ရှိပါ၏။ ဣဒံ၊ ဤဝိဝဋ္ဋအတုအပ ဖြစ်သော ကုသိုလ်သည်။ သေယျထာကတမံ၊ အဘယ်သည်တို့နည်းဟူမူကား။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချို့သောသူသည်။ ဝိဝဋ္ဋံ၊ ဝဋ်မှကင်းရာ နိဗ္ဗာန်ကို။ ပတ္ထေန္တော၊ ဆုတောင်းလျက်။ ဒါနံ၊ ဒါနကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ သီလကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်ကံကို။ ကရောတိ၊ ပြု၏။ ဂန္ဓမာလာဒီဟိ၊ အနံ့,ပန်းအစရှိသည်တို့ဖြင့်။ ဝတ္ထုပူဇံ၊ ဘုရား,တရား,သံဃာအား ပူဇော်ခြင်းကို။ ကရောတိ၊ ပြု၏။ ဓမ္မံ၊ တရားကို။ သုဏာတိ၊ ကြားနာ၏။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟော၏။ ဈာနသမာပတ္တိယော၊ ဈာန်သမာပတ်တို့ကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ ဤအထိအနက်ရော၊ ပါဠိရော၊ဝိဝဋ္ဋအတု၊အပမျှသာတည်း။

(ဝိဝဋ္ဋအစစ်အမှန်၏အနက်ကား) ဧဝံ၊ ဤသို့။ ကရောန္တော၊ ပြုသည်ရှိသော်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ နိပ္ပရိယာယ ဓမ္မံ၊ ပရိယာယ်မ ဟုတ် အစစ်အမှန်ဝိဝဋ္ဋဖြစ်သော။ အမတံ၊ သေခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပဋိလဘတိ၊ ရရှိတော့၏။ (အဲဒါမှ ဝိဝဋ္ဋအစစ်၊မုချဘည်း)နိဂုံးချုပ်လိုသဖြင့် အယံ၊ ဒါနသီလကစ၍ ဈာန်သမာပတ် တိုင်အောင်သော ဤဝိဝဋ္ဋကုသိုလ်မျိုးသည်။ ပရိယာယဓမ္မော၊ အစစ်ကားမဟုတ်။ အတုအပ ဝိဝဋ္ဋမျှတို့သာတည်း။

ဝိဝဋ္ဋကုသိုလ်ဆိုတာဘာလဲတဲ့၊ဤသာသနာတော်၌ အချို့သောသူသည်၊ နိဗ္ဗာန်ကိုဆုတောင်း၍ ဒါနပြု၏။ သီလလုပ်၏။ ဥပုသ်ကံပြု၏။ ပန်း,နံ့သာစသည်တို့ဖြင့် ဘုရား,တရား, သံဃာအားပူဇော်၏။ တရားနာ၏။ တရားဟော၏။ ဈာန်သမာပတ်ကိုဖြစ်စေ၏။ ဤကား ဝိဝဋ္ဋကုသိုလ် အတု,အပ၊

ပရိယာယ်မျှသာတည်း။ ဤလိုပြုံ ပြုံလာတော့ အစဉ်အတိုင်း ဝိပဿနာ ဆင့်သို့တက်ရ၊ မဂ်အဆင့်သို့တက်ရ၊ ဖိုလ်အဆင့်သို့တက်ရ၊ ပရိယာယ် မဟုတ်၊ အစစ်အမှန်ဖြစ်သော ဝိဝဋ္ဋနိဗ္ဗာန်ရတော့၏။ ဤသည်ကား ဝိဝဋ္ဋ ကုသိုလ်မုချအစစ် အမှန်တည်း။

(၁၀) နံပါတ်၌ဖော်ပြသော (ယံပဟိကိဥ္စသောဝဋ္ဋပါဠိ) နှင့် (ယံပနကိဥ္စိ ဝိဝဋ္ဋံ၊ စသော ဝိဝဋ္ဋပါဠိ၊ ၂-ပုဒ်သည်ရင်း။ ။(၁၁) နံပါတ်၌ဖော်ပြသော အပ္ပမဏ္ဍကံစသော ဝဋ္ဋပါဠိနှင့် ဣဒံ မေ ဒါနံ စသော ဝိဝဋ္ဋပါဠိ ၂-ပုဒ် သည်ရင်း (ဝဋ္ဋ+ဝိဝဋ္ဋ) အတုအပ၊ ပရိယာယ်မျှ၊ ဥပစာမျှကိုသာ ဖော်ပြခဲ့ ပါသည်။ ။သာဓကမှာ ယခု(၁၃)နံပါတ်ပါဠိ၌(ပရိယာယမတ္တာ)ဟူသော ပါဌ်က သက်သေပြ၍နေပါသည်။

## ဝဋ္ဋသက်သေအထွေနှင့်ဖော်ပြရပါချေ၏

သင်္ချို ၂၀-နှင့် ကမ္ဘာတသိန်းကျင့်ခဲ့ရသောအလောင်းတော်ကြီးမှာပင် (၁၀+၁၁)နံပါတ်အတိုင်း(ဒါ-သီထလဲပြုံပါ၏+ ဘုရားဆုလဲတောင်းပါ၏) အဲဒီလိုဝိဝဋ္ဋ၊ ပဋ္ဌမတန်းကိုပြုခဲ့ပါလျက်နှင့် ၅၅၀-ဇာတ်တော်၌ရင်း၊ဗျာဒိတ် တော် ၂၄-၌ရင်း၊ အပါယ်ဘုံမှာ (၁၂၆) ဘဝ။ ဝဋ္ဋဖြစ်၍ နေရသေးပုံက၊ ပရိယာယ်မျှဟု သိသာစေပါတော့သည်။ တေမိအလောင်း (ဥဿဒငရဲ၌ အနှစ်၈စ်သောင်းခံရပုံ) ကို ကြည့်ပါချေ၏ ဝဋ္ဋသာဖြစ်သေးပုံ၊ ဝိဝဋ္ဋ မစစ် သေးပုံကို သိရပါသည်။

## (၅၃၅) ဝိဝဋ္ဋပြုရာ၌ စိတ်နေစိတ်ထား

ဝိဝဋ္ဋဝသေန ဥပ္ပန္နစိတ္တမေဝ ဝိဝဋ္ဋံ၊တဥ္ဇိ မနုဿသုခတော ဒိဗ္ဗသုခံ ဒိဗ္ဗသုခတော ဈာနသုခံ ဈာနသုခတော ဝိပဿနာသုခံ ဝိပဿနာ သုခတော မဂ္ဂသုခံ မဂ္ဂသုခတော ဖလသုခံ ဖလသုခတော နိဗ္ဗာနသုခံ အဘိဝဟတိ အာဟရတိတိ အဘိဝါဟာနံနာမ ဟောတိ။ ။ဒေက အင်္ဂုတ္တိုရ်အဋ္ဌကထာ။

ဝိဝဋ္ဋဝသေန၊ ဝဋ်မှကင်းရာ နိဗ္ဗာန်၏အစွမ်းအားဖြင့်။ ဥပ္ပန္နစိတ္တမေဝ၊ ဖြစ်ပေါ်လာသော စိတ်သည်သာလျှင်။ ဝိဝဋ္ဋံ၊ ဝိဝဋ္ဋကို အာရုံပြုသောစိတ် မည်၏။ ဟိသစ္စံ၊ မှန်၏။ တံ၊ ထိုဝိဝဋ္ဋအာရုံပြုသောစိတ်သည်။ မနုဿ

သုခတော၊ လူ၏ချမ်းသာခြင်းထက်။ ဒိဗ္ဗသုခံ၊ နတ်ချမ်းသာက လွန်ကဲ၏။ ဒိဗ္ဗသုခတော၊ နတ်ချမ်းသာထက်။ ဈာနသုခံ၊ ဈာန်ချမ်းသာက လွန်ကဲ၏။ ဈာနသုခတော၊ ဈာန်ချမ်းသာထက်။ ဝိပဿနာသုခံ၊ ဝိပဿနာချမ်းသာက လွန်ကဲ၏။ ဝိပဿနာသုခတော၊ ဝိပဿနာချမ်းသာထက်။ မဂ္ဂသုခံ၊ မဂ်ချမ်းသာက လွန်ကဲ၏။ မဂ္ဂသုခတော၊ မဂ်ချမ်းသာထက်။ ဖလသုခံ၊ ဖိုလ်ချမ်းသာက လွန်ကဲ၏၊ ဖလသုခတော၊ ဖိုလ်ချမ်းသာထက်။ နိဗ္ဗာနသုခံ။ နိဗ္ဗာန်ချမ်းသာကို။ အဓိဝဟတိ၊ ရွက်ဆောင်နိုင်၏။ အာဟရတိ၊ ဈေးရှု ဆောင်၏။ ဣတိတသ္မာ၊ထို့ကြောင့်။အဓိဝါဟန်နာမ၊ အဓိဝါဟာနမည်သည်။ ဟောတိ ဖြစ်၏။ ။အဓိပ္ပါယ်မှာ ထင်ရှားပြီဖြစ်၍ ပါဠိအနက်အတိုင်းသိကြ ပါကုန်။

## (၅၃၆) ဝိဝဏ္ဏကုသိုလ် ဝိပဿနာနယ်အတွက်

အပ္ပမာဏာရမ္မဏာ စေတနာ ဝိပါကာနံ ပရိတ္တာရမ္မဏာနံ ကမ္မပစ္စယေန ပစ္စယော။ ။ပရိတ္တာရမ္မဏ တိက်ပဋ္ဌာန်း ပါဠိ တော်ကြီး။

အပ္ပမာဏာရမ္မဏာ၊ မဂ်ဖိုလ်နိဗ္ဗာန်လျှင်အာရုံရှိသော။ စေတနာ၊ ဂေါ တြဘု စေဘနာနှင့် ပစ္စဝေက္ခဏာ ဇောစေတနာသည်။ ပရိတ္တာရမ္မဏာနံ၊ ကာမတရားလျှင် အာရုံရှိကုန်သော။ ဝိပါကာနံ၊ ပဋိသန္ဓေနှင့် ပဝတ္တိ ဖြစ်သော ဝိပါက်ခန္ဓာတို့အား။ ကမ္မပစ္စယေန၊ နာနာက္ခဏိက ကမ္မသတ္တိဖြင့် ပစ္စယော၊ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဤပဋ္ဌာန်းပါဠိတော်ကြီးကပင် အပ္ပမာဏာရမ္မဏ စေတနာ၊ ဝိဝဏ္ဏူပ နိဿိတ၊ ကံကုသိုလ်က (ဝိပါကာနံ ပရိတ္တာရမ္မဏာနံ) ဟူ၍ ကာမအာရုံ ဖြစ်တဲ့ ပဋိသန္ဓေ၊ ပဝတ္တိအကျိုးများကို ပေးနိုင်ကြောင်းဖြင့် ဘုရားပင် သက်သေလိုက်လျက် ထောက်ခံလေပြီ။

## (၅၃၇) ဝိဝဏ္ဏကုသိုလ် ဝိပဿနာ နယ်အတွက်

ပရိတ္တာရမ္မဏာတိကေ အပ္ပမာ ဏာ ရမ္မ ဏာ စေ တ နာ တိ သေက္ခာနံ ဂေါတြဘု စေတနာ ပစ္စဝေက္ခဏာ စေတနာတိပိ ဝတ္တုံ ဝဋ္ဋတိ။ ဝိပါကာနံ ပရိတ္တာရမ္မဏာနန္တိ ပဋိသန္ဓိယံ ကမ္မံ အာရမ္မဏံ

ကတ္ထာ ပဝတ္တေ စက္ခုဝိညာဏာဒိ ဝသေန ရူပါဒိအာရမ္မဏံ တဒါရမ္မဏ ဝသေန ဇဝနေန ဂဟိတ ပရိတ္တာ ရမ္မဏေ့ ကတ္ထာ ဥပ္ပန္နာနံ ယေဝပန ဝေါဟာရိတစိတ္တေန နတ္ထိ ပဋိသန္ဓိတိ ဝဒန္တိ။ တေ ဣမိနာ သုတ္တေန ပဋိသေဓေတဗ္ဗာ။ ။ပဋ္ဌာန်းအဋ္ဌကထာ။

ပါဠိ၏ ဘာသာပြန်ချက်ကား။ ။ပရိတ္တာရမ္မဏတိက်၌ အပ္ပမာဏာရမ္မဏာ စေတနာဆိုတာ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဂေါတြဘုစေတနာပါဘဲ။ တနည်း။ ။ပစ္စဝေက္ခဏာ စေတနာပါဘဲ၊ ဤလိုဆိုခြင်း၌ သင့်မြတ်လှပေ၏။ ဝိပါကာနံ ပရိတ္တာရမ္မဏံဆိုတာ ပဋိသန္ဓေအခါ၌ ကံကို အာရုံပြု၍ ပဝတ္တိအခါ၌လည်း စက္ခုဝိညာဉ် အစရှိသည်တို့၏ အစွမ်း အားဖြင့် ရူပါရုံအစရှိသောအာရုံကို တဒါရုံတို့၏အစွမ်းအားဖြင့် ဇောဖြင့် ယူအပ်သော ကာမအာရုံကို အာရုံပြု၍ ဖြစ်ကြကုန်သော တရားတို့သာ တည်း။

ဝါဒဘာပါးကို ဆိုဦးအံ့။ ဂေါတြဘုစိတ်ဖြင့် ပဋိသန္ဓေသည် မရှိဟူ၍ ပြောဆိုကြကုန်၏။ ထို ဝါ ဒ တ ပါး ရှိသောဆရာတို့၏ ဝါဒထူးကို ဤ အပ္ပမာဏာရမ္မဏာဟူသောသုတ်ဖြင့် တားမြစ်ပယ်ရှားအပ်တော့၏။

(ပဏ္ဍိတဝေဒနီယဋ္ဌာနန္တိ ဂဟေတဗ္ဗံ။ နသက္ကာ ဓာနိတုံ)

## (၅၃၈) ဝိဝဋ္ဋကုသိုလ်ဝိပဿနာ မဂ်ဒိုသ်အဆို

အာယတိံ ပဋိသန္ဓိ ယာ ပစ္စယော ဟောတီတိ သင်္ခါရုပေက္ခာ သမ္ပယုတ္တကမ္မဿ ဗလဝတ္တာ၊ တေနေဝ သုဂတိပဋိသန္ဓိယာ ဝိဂ္ဂမာနာယ အဘိနန္ဒနသင်္ခါတာ လောဘကိလေသော၊ အနာ ဂတေ ကာမာဝစရသုဂတိ ပဋိသန္ဓိယာ ပစ္စယော ဟောတိ၊ယသ္မာ ကိလေသ သဟာယံ ကမ္မံ ဝိပါကံ ဇနေတိ၊ တသ္မာကမ္မံ ဇနက ပစ္စယော ဟောတိ။ ကိလေသာ ဥပထမ္ဘကပစ္စယာ၊ သေက္ခဿပန ဥဏ္ဍုရိပဋိဝေဓဿေတိ၊ သကဒါဂါမိမဂ္ဂါဒိဝသေန သစ္စပဋိဝေဓဿ အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတီတိ၊ သေက္ခေသု သောတာပန္နသကဒါဂါမီနံ အနဝိဂတ ရာဂနာနံ သင်္ခါရုပေက္ခာ ကမ္မေန ဝိယျမာနာယ ကာမာဝစရသုဂတိ ပဋိသန္ဓိယာ အဘိနန္ဒန ကိလေသော ပစ္စယော ဟောတီတိ၊ ရာဂလောဘိနံပန သောတာပန္န

သကဒါဂါမိနံ အနာဂါမိဿ စ ဗြဟ္မလောကေယေဝ ပဋိသန္ဓိဒါနံ ပစ္စယော န ဟောတိ၊ အနုလောမ ဂေါတြဘုဟိ စ ဒိယျမာနာယ ပဋိသန္ဓိယာ အယမေဝ ကိလေသော ပစ္စယော ဟောတီတိ ဝေဒိတဗ္ဗော။ ။သဒ္ဓမ္မပ္ပကာသနီမည်သော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။

(အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတိ) ဆိုတာ သင်္ခါရုပေက္ခာ ဉာဏ်နှင့်သမ္ပယုတ္တဖြစ်သော စေတနာကံ၏အားကြီးသည်၏အဖြစ်ကြောင့် ထိုသင်္ခါရုပေက္ခာဉာဏ်နှင့် ယှဉ်သော သမ္ပယုတ္တဖြစ်သော စေတနာ ကံသည်သာလျှင် သုဂတိပဋိသန္ဓေကို ပေးသည်ရှိသော် အလွန်နှစ်သက် ခြင်းဟုဆို၏အပ်သော လောဘကိလေသာသည်၊ ဥပတ္ထမ္ဘကအဖြစ်ဖြင့် ဖြစ်၏။ ထိုပြုပြီးဇနကနှင့် ပြုပြီးဥပတ္ထမ္ဘကကြောင့် နောင်အခါ၌ ကာမာ ဝစရသုဂတိပဋိသန္ဓေ၏ အကြောင်းပစ္စည်းသည်ဖြစ်၏။ အကြင်ကြောင့် ကိလေသာအပေါ်သဟာယရှိသောကံသည် ဝိပါက်အကျိုးကိုဖြစ်စေ၏။ ထို့ကြောင့် ကံသည်ဇနက, အကြောင်းသည်ဖြစ်၏။ ကိလေသာတို့သည် ဥပတ္ထမ္ဘက,အကြောင်းတို့သည်၊ ဖြစ်ကုန်၏။

(သေက္ခဿပန ဥတ္တရိ ပဋိဝေဓေသု) ဆိုတာဟာ သကဒါဂါမိမဂ် အစရှိသည်တို့၏အစွမ်းအားဖြင့် သစ္စာ ၄-ပါးကို ထိုးထွင်း၍သိခြင်း၏ရင်း။

(အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတိ) ဆိုတာ သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့တွင် ဈာန်တရားကို မရရှိသေးကုန်သော သောတာပန်, သကဒါဂါမိပုဂ္ဂိုလ်တို့အား သင်္ခါရုပေက္ခာကံဖြင့် ပေးအပ်သည်ရှိသော် ကာမာဝစရသုဂတိပဋိသန္ဓေ၏ အလွန်နှစ်သက်ခြင်းဟုဆိုအပ်သော ကိလေ သာသည် ဥပတ္ထမ္ဘကအကြောင်းသည်ဖြစ်၏။ ကာ မာ ဝ စ ရ သုဂတိ ပဋိသန္ဓေကို ဇနက,ဥပတ္ထမ္ဘက ၂-ပါးဖြင့်ကျေးဇူးပြုပုံမှတပါး၊မပြုပုံကိုလဲ ပြဆိုပါဦးအံ့။ ဈာန်ရ၍ ဈာနလာဘီဖြစ်ကြကုန်သော သော တာ ပန်, သကဒါဂါမိတို့အားရင်း၊အနာဂါမိပုဂ္ဂိုလ်အားရင်း၊ ဗြဟ္မာပြည်၌သာလျှင် ပဋိသန္ဓေကိုပေးသောကြောင့် (ကာမာဝစရသုဂတိ ပဋိသန္ဓိယာ) ဆိုတာ မဖြစ်နိုင်တော့ပါ၊ သင်္ခါရုပေက္ခာဉာဏ်အတွက် ပဋိသန္ဓေ, ပဝတ္တိဖြစ်ပုံ ကဲ့သို့ပင် အနုလောမဉာဏ်, ဂေါတြဘုဉာဏ်တို့ဖြင့် ပေးအပ်သော ပဋိ သန္ဓေ၌လည်း ၎င်းကိလေသာမျိုးက ဥပတ္ထမ္ဘက အဖြစ်ဖြင့် ထောက်ပံ့ပေး မှသာ ပဋိသန္ဓေပေးနိုင်ပါသည်။

(ဇနကနှင့်ဥပတ္ထမ္ဘက) ပေါင်းမှ ပဋိသန္ဓေဖြစ်စေနိုင်ပုံကို အဘိဓမ္မာအဋ္ဌကထာ၌– အဝိဇ္ဇာနုသယပရိက္ခိတ္တေန၊ တဏှာနုသယမူလကေန၊ သင်္ခါရေန ဇနိယမာနံ။ ။ပါဠိဖြင့်သိရတော့၏။ အဝိဇ္ဇာနုသယပရိက္ခိတ္တေန၊ တဏှာနုသယမူလကေန၊ ၂-ပါးက ဥပတ္ထမ္ဘကပစ္စည်းတို့သာတည်း။ သင်္ခါရေန ဇနိယမာနံကား၊ ဇနကပစ္စည်းတည်း။ ဤလို ၂-ပါးစုံမှပင် ပဋိသန္ဓေကိုဖြစ်စေနိုင်ပါသည်။

## (၅၃၉) အမှတ်တမဲ့ပြုလုပ်ငင် ဝဋ္ဋကုသိုလ်ပင်

မာတာပိတူနံ ပုတ္တဓီတာသု သိနေဟဝသေန မုဒုစိတ္တံ။ ပုတ္တဓီတာနံ မာတာပိတူသု သိနေဟဝသေန မုဒုစိတ္တဉ္စ ဝဋ္ဋဂါမိကုသလံနာမ။ တဿ ပရိယောသာနံ မနုဿလောကေ စက္ကဝတ္တိနော သိရိဝိဘဝပဋိလာဘော။ ။စက္ကဝတ္တိသုတ်အဋ္ဌကထာ။

မာတာပိတူနံ၊ အမိအဘတို့အား။ ပုတ္တဓီတာသု၊ သားသမီးတို့၌။ သိနေဟဝသေန၊ချစ်ခင်ခြင်း၏အစွမ်းအားဖြင့်။ မုဒုစိတ္တံ၊နူးညံ့သောစိတ်နှလုံးရှိ၏။ ပုတ္တဓီတာနံ၊ သားသမီးတို့အား။ မာတာပိတူသု၊ အမိအဘတို့၌။ သိနေဟဝသေန၊ချစ်ခင်ခြင်း၏အစွမ်းအားဖြင့်။ မုဒုစိတ္တဉ္စ၊နူးညံ့သောစိတ်နှလုံးလည်းရှိ၏။ ဝဋ္ဋဂါမိကုသလံနာမ၊ ဝဋ်သုံးပါး၌ကျင်လည်ဘတ်သော ကုသိုလ်မည်သည်။ ဟောတိ၊ဖြစ်၏။ တဿ၊ ထိုဝဋ္ဋဂါမိကုသိုလ်၏။ ပရိယောသာနံ၊ အဆုံးကား။ မနုဿလောကေ၊ လူ့လောက၌။ စက္ကဝတ္တိနော သိရိဝိဘဝပဋိလာဘော၊စကြဝတေးမင်းအဖြစ်နှင့် ဓနစည်းစိမ်ကိုရခြင်းအဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

မိဘတို့သည် သားသမီးတို့အပေါ်၌ ချစ်ခင်ကြင်နာသည်၏အစွမ်းအားဖြင့် စိတ်နှလုံးနူးညံ့စွာဖြင့် ပေးလှူခြင်း၊ဝဋ္ဋဂါမိကကုသိုလ်တည်း။သားသမီးတို့သည် မိဘတို့အပေါ်၌ ချစ်ခင်ကြင်နာသည်၏အစွမ်းအားဖြင့် စိတ်နှလုံးနူးညံ့စွာဖြင့်လှူခြင်းသည်၊ဝဋ္ဋဂါမိက ကုသိုလ်တည်း။ထိုဝဋ္ဋဂါမိကကုသိုလ်ဆိုတာ လူ့ပြည်၌ စကြဝတေးမင်းအဖြစ်ကိုပေးနိုင်သည်။ ဓနစည်းစိမ်ကိုပေးနိုင်သည်။ မဂ်ဖိုလ်ကား ဝေးလှ၏။

## (၅၄၁) ဝိဝဋ္ဋကုသိုလ်မျိုး သာဝကများအတွက်

ဝိဝဋ္ဋူပနိဿိတံ ဗဟုံ ပုညကမ္မံ အကာသိ၊ သော တေဟိပုည
ကမ္မေဟိ တတ္ထတတ္ထ သုဂတိဘဝေသုယေဝ သံသရန္တော ဧကမသ္မိံ
ဗုဒ္ဓုပ္ပါဒေယေဝ အရဟတ္တံ ပါပုဏိ။ ။ထေရဂါထာအဋ္ဌကထာ။

ဝိဝဋ္ဋူပနိဿိတံ၊ဝဋ်ဲ ၃-ပါးမှကင်းရာဖြစ်သော နိဗ္ဗာန်ကိုမှီသော။ ဗဟုံ၊ များစွာသော။ ပုညကမ္မံ၊ ကောင်းမှုကုသိုလ်ကံကို။ အကာသိ၊ ပြုလုပ်ခဲ့လေပြီ။ သော၊ထိုမထေရ်၏အလောင်းသည်။ တေဟိပုညကမ္မေဟိ၊ ထိုဝိဝဋ္ဋဖြစ်သော ကုသိုလ်ကံတို့ကြောင့်။ တတ္ထတတ္ထ၊ ထိုထိုလူ့ဘုံ,နတ်ဘုံတို့၌။ သုဂတိဘဝေသုယေဝ၊ ကောင်းသောဂတိရှိသော ဘဝတို့၌သာလျှင်။ သံသရန္တော၊ကျင်လည်လျက်။ဧကမသ္မိံ ဗုဒ္ဓုပ္ပါဒေယေဝ၊ဤဂေါတမဘုရား၏ လက်ထက်တော်၌သာလျှင်။ အရဟတ္တံ၊ ရဟန္တာ၏အဖြစ်သို့။ ပါပုဏိ၊ ရောက်လေပြီ။

ဝိဝဋ္ဋကုသိုလ်များကား ပြုလုပ်သောဘဝကစ၍ နိဗ္ဗာန်အထိ တသံသရာကာလပတ်လုံး အကျိုးပေး၍ သွားနိုင်ပံုတည်း။ ရန်ကုန်မှမန္တလေးသို့ စာပို့ခိုးရထားစီးနင်းလိုက်ပါလာသောသူများသည်၊ အကြားဘူတာများ၌ ရထားဆိုက်သော်လည်း မဆင်းရဘဲ ပါသွား၍ မန္တလေးရောက်မှပင် ဆင်း၍ အလိုရှိရာကို သုံးစွဲနေထိုင်ရသကဲ့သို့၊ ထို့အတူပင် ဝိဝဋ္ဋကုသိုလ်ပြုသောသူများသည်၊ နိဗ္ဗာန်မရောက်မခြင်း ကုသိုလ်ရထားကိုစီးနင်းလျက် အကြားဘုံတို့၌ လည်၍မဆင်းတော့ဘဲ နိဗ္ဗာန်အထိသာတောက်လျှောက် ပေါက်မြောက် သွားရောက်ရတော့၏ဟူလို။

### ဝိဝဋ္ဋကုသိုလ် အလောင်းတော်ကြီးများအတွက်

ကပ္ပေစ သတသဟဿေ၊စတုရောစ အသင်္ခိယေ၊
ဧတ္ထန္တရေ ယံ စရိတံ၊သဗ္ဗန္တံ ဗောဓိပါစနံ။
စရိယာပိဋကတ်ပါဠိတော်။

ကပ္ပေစ သတသဟဿေ၊ ကမ္ဘာတသိန်းတို့ကာလပတ်လုံးငှင်း။ စတုရောစ အသင်္ခိယေ၊ လေးသင်္ချေတို့ကာလပတ်လုံးငှင်း။ ဧတ္ထန္တရေ၊ ဤ ၄-သင်္ချေနှင့်ကမ္ဘာတသိန်းတို့အတွင်း၌။ ကတံ၊ ပြုကျင့်အပ်သော။ ယံစရိတံ၊ အကြင် စရိယာ ၃-ပါး ပါရမီဆယ်ပါး စွန့်ခြင်းကြီးငါးပါးသည်။ အတ္တိ၊

ရှိ၏။ ထံသဖွဲ့၊ ထိုအလုံးစုံသောစရိယာ ၃-ပါး၊ ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီး ငါးပါးသည်။ ဗောဓိပါစန်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရင့်ကျက်စေ၏။

၄-သင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း၌ ပြုံသမျှသော ဝိဝဋ္ဋကုသိုလ်များကား နိဗ္ဗာန်ရောက်ဘို့ ဘုရားဖြစ်ဘို့သာ ဆုတောင်း၍ပြုခဲ့၏။ သို့ပါလျက် ဘုရားမဖြစ်ရသေးမီ အကြားအကြားတို့၌ လူမင်း,နတ်မင်း,ဗြဟ္မာမင်းတွေ အဆမတန်အောင် ဖြစ်၍ နေပုံကိုထောက်၍ငင်း၊ ၃၂-ပါးသော လက္ခဏာတော်ကြီး (၈၀) သော လက္ခဏာတော် ငယ်များ ရောင်ခြည် တော်ခြောက်သွယ်၊ အသံတော်၈စ်ပါး၊ စက်လက္ခဏာတော်၊ တရား၈စ်ကွက် စသော လောကီ အကျိုးတို့ကို ပေး၍နေဘာက သက်သေ သာကေ အထောက်အထားရ၏။ ဘုရားဖြစ်ခြင်း၊ နိဗ္ဗာန်ရခြင်းကလဲဆုနှင့်သင့်လျော်ပေ၏။ လိုဘာ၊ မလိုဘာ ၂-မျိုးစုံရ၏ဟူလို။

## (၅၄၂) အလောင်းတော်ကြီးများ၏ ဝိဝဋ္ဋကုသိုလ်ပုံစံ

ဒါနသီလသမထပြု ဘုရားဆုတောင်း ဝိပဿနာပွါးများ
ပဌမအင်္ဂါ ဒုတိယအင်္ဂါ တတိယအင်္ဂါ

ဤပုံစံအတိုင်း အင်္ဂါ ၃-ပါးစုံမှ ဝိဝဋ္ဋအစစ်အမှန်ဖြစ်၍ ဝင့်ပြတ်နိုင်သည်။

(၁) ယေစဗုဒ္ဓါ အတီတာစ၊ သမုဒ္ဒေ ဝါလုကူပမာ၊
ဒါနံဝ အာဒိံကတ္တွာန၊ သမ္ဗောဓိဥ လာဘက္တိ တေ။
အပဒါနပါဠိတော်။

သမုဒ္ဒေ၊ မဟာသမုဒ္ဒရာကြီးထဲ၌။ ဝါလုကူပမာ၊သဲလုံးနှင့်အမျှပွင့်တော်မူကြကုန်သော။ အတီတာ၊ လွန်လေပြီးကြကုန်သော။ ယေစဗုဒ္ဓါ၊ အကြင်ဘုရားရှင်ကြီးတို့ သည်လည်း။ ဒါနံဝ၊ ဒါနပါရမီကိုသာလျှင်။ အာဒိံ-ကတ္တွာန၊ အစပြုကာဆည်းပူးကြကုန်ပြီး၍။ တေ၊ ထိုဘုရားရှင်ကြီးတို့သည်။ သမ္ဗောဓိံ၊ သဗ္ဗညုတဉ္ဇြဉာဏ်တော်ကြီးကို။ လာဘက္တိ၊ ရကြလေကုန်၏။ ။ ဇဲဒါကပဌမအင်္ဂါ၊ ပါရမီ ၃၀-ဖြည့်ကျင့်ရပုံတည်း။

(၂) ဣဒံ မေ ပုညံ သဗ္ဗညုတဉာဏာဿ ပစ္စယော ဟောတု။ ။
ဇာတ်အဋ္ဌကထာ။

မေ၊ ငါ၏။ ဈာန်ပုညံ၊ ဤပါရမီကုသိုလ်ကံသည်။ သဗ္ဗညုတဉာဏဿ၊ သဗ္ဗညုတရွှေဉာဏ်တော်ကြီး၏။ ပစ္စယော၊ အကြောင်း အထောက်အပံ့ သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ။ဆဲဒါက ဒုတိယအင်္ဂါ၊ ဆုပဌနာ ပြုပုံတည်း။

(၃) ဗောဓိသတ္တဘူတဿ ဘဂဝတော တိပိဋကနုပဿနာ သမ္မဒါနေန ဝိပဿနာ ဉာဏဂဗ္ဘံ ဂဏှာပေတွာ အနုပုဗ္ဗာဓိဂတေန အရဟတ္တ မဂ္ဂေန အဝိဇ္ဇဏ္ဍကောသံ ပဒါလေတွာ အဘိညာပဋိသမ္ဘိဒါ ပဋိ ဗောဓိ ဒွေတွာ သောတ္ထိနာ သကလဗုဒ္ဓဂုဏ သန္တိကတကာလော ဝေဒိ တဗ္ဗော။ ။ပါရမီကထာအဋ္ဌကထာ။

ဘဂဝတော၊ မြတ်စွာဘုရား၏။ ဗောဓိသတ္တဘူတဿ၊ အလောင်းတော် ဖြစ်စဉ်က။ တိပိဋကနုပဿနာ သမ္မဒါနေန၊အနိစ္စ,ဒုက္ခ,အနတ္တ သုံးပါးအပြား ရှိသော ရှုပွါးခြင်းနှင့် ပြည့်စုံသဖြင့်။ ဝိပဿနာဉာဏဂဗ္ဘံ၊ ဝိပဿနာဆိုတဲ့ ကိုယ်ဝန်ယူခြင်းကို။ ဂဏှာပေတွာ၊ ယူစေ၍။ အနုပုဗ္ဗာဓိဂတေန၊ အစဉ် အတိုင်းရအပ်သော။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ အဝိဇ္ဇဏ္ဍကောသံ၊ အဝိဇ္ဇာတည်းဟူသောဥခွံကို။ ပဒါလေတွာ၊ ဖေါက်ခွဲ၍။ အဘိညာပဋိ၊ အဘိညာဉ်ဆိုတဲ့ အတောင်နှစ်ဘက်တို့ကို။ ပဋိဗောဓိ ဒွေတွာ၊ ခတ်၍။ သောတ္ထိနာ၊ချမ်းသာသဖြင့်။သကလဗုဒ္ဓဂုဏ သန္တိကတကာလော၊အလုံးစုံ သော ဘုရားဂုဏ်တော်ကို မျက်မှောက်ပြုသောကာလကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ။ဤကားအနက်တည်း။

ပုဒ်ရေ ၂၀-၌ ပြခဲ့ပြီးသော ပါဠိ ၃-ပုဒ်ကိုမြင်ရသဖြင့် သာမန်လူစား တို့ကိုမဆိုထားဘိ ဗုဒ္ဓကိုရ ဗောဓိသတ္တ ကမ္ဘာ့ အာဇာနည် ဘုရားရှင် အလောင်းတော်ကြီးများအားလုံးတို့သော်လည်း ပဌမအင်္ဂါ၊ ဒုတိယအင်္ဂါ၊ တတိယအင်္ဂါ ၃-ပါး စုံညီမှပင် သဗ္ဗညုဘုရားရှင်ကြီး အဖြစ်သို့ရောက်ရ ပါသည်။ ဝိဝဋ္ဋကုသိုလ်စစ်လို့ ဝဋ်သုံးပါး ပြတ်ရပါသည်။ အရှင်သာရိ ပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်ဟူသော အဂ္ဂသာဝကကြီးများ အရှင် မဟာကဿပစသော မဟာသာဝကကြီးများ၊ အရှင်စက္ကုပါလစသော ပကတိ သာဝကကြီးများ၊ ထို့ပြင် ၂၄-သင်္ချေ၊ ကုဋေ(၆၀)မိုလ်ခြေတသိန်း တို့နှင့်တကွ ပစ္စေကဗုဒ္ဓါ အလောင်းတော် များပင်လျှင် ပဌမ, ဒုတိယ, တတိယ အင်္ဂါ ၃-ပါး စုံညီမှသာလျှင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြရပါ သည်။

အချို့သောစာပေကျမ်းဂန် မနှံ့စပ်သေးသော ပညာဝါများက၊ ဒါန, သီလ, သမထပြုခြင်း ပထမအင်္ဂါ၊ မဂ်ဖိုလ်နိဗ္ဗာန်ဆုတောင်းခြင်း ဒုတိယအင်္ဂါ မျှနှင့် ဝိဝဋ္ဋဖြစ်၍ နိဗ္ဗာန်ရနိုင်သည်ဟု ထင်မြင်ယူဆပြီး ဟောကြပြောကြ၊ ဆုံးမကြရာ အင်္ဂါတပါးလိုသေး၍ ယခုအထိပင် သံသရာလည်ရ တုန်းဖြစ်သေးပါ၏။ ။အရေးအလွန့် အလွန်ကြီးလွန်းသဖြင့် ပထမ၌ ဝဋ္ဋ,ဝိဝဋ္ဋရှင်းတမ်းကြီးစာဘာစောင်။ ယခု ဝဋ္ဋ,ဝိဝဋ္ဋဒီကာ တစောင်ဟု ၂-စောင်မျှရေး၍ ကာယ်ဆယ်ရပါသတည်း။ လိုက်ကြပါစေကုန်။

(၁၄၃) ဒါနတောဘောဂဝါ သီလတော သုခိတာ ဘာဝနာတော နိဗ္ဗုတာ။ ။ပဥ္စမ, ဒုတိယ, တတိယ, ကား ဝဋ္ဋဒါန သီလ သမထဘည်း။ ။စတုတ္ထကား ဝိဝဋ္ဋတည်း။

အနက်ကား။ ။ဒါနတော၊ လှူဒါန်းခြင်းကြောင့်။ ဘောဂဝါ၊ စည်းစိမ်ချမ်းသာခြင်းရှိ၏။ သီလတော၊ စောင့်ရှောက် သိမ်းဆည်းခြင်းကြောင့်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိ၏။ ဘာဝနာတော၊ သမထနှင့် ဝိပဿနာတရားကိုပွါးများခြင်းကြောင့်။ နိဗ္ဗုတာ၊ ကိလေသာ ထောင့်ငါးရာမှ ငြိမ်းရပေ၏။

(၁၄၄) ဒါန,သီလ,သမထ, ဝိပဿနာ လေးဘက်လေးတန်စုံ တနည်း။ ဝိ-နှင့်ဒါန၊ ဝိ-နှင့်သီလ၊ ဝိ-နှင့်သမထတွဲတဲ့ ဒါသီထ မျိုးကား—

ဒါနဥ္စ လောကေ သဂ္ဂသမ္ပတ္တိံ ဒေတိ၊ မာရသမ္ပတ္တိံ၊ ဗြဟ္မသမ္ပတ္တိံ၊ စက္ကဝတ္တိသမ္ပတ္တိံ၊ သာဝကပါရမီဉာဏဥ္စ ပစ္စေကဗောဓိဉာဏံ သမ္ဗာသမ္ဗောဓိဉာဏံ ဒေတိ။

ဤဒါ ဝိပဿနာနှင့် တွဲ၍တွဲ၍နေတဲ့ ဒါနသီလသမထမျိုးပါ။ဝိဝဋ္ဋမျိုးပါ။ ပါဠိမြင်ရုံနှင့် သိရမည်။ အရိပ်ပြ အကောင်ထင်ရမည်။ ဒေသနာသဉ္ဇာ၍ ကြည့်ရမည်။

ဟိ သတ္တံ၊ မှန်လှပေ၏။ ဒါနံ၊ ဝိပဿနာနှင့်တွဲသော ဝိဝဋ္ဋဒါနမျိုးသည်။ လောကေ၊ လောက ၃-ပါး၌။ သဂ္ဂသမ္ပတ္တိံ၊ နတ်ရွာချမ်းသာကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ မာရသမ္ပတ္တိံ၊ မာရ်မင်း၏ စည်းစိမ်ချမ်းသာကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ ဗြဟ္မသမ္ပတ္တိံ၊ ဗြဟ္မာမင်းတို့၏ စည်းစိမ်ချမ်းသာကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ စက္ကဝတ္တိသမ္ပတ္တိံ၊ စကြာမင်းတို့၏ စည်းစိမ်ချမ်းသာကို။ ဒေတိ၊ ပေးစွမ်းနိုင်၏။ သာဝကပါရမီဉာဏဥ္စ၊ သာဝကပါရမီ

ဉာဏ်ကိုရင်း။ ပဋ္ဌာနဗောဓိဉာဏ်၊ ပစ္စေက ဗောဓိဉာဏ်ကိုရင်း။ သမ္မာသမ္ဗောဓိဉာဏ်၊ သဗ္ဗညုတဉ္ဉာဏ်တော်ကြီးကိုရင်း။ ဒေတိ၊ ပေးစွမ်းနိုင်တော့၏။ ။ဤ ဒါန,သီလ, သမထမျိုးဟာ ဝိပဿနာနှင့် တွဲလို့ဟု မှတ်ပါလေ။

(၅၄၅) ဒါနံ သဗ္ဗဏ္ဏု သာရကံ။ ။ဝိဝဏ္ဏဒါနမျိုးပါဘဲ၊ ဝိပဿနာနှင့် တွဲတဲ့ဒါနမျိုးပါဟုလို။

ဒါနံ၊ဝိဝဏ္ဏဒါနမျိုးသည်။ သဗ္ဗဏ္ဏုသာရကံ၊ ခပ်သိမ်းသော အကျိုးကို ပြီးစေတတ်၏။ ကာမာဝစရကုသလဉ္စ ကာမသုဂတိယဉ္စမေဝ ပဋိသန္ဓိ ဇနေတိ–ဆိုတဲ့ သင်္ဂဟအဋ္ဌကထာကိုထောက်၍ (ဒါနံသဗ္ဗဏ္ဏုသာရကံ)၌ ဒါနမျိုးကို ဝိဝဏ္ဏဒါနမျိုးဟု အပြန် အလှန် နည်းဖြင့်သိရ၏။

(၅၄၆) ဝိဝဏ္ဏဒါန၊ သီလ၊သမထမျိုး။ ။တယော မေ ဥပနိဿယာ၊ ဒါနူပနိဿယော သီလူပနိဿယော ဘာဝနူပနိဿယော စာတိ၊ တေသုံ ဒါနသီလူပနိဿယာ ဒုဗ္ဗလာ ဘာဝနူပနိဿယာ ဗလဝါ၊ ဒါနသီလူပနိဿယာပတိ တယော မဂ္ဂေစ ဖလာနိစ ပါပေန္တိ၊ ဘာဝနူပနိဿယော အရဟတ္တံ ပါပေတိ။ ဝိဝဏ္ဏ ဒါသီထပုံစံတည်း။

ဒါနူပနိဿယော၊ ဒါနလျှင်အားကြီးသောမှီရာရင်း။ သီလူပနိဿယော၊ သီလလျှင် အားကြီးသောမှီရာရင်း။ ဘာဝနူပနိဿယော၊ ဘာဝနာလျှင် အားကြီးသောမှီရာရင်း။ ဣတိစ၊ ဤသို့လည်း။ ဥပနိဿယာ၊ အားကြီးသော မှီရာတို့သည်။ ဣမေတယော၊ ဤသုံးပါးတို့ပင်တည်း။ တေသု၊ ထိုအားကြီးသော မှီရာကြီး သုံးပါးတို့တွင်။ ဒါနသီလူပနိဿယာ၊ ဒါနလျှင်အားကြီးသောမှီရာ၊ သီလလျှင်အားကြီးသောမှီရာတို့သည်။ ဒုဗ္ဗလာ၊ အားနည်းလှပေကုန်၏။ဘာဝနူပနိဿယာ၊ ဘာဝနာလျှင်အားကြီးသောမှီရာတို့သည်။ ဗလဝါ၊အားကြီးလှပေကုန်၏။ဟင်သတ္တံ၊ ခွဲးစကားသည်မှန်လှ၏။ဒါနသီလူပနိဿယာ၊ ဒါနလျှင်အားကြီးသောမှီရာ၊ သီလလျှင် အားကြီးသောမှီရာတို့သည်။ တယောမဂ္ဂေစ၊ သောတာပတ္တိ, သကဒါဂါမိ, အနာဂါမိဆိုတဲ့ အောက်မဂ် သုံးပါးတို့သို့ရင်း။ ဖလာနိစ၊ အောက်ဖိုလ် ၃-ပါးတို့သို့ရင်း။ ပါပေန္တိ၊ ရောက်စေတတ်ကုန်၏။ ဘာဝနူပနိဿယော၊ ဘာဝနာလျှင် အားကြီးသော မှီရာသည်။ အရဟတ္တံ၊ အရဟတ္တမဂ်ဖိုလ်သို့။ ပါပေတိ၊ ရောက်စေတတ်၏။

ဒါနူပနိဿယကုသိုလ်ကား အောက် ၃-မဂ်၊အောက် ၃-ဖိုလ်သာပို၏။ အားနည်းလှ၏။
သီလူပနိဿယကုသိုလ်ကား ၎င်း ၎င်း ၎င်း
ဘာဝနူပနိဿယကုသိုလ်ကား အရဟတ္တမဂ်,အရဟတ္တဖိုလ်သို့ပို့၏။ အားကြီးလှ၏။

(၅၄၇) အင်္ဂါရကာသုဝိယ တေဘူမကဝဋ္ဋံ ဒဋ္ဌဗ္ဗံ။ ဇိဝိတုကာမော ပုရိသောဝိယ ဝဋ္ဋနိဿိတော။ဗာလပုထုဇ္ဇနော၊ဒွေ ဗလဝန္တော ပုရိသာ ကုသလာကုသလကမ္မံ။တော တံပုရိသံနာနာဗာဟာသု ဂဟေတွာ အင်္ဂါရကာသုံ ဥပကဍ္ဎနကာလော ဝိယ ပုထုဇ္ဇနဿ ကမ္မာယူဟနကာလော။ကမ္မံဟိအာယူဟိယမာနမေဝပဋိသန္ဓိံ အာကဍ္ဎတိနာမ။ အင်္ဂါရကာသုနိဒါနံ ဒုက္ခံဝိယ ကမ္မနိဒါနံ ဝဋ္ဋဒုက္ခံ ဝေဒိတဗ္ဗံ။ ။နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ။နံ ၁၀၅ ကြောင်း ၃၀-သားမှု၌ ပါရှိ၏။

အင်္ဂါရကာသုဝိယ၊ မီးကျီးတွင်းကဲ့သို့။ တေဘူမကဝဋ္ဋံ၊ ဘုံ ၃-ပါး၌ ဖြစ်သော ဝဋ်တရားကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဇိဝိတုကာမော၊ အသက်ရှင်ခြင်း၌ အလိုရှိသော။ ပုရိသောဝိယ၊ ယောကျ်ားကဲ့သို့။ ဝဋ္ဋနိဿိတော၊ ဝဋ်ကိုမှီ၍ဆုတောင်းသော။ဗာလပုထုဇ္ဇနော၊ကလျာဏမိုက်သောပုထုဇဉ်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ကုသလာကုသလကမ္မံ၊ ကုသိုလ်ကံ, အကုသိုလ်ကံ သည်။ ဒွေ၊ ၂-ယောက်ကုန်သော။ ဗလဝန္တော၊ ခွန်အား ကြီးမားကြကုန်သော။ တေပုရိသာ၊ ထိုယောကျ်ား ၂-ယောက်တို့သည်။ တံပုရိသံ၊ ထိုဆုတောင်းမှားသော ပုထုဇဉ်အန္ဓယောကျ်ားကို။နာနာဗာဟာသု၊အထူးထူးသော လက်မောင်းတို့၌။ ဂဟေတွာ၊ကိုင်၍။အင်္ဂါရကာသုံ၊ မီးကျီးတွင်းထဲသို့။ဥပကဍ္ဎနကာလောဝိယ၊ဆွဲဆောင်လာသကဲ့သို့။ပုထုဇ္ဇနဿ၊ပုထုဇဉ်အား။ ကမ္မာယူဟနကာလော၊ ကံကိုအားထုတ်ဆည်းပူးသောအခါကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဟိသစ္စံ၊ မှန်လှပေ၏။ ကမ္မံ၊အကုသိုလ်ကံ,ကုသိုလ်ကံ ၂-ပါးကို။အာယူဟိယမာနမေဝ၊စုဆောင်းဆည်းပူး ပြုလုပ်သော်သာလျှင်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ အာကဍ္ဎတိနာမ၊ ဆွဲဆောင်သည်မည်၏။အင်္ဂါရကာသုနိဒါနံ၊ မီးကျီးတွင်းလျှင် အကြောင်းရင်းရှိသော။ ဒုက္ခံဝိယ၊ ဆင်းရဲခြင်းကဲ့သို့။ ကမ္မနိဒါနံ၊ ကံလျှင်အကြောင်းရင်းရှိသော။ ဝဋ္ဋဒုက္ခံ၊ ဝဋ်ဆင်းရဲကို။ ဒဋ္ဌဗ္ဗံ၊ရှုအပ်,မြင်အပ်,သိအပ်တော့သတည်း။ ။ဤကားအနက်။

ဥပမာမှာ။အလွန့်အလွန်ပင် သေခြင်းကိုကြောက်လန့်လှသော ဆင်းရဲဒုက္ခကိုကြောက်ရွံ့လှသော လူသည်ရှိ၏။ထိုလူကို အလွန်အားကြီးလှသော

လူ ၂-ယောက်လာ၍ အတင်းဆွဲပြီးလျှင် မီးကျီးတွင်းထဲသို့ချရာ၏။ထိုလူမှာ အတိုင်းမသိ ပူလောင်လှသော မီးလောင်ခြင်းဒုက္ခနှင့်ကြုံ၍ လူးလှိမ့်လျက် ကြာရှည်လေးမြင့် ခံစားရပေ၏။

ဥပမာ, ဥပမေယျ ယှဉ်စပ်၍ပြရပါလျှင် သေရခြင်းဒုက္ခ၊ ဆင်းရဲခြင်း ဒုက္ခကို လွန်စွာကြောက်ရွံ့သောသူနှင့်(ဗာလ ပုထုဇ္ဇန ဝဋ္ဋနိဿိတပုဂ္ဂိုလ် နှင့်တူလှပေ၏) အ လွန် အား ကြီး သော ယော ကျ်ား ၂-ယောက်နှင့် အကုသိုလ်ကံ,ကုသိုလ်ကံများတူလှ၏။ မီးကျီးတွင်းနှင့် ၃၁-ဘုံ၊ ဝဋ်ဘုံ ကားတူလှ၏။ ထိုလူကိုအားကြီးသော လူနှစ်ယောက်က ဆွဲငင်ပြီးတော့ မီးကျီးတွင်းထဲသို့ဆွဲချတာနှင့် ဗာလ- ပုထုဇ္ဇန- ဝဋ္ဋနိဿိတပုဂ္ဂိုလ်ကို အကုသိုလ်ကံ,ကုသိုလ်ကံ ၂-ပါးက ဆွဲငင်၍ ၃၁-ဘုံဝဋ်ထဲသို့ ပစ်ချတာ နှင့်တူ၏။ ထိုသူမှာ အတိုင်းမသိသော မီးလောင်ခြင်းဒုက္ခကို လူးလှိမ့်ပြီး ခံစားရတာနှင့် ဗာလပုထုဇဉ်မှာ မီးတဆယ့်တပါးလောင်၍ သံသရာ လဆန်းတရက်နေ့ကစပြီး ယခုနေ့ရက်အထိ ကြာရှည်စွာအလောင်ခံရ ပုံကားတူလှ၏။ ဤပုံကိုတွေးဆဆင်ခြင် စဉ်းစားဝေဘန်၍ကြည့်သော် ဝိပဿနာမပွါးရသေးလျှင် ဒီပုံအတိုင်း ဒိဥပမာအတိုင်း ကြာရှည်စွာပင် ဒုက္ခရောက်ဦးမှာဘဲဆိုတာကို လူ တိုင်း ပင် သိ သင့်၊ သိထိုက်လှပေ သတည်း။

(၅၄၀) ဒုက္ခံ တေဘူမကံ ဝဋ္ဋံ။ ။သင်္ဂဟလက်သန်း အဋ္ဌ ကထာ၊နံ ၁၀၅၊ကြောင်း ၁၊ သမုစ္စယပိုင်း၌။

တေဘူမကံ၊ ဘုံ ၃-ပါး၌ဖြစ်သော။ ဝဋ္ဋံ၊ ဝဋ်တရားသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာပင်တည်း။ ။ကာမတဆယ့်တဘုံ၊ရူပတဆယ့်ခြောက်ဘုံ အရူပ လေးဘုံ၊ဆိုတဲ့ ဘုံ ၃-ပါး၌ဖြစ်သမျှသော စိတ်,စေတသိက်,ရုပ်တရားတွေ အားလုံးဟာ ဝဋ်ဒုက္ခ၊ဒုက္ခသစ္စာပင်ဖြစ်တော့၏။

(၅၄၈) ဝဋ်တရားများကိုခွဲခြမ်းစိတ်ဖြာ ဝေဘန်၍ ကြည့်ပြန်တော့လဲ

အဝိဇ္ဇာတဏှုပါဒါနာစ ကိလေသဝဋ္ဋံ၊ ကမ္မဘဝသင်္ခါတော ဘဝေကဒေသော သင်္ခါရာစ ကမ္မဝဋ္ဋံ။ ဥပပတ္တိဘဝသင်္ခါတော ဘဝေကဒေသော အဝသေသာစ ဝိပါကဝဋ္ဋန္တိ တိဏိဝဋ္ဋာနိ။ ။ သင်္ဂဟအဋ္ဌကထာ၊ ပစ္စယ၊ နံ ၁၁၀၊ ကြောင်း ၁၆-၌။

ကိလေသဝဋ်,ကမ္မဝဋ်,ဝိပါကဝဋ် ဝဋ် ၃-ပါးစက်သွဲ့၍တသံသရာလုံး လယ်ရပုံကို နိဗ္ဗာန်ခရီးလမ်းမကြီးကျမ်းသုံးခါနီးတွင် ၄-ပိုဒ်ရေး၍ ပြခဲ့လေပြီ။ရှင်းလင်းလိုလျှင် ၎င်း၌ကြည့်ကြပါကုန်။

## (၅၅၀) အခုကြောင့် ၃၁-ဘုံ၌ ဝဋ် ၃-ပါးလယ်နေရတာလဲ

အဝိဇ္ဇာ တဏှာ၀သေန ဒွေမူလာနိ။ ။သင်္ဂဟာအဋ္ဌကထာပင်။

အဝိဇ္ဇာတဏှာဝသေန၊ အဝိဇ္ဇာနှင့်တဏှာတို့၏အစွမ်းအားဖြင့်။ မူလာနိ၊ မူလတို့သည်။ဒွေ၊ ၂-ပါးတို့ပင်တည်း။ အဝိဇ္ဇာနှင့်တဏှာ အရင်းပြု၍ ဝဋ် ၃-ပါးလယ်ရပါသည်။အဝိဇ္ဇာတဏှာဖြတ်ကြပါ။

## (၅၅၁) ၎င်းအဝိဇ္ဇာတဏှာနှိုး၍နေလျှင် ဝဋ်လည်ဦးမှာဘဲတဲ့

ဝဋ္ဋမာဗဒ္ဓမိစ္စေဝံ၊ တေဘူမက မနာဒိကံ။
ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋ္ဌပေသိ မဟာမုနိ။

သင်္ဂဟာအဋ္ဌကထာ။ ပစ္စယ၊ နံ ၁၀၉၊ ကြောင်း ၁၁-၌

ဧဝံ၊ ဤသို့လျှင်။ အနာဒိကံ၊ အစလည်းမရှိထသော။ တေဘူမကံ၊ ဘုံ ၃-ပါး၌ဖြစ်ထသော။ အာဗဒ္ဓံ၊ မပြတ်လည်ထသော။ ဝဋ္ဋံ၊ ဝဋ်တရားကို။ ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋိစ္စသမုပ္ပါဒ်ဟူ၍။ မဟာမုနိ၊ မြတ်စွာဘုရားသည်။ ပဋ္ဌပေသိ၊ဟောကြားထားခဲ့ပေသတည်း။

(၅၅၂) ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာနစ၊
အဗ္ဘောစ္ဆိန္နာ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။
ဝိဘင်းအဋ္ဌကထာ။

ခန္ဓာနဉ္စ၊ ခန္ဓာ ၅ ပါးတို့၏၎င်း။ ဓာတုအာယတနာနဉ္စ၊ ဓာတ်တရား, အာယတနတရားတို့၏၎င်း၊ ပဋိပါဋိ၊ အစဉ်အတိုင်း။ အဗ္ဘောစ္ဆိန္နာ၊ မပြတ်။ ဝတ္တမာနာ၊ လယ်၍လယ်၍ နေခြင်းကို။သံသာရောတိ၊သံသရာဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့်မိန့်အပ်၏။

အထူးသတိပြုရန်မှာ ဗာလနှင့်ပဏ္ဍိတန္တခန်း ၅-နံ ပါတ် ၌ သာဓကပါဠိထဲတွင် (ဗာလံ ပုထုဇ္ဇနံ အန္တံ အစက္ခုကံ အဇာနန္တံ အပဿန္တံ)ဟူ၍ ခြောက်မျိုးဖြင့် နစ်နစ်နာနာကြီး ကဲ့ရဲ့ပြစ်တင်ခဲ့ရ

လွတ်မြောက်ရအောင် သာသနာကြုံတုန်းမှ ဝဋ်ပြတ်သော ခွတ်တရားကို၊ မပြတ်ပွါးများကြပါကုန်လော့။

| | | | |
|---|---|---|---|
| (၅၅၃) ၁ | ဝဋ် ၃-ပါးလယ်တဲ့ ဒါ သီ ထ<br>ဝဋ္ဋဒါန သီလ သမထ | ဝဋ် ၃-ပါးပြတ်တဲ့ ဒါ သီ ထ<br>ဝိဝဋ္ဋဒါန သီလ သမထ | ၂-မျိုး နားခြားပုံ |

ဝဋ္ဋဒါန၊ ဝိဝဋ္ဋဒါန။

ဝဋ္ဋ၊ ဝဲသြဃနှင့်တူပါသည်။ ဒါနက လှေနှင့်တူပါသည်။ ဝဋ္ဋဒါနသည်၊ ဝဲသြဃကြီးထဲက လှေပမာဖြစ်၍ လယ်ချင်တိုင်း လယ်၍နေပေမည်။

ဝိဝဋ္ဋ-အိုင်ကြီးနှင့်တူပါသည်။ ဒါနက လှေနှင့်တူပါသည်။ ဝိဝဋ္ဋဒါနသည်၊ အိုင်ကြီးထဲက လှေမျိုးနှင့်တူ၍ ဝဲလယ်စရာမရှိ။ အရှေ့,အနောက်တောင်,မြောက်ကမ်းဆိပ်သို့ ဖိတ်မှန်းတိုင်းကူးသန်းနိုင်ပါသည်။ ချိုထွင်၍ ပေါကြပါ။

(၅၅၄) ဝဋ္ဋဒါန ဝိဝဋ္ဋဒါန ပုံစံမြင်ရုံနှင့်သိနိုင်ပါသည်။ ဝဋ္ဋဒါနမှာ ဝိသဒ္ဒါ မပါချေ။ အဓိပ္ပါယ်မှာ ဝိပဿနာနှင့်မတွဲသော ဒါန သီလ သမထသည်၊ဝဋ္ဋ ဒါနသီလသမထချည်းဘဲဟု မှတ်ကြပါလေ။

ဝိဝဋ္ဋဒါနမှာတော့(ဝိ)သဒ္ဒါပါလို့မှ ဝိပဿနာနှင့်တွဲသော ဒါနမျိုး သီလမျိုး သမထမျိုးဟုခေါ်ရပါသည်။ ။ရှေးရှေးက၊တပေါင်လက်ာပေါ်နေတာကိုလဲသတိပြုကြပါ။ (တူနိုင်မယ်မထင်ကြနှင့်၊ ကိုးဆယ်ဆကွာလိမ့်မယ်တဲ့) ဝဋ္ဋနှင့် ဝိဝဋ္ဋဟာ တူနိုင်မယ်များမထင်ကြပါနှင့်၊ ကိုးဆကွာပါလိမ့်မယ်။ လောကုတ္တရာတရားအထိရနိုင်တာက ဝိဝဋ္ဋပါဘဲတဲ့။ ဆယ်ဆလဲကွာပါလိမ့်မယ်တဲ့။ပါရမီဆယ်ပါးထဲဝင်တဲ့ ဝိဝဋ္ဋ,ဒါန သီလပါဘဲတဲ့။

ဝဋ္ဋဒါန, သီလ, သမထကတော့ လောကုတ္တရာတရား ၉-ပါးလဲမရနိုင်။ ပါရမီ ၁၀-ပါးလဲမဖြစ်နိုင်၍ ၉-ဆလဲကွာ၊ ၁၀-ဆလဲကွာ၍ ကျန်ရစ်ခဲ့ပါသည်။ယခုငါတို့တတွေဟာ နိဗ္ဗာန်ရသင့်ပါလျက် မရဘဲကျန်ရစ်ခဲ့တာဟာ ဝဋ္ဋမျိုးမို့ ကျန်ရစ်ခဲ့တာပါဘဲ။ ၂၄-သချေၤတို့၊ကုဋေ ၆၀-တို့ ဗိုလ်ခြေတသိန်းတို့ဟာ လွတ်ကုန်ကြပြီ။ အဲဒါ ဝိဝဋ္ဋဒါန, သီလ, သမထမျိုးမို့ဟူ၍ မှတ်ကြပါကုန်။

(၅၅၅) ပုံစံကိုကြည့်စမ်းပါ ဒါန ၅-ဆွဲ ဝဋ္ဋပုံ။ ဒါန ဝိ-ဆွဲ ဝိဝဋ္ဋပုံ။ ၁၅၀၀-ဆွဲ

ဒါနဆိုတာ အလွန်တရာမှကောင်းမွန် အဘိုးတန်လှပေ၏။ တာပေမဲ့ (ငါးဆွဲထားလို့) ထောင့်ငါးရာကဆွဲထားလို့ မကောင်းတော့ပါ။ ငါးဆွဲဆိုတာက (အႉဝိဇ္ဇာလဲမခွါရသေးတဏှာလဲမခွါရသေး၊ မာနလဲမခွါရသေး၊ ဒိဋ္ဌိလဲမခွါရသေး ဝိစိကိစ္ဆာလဲမခွါရသေးလို့ ငါးဆွဲတုန်းပါဘဲ။) တထောင့်ငါးရာကိလေသာလဲမခွါရသေးလို့ ဆွဲထားတုန်းပါ။ ဒါနက နိဗ္ဗာန်သို့ပို့ချင်ပေမဲ့ ငါးကဆွဲလှည့်တော့၏။ဒါနက မဂ်ဖိုလ်သို့ပို့ချင်ပေမဲ့ ထောင့်ငါးရာက ဆွဲ၍လှည့်တော့ ချာလပတ်လယ်ရပါသည်။ ဒါနနှင့် ဝဋ္ဋ ငါးနှင့်တွဲလို့ ဝဋ္ဋဒါနဖြစ်နေရတာများ အံ့ဩနေစရာမလိုပါ။တွဲတာကိုမဆိုထားနှင့်ဦး၊ နီးစပ်ထာတောင်မှ နာမည်ပျက်ရပါသေးသည်။(တံငါနားနီး တံငါတဲ့၊ မုဆိုးနားနီးမုဆိုးတဲ့)သတိပြုကြပါကုန်။

ယခုမှာ ဒါနဟာ ဘိန်းစားဝဋ္ဋနှင့်ပေါင်းတော့ ဘိန်းစားဒါန၊ ဝဋ္ဋဒါနတွင်မှာပါဘဲ။ ။ဝိဝဋ္ဋမှာတော့ ဒါနကလဲကောင်း ဝိပဿနာကလဲကောင်းသဖြင့် ဝဋ် ၃-ပါးကင်းရာနိဗ္ဗာန်သို့ ရောက်မှာပေါ့။ စကားပုံမှာ (ရွှေပင်နား၊ ရွှေကျေး)ဆိုဒါလိုပါဘဲ။

(၅၅၆) ဥပမာလူမှာ ရောဂါကပ်တော့ လူနာဟုတွင်၏။ လူကိုမသတ်ရပါ။ ရောဂါကိုသာသတ်ရပါသည်။ ဒါနမှာ ဝဋ္ဋငါးကပ်တော့လဲ ဝဋ္ဋဒါနဟုတွင်ပါသည်။ဒါနကိုမပယ်ရပါ။ ဝဋ္ဋကိုသာ ဝိပဿနာနှင့်ပယ်ရ သတ်ရှင်းပေးရပါသည်။

ဥပမာ။ လူမှာကြေးညှော်ကပ်တော့ လူကိုမသတ်ရပါ။ ကြေးညှော်ကိုသာ၊ဆပ်ပြာနှင့်ဆေးကြောရပါသည်။ ဒါနမှာလဲ ဝဋ္ဋကို ဝိပဿနာနှင့်ခွါရပါသည်။

(၅၅၇) ပုထုဇဉ် အန္ဓ လူဗာလ,လူမိုက်,လူသရမ်းတို့

**ပြုသောဘက္ကသိုလ်ပုံစံကား**

| ၅ | ၅ | ၅ | ၅ | ၅ | ၅ | ၅ | ဝဋ္ဋပုံစံ |
|---|---|---|---|---|---|---|---|
| ဒါန | သီလ | သမထ | ဝိဇ္ဇာ | အဘိညာဉ် | သမာပတ် | ဈာန် ၉-ဈာန် | များပါဘဲ |

ကောက်ညှင်းပေါင်း လာ၍လှူသော်လည်း ထမီခေါင်းပေါင်းလာမိ၍ မချိအောင်ရက်ရသောဝဋ္ဋ်ုနှင့်တူလှ၏။

ဤပုံစံကိုမြင်ရုံနှင့် အဓိပ္ပါယ်ပေါ်လောက်ပါပြီ။ ဒါန အပေါ်ကငါး။ ဘာလဲ (အဝိဇ္ဇာ,တဏှာ,မာန,ဒိဋ္ဌိ,ဝိစိကိစ္ဆာ) ဆိုတဲ့ပုဒ်မငါးနှင့် ဘမ်း၍ ထားတဲ့အဓိပ္ပါယ်။ တနည်း။ ဒါနကို လက်ဝါးကြီးအုပ်၍ထားပုံပါဘဲ။သီလ အပေါ်မှာလဲငါး၊ သမထ, ဝိဇ္ဇာ, အဘိညာဉ်, သမာပတ်, ဈာန်ကိုးဈာန်တို့ အပေါ်မှာလဲငါးပါဘဲ။ လက်ဝါးကြီးအုပ်၍ထားလိုက်ကြတာ····ပပဉ္စသုပါဌ်အနက် ·· ဒါသဇာပါဌ်အနက်····ပစ္စတ္တဇောပါဌ်အနက်····ဒိဋ္ဌိမဂ္ဂါ လက်ာဖြင့်ချဲ့ပြပါ။

## ဝဋ္ဋနွံဘုရားသခင်ဟောခဲ့ပုံ ဂါထာတော်

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂတံ့ပိ သမ္ပတ္တာ၊ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။
ဓမ္မပဒယဝိဘင်းပါဠိတော်။

ပုညတေဇေန၊ ဒါန,သီလ,သမထ ကုသိုလ်တန်ခိုးသည်။ ဥက္ခိတ္တာ၊ မြှင့်တင်အပ်ကုန်သည်ဖြစ်၍။ ကာမရူပဂတိံ ဂတာ၊ ကာမသုဂတိ ၇-ဘုံ ရူပ ၁၆-ဘုံသို့ ရောက်ကြကုန်သော လူနတ်ဗြဟ္မာတို့သည်ရင်း။ ဘဝဂ္ဂန္တံပိ အထက်ဘဝဂ်သို့လည်း။သမ္ပတ္တာ၊ရောက်ကြကုန်သော ဗြဟ္မာတို့သည်ရင်း။ ပုန၊ တဖန်။ဒုဂ္ဂတိံ၊ အပါယ်လေးဘုံသို့။ ဂစ္ဆန္တိ၊ပုဒ်မငါးဆွဲသဖြင့်၊ ဖုံးကန် ကျရောက်ကြလေကုန်၏။

## ဝဋ္ဋမြဲ နိုင်ငံကျော်မာန်လည်ဆရာတော်၏ လင်္ကာကား

ဒိဋ္ဌိမဂ္ဂါ၊ ပုဂ္ဂိုလ်မှာလျှင်၊ လူတွင်စကြာ၊ နတ်မှာသိကြား၊ မိုးဖျားဗြဟ္မာ၊ ဖြစ်ကုန်ပါလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊ပေါက်ဖွဲ့ ပါယ်ရွာ၊ ရောက်မြဲသာတည်း။

## (၅၅၇) လူဖြတ်လူမှန် ၂၄-သင်္ချေ ကုဋေ-၆၀ မိုသင်္ခြေတာသိန်းတို့ပြုပုံ

8 8 8 8 8 8 8 ဝိဝဋ္ဋကုသိုလ်များ
ဒါန သီလ သမထ ဝိဇ္ဇာ အဘိညာဉ် သမာပတ် ဈာန်။ ၏ပုံစံတည်း။

ဘာကုသိုလ်ဘဲလုပ်လုပ်။ ဝိပဿနာဆိုတဲ့ ဝိဝဋ္ဋနှင့်တွဲလို့ ဝိဝဋ္ဋချည်း ဖြစ်ရပုံဘည်း။

**(၁၅၉) အချို့ကပြောကြတယ် ဒါနဟာကြွမ်းတန်းလှတယ်တဲ့**

ဒါနကမကြွမ်းပါဘူး (ငါ) ကရမ်းလိုက်လို့ စေတနာက ကြွမ်းသွားတာပါဘဲ။

ကျယ်လျှင်လဲတွယ်၊ တွယ်လျှင်လယ်၊ ဤဝယ်ဒါန၊ ဝဋ္ဋနိဿိတ
ငါရှေ့သွားလို့မနားရ။

အဲဒီလင်္ကာကတော့ ဝဋ္ဋဒါန၊ ဝဋ္ဋသီလ၊ ဝဋ္ဋသမထ အတွက်ပါဘဲ။

ကျဉ်းလျှင်လင်း၊ လင်းလျှင်ရှင်း၊ ရှင်းလျှင်ကင်း။
ဤသင်းဒါန၊ ဝိဝဋ္ဋနိဿိတ၊ ငါမပါတော့ချမ်းသာရ။

အဲဒီလင်္ကာကတော့ ဝိဝဋ္ဋဒါန၊ ဝိဝဋ္ဋသီလ၊ ဝိဝဋ္ဋသမထအတွက်ပါဘဲ။

(၁၆၀)

| | | |
|---|---|---|
| ◎ ဝဋ္ဋနယ် | ဝိဝဋ္ဋနယ် | ဝဋ္ဋနယ်၌ သေသေချာချာကြည့်တော့ (ဝိ) မပါလာဘူးဗျ။ဝိပဿနာ နှင့် မတွဲရသေးတဲ့ ဒါန သီလ၊ သမထ စသော (၃၅)ပါးသော ကုသိုလ် များဟာ၊ငါမပြုတ်လို့ဝဋ္ဋ ချည်းဘဲ။ ။ဝိပဿနာ နှင့်တွဲတဲ့၊ကုသိုလ် ၃၅- ပါးဟာငါပြုတ်လို့ ဝိဝဋ္ဋ ချည်းဘဲဗျာ့။ |
| × သဒ္ဓိ | ဝိ–သဒ္ဓိ | |
| × မောက္ခ | ဝိ–မောက္ခ | |
| × ဝဋ္ဋ | ဝိ–ဝဋ္ဋ | |
| × ပဿနာ | ဝိ–ပဿနာ | |
| × ဝေက | ဝိ ဝေက | |
| × သင်္ခါရ | ဝိ–သင်္ခါရ | |
| × မုတ္တိ | ဝိ–မုတ္တိ | |
| ဝိ-အက္ခရာမပါဘူး | ဝိ–အက္ခရာ၊ ပါနေတာလဲကြည့်ကြပါ။ | |

## (၅၆၁) ၃၁-ဘုံကျော်၊ ကမ္ဘာကျော်နေတဲ့ ထိပ်သီးကြီး ၃-ပါး

အာဠာရ ရသေ့ကြီး, ဥဒကရသေ့ကြီး, ကာဠဒေဝိလရသေ့ကြီး ၃-ပါး တို့ဟာ သာမန်မျှမဟုတ်ကြဘဲ ကုသိုလ်ကြီး (၁၅) ပါးရှိ၍နေခြင်း တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်သတ်၍နေကြခြင်း။ ဝိဇ္ဇာ, အဘိညာဉ်, သမာပတ်, ဈာန်ကိုးဈာန်များကို ရ၍ နေကြခြင်း၊ သေလျှင် ဗြဟ္မာ့ပြည်သို့ ရောက်မည့်ကန်ဖြစ်၍နေကြခြင်း။ ရှေ့ကိုကမ္ဘာ ၄၀-နောက်ကိုကမ္ဘာ ၄၀-မျှ မြင်စွမ်းနိုင်ကြခြင်း၊ အဲဒါကြီးတွေတောင်မှ ဗ-ဘုရားကြီးက-

**ရင်ပြုစ်ရှင်ပါး၊ ဖြစ်သူများ၊ တရားမရကုန်။**
**ရင်စ်ပြုရှစ်ပါး၊ လွတ်သူများ၊ တရားကြရကုန်။**

ဟူ၍ငင်း(မဟာဇာနိယော ဝတ ဘော အာဠာရော ဥဒကော ဒေဝိလော) ဟူ၍မဟာဝါ ပါဠိတော်စသည်များ၌ ငြီးတွားခဲ့ပါသည်။ ဘော၊ အိုအချင်းတို့။ အာဠာရော၊ အာဠာရ ရသေ့ကြီးသည်ငင်း။ ဥဒကော၊ ဥဒက ရသေ့ကြီးသည်ငင်း။ ဒေဝိလော၊ ဒေဝိလရသေ့ကြီးသည်ငင်း။ မဟာဇာနိယောဝတ၊ အရှုံးကြီး ရှုံးလေစွတကား။

ဒါန သီလ,သမထ,စသော ကုသိုလ်ကြီး ၁၅-ပါးဟာ ဝိပဿနာနှင့် မတွဲလို့ ဝဋ္ဋပါဘဲဘဲ့။ အာဠာဝက အင်္ဂုလိမာလတို့ဟာ ဝိတွဲလို့ ဝိဝဋ္ဋပါဘဲ တဲ့ဗျား။

## (၅၆၂) ဒါန,သီလ,သမထ ဝဋ္ဋအဘွင်းသို့

### (က) ခ (ဂ) ယ ဘေးများဝင်နေကြပုံ

ဥပမာ။ မြေအတိုဘရ၌ အိမ်ဆောက်၍နေပေ၏။ ထိုအိမ်၌ အရှေ့, အနောက်,တောင်,မြောက်, ၄-ဘက်က လုံးဝခြံ၊အကာအရံမရှိသော်ငင်း၊ ခြံရှိသော်လည်းကျိုးပေါက်၍ နေခဲ့သော်ငင်း၊ ထိုအိမ်ဥပစာသို့ သူခိုး ထားပြ၊ ကျွဲနွားများဝင်သဖြင့် ဒုက္ခရောက်တတ်ပါသည်။ထိုဥပမာအတူပင် ဒါန,သီလ,သမထသည်၊ လူနေအိမ်နှင့်တူ၏။ ဝိပဿနာ မပြုလျှင် အကာအရံ ပျက်ကျိုးပေါက်ကွဲဘာနှင့်တူသဖြင့် ဒါနအိမ်သီလအိမ်၊သမထအိမ်သို့ အာသဝ ၄-ပါး၊ ဩဃ ၄-ပါး၊ ယောဂလေးပါး၊ ဂန္ထ ၄-ပါး၊ ဥပါဒါန် ၄ နီဝရဏ ၈-၆ ပါး၊ အနုသယ ၇-ပါး၊ သုတ္တန် သံယောဇဉ် ၁၀-ပါး အဘိဓမ္မာသံယောဇဉ် ၁၀-ပါး၊ ကိလေသာ ၁၀-ပါး တို့ ဝင်ချင်သလို ဝင်၍ ဝဋ္ဋဒါန,သီလ,သမထသာဖြစ်၍ လယ်တော့မည်ကေန်တည်း။

စကားပုံမှာ (ကိုယ့်အတတ်နှင့် ကိုယ့်ကိုရူး၊ နုတ်လို့ရနိုင်ဘူး) ကဲ့သို့ ဖြစ်တော့၏။

## (၅၆၃) ဒါန,သီလ,သမထစသော ဝိဝဋ္ဋကုသိုလ်များ

ဒါနသီလသမထစသောကုသိုလ်များမှာမူကား။အပိုင်းအဝန်းဝိပဿနာဖြင့် ခြံကာပြီးသားရှိ။ ဝိနှင့်ကွဲသဖြင့် ဝိဝဋ္ဋဖြစ်ရကား။ အာသဝ ၄-ပါး၊ ဩဃ ၄-ပါး၊ယောဂ ၄-ပါး၊ဂန္ထ ၄-ပါး၊ဉပါဒါန် ၄-ပါး၊နီဝရဏ ၈-ပါး ၆-ပါး၊ အနုသယ ၇-ပါး၊ သုတ္တန်သံယောဇဉ် ၁၀-ပါး၊ အဘိဓမ္မာ သံယောဇဉ် ၁၀-ပါး၊ကိလေသာ ၁၀-ပါးတို့မဝင်နိုင်တော့ပြီ။ (က) ဘေး၊ (ခ) ဘေး၊ (ဂ) ဘေး၊ (ဃ) ဘေးကြီးများနှင့်လည်း မရောယှက်တော့ပေ။ ဉပမာ၊မြေကွက်တခု၌ ခြံကာပြီးမှ အိမ်ဆောက်ကာနေ၏။ ထိုအိမ်အတွင်းသို့ သူခိုးထားပြ၊ ကျွဲနွားများမဝင်နိုင်တော့ပါ။ ခြံကာပြီးရှိတည်း။ ဒါသီထအိမ်၌ ဝိပဿနာခြံကာကြပါ။ အပါယ်လေးပါး မဝင်နိုင်တော့ပါ။

## (၅၆၄) ဝိဝဋ္ဋကုသိုလ်တဆင့် ဝဋ္ဋကုသိုလ် ၃-ဆင့်နေကြပုံ

| ဝိပဿနာကုသိုလ် ၁၃ | | မဂ္ဂင် | လောကုတ် မဂ် ဖိုလ် နိဗ္ဗာန်ရ ဝိဝဋ္ဋ | |
|---|---|---|---|---|
| အရူပကုသိုလ် | ၄ | အာနဉ္ဇာဘိ | အရူပ ၄ ဘုံရ | .... .... ဝဋ္ဋ |
| ရူပကုသိုလ် | ၅ | ပုညာဘိ | ရူပ ၁၁-ဘုံရ | .... .... ဝဋ္ဋ |
| ကာမကုသိုလ် | ၈ | ပုညာဘိ | ကာမ ၇-နစ်ဘုံရ | .... .... ဝဋ္ဋ |

အထက်တန်းအကျဆုံး ထိပ်ဆုံးက၊ နာမရူပပရိစ္ဆေဒကစ၍ ဂေါတြဘုအထိ၊ ၁၃-ပါးသော ဝိပဿနာကုသိုလ်ကြီးများသည်သာလျှင် မဂ္ဂင်၊ ကုသိုလ်၊ လောကုတ္တရာ ဓမ္မာနုဓမ္မကုသိုလ်။ ဝိဝဋ္ဋကုသိုလ်အစစ်မို့ မဂ်ဖိုလ် နိဗ္ဗာန်သို့ကြေနမုချ စိတ်ချလက်ချ ရနိုင် ရောက်နိုင်ပါသည်။ ။အောက်တန်းက အရူပကုသိုလ် ၄-ဟာ အာနဉ္ဇာဘိသင်္ခါရကုသိုလ်ဖြစ်၍ အရူပလေးဘုံသို့ပို့၍ ဝဋ္ဋကုသိုလ်တည်း။ ။ရူပကုသိုလ် ၅-ဟာ ပုညာဘိသင်္ခါရကုသိုလ်ဖြစ်၍ ရူပတဆယ့်တဘုံသို့ပို့၏။ ဝဋ္ဋတည်း။ ။ကာမာဝစရကုသိုလ်ရှစ်ခုဟာ ပုညာဘိသင်္ခါရကုသိုလ်ဖြစ်၍ ကာမသုဂတိခုနစ်ဘုံသို့ ပို့သဖြင့် ဝဋ္ဋကုသိုလ်သာဘည်း။ ၎င်းကုသိုလ်သုံးမျိုးဟာ ဝိပဿနာနှင့်

မဘွဲ့ရသေးသမျှကာလပတ်လုံး ၃၁-ဘုံကို သာ ဖြစ် စေ လိမ့် မည်။ ၎င်းကုသိုလ်သုံးမျိုးဟာ ဝိပဿနာနှင့်တွဲမှသာ ၃၁-ဘုံက လွတ်မြောက်၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်စေလိမ့်မည်။

(၅၆၅) ဒု–သု–ဒွိ–တိ။ ဝိ–မဂ်–ဖိုလ်–နိဗ္ဗာန်။
ပုထုဇဉ် ၄-ယောက် အရိယာများ ၂၄-သချ် ၆၀။တသိန်း
ဝဋ္ဋကုသိုလ်(မူလနယ်) ဝိဝဋ္ဋကုသိုလ် (ပဝတ္တိနယ်)

ဤပုံစံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဆိုတဲ့ အပါယ်လေးဘုံသားတွေ၊ သုဂတိအဟိတ်ပုဂ္ဂိုလ်ဆိုတဲ့ အမိဝမ်းထဲကပင် ကန်းလာ၊ ပင်းလာ၊ ဆွံ့လာ၊ အလာကျိုးလာတဲ့ အင်္ဂါချို့တဲ့သော ဇစ္စန္ဓပုဂ္ဂိုလ်တွေ၊ ဒွိဟိတ်ပုဂ္ဂိုလ်ဆိုတဲ့ ပဋိသန္ဓေကပင် အလောဘ, အဒေါသဟိတ် ၂-ပါးနှင့်ဖြစ်လာတဲ့ လူနတ်တွေ၊တိဟိတ်ပုဂ္ဂိုလ်ဆိုတဲ့ ပဋိသန္ဓေကပင် အလောဘ, အဒေါသ,အမောဟ ဟိတ် ၃-ပါးနှင့်ဖြစ်၍လာတဲ့ လူနတ်တွေ။ ၎င်းပုထုဇဉ်လေးယောက်တို့ဟာ ဝိပဿနာကို မပြုသေးသမျှကာလပတ်လုံး ဝဋ္ဋကုသိုလ်နှင့်သာ နေကြရကုန်၏။ (မူလနယ်ပြီး၏)

(ပဝတ္တိနယ်) ဝိပဿနာနှင့်နေသူများ မဂ် ၄-ပါး တပါးပါးရရှိသူများ ဖိုလ် ၄-ပါးတွင် တပါးပါးကိုရရှိသူများနိဗ္ဗာန်ကိုရ၍ နေသူများမှာ၎င်း၊ ၂၄–သချ်ေ ကုဋေ ၆၀။ဖိုလ်ခြေတသိန်းကျွတ်တမ်းဝင်သော သူများသည် ၎င်း၊ဝဋ္ဋဆိုတဲ့ အဝိဇ္ဇာ,တဏှာ, မာန, ဒိဋ္ဌိ,ဝိစိကိစ္ဆာတို့ကိုသူ့အဆင့်နှင့်သူခွါပြီးဖြစ်ရကား ဝဋ် ၃-ပါးပယ်ပြီးဖြစ်ရကား ဝိဝဋ္ဋပုဂ္ဂိုလ်တို့သာမည်ကုန်တော့၏။မူလနယ်မှ ပဝတ္တိနယ်သို့ကူးကြကုန်လော့။

(၅၆၆) ပုထုဇဉ်နယ်မှ အရိယာနယ်သို့ဆွဲလာပုံမှာ




ပုံစံဖြင့်နားလည်ကြပါ။

ဒါနသည် စားစရာ၊ ဝတ်ဆင်စရာမှို၊ ကုန်တွဲနှင့်တူ၏။ သီလသည်၊ ဘေးရန်စောင့်ရှောက်စရာမှို ဂါတ်တွဲနှင့်တူ၏။ သမထသည်၊ ဈာန်၊ အဘိညာဉ်,သမာပတ်စီးပြီး သွားလာနေရတာမို လူစီးတွဲနှင့်တူ၏။ ဒါန

ကုန်တွဲ၊သီလဂါတ်တွဲ၊ သမထလူစီးတွဲ ၃-မျိုးဟာ မော်လမြိုင်မြို့မှ ရန်ကုန်မြို့တော်ကြီးသို့ ရောက်တယ်ဟုဆိုရသော်လဲ သူတို့သုံးတွဲချည်းသက်သက်ဖြင့်မူကား မရောက်နိုင်ပါ။ ဝိပဿနာနှင့်တူသောခေါင်းတွဲက ဆွဲခေါ်၍သွားမှသာလျှင် လိုရာသို့ရောက်နိုင်ပါသည်။ ဤဥပမာလိုပင် ဒါန, သီလ, သမထတရားတို့ဟာ သူတို့ချည်းသက်သက်ဖြစ်မူကား၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်နိုင်ပါ။ အဝိဇ္ဇာ, တဏှာ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာကိုမသတ်နိုင်၍ အနုသယ ၇-ပါးကိုမဖြုတ်နိုင်၍မရောက်နိုင်ပါ။ တဒင်္ဂ,ဝိက္ခမ္ဘနပဟာန်မျှမှ မရောက်နိုင်ကြပါ။ ၎င်းဒါန,သီလသမထ ၃-ပါးတို့ဟာ ဝဋ္ဋတို့တည်း။ ။ ဝိဝဋ္ဋဖြစ်တဲ့ ဝိပဿနာနှင့် ဒါ,သိ,ထတွဲမှသာ (ဒိဋ္ဌိ၊ ဝိစိ၊ အဝိဇ္ဇာ၊ တဏှာ၊ မာန၊) ငါးမျိုးကိုသဲ ပယ်သတ်နိုင်သည်။ အနုသယကိုလဲ ပယ်သတ်နိုင်သည်။တဒင်္ဂ,ဝိက္ခမ္ဘန,သမုစ္ဆေဒပဟာန်အထိ ပယ်သတ်နိုင်သည်။ အဲဒါမှ ဝိဝဋ္ဋတည်း။

(၅၆၇) ဝဋ္ဋကုသိုလ်ပုံစံ ဝိဝဋ္ဋကုသိုလ်ပုံစံ




ပထမဝဋ္ဋပုံစံမှာ။ ဒါန, သီလ, သမထ ကုသိုလ်များသည်၊ ဝိပဿနာ စည်းဝိုင်းကြီးထဲသို့မဝင်ကြပါ။ မရောက်ကြပါ။ အဲဒါကြောင့် အဝိဇ္ဇာ, တဏှာ,မာန,ဒိဋ္ဌိ,ဝိစိကိစ္ဆာကိုလဲ မသတ်နိုင်ကြပါ။ အနုသယ ၇-ပါးကိုလဲ မသတ်နိုင်ကြပါ။ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်မျှသာ သတ်နိုင်ကြ၍ သမုစ္ဆေဒပဟာန်ကြီးတခုကျန်ရှိ၍နေပါသည်။ အဲဒါကြောင့် ဝဋ္ဋတည်း။ ဝဋ် ၃-ပါး၌လည်ရဦးမည်ဖြစ်ပါသည်။ ။ဒုတိယပုံစံမှာမူကား။(ဝ)ဆိုတဲ့ ဝိပဿနာအဝိုင်းကြီးထဲရောက်မှပင် ပြုတဲ့ဒါန,သီလ,သမထဖြစ်၍မှ ဒိဋ္ဌိဝိစိ စသော ငါးကိုလဲသတ်နိုင်ကြပါသည်။ အနုသယ ၇-ပါးကိုလဲသတ်နိုင်ကြပါသည်။ တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒပဟာန်အထိလဲ ပယ်နိုင်ကြပါသည်။ ဝဋ် ၃-ပါးပြတ်လို့ ဝိဝဋ္ဋတို့သာဖြစ်ကြ၏။

## (၂၆၈) ဝဋ္ဋနယ်မှ ဝိဝဋ္ဋနယ်သို့ဆွဲယူကြပုံမှာ

၁၀၀

၃၀ | ဒါန၊သီလ၊သမထဆွဲ ဝိပဿနာဆွဲ။

ဥပမာ။ အဝိုးရကကြေငြာ၍ထားသည်ကား၊ လုံးပတ်ပေ သုံးဆယ်ရှိသော အလျားပေ(၁၀၀)ရှိသော အသားကောင်းသောကျွန်းတုံးကြီးကို တောင်ငူနယ်မှ ရန်ကုန်မြို့သို့ရောက်အောင် ပို့နိုင်ပါလျှင် ဆုငွေ (၁၀၀၀ိ) ပေးမည်ဟုကြော်ငြာထား၏။ ပထမလူစုသည်ဆွဲ၏။ ရောက်တန်သမျှသာရောက်၏။အကူအညီခေါ်ရာ ဒုတိယလူစုသည် ကူ၍ဆွဲပြန်၏။ ရောက်တန်သမျှပင်ရောက်၏။ အကူအညီခေါ်ရာ တတိယလူစုသည်၊ ဝင်၍ဆွဲပြန်၏။ ရောက်တန်သမျှပင်ရောက်ပြန်၏။ အကူအညီခေါ်ပြန်ရာ၊စတုတ္ထလူစုသည်၊ ဝိုင်းကူ၍ဆွဲမှ တောင်ငူမှ ရန်ကုန်သို့ချောမောစွာရောက်၍ ဆုငွေတထောင်ရပြီး တစုလျှင် ၂၅၀ိ-စီဝေ၍ယူကြတာလိုပင်၊ ဤဥပမာအတိုင်း အလွန်အဘိုးတန် အမျိုးမှန် တန်းခိုးလျှံ၊ အကျိုးသန်စေနိုင်သော ကျွန်းတုံးနှင့်တူသော၍ခန္ဓာကိုယ်ကောင်ကြီးကို ပုထုဇဉ်နယ်မှအရိယာနယ်သို့ရောက်အောင်ဒါန၊ လူစုက အားတိုက် အင်တိုက်ဆွဲရာ၊ အပါယ် ၄-ဘုံမှလွန်၍ လူ့ဘုံသို့ ရောက်လာပါသည်။ တဖန်ဒါနလူစုက သီလလူစုနှင့်တွဲ၍ ခန္ဓာကိုယ်ကျွန်းတုံးကြီးကို ဆွဲကြပြန်ရာ၊ လူ့ပြည်မှတဆင့် နတ်ပြည်-၆ထင်သို့ ရောက်ရပြန်ပါသည်။ တဖန် ဒါနလူစု,သီလလူစုတို့က သမထလူစုနှင့်တွဲ၍ ခန္ဓာကိုယ် ကျွန်းတုံးကြီးကို ဆွဲကြပြန်ရာ၊ နတ်ပြည်မှတဆင့် ဗြဟ္မာ့ပြည် ၂၀-ဘုံသို့ရောက်ကြပြန်ပါသည်။ ဤ ၃၁-ဘုံနှင့် ဆွဲလာသူ ဒါန, သီလ, သမထတို့ကား ဝဋ္ဋသာရှိသေးသည်။ဝဋ် ၃-ပါးမပြတ်သေးလို့ပါ။ အဝိဇ္ဇာ, တဏှာ,မာန,ဒိဋ္ဌိ ဝိပ်ပ်ါးပါးမသေသေးလို့ပါ။အနုသယ ၇-ပါး မသေသေးလို့ပါ။တဒင်္ဂ,ဝိက္ခမ္ဘနပဟာန် ၂-ပါးမျှသာ ရပ်တန့်နေသေးလို့ပါဘဲတဲ့။

အဲဒီအခါကျတော့ကမှ ဒါနလူစု၊သီလလူစု၊သမထလူစုတို့က ဝိပဿနာလူစုကို အကူအညီခေါ်ပြီး ခန္ဓာကိုယ် ကျွန်းတုံးကြီးကို ၄-ဦး ၄-စုအားတိုက် အင်တိုက်ဆွဲကြပြန်ရာ(၃၁) ဘုံမှလွန်မြောက်၍ မဂ်ပြည်, ဖိုလ်ပြည်, နိဗ္ဗာန်ပြည်သို့ ဆုံးခန်းတိုင်မြောက် ပေါက်ရောက်ကူးသန်းနိုင်၍ (၁၀၀၀ိ) ဆုငွေအတိုင်း ထောင်၍ထောင်၍သာ တက်ကြပါတော့သည်။ သံသရာ တချောက်လုံး အကျမရှိတော့ပါ။

(၅၆၉) ဝဋ္ဋဒါသီထပုံစံ ဝိဝဋ္ဋဒါသီထပုံစံ




စူဠသောတာပန်
မဇ္ဈိမသောတာပန်
မဟာသောတာပန်




**ပဌမပုံစံ၌** ရေပြည့်သောသံတိုင်ကီ၊ သံကန်ကြီးထဲသို့ အဝတ်ထဲ့လဲ ရိုမှာဘဲ။ စားဘွယ်ထဲ့လဲ ရိုမှာ,ပျက်မှာဘဲ၊ ဘာထဲ့ထဲ့ ရိုမှာပျက်မှာပါဘဲ။ အကြောင်းကား၊ ရေနှင့် အဝတ်နှင့် ရောမိလို့ပါ၊ ရေနှင့်စားဘွယ်နှင့် ရောမိလို့ပါ။ ဤဥပမာလိုပါဘဲ။ သံတိုင်ကီ, သံကန်ကြီးက ငါတို့၏ခန္ဓာကိုယ်နှင့် တူ၏၊ ရေပြည့်နေတာကတော့ ကိလေသာရေတွေပြည့်နှက်၍ နေတာနှင့် တူလှပေ၏။ ဒါန,သီလ, သမထစသော ကုသိုလ်ကြီး ၃၅-ပါးတို့ကို မနေမနား ပြု၍နေပြီး ခန္ဓာထဲသို့ ထဲ့ထဲ့နေတော့၊ ကိလေသာရေနှင့် ရောပြီး ဒါန ကိလေသာ သီလ ကိလေသာ သမထ ကိလေသာ ဖြစ်ရတော့၏။ စကားပုံမှာ(တံငါနားနီး တံငါတဲ့) (မုဆိုးနားနီး မုဆိုးတဲ့) နီးတာတောင်မှ နံ့မည်ပျက်၍ လူရာမဝင် သူရာမဝင် လူမလေး ခွေးမခံ့ဖြစ်ရသေးပါလျှင် (ယခုမှာ ခန္ဓာကိုယ်ထဲ၌ ကိလေသာရေနှင့် ဒါန,သီလ,သမထ အဝတ်စားဘွယ်တွေဟာ နီးရုံမျှမကဘဲ ရောတောင်မှရော၍ နေပေရာ၊အဘယ်မှာ မဂ်က ဖိုလ်က၊ နိဗ္ဗာန်က၊ နှစ်သက်ပါအံ့နည်း။ မနှစ်သက်နိုင် လက်မခံနိုင်ဘဲ ရှောင်ရှားမှာပေါ့။

**ဒုတိယပုံစံ၌** ၎င်းတိုင်ကီကို ၎င်းသံရေကန်ကြီးကို ဖိုခနောက် ၃-ခု ပေါ်မှာတင်ပြီး အနိစ္စ, ဒုက္ခ,အနတ္တပေါ်မှာတင်ပြီး အောက်ကတော့ သမထ ဆိုတဲ့ ထင်းတွေထိုးထဲ့ပေးပါ။ ဝိပဿနာမီးဖြင့် မီးတိုက်ပေးပါ။ထိုအခါ ဝယ် ဝိပဿနာမီးဓာတ်၏ အရှိန်အဝါကြောင့် တိုင်ကီဖေါက်၍ သံကန်ကြီး ဖေါက်၍ အပူဓာတ်,တေဇောဓာတ်တွေဟာ ကိလေသာဆိုတဲ့ ရေထဲသို့ ဝင်လာလိမ့်မည်။တစ-တစ တဖြေးဖြေး အပူတေဇောဓာတ်တွေ ဝင်လာတော့ ကိလေသာရေတွေဟာ ဆူပွက်၍လာလိမ့်မည်။အနိစ္စလက္ခဏာ,ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ, ပွက်၍ပွက်၍ ထင်ပြင်လာလိမ့်မည်။ ထို့ပြင်

တိုင်ကီပ၌ သံကန်ဝ၌ အကုသိုလ်ထွက်ခြင်းဆိုတဲ့ အခိုးအငွေ့တွေဟာ တလူလူနဲ့ တရိပ်ရိပ်နဲ့ မနေမနားထွက်လိမ့်မည်။ ဆဲဒါ ကလာပ်ပျက်။ ကလာပ်အနိစ္စကိုတွေ့ရပုံပါဘဲ။ ပျက်ခြင်းဒုက္ခနှင့် တားမရ၊ ဆီးမရခြင်း အနတ္တလဲတွဲ၍ ပါလာပါလိမ့်မည်။ ဆဲဒါလို အကုသိုလ်အခိုးအငွေ့တွေ စ၍ ကုန်ဘော့။တပဲခန့် တမူးခန့် တမတ်ခန့် ငါးမူးခန့် တကျပ်ခန့်မျှကိလေသာ ရေတွေ ချုပ်ငြိမ်း၍သွားလိမ့်မည်။ ဆဲဒါလို ကိလေသာတွေချုပ်ငြိမ်းသျှော ကျ ခန်းခြောက်စ၌ ရူဋ္ဌသောတာပန်ဘွဲ့ကို ရပုံတည်း။ ။တဖန် အပူမှိန် ကြောင့် ကိလေသာရေတွေ ကုန်ခန်းချုပ်ငြိမ်းကြပြန်ရာ၊ တလက်မခန့် ၂–လက်မခန့် ၃-လက်မခန့်မှစ၍ အလယ်ဗဟိုအထိ ကိလေသာရေတွေ ကုန်ခန်း ချုပ်ငြိမ်းသွားတော့ မဇ္ဈိမသောတာပန်ဘွဲ့ကိုရတော့၏။ ။တဖန် အပူမှိန်တို့ကြောင့် ကိလေသာရေတွေ သျှောကျ သျှောကျ၍ ကုန်ခန်း ချုပ်ငြိမ်းလာပြန်ရာ၊ ရေတစက်မျှ မရှိတော့ဘူးဟု ဆိုရအောင် ကုန်ခန်း ချုပ်ငြိမ်းသွားတော့ မဟာသောတာပန်ဘွဲ့ကိုရတော့၏။

ဤ၌ ကိလေသာရေဆိုတာဟာ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ၃–ပါးကို ယူရမည်။သောတာပန်ကို ပြဆိုတဲ့အခန်းမို့ပါဘဲ။ သကဒါဂါမိ, အနာဂါမိ,ရဟန္တာတို့နှင့် မဆိုင်သေးပါဘူး။

(၅၇၀) ဝဋ္ဋဒါန သီလ၊ သမထပုံစံ ဝိဝဋ္ဋဒါန သီလ သမထပုံစံ
ဒိုက်မကာဘဲရေချိုးသူ ဒိုက်ကာပြီးမှရေချိုးသူ

သူတောင်းစား ခွန်းစလွှား၊ ဘုရားကျွန်၊ ပန်းမှိုက်သွန်နှင့်၊ လှေထိုး၊ လွှတိုက်၊ ကုလီ၊ လယ်လုပ်၊ ဆင်းရဲသူ၊ ကုန်သည်၊ သူဌေးများဟာ ရေချိုး ခဲ့လျှင် မြစ်ထဲ၌ ဒိုက်မကာဘဲ ရေချိုးလေ့ရှိကြ၏။ ထို့ကြောင့် ငါးကိုက်၊ ငါးမန်းကိုက်၊ မိကျောင်းဆွဲခြင်းခံရလေသည်။ ဤဥပမာလိုပင် ပုထုဇဉ် တို့ဟာ ဝိပဿနာဒိုက်မကာဘဲ ဒါနပြုကြ၊ သီလပြုကြ၊ သမထပွါးကြ၍ အဝိဇ္ဇာကဆွဲစား၊ တဏှာကဆွဲစား၊ မာနက ဆွဲစား၊ ဒိဋ္ဌိကဆွဲစား၊ ဝိစိကိစ္ဆာကဆွဲစားခြင်းခံရ၍ အပါယ် ၄–ပါး၌ မဟာဒုက္ခကြီးရကြရပါ သည်။ ဆဲဒါဟာ ဝဋ္ဋကုသိုလ်၏ပုံစံပါဘဲ။

ရှင်ဘုရင်များကတော့ မြစ်ထဲ၌ရေချိုးလျှင် ဒိုက် ၂-ထပ် ၃–ထပ်ကာရံ ပြီးမှ ဘေးရန်ကိုရှင်းပြီးမှ ဒိုက်တွင်း၌ရေချိုးရာ၊ ငါးဘေးရန်၊ မိကျောင်း

ဘေးရန်၊ ရေစီးဘေးရန်တွေမရှိတော့ဘဲ ဧးမြမြ၊ ရွှင်ရွှင်ပြပြနှင့် ရေချိုး ရတာလို ဝိပဿနာယောဂီများ အရိယာများ၊ ၂၄-သင်္ချေ၊ ကုဋေ ၆၀- ဗိုလ်ခြေတသိန်း ကျွတ်တမ်းဝင်တဲ့ သူမြတ်တွေဟာ ဝိပဿနာဖြင့် ဩဃ ဝိဝိကိုခွါပြီး ပိုက် ၃-ထပ်ကာပြီးမှ ဒါနသီလ၊ သမထဖြင့် ရေချိုးကြရာ၊ ဘေးရန်မရှိဘဲ အပါယ်တံခါးပိတ်၊ဆင်းရဲသံသရာပြတ်၊ဘုံစဉ်စံ၍နိဗ္ဗာန်သို့ ဝင်စံ၊ ပြုံးရွှင် ကြည်လင်၊ လွတ်မြောက်ကြရပါသည်။ အဲဒါကတော့ ဝိဝဋ္ဋ ကုသိုလ်ပုံစံတည်း။

(၅၇၁) ဝဋ္ဋ ဒါသီထ ပုံစံ

ဒါန-၆ သီ-၆ ထ-၆

ဝိ-၆ ဘိဉ်-၆ မာ-၆

ဈာန်-၆

ဝိဝဋ္ဋ ဒါသီထ ပုံစံ




**ပထမပုံစံ၌** ဒါနဟာ ၆-ကိုမရွက်နိုင်၊ သီလဟာ ၆-ကိုမထမ်းရွက်နိုင် ထို့အတူ သမထဟာ၊ ဝိဇ္ဇာဟာ၊ အဘိညာဉ်ဟာ၊ သမာပတ်ဟာ၊ ဈာန် ၉-ဈာန်ဟာ၊ ခြောက်ကို မထမ်းရွက်နိုင်၍ နံဘေးမှာချထားပြီး မှိုင်တွေ ငေးမှိုင်မိန်းမောနေကြပုံဘည်း။ အဲဒါဝဋ္ဋကုသိုလ်ဖြစ်ကြပုံတည်း။ ဒါသီထ တို့မထမ်းနိုင် မချီနိုင်၊မရွက်နိုင်သောခြောက်မျိုးဆိုတာကတော့ တသံသရာ လုံး နိဗ္ဗာန်အထိ အစိန္တေယျအကျိုး အပ္ပမေယျအကျိုး အသင်္ချေယျအကျိုး အနန္တအကျိုး အပရိမာဏအကျိုး အပရိစ္ဆိန္နအကျိုးတို့ကို ပေး၍ပေး၍ မသွားနိုင်ကြပါ။ အဲဒါကြောင့်လဲ ဝဋ္ဋလက္ခဏာပေါ်နေတော့၏။

ဝိပဿနာခေါ်တဲ့ ဝိဝဋ္ဋကုသိုလ်ကတော့ ငါ့ကိုဒွိဲကြပါ။ ငါနဲ့ပေါင်း ပေါ်ကြပါ။ ငါနဲ့တွဲမိတဲ့ လူတွေ,နတ်တွေ,ဗြဟ္မာတွေကို ယနေ့ကစ၍ နိဗ္ဗာန် ထိအောင် သင်တို့ကို ထမ်းဆောင်၍ တသံသရာကာလပတ်လုံးအစိန္တေယျ အကျိုး အပ္ပမေယျအကျိုး အသင်္ချေယျအကျိုး အနန္တအကျိုး အပရိမာဏ အကျိုး အပရိစ္ဆိန္နအကျိုးတွေကို ထမ်းဆောင်၍ပေးပါမည်။ မပိုးရိမ်ကြ ပါနဲ့၊ဝင့် ၃-ပါးလဲ ပြတ်စေပါမည်။မကြောင့်ကြပါနှင့်ဟူ၍ ဝိဝဋ္ဋလက္ခဏာ ကြီးကို အရိပ်ပြ၍နေပါတယ်။ အဲဒါ ဝိဝဋ္ဋပါဘဲ။

(၅၇၂) ဝဋ္ဋ ဒါသိထ ပုံစံ

ဒါ-၇ သိ-၇ ထ-၇ ဝိ-၇

ဘိ°-၇ မာ-၇ ဈာန်-၇

ဝိဝဋ္ဋ ဒါသိထ ပုံစံ




ဒါသီထသည်၊ ၇-ကို မထမ်းနိုင်ပုံ။ ဝိ၊ ဉ္ဈာနာ၊ မဂ်ဖိုလ်သည်၊ ၇-ကို ထမ်းနိုင်ပုံ။

ဘုရားရှင်ကြီးက အာမခံ၊ ပဋိညာဉ်ပြု၍ထားသည့်မှာ ငါပြောတိုင်း ဝိပဿနာကို ကျင့်ပါမူ။ ၇-နာရီအတွင်း၌ဖြစ်စေ၊ ၇-ရက်အတွင်း၌ဖြစ်စေ ၇-လအတွင်း၌ဖြစ်စေ။ ၇-နှစ်အတွင်း၌ဖြစ်စေ၊ ၇-ဘဝ၊ အတွင်း၌ဖြစ်စေ၊ သောတာပန်မကဘဲ ရဟန္တာဘဝအထိ ထမ်းဆောင်၍ ပို့နိုင်ပါတယ်။ ငါ့စကားတော် အတိုင်း လိုက်နာ၍ ကျင့်ကြပါတဲ့။ ။ကြည့် စမ်းပါ တော့လား။

ဒုတိယပုံစံ၌။ဝိပဿနာဟာ၇-နာရီနှင့်၊၇-ရက်နှင့်၊၇-လနှင့် ၇-နှစ်နှင့် ၇-ဘဝနှင့် ရဟန္တာဖြစ်အောင် ပို့ပေးပါမယ်လို့ပြောကာ။ ၇-ငါးမျိုးကို ထမ်းရွက်၍ ပြတဲ့ပုံစံပါဘဲ။ ။ပထမပုံစံကတော့ ဒါန,သီလ,သမထ,ဝိဇ္ဇာ အဘိညာဉ်,သမာပတ်, ဈာန်ကိုးဈာန်တို့ဟာ ၇-ကိုထမ်း၍မပို့နိုင်၍ ဘေးမှာ ချချပြီး တွေဝေမှိုင်ငေး အရှုံးပေး၍နေကြပုံတည်း။ဒါ,သိ,ထ,ဝိ,ဘိ°,မာ,ဈာန် တို့က ဝဋ္ဋတည်း။ ဝိက ဝိဝဋ္ဋတည်းဟု ခွဲသိကြပါ။

(၅၇၃) (ဒါ-သိ-ထ) ဝဋ္ဋပုံစံ (ဝိ) ဝိဝဋ္ဋပုံစံ

ပုံစံကိုသေသေချာချာကြီး ကြည့်ကြစမ်းပါ (ဒါသီထဝိ)တဲ့

ဤပုံစံ၌ ဝိ—ဟာ၊ အပေါ်ကလဲ ဝိုင်းဝိုင်းစက်စက် ပြေ့ပြေ့တင်းတင်း။ အောက်ကလဲဝိုင်းဝိုင်းစက်စက်၊ ပြေ့ပြေ့တင်းတင်းကြီး၊သံသရာတလျှောက် လုံး အကျိုးပေးမဲ့လက္ခဏာကိုပြ၍နေပါတယ်။သူ့အနီးက သမထကတော့ အဝိုင်း ၂—မျိုးတွဲ၍နေပေမဲ့ မထောင်နိုင်ဘဲ (ထ) ပုံအတိုင်းမှုးလဲ၍နေပုံကို သတိပြုပါ။ သီလကလဲ ဝိုင်းတော့မလိုနှင့် အဆက်ပြတ်၍နေပုံပြထားပါ တယ်။အကျိုးပေးတော့လဲ ပြတ်တောင်း ပြတ်တောင်းနှင့်အကျိုးပေးတာကို မြင်ရ၊ တွေ့ရပါတယ်။ ဒါနကလဲ သူ၏ပုံစံကိုက အချိုင့်တွေ, အပေါင်း တွေနဲ့မို့ သူ့အကျိုးပေးနေပုံနှင့်ကိုက်ညီပါပေဘယ်။ စကားပုံမှာ(တူနိုင်မယ်

မထင်ကြဲ့နှင့် ကိုးဆယ်ဆ၊ကွာလိမ့်မယ်) ကိုးဆကွာ ဆယ်ဆကွာ၍ အကျိုးပေးပါသည်။

(၅၇၄) (က) ရွံ့နှစ်ရေအဝိဇ္ဇာပစ္စယာ သင်္ခါရာ၊အတုအပ အလောဘ, အဒေါသ, အမောဟ ငင်းတရားသည် မီးတော့သေစေ၏။ မသုံးရ၊မချိုးရ၊ မသောက်ရ။

(ခ) မစင်ကျရေ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ အတုအပ အလောဘ, အဒေါသ, အမောဟငင်းတရားသည် မီးသေ၏။ ပန်းပင်ရေလောင်းရ၏။ မသုံးရ၊ မချိုးရ၊ မသောက်ရ။ ဤ (က) နှင့်( ခ) အလောဘ, အဒေါသ, အမောဟ ၃-ပါးကား ဝဋ္ဋသာတည်း။

(ဂ) တွင်းရေ ဝိဇ္ဇာပစ္စယာ မဂ္ဂင်၊အစစ်အမှန်၊ အလောဘ,အဒေါသ, အမောဟ, ဧကောဓမ္မောတည်း။ မီးသေ၊ ရေလောင်း၊ သုံးရချိုးရသောက်ရ၏။ဝိဝဋ္ဋတည်း။ ရေ ၃-မျိုးနှင့် ဟိတ် ၃-မျိုးခွဲပုံကို အကျယ်ဟော၍ပြကြပါကုန်။

(၅၇၅) သံတုံးရေချမြုပ်၏။ ဝဋ္ဋတည်း။ သံဘောကြီးရေချပေါ်၏။ ဝိဝဋ္ဋတည်း။ အပတိဋ္ဌေ အနာလမ္ဗေ၊ သေခေါဂမ္ဘီရေ နဿိဒတိ၊ ပါဠိရွတ်၍ ဟောပါလေ။

(၅၇၆) ဝါးလုံးရှုံ့ဝင်မြုပ်၊ ဝဋ္ဋတည်း၊ ဝါးလုံးရှုံ့မဝင်ပေါ်၏၊ ဝိဝဋ္ဋတည်း။

(၅၇၇) ဂိုးရင်းဘတ်မှုံ အဆိပ်နှင့်တို့စား သေတတ်၏။ဝဋ္ဋသဘော။ ဒါသိထကုသိုလ် ဒိဋ္ဌိဝိစိတ္တဲပြု၊ သံသရာလယ်ပါရော ဝဋ္ဋတည်း။

ဂိုးရင်းဘတ်မှုံ ထောပတ်နှင့်တို့စား အားအင်ကြီးမား၏။ဝိဝဋ္ဋသဘော။

ဒါသိထကုသိုလ် ဝိပဿနာနှင့်တွဲပြု၊ မဂ်ဖိုလ်ရ ဝိဝဋ္ဋတည်း။

(၅၇၈) ထမင်းအိုး၌ ရေနံဆီထဲ့မိ၍ (၁) သွန်၏၊ ဒါနသဘော (၂) ဆေးကြော၏၊ သီလသဘော(၃)သုတ်၏၊ သမထသဘော။ ဒါပေမဲ့ ထမင်းချက်တော့ ရေနံဆီနံ့နံစေ၍ မစားနိုင်။မဂ်မရ၊ဝဋ္ဋသဘော။

(၁) ထမင်းအိုး၌ ရေနံ့ဆီထဲ့မိ၍ သွန်ပြီး၊ လွှစာ ကောက်ရိုးထဲ့၍မီးဖုတ်၏။ ဝိပဿနာသဘော(၂)ပြာကိုသွန်၏။ ဒါနသဘော(၃)ဆင်ပြာစသည်ဖြင့် ဆေးကြော၏၊ သီလသဘော (၄) အဝတ်ဖြင့်သုတ်၏ သမထသဘောတည်း။ ၎င်းတို့ဖြင့် ထမင်းချက်လျှင် ရေနံ့ဆီအနံ့ ပျောက်၍၊ စားရ၊ သုံးရ၊ ပျော်ရွှင်ရ၏။ ဝိဝဋ္ဋသဘောတည်း။

(၅၇၉) လူအများလုပ်ရိုး လုပ်စဉ်အတိုင်း ကုသိုလ်ကိုပြုကြပါကုန်။ တိုင်းသူပြည်သားအများပင် အာဝါဒေးပွဲ၊ သုမင်္ဂလပွဲစသည်သို့ ပွဲနေ ပွဲထိုင် သွားဘို့ရန်ကိစ္စရှိသော် ပထမ (၁) အညစ်အကြေးစင်ကြယ်စေရန် ရေမိုး ချိုးရပါသည်။ ဗိဋ္ဌိဝိပိ၊ အဝိဇ္ဇာကြေးညှော်ကို ဝိပဿနာရေချိုးသုတ်သင်ပါ ဟူ၏(၂)ဒုတိယ၌ ဇီးလိမ်းခြင်းပြုရ၏။ ဒါနသဘောတည်း (၃) တတိယ၌ အဝတ်အစားဝတ်ရ၏။ သီလသဘောတည်း (၄) စတုတ္ထ၌ ပုတီး လက်ကောက်ရတနာဖြင့်ဆင်မြန်းရ၏။ သမထသဘောတည်း။ ဤကား ဝိဝဋ္ဋကုသိုလ်ပြုပုံတည်း။ ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ ကူးပုံကိုပြပါ သည်။ ရေးမချိုးဘဲ ဇီးလိမ်း၏၊ ဒါန၊ ဝတ်ဆင်၏၊ သီလ၊ ဘယက်ရတနာ ဝတ်၏၊ သမထ။ ဤကား ဝိပဿနာမပါ။ ဗိဋ္ဌိ ဝိပိ အဝိဇ္ဇာမစင်လို့ ဝဋ္ဋတည်း။

(၅၈၀) 

ဝဋ္ဋတည်း 

ဝိဝဋ္ဋဘည်း

ပထမပုံစံ ဒုတိယပုံစံ ဓိုင်းဓိုင်းဝိပဿနာဖြင့်ချုပ်၏

ပထမ ကိလေသဝဋ္ဋ်, ကမ္မဝဋ္ဋ်, ဝိပါကဝဋ္ဋ် ၃-ပါးသည် ဝိပဿနာဖြင့် မဘမ်းရသေး။ အရှိန်မသတ်ရသေးလို့ဝဋ္ဋတည်း။ ။ဒုတိယပုံစံကား ဝိပဿနာစည်းဓိုင်းဖြင့် မိပြီးသား၊ ဘမ်းချုပ်ပြီးသားမို့ ကိလေသ, ကမ္မ, ဝိပါက ၃-ပါးသည် မလယ်နိုင်၍။ ဝိဝဋ္ဋဖြစ်ရတော့၏။

(၅၈၁) ဒါသီထ ဒါသီထ ဒါသီထ ဒါသီထဝိ

လူဖြစ် နတ်ဖြစ် ဗြဟ္မာဖြစ် မင်္ဂဖိုလ်နိဗ္ဗာန်ရ

ဝဋ္ဋ ၃-နယ်တည်း ဝိဝဋ္ဋတည်း။

ကာမာဝစရကုသလဉ္စ ကာမသုဂတိယမေဝ ပဋိသန္ဓိံ ဇနေတိ။ ။သင်္ဂဟအဋ္ဌကထာ။

ကာမာဝစရကုသလဉ္စ၊ ကာမာဝစရကုသိုလ်ဒါနသီလသမထကံသည်လည်း။ ကာမသုဂတိယမေဝ၊ လူ့ဘုံနှင့် နတ်ပြည်ခြောက်ထပ် သုဂတိဘုံ၌သာလျှင်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဇနေတိ၊ ဖြစ်စေတတ်၏။

ဒါန, သီလ, သမထကုသိုလ်ကံများဟာ ကာမသုဂတိဖြစ်တဲ့ လူ့ဘုံ နတ်ပြည်ခြောက်ထပ်၌သာ ပဋိသန္ဓေကို ဖြစ်စေနိုင်ပါတယ်တဲ့။ အဲဒါဟာ ဝဋ္ဋ၏လက်ခွဲဏာပြ၍နေတာပါဘဲ။

ရူပါဝစရကုသလဉ္စ ပရိတ္တံဘာဝေတွာ ဗြဟ္မပါရိသဇ္ဇေသု ဥပ္ပဇ္ဇတိ။ ။သင်္ဂဟအဋ္ဌကထာ။

ရူပါဝစရကံသည်လည်း နဲ့သောအားနည်းသောဝိသေသရှိသော ပဌမဈာန်ကိုပွါး၍ ဗြဟ္မပါရိသဇ္ဇာဘုံတို့၌ ပဋိသန္ဓေအားဖြင့်ဖြစ်ရ၏။ အဲဒါလဲ ဝဋ္ဋ၏လက္ခဏာကိုပြ၍နေပုံပါဘဲ။

အရူပါဝစရကုသလံပန ယထာက္ကမံ ဘာဝေတွာ အာရုပ္ပေသု။ ။သင်္ဂဟအဋ္ဌကထာ။

အရူပါဝစရကုသလံပန၊ အရူပါဝစရကုသိုလ်ကံသည်ကား။ ယထာက္ကမံ၊ အာကာသ, ဝိညာဏ, အာကိဉ္စညာ, နေဝသညာဆိုတဲ့ ဈာန်စဉ်အတိုင်း။ ဘာဝေတွာ၊ ပွါးများ၍။ အာရုပ္ပေသု၊ အရူပလေးဘုံတို့၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အရူပကုသိုလ် ၄-မျိုးဟာ အရူပ ၄-ဘုံ၌ ပဋိသန္ဓေအားဖြင့်ဖြစ်၏တဲ့။ အဲဒါလဲ ဝဋ္ဋလက္ခဏာဘဲ။ ပုံစံအတိုင်းပင် ကာမ, ရူပ, အရူပကုသိုလ်များဟာ ကာမဘုံ, ရူပဘုံ, အရူပဘုံတို့၌သာ ပဋိသန္ဓေကိုဖြစ်စေရာ။ ဝဋ်ထဲသို့တွန်းချနေပါပကော။ (ဒါန, သီလ, သထ, မဂ်ပိယသနာ) ၄-ဘက် ၄-တန်က မဂ်ဖိုလ်နိဗ္ဗာန်အထိ အကျိုးပေးမှသာလျှင် ဝဋ် ၃-ပါးပြတ်၍ ဝိဝဋ္ဋကုသိုလ်ဖြစ်ရတော့မည်။ ဒါကြောင့် ဒါသီထကို ဝိနဲ့တွဲပါ၊ ဝိဝဋ္ဋဖြစ်လိမ့်မည်။

(၅၀၂) 

ဒါနစားစရာတွေထဲ့ထားပါ။ သီလ စောင့်ရှောက် မည့် သ ဘော် ကုလား တွေ ငှါး ထဲ့ပါ။ သမထကား သဘော် ကိုယ် ထည် ကြီး ပါ။ ၎င်း ၃–ပါးထဲ့နှင့် ပင်လယ်ကြောသို့မျှောပါလျှင် ဝဋ်လယ်သကဲ့သို့ ချာချာ လယ်၍ သွားလဲမရ၊ ကပ်လဲမရ၊ထင်သလိုမပေါက်ဘဲ လယ်၍သာနေမည်။ ဝန္တသဘောတည်း။ ။စက်နှင့်ပဲ့တက်ဆိုတဲ့ ဝိပဿနာ ဖြည့်စွက်ပေးမှ သာလျှင် ၎င်းသဘော်ကြီးဟာ ၄-ဘက် ၄–တန်စုံ၍ ဆိုက်နိုင် ကပ်နိုင် သွားနိုင်မည်။ ဝိဝန္တသဘောတည်း။

| (၅၀၃) | ပုထု | သောတာ | သကဒါ | အနာ | ရဟန္တာ | |
|---|---|---|---|---|---|---|
| | ဝိဖြင့် | ဝိဖြင့် | ဝိဖြင့် | ဝိဖြင့် | ဝိဖြင့် | ဝိဝန္တ ၅–မျိုး |
| | ဒိခွါ | ဒိခွါ | ဏှာခွါ | ဏှာခွါ | ဏှာခွါ | |

ပုထုဇဉ်အခိုက်၌ ဝိပဿနာဖြင့် ဒိဋ္ဌိခွါ၏။ သောတာပတ္တိမဂ်အခိုက်၌ ဝိပဿနာမဂ်ဖြင့် ဒိဋ္ဌိခွါ၏။ သကဒါဂါမိ, အနာဂါမိ, ရဟန္တာမဂ်အခိုက်၌ ဝိပဿနာပွါး၍ မဂ်ဖြင့်တဏှာကိုခွါ၏။ ချုပ်စေ၏။ ဝိဝန္တ ၅-မျိုးတည်း။

## (၅၀၄) ပဋိစ္စသမုပ္ပါဒ် ၁၂–ရပ်၊ ၁၀-ရပ်၌ ငွေ့ဖြစ်နေပုံကား

| | |
|---|---|
| ဝိ သိ ဝိ နာ မိ သ ပ ဝေ | ဏှာ ဥ ဘ ဇာ ဇ မ သ ပ ဒု ဒ ဥ |
| ဒိဋ္ဌိအဝိဇ္ဇာ ဝန္တတည်း။ | တဏှာစက် ဝန္တတည်း။ |

ဝိသာခါ ၇–နှစ်သို့းဒိဋ္ဌိသာခွါ၏။ တဏှာမခွါနိုင်ပါ ဝိဝန္တပါဘဲ၊ ထမိ ခေါင်းပေါင်းမိ ပမာ၌ ဒါသီထ၌ ဒိဋ္ဌိကပ်သလို ကပ်လို့ပါ။

ဒေဝကုမ္မတ်မင်းသားကို ဖွါဘမ်းဒိဋ္ဌိမှား၊ဝဋ္ဋသဘောဖြစ်၏။

(၅၀၅) ရှိခိုးရာ၌၊ ဘယ-လာဘ ကုလကြည်ရှောင်းလျှင် ဝိဝန္တသဘော၊

ရှိခိုးရာ၌ ဘယ-လာဘ ကုလ မကြည်ရှောင်းလျှင် ဝဋ္ဋသဘော၊

(၅၀၆)

| | |
|---|---|
| ဆင်းရဲသူ၊ဆင်းရဲသားပေါင်း<br>ဆင်းရဲသူကုန်သည်ပေါင်း<br>ဆင်းရဲသူသူဌေးပေါင်း<br>ဝဋ် ၃-ဆင့် | ဆင်းရဲသူမင်းနှင့်ပေါင်း သားလဲ<br>ဘုရင်ဖြစ်၊မိမိလဲ မိဖုရားဖြစ်ပုံ။<br>ဝိဝဋ္ဋပေါ်လွင်အောင်<br>ကြံစည်ပါလေ။ |

ထို့အတူ၊ (၁) ဒါနနှင့်ဒါနပေါင်း၊အကျိုးပေးပုံကြည့် (၂) ဒါနနှင့်သီလ ပေါင်းတော့ အကျိုးပေးပုံကြည့်ပါ(၃)ဒါနနှင့် သမထပေါင်းတော့ အကျိုး ပေးပုံကြည့်ကြပါ ၏ဒါ ဝဋ္ဋသဘောတည်း။ ။ဒါနနှင့်ဝိပဿနာပေါင်း တော့ လူဘဝ,နတ်ဘဝ,ဗြဟ္မာဘဝ,မဂ်ရ ဖိုလ်ရနိဗ္ဗာန်အထိရတာမို့ ဝိဝဋ္ဋ သဘော ထင်ရှားလှပါ၏။

(၅၀၇) ဒါသီထပြု၍ မေထုန်ငယ် ၇ ပါးမလွတ်ကင်းလျှင် ဝဋ္ဋတည်း။

(၅၀၈) ဒါသီထပြု၍ တုံးကြီးရှစ်တုံးမလွတ်ကင်းလျှင် ဝဋ္ဋတည်း။

(၅၀၉) ဒါသီထပြု၍ မာရ်စစ်သည်ဆယ်ပါးငြိလျှင် ဝဋ္ဋတည်း။

(၅၉၀) အကုသိုလ် ၁၄-တွဲ(စိတ်)ကုသိုလ် ၂၅-တွဲ။

ဝဋ္ဋတွဲ….(ဒါန) ဝိပဿနာတွဲ ဝိဝဋ္ဋ။

(၅၉၀) မဂ် ဖိုလ် နိဗ္ဗာန်

| | |
|---|---|
| ရုပ်တရားနာမ်တရား | ဒါသီထ |

ငရဲ-တိရ-ပြိ-အသု။

ရုပ်တရား, နာမ်တရားတွေ့လို့ မဂ်ဖိုလ် နိဗ္ဗာန်ရလျှင် ဝိဝဋ္ဋ။ ။ရုပ်နာမ်မတွေ့၍ အပါယ်မလွတ်လျှင် ဝဋ္ဋတည်း။

(၅၉၂) သီလ၊ ဝိဇ္ဇာ ဝိဋ္ဌိ၊ ကာဠိ၊ မဂ္ဂါ၊ ပဋ္ဌိ၊ ဉာဏ

ဝဋ္ဋနယ် ဝိဝဋ္ဋနယ်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅၉၃ | သံသာ<br>သမ္ဗုဒ္ဓင့် | ၇-သင်္ချေ<br>၁၂၅၀၀၀ | ၉-သင်္ချေ<br>၃၈၇၀၀၀ | ၄-သင်္ချေ<br>၁၂-ဆူ | တသိန်း<br>၁၇-ပွင့် | ၃၅<br>နှစ် | ဗောဓိ၂င်<br>၄၅-ဝါဋ္ဌ<br>ဝိဝဋ္ဋနယ် |
| | အလောင်းတော် ဝဋ္ဋနယ် | | | | | | |

| | ဝဋ္ဋနယ် | ဝိဝဋ္ဋနယ် |
|---|---|---|
| (၅၉၄) တဒင်္ဂပဟာန် | ဝိက္ခမ္ဘနပဟာန် | သမုစ္ဆေဒပဟာန် |
| (၅၉၅) ဝိနည်း | သုတ္တန် | အဘိဓမ္မာ |

| | ဝဋ္ဋနယ် | ဝိဝဋ္ဋနယ် |
|---|---|---|
| (၅၉၆) | သုတမယ,စိန္တာမယ | ဘာဝနာမယ |

(၅၉၇)




| (၅၉၈) အာဒိကလျာဏ၊ | မဇ္ဈေကလျာဏ၊ | ပရိယောသာနကလျာဏ၊ |
|---|---|---|
| အဓိသီလ | အဓိစိတ္တ | အဓိပညာ |
| သီလ | သမာဓိ | ပညာ |
| ဝိနည်း | သုတ္တန် | အဘိဓမ္မာ |
| တဒင်္ဂ | ဝိက္ခမ္ဘန၊ | သမုစ္ဆေဒ |
| အာဏာ | ဝေါဟာရ | ပရမတ္ထ |
| ဝဋ္ဋ | ဝဋ္ဋ | ဝိဝဋ္ဋ |

## (၆၀၁) ယောဂီများ မြေလေးစင်းဘာမိယှုန်ရှစ်မျိုး

(၁) ဤဘက်ဆိုဒါ–စက္ခု,သောတ, ဃာန,ဇိဝှါ, ကာယ, မနဆိုတဲ့ အဖျတ္တိက အာယတနတို့၌ တပ်နှစ်သက်၍ သောင်တင်နေခြင်း(၂) ထိုမှာ ဆိုဒါ၊ ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဆိုတဲ့ ဗာဟိရ အာယတနတို့၌ တပ်နှစ်သက်၍ သောင်တင်နေခြင်း (၃) လူလာဆိုတာ ဂိဟိသံသဋ္ဌ။ အပေါင်းအဖေါ် အသင်းအပင်းနှင့် မွေလျော်ပျော်ပါး၍ သောင်တင်နေခြင်း (၄)နတ်ကုတ်ဆိုတာ လူ့ချမ်းသာ,နတ်ချမ်းသာ ဗြဟ္မာ့ ချမ်းသာတို့ကိုလိုချင်တောင်းတ၍ဒါန,သီလ,သမထပြု၍သောင်တင်နေခြင်း (၅)လယ်မြုပ်ဆိုတာ နန္ဒီရာဂရေပြင်၌ မြုပ်၍နေခြင်း စားရေးသောက်ရေး သားရေး, သွီးရေး, မြီးရေး, မြစ်ရေး, စီးပွါးရေး, ဂုဏ်ရေး, ဂက်ရေး တွေနှင့်ရှုပ်ထွေး၍ သောင်တင်နေခြင်း (၆) သောင်တင်ဆိုတာ–မာန်မာန တလူလူနှင့် သံသရာသောင်ပြင်ကြီး၌ တင်၍နေခြင်း (၇) ဝဲတွင်နစ်စုပ် ဆိုတာ-ကာမဂုဏ်ငါးပါးဆိုတဲ့ ဝဲကတော့၊ ဩဃကြီးထဲ၌ နစ်၍နေခြင်း (၈)တွင်းပုပ်နံစော်ဆိုတာ-အလဇ္ဇီမှု၊ဒုဿီလမှုဖြင့် အပုပ်နံ့ထွက်၍နေခြင်း။ ယောဂီများတို့သည်လည်း ဤရှစ်မျိုးတို့တွင် တမျိုးမျိုး၌ သောင်တင်၍ နေတတ်၏။ခန္ဓာကိုယ်တွေပွါးများပြီး ဘဝတွေဆက်ပွါး၍နေတတ်၏။ခန္ဓာ ကိုယ်ရလျှင်ဓာတ်ကြီး ၄-ပါးမြွေကို ဘမ်းပြီးသား,ယူပြီးသား,ကိုင်ပြီးသား ဖြစ်ပါ၍ မြွေကိုက်များစွာခံ၍ သေရဦးမည်ကို သတိပြုသင့်လှပေ၏။ ။ဥပမာ နှင့် ဥပမေယျဟပ်၍ပြရလျှင် သစ်တုံးကြီးသည်၊ရှစ်ဌာနတွင် တခုခုသော ဌာန၌တင်၍ ပင်လယ်သို့မရောက်၊ သမုဒ္ဒရာသို့မရောက်သကဲ့သို့ ထို့အတူ ယောဂီများလည်း ပြခဲ့ပြီးသော ရှစ်ဌာနတို့တွင် တခုခုသောဌာန၌ ငြိကပ် သောင်တင်၍ အရိယာဘဝ မဂ်ဖိုလ်ဆိုတဲ့ ပင်လယ်ကြီးသို့ရင်း၊ သမုဒ္ဒရာ ဆိုတဲ့ နိဗ္ဗာန်ရွှေပြည်ကြီးသို့ရင်းမရောက်နိုင်တော့ပြီ။....

## (၆၀၂) ၃–ဝဠ်ဆုတောင်းမြွေဘမ်းမေထုန်ယင်တဲ့ သောင်ဘင်တတ်ပုံ

ဒါနပြုပြီး သီလစောင့်ပြီး သမထပွါးပြီး၊ ဤကုသိုလ်များကြောင့် ဘယ် သူဌေးကြီးလို ဖြစ်ရပါလို၏။ ဘယ်နတ်မင်းကြီးလို ဘယ်ဗြဟ္မာမင်းကြီးလို စည်းစိမ်အရာမှာ ညီးညီးထိန်ထိန်နှင့်ခံစား၊ စံစားရပါစေသတည်းဟု စိတ်မနောထဲ၌ သဘောကျကျလိုချင်၊ ဖြစ်ချင်၍ပြုသော ဒါနမျိုး,သီလမျိုး,

သမထမျိုးသည်၊ မေထုန်ငယ်ခုနစ်ပါးတို့တွင် တပါးအပါအဝင်ဖြစ်သော (ကာမေသုမိစ္ဆာစာရကံ) မေထုန်ငယ်ဟူ၍ မှတ်ပါတဲ့။ သ ဏှ နှ် ပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၊ဝိသာခုပေါ်သထသုတ်တော်အဆိုပင်တည်း။ ။ဤဒါနှ, သီလ,သမထကို မေထုန်ငယ်ဟုဆိုသဖြင့် လန့်စရာဖြစ်၏။

## (၆၀၃) ၄–ရှိခိုးသေးအခါ ဘယ-လာဘ-ကုလာစာရ,တဲ့ သောင်တင်တက်ပုံ

ဘေးကိုကြောက်၍ရှိခိုးခြင်း၊ လာဘ်လာဘကိုလို၍ရှိခိုးခြင်း၊ မိရိုးဖလာ အမျိုးတို့၏ အလေ့အကျက်၊ လုပ်ရိုးလုပ်စဉ်မို့ ရှိခိုးခြင်းကိုရှောင်ရမည်တဲ့၊ သရဏဂုဏ်မတည်တဲ့။ ။ထို့ကြောင့်ဗားကရာ သာသနာပိုင်ဆရာတော် ဘုရားကြီး၏နိသျှဥ် အနက်ပြန်ဆို၍ထားသည်ကား— (ဝန္ဒာမိ၊ ဘယ-လာဘ-ကုလကြဉ်ရှောင်း၊ဂုဏ်တော်ပေါင်းကို အောက်မေ့သဖြင့်၊ အသင့် နှလုံး၊ဆို့ပိတ်ဖုံး၍၊သုံးတန်စေတနာ၊သုံးဖြာဒွါရ၊ ပဏာမဖြင့်၊ ကြည်ဆွသဒ္ဓါ၊ ရှိခိုးပါ၏အရှင်ဘုရားတဲ့)။ ဘေးကိုကြောက်၍ရှိခိုးခြင်း၊ လာဘ်ကိုလို၍ရှိခိုး ခြင်း၊ မိရိုးဖလာမို့ လုပ်ရိုးလုပ်စဉ် ရှိခိုးခြင်း ၃–ပါးကို ရှောင်ကြဉ်ပါတဲ့.... ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်တော်များကို ထိထိရောက်ရောက် သဘောပေါက်၍ ဝမ်းမြောက်စွာ အထူးပြု၍ ရှိခိုးပါတဲ့။ ၁-၂-၃-နံပါတ် ရှိခိုးခြင်းသည်ကား မြွေလေးကောင်ကို ဘမ်းခြင်း, ယူခြင်း, ကိုင်ခြင်းပါဘဲ တဲ့—

## (၆၀၄) ၅- ဋီကာကျော်က ဘွင်းဘွင်းချ၍ပြပြီ

အဘိဝါဒိယာတိ ဝိသေသတော ဝန္ဒိတွာ ဘယ-လာဘ ကုလာ စာရာဒိ-ဝိရဟေန သက္ကစ္စံ အာဒရေန-ဟူ၍ ဋီကာကျော်၌ ဖွင့်ဆိုခဲ့ပြီ။

အဘိဝါဒိယာတိ၊ အလွန်အကြူး၊အထူးသဖြင့် ရှိခိုးခြင်းမည်သည်ကား။ ဝိသေသတော၊အထူးသဖြင့်။ဝန္ဒိတွာ၊ရှိခိုးပါ၏။ဘယ-လာဘ-ကုလာစာရာ ဒိဝိရဟေန၊ဘေးကိုကြောက်၍ရှိခိုးခြင်း၊ လာဘ်ကိုလို၍ရှိခိုးခြင်း၊အမျိုးတို့၏ အလေ့အလာမို့ မိရိုးဖလာရှိခိုးခြင်း–အစရှိသည့်များကို ကြဉ်ဖယ်ရှောင်ရှား ၍။ သက္ကစ္စံ–အာဒရေန၊ဂုဏ်တော်ပေါင်းကို အောက်မေ့သဖြင့် ရိုသေစွာပင်။ ဝန္ဒာမိ၊ သန့်သန့်ရှင်းရှင်းကြီး ရှိခိုးပါ၏အရှင်ဘုရားတဲ့။ ။ဘယ-လာဘ-ကုလာစာရဖြင့် ရှိခိုးလျှင် သရဏဂုဏ် မမြောက်ပါ။ဒါလိုရင်းတည်း။

## (၆၀၅) မြွေလေးစင်းဥပမာ။ ဘမ်းသောယောကျ်ား

မင်းဆိုတာ မြွေလေးမျိုးတို့ကို ကိုင်စေ, ယူစေ, ဘမ်းယူစေ၍ ကိုင်သော ခိုးသူ၊ ယူသောခိုးသူ၊ ဘမ်းသောခိုးသူများကို မြွေကိုက်စေ၍ သေစေကုန်၏။ ထို ပြင်လည်းစစ်သည်ရဲမက် ချီတက်ဝိတ်ဆို မြှုပျက်သောကာလ၌ တဖက် သောစစ်သည်တို့သို့ပစ်ချကုန်အံ့။ တဖက်စစ်သည်ကို လွှမ်းမိုးနှိပ်စက် တိုက်ဖျက်ခြင်းငှါ မစွမ်း နိုင် ခဲ့ သော်၊ ကောင်းသောဘောဇဉ်ကိုစား၍ မြတ်သောအိပ်ရာထက်သို့တက်၍ မိမိကိုယ်ကို မြွေကိုက်စေ၍ တဖက်ရန်သူ မင်းတို့၏အလိုနိုင်ငံသို့ မလိုက်ရသေးမီ၊ ဝါ၊ မိမိကိုမနှိပ်စက်မီ ကြိုတင်၍ မိမိအလိုအားဖြင့် သေလင့်ကုန်အံ့၊ ဤလိုစိတ်ကူးမျိုးဖြင့် အကြံအစည်မျိုးဖြင့် မြွေတို့ကို နေရာပေးသူ၊ အိပ်ရာပေးသူ၊ ကျွေးမွေးသူနှင့် မွေးမြူ၍ထားကြ ကုန်၏။ အသက်ရှည်ခြင်းကို အလိုရှိ၏။ သေခြင်းကို အလိုမရှိ။ ချမ်းသာခြင်း ကိုအလိုရှိ၏။ ဆင်းရဲခြင်းကိုအလိုမရှိ။ ဤသို့သဘောရှိသော ခိုးသူဖြစ်သော အကြင်ယောကျ်ားကိုအဆောတလျင်သေစေခြင်းငှါ အလိုမရှိကုန်။ ရှည်မြင့် စွာသော နေ့ညကာလပတ်လုံး ဆင်းရဲငြိုငြင် ပင်ပန်းခြင်းသို့ရောက်စေ၍ ပြီးမှ သေလင့်။ ဤသို့သာလျှင် အလိုရှိကြကုန်သော မင်းတို့သည်ကား၊ အသက်ရှည်ခြင်းကို အလိုရှိ၏။ သေခြင်းကိုအလိုမရှိ။ ချမ်းသာခြင်းကို အလိုရှိ၏။ ဆင်းရဲခြင်းကိုအလိုမရှိ။ ဤသို့သဘောရှိသောထိုခိုးသူဖြစ်သော ယောကျ်ားကို ဤသို့ပြောဆိုကြကုန်၏။ ပြောဆိုကြပုံကား။ —

အိုကွယ့်အမောင်ယောကျ်ား— သင်ယောကျ်ားသည် ဤမြွေ လေးကောင်တို့ကို ထ, ချိန်ကျလျှင် ထစေရမည်။ ရေချိုးချိန်ကျလျှင် ရေချိုးစေရမည်။ ကျွေးမွေးချိန်ကျလျှင် ကျွေးမွေးရမည်။ အိပ်ချိန် ကျလျှင်အိပ်စေရမည်။ အိုကွယ့်အမောင်ယောကျ်ားရယ်— သင် ယောကျ်ား၏ပြုပုံ မှုပုံကို အလိုမကျလို့ ဤမြွေလေးကောင်ထဲက တကောင်သည် ဒေါသတရားချောင်းချောင်းထ၍ သင့်ကိုကိုက်ခဲရာ ၏။ ထိုမြွေကိုက်ခဲခြင်းကြောင့် သင်ယောကျ်ားသည် သေခြင်းသို့ လည်းရောက်ရာ၏။ သေလောက်ရုံသော ဆင်းရဲဒုက္ခသို့လည်း ရောက်ရာ၏။ ဟု-ပြောဆိုကြကုန်အံ့။ ပြောဆိုပြီးသော် ထိုယောကျ်ား အား ထိုမြွေလေးကောင်ကို မွေးမြူရန် ဝန်ခံစေ၍ မြွေတို့အားလည်း မှာထား၏။ မှာထားပုံကား။ ။ဤယောကျ်ားသည် သင်မြွေ ၄-မျိုး

တို့၏ အလုပ်အကျွေးပင်တည်း။ဤယောကျ်ားသည် သင်တို့အား ထ, ချိန်၌ထစေလိမ့်မည်။အိပ်ချိန်၌အိပ်စေလိမ့်မည်။ရေချိုးချိန်၌ရေချိုး စေလိမ့်မည်။ စားချိန်၌ စားစေလိမ့်မည်ဟု မှာထား၏။ ဤသို့ မှာထား ပြောကြားပြီးသောကာလ၌ ပဌမ မြွေ တ ကောင် သည် လာလတ်၍ ထိုအလုပ်အကျွေးဖြစ်သောယောကျ်ား၏လကျ်ာဘက် ခြေကို အစဉ်လျောက်ပြီး ဖြေးရှုတက်၍ လကျ်ာဘက် လက်ကို လက်ကောက်ဝတ်က ပခုံးစွန်းသို့ရောက်အောင် ရစ်ပတ်၍ လကျ်ာ ဘက်နားရင်း၌ နား၏အနီး၌ ပါးပျဉ်းထောင်၍ တရှူးရှူး · တရှဲရှဲ မြည်၍အိပ်၏။ ။ပဌမမြွေအိပ်ပုံပြီး၏။ ၊ ။ဒုတိယမြွေတကောင် ဟာလဲ လာလတ်၍ထိုယောကျ်ား၏လက်ဝဲခြေသို့ အစဉ်လျောက် ၍ ဖြေးရှုတက်ပြီးလျှင် လက်ဝဲဘက်လက်ကို လက်ကောက်ဝတ်က ပခုံးစွန်းရောက်အောင်ရစ်ပတ်၍ လက်ဝဲဘက်နားရင်း နား၏အနီး၌ ပါးပျဉ်းကြီးထောင်၍ တရှူးရှူး တရှဲ့ရှဲ့မြည်၍အိပ်၏။ ။ဒုတိယမြွေ အိပ်ပုံပြီး၏။ ။တ တိ ယ မြွေ တ ကောင် ဟာ လာလတ်၍ ထို ယောကျ်ား၏ရှေ့ဘက်ကနေပြီးတက်၍ ဝမ်းကိုရစ်ပတ်၍ ရေမျို လည်ပင်းရင်း၌ ပါးပျဉ်းထောင်ပြီးလျှင် တရှူးရှူး တရှဲရှဲမြည်၍ အိပ်၏။ ။တတိယမြွေအိပ်ပုံပြီး၏။ ။စတုတ္ထမြွေတကောင်ဟာ လာလတ်၍ ထိုယောကျ်ား၏နောက်ဘက်ကနေပြီးလျှင် အထက်သို့ တက်၍ လည်ပင်းကိုရစ်ပတ်၍ ဥက္ကောင်းထက်၌ ပါးပျဉ်းကို ထောင်၍ တရှူးရှူး တရှဲရှဲမြည်၍အိပ်၏။ ။စတုတ္ထမြွေအိပ်ပုံပြီး၏။

အဲဒါလို လေးကောင်သောမြွေတို့သည် ထိုယောကျ်ား၏ကိုယ်၌ တည် နေကြပြီးသော်၊ထိုယောကျ်ား၏အကျိုးကို လိုလားတောင့်တသော ကရုဏာ ရှိသော ယောကျ်ားတယောက် ဆိုက်ရောက်လာ၍ ထိုယောကျ်ားကို အိုကွယ့် အမောင်ယောကျ်ားရယ်—သင်သည်၊ ဘယ်ဥစ္စာကို ရထားပါ သလဲဟုမေး၏။ မြွေ၏ကျွန်ဖြစ်သော ယောကျ်ားက ပြန်၍ပြောသည်ကား— အိုဗျမိတ်ဆွေရယ်— ကျွန်ုပ်၏လက်၌ လက်ကောက်ကဲ့သို့ လက်ရုံး၌ လက်ရုံးအတောင်ကဲ့သို့ ဝမ်း၌စလွယ်ကဲ့သို့၊ နား၌ နားပန်းသွယ်ကဲ့သို့၊ လည်ပင်း၌ပုလဲသွယ်ကဲ့သို့ဥက္ကောင်း၌ မကိုဋ်ကဲ့သို့၊တန်းဆာ ရတနာအထူး သ-ဖြစ်ကုန်သော မြွေလေးကောင်တို့ကို ဘုရင်မင်းမြတ်ကြီးက ငါ့အား အပိုင်အပ်နှင်း၍ ပေးအပ်ကုန်ပြီဟု အားရဝမ်းသာ ပြောကြားပေ၏။

ထိုယောက်ျား၏ အကျိုးကို လိုလားတောင်းတသော ကရုဏာရှိသော ယောက်ျားက ပြောပြသည်ကား–

အိုကွယ့်အန္ဓဗာလ၊ မိုက်တွင်းကြီးနက်လှသော အဆွေယောက်ျားရယ် မင်းဟာ တယ်ပြီးမိုက်မဲပါကလားကွယ်၊ ဘုရင်မင်းမြတ်ကြီးက ငါ့ကို နှစ်သက်လှသောကြောင့် ဤတန်းဆာနွါရယာတို့ကို ပေးတယ်လို့ သင်မှတ်ထင်၏။ သင်အမှတ်လွဲပြီ၊ သညာဝိပလ္လာသ၊ သင်စိတ်ထင်လွဲနေပြီ၊ စိတ္တဝိပလ္လာသ၊ သင်အယူအဆ လွဲနေပြီ၊ ဒိဋ္ဌိဝိပလ္လာသ၊ သင်သည်ကား မင်းတရား၏ရန်သူပင်တည်း။ သင်သည် ဘုရင်မင်းမြတ် နှောင်ခြင်း၊ ချုပ်ခြင်းထောင်ချခြင်း အကျဉ်းထားခြင်းကိုခံစားနေရသောခိုးသားတည်း။ သင်သည် ဤမြွေလေးကောင်ဘိုကို မွေးမြူခြင်း၄ါ မတတ်နိုင်ချေတကား။ မွေးမြူခြင်း၄ါ ခဲယဉ်းစွတကား။ပွေ့ပိုက်ထုပ်တင်။သုမ်သင်ခြင်း၄ါ ခဲယဉ်းစွတကား။မြွေ ၄-မျိုးကို မွေးမြူဘို့ခဲယဉ်းပုံကို ကျွန်ုပ်ပြောပြမည်။ နားထောင်ပါ။ မြွေတကောင်က အိပ်ရာမှထလိုတယ်။ တကောင်ကတော့ အိပ်လိုတယ်။ တကောင်က စားလိုချင် တကောင်က ရေချိုးလိုတယ်။ ဟိုမြွေ၏ အလိုကိုဖြေ့လျှင် ဟောဒီမြွေက ဒေါသထွက်၍ ကိုက်မယ်။ ကိုက်လျှင်သေမယ်။ ဒီမြွေ၏ အလိုကိုဖြေ့လျှင် ဟိုမြွေက ဒေါသထွက်၍ ကိုက်မယ်။ ကိုက်လျှင်သေမယ်။ တကောင်၏အလိုကို ဖြေ့နေတုန်းမှာ ဟိုသုံးကောင်က စိတ်ဆိုးပြီးတော့ သင့်ကို ကိုက်မှာဘဲ၊ ကိုက်လျှင် သင်သေမှာဘဲ။ ဘယ်လို အလိုဖြေ့မှာလဲဟု ဉာဏ်ထဲ စိတ်ထဲ၌ လင်းသွားအောင် ရှင်းသွားအောင် ပြောပြသောအခါ ခိုးသားခမြာမှာ ဘယဉာဏ်ထင်၊ အာဒီနဝဉာဏ်ထင်၊နိဗ္ဗိန္ဒဉာဏ်ထင်၍ လွတ်ချင်သော မုစ္စိတုကမျတာဉာဏ်ဘက်သို့ကူးစက်၍ ရောက်သွားလျက် အသဲတုန်တုန်။ ရင်ချန်ချန်နှင့် တုန်တုန်ရီရီ မျက်စိကလေး ဗျာသီလျက် မှိုင်ချည့်တည့်၊ မှဲ့ချည်တခါ၊ မသက်သာတဲ့ အမူအရာဖြင့် သက်ပြင်းကြီးများရှုရှိုက်လျက် အပူတိုက်၍ ခေါင်းငိုက်ဆိုက် ဖြစ်ကာနေလေ၏။ ။ကယ်ဆယ်သမား သနားတတ်သော ကရုဏာရှင်ယောက်ျားက ပြောပြသည်မှာ–

အိုကွယ့်ကိုရွှေမိုက်ရဲ့–မောင်မင်းသည်။ဆင်းရဲကင်း၍ ချမ်းသာခြင်း၏ အကြောင်းကို ရှာသည့်မဟုတ်ပါလောဟုမေးလျှင် ဟုတ်ကြောင်းပြန်ပြောပေ၏။ ကဲကဲဒါဖြင့် ငါ၏စကား၊ ငါ၏ဩဝါဒ၊ ငါ၏အဆုံးအမကို တသွေမတိမ်းရအောင် နားထောင်လိုက်နာပါလေ။ ဆုံးမနည်းပေးမယ်ကွယ့်

ဟောဒီလိုလုပ်ပေတော့၊ ဘုရင်မင်းမြတ်ကထားတဲ့ မင်းချင်းတွေ သတိလစ်တဲ့အခါမှာ ထွက်၍ပြေးပေတော့၊ ထွက်ပြေးလျှင် ချမ်းသာခြင်း၏အကြောင်းပေဘည်း။ ကဲကဲ ချက်ခြင်းပင် ထွက်ပြေးပေတော့ဟု သွန်သင်ဆုံးမ ဩဝါဒပေးပေ၏။ ထိုစကားကိုကြားလျှင် ခိုးသူယောကျ်ားသည်၊ လက်ဝဲဘက် လက်ဖြင့် လကျ်ာဘက် လက်ကို ရစ်ပတ်၍ နေသောမြွေကို ကိုင်စမ်းခြင်းပြုသကဲ့သို့ တဖြေးဖြေး မြွေကိုပယ်၍ ကြွင်းကျန်သောမြွေတို့ကိုလည်း ကိုင်စမ်းသကဲ့သို့၊ တဖြေးဖြေးပယ်၍ ထိုမြွေတို့၏ ဘေးကြောင့်ထွက်ပြေးလေ၏။ ခိုးသူယောကျ်ားထွက်ပြေးသောအခါ၊ မြွေလေးကောင်တို့သည်၊ ဤယောကျ်ားကို မင်းမြတ်က ငါတို့အား လုပ်ကျွေးရန် ပေးအပ်ထားပေ၏။ ယခုထွက်ပြေးချေပြီတကား၊ လိုက်တော့အံ့ဟု ကြံစည်၍ အမှီလိုက်ကြကုန်တော့၏။

ထိုခိုးသားယောကျ်ားလည်း လာခဲ့သောလမ်းကို မျှော်မှန်း၍ ပြန်ကြည့်ပြန်ကြည့်နှင့် ငါထွက်ပြေးတာကို မင်းသိ၍လိုက်ဘမ်းအံ့လော၊ မလိုက်သလောဟု- စိတ်ထားမျိုးဖြင့် ပြန်ကြည့်ပြန်ကြည့်လုပ်၏။ ။မင်းချင်းတို့လည်း ဘုရင်အား ခိုးသားထွက်ပြေးကြောင်းကို သံတော်ဦးတင်ကြကုန်၏။ မင်းသည် ထိုစကားကို ကြားသည်ရှိသော်၊ အဘယ်သူသည် ထိုခိုးသားကို အမှီလိုက်၍သတ်ဖြတ်ခြင်းငှါ စွမ်းနိုင်သနည်းဟု မေးမြန်းရှာဖွေသော်၊ သူသတ်ယောကျ်ားငါးဦးတို့က လိုက်၍သတ်ဖြတ်ပါအံ့ဟု လျှောက်တင်ကုန်၏။ မင်းကလည်း အမောင်တို့- အမြန်လိုက်ကြပါကုန်လော-ဟု သတ်ဖြတ်ရန်စေလွှတ်လိုက်၏။ ငါးဦးသားတို့သည်း အမှီလိုက်ကြကုန်၏။ ထိုခိုးသား၏ အကျိုးကို လိုလားတောင့်တသော ကရုဏာရှင်ယောကျ်ားသည် မြွေ ၄-ကောင်တို့လိုက်နေပုံ၊ ရန်သူ သူသတ်ငါးဦးတို့လိုက်၍ ဘမ်းနေပုံကို သိရလျှင် ထိုခိုးသားအား ပြောကြားပြန်တော့၏။ ခိုးသားလည်း အလွန့်အလွန် ကြောက်လန့်ရကား ပြေးသည်ထက်လျင်မြန်စွာ တဟုန်တည်း ပြေးသွားပြန်တော့၏။

မြွေလေးကောင်တို့သည်း အစဉ်တိုက် အမှီလိုက်ကြ သော်လည်း မမြင်၍ ထိုမှဤမှ လှည့်ပတ်ရှာဖွေ၍ ပြေးခဲ့ကြကုန်၏။ သူသတ်ငါးဦးတို့လည်း အမှီလိုက်ကြလေသော်၊အပြေးမြန်လွန်းရကား မြင်ရုံသာမြင်ရ၍ ဘမ်းယူခြင်းငှါမတတ်နိုင်၊ ဖြားယောင်း၍ ဘမ်းယူမှသာသျှင် ပ်နိုင်စရာ အကြောင်းရှိ၏ဟု ကြံစည်ကြကုန်၏။ ကြံစည်ကြကုန်ပြီးသော်၊ ထိုခိုးသား

နှင့် အတူ ကစားဘက်၊ ငယ်ပေါင်းဖြစ်၍ ချစ်ကျွမ်းဝင်ဘူးသော သူ့ညှို သူသတ်ဘဦးကို ဖြားယောင်းပေးရန် လွှတ်ကြပြန်တော့၏။ တဖန်ဘုရင်မင်းမြတ်က ထိုခိုးသားကို မရလျှင်မနေ၊ ရအောင်ဘမ်းချေဟု ခြောက်ယောက် မြောက်သော အတွင်းသူလျှိုကို စေလွှတ်ပြန်၏။ ။ပြေးသော ခိုးသားသည်လည်း ရန်သူများလိုက်၏ မလိုက်ဘူးဟူသော အကြောင်းကိုသိရှိရန် ခဏ,ခဏ၊ မကြာမကြာ ပြန်၍လာလမ်းကို ကြည့်မိသောအခါ၊ ခြေရာကို နမ်း၍ နမ်း၍ လိုက်နေသော ခွေးလေးကောင်ကိုလည်းတွေ့မြင်ရ၏။ ရန်သူဖြစ်သော သူသတ်ငါးဦးတို့ကိုလည်းတွေ့မြင်ရ၏။

အတွင်းသူလျှိုကဖြားယောင်းသည့်ကား၊ ဒိုမိတ်ဆွေ-သင်နှင့်ငါ မူကား ငယ်စဉ်တောင်ကျေး ကလေးအယွယ်ကပင် မြေမှုန့်ကစားဘက် ဖြစ်၏။ ချစ်ကျွမ်းဝင်၍နေကြ၏။ သို့မို့ကြောင့် မပြေးပါနှင့်တော့ ပြန်သာပြန်ခဲ့ပါ။ ဟိုရောက်လျှင် သင်သည် သားမယားနှင့်တကွ ငါးပါးအာရုံ ကာမဂုဏ်ကို ပြည့်စုံစွာ ခံစားရပေလတ္တံ့။ ချမ်းသာစွာနေရလတ္တံ့ဟု ဖြားယောင်းလျက် နေ၏။ ဤသူလျှိုကိုလည်းတွေ့မြင်ရ၏။ ။ခိုးသားသည်သူလျှိုကိုပါမယုံကြည်တော့ဘဲ၊ အားလွှဲ၍ တဟုန်တည်းပြေးပြန်ရာ။ ပစ္စန္တရဇ်တိုင်းစွန်၌ ဈေးရှူ ဖြစ်၍နေသော ၆-အိမ်လောက်သာရှိသော ရွာပျက်ဘခုကို တွေ့မြင်ခဲ့ရ၏။ တွေ့မြင်ပြီး၍ နေဝင်ချိန်၌ ဝင်လျက်နေ၍ ကြည့်မိ၏။ အိပ်ချိန်၌ ဝင်လျက်အိပ်၍ကြည့်မိ၏။ နေခြင်းကိစ္စမပြီး အချည်းနှီးကိုသာ တွေ့ခဲ့ရ၏။ အိပ်ခြင်းကိစ္စမပြီးအချည်းနှီးကိုသာတွေ့ခဲ့ရပေ၏။ တအိမ်ပြီးတအိမ် ရအုံ နိုးနိုးဖြင့် ဝင်၍ဝင်၍ ရှာဖွေရာ၊ စားစရာကင်းမဲ့ဆိတ်သုဉ်း၏။ သောက်စရာ ကင်းမဲ့ဆိတ်သုဉ်း၏။ နေစရာ ထိုင်စရာ အိပ်စရာ၊ ဝတ်စရာ ကင်းမဲ့ဆိတ် သုဉ်း၏။(နိစ္စသာရ၊ ဓုဝသာရ၊ သုခသာရ၊ အတ္တသာရ၊ သုဘသာရ) ကင်းမဲ့၏ ဆိတ်သုဉ်း၏။ လုံးလုံးချည်း မှီခိုအားထားစရာမရချေ။ ပျော်စရာ၊ ပါးစရာ ကြွားစရာ၊ မောက်စရာဆို ဘာမျှမရ။ အားကျဘို့မရှိ (တုစ္ဆ၊ အချည်းအနှီး-ရိတ္တ၊ လှေဘောကြီးလို ဘာမျှမရှိ၊ မောဃ၊ အားကိုလောက်စရာ ဘာမျှမရှိ၊ ဖြစ်လေဘိ၍ ရွာ၏အလယ်၌ ငေးမိငေးရာ နေထိုင်ကာဖြင့်နေလေ၏။

ထိုခိုးသားကို အကျိုးလိုလားသော ကရုဏာရှင် ယောကျ်ား က ဒိုကွယ့်အမောင်ယောကျ်ားရယ်— မင်းနေသောရွာသို့ ခိုးသားထားပြ၊ သူပုန်ခြောက်ယောက် ယခုရောက်လေပြီ။ တွေ့သမျှလူကို ဘမ်းလဲဘမ်း၏။ သတ်လဲသတ်၏။ ဖြတ်လဲဖြတ်၏။ ဤအကြောင်းကို သင်မသိလေသလောဟု

ပြောပြ၏။ ။ထိုခိုးသားသည်လည်း ဟိုနေရာမှာပုန်း၊သည်နေရာမှာ ရှောင်နေဖြင့် တဖြေးဖြေး ပြေးလာခဲ့လေသော်၊ တခုသောပင်လယ်ကိုတွေ့လေ၏။ ပင်လယ်ကြီးသည်ကား ဤဘက်နယ်နှင့် ဟိုဘက်နယ်ကို ခွဲခြားထားသော ရေတံတိုင်းကြီးဖြစ်၍နေပေ၏။ ပင်လယ်၏ ဤဘက်နယ်ထဲ၌ ဘေးရန် အန္တရာယ်တွေ အသချေမကရှိ၍နေပေ၏။ပင်လယ်၏ဟိုဘက်နယ်၌မူကား ဘေးရန်တစ်မျှ မရှိခဲ့ချေ။ ဘေးရန်အန္တရာယ်ရှိသောနယ်မှ ဘေးရန် အန္တရာယ်လုံးဝမရှိသောနယ်သို့ ကူးမြောက်ရန် တန်တားလဲမရှိ။ လှေလဲ မရှိ၊မရှိတာကို ဘေးချိတ်ထား၍ ထိုခိုးသားယောကျ်ားသည် အကယ်၍ ပင်လယ်ကိုကူး၍ ဟိုမှာဘက်သို့ ရောက်ပါသော်ကား မြွေလေးကောင်တို့သည်ဘေးမပြုနိုင်၊ကြံမှိုင်ကြရတော့မည်။သြော်ငါတို့သည်၊ထိုခိုးသားကို ယနေ့ပင် မွမွကြေညက် အသက်ကိုထွက်စေ၍ ကိုက်သတ်တော့မည်ဟု အားခဲလျက်လိုက်လာခဲ့ပေ၏။ ထိုခိုးသားကား ပင်လယ်၏ ဟိုဘက်သို့ ကူးမြောက်သဖြင့် ကိုက်ခွင့်မရ၊သတ်ခွင့်မရှိ၊ဖြစ်ရပြီဟု ကြံမှိုင်ကြရလတ္တံ့။

ရန်သူဖြစ်သော သူသတ်ကြီး ၅-ဦးတို့ကလည်း ထိုခိုးသားယောကျ်ားသည် အကယ်၍ ပင်လယ်ကိုကူး၍ ဟိုမှာဘက်သို့ ရောက်ပါသော်ကား။ သူသတ်ငါးဦးဖြစ်သော ငါတို့သည်၊ ခိုးသားကိုဘေးမပြုနိုင် ကြံမှိုင်ကြရတော့မည်။ သြော်–ငါတို့သည် ထိုခိုးသားကို ယနေ့ပင် မွမွကြေညက် အသက်ခြေဖျက်၍ ရက်ရက်စက်စက် ပြုရတော့မည်ဟု အားခဲလျက် လိုက်လာခဲ့ကြသည်။ ထိုခိုးသားကား ပင်လယ်၏ဟိုဘက်သို့ ကူးမြောက်သွားသဖြင့် သတ်ခွင့်မရ ဖြတ်ခွင့်မရှိ ဖြစ်ခဲ့ရပြီဟု ကြံမှိုင်ကြရကုန်လတ္တံ့။ အတွင်းသူလျှို ငယ် ပေါင်းသည့်လည်း သြော်–ငါသည် ငါ့အဆွေ ခိုးသားကို ဖြားယောင်းပြီး ဘုရင်မင်းမြတ်ထံသို့အပ်မည်။ အပ်နိုင်လျှင် ဘုရင်မင်းမြတ်က ငါ့အား စစ်သူကြီးရာထူးကိုပေးလတ္တံ့။ပေးလျှင် ငါလဲ ဘဲ စစ်သူကြီးရာထူးဖြင့် ရွှင်မြူးစွာ ခံစားရလတ္တံ့ဟူသော ကြံလုံးကြီး၊ စည်လုံးကြီးဖြင့်လိုက်၍လာခဲ့ရသည်။ ယခုမှာမူ ခိုးသားသည် ပင်လယ်၏ တဖက်သို့ ကူးမြောက်သွားပြီဖြစ်ရကား ကြိုးစားကျိုး ငါ့အားမနပ်ပြီဟု ကြံမှိုင်ရလတ္တံ့။

ခြောက်ဦးသော ထားပြ၊ သူပုန်တို့ကလည်း သြော်–ငါတို့သည် ထိုခိုးသားကိုဘမ်း၍ ပစ္စည်းကိုယူ၍ ၃၂–ပါးသောကံကြမ္မာတို့ဖြင့် စိတ်တိုင်းကျကျ ပြုစုနှိပ်စက် ညှဉ်းပန်းပျော်ရွှင်ရတော့မည်ဟု ကြံအား စည်အား

ဖြင့် လိုက်လံ ရှာဖွေခဲ့ကြ၏။ ထိုခိုးသားကား ပင်လယ်၏တဖက်သို့ ကူးထွက် လွတ်မြောက်သွားပြီဖြစ်၍ ငါတို့အကြံ ငါတို့အစည် အချည်းနှီး ဖြစ်ခဲ့ရပြီတကားဟု ကြံမှိုင်ကြရကုန်လတ္တံ့။ ။ပြေးခဲ့သောခိုးသားသည်၊ ဘုရင်မင်းမြတ်၏နယ်သို့ရင်း၊ မင်းချင်းများရောက်ရာဌာနသို့ရင်း၊ မပြန်လို မပြန်ဝံ့။ပင်လယ်၏ဟိုမှာဘက်ကမ်းသို့လည်း မရောက်သေး။မရောက်သေး သော်လည်း ဤမှာဘက်ကမ်းကား ဘေးဘျမ်းထူပြောလှပေ၏။ ဟိုမှာ ဘက်ကမ်းမူကား၊ဘေးဘယာမသန်းဘဲ ချမ်းလှပေ၏ဟု ဆန္ဒကျင်ဘက် ဉာဏ်ကား အမှန်ပင်ဖြစ်လျက်နေပေ၏။ ဖြစ်နေပုံကား။ ပင်လယ်ကား ကျယ်ကားကျယ်ပေ၏။ကျယ်သော်လည်းမြွေလေးကောင်၏ဘေး၊သူသတ် ငါးယောက်၏ဘေး၊အတွင်းသူလျှို၏ဘေး၊ ၆-ယောက်သောထားပြသူပုန်၏ ဘေးအားဖြင့် ဤမှာဘက်၌မငြိမ်းသေး။ ဘေးရှိလျက်နေရ၏။ ထိုမှာဘက် ကမ်းမူကား၊ မြွေလေးကောင်၏ဘေး၊ သူသတ်ယောက်ျား၏ဘေး၊ အတွင်း သူလျှို၏ဘေး၊၆-ယောက်သော ထားပြသူပုန်တို့ဘေးမှ ငြိမ်းချေလျက်ရှိပေ၏ ဟု ကေန်ပင်အမှန်အားဖြင့် ဆန္ဒကျင်ဘက်ဉာဏ်ရောက်လျက် ပေါ်ရှိ ပေ၏။ ။ဤကား ဥပမာပင်တည်း။

## (၆၀၆) ဥပမာနှင့် ဥပမေယျစပ်ဟပ်၍ပြပုံကား

(၁) ဘုရင်မင်းမြတ်သည်၊ အဝိဇ္ဇာနှင့်တူ၏။ (၂) ခိုးသားသည်၊ယောဂီ နှင့်တူ၏။ (၃) မြွေလေးကောင်သည်၊ ခေတ်ကြီးလေးပါးနှင့်တူ၏။ (၄) မြွေလေးကောင်ကိုဘမ်းယူခြင်းသည်၊ ဒါန,သီလ,သမထဖြင့် ခန္ဓာကိုယ်ကို ဆုတောင်း၍ ယူလျက်နေတာနှင့်တူ၏။ (၅) မြွေလေးကောင်ကိုဘမ်းခိုင်း ခြင်းသည်၊ဟောပြောသူက လူ့ခန္ဓာ,နတ်ခန္ဓာ,ဗြဟ္မာ့ခန္ဓာ ဘယ်ပုံကောင်း ၏ဘယ်လိုလှပ၏၊ ဘယ်မျှအသက်ရှည်၏ဟုဟောပြောတာနှင့်တူ၏။ (၆) သတိပေး၍ ဘေး ကင်း အောင် ပြေးပြနည်းပေးကယ်သောသူသည် ဆရာနှင့်ရင်း၊ ဘုရားနှင့်ရင်းတူ၏။ (၇) ခိုးသားသည် မြွေကိုရသဖြင့် မှတ်မှားခြင်းသည်၊ သညာဝိပလ္လာသဖြစ်ထာနှင့်တူ၏ (၈) ခိုးသားသည်၊ မြွေကိုရသဖြင့် အထင်အမြင်မှားခြင်းသည်၊ စိတ္တဝိပလ္လာသဖြစ်၍နေတာနှင့် တူလှပေ၏(၉)ခိုးသားသည်၊ မြွေကိုရသဖြင့် အကျိုးရှိ၏ဟု အယူမှားခြင်း သည်၊ ဒိဋ္ဌိဝိပလ္လာသ ဖြစ်၍နေတာနှင့်တူလှပေ၏ (၁၀) ကရုဏာရှင်က လွတ်နည်း ကျွတ်နည်း ပေးခြင်းသည်၊ ဝိပဿနာ ဒေသနာကို ဟောပြ

ပေးတာနှင့်တူ၏ (၁၁) ခိုးသားက မြွေကို ကိုင်စမ်းခြင်းသည်၊ ယောဂီက ခေတ်ကိုဘမ်း၍ ကိုယ်တွေ့ စမ်းသပ်တာနှင့်တူ၏ (၁၂) ခိုးသားထွက်၍ ပြေးခြင်းသည်၊ ယောဂီတရားကို အားထုတ်တာနှင့်တူ၏ (၁၃) မင်း၏နယ်၊ မြွေ၏နယ်သည်၊ ပုထုဇဉ်နယ်၊ ဒိဋ္ဌိနယ်၊ အဝိဇ္ဇာနယ်နှင့်တူ၏ (၁၄) ဘေးကင်းသောနယ်သည်၊ အရိယာနယ်၊ ဝိဇ္ဇာနယ်၊ ခေတ်နယ်၊ ပရမတ်နယ်နှင့်တူပေ၏ (၁၅) မြွေ ၄-ကောင်လိုက်ခြင်းသည်၊ ခေတ်ကြီး ၄-ပါးလိုက်နေသည်နှင့်တူ၏ (၁၆) သူသတ်ငါးဦးလိုက်နေခြင်းသည်၊ ခန္ဓာငါးပါးလိုက်နေတာနှင့်တူ၏ (၁၇) အတွင်းသူလျှိုတဦးလိုက်၍ နေခြင်းသည် နန္ဒီရာဂလိုက်၍ နေတာနှင့်တူ၏ (၁၈) ပစ္စုပ္ပန်ရဖ်အရပ်သည်၊ သံသရာနှင့်တူ၏ (၁၉) ခြောက်ဗိုဟ်သာရှိနေသော ရွာပျက်သည်၊ စက္ခု,သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယ ဟူသော အဇ္ဈတ္တိက အာယတန ၆-ပါးနှင့်တူ၏ (၂၀) ထားပြ,သူပုန် ၆-ဦးသည်၊ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖေါဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဆိုတဲ့ ဗာဟိရ အာယာတန ၆-ပါးနှင့်တူ၏ (၂၁) ပင်လယ်သည်၊ ဝိပဿနာ နယ်ခြားနှင့်တူ၏။ (၂၂) ပင်လယ်၏ ဤမှာဘက်ကမ်းသည်၊ ဘေးဘုမ်းတို့ ထူပြွမ်းလှသဖြင့် သံသရာနယ်ကြီးနှင့်တူ၏။ ကာမ,ရူပ, အရူပ ဘုံနှင့်တူ၏။ (၂၃) ပင်လယ်၏ ဟိုမှာဘက်ကမ်းသည်၊ ဝိပဿနာ ဉာဏ်စဉ် ၁၀-ပါး၊ မဂ် ၄-ပါး၊ဖိုလ် ၄-ပါး နိဗ္ဗာန်ပြည်နှင့်တူ၏။

---

# (၈) အန္တဗာလ ပုထုဇ္ဇန ကယ်ဆယ်ခြင်းကြီး

## (၆၀၃) ပထမ ဗာလနှင့်ပဏ္ဍိတခွဲခြားချက်

(၁) ဒကာကြွယ်ရေ....။ (ဘုရား) မဟာမင်္ဂလာ တရားတော်ကြီး ၃၈-ပါး၌ ဘယ်တရားကိုအစထားပြီး(ဘာ,ဘုရားကဟောကြားခဲ့ပါသလဲ။) မှန်လှပါမဟာမင်္ဂလာတရားတော်ကြီး ၃၈-ပါး၌။

(အသေဝနာစ ဗာလာနံ+ပဏ္ဍိတာနဥ္စ သေဝနာ)

၎င်းတရားများကို အစ,ဦးစွာ ဟောကြားခဲ့ပါသည်ဘုရား။အဓိပ္ပါယ်က ဘာတဲ့လဲ ဒကာကြွယ်ရဲ့။

(၁) ဗာလဆိုတဲ့လူမိုက်နှင့်တော့ ဘယ်အခါမျှမပေါင်းပါနဲ့၊
(၂) ပဏ္ဍိတဆိုတဲ့ပညာရှိနှင့်သာ အမြဲတမ်းပေါင်းကြပါတဲ့၊

ဘ,ဘုရားကြီးက အစထားပြီး ဒီတရားဟောတယ်ဆိုတော့ အရေးကြီးလို့လား အရေးမကြီးလို့လားဒကာကြွယ်ရယ်။ အလွန့်အလွန်ပင် အရေးကြီးလွန်းလို့ အစထားပြီး ဟောဒါပါဘုရား။ ။ကောင်းပါပြီ ကောင်းပါပြီ၊ အလွန့်အလွန်အရေးကြီးလျှင် ဗာလနှင့် ပဏ္ဍိတကိုခွဲခြား၍ သိပါရဲ့လား။ ရုပ်ဗာလ ရွာဗာလနှင့် ရုပ်ပဏ္ဍိတ ရွာပဏ္ဍိတလောက်တော့သိပါပြီ။ ကဲကဲ ဘုရားရှင်ကြီး အလိုတော်ကျ ဗာလ ပဏ္ဍိ ခွဲကြစို့-

ယောဗာလော မညတိ ဗာလျံ၊ ပဏ္ဍိတော ဝါပိ တေန သော။
ဗာလော စ ပဏ္ဍိတမာနီ၊ သ ဝေ ဗာလောတိ ဝုစ္စတိ။
ဝက္ကလိထေရ၊ အပဒါန်ပါဠိတော်ကြီးထဲက၊ ဂါထာပါဘဲ။

ရုပ်နာမ်ပရမတ်၊ တရားမြတ်ကိုမြင်မှ တွေ့မှ ပဏ္ဍိတတဲ့၊ဒကာကြွယ်ရဲ့။ ဆင်ခြေ၊ ဆင်လက်များ တက်နိုင်သေးရဲ့လား၊ (ဒကာကြွယ် ငြိမ်သွားပုံ၊ အင်းအင်းရုပ်နာမ်ပရမတ်၊ တရားမြတ်ကို မမြင်သေးမတွေ့သေးတဲ့ သူတွေတော့ တဲ့တဲ့ကြီးထိ၍ နေဒါဘဲနော်)။ ။ဒကာကြွယ်ရေ၊(ဘုရား)ရုပ်နာမ်ကို မြင်သူတွေက ပဏ္ဍိတဆိုတော့။ ရုပ်နာမ်ကိုမမြင်သူတွေဟာ၊ ဘာများဖြစ်ကုန်ပြီလဲ ဖြေရင်တော့ထိကုန်ကြတော့မှာဘဲ ဘုရား×သိရင်လဲတော်ရောပေါ့ဘုရား။ ။ဒကာကြွယ်ကကြောက်နေသလား၊ စာအရှိပြောဒါပါ၊ ဓမ္မဓိဋ္ဌာန်ပါ၊ ပုဂ္ဂလဓိဋ္ဌာန်မဟုတ်ပါဘူး။ ။ဒါဖြင့် စာရှိအလင်း၊ ဉာတိခပင်းတို့အား ပါဠိရင်းအတိုင်း သတိပေးရမှာဖြင့် ဟောတာလိုမှတ်ကြပါကုန်။

× ရုပ်နာမ်ပရမတ်၊အတတ်တွေ့သူများ ပဏ္ဍိတတွေပါဘဲ။
× ရုပ်နာမ်ပရမတ် အတတ်မတွေ့သူများ ဗာလတွေပါဘဲ။

ဇေ သာရကွယ်သာရ-သာရ။ဗာလနှင့်ပဏ္ဍိတ ကွဲပြီလား။ကွဲပါပြီဘုရား ယခုအချိန်ကျမှဘဲ ဒီတရားမျိုးကိုကြားရ၊ နာရ၊ သိရ၊ မှတ်ရပါတော့တယ်။ ။ဒီတရားတွေဟာ စာထဲမှာတော့အရှိသားကဘဲ၊ ယခုလိုထုတ်ဖော်၍မပြောကြလို့ ဒီပုံ ကွဲကွဲပြားပြား ခြားခြားနားနား မသိကြရတာပါဘဲ နော်။

## (၆၀၇) ဒုတိယဗာလနှင့်ပဏ္ဍိတ ခွဲပြချက်

(၂) ဒကာကြွယ်ရေ၊ (ဘုရား)။ ။ဗာလနှင့်ပဏ္ဍိတ အခွဲရှိသေးကယ်ကွယ့်။ ။ဟောတော်မူပါဦးဘုရား။ ကြုံကြိုက်တဲ့အခါမှာမှတ်ထားပါရစေ။ နာရခဲတဲ့တရားမျိုးမို့ပါဘုရား။ကဲကဲနားထောင်နေ ပါဒ္ဒိရွတ်ပြမယ်။

ဥဒယဗ္ဗယသင်္ခါရေ၊ နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော။
သကိစ္စမနုယုဉ္ဇေယျ၊ မောဃကာလံ နခိပယေ။

ဆဲဒီပါဒ္ဒိလဲ တဲ့တဲ့ပြတဲ့ ပါဒ္ဒိပါဘဲ။ ။အဓိပ္ပါယ်မှာတော့

× အဖြစ်အပျက်တွေ့ပြီး ငြီးငွေ့သူက ပဏ္ဍိတတဲ့၊
× အဖြစ်အပျက်မတွေ့ဘဲ မငြီးငွေ့သူက ဗာလတဲ့၊

အနက်ပေးပုံကိုကြည့်စမ်းပါဦးတော့။ ။ပဏ္ဍိတော၊ ပဏ္ဍိတသည်။ ဥဒယဗ္ဗယသင်္ခါရေ၊ ဖြစ်လျှင်ပျက်ခြ၊ မလွဲ့နှန်လှ၊ သင်္ခါရတရားတို့ကို။ နိဗ္ဗိန္ဒိတွာန၊ တရွေ့ရွေ့ချည်း၊ တွေ့ရနီးပြီဟု၊ ရှိုင်ငြည်းပင်နီးချ၊ ငြီးငွေ့ကြလျက်။သကိစ္စံ ဘာဝနာအလုပ်၊အားပါးထုတ်ရမည့် ကိုယ့်အလုပ်ကိုယ့်ကိစ္စကိုသာလျှင်။ အနုယုဉ္ဇေယျ၊ဒါးသွေးသမား လှူဃောကျိုးကဲ့သို့အားထုတ်ရာ၏။မောဃကာလံ၊ စားကာအိပ်ကာ၊ ပျော်ရွှင်ကာနှင့်။လိုရာမပြီး ခရီးမလှ၊ အချည်းနှီးသော ကာလကို။ နခိပယေ၊ မကုန် မခန်း၊ မကျွမ်းကြ ပေရာသတည်း။

ပဌမ ဗာလ, ပဏ္ဍိတထက် ဒုတိယဗာလ, ပဏ္ဍိတက အဆင့်အတန်းမြင့်၍တက်တက်လာပါတကား။

## (၆၀၈) တတိယ ဗာလနှင့် ပဏ္ဍိတခွဲပြချက်

(၃) ဒကာကြွယ်ရေ။ (ဘုရား) ။ဗာလ,ပဏ္ဍိတ အခွဲရှိသေးတယ်၊ ရှိရင်ဟောပြတော်မူပါဘုရား၊ မှတ်ထားပါရစေ။ ။ကဲကဲနားထောင်နေ ပါဒ္ဒိရွတ်ပြမယ်။

မညန္တိ ပဏ္ဍိတာ အနိစ္စာ ဒုက္ခာ အနတ္တာ အသုဘာတိ။ ။သဠာယတနဝဂ္ဂသံယုတ် အဋ္ဌကထာ၊ နံ-၄၃-ကြောင်း ၂၉-

ခန္ဓာငါးပါးတို့ကိုတွေ့ပြီးတော့၊ အနိစ္စဘဲ၊ ဒုက္ခဘဲ၊ အနတ္တဘဲ၊ အသုဘဘဲဟု တွေ့လျက်ရှိနိုင်သူများဟာ ပဏ္ဍိတတွေပေါ့။ ခန္ဓာ ၅-ပါးလဲ မတွေ့၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘလဲမတွေ့သေးတဲ့ သူများဟာ (ဗာလ) ချည်းဘဲတဲ့။ ။ အနက်ကတော့။ ။ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ခန္ဓေ၊ ခန္ဓာ ၅-ပါး၌။ အနိစ္စာ၊ မမြဲကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ အစိုးမရကုန်။ အသုဘာ၊ မတင့်တယ်ကြကုန်။ ဣတိ၊ ဤသို့။ မညန္တိ၊ မှတ်သားရှုပွါးကြကုန်၏။ ။တတိယ ဗာလနှင့် ပဏ္ဍိတခွဲပြ၍ပြီးပြီ။

## (၆၁၁) စတုတ္ထ ဗာလနှင့် ပဏ္ဍိတခွဲပြချက်

(၄) အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုအုပ် နံ ၄၃၀- ကြောင်း-၂၀ ဟံမှ၌။

ဘူတပုဗ္ဗံ ဘိက္ခဝေ အရကောနာမ သတ္ထာ အဟောသိ၊ တိတ္ထကရော ကာမေသု ဝီတရာဂေါ (ပဏ္ဍိတော မေဓာဝီ ဗျတ္တော၊) အရ ကဿခေါပန ဘိက္ခဝေ သတ္ထုနော အနေကာနိ သာဝကသတာနိ အဟေသုံ။ အရကော သတ္ထာ သာဝကာနံ ဧဝံဓမ္မံ ဒေသေသိ။ အပ္ပကံ ဗြာဟ္မဏာဇီဝိတံ၊ မနုဿာနံ ပရိတ္တံ လဟုကံ ဗဟုဒုက္ခံ ဗဟုပါယာသံ မန္တာယဗောဒ္ဓဗ္ဗံ ကာတဗ္ဗံ ကုသလံ စရိတဗ္ဗံ နတ္ထိဇာတဿ အမရဏံ။ ။စသော အရကသုတ်ဖြင့် သိရမည်။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုအုပ် နံ ၂၀၀—ကြောင်း ၁၀-ဟံမှ၌။

သုနေတ္တ၊ တေမိယ၊ အရနေမိ၊ ကုဒ္ဒာလက၊ ဟတ္ထိပါလ၊ ဇောတိပါလ ဆရာကြီး ၆-ပါးတို့လည်း အနိစ္စ,ဒုက္ခကို ၇-မျိုးဖြင့်ဟောကြကုန်၏။

နှင်းပေါက်မြက်ဖျား။ ရေပွက်များနှင့်၊ ရေများရေးခြစ်၊ တောင်မြစ်ပမာ၊ လျှာမှာတံတွေး၊ သားတစ်ဆွေးသို့၊ သတ်ရေးနွားမ၊ ခုနစ်ပြသည်။ ။ဓမ္မအနိစ္စပမာတည်း။ လင်္ကာအရ ကျက်ဟောပြ။

× အနိစ္စ ၇-မျိုး၊ သိသူက လူ-ပဏ္ဍိတ-ပါ
× အနိစ္စ ၇-မျိုး၊ မသိသူက လူ-ဗာလ-ပါ

(၁) မြက်ဖျားနှင်းသီး၍နေ၏။ နေထွက်ပျက်၏(၂) ရေပွက်များ ကြည့်ကြပါပျက်နေ၏ (၃) ရေ၌ဒုတ်နှင့်ရေးခြစ်ကြည့် ပျက်ပျက်လိုက်၏။ (၄) တောင်ပေါ်ကကျသော မြစ်ရေကြည့်ပါ၊ အမြဲပျက်နေ၏ (၅) လျှာပေါ်က တံတွေးကြည့်ပါ ပျက်ပျက်နေ၏ (၆) သားတစ် ကြော်လှော်ကြည့်ပါ၊

ကြည့်ရင်း ပျက်ပျက်နေ၏ (၇) နွားမသတ်ကော့ ကြည့်နေရင်း နွားကောင်ကြီးပျောက်ပျက်၍ နေသည်။ ဤ ၇–မျိုးကား မခြုံအနှိုင်း ဥပမာပြသော အချက် အလက်တည်း။ ။ဧတုဿဗာလနှင့် ပဏ္ဍိတ၊ ခွဲပြ၍ပြီးပြီ။

## (ဖ၁၁) ပဌမဗာလနှင့် ပဏ္ဍိတခွဲပြချက်

(၅) ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် နံ ၁၀၂၊ ကြောင်း ၉၊ ဟံမူ၌။ အနက်ကား။ ဉာဏာစာဂီ၊ ဘဏ်တိုက်ကြီး နံ ၃၁–၌ပါလေပြီ။

ယော ဘိက္ခဝေ တထာဂတေန ဇိ‌ံ အာစိက္ခိယမာနေ ဒေသိယမာနေ ပညာပိယမာနေ ပဋ္ဌပိယမာနေ၊ ဝိဝရိယမာနေ ဝိဘဇ္ဇိယမာနေ ဥတ္တာနီကရဏီယမာနေ နဇာနာတိ နပဿတိ။ တမဟံ ဘိက္ခဝေ ဗာလံ ပုထုဇ္ဇနံ အန္ဓံ အစက္ခုကံ အဇာနန္တံ အပဿန္တံ ကိန္တိ ကရောမိ။

× ရုပ်နာမ် ကိုယ်တွေ့ မရသူက (ဗာလ၊ပုထုဇဉ်၊ အန္ဓ၊ အစက္ခုကတဲ့။)
× ရုပ်နာမ်ကိုယ်တွေ့ ရသူများ (ပဏ္ဍိတ၊ အရိယ၊ဝိဒ္ဓါ၊ သစက္ခုကတဲ့။)

## (အန္ဓ) ကေစက္ခု (ဒွိစက္ခု) အခွဲလက်ာ

ဒိဋ္ဌတမလွန်၊ ကျိုး ၂–တန်ကို၊ အမှန်မုချ၊ မမြင်ကလျှင်၊ အန္ဓစက္ခု၊ လူဟုမည်ကာ၊ ပညာမျက်စိ၊ မရှိဖြစ်ဆန်း၊ ၂-ဘက်ကဏ်းတည်း။ (၁) လူ့ဌာနီးသိချံ၊ကံမရှံဘဲ၊မစုံမလင်၊ မျက်မှောက်တွင်သာ၊ မမြင်ဒိဋ္ဌ၊ တဖက်လှကား၊ ဧကစက္ခု၊ မှည့်ခေါ်ပြုံလော့၊ (၂) နှစ်ရအကျိုး၊ စုံပြည့်ဖြိုးအောင်၊ ထိုးထိုးထွင်ထွင်း၊ မြင်တတ်လျှင်းမူ၊ ထိုသသူကို၊ လူတွင်ပဏ္ဍိ၊မည်ရှိခေါ်ပြုံ၊ ဒွိစက္ခုတည်း။ ။မဃာဒေဝလင်္ကာကြီး၊ နံ ၁၉၉၊ ကြောင်း ၁၀။

## (ဖ၁၂) ဆဋ္ဌမ ဗာလနှင့် ပဏ္ဍိတခွဲပြချက်

(၆) ရူပံ ဘိက္ခဝေ နိစ္စံ ဓုဝံ သဿတံ အဝိပရိဏာမဓမ္မံ နတ္ထိသမ္မတံ။ လောကေ ပဏ္ဍိတာနံ အဟမ္ပိ တံ နတ္ထီတိ ဝဒါမိ (ဝေဒနာ သညာ သင်္ခါရ ဝိညာဏတို့၌ ချပ်ကဲ့သို့ပင်တည်း)။ ။ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်။ နံပါတ် ၁၀၁၊ ကြောင်း ၂၀၊ ဟံမူ၌။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏာ၌ နိစ္စ မရှိ သိ၊ ပဏ္ဍိတပါဘဲ
။ ။ ။ ။ ၌ ရုဝမရှိသိ၊ ပဏ္ဍိတပါဘဲ
။ ။ ။ ။ ၌ သဿတမရှိသိ၊ ပဏ္ဍိတ
။ ။ ။ ။ ၌ အဝိပရိဏာမ,မရှိသိ၊ပဏ္ဍိတ

ရုပ်၊ဝေဒနာ၊ သညာ၊သင်္ခါရ၊ ဝိညာဏာ၌ နိစ္စဟုသိ၊ လူ့ဗာလ
။ ။ ။ ။ ၌ ရုဝဟုသိ လူ့ဗာလ
။ ။ ။ ။ ၌ သဿတဟုသိ။ လူ့ဗာလ
။ ။ ။ ။ ၌ အဝိပရိဏာမဓမ္မဟုသိ လူ့ဗာလ

ဘိက္ခဝေ၊ ချစ်သားတို့၊ ရူပံ၊ ရုပ်တရားသည်။နိစ္စံ၊ မြဲခြင်းသည်။ နတ္ထိ၊ မရှိ။ ရူပံ၊ ရုပ်တရားသည်။ ဓုဝံ၊ ခိုင်ခံ့ခြင်းသည်။ နတ္ထိ၊ မရှိ။ ရူပံ၊ ရုပ်တရားသည်။ သဿတံ၊ အမြဲတည်ခြင်းသည်။ နတ္ထိ၊ မရှိ။ ရူပံ၊ရုပ်တရားသည်။ အဝိပရိဏာမဓမ္မံ၊ မဖောက်ပြန်ဘဲ တည်မြဲခြင်းသည်။ နတ္ထိ၊မရှိ။ ဣတိ၊ ဤသို့။ လောကေ၊ လောက၌။ပဏ္ဍိတာနံ၊ ပညာရှိတို့သည်။ သမ္မတံ၊ သမုတ်အပ်၏။ အဟမ္ပိ၊ ငါဘုရားသည်လည်း။ ရူပေ၊ ရုပ်၌။တံ၊ ထိုနိစ္စ ဓုဝ သဿတ အဝိပရိဏာမဓမ္မသည်။ နတ္ထိ၊မရှိ။ ဣတိ၊ ဤသို့။ဝဒါမိ၊ ဟောတော်မူ၏။

## (၆၁၃) သတ္တမဗလနှင့် မညီဘဲခွဲပြချက်

(၇) ရူပံ ဘိက္ခဝေ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ အတ္ထိ သမ္မတံ လောကေ ပဏ္ဍိတာနံ အဟမ္ပိ တံ အတ္ထီတိ ဝဒါမိ။ ။(ဝေဒနာ သညာ သင်္ခါရ ဝိညာဏတို့၌ ရူပံကဲ့သို့မှတ်ရမည်)။ ။ခန္ဓဝဂ္ဂသံယုတ် ပ ဋ္ဌိတော်။ နံ ၁၀၁၊ ကြောင်း ၂၆၊ ဟံမူ၌။

ရုပ်၊ ဝေဒနာ၊ သညာ၊သင်္ခါရ၊ဝိညာဏာ၌ အနိစ္စ၊ တွေ့လျှင် လူ့ပဏ္ဍိတ
။ ။ ။ ၌ ဒုက္ခ တွေ့လျှင် လူ့ပဏ္ဍိတ
။ ။ ။ ၌ ဝိပရိဏာမတွေ့၊ လူ့ပဏ္ဍိတ

ရုပ်၊ဝေဒနာ၊ သညာ၊သင်္ခါရ၊ ဝိညာဏာ၌ အနိစ္စမတွေ့လျှင် လူ့ ဗာလ
။ ။ ။ ၌ ဒုက္ခ မတွေ့လျှင် လူ့ ဗာလ
။ ။ ။ ၌ ဝိပရိဏာမဓမ္မမတွေ့၊ လူ့ ဗာလ

ဘိက္ခဝေ၊ ချစ်သားတို့။ ရူပံ၊ ရုပ်တရားသည်။ အနိစ္စံ၊ အမြဲမရှိ၊ ရုပ်၊ ရုပ်တရားသည်။ ဒုက္ခံ၊ ဆင်းရဲလှ၏။ ရူပံ၊ ရုပ်တရားသည်။ ဝိပရိဏာမဓမ္မံ၊ ဖေါက်ပြန်သော သဘောရှိ၏။ ဣတိ၊ဤသို့။ လောကော၊ လောကသည်။ ပဏ္ဍိတာနံ၊ ပညာရှိတို့သည်။ သမ္မတံ၊ သမုတ်အပ်၏။ အဟမ္ပိ၊ ငါဘုရားသည်လည်း။ ရူပေ၊ရုပ်တရား၌။ တံ၊ ထို အနိစ္စ ဒုက္ခ ဝိပရိဏာမသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ဤသို့။ ဝဒါမိ၊ ဟောဘော်မူ၏။

## (၆၁၄) အင္ဂုတ္တိုရ်၊ ဗာလနှင့်ပဏ္ဍိတ်ခွဲခြားချက်

## ဝင်မိးကျိုးစတွင်းထဲ ၂-ဦးသွဲချလိုက်ကျရပုံ

(၈) အင်္ဂါရကာသုဝိယ တောဘူမကဝန္ထံ ဒွေ့ဗွံ၊ ဖိဝိတကာမော ပုရိသောဝိယ ဝန္ထနိဿိတော ဗာလပုထုဇ္ဇနော၊ ဒွေဗလဝန္တော ပုရိသာ ကုသလာကုသလကမ္မံ။ ဘော တံ ပုရိသံ နာနာဗာဟာသု ဂဟေတွာ အင်္ဂါရကာသုံ ဥပကၰနကာလောဝိယ ပုထုဇ္ဇနဿ ကမ္မာယူဟနကာလော။ ကမ္မံဟိ အာယူဟိယမာနမေဝ ပဋိသန္ဓိ အာကၹတိနာမ။ အင်္ဂါရကာသုနိဒါနံ ဒုက္ခံဝိယ ကမ္မနိဒါနံ ဝဋ္ဋဒုက္ခံ ဝေဒိတဗ္ဗံ။ ။နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ၊နံ ၁၀၅၊ ကြောင်း ၃၀၊ သားမူ။

အင်္ဂါရကာသုဝိယ၊ မီးကျိုးတွင်းကဲ့သို့။ တောဘူမကဝန္ထံ၊ ဘုံ ၃-ပါး၌ ဖြစ်သောဝဋ်တရားကို။ဒွေဗွံ၊မှတ်အပ်၏။ဖိဝိဘုကာမော၊အသက်ရှင်ခြင်းငှါ အလိုရှိသော။ ပုရိသောဝိယ၊ ယောကျ်ားကဲ့သို့။ဝန္ထနိဿိတော၊ ဝဋ်ကိုမှီ၍ ဆုတောင်းသော။ ဗာလပုထုဇ္ဇနော၊ ကဏ်းမိုက်သောပုထုဇဉ်ကို။ ဒွေ့ဗွော၊ မှတ်အပ်၏။ ကုသလာကုသလကမ္မံ၊ ကုသိုလ်ကံ, အကုသိုလ်ကံသည်။ ဒွေ၊ နှစ်ယောက်ကုန်သော။ ဗလဝန္တော၊ခွန်အားကြီးမားကုန်သော။တေပုရိသာ၊ ထိုယောကျ်ားနှစ်ယောက်တို့သည်။ တံပုရိသံ၊ ထိုဆုတောင်းမှားသော ပုထုဇဉ်ယောကျ်ားကို။နာနာဗာဟာသု၊ အထူးထူးသောလက်မောင်းတို့၌။ ဂဟေတွာ၊ကိုင်၍။အင်္ဂါရကာသုံ၊ မီးကျိုးတွင်းသို့။ဥပကၶနကာလောဝိယ၊ ဆွဲဆောင်လာသကဲ့သို့။ ပုထုဇ္ဇနဿ၊ပုထုဇဉ်အား။ကမ္မာယူဟနကာလော၊ ကံကိုအားထုတ်ဆည်းပူးသောအခါကို။ ဒွေ့ဗွော၊မှတ်အပ်၏။ဟိသစ္စံ၊ မှန်ပါပေ၏။ ကမ္မံ၊အကုသိုလ်ကံ, ကုသိုလ်ကံနှစ်ပါးကို။ အာယူဟိယမာနမေဝ၊ စုဆောင်း ဆည်းပူး ပြုလုပ်သော် သာလျှင်။ ပဋိသန္ဓိ၊ ပဋိသန္ဓေကို။

အာကာဓာတ်နာမ၊ ဆွဲဆောင်သည်မည်၏။ အင်္ဂါရကာသုနိဒ္ဒါန်၊ မီးကျီးတွင်းလျှင် အကြောင်းရင်းရှိသော။ ဒုက္ခဝိယ၊ ဆင်းရဲကဲ့သို့။ ကမ္မနိဒ္ဒါန်၊ ကံလျှင် အကြောင်းရင်းရှိသော။ ဝဋ္ဋဒုက္ခံ၊ ဝဋ်ဆင်းရဲကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။ ဤကား၊ အဋ္ဌကထာ၏အနက်ပင်တည်း။

ဥပမာမှာ အလွန်တရာမှသေခြင်းကိုကြောက်လှသော ဆင်းရဲဒုက္ခကို ကြောက်ရွံ့လှသောလူသည်ရှိ၍။ ထိုလူကို အလွန်အားကြီးလှသော လူ-နှစ်ယောက်က အတင်းဆွဲပြီးလျှင် မီးကျီးတွင်းထဲသို့ချ၏။ ထိုသူမှာ အတိုင်းမသိသော ပူလောင်လှသော မီးလောင်ခြင်းဒုက္ခနှင့် လူးလှိမ့်လျက် ကြာရှည်လေးမြင့်ခံစားရပေ၏။

ဥပမာဥပမေယျဟပ်၍ပြရလျှင် သေရခြင်းဒုက္ခ၊ ဆင်းရဲရခြင်းဒုက္ခကို လွန်စွာကြောက်ရွံ့သောသူနှင့် ဗာလ၊ ပုထုဇ္ဇန်၊ ဝဋ္ဋနိဿိတပုဂ္ဂိုလ်တူလှ၏။ အလွန်အားကြီးသော ယောကျ်ားနှစ်ယောက်နှင့် အကုသိုလ်ကံ, ကုသိုလ်ကံများတူလှ၏။ မီးကျီးတွင်းနှင့် ၃၁-ဘုံ။ ဝဋ်ဘုံကားတူလှ၏။ ထိုလူကို အားကြီးသော လူ ၂-ယောက်က ဆွဲငင်ပြီး မီးကျီးတွင်းသို့ချတာနှင့် ဗာလပုထုဇဉ်ကို အကုသိုလ်ကံ,ကုသိုလ်ကံ ၂-ပါးက ဆွဲငင်၍၃၁-ဘုံဝဋ္ဋထဲသို့ ပစ်ချခြင်းတူ၏။ ထိုသူမှာ အတိုင်းမသိသော မီးလောင်ခြင်းဒုက္ခကို ကြာရှည်စွာခံစားရတာနှင့် ဗာလပုထုဇဉ်မှာ မီးဆယ့်ဘပ်းလောင်၍ သံသရာလဆန်းတရက်နေ့ကစပြီး ယခုနေ့ရက်အထိ ကြာရှည်စွာ အလောင်ခံရပုံကားတူလှ၏။ ဤပုံတွေးကြည့်သော် ဝိပဿနာမပါလျှင် ဒါမျိုးနှင့်ကြာရမှာချည်းဘဲဟု ဒီလိုဒုက္ခအနန္တကိုရမှာချည်းပါဘဲ။

အဋ္ဌမဗာလနှင့်ပဏ္ဍိတပြီး၏။

ဒုက္ခံ တေဘူမကံ ဝဋ္ဋံ။ ။သင်္ဂဟအဋ္ဌကထာ။ နံ ၁၀၅၊ ကြောင်း ၁၊ သမုစ္စယသင်္ဂဟပိုင်း၌။ ။တေဘူမကံ၊ ဘုံ ၃-ပါး၌ ဖြစ်သော။ ဝဋ္ဋံ၊ ဝဋ်တရားသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာပင်တည်း။

ကာမ ၁၁-ဘုံ၊ရူပ ၁၆-ဘုံ၊ အရူပလေးဘုံဆိုတဲ့ ဘုံ ၃-ပါး၌ ဖြစ်သမျှသော၊ဝါ၊၃၁-ဘုံ၌ ဖြစ်သမျှသော ဝဋ်တရားတွေဟာ ဒုက္ခသစ္စာချည်းဘဲ။ ။ဝဋ်တရားကိုခွဲပြန် ဝေဘန်ပြန်တော့လည်း—

× အဝိဇ္ဇာတဏှုပါဒါနာစ ကိလေသဝဋ္ဋံ။ကမ္မဘဝသင်္ခါတော ဘာဝေကဒေသော၊ သင်္ခါရာစ ကမ္မဝဋ္ဋံ။ ဥပပတ္တိဘဝသင်္ခါတော

ဘဝေကဒေသော၊ အဝသေသာစ ဝိပါကဝဋ္ဋနိဿိတံ ဝဋ္ဋာနိ။ ။
သင်္ဂဟ၊ ပဉ္စမ။ နံ ၁၀၈၊ ကြောင်း ၁၆-၌။

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ၃-ပါး၊ စက်လှည့်၍ သံသရာလုံးလယ် ရပုံ ပုံစံကို နိဗ္ဗာန်ခရီးလမ်းမကြီးကျမ်းဆုံးခါနီး၌ ၄-ပုံစံရေး၍ ပြခဲ့လေပြီ။ ရှင်းလင်းစွာ ရှာ၍ကြည့်ကြပါကုန်။

× ဘာ့ကြောင့် ၃၁-ဘုံ၌ ဝဋ် ၃-ပါးလည်ရတာလဲ

အဝိဇ္ဇာ တဏှာဝသေန ဒွေမူလာနိ။ ။သင်္ဂဟအဋ္ဌကထာ။

အဝိဇ္ဇာတဏှာဝသေန၊ အဝိဇ္ဇာ, တဏှာတို့၏အစွမ်းအားဖြင့်။ မူလာနိ၊ မူလတို့သည်။ ဒွေ၊ ၂-ပါးတို့သာတည်း။

× ၎င်းအဝိဇ္ဇာ, တဏှာ မူလရှိနေလျှင် လည်မှာပေါ့ဘဲ

ဝဋ္ဋမာဗန္ဓမိစ္စေဝံ၊ တေဘူမကမနာဒိကံ၊
ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋ္ဌပေသိ မဟာမုနိ။

သင်္ဂဟ၊ ပဉ္စမ၊ နံ ၁၀၉၊ ကြောင်း ၁၁-၌။

ဣစ္စေဝံ၊ ဤသို့လျှင်။ အနာဒိကံ၊ အစလည်းမရှိထသော။ တေဘူမကံ၊ ဘုံ ၃-ပါး၌ဖြစ်ထသော။ အာဗန္ဓံ၊ မပြတ်လည်ထသော။ ဝဋ္ဋံ၊ ဝဋ်တရားကို။ ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋိစ္စသမုပ္ပါဒ်ဟူ၍။ မဟာမုနိ၊ မြတ်စွာဘုရားသည်။ ပဋ္ဌပေသိ၊ ထားတော်မူခဲ့လေပြီ။

## သတိအထူးပြုရန်

ဗာလနှင့်ပဏ္ဍိတခွဲခန်း (၅) နံပါတ်၌။ သာဓကပါဠိထဲတွင်။ (ဗာလံ ပုထုဇ္ဇနံ အန္ဓံ အစက္ခုကံ အဇာနန္တံ အပဿန္တံ) ဟူ၍ ခြောက်မျိုးဖြင့် နစ်နစ်နာနာကြီးပြခဲ့ရာ။ သာသနာကြီးတုန်းမိ, အတွေ့ရှာကြပါ။

(၁) ဒါန၊သီလ၊သမထဖြင့်မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်
(၂) ဒါနသီလသမထသည်၊ သာသနာမဟုတ်

အသေဝနာစဗာလာနံ။ပဏ္ဍိတာနဉ္စသေဝနာ။
ပူဇာစပူဇနေယျာနံ၊ဧတံမင်္ဂလမုတ္တမံ။
မဟာမင်္ဂလသုတ်တော်ကြီး အမိန့်တော်။

(၁) လူမိုက်များနှင့်မပေါင်းသင်း၊မဆက်ဆံရဘူးတဲ့။
(၂) ပညာရှိများနှင့်သာပေါင်းသင်း၊ဆက်ဆံရမည်တဲ့။
(၃) ပူဇော်ထိုက်သောသူတို့အားပူဇော်ရမည်တဲ့။

အဲဒါမှ မကောင်းဘာတွေ ပပျောက်၍ ကောင်းတာတွေ ရောက်၍ တိုးပွါးမည်။

## ၁ (၆၁၅) လူမိုက်မာလ ပုဆုဇဉ်ဖြစ်ရ က(၃၅)း(၅)တဲ့လို့

ဣမဿာပိဘိက္ခုနော ပုဗ္ဗေ ဗာလပုထုဇ္ဇနကာလေ ဂိဟိဘူတဿာပိ ပဗ္ဗဇိတဿာပိ တာဝဒေဝ သတ္တောတိဝါ ပုဂ္ဂလောတိဝါ သညာ အန္တရဓာယတိ။ယာဝ ဣမမေဝကာယံ ယထာဌိတံ ယထာပဏိဟိတံ ဃနဝိနိဗ္ဘောဂံ ကတွာ ဓာတုသော ပစ္စဝေက္ခတိ။ ဓာတုသော ပစ္စဝေက္ခတောပနဿ သတ္တသညာ အန္တရဓါယတိ။ ဓာတုဝသေနေဝ စိတ္တံ သန္တိဋ္ဌတိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။ နံပါတ် ၂၅၄၊ ကြောင်း (၅)၌။

ဣမဿာပိဘိက္ခုနော၊ ဤရဟန်းအား။ ပုဗ္ဗေ၊ ရှေးကာလ၌။ ဗာလပုထုဇ္ဇန ကာလေ၊ မိုက်လဲမိုက်၊ ကိလေသာထူထဲသောကာလ၌။ ဂိဟိဘူတဿာပိ၊ လူဖြစ်စဉ်ငှါ်း။ပဗ္ဗဇိတဿာပိ၊ ရဟန်းဖြစ်စဉ်ငှါ်း။တာဝဒေဝ၊ထိုဝိပဿနာ အားထုတ်၍ ဓာတ်တွေ့သောအခါရောက်မှသာလျှင်။ သတ္တောတိဝါသညာ၊ သတ္တဝါတဲ့ဟူသောအမှတ်မှားခြင်းသည်ငှါ်း။ပုဂ္ဂလောတိဝါသညာ၊ပုဂ္ဂိုလ် တဲ့ဟူသောအမှတ်မှားခြင်းသည်ငှါ်း။အန္တရဓာယတိ၊ ကွယ်ပျောက်ခဲ့၏။ ယာဝ၊ အကြင်မျှလောက်။ ဣမမေဝကာယံ၊ဤခန္ဓာကိုယ်ကြီးကိုသာလျှင်။ ယထာဌိတံ၊ တည်မြဲအတိုင်း။ ယထာပဏိဟိတံ၊ ဆောက်တည်မြဲအတိုင်း။ ဃနဝိနိဗ္ဘောဂံ၊ခန္ဓာကိုယ်ဃနတုံးကြီးထဲမှ၊ ဝ ဖြန်းဖြန်းတဖျဉ်းဖျဉ်းနှင့် ဃန ခွဲခြင်း,ဃနပျောက်ခြင်းကို။ကတွာ၊ပြု၍။ဓာတုသော၊ဓာတ်သဘောအားဖြင့်။

ပဋိဝေက္ခတိ၊ ဆင်ခြင်၍ရှုပွါး၏။ ခေတ္တသော ခေတ်သဘောအားဖြင့်။ ပစ္စဝေက္ခတော၊ ဆင်ခြင်ရှုပွါးသော။ အဿ၊ ထိုရဟန်းအား။ သတ္တသညာ၊ သတ္တဝါတဲ့ဟူသောအမှတ်များသည်။ အန္တရဓာယတိ၊ ကွယ်ပျောက်တော့၏။ ခေတ္တသေနေဝ၊ ခေတ်သဘော၏ အစွမ်းအားဖြင့်သာလျှင်။ စိတ္တံ၊ ဝိပဿနာစိတ်သည်။သဏ္ဌာတိ၊တည်၍နေတော့၏။ ။ဤကားအနက်။

**ဗာလပုထုဇ္ဇနနှင့် — ပဏ္ဍိတ၊ အရိယခွဲပြခန်း (၁)**

(က) လိုရင်းအဓိပ္ပါယ်ကား၊ ဤသူသည် လူ့ဘဝပုထုဇဥ်တုန်းကငင်း၊ ရဟန်းဘဝပုထုဇဥ်တုန်းကငင်း၊ ခန္ဓာမှခေတ်တရားကိုမတွေ့ရသေးမရှုရသေးသဖြင့်သတ္တဝါတဲ့ ပုဂ္ဂိုလ်တဲ့ဟု အထင်များ၏။အမြင်များ၏။အယူများ၏။ အမှတ်များ၏။ဤကား(ဗာလအခါတည်း။ပုထုဇဥ်အခါတည်း။)

(ခ) ထိုသူသည် နောက်အခါ၌ ကလျာဏမိတ္တကိုရ၍ ဝိပဿနာ အားထုတ်တော့ ခေတ်တရားကိုတွေ့၍၊ ပုဂ္ဂိုလ်မရှိပါတကား ခေတ်တရား သာရှိပါတကား၊ သတ္တဝါမရှိပါတကား၊ ခေတ်တရားသာရှိပါတကားဟူ၍ သတ္တဝါဟု အမှတ်များခြင်းပုဂ္ဂိုလ်တဲ့ဟုအမှတ်များခြင်းတွေ ချုပ်ပျောက်၏။ကွယ်သွား၏။ ။ဘယ်အတွက်ကြောင့် သတ္တဝါတဲ့ ပုဂ္ဂိုလ်တဲ့ဟူသော အမှတ်များများ ကွယ်ပျောက်ရပါသလဲဆိုမူ၊ ထိုယောဂီသည် ဝိပဿနာ အလုပ်ဖြင့် အားထုတ်၍ ဤကိုယ်ကြီးကို တည်မြဲအတိုင်းဆောက်တည်မြဲ အတိုင်းခေါင်းတဲ့၊ လက်တဲ့၊ ခြေတဲ့၊ အသားတဲ့၊ အကြောတဲ့စသော ဃနပညတ်များကို မရှုပွါးတော့ဘဲ ပူပူအေး၊ နွေးနွေး၊ ရှိန်ရှိန်၊ ဖြိုးဖြိုးဖျဉ်းဖျဉ်း စသောခေတ်၏ အဖြစ်အပျက်ကိုသာလျှင် ရှုပွါးကာနေတော့၏။ဤရှုပုံမျိုးကို (ဃနပျောက်တယ်၊ ဃနခွဲတယ်၊ ဃနဖြိုတယ်၊ ဃနကြွတ်ချေတယ်) ဟုဆိုအပ်၏။ ခေါင်း, ကိုယ်, ခြေ, လက်စသော ဃနပညတ်များကို မရှုပွါးဘဲ ပူခေတ်ခေတ်,ရှုခေတ်,ကြွခေတ်,စသော ပေါ်တိုင်း ပေါ်တိုင်း သဘောမျှကိုခေတ်အားဖြင့်သာရှု၍နေ၏။သတ္တသညာ ပုဂ္ဂလသညာကို ပယ်တော့၏။ ခေတ်သဘောရှု၍သာ ဝိပဿနာစိတ်တည်၍နေတော့၏။ ဤကား ပဏ္ဍိတ အရိယ-ကဝိ·ဝိဇ္ဇာနန-ပညာဝန္တ အဖြစ်ရရှိသွားပုံတည်း။(က) ဗာလပုထုဇဥ် အခိုက်တည်း (ခ) ပဏ္ဍိတ၊ အရိယာ အခိုက်တည်း။

၂ (၆၀၆) ဗာလ၊ ပုထုဇ္ဇနနှင့် × ပဏ္ဍိတအရိယ က (၃၅) ခ (၅) တွဲလျှိ
ဏ္ဍမသာပန ဘိက္ခုနော ဗာလပုထုဇ္ဇနကာလေ ပစ္စက္ခန္ဓေ အပဟိ

မမာတိ ဝဂ္ဂတိကာလော။ ။အဋ္ဌသာလိနီအဋ္ဌကထာ။

ဣမဿပနတိကြ္ဍနော၊ ဤရဟာန်အား။ဗာလပုထုဇ္ဇနကာလေ၊ လူမိုက်နှင့်ပုထုဇဉ်ဖြစ်သောကာလ၌။ ပဌက္ခန္ဓေ၊ ခန္ဓာငါးပါး၌။ အဟံ၊ ငါတည်း။ မမ၊ ငါ့ဉစ္စာတည်း။ ဣတိ၊ ဤသို့။ ဝဂ္ဂတိကာလော၊ သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသဖြင့် ယူမှားသော အခါပင်တည်း။

ဆိုလိုရင်းမှာ လူပင်ဖြစ်စေ၊ ရဟန်းပင်ဖြစ်စေ၊ ဝိပဿနာအားမထုတ်ရသေးခိ ရှေးအတ္တို၌ ရုပ်စု, ဝေဒနာစု, သညာစု, သင်္ခါရစု, ဝိညာဉ်စုကိုပင် ဆဲဒါငါဘဲ၊ ဆဲဒါငါ့ဉစ္စာဘဲဟု မှတ်မှား၏။ထိုအခါကား ဗာလလူမိုက် အခါတည်း။ ပုထုဇနပုထုဇဉ် အန္ဓအခါပင်တည်း။ ရှောင်ရှားကြပါကုန်။ ဝိပဿနာအားထုတ်၍ခတ်ပေါ်တော့ ခန္ဓာငါးပါး၌ ငါပျောက်၏။ ငါ့ဉစ္စာပျောက်၏။ ဤအခါကား ပဏ္ဍိတအခါ အရိယာအခါပင်တည်း။

## ၃ (၆၁၇) ဗာလ ပုထုဇ္ဇနနှင့် × ပဏ္ဍိတ၊ အရိယ က (၃၅) ခ (၅) တွဲနေလို့

ဣမဿပန တိကြ္ဍနော ဗာလပုထုဇ္ဇနကာလေ ပဋ္ဌက္ခန္ဓေ အဟံ မမာတိ၊ ဝဂ္ဂတိကာလော။ ။ရူပဝိဘာဂအဋ္ဌကထာ ၇၉-နံပါတ် အနက်ကား (၂) နှင့်တူ၏။

လူပင်ဖြစ်စေ၊ ရဟန်းပင်ဖြစ်စေ၊ ဝိပဿနာကို အားမထုတ်ရသေးမီ ရှေးအတ္တို၌ ရုပ်စု၊ ဝေဒနာစု၊ သညာစု၊သင်္ခါရစု၊ ဝိညာဏစုတို့၌ ငါဘဲ၊ ငါ့ဉစ္စာဘဲဟု မှတ်မှားသောအခါကို ဗာလအခါ ပုထုဇဉ်အခါဟုခေါ်သည်။ ဝိပဿနာအားထုတ်၍ ခတ်ပေါ်တော့ ငါပျောက်၊ငါ့ဉစ္စာပျောက်ပြီး ခတ်သဘောသာရှိ၏ဟူ၍ အမြင်မှန်သောအခါ၌မူကား ပဏ္ဍိတအခါ၊ အရိယာ အခါတည်း။

## ၄ (၆၁၈) ဗာလပုထုဇ္ဇနနှင့်×ပဏ္ဍိတ၊အရိယ က(၃၅)ခ(၅)တွဲ

ဗာလပုထုဇ္ဇနဿ ခန္ဓပဉ္စကေ အဟံ မမာတိ ဂဟဏံ။ ။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။နံပါတ် ၂၆၇၊ ကြောင်း ၂၂။

ဗာလပုထုဇ္ဇနဿ၊ ပုထုဇဉ် လူ့ဗာလအား။ ခန္ဓပဉ္စကေ၊ ခန္ဓာငါးပါး အပေါင်း၌။ အဟံ၊ငါတည်း။ မမ၊ ငါ့ဉစ္စာတည်း။ ဣတိ၊ ဤသို့။ **ဂဟဏံ၊**

သညာဝိပလ္လာသ,စိတ္တဝိပလ္လာသ,ဒိဋ္ဌိဝိပလ္လာသဖြင့် မှား၍ယူခြင်းကို။ ဒဠှဖွံ့၊ မှတ်အပ်၏။ ။အဓိပ္ပါယ်ကား ၂-၃-နှင့်တူပြီ။

## ၅-(၆၁၉) ဗာလပုထုဇ္ဇနနှင့်×ပဏ္ဍိတ၊အရိယ က(၃၅) ခ(၅)တွဲ

ဗာလပုထုဇ္ဇနဿ အာဟံ မမာတိ ခန္ဓာနံ ဂဟဏံ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။နံပါတ် ၂၆၀၊ ကြောင်း ၅။ ။အနက် ရော အဓိပ္ပါယ်ရော ၂-၃-၄-နှင့်တူပြီ။

## ၆-(၆၂၀) ဝဋ္ဋနိဿိတ ဗာလပုထုဇ္ဇန က(၃၅)ခ(၅)တွဲ

ဝဋ္ဋနိဿိတ ပုထုဇ္ဇနဿ ပဉ္စက္ခန္ဓေ ဧတံ မမေ ဧသောဟမသ္မိ ဧသော မေ အတ္တာ ဂဟေတွာ မမ ရူပံ။ မမ ဝေဒနာ၊ မမ သညာ၊ မမ သင်္ခါရာ၊ မမ ဝိညာဏန္တိ ဂဟိတကာလေ။ ။ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ။နံပါတ် ၂ဂဝ၊ ကြောင်း ၁၂

ဝဋ္ဋနိဿိတပုထုဇ္ဇနဿ၊ ဝဋ် ၃-ပါး၌ မှီ၍ဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်အား။ ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးပါး၌။ ဧတမေ၊ဤခန္ဓာငါးပါးတို့သည်။ မယှံ၊ငါ၏ ခန္ဓာငါးပါးတည်း။ ဣတိ၊ ဤသို့။ ဂဟေတွာ၊ ဝိပလ္လာသ ၁၂-ပါးဖြင့် ယူထား၍။ မမ၊ ငါ၏။ ရူပံ၊ရုပ်တရားတည်း။ မမ၊ငါ၏။ ဝေဒနာ၊ဝေဒနာ တည်း။ မမ၊ ငါ၏။ သညာ၊ သညာတည်း။ မမ၊ ငါ၏။ သင်္ခါရာ၊ သင်္ခါရတို့ တည်း။ မမ၊ငါ၏။ဝိညာဏံ၊ဝိညာဉ်တည်း။ ဣတိ၊ဤသို့။ ဂဟိတကာလေ၊ ဝိပလ္လာသဖြင့် ယူသောအခါကို။ ဒဠှဖွံ့၊မှတ်အပ်၏။

ဆိုလိုရင်းကား ဤခန္ဓာကိုယ်ကြီးသည် ငါ၏ခန္ဓာကိုယ်ကြီးပင်တည်း။ ဤသို့ အယူမှား၍ ငါ၏ရုပ်တရားဘဲ၊ ငါ၏ဝေဒနာဘဲ၊ ငါ၏သညာဘဲ၊ ငါ၏ သင်္ခါရတို့ပါဘဲ၊ ငါ၏ဝိညာဉ်ပါဘဲဟူ၍ အမှတ်မှား၊အမြင်မှား၊ အယူမှား သော လူများ,ရဟန်းများသည် ဝဋ္ဋနိဿိတ အစစ်ဖြစ်တော့၏။

## ၇-(၆၂၁) ဝဋ္ဋမူလ၊ အဝိဇ္ဇာက (၃၅) ခ (၅) တွဲ

ဝဋ္ဋမူလံ၊အဝိဇ္ဇာ။ ။မူလပဏ္ဏာသအဋ္ဌကထာ။ နံ ၁၉၁၊ကြောင်း ၇-ပြည်။ ။အဝိဇ္ဇာ၊ မသိမလိမ္မာ အဝိဇ္ဇာဆိုတဲ့ မောဟသည်။ ဝဋ္ဋမူလံ၊ ဝဋ် ၃-ပါး၏ မူလပင်တည်း။

အဝိဇ္ဇာမခွါရသေးသော ဒါနသီလစသောကုသိုလ် ကြီး ၃၅-ပါးသည်၊ ဝဋ္ဋမူလအစစ်ပင်ဖြစ်၍နေတော့၏။

## ၈-(၆၂၂) ရှစ်ဌာနဒုက္ခတွေ့ရ က(၃၅)ခ(၅) တွဲ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ဖဿပစ္စယာ ဝေဒနာ၊ဝေဒနာပစ္စယာတဏှာ၊တဏှာပစ္စယာ ဥပါဒါနံ၊ဥပါဒါနပစ္စယာ ဘဝေါ၊ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိတိ။ ။နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။ နံပါတ် ၁၊ကြောင်း ၈၊ ဟိမှု

အဝိဇ္ဇာ မခွါရသေးသော ဒါသီထစသော ကုသိုလ်ကြီး ၃၅-ပါး တို့ကား မိုးတသယ့်တပါးလောင်ရ၊ မူလ ၂-ပါး၊ အစပ်၃-ပါး၊ အလွှာ ၄၊ အခြင်းအရာ နှစ်ဆယ်၊ ဝဋ် ၃-ပါး၊ အင်္ဂါ ၁၂-ပါး၊ ဒုက္ခက္ခန္ဓဿ ဆင်းရဲ အစုလဲ ဖြစ်ရ၏။

## ၉-(၆၂၃) မိစ္ဆာပဋိပဒါတည်း က(၃၅)ခ(၅) တွဲ

ကတမာစ ဘိက္ခဝေ မိစ္ဆာပဋိပဒါ၊အဝိဇ္ဇာပစ္စယာ သင်္ခါရာ(လ) ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိတိ။ ။နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်၊ နံပါတ် ၄၊ကြောင်း ၂၊ဟုံမှု။ အဝိဇ္ဇာ မခွါရသေးတဲ့ ဒါသီသမှု မိစ္ဆာပဋိပဒါတဲ့ဗျား။

## ၁၀-(၆၂၄) အနိယျာနိကတဲ့ က ၃၅)ခ(၅)

မိစ္ဆာပဋိပဒန္တိ အယာထာဝ အနိယျာနိကပဋိပဒံ။ ။နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ။ မိစ္ဆာပဋိပဒါသုတ်အဖွင့် နံ ၁၈၊ ကြောင်း ၁

မိစ္ဆာပဋိပဒန္တိ၊မှားသောအကျင့်ဆိုသည်ကား။ အယာထာဝ၊ မဟုတ်မမှန်သော။ အနိယျာနိကပဋိပဒံ၊ သံသရာဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်သောအကျင့်သာတည်း။ (နစ်နာလေစွ၊ရှုံးကြီးရှုံးလေစွ။)

## ၁၁-(၆၂၅) ဝဋ္ဋသီသတဲ့ က(၃၅)ခ(၅) တွဲ

နနုစ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရောပိအတ္ထိ၊ အာနေဉ္ဇာဘိ သင်္ခါရောပိအတ္ထိ၊ သော ကထံ မိစ္ဆာပဋိပဒါဟောတီတိ၊ ဝဋ္ဋ သီသတ္တာ။ ။နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ။ မိစ္ဆာပဋိပဒါသုတ်အဖွင့် နံပါတ် ၁၀ ၊ ကြောင်း ၂-ဟံမှဥ္ဓ

နနုစစောဒနာဒ၌၊ စောဒနာ ပါဠိအနက်။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ ပုညာဘိသင်္ခါရောပိ၊ ပုညာဘိသင်္ခါရဖြစ်သော ဒါန, သီလ,သမထ,ဝိဇ္ဇာ,အဘိညာဉ်,သမာပတ်ဈာန် ၅-ဈာန်သည်လည်း။အတ္ထိ၊ ရှိပါသေး၏။ အာနေဉ္ဇာဘိသင်္ခါရောပိ၊ အာနေဉ္ဇာဘိသင်္ခါရဖြစ်သော အရူပ ၄-ဈာန်သည်လည်း။အတ္ထိ၊ရှိပါသေး၏။သော၊ထိုပုညာဘိသင်္ခါရ,အာနေဉ္ဇာဘိ သင်္ခါရသည်။ ကထံ၊ အဘယ်သို့လျှင်။မိစ္ဆာပဋိပဒါ၊ မှားယွင်းသောအကျင့် သည်။ ဟောတိ၊ဖြစ်ပါသနည်း။ ဣတိအယံ၊ဤသည်ကား။ စောဒနာ၊ အပြစ် တင်ခြင်းတည်း။ ဝဋ္ဋသီသတာ၊ ဝဋ် ၃-ပါး၏ ဥက္ကောင်းဖြစ်သော အဝိဇ္ဇာ မကွါရသေးသောကြောင့်ပင်တည်း။

(၁) ပုညာဘိ သင်္ခါရ ကုသိုလ် သည်လည်း မိစ္ဆာ ပဋိပဒါတည်း။ ဝဋ္ဋသီသတည်း။

(၂) အာနေဉ္ဇာဘိသင်္ခါရ ကုသိုလ်လည်း မိစ္ဆာပဋိပဒါတည်း။ ဝဋ္ဋသီသ တည်း။

ဘာ့ကြောင့်နည်း၊ အဝိဇ္ဇာကို မကွါရသေးသောကြောင့်ပင်တည်း။

## ၁၂-(၆၂၆) ဝဋ္ဋမူလ က(၃၅)ခ(၅) တွဲ

အဝိဇ္ဇာတဏှာဝသေန ဝဋ္ဋမူလာနိ။ ။သဂြိုဟ်။

## ၁၃-(၆၂၇) မူလမပြတ်သံသရာလယ် (၃၅) (၅)

ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊
ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ။
ဧဝမ္ပိ တဏှာ နုသယေ အနုဟတေ၊
နိဗ္ဗတ္တတေ ဒုက္ခမိဒံ ပုနပ္ပုနံ။
ဓမ္မပဒအဋ္ဌကထာ။သူကရပေါတိကာဝတ္ထု။

မူလေ၊အမြစ် ၂-ပါးသည်။အနုပ္ပဒ္ဒဝေ၊ဘေးဥပဒ်မရှိဘဲ။ဒွေ့ဒိုင်ခံ့သည်ရှိသော်။ ဆိုင်နွှေ၊ ဖြတ်အပ်သော။ ရုက္ခောပိ၊ သစ်ပင်သော်လည်း။ ပုနဒေဝ၊ တဖန်သာလျှင်။ ရူဟတိ ယ-ထာ၊ပေါက်ရောက်ပြန်၏သို့။ ဧဝမ္ပိ၊ ဤဥပမာအတူသာလျှင်။ တဏှာနုသယေ၊ အဝိဇ္ဇာနှင့်တဏှာအနုသယကို။ အနုပဟတေ၊မနုတ်မပယ်အပ်သည်ရှိသော်။ဇာနိဒုက္ခံ၊ ဤသံသရာဝဋ်ဒုက္ခသည်။ ပုနပ္ပုနံ၊အဖန်ဖန်၊အထပ်ထပ်။နိဗ္ဗတ္တတေ၊ဖြစ်ရပြန်၏။

## ၁၄-(၆၂၈) ဝဋ္ဋနှင့် ဝိဝဋ္ဋပါဠိ (၃၅) (၅)

(က) အဝိဇ္ဇာပစ္စယာ သင်္ခါရာ(လ)သမုဒယော ဟောတီတိ။ ။ဆဲဒါက ဝဋ္ဋဒါသိထ၊ဝဋ္ဋမူလ ဒါသိထ၊ဝဋ္ဋသိသ ဒါသိထပါဘဲများ။

(ခ) အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော (လ)နိရောဓော ဟောတီတိ။ ။ဆဲဒါက ဝိဝဋ္ဋဒါသိထ ပါဘဲများ။

(က) ပဋိစ္စသမုပ္ပါဒ်အနုလုံပါဠိသည် ဝဋ္ဋ၊ဝဋ္ဋမူလ၊ဝဋ္ဋသိသပါဘဲ။

(ခ) ပဋိစ္စသမုပ္ပါဒ်ပဋိလုံပါဠိသည် ဝိဝဋ္ဋပါဘဲ၊ ယှဉ်၍ကြည့်ကြပါ။

ပဌမယာမေ ပုဗ္ဗေနိဝါသဉာဏံ အနုဿရိတွာ မဇ္ဈိမယာမေ ဒိဗ္ဗစက္ခုံ ဝိသောဓေတွာ ပစ္ဆိမယာမေ ပဋိစ္စသမုပ္ပါဒေ ဉာဏံ ဩတာရေတွာ၊ အထဿ ဒွါဒသပဒိကံ ပစ္စယာကာရံ (ဝဋ္ဋ×ဝိဝဋ္ဋ) ဝသေန အနုလောမတော ပဋိလောမတော သမ္မသန္တဿ ဒသ သဟဿိလောကဓာတု ဥဒကပရိယန္တံ ကတွာ ဒွါဒသက္ခတ္တုံ သမ္ပကမ္ပိ၊ မဟာပုရိသော ပန ဒသသဟဿိလောကဓာတုံ ဥန္နာဒေတွာ အရုဏုဂ္ဂမနဝေလာယ သဗ္ဗညုတဉာဏံ ပဋိဝိဇ္ဈနွှေ။ ။ ဇာတ်အဋ္ဌကထာ။နံ ၉၃၊ ၁၆-ကြောင်း

အနက်ကား။ ။ပဌမယာမေ၊ ညဦးယာမ်၌။ ပုဗ္ဗေနိဝါသဉာဏံ၊ ပုဗ္ဗေနိဝါသဉာဏ်ကို။ အနုဿရိတွာ၊ အစဉ်အတိုင်းအောက်မေ့၍။ မဇ္ဈိမယာမေ၊ သန်းခေါင်ယာမ်၌။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုဉာဏ်ကို။ ဝိသောဓေတွာ၊ သုဓ်သင်၍။ ပစ္ဆိမယာမေ၊ လင်းအားကြီးယာမ်၌။ ပဋိစ္စသမုပ္ပါဒေ၊ ပဋိစ္စသမုပ္ပါဒ်၌။ဉာဏံ၊ဉာဏ်ကို။ဩတာရေတွာ၊သွင်း၍ရှု၏။အထ၊ထိုအခါ၌။ အဿ၊ ထိုဘုရားလောင်းအား။ ဒွါဒသပဒိကံ၊ တဆယ့်နှစ်ပုဒ်ရှိသော။

ပစ္စယာကာရံ၊ ပဋိစ္စသမုပ္ပါဒ်ကို(ဝဋ္ဋ+ဝိဝဋ္ဋဝသေန၊)ဝဋ္ဋနိဿိတ, ဝိဝဋ္ဋနိဿိတ၏အစွမ်းအားဖြင့်။အနုလောမတော၊အနုလုံအားဖြင့်၎င်း။ပဋိလောမတော ပဋိလုံအားဖြင့်၎င်း။ သမ္မသန္တ္တ သော၊ သုံးသပ်ရှုပွါးစဉ်ပင်။ ဒသ-သဟဿိလောကဓာတု၊ တသောင်းသောလောကဓာတ်ကြီးသည်။ ဥဒကပရိယန္တံ ကတွာ၊ ရေလျှင်အဆုံးရှိသည်ကိုပြု၍။ ဒွါဒသက္ခတ္တုံ၊ ၁၂-ကြိမ်။သမ္ပကမ္ပိ၊ ပြင်းထန်စွာလှုပ်ရ၏။ မဟာပုရိသေပန၊ ဘုရားအလောင်းသည်လည်း။ဒသသဟဿိလောကဓာတုံ၊ တသောင်းသောလောကဓာတ်ကို။ ဥန္နာဒေတွာ၊ မဲ့တင်ထပ်စေ၍။အရုဏုဂ္ဂမနဝေလာယ၊အရုဏ်တက်သောအချိန်၌။သဗ္ဗညုတညာဏံ၊ သဗ္ဗညုတညာဏ်တော်ကြီးကို။ ပဋိဝိဇ္ဈန္တော၊ ထိုးထွင်း၍သိသည်ရှိသော်။ ။ဤအဋ္ဌကထာ၌ကား ပဋိစ္စသမုပ္ပါဒ်အနုလုံဖြင့် ဝဋ္ဋနိဿိတဒါသိထဟု။ ။ပဋိစ္စသမုပ္ပါဒ်ပဋိလုံဖြင့် ဝိဝဋ္ဋနိဿိတ၊ဒါသိထဟူ၍ ဘွင်းဘွင်းနှင့် ရှင်းရှင်းကြီးပြခဲ့ပါသတည်း။

## ၁၅-(၆၂၉) ဝဋ္ဋကုသိုလ် ဒါသီထစသော ၃၅-ပါး (၁၅)

ဒါန၊သီလ၊ သမထ၊ သုစရိုက်၊ ပုညကြိယာ၊ ရသေ့ပြု၊ ရှင်ပြု၊ ရဟန်းခံ၊ ရတင်၊ ပိဋကတ်ဆောင်၊ စာပေပို့ချ၊ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်၊ အာကာသဈာန်၊ ဝိညာဏဈာန်၊ အာကိဉ္စညဈာန်၊ နေဝသညာနာသညာဈာန်၊ ဝိဇ္ဇာ၊ အဘိညာဉ်သမာပတ်၊ မေတ္တာ၊ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊၇-သင်္ချေကျင့်၊ ၉-သင်္ချေကျင့်၊ ၄-သင်္ချေကျင့်၊ ကပ္ပ္ပာ တသိန်းကျင့်။ပါရမီ၊စရိယာ၊စွန့်ခြင်းကြီးဗျာဒိတ်ရ၊(၃၅) ပါးသောကုသိုလ်ကြီးများကိုပြု၍ ဘဝတ္တယ ဝဋ္ဋဆုယူလျှင် ဝဋ္ဋကုသိုလ်ချည်းပါဘဲ။

> ယံပဟိကိဉ္စိ ဘဝတ္တယသင်္ခါတံ ဝဋ္ဋံ၊ ပဋ္ဌေတွာ ပဝတ္တိတံ၊ အန္တမသောပဉ္စဘိညာ အဋ္ဌသမာပတ္တိယော။ သဗ္ဗံတံဝဋ္ဋပက္ခိယံ ဝဋ္ဋသိတန္တိ၊ ဝဋ္ဋသိတတ္တာ မိစ္ဆာပဋိပဒါဝဟောတိ။ ။နိဒါန ဝဂ္ဂသံယုတ်အဋ္ဌကထာ၊ မိစ္ဆာပဋိပဒါသုတ်အဖွင့် နံပါတ် ၁၀၊ ကြောင်း၊၃၊၌ပါရှိပုံ။

ဟိ၊မိစ္ဆာပဋိပဒါဖြစ်သော ပုညာဘိ၊အာနေဉ္ဇာဘိ၊ဒါသိထကိုဖွင့်၍ပြဦးအံ့။ ယံကိဉ္စိ၊တစုံတခုသော။ဘဝတ္တယသင်္ခါတံ၊ ဘဝသုံးပါးဟုဆိုအပ်သော။ဝဋ္ဋံ၊ ဝဋ်၃-ပါးကို။ ပဋ္ဌေတွာ၊ ဆုတောင်း၍။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ အန္တမသော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ ပဉ္စဘိညာ အဋ္ဌဝါသမာ

ပစ္စယော၊ အဘိညာဉ်ငါးပါး, သမာပတ်ရှစ်ပါးတို့သည်လည်း။ ထံသဖွံ့၊ ထိုအလုံးစုံသော ဒါသိထ ၃၅-ပါးသည်။ ဝဋ္ဋပက္ခိယံ၊ ဝဋ် ၃-ပါး၏အဘို့၌ တည်၏။ဝဋ္ဋသိသံ၊ဝဋ် ၃-ပါး၏ဦးခေါင်းတည်း။ ဣတိ၊ဤသို့။ ဝဋ္ဋသိသတ္တာ၊ ဝဋ် ၃-ပါး၏ဦးခေါင်းဖြစ်ပါသောကြောင့်။ မိစ္ဆာပဋိပဒါ ဝ၊ မှားယွင်းသော အကျင့်မည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

## ၁၆–(၆၃၀) ဝိဝဋ္ဋ ၃-ပါးဝေဘန်၍ပြချက်

(၁) ဝဋ္ဋ နိဗ္ဗာန်ဆုမတောင်းဘဲ ဒါသိထပြု
(၂) ဝိဝဋ္ဋ နိဗ္ဗာန်ဆုတောင်း၍ ဒါသိထပြု (အများအတွက်)
(၃) ဝိဝဋ္ဋ ဘုရားဆုတောင်း၍ ဒါသိထပြု (အလောင်းတော်များ)
(၄) ဝိဝဋ္ဋ နိဗ္ဗာန်ဆုတောင်း၍ (ဒါသိထဝိ ၄-ပါးပြု၊ယောဂီများ)

(၂) နံပါတ် (၃) နံပါတ်၌ပြထားသော၊ ဝိဝဋ္ဋများသည် ဝိဝဋ္ဋဟူ၍ပင် ဆိုရငြားသော်လည်း ဝိဝဋ္ဋ၏လက္ခဏာကိုမပြဘဲ ဝဋ္ဋ၏လက္ခဏာကိုသာ တွေ့ရမြင်ရပါသည်။သက်သေပြရှင်းဦးအံ့—

## ၁၇ (၆၃၁) ၇-သင်္ချေ ၉-သင်္ချေ ၄-သင်္ချေ တသိန်း ဆုတောင်းပြုခဲ့တဲ့ အလောင်းတော်ကြီး

ငါတို့၏ဘုရားအလောင်းတော်ကြီးသည်၊ ၇-သင်္ချေတုန်းကလဲ ဘုရား ပေါင်း (၁၂၅၀၀၀) တို့ထံ၌ရှင်း၊ ၉-သင်္ချေတုန်းကလဲ ဘုရားပေါင်း (၃၈၇၀၀၀)တို့ထံ၌ရှင်း၊ ၄-သင်္ချေတုန်းကလဲ ဘုရားပေါင်း(၁၂)ဆူထံမှာ ရှင်း၊ ကမ္ဘာတသိန်းတုန်းကလဲ ဘုရား (၁၇)ဆူထံမှာရှင်း၊ ဒါသိထစသော ကုသိုလ်ကြီး ၃၆-မျိုးကိုပြုပြီးတော့၊ ဣနံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု၊ဟူ၍ ဆုတောင်းခဲ့၏။ ဣနံမေပုညံ သဗ္ဗညုတဉာဏသ ပစ္စယော ဟောတု၊ဟူ၍ ဆုတောင်းခဲ့၏။ တာပေမဲ့ ဆဲဒီဝိဝဋ္ဋဆုဟာ ဝဋ်ကိုမဖြတ် တောက်ဘဲ ဖြပ္ပဒ္ဒ္ဒပြည်မှာ ဝင်္ဂလယ်ခဲ့ပါတယ်။နတ်ပြည်မှာလဲ ဝင်္ဂလယ်ခဲ့ ပါတယ်။ လူ့ပြည်မှာလဲဝင်္ဂလယ်ခဲ့ပါတယ်။ (၅၅၀) ဇာတ်ကိုသတိဖြင့် ကြည့်မိတော့၊ အသဲယားစရာချည်းပါဘဲဗျာ။ အပါယ်ဘုံမှာ ဝင်္ဂလယ်၍ နေလိုက်ထာ ကြည့်ပါအုံးတော့။ (၁)တကြိမ်ထဲဖြစ်ခဲ့ရသောဘဝတွေမှာ ယုန်တဘဝ၊ ထိုအတူကျွဲ၊ခွေး၊ကိန္နရာ၊ဝက် စာဝတီး၊ဒင်ကျီး၊ဖါး၊ဗိလုံး၄ှက်၊

သရဘာဘီလူး၊ ခြင်္သေ့၊ (၂) နှစ်ကြိမ်ဖွားဖြစ်ရသောဘာဝများ စက္ကဝါက်၊ ဝဋ္ဋုန်၊ ကျီးငှက်၊ ခါ၊ ဥသြ၊ ကြက်၊ ကြွက်၊ မြွေခွေး၊ သစ်တောက်ငှက် (၃) သုံးကြိမ် ဖြစ်ရသောဘာဝများ ဥဒေါင်း၊ဆင်မဲ၊ ဆတ်၊ ဖွတ်၊ ငါး၊ (၄) လေးကြိမ်စီ ဖြစ်ရသောဘာဝများ ဆင်ဖြူပုံး၊ မြင်း၊ လင်းတ၊ ငှက်ရိုးရိုး၊ နဂါး။ + နွားက ငါးကြိမ် × ခိုက ခြောက်ကြိမ် × သမင်က ၇-ကြိမ်× ဟင်္သာနှင့်ကျေးသားက ကိုးကြိမ်×ခြင်္သေ့ဆယ်ကြိမ်× မျောက် ၁၂-ကြိမ် ငရဲတကြိမ်အားဖြင့် အလောင်းတော်ကြီးမှာ အပါယ်ဘုံတွင် (၁၂၆) ဘဝ၊ ဝဋ်လည်၍နေတာကို (၅၅၀)ဇာတ်ကပြထားပေ၏။ သက်သေခိုင်လုံလှပေ၏။ ငြင်းစရာမရှိပါ။

ဗိဝဋ္ဋဉ် (ဗိ) က-ကင်းတာ၊ (ဝဋ္ဋ) က—လယ်တာ။ ၂-ခု ပေါင်းတော့ ဗိဝဋ္ဋ၊လည်ခြင်းကင်းတာ၊ဝါ၊ဝဋ်မလည်တော့ဘူးဟု ဆိုလိုပါ၏။ဗိဝဋ္ဋဆိုတဲ့ ဘွဲ့နှင့် အပါယ်ဘုံမှာလယ်တာနှင့် မကိုက်ညီတော့ပါ။ ။အသားဖြူသော လူကို မောင်ညိုဟု နာမည်ပေးထားသလိုပါဘဲ။ဒါကြောင့် ပုံစံ၌(၁)(၂)(၃) ကို ဝဋ္ဋပါဘဲဟူ၍မှတ်ရမည်။ပုံစံ၌ ဗိဝဋ္ဋ၊နိဗ္ဗာန်ဆု၊(ဒါသီထဝိ)၄-ပြု ယောဂီ ဘို့ဟူသော။ ၄-နံပါတ်ကုသိုလ်သာလျှင် နိဗ္ဗာန်လဲဆုတောင်း၏။ (ဒါသီထ ဝိ)လေးဘက် ၄-တန်စုံအောင်လဲပြု၏။ အမှားစင်ကြယ်လို့ဗိဝဋ္ဋလဲဖြစ်၏။ သီဝံပစ္စေယထ ဘိက္ခဝေ သီဝံ ပစ္စေတွာန ဒါနံ ဒါတဗ္ဗံ၊ သီလံ ရက္ခိတဗ္ဗံ။ ဘာဝနံ ဘာဝေတဗ္ဗံ။ ဟူသောပါဠိနှင့်လဲညီ၏။ ဗိဝဋ္ဋလဲစစ်၏။

ဗိဝဋ္ဋလိုလိုနှင့် ဝဋ္ဋဖြစ်သော အခဏ်းပြီး၏။ ဉာဏာစာဂီ၏သာခကေ ၁၇-ပုဒ်။

ဝါဒကွဲပုဂ္ဂိုလ်ဘာစုကား ဤသို့ဆိုကြ၏။

> ယံပန ကိဉ္စိ ဗိဝဋ္ဋံ နိဗ္ဗာနံ ပစ္စေတွာ ပဝတ္တိတံ၊ အနုမသော ဥဒ္ဒုက်ယာဂုမတ္တဒါနမ္ပိ ပဏ္ဏမုဋ္ဌိဒါနမတ္တမ္ပိ သဗ္ဗံ တံ ဗိဝဋ္ဋပက္ခိယံ ဗိဝဋ္ဋနိဿိတန္တိ ဗိဝဋ္ဋပက္ခိကဋ္ဌာ သမ္ဘာ ပဋိပဒါဝ ဟောတိ။ ။ အပ္ပမတ္တကမ္ပိဟိ ပဏ္ဏမုဋ္ဌိဒါနံ ကုသလံဝါ ဟောတု။ မဟာနုံ ဝေလာမဒါနံ ကုသလံဝါ။ သစေဝဋ္ဋသမ္ပတ္တိံ ပစ္စေတွာ ဝဋ္ဋနိဿိ တဝသေန မိစ္ဆာထပိတံ ဟောတိ၊ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ။ နောဗိဝဋ္ဋံ။အုဒ္ဒံမေဒါနံ အာသဝက္ခယံ ဝဟံ ဟောတုတိ။ဒ္ဓဝမ္ပနုဗိဝဋ္ဋ၊ ပစ္စေနွာ့နဲ ဗိဝဋ္ဋဝသေန သမ္မာထပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိ ဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ၊ နအရဟတ္တံ

အပတ္ထာ ပရိယောသာနံ ဂစ္ဆတိ။ ။နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ။
နံ ၁၀၊ ကြောင်း–၆၊ ဌ ပါဠိပုံ (၁၇+၁၀) ဌပါ၏။

နိဗ္ဗာန်လဲဆုတောင်းမှ ဝိပဿနာလဲပွါးမှဟုဆိုပါလျက် ဆုတောင်းတခုထဲယူ၍ ဝိဝဋ္ဋဟု ဆိုကြကုန်၏။ အင်္ဂါမစုံလို့ (၁၂၆)ဘဝ အပါယ်ကျပုံ ကြည့်ကြပါ။

### ၁၈–(၆၃၂) သဏ္ဍာယနိဗ္ဗိန္ဒကမ္မာ ဝသလဘဲ့ (၃၅) ၅ တဲ့

ကောဓနော ဥပနာဟီစ၊ ပါပမက္ခီစ ယောနရော။
ဝိပ္ပန္နဒိဋ္ဌိ မာယာဝီ၊ တံ ဇညာ ဝသလော ဣတိ။
သုတ္တနိပါတ်ပါဠိတော်၊ ဝသလသုတ်။

ဖြာပဗ္ဗဏ၊ ပုဏ္ဏားကြီး။ယောနရော၊ အကြင်သူသည်။ကောဓနော၊မဆင်မခြင်၊ အလျင်တစော၊ အမျက်ထွက်လေ့ရှိ၏။ ဥပနာဟီ၊ အမျက်ဟုန်ကို၊ မဖျောက်ဘဲ၊ နောက်ဆက်၍ ရန်ငြိုးဖွဲ့ဘတ်၏။ ပါပမက္ခီ၊ ယုတ်မာလွန်ကျူး၍ ကျေးဇူးချေဖျက်တတ်၏။ ဝိပ္ပန္နဒိဋ္ဌိ၊ အယူမှန်ပျက်ပြား၍ အမှားသို့ သက်ဝင် ရောက်တတ်၏။ မာယာဝီ၊ မိမိအပြစ်ကိုဖုံး၍ လိမ်ညာသုံးစွဲ လေ့ရှိ၏။ တံ၊ ထိုသဘောမျိုးရှိသောသူကို။ ဝသလောဣတိ၊သူယုတ်မာကြီး ဟူ၍။ဇညာ၊ သိမှတ်စွဲမြဲရာ၏။ (ဝသလ၊သူယုတ်မာကြီးတဲ့။)

### ၁၉–(၆၃၃) ပရာဘဝတဲ့ က (၃၅) ခ ၅

အသန္တဿ ပိယာ ဟောတိ၊ သန္တေ နကုရုတေ ပိယံ။
အသတံ ဓမ္မံ ရောစေတိ၊ တံ ပရာဘဝတော မုခံ။
သုတ္တနိပါတ်ပါဠိတော်၊ ပရာဘဝသုတ်။

ဒေဝပုတ္တ၊နတ်သား။ယော၊အကြင်သူသည်။အသန္တဿ၊သူတော်မဟုတ်သူမိုက်နှင့်သူယုတ်မာကို။ပိယာ၊ချစ်ခင်လေ့ရှိသည်။ဟောတိ၊ဖြစ်၏။သန္တေ၊ ပညာရှိသူတော်ကောင်းတို့။ ပိယံ၊ ချစ်ခင်ခြင်းကို။ နကုရုတေ၊ မပြုမလုပ်။ အသတံ၊ သူယုတ်မာ သူမိုက်တို့၏။ ဓမ္မံ၊ သဏ္ဍာယဒိဋ္ဌိ,တဏှာ,မာနစသော တရားကို။ ရောစေတိ၊ နှစ်သက်၏။ တံ၊ ထိုတရားသဘောမျိုးသည်။ ပရာဘဝတော၊ ပျက်စီးခြင်း၏။ မုခံ၊ အကြောင်းတည်း။ ။ဤကားအနက်။

(အသန္တဿ ပိယာ ဟောတိ)ဖြင့် တဏှာ, မာန, ဒိဋ္ဌိ, ဝိစိ၊ အဝိဇ္ဇာရှိ၍ နေသောသူကို ချစ်ခင် မြတ်နိုးခြင်းသည်၊ တသံသရာလုံး ပျက်စီးဘို့

အကြောင်းသာတည်း။ (သန္တေန ကုရုတေ ပီယံ)ဖြင့် တဏှာ,မာန,ဒိဋ္ဌိ,ဝိစိ, အဝိဇ္ဇာခွါ၍နေသော သူတော်ကောင်းများကို မချစ်နိုင် မခင်နိုင်ခြင်း သည်လည်း တသံသရာလုံး ပျက်စီးဘို့အကြောင်းသာတည်း (အသတံဓမ္မံ ရောစေတိ) ဖြင့် တဏှာ,မာန,ဒိဋ္ဌိ,ဝိစိ,အဝိဇ္ဇာ မခွါရသေးသော သူယုတ်မာ တို့၏ ၎င်းတရားများကို ချစ်ခင်၍နေခြင်းသည်၊ တသံသရာလုံး ပျက်စီးဘို့ အကြောင်းသာတည်း။ ထို့ကြောင့် (ပရာဘဝ) မည်၏ဟူလို။

## ၂၀-(၆၃၄) (အသဒ္ဓမ္မ)တဲ့

အသတံ ဓမ္မံ ရောစေတိ တံ ပရာဘဝတော မုခံ။ ။ပြခဲ့ပြီးပါဋ္ဌိပင်တည်း။ အသတဓမ္မံနှင့် အသဒ္ဓမ္မံကား အတူတူပင်ဖြစ်၏။ တဏှာ,မာန, ဒိဋ္ဌိ,ဝိစိ, အဝိဇ္ဇာ မခွါသေးလျှင် အသဒ္ဓမ္မပင်တည်း။ ၎င်း၏နယ်ထဲက မထွက်ရ သေးပါ။ ဆဲဒါခွါမှ (သဒ္ဓမ္မ)မခွါရသေးလျှင် (အသဒ္ဓမ္မ)တနည်း(အသတဓမ္မ) ရောစနပုဂ္ဂိုလ်သာတည်း။ ဗမာလိုတော့ သူယုတ်မာတရားကို နှစ်သက်၍ မခွါဘဲနဲ့ နေသူပါဘဲတဲ့။

## ၂၁-(၆၃၅) ပစ္စတ္တိက ရန်သူနှင့်နေထိုင်သူတဲ့ က(၃၅)ခ(၅)

ပဥ္စက္ခန္ဓေ အဟန္တိဝါ မမန္တိဝါ အဂ္ဂဟေတွာပစ္စတ္တိကာ မေ ဇောတိ ဉတွာ ရူပသတ္တကအရူပ သတ္တကာဒိဝသေန ဝိပဿနာယ ယောဇေတွာ။ ။ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ။ နံပါတ် ၂၀၀၊ ကြောင်း ၂၅

ပဥ္စက္ခန္ဓေ၊ ခန္ဓာငါးပါး အပေါင်း၌။အဟန္တိ ဝါ၊ငါဘဲဟူ၍၎င်း။မမန္တိဝါ၊ ငါ့ဥစ္စာဘဲဟူ၍၎င်း။ အဂ္ဂဟေတွာ၊ တဏှာဒိဋ္ဌိဖြင့်မသုံမှု၍။ ဇောတိ၊ ထိုခန္ဓာ ငါးပါးတို့သည်။ဝါ၊တဏှာ,မာန,ဒိဋ္ဌိ,ဝိစိ,အဝိဇ္ဇာငါးပါးတို့သည်။မေ၊ငါ၏။ ပစ္စတ္တိကာ၊ ရန်သူကြီးတို့ပင်တည်း။ ဣတိ၊ ဤသို့။ဉတွာ၊သိ၍။ ရူပသတ္တက အရူပသတ္တကာဒိဝသေန၊ရုပ်၌ ၇-ဌာနဖြင့်ရှုခြင်း၊ နာမ်၌ ၇ ဌာနဖြင့်ရှုခြင်း တည်းဟူသော ဥတ္တမပုရိသသုတ်၌ လာသော သတ္တအစရှိသည့်တို့၏ အစွမ်းအားဖြင့်။ ဝိပဿနာယ၊ ဝိပဿနာပညာနှင့်။ယောဇေတွာ၊ ယှဉ်တွဲ၍ ဝိပဿတိ၊ ရှု၏။

ဆိုလိုရင်းမှာ ငါးခန္ဓာ၌ ငါဘဲ၊ ငါ့ ဥစ္စာဘဲဟူ၍ ယူမှား မှတ်မှား မြင်မှားလျှင် ပစ္စတ္တိက ရန်သူနှင့် နေသူပါဘဲ။ ။၎င်းခန္ဓာငါးပါး၌ တချို

တွေ့ရ၍ ငါးခန္ဓာတစုတစုသည် ငါလဲမဟုတ်၊ ငါ့ဥစ္စာလဲမဟုတ်ပါတကား ဟူ၍ အမြင်မှန်ရလျှင် အမှားစင်ကြယ်လျှင် မိတ်ဆွေနှင့်နေသူပါဘဲ။

## ၂၂-(၆၃၆) ဒုက္ခကြီးထဲ၌ ပျော်ရွှင်၍နေသူတဲ့ (၃၉)(၅)

သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။ ။မေ့မှစကြာပါဠိတော်။

သံခိတ္တေန၊ အကျဉ်းချုပ်အားဖြင့်။ပဉ္စုပါဒါနက္ခန္ဓာပိ၊ ဥပါဒါန်လေးပါး၏အာရုံဖြစ်သောခန္ဓာငါးပါးတို့သည်လည်း။ဒုက္ခာ၊ဆင်းရဲအတိသာတည်း။ ဝိပဿနာ တရားကိုအားထုတ်တော့ကာ ခန္ဓာထဲမှ ဖြိုးဖြိုးဖျဉ်းဖျဉ်း ရှိုးတိုးရွတွ တရှိန်းရှိန်းတသုတ်သုတ်စသည်ဖြင့် ရေပွက်ပမာလို တွေ့ရသော ရုပ်ပျက်တွေသည်၊ (ယထာ ပုဗ္ဗုဠုကံ ပဿေ) အရဖြစ်၍။တနည်း။ ခန္ဓာကိုယ်ထဲမှ တရိပ်ရိပ်နှင့် တန်လှပ်ကဲ့သို့တွေ့ရသောရုပ်တရားသည်၊(ယထာ ပဿေ မရီစိကံ) အရဖြစ်၍ ဥပါဒါန်လေးပါး မကပ်နိုင်သော ခန္ဓာတည်း။ ၎င်းခန္ဓာကိုရှု၍နေမှ သုခနှင့်နေသူမည်၏။ထိုသို့မဟုတ်ဘဲ၊ နေနေကြ၊ ထိုင်နေကြ၊ ရိုးရာအတိုင်း၊ခေါင်း,ကိုယ်,ခြေလက်,နားရွက်,မျက်စိစသောရုပ်နှင့် ၎င်းတို့ကို သိမြင်နေသောနာမ်တို့ကား၊ဥပါဒါနက္ခန္ဓာတည်း။၎င်းနှင့်နေလျှင် ဒုက္ခကြီးထဲ၌၊ ပျော်ရွှင်၍နေသူပါဘဲတဲ့။

## ၂၃-(၆၃၇) ဘာရဟာရက-က(၃၅)ခ(၄)

ဘာရာဟာဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရောတိ ပုဂ္ဂလော၊
ဘာရာ ဒါနံ ဒုက္ခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ချစ်သားတို့။ လောကေ၊လောကသုံးဖြာ ဘုံ ၃-ရွာ၌။ ခန္ဓာ၊ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏဟု ငါးခုခန္ဓာတို့သည်။ဟဝေ၊ကေန်စင်စစ်။ ဘာရာ၊ လေးလန်လှစွာသော ဝန်ထုပ်ကြီးတို့ သာလျှင်တည်း။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါးယောကျ်ား မိန်းမ ဟူသမျှသည်။ ဟိ၊ ကေန်စင်စစ်၊ ဘာရဟာရော၊ ပင်ပင်ပန်းပန်း၊ ဝန်ထုပ်ထမ်းသော ကူလီသမားပါပေတည်း။ ဘာရာဒါနံ၊ ခန္ဓာကိုယ်ဝန်ထုပ်ကိုမချဘဲ ထမ်း၍ နေခြင်းသည်။ ဒုက္ခံ၊ ကြီးလေးသောဒုက္ခကြီးပါပေတည်း။ ဘာရနိက္ခေပနံ၊ ခန္ဓာဝန်ထုပ်ကို ဝိပဿနာရှု၍ ပစ်ချခြင်းသည်။ သုခံ၊ အချမ်းသာဆုံး ပါပေတည်း။

ဝိပဿနာမရှုလျှင် ခန္ဓာဝန်ကို ထမ်းတုန်းဘာရဟာရကပုဂ္ဂိုလ်တည်း။ ဝိပဿနာရှုလျှင် ခန္ဓာဝန်ကို ပစ်ချသော သူဌေးကြီးဖြစ်သတည်း။

## ၂၄-(၆၃၈) ရပ်ပြစ်ရှစ်ပါး၌ နေကြသူများတဲ့ (၃၅) (၅)

ဂင်းအပြစ်ရှိသော အရပ်ဌာန၌နေကြသူများသည်(အခဏာ၊အသမယာ ဖြပ္ပစ္စရိယဝါသာသ) အစရှိသောပါဠိနှင့်အညီ၊မဂ္ဂဖြပ္ပစ္စရိယ ကျင့်ဘို့ရန် အခါမဟုတ်၊ အခွင့်မရသော ဌာနကြီးရှစ်ပါးပါဘဲတဲ့။

ရဲ၊ ဆာန် ပြိတ္တာ၊ လူမိစ္ဆာ၊ အင်္ဂါမပြည့်စုံ။ } ရပ်ပြစ် ၈-ပါး။
တောတွင်၊ ဖြစ်ကြ၊ အရူပ၊အသညသတ်ဘုံ။ }

ရပ်ပြစ်ရှစ်ပါး၊ ဖြစ်သူများ၊ တရားမရကုန်။ (အပြစ်ပြချက်)
ရပ်ပြစ်ရှစ်ပါး၊ လွတ်သူများ၊ တရားရကြကုန်။ (အကျိုးပြချက်)

(၁) ငရဲဘုံ (၂) တိရစ္ဆာန်ဘုံ (၃) ပြိတ္တာဘုံ (၄) မိစ္ဆာဒိဋ္ဌိလူ့ဘဝ၊ (၅) တောသားအရိုင်းများ (၆) အရူပလေးဘုံ (၇) အသညသတ်ဘုံ၊ (၈) အင်္ဂါမပြည့်စုံသော ဇဠပုဂ္ဂိုလ်များ။ ဤအရပ်ပြစ် ၈-ပါး၌ ဖြစ်ရသူများ သည် တရားလဲမရနိုင်။ပရမတ်လဲမသိနိုင်ကြကုန်။ ။လူ့နတ်ဖြပ္ပစ္စ တရား မကျင့်၍မရလျှင် ရပ်ပြစ် ၈-ပါးနှင့် ဘာမျှမထူးပြီ။

## ၂၅-(၆၃၉) ၃၅+ငါးဆွဲခဉ် အကဏ်းမြင်

အဝိဇ္ဇာ, တဏှာ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ၊ငါးဆွဲတုန်းပြုရသောဒါန၊သီလ၊ သမထ၊စသောကုသိုလ်ကြီး ၃၅-ပါးသည်။ အကဏ်းမြင်၊ အကဏ်းပြုသာ တည်း။အန္ဓိဘူတောအယံလောကော။ ။ဓမ္မပဒပါဠိတော်ဘုရားဟော။ ။ အယံလောကော၊အဝိဇ္ဇာ, တဏှာ, မာန, ဒိဋ္ဌိ, ဝိစိမကွာ၊ဤသတ္တဝါဟူသော သတ္တလောကကြီးသည်။ အန္ဓိဘူတော၊ အဝိဇ္ဇာလွှမ်း ပိတ်ကာ၍ဖုန်းသဖြင့်၊ အကဏ်းချည်းသာဖြစ်ရလေတော့၏။ ။သိသာပါပြီ။

## ၂၆-(၆၄၀) ၃၅+ငါးဆွဲခဉ် အရူးမြင်

အဝိဇ္ဇာ, တဏှာ, မာန, ဒိဋ္ဌိ,၊ဝိစိ၊ငါးဆွဲတုန်းပြုရသော ဒါနသီလသမထ စသောကုသိုလ်ကြီး ၃၅-ပါးသည်။အရူးမြင် အရူးပြုသာဖြစ်ခဲ့၏။ပုထုဇ္ဇနော

ဥမ္မတ္တကော။ ။သိလက္ခန်အမ္ဘကထာ။ ။ပုထုဇ္ဇနော၊ ငါးဆွဲမပြုတ်သေးသောပုထုဇဉ်မှန်သမျှ၊ အနန္တသည်။ ဥမ္မတ္တကော၊ ဒိဋ္ဌိနှင့်အဝိဇ္ဇာ၊စိတ်မသာ ပိတ်ကာ၍ပူးကြသဖြင့်၊ အရူးချည်းသာ ဖြစ်ရလေတော့၏။ ။သိလောက် ပါပြီ နားလည်လောက်ပါပြီ။

## ၂၇-(၆၄၁) ၃၅+ငါးဆွဲစဉ်။အရှုံးမြင်

အဝိဇ္ဇာ,တဏှာ,မာန,ဒိဋ္ဌိ,ဝိစိ၊ ငါးဆွဲတုန်းပြုရသော ဒါန၊သီလ၊သမထ၊ စသော ကုသိုလ်ကြီး ၃၅-ပါးသည်။အရှုံးမြင်၊ အရှုံးပြုသာတည်း။မဟာဇာနိယော ဝတ ဘော အာဋ္ဌာရော ဥဒကော။ ။ဝိနည်းမဟာဝါ ပါဠိတော်။ ဘုရားဟောတည်း။ ။ဘော၊ ဒိုကမ္ဘာသူ၊ကမ္ဘာသား၊သတ္တဝါအများတို့။ အာဋ္ဌာရော၊ ချာန်ယာဉ်စီးတဲ့ အာဋ္ဌာရရသေ့ကြီးသည်ရင်း။ ဥဒကော၊ ချာန်ယာဉ်စီးတဲ့ ဥဒကရသေ့ကြီးသည်ရင်း။ဒေဝိလော၊ချာန်ယာဉ်စီးတဲ့ ဒေဝိလရသေ့ကြီးသည်ရင်း။မဟာဇာနိယော၀တ၊အရှုံးကြီးရှုံးရလေစွတကား။ ။ သိလောက်ပါပြီ။

## ၂၈-(၆၄၂) ၃၅+ငါးဆွဲစဉ် ဒိဋ္ဌမြင်

အဝိဇ္ဇာ,တဏှာ,မာန၊ဒိဋ္ဌိ,ဝိစိ၊ငါးဆွဲတုန်းပြုရသော ဒါန၊သီလ၊ သမထ၊ စသော ကုသိုလ်ကြီး ၃၅-ပါးသည်။ဒိဋ္ဌိမြင်၊ဒိဋ္ဌိပြုသာဖြစ်သတည်း။ ဖြဟ္မလောကေဝိ ခေါ အာဝုသော သက္ကာယပရိယာပန္နော နိစ္စော ဓုဝေါတိ ဂါဟတိ။ ။မဟာဝဂ္ဂသံယုတ်ပါဠိတော်။ ။အာဝုသော၊ ဒါယကာတို့။ ဗြဟ္မလောကေပိ၊ ဝိဇ္ဇာ, အဘိညာဉ်, သမာပတ်, ချာန်နှင့်နေသော ဗြဟ္မာအပေါင်းသည်လည်း။ ခေါ၊ စင်စစ်အားဖြင့်။ သက္ကာယပရိယာပန္နော၊ သက္ကာယဒိဋ္ဌိ (၂၀)၌၊ အကြုံးဝင်တုန်းဖြစ်၍။ ကာယ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ နိစ္စောတိ၊ မြဲ၏ဟူ၍။ ဓုဝေါတိ၊ ခိုင်ခံ့၏ဟူ၍။ ဂါဟတိ၊ဂါဟ ၃-ပါးဖြင့် စွဲယူလေတော့၏။

## ၂၉-(၆၄၃) ၃၅+ငါးဆွဲစဉ် မျက်လှဲ့မြင်

အဝိဇ္ဇာ,တဏှာ,မာန,ဒိဋ္ဌိ,ဝိစိ၊ ငါးဆွဲတုန်းပြုရသော ဒါန၊သီလ၊သမထ စသောကုသိုလ်ကြီး ၃၅-ပါးသည်၊ မျက်လှဲ့မြင် မျက်လှဲ့ပြုမည်တော့၏။ မာယူပမဥ္စ ဝိညာဏံ။ ။ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။ ။ဝိညာဏံ၊မြင်သိ

ဝိညာဉ်၊ ကြွားသိဝိညာဉ်၊ နံသိဝိညာဉ်၊စားသိဝိညာဉ်၊ထိသိဝိညာဉ်၊ကြံသိဝိညာဉ်ခြောက်ပါးသည်။ မာယူပမစ္ဆ၊ မျက်လှည့်ပြသောဥပမာနှင့်တူလှပေ၏။ ။အမှားကိုအမှန်ထင်၊အမှန်ကိုအမှားထင်၏။

## ၃၀-(၆၄၄) ၃၅+ငါးဆွဲစဉ် ပညတ်မြင်

အဝိဇ္ဇာ, တဏှာ, မာန, ဒိဋ္ဌိ,ဝိစိ၊ ငါးဆွဲတုန်းပြုရသော ဒါန၊သီလ၊သမထစသောကုသိုလ်ကြီး ၃၅-ပါးသည်၊ ပညတ်မြင်၊ ပညတ်ပြုသာဖြစ်သေး၏။ ပညတ္တိ ထပေတွာ။ ။ဋီကာများအဆို။ ။ပညတ္တိ၊ ပညတ်ကြီးငါးပါးကို။ထပေတွာ၊ရှောင်ရှားချန်ထား၍။နိဗ္ဗတ္တိတပရမတ္ထဝသေနေဝ၊ဆတ်ဆတ်သောပရမတ်၏အစွမ်းအားဖြင့်သာလျှင်။ဝိသေသေန၊အထူးသဖြင့်။ပဿတိ၊ ရှုမြင်၏။ ။သိလောက်ပါပြီ။

## ၃၁-(၆၄၅) ၃၅+ငါးဆွဲစဉ် နိမိတ္တဂ္ဂါဟီမြင်

အဝိဇ္ဇာ,တဏှာ,မာန ဒိဋ္ဌိ,ဝိစိ၊ ငါးဆွဲတုန်းပြုရသော ဒါန၊သီလ၊သမထ၊စသော ကုသိုလ်ကြီး ၃၅-ပါးသည်။ နိမိတ္တဂ္ဂါဟ်မြင်၊ နိမိတ္တဂ္ဂါဟ်ပြုသာဖြစ်၏။ ။စက္ခုနာ ရူပံ ဒိသွာ နိမိတ္တဂ္ဂါဟီ ဟောတိ။ ။သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော်။ ။စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ ဒိသွာ၊ မြင်၍။ နိမိတ္တဂ္ဂါဟီ၊ ယောကျ်ားနိမိတ်,မိန်းမစသောနိမိတ်ကိုယူတတ်သည်။ ဟောတိ၊ ဖြစ်၏။ ။ပရမတ်ကိုမတွေ့သေးလို့ နိမိတ်မလွတ်ရတာပါ။

## ၃၂-(၆၄၆) ၃၅+ငါးဆွဲစဉ် အနုဗျဉ္ဇနဂ္ဂါဟီမြင်

အဝိဇ္ဇာ,တဏှာ,မာန,ဒိဋ္ဌိ,ဝိစိ၊ငါးဆွဲတုန်းပြုရသော ဒါန၊ သီလ၊ သမထစသောကုသိုလ်ကြီး ၃၅-ပါးသည်၊အနုဗျဉ္ဇနဂ္ဂါဟ်မြင်၊အနုဗျဉ္ဇနဂ္ဂါဟ်ပြုသာဖြစ်၏။ စက္ခုနာ ရူပံ ဒိသွာ အနုဗျဉ္ဇနဂ္ဂါဟီ ဟောတိ။ ။သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော်။ ။စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ ဒိသွာ၊ မြင်၍။ အနုဗျဉ္ဇနဂ္ဂါဟီ၊ လက်,ခြေ၊ သဏ္ဌာန် အမူအရာကိုယူတတ်သည်။ ဟောတိ၊ ဖြစ်၏။ ။သိလောက်ပါပြီ။

## ၃၃-(၆၄၇) ၃၅+ငါးဆွဲစဉ် ကိလေသာမြင်

အဝိဇ္ဇာ,တဏှာ,မာန,ဒိဋ္ဌိ,ဝိစိ၊ ငါးဆွဲတုန်းပြုရသော ဒါန၊ သီလ၊ သမထ စသောကုသိုလ်ကြီး ၃၅-ပါးသည် ကိလေသာမြင်၊ ကိလေသာပြုသာဖြစ်၏။ ။စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ နေ့ ဘိက္ခုံ အဘိဇ္ဈာဒယော ပါပကာ အကုသလာ ဓမ္မာ အန္ဝာသဝေယျုံ။ ။သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတံ၊ မစောင့်ရှောက်ဘဲ။ ဝိဟရန္တံ၊နေသော နေ့ဘိက္ခုံ၊ ထိုရဟန်းသို့။ အဘိဇ္ဈာဒယော၊ အဘိဇ္ဈာ အစ ရှိကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ဓမ္မာ၊ တရားတို့သည်။ အန္ဝာသဝေယျုံ၊ အစဉ်တပိုက်လိုက်ကြကုန်၏။

## ၃၄-(၆၄၈) ၃၅+ငါးဆွဲစဉ် သမ္မုတိမြင်

အဝိဇ္ဇာ,တဏှာ,မာန,ဒိဋ္ဌိ,၊ဝိစိ၊ ငါးဆွဲတုန်းပြုရသော ဒါန၊သီလ၊သမထ၊ စသော ကုသိုလ်ကြီး ၃၅-ပါးသည်။ သမ္မုတိမြင်၊ သမ္မုတိပြုသာဖြစ်၏။ သမ္မုတိံ ထပေတွာ။ ။ဋီကာများ။ ။သမ္မုတိံ၊ကမ္ဘာဦးသူ လူပညာရှိတို့ သမုတ်ခြင်း ဝေါဟာရကို။ ထပေတွာ၊ ခြွင်းချန်ပယ်ရှား ကျောခိုင်းကာ ထား၍။ ပရမတ္ထဝသေန၊ ပရမတ္ထ၏အစွမ်းဖြင့်။ ဝိသေသေန၊ အထူးသဖြင့်။ ပဿတိ၊ ရှု၏။ ။သိလောက်ပါပြီ။

## ၃၅-(၆၄၉) ၃၅+ငါးဆွဲစဉ် အကုသိုလ်မြင်

အဝိဇ္ဇာ,တဏှာ,မာန,ဒိဋ္ဌိ,ဝိစိ၊ ငါးဆွဲတုန်းပြုရသော ဒါန၊သီလ၊သမထ၊ စသော ကုသိုလ်ကြီး ၃၅-ပါးတို့သည်၊ အကုသိုလ်မြင်၊ အကုသိုလ်ပြုသာ ဖြစ်၏။ ။တာဿစ ရူပဿ ဣဋ္ဌာကာရဂ္ဂဟဏေ အဘိဇ္ဈာ၊ အနိဋ္ဌာကာ ရဂ္ဂဟဏေ ဒေါမနဿံ၊ အသမပေက္ခဏေ မောဟော။ ။နေတ္တိဋီကာ ဟောင်း၊ နံပါတ် ၇၈၊ ကြောင်း—၂၀၊ ၌

တဿစရူပဿ၊ ထိုထို ရူပါရုံတရား၏လည်း။ ဣဋ္ဌာကာရဂ္ဂဟဏေ၊ ကောင်းသောအခြင်းအရာကို ယူသောအခါ၌။ အဘိဇ္ဈာ၊ လောဘဆိုတဲ့ အဘိဇ္ဈာသည်။ ဟောတိ၊ ဖြစ်၏။ အနိဋ္ဌာကာရဂ္ဂဟဏေ၊ မကောင်းသော အခြင်းအရာကို၊ ယူသောအခါ၌။ ဒေါမနဿံ၊ နှလုံးမသာယာခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အသမပေက္ခဏေ၊ မျှမျှတတ မရှုသောအခါ၌။ မောဟော၊ အဝိဇ္ဇာဆိုတဲ့မောဟသည်။ ဟောတိ၊ ဖြစ်၏။

ကောင်းတာမြင် လောဘထွက် ပြိတ္တာဘုံသို့ရောက်ရ၏။
မကောင်းတာမြင် ဒေါသထွက် ငရဲဘုံသို့ရောက်ရ၏။
အလတ်စားမြင် မောဟထွက် တိရစ္ဆာန် အသုရကာယ်ဘုံ
သို့ရောက်ရ၏။

## ၃၆-(၆၅၀) ၃၅+ငါးဆွဲစဉ် အဝိဇ္ဇာဂတိကမြင်

အဝိဇ္ဇာ, တဏှာ, မာန, ဒိဋ္ဌိ, ဝိစိ၊ ငါးဆွဲတုန်းပြုရသော ဒါန၊ သီလ၊ သမထစသော ကုသိုလ်ကြီး ၃၅-ပါးသည်၊ အဝိဇ္ဇာဂတိက မြင် အဝိဇ္ဇာဂတိကပြုဖြစ်၏။ ။အဝိဇ္ဇာဂတောယံ ဘိက္ခဝေ ပုရိသပုဂ္ဂလော ပုညာဘိသင်္ခါရံ အဘိသင်္ခရောတိ၊ ပုညုပဂံ ဟောတိ ဝိညာဏံ၊ အပုညဋ္ဌေ သင်္ခါရံ အဘိသင်္ခရောတိ၊ အပုညုပဂံ ဟောတိ ဝိညာဏံ၊ အာနဉ္ဇဋ္ဌေသင်္ခါရံ အဘိသင်္ခရောတိ၊ အာနဉ္ဇုပဂံ ဟောတိ ဝိညာဏံ။ ။နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။ နံပါတ် ၆၁၊ ကြောင်း-၁၉၊ ဟံမူ

ဘိက္ခဝေ၊ ချစ်သားတို့။ အဝိဇ္ဇာဂတော၊ အဝိဇ္ဇာ မကွာရသေးသော။အယံ ပုရိသပုဂ္ဂလော၊ ဤယောကျ်ားပုဂ္ဂိုလ်သည်။ ပုညာဘိ သင်္ခါရံ၊ ပုညာဘိသင်္ခါရဖြစ်သော ဒါန၊သီလ၊သမထကို။ အဘိသင်္ခရောတိ၊ ပြုလုပ်၏။ ပုညုပဂံ၊ဒါန,သီလ,သမထကြောင့် ဖြစ်သော။ ဝိညာဏံ၊ အပြစ်၊၇-ပါး ကပ်ငြိသော ဝိညာဉ်သည်။ ဟောတိ၊ ဖြစ်၏။ အပုညဋ္ဌေသင်္ခါရံ၊ အပုညာဘိသင်္ခါရဖြစ်သော အကုသိုလ်ဒုစရိုက်ကို။ အဘိသင်္ခရောတိ၊ ပြုလုပ်၏။ အပုညုပဂံ၊ အပုညာဘိသင်္ခါရ အကုသိုလ် ဒုစရိုက်ကြောင့် ဖြစ်သော။ ဝိညာဏံ၊ အပြစ် ၇-ပါးကပ်ငြိသော ဝိညာဉ်သည်။ ဟောတိ၊ ဖြစ်၏။ အာနဉ္ဇဋ္ဌေသင်္ခါရံ၊ အာနဉ္ဇာဘိသင်္ခါရ အနုပကုသိုလ်ကို။ အဘိသင်္ခရောတိ၊ ပြုလုပ်၏။ အာနဉ္ဇုပဂံ၊ အာနဉ္ဇာဘိသင်္ခါရ၊ အရူပကုသိုလ်ကြောင့် ဖြစ်သော။ ဝိညာဏံ၊ အပြစ် ၇-ပါးကပ်ငြိသော ဝိညာဉ်သည်။ ဟောတိ၊ ဖြစ်၏။

(က) အဝိဇ္ဇာအကြောင်းခံ၍ ဒါသီထ၊ ပုညာဘိသင်္ခါရပြု၏။ လူ့ဘုံ နတ်ဘုံ၌ ဝိညာဉ်ရ၏။ ထိုဝိညာဉ်၌ မူလနှစ်ပါး၊ အစပ် ၃-ပါး၊ အလွှာ ၄-ပါး၊အခြင်းအရာ ၂၀၊ အင်္ဂါ ၁၂-ပါး၊ ဝဋ် ၃-ပါး၊ မီးတဆယ့်တပါး ဟူသော အပြစ် ၇-ပါးကပ်ငြိနေပေ၏။ (ခ) အဝိဇ္ဇာ အကြောင်း ခံ၍ သမထ၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ ရူပငါးဈာန်၊ ပုညာဘိသင်္ခါရပြု၏။

ရုပ်ဆယ့်တဘုံ၌ ဝိညာဉ်ရ၏။ ထိုဝိညာဉ်၌ မူလနှစ်ပါး၊ အစပ် ၃-ပါး၊ အလွှာ ၄—ပါး။ အခြင်းအရာ ၂၀။အင်္ဂါ ၁၂—ပါး၊ ဝဋ် ၃—ပါး၊ မီးဆယ့်တပါး ဟူသော အပြစ် ၇ -ပါး ကပ်ငြိ၍နေပေ၏။ (ဂ) အဝိဇ္ဇာအကြောင်းခံ၍ သမထ၊ဝိဇ္ဇာ၊အဘိညာဉ်၊ သမာပတ် အရူပလေးဈာန် အနဉ္ဇာဘိသင်္ခါရပြု၏။ အရူပလေးဘုံ၌၊ဝိညာဉ်ရ၏။ထိုဝိညာဉ်၌ မူလနှစ်ပါး၊ အစပ် ၃-ပါး၊ အလွှာ ၄-ပါး၊အခြင်းအရာ ၂၀၊အင်္ဂါ ၁၂-ပါး၊ ဝဋ် ၃-ပါး၊မီးဆယ့်တပါး။ ဟူသော အပြစ် ၇-ပါးကပ်ငြိ၍နေပေ၏။ (ဃ) ဇဝိဇ္ဇာ အကြောင်းခံ၍ အကုသိုလ်ဒုစရိုက် အပုညာဘိသင်္ခါရကိုပြု၏။ အပါယ်လေးဘုံ၌ ဝိညာဉ်ရ၏။ ထိုဝိညာဉ်၌ မူလနှစ်ပါး၊ အစပ် ၃—ပါး၊ အလွှာ ၄-ပါး၊ အခြင်းအရာ ၂၀၊ အင်္ဂါ ၁၂-ပါး၊ ဝဋ် ၃—ပါး၊ မီးဆယ့်တပါးဟူသော အပြစ် ၇—ပါး ကပ်ငြိ၍နေပေ၏။ (ကြောက်စရာ၊လန့်စရာပင်)

## ၃၄- ၆၃၁) ၃၄ × ငါးဆွဲစဉ် သံသရာမှ ဥက္ကောင်းမပေါ်သူ

အဝိဇ္ဇာ,တဏှာ, မာန,ဒိဋ္ဌိ,ဝိစိ, ငါးဆွဲတုန်း ပြုရသော ဒါန,သီလ, သမထစသော ကုသိုလ်ကြီး ၃၅-ပါးသည်။ သံသရာ ဝဲဩဃကြီးထဲမှ ယနေ့အထိပင် ဥက္ကောင်းမပေါ်နိုင်။ ခေါင်းမပြူနိုင်သူသာဖြစ်၍နေပေ၏။ ။ ဒိဋ္ဌိဂတိကောဟိ သုခါဒိဝေဒနံ အတ္တာတိ ဂဟေတွာအဟံကာရ မမံကာရ ပရာမာသဝသေန သဗ္ဗဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသေသု တတော တတော စဝိတွာ တတ္ထတတ္ထဥပပဇ္ဇန္တော မဟာသမုဒ္ဒေ ဝါတုက္ခိတ္တနာဝါဝိယ တံတံသမိတံ ပရိဗ္ဘမတိ၊ ဝဋ္ဋတော သီသံ ဥက္ခိပိတုံ ယေဝ နသက္ကောတိ။ ။သီလက္ခန်အဋ္ဌကထာ။

ဟိ၊ သက္ကာယဒိဋ္ဌိ ဆိုးဝါးပုံကိုပြဦးအံ့။ ဒိဋ္ဌိဂတိကော၊ သက္ကာယဒိဋ္ဌိ ကပ်၍နေသောသူသည်။ သုခါဒိဝေဒနံ၊ ချမ်းသာခြင်းစသောဝေဒနာကို။ အတ္တာတိ၊ ငါဘဲ၊ငါ့ဝေဒနာဘဲဟူ၍။ ဂဟေတွာ၊ မြင်မှား၊ မှတ်မှား၊ အယူမှားခြင်းဖြင့်ယူထား၍။ အဟံကာရ၊ ငါတည်းဟူသောမာန်မူခြင်း။မမံကာရ၊ ငါ့ဥစ္စာဟူသောမာန်မူခြင်း။ ပရာမာသဝသေန၊ မှားသော သုံးသပ်ခြင်း၏ အစွမ်းအားဖြင့်။ သဗ္ဗဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသေသု၊ အလုံးစုံသော ဘဝကြီး ၉-ပါး၊ယောနိလေးပါး၊ ဂတိ ငါးပါး၊ဝိညာဏဋ္ဌိတိ ၇-ပါး၊ သတ္တာဝါသ ၉-ပါးတို့၌။ တတောတတော၊ ထိုထိုဘဝစသည်မှ။ စဝိတွာ၊ ရွေ့လျော၍။ တတ္ထတတ္ထ၊ ထိုထို ဘဝစသည်၌။ ဥပပဇ္ဇန္တော၊ ဖြစ်ရသည်ရှိသော်။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာအလယ်၌။ ဝါတုက္ခိတ္တ

နာဝါဒိယာ၊ လေးပြင်းမုန်တိုင်းကြောင့်၊လွင့်နေသောလှေကဲ့သို့။ တံတံ၊ထိုထို အရပ်သို့။သဿတံ၊အမြဲ။ သဒိတံ၊ မပြတ်မလပ်ရဘဲ။ ပရိဗ္ဗမတိ၊ လည်၍ နေ၏။ ဝဋ္ဋတော၊ သံသရာဝဋ်၊ ဝဲဩဃကြီးထဲမှ။ သိသံ၊ ဥက္ကောင်းကို။ ဥက္ခိပိတုံပိ၊ ချီခြင်း ပေါ်ခြင်းငှါလည်း။ နသက္ကောတိ၊ မစွမ်းနိုင်။

## ၃၈–(၆၅၂) ၃၅×ငါးဆွဲခဉ် ကြိုးတန်းလန်းကျီးကန်း

ယဿ သဏ္ဍာယမိဋ္ဌံ အပ္ပဟီနာ ဟောတိ၊ သော ဘဝဂ္ဂေ နိဗ္ဗတ္တောပိ ဂဋ္ဌိတဗဋ္ဋိသော မစ္ဆောဝိယာ ဒိဃသုတ္တေန ပါဒေ ဗန္ဓကာကောဝိယာ။ တေဟိ ဗန္ဓနေဟိ အာကဍ္ဎိယမာနော ကာမ ဓာတုယံယေဝ ပဝတ္တတိ။ ။ပုဂ္ဂလပညတ် အဋ္ဌကထာ။

ယဿ၊ အကြင်သူအား။ သဏ္ဍာယမိဋ္ဌံ၊ သဏ္ဍာယမိဋ္ဌိကို။ အပ္ပဟီနာ၊ မပယ်ရသေးသည်။ ဟောတိ၊ဖြစ်၏။သော၊ ထိုသဏ္ဍာယဒိဋ္ဌိရှိ၍ နေသော သူသည်။ ဘဝဂ္ဂေ၊ အထက်ဘဝဂ်၌။ နိဗ္ဗတ္တောပိ၊ ဖြစ်၍နေသော်လည်း။ ဂဋ္ဌိတဗဋ္ဋိသောဝိယ၊ ငါးမျှားချိတ်ကို၊မျိုမိသော ငါးကဲ့သို့၎င်း။ဒိဃသုတ္တေန၊ ရှည်လျားသော ချည်ကြိုးဖြင့်။ ပါဒေ၊ ခြေ၌၊ဗန္ဓကာကောဝိယာ၊ ဖွဲ့ထားသော ကျီးငှက်ကဲ့သို့၎င်း။ တေဟိဗန္ဓနေဟိ၊ ထိုအဖွဲ့တို့ဖြင့်။ အာကဍ္ဎိယမာနော၊ ဆွဲငင်အပ်သည်ရှိသော်။ ကာမဓာတုယံယေဝ၊ ကာမဘုံ၌ သာလျှင်။ ပဝတ္တတိ၊ ဖြစ်ရတော့၏။

ငါးမျှားချိတ်မျိုမိသောငါးကို တံငါသည်၊ ကြိုးဆွဲ၍ ယူသည်ရှိသော်၊ တံငါ၏ထံသို့သာ ရောက်ရသကဲ့သို့၎င်း၊ ကျီးငှက်ကို ကြိုး ရှည်ရှည်ဖြင့် လွှတ်၍ လူကဆွဲယူသော်၊ လူ့ထံသို့ ထိုကျီးငှက် ပါလာရသကဲ့သို့၎င်း။ ဒိဋ္ဌိကိုယူမိသော လူ့နတ်၊ဗြဟ္မာကို ဘဝဂ်၌ပင်နေသော်လည်း ဒိဋ္ဌိဖြင့်ဆွဲချ သော် ကာမဘုံ၌ကျရပေ၏။

## ၃၉-(၆၅၃) ၃၅×ငါးဆွဲခံရ မိစ္ဆာပဋိပဒါတည်း

အဝိဇ္ဇာ၊တဏှာ၊မာန၊ဒိဋ္ဌိ၊ဝိဝိ၊ ငါးဆွဲတုန်းပြုရသော ဒါန၊သီလ၊သမထ စသော ကုသိုလ်ကြီး ၃၅–ပါးသည်၊ မိစ္ဆာ ပဋိပဒါပင်တည်း။

ကတမာစ ဘိက္ခဝေ မိစ္ဆာပဋိပဒါ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ (လ) ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။နိဒါန ဝဂ္ဂသံယုတ် ပါဠိတော်။နံပါတ် ၄–ကြောင်း (၂)ဟံမှု၌။ တွေ့ရပုံတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ မိစ္ဆာပဋိပဒါ၊ မှားယွင်းချွတ်ချော်သော အကျင့်သည်။ ကတမာစ၊ အဘယ်ပါနည်း။ ။အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ပုညာဘိသင်္ခါရ၊ ဒါန, သီလ, သမထ၊ ပုညာဘိသင်္ခါရ ၊သမထဝိဇ္ဇာအဘိညာဉ်၊သမာပတ်၊ရူပငါးဈာန် အနဉ္ဇာဘိသင်္ခါရ၊ သမထဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ အရူပ ၄-ဈာန်၊အပုညာဘိသင်္ခါရ၊ အကုသိုလ်ဒုစရိုက်တို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ရကုန်၏။(ကျန်အနက်ကား လွယ်ပြီ) ဤမိစ္ဆာပဋိပဒါ၌ မူလနှစ်ပါး၊အစဉ် ၃-ပါး အလွှာ ၄-ပါး၊ အခြင်းအရာ ၂၀၊ အင်္ဂါ ၁၂-ပါး၊ ဝဋ် ၃-ပါး၊ မီး ၁၁-ပါး၊ ၇-အစု၊ လောင်ခြင်း ခံရအောင်ပြုပေးသော ဒါန၊သီလ၊သမထမှို မိစ္ဆာပဋိပဒါဖြစ်ရပါသည်။ သတိကြပ်ကြပ် ပြုကြပါကုန်။

## ၄၀-(ဇ၅၄) ၃၅+ငါးဆွဲစံရ ဝဋ္ဋပက္ခိယ

အဝိဇ္ဇာ,တဏှာ,မာန,ဒိဋ္ဌိ,ဝိစိ၊ ငါးဆွဲတုန်းပြုရသော ဒါန၊သီလ၊ သမထ စသော ကုသိုလ်ကြီး ၃၅-ပါးသည်၊ ဝဋ္ဋပက္ခိယသာဖြစ်၏။ ။ယံဟိ ကိဉ္စိ ဘဝတ္တယသင်္ခါတံ ဝဋ္ဋံ ပဝတ္တေတွာ ပဝတ္တိတံ၊ အနန္တမသော ပဉ္စာဘိညာ အဋ္ဌဝါပန သမာပတ္တိယော၊သဗ္ဗံ တံ ဝဋ္ဋပက္ခိယံ ဝဋ္ဋသိသန္တိ၊ဝဋ္ဋသိသတ္တာ မိစ္ဆာပဋိပဒါဝ ဟောတိ။ ။နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ၊ နံပါတ် ၁၈ ကြောင်း ၃-၌၊

ပဋိ၊ ဒါန,သီလ,သမထက ဝဋ္ဋဖြစ်ပုံ၊ ဝဋ္ဋသိသဖြစ်ပုံ၊ မိစ္ဆာပဋိပဒါဖြစ်ပုံကိုထင်စွာ ပြဦးအံ့။ ယံကိဉ္စိ၊ တစုံတခုသော ဒါသီထသည်။ဘဝတ္တယသင်္ခါတံ၊ ဘဝသုံးပါးဟုဆိုအပ်သော။ ဝဋ္ဋံ၊ ဝဋ် ၃-ပါးကို။ ပဝတ္တေတွာ၊ တောင့်တ၍။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ပဉ္စာဘိညာ၊အဘိညာဉ် ငါးပါးသည်၎င်း။ အဋ္ဌဝါပန သမာပတ္တိယော၊ သမာပတ် ၈စ်ပါးတို့သည်၎င်း။ တံသဗ္ဗံ၊ထိုအလုံးစုံသော ကုသိုလ်စုသည်။ ဝဋ္ဋပက္ခိယံ၊ ဝဋ် ၃-ပါး၌ ဖြစ်၍နေ၏။ ဝဋ္ဋသိသံ၊ ဝဋ် ၃-ပါး၏ဦးခေါင်းပင်တည်း။ ဝဋ္ဋသိသတ္တာ၊ ဝဋ် ၃-ပါး၏ ဦးခေါင်းဖြစ်သောကြောင့်။မိစ္ဆာပဋိပဒါဝ၊ မှားယွင်းသော အကျင့်သည်သာလျှင်။ ဟောတိ၊ဖြစ်၏။ ။အဖြင်းလွတ်၊နံပါတ် ၄၀-ပြီး၏။

## ဗုဒ္ဓမြတ်စွာက ပေးသွားတဲ့ ဒွဲတော်ကြီးများ

ငါးဆွဲတဲ့ ဒါန သီလ,သမထ ၊စသော ကုသိုလ်ကြီး ၃၅-ပါးကိုပြု၍ နေပါလျှင် (၁) ဗာလတဲ့ (၂) ပုထုဇ္ဇနတဲ့ (၃) ဝဋ္ဋနိဿိတတဲ့(၄)ဝသလ

လူယုတ်မာတဲ့ (၅) ပရောဘဝ၊ ပျက်စီးတဲ့သူ (၆) အသဒ္ဓမ္မ၊ မသူတော်၊ (၇) ပစ္စတ္ထိက၊ ရန်သူနှင့်နေထိုင်သူ (၈) ဒုက္ခ၊ဆင်းရဲဒြပျော်နေသူ၊ (၉) ဘာရဟာရက၊ ဝန်ထုပ်ကြီး ထမ်း၍နေသူ (၁၀) အဓမ္မကမ္မ၊ ရပ်ပြစ်ရှစ်ပါးဒြရှိနေသူ (၁၁) အန္ဓဘူတ၊ အကကျော်းမြင် အကကျော်းပြု၍နေသူ(၁၂) ဥမ္မတ္တက၊ အရူးမြင် အရူးပြုနှင့်နေသူ (၁၃) မဟာဇာဒနိယ၊ အရှုံးမြင်၊ အရှုံးပြုနှင့်နေသူ (၁၄) ဒိဋ္ဌိဂတိက၊ ဒိဋ္ဌိမြင် ဒိဋ္ဌိပြုနှင့်နေသူ (၁၅)မာယူပမ၊ မျက်လှည့်နှင့်မိ၍နေသူ (၁၆) ပညတ္တိ၊ပညတ်မြင် ပညတ်ပြုနှင့်နေသူ (၁၇) နိမိတ္တဂ္ဂါဟိ၊နိမိတ်နှင့်နေသူ (၁၈) အနုဗျဉ္ဇနဂ္ဂါဟိ၊ အမူအရာနှင့်နေသူ (၁၉) ကိလေသာ၊ကိလေသာမြင် ကိလေသာပြုနှင့်နေသူ (၂၀) သမ္မုတိ၊ သမုတ်ခြင်း၊ဝေါဟာရနှင့်နေသူ (၂၁) အကုသလ၊အကုသိုလ်မြင် အကုသိုလ်ပြုနှင့်နေသူ။(၂၂) အဝိဇ္ဇာဂတိက၊ အဝိဇ္ဇာနှင့်နေသူ (၂၃) သံသာရသိသ နိမုဇ္ဇန၊ သံသရာထဲမှ ဥက္ကောင်းမပေါ်နိုင်သူ (၂၄) ဗန္ဓကာက၊ ကြိုးတန်းလန်းဖြင့် ဖွဲ့သောကျိုးကန်းနှင့်တူသူ (၂၅) မိစ္ဆာပဋိပဒါ၊ မှားသောအကျင့်နှင့်နေသူ (၂၆)ဝဋ္ဋပက္ခိယ၊ဝဋ် ၃-ပါးအတွင်းဒြကျ၍နေသူ(၂၇)ဝဋ္ဋသိသ၊ဝဋ် ၃-ပါး ဥက္ကောင်းကြီးဖြစ်၍နေသူများပါဘဲတဲ့။

## ဘွဲ့မှန်သမျှ ခေတ်တွေက၊ ပြုတ်ကျ–နိဗ္ဗာန်ပြည်။

ဧင်းဘွဲ့ကြီးများပြုတ်စေချင်ပါလျှင်၊ ခေတ်ဘရားကို ၅-မိနစ်၊ ၁၀-မိနစ်ခန့်မျှ တိုးတောင်းလှသော အချိန်လောက်နှင့် အတွေ့ရှာကြပါ၊ တွေ့လျှင်ဘွဲ့ကြီး (၂၇) ပါးပြုတ်၍၊ ချုပ်၍ နိဗ္ဗာန်အထိ ကောင်းမွန်လေးနက်သောဘွဲ့ထူးကြီးများကိုရရှိပါမည်။ ဥပမာ၊ ဗာလဘွဲ့ပြုတ်လျှင်ပဏ္ဍိတဘွဲ့ကိုရမည်။ (မကောင်းဘွဲ့ ၂၇+ကောင်းဘွဲ့ ၂၇)

ဘွဲ့တံဆိပ်ပြောင်းကြပါကုန်

## ဒုတိယပေးတဲ့ဘွဲ့တော်ကြီးများ

## ၄၁–(၆၅၅) ပဌမအနုသယ်ကြီး ၆-ပါး

ငါးဆွဲခံရသော ကုသိုလ်ကြီး ၃၅-ပါးသည် (အနုသယ် ၆-ပါး)နှင့် ကပ်ငြိ၍နေသမျှကာလပတ်လုံး သံသရာမှ မထွက်မြောက်နိုင်။ အနုသယ် ၆-ပါးလက်ာမှာ။—

ကံ, ကိ, ဝိပါ၊ သဒ္ဓါမရှိ၊ ဒုပ္ပညာနှင့်၊ မရှိဆန္ဒ၊ ဤခြောက်ဝ၊ မရ မဂ်ဖိုလ်တည်း။

(ကံ) ကမ္မန္တရာယ်၊ မာတုဃာတက ကံကြီး၊ ပိတုဃာတက ကံကြီး၊ အရဟန္တဃာတကကံကြီး၊ လောဟိတုပ္ပါဒကကံကြီး၊ သံဃဘေဒက ကံကြီးဆိုတဲ့ ကမ္မန္တရာယ်တပါး (ကိ) ကိလေသန္တရာယ်ဆိုတဲ့ ၆၂-ပါး သောဒိဋ္ဌိကြီးတပါး။ (ဝိပါ) ကျုံးကလား, ပင်းဆွံ့ခြင်းစသော ဝိပါက အန္တရာယ်တပါး၊သဒ္ဓါတရားမရှိခြင်းတပါး(ဒုပ္ပညာနှင့်)အသိပညာ၊အလိမ္မာ နဲပါးခြင်းတပါး (မရှိဆန္ဒ) အားထုတ်ချင်တဲ့ ဆန္ဒမရှိခြင်းတပါးအားဖြင့် အန္တရာယ်ကြီးခြောက်ပါးထဲက တခုခုငြိနေပါလျှင် မဂ်ဖိုလ်မရတော့ပါ။

## ၄၂-(၆၅၆) ၃၅+ ၅ ဒုတိယအန္တရာယ်ကြီး ၆-မျိုး

ငါးဆွဲခံရသော ကုသိုလ်ကြီး ၃၅-ပါးသည်။ (အန္တရာယ် ၆-ပါး) နှင့် ကပ်ငြိ၍ နေသမျှကာလပတ်လုံး သံသရာမှ မထွက်မြောက်နိုင်။

### အန္တရာယ် ၆-ပါးလင်္ကာ

အစဉ်မှောက်မှား၊ ငါးပါးကာမဂုဏ်၊ မလျှံဥပ၊ ဝိရိယလျော့၊ ရှယ်ပြော့အိမ်မင်း၊ ရောဂါညှဉ်းသည်၊ ခြောက်စင်းနေယျ၊ မကျွတ်တည်း။

(၁) အစဉ်မှောက်မှားဆိုတာ၊ အဇာတသတ်မင်းကဲ့သို့ရင်း၊ တိတ္ထိယ ဆရာကြီး ၆-ဦးနှင့် တပည့်များကဲ့သို့ရင်း၊အစဉ်ပင်မှောက်မှား၍နေသူများ၊ (၂) ငါးပါးကာမဂုဏ်, ဆိုတာ မဟာဓနသူဌေးသားကဲ့သို့ ရဟန္တာ ဖြစ်ထိုက်ပါလျက် ကာမဂုဏ်ငါးပါးကြောင့် မဂ်ဖိုလ်မရနိုင် (၃) မလျှံဥပ, ဆိုတာ၊အာဠာရ၊ရသေ့ကြီး၊ ဥဒကရသေ့ကြီး,ကာဠဒေဝိလရသေ့ကြီးတို့လို ဈာန်ရ,အဘိညာဉ်ရ၊ဝိဇ္ဇာရ၊သမာပတ်ရ၊ရှေးရှေးကမ္ဘာ ၄၀၊ နောက်နောင် ကမ္ဘာ ၄၀၊ မြင်နိုင်သောဉာဏ်ကြီးများရှိ၍နေပါလျက် ပရမတ်တရားကို ပြသဆုံးမနိုင်သော ဘုရားအင်္ဂါယာအစရှိသော သူတော်ကောင်းများထံ၌ မခိုလှုံ၊ မဆည်းကပ်ရခြင်း၊ (၄) ဝိရိယလျော့ဆိုတာ ဝိရိယလျော့၍ အရိမိတ္တေယျဘုရားကို ဖူးမြင်ရန်ငံ့လင့်၍နေသော အာဇာနည်ဝိဓုရကတ် ဆောင်ကြီးလည်း မဂ်ဖိုလ်မရနိုင်၊ (၅) ရှယ်ပြော့အိမ်မင်းဆိုတာ မခသိဝ မင်းကဲ့သို့ အရှယ်ပြော့၍အိမ်မင်းကာနေခြင်း မဂ်ဖိုလ်မရနိုင်၊ (၆) ရောဂါ

ညှဉ်းဆိုတာ ရောဂါပြင်းထန်သဖြင့် သမာဓိမျှမရဘဲ မင်္ဂဖိုလ်နှင့်ကွဲရတော့၏။ ဤအဥ္ဆရာယ် ၆–ပါးထဲက တပါးပါးငြိလျှင် မဂ်ဖိုလ်မရနိုင်။

## ၅၃–(၆၅၇) ပဋိစ္စသမုပ္ပါဒ်၊ ၃၅×၅ အမှားဇာတ်ကပြ

ငါးဆွဲခြင်းခံရသော ကုသိုလ်ကြီး ၃၅–ပါးသည်၊ပဋိစ္စသမုပ္ပါဒ်အတိုင်း၊ အမှားဇာတ်ကိုခင်းကျင်း ကပြ၍နေလျှင် မဂ်ဖိုလ်မရနိုင်။

လင်္ကာကား။

သစ္စာ ၄–ချက်၊ သဘောနက်ကို၊ ကွက်ကွက်မမိ၊ မသိပြုကြံ၊ ညွတ်ပေါက်ပြန်နှင့်၊ ခြောက်တန်ဇိမ်တွေ့၊ ခံမွေ့တပ်စွဲ၊ ထပ်ဆွဲ ဖြစ်ပေါ်၊ ရင့်ယော်သေပျောက်၊ စိုးနောက်ငိုပန်း၊ စိတ်နွမ်းပူပြင်း၊ ချမ်းသာကင်းသည်။ ။ကြောင်းရင်းမသိ မိုက်မဲတည်း။

မသိ၊ အဝိဇ္ဇာ၊ ပြု၊ သင်္ခါရ၊ ကြံ၊ ဝိညာဉ်။ ညွတ်ပေါက်ပြန်၊ နာမ်ရုပ်၊ ခြောက်တန်ဇိမ်၊ သဠာယတန၊ တွေ့၊ဖဿ၊ ခံမွေ့၊ ဝေဒနာ၊ တပ်စွဲ၊တဏှာ။ ထပ်ဆွဲ၊ဥပါဒါန်၊ ဖြစ်၊ဘဝ၊ပေါ်၊ဇာတိ၊ရင့်၊ယော်ဇရာ၊ သေပျောက်၊မရဏ၊ စိုးနောက်၊သောက။ ငို၊ပရိဒေဝ၊ ပန်း၊ဒုက္ခ၊ စိတ်နွမ်း၊ဒေါမနဿ၊ ပူပြင်း၊ ဥပါယာသ၊ ချမ်းသာကင်းသည်၊ ဒုက္ခက္ခန္ဓသာ၊ ကြောင်းရင်းမသိ၊ မိုက်မဲတည်း။ အဝိဇ္ဇာပစ္စယာ ဤတဆယ့်နှစ်ပါး၊ တဆယ့်ရှစ်ပါးထဲက တပါးပါး နှင့်ငြိကပ်၍နေပါလျှင် မဂ်ဖိုလ်မရနိုင်၊ကုသိုလ်ကြီး ၃၅–ပါး မကယ်နိုင်ပြီ။

## ၅၄–(၆၅၈) ၃၅+၅ အစထဲက လွဲမှားဆင့်ဆင့်

လင်္ကာ။ ။သူကဏ်းအဝိဇ္ဇာ၊ သင်္ခါလမ်းမှား၊ လဲသွားဝိညာဉ်၊ နာကျင်နမ်ရုပ်၊ ပြည့်ငုပ်သဠာ၊ ထိလာဖဿ၊ နာလှဝေဒနာ၊ တဏှာ ဆေးကု၊ဘေးပြုဥပါဒါန်၊ လိမ်းကျံဘဝ၊မှားထအစ၊ဖြစ်လာဇာတိ၊ နာဘိပေါက်ပြဲ၊အက်ကွဲဇရာမရဏ၊ဆယ့်နှစ်ဝသည်။ ။ပဋိစ္စစက် ဆင်းရဲတည်း။ ။၁၂-ပါးထဲက တပါးပါးငြိလျှင် မဂ်ဖိုလ်မရနိုင်။

## ၅၅–(၆၅၉) တိုးကြီးရှင်တိုးလိုနေသူတဲ့ ၃၅×၅

လက်ာ။ ။ဤဘက်။ ထိုမှာ။ လူလာ၊နတ်ကုတ်။ လယ်မြုပ်၊
၁ ၂ ၃ ၄ ၅
သောင် တင်။ ဝဲ တွင် နစ် စုပ်။ တွင်း ပုပ် နံ စော်။
၆ ၇ ၈

ဤရှစ်ပေါ်သည်။ ။ရှင်တော်ဟောမြွက် မိန့်ခွန်းတည်း။

(၁) ဤဘက်ဆိုတာက စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနဒွိ သောင်တင်နေသူတည်း။တိုးကြီးတမျိုးရပြီ(၂)ထိုမှာဆိုတာကတော့ ရူပါရုံ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ၌ငြိကပ်၍နေသူတည်း။ တိုးကြီး တခုပါဘဲ (၃) လူလာဆိုတာကတော့ လူများနှင့်ရောနှောဆက်ဆံ၍ အလုပ် များ၍နေသူတည်း။တိုးကြီးတခုပါဘဲ (၄) နတ်ကုတ်ဆိုတာကတော့ လူ့ စည်းစိမ်၊ နတ်စည်းစိမ်ဖြဟ္မာ့စည်းစိမ်၌ ၊သာယာ၍ ပတ္တနာဆုပြု၍နေသူ တည်း။တိုးကြီးတခုပါဘဲ။ (၅) လယ်မြုပ်ဆိုတာကတော့ နန္ဒီရာဂသဟဂ တနှင့် နေသူပါဘဲ။ဥပမာ၊မင်းကုသသည် ပဘာဝတီကြောင့် စွဲလမ်းမှုသားပြီး၊ အရမ်းသွားပြုလုပ်နေပုံမျိုးတည်း။ တိုးကြီးတခုပါဘဲ (၆) သောင်တင်၊ ဆိုတာကတော့ အရာရာကို စွဲလမ်း၍မာနကြီးနေသူတည်း။တိုးကြီး တခုပါ ဘဲ(၇) ဝဲတွင်နစ်စုပ်ဆိုတာကတော့၊ ကာမဂုဏ်ငါးပါးဝဲ၌၊ နစ်မြဲနစ်မြုပ်၍ နေသောသူတည်း။တိုးကြီးတခုပါဘဲ (၈) တွင်းပုပ်နံစော်၊ ဆိုတာကတော့ အလဇ္ဇီဖြစ်၊ ဒုဿီလဖြစ်၍ နေကြသူများပါဘဲ၊ တိုးကြီးတခုတည်း။ ဤတိုး ကြီး ၈စ်မျိုးသည် ဂင်္ဂါမြစ်မှမလွတ်မြောက်ပဲ၊ ဂင်္ဂါထဲ၌သာ ပျက်စီးနေရ သကဲ့သို့ ဤပုဂ္ဂိုလ် ၈စ်းဦးသည်လည်း ဒါန, သီလ, စသော ၃၅-မျိုး ကုသိုလ်များပြည့်ဖြိုး၍ နေသော်လည်း သံသရာထဲက မထွက်မြောက်ဘဲ သံသရာထဲ၌သာ (၃၁) ဘုံထဲ၌သာ စုန်ဆန်၍နေမည်။လယ်၍နေမည်။

## ၅၆-(၆၆၀) ၃၅×၅ ထွက်ပေါက်မမြင် ပုထုဇဉ်တဲ့

ဒါန၊သီလ၊သမထ၊စသော ကုသိုလ်ကြီး ၃၅–ပါးရှိ၍ နေသော်လည်း ဒါတွေရှိလျှင်၊——

(လင်္ကာ) ။ခရီးကရှေရှေ၊ လူတွေကရှူးနှမ်း၊လမ်းစာကနဲ့ပါး၊ ဘေးများ ကထူပြော၊ ရာဂေါကမီးတောက်၊ ထွက်ပေါက်မမြင် ပုထုဇဥ်တည်း။

(၁) ခရီးကရှေရှေဆိုတာ၊ ပညတ်ဒါန၊ပညတ်သီလစသော ၃၅-ပါးနှင့် ပြုပြုနေကြလို့ သဲလုံးအမျှ ဘုရားတွေကချွတ်လဲ မကျွတ်ဘဲ၊ ရှေရှေလာခဲ့သည်။ နောက်နောင်လဲ ရှေကြဦးမည် (၂) လူတွေက ရှူးနှမ်းဆိုတာ၊ လူနတ်ဗြဟ္မာ၊ သတ္တဝါတွေဟာ မသိခြင်းအဝိဇ္ဇာ၊ ရှူးမှားခြင်း ဒိဋ္ဌိနှင့် သံသရာအစက၊ စပြီးတော့ ယခုအထိ ရှူးတုန်းနှမ်းတုန်းပင် ဖြစ်ကြ၏။ (၃)လမ်းစာကနဲ့ပါးဆိုတာ၊ ပြုတဲ့ကုသိုလ်ကတနာရီ၊ အကုသိုလ်မီးလောင်၍နေတာက ၂၃-နာရီ၊ တရက်မှာ၌ပုံဖြစ်သဖြင့် လမ်းစာကနဲ့ပါး၍ နေကြတော့၏။ (၄)ဘေးများက ထူပြောဆိုတာ၊ သဘာဝဓမ္မမှန်ပြကျမ်း၏အစ၌ ပေါ်ပြထားခဲ့သော (က)ဘေးကြီးများ (ခ) ဘေးကြီးများ (ဂ) ဘေးကြီးများ (ဃ) ဘေးကြီးများစသော ဘေးကြီးတွေအနန္တတို့ ဝန်းပိုင်း၍နေကြသည်။ (၅)ရာဂေါကမီးတောက်ဆိုတာ။အာရုံခြောက်ပါးကြောင့် ရာဂမီး,လောဘမီး,တဏှာမီး,ဒေါသမီး,ဒေါမနဿမီး, ဥပါယာသမီး,အဝိဇ္ဇာမီး,မောဟမီး လောင်ခြင်းခံ၍သာ နေကြရသဖြင့် ထွက်မြောက်ဘို့လမ်း မမြင်တော့ပြီ။

## ၅၇-(၆၆၁) ၃၅×၅၊ စိတ်သာချ ဒိဋ္ဌအပါယ်သွားရန် ၆-ပါး

(လင်္ကာ) ရဟန်းဖြစ်လျက်၊ ကုန္ဒြေပျက်စီး၊ ဒေါသကြီး၍၊ ထန်းသည်း လောဘ၊ မောဟ၊ ကုသာ၊ အဘိဇ္ဈာ၊ စိတ်သာချတော့ အပါယ်တည်း။

(အရာရာ၌အစထဲ့၍သုံးစွဲရှုတ်ဆိုပါလေ၊ ထဲ့ရှုတ်ပုံနမူနာမှာ)

(ဒကာဖြစ်လျက်၊ကုန္ဒြေပျက်စီး၊ဒေါသကြီး၍၊ထန်သည်းလောဘ၊ မောဟကုသာ၊အဘိဇ္ဈာ၊ စိတ်သာချတော့ အပါယ်တည်း၊ )——ဟူ၍ လိုရာတိုင်းထဲ့၍ရှုတ်ကြပါကုန်။

ဘာဘဲဖြစ်ဖြစ်(၁) ကုန္ဒြေပျက်စီးခြင်း (၂) ဒေါသကြီးခြင်း(၃)လောဘထန်သည်းခြင်း (၄) မောဟကြီးခြင်း(၅)ကုသာ၊ မနာလိုခြင်း(၆)အဘိဇ္ဈာ။

သူခိုးကြီး၊ ဒါးပြကြီး၊ သူပုန်ကြီး၊ ကြံစည်ခြင်းများသည်၊ စိတ်သာချပေတော့၊ ဒွိဇ္ဇအပါယ်ကျမည့်လက္ခဏာနိမိတ်ပင်တည်း။မဂ်ဖိုလ်မရနိုင်။

## ၄၈-(၆၆၂) ၃၅+၅ ပညတ်နိုင်ငံ၊ မလွှနိဆန်၊နိဗ္ဗာန်မရမှတ်

သမ္မုတိပညတ် ချည့်ချောင်းလို၊ ဃနပညတ် သံချောင်းလို၊ သဏ္ဌာန ပညတ်ပုံစံတွေ၊သန္တတိပညတ် ဖြစ်ရေလို၊နာမပညတ်၊ အမည်များစသော ပညတ်တရား မကင်းသေးတဲ့ ရုပ်နာမ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တရှုသော်ငြား ပညတ်နယ်က ဒါနသီလသမထစသော၊ ကုသိုလ်ကြီး ၃၅-ပါးကို၊ ပြုလုပ် သော်ငြား၊ မဂ်ဖိုလ်နိဗ္ဗာန်မရနိုင် (ပညတ္တိံ ထပေတွာ) အမိန့်တော်ကြီးအ တိုင်း စည်းကမ်းနည်းလမ်းမကျသောကြောင့်တည်း။ ပရမတ်ရောက်မှ မဂ်ဖိုလ်ရနိုင်ပါသည်။

## ၄၉-(၆၆၃) ၃၅×၅ ပရမတ်နိုင်ငံ၊ အယူသန်၊လားရန်ဝိမိရပ်။

ကမ္ဘာတခုလုံးမှာ ရုပ်နာမ်ပရမတ်သာရှိတယ်။အမိလဲမရှိ၊မရှိ၍ဝတ်ပြု စရာမလို။ အဘလဲမရှိ၊ အဘမရှိလို့ အဘ၌ ဝတ်ပြုရန်မရှိ။ သတ္တဝါလဲ မရှိ၍ သတ်ထာဖြတ်ထာမရှိ၊ လွှန်တာကျူးတာမရှိ၊ ထင်သလိုနေနိုင်သည်။ အပါယ်ဘုံလဲမရှိ၊ကျရောက်ခြင်းလဲမရှိ၊ ရုပ်နာမ်သာရှိ၍ သတ်သော်ငြား၊ ခိုးသော်ငြား၊ ကာမေသုပြုသော်ငြား၊ လိမ်သော်ငြား၊ သေအရက် သောက် သော်ငြား၊ အကုသိုလ်မဖြစ်၊မရှိ၊ စသည်ဖြင့် ပရမတ်၌ အယူသန်၍ နေချေ သော်၊ သီလအကျင့်ပျက်စီး၍ငြား၊ သမာဓိအကျင့် ပျက်စီး၍ငြား၊ ပညာ အကျင့်လို၍နေသဖြင့်ငြား၊ပိဋကနှင့် စရဏ မပြည့်စုံ၍သော်ငြား မဂ်ဖိုလ်မရ၊ အဝီစိသာကျတော့မည်။

## ၅၀-(၆၆၄) ၃၅-၅ ငါးနိမိတ် တိရိစ်ဘုံစဉ်ခံ

(လက်ာ)။ ။ဘေးကိုမမြင်၊ ခေတ်လျှင်ချထား၊ စောင့်စားပါရမီ၊ ဒွိပတိတ်မည်နှင့်၊ တာလိဓိပတိတ်၊ ဤငါးရိပ်သည်။ ။တိရိစ် ဘုံစဉ် စံဘို့တည်း။

ဟူသော လယ်တီဆရာတော် လက်ာနှင့်အညီ (၁)လာခဲ့ရသောသံသာရ ဘေးကြီးတွေကိုငြား၊ ယခုကြုံကြိုက်နေရသော ပစ္စုပ္ပန်ဘေးရန်ကြီးတွေကို ငြား၊ နောင်အနာဂတ်ကာလ၌ကျွန်သွားများကဲ့သို့ ခိုင်းတိုင်းခံရမည့်ဘေးကြီး

များကိုငင်း၊ မသိမမြင် မဆင်ခြင်နိုင်ခြင်းက တပါးတည်း။ (၂) ယခုခေတ်ကား။ ခေတ်ဆိုးတည်း။ ဆုတ်ကပ်သာတည်း၊ ဝိပဿနာကျင့်လဲကျင့်ရုံဘဲ၊ ထူးမည်မဟုတ်ဟူ၍ ခေတ်ကိုသာရိုးမယ်ဘဲ့၍ နေကြခြင်းက တပါးတည်း (၃) စောင့်စားပါရမီ ဆိုတာကတော့၊ ငါတို့ဟာ ပါရမီနုလှပါသေးတယ်။ ပါရမီရင့်မှဖြစ်နိုင်တာမို့၊ မွေ့ဘာနဲ့နေပြီး ပါရမီရင့်အောင် စောင့်ရဦးမည်ဟု။ ဝိရိယလျှော့ထားခြင်းကတပါး (၄)ငါတို့ဟာ ဒွိဟိတ်တို့သာ ဖြစ်ကြကုန်၏။ တိဟိတ်မှကျင့်တိုင်းရတာပါဟူ၍ အလုပ်တာဝန်ကို ချထားခြင်းတပါး (၅) ငါတို့ဟာ သာမန်ပုဂ္ဂိုလ်တွေပါ၊ ဝိပဿနာကျင့်လို့ အရိယာဖြစ်တယ်ဆိုတာက ဝိသာခါတို့၊ မယ်ကာဠီတို့၊ အနာထပိဏ်တို့လို အဓိပတိကြီးတွေ၏ အရာဌာနပါဟု ကိုယ်နှင့်မတန်သလို ကိုယ့်အရာမဟုတ်သလို ကိုယ်နှင့်မဆိုင်သလို ထင်မှား၍ မကျင့်ဘဲ နေကြခြင်းက တပါး၊ ဤငါးပါးသည်၊ အဝိဇ္ဇာက ဖုံးလွှမ်းထားသဖြင့် ဒိဋ္ဌိကမှားနေရ၏။ တဏှာက ငါ့အယူမှမှန်တယ်ဟူ၍ စွဲကပ်နေပြန်၏။ မာနကလဲ ဒီအယူအဆထက် မှန်တာမရှိသေးဘူးဟူ၍ ကိုယ့်ဒိဋ္ဌိဖြင့် မာနတက်၍ နေပြန်သေး၏။ ဤငါးပါးထဲက တပါးပါးနဲ့ငြိနေလျှင်ပင် တိရစ္ဆာန်ဘုံသို့ စုံရတော့မည်။ ဂတိနိမိတ်ပြခြင်းတည်းဟူ၍ ဆိုလိုပါသည်။

ဘုရားရှင်ကြီးကိုကပင် ကျွတ်တို့မြင်လို့ သာသနာတော် (၅၀၀၀) ထားခဲ့တာ၊ ချွတ်တို့ရန်လည်း ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ဆေးတွေထားခဲ့တာ၊ ဘယ်ကခေတ်ကြီးဆိုးရမှာလဲ၊ လူသာဆိုးတာပါ၊ ခေတ်က မဆိုးပါ (ဘုရားအမြင်နှင့်သင်တို့အမြင်) ဆင်ခြင်ပြောဒန်း။ သဲလုံးအချဲ့သော ဘုရားကြီးတွေနှင့် ပါရမီဖြည့်၍လာခဲ့ဘာ၊ ဘယ်မှာပါရမီနုံရမှာလဲ ပါရမီနုံတယ်၊ နုတယ်လို့ ဘယ်ဘုရားက ဗျာဒိတ်ပေး၍ထားသလဲ၊ ကိုယ့်အထင်နှင့် ကိုယ်နုံတာ၊ ကိုယ်နုတာ မယုံကြည်နိုင်ဘူး၊ ပါရမီရင့်ကြသို့ သာသနာတော် ၅၀၀၀ ထားခဲ့ဘာပါဘဲ။ ယုံကြည်ကြပါ။ ဒွိဟိတ်ပုဂ္ဂိုလ်ပါဘဲလို့ သင့်ကိုငင်း၊ သူ့ဘပါးကိုငင်း ဘယ်ဘုရားက ဆုံးဖြတ်ခဲ့သလဲ၊ ကိုယ့်ဟာနဲ့ကိုယ်ပင် ဆုံးဖြတ်ထာမဟုတ်ပါလား၊ ဝိသာခါတို့ကတော့ အဓိပတိကြီးတွေတဲ့၊ ငါတို့သင်တို့ကလဲ အဓိပတိပေါ့၊ သာသနာတော် ၅၀၀၀-မှာ အဓိပတိမှီကြုံရတာပေါ့။ ဒုလ္လဘကြီးငါးပါးဟာ အဓိပတိမှ ရတာပါဘဲဗျာ၊ စဉ်းစားနိုင်ရန်၊ ဥပမာပြမည်။ ဖါးငယ်၊ နွားကြီး၊ ဗီးကွက် လင်းနို့ငါးရာ၊ နောက်လင်းနို့ငါးရာ စသောသတ္တဝါတွေဟာ ဟိတ် ၄-ပါး တွင် အညံ့ဆုံး၊ ဒုဂ္ဂတိအဟိတ် ဘုံသားတွေပင်ဖြစ်၏။ သူတို့အထက်က

သုဂတိအပါယ်တိတ်, ဗွိပဟိတ်, တိပဟိတ်ရှိသေး၏။ တာတောင်မှ ဖါးငယ်မှာ တရားနာနေရာ တရားတော်ရဲ့တန်းခိုးကြောင့် လှံထောက်ထာ မသိရ၊ ဇီဝိတ ကုန်၍ နတ်ဘုံလားရခြင်း၊ ပြန်ပြီးတရားနာရာ၊ သောတာပန် ဖြစ်ခြင်းကို ထောက်ထားပါလေ။ဒုဂ္ဂတိအပါယ်တိတ်က အားထုတ်လျှင် ၂-ဘဝ၊၃-ဘဝနှင့် မဂ်ဖိုလ်ရမယ်။ သုဂတိ အပါယ်တိတ်က အားထုတ်လျှင် ၂-ဘဝ၊ ၃-ဘဝနှင့် မဂ်ဖိုလ်ရမယ်၊ဒွိပဟိတ်က အားထုတ်လျှင် ၂-ဘဝ၊ ၃-ဘဝနှင့် မဂ်ဖိုလ် ရမယ်။ တိပဟိတ်က အားထုတ်လျှင် ယခုဘဝ၊နှစ်ဘဝ၊ ၃-ဘဝနှင့် မဂ်ဖိုလ် ရမည်။ ဘယ်မှာအရှုံးရှိသေးသလဲ။ အမြတ်ချည်းပါဘဲ။

ဒုဂ္ဂတိ၊ သုဂတိ၊ ဒွိပဟိတ်ဘဝက အားထုတ်လျှင် နောက်ဘဝ တိပဟိတ် ဖြစ်၍ ပြခဲ့ပြီးသော ဖါးငယ်နွားကြီးလင်းနို့ငါးရာ၊နောက်ငါးရာတို့လို မဂ်ရ မှာဘဲသူများစကားလောက်နှင့် ကိုယ့်ကိုအဖျင်းချ၍ မထားကြပါနှင့်။ ဘုရား ကို ယုံကြည်ပြီး ဘုရားထားခဲ့တဲ့ (သာသနာ၊ ၅၀၀၀) ဟာ ကျွတ်ဘို့ပါဘဲ၊ ဓမ္မကျွန္တာ ဂ၄၀၀၀ဟာလဲကျင့်ဘို့ပါဘဲ၊ဒုလ္လဘကြီးငါးပါးကြုံကြိုက်နေတာ ဟာလဲပါရမီရင့်လို့လား၊နုလို့လားဆိုတာတွေး၍လဲကြည့်ကြပါဦး၊ကျွတ်ရ မည့် လူက၊၄-သင်္ချေ၊ကုဋေ ဒ ၀- ဗိုလ်ခြေတသိန်းတောင်၊ ကျန်၍နေပါသေး တယ်။သင်္ချေ ၄-ခုဆိုတာ မြင်းမိုရ်တောင်ကြီးလောက်သဲတွေပုံ၊ ၄-ပုံစာမျှ သဲလုံးအမျှကျွတ်ဘို့ ရှိပါသေးတယ်။ သည်အထဲ ပါဝင်အောင်ကြိုးစား ကြပါ။

## ၅၁-(၆၆၅)-၃၅×၅ အမှားနှစ်ဆယ် သံသရာလယ်

(က) ရုပ်သည်ငါ၊ငါသည်ရုပ်၊ရုပ်၌ငါ၊ငါ၌ရုပ်၊ သက္ကာယဒိဋ္ဌိ ၄-ပါး
(ခ) ဝေဒနာသည်ငါ၊ ငါသည်ဝေဒနာ၊ ဝေဒနာ၌ငါ၊ငါ၌ဝေဒနာ ၎င်း
(ဂ) သညာသည်ငါ၊ငါသည်သညာ၊ သညာ၌ငါ၊ငါ၌သညာ ၎င်း
(ဃ) သင်္ခါရသည်ငါ၊ငါသည်သင်္ခါရ၊ သင်္ခါရ၌ငါ၊ ငါ၌သင်္ခါရ ၎င်း
(င) ဝိညာဉ်သည်ငါ၊ငါသည်ဝိညာဉ်၊ဝိညာဉ်၌ငါ ငါ၌ဝိညာဉ် ၎င်း

ဒါန သီလ သမထစသော ၃၅-သည်၊အမှားကို မစင်ကြယ်နိုင်သေးပါ။

## ၅၂-ဒါသီထ ၃၅+၅ မာရ်ဆယ်ပါးမှ မလွတ်နိုင်

ကာမဂုဏ်ငါး၊ မပျော်ပါးတည့်၊ ရေစားမွတ်ဆာ၊ တဏှာ ထန်သည်း၊ ငိုက်မျဉ်းအိပ်မွေ၊ ကြောက်၍လန့်ပြား၊ ထင်ယုံမှားနှင့်၊

ထောင်လွှားမာန်ပို၊ လာဘ်ကိုဝမ်းမြှောက်၊ ကိုယ်ကိုမြှောက်ဟူ၊
အထောက်ထောက်ထား၊မာရ်နတ်သား၏၊ဆယ်ပါးသေနာ၊ အောင်
မှသာလျှင်၊ ချမ်းသာပိုင်ငွေ၊ ရိုင်တည့် မြဲသည်။ ။ဆင်းရဲလက်စ
တုံးသတည်း။ (ဝိသုဒ္ဓါရုံလင်္ကာ)

ဒါန သီလ သမထစသော ၃၅–ပါးဖြင့် မာရ်ဆယ်ပါးမှ မလွတ်နိုင်။

## ၅၃–(ဖဖဖ) ၃၄+၅ ရန်သူ၏နယ်၌ ရန်ဖွယ်နှင့်နေရပုံ

| ရန်သူ၏နယ် | မိတ်ဆွေ၏နယ် |
|---|---|
| အကျိုးမလိုတဲ့ဆွေမျိုးရန်သူ | အကျိုးလိုတဲ့သူစိမ်းမိတ်ဆွေ |
| ကိုယ်မှအနာလဲရန်သူ | တောမှ၊သစ်မြစ်လဲမိတ်ဆွေ |
| ဒိဋ္ဌိတဏှာအဝိဇ္ဇာရန်သူ | အသုဘ၊ အနိစ္စတို့ မိတ်ဆွေ |

မလိုအကျိုး၊ ဆွေမျိုးမမည်၊ မကြည်မလင်၊ မကောင်းလျှင်မူ၊
ကိုယ်တွင်ဖြစ်ပွါး၊ သွေးနှင့်သားလည်း၊ကြီးမားစင်စစ်၊ရန်သူဖြစ်၏။
အမြစ်အဥ၊ထိုအစုကား၊ တခုသော်မျှ၊ ကိုယ်ကမပါ၊ တောကလာ
လျက်၊ချမ်းသာဆောင်တတ်၊ကျိုးရှိမြတ်၏။ (မဃဒေဝလင်္ကာ)

ဤလင်္ကာကိုထောက်၍လည်း (အဝိဇ္ဇာ၊ တဏှာ၊ မာန၊ဒိဋ္ဌိ၊ဝိစိ) ငါးဆွဲ၍
နေသောစရဏ၌ပါဝင်သော (ဒါန၊သီလ၊သမထ) စသော ၃၅-မျိုးသော
ကုသိုလ်များသည်၊ မီးဆယ့်တပါး၊ ဝဋ် ၃–ပါး၊မူလနှစ်ပါး၊အာစဝ် ၄-ပါး၊
အသွာလေးပါး၊ အခြင်းအရာနှစ်ဆယ်၊ အင်္ဂါဘဆယ့်နှစ်ပါး၊ ဒုက္ခကွန့်သာ
များဖြင့် မီးအလောင်ခံရ ဘီလူးနှိပ်စက်ခြင်းခံရသောကြောင့် အဖျားနှိပ်စက်
ခြင်းကိုခံရသောလူနာကြီးကဲ့သို့ရင်း၊နူနာစွဲကပ်၍နေသော သူဌေးဒိသာနကြီး
ကဲ့သို့ရင်း ချမ်းသာခွင့်မရရှာဘဲ။အမြဲတမ်းဒုက္ခရောက်၍သာနေရရှာလေ၏။
ဒါနသီလသမထစသော ၃၅–ပါးသောကုသိုလ်များ၌လဲ ငါးဆွဲခြင်းဖျားနာ
ငါးဆွဲခြင်းနူနာ၊ ကပ်ရောက်နေပါသဖြင့် ဝိပဿနာဆရာခေါ်၍ ဝိပဿနာ
ဆေးဖြင့်ကုသကြပါကုန်လော့-ဟူလို။

## ၅၄–(ဖဖ၇) ၃၅+၅ ပစ္စေနိယက်ငါးပါးမှကင်းသူ

သဗ္ဗါပြည့်တင်း၊ ရောဂါကင်း၊ ရှောင်ကွင်းဝိမောယား။
ဝိရိယပါ၊ ကြီးပညာ၊ ငါးပြာပစ္စေနာ။
ခုဘဝပင်၊ နိဗ္ဗာန်မြင်၊ လေးတင်မဂ်ဘိစွာ။

ဒါန၊သီလ၊သမထစသော ကုသိုလ် ၃၅-ပါးသည်။ (သဒ္ဓါ၊ အရောဂ၊ အမာယာဝီ၊ ဝီရိယ၊ ပညာ) ဟူကုန်သော ပဓာနိယင်္ဂငါးပါးတို့နှင့်မတွဲသေးလျှင် ယခုဘဝ၌ နိဗ္ဗာန်ကိုမမြင်နိုင်ပါ။လေးမဂ်လေးဖိုလ်ကိုမရနိုင်ပါ။ ဒါနသီလသမထစသော ကုသိုလ်ကြီး ၃၅-ပါးတို့သည်၊ ယင်းပဓာနိယင်္ဂငါးပါးတို့နှင့်တွဲမှသာ ပေါင်းမှသာလျှင် မဂ်ဖိုလ်လဲရ၊ နိဗ္ဗာန်ကိုလဲမြင်နိုင်မည်။(၁) သဒ္ဓါတရားနှင့်ပြည့်စုံခြင်း(၂)ရောဂါကင်းခြင်း (၃) အမာယာဝီ၊ မလှည့်ပတ်ခြင်း (၄) ဝီရိယကြီးမားခြင်း (၅) ပညာရှိခြင်း။ အဲဒါဟာ ပဓာနိယင်္ဂ၊အားထုတ်ခြင်း အင်္ဂါငါးပါးတည်း။

## ၅၅–(၆၆၀) ၃၅×၅ သောတာပတ္တိယင် ၄–ပါးမှုကင်းသူ

**သူတော်ဆည်းကပ်၊တရားမြတ်၊နာအခွင့်ဖန်ခါခါ။**
**နှလုံးသွင်း၊မှန်၊ကျင့်ပြင်းသန်၊လေးတန်မင်္ဂသောတာ။**

(၁) သပ္ပုရိသသံသေဝ၊ရုပ်နာမ်တွေ့သော သူတော်ကောင်းနှင့်ပေါင်းသင်းနေရခြင်း(၂)သဒ္ဓမ္မဿဝန၊ရုပ်နာမ်ခန္ဓာခတ်သစ္စာကိုကြားနာနေရခြင်း (၃)ယောနိသောမနသိကာရ၊ တရားကိုနှလုံးသွင်း၍နေရခြင်း (၄) ဓမ္မာနုဓမ္မပဋိပတ္တိ၊ ဝိပဿနာတရားကို ကျင့်ကြံ၍နေရခြင်းအားဖြင့် သောတာပတ္တိမင်္ဂကိုရရှိဘို့ရန် အင်္ဂါ ၄-ပါးတည်း။ ဒါန၊ သီလ၊ သမထစသော ကုသိုလ်ကြီး ၃၅-ပါးတို့သည်၊ ၎င်းသောတာပတ္တိယင်္ဂ၊ ၄-ပါးနှင့် မပေါင်းမသင်းလျှင် သောတာပတ္တိမင်္ဂကိုမရနိုင်၊ သောတာပတ္တိယင်္ဂ ၄-ပါးနှင့်ပေါင်းသင်းမှ သောတာပတ္တိမင်္ဂကိုရနိုင်လေသည်။

ရန်ကုန်မြို့၊ ဩဝါဒါစရိယဆရာတော်များခုံရုံးတော်က အတည်ပြုပြီး ဆုံးဖြတ်ပြီးဖြစ်သည်။ကျမ်းဂန်နှင့်လည်းကိုက်ညီပါသည်၊၎င်းဝိနိစ္ဆယကိုကြည့်လိုသော် အစိုးရထုတ်သာသနာ့ရောင်ခြည်။ အတွဲ (၃) အမှတ် (၁) နံပါတ် (၇၂) ၌ရှုကြည့်ကြပါကုန်လော့။

## ၅၆-(၆၆၉) ၃၅×၅ အန္ဓဗာလ ပုထုဇ္ဇနနှင့် မကင်းသူ

ဒါနသီလသမထစသော ကုသိုလ်ကြီး ၃၅-ပါးတို့သည်။ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိကြီးတို့၏ ရေသောက်မြစ်ဖြစ်သော သက္ကာယဒိဋ္ဌိမကွာသေးသောကြောင့် ၆၂-ပါးသောဒိဋ္ဌိဖြစ်ကြရန် မျိုးစေ့ရှိတုန်းမို့။ဒိဋ္ဌိ ၂-မျိုးစလုံးပင် ကုမ္ဘဂ္ဂခရီးမှားတည်း။ အန္ဓ၊ မိုက်ကန်းသော၊ ဗာလ၊ မိုက်မဲသော။ ပုထုဇ္ဇန၊ပုထုဇဉ်ဘဲတဲ့။

ကုမ္မဂ္ဂံနိ ဖြာပစ္စထာ ယထာမုဠ္ဌော အစေတနော (အန္ဓဗာလ ပုထုဇ္ဇနော) ဒွါသဋ္ဌိဒိဋ္ဌိဂတသင်္ခါတံ ကုမ္မဂ္ဂံ သေဝတိ။ ။
သမ္မောဝိနောဒနီအဋ္ဌကထာ။ နံ—၇၀၊ ကြောင်း ၂ ၃၊၅

ကုမ္မဂ္ဂနိ၊ လမ်းမှားကြီးဟူသည်ကား။ ဖြာပစ္စထာ၊ ပုဏ္ဏား။ ယထာမုဠ္ဌော၊ အကြောင်အခြင်းအရာဖြင့် တွေဝေထိုင်းမှိုင်းသော။ အစေတနော၊ စေတနာ မရှိသော။ အန္ဓဗာလပုထုဇ္ဇနော၊ ကဏ်းလဲကဏ်း၊ မိုက်လဲမိုက်သော ပုထုဇဉ်သည်။ ဒွါသဋ္ဌိဒိဋ္ဌိဂတသင်္ခါတံ၊ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိဖြစ်၍ ဖြစ်သော။ ကုမ္မဂ္ဂံ၊ လမ်းမှားကို။ သေဝတိ၊ မှီဝဲ၏။

ဤ၌ သက္ကာယဒိဋ္ဌိ ရေသောက်မြစ်ကြီးကြောင့် ၆၂-ပါးသောဒိဋ္ဌိဖြစ်ရပုံကို—

သတ္တသညံ ဂဟေတွာန၊ သဿတုစ္ဆေဒ ဒဿိနော၊
ဒွါသဋ္ဌိဒိဋ္ဌိ ဂဏှန္တိ၊ အညမညဝိရောဓိတာ။
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

သတ္တသညံ၊ သတ္တဝါဘဲဟူသောအမှတ်များကို။ ဂဟေတွာန၊ ယူမိ၍။ သဿတုစ္ဆေဒဒဿိနော၊ သတ္တဝါသည်မြဲ၏၊ သတ္တဝါသည် ပြတ်၏ဟု အမှားမြင်ကြကုန်သောပုထုဇဉ်တို့သည်။ အညမညဝိရောဓိတာ၊ အချင်းချင်း ဆန့်ကျင်ကုန်သည်ဖြစ်၍။ ဒွါသဋ္ဌိဒိဋ္ဌိ၊ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိကို။ ဂဏှန္တိ၊ ယူကြကုန်၏။

သက္ကာယဒိဋ္ဌိယာ သတိ ဣမာဒိဋ္ဌိယော ဥပ္ပဇ္ဇန္တိ၊ သက္ကာယဒိဋ္ဌိ ယာ အသတိ ဣမာဒိဋ္ဌိယော နဟောန္တိ။ ။သဠာယတနဝဂ္ဂ သံယုတ်အဋ္ဌကထာ။

သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိ(၂၀)သည်။ သတိ၊ ရှိခဲ့သော်။ ဣမာဒိဋ္ဌိယော၊ ဤ ၆၂-ပါးကုန်သော ဒိဋ္ဌိကြီးတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ရကုန်၏။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိ ၂၀-သည်။ အသတိ၊ ခေတ်တရားတွေ့၍ မရှိခဲ့သော်။ ဣမာဒိဋ္ဌိယော၊ ဤ ၆၂-ပါးကုန်သောဒိဋ္ဌိတို့သည်။ နဟောန္တိ၊ မဖြစ်ကုန်။ (ဒါ၊သီ၊ထ) ၃၅-ပါးဖြင့် ဒိဋ္ဌိမခွါနိုင်ပါ။

## ၅၇– ဓ၇၁) ၃၅+၅ အမှန်မမြင် အမှားမြင်မြင်သူ

ကတမာစ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ ယံခေါ ဘိက္ခဝေ ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ။ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါယဉာဏံ၊အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ ။မဟာဝဂ္ဂသံယုတ် ပါဠိတော်။ နံ ၇–ကြောင်း ၁၊ ဟံမှ

ဘိက္ခဝေ၊ ချစ်သားတို့။ သမ္မာဒိဋ္ဌိ၊ အမှန်ကိုမြင်ခြင်းသည်။ ကတမာစ' အဘယ်နည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ခေါ၊ စင်စစ်။ ဒုက္ခေ၊ တေဘူမက' ဝဋ်ဒုက္ခ၌။ ယံဉာဏံ၊ အကြင်သိသောဉာဏ်သည်ရှိ၏။ ဒုက္ခသမုဒယေ၊ ဒုက္ခဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာ၌။ ယံဉာဏံ၊ အကြင်သိသော ဉာဏ်သည်ရှိ၏။ ဒုက္ခနိရောဓေ၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်၌။ ယံဉာဏံ၊ အကြင်ဉာဏ်သည်ရှိ၏။ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောမဂ္ဂင်အကျင့်၌။ယံဉာဏံ၊ အကြင်ဉာဏ်သည်ရှိ၏။ အတ္ထိ၊ရှိ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤသစ္စာ ၄-ပါးကိုသိမြင်သော ဉာဏ်ကို။ သမ္မာဒိဋ္ဌိ၊ အမှန်မြင်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သစ္စာလေးပါးကိုသိသောဉာဏ်မှ သမ္မာဒိဋ္ဌိဟူ၍ ဤနေရာ၌ဆိုရကား။ ဒါနသီလသမထစသော ၃၅-ပါးသော ကုသိုလ်များသည် သစ္စာ ၄-ပါးကို မသိသေးရကား သမ္မာဒိဋ္ဌိမဖြစ်သေးဟူ၍ အနုတ္တသိဒ္ဓိနည်းဖြင့်သိရသည်။ အမှန်မြင်မရသေးပါ။အမှားမြင်သာတည်း။

## ၅၈–(ဓ၇၁) ၃၅+၅ မိစ္ဆာမဂ္ဂင်ရှစ်ပါးအဝင်

ကတမာစ ဘိက္ခဝေ မိစ္ဆာပဋိပဒါ။သေယျထိဒံ။ မိစ္ဆာဒိဋ္ဌိ မိစ္ဆာ သင်္ကပ္ပေါ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တော မိစ္ဆာအာဇီဝေါ မိစ္ဆာ ဝါယာမော မိစ္ဆာသတိ မိစ္ဆာသမာဓိ။ ။မဟာဝဂ္ဂသံယုတ် ပါဠိတော်၊ နံ ၁၃၊ကြောင်း ၉၊ ဟံမှ

မိစ္ဆာမဂ္ဂင်ရှစ်ပါး၌ ပါဝင်သူများကား ဒါန၊ သီလ၊ သမထစသော ၃၅ ပါးသော ကုသိုလ်ကြီးများကို ဆည်းပူးရှာဖွေပြုလုပ်၍နေပေမဲ့ သစ္စာ ၄-ပါး မမြင်သဖြင့် မိစ္ဆာဒိဋ္ဌိပင်တည်း။၎င်းမိစ္ဆာဒိဋ္ဌိက ဦးစီးသဖြင့်လည်း မိစ္ဆာ သင်္ကပ္ပ၊မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊မိစ္ဆာအာဇီဝ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ မိစ္ဆာသမာဓိမျှသာဖြစ်ရတော့သည်။

## ၅၉-(၆၇၂) ၃၅+၅ သန္တာန်ငြိငါးဆင့်မတက်နိုင်




ငါးဟာသိုင်လိမ္မာလျှင်ြိထင်တာများ ဘ၀် နယ် ဘယ်အဆင့်မှာလဲရှာပါ။

ဇ၀–(၆၇၃) ၃၅+၅ ဇွဲ့လို့ကျန် (၁၉) ဆင့် မဘက်နိုင်ကြမ့်

၁၉–နိဗ္ဗာန်ပြည်တက်ကြ၊
၁၈–ပစ္စဝေက္ခဏာဉာဏ်၊
၁၇–ဖိုလ်လေးတန်ဉာဏ်၊
၁၆–မဂ်လေးတန်ဉာဏ်၊
၁၅–ဂေါတြဘုဉာဏ် အရကျင့်၊
၁၄–အနုလောမဉာဏ်အရကျင့်၊
၁၃–သင်္ခါရုပေက္ခာဉာဏ်အရကျင့်၊
၁၂–ပဋိသင်္ခါဉာဏ် အရကျင့်၊
၁၁–မုစ္စိတုကမျတာဉာဏ်အရကျင့်၊
၁၀–နိဗ္ဗိန္ဒဉာဏ်အရကျင့်၊
၉–အာဒီနဝဉာဏ်အရကျင့်၊
၈–ဘယဉာဏ်အရကျင့်၊
၇–ဘင်ဉာဏ်အရကျင့်၊
၆–ဉဒယဗ္ဗယဉာဏ်အရကျင့်၊
၅–သမ္မသနဉာဏ်အရကျင့်
၄–ပစ္စယပရိဂ္ဂဟဉာဏ်အရကျင့်၊
၃–နာမရူပ ပရိစ္ဆေဒဉာဏ်အရကျင့်၊
၂–စိတ္တဝိသုဒ္ဓိအရကျင့်၊
၁–သီလဝိသုဒ္ဓိအရကျင့်။

ပုသုဇဉ်ကလျာဏ၊ ကုသိုလ်ကြီး ၃၅-ပါးနှင့် မှိုင်တွေ မနေကြနဲ့ ဘက်၊တက်၊တက်။

အနန္တ၊ဗာလ၊ပုထုဇ္ဇန၊ကယ်ဆယ်ခဏ်းကြီးပြီး၏။

(၆၇၄) (အသေဝနာစဗာလာနံ) မဟာမင်္ဂလာ၊ဒေသနာတော်အရ

(အကုသိုလ်ဗာလ၊ကိလေသာဗာလ၊လူမိုက်ဗာလ)များနှင့်မပေါင်းသင်း ရဘူးတဲ့။ဘုရားက ဤစာအုပ်တွင်။ပုဒ်မ (နံပါတ် ၁၅) ၌ ဒါန၊သီလ၊သမထ စသော (၃၅) မျိုး ရေးထားပါသည်။

ရင်းကို ဒါန သီလ သမထ စသော ၃၅-မျိုးသိထားကြရန်။
ဝိနှင့်တွဲ ဝိနှင့်တွဲ ဝိနှင့်တွဲ မဂ်ဖိုလ်နိဗ္ဗာန်ရ၊ဝိဝဋ္ဋအစစ်။

(ပဏ္ဍိတာနဥ္စသေဝနာ) အရ။ ပညာရှိနားနီး ပညာရှိတဲ့၊ မင်းနားနီး မင်းတဲ့။ ပေါရာဏ အမှတ်အသား။

အသေဝနာစဗာလာနံ၊ မဟာမင်္ဂလသုတ်တော်အရ။
မပေါင်းသင်းရမည့် ပုံစံ

| | | | | |
|---|---|---|---|---|
| ရင်းကို | ဒါန | သီလ | သမထ | စသော ၃၅-မျိုး။ |
| ဗ္ဗာဏှာမာဒိဝိတွဲ | ၅ | ၅ | ၅ | |
| ၁၅၀၀၊ကိလေသာတွဲ၊ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ဝိတွဲ။ဝဋ္ဋအစစ်။ |

ဤအောက်ပုံစံ၌ ဒါနတခုထဲမှာပင် ငါးဆွဲထားပုံ(အဝိဇ္ဇာ၊တဏှာ၊မာန၊ ဒိဋ္ဌိ၊ဝိဝိ)တွဲ၍နေပုံ။(၁၅၀၀) ကိလေသာနှင့် တွဲ၍မခွါမဖြုတ်ရသေးပုံ။တဖန် (က)အမှတ်ဘေးကြီးများ(ခ) အမှတ်ဘေးကြီးများ( ဂ)အမှတ်ဘေးကြီးများ (ဃ) အမှတ်ဘေးကြီးများ မခွါမဖြုတ်ရသောကြောင့် အဲဒီဒါနမျိုး၊အဲဒီသီလ မျိုး၊ အဲဒီသမထမျိုးဟာ(အသေဝနာစဗာလာနံ)ထဲကဘဲလား။....သို့တည်း မဟုတ် (ပဏ္ဍိတာနဥ္စ သေဝနာ) ထဲက ဘဲလားဆိုတာ ဗုဒ္ဓဘာသာမှန်လျှင် ဉာဏ်ရှိပြီးသားပညာရှိပြီးသားမို့၊ နားလည်ယုံကြည်ပြီးသားဖြစ်ကြပါမည်။

လက်တွေ့၊မျက်မြင်မှာဘယ်လောက်ပင် မျိုးကောင်းကောင်း၊ရိုးကောင်း ကောင်း တံငါနားနီး တံငါတဲ့၊မုဆိုးနားနီး မုဆိုးတဲ့ (ဒါန ၅-ဆွဲ)လူမိုက်နှင့် ပေါင်းလူမိုက်တဲ့။ (ဒါန ၅-ဆွဲ)ပုံစံ။ လူနာကိုဆေးကုရာ၌ လူနာ ကိုမသတ် ဘဲ၊ရောဂါကို ဆေးဖြင့်သတ်ရပါသည်။လူနာကား ဒါနသီလသမထပါဘဲ။ ရောဂါကား ငါးနှင့် ၁၅၀၀-ကိလေသာတို့ပါဘဲ။ ဆေးကား ဝိပဿနာပါ

ဘဲ။ ဆေးဆရာကား ဘုရားမြတ်စွာနှင့်တကွ ယခုပြသလျက်နေသော ဝိပဿနာဆရာကြီးများပါဘဲ။ (ဘယ်သူနဲ့မှမထိ၊မခိုက်ပါ) စာကြည့်သော ဗုဒ္ဓဘာသာများကသာ (ယောနိသောမနသိကာရ) စိတ်ထားဖြင့် ရှုစားရန်သာ တာဝန်ရှိပါသည်။ ထမင်းဗိုင်းကြီးပြင်၍ကျွေးရာ၌ ဆန္ဒရှိရာသာ နှိုက်၍စားဘို့ရန် တာဝန်ပါ။ ဘယ်လိုချက်ထားဘဲ၊ မနူးဘူး၊ မနပ်ဘူးဟူ၍ ထမင်းကျွေးသူ၏စေတနာပျက်ကွက်စေရန် မပြုသင့်ပါ။ ကြိုက်ရာစားဘို့သာ တာဝန်ရှိပါသည်။ (မနူးဘူး၊ မနပ်ဘူး၊ အချက်မကောင်းဘူး) ထင်လျှင် (ဗိတ်အကြိုက်ချက်၍ကျွေးကြပါလေ)

## (၆၇၅) ဘယ်သူ့ကိုမျှမထိမခိုက်သော ရေးသားချက် သဘာဝဓမ္မမှန်ပြကျမ်း အကျဉ်းချုပ်

(ဆေး)ကို (ဘေး) ဖြစ်အောင်မကြံစည်ကြရာ(ယောနိသောမနသိကာရ) အထူးထားကြပါ။ထိုသဘာဝဓမ္မမှန်ပြကျမ်း၌(က)တဘဝလျှင် အကုသိုလ်ပေါင်း(၂၁၇-၇၂၀၀၀၀၀)မျှဝင်၍ နှိပ်စက်ဘိစီးမည့်ဘေးရန်အန္တရာယ်များကို ကာကွယ်ဘို့ရန်ငှါ၊ (ခ) မောဟ၊အဟိရိကစသော (က) ဘေးကြီးတွေမှ လွတ်မြောက်ကြစေရန်ငှါ၊ (ဂ) ရာဂ၊ဒေါသစသော (ခ) ဘေးကြီးတွေမှ လွတ်မြောက်ကြစေရန်ငှါ၊ (ဃ) ဝိပ္ပလ္လာသ ၄၊ဗျသန ၅-စသော (ဂ) ဘေးကြီးတွေမှ လွတ်မြောက်ကြစေရန်ငှါ ၊(င) အာသဝ ၄၊ ဩဃ ၄-စသော (ဃ) ဘေးကြီးတွေမှ လွတ်ကျွတ်ကြစေရန်ငှါ၊ (စ) ငရဲကြီးရှစ်ထပ် ငရဲငယ်(၁၂၈)မှ အမြဲလွတ်ကြစေရန်ငှါ၊ (ဆ) ကုန်းနေ ကိုးကုဋေ ရေနေ ဆယ်ကုဋေ တိရစ္ဆာန်ဘုံမှ လွတ်ကြစေရန်ငှါ၊ (ဇ) ပြိတ္တာဘုံအစားစား၊ ဒုက္ခဘေးဆိုးကြီးများမှ လွတ်ကြစေရန်ငှါ၊ (ဈ) အသုရကာယ်နှင့် ဘီလူးစသောဘေးဆိုးကြီးများမှ ကျွတ်ကြစေရန်ငှါ။

ပြခဲ့ပြီးသော တကယ့်ဘေးဆိုးကြီး၊ တကယ့်ရန်ဆိုးကြီးတို့ကို တိုက်ဖျက်ကြရန်။ ဒါနလက်နက်၊ သီလလက်နက်၊ သမထလက်နက်၊ ဝိပဿနာလက်နက်တို့ကို ထုတ်ပြပြီး အစဉ်အတိုင်းထက်မြက်ပုံ၊ အားရှိပုံကိုသာ ရွေးပြခြင်းဖြစ်ပါသည်။

(၁) ဒါသီထဉ် အနုသယကပ်၍နေရာ၊ ဘယ်တရားနှင့် ကုစားမည်နည်း။
(၂) ဒါသီထဉ် အဝိဇ္ဇာကပ်၍နေရာ၊ ဘယ်တရားနှင့် ခွါထုတ်ရမည်နည်း။

(၃) ဒါသိထဲ၌ ဇိဋ္ဌိမရှိဘဲနေရာ၊ ဘယ်တရားနှင့် နှင်ထုတ်ရမည်နည်း။
(၄) ဒါသိထဲ၌ မာနကပ်ငြိနေရာ၊ ဘယ်တရားနှင့် မောင်းထုတ်ရမည်နည်း။
(၅) ဒါသိထဲ၌ ဝိစိကိစ္ဆာကပ်၍နေရာ၊ဘယ်တရားနှင့်ပြာချပြစ်ရမည်နည်း။

ဒါနကိုအားကိုးရမှာလား၊သီလကိုအားကိုးရမှာလား၊သမထကို အားကိုး ရမှာလား၊ ဝိပဿနာကိုပင်အားကိုးရမှာလား၊ အားကိုး၍ မိမိရောဂါကို မိမိပင်ကုစားကြပါဆိုတာကို အပြစ်ကင်းကင်း စေတနာရှင်းရှင်းနှင့် ရေးသားတဲ့ (သဘာဝဓမ္မမှန်ပြကျမ်းသာ) ဖြစ်ပါသည်။ ဘယ်ဂိုဏ်းဂဏ၊ ဘယ်ဝါဒကိုမျှမရည်ရွယ်ပါ။ ပြဿနာတွေမှ လူတိုင်းလွတ်မြောက် အောင်သာ ရည်ရွယ်ပါသည်။

## (၆၇၆) ကျမ်း၏နိဒါန်းကိုပြန်၍ကြည့်ပါဦး

သဘာဝဓမ္မမှန်ပြကျမ်း၏ နိဒါန်း၌ (သဘာဝဓမ္မမှန်ပြကျမ်း၏ မွေ့ စကြာဒေသနာနှင့် သိဒ္ဓိကြီး ၉-ပါး။ထက်ခွင်က မင်္ဂလာ် တရားတော်ကြီး ကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းသေချာ ဟောပြခဲ့ပေရာ။ ထိုဒေသနာ ဟောစဉ်မှ (ဒုက္ခသစ္စာ၏အချက်အလက်) အနာရောဂါ၊ ကိလေသာ အကုသိုလ်ပိုမိုစုပုံ၊ မေ့ရှုံမြင်းမိုရ်၊ တောင်ညီအသ၊ မကလေအောင်၊ မြားမြောင်စုဒ်၊ အပြစ်ဘေး မိုးတရှိတိုကို၊ (မဂ္ဂသစ္စာ၊ ဆေးမဟာဖြင့်) ကျေးကာကန်ကြောက်၊ပြန်မရောက်ရအောင်၊ရန်ညွှာက်ပြာချ၊ ရှာပနဖြင့်၊ ကွာကျစေကြောင်း၊နည်းလမ်းကောင်းကို) ဟူ၍၊နိဒါန်း၌ဖိတ်ထားပုံ၊ဆန္ဒရှိ ပုံ၊ စေတနာထားပုံကို ပြတ်သားစွာ ဖေါ်ပြရှိနေပါသဖြင့်။

ဒုက္ခသစ္စာကို နယ်ကုန်အောင်ပြရမည့် တာဝန်ရှိပါသည်၊
မဂ္ဂသစ္စာကို နယ်ကုန်အောင်ပြရမည့် တာဝန်ရှိပါသည်၊

ဒုက္ခသစ္စာမှလွတ်မြောက်အောင်(မဂ္ဂသစ္စာကို)ပွါးရမည်။ယင်းမဂ္ဂသစ္စာ ၌ (ဒါန၊ သီလ၊ သမထပါ၏လော မပါသလော) ရှိရာ၊ ဓမ္မတာ၊ ဒါန၊ သီလ၊ သမထကိုဆိုပါသည်။

### မဂ္ဂသစ္စာနယ်မှန်၌

| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ၊သင်္ကပ္ပ | ဝါစာ၊ ကမ္မ၊ အာဇီဝ | ဝါယာမ၊သတိ၊သမာဓိ |
| ၂-ပါးက | ၃-ပါးက | ၃-ပါးက |
| အဓိပညာသာသနာ | အဓိသီလသာသနာ | အဓိစိတ္တသာသနာ |

ဒုက္ခသစ္စာနယ်မှ လွတ်မြောက်စေနိုင်သော မဂ္ဂသစ္စာ၌ ဒါနမပါ၊ သီလမပါ၊သမထမပါ၊ တကယ့်သာသနာမှာ မဂ္ဂင် ၈-ပါး၌ပါရှိသော အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာကိုသာ ရေးရမည်။ ။မေ့တာဒါန၊ မေ့တာသီလ၊ မေ့တာသမထကို ဤမဂ္ဂသစ္စာကို ပြနေစဉ်၊ ဟော၍နေစဉ်၌ မလိုပါ။ (ကာလံ၊ ဒေသံ၊ အဿံ၊ ခနံ) ဟိုအရပ်၊ ဟိုဇာတ်၊ ဒီအရပ် ဒီဇာတ်သာလျှင် ဌာနာဌာန ကောသလ္လဉာဏ်ဖြင့်ရေးရ၊ဟောရမည်။ ။ဆိုလိုရင်းမှာ (မဂ္ဂသစ္စာခဏ်း၊ ဟောတုန်းစကားတွေမှို) အခြားတရားနှင့်မဆိုင်ပါ။ ။ ဥပမာ၊ရျာနိုင်ငါးဆင့်၌ အောက်ကိုအပြစ်မြင်မှ အထက်သို့တက်နိုင်သကဲ့သို့ ဖြစ်ပါသည်။ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာကဲ့သို့ သူ့နေရာနှင့်သူ ဟောရပါသည်။

## နိယတဂတိက လယ်တီဝိနိစ္ဆယ

### (၆၇၇)-ရှူဋ္ဌသောတာပန်များ

### တသံသရာလုံး အပါယ်တံခါးပိတ်ပုံများကို

ဒါန၊သီလ၊သမထ၊ဝိပဿနာ၊ ၎င်း ၄-မျိုး၏ အကျိုးပေးပုံ၊လဟု၊ ဂရုကိုချိန်ဆပါ။ ကာမ၊ ရူပ၊အရူပ၊ဝိပဿနာ ၎င်း ၄-မျိုး၏ အကျိုးပေးပုံ၊ လဟု ဂရုကိုချိန်ဆပါ။ (ဓမ္မဒီပနီကျမ်း) ၁၃၀-နံပါတ် ၂၅-ကြောင်း၌ တွေ့ရပုံကား။ (ဒါနမှုနှင့်စိတ်မချရပုံ) ဤသို့ယခုဘဝမှစ၍ ပြဆိုလိုက်သော လမ်းစဉ် စခန်းစဉ်အတိုင်း ဖြောင့်မတ်စွာသွားမှုမှာလည်း ဒါနကုသိုလ်မှုနှင့် စိတ်မချသာချေ၊ အားမကိုးသာချေ၊ (အားကိုး ရသော တရား) ရှင်ရဟန်းဖြစ်သူ တို့မှာ ပြဆိုခဲ့ပြီးသော စတုပါရိသုဒ္ဓိသီလ သပ္ပုရိသအင်္ဂါတို့နှင့် နိုင်လုံစွာ ပြည့်စုံပါမှ စိတ်ချ၊ လက်ချ၊ အားကိုးရချေသည်။ လူဖြစ်သူတို့မှာလည်း အာဇီဝဋ္ဌမကသီလ၊ သပ္ပုရိသအင်္ဂါတို့နှင့် နိုင်လုံစွာ ပြည့်စုံပါမှ စိတ်ချလက်ချ အားကိုးရချေမည်။ (ရှူဋ္ဌသောတာပန်) ထိုသို့နိုင်လုံကြ၍ ပြဆိုခဲ့ပြီးသော လမ်းစဉ် စခန်းစဉ်သို့ အစဉ်ဖြောင့်စွာ သွားပေလတ္တံ့သော သူတို့ကို ဤသာသနာ၌ ရှူဋ္ဌသောတာပန်ဆိုသည်။ (သောတာပန်ပင်) သောတာပန်သည် အပါယ်တံခါးပိတ်သကဲ့သို့ သူတို့လည်း ယခုဘဝမှစ၍ အပါယ်တံခါး ပိတ်ကြကုန်ပြီးဖြစ်၍ သောတာပန်လမ်းစခန်းသို့ ဆိုက်ရောက်သည့် အတွက်ကြောင့် သောတာပန် အစစ်မဟုတ်ကြသေးသော်လည်း (သောတာပန်ပင်) ဆိုရကုန်သည်။ ဤကား၊

လယ်တီ ဆရာတော်ကြီး ရေးသားအပ်သော ဓမ္မဒီပနီ၊ ၁၃၀-နံ၊ ၂၅ ကြောင်း၌ တွေ့ရပုံတည်း။

## (၆၇၈) သောတာပန်-၃-မျိုးနှင့် ဉာဏ်စဉ် ၁၆-ပါး

| | | |
|---|---|---|
| နာမရူပ၊ပစ္စယ ဉာဏ် ၂-ပါး | သံ၊ဥ၊ဘ်၊ဘ၊အာ၊နိ၊မု၊ပ၊သ်၊နု၊ဂေါ၊ ဉာဏ် ၁၁-ပါး | မဂ်ဖိုလ်ပစ္စဝေက် |
| ရုဋ္ဌသောတာပန် | မဇ္ဈိမသောတာပန် | မဟာသောတာပန် |

ဤပုံစံကိုကြည့်သော်နာမရူပပရိစ္ဆေဒဉာဏ်၊ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါး ကား၊ ရုဋ္ဌသောတာပန်တည်း× အလယ်၌ဉာဏ်စဉ် ၁၁–ပါးကားမဇ္ဈိမ သောတာပန်တည်း။ အဆုံးမဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ် ၃–ပါးကား၊ မဟာသောတာပန်တည်း။

(က) ဣမိနာပန ဉာဏေန သမ္ပန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော ရုဋ္ဌသောတာပန္နောနာမ။ ။ ဟူသော၊ အဋ္ဌကထာ ၃–ကျမ်းပါဠိဖြင့် သိရပါသည်။ ဤပါဠိအရ နာမရူပ ပရိစ္ဆေဒဉာဏ်။ ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးနှင့်ပြည့်စုံလျှ ရုဋ္ဌသောတာပန် ရုဋ္ဌမဂ်ဟူ၍ တိုက်ရိုက်ပြခဲ့ပုံတည်း။ ။တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော သောတာပန္နောနာမ။ ။ ဟူသော သုတ်မဟာဝါပါဠိတော်ဖြင့်မဂ်ဖိုလ်ပစ္စဝေက္ခဏာဉာဏ် ၃-ပါးကို မဟာသောတာပန်ဟု ခေါ်သည်။ အလယ်က တဆယ့်တဉာဏ်ကား၊ မိဂပဒဝလဉ္ဇနနည်းဖြင့် မဇ္ဈိမသောတာပန်ဟုခေါ်သည်။

## (၆၇၉) ပါဠိချင်း၊အနက်ချင်း၊ အဓိပ္ပါယ်ချင်းတိုက်ဆိုင်ကြည့်ပါ

| မဟာသောတာပန်အတွက် | ရုဋ္ဌသောတာပန်အတွက် |
|---|---|
| ၁–အဝိနိပါတဓမ္မော | ၁–လဒ္ဓဿာသော၊လဒ္ဓပတိဋ္ဌော၊ |
| ၂–နိယတော | ၂–နိယတဂတိကော၊ |
| ၃–သောတာပန္နောနာမ | ၃–ရုဋ္ဌသောတာပန္နောနာမ၊ |
| ၄–ယခုမဂ်ဖိုလ်ရ | ၄–ဒုတိယဘဝမဂ်ဖိုလ်ရ၊ |
| ၅–စတုဟာပါယေဟိ ဝိပ္ပမုတ္တော | ၅–သာဝိ ဝိပဿနာသမ္မာဒိဋ္ဌိ ပဋိသန္ဓိ နာကဆုတိ။ |
| ၆–နတေ ဘဝံ အဋ္ဌမ မာဒိယန္တိ၊ | ၆–သတ္တ ဘဝေ ဒေဝတိ။ |

တစ်ကိုတစ်ချင်း× ၂-ကို ၂-ချင်းစသည်ဖြင့် ကြည့်တော့ အနက်အဓိပ္ပါယ် တူညီလှ၏။ (၁) အဝိနိပါတဓမ္မော၊ ပျက်စီး၍ ကျခြင်းမရှိ၊ လဒ္ဓဿာသော၊ သက်သာယာကြီးရတော့၏။ လဒ္ဓပတိဋ္ဌော ထောက်ရာတည်ရာကြီးရရှိတော့၏။ မထူးသှ (၂) နိယတော၊ နိယတဂတိကော၊ ဂတိအလားမြဲရတော့၏။ မထူးလှ (၃) သောတာပန္နော နာမ၊ သောတာပန်မည်၏။ ဗုဒ္ဓသောဘာပန္နော နာမ၊ ဗုဒ္ဓသောတာပန်မည်၏။အငယ်အကြီးသာ (၄) ယခုမဂ်ဖိုလ်ရနှင့် ဒုတိယဘဝ မဂ်ဖိုလ်ရ(၅)အပါယ်တံခါးပိတ်ချင်းလဲ တူပြန်၏ (၆) ခုနစ်ဘဝထက် မလွန်ဘဲ ရဟန္တာ ဖြစ်ကြရချင်းတူပြန်၏။ သိန်းတရာစီရသော သူဌေးသား ၃-ဦးကဲ့သို့ ဂုဏ်မျှသာကွာ၍ ချမ်းသာနှင့် လိုရင်းအကျိုးရပုံမှာ တူမျှ၍နေပေ၏။

## (၆၈၀) လဟုကက် ဂရုကာံ ၄-တန်ဖြင့်ချိန်ကြည့်ရန်

(၁) ကာမကုသိုလ် ဒါန၊ သီလ၊ သမထ၊ (လဟုကကံ)

(၂) ရူပကုသိုလ် သမထ၊ဝိဇ္ဇာ၊အဘိညာဉ်၊သမာပတ်ငါးဈာန် (ဂရုကကံငယ်)

(၃) အရူပကုသိုလ် ထ၊ဝိဇ္ဇာ၊ဘိညာဉ်၊ သမာပတ်၊ ၄-ဈာန် (ဂရုကကံလတ်)

(၄) ဉာဏ်စဉ် ၁၆-ပါး၊ ဝိပဿနာ၊ (ဂရုကကံ အကြီးစား)

## ဒါ-သီ-ထ-လဟုကံသာဓကများ

အဲဒီပြခဲ့ပြီးသော လေးမျိုးထဲက (၁) ကာမကုသိုလ် ဒါန,သီလ,သမထ များကို ထေရအပဒါန် ပါဠိတော်၊ ထေရီအပဒါန် ပါဠိတော်၊ ထေရဂါထာ ပါဠိတော်၊ ထေရီဂါထာ ပါဠိတော် ၄-နှင့် ရင်းအဋ္ဌကထာ ၄-ကျမ်းပေါင်း (၈) ကျမ်းတို့၌ အချို့သော ဒါန၊သီလ၊သမထများအတွက် အကျိုးပေးပုံကို (ဒုဂ္ဂတိ နာဘိဇာနာမိ)အစရှိသဖြင့် အပါယ် တံခါးပိတ်အောင် အဆင့်ဆင့် မြှင့်တင်သွားကြောင်း၊ဝိဇ္ဇာအဘိညာဉ် သမာပတ် ဈာန်၊မဂ်ဖိုလ်နိဗ္ဗာန်အထိ (ဒါသီထဝိ) ၄-ဘက်စုံအောင် ဆက်နိုင်ကြောင်းဖြင့် ဗုဒ္ဓသောတာပန် အနေဖြင့် ထောင်ပေါင်းများစွာဟောထားပါသည်။ ဤကား ကာမကုသိုလ် ဒါန၊သီလ၊သမထ၊ ဗုဒ္ဓသောတာပန်၏ ပုံစံနမူနာတို့တည်း။

## ရူပကုသိုလ် ဇရာကံ၊အငယ်စားနိယတဂတိက

သမထ၊ ဝိပဿနာ၊အဘိညာဉ်၊ သမာပတ်၊ဈာန်ငါးပါး၊၎င်းတို့နှင့်စုတေလျှင် ရူပဗြဟ္မာ့ပြည် ရောက်ဘို့ရန် ဂတိမြဲတော့၏။ စိတ်ချ၊လက်ချ၊ အားကိုး ရတော့၏။

## အရူပကုသိုလ် ဇရာကံ၊အလတ်စား နိယတဂတိက

သမထ၊ ဝိပဿနာ၊ အဘိညာဉ်၊ သမာပတ်၊ ဈာန် ၄–ပါး၊ ၎င်းတို့နှင့် စုတေလျှင် အရူပဗြဟ္မာပြည်ရောက်ဘို့ရန် ဂတိမြဲတော့၏။စိတ်ချလက်ချ အားကိုးရတော့၏။

## ဝိပဿနာဉာဏ်စဉ် ၁၆–ပါး၊ ဇရာကံအကြီးစား နိယတဂတိက

နာမရူပ ပစ္စယ၊ သမ္မသ နှ၊ ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒ၊ မုစ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမ၊ ဂေါတြဘု၊ မဂ်ဖိုလ်၊ပစ္စဝေက္ခဏာ၊ ဉာဏ်စဉ် ၁၆–ပါး၊၎င်းတို့ကား အောက်အောက်က (၁–၂–၃)ကိုထောက်ဆလျှင် ပရမတ်မှိုဉာဏ်အရာမှ(ဗုဒ္ဓခမ္မာအစ်နှံ့ယျာ)မှ သာ၍၊လွန်၍၊ပိုမို၍၊ ဂတိမြဲရတော့၏။

## (ဖိဂ၁) ကျမ်းညွှန်ပြခက်း

နိယတဂတိက၊ ဂတိမြဲပုံ၊ အပါယ်တံခါးပိတ်ပုံကို (ကိုယ်တွေ့နိဗ္ဗာန် ရှာပုံကျမ်းမေးဖြေ)(၃၃) နံပါတ်၊ (၃ဂ) ကြောင်းရေ (၆)၌ ပြခဲ့လေပြီ။

ဉာဏစာဂီကျမ်းကြီး၊ ၁၂၃–နံကြောင်း (၁)၌။ သံသရာပြတ်နှင့်လယ် ပုံကို။ ပါဠိ ၁၉–ပုဒ် ဖြင့်ပြခဲ့လေပြီ။

ဉာဏစာဂီကျမ်းကြီး ၉–နံ၊၃–ကြောင်း၌။သံသရာရှည်ရတာသူကြောင့်ဘဲ၊ ပါဠိ ၃၇–ပုဒ်။

၎င်းကျမ်း ၂၁၀–နံ ၁၂–ကြောင်း၌။ အပါယ်တံခါးပိတ် မပိတ်၊ ပါဠိ ၁၃–ပုဒ်

၎င်းကျမ်း ၂၁၅–နံ ၄–ကြောင်း၌။ အပါယ်တံခါးပိတ်၊ ပါဠိစု ၆၂–ပုဒ်

ဎင်းကျမ်း ၁၆၄-နံ ၈-ကြောင်း၌။ နိယတဂတိက ရုဋ္ဌသောတာပန်
၆၄-ပုဒ်

ဎင်းကျမ်း ၄၆၅၊ နံ ၂၂-ကြောင်း၌။ ရုဋ္ဌ၊ မဇ္ဈိမ၊မဟာ သောတာပန် အခွဲဖြင့် ပြခဲ့လေပြီ။

(၆၀၂) လက်ငါးချောင်း အတိတ်၊နိမိတ်နှင့်
မွေးဖွားလာခဲ့ရတာဟာဘာလဲ

ရုပ်၊ နာမ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။၎င်းငါးပါးရလျှင် ရုဋ္ဌသောတာပန်၊ မဇ္ဈိမ သောတာပန်ဖြစ်၍နိယတဂတိက၊ဘဝအလားမြဲရပါပြီ။ရအောင်ကြိုးစားပါ။

ရုပ်နာမ်ဆိုသဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါး ကို သိထားပါလေ။ အနိစ္စ, ဒုက္ခ, အနတ္တဆိုသဖြင့် ဝိပဿနာဉာဏ်စဉ် ၁၀-ပါးဟူ၍ သိထားကြပါ။

**နာမရူပ ပရိစ္ဆေဒဉာဏ် လက်တွေ့ရှာပုံကား**

ခန္ဓာကိုယ်တွင် ငယ်ထိပ်၌ဖြစ်စေ၊နှာသီးဖျား၌ဖြစ်စေ၊ရင်ချိုင့်၌ဖြစ်စေ၊ သတိထားရှုတော့ သမာဓိရလာလေသည်။သမာဓိရတော့ ပူပေါ်၊ဖေပေါ်၊ ယားပေါ်၊ တောင့်ပေါ်စသည်ဖြင့် ခန္ဓာထဲမှ ခတ်များပေါ်နေပါသည်။ စိတ်ကလဲသိ၍သိ၍နေပါသည်။ ပူပေါ်၊ဖေပေါ်စသည်တို့က ရုပ်တရားဘဲ၊ သိတာကနာမ်တရားဘဲဟူ၍ ၎င်းသို့ ရုပ်နာမ်ကွဲ၍ တွေ့ရပါသည်။ သိရပါ သည်။ ဆဲဒါနာမရူပ ပရိစ္ဆေဒဉာဏ်ပါဘဲ။

**ပစ္စယပရိဂ္ဂဟဉာဏ် လက်တွေ့ရှာပုံကား**

ပူပေါ်လို့သိဘယ်။ပူပေါ်ကား အကြောင်းပစ္စယတည်း။သိကား အကျိုး ပစ္စယုပ္ပန်တည်း။ ဖေပေါ်ကား အကြောင်းပဋိစ္စတည်း။ သိကား အကျိုး သမုပါဒ်တည်း ဟူ၍ အကြောင်းနှင့်အကျိုးကို တွေ့ရပါသည်။ ၎င်း အကြောင်း အကျိုး ကိုယ်တွေ့ သိရသောဉာဏ်ကား။ ပစ္စယပရိဂ္ဂဟဉာဏ် တည်း၊ ပဋိစ္စသမုပ္ပါဒ်ဉာဏ်တည်း။ ၎င်းဉာဏ် ၂-ပါးကိုရလျှင်—

နာမရူပ၊ပစ္စယနှစ်ဖြာ။
ကိုယ်မှာတွေ့ငြား၊တရားရွှေဗျာ။
သံသာဝဋ်မှ၊လွတ်ရမြန်စွာ။
သဘောကျ—သောတရုဋ္ဌသာ။

နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟာဉာဏ် ၂-ပါးကို ကိုယ်တွေ့ရရှိနေပါလျှင် ဘုရားရှင်ကြီး၏မျှာဒိတ်တော်မှာ သံသရာဝဋ်မှလွတ်ရပြီ၊ ကျွတ်ရပြီ၊မြန်မြန်တက်ရပြီ။ သဘောကျဖြစ်သော စူဠသောတာပန်ဖြစ်သွားပါပြီတဲ့။

## ဝိပဿနာဉာဏ်တွေ့ဆယ်တန်

ပူတာအေးတာ၊ ရှတာမွတာ၊ ကြွက်သီးထတာ၊ ဖြန်းဖြန်း၊ ရိပ်ရိပ်၊ ဖြိုးဖြိုး ဖျဉ်းဖျဉ်းနှင့်၊ ခန္ဓာဉ်တွေ့ရတော့ ခေါင်းကိုယ်တွေပျောက်ပြီး၊ မမြဲတဲ့၊ အနိစ္စတွေဘဲဟု သိရတွေ့ရသည်။ ၎င်းဖြန်းဖြန်းတွေဟာ သေနေတာဘဲ၊ ပျက်နေတာဘဲဟူ၍ သာယာဘွယ်မရှိ၊ နှစ်သက်ဖွယ်မရှိ၊ စုံမက်ဖွယ်မရှိ၊ အားကိုးအားထားစရာမရှိ၊ ဒုက္ခကိုတွေ့ရပါသည်။ ၎င်းဖြန်းဖြန်းတွေဟာ တားမရ၊ ဆီးမရ၊ ယူမရ၊ ကိုင်မရ၊ အနတ္တကိုတွေ့ရပါသည်။ ထိုအခါ ဝိပဿနာဉာဏ်စဉ် ၁၁-ပါးတက်၍ မဇ္ဈိမသောတာပန်ဖြစ်ရပါသည်။

အနိစ္စ,ဒုက္ခ၊ အနတ္တ လက္ခဏာ။
နိဗ္ဗာန်ပို့ကြား၊ရထားယာဉ်သာ။
သောတာ,မဇ္ဈ၊ ခေါ်ကြကမ္ဘာ။
ဝရှိ၃-နိစ္စဝိနိုင်ပါ။

အနိစ္စ, ဒုက္ခ, အနတ္တဆိုတာ နိဗ္ဗာန်ပို့တဲ့ ယာဉ်ရထား၊ လေယာဉ်ပျံ အစစ်သာကည်း။ အဲဒါကိုတွေ့လျှင် မဇ္ဈိမသောတာပန်နယ်သို့ရောက်ရှိပါပြီ။ ဝ,ရှိသဖြင့် နိစ္စဝိနိုင်ပါပြီ။ ပါဠိကား ဣမိနာပန ဉာဏေန တပုဒ်။ နိဗ္ဗာနပူရံ ပါပေသိ၊ တပုဒ်ထဲဟောပါ။

| | | | |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | |

(၆၇၃) ပုံစံ၌၊ ကမ္ဘာဟောင်းပျက်လိုသော်နေ ၇-စင်းထွက်ရသည်၊ နေ ၇-စင်းထွက်မှ ကမ္ဘာဟောင်းပျက်၍ ကမ္ဘာသစ်ကြီးတည်ရမြန်သည်။ ဤဥပမာကဲ့သို့ပင် ပုထုဇဉ် ကမ္ဘာဟောင်းပျောက်လိုသော်၊ နေ ၇-စင်းနှင့်တူသော ဉာဏ် ၇-မျိုးပေါ်ရလေသည်။ (၁) ကားပထဝီဓာတ်ကိုတွေ့သောဉာဏ် (၂) ကား အာပေါဉာဏ် (၃) တေဇောဉာဏ် (၄) ဝါယောဉာဏ်ကည်း။ ဣမိနာပန ဉာဏေန သမ္ဗုဒ္ဓဂဗော ပါဠိအရ စူဠသောတာပန်ဖြင်ပြီ။ စတုန္နံ [illegible] ပါဠိအရ၊ အပါယ်တံခါး ပိတ်သွားပြီ။

အောက်တန်း၌ (၅) ကား အနိစ္စဝိဇ္ဇာဉာဏ် (၆) ဒုက္ခဝိဇ္ဇာဉာဏ် (၇) ကား အနတ္တဝိဇ္ဇာဉာဏ်တည်း (၅-၆-၇) အတွက်ပါဠိကား နိဗ္ဗာနပုရံ ပါပေယသိ၊ ယာနတ္တယေန သောဇိနော့တည်း။ ဤ၌ အနိစ္စစကြာယာဉ်၊ ဒုက္ခစကြာယာဉ်၊ အနတ္တစကြာယာဉ် ၃-ပါးဖြင့် နိဗ္ဗာန်သို့ပို့နိုင်ပါသည်။ မဂ္ဂိမသောတာပန်တည်း။

ဝိပဿနာလမ်း၊ လုပ်ငန်းဆိုတာ။
ရုပ်စုနာမ်စု၊ ကြည့်ရှုသေချာ။
ဉာဏ်စဉ်လျှောက်၍၊ ပြီးမြောက်လေတာ။
နိဗ္ဗာန်နန်း-စံမြန်းမခက်ပါ။

| | | | |
|---|---|---|---|
| ၁ | ၂ | ၃ | |
| ၄ | ၅ | ၆ | ၇ |

(၆၀၄) ဤပုံစံကား နေ ၇-စင်းထွက်တော့ ကမ္ဘာကြီး ပျက်ရတာလို၊ အသိ ၇-မျိုးအတွေ့ ၇-မျိုးရောက်တော့ ပုထုဇဉ်ကမ္ဘာပျက်၍အရိယာ ကမ္ဘာသစ်ကြီးဖြစ်ရပါသည်။ အထက်တန်းကား၊ ဘုရား၊ တရား၊ သံဃာ၊ ဆိုတဲ့ ရတနာ ၃-ပါးတည်း ။ဝေနေယျတို့အား အမှန်ကိုပြပေးသော ကျေးဇူးရှင်တို့သာတည်း။

အောက်တန်းကား ခန္ဓာကိုယ်မှ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ခဲတ်ကြီး ၄-ပါးတည်း။ဒါကို ရတနာ ၃-ပါးကပြ၍ ဝေနေယျတို့ သိရ၊တူးရ၊ခံစားရလေသည်။ သားတော်ရာဟုလာအား၊ရွှေအိုးကြီး ၄-လုံး ကိုမပေးဘဲနှင့် ခဲတ်ကြီးလေးပါးကိုပေးတယ်မဟုတ်လား။ ရွှေအိုးကြီး လေးလုံးက တဘဝစာ၊တနပ်စာပါဘဲ။ ခဲတ်ကြီး ၄-ပါးက သံသရာ ကလျှောက်လုံး(၆၇)ဆင့်ရသွားဘို့ အပါယ်တံခါးပိတ်ဘို့၊ ဆင်းရဲသံသရာ ပြတ်ဘို့၊ဘုံစဉ်စံရဘို့၊သိဋ္ဌိကြီးကိုးတန်ရဘို့ ဘုရားကိုယ်တော်တိုင်ပေးခဲ့တာ ပါ။ ဘုရားနှင့်တွေ့ပေမဲ့ ဆိုတဲ့ လေးဆစ်ချိုးနှင့် အကျယ်ချဲ့၍ ဟောပြကြပါ ကုန်။

## (၆၈၅) ဝိသုဒ္ဓိ ၇–ပါးဋီကာ

### (က) ပုံစံ။ ။ဝိသုဒ္ဓိ ၇–ပါးနှင့် လမ်း ၃–သွယ်

| သီလဝိသုဒ္ဓိ လူနှင့်နတ် | စိတ္တဝိသုဒ္ဓိ ဗြဟ္မာ ၂၀ | ဒိ ကင် မ ပ ဉာ မဂ် ဖိုလ်နိဗ္ဗာန်ရောက် |
|---|---|---|
| ၃၁–ဘုံသို့ရောက်စေသောတရား | | မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်စေသောတရား |

### (ခ) ပုံစံ ဝိသုဒ္ဓိ ၇–ပါး၊မင်းသားထီးနန်းရပုံ

သီလ စိတ္တ ဒိဋ္ဌိ ကင်္ခါ မဂ္ဂါ ပဋိ ဉာဏ ၁-၂-၃-၄-ထွက်စဉ်
မင်းသား ၁၈-ပညာ မှူးတဲ့ ပြည်တဲ့ စစ်သူကြီးတဲ့ အဝိဇ္ဇာ၊၁၄၃လွတ်စဉ်
ရုပ်နာမ် ကံစိဥပဟာ ညတ်မတ် ဋ္ဌက္ခတ္တ သဉ္ဉာ၄-ပါး ကိုးကွယ် ၂-၂ပယ်စဉ်

### (ဂ) ပုံစံ မယ်တော်ခမည်းတော်အကျင့်နှင့် အလောင်းတော်အကျင့်လိုတာဖြည့်ပုံ

| သီလဝိသုဒ္ဓိ | စိတ္တဝိသုဒ္ဓိ | ဒိ | ကင် | မ | ပ | ဉာ |
|---|---|---|---|---|---|---|
| လူနတ်ရောက် | ဗြဟ္မာ ၂၀–ရောက် | | | | | |
| မယ်ခမည်း | မယ်ခမည်း | × | × | × | × | × |
| လောင်း | လောင်း | လောင်း | လောင်း | လောင်း | လောင်း | လောင်း |

### (ဃ) ပုံစံ ဝိသုဒ္ဓိ ၇-ပါးဖြင့် ကိလေသာ ၃-မျိုး ပဟာန် ၃ ပါးပယ်သတ်ပုံ

| သီလဝိသုဒ္ဓိ | စိတ္တဝိသုဒ္ဓိ | ဒိ ကင် မ ပ ဉာ |
|---|---|---|
| ဝီတိက္ကမကိလေသာကို | ပရိယုဋ္ဌာနကိလေသာကို | အနုသယကိလေသာကို |
| တဒင်္ဂပဟာန်ဖြင့်သတ်ပုံ | ဝိက္ခမ္ဘနပဟာန်ဖြင့်သတ်ပုံ | သမုစ္ဆေဒပဟာန်ဖြင့်သတ်ပုံ |

ပုဗ္ဗဘာဂေ တဒင်္ဂဝသေန (သမထဝိပဿနာက္ခဏေ ဝိက္ခမ္ဘနဝသေန) မဂ္ဂက္ခဏေ သမုစ္ဆေဒဝသေန ဖလက္ခဏေ ပဋိပဿဒ္ဓိဝသေန ရူပသမင်္ဂီတော။ ။ဥဒေတိအဋ္ဌကထာ။ နံပါတ် ဂ၊ ကြောင်းရေ ၂၆-ဖံမှ၌ ပါရှိပုံတည်း။

## (င) ပုံစံ ဝိသုဒ္ဓိ ၇-ပါး၊ နှင့် သာသနာ ၃-ရပ်

သီလ  စိတ္တ  ဒိ  ကံ  မ  ပ  ဉာ

အဓိသီလသာသနာ  အဓိစိတ္တသာသနာ  အဓိပညာသာသနာ

## ဝိသုဒ္ဓိ ၇ ပါးနှင့် ဉာဏ်စဉ် ၁၆-ပါး

(စ) သီ  စိ  ဒိ  ကံ  မ  ပ  ဉာ

နာမရူပ  ပစ္စယ  ပမတ်  ၁၁  မဖပ

## ဝိသုဒ္ဓိ ၇-ပါးနှင့် မဂ် ၃-မျိုး

(ဆ) သီ  စိ  ဒိ  ကံ  မ  ပ  ဉာ

မဂ်  မဂ်  မဂ်  မဂ်  မ

ရုဒ္ဒမဂ်  မဇ္ဈိမဂ်  မဟာမဂ်

## ဉာဏ်စဉ် ၁၆-ပါးနှင့် မဂ်ငယ်၊ မဂ်လတ်၊ မဂ်ကြီး

(ဇ) နာ-ပ  သံ-ဥ-ဘံ-ဘ-အာ၊ နိ-မု ပ-သံ၊ နု၊ ဂေါ  မ ဖ ပ

မဂ် မ  မ မ မ မ  မ  မ မ မ မ မ မ  ဖ × ×

မဂ်ငယ်  မဂ်လတ်  မဂ်ကြီး

## (၆၀၆) ပါဠိတချက်အနက်ဆယ်ထွေ။
## ပါဠိတချက်အနက်အသင်္ချေ။

အချို့သောသူနှင့် စာမတတ် ပေမတတ် ဗဟုသုတ မပြည့်စုံသော အပ္ပသုတ ပုဂ္ဂိုလ်များကမူ။ ပါဠိတပုဒ်ကို အနက်ပြန်ဆိုရာ၌၊ မမြင်ဘူး မြင်ဘူးသည်ထက်ပိုလျှင် ထူးလျှင်၊ မှားပြီ၊လွဲပြီ၊ (ဓမ္မအနာဒရိယ၊ ပါစိတ် အာပတ်သင့်ပြီ၊ အလဇ္ဇီဖြစ်ပြီဟု) ထင်မြင်ယူဆလျက် အပြစ်ကို စုဆောင်း တတ်ကြကုန်၏။ ပါဠိတချက် အနက်များစွာပေးပုံကို၊ ဆန်းကျမ်းများစွာ သင်ဘူး၊ မှတ်ဘူး နားလည်ဘူးက သိရှိတော့သည်။ အဘိဓာန်၊ အနေကတ္ထဝဂ်၊ အဗျယဝဂ်၌ကြည့်က မိမိရရ၊ တိတိကျကျစိစိငှငှ၊ ပြည့်ပြည့် ဝဝ၊ သိရှိကြမည်။ သဂြိုဟ်နိသျ၊ ဗားကရာမူပဏာမဂါထာ အနက်ကိုငှင်း၊ သဂြိုဟ် နိသျ၊ ဦးရွှေသိး မူကျယ်ကိုငှင်း ကြည့်မိက သိကြရလတ္တံ့။ (အပြစ်တင်၊ အရင်မလိုကြရာ) (အကုသိုလ်မရှာမိကြစေရာ)

**ကမ္ဘာကျော်၊ နိုင်ငံကျော်၊ တကယ့်မဟာပဏ္ဍိတကြီးတို့ရေးသွားပုံ**

(က)တကယ့်ကိုကျော်ကြားထင်ပေါ်တော်မူသောမာန်လည်ဆရာတော် ဘုရားကြီးသည် ဓာတ်အဋ္ဌကထာထဲက၊ (မဃဒေဝဓာတ်ပါဠိနှစ်မျက်နှာ) ခန့်မျှ ကိုပင် စာမျက်နှာပေါင်း (၄၀၄) ပို့စကတ်ဆိုက်ကြီးဖြစ်အောင် ချဲ့ထွင်၍ စုံစုံလင်လင် မဃဒေဝလင်္ကာကိုရေးပြလျက် နမူနာ ပြခဲ့ပါ သည်။(ခ)နိုင်ငံကျော်ကြားတော်မူသော အရှင်မဟာသီလဝံသမထေရ်မြတ် သည်၊ဂါထာ (၁၃၀) မျှကို ချဲ့ထွင်၍မျက်နှာ (၂၆၉) ရှိသော ပါရမီခန်း ပျို့ကြီးဖြစ်အောင်ရေးခဲ့ပါသည်။ (ဂ) ၎င်းမဟာထေရ်ပင် ဂါထာ ၅၅-ကို မျက်နှာ (၁၆၀) ရှိအောင်ချဲ့ထွင်၍ ဆုတောင်းခန်း ပျို့ကြီး ရေး၍၊ နမူနာ ပြခဲ့ပါသည်၊ (ဃ) သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကြီး ကိုယ်တော်တိုင်ပင်လျှင် (ရုပ်နာမ်) ၂-ပါးမျှကို အကျယ်ချဲ့၍ ဝိနည်းပိဋကတ်၊ သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ်ဟူ၍ပိဋကတ်သုံးပုံဖြစ်အောင်နိကာယ်ငါးဖြာဖြစ်အောင် အင်္ဂါ ၉-တန်ဖြစ်အောင်၊ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ဖြစ်အောင် ချဲ့ထွင် ဟောပြခဲ့ပါသည်။ အဲဒါတွေဟာ နမူနာယူကြရန်ပင်ဖြစ်ပါသည်။ အရှင် မဟာဗုဒ္ဓဃောသသည်၊ တဂါထာထဲကိုပင် ဝိသုဒ္ဓိမဂ်ကျမ်းကြီး ပဌမတွဲ၊ ဒုတိယတွဲကြီးဖြစ်အောင် ရေးပြခဲ့ပါသည်၊ ပျို့ဆရာများလည်း ၎င်းကဲ့သို့

ပင်တည်း။ (နာနာနယနိပုဏာဂန္ထိ၏) ပါဠိကို သတိရ၍ အပြစ်မှလျော်ချ ဆေးကြောကြပါစေကုန်သတည်း။

## (၆၀၇) အရိယာသကြွန်ပြောင်းပုံ

၁-၂-၃-၄-၅-၆၊ အပြစ်ပြဆရာအား အကြောင်းပြချက် ဘုရားတောင် ဝေနေယျ္ဈာသယအလိုက်ဟောရသည်။

လက်ျာ၏ အရှင်သာရိပုတ္တရာတောင်မှ တမ္ဗဒါဌိကကို ဘယ်ပုံဟောရ သလဲ ဥပမာပြမည်။ လူဘယောက်ရွာမှ မြို့သို့သွားရာ၌ (၁) ပဌမဆရာက ခြေဖြင့်သွားတာဘဲတဲ့ဖြေပုံ(၂)ဒုတိယဆရာက၊ဖိတ်ဖြင့်သွားတာဘဲတဲ့ဖြေပုံ (၃) တတိယဆရာက လိုချင်တဲ့လောဘဖြင့် သွားတာဘဲတဲ့ (၄) စတုတ္ထ ဆရာက ဝါယောဓာတ်က သွားတာဘဲတဲ့။ (၅) ပဥ္စမ လုပ်စရာရှိလို့ သွားတာဘဲတဲ့ စသည်ဖြင့် သိန်းသန်း မျှဖြေဆိုရန် အကြောင်းရှိပါ၏။ ထိုသိန်းသန်းထဲက တခုခုဖြေလျှင် မှန်တာချည်းဘဲ။

## ပုထုဇဉ်နယ်မှ အရိယာနယ်သို့ကူးရန် ဥပမာ

လူတိုင်းနားလည်ရန် ဥပမာဖြင့်ရှင်းပြရလျှင် သကြွန်ကူးပြောင်းပုံဖြင့် ဥပမာပြရာ၏။ သကြွန် ကူးပြောင်းပုံမှာ။ (၁) မိန်ရာသီအဆုံးနဝင်းမှ မိဿရာသီအစ နဝင်းသို့ ကူးပြောင်း၍လာသည်ကို သကြွန်ဟုခေါ်သည်။ ဗမာလို ကူးပြောင်းသည်ဟုခေါ်သည်။ (၂) အလွယ်ဆုံး မှတ်ဘို့ရန်မှာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်း၍လာတာကို၊ သကြွန်ဟုခေါ်သည်။ (၃) လ,ပေါင်း ၁၂-လကူးပြောင်း၍လာသည် (၄)ပက္ခပေါင်း ၂၄-ပက္ခ၊ ကူးပြောင်း၍လာသည် (၅) ပါဒ်ပေါင်း ၄၈-ပါဒ်ကူးပြောင်း၍လာသည်ကို သကြွန်ဟု ခေါ်သည်။ ဤကား ဥပမာတည်း။ ဥပမေယျမှာ။ ပုထုဇဉ် ဘဝမှ၊ ခတ်ပရမတ်ကိုရ၍ တစ တစဝိသုဒ္ဓိ ၇-ပါးလမ်းစဉ် အတိုင်း အရိယာဘာသို့ အရောက်ကူးပြောင်း၍လာသည်။ ဉာဏ်စဉ် ၁၀-ပါး ၁၆-ပါး လမ်းစဉ်အတိုင်း ကူးပြောင်း၍လာသည်။ ခတ်ပရမတ်ကိုတွေ့စ ကတဲက တဖြည်းဖြည်း၊ တရွေ့ရွေ့ ရွေ့ကာရွေ့ကာ အရိယာနယ်ထဲသို့ မရပ်မနားဘဲ ကူးပြောင်း၍လာသည်ကို သမုန္တေဒ၊ သကြွန်။ ပရမတ် သကြွန် ဟူ၍ အမည်နာမ တပ်သင့်ပါသည်။ နာရီသော့ပေးဥပမာဖြင့် ပြပါလေ။ မီးရထားစီး ဥပမာ၊ သင်္ဘောစီး ဥပမာ၊ မော်တော်ကားစီး

ဥပမာ၊ လေယာဉ်ပျံပြီး ဥပမာဖြင့် တရားနာသူတို့ နားလည်အောင် ဉာဏ်ရှင်းအောင်၊ အသိလင်းအောင် ဟောပြကြပါကုန်။ ခေတ်ကိုတွေ့စကစ၍ တရွေ့ရွေ့နှင့် နိဗ္ဗာန်ပြည်ဘက်သို့ ကူးပြောင်းနေပုံ၊ ရွေ့ရွေ့နေပုံ။ သွားသွား နေပုံတို့ကို ပြသ ဟောကြပါကုန်။

## (၆၈၈) နိဗ္ဗာန်ရလို ရောက်လိုသော လူနတ်ဗြဟ္မာကို

လက်ထိတ်၊ သံခြေကျင်း၊ ၃-ကွင်းဖြင့် ချုပ်နှောင်ထား၏။

(၁) သက္ကာယဒိဋ္ဌိ။ သဘာဝ အမှန်ကိုမမြင်ခြင်းကြောင့် သက်ရှိ သက်မဲ့ပစ္စည်းတို့၏ရှေး၌ (ငါ) ဟူသောစာတလုံးဖြင့် တပ်သုံး နေခြင်း၊ မြင်မှား၊ ထင်မှား၊ မှတ်မှားခြင်း။

(၂) ဝိစိကိစ္ဆာ၊ သို့လော သို့လောတွေးတော၍ အမြဲတစေ သံသယရှိ၍ နေခြင်း။

(၃) သီလဗ္ဗတပရာမာသ၊ ဆုတောင်းခြင်း၊ ယဇ်ပူဇော်ခြင်း၊ နတ်ကိုး ခြင်း၊ ပ,သခြင်း၊ ဂါထာမန္တရားရွတ်ဘတ်ခြင်း၊ တန္တရဝါ၊ ပရိတ်ရွတ်ခြင်း၊ ယတြာချေခြင်း၊ ဗေဒင်ယုံခြင်း၊မှားယွင်းသောအကျင့်ကိုကျင့်ခြင်း၊ ကိုယ်၏ ပင်ပန်းမှုကိုပြုလုပ်ခြင်း၊ စသည်တို့ဖြင့် စိတ်၏သန့်ရှင်းစင်ကြယ်ခြင်း၊ ဝါ၊ နိဗ္ဗာန်သို့ရောက်ခြင်း၊ ဖြစ်နိုင်သည်ဟု ယုံကြည်စွဲလိုက်နာခြင်း။ ဤပြခဲ့ပြီး သော လက်ထိတ်ခြေကျင်း သုံးကွင်းတို့သည်၊ ခေတ် ၄-ပါးနှင့်အနိစ္စ၊ဒုက္ခ၊ အနတ္တကိုတွေ့၍ ကြိုးပြတ်လျှင် ထိုလူနတ် ဗြဟ္မာသည်၊ ၃-နံပါတ်မှ လွန်မြောက်သဖြင့် သောတာပန် နံပါတ် အဆင့်သို့ရောက်တော့၏။ ပဌမ နိဗ္ဗာန်ကိုရရှိနေတော့၏ဟူလို။

## နိဗ္ဗာန်ရောက်နိုင်သော လမ်းစဉ်အမှန်ဆုံးကား

ခေတ်၊ ရုပ် ၂၄၊ စိတ်၊ စေတသိက်၊ ဉာဏ်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တည်း။
၁ ၂ ၃ ၄ ၅ ၆ ၇
သင်္ခတခေတ်တရားများ ၇—ဆင့် အသင်္ခတ ခေတ်ကြီး

(၁) နိဗ္ဗာန်ကို၊ ဖိုလ်ရမှရောက်နိုင်သည်၊ (၂) ဖိုလ်ကိုမဂ်ရမှရောက် နိုင်သည်၊ (၃) မဂ်ကိုဉာဏ်စဉ်ရမှ ရောက်နိုင်သည်၊ (၄) ဉာဏ်စဉ်ကို စေတသိက်ရမှရောက်နိုင်သည်၊(၅)စေတသိက်ကိုစိတ်ရမှရောက်နိုင်သည်၊

(၆) စိတ်ကိုရုပ် ၂၄-ရမှရောက်နိုင်သည်၊ (၇) ရုပ် ၂၄-ကို ခေတ် ၄-ပါး ရမှရောက်နိုင်သည်၊ အကြောင်းမှုကား (၁) ခေတ် ၄-ပါး၌ ရုပ် ၂၄-မှီ၍ ဖြစ်၏။ (၂) ရုပ် ၂၄-၌ စိတ်မှီ၍ဖြစ်၏။ (၃) စိတ်၌ စေတသိက်မှီ၍ဖြစ်၏။ (၄) စေတသိက်၌ ဉာဏ်စဉ်မှီ၍ဖြစ်၏၊ (၅) ဉာဏ်စဉ်၌ မဂ်မှီ၍ဖြစ်၏။ (၆) မဂ်၌ ဖိုလ်မှီ၍ဖြစ်၏။ (၇) ဖိုလ်၌နိဗ္ဗာန်မှီ၍ဖြစ်၏။ ဤကား လူပြိန်းနားလည်အောင်၊ ရပ်စကားလုံးနှင့်သုံးရသည်။ ကျမ်းစကားမှုကား နက်နဲခက်ခဲလှ၍ လူ တိုင်းမသိနိုင်ပါ။ ယေဘုယျပြောနည်း၊ ရေးနည်းသာဖြစ်ပါ၏။ ကျင့်ကြည့်မှ အမှန်ရ၍သိမည်။

## (၆၈၉) သတ္တဝိညာဏဋ္ဌိတိ ၇-ပါး

(၁) နာနတ္တကာယ၊နာနတ္တသညီ။ ရုပ်ပုံအမျိုးမျိုး၊စိတ်ထားအမျိုးမျိုး ရှိသောသူ။ အချို့နတ်၊ဝိနိပါတိက၊အသုရာများတည်း။

(၂) နာနတ္တကာယ၊ ဧကတ္တသညီ။ ရုပ်ပုံအမျိုးမျိုး၊ စိတ်ထားတူသော ပဌမဈာန်ဗြဟ္မာများတည်း။

(၃) ဧကတ္တကာယ၊နာနတ္တသညီ။ ရုပ်ပုံတခုထဲ စိတ်ထားအမျိုးမျိုး ရှိသော အာဘဿရာ ဗြဟ္မာကြီးများတည်း။

(၄) ဧကတ္တကာယ၊ ဧကတ္တသညီ။ ရုပ်ပုံတခုထဲ စိတ်ထားတခုထဲ ရှိသော သုဘကိဏှာ ဗြဟ္မာကြီးများတည်း။

(၅) အာကာသာနဉ္စာယတန၊ ကောင်းကင်အာရုံရှိသော ဗြဟ္မာများ

(၆) ဝိညာဏဉ္စာယတန၊ ဝိညာဉ်အာရုံရှိသော ဗြဟ္မာများ

(၇) အာကိဉ္စညာယတန၊ ပညတ်အာရုံရှိသော ဗြဟ္မာများ

| | |
|---|---|
| (ဝိညာဏ)က ဝိညာဉ်<br>(ဋ္ဌိတိ)က တည်ရာ<br>(သတ္တ)က ၇-ပါး | ဝိညာဉ် တည်ရာ ၇-ပါး၌ ထောင်ကျစေဟူ၍ အဝိဇ္ဇာက ထောင်ချခြင်းခံရသော ဌာန နှင့် သတ္တဝါ ၇-စု၊ ပုံစံတည်း။ |

၎င်း (သတ္တဝိညာဏဋ္ဌိတိ ၇-ပါးကို) တမ္ဗဒီပတိုင်း ပိဋကတ်ပုံနှိပ်တိုက်မှ၊ သုတ်ပါထေယျပါဠိ ဂကာ စာမျက်နှာနံပါတ်၊ ၁၆၆-ကြောင်းရေ (၅)၌၊ ပါဠိနှင့် ရေးသားသည့်ကို နေ့မြင်၍ ဘာသာပြန်ထား လိုက်ပါသည်။

## (၆၉၀) နဝ၊ သတ္တာဝါသ၊ ကိုးပါး

(၁) နာနတ္တကာယ၊ နာနတ္တသညီ။ ရုပ်ပုံအမျိုးမျိုး စိတ်ထားအမျိုးမျိုး ရှိသောလူတွေ၊ အချို့နတ်တွေ၊ ဝိနိပါတိကအသုရာတွေကိုယူကြပါကုန်။

(၂) နာနတ္တကာယ၊ ဧကတ္တသညီ။ ရုပ်ပုံအမျိုးမျိုးစိတ်ထားတူသော ပဌမဈာန်ဗြဟ္မာတွေကိုယူကြပါကုန်။

(၃) ဧကတ္တကာယ၊ နာနတ္တသညီ။ ရုပ်ပုံတခုထဲ၊ စိတ်ထားအမျိုးမျိုး ရှိသော အာဘဿရာ ဗြဟ္မာကြီးတွေကိုယူကြပါကုန်။

(၄) ဧကတ္တကာယ၊ ဧကတ္တသညီ။ ရုပ်ပုံတခုထဲ စိတ်ထားတခုထဲ ရှိသော သုဘကိဏှာ ဗြဟ္မာကြီးတွေကိုယူကြပါကုန်။

(၅) အသညိဘဝ၊ အသညသတ်ဗြဟ္မာတွေကိုယူကြပါကုန်။

(၆) သညိဘဝ၊ အာကာသာနဉ္စာယတန ဗြဟ္မာများကိုယူကြပါကုန်။

(၇) သညိဘဝ၊ ဝိညာဏဉ္စာယတန ဗြဟ္မာများကိုယူကြပါကုန်။

(၈) သညိဘဝ၊ အာကိဉ္စညာယတန ဗြဟ္မာများကိုယူကြပါကုန်။

(၉) သညိဘဝ၊ နေဝသညာ နာသညာယတနဗြဟ္မာများကိုယူကြပါကုန်။

၎င်း (နဝ၊သတ္တာဝါသ၊ဘုံကိုး၀) ကို တမ္ပဒီပတိုင်း ပိဋကတ်တိုက်မှ။ သုတ်ပါထေယျပါဠိတော်သင်္ဂီတိသုတ်၊စာမျက်နှာနံပါတ်၊ ၁၇၃၊ ကြောင်းရေ ၂၆–၌၊ပါဠိကိုတွေ့ရသဖြင့် ဘာသာပြန်ရပါသည်။

## (၆၉၁) ဗုဒ္ဓ ဘုရား

ဗုဒ္ဓ၊ဘုရားဟူသော အမည်သည် တဦးထဲပိုင်မဟုတ်၊ ဘုံဆိုင်အမည်သာဖြစ်၏။ အကြောင်းကား မည်သူမဆို ၄–သင်္ချေကမ္ဘာဘသိန်းအထိ၊ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်းအထိ၊ ၁၆–သင်္ချေနှင့် ကမ္ဘာဘသိန်းအထိ၊ ပါရမီ၊စရိယာ၊စွန့်ခြင်းကြီးများကိုကျင့်နိုင်၍ (၁)သင်္ခါရ၊ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ပညတ်ဟူသော ဉေယျဓံတရားငါးပါးကို အဆုံးအထိသိမြင်နိုင်သောသူကား (ဗုဒ္ဓဆိုတဲ့) ဘုရားဘွဲ့တော်ထူးကြီးကို ဆွတ်ခူးသိမ်းယူနိုင်တော့၏။(၂) ဒုက္ခသစ္စာ၊ သမုဒယသစ္စာ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ၄–ပါးကို အစ၊ အဆုံးအထိ သိအောင် မြင်အောင် ကျင့်နိုင်သောသူသည်၊ ဗုဒ္ဓဘုရား

ဘွဲ့ကိုရရှိတော့၏။ ထို့ကြောင့်ပင် သံသရာတုန်းက သဲလုံးအမျှ ဗုဒ္ဓတွေပွင့်ခဲ့ပြီ၊ ၇-သင်္ချေ၌ ၁၂၅၀၁၀ ဗုဒ္ဓတွေ၊ ၉-သင်္ချေ၌ ၃၈၇၀၀၀ ဗုဒ္ဓတွေ၊ ၄-သင်္ချေ၌ ၁၂-ဆူသောဗုဒ္ဓတွေ၊ ကမ္ဘာတသိန်း ၁၇-ဆူသောဗုဒ္ဓတွေကို တွေ့ရသဖြင့် ကျင့်နိုင် မြင်နိုင် သိနိုင်သူတိုင်းနှင့်ဆိုင်သော ဘုံဆိုင်ဘွဲ့တော်ကြီးပင်ဖြစ်ခဲ့၏။ ဤအတန်းသို့ရောက်အောင်လှမ်းတက်ဆွတ်ခူးကြကုန်လော့။

တချို့ဗုဒ္ဓတွေကား၊ ပြခဲ့ပြီးသော ဗုဒ္ဓအကြီးစားဘုရားကြီးတို့၏ အရှိန်အဝါကိုနည်းခံ၍ သစ္စာ ၄-ပါးသိကြ၊ ဉေယျဓမ်တရား ၅-ပါးကို တစိတ်တဒေသ သိကြသဖြင့်၊ ၎င်းတို့ကို (သာဝကဗုဒ္ဓတွေ) ဟူ၍ခေါ်ရကုန်၏။ ရှိသေး၏။ ပစ္စေကဗုဒ္ဓဆိုတာ သူ့အလိုလို သယမ္ဘူဉာဏ်ဖြင့် ဆရာမရှိ သိပေမဲ့၊ ဘုရားကြီးလေးကိအသိဉာဏ်မကျယ်၊ သီးခြား၍သိသဖြင့် ပစ္စေကဗုဒ္ဓဟူ၍ခေါ်ရပြန်သေး၏။ ထိုထိုဗုဒ္ဓကြီးတို့၏ စာပေပိဋကတ်အရပ်ရပ်ကိုနှံ့စပ်၍ အဌါးနှင့်သိကြသော မဂ်ဖိုလ်ကိုမရသေးသော ပုထုဇဉ်၊ စာတတ်၊ ပေတတ်ကြီးတို့ကား (သု တ ဗု ဒ္ဓ) ကြီးတွေသာဖြစ်ကြရကုန်သည်ဟူ၍ သံယုတ်ကျမ်း၊ အင်္ဂုတ္တိုရ်ကျမ်းတို့၌ လာရှိချေသည်။ ထို့ကြောင့် (ဉေယျဓမ်တရားကို)သိအောင် ကျင့်ကြံအားထုတ်ပြီးတော့၊ ဗုဒ္ဓဆိုတဲ့ ဘွဲ့တော်ကြီး ၄-ပါး၊ ၄-စားထဲက တစားစား၊ တပါးပါးကို အရယူတော်မူကြပါစေသတည်း။ (သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ သာဝကဗုဒ္ဓ၊ သုတဗုဒ္ဓ ၄-မျိုး)

## ဗုဒ္ဓဘာသာမှ၊ သဘာဝကျ

ကမ္ဘာ့တွင် ခရစ်ယန်ဘာသာ၊ မဟာမက်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာဟူ၍ ဘာသာကြီးလေးမျိုးရှိရာတွင်၊ ဗုဒ္ဓဘာသာတခုထဲသာလျှင် သဘာဝဓမ္မအတိုင်း အစစ်အဆေးခံနိုင်သည်၊ မှတ်ကျောက်တင်ခြင်းခံနိုင်သည်(သွာက္ခာတောတဲ့-၁)သဘာဝဓမ္မကိုသာဟောပါတယ်တဲ့။ စမ်းကြည့်ကကိုက်ညီပေ၏။ (သန္ဒိဋ္ဌိကောတဲ့ ၂-) မြင်အောင်တွေ့အောင်ပြနိုင်၏တဲ့ စမ်းကြည့်ကိုက်၏။ (အကာလိကော-၃) ယခုလုပ် ယခုရ၏တဲ့ စမ်းကြည့်ကိုက်၏။(ဧဟိပဿိကော-၄) လာစမ်းပါ၊ ရှုစမ်းပါ လုပ်ကြည့်စမ်းပါဟူ၍ ခုတင်းစွာခေါ်၍ပြနိုင်၏။ စမ်းကြည့်ကကိုက်ညီ၏။(ဩပနေယျိကော-၅) ကပ်၍ဆောင်နိုင်၏တဲ့၊ စမ်းကြည့်က ကိုက်ညီ၏။ (ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိတဲ့-၆) မိမိရလျှင်၊ မိမိသာလျှင် စိတ်ချလက်ချ ယုံကြည်နိုင်၏။ စမ်းကြည့်က ကိုက်ညီပေ၏။

အခြားဘာသာကြီး ၃–မျိုးကား မိမိ၏တက်လမ်းစဉ်ကိုလဲမပြ၊မိမိကဲ့သို့ဖြစ်နိုင်ရန်ညွှန်းပြချက်လဲမရှိကြ၊ဗုဒ္ဓဘာသာကား ဒီလိုလုပ်လျှင် ဒီလိုဖြစ်ရမည်၊ငါ–ကဲ့သို့ဖြစ်ချင်ပါလျှင် ငါကဲ့သို့လုပ်ရမည်။ငါကဲ့သို့ဘုရားဖြစ်ချင်ပါလျှင် ၄–သင်္ချေနှင့် ကမ္ဘာတသိန်းကျင့်ရမည်။ ကျင့်ရမည့်တရားက ပါရမီ အပြား ၃၀၊စရိယာ ၃–ပါး စွန့်ခြင်းကြီးငါးပါး၊ တာထက်သာချင်သေးပါလျှင်၊ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကျင့်ရမည်တဲ့။ ၎င်းထက်သာချင်သေးပါလျှင် ၁၆–သင်္ချေနှင့် ကမ္ဘာတသိန်းကျင့်ရမယ်တဲ့။ ပစ္စေကဗုဒ္ဓါမှာ ၂–သင်္ချေနှင့် ကမ္ဘာတသိန်း၊ အဂ္ဂသာဝကမှာ ၁–သင်္ချေနှင့် ကမ္ဘာတသိန်း၊ မဟာသာဝကမှာ ကမ္ဘာတသိန်း၊ ပကတိ သာဝကမှာ ကမ္ဘာတရာ၊ တထောင်စသည်ဖြင့် ညွှန်းပြခဲ့ပါသည်။

အခြားဘာသာတွေမှာ သူတို့လို ဘုရားဖြစ်ရန်ပင်မညွှန်ပြခဲ့၊ သူတို့ တပည့်တွေသည် သူတို့လိုဘုရားမဖြစ်နိုင်၊ ဘာသာခြားတွေကား၊ချမ်းသာ ချင်လျှင် ဘေးရန်မှကင်းချင်လျှင် ငါတို့အား ကိုးစားယုံကြည်ပါတဲ့၊ ဗုဒ္ဓဘာသာကား၊ချမ်းသာချင်လျှင်ဓမ္မအတိုင်းကျင့်ကြတဲ့၊ဘေးရန်ကင်းချင်လျှင် ဓမ္မအတိုင်းပြုလုပ်ကြပါဟူ၍ လူ့ဘုံရောက်ဘို့၊ နတ်ဘုံရောက်ဘို့၊ဗြဟ္မာ့ဘုံ ရောက်ဘို့၊ မဂ်ဖိုလ်နိဗ္ဗာန်ရဘို့ဟူ၍ ၄–မျိုးကန့်၍ပြထားပါသည်။ ဒါတွေ မလုပ်နိုင်ဘဲ၊အဓမ္မလုပ်ခဲ့လျှင်အပါယ် ၄–ဘုံရောက်ဘို့ဟူ၍ကြာပုံ၊ဆင်းရဲပုံ၊ ချမ်းသာပုံတို့ကို စုံစုံလင်လင် ပြည့်ပြည့်ဝဝ၊ညွှန်ပြသဖြင့် ဗုဒ္ဓဘာသာသည်၊ စိတ်ချရသော ဘာသာကြီးတခုပင်တည်း။

## ပရိညာ ၃–ပါး တရားတော်ကြီး

### ပုံစံဇယားနှင့် ကျက်ထားကြရန်လက်ချများ

| | | |
|---|---|---|
| ဉာတပရိညာ | တီရဏပရိညာ | ပဟာနပရိညာ |
| လှေတွေ့ခြင်း | ကူးလှော်ခြင်း | ကမ်းရောက်ခြင်း |
| ရုပ်နာမ်တွေ့ | ဋ္ဌ-က္ခ-ဍ္ဎ-တွေ | ဆွာ-ဒိ-ဝိ-ပယ်ခွါ |
| ဒိဋ္ဌိ၊ကင်္ခါ၊ ၂-ပါး | မဂ္ဂါ-ပဋိ၊ ၂-ပါး | ဉာဏဒဿနတပါး |

(၁) လှေတွေ့သေးခါ၊ ကူးသောခါနှင့်၊ ရောက်ခါပဟာန၊ ပမာပြ မှတ်ကြသေအချာ။

(၂) လှေတွေ့ဉာတ၊ ကူးကတီရဏာ၊ ရောက်ခါပဟာန၊ ပမာပြ-မှတ် ကြသေအချာ။

(၃) ဒိဋ္ဌိ,ကင်္ခါ၊ဉာတသာနှင့်၊ မဂ္ဂါ,ပဋိ၊ တီရဏ-အဓိပဟာနာ။

(၄) ပရိညာ ၃-ပါး၊ ကိုယ်၌ပွါး၊ မှတ်သားအဓိယာ။

(၅) ပုထုနယ်မှ၊ ပြောင်းရွှေ့ကြ၊ ရောက်ကြအရိယာ။

(၆) ပုထုနယ်ကား၊ ဘေးရန်များ၊ လေးပါးအပါယ်ရွာ။

(၇) အရိယာနယ်ကား၊ ချမ်းသာများ၊ ကိုးပါးလောကုတ္တရာ။

(၈) အပါယ်လွတ်ကင်း၊ ဒုက္ခရှင်း၊ ပြည်မင်း-အရိယာ။

(၉) မီးဆယ့်တပါး၊ ဝဋ် ၃-ပါး၊ လွတ်သွား-ချမ်းမြေ့စွာ။

(၁၀) ဝိသာခါနှင့်၊ သက္ကသိကြား၊ ထိုသူများ-ဉာဏ်အားထင်စေပါ။

(၁၁) ဘုံစဉ်စံဘဝ၊ ပြန်ကျေ၊ ချမ်းမြေ့-ပျော်ရွှင်စွာ။

(၁၂) ဖါး,နွား,ဘီလူး၊ ကျွတ်လွတ်ထူး၊ အရှူး-မယုံပါ။

ပရိညာ ၃-ပါးတရားတော်ကြီးပြီး၏။

## (၆၉၄) ပုထုဇဉ်ဘဝမှ သောတာပန်ဘဝသို့ကူးသန်းပုံ

| ပုထုဇဉ်နယ်မှ | □ ၁ | □ ၂ | □ ၃ | သောတာပန်နယ် |
|---|---|---|---|---|
| | သက္ကာယဒိဋ္ဌိ။ | ဝိစိကိစ္ဆာ | သီလဗ္ဗတပရာမာသ | |
| | ၂၀ | ၈-၁၆ | သီလမှား၊ ဝတမှား | |

ပုထုဇဉ်နယ်မှကူး၍ သောတာပန်ဘဝသို့ သွားလိုသော် သက္ကာယဒိဋ္ဌိ ၂၀-လွန်မြောက်မှ ဝိစိကိစ္ဆာ ၈-ပါး ၁၆-ပါးလွန်မြောက်မှ၊ သီလဗ္ဗတပရာမာသလွန်မြောက်မှ၊ ရောက်နိုင်ကြပုံကို ပုံစံဖြင့်ပြပါသည်။

(၁) သဟာ၀သာဒဿနသမ္ပဒါယ၊ တယဿုဓမ္မာ ဇဟိတာ ဘ၀န္တိ။
သက္ကာယဒိဋ္ဌိ ၀ိစိကိစ္ဆိတဉ္စ၊ သီလဗ္ဗတံ ၀ါပိ ယဒတ္ထိ ကိဉ္စိ။
(၂) စတူဟာပါယေဟိစ ၀ိပ္ပမုတ္တော၊ ဆစ္စာဘိဌာနာနိ အဘဗ္ဗကာတုံ။
ဣဒမ္ပိသံဃေ ရတနံ၊ ပဏီတံ ဧတေန သစ္စေန သု၀တ္ထိ ဟောတု။

ရတနသုတ်ပါဠိတော်

အဿ၊ ထိုသောတာပန်ပုဂ္ဂိုလ်၏။ ဒဿနသမ္ပဒါယ၊ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံခြင်းနှင့်။ သဟာ၀၊ တပြိုင်နက်သာလျှင်။ ဇဟိတာ၊ စွန့်အပ်ကုန်သော။ ဓမ္မာ၊ ကိလေသာတရားတို့သည်။ သက္ကာယဒိဋ္ဌိစ၊ အတ္တဟူသော ငါငါကိုယ်ရှိ၏ဟူသော အယူမှားခြင်းရင်း။ ၀ိစိကိစ္ဆိတဉ္စ၊ ၈-ပါး ၁၆-ပါး၌ ယုံမှားခြင်းရင်း။ သီလဗ္ဗတံ၀ါပိ၊ နွား,ခွေးစသည်တို့၏ အလေ့အကျင့်ဖြင့် သံသရာမှထွက်မြောက်၏ဟူသော အယူမှားခြင်းငင်း။ ဣတိ၊ဤသို့။ တယော၊ ၃-ပါးတို့သည်။ အဿုဘ၀န္တိ၊ ဖြစ်ကုန်၏။ ကိဉ္စိ၊ ဝိုးစဉ်းမျှသော ကိလေသာ ၇-ပါး၊ ၁၂-ပါးသည်။ ယဒိအတ္ထိ၊ အကယ်၍ ကား ရှိသေး၏။ တထာပိ၊ ၇-ပါး ၁၂-ပါးရှိသေးသော်လည်း။ သော၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်။ စတူဟိ၊ လေးပါးကုန်သော။ အပါယေဟိ၊ အပါယ်တို့မှ။ ၀ိပ္ပမုတ္တော၊ကင်းလွတ်ပါပြီ။ ဆစ္စာဘိဌာနာနိစ၊ ရှန့်ရင်းသော ပဉ္စာနန္တရိယ၊ နိယတမိစ္ဆာဒိဋ္ဌိတို့ကိုလည်း။ ကာတုံ၊ ပြုလုပ်ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်တော့ပြီ။

(၁)ဒဿနသမ္ပဒါယဆိုတာ ၀ိသုဒ္ဓိ ၇-ပါးစုံညီခြင်းတည်း။၀ါ၊ဉာဏ်စဉ် ၁၆-ပါး တန်းဆုံးသို့ ရောက်ခြင်းတည်း။ (၂) သက္ကာယ ဒိဋ္ဌိဆိုတာ ပရမတ်ကိုမတွေ့လို့ ငါ့ကိုယ်ဘဲ အတ္တဘဲဟုစွဲ၍နေခြင်းတည်း ၂၀-ရှိ၏။ (၃) ၀ိစိကိစ္ဆာဆိုတာ ဗုဒ္ဓေကာစ်တိစသော ၈စ်ပါးနှင့် ယုံမှားခြင်း ၁၆-ပါး တည်း။ (၄)သီလဗ္ဗတံ၀ါပိဆိုတာ နွားကျင့် ခွေးကျင့်စသည်ဖြင့် မဂ်ဖိုလ် သို့ရောက်၏ဟု မှားခြင်းတည်း။ (၅) ကျန်သေးသော ကိလေသာကား။ ဒိဋ္ဌိဂတ၀ိပ္ပယုတ် ၄-ပါး၊ဒေါသမူ ၂-ပါး၊ ဥဒ္ဓစ္စ ၁-ပါး၊၇-ပါးတည်း။ အဲဒါ စိတ်၌ကျန်တာ။ စေတသိက် ၁၄-တို့တွင် ဒိဋ္ဌိ,၀ိစိကိစ္ဆာ။ ၂-ပါးကို ပယ်သဖြင့် ၁၂-ပါးကျန်၏။ (၆) ဆစ္စာဘိဌာနာနိဆိုတာ ပဉ္စာနန္တရိယ၊ ကံကြီးငါးပါးနှင့်၊ နိယတမိစ္ဆာဒိဋ္ဌိ တပါးတည်း။ တသံသရာပတ်လုံး အပါယ် ၄-ပါးမှလွတ်ပါပြီ။ ။ပုံစံ၌ ရန်သူကြီး ၃-ပါးကိုလွန်မြောက်မှ သောတာပန်ဘ၀ကိုရပါမည်။ ကျင့်ကြပါလေ။

## (၆၉၅) နတ်ဘဝတခါသေ၍လူ့ဘဝ အသေစိတ်ပုံ

### (နခေါဝိဇာနန္တိ) အနက်၏ ကောက်ချက်ချ၍ပြပုံ

| နတ်ဘုံဘဝ အသေကျဲပုံ | လူ့နှင့်ယှား | လူ့ဘုံဘဝ အသေစိတ်ပုံ |
|---|---|---|
| စာတုမဟာရာဇ်တခါသေ | အနှစ် ၉-သန်း။ | လူမှာ၊ကိုးသောင်းသေရ |
| တာဝတိံသာ တခါသေ | ၃-ကုဋေ ၆-သန်း။ | လူမှာ၊ ၃-သိန်း၆-သောင်း သေရ |
| ယာမာ တခါသေ | ၁၄-ကုဋေ ၄-သန်း။ | တသန်း၊၄-သိန်း၄-သောင်း သေရ |
| တုသိတာ တခါသေ | ၅၇-ကုဋေ ၆-သန်း။ | ၅-သန်း၊ ၇-သိန်း၊ ၆-သောင်းသေရ |
| နိမ္မာဘုံ တခါသေ | ၂၉၁-ကုဋေ၄-သန်း။ | ၂-ကုဋေ၉-သန်း၊၁-သိန်း ၄-သောင်း သေရ |
| ဝသဝတ္တီဘုံ တခါသေ | ၉၂၁-ကုဋေ ၆-သန်း။ | ၉-ကုဋေ၊ ၂-သန်း ၁-သိန်း ၆-သောင်း သေရ |

## (၆၉၆) ခတ်တရားတွေ့သောဝိသာခါ ကျောင်းအမ၍

| | | |
|---|---|---|
| လူမှာ | နှစ် ၁၂၀ | တကြိမ်သေရ |
| နိမ္မာမှာ | နှစ် ၂၉၁-ကုဋေ၊၄-သန်း | တကြိမ် |
| အဝိဟာမှာ | ကမ္ဘာကြီး ၁၀၀၁ | တကြိမ် |
| အတပ္ပါမှာ | ကမ္ဘာကြီး ၂၀၀၀ | တကြိမ် |
| သုဒဿာမှာ | ကမ္ဘာကြီး ၄၀၀၀ | တကြိမ် |
| သုဒဿီမှာ | ကမ္ဘာကြီး ၈၀၀၀ | တကြိမ် |
| အကနိဋ္ဌာမှာ | ကမ္ဘာကြီး ၁၆၀၀၀ | တကြိမ် |

အစုစုကမ္ဘာပေါင်း (၃၁၀၀၀)မှာ၇-ကြိမ်သေရပုံ။

## (၆၉၇) သတိပဋ္ဌာန်ရှုမှတ်နည်းများ

သတိပဋ္ဌာန်နည်းနှစ်ချက်မှတ်ပုံမှာ–

ဖေါင်းတယ်၊ ပိန်တယ်။ ။ရပ်တယ်၊ရပ်တယ်။ ။လှုပ်တယ်၊လှုပ်တယ်။ စသည်ဖြင့်၊ အမူအရာတိုင်းမှတ်သိရှုပွါးရသော ၂–ချက်မှတ်နည်းတမျိုး။

သတိပဋ္ဌာန်၊ သုံးချက်မှတ်နည်းမှာ–

ဖေါင်းတယ်၊ပိန်တယ်၊ထိုင်တယ်။ (အမူအရာလိုက်၍၊မှတ်ရသည်။)
ဖေါင်းတယ်၊ပိန်တယ်၊မှတ်တယ်။ ။စသည်ဖြင့် ရှုပွါးရပေသည်။

သတိပဋ္ဌာန် ၄–ချက်မှတ်နည်းမှာ–

ဖေါင်းတယ်၊ပိန်တယ်၊ထိုင်တယ်၊ထိတယ်၊ စသည်ဖြင့် ၎င်း။

ဖေါင်းတယ်၊ ထိုင်တယ်၊ ပိန်တယ်၊ထိုင်တယ်၊ စသည်ဖြင့်၎င်း မှတ်ရသည်။

အမူအရာသို့လိုက်၍ ပထမ ၄–ချက်နည်းအတိုင်းဖြစ်စေ၊ ဒုတိယ ၄–ချက် နည်းအတိုင်းဖြစ်စေ ရှုမှတ်ပွါးများရလေသည်။

ဝိတက်များလွန်းသောသူတို့အတွက် ၆–ချက်မှတ်နည်းမှာ–

ဖေါင်းတယ်[၁]၊မှတ်တယ်[၂]၊ပိန်တယ်[၃]၊မှတ်တယ်[၄]၊ထိုင်တယ်[၅]၊မှတ်တယ်[၆]၊ စသည်။

(၈)ချက်မှတ်နည်းမှာ–

ဖေါင်းတယ်၊ မှတ်တယ်၊ ပိန်တယ်၊မှတ်တယ်၊ ထိုင်တယ်၊မှတ်တယ်၊ ထိတယ်၊မှတ်တယ်၊ စသည်ဖြင့် အမူအရာလိုက်၍ ရှုမှတ်ရလေသည်။

သတိပဋ္ဌာန် (၁၆) ချက်မှတ်နည်းမှာ—

ဝင်တယ်[၁]၊မှတ်တယ်[၂]၊ဖေါင်းတယ်[၃]၊မှတ်တယ်[၄]၊ထိုင်တယ်[၅]၊မှတ်တယ်[၆] ထိတယ်[၇]၊မှတ်တယ်[၈]၊ ပိန်တယ်[၉]၊ မှတ်တယ်[၁၀]၊ထွက်တယ်[၁၁]၊မှတ်တယ်[၁၂]၊ ထိုင်တယ်[၁၃]၊ မှတ်တယ်[၁၄]၊ထိတယ်[၁၅]၊မှတ်တယ်[၁၆]။

စသည်ဖြင့် အမူအရာသို့လိုက်၍ ရှုမှတ်ရသည်။ဤကဆယ့်ခြောက်ချက် အမှတ်ကို ပြရခြင်းသည်ကား။ မှတ်နည်းကိုသိရုံမျှသာ ဖြပါသည်။အမှတ် များတိုင်းလည်းမကောင်း ဝိတက်ကင်း၍ ပိုင်းပိုင်းခြားခြား သိခြင်းကို သာလျှင် အကောင်းဆုံးဟုမှတ်ပါလေ။ ၃–ချက်မှတ် ၄–ချက်မှတ်ဖြင့်

သာလျှင် အထက်ဝိပဿနာဉာဏ် အထူးများသို့ ရောက်ကြသူတို့များပါသည်။ ၃-ချက်မှတ် ၄-ချက်မှတ်ထက် ပို၍မှတ်ရခြင်းကား၊ ဝိတက်ငြိမ်းရုံမျှသာဘည်း။ ။သတိပဋ္ဌာန် ဂိုဏ်းစာအုပ်ထဲမှ ရရှိပါသည်။

## လောကကြီး၌ စည်ကားပုံ၊ပျက်စီးပုံ

| လောကကြီးစည်ကားသာယာသောခေတ် | လောကကြီးပျက်စီးသောခေတ် |
|---|---|
| အနိစ္စ ဒုက္ခ အနတ္တ | လောဘ ဒေါသ မောဟ |

| | |
|---|---|
| သာသနာပ၌ ထွန်းကားသော တရား ၉-ပါး<br>ဒါ၊ သီ၊ ထ၊ ဝိဇ္ဇာ၊ ဘိညာဉ်၊ သမာပတ်၊<br>ဈာန်။ အနိစ္စ၊ ဒုက္ခ ၉-ပါး<br>လောဘ၊ ဒေါသ၊ မောဟ။ ဘဒင်္ဂ၊ ဝိက္ခမ္ဘနဖြင့်သတ်၏။ | သာသနာတွင်း၌<br>စည်ကားသောတရား<br>အနတ္တ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ၄<br>သမုစ္ဆေဒဖြင့် သတ်ကြ၏။ |

(၁) အပါယ်ဘုံမှ ထွက်မြောက်ရုံ (၂) လူ့ဘုံမှ ထွက်မြောက်ရုံ (၃) နတ်ဘုံမှထွက်မြောက်ရုံ (၄)ဗြဟ္မာ့ဘုံမှ ထွက်မြောက်ရုံ၊ လူနတ်ဗြဟ္မာ အာဠာရ၊ ဥဒက၊ ဒေဝိလတို့နှင့် ၂၄-သင်္ချေ၊ ကုဋေ ၆၀-မိုလ်ခြေတသိန်းတို့ အဟုတ်အမှန်ထွက်မြောက်ပုံကို ကြည့်ကြပါကုန်။

| ဒါန,သီလ | သမထ | ဝိပဿနာမဂ်ဖိုလ် |
|---|---|---|
| ဝိဘိတ္တမကိလေသာသေရ<br>တဒင်္ဂပဟာန်ဖြင့်သတ် | ပရိယုဋ္ဌာနကိလေသာ သေရ<br>ဝိက္ခမ္ဘနပဟာန်ဖြင့် သတ် | အနုသယကိလေသာ သေရ<br>သမုစ္ဆေဒ ပဟာန်ဖြင့် သတ် |

ဒါနံ အလောဘော ဟေတု သီလံ အဒေါသော ဟေတု ဘာဝနာ အမောဟော ဟေတု
အလောဘကြောင့် ဒါနပြု အဒေါသကြောင့် သီလပြု အမောဟကြောင့်ဘာဝနာပြု

## (၆၉၃) ကာယဂတာသတိကမ္မဋ္ဌာန်း မိတ်ဆွေကောင်းနှင့် ပေါင်းသွားကြရန်

အဖ္ဘောတိဘသဟာယာသော၊ အတိဘဂတသဏ္ဍနော။
နတ္ထိ တောဒိသံ မိတ္တံ၊ ယထာ ကာယဂတာသတိ။
မဟာသတိပဋ္ဌာနသုတ္တန်အဋ္ဌကထာ။

အဇ္ဈတ္တဝိတသဟာယသာ၊ အပေါင်းအဖေါ်မိတ်ဆွေမှ ကင်းလျက်ရှိသောပုဂ္ဂိုလ်အား။ မိတ္တံ၊ အဆွေခင်ပွန်းသည်။ တံတံကိစ္စံ၊ ထိုထိုကိစ္စကို။ သာဓိတံ၊ ပြီးစေအပ်သည်။ ဟောတိ ယထာ၊ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ အတိတဂတသတ္တုနော၊ လွန်ပြီးသောဘုရားရှိသောယောဂီအား။ ကာယဂတာသတိ၊ကာယဂတာသတိကမ္မဋ္ဌာန်းသည်။ မဂ္ဂဖလနိဗ္ဗာနကိစ္စံ၊မဂ်ဖိုလ်နိဗ္ဗာန်ကိစ္စကို။ သာဓိတံ၊ ပြီးစေအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဧတာဒိသံ၊ ထိုကာယဂတာသတိကမ္မဋ္ဌာန်းနှင့်တူသော။ မိတ္တံ၊ နိဗ္ဗာန်ရောက်ကြောင်း မိတ်ဆွေကောင်းမည်သော ကမ္မဋ္ဌာန်းသည်။ နတ္ထိ၊ မရှိခဲ့လေပြီတကား။

မိတ်ဆွေကောင်းမရှိသောသူသည်၊ ထိုထိုကိစ္စ၌ မပြီးသဖြင့် မိတ်ဆွေကောင်းကိုရှာကြံပေါင်းရ၏။မိတ်ဆွေကောင်းကြောင့် ထိုထိုကိစ္စပြီးစီးရ၏။ ဤပုံလို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်သဖြင့် မိတ်ကောင်း၊ ဆွေကောင်းကင်းကွာနေသောယောဂီသည်၊ ကာယဂတာသတိကမ္မဋ္ဌာန်းဆိုတဲ့ မိတ်ကောင်း နှင့်ပေါင်း၍ နေ ပါ တဲ့။ ထိုကာယဂတာသတိကမ္မဋ္ဌာန်းမိတ်ဆွေကောင်းက မဂ်ကိစ္စ၊ ဖိုလ်ကိစ္စ၊ နိဗ္ဗာန်ကိစ္စကို ပြီးစေပါလိမ့်မည်တဲ့။ ကာယ ဝေဒနာ စိတ္တဓမ္မေသု ကိဉ္စိဓမ္မံ အ နာ မ သိ တွာ ဘာ ဝ နာ နာ မ နတ္ထိ။ ။ယင်းအဋ္ဌကထာ။ ။ကာ ယ ဝေ ဒ နာ စိတ္တဓမ္မေသု၊ ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ, ကမ္မဋ္ဌာန်းလေးပါးတို့တွင်။ ကိဉ္စိဓမ္မံ၊ တစုံတခုသောကမ္မဋ္ဌာန်းတရားကို။ အနာမသိတွာ၊ မသုံးသပ်၊ မပွါးများမူ၍။ ဘာဝနာနာမ၊ ဘာဝနာမည်သည်။ နတ္ထိ၊ မရှိပြီ။ ။ကမ္မဋ္ဌာန်းတိုင်း သတိ၌အကျုံးဝင်ရ၏။

သံသရာဘေး,၊ မြော်တွေးဖန်ဖန်။
မိတ်ကောင်း,ဆွေကောင်း၊ အပေါင်းရှာရန်။
ဒုလ္လဘမို့၊ ကြုံရခေါ်န်။
တချက်တွဲ–အမြဲပြည်နိဗ္ဗာန်။

## (၇၀၀) အမှောင်ခေတ်နှင့် အလင်းခေတ်

| (၁) နံပါတ် | | (၂) နံပါတ် |
|---|---|---|
| မှောင် | စကြဝဠာကြီးကုဋေတသိန်း၌ ဘုရားမပွင့်လို့ မှောင်မဲ၊ မိုက်မဲ၍နေပါသည်။ လူ နတ် ဗြဟ္မာတွေလည်း လူမိုက်, နတ်မိုက်, ဗြဟ္မာမိုက်ကြီးတွေပင် ဖြစ်ကြရ၏။ | အလင်း |

(၂) ပုံစံ၌ အသချေကြီးပေါင်းများစွာကြာညောင်းမှ တဆူ၊ ၂–ဆူ ဘုရားပွင့်ရာ၊ စကြာဝဠာကုဋေဘသိန်း၌ အလင်းကြီးအထိန်ကြီးဖြစ်၍နေပြန်၏။ ထိုအခါဝယ် လူတွေနတ်တွေ ဗြဟ္မာတွေဟာလည်း လူလိမ္မာ နတ်လိမ္မာ ဗြဟ္မာလိမ္မာကြီးတွေသာဖြစ်ကြရကုန်၏။ (က) တိုက်ဇာတ်ကြီး တခု၌ (၁) အလင်းမရှိ (၂) အမှောင်ဖြင့်ဖုံးလွှမ်း၍နေ၏။ (၃) မြွေကင်းသန်းတို့တည်ရှိ၍နေကုန်၏။ (၄) ထိုတိုက်၌နေကြသောလူများမှာ စမ်းတဝါးဝါးနှင့်သွားရာ၊ ဟိုတိုက်ဒီတိုက်၊ ဟိုခိုက်ဒီခိုက်နှင့် မြွေကင်းများကိုက်၍ သေဆုံးပျက်ပြုန်းကြရကုန်၏။ ဤကား အမှောင်ခေတ် အမိုက်ခေတ်၏အကျိုးပေးပုံတည်း။ (ခ) တိုက်ဇာတ်ကြီးတခု၌မူကား (၁) ဓာတ်မီးများ ထိန်လင်းထွန်းပြောင်၍နေပေ၏။ (၂) အမှောင်မရှိ (၃) လင်းနေသဖြင့် မြွေများကင်းသန်းတို့မနေနိုင် (၄) ရဲရဲတင်းတင်း ထင်သလိုသွားပေမဲ့ မတိုက်ရ၊ မခိုက်ရ၊ မြွေပျားကင်းသန်းတို့လည်း မကိုက်ရဘဲ နာခြင်းဒုက္ခမရှိ၊ သေခြင်းဒုက္ခမရှိ၊ ဤကား အလင်းခေတ်၏အကျိုးပေးပုံတည်း။

| **အမှောင်ခေတ် အဝိဇ္ဇာနယ်** | **အလင်းခေတ် ဝိဇ္ဇာနယ်** |
|---|---|
| တိုက်ဇာတ် ခန္ဓာကိုယ် | တိုက်ဇာတ် ခန္ဓာကိုယ် |
| မှောင်ထုဖုံး အဝိဇ္ဇာဖုံး | အလင်းဖုံး ဝိဇ္ဇာဖုံး |
| မြွေကင်းသန်း ကာမဂုဏ်ဘေး | မြွေကင်းမရှိ ကာမဂုဏ် ဘေးမရှိ |
| အပါယ်ဓိဇနှင့် နေရ | ပိတ်ပြာစံရ ၆၇–ဆင့်နှင့်နေရ |
| စမ်းတဝါးဝါးသွားလာရ ရမ်းကျင့် | ထင်သလိုသွားလာရ အမှန်ကျင့် |
| တိုက်မိခိုက်မိ ဒုစရိုက် | လွတ်မြောက် ဝိသုဒ္ဓိဉာဏ်စဉ် |
| နာရ၏ အပါယ်ကျ | မနာရ အပါယ်မကျရ |
| သံသရာလယ်ဦးမည် | သံသရာပြတ်သွားမည် |

စာတအုပ်၌တွေ့ရပုံကား တိုက်ကြီးခြောက်တိုက်လူ့နယ်နှင့် နတ်ပြည် ၆–ထပ်နတ်နယ်၊ဗြဟ္မာ ၂၀–တွင် အလွန်တရာထူးဆန်းလှသော မင်းသားကလေးတဦး၊ အညွန့်ထူး၍ပေါ်ပေါက်လာပေ၏။ ထိုမင်းသားကလေးကို လူ့နယ်၊ နတ်နယ်၊ ဗြဟ္မာ့နယ်အားလုံးကပင် ယုံကြည်လေးစား အားထားရပေသည်။မင်းသားကလေးသည် အမှန်တရားဖြင့် အားလုံးအား ချမ်းသာစေခဲ့ပြီ။ ထိုမင်းသားကလေးကား အခြားမဟုတ်ပါ၊ ဂေါတမဘုရားပင် ဖြစ်ပါပေသတည်း။

အလင်းနှင့်အမှောင်ကို အကျယ်ပြဦးမည်။ ပါဠိနှင့်ဝေဝေဆာဆာပြမည်။

## (၇၀၁) ငြိမ်းချမ်းမြေ......တရားတော်

(လင်္ကာ) စောင့်ရှောက် ဖြေရှင်း၊ ကာကွယ် ခြင်း နှင့်၊ ရှောင်ကွင်း တောင်းပန်၊ သည်းညည်းခံ၊ နိဗ္ဗာန်ရောက်ရ–ချမ်းမြေ၏။

(၁) စောင့်ရှောက်ခြင်း (၂) ဖြေရှင်းခြင်း (၃) ကာကွယ်ခြင်း (၄) တောင်းပန်ခြင်း (၅)ရှောင်ကြဉ်ခြင်း (၆) သည်းခံခြင်း။ ဤအဒါဟာ ဒေးမြမြ ချမ်းသာစွာ ဘေးမခဘဲ နိဗ္ဗာနသို့ရောက်စေတတ်သော အင်္ဂါများပါဘဲ။

(၁) စောင့်ရှောက်ခန္ဓာ၌ စောင့်စားကြည့်ပါ၊ ခေတ်ကလာဝိမှစ၍ နိဗ္ဗာန်အထိတွေ့ရမည်။

(၂) ဖြေရှင်း–ခန္ဓာအာယတန၊ ခေတ်သစ္စာ၊ စသည်ဖြင့် ခွဲခြားပါ၊ ဝေဘန်ပါ။

(၃) ကာကွယ်ခြင်း–ပညတ်ကိုပယ်၊ ပရမတ်၌တွယ်၊ အမြဲဘစေ ရှု၍နေပါ။

(၄) တောင်းပန်–အပြစ်ရှိက တောင်းပန်ဝန်ချ ကုစားဘရား နာကြားပါ။

(၅) ရှောင်ကွင်း-ဓမ္မတာတို့ မိရိုးဖလာတို့ က န္တာ ၃ ရိုး ရာ တို့ ကို ရှောင်ကြဉ်ပါ။

(၆) သည်းညည်းခံ အရာရာကိုသည်းခံပြီး ကျင့်ကြံကြပါကုန်။

ဤတရားအတိုင်းနေလျှင် နေခြင်းညခြင်း၊ချက်ခြင်း၊လက်ငင်းငြိမ်းချမ်း မြေ၌ ဘေးမခတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို တဖြေးဖြေး တက်တက် ရသွားပါ လိမ့်မည်။ အရှင်တိဿ ပေါင်ကျိုးရင်း တည၏အတွင်းမှာပင် ရဟန္တာ ဖြစ်သွားပါသေးတယ်။ ဗျဂ္ဃခါဒက ရဟန်းငယ်ဟာ ကျားစားရင်းပင် ပုဆစ်စားစဉ်၌ သောတာပန်၊ဒူးကိုစားတော့ သကဒါဂါမိ၊ ပေါင်ရင်းကို စားတော့ အနာဂါမိ၊ ချက်ကိုစားတော့ ရဟန္တာဖြစ်ရပုံက သက်သေ ခံပါသည်။ လည်ပင်းကို ဒါးနှင့်ဖြတ်သော မထေရ်များ၊ ထိုဝေဒနာကို ရှုရင်းပင် ရဟန္တာဖြစ်ကြပါသေးသည်။ ပရမတ်တရားဆိုတာ ပရမော ဥတ္တမော အဝိပရိတော အတ္ထော ပရမတ္ထော်မို့။

## ဂ–ခိုင် ဉာဏစာရီ သာသနာ့ဆရာတော်ဘုရား၏ မေတ္တာလက်ဆောင်

### (၄၀၂) ၁–မြတ်စွာဘုရားကြီးတောင်မှ ကိုယ်တွေ့ကျင့်ရသေးပုံ

ပေါဓိသတ္တဘူတဿ ဘဂဝတော တိဝိဓာနုပဿနာ သမ္ပဒါနေန ဝိပဿနာညာဏဂဗ္ဘံ ဂဏှာပေတွာ အနုပုဗ္ဗာဓိဂတေန။ ။ပါရာဇိကကဏ် အဋ္ဌကထာပါဌ်။ ။ဘုရားအလောင်းဖြစ်စဉ်က အနိစ္စ ဒုက္ခ အနတ္တ သုံးပါး ကိုယ်တွေ့ရ၍၊ ဝိပဿနာကိုယ်ဝန်တည်မှ၊ အဆင့်အဆင့်ရင့်၍၊ မဂ်ဖိုလ် နိဗ္ဗာန် ဖွါးမြင်ရပါသည်။ ။ဥာဏ်နှင့် ကိုယ်တိုင်တွေ့မှ ဝိပဿနာပါဘဲတဲ့။

### (၄၀၃) ၂–အရှင်သာရိပုတ္တရာတောင်မှ ကိုယ်တွေ့ကျင့်ရသေးပုံ

သာရိပုတ္တတ္ထေရော ထပေတွာ ဗုဒ္ဓါနံ ပစ္စေကဗုဒ္ဓါနဉ္စ သမ္မသနစာရံ သာဝကာနံ သမ္မသနာ စာရံ နိပ္ပဒေသံ သမ္မသိ။ ။အနုပဒသုတ် အဋ္ဌကထာပါဌ်။ ။အရှင်သာရိပုတ္တရာကြီးပင် ဘုရားအရာနှင့်ပစ္စေကဗုဒ္ဓါအရာကို ချန်လှပ်၍ ကိုယ်တွေ့ကျင့်ပြီးမှ ရဟန္တာ အဂ္ဂသာဝက ဖြစ်ရသေးပုံကို ကျမ်းဂန်ကပြထားပါသည်။

### (၄၀၄) ၃–အရှင်မဟာမောဂ္ဂလာန်နှင့် ဝိပဿနာကိုယ်တွေ့ကျင့်ရပုံ

မောဂ္ဂလာနတ္ထေရောပိ သာဝကာနံ သမ္မသနာစာရံ ယဋ္ဌိကောဋိယာ ဥပ္ပိဋ္ဌေန္တော ဝိယ ဧကေ ဒေသ မေဝ သမ္မသန္တော သတ္တဒိဝသေ ဝါယ မိတွာ အရဟတ္တံ ပတ္တော။ ။အနုပဒသုတ် အဋ္ဌကထာပါဌ်။ ။အရှင်မဟာ မောဂ္ဂလာန်တောင်မှ ဝိပဿနာကိုယ်တွေ့အားထုတ်ရာ၊ ခုနစ်ရက်နှင့် ရဟန္တာဖြစ်သွားပါသည်။ ။ဤ၌ ဘုရားရော အရှင်သာရိပုတ္တရာ၊ အရှင် မောဂ္ဂလာန်ရော ကိုယ်တွေ့ကျင့်မှ ရရှိကြရာ ယခု လူများက သိရုံနှင့် ပြီးတယ်ဆိုတာဟာ ဘုရားနှင့်စာလျှင် ယုံဘွယ်မရှိတော့ပါ။

### (၄၀၅) သာသနက်စွကြီးကိုရှေ့ပ်မှ–သာသနာဖြစ်ကြောင်း အထူးသတိပေး–နှိုးဆော်ချက်

ပရမတ္ထတရား၌သာ- ရထိုက်ရကောင်းသော သာသနက်စွကြီး လေးပါး။

၁– ပရိယတ္တိကိစ္စ၊ ပညတ်တရားကွယ်၍၊ ပရမတ်တရား၏ သဘောတို့ကို ပိုင်းခြားခြင်းဉာဏ်ဖြင့် သိမြင်ရခြင်း သာသနကိစ္စကြီးတပါး။

၂– ဘာဝနာကိစ္စ၊ ရုပ်သဘော နာမ်သဘောတို့၏ လက္ခဏာတို့ကို ထပ်ကာထပ်ကာ ပွါးများခြင်း သာသနကိစ္စကြီးတပါး။

၃– ပဟာနကိစ္စ၊ မကောင်းယုတ်မာ ကိလေသာတို့ကို ပယ်မှုသတ်မှု ရှောင်ကြဉ်မှု သာသနကိစ္စကြီးတပါး။

၄– သစ္ဆိကရဏကိစ္စ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ၂–ပါးကို မသိအောင်ဖုံးတတ်သော အဝိဇ္ဇာ စသည်ကိုပယ်၍ ချုပ်ပျောက်ငြိမ်းအေးမှုကို မျက်မှောက်ပြုခြင်း သာသနကိစ္စကြီးတပါး။

ဤငါး ၄–ပါးထဲက တပါးပါးတွေ့လျှင် သာသနာတည်သူပါဘဲ။

## (၇၀၆) သာသနကိစ္စကြီး ၂–ပါးရောင်မှ သာသနာ

၁– ဂန္ထဓုရ၊ စာပေကျမ်းဂန်သင်ကြားချို့မှု သာသနကိစ္စတပါး။

၂– ဝိပဿနာဓုရ၊ ဝိပဿနာအားထုတ်ရခြင်း သာသနကိစ္စတပါး။

ဤငါး ၂–ပါးတွင် တပါးပါးတွေ့လျှင်–သာသနာတည်သူပါဘဲ။

## (၇၀၇) သာသနာတည်မှု–တရားဂုဏ်တော်ရ

၁– ကိုယ်မှာတွေ့၍ စာနှင့် ညီညွတ်တာက သွာခါတဂုဏ်တော်။

၂– နေရာနှင့်သဘာဝနှင့် တွေ့တာက သန္ဒိဋ္ဌိကဂုဏ်တော်။

၃– ရှုတိုင်းရှုတိုင်းတွေ့ရတာက အကာလိကဂုဏ်တော်။

၄– တရားပေါ်လို့စိတ်က သိရတာက ဧဟိပဿိကဂုဏ်တော်။

၅– သဘောမနော ပြောင်းတာက ဩပနေယျိကဂုဏ်တော်။

၆– မိမိဟာ မိမိသိရတာက ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်။

ဤငါး ၆–ပါးထဲက တပါးပါးတွေ့လျှင် သာသနာတည်သူပါဘဲ။

## (၇၀၈) သာသနာအမြစ်တွယ်သူ တည်သူဆိုတာ

ဇဝံ သန္တိရေ သဋ္ဌကျွေတွာ ဌိတာသပန ဘိက္ခုနော ဒသဗလဿ သာသနေ မူလံ ဩတိဏ္ဏံနာမ ဟောတိ၊ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော ရုဠှသောတာပန္နော နာမ။ (ဝိဘင်း)

ရုပ်,နာမ်,သင်္ခါရ,ကို မှတ်သား ရှုပွါးသောသူဟာ မြတ်စွာဘုရား သာသနာတော်၌ အမြစ်တွယ်ပြီ၊ သက်သာရာရပြီ၊ ထောက်တည်ရာရပြီ။ ဂတိမြဲပြီ၊ ဗုဒ္ဓသောတာပန် တည်ပါပြီ။ အားရကြပါ။

## (၇၀၉) ဒါန,သီလ,သမထ၊ဝိပဿနာကံကြီး ၄-မျိုးပြခန်း

၁–ကမ္မဿကာ ကမ္မဒါယာဒါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏာ။ ။အတ္တနော ဉာဒန္တိ သကံ။ ။ကမ္မံ ဧဝ သကံ ဧတေသန္တိ ကမ္မဿကာ။

အတ္တနော၊ မိမိ၏။ ဉာဒံ၊ ဥစ္စာတည်း။ ဉာတိဘသ္မာ၊ ထို့ကြောင့်။သကံ၊ သကမည်၏။ သက်မိမိဥစ္စာ။ ။ဧတေသံ၊ ထိုသတ္တဝါတို့အား။ ကမ္မံဧဝ၊ ကံသည်သာလျှင်။ သကံ၊ မိမိကိုယ်ပိုင်ဥစ္စာသည်။အတ္ထိ၊ ရှိ၏။ ဉာတိဘသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ ကမ္မဿကာ၊ ကမ္မဿကမည်ကုန်၏။ ကမ္မဿကာ၊ ကံသည်သာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိကုန်၏။ ။လောကီ ကိုယ်ပိုင် ပစ္စည်းနှင့် ဒါသီထဝိကံ ၄–ပါး ကိုယ်ပိုင်ပစ္စည်း ယှဉ်ပြိုင်၍ သတိပြုကြပါကုန်။

၂–ကမ္မဿ ဒါယံ အာဒီယန္တီတိ ကမ္မဒါယာဒါ။ ။ယေ၊ အကြင် သူတို့သည်။ ကမ္မဿ၊ ကံ၏။ ဒါယံ၊ အမွေကို။ အာဒီယန္တိ၊ ခံယူကြကုန်၏။ ဉာတိဘသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသူတို့သည်။ ကမ္မဒါယာဒါ၊ကမ္မဒါယာဒမည်ကုန်၏။ ကမ္မဒါယာဒါ၊ကံ၏အမွေကိုခံယူကုန်သောသူတို့။ ။လောကီ အမွေခံယူသူနှင့် ဒါသီထဝိကံ၏ အမွေခံယူသူတို့ ယှဉ်၍ကြည့်ကြပါ။

၃–ကမ္မမေဝ ယောနိ ဧတေသန္တိ ကမ္မယောနီ။ ။ဧတေသံ၊ ထိုသူတို့ အား။ ကမ္မမေဝ၊ ကံသည်သာလျှင်။ ယောနိ၊ ချမ်းသာကြောင်း ဆင်းရဲ ကြောင်းသည်။ အတ္ထိ၊ ရှိ၏။ ဉာတိဘသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသူတို့သည်။ ကမ္မယောနိ၊ ကမ္မယောနိမည်ကုန်၏။ ကမ္မယောနိ၊ ကံသာလျှင် ချမ်းသာ ကြောင်း ဆင်းရဲကြောင်းရှိနေသူ။ ။လောကီပစ္စည်းနှင့် ဒါနသီလ၊ သမထ ဝိပဿနာကံပစ္စည်း ဆင်းရဲကြောင်း ချမ်းသာကြောင်း ၂-မျိုး ယှဉ်၍ ကြည့်ကြပါ။

၄–ကမ္မမေဝ ဗန္ဓု ယေသန္တိ ကမ္မဗန္ဓူ။ ။ယေသံ၊ အကြင်သူတို့အား။ ကမ္မမေဝ၊ ကံသည်သာလျှင်။ ဗန္ဓု၊အဆွေအမျိုးသည်။ အတ္ထိ၊ရှိ၏။ ဉာတိဘသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသူတို့သည်။ ကမ္မဗန္ဓူ၊ ကမ္မဗန္ဓုမည်ကုန်၏။

ကမ္မဇန္တု၊ ကံသာလျှင် ဆွေမျိုးရှိ၍နေကြသူတို့တည်း။ လောကီဆွေမျိုးနှင့် ဒါယ်ထပိဆွေမျိုးကို ခွဲခြား၍သိပြီး ပေါင်းသင်းကြပါကုန်။

၅—ကမ္မံဝေ ပဋိသရဏာ ယေသတ္တာ ကမ္မပဋိသရဏာ။ ။ယေသံ၊ အကြင်သူတို့အား ။ကမ္မံဝေ၊ ကံသည်သာလျှင်။ ပဋိသရဏံ၊ ကိုးကွယ်ရာ သည်။ အတ္ထိ၊ ရှိ၏။ ဇာတိဘဝ္ဗော၊ ထို့ကြောင့်။ တေ၊ ထိုသူတို့သည်။ ကမ္မပဋိသရဏာ၊ ကမ္မပဋိသရဏာမည်ကုန်၏။ ကမ္မပဋိသရဏာ၊ ကံသာလျှင် ကိုးကွယ်ရာရှိနေသူတို့တည်း။။ ။လူနတ်ပြဟ္မာကိုကိုးကွယ် နေသူနှင့် ဒါယိထပိ၊ ၄-ပါးကို ကိုးကွယ်နေသူ ၂-ဦးကို ယှဉ်၍ ကြည့် ကြပါကုန်။

## (၇၁၀) ဒုက္ခအပေါင်း လွတ်ကြောင်း တရားတော်ကြီး

ယော ဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊ဒုက္ခံ သော အဘိနန္ဒတိ၊ယော ဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။ ။ (ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏ၌နည်းတူသိလေ။ ။သြကြန္တိ သံယုတ်ပါဠိတော်။)

ဘိက္ခဝေ၊ ချစ်သားတို့။ ယော၊ အကြင်သူသည်။ ရူပံ၊ ရုပ်တရားကို။ အဘိနန္ဒတိ·အလွန်နှစ်သက်၍နေ၏။သော၊ထိုသူသည်။ဒုက္ခံ၊ဆင်းရဲခြင်းကို။ အဘိနန္ဒတိ၊ နှစ်သက်သည်မည်၏။ ယော၊ အကြင်သူသည်။ဒုက္ခံ၊ ဆင်းရဲ ခြင်းကို။ အဘိနန္ဒတိ၊ အလွန်နှစ်သက်ဘိ၏။ သော၊ ထိုသူသည်။ ဒုက္ခသ္မာ၊ ဒုက္ခအပေါင်းမှ။ အပရိမုတ္တောတိ၊ မလွတ်ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူပေ၏။

ရုပ်ကို၊ ဝေဒနာကို၊ သညာကို၊ သင်္ခါရကို၊ ဝိညာဉ်ကို၊ နှစ်သက်၍ နေသမျှကာလပတ်လုံး ဘယ်တော့မှ ဒုက္ခမှမလွတ်နိုင်၊ မလွတ်ပြီ။ မီးကို ချစ်လျှင် မီးလောင်မည်၊ ပူရမည်တည်း။

ယောစခေါ ဘိက္ခဝေ ရူပံ နာဘိနန္ဒတိ၊ ဒုက္ခံ သော နာဘိနန္ဒတိ၊ ယော ဒုက္ခံ နာဘိနန္ဒဘိ၊ ပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။ ။ (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ၌ နည်းတူ သိလေ။ ။ သြကြန္တိသံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ယော၊ အကြင်သူသည်။ ရူပံ၊ ရုပ်တရားကို။ နာဘိနန္ဒတိ၊မနှစ်သက်။သော၊ထိုသူသည်။ဒုက္ခံ၊ဆင်းရဲခြင်းကို။ နာဘိနန္ဒတိ၊

မနှစ်သက်သည်မည်၏။ ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဆင်းရဲခြင်းကို။ နာဘိနန္ဒတိ၊မနှစ်သက်။ သော၊ ထိုသူသည်။ ဒုက္ခသ္မာ၊ ဒုက္ခအပေါင်းမှ။ ပရိမုစ္စော၊ လွတ်မြောက်၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူပေ၏။

ရုပ်ကို၊ ေဒနာကို၊သညာကို၊ သင်္ခါရကို၊ ဝိညာဏကို မနှစ်သက်သမျှ လောလပတ်လုံး ဘယ်တော့မှ ဒုက္ခမရောက်နိုင်။ ဒုက္ခနယ်ကြီး ထဲက လွတ်မြောက်၍သွားလေပြီ။

စတုသစ္စာ၊ဒေသနာ၌ နှစ်သက်စုံမက်မြတ်နိုး လိုချင်တဲ့လောဘ ရာဂ တဏှာကြောင့်သာလျှင် ဒုက္ခသစ္စာဖြစ်ရပါတယ်။ လောဘသမုဒယသစ္စာ နည်းသလောက် ဒုက္ခသစ္စာလည်း နည်းပါးရပုံကိုသိကြရာ၏။ လောဘ, သမုဒယသစ္စာ အားကြီးသလောက်ပင် ဒုက္ခသစ္စာ ရောက်ရပါသည်။ လောဘဆိုတဲ့ သမုဒယသစ္စာချုပ်ဆုံးကွယ်ပျောက်လျှင် ဒုက္ခသစ္စာလည်း ချုပ်ဆုံးကွယ်ပျောက်သွားပါလိမ့်မည်။(သမုဒယသစ္စာနှင့်+ဒုက္ခသစ္စာကား) အကြောင်း အကျိုးဆက်စပ်လျက်နေသော ပဋိစ္စသမုပ္ပါဒ်တရားပင်တည်း။ ၎င်းပဋိစ္စသမုပ္ပါဒ်၌ အကြောင်းပြတ်လျှင် အကျိုးပါပြတ်ရ၏။ကြည့်စမ်းပါ (ဝါနတော နိက္ခန္တော နိဗ္ဗာနံ) ဟုဝိဂြိုဟ်ပြု၏။ဝါနဆိုတဲ့ တဏှာအကြောင်း ချုပ်လို့ အကျိုးပါချုပ်ရကား နိဗ္ဗာန်ဟုခေါ်ရသတည်း။

ဒုက္ခအပေါင်းလွတ်ကြောင်းဘုရားဟောကြီးပြီး၏။

## (၇၁၁) သစ္စာလေးပါး လင်္ကာတရား

**(ငါးဖြစ်မှုပင်၊လိုချင်မသိ၊ သိလျှင်မလို၊နိဗ္ဗာန်ထိုရှိ)** လင်္ကာတည်း။ (၁) ငါးဖြစ်ကား- ခန္ဓာငါး အဖြစ်တရားတည်း။ ထိုခန္ဓာငါးပါး၊ ရုပ်နာမ်တရား အစုတို့ဖြစ်၍ အစဉ်မပြတ်နေကြသည်။ခန္ဓာ ၅-ပါးလျှင် ဝိးဘဆယ့်ဘပါး အမြဲတောက်လောင်၍ ပူပင်ရသည်။ (ဤကား ဒုက္ခသစ္စာ တည်း။) (၂) လိုချင်မသိဆိုတာ လိုချင်သော သဘောကား တဏှာတည်း။ မသိကား မောဟဆိုတဲ့ အဝိဇ္ဇာတည်း။အဝိဇ္ဇာကဖုံးပိတ်သဖြင့် တဏှာက လိုချင်ရသည်။ဒုက္ခကိုမမြင်လို့ လိုချင်သည်(ဤကားသမုဒယသစ္စာတည်း။) (၃) သိလျှင်မလို-ဆိုတာ ခန္ဓာငါးပါးကြောင့် ဘေးအန္တရာယ်ကိုတွေ့လျှင် မြင်လျှင်၊ သိလျှင်၊ မလိုချင်ဖြစ်တော့သည် (ဤကား မဂ္ဂသစ္စာတည်း၊)

(၄)နိဗ္ဗာန်ထိုရ်ကား ပြခဲ့ပြီးသော ဒုက္ခအပြစ်လဲမြင်၊ သမုဒယအပြစ်လဲမြင်၊ မဂ္ဂဖြင့် ၎င်းတို့မှထွက်မြောက်ရာကို ရှာတော့မည်၊ရှာလျှင် လွတ်ရာဌာနကို တွေ့တော့မည်။ လွတ်ရာဌာနကား (နိရောဓသစ္စာတည်း)။ ။ကိုယ်တွေ့နှင့် သစ္စာခွဲပြရလျှင် တကိုယ်လုံး၌ အပ်ချစရာ နေရာမရှိအောင်ပင် ဖြစ်ပျက်၍ နေသော သဘောတရားအစုကား ဒုက္ခသစ္စာတည်း။+ဒါတွေကိုမမြင်လို့ ခင်တွယ်၍ နေခြင်း သဘောတရားစုကား သမုဒယသစ္စာတည်း။+ထိုထို ဒုက္ခသဘောတရားစုနှင့် သမုဒယသဘောတရားစုကို သိမှုဖြင့်ရှု၍ နေခြင်း ကား မဂ္ဂသစ္စာတည်း။+ထိုထိုဒုက္ခသဘော၊ သမုဒယသဘောတို့ ချုပ်ငြိမ်း ချေမ်းမှုကား နိရောဓသစ္စာတည်း။

## အိုင်းနာ၊ ဩဇာ်သင်း၊ ရောဂါကင်း၊ဆေးမင်း-လေးသစ္စာ (လင်္ကာ)

အိုင်းနာကြီးသည်၊ ဒုက္ခသစ္စာနှင့်တူ၏။ ဩဇာ်သင်း ဟူသမျှသည်၊ သမုဒယသစ္စာနှင့်တူ၏။ ဆေးမင်းသည်၊ မဂ္ဂသစ္စာနှင့်တူ၏။ ရောဂါမှ ထမြောက် ပျောက်ကင်း ချမ်းသာခြင်းသည် နိရောဓ သစ္စာနှင့်တူ၏။ ဤဥပမာဖြင့် ထင်စွာသိကြပါ။

## (ဖြစ်ချင်+ဖြစ်+မဖြစ်ချင်+မဖြစ်) သစ္စာလေးပါးအစစ်။ (လင်္ကာ)

ဖြစ်ချင်ကား သမုဒယသစ္စာတည်း။ဖြစ်ကား ဒုက္ခသစ္စာတည်း။ မဖြစ် ချင်ကား မဂ္ဂသစ္စာတည်း။ မဖြစ်ကား နိရောဓသစ္စာတည်း။ အတိုနည်းပင်။ သုံးဆယ့်ဘုံ၌ ဟိုဘုံ၌ကောင်းမည်။ ဒီဘုံ၌ကောင်းမည်ဟု ထင်၍ စွဲလမ်းခြင်းသည် သမုဒယသစ္စာတည်း။ ထိုသုံးဆယ့်ဘုံ၌ ဖြစ်၍နေရ ခြင်းသည် ဒုက္ခသစ္စာတည်း။ ထိုဒုက္ခနှင့် သမုဒယကိုအပြစ်မြင်၍ အမြဲ နေခြင်းသည် မဂ္ဂသစ္စာတည်း။ ထို ၃၁ ဘုံမှ လွတ်မြောက်ခြင်းသည် နိရောဓသစ္စာတည်း။ကျားစီးသော ဥပမာ၌ ညအချိန်အခါဝယ် မြင်းတင်း ကုပ်သို့သွားတော့ မြင်းဘဲဟုအထင်ရသဖြင့် စီးချင်လို့စီး၏။ စီးချင်ဘာက သမုဒယသစ္စာ။ စီးမိဘာက ဒုက္ခသစ္စာတည်း။ ။စီးမိတဲ့ဒုက္ခကိုပြဦးအံ့။ စီး၍လာခဲ့ရာ အလင်းရောက်လာတော့ မြင်းကားမဟုတ်၊ မိမိစီးဘာ ကျားဖြစ်မှန်းသိတော့ ကြောက်တဲ့ဒုက္ခ လန့်တဲ့ဒုက္ခ၊ အမျိုးမျိုးရောက် တော့၏။ ဒုက္ခသစ္စာကြောင့် မဂ္ဂသစ္စာကိုရှာတော့ ရှေ့တွင် သစ်တောကြီး တခုကိုတွေ့ရ၏။စီးရင်းသွားရာ၊သစ်ပင်အောက်လဲရောက်ရောသစ်ကိုင်းကို ဆွဲ၍ ချန်တက်ပါရော။ မဂ္ဂသစ္စာတည်း၊ တပင်မှ တပင်သို့ ကူးပြောင်းပြီး

သွားရာ ကျားဘေးမှလွတ်ပါရောတဲ့။ လွတ်မြောက်ထာက နိုရောဓသွားတည်း။

## (၇၁၂) ကန္တာ့ဆရာဝန်ချုပ်ကြီးကား သမ္မာသမ္ဗုဒ္ဓပါဘဲ

**အနာနှင့်ဆေး၊ ကိုက်အောင်ပေး၊ ပျောက်ရေး-မခက်ပါ။**
**အနာနှင့်ဆေး၊ လွဲ၍ပေး၊ နာရေး မသက်သာ။** } လင်္ကာ ၂-ပုဒ်

ရပ်ရွာမြို့ပြရှိ ဆေးဆရာများသည်၊ ရောဂါကိုကြည့်၍ ကုသပေးကြ၏။ အပူနာကို အအေးဆေးနှင့်ကုသကြ၏။ အအေးနာကိုအပူဆေးနှင့်၊ အပိတ်နာကို အပွင့်ဆေးနှင့်၊ အပွင့်နာကို အပိတ်ဆေးနှင့်၊ အတက်နာကို အကျဆေးနှင့်၊ အကျနာကို အတက်ဆေးနှင့် ကုသကြသကဲ့သို့ ကုသကြရာ၏။

ဝေဘန်ပုံနမူနာမှာ (၁) ဘုရားနှင့်ဆိုင်သောဆေး (၂) ပစ္စေကဗုဒ္ဓါနှင့်ဆိုင်သောဆေး (၃) အဂ္ဂသာဝကနှင့်ဆိုင်သောဆေး (၄) မဟာသာဝကနှင့်ဆိုင်သောဆေး (၅) ပကတိသာဝကနှင့်ဆိုင်သောဆေး (၆) ထို့အတူ ပဋိသမ္ဘိဒါပတ္တဆေး (၇) ဆဠဘိညဆေး (၈) တေဝိဇ္ဇဆေး (၉) သုက္ခဝိပဿကဆေး (၁၀) အနာဂါမ်ဆေး (၁၁) သကဒါဂါမ်ဆေး (၁၂) သောတာပန်ဆေး (၁၃) ကလျာဏပုထုဇန်ဆေး (၁၄) ပုထုဇန်ဆေး (၁၅) အန္ဓပုထုဇန်ဆေးဟူ၍ ခွဲပြားပါသည်။ ဤကား မွေကွန္ဓာပေါင်း (၈၄၀၀၀) ဟာ ဆေးတော်ကြီးပေမဲ့ သူ့ရောဂါနှင့်သူပါဘဲ။

| ရှာဖွေ | |
|---|---|
| တရားအာရုံ | ကာမဂုဏ် |

ဤပုံစံအတိုင်း မဂ်ရပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်၊ သောတာပန်ပုဂ္ဂိုလ် များသည် ဝိပဿနာ စည်းဝိုင်း အတွင်း၌ နေပြီးတော့၊(၁)ပစ္စည်းများကို ရှာဖွေစုဆောင်းနေခြင်း။ (၂) ကာမဂုဏ် ငါးပါးဖြင့် ပျော်ရွှင်၍နေခြင်း။ (၃) တရားအာရုံနှင့် အမှန်သစ္စာကိုရှု၍နေခြင်း ၃-မျိုးနှင့် နေထိုင်နိုင်ကြပါတယ်။ ယခု လူအားလုံးဟာလဲ ဒီနည်းနဲ့ နေလျှောက်တော်ပါပြီ။

## သာသနာ့နှင့်ကြုံတုန်းမှာ အနုသယလုံးလုံး သတ်ကြပါ
## ဆေးရုံပမာ ဆေးသုံးဖြာ

| သီလ | သမာဓိ | ပညာ |
|---|---|---|
| ၃-နံပါတ်ဆေး | ၂-နံပါတ်ဆေး | ၁-နံပါတ်ဆေး |
| အာဒိကလျာဏချိုက | မဇ္ဈေကလျာဏချိုက | ပရိယောသာနကလျာဏချိုက |

ကမ္ဘာ့ဆရာဝန်ချုပ်ကြီးကား သမ္မာသမ္ဗုဒ္ဓပါဘဲ၊ ဘာပေမဲ့ အခုံဆရာဝန်ငယ်သုံးစားရှိပါသေးသည်။ အနာရောဂါကလဲ ၃-မျိုး၊ကုသရန်ဆေးကလဲ ၃-မျိုး၊ ကုသပေးနေတဲ့ဆရာဝန်ငယ်ကလဲ ၃-မျိုး၊ သူ့အချိုးအစားခြားနားပုံလဲ သိထားပါ။

### (၁) ကလျာဏအင်္ဂါချို့တဲ့ရောဂါ ဆေး ၃-ပါးဖြင့်ကုသမုံ

အာဒိကလျာဏအင်္ဂါချိုတဲ့ခဲ့လျှင် သီလသာသနာဆေးထဲ့၍ ကုသကြပါကုန်။ မဇ္ဈေကလျာဏချိုတဲ့လျှင် သမာဓိသာသနာဆေးထဲ့၍ ကုသကြပါကုန်။ ပရိယောသာနကလျာဏအင်္ဂါချိုတဲ့လျှင် ပညာသာသနာဆေးထဲ့၍ ကုသကြပါကုန်။ အဲဒါက ဗမာလိုရှင်းရှင်းရေးတာဘဲ။

> သီလေန သာသနဿ အာဒိကလျာဏတာ ပကာသိတာ ဟောတိ။သမာဓိနာ သာသနဿ မဇ္ဈေကလျာဏတာ ပကာသိတာ ဟောတိ။ပညာယ သာသနဿ ပရိယောသာနကလျာဏတာ ပကာသိတာ ဟောတိ။ ။အဋ္ဌသာလိနီနှင့် ဝိနည်းအဋ္ဌကထာ စသော အဋ္ဌကထာများ၊ အဲဒါက ပါဠိလို မဂဓလိုပါဘဲ။

သီလေန၊ အဓိသီလဖြင့်။ သာသနဿ၊ သာသနာတော်ကြီး၏။ အာဒိကလျာဏတာ၊ အစ၏ကောင်းသောအဖြစ်ကို။ပကာသိတာ၊ ပြအပ်သည်။ ဟောတိ၊ဖြစ်၏။ သမာဓိနာ၊ အဓိစိတ္တဖြင့်။ သာသနဿ၊ သာသနာတော်ကြီး၏။ မဇ္ဈေကလျာဏတာ၊ အလယ်၏ကောင်းသောအဖြစ်ကို။ ပကာသိတာ၊ ပြအပ်သည်။ ဟောတိ၊ဖြစ်၏။ပညာယ၊အဓိပညာဖြင့်။သာသနဿ၊ သာသနာတော်ကြီး၏။ ပရိယောသာနကလျာဏတာ၊ အဆုံး၏ ကောင်း

သော အဖြစ်ကို။ ပကာသိတာ၊ ပြအပ်သည်။ ဟောတိ၊ဖြစ်၏။ ။ဤကား အနက်။ ။သီလဖြင့်အစကောင်းခြင်း၊ သမာဓိဖြင့် အလယ်ကောင်းခြင်း၊ ပညာဖြင့် အဆုံးကောင်းခြင်းရောက်အောင်ကူသကြပါ။ ပညာရောက်မှပင် လမ်းဆုံးမည်တည်း။

## (၂) သာသနာ ၃-ရပ်ကြောင့် ဘုံ ၃-ထပ်မှ လွတ်မြောက်အောင်ကူသပုံ

သီလဖြင့် အပါယ်လေးဘုံမှလွတ်အောင်ကူသပါ။ သမာဓိဖြင့် ကာမသုဂတိဘုံမှ လွတ်မြောက်အောင် ကူသပါ။ ပညာဖြင့် ဘုံ ၃၁-ဘုံမှ လွတ်မြောက်အောင်ကူသပါ။ ဆဲဒါ ဗမာလိုရှင်းရှင်းပါဘဲ။

> သီလေန အပါယသမတိက္ကမနံ ပကာသိတံ ဟောတိ၊ သမာဓိနာ ကာမဓာတု သမတိက္ကမနံ ပကာသိတံ ဟောတိ၊ ပညာယ သဗ္ဗဘဝ သမတိက္ကမနံ ပကာသိတံ ဟောတိ။ ။ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ။ မဂ္ဂဝိလိုပါဠိလိုတည်း။

သီလေန၊ သီလဖြင့်။ အပါယသမတိက္ကမနံ၊ အပါယ်လေးဘုံမှ ကောင်းစွာ လွတ်မြောက်ကြောင်းကို။ ပကာသိတံ၊ ပြအပ်သည်။ ဟောတိ၊ဖြစ်၏။ သမာဓိနာ၊အဓိစိတ္တဖြင့်။ကာမဓာတုသမတိက္က မနံ၊ ကာမဓာတ်ဘုံမှ ကောင်းစွာ လွတ်မြောက်ကြောင်းကို။ ပကာသိတံ၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ပညာယ၊ အဓိပညာဖြင့်။ သဗ္ဗဘဝသမတိက္ကမနံ၊ ဘဝကိုးပါးနှင့် သုံးဆယ့်ဘုံမှ ကောင်းစွာ လွတ်မြောက်ကြောင်းကို။ ပကာသိတံ၊ ပြအပ်သည်။ ဟောတိ၊ဖြစ်၏။

## (၃) အလောဘဖြင့် ဒါန၊အဒေါသဖြင့် သီလ၊အမောဟဖြင့်ဘာဝနာ

အလောဘသည် ဒါနဖြစ်ကြောင်း၊ အဒေါသသည် သီလဖြစ်ကြောင်း၊ အမောဟသည် ဘာဝနာ ဖြစ်ကြောင်းတည်း။ ဆဲဒါ ဗမာလိုတည်း။ ။

အလောဘော ဒါနဟေတု၊ အဒေါသော သီလဟေတု၊ အမောဟော ဘာဝနာဟေတု။ ။အဋ္ဌသာလိနီနှင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။ ။အလောဘော၊ အလောဘ စေတသိက်သည်။ ဒါနဟေတု၊ ဒါန၏ အကြောင်းတည်း။ အဒေါသော၊ မေတ္တာအဒေါသ စေတသိက်သည်။ သီလဟေတု၊ သီလ၏ အကြောင်းတည်း။ အမောဟော၊ ပညိန္ဒြေစေတသိက်သည်။ ဘာဝနာ

ပဟာတု၊ သမထဘာဝနာ, ဝိပဿနာဘာဝနာ၂-ပါး၏ အကြောင်းတည်း။ ပြခဲ့ပြီးသော ၁-၂-၃-၌။ပညာစခန်းသို့ရောက်မှသာလျှင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်တော့မည်။ သတိပြုလေ။

## (၇၁၃) နိဗ္ဗာနသဟာယအခဏ်း

သံသရာဘေး၊ မြှော်တွေးဖန်ဖန်။
မိတ်ကောင်း၊ ဆွေကောင်း–အပေါင်းရှာရန်။
ဒုလ္လဘမို့၊ ကြိုးရဒေကန်။
တချက်လွဲ–ငရဲမောင်မပြန်။ (ငရဲမယ်မပြန်)

သူဌေးကြီးတဦးသည် မိမိအသက် အိုးအိမ်အတွက် ငွေကြွက်၍၊ ပုလိပ် စစ်သားစသော သူတို့အား လခပေး၍စောင့်စေ၏။ ကတိသစ္စာတည်သော် တဘဝမျှလုံခြုံရ၏။ ကတိသစ္စာမတည်သော် ၎င်းပုလိပ် စစ်သားကပင် ဒါးပြနှင့်ပေါင်း၍ အသက်အိုးအိမ်ပျက်စေတတ်ပေ၏။

လူနတ်ဗြဟ္မာသည် ကာယဂတာသတိဆိုတဲ့ ခတ်သဘာဝနှင့် ပေါင်း သော်ကား မိတ်စစ် ဆွေစစ်ဖြစ်၍ ယနေ့ကစ၍ နိဗ္ဗာန်ရအောင် လှလှပပ၊ ကြွ ်ကြွ်ဝဝနှင့် အပါယ်မကျရအောင် စောင့်ရှောက်နိုင်သောယုံကြည် စိတ်ချရသော မိတ်ကောင်း ဆွေကောင်းကြီး အစစ်အမှန်ပင်တည်း။

အမတာတိဘာသဟာယဿ၊ အတိဘာဂတာသတ္တုနော။
နတ္ထိ ဝေတာဒိသံ မိတ္တံ၊ ယထာ ကာယဂတာသတိ။
ခုဒ္ဒကနိကာယပါဠိတော်ကြီး။

ဆိုလိုရင်းမှာ သဲလုံးနှင့်အမျှ ပွင့်တော်မူကြကုန်သော နိဗ္ဗာန်သို့ ကြွ သွားတော်မူကြကုန်သော ရှေးရှေးကဘုရားရှင်ကြီးတို့ဟာ အလွန်မှ ရှေးကျလှသော မိတ်ကောင်းဆွေကောင်းကြီးနှင့်ပေါင်း၍သာ နိဗ္ဗာန်ဒေထိ ဒေမြဲ၊ ရွှင်ရွှင်ပျပျနှင့် သွားကြရပါသည်။ ကာယဂတာသတိနှင့်တူသော မိတ်ကောင်း၊ ဆွေကောင်းသည် လောက၌မရှိတော့ပြီတဲ့။ မေ့ဒါယာဒ သုတ်တော်၌လည်း ကိုယ်တွေ့တရားကို မိတ်ဆွေလုပ်၍ ပေါင်းသင်းကြပါ တဲ့၊ မေ့စကြာ၌လည်း မဂ္ဂင်တရား သစ္စာတရားကို၊ မိတ်ဆွေလုပ်၍ ပေါင်းသင်းကြပါတဲ့၊ဟန္ဒ ဒါနိ ဘိက္ခဝေ ပါဠိ၌လည်း(ဝယဓမ္မာ၊သင်္ခါရာ) ဆိုတဲ့ အပျက်တရားသင်္ခါရကိုမိတ်ဆွေအရာ၌ထား၍ ပေါင်းကြ၊ သင်းကြ ပါဟူ၍ မဟာပရိနိဗ္ဗာနသုတ်၌မှာခဲ့ပါသည်။

## မောဒီကာပြသတဲ့ပုံစံကို နားလည်အောင် ကြည့်ကြစမ်းပါ

ဇုဋ္ဌ ဓမ္မ သံဃာ

မဥ္ဇိမပဋိပဒါအလယ်လမ်း၊ ငင်းအလယ်လမ်း၊ ရုပ်ဓမ္မ၊ နာမ်ဓမ္မမှ မိတ်ဆွေကောင်းအစစ်ပါ။ဇုဋ္ဌဟာ အလယ်ကဓမ္မနှင့်ပေါင်းလို့ အလောင်းတော်ဘဝမှ ဇုဋ္ဌဖြစ်ရသည်မဟုတ်ပါလော။ နောက်ဆုံးက သံဃာဟာလဲ အလယ်ကဓမ္မနှင့်ပေါင်းလို့ သမ္မုတိသံဃာမှ ပရမတ္ထသံဃာဖြစ်ရသည် မဟုတ်ပါလော။ ။လူပြိန်း၊ လူအ, များသိရအောင်ချဲ့ပြမည်။ လူသည် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ငါးပါးနှင့်ပေါင်းလို့ ပထမဈာန်ရပြီး ဗြဟ္မာ့ဘုံ၌ဖြစ်ရပါတယ်။ ။လူသည် ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာ ၄-ပါးနှင့်ပေါင်းလို့ ဒုတိယဈာန်ကိုရ၍ ဗြဟ္မာ့ဘုံ၌ ဖြစ်ရပါတယ်။ ။လူသည် ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ၃-ပါးနှင့် ပေါင်းလို့ တတိယဈာန်ကိုရ၍ ဗြဟ္မာ့ဘုံ၌ဖြစ်ရပါတယ်။ ။လူသည် သုခ၊ဧကဂ္ဂတာနှင့်ပေါင်းလို့ စတုတ္ထဈာန်ကိုရပြီး ဗြဟ္မာ့ဘုံ၌ဖြစ်ရပါတယ်။ ။လူသည် ဥပေက္ခာ၊ ဧကဂ္ဂတာနှင့် ပေါင်းလို့ ပဥ္စမဈာန်ကိုရပြီးလျှင် ဗြဟ္မာ့ဘုံ၌ ဖြစ်ရပါတယ်။ ။လူသည် ဥပေက္ခာ၊ ဧကဂ္ဂတာနှင့်ပေါင်းလို့ အရူပ၊ပဥ္စမဈာန်ကိုရပြီးလျှင် အရူပဗြဟ္မာ့ပြည်၄-ဘုံ၌ဖြစ်ရပါတယ်။ အဲဒါတွေဟာ ပညတ်တရားနှင့်ပေါင်းလို့ဗြဟ္မာတွေဖြစ်ရသေးပုံတည်း။ လူသည် ပရမတ်နှင့်ပေါင်းလျှင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်မည်ဟုသိကြပါကုန်။

## ယောဂါဝစရကုသိုလ် ၄-နှင့် ဈာန ၄-ပါး ယှဉ်ပြချက်

ဒါနနှင့်ပေါင်းတော့၊ လူ့ပြည်ဖြစ်၊ သူဌေး၊ ပဒေ+ဧကရာဇ်၊ စကြာ မန္ဓာတ် ဖြစ်ရ၏။
သီလနှင့်ပေါင်းတော့၊ နတ်ပြည်၆-ထပ်၌ဖြစ်၊နတ်မင်းကြီးများဖြစ်ရ၏။
သမထနှင့်ပေါင်းတော့ ဗြဟ္မာ ၂၀-၌ ဗြဟ္မာကြီးတွေ ဖြစ်ရတော့၏။
ဝိပဿနာနှင့်ပေါင်းတော့ မဂ်ပြည်,ဖိုလ်ပြည်, နိဗ္ဗာန်ပြည်၌ ဖြစ်ကြရ၏။

## လူပေ၊လူတေ၊လူဆိုး၊ လူရမ်းကြီးများတောင်မှ ကျွတ်လွတ်ရပုံ

| | | |
|---|---|---|
| အင်္ဂုလိမာလ။ | ခါတ်တရားနှင့်ပေါင်း | အဆုံးနိဗ္ဗာန်ရောက်ရပုံ၊ |
| အာဠဝက | ငင်း | သောတာပန်ရ၊နိဗ္ဗာန်တွေ့ရ |

| | | |
|---|---|---|
| ခိုးသားကိုးရာ | ၄င်း | အဆုံးနိဗ္ဗာန်ရောက်ရပုံ၊ |
| ခိုးသား(၇၀၀) | ၄င်း | ၄င်း |
| ခိုးသား(၅၀၀) | ၄င်း | ၄င်း |
| တမ္ဗဒါဌိက | ၄င်း | ၄င်း |
| ဖါးကလေး | ၄င်း | ၄င်း |
| နွားအိုကြီး | ၄င်း | ၄င်း |
| ပိယင်္ကရပြိတ္တာမ | ၄င်း | ၄င်း |
| ခရလောမဘီလူး | ၄င်း | ၄င်း |
| သုစိလောမဘီလူး | ၄င်း | ၄င်း |
| ဟေမဝတာရဘီလူး | ၄င်း | ၄င်း |
| သာတာဂိရိဘီလူး | ၄င်း | ၄င်း |

မိတ်ကောင်း၊ဆွေကောင်း ပြီး၏။အမြွက်မျှပြချက်

## (၇၁၄) ရုပ်နာမ်၏ဘန်းနိုးရှိန်စော် အာနုဘော်ပြချက်

(၁) ပုဗ္ဗေနိဝါသံ ဆဇ္ဇနာ အနုဿရန္တိ'တိတ္ထိယာ ပကတိသာဝကာ မဟာသာဝကာ အဂ္ဂသာဝကာ ပစ္စေကဗုဒ္ဓါ သမ္မာသမ္ဗုဒ္ဓါ'တိ။ တတ္ထ တိတ္ထိယာ စတ္တာလီသံယေဝကပ္ပေ အနုဿရန္တိ'နတတော ပရံ။ကသ္မာ ဒုဗ္ဗလပညတ္တာ။တေသဉ္ဟိ နာမရူပ ပရိစ္ဆေဒ ဝိရဟိ တတ္တာ ဒုဗ္ဗလပညာ ဟောတိ။ ပကတိသာဝကာ ကပ္ပသတမ္ပိ ကပ္ပသဟဿမ္ပိ အနုဿရန္တိယေဝ၊ ဗလဝပညတ္တာ။ ။မိလိန္ဒပဉှာ။နံပါတ် ၆၊ ကြောင်း ၁၃–၌ တွေ့ရပုံတည်း။

တိတ္ထိယာ၊အာဠာရ၊ဥဒက၊ဒေဝိလ၊အရက၊အရနေမိ၊ကုဒ္ဒာလက၊ တေမိယ သရဘင်္ဂစသော တိတ္ထိဆရာကြီးတို့ရင်း။ ပကတိသာဝကာ၊ ပကတိသာဝကာတို့ရင်း။ မဟာသာဝကာ၊ မဟာ သာဝကတို့ရင်း။ အဂ္ဂသာဝကာ၊ အဂ္ဂသာဝကတို့ရင်း။ ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါတို့ရင်း။ သမ္မာသမ္ဗုဒ္ဓါ၊ ဘုရားရှင်ကြီးတို့ရင်း။ ဣတိ၊ ဤသို့။ ဆဇ္ဇနာ၊ လူမွန် လူချွန်၊ ခြောက်ဦးတို့သည်။ ပုဗ္ဗေနိဝါသံ၊ ပုဗ္ဗေနိဝါသဉာဏ်ဖြင့်အောက်မေ့ခြင်းကို။ အနုဿရန္တိ၊ အောက်မေ့နိုင်ကုန်၏။ တတ္ထ၊ထိုခြောက်ဦးတို့တွင်။တိတ္ထိယာ၊ အာဠာရ၊ ဥဒက၊ ဒေဝိလစသော တိတ္ထိကြီးတို့သည်။ စတ္တာလီသံယေဝကပ္ပေ၊ ကမ္ဘာလေးဆယ်တို့ကိုသာလျှင်။ အနုဿရန္တိ၊ အောက်မေ့နိုင်

ကုန်၏။ တတော၊ ထိုကမ္ဘာလေးဆယ်ထက်။ ပရံ၊ အလွန်။ နအနုဿရန္တိ၊ မအောက်မေ့နိုင်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်။နအနုဿရန္တိ၊မအောက်မေ့နိုင်ကုန်သနည်း ဟူမူကား။ ဒုဗ္ဗလပညတ္တာ၊ ပညာနဲ့ပါးသည်၏ အဖြစ်ကြောင့်တည်း။ဟိသစ္စံ၊ ပညာနဲ့ပါးသည်ဆိုသည်ကား မှန်လှပေ၏။တေသံ၊ ထိုအာဇ္ဇာရဂုဒကာ၊ ဒေဝိလစသော တိတ္ထိကြီးတို့အား။ ဝါ၊ တိတ္ထိကြီးတို့သည်။ နာမရူပ ပရိစ္ဆေဒ ဝိရဟိတတ္တာ၊ နာမ်တရား၊ ရုပ်တရားကို ပိုင်းခြားသိခြင်းမှ ကင်းသည်၏အဖြစ်ကြောင့်။ ဒုဗ္ဗလပညာ၊ အားနဲ့သော ပညာရှိသည်။ဟောတိ၊ဖြစ်၏။ပကတိသာဝကာ၊ ပကတိသာဝကတို့သည်။ ကပ္ပသတမ္ပိ၊ကမ္ဘာတရာကိုရင်း။ ကပ္ပသဟဿမ္ပိ၊ကမ္ဘာတထောင်ကိုရင်း။ အနုဿရန္တိယေဝ၊ အောက်မေ့နိုင်ကုန် သည်သာလျှင်တည်း။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဗလဝပညတ္တာ၊ အားကြီးသော ပညာရှိသည်၏ အဖြစ်ကြောင့်တည်း။ ။ဤကား (၁)နံပါတ်ပါဠိ၏အနက်တည်း။

## တိတ္ထိတို့နှင့် ပကတိသာဝကတို့ ခြားနားပုံမှာ

(က) တိတ္ထိများကား၊ ကမ္ဘာလေးဆယ်လောက်သာ အောက်မေ့နိုင်ကုန်သည်။
(ခ) ပကတိသာဝကများကား ကမ္ဘာတရာ၊တထောင်လောက်၊ အောက်မေ့နိုင်သည်

(က) တိတ္ထိများမှာတော့ ပညာအားနည်းလို့ ကမ္ဘာလေးဆယ်သာမြင်နိုင်သည်။
(ခ) ပကတိသာဝကများမှာမူကား ပညာအားကြီးလို့ (၁၀၀) (၁၀၀၀) မြင်နိုင်ကြသည်။

(က) တိတ္ထိများကား နာမရူပ ပရိစ္ဆေဒဉာဏ်မှကင်းလာလို့ ပညာအားနဲ့ရပါသည်။
(ခ) ပကတိသာဝကများမှာ နာမရူပ ပရိစ္ဆေဒဉာဏ်ကိုရ၍ ပညာအားကြီးရပါသည်။ ရုပ်နာမ်ကိုတွေ့ရ၊သိရ မြင်ရ၊ပွါးများရသော တန်ခိုးကား အသမချီတည်း။

## တိတ္ထိများပညာနဲ့ပါးရတာ ဘာ့ကြောင့်လဲ

(ကသ္မာဒုဗ္ဗလပညတ္တာ။ တေသဉ္ဟိ နာမရူပ ပရိစ္ဆေဒ ဝိရဟိတတ္တာ ဒုဗ္ဗလပညာ ဟောတိ) မိလိန္ဒပဉှာ။ ။တေ၊ ထိုတိတ္ထိတို့သည်။ ကသ္မာ၊ အဘယ်ကြောင့်။စတ္တာလီသံယေဝကပ္ပေ၊ ကမ္ဘာလေးဆယ်တို့ကိုသာလျှင်။ အနုဿရန္တိ၊ အောက်မေ့နိုင်ကုန်သနည်းဟူမူကား။ ဒုဗ္ဗလပညတ္တာ၊ ပညာအားနဲ့လှသောကြောင့်တည်း။ ဟိသစ္စံ၊မှန်၏။ တေသံ၊ ထိုတိတ္ထိတို့အား။ နာမရူပ ပရိစ္ဆေဒ ဝိရဟိတတ္တာ၊ ရုပ်နာမ်ကိုပိုင်းခြားမှုမှ ကင်းလေသောကြောင့်။ ဒုဗ္ဗလပညာ၊ ပညာအားနဲ့လှသည်။ ဟောတိ၊ဖြစ်၏။ (အဲဒါသာဓကတပုဒ်တည်း)။ ။နာမရူပါနံ အဘာဝိတတ္တာ ဒန္ဓ ဟောတိ။ ။

သုတ္တနိပါတ်အဋ္ဌကထာ။ ။နာမရူပါနံ၊ နာမ်တရား ရုပ်တရားတို့ကို။အဘာဝိတတ္တာ၊မပွါးများသည့်၏အဖြစ်ကြောင့်။ဒန္ဓံ၊နှံ့နှေး၊ ထိုင်းမှိုင်းသည်။ဟောတိ၊ ဖြစ်၏။ ။နာမ်တရား ရုပ်တရားကို မတွေ့ရ၊ မမြင်ရ၊ မပွါးရသေးသော ပုဂ္ဂိုလ်ကား ပညာဉာဏ်၊ နှံ့နှေး၊ ထိုင်းမှိုင်းတတ်ပါသတဲ့။ ။*နာမရူပါနံ ဘာဝိတတ္တာ တိက္ခံ ဟောတိ။ ။သုတ္တနိပါတ်အဋ္ဌကထာ။ ။နာမရူပါနံ၊ နာမ်တရား၊ ရုပ်တရားတို့ကို။ ဘာဝိတတ္တာ၊ ပွါးများသည့်၏ အဖြစ်ကြောင့်။ တိက္ခံ၊ ဉာဏ်ပညာထက်မြက်ရှူးရှသည်။ဟောတိ၊ ဖြစ်၏။ ။နာမ်တရား၊ ရုပ်တရား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တစသည်တို့ကို တွေ့ရ၊ မြင်ရ၊ ပွါးများရသော ပုဂ္ဂိုလ်တို့မူကား ဉာဏ်ပညာထက်မြက် ရှူးရှတတ်ပါသည်။ ဒါ့ကြောင့် ရုပ်နာမ်ကိုပွါးများကြပါကုန်။

(မဟာသာဝက၊အဂ္ဂသာဝက၊ပစ္စေကဗုဒ္ဓ၊သမ္မာသမ္ဗုဒ္ဓတို့ပုဗ္ဗေနိဝါသကား)

အသီတိမဟာသာဝကာ သတသဟဿကပ္ပေ အနုဿရန္တိ၊ ဒွေအဂ္ဂသာဝကာ ဧကံ အသင်္ချေယျံ သတသဟဿဉ္စ။ ပစ္စေကဗုဒ္ဓါ ဒွေအသင်္ချေယျာနိ သတသဟဿဉ္စ၊ ဗုဒ္ဓါနံ ပန ပရိစ္ဆေဒေါ နာမ နတ္ထိ။ ဧတ္တကောပဟိ ဧတေသံ အဘိနီဟာရော။ ။မိလိန္ဒ (၉°) (၁င်း)

အသီတိမဟာသာဝကာ၊ ရှစ်ဆယ်သော မဟာသာဝက တို့သည်။ သတသဟဿကပ္ပေ၊ ကမ္ဘာတသိန်းတို့ကို။ အနုဿရန္တိ၊ အောက်မေ့နိုင်ကုန်၏။ ဒွေအဂ္ဂသာဝကာ၊ ၂-ဦးကုန်သော အဂ္ဂသာဝကတို့သည်။ ဧကံ အသင်္ချေယျဉ္စ၊ ကမ္ဘာပေါင်း တသင်္ချေကိုရှင်း။ သတသဟဿဉ္စ၊ ကမ္ဘာပေါင်း တသိန်းကိုရှင်း။ အနုဿရန္တိ၊ အောက်မေ့နိုင်ကုန်၏။ ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါဘုရားငယ်တို့သည်။ ဒွေအသင်္ချေယျာနိ၊ ကမ္ဘာပေါင်း ၂-သင်္ချေတို့ကိုရှင်း။ သတသဟဿဉ္စ၊ ကမ္ဘာပေါင်း တသိန်းကိုရှင်း။ အနုဿရန္တိ၊ အောက်မေ့နိုင်ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဧတေသံ၊ ထိုမဟာသာဝက အဂ္ဂသာဝက ပစ္စေကဗုဒ္ဓါတို့အား။ အဘိနီဟာရော၊ ဆုတောင်း၍ ကျင့်ခဲ့ရခြင်းသည်။ ဧတ္တကော၊ ဤမျှလောက်ပင်တည်း။ တသ္မာ၊ ထိုကြောင့်။ ပစ္စေကံ၊ အသီးအသီး။ အနုဿရန္တိ၊ အောက်မေ့နိုင်ကုန်၏။

(၁) ပကတိသာဝကမှာ တထောင်သာကျင့်ခဲ့လို့ကမ္ဘာတထောင်သာ မြင်နိုင်သည်။

(၂) မဟာသာဝကမှာ တသိန်းကျင့်ခဲ့လို့ ကမ္ဘာတသိန်းလောက် မြင်နိုင်သည်။

(၃) အဂ္ဂသာဝကမှာ တသင်္ချေ တသိန်းကျင့်ခဲ့လို့ ကမ္ဘာ တသင်္ချေ တသိန်း မြင်နိုင်သည်။

(၄) ပစ္စေကဗုဒ္ဓါမှာ ၂-သင်္ချေတသိန်းကျင့်ခဲ့လို့ ကမ္ဘာ ၂-သင်္ချေ တသိန်းမျှ မြင်နိုင်ပါသည်။

ဗုဒ္ဓါနံပန၊ မြတ်စွာဘုရားတို့အားကား။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။ နတ္ထိ၊ မရှိပြီ။

(ငှင်းခြောက်ဦးတို့၏ ပုဗ္ဗေနိဝါသာနုဿတိမြင်ပုံအထူးမှာ)

တိတ္ထိယာစ ခန္ဓပဋိပါဋိမေဝ သရန္တိ၊ ပဋိပါဋိံ မုဉ္စိတွာ စုတိ ပဋိသန္ဓိဝသေန သရိတုံ နသက္ကောန္တိ။ တေသဉှိ အန္ဓာနံဝိယ ဣစ္ဆိတပဒေသောက္ကမနံ နတ္ထိ၊ ယထာပန အန္ဓာ ယဋ္ဌိံ အမုဉ္စိတွာဝ ဂစ္ဆန္တိ။ ဧဝံ တေ ခန္ဓာနံ ပဋိပါဋိံ အမုဉ္စိတွာဝ သရန္တိ၊ ပကတိ သာဝကာ ခန္ဓပဋိပါဋိယာပိ အနုဿရန္တိ၊ စုတိပဋိသန္ဓိဝသေနပိ သင်္ကမန္တိ။ တထာ အသီတိ မဟာသာဝကာ။ ဒွိန္နံပန အဂ္ဂသာဝကာနံ ခန္ဓပဋိပါဋိကိစ္စံ နတ္ထိ၊ ဧကဿ အတ္တဘာဝဿ စုတိံ ဒိသွာ ပဋိသန္ဓိံ ပဿန္တိ၊ ပုန အပရဿ စုတိံ ဒိသွာ ပဋိသန္ဓိန္တိ။ ဧဝံ စုတိ ပဋိသန္ဓိဝသေနေဝ သင်္ကမန္တာ ဂစ္ဆန္တိ။ တထာ ပစ္စေကဗုဒ္ဓါ။ ဗုဒ္ဓါနံ ပန နေဝခန္ဓပဋိပါဋိကိစ္စံ၊ နစုတိ ပဋိသန္ဓိသင်္ကမနကိစ္စံ အတ္ထိ။ တေသဉှိ အနေကာသု ကပ္ပကောဋိသု ဟေဋ္ဌာဝါ ဥပရိဝါ ယံယံဌာနံ ဣစ္ဆန္တိ၊ တံတံ ပါကဋမေဝ ဟောတိ။ ။မိလိန္ဒပဉှာ။

တိတ္ထိယာစ၊ တိတ္ထိတို့ သည်ကား။ ခန္ဓပဋိပါဋိမေဝ၊ ခန္ဓာအစဉ်ကို သာလျှင်။ သရန္တိ၊ အောက်မေ့နိုင်ကုန်၏။ ပဋိပါဋိံ၊ အစဉ်ကို။မုဉ္စိတွာ၊ လွှတ်၍။ စုတိ ပဋိ သန္ဓိ ဝသေန၊ စုတိ ပဋိသန္ဓေတို့၏ အစွမ်းအားဖြင့်။ သရိတုံ အောက်မေ့ခြင်းငှါ။ နသက္ကောန္တိ၊ မစွမ်းနိုင်ကြကုန်။ ဟိသစ္စံ၊ မှန်၏။ တေသံ၊ ထိုတိတ္ထိတို့အား။ အန္ဓာနံဝိယ၊ သူကန်းတို့ကဲ့သို့။ ဣစ္ဆိတပဒေသသြက္ကမနံ၊ အလိုရှိရာဒေသကို သက်နိုင်ခြင်းသည်။ နတ္ထိ၊ မရှိ၊ ပန၊ ဥပမာပြဦးအံ့။ အန္ဓာ၊ သူကန်းတို့သည်။ ယဋ္ဌိံ၊ တောင်ဝှေးကို။

အမုဋ္ဌိတ္ဝာ၊ မလွှတ်ဘဲသာလျှင်။ ဂစ္ဆန္တိယထာ၊ သွားကြကုန်သကဲ့သို့။ ဧဝံ၊ ဤသို့ကလျှင်းတို့အတူသာလျှင်။ တေ၊ ထိုတိတ္ထိတို့သည်။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ပဋိပါဋိံ၊ အစဉ်ကို။ အမုဋ္ဌိတ္ဝာ၊ မလွှတ်ကုန်ဘဲသာလျှင်။ သရန္တိ၊ အောက်မေ့နိုင်ကြကုန်၏။ ပကတိသာဝကာ၊ ပကတိသာဝကတို့သည်။ ခန္ဓပဋိပါဋိယာပိ၊ ခန္ဓာအစဉ်အားဖြင့်လည်း။ အနုဿရန္တိ၊ အောက်မေ့နိုင်ကုန်၏။ စုတိပဋိသန္ဓိဝသေနာပိ၊ စုတိ, ပဋိသန္ဓေအစွမ်းအားဖြင့်လည်း။ သင်္ကမန္တိ၊ ပြောင်းရွှေ့နိုင်ကြကုန်၏။ အသီတိမဟာသာဝကာ၊ ရှစ်ဆယ်ကုန်သောမဟာသာဝကတို့သည်။ တထာ၊ ထိုပကတိသာဝကနှင့်တူကြကုန်၏။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ အဂ္ဂသာဝကာနံပန၊ အဂ္ဂသာဝကတို့အားကား။ ခန္ဓပဋိပါဋိကိစ္စံ၊ ခန္ဓာစဉ်အားဖြင့်ရှုခြင်းကိစ္စသည်။ နတ္ထိ၊ မရှိပြီ။ ဧကဿ အတ္တဘာဝဿ၊ တခုသောအတ္တဘော၏။ စုတိံ၊ စုတိကို။ ဒိသွာ၊ မြင်၍။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ပဿန္တိ၊ မြင်ကုန်၏။ ပုန၊ တဖန်။ အပရဿ၊ တပါးသောအတ္တဘော၏။ စုတိံ၊ စုတိကို။ ဒိသွာ၊ မြင်၍။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ပဿန္တိ၊ မြင်ကုန်၏။ ဣတိဧဝံ၊ ဤသို့သာလျှင်။ စုတိပဋိသန္ဓိဝသေနေဝ၊ စုတိပဋိသန္ဓေ၏အစွမ်းအားဖြင့်သာလျှင်။ သင်္ကမန္တာ၊ ပြောင်းရွှေ့ကုန်လျက်။ ဂစ္ဆန္တိ၊ သွားကြကုန်၏။ ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါတို့သည်။ တထာ၊ ထိုအဂ္ဂသာဝကနှင့်တူကုန်၏။ ဗုဒ္ဓါနံပန၊ ဘုရားသခင်တို့အားကား။ ခန္ဓပဋိပါဋိကိစ္စံ၊ ခန္ဓာစဉ်အောက်မေ့ခြင်းကိစ္စသည်။နေဝအတ္ထိ၊ မရှိ။ စုတိပဋိသန္ဓိသင်္ကမနကိစ္စံ၊ စုတိပဋိသန္ဓေ ပြောင်းရွှေ့ခြင်းကိစ္စသည်။ နအတ္ထိ၊ မရှိ။ ဟိသစ္စံ၊ မှန်၏။ တေသံ၊ ထိုဘုရားရှင်ကြီးတို့အား။ အနေကာသု ကပ္ပကောဋီသု၊ များစွာကုန်သောကမ္ဘာကုဋေတို့၌။ ဟေဋ္ဌာဝါ၊ အောက်၌ရင်း။ ဥပရိဝါ၊ အထက်၌ရင်း။ ယံယံဌာနံ၊ အကြင်အကြင်ဌာနကို။ အာကင်္ခန္တိ၊ အလိုရှိကြကုန်၏။ တံတံဌာနံ၊ ထိုထိုဌာနသည်။ ပါကဋမေဝ၊ ထင်ရှားသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။(ပကတိ မဟာ၊ အဂ္ဂ ပစ္စေ၊ ဗုဒ္ဓါတို့။ ပုဗ္ဗေနိဝါသာနုဿတိတည်း။)

## ရှင်းခြောက်ဦးတို့ ထင်ပုံမြင်ပုံ ခြားနားမှု ဥပမာမှာ

တသ္မာ အနေကာပိ ကပ္ပကောဋိယော ပေယျာလပါဠိံဝိယ
သံခိပိတွာ ယံယံ အာကင်္ခန္တိ၊ တတြတတြေဝ ဩက္ကမန္တာ
သီဟောက္ကန္တဝသေန ဂစ္ဆန္တိ၊ [illegible] ဂစ္ဆန္တာနဉ္စ နေသံ ဉာဏံ။
ယထာနာမ ကတဝါလဝေဓပရိစယဿ သရဘင်္ဂသဒိသဿ

ဓနုဂ္ဂဟဿ ခိတ္တော သရော အန္တရာ ရုက္ခလတာဒီသု အသဇ္ဇမာနော လက္ခေယေဝ ပတတိ။ န သဇ္ဇတိ၊ န ဝိရဇ္ဈတိ။ ဧဝံ အန္တရန္တရာသု ဇာတီသု န သဇ္ဇတိ၊ န ဝိရဇ္ဈတိ။ အသဇ္ဇမာနံ အဝိရဇ္ဈမာနံ ဣစ္ဆိတိစ္ဆိတဋ္ဌာနံယေဝ ဂဏှာတိ။ ဣမေသုစ ပန ပုဗ္ဗေနိဝါသံ အနုဿရန္တေသု တိတ္ထိယာနံ ပုဗ္ဗေနိဝါသ ဒဿနံ ခဇ္ဇုပနကပ္ပဘာသဒိသံ ဟုတွာ ဥပဋ္ဌာတိ၊ ပကတိ သာဝကာနံ ဒီပပ္ပဘာသဒိသံ၊ မဟာသာဝကာနံ ဥက္ကာပဘာသဒိသံ၊ အဂ္ဂသာဝကာနံ ဩသဓိတာရကပ္ပဘာသဒိသံ၊ ပစ္စေကဗုဒ္ဓါနံ စန္ဒပ္ပဘာသဒိသံ၊ ဗုဒ္ဓါနံ ရသ္မိသဟဿပဋိမဏ္ဍိတ သရဒသူရိယ မဏ္ဍလသဒိသံ ဟုတွာ ဥပဋ္ဌာတိ။ တိတ္ထိယာနဉ္စ ပုဗ္ဗေနိဝါသာ နုဿရဏံ အန္ဓာနံ ယဋ္ဌိကောဋိဂမနံ ဝိယ ဟောတိ။ ပကတိ သာဝကာနံ ဒဏ္ဍကသေတုဂမနံ ဝိယ၊ မဟာသာဝကာနံ ဇင်္ဃ သေတုဂမနံ ဝိယ၊ အဂ္ဂသာဝကာနံ သကဋသေတုဂမနံ ဝိယ၊ ပစ္စေက ဗုဒ္ဓါနံ မဟာဇင်္ဃမဂ္ဂဂမနံ ဝိယ။ ဗုဒ္ဓါနံ မဟာသကဋမဂ္ဂဂမနံ ဝိယ။ ။ဝိသုဒ္ဓိမဂ္ဂ။ နံပါတ် ၇၊ ကြောင်း ၃—၌ ပါရှိပုံတည်း။

တည်း၊ ထို့ကြောင့်။ အနေကာပိ၊ များစွာကုန်သော။ ကပ္ပကောဋိယော၊ ကမ္ဘာပေါင်းကုဋေတို့ကို။ ပေယျာလပါဠိယံဝိယ၊ မြှုပ်သို၍ထားခဲ့သော ပါဠိကဲ့သို့။ သံခိပိတွာ၊ ချုံး၍။ ယံယံဌာနံ၊ အကြောင်းအကြောင်းဌာနကို။ ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။ တတြတတြေဝ၊ ထိုထိုဌာန၌သာလျှင်။ ဩက္ကမန္တာ၊ သက်ကုန်လျက်။ သီဟောက္ကန္တဝသေန၊ ခြင်္သေ့တို့၏သက်ခြင်းကဲ့သို့သောသက်ခြင်း၏အစွမ်းအားဖြင့်။ ဂစ္ဆန္တိ၊ သွားကုန်၏။ ဧဝံ၊ ဤသို့။ ဂစ္ဆန္တာနဉ္စ၊ သွားကုန်သော။ နေသံ၊ ထိုပုဂ္ဂိုလ်တို့၏။ ဉာဏံ၊ ဉာဏ်သည်။ ယထာနာမ၊ ဥပမာ မည်သည်ကား။ ကတဝါလဝေဓပရိစယဿ၊ ပြုအပ်ပြီးသော သားမြီး များကို ပေါက်ထွင်းအောင်ပစ်ခြင်း၌ အလေ့အကျင့်ရှိသော။ သရဘင်္ဂ သဒိသဿ၊ သရဘင်ဆရာကြီးနှင့်အလွန်တူလှသော။ ဓနုဂ္ဂဟဿ၊ လေး သမား၏။ ခိတ္တော၊ ပစ်အပ်သော။ သရော၊ မြှားသည်။ အန္တရာ၊ အကြား၌။ ရုက္ခလတာဒီသု၊ သစ်ပင်ချုံနွယ်စသည်တို့၌။ အသဇ္ဇမာနော၊ မကပ်ငြိဘဲ။ လက္ခေယေဝ၊ မှတ်တိုင်၌သာလျှင်။ ပတတိ၊ ကျ၏။ န သဇ္ဇတိ၊ မကပ်ငြိပါ။ န ဝိရဇ္ဈတိယထာ၊ မတင်စွန်းသကဲ့သို့။ ဧဝံ၊ ဤဥပမာတူ။ အန္တရန္တရာသု၊ အကြားအကြားဖြစ်ကုန်သော။ ဇာတီသု အဖြစ်တို့၌။ န သဇ္ဇတိ၊ မကပ်ငြိပါ။

နုပိရဒ္ဓတိ၊ မတာပ်စွန်းပါ။ အသဇ္ဇမာနံ၊ မကပ်ငြိသည်ဖြစ်၍။ အပိရဒ္ဓမာနံ၊ မတာပ်စွန်းသည်ဖြစ်၍။ ဣန္ဒြိယတိန္ဒြိတဗ္ဗာနံယေဝ၊ အလိုရှိရာ အလိုရှိရာဌာန တို့၌သာလျှင်။ ဂစ္ဆာတိ၊သူ၏။ပုဗ္ဗေနိဝါသံ၊ ရှေး၌နေဘူးသော ခန္ဓာအစဉ် ကို။ အနုဿရန္တော၊ အောက်မေ့ကုန်သော။ ဣမေသုစပန သတ္တေသု၊ ဤခြောက်ဦးကုန်သောသတ္တဝါတို့တွင်။တိတ္ထိယာနံ၊တိတ္ထိတို့၏။ပုဗ္ဗေနိဝါသ ဒဿနံ၊ ပုဗ္ဗေနိဝါသအမြင်သည်။ ခဇ္ဇုပနကပ္ပဘာသဒိသံ၊ ပိုးစုန်းကြူး အရောင်နှင့်တူသည်။ ဟုတွာ၊ဖြစ်၍။ ဥပဋ္ဌာတိ၊ထင်၏။ ပကတိသာဝကာနံ၊ ပကတိသာဝကတို့အား။ ဒီပပ္ပဘာသဒိသံ၊ ဆီမီးအရောင်နှင့်တူသည်။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ထင်၏။ မဟာသာဝကာနံ၊မဟာသာဝကတို့အား။ ဥက္ကာပဘာသဒိသံ၊ ဥက္ကာကျသောအရောင်နှင့်တူသည်။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ထင်၏။အဂ္ဂသာဝကာနံ၊အဂ္ဂသာဝကတို့အား။ ဩသဓိတာရကပ္ပ ဘာသဒိသံ၊သောက်ရှူးကြယ်အရောင်နှင့်တူသည်။ဟုတွာ၊ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်၏။ပစ္စေကဗုဒ္ဓါနံ၊ပစ္စေကဗုဒ္ဓါတို့အား။စန္ဒပ္ပဘာသဒိသံ၊လ၏အရောင်နှင့် တူသည်။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်၏။ ဗုဒ္ဓါနံ၊ ဘုရားသခင်တို့အား။ ရသ္မိသဟဿပဋိမဏ္ဍိတသရဒသူရိယမဏ္ဍလသဒိသံ၊ ရောင်ခြည်တထောင် ဖြင့် တန်းဆာဆင်အပ်သော သရဒဥတုခေါ်သော တန်ဆောင်မုန်းလ၌ ထွက်ပေါ်သော နေအဝန်းနှင့်တူသည်။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်၏။ တိတ္ထိယာနဉ္စ၊ တိတ္ထိတို့၏လည်း။ ပုဗ္ဗေနိဝါသာနုဿရဏံ၊ ရှေးကဖြစ်ခဲ့ ဘူးသော ခန္ဓာအစဉ်ကိုအောက်မေ့ခြင်းသည်။ အန္ဓာနံ၊ သူကန်းတို့၏။ ယဋ္ဌိကောဋိဂမနံဝိယ၊တောင်ဝှေးကိုကိုင်၍သွားသကဲ့သို့။ ဟောတိ၊ဖြစ်၏။ ပကတိသာဝကာနံ၊ ပကတိသာဝကတို့အား။ ဒဏ္ဍကသေတုဂမနံဝိယ၊ တုံးခင်းသောတန်တား၌ လျှောက်သွားသောသူကဲ့သို့။ ဟောတိ၊ ဖြစ်၏။ မဟာသာဝကာနံ၊ မဟာသာဝကတို့အား။ ဇင်္ဃသေတုဂမနံဝိယ၊ လူသွား တန်တား၌သွားသကဲ့သို့။ဟောတိ၊ဖြစ်၏။အဂ္ဂသာဝကာနံ၊အဂ္ဂသာဝကတို့ အား။ သကဋသေတုဂမနံဝိယ၊ လှည်းသွားရာတန်တား၌သွားသကဲ့သို့။ ဟောတိ၊ဖြစ်၏။ပစ္စေကဗုဒ္ဓါနံ၊ပစ္စေကဗုဒ္ဓါတို့အား။ မဟာဇင်္ဃမဂ္ဂဂမနံဝိယ၊ ကြီးစွာသောလူသွားလမ်း၌သွားသကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဗုဒ္ဓါနံ၊ ဘုရား ရှင်ကြီးတို့အား။ မဟာသကဋမဂ္ဂ ဂမနံဝိယ၊ ကြီးစွာသော ပေတရာ လှည်းလမ်း၌ သွားသကဲ့သို့။ ဟောတိ၊ ဖြစ်၏။

ဤ၌ အာဋ္ဌာရ,ဥဒက၊ ဒေဝီလစသော ရသေ့ကြီးများ၊ တိတ္ထိဆရာကြီး များမှာ နာမရူပ ပရိစ္ဆေဒဉာဏ်ကို မရရှိကြဘဲ ရုပ်နာမ်ကိုမပွါးများမိလို့

ပညာဉာဏ် နုံ့နှေးသိုင်းမှိုင်းလျက် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် အရာမှာ လူကဏ်းများဟာ တောင်ဝှေးကိုအားကိုး၍ သွားရဘိသကဲ့သို့။ ပညတ်ငါးပါးရှိသော ခန္ဓာအစဉ်ကို မလွှတ်နိုင်ဘဲ ပိုးစုန်းကြူးအရောင်ဖြင့် အောက်မေ့နိုင်ကြသည်။ နှစ်နှာကြကုန်စွဘကား။ ပကတိသာဝက ကစ၍ကား ရုပ်နာမ်ပွါးပြီးမှ အားရှိကြရကုန်တော့သည်။

ဝိပဿနာတက္ကသိုလ်ကျမ်းကြီး

ပြီးပြီ။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး